ပရိယတ္တိသာသနဟိတဓမ္မာစရိယ

ရွှေကျင်နာယက ဆရာတော်

အရှင်သံဝရာဘိဝံသ

# ဗုဒ္ဓနိုင်ငံတော်

(ပထမတွဲ)

တတိယအကြိမ်

သာသနာ-၂၅၅၁ ကောဇာ-၁၃၆၉ ခရစ်-၂၀၀၇

သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသူရဦးအောင်ကိုမှ လှူဒါန်းပါသည်။

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဗုဒ္ဓနိုင်ငံတော်ကျမ်းကြီးကို အဆက်မပြတ်
လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

**အသင်းဥက္ကဋ္ဌ ဦးစိုးအောင်– ၅၀၀,၀၀၀**

**အသင်းဝင် ကိုနေမျိုးဝင်း– ၃၀၀,၀၀၀**

ပေါင်း ရှစ်သိန်း မ-တည်၍

# ဝမ်းတွင်းမြို့နယ်အသင်း

(ရန်ကုန်ရောက် မြို့နယ်သူ, မြို့နယ်သားများ)

## ကောင်းမှု

နတ်လူသာဓုခေါ်စေသော်

ထင်

## ဗုဒ္ဓနိုင်ငံတော်

## ရကြပါစေ၊ အမျှဝေ

"ဓမ္မအလှူ ဖြစ်စေဟူ"၍၊ ဘယ်သူမန္ဒီး၊ ကိုယ်တိုင်နိုးလျက်၊ ကောင်းကျိုးရမှု၊ ကောင်းစွာပြုသား၊ ကောင်းမှုပေါင်းကို၊ သောင်းစကြဝဠာ၊ များစွာတွက်ရေ၊ ကုဋေတစ်သိန်း၊ တွက်ကိန်းဆဆ၊ အနန္တလျှင်၊ ဝိသယ၊ အာဏာ၊ ဇာတိဟူသား၊ ခေတ်သုံးပါးဝယ်၊ များလှသတ္တဝါ၊ ဝေနေယျာကို၊ မေတ္တာသနား၊ ဝေငှကြား၏။

ထူးခြားထိုမှ၊ ဂုဏ်ကြီးလှသား၊ မိဘ, ဘွား, ဘိုး၊ ဆွေမျိုးညာ တကာ၊ ကုလာဇဋ္ဌ၊ ဝယ, သီလာ၊ ပညာဝါဖြင့်၊ ဆရာအရှင်၊ ကျေးဇူးဖြင်သည်၊ ဝန်းကျင်တွင်းပ၊ စောင့်ရှောက်မ-သား၊ ဂေဟ ဒေဝတာ၊ ဆယ်ဖြာကျိုးနတ်၊ မြတ်ထွဋ်ကုန်ကျ၊ အဋ္ဌအရိယာ၊ ဒေဝါ, သက္က၊ ဗြဟ္မမဟာ၊ လောကပါလ၊ ဝဋ္ဌာဟက၊ ယမတွင်ခြင်း၊ နတ်မင်းအများ၊ နဂါး, ယက္ခ၊ ကုမ္ဘဏ္ဍနှင့်၊ ဂန္ဓဗ္ဗများ၊ လေးခြားဒေဝတာ၊ သုံးဖြာနတ်မျိုး၊ အရိုးရိုးလျှင်၊ တန်ခိုးအာဏာ၊ ဂုဏ်ရှိန်ဝါဖြင့်၊ ပြည်, ရွာ, တိုင်းကား၊ လူတလွှားကို၊ စီးပွားရှာရှာ၊ သာသနာကို၊ မချာနေ့, ည၊ စောင့်ရှောက်ကြသား၊ ဘူမ, ရုက္ခ၊ အာကာသဋ္ဌ၊ တွင်နာမဖြင့်၊ ပဗ္ဗတမြားမြောင်၊ တော, တောင်, ကုန်းကျဉ်း၊ မြစ်ခပင်းနှင့်၊ အိုင်မင်း ၇-ဖြာ၊ သတ္တရဘန် ၇-ရပ်၊ ၅-ထပ်အာလိန်၊ တေဇာရှိန်သာ၊ ဒေဝိန္ဒရာဇ်၊ ဖြစ်ဖြစ်ကုန်ကြ၊ နတ်ထိုမျှကို၊ ရပါလေစေ၊ အမျှဝေ၏။

စိတ်စေတနာ၊ ဝမ်းပမ်းသာ၍၊ ငါတို့ကောင်းမှု၊ ပြုပြုသမျှ၊ ဉာဏ်ပုညကို၊ ဒိဗ္ဗစက္ခု၊ မြင်မှုမပြတ်၊ ဆတ်ဆတ်နတ်နား၊ ဆင့်ဆင့်ကြားက၊ တို့အားချစ်ခင်၊ မိဘသွင်သို့၊ ကြင်ကြင်နာနာ၊ စောင့်ကုန်ပါ၍၊ ချမ်းသာကဲမိုး၊ သစ်သစ်တိုးသည်၊ ကောင်းကျိုးဆဆ-ပွါးစေတည်း။ ။

သာဓု သာဓု သာဓု။

# ဗုဒ္ဓနိုင်ငံတော်

အရှင်သံဝရာဘိဝံသ

(ပထမတွဲ)

ပရိယတ္တိသာသနဟိတဓမ္မာစရိယ
ရွှေကျင်နာယက ဆရာတော်
အရှင်သံဝရာဘိဝံသ

# ဗုဒ္ဓနိုင်ငံတော်

(ပထမတွဲ)

တတိယအကြိမ်

သာသနာ-၂၅၅၁ ကောဇာ-၁၃၆၉ ခရစ်-၂၀၀၇

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၇၅၈၈
ရက်စွဲ ၄.၁၁.၁၁
သုတေသနစာကြည့်တိုက်

ဗုဒ္ဓနိုင်ငံတော်

ပုံနှိပ်မှတ်တမ်း

-----

တတိယအကြိမ်

အုပ်ရေ (၁၀၀၀)

၁၃၆၉-ခုနှစ်၊ (၂၀၀၇- ခုနှစ်)

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃ / ၀၂၄၀၅) က
ပုံနှိပ်ထုတ်ဝေပါသည်။



ဆရာတော် အရှင်သံဝရာ ဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ
စကြာရန်အောင်ရွှေကျောင်းတိုက်
ဖျာပုံမြို့။

# အမှာစာ

အမှာစာရှင်သည် မုန်တိုင်စေတီတော်များ ရွှေထီးတော်တင်ကိစ္စဖြင့် ၂၀၀၇-ခုနှစ်၊ မေလ၊ ၇-ရက်နေ့မှ ၁၀-ရက်နေ့အထိ မိတ္ထီလာမြို့သို့ သွားရောက်၍ ကြိုတင်ပရိကမ္မကိစ္စများ ဆောင်ရွက်ပူဇော်ခဲ့ရသည်။ ထိုအတွင်း တစ်ညနေတွင် မြို့မိ၊ မြို့ဖ သဖွယ်ဖြစ်သည့် အပြင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယလည်းဖြစ်သော မိတ္ထီလာမြို့၊ အသောကာရုံရေလည်ဆရာတော် ဘဒ္ဒန္တလာဘာဝတကို ဖူးမျှော်ကန်တော့ခဲ့သည်။ ထိုအခါ ရေလည်ဆရာတော်က-

"ငါ့ရှင်၊ မိန့်စရာအထူးရှိသည်။ ကျေးဇူးတော်ရှင် ဖျာပုံမြို့၊ စကြာရန်အောင် ဆရာတော် ရေးသားပြုစုသည့် ဗုဒ္ဓနိုင်ငံတော်ကျမ်းစာ(မူကြမ်း)ကို ရှေးမဆွကတည်းက ဖတ်ခဲ့ရသည်။ အလွန်လည်း ဝမ်းမြောက်ကျေနပ်ခဲ့သည်။ သို့ဖြစ်၍ စာအုပ်အဖြစ်ထွက်ပေါ်ရန် အကြိမ်ကြိမ်ဆုတောင်းခဲ့ရသည်။ ယင်းကျမ်းစာမှာ ၁၉၆၀-ခုနှစ်က ထွက်ပေါ်လာတော့ အားပါးတရ သာဓုခေါ်ခဲ့ရသည်၊ နောက်တဖန် နှစ် ၃၀-နီးပါးအကြာတွင် **'နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပြဋ္ဌာန်းစာအုပ်များ ရှာဖွေ စုဆောင်း ပြုစုရေး အဖွဲ့'** ဖွဲ့သည်[ ၁၉၈၈-ခု၊ ၄၇-ပါးစုံညီ ဒွါဒသမအစည်းအဝေး မှတ်တမ်း၊ နှာ-၂၇၄ ]။ 'ယင်းအဖွဲ့ဝင် ၉-ဦး ထဲတွင် ငါ့ရှင်လည်း ပါဝင်သည်။ ငါ့ရှင်ကပင် ဗုဒ္ဓနိုင်ငံတော်ကျမ်းကို ယင်းသာသနာ့တက္ကသိုလ်များတွင် ပြဋ္ဌာန်းရန် အဖွဲ့အစည်းအဝေးတွင် အဆိုတင်သွင်းသည်။ ယင်းအဆိုကို အဖွဲ့က အတည်ပြုသည်'ဟု ကြားသိရသည့်အခါ ဒုတိယမ္ပိ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရပါ၏။ ပြဋ္ဌာန်းသတ်မှတ်ပါသော်လည်း ယင်းကျမ်းများ ပြတ်လပ်နေသဖြင့် ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားက အားထုတ်သဖြင့် ၂-ကြိမ်မြောက် ထွက်ပေါ်သောအခါ၌ တတိယမ္ပိ ဝမ်းသာပီတိဖြင့် သာဓုခေါ်ခဲ့ရပြန်သည်။

ကျေးဇူးရှင် စကြာရန်အောင်ဆရာတော်သည် မိတ္ထီလာအနောက်လက် ဂငူနံရွာဇာတိဖြစ်သည်၊ ဒို့များ မွေးဖွားသည့် ရွာ-ပါပင်၊ ထို့ပြင် ဤကျမ်းပြုဆရာတော်နှင့် ဒို့များမှာ တူဝရီးလည်း တော်စပ်သည်။ တပည့်ရင်းလည်း ဖြစ်သည်။ ယခုတိ ဆရာတော်၏ ကျောင်းကန်စသည့် အထွေထွေ သာသနာရေးကိစ္စများကို ဆရာတော်တာဝန်ပေးထားခဲ့သည့်အတိုင်း အဆက်မပြတ် တာဝန်ယူ သာသနာပြုနေဆဲဖြစ်သည်။ တဆက်တည်းပင် ကျေးဇူးရှင် ဆရာတော်၏ ကျမ်းစာများကို ပုံနှိပ်ပူဇော်လိုသည့်ဆန္ဒ ပြင်းထန်သော်လည်း ဒို့များနေရာ မိတ္ထီလာမှာ နယ်ဘက်ဖြစ်နေသဖြင့် အခွင့်မသာ ရှိခဲ့ရသည်။

# ဗုဒ္ဓနိုင်ငံတော်

ကျေးဇူးရှင်ဆရာတော်ဘုရာကြီး၏ ဘဝနောက်ဆုံးအချိန်များတွင် ဘာသန္တရ စာပေများကို ငါ့ရှင် သင်ယူခွင့်ရရှိခဲ့သည်။ ဤဆရာတော်၏ဆရာမှာ မန္တလေးမြို့၊ အရှေ့ပြင်၊ မဟာဝိသုဒ္ဓါရုံရာမတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တပညာအရှင်မြတ်ဖြစ်သည်။ ယင်းတိုက်အုပ်ဆရာတော်ကြီး၏ ဇာတိမှာ ငါ့ရှင်မွေးဖွားခဲ့ရာဖြစ်သော မိတ္ထီလာမြောက်လက်၊ ဝမ်းတွင်းမြို့နယ်၊ ခံပဲ့ရွာပင်ဖြစ်သည်။ ထို့ပြင် ငါ့ရှင်သည် တိုက်အုပ်ကြီး၏ မြေးတော်စပ်သူလည်း ဖြစ်သည်။ ဤသို့ ဆရာဖြစ်သူ တိုက်အုပ်ကြီးနှင့် ဇာတိလည်းတူ၊ မြေးလည်းတော်စပ်သောကြောင့် ကျေးဇူးရှင် ကျမ်းပြုဆရာတော်သည် သက်ရှယ်တော်အိုမင်းနေပါလျက် ငါ့ရှင်အား 'နောက်ပိတ်ဆုံး အိပ်နဲ့လွယ်'-ဆိုရလောက်အောင် ပညာအမွေ ပေးခဲ့သည်။

သို့ဖြစ်ရာ ဗုဒ္ဓနိုင်ငံတော်ကျမ်းများ ကောင်းမွန်ခမ်းနားစွာ ထွက်ပေါ်ဘို့အတွက် ပြေးမလွတ်အောင် ငါ့ရှင်မှာ တာဝန်အရှိဆုံးဖြစ်သည်။ သို့ဖြစ်၍ ယခုခေတ်အလိုက် ကွန်ပျူတာစာစီ၍ ကောင်းမွန်ခမ်းနားစွာ ပြန်လည်ပုံနှိပ်ထုတ်ဝေစေလိုသည်။ နောင်အဆက်မပြတ်အောင် သင့်လျော်သလို စီမံပေးစေလိုသည်။ တတိယအကြိမ်အဖြစ် ထွက်ပေါ်လာသည်ကို မြန်မြန် သာစုခေါ်ပါရစေ ငါ့ရှင်"-ဟု အမိန့်ချမှတ်တော်မူပါသည်။

သို့ဖြစ်ရာ ရှေ့ဆက်ဆောင်ရွက်ရေးအတွက် - - - ကျမ်းပြုဆရာတော်မှာ ဖျာပုံနယ်လုံးဆိုင်ရာ ဓွေကျင်နာယကဆရာတော်ဖြစ်ရာ **ဓွေကျင်နိကာယစာပေထိန်းသိမ်းရေးအဖွဲ့**ဝင် ဆရာတော်များထံ အကျိုးအကြောင်း လျှောက်ထားရာ ယင်းဆရာတော်တို့က ဝမ်းမြောက်ဝမ်းသာစွာ အမြန်ရိုက်နှိပ်ရန် တိုက်တွန်းတော်မူကြသည်။

ရန်ကုန်ရောက် ဝမ်းတွင်းမြို့နယ်အသင်းဥက္ကဋ္ဌ ဦးစိုးအောင် မိသားစုတို့က- ၅၀၀,၀၀၀ိ၊ ပန်းချီဆရာကြီး ဦးတင်လှဝင်းထင်+ဒေါ်စန်းတို့ကို အမှူးထား၍ သား ကိုနေမျိုးဝင်း မိသားစုက ၃၀၀,၀၀၀ိ။ ပေါင်း- ၈-သိန်းငွေကို မ-တည်ကာ ရန်ကုန်ရောက် ဝမ်းတွင်းမြို့နယ်အသင်းက ဗုဒ္ဓနိုင်ငံတော် (ပထမတွဲ)ကို အုပ်ရေ ၁၀၀၀-ရိုက်၍ ပညာသံဝတ္တနိက ကုသိုလ်ပြုကြပါသည်။ သီတာရုံဦးအရိယဓမ္မ, ဓွေသုဝဏ်ကျောင်း ဦးကုဏ္ဍ, ဦးဇဋ္ဌိလ, ဦးရာဇိန္ဒ, ဆရာကြီးဦးသိန်းအောင်(ဟာရာဏသီ)နှင့် ဆရာကြီးဦးစိုးတင့်တို့က တည်းဖြတ်သုတ်သင် စာပြင်ပေးကြသည်။ ကိုသန့်ဇင် B.Sc.(ဘူမိ), ကိုတေဇာလင်း (B. Sc. Eco.)တို့က ကွန်ပျူတာစာစီ ပေးလှူကြသည်။ ယင်းတို့အနက် အုပ်ရေ ၃၀၀-ကို သာသနာရေးဝန်ကြီး ဌာန၊ အုပ်ရေ ၁၀၀-ကို ရေလည်ဆရာတော်နှင့် စာဒါယကာများ၊ အုပ်ရေ ၆၀၀-ကို နောင်အဆက်မပြတ် ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် ကမ္ဘာအေးစေတီလမ်း၊ ဓမ္မစကြာ ဗုဒ္ဓစာပေအသင်း ဖြစ်မြောက်ရေးကော်မတီအား သတ်မှတ်လှူဒါန်းရန် ဖြစ်ပါသည်။

ဘဒ္ဒန္တသဒ္ဓိယ (8. 12. 2007)

# ဝေဖန်ရည်ညွှန်းချက်

**ဂုဏ်ယူလို့မဝ---** ဤဗုဒ္ဓနိုင်ငံတော် ကျမ်းကြီးကို ရေးသားစီရင်တော်မူသော ဆရာတော်ဘုရားကြီးသည် မိတ္ထီလာမြို့နယ် ဂငူနန်ရွာတွင် *(၁၂၅၅-ခုနှစ်တွင်)*ဖွားမြင်တော်မူ၍ အသက် ၇-နှစ်အရွယ် ငယ်စဉ်ကပင် စတင်၍ ၎င်းရွာကျောင်း သမ္မုတိဂိုဏ်းအုပ် ဆရာတော် ဘုရားကြီး ထံ၀ယ် လောကီလောကုတ္တရာအခြေခံ ပညာအရပ်ရပ်တို့ကို ကျောင်းသားဘဝ, သာမဏေ ဘဝများဖြင့် မိမိရရ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားခဲ့ရလေသည်။

ထိုနောက် အသက် ၁၅-နှစ်ရွယ် သာမဏေ ၅-ဝါရတွင် မန္တလေးမြို့၊ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ သွားရောက်နေထိုင်ကာ ၎င်းတိုက်အုပ် ဆရာတော်ဘုရားကြီး ထံတွင် လောကုတ္တရာ ပညာရင်နို့ အစဉ်သောက်စို့ရသဖြင့် သာမဏေဘဝနှင့်ပင် အစိုးရ ပါဠိပထမပြန်စာမေးပွဲ၌ ငယ်, လတ်, ကြီးတို့ကို အောင်ပန်းဆွတ်ခူးပြီးလျှင် ရဟန်းဘဝသို့ ရောက်ကာ သကျသီဟပရိယတ္တိသာသနဟိတ စာသင်တန်းနှင့် စာချတန်းကြီးများကို မပင် မပန်း လွယ်ကူစွာ တက်လှမ်းအောင်မြင်တော်မူလျက် ပါဠိ အဋ္ဌကထာ ဋီကာ အနု မဓု ယောဇနာ ကျမ်းကြီး, ကျမ်းခိုင် အဖြာဖြာတို့ကိုလည်း မိမိရရ သင်ယူ ပါရဂူမြောက် တတ်မြောက် အောင် သင်ကြားပြီးကာ ၎င်းတိုက်မှာပင် စာချအဖြစ်ဖြင့် နေထိုင်ခဲ့လေသည်။

ဇာတိ ပဋိသန္ဓေဉာဏ် ထက်သန် နက်နဲ၍ ခက်ခဲသည်ကို သိမြင်တတ်သည့် ပါရမီ အလျောက် ကဗျာ, လင်္ကာ, နက္ခတ်စသော မြန်မာပညာအရပ်ရပ်တို့ကို တတ်မြောက် ကျွမ်းကျင်တော်မူပြီးလျှင် သီဟိုဠ်, အိန္ဒိယ စသော နိုင်ငံများသို့ သွားရောက်ကာ သံသကရိုက်, ပြာကရိတ်, ဟိန္ဒီ, အူရဒူ, ဘင်္ဂါလီ, အင်္ဂလိပ် စသော ဘာသာခြား စာပေပညာများကို လည်း လိုက်စားသင်ယူ ဆည်းပူးတော်မူပြီးနောက် အိန္ဒိယနိုင်ငံ အရပ်ရပ်တို့သို့ သွားရောက်

လှည့်ပတ် ဒေသန္တရ ဗဟုသုတ ပညာရပ်များကိုလည်း ဆည်းပူးတော်မူပြီးကာ မြန်မာနိုင်ငံသို့ ရောက်သောအခါ ဒကာ, ဒကာမများ ပင့်လျှောက်ထားချက်အရ--- ဖျာပုံမြို့၊ စကြာရန်အောင်ကျောင်းတိုက်ကြီးကို . . . ဖန်တီးတည်ထောင်ကာ အရပ်ရပ်မှ လာကြသော ပညာရင်နို့ သောက်စို့လိုကြသူ တပည့်အများတို့အား ပညာရပ်များ ဝေငှတော်မူလျက် အားလပ်သည့် အချိန်ဘက်တွင် စာပေကျမ်းဂန် အတန်တန်တို့ကို အမြဲဝေဖန် စိစစ်ကြည့်ရှုပြီးလျှင် ဂန္ထဝင်စာပေများ ရေးသား စီရင်တော်မူလေသည်။

ဤကျမ်း၏ နိဒါန်းတွင် "ပုဂ္ဂိုလ်ခင်မှ တရားမင်သည်"ဆိုသော စကားအရ ကျမ်းပြုဆရာတော်ဘုရား၏ အရည်အချင်း စွမ်းရည်သတ္တိ ကြီးမားလှသည်ကို သိမြင်ပြီးမှသာ ဤမျှလောက် ပညာရင့်ကျက် ထက်မြက်သော ပညာရှင် ဆရာတော်ဘုရားကြီးကိုယ်တိုင် အနှစ်နှစ် အလလ အချိန်ကာလ တာရှည်စွာ ရှာဖွေစုဆောင်းထားခဲ့ရသော ပညာအရပ်ရပ်တို့အပြင် ပင်ကိုယ်ဉာဏ် ထက်သန်စူးရှသည်အား လျော်စွာ စိစစ်ဝေဖန်ကာ ရေးသားထားသော ကျမ်းခိုင်ကြီးပင် ဖြစ်ပေသည်-ဟု လူ, ရှင်ရဟန်းသဒ္ဓါပန်းပွင့်လျက် နှစ်သက်ဝမ်းသာဖို့ရန် အကျယ်တဝင့် ရေးခွင့်မရသော ဤအကျဉ်းချုပ် အတ္ထုပ္ပတ္တိ အမြွက်မျှသာ ထည့်သွင်းရေးသားရသည်ကို အားမလိုအားမရ အထူးပင် ဂုဏ်ယူလို့ မဝအောင် ဖြစ်ရပါတော့သည်။

(သာသနာဝင်ကျမ်းကြီး) ဤဗုဒ္ဓနိုင်ငံတော်ဟူသည် ရာထောင် နေလ ရောင်စုံပသို့ သုံးလောကသနင်း မြတ်ဗုဒ္ဓတရားမင်း၏ အဆုံးအမ ဩဝါဒ သာသနာတော်ဓမ္မစက်သည် ကမ္ဘာတဝှန်းလုံးထက်၌ လွှမ်းမိုးကာ တန်ခိုးရောင်ဝါ ထွန်းပဆဲ ထွန်းပလတ္တံ့တို့ကို ရေးသား၍ အထူးအားဖြင့် ထွန်းပခဲ့ဖူးသော တိုင်း, နိုင်ငံ, ခရိုင်များကို ဆိုလို၍---

ဗုဒ္ဓနိုင်ငံတော်ကျမ်း-ဟူသည် ကမ္ဘာအရပ်ရပ်၌ နှံ့စပ်ကျော်ကြား ထင်ရှားလာခဲ့သော ဗုဒ္ဓရောင်ဝါ ထွန်းပလာသော တိုင်းနိုင်ငံများသည် မည်သည့် အချိန်အခါမှ စ၍ မည်ကဲ့သို့ ထွန်းပလွှမ်းမိုး တိုးတက်ကြီးပွားလာကြောင်း တိကျသေချာစွာ ခေတ်ပထဝီ ပညာများနှင့် ညှိနှိုင်းဝေဖန် ရေးသားထားသော သာသနာဝင် သာသနာစဉ်အဆက် သမိုင်းကျမ်းကြီးတစ်စောင် ဖြစ်လေသည်။

(ခေတ်ဟောင်း) ရှေးပညာရှိကြီးများ စီရင်ရေးသားထားသော သာသနာဝင်သမိုင်းတို့ကို ပြဆိုသည့် မဟာဝံသ, စူဠဝံသ, သာသနဝံသ စသော ကျမ်းများရှိသော်လည်း ရှေးခေတ်ဟောင်း သာသနာမျှကိုသာဖော်ပြ၍ ခေတ်ကာလ သာသနာနှင့် ဆက်စပ်မိအောင် မရောက်ကြသဖြင့် သာသနာ့သမိုင်းဂုဏ်ကို ပြည့်စုံအောင် မထောက်ခံသကဲ့သို့ ရှိခဲ့လေသည်။

ဤသို့ မပြည့်စုံသည်မှာ ရှေးခေတ် ပညာရှိကြီးများသည် ပင်ကိုယ်ဉာဏ်, ဂန္ထန္တရဉာဏ် ထက်သန်ကြသော်လည်း ခြေ, လှေ, မြင်း, လှည်းများနှင့် သွားလာယူဆောင်ရသော ခေတ်က နှောင့်နှေးစေသည့်အပြင် စာပေဗဟုသုတ ရှာဖွေရသည်မှာလည်း ကန့်ကူ, ကညစ်တို့နှင့် လက်ဖြင့်သာ ခဲခဲယဉ်းယဉ်း ပင်ပန်းလေးကန်စွာ ရေးကူးကြရ၍ စာပေ ကျမ်းဂန် အမျိုးမျိုးဖက်မှလည်း ကြွယ်ဝပေါများ စဉ်းစားနိုင်းချိန်ရန် နည်းပါးလှသော ခေတ်နှင့်လည်း တိုက်ဆိုင်လျက် ရှိခဲ့လေသည်။

(ခေတ်သစ်) ယခုခေတ်မှာကား လောကဓာတ်ပညာ ထွန်းကားလျက် အလွန်လျင်မြန်သောခေတ်ဖြစ်နေ၍ ကိုယ်တွေ့ ဗဟုသုတ, ဒေသန္တရ ဗဟုသုတ ရှာဖွေလေ့လာရန် အလွန်လျင်မြန်လွယ်ကူသော ခေတ်ဖြစ်သည့်အပြင် စာပေဘက်မှလည်း ပုံနှိပ်စက်, လျှပ်စစ်, သံကြိုး, ကြေးနန်း, ရုပ်မြင်သံကြား, စကားပြော ကြိုးမဲ့ကြေးနန်းများနှင့် သတင်းစာ, ဂျာနယ်, မဂ္ဂဇင်း, စာတမ်း, စာအုပ်များ အရေးအသားများပြား ကြွယ်ဝသော ခေတ်နှင့် တိုက်ဆိုင်ကာ ကမ္ဘာပေါ်ရှိ တိုင်း, နိုင်ငံ ဒေသများ၏ အဖြစ်အပျက် ဟူသမျှကို တစ်ခဏချင်း သိမြင်နိုင်ကာ ပညာဗဟုသုတ ဝေဖန်စဉ်းစားရန် အလွန်လွယ်ကူ လျင်မြန်သောခေတ် ဖြစ်သည့်အတိုင်း ညှိနှိုင်းဝေဖန်နိုင်သော တိုးတက်သောခေတ် ဖြစ်ခဲ့လေသည်။

ဤကဲ့သို့ ရှေးခေတ်, ယခုခေတ် အဖြစ်အပျက် အခြေအနေအရ ပေါ်ပေါက်လာရသော ဤ ဗုဒ္ဓနိုင်ငံတော်ကျမ်းကြီးသည် အတွဲအားဖြင့် ပထမတွဲ, ဒုတိယတွဲ, တတိယတွဲ ဟု ၃-တွဲရှိ၍ ၁-တွဲ ၁-တွဲလျှင် စာမျက်နှာ ၅၀၀-ကျော်, ၆၀၀-ခန့်မျှ ရှိသော ကျမ်းကြီးတွင် အကျဉ်းချုပ်အားဖြင့် ဖော်ပြရသော်---

(၁) ဤကမ္ဘာလောကကြီး၌ ရှိရှိသမျှသော ဘာသာအရပ်ရပ်တို့တွင် ဗုဒ္ဓဘာသာတော်မြတ်ကြီး၏ မွန်မြတ်လေးနက် မှန်ကန်တိကျကြောင်း အာဂမယုတ္တိ, သဘာဝယုတ္တိများအရ- ခေတ် လောကဓာတ် ဆရာကြီးများ၏ လောကဓာတ်နည်းလမ်းအရ အဖက်ဖက်က စမ်းသပ်ကြည့်ရှုကြပြီးသော် ယထာဘူတကျကြောင်း စသည်များကို ကမ္ဘာ့ဘာသာကြီးများဖြစ်ကြသော ခရစ်ယာန်, ဟိန္ဒီ, မူဆလင်- ဘာသာကြီးတို့၏ လေးစားအားကိုးလျက်ရှိကြသော ဗိုက်ဗလ်, ဝေဒန္တ, ကိုရန်ကျမ်းဂန်များနှင့် ချင့်ချိန် ညှိနှိုင်းဝေဖန်၍ ရေးသားစီရင် ဖော်ပြထားသော စာပေများမှာ အတိအကျ အသေအချာ မရှိသလောက် ဖြစ်သဖြင့် ဤကျမ်းကြီးတွင် ကမ္ဘာ့ဘာသာကြီးများနှင့် ညှိနှိုင်းဝေဖန်ကာ အကျယ်တဝင့် ဖော်ပြထားခြင်း---

(၂) ဤကဲ့သို့ မွန်မြတ်သော ဗုဒ္ဓဘာသာကြီး၏ အမွန် ပထမ စတင်ဖြစ်ထွန်းပေါ် ပေါက်လာသော တိုင်းပြည်နိုင်ငံများကို သေချာစွာ စိစစ်ဝေဖန်ပြီးလျှင် ၎င်း၏ စည်ပင် တိုးပွါးပြန့်ပြော ထွန်းကားလာခဲ့သော တိုင်းကြီးသောဠသ၏ ခရိုင်နယ်ပယ် မြို့, ရွာ, နိဂုံး များနှင့်တကွ ၎င်းတို့၏ ဟောပြတော်မူသော ဒေသနာအစဉ်ဖြင့် သာသနာ့နိုင်ငံတော် အောက် ရောက်ရှိလာကြပုံကို အတ္ထုပ္ပတ္တိမြေပုံများအပြင် အရေးကြီးသော ဌာနများကို ဓာတ်ပုံများနှင့် အတိအကျ သေချာဂ-နစွာ ဖော်ပြရေးသားထားသော ကျမ်းဂန်များမှာ ယခုတိုင်အောင်ပင် ဂန္ထဝင်မြောက် မပေါ်ပေါက်သေးသဖြင့် ၎င်းဗုဒ္ဓသာသနာတော် စက် ထွန်းပရာလက်ထက်တော်အခါက နိုင်ငံများကို အခိုင်အမာ ပါဠိအဌကထာ ဋီကာကျမ်းကြီး, ကျမ်းခိုင် အစောင်စောင်တို့နှင့် တိုက်ဆိုင် ညှိနှိုင်းဝေဖန်ထားခြင်း---

(၃) ၎င်းပြင် ခေတ်အားလျော်စွာ ရာဇဝင်သမိုင်း ကျောက်စာမှတ်တမ်း အမျိုးမျိုး အားဖြင့် ညှိနှိုင်းဝေဖန်ကာ ရှေးအခါက **ဗုဒ္ဓခေတ်ကြီး** ပွါးစီးထွန်းကားရာ မဇ္ဈိမတိုင်းဌာန များနှင့်တကွ ဗုဒ္ဓဝါဒတည်ထွန်းသော နိုင်ငံများစွာသို့ ဘုရားဖူးသွားရောက် လှည့်လည်၍ ဘာသာဝါဒ တိုင်းနိုင်ငံ ဗဟုသုတ ရှာဖွေကြသော **တရုတ်ရဟန်းတော် ခရီးသည်များ၏** မှတ်တမ်းများအရနှင့်လည်း သေချာစွာ ညှိနှိုင်းဖော်ပြထားခြင်း---

(၄) ၎င်းပြင် ဗုဒ္ဓမြတ်စွာ ပွင့်လာတော်မူသည့်နေ့မှ စ၍ ဗုဒ္ဓသာသနာတော်ရောင် ထွန်းလင်းတောက်ပြောင်ပြီး, တောက်ပြောင်ဆဲ, တောက်ပြောင်လတ္တံ့ဖြစ်သော ကမ္ဘာပေါ်ရှိ အာရှ, ဥရောပ, အာဖရိက, အမေရိကတိုက်ကြီးများတို့တွင်လည်း ဗုဒ္ဓဝါဒပြန့်နှံ့ရာ မြို့ရွာ နယ်ပယ် ဒေသများကိုလည်း သေချာစွာ စုံစုံလင်လင် ရေးသားဖော်ပြထားခြင်း---

(ဂုဏ်ယူကြစရာ) ဤကဲ့သို့ အခန်းများကို တွေ့ရှိ ဖတ်ရှုရသောအခါ များစွာ အားရပီတိများ တက်ကြွလာသည့်အပြင် ပင်ထွက်ဉာဏ်, ဂန္ထရဉာဏ်, ဝိစာရဏာဉာဏ်, ဘာသန္တရ ဒေသန္တရ ဗဟုသုတဉာဏ် အထူးပြည့်ဝ ကျွမ်းကျင် ပညာဉာဏ် စွယ်စုံအရှင် ဖြစ်သော ဆရာတော်အရှင်မြတ်ဘုရားသည် အဖက်ဖက်တွင် အသိဉာဏ် လျှင်မြန် ထက်မြက် စူးရှစွာ နှစ်ပေါင်း များစွာ ရှာဖွေစုဆောင်းလျက် နှိုက်ချွတ်ဝေဖန် စဉ်းစားဉာဏ် ကစားကာ ရေးသားစီရင်ထားသော---

ဤဗုဒ္ဓနိုင်ငံတော် ကျမ်းစာမူများကို သေချာစွာ ဖတ်ရှုပြီးလျှင် ဤကဲ့သို့ မဖြစ်ပေါ် ခဲ့ဖူးသေးသော ဤကျမ်းကြီးအတွက် ဤကဲ့သို့ နိဒါန်းစကား ရေးသားချီးကျူးရသည်ကို အထူးပင် ဂုဏ်ယူရပါတော့သည်။

သို့ဖြစ်ပါ၍ လူမျိုးမရွေး, ဘာသာမရွေး သာသနာရေး, ပညာရေးအဖက်ဖက်တွင် စာပေကျမ်းဂန် ဂမ္ဘီရ ဗဟုသုတ ဝိစာရဏပညာဉာဏ် ရင့်သန်တိုးပွါး အကျိုးထူးများကို ခံစားလိုကြသူ လူရှင်ရဟန်းအားလုံး ဤ ဗုဒ္ဓနိုင်ငံတော်ကျမ်းကြီးကို အမြဲလက်သုံးထားကြကာ ဗုဒ္ဓဘာသာ အစစ်အမှန် ဧကန်တိတိ ခွဲခြား ဝေဖန် အသိဉာဏ် ရှိကြပြီးလျှင် ခေမာသီဝ အမတမြိုက်ရည် နိဗ္ဗာန်ရွှေပြည်သို့ အမြန်ထုတ်ချောက် ရောက်ရှိနိုင်ကြပါစေသတည်း။ ။

## ဆရာတော်အရှင်ဉာဏာဒိစ္စ

သက္ယသီဟပရိယတ္တိသာသနဟိတဓမ္မာစရိယ

ပါဠိတက္ကသိုလ် ဗဟို အဖွဲ့ဝင်နာယက

မြို့နယ်နှင့် ဝိနည်းဓိုရ်ဆရာတော်

The author of the Thirty Eight Blessing

for world peace.

သိပ္ပမဥ္ဇူကျောင်းတိုက်

ရန်ကုန်မြို့။



ဗုဒ္ဓဂါယာ မဟာဗောဓိ

## ကျမ်းဦးဖြစ်စဉ်

ဤခေတ်သည်ကား စကားလှ၍ စာပေရသ ပြည့်စုံရုံမျှနှင့် လက်မခံဘဲ သဘာဝ အစစ်အမှန် ဝေဖန်ပိုင်းခြား အတိအကျ ရေးသားလာသောခေတ် ဖြစ်သည့်အတိုင်း စကား အကြောင်း အတ္ထုပ္ပတ် တစ်ခု ဖြစ်ပွားလာက စာပေအများ ရေးသားလာကြသော်လည်း သဘာဝယုတ္တိ မရှိပါလျှင် ဂန္ထဝင်စာပေ အရေး၌ အထင်သေးလျက် မလေးနက်ဘဲ ဖြစ်မည်ကား အမှန်ဖြစ်ပေသည်။

ဤစာရေးသားချိန်မှာ မြတ်စွာဘုရားသည် သီလအကျိုးတရား ဝေဖန်ဟောကြားရာ၌ "စည်ပင်ကြွယ်ဝ ပြည့်စုံပေါများလှသော မဇ္ဈိမ အလယ်ပိုင်း ၁၆-တိုင်းကို အုပ်စိုးရသည်ထက် သာလွန်ကြီးများ အကျိုးများကြောင်း" ဟောပြတော်မူရာ ၎င်း ၁၆-တိုင်းတို့မှာ ကမ္ဘာအဝှန်းရှိ တိုင်းနိုင်ငံများအဖြစ် ရေးသားထားသော စာအုပ်စာတမ်းများ ပေါ်လာ၍ ၎င်းကို သဘာဝ*(စိ)*စစ်လာသော ခေတ်ပညာသည်များ မလေးစားဘဲ အငြင်းပွါးနေသော အချိန်ဖြစ်ခဲ့၍ "အစစ်အမှန် ဝေဖန်ရေးသားဖို့" ဒကာများ တောင်းပန်လျှောက်ထားကြခြင်းသည် ဤရေးသားသော စာပေ၏ ပထမအတ္ထုပ္ပတ္တိအကြောင်းတစ်ခု ဖြစ်ပွါးခဲ့လေသည်။

ထိုမှတပါး ဘာသာဝါဒ အားဖြင့်လည်း အခြားအယူဝါဒ ဟိန္ဒူ, ခရစ်ယာန်, မဟာမေဒင်- စသော ဘာသာဝင်များမှာ ၎င်းတို့ဘာသာအလျောက် 'ကောင်းရာပြုက ကောင်းမှု အကျိုးနှင့် မကောင်းရာပြုက မကောင်းမှု အပြစ်များ ထင်ရှားရှိရာ' ဗုဒ္ဓဝါဒအရ ၎င်းဘာသာဝါဒရှိသူများ---

ကောင်းမှု ရှိ, မရှိ၊ အကျိုး ရ, မရ---

အခြားမဲ့ဘဝ*(၅)* ခံစားရမှု မည်သို့ ရှိသည်, မရှိသည်များကို အငြင်းဖြစ်ပွါး ပြောဆိုကြခြင်းများသည်လည်း---

ဒုတိယ အတ္ထုပ္ပတ္တိ အကြောင်းတစ်ခု နောက်ထပ်ဖြစ်ပွါးခဲ့လေသည်။

## ဗုဒ္ဓနိုင်ငံတော်

၎င်းနှင့်စပ်၍ ဖျာပုံမြို့မှာ ဒေါက်တာခင်မောင်နှင့် ၎င်း၏ ဆရာဝန်ကတော် မသိန်းက ခရစ်ယာန်ဝါဒဖြစ်၍ အိမ်ပင့်ဆွမ်းကျွေး ဆွေးနွေးလျှောက်ထား၍ ဗုဒ္ဓဝါဒအတိုင်း ဖြေကြားဟောပြရာ ၎င်းကတော်ကလည်း သဘောကျ ဝန်ခံဖူးသည့်အပြင်---

နောက်တစ်ခါ၌ အင်စပိတ်တော် ပင်စင်ရ ဦးသာယ ဒကာတစ်ယောက်ကလည်း-

- "ခရစ်ယာန်များ ကောင်းမှု ရှိ, မရှိ၊
- အဘယ့်ကြောင့် ၎င်းဝါဒ ရှိသူ အနောက်တိုင်းသားများ ကြီးပွါးထွန်းကား ကြပါသနည်း၊
- ၎င်းတို့ တန်ခိုးအာဏာကြီးခြင်းများ ကုသိုလ်ကြောင့် ဖြစ်, မဖြစ် စသည်"-

လျှောက်ထားရာ ၎င်းအား "ဗုဒ္ဓဝါဒ အတိအကျဆုံးဖြစ်သော အဘိဓမ္မာတရားတော်အရ ဘာသာဝါဒ မဆိုလိုဘဲ- ကောင်းမှု, မကောင်းမှု ပြုလုပ်မှု စေတနာသာ ပဓာနဖြစ်ကြောင်း၊ ၎င်းဝါဒ ရှိသူများလည်း ကောင်းမြတ်ကြီးကျယ်သော စေတနာအလျောက် ကြီးကျယ်သော အလုပ်များ ပြုလုပ်ကြ၍ ကြီးကျယ်သော အကျိုးတရားရကြ၍ ၎င်းတို့ ကြီးကျယ်ထွန်းကား ကြကြောင်း" ဟောပြရာ ၎င်းဒကာလည်း သဘောကျ ဝန်ခံလေသည်။

ဘုရားရှင် လက်ထက်တော်ကလည်း များစွာသော တိတ္ထိအယူဝါဒများရှိရာ ၎င်းတို့၏ တပည့်သားများလည်း ၎င်းတို့၏ ဝါဒကောင်းမှုတရား မှန်ကန်သော အပြုအမူများကြောင့် ၎င်းတို့ဝါဒ အမှားဖြစ်စေကာမူ ကောင်းရာဂတိ နတ်ပြည်သို့ ရောက်ရှိကြ၍ မြတ်စွာဘုရားထံသို့ လာရောက်ကာ ၎င်းတို့ ဆရာတိတ္ထိများ ချီးမွမ်းသော ဂါထာများဖြင့် လျှောက်ကြားကြကြောင်း သဂါထာဝဂ်၊ ဒေဝတာသံယုတ်။*(၁။ ၆၅)* နာနာတိတ္ထိယဝဂ်၊ နာနာတိတ္ထိယသာဝက သုတ်များ၌ သံယုတ်ပါဠိတော်တွင် အထင်အရှား လာသည့်အပြင်---

ဘုရားရှင် ကိုယ်တိုင်တော်ကလည်း "အယူတစ်ပါး၌ ဟုတ်မှန်သည်ကို ဟုတ်မှန်ကြောင်း မိန့်ကြား၍၊ မမှန်သည်ကို မမှန်"ဟု ပယ်ရှားတော်မူခဲ့လေသည်။ သို့သော် အယူဝါဒသည်းသူတို့ကား "ဘာသာတစ်ပါး အယူမှားက အပါယ်သွားရမည်သာတည်း"ဟု တစ်သမတ်တည်း ယုံကြည်သူများ ရှိကြလေသည်။

၎င်းပြင်လည်း မြတ်စွာဘုရားသာသနာတော် ထွန်းကားသော တိုင်းနိုင်ငံများတွင် ထေရဝါဒနိုင်ငံများနှင့် မဟာယာန, မဟာသံဃိက ဂိုဏ်းသာသနာများ ထွန်းကားရာ ကမ္ဘာရှိနိုင်ငံများ၏ အကြောင်းအရာများကို ယခုအခါအထိ မြန်မာဘာသာအားဖြင့် ရေးသားထားသော ဂန္ထဝင်စာပေများ မရှိကြသေးသည့်အပြင်--- ရေးသားပြီးသော

သာသနာဝင် စာတမ်းများမှာလည်း မိမိတို့ဝါဒကိုသာ အမွန်ထားလျက် ရေးသားကြသော စာပေများသာ ဖြစ်ကြလေသည်။

ထိုမှတပါး သီဟိုဠ်၌ ရေးသားကြသော မဟာဝင်, စူဠဝင်, ဒီပဝင် စသော သာသနာ စဉ် စာပေများမှာလည်း မိမိတို့ကျွန်း သာသနာကိုသာ အမွန်းတင် ရေးသားကြ၍ အခြား နိုင်ငံများ၌ သာသနာဝင်များကိုကား အသောကမင်းတရားကြီးလက်ထက် မဇ္ဈိမသာသနာ ဆက်လောက်သာ ရေးသားခဲ့သဖြင့် နောက်ဆက် သာသနာဝင်များ ဆိတ်သုဉ်းသွား သကဲ့သို့ ဖြစ်သည်ဟု ထင်မှတ်ခဲ့ရလေသည်။

သို့သော်လည်း "ၚင်းမဇ္ဈိမအလယ်ပိုင်းနှင့် အိန္ဒိယတောင်ပိုင်းနိုင်ငံများ၌ သာသနာ တော်မှာ နှစ်၂၀၀၀-ကျော်အောင်ပင် တည်လျက် ရှိသေးကြောင်း" မြန်မာပြည် ဟံသာဝတီ, ရာမာဓိပတိ, ဓမ္မစေတီမင်းတရားကြီး ရေးသားသော သာသနာပြုကလျာဏီ ကျောက်စာ ကပင် သက်သေခံလျက် ရှိ၍ ၎င်းစာပေများ၏ မပြည့်မစုံခြင်းသည်လည်း ဤကျမ်းစာ၏ **တတိယအဋ္ဌုပ္ပတ္တိ** အကြောင်းတစ်ခု ဖြစ်ပွားခဲ့လေသည်။

ဤသို့ သာသနာဝင်သမိုင်းများ ပြည့်စုံစွာ ရေးသားထားသော ဂန္ထဝင်စာပေများ ယခုချိန်ခါထိ သာသနာ ဆက်စပ်မိအောင် မရှိသေးသည်ဖြစ်ရာ ၎င်းတို့ကို ကြိုးပမ်းတကုပ် အားထုတ်ရှာဖွေကာ များစွာသော စာအုပ်, စာတမ်းများမှ တိကျစွာ ဝေဖန်၍ အမှန်ယုတ္တိ ရှိလောက်သော သာသနာ့အဖြစ်အပျက်များ စုဆောင်းရေးသားခဲ့ရလေသည်။

ဤစာအုပ်ကား မြန်မာနိုင်ငံ၌ ဂျပန်များ မရောက်မီကပင် အကြမ်းဖျင်း စီစဉ် ရေးသားပြီး ဂျပန်များ ဝင်ရောက်လာပြီးနောက် ၎င်းစာမူများကို (တိုက်ပ်ဖြင့်) ကူးယူ ရိုက်နှိပ်ထားပါသော်လည်း ၁၃၀၇-၈-ခုနှစ်လောက်က စ၍ မျက်စိရောဂါဖြစ်ပွားခဲ့ရာ ၎င်းစာမူများကို မသုတ်သင်နိုင်အားတော့ဘဲ မျက်စိအတွက်သာ ဆက်လက် ကုစားနေခဲ့ ရလေသည်။

၎င်းနောက် ၁၃၁၂-ခုနှစ်လောက်ကျမှ မျက်စိကုသပြီး စာမူများကို အချောသုတ် သင် ပြင်ဆင်ကူးယူထားပါသော်လည်း ၎င်းစာအုပ် ရိုက်နှိပ်ရန် ငွေကြေးအထောက်အပံ့ အခက်အခဲ ကြုံလာ၍ သက်သာရာ သက်သာကြောင်း ရှာဖွေနေစဉ်---

ကျောင်းဒကာတစ်ဦးဖြစ်သော ဝဏ္ဏကျော်ထင် ဗိုလ်မှူးသိန်းဖေမှာ စာပုံနှိပ်စက် ရှိ၍ ၎င်းအားပြောရာ ၎င်းကလည်း ပညာဘက်ကို ထက်သန်စွာ အားပေးလိုသော သဘောဆန္ဒဖြင့် ၎င်း၏ သိန်းတစ်ရာပုံနှိပ်တိုက် အပ်ထား၍ ရိုက်နှိပ်သူ ခေါ်ယူရိုက်နှိပ်ငြား သော်လည်း ပုံနှိပ်စက်က ငယ်၍ ရည်ရွယ်သလောက် ခရီးမရောက်သဖြင့် စာမူဖောင်

၄၀-မျှသာ ၎င်း၌ ရိုက်ကာ ကျန်ရှိနေသော စာမူများကို ရန်ကုန်မြို့ ယောဂီပုံနှိပ်တိုက်တွင် ဆက်လက် ရိုက်နှိပ်ရလေသည်။

ဤယောဂီပုံနှိပ်တိုက်၌ ဆက်လက် ရိုက်နှိပ်ရာတွင် ဤစာအုပ်ဖြစ်မြောက်ရေး အတွက် စာရွက်စာတမ်းစသည် အဖက်ဖက်မှ အားပေးထောက်ပံ့လာခဲ့သော ဖျာပုံမြို့၊ မြန်မာ့ညွန့်ဆန်စက်နှင့် ရန်ကုန်မြို့ သင်ဘရားသားထရေဒင်လီမိတက်ပိုင် ဒကာဦးဘသင် ကပင် ဘုန်းကြီး၏ သာသနာရေး, သာသနာမှုလုပ်ငန်းများ၌ ဝန်ထမ်း ဒကာတစ်ဦးဖြစ်သည့် အတိုင်း တာဝန်ယူကာ လိုသောဘက်မှ ဆောင်ရွက်အားထုတ်ခြင်းဖြင့် ရည်ရွယ်သော အတိုင်း ဤဗုဒ္ဓနိုင်ငံတော် ပထမတွဲကို ပြီးမြောက်အောင် ရိုက်နှိပ်နိုင်လေသည်။

ဤအတွဲ ပထမကဏ္ဍမှာ အခြားဘာသာဝါဒများနှင့် ဗုဒ္ဓဝါဒကို နှိုင်းယှဉ်ဖော်ပြ၍ ဤဗုဒ္ဓဝါဒ၏ မွန်မြတ် မှန်ကန် ကမ္ဘာ့ပညာရှင်များ ဝန်ခံနိုင်သော ဘာသာကြီး ဖြစ်ကြောင်း ၎င်းတို့၏ ဗိုက်ဗလ်- ကိုရန်- ဝေဒန်ကျမ်းတို့နှင့် နှိုင်းညှိကာ ဝေဖန်ဖော်ပြ ထားလေသည်။

ဒုတိယကဏ္ဍမှာ ဤမွန်မြတ်သော ဘာသာမြတ် စတင်တည်ထွန်းရာ နိုင်ငံများနှင့် ၎င်းတို့ဖြစ်ပေါ်လာသော အကြောင်းအတ္ထုပ္ပတ်များပါ ကျမ်းဂန်အကိုးအကား တိကျ ပြတ်သားသော မြန်မာပြန်သက်သက်ဖြင့် စံနမူနာပြ ဩဇဂုဏ်လည်း ရောက်အောင် ရေးသားဖော်ပြထားလေသည်။

ထို့နောက် ဒုတိယတွဲ- တတိယကဏ္ဍ-နှင့် စတုတ္ထကဏ္ဍမှာ ဘုရားပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ဗုဒ္ဓဝါဒ သာသနာ့တန်ခိုး လွှမ်းမိုးပြန့်ကျယ်သွားသော ဗုဒ္ဓမြတ်ဘုရား ၏ အဆုံးအမ သာသနာ့နိုင်ငံတော်ကြီးကို နှစ်, ရာ ပိုင်းများဖြင့် ဖော်ပြ၍ ၎င်းနှစ်, ရာပိုင်း များအတွင်း ဖြစ်ပွါးသော သာသနာ့ ဖြစ်စဉ်များကို ကျွန်း, ဒေသ, နိုင်ငံအား လျော်စွာ ရေးသား ဖော်ပြရပေမည်။

တတိယတွဲ- ပဉ္စမ-နှင့် ဆဋ္ဌကဏ္ဍတို့မှာ ထေရဝါဒ နိုင်ငံများဖြစ်ကြသော- မြန်မာ, သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, လောစသော နိုင်ငံများ၌ ဖြစ်ပွါးသည့် သာသနာဝင် အစဉ်အလာနှင့် ထူးခြားသော သာသနာ့ အဖြစ်အပျက်များ နှစ်, ရာ ပိုင်းအားဖြင့် ပိုင်းခြား ၍ ရေးသားဖော်ပြရပါမည်။

ဤသာသနာဝင်နှင့် စပ်၍ မြန်မာဘာသာအားဖြင့် ရေးသားခဲ့ကြသော သာသနာ ဝင် မှတ်တမ်းများမှာ များသောအားဖြင့် မြန်မာနိုင်ငံတဝှန်းတွင် အထက်ပိုင်း သာသနာ ဝင်သာ များ၍ အနီးအနားဖြစ်သော ရှမ်း, ကချင်, ကယား, ရခိုင်ဘာသာဝင်များပင် မပါရှိ သဖြင့် ၎င်းတို့ကိုလည်း ရရှိနိုင်သလောက် ရှာဖွေရေးသားဖော်ပြရပါမည်။

ဤသို့ အပြည့်အစုံ ဖြစ်မြောက်အောင် တစ်စောင်တစ်ဖွဲ့ဖြစ်သော ဤသာသနာဝင်ကျမ်းကြီးကို ကြိုးပမ်းအားထုတ်ရသည့်အတွက် သာသနာရေးဘက်မှရင်း ကျမ်းဂန်ဗဟုသုတ စာပေအရေးအသားဘက်မှရင်း ကြွယ်ဝသော မြန်မာဘာသာကြီး ဖြစ်မြောက်ရေးအတွက် မျှော်လင့်ကာ ဤဗုဒ္ဓနိုင်ငံတော် သာသနာဝင်ကျမ်းကြီးကို ကြိုးပမ်းအားထုတ်ပြုစုရပါသတည်း။ ။

**အရှင်သံဝရာဘိဝံသ**

သကျသီဟ-ပရိယတ္တိသာသနဟိတဓမ္မာစရိယ

ဖျာပုံနယ်လုံးဆိုင်ရာ

ရွှေကျင်နာယကဆရာတော်

# ဗုဒ္ဓနိုင်ငံတော်

## ပုံတော် မာတိကာ


၁။ ဆရာတော်ပုံ

၂။ ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ပုံ [ စ ]

၃။ ဖွားတော်မူရာ လုမ္ဗိနီကျောက်စာတိုင်နှင့် ရေကန်တော် [ ဟ ]

၄။ ကျမ်းပြုဆရာတော်ကိုယ်တော်တိုင် ဒီဇိုင်းဆွဲထားသည့်-
ကျမ်းစာအုပ်အဖုံးပုံ [ ဠ / အ ]

၅။ ပွင့်တော်မူရာ ညောင်ပင်, စေတီတော်နှင့် ပလ္လင်တော် [ ကက ]

၆။ ဓမ္မစကြာတရားဟောတော်မူပုံ, ကျောက်စာနှင့် မိဂဒါဝုန် [ ခခ ]

၇။ ပရိနိဗ္ဗာန်စံဝင်ဟန်, ပရိနိဗ္ဗာနစေတီနှင့် ရေကန်တော် [ ဂဂ ]

၈။ ဣတိပတန မိဂဒါယ ဓမ္မစက္ကစေတီပုံတော် ၁၃၁

၉။ အသောကကျောက်စာတိုင်ပုံတော် ၁၃၂

၁၀။ ကပ်ဦးစေတီယတိုင်းမှ ၅-တိုင်း၊ ၅-ဌာန ခွဲဝေခြင်း မြေပုံ ၂၂၆

၁၁။ မဟာဂေါဝိန္ဒ ခွဲဝေသော ဇမ္ဗူဒီပ ၇-တိုင်း၊ ၇-ဌာန မြေပုံ ၂၂၈

၁၂။ မဟာဘာရတ ပူရာဏ်များ၏ ၉-တိုင်း၊ ၉-ဌာန ၄-ပုံတွဲ ၂၄၇

၁၃။ ကုသိနာရ ပရိနိဗ္ဗာနစေတီ
(အင်္ဂါရစေတီ၊ တေဇောခါတ်စေတီပုံ ကုသိနာရ) ၃၃၇

၁၄။ ဝေသာလီ အသောကကျောက်စာတိုင်နှင့် ခေါင်းပိုင်း (ရှေ့ဘက်) ၃၆၆

၁၅။ မဟာဗောဓိစေတီ လိုဏ်ဂူတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်။ ဆန်ချီစေတီ ၃၆၇

၁၆။ ဓမ္မစကြာတရားဟောတော်မူပုံ ၃၇၁

၁၇။ ဣတိပတန မိဂဒါယ ဓမ္မစက္ကစေတီ၊
ဥက္ကန္ဒီထူပ ပဥ္စဝဂ္ဂီစေတီ ၃၇၂

၁၈။ သာဝတ္ထိဇေတဝန်၊ ကောသမ္ဗကကုဋီပုံ ၃၈၈

၁၉။ ဗုဒ္ဓဂယာ မဟာစေတီတော် အစိတ်အပိုင်းပုံ ၆၁၅

၂၀။ မဇ္ဈိမနှင့် သောဠသ ခရိုင်တိုင်းနယ်များ ဗုဒ္ဓခေတ်မြေပုံ ၆၁၆

# ဗုဒ္ဓနိုင်ငံတော်၊ ပထမတွဲ

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | အမှာစာ | |
| - | ဝေဖန်ရည်ညွှန်းချက် | [ က ] |
| - | ကျမ်းဦးဖြစ်စဉ် | [ ဆ ] |
| - | မာတိကာ | [ ဍ ] |
| ၁။ | ဂန္ထာရမ္ဘ | ၁ |
| ၂။ | အလင်းဓာတ်ကြီး | ၂ |
| ၃။ | ဉာဏ်နည်းသူများခြင်း | ၆ |
| ၄။ | အိန္ဒိယကျောက်စာဌာန အားသီးသော ဝီရိယကြိုးပမ်းမှုများ | ၈ |
| ၅။ | ဓမ္မဝိစာရဏာပိုင်း | ၁၁ |
| | **ဓမ္မဝိစာရဏာ၊ ပဌမကဏ္ဍ** | |
| ၆။ | ဘဝသရုပ် | ၁၃ |
| ၇။ | ဘဝအလွဲသုံးစားခြင်း | ၁၆ |
| ၈။ | ရတနာဓမ္မ | ၁၈ |
| ၉။ | အကြောင်းတရားနှင့် အခြားအယူ | ၁၉ |
| ၁၀။ | ဖန်ဆင်းခြင်း အထူးထူး အထွေထွေ | ၂၁ |
| ၁၁။ | အရေဖျားဖြတ်ခြင်း မင်္ဂလာ | ၂၄ |
| ၁၂။ | အံ့ဩဖွယ် အဖြစ်အပျက် | ၂၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | ဂေါ်ဒ်အရှင်၏ ပညတ်တော် (၁၀-ပါး) | ၂၆ |
| ၁၄။ | ဂေါ်ဒ်အရှင်နှင့် ဖန်ဆင်းမှု | ၂၇ |
| ၁၅။ | ခရစ်ကျမ်းသစ်အကြောင်း | ၂၈ |
| ၁၆။ | ဆိန့်မက်သျူး၏ အဆက်အနွယ်များ | ၂၉ |
| ၁၇။ | ဆိန့်လျူပ်၏ အဆက်အနွယ်များ | ၃၀ |
| ၁၈။ | ဂျီဆက်ဆ်ပစ္စုပ္ပန်(အကြောင်း) | ၃၂ |
| ၁၉။ | ၎င်းဂျီဆက်ဆ်၏ အတ္တုပ္ပတ္တိအကျဉ်း | ၃၂ |
| ၂၀။ | ဂျီဆက်ဆ်၏ တပည့်ကြီး ၁၂-ယောက် | ၃၄ |
| ၂၁။ | ၎င်း၏ ဟောပြောချက်နှင့် တရားများ | ၃၄ |
| ၂၂။ | ခရစ်ယာန်နှင့် အနာဂတ် | ၃၆ |
| ၂၃။ | မဟာမေဒင် သို့မဟုတ် မိုဆလင်ဘာသာ | ၃၈ |
| ၂၄။ | ကိုရအန်ကျမ်းအကြောင်း | ၄၀ |
| ၂၅။ | ကိုရအန်ကျမ်း၏ အပိုင်းအနည်းငယ် | ၄၂ |
| ၂၆။ | လက်ထပ် တရားဟောပြောချက် | ၄၃ |
| ၂၇။ | မဟာမက်အကြောင်း | ၄၆ |
| ၂၈။ | မဟာမက်၏အတ္ထုပ္ပတ္တိ၌ အံ့ဩဖွယ်ရာ | ၄၉ |
| ၂၉။ | က-အဘာ ကျောင်းတော်ကြီး | ၅၀ |
| ၃၀။ | ၎င်းတို့၏ အနာဂတ် | ၅၁ |
| ၃၁။ | ဟိန္ဒူအယူဝါဒ | ၅၁ |
| ၃၂။ | ဟြိမုနိအာဒိဒေဝတာ | ၅၂ |
| ၃၃။ | ညှိုမ်နှင့် ဗုဒ္ဓတရားတော် | ၅၅ |
| ၃၄။ | ဖန်ဆင်းခြင်း ထူးခြားချက် | ၅၆ |
| ၃၅။ | အနေက ကာရဏဝါဒ | ၆၀ |
| ၃၆။ | ဟိန္ဒူ အဝတာရ | ၆၂ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇။ | ယုဂ် ၄-ပါး | ၆၂ |
| ၃၈။ | အဝတာရ ၁၀-ပါး | ၆၃ |
| ၃၉။ | ရာမ အဝတာရ | ၆၅ |
| ၄၀။ | ကရိသျှဏ အဝတာရ | ၆၆ |
| ၄၁။ | ဘဂဝါဂီတိ | ၆၈ |
| ၄၂။ | အဝတာရနှင့် ဗုဒ္ဓအယူ | ၆၉ |
| ၄၃။ | အချို့ဟိန္ဒူဝါဒနှင့် အဝတာရ | ၇၀ |
| ၄၄။ | ဟိန္ဒူဝါဒ အနှစ်သာရဝေဒ | ၇၁ |
| ၄၅။ | ဝေဒနှင့် ဗေဒအယူအဆ | ၇၂ |
| ၄၆။ | ဝေဒန္တနှင့် အဒွိတ္တဝါဒ | ၇၃ |
| ၄၇။ | ဘာသာတပါးတို့၏ အချုပ်တရား | ၇၅ |
| ၄၈။ | ဂျိန်း အယူဝါဒအကြောင်း | ၇၇ |
| ၄၉။ | သီအိုဆိုဖှစ်ဝါဒ | ၈၀ |
| ၅၀။ | ဗုဒ္ဓဘာသာအယူဝါဒ | ၈၂ |
| ၅၁။ | သဗ္ဗညုတဉာဏ်တော်၏ ရမှုအကြောင်းတရား | ၈၄ |
| ၅၂။ | ပဌမ ဗျာဒိတ်တော် | ၈၄ |
| ၅၃။ | ဒုတိယ-----စတုဝီသတိမဗျာဒိတ်တော် | ၈၈ |
| ၅၄။ | ပစ္ဆိုပ္ပန် အကြောင်းတရား | ၉၈ |
| ၅၅။ | (အလောင်းတော်) လူ့ပြည်သို့ သက်ဆင်းတော်မူကြောင်း | ၉၉ |
| ၅၆။ | (မယ်တော်၏) အိပ်မက်တော် နိမိတ်ဖတ်ကြားခြင်း | ၁၀၀ |
| ၅၇။ | ၃၂-ပါးသော နိမိတ်များ | ၁၀၁ |
| ၅၈။ | အလောင်းတော် (ဖွား)မြင်တော်မူခြင်း | ၁၀၄ |
| ၅၉။ | ဖွားဘက်တော် ၇-ပါး | ၁၀၅ |
| ၆၀။ | ကာလဒေဝီလရသေ့ကြီး | ၁၀၅ |

## ဗုဒ္ဓနိုင်ငံတော်


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၁။ | ခမည်းတော် ပဌမအကြိမ် ရှိခိုးတော်မူခြင်း | ၁၀၆ |
| ၆၂။ | အမည်တော် မင်္ဂလာယူတော်မူခြင်း | ၁၀၇ |
| ၆၃။ | ခမည်းတော် ဒုတိယအကြိမ် ရှိခိုးတော်မူခြင်း | ၁၀၉ |
| ၆၄။ | သားတော်မြတ်အားထီးနန်းအပ်၍ လက်ထပ်တော်မူကြောင်း | ၁၁၀ |
| ၆၅။ | (နိမိတ် ၄-ပါး) အကြောင်းတရား ဆင်ခြင်တော်မူပုံ | ၁၁၀ |
| ၆၆။ | နိဗ္ဗုတဟူသော စကား | ၁၁၆ |
| ၆၇။ | သားတော် ဖွားမြင်ကြောင်း | ၁၁၆ |
| ၆၈။ | ကြီးကျယ်သောဗိမာန်တော်ကို သုသာန်တစကဲ့သို့ ရှုတော်မူခြင်း | ၁၁၇ |
| ၆၉။ | သားတော်ရာဟုလာနှင့် မယ်တော်ကို နောက်ဆုံးကြည့်ခြင်း | ၁၁၈ |
| ၇၀။ | ထွက်မြောက်တော်မူခြင်း | ၁၁၉ |
| ၇၁။ | ဆံတော်ပယ်ခြင်း | ၁၂၀ |
| ၇၂။ | အာဠာရ, ဥဒကရသေ့တို့နှင့် တွေ့တော်မူခြင်း | ၁၂၂ |
| ၇၃။ | ဥရုဝေလတောဌ် ပဥ္စဝဂ္ဂီ ၅-ဦးတို့နှင့် တွေ့ခြင်း | ၁၂၃ |
| ၇၄။ | အိပ်မက်ကြီး ၅-ပါး မြင်မက်တော်မူခြင်း | ၁၂၄ |
| ၇၅။ | သူဌေးသမီး သုဇာတာ နို့ဆွမ်းကပ်လှူခြင်း | ၁၂၆ |
| ၇၆။ | မာန်စစ်သည်ကို အောင်တော်မူခြင်း | ၁၂၉ |
| ၇၇။ | ဝိဇ္ဇာဉာဏ် ၃-ပါး ရတော်မူခြင်း | ၁၃၃ |
| ၇၈။ | သတ္တဌာန စံနေတော်မူခြင်း | ၁၃၆ |
| ၇၉။ | ရာဇာယတနသတ္တာဟ (တပုဿ, ဘလ္လိက ကုန်သည်<br>ညီနောင်များ ပျားဆုပ်မုန့်ဆက်ကပ်ခြင်း) | ၁၃၈ |
| ၈၀။ | ဗုဒ္ဓရှင်တော်ဘုရား၏ ကြီးမားသော ကိစ္စတော် | ၁၄၀ |
| ၈၁။ | ဥပကပရိဗိုဇ်နှင့် တွေ့ဆုံခြင်း | ၁၄၁ |
| ၈၂။ | ဓမ္မစကြာဒေသနာတော် | ၁၄၂ |
| ၈၃။ | ရဟန်းတို့အား မြို့ရွာနိဂုံးတို့သို့ တရားဟောစေလွှတ်တော်မူခြင်း | ၁၄၃ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၄။ | ဥရုဝေဠကဿပညီနောင် ရသေ့-၁၀၀၀ ရဟန်းပြုခြင်း | ၁၄၄ |
| ၈၅။ | ဗိမ္ဗိသာရမင်းတရားကြီး (ဘုရားထံ) ဆည်းကပ်ခြင်း | ၁၄၅ |
| ၈၆။ | ဝေဠုဝန်ကျောင်းတိုက်တော်ကို အလှူခံတော်မူခြင်း | ၁၄၆ |
| ၈၇။ | အရှင်သာရိပုတ္တရာနှင့်အရှင်မောဂ္ဂလာန် ဘုရားထံရောက်ကြခြင်း | ၁၄၇ |
| ၈၈။ | မြတ်စွာဘုရား ဆွေတော်မျိုးတော်တို့ထံ ကြွတော်မူခြင်း | ၁၅၀ |
| ၈၉။ | ခမည်းတော်မင်းကြီး ၃-ကြိမ်မြောက် ရှိခိုးခြင်း | ၁၅၂ |
| ၉၀။ | ခမည်းတော်အား မဂ် ၂-ပါး၌ တည်စေခြင်း | ၁၅၄ |
| ၉၁။ | ညီတော်မင်းနန္ဒအားမင်္ဂလာ ၃-ရပ်ပြုမည့်ဆဲဆဲ ရဟန်းပြုခြင်း | ၁၅၅ |
| ၉၂။ | သားတော်ရာဟုလာအား ရှင်သာမဏေပြုစေခြင်း | ၁၅၆ |
| ၉၃။ | အနာထပိဏ်သူဌေးဘုရားဖူးတွေ့ မဂ်ဖိုလ်ရ၍သာဝတ္ထိသို့ပင့်ခြင်း | ၁၅၇ |
| ၉၄။ | တတိယဝါမှ သတ္တမဝါတော်ထိ ဝါတော်စဉ် | ၁၅၈ |
| ၉၅။ | သတ္တမဝါ၊ တာဝတိံသာ၌ အဘိဓမ္မာတရား ဟောခြင်း | ၁၅၉ |
| ၉၆။ | အဋ္ဌမဝါတော် | ၁၆၀ |
| ၉၇။ | နဝမဝါတော်နှင့် ဒသမဝါတော်ကပ်တော်မူခြင်း | ၁၆၁ |
| ၉၈။ | ဧကာဒသမဝါတော် | ၁၆၂ |
| ၉၉။ | ဒွါဒသမဝါ၊ ဝေရဉ္စာပြည်၌ ဝါကပ်ခြင်း | ၁၆၃ |
| ၁၀၀။ | တေရသမဝါ၊ စာလိယတောင်၌ ဝါကပ်ခြင်း | ၁၆၄ |
| ၁၀၁။ | စုဒ္ဒသမဝါ၊ ဇေတဝန်ကျောင်းတော်၌ ဝါကပ်ခြင်း | ၁၆၄ |
| ၁၀၂။ | ပန္နရသမဝါ၊ ကပိလပြည် နိဂြောဓာရုံ၌ ဝါကပ်ခြင်း | ၁၆၅ |
| ၁၀၃။ | သောဠသမဝါ၊အာဠဝကဘီလူးကို ဆုံးမ၍အာဠဝီ၌ဝါကပ်ခြင်း | ၁၆၅ |
| ၁၀၄။ | သတ္တရသမဝါမှ ဝီသတိမဝါတိုင်အောင် ဝါဆိုစဉ် | ၁၆၅ |
| ၁၀၅။ | နိဗဒ္ဓဝါတော်မြတ် သာဝတ္ထိ၌ ၂၁-ဝါမှ ၄၄-ဝါထိ သီတင်းသုံးတော်မူခြင်း | ၁၆၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၆။ | ၄၅-ဝါတွင်း ဟောကြားတော်မူအပ်သော တရားတော် | ၁၇၀ |
| ၁၀၇။ | မိစ္ဆာဝါဒ အယူများတို့ကို ဖြေရှင်းဟောကြားတော်မူခြင်း (ပြဟ္မဇာလသုတ်) | ၁၇၀ |
| ၁၀၈။ | ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ အကျဉ်းနှင့်အကျယ် | ၁၇၃ |
| ၁၀၉။ | ၆၂-ပါး အယူများတို့၏ အကြောင်းတရား | ၁၈၃ |
| ၁၁၀။ | တိတ္ထိဆရာကြီး ၆-ယောက်နှင့် ၎င်းတို့အယူ | ၁၈၄ |
| ၁၁၁။ | ခရစ်ယာန်, မဟာမက်, ဟိန္ဒီအယူဝါဒနှင့် ၆၂-ပါး မိစ္ဆာအယူ | ၁၈၈ |
| ၁၁၂။ | ဗုဒ္ဓဘာသာ၏ အထွဋ်အထိပ် တရားတော် | ၁၉၀ |
| ၁၁၃။ | နိဗ္ဗာန်ရောက်ကြောင်း သစ္စာ ၄-တန် အကျင့်မှန် | ၁၉၂ |
| ၁၁၄။ | သစ္စာတရား မကျဉ်းမကျယ် ဟောကြားခြင်း | ၁၉၃ |
| ၁၁၅။ | နိဗ္ဗာန်၏ လောကီနှင့် မနိုင်းအပ်ကြောင်း ပုံပမာ | ၂၀၀ |
| ၁၁၆။ | မဂ္ဂသစ္စာ | ၂၀၂ |
| ၁၁၇။ | လက္ခဏတ္တယ အချက် ၃-ပါး | ၂၀၇ |
| ၁၁၈။ | အတ္တတရားနှင့် အခြားဘာသာများ | ၂၁၀ |
| ၁၁၉။ | သံသရာဒုက္ခ၏ ရှည်ကြာခြင်း | ၂၁၃ |
| ၁၂၀။ | ဗုဒ္ဓဝါဒ အချုပ်တရားတော် | ၂၁၅ |


ဓမ္မဝိတ္ထာရိတ၊ ဒုတိယကဏ္ဍ


| | | |
|---|---|---|
| ၁၂၁။ | မြတ်စွာဘုရား တရားတော်မြတ် ပြန့်နှံ့ရာဌာန | ၂၁၇ |
| ၁၂၂။ | လက်မွန်ဦးစွာတည်ထောင်သော ဗုဒ္ဓနိုင်ငံတော် | ၂၂၁ |
| ၁၂၃။ | ကပ်ဦးအစ ဇမ္ဗူဒီပကျွန်း | ၂၂၃ |
| ၁၂၄။ | ၎င်း ဇမ္ဗူဒီပတိုင်းကို ၅-ပြည်ထောင် တည်ကြခြင်း | ၂၂၅ |
| ၁၂၅။ | ဇမ္ဗူဒီပ ၇-တိုင်းဌာန ခွဲဝေပိုင်းခြားခြင်း | ၂၂၉ |
| ၁၂၆။ | မဟာဂေါဝိန္ဒပုဏ္ဏားကြီး ခွဲဝေပိုင်းခြားသော တိုင်းပြည်များ | ၂၃၁ |

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၇။ | ၇-တိုင်းဌာန ဝေဖန်ချက် | ၂၃၃ |
| ၁၂၈။ | ၇-တိုင်းကို အုပ်ချုပ်သောမင်းများအကြောင်း | ၂၄၁ |
| ၁၂၉။ | အိန္ဒိယနိုင်ငံခေါ်တွင်ခြင်း | ၂၄၂ |
| ၁၃၀။ | ခေတ် ၃-ပါး အကြောင်း | ၂၄၃ |
| ၁၃၁။ | ဝေဒနှင့် ဇာတ် ၄-ပါး | ၂၄၈ |
| ၁၃၂။ | ကျမ်းတပါးတို့၏ ဝေဖန်ချက် | ၂၅၀ |
| ၁၃၃။ | ဘာရတဝဿ အိန္ဒိယ အပိုင်းအခြား | ၂၅၁ |
| ၁၃၄။ | ဝရာဟမိဟိရ ဆရာ၏ ၉-တိုင်း, ၉-ဌာန | ၂၅၂ |
| ၁၃၅။ | ပူရာဏ်ကျမ်းများ၏ ၉-တိုင်း, ၉-ဌာန | ၂၅၂ |
| ၁၃၆။ | ဘုရားလက်ထက်ထင်ရှားသော တိုင်းပြည်၊ အုပ်ချုပ်သောမင်းများ | ၂၅၅ |
| ၁၃၇။ | ဘုရားလက်ထက်တော်၌ တိုင်းကြီး ၁၆-တိုင်းအကြောင်း | ၂၆၃ |
| ၁၃၈။ | မဇ္ဈိမဒေသ အလယ်ပိုင်း အပိုင်းအခြား | ၂၆၉ |
| ၁၃၉။ | အခြားသက္ကတလာ အလယ်ပိုင်းတိုင်းနိုင်ငံများအပိုင်းအခြား | ၂၇၃ |
| ၁၄၀။ | အဘိဓာန်ကျမ်းလာ တိုင်းပြည်များ | ၂၇၄ |
| ၁၄၁။ | ၁၆-တိုင်း အပိုင်းအခြားနှင့် မြို့တော်အကြောင်းအရာအဖြစ်အပျက် | ၂၇၇ |
| ၁၄၂။ | အင်္ဂတိုင်း၊ စမ္ပာမြို့တော် | ၂၇၇ |
| ၁၄၃။ | စမ္ပာမြို့သူဌေးသား အရှင်သောဏမထေရ်အကြောင်း | ၂၈၂ |
| ၁၄၄။ | စမ္ပာမြို့စား၊ သောဏဒဏ္ဍပုဏ္ဏားကြီး | ၂၈၄ |
| ၁၄၅။ | ဗြာဟ္မဏ အင်္ဂါ ၅-ပါး | ၂၈၅ |
| ၁၄၆။ | အင်္ဂရာဇာရှိကြောင်း | ၂၈၇ |
| ၁၄၇။ | အင်္ဂတိုင်းနယ် မြို့များ | ၂၈၉ |
| ၁၄၈။ | ဘဒ္ဒိယမြို့၊ မေဏ္ဍကသူဌေး | ၂၉၀ |
| ၁၄၉။ | အင်္ဂတိုင်း၊ အဿပုရမြို့ | ၂၉၂ |
| ၁၅၀။ | အင်္ဂတိုင်း၊ အင်္ဂုတ္တရာပနယ်၊ အာပဏမြို့ | ၂၉၄ |
| ၁၅၁။ | အင်္ဂတိုင်းသားတို့ ဥတ္တရပထသို့ကုန်သွယ်ကြောင်း | ၂၉၈ |
| ၁၅၂။ | စမ္ပာမြို့တော်တည်ရာဌာန၊ (တရုတ်ရဟန်းတော်များမှတ်တမ်း) | ၂၉၉ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၃။ | ငှင်းနယ် ဝှင်သျှင်နှင့် ကာနင်ဂဟန် မှတ်တမ်း | ၃၀၀ |
| ၁၅၄။ | ဂဇင်္ဂလနယ်ခြား အမှတ် | ၃၀၀ |
| | **မဂဓတိုင်း** | |
| ၁၅၅။ | မဂဓတိုင်း၊ ရှေးနိပါတ်တော်၌ ထင်ရှားခြင်း | ၃၀၂ |
| ၁၅၆။ | ဗုဒ္ဓခေတ် မဂဓတိုင်း | ၃၀၄ |
| ၁၅၇။ | များစွာသော ဝိနည်းပညတ်ရာ မဂဓ၊ ရာဇဂြိုဟ်ပြည် | ၃၀၆ |
| ၁၅၈။ | ရာဇဂြိုဟ်ပြည်၊ ကျောင်းတိုက်ကြီး ၁၈-ရပ် | ၃၁၀ |
| ၁၅၉။ | သီတာဝုံ သပ္ပသောဏ္ဍိက တောင်ဝှမ်းကျောင်းတိုက် | ၃၁၁ |
| ၁၆၀။ | တပေါဒါရာမ တပေါဒါရုံကျောင်းတိုက် | ၃၁၂ |
| ၁၆၁။ | ဣသိဂိလိတောင်နံရံကာဠသိလာကျောင်း | ၃၁၃ |
| ၁၆၂။ | ဂေါ်မိကမထေရ် ဓားဖြင့် ပရိနိဗ္ဗာန်ပြု | ၃၁၃ |
| ၁၆၃။ | မဒ္ဒကုစ္ဆိဘေးမဲ့ကျောင်း | ၃၁၆ |
| ၁၆၄။ | ပိတ်ချင်းလိုဏ်ဂူကျောင်း | ၃၁၇ |
| ၁၆၅။ | တပေါဒကန္ဒရဝိဟာရ၊ ရေပူချောက်ကျောင်းတိုက် | ၃၁၉ |
| ၁၆၆။ | ကဿပကာရုံကျောင်းတိုက် | ၃၂၀ |
| ၁၆၇။ | ဣန္ဒကူဋနတ်ကွန်းကျောင်းတိုက် | ၃၂၁ |
| ၁၆၈။ | သပ္ပိနီမြစ်ကမ်းကျောင်း | ၃၂၂ |
| ၁၆၉။ | ရာဇဂြိုဟ်ပရိဗိုဇ် အာရာမ်များ | ၃၂၃ |
| ၁၇၀။ | မဂဓနိုင်ငံ၊ နယ်ပယ် မြို့, ရွာ, နိဂုံးများ | ၃၂၄ |
| ၁၇၁။ | မဂဓတိုင်း နယ်ကြီးများ | ၃၂၅ |
| ၁၇၂။ | ဥရုဝေဠဇနပုဒ်၊ ဥရုဝေဠတိုင်း | ၃၂၆ |
| ၁၇၃။ | ဒက္ခိဏာဂိရိ တောင်ဘက်တောင်ကုန်းတိုင်းနယ် | ၃၂၇ |
| ၁၇၄။ | မဂဓ, ခေတ္တ, ဇနပုဒ | ၃၂၉ |
| ၁၇၅။ | မဂဓတိုင်းနယ်မြို့များ | ၃၃၁ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၆။ | ပါဋ္ဌလိပုတ္တနဂရ၊ ပါဋ္ဌလိပုတ်မြို့သစ် | ၃၃၄ |
| ၁၇၇။ | သေနနိဂမ၊ သေနနိဂုံး၊ သေနာနီမြို့ | ၃၃၈ |
| ၁၇၈။ | ဂယာနဂရ၊ ဂယာမြို့ | ၃၃၉ |
| ၁၇၉။ | မာတုလနဂရ၊ မာတုလမြို့ | ၃၄၀ |
| ၁၈၀။ | ဝေဠုကဏ္ဍကီနဂရ-ဝေဠုကဏ္ဍကီမြို့ | ၃၄၁ |
| ၁၈၁။ | မဂဓနိုင်ငံကျေးရွာများ | ၃၄၂ |
| ၁၈၂။ | မဂဓတိုင်းနယ်, မြို့, ရွာ, ဌာန အကျယ်အဝန်းအခြေအနေများ | ၃၄၅ |
| ၁၈၃။ | ရာဇဂြိုဟ်မြို့တော် တောင် ၅-လုံး | ၃၄၇ |
| ၁၈၄။ | မဂဓတိုင်း၏ အကျယ်အဝန်း | ၃၅၁ |
| ၁၈၅။ | မဂဓတိုင်း၊ ဖာဟိုင်မှတ်တမ်း | ၃၅၂ |
| ၁၈၆။ | ဝှင်သျှင်မှတ်တမ်း | ၃၅၃ |


### ကာသိတိုင်း


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၇။ | ကာသိတိုင်း၊ ဗာရာဏသီပြည်မြို့တော်အကြောင်း | ၃၅၆ |
| ၁၈၈။ | ဗာရာဏသီ၏ အမည် ၆-မျိုး | ၃၅၇ |
| ၁၈၉။ | ဗာရာဏသီနှင့် ဇာတ်တော်များ | ၃၅၉ |
| ၁၉၀။ | မြတ်စွာဘုရားလက်ထက် ဗာရာဏသီမြို့တော်ကြီး | ၃၆၀ |
| ၁၉၁။ | ဗာရာဏသီမြို့စား ကာသိရာဇာ | ၃၆၁ |
| ၁၉၂။ | အဝိဇဟိတဌာန၊ ဗာရာဏသီ | ၃၆၂ |
| ၁၉၃။ | ကာသိတိုင်းနယ်မြို့, ရွာများ | ၃၆၅ |
| ၁၉၄။ | မစ္ဆိကာသဏ္ဍနဂရ၊ မစ္ဆိကာသဏ္ဍမြို့ | ၃၆၈ |
| ၁၉၅။ | ဧတဒဂ်ရ စိတ္တသူကြွယ် | ၃၆၉ |
| ၁၉၆။ | ကီဋ္ဌာဂိရိနိဂမ၊ ကီဋ္ဌာဂိရိမြို့ငယ် | ၃၇၀ |
| ၁၉၇။ | ကာသိတိုင်း နယ်နိမိတ်များ | ၃၇၅ |
| ၁၉၈။ | ကာသိတိုင်း၏ အကျယ်အဝန်း | ၃၇၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ကောသလတိုင်း** | |
| ၁၉၉။ | ကောသလတိုင်း | ၃၈၂ |
| ၂၀၀။ | ကောသလတိုင်းမြို့ရွာများ | ၃၈၄ |
| ၂၀၁။ | သာဝတ္ထိမြို့တော် ရင်းလူနေအိမ်ခြေ | ၃၈၆ |
| ၂၀၂။ | မြတ်စွာဘုရား ဇေတဝန်ကျောင်းတော် အလှူခံခြင်း | ၃၈၉ |
| ၂၀၃။ | သာဝတ္ထိ သူဌေးကြီးများ ချမ်းသာကြွယ်ဝခြင်း ပမာဏ | ၃၉၃ |
| ၂၀၄။ | ကောသလတိုင်း မြို့များ (၁)အယုဒ္ဓယ၊ အယုဇ္ဈမြို့ | ၃၉၆ |
| ၂၀၅။ | (၂)သာကေတမြို့ | ၃၉၇ |
| ၂၀၆။ | သာကေတကျောင်းတိုက်များ | ၃၉၈ |
| ၂၀၇။ | ကောသလတိုင်းနယ် မြို့စားအုပ်ချုပ်သောမြို့များ (၃)သေတဗျမြို့ | ၄၀၀ |
| ၂၀၈။ | (၄) ဥက္ကဋ္ဌမြို့အကြောင်း | ၄၀၃ |
| ၂၀၉။ | ကောသလတိုင်း၊ နိဂမမြို့ငယ်များ | ၄၀၅ |
| ၂၁၀။ | ဒဏ္ဍကပ္ပနိဂမ၊ ဒဏ္ဍကပ္ပမြို့ | ၄၀၅ |
| ၂၁၁။ | ကေသမုတ္တနိဂမ၊ ကေသမုတ္တမြို့ | ၄၀၆ |
| ၂၁၂။ | သင်္ကဝါနိဂမ | ၄၀၈ |
| ၂၁၃။ | နဠကပါနနိဂမ၊ နဠကပါနမြို့ | ၄၀၉ |
| ၂၁၄။ | ဥဂ္ဂနိဂမ၊ ဥဂ္ဂမြို့ငယ် | ၄၁၀ |
| ၂၁၅။ | ဥရုညနိဂမ၊ ဥရုညမြို့ | ၄၁၁ |
| ၂၁၆။ | ကောသလတိုင်းနယ် ထင်ရှားသောရွာများ၊ (ဣစ္ဆာနင်္ဂလရွာ) | ၄၁၄ |
| ၂၁၇။ | ဩပါသာဒ ဗြာဟ္မဏဂါမ | ၄၁၄ |
| ၂၁၈။ | မနသာကဋနှင့် ဝေနာဟပုရ ဗြာဟ္မဏဂါမ | ၄၁၅ |
| ၂၁၉။ | ဧကသာလဗြာဟ္မဏဂါမ | ၄၁၇ |
| ၂၂၀။ | ဝေဠုဒွါရဗြာဟ္မဏဂါမ | ၄၁၇ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂၁။ | သာလပြာဟ္မဏဂါမ | ၄၁၈ |
| ၂၂၂။ | နဂရဝိန္ဒပြာဟ္မဏဂါမ | ၄၁၉ |
| ၂၂၃။ | သာလဝတိကပြာဟ္မဏဂါမ | ၄၂၀ |
| ၂၂၄။ | စဍ္ဍလီကပ္ပဂါမ | ၄၂၁ |
| ၂၂၅။ | ကောသလတိုင်းကြီးအတွင်း သီးခြားတိုင်းနယ်များ | ၄၂၄ |
|  | **သက္ကတိုင်းနယ်** |  |
| ၂၂၆။ | သက္ကတိုင်း၊ နိဂုံးများ | ၄၂၅ |
| ၂၂၇။ | သက္ကတိုင်း အုပ်ချုပ်ခြင်း | ၄၂၆ |
| ၂၂၈။ | သက္ကတိုင်း နိဂုံးမြို့များ | ၄၂၇ |
| ၂၂၉။ | ဒေဝဒဟနိဂမ | ၄၂၇ |
| ၂၃၀။ | သက္ကရနိဂမ၊ သက္ကရမြို့ | ၄၂၈ |
| ၂၃၁။ | သီလဝတီနဂရ၊ သီလဝတီမြို့ | ၄၂၉ |
| ၂၃၂။ | စာတုမာမြို့ | ၄၃၀ |
| ၂၃၃။ | မေဒါဠုပမြို့နှင့် နဂရကမြို့ | ၄၃၂ |
| ၂၃၄။ | ခေါမဒုဿနိဂမ | ၄၃၃ |
| ၂၃၅။ | သာမဂါမနှင့် ဝေဓည | ၄၃၄ |
| ၂၃၆။ | သက္ကတိုင်း၊ အခြားမြို့၊ ရွာများ၊ ဇာတိဘူမိ | ၄၃၆ |
| ၂၃၇။ | သုမ္ဘနယ်၊ သေဒကမြို့ | ၄၃၇ |
|  | **ကောလိယတိုင်းနယ်** |  |
| ၂၃၈။ | ကောလိယတိုင်းနှင့် မြို့နယ်များ | ၄၃၇ |
| ၂၃၉။ | ကုဏ္ဍိကာနဂရ | ၄၃၉ |
| ၂၄၀။ | ဟလိဒ္ဒဝသနမြို့ | ၄၄၀ |
| ၂၄၁။ | ဥတ္တရနိဂမ | ၄၄၁ |

# ဗုဒ္ဓနိုင်ငံတော်

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄၂။ | ပဇ္ဇနိကနိဂမ | ၄၄၂ |
| ၂၄၃။ | သာပုဂိယ (သာပုဂ)နိဂမ | ၄၄၃ |
| ၂၄၄။ | ကက္ကရပတ္တနိဂမ | ၄၄၄ |
| ၂၄၅။ | ကောလိယနှင့် သာကိယ | ၄၄၅ |

## ကောသလတိုင်းနယ်


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄၆။ | ကောသလတိုင်း ဝါတော်စဉ် | ၄၄၆ |
| ၂၄၇။ | ကောသလဘုရင် သာသနာဝင် | ၄၄၇ |
| ၂၄၈။ | ပသေနဒီ ကောသလမင်း၏ အုပ်ချုပ်သော နယ်ပယ် | ၄၄၈ |
| ၂၄၉။ | ကောသလမင်း ဘွဲ့မည်နှင့် အကျဉ်းအတ္ထုပ္ပတ္တိ | ၄၄၈ |
| ၂၅၀။ | ကောသလတိုင်း နယ်နိမိတ် အမှတ်အသားများ | ၄၅၀ |
| ၂၅၁။ | အရှေ့ဘက်အပိုင်းအခြား (ကူသိဒတ္တ-ပုရာဏ-ခရီးစဉ်) | ၄၅၁ |
| ၂၅၂။ | တောင်ဘက် အပိုင်းအခြား | ၄၅၂ |
| ၂၅၃။ | အနောက်ဘက် အပိုင်းအခြား | ၄၅၃ |
| ၂၅၄။ | ကောသလတိုင်းကြီးနှင့် နောက်ခေတ် | ၄၅၄ |
| ၂၅၅။ | ဖာဟိုင်၊ တရုတ်ရဟန်းတော် ရောက်သောခေတ် | ၄၅၄ |
| ၂၅၆။ | ဝှင်သျှင်၊ တရုတ်ရဟန်းတော် ရောက်သောခေတ် | ၄၅၅ |


## ဝဇ္ဇီတိုင်း


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅၇။ | ဝဇ္ဇီတိုင်းနိုင်ငံအကြောင်းနှင့် အုပ်ချုပ်ခြင်း | ၄၅၇ |
| ၂၅၈။ | လိစ္ဆဝီနှင့် ဝဇ္ဇီခေါ်ဆိုခြင်း | ၄၅၈ |
| ၂၅၉။ | ဝေသာလီမြို့တော် ကြီးကျယ်ခမ်းနားခြင်း | ၄၅၉ |
| ၂၆၀။ | ဘုရားရှင် ဝေသာလီသို့ ကြွရောက်သောကာလ | ၄၆၀ |
| ၂၆၁။ | ဝေသာလီ၌ ကျောင်းတိုက်များ | ၄၆၁ |

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆၂။ | ဝေသာလီ၌ အာယုသင်္ခါရ လွှတ်တော်မူခြင်း | ၄၆၅ |
| ၂၆၃။ | ဝဇ္ဇီတိုင်း မြို့နယ်များ | ၄၆၉ |
| ၂၆၄။ | မိထိလာမြို့တော် | ၄၇၀ |
| ၂၆၅။ | ဓမ္မကောရဏ္ဍမြို့ | ၄၇၁ |
| ၂၆၆။ | အဌကနဂရမြို့ | ၄၇၂ |
| ၂၆၇။ | ဘောဂနဂရ၊ ဘောဂမြို့ | ၄၇၃ |
| ၂၆၈။ | ဥက္ကာစေလနဂရမြို့ | ၄၇၅ |
| ၂၆၉။ | ဝဇ္ဇီတိုင်းနယ်, ရွာများ၊ ကောဋိဂါမ | ၄၇၆ |
| ၂၇၀။ | ဘဏ္ဍဂါမ, ဟတ္ထိဂါမ, အမ္ဗဂါမ, ဇမ္ဗုဂါမ | ၄၇၇ |
| ၂၇၁။ | ဝေဠုဝဂါမက | ၄၇၈ |
| ၂၇၂။ | နာတိက ညာတိက ရွာကြီး | ၄၇၉ |
| ၂၇၃။ | ဝဇ္ဇီတိုင်း အကျယ်အဝန်းနှင့် မြို့များတည်ရာဌာန | ၄၈၁ |
| ၂၇၄။ | ဝဇ္ဇီတိုင်းနှင့် မှတ်တမ်းများ | ၄၈၃ |
| ၂၇၅။ | တရုတ်ရဟန်းတော်များ၏ ဝဇ္ဇီမှတ်တမ်းများ | ၄၈၅ |

## မလ္လတိုင်းနယ်

| | | |
|---|---|---|
| ၂၇၆။ | မလ္လတိုင်း နယ်အကြောင်း | ၄၈၇ |
| ၂၇၇။ | မလ္လတိုင်းခရိုင်နယ် | ၄၉၀ |
| ၂၇၈။ | အမ္ဗဝနဝိဟာရ သရက်ဥယျာဉ်ကျောင်း | ၄၉၁ |
| ၂၇၉။ | ပစ္ဆိမဘတ္တ အဆုံးစွန် ဆွမ်းဘုဉ်းပေးခြင်း | ၄၉၂ |
| ၂၈၀။ | မလ္လတိုင်းမြို့, ရွာများ | ၄၉၄ |
| ၂၈၁။ | ဥရုဝေဠကပ္ပနိဂမမြို့ | ၄၉၅ |
| ၂၈၂။ | အနုပိယမြို့ | ၄၉၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၈၃။ | အာတုမာမြို့ | ၄၉၇ |
| ၂၈၄။ | ကိမိလနဂရ၊ ကိမိလမြို့ | ၄၉၈ |
| ၂၈၅။ | မလ္လတိုင်း နယ်, ရွာများ | ၄၉၉ |
| ၂၈၆။ | မလ္လတိုင်း နယ်အပိုင်းအခြား | ၄၉၉ |
| ၂၈၇။ | မလ္လတိုင်းနှင့် စပ်လျဉ်းသော မှတ်တမ်းကောက်နှုတ်ချက် | ၅၀၀ |
| ၂၈၈။ | ဝှင်သျှင်၏ မှတ်တမ်းကောက်နှုတ်ချက် | ၅၀၁ |
| ၂၈၉။ | ယခုခေတ်မှတ်ချက် | ၅၀၂ |

## စေတီတိုင်း

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၉၀။ | စေတီတိုင်းအကြောင်း | ၅၀၂ |
| ၂၉၁။ | အရှင်သာဂတဝတ္ထုအကျဉ်း | ၅၀၄ |
| ၂၉၂။ | စေတီတိုင်း၊ နိဂုံးများ | ၅၀၅ |
| ၂၉၃။ | ပါစီနဝံသဒါယ | ၅၀၆ |
| ၂၉၄။ | စေတိယတိုင်း မှတ်တမ်း | ၅၀၇ |
| ၂၉၅။ | စေတီတိုင်း နယ်နိမိတ်များ | ၅၀၈ |

## ဝံသတိုင်း

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၉၆။ | ဝံသတိုင်းအကြောင်း | ၅၀၉ |
| ၂၉၇။ | ကောသမ္ဗီပြည်ရှင် ဘုရင်ဥတေန | ၅၁၃ |
| ၂၉၈။ | ဝံသတိုင်း နိဂုံး, မြို့, ရွာများ | ၅၁၄ |
| ၂၉၉။ | မြို့တော်နှင့်တိုင်းနယ် တည်ရာဌာန | ၅၁၅ |
| ၃၀၀။ | အရပ်မျက်နှာ အပိုင်းအခြား | ၅၁၇ |
| ၃၀၁။ | ဝံသတိုင်းနှင့် စပ်သော တိုင်းနယ်ကလေးများ | ၅၁၉ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀၂။ | ဘဂ္ဂတိုင်း၊ (ဗောဓိရာဇကုမာရ) | ၅၁၉ |
| ၃၀၃။ | အာဋဝီတိုင်း | ၅၂၃ |
| ၃၀၄။ | အာဋဝီတိုင်း၊ ဟတ္ထာဠဝက | ၅၂၄ |
| ၃၀၅။ | အာဋဝီတိုင်း အပိုင်းအခြား | ၅၂၅ |
| ၃၀၆။ | ဝံသတိုင်း အပိုင်းအခြား တည်ရာဌာနများ | ၅၂၆ |
| ၃၀၇။ | တရုတ်ရဟန်းတော် ဖာဟိုင်မှတ်တမ်း | ၅၂၉ |

## ကုရုတိုင်း

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀၈။ | ကုရုတိုင်းအကြောင်း | ၅၃၀ |
| ၃၀၉။ | ကုရုတိုင်း မြို့တော် | ၅၃၁ |
| ၃၁၀။ | ကုရုတိုင်း လက်ထက်တော် | ၅၃၃ |
| ၃၁၁။ | ကုရုတိုင်း ခေါ်ရခြင်း | ၅၃၄ |
| ၃၁၂။ | ကုရုတိုင်းဘုရင် | ၅၃၅ |
| ၃၁၃။ | ကုရုတိုင်း အခြားဘာသာ(များအရ) | ၅၃၆ |
| ၃၁၄။ | ကုရုတိုင်းနယ်အပိုင်းအခြား | ၅၃၇ |
| ၃၁၅။ | ၎င်းတိုင်း မှတ်တမ်းများ | ၅၃၈ |
| ၃၁၆။ | ကုရုမြို့တော်သစ်နှင့် နောက်ခေတ် | ၅၃၉ |
| ၃၁၇။ | ပဥ္စာလတိုင်း | ၅၄၀ |
| ၃၁၈။ | ပဥ္စာတိုင်း ဇာတ်တော်များ | ၅၄၂ |
| ၃၁၉။ | ပဥ္စာလတိုင်းနယ်မြို့များ | ၅၄၃ |
| ၃၂၀။ | သင်္ကဿမြို့ | ၅၄၃ |
| ၃၂၁။ | ၎င်းတိုင်း မှတ်တမ်းများ | ၅၄၄ |
| ၃၂၂။ | ကန္နကုဇ္ဇ, ကန္နောဇမြို့ | ၅၄၄ |
| ၃၂၃။ | ဝှင်သျှင် မှတ်တမ်း | ၅၄၅ |

## ဗုဒ္ဓနိုင်ငံတော်


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၂၄။ | သောရေယျမြို့ | ၅၄၅ |
| ၃၂၅။ | ဥတ္တရပဉ္စာလ အပိုင်းအခြား မှတ်တမ်းများ | ၅၄၆ |
| ၃၂၆။ | ဥတ္တရပဉ္စာလတိုင်းနယ် ရွာနှင့် အပိုင်းအခြား | ၅၄၇ |
| | **မစ္ဆတိုင်း** | |
| ၃၂၇။ | မစ္ဆတိုင်းအကြောင်း | ၅၄၈ |
| ၃၂၈။ | မစ္ဆတိုင်း (လက်ထက်တော်) | ၅၅၁ |
| ၃၂၉။ | မစ္ဆတိုင်း ဝှင်သျှင်မှတ်တမ်း | ၅၅၂ |
| ၃၃၀။ | မစ္ဆတိုင်း မြို့, ရွာ, နိဂုံးများ | ၅၅၂ |
| ၃၃၁။ | မစ္ဆတိုင်း နယ်နိမိတ် | ၅၅၂ |
| ၃၃၂။ | မစ္ဆတိုင်း မှတ်တမ်းများ | ၅၅၃ |
| | **သူရသေနတိုင်း** | |
| ၃၃၃။ | သူရသေနတိုင်း | ၅၅၄ |
| ၃၃၄။ | ဃဋပဏ္ဍိတဇာတ်၊ မဓုရမြို့တော် | ၅၅၄ |
| ၃၃၅။ | မဓုရမြို့ သုတ္တန်များ | ၅၅၆ |
| ၃၃၆။ | ၎င်းတိုင်း၊ မြို့, ရွာ, နိဂုံးများ | ၅၅၇ |
| ၃၃၇။ | ၎င်းမြို့တည်ရာဌာန၊ တိုင်းနယ်အပိုင်းအခြား | ၅၅၉ |
| ၃၃၈။ | ဖာဟိုင်နှင့် ဝှင်သျှင်မှတ်တမ်း | ၅၆၀ |
| ၃၃၉။ | ယခုခေတ် | ၅၆၁ |
| | **အဿကတိုင်း** | |
| ၃၄၀။ | အဿကတိုင်းအကြောင်း | ၅၆၁ |
| ၃၄၁။ | ဗာဝရီဆရာကြီးအကြောင်း | ၅၆၃ |

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄၂။ | ဇင်း၏ တပည့်ကြီးများ ခရီးစဉ် | ၅၆၅ |
| ၃၄၃။ | မြို့, ရွာ, နိဂုံးများ | ၅၆၈ |
| ၃၄၄။ | အရှေ့မျက်နှာ၊ ကလိင်္ဂတိုင်း | ၅၆၈ |
| ၃၄၅။ | ဇာတ်နိပါတ်တော်များ | ၅၆၉ |
| ၃၄၆။ | မှတ်တမ်းများ | ၅၇၁ |
| ၃၄၇။ | တရုတ်ရဟန်းတော်တို့ မှတ်တမ်းများ | ၅၇၂ |

## အဝန္တီတိုင်း

| | | |
|---|---|---|
| ၃၄၈။ | အဝန္တီတိုင်း | ၅၇၂ |
| ၃၄၉။ | အဝန္တီတိုင်း၊ (လက်ထက်တော်)အရှင်မဟာကစ္စည်း အတ္ထုပ္ပတ် | ၅၇၄ |
| ၃၅၀။ | မြို့, ရွာ, နိဂုံးများ | ၅၇၆ |
| ၃၅၁။ | ဝရဏမြို့ | ၅၇၇ |
| ၃၅၂။ | ဂေါနဒ္ဓမြို့နှင့် ဝေဒိသမြို့ | ၅၇၈ |
| ၃၅၃။ | ကုရုရဃရမြို့၊ ကုလဃရမြို့ | ၅၇၈ |
| ၃၅၄။ | မက္ကရကတမြို့ | ၅၇၉ |
| ၃၅၅။ | ဇင်းတိုင်းရွာများ | ၅၈၀ |
| ၃၅၆။ | မှတ်တမ်းများ | ၅၈၁ |
| ၃၅၇။ | တိုင်းနယ်အကျယ်အဝန်း | ၅၈၂ |

## ဂန္ဓာရတိုင်း

| | | |
|---|---|---|
| ၃၅၈။ | ဂန္ဓာရတိုင်း | ၅၈၃ |
| ၃၅၉။ | မဒ္ဒတိုင်း၊ သာဂလမြို့တော် | ၅၈၆ |
| ၃၆၀။ | သိန္ဓုတိုင်း၊ ကုက္ကုဋဝတီမြို့ | ၅၈၇ |
| ၃၆၁။ | မဟာကပ္ပိနဝတ္ထုလာ မြစ် ၅-စင်းအမည်များ | ၅၈၈ |

## ဗုဒ္ဓနိုင်ငံတော်


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆၂။ | မြို့, ရွာ, နိဂုံးများ | ၅၈၉ |
| ၃၆၃။ | အရှင်သောရေယျနှင့် ဇဋိလသူဌေးအကြောင်း | ၅၈၉ |
| ၃၆၄။ | ၎င်းနယ်မှတ်တမ်းများ | ၅၉၀ |
| ၃၆၅။ | တိုင်းနယ်အကျယ်အဝန်း မြို့, ရွာ, နိဂုံးများ | ၅၉၂ |


### ကမ္ဗောဇတိုင်း


| | | |
|---|---|---|
| ၃၆၆။ | ကမ္ဗောဇတိုင်း | ၅၉၃ |
| ၃၆၇။ | အကုံရမင်းသား ကူးသန်းရောင်းဝယ်ခြင်းအကြောင်း | ၅၉၃ |
| ၃၆၈။ | မြို့, ရွာ, နိဂုံးများ | ၅၉၇ |


### သောဠသခရိုင်မှတပါး အခြားတိုင်းများ


| | | |
|---|---|---|
| ၃၆၉။ | သောဠသခရိုင်မှတပါး အခြားတိုင်းများ | ၅၉၈ |
| ၃၇၀။ | မဟိသဝတ္ထု၊ မဟိံသတိ | ၆၀၀ |
| ၃၇၁။ | သုပ္ပါဒက, သုပ္ပါရက ဆိပ်ကမ်းမြို့ | ၆၀၁ |
| ၃၇၂။ | အစွန်အနားတိုင်းငယ် မြို့ငယ်များ (ဒသန္နတိုင်း၊ ဧရကစ္ဆမြို့) | ၆၀၂ |
| ၃၇၃။ | ကိမ္ဗိလနဂရ၊ ကိမ္ဗိလမြို့ | ၆၀၂ |
| ၃၇၄။ | ဒက္ခိဏာပထ၊ တောင်ဘက်တိုင်းနိုင်ငံများ | ၆၀၃ |
| ၃၇၅။ | မဇ္ဈိမ၊ အရှေ့တောင်ဘက်တိုင်းနိုင်ငံများ | ၆၀၄ |
| ၃၇၆။ | အဘိဓာန်စသည်လာ တိုင်းနှင့် ပြည်များ | ၆၀၆ |
| ၃၇၇။ | မဇ္ဈိမတိုက်, မဇ္ဈိမတိုင်း, နယ်, မြို့, ရွာ, နိဂုံး အချုပ် | ၆၀၄ |


✪ ✪ ✪ ✪ ✪



ဖွားမြင်တော်မူရာ လုမ္ဗိနီကျောက်စာတိုင်



လုမ္ဗိနီဥယျာဉ် မင်္ဂလာရေကန်တော်



( ပုဂံရွှေစည်းခုံ )



# ဗုဒ္ဓနိုင်ငံတော်




## အရှင်သံဝရာဘိဝံသ



ပွင့်တော်မူရာ မဟာဗောဓိစေတီတော်



ညောင်ဗုဒ္ဓဟောပင် (ဝဲ)
မဟာဗောဓိစေတီ (ယာ)



ဗုဒ္ဓဟောပင်နှင့် မဟာဗောဓိစေတီကြား အပရာဇိတပလ္လင်တော်



ဓမ္မစကြာတရား ဟောတော်မူပုံ



မိဂဒါဝုန် အသောက
ကျောက်စာတိုင် ထိပ်ပိုင်း



ဓမ္မစကြာတရား ဟောတော်မူရာ မိဂဒါဝုန်



ပရိနိဗ္ဗာန် စံယူတော်မူပုံ



ကုသိနာရုံစေတီနှင့်ရေကန်တော်

# ဗုဒ္ဓနိုင်ငံတော်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ဂန္ထာရမ္ဘ

**အန္ဓိမံ ကမ္ပိတံ လောကံ၊ ဥဒ္ဓရောတယိ ပဘံကရော။**
**မန္ဒိမံ ဖန္ဒိတံ ယော မံ၊ ဇောတေတု မေ, မနံ စ သော။**

**ယော ပဘံကရော၊** လောကဓာတ်အလုံး၊ ပိတ်ဖုံးကာဆီး၍နေသော၊ အမိုက်မှောင်ထုကြီးကို၊ အထောင်မကသော၊ အရောင်အလျှံတို့ဖြင့်၊ တွန်းလှန်ပယ်ဖျောက်၊ ထွန်းတောက်ပနိုင်ပေသော၊ အကြင်နေမင်းကြီးသည်။ **အန္ဓိမံ၊** ကမ္ဘာပြုစဖြစ်၍၊ ဘာတစ်ခုမှ အရောင်အလင်းမရှိ၊ ပကတိမှောင်အတွင်း၌၊ *(သက်ဆင်း)*ကျရောက်နေကြကုန်သော။ **ကမ္ပိတံ၊** ကိုယ်ရောင်ကင်းပျောက်သဖြင့်၊ ကြောက်ရွံ့တုန်လှုပ်၍ နေကြကုန်သော။ **လောကံ၊** ကမ္ဘာသစ်၌၊ လာ၍ဖြစ်ကြသော လူအပေါင်းကို။ **ဥဒ္ဓရောတယိ၊** ကြောက်ရွံ့ခြင်း ကင်းစေလျက်ထွန်းလင်းပေါ်ထွက်၍ လာခဲ့လေပြီ။

**ယော ပဘံကရော၊** မဆုံးနိုင်သော စက္ကဝါတိုက်အများ၌၊ တရားတော်ရောင်အလင်းဖြင့်၊ ထွန်းလင်းတော်မူနိုင်ပေသော အကြင် မြတ်စွာဘုရားသည်။ **အန္ဓိမံ၊** တရားစစ် တရားမှန်ကို၊ ဧကန်တိတိ၊ မသိမှုပိတ်ကာ၍၊ အဝိဇ္ဇာမှောင်အတွင်းသို့ သက်ဆင်းကျရောက်ကုန်သော။ **ကမ္ပိတံ၊** သရုပ်သကန် မရှိသော်လည်း၊ အဟုတ်အမှန်ဟု သိမြင်မှတ်သား အယူများ၌၊

တရားအမှန်မဟုတ်၍၊ တုန်လှုပ်ကြံစည်၊ အတည်မကျ၊ အယူဝါဒ ရှိကြကုန်သော။ လောကံ၊ သစ္စကပရိဗိုဇ် ရသေ့မိုက် စသည်တို့ကဲ့သို့ အမှားအမှန်မသိ၊ ယူမိယူရာသာ စွဲမြဲ၍၊ အယူဖွဲ့သန်လှသူ၊ လူအပေါင်းကို။ ဥဒ္ဒေါတယိ၊ အမြင့်ဆုံး အမြတ်ဆုံး အနှစ်သာရရှိသော၊ သစ္စာဓမ္မ အရောင်အလင်းဖြင့်၊ မရှင်းနိုင်သော အယူဝါဒ အမိုက်မှောင်ကြီးကို ခွင်းလျက် ထွန်းလင်းတောက်ပတော်မူခဲ့လေပြီ။

သော ပဘံကရော၊ ကမ္ဘာ့အလင်းဓာတ်ကြီးတစ်ဆူ ဖြစ်တော်မူသော ဘုရားတည်းဟူသော ထိုနေမင်းကြီးသည်။ မန္ဒိမံ၊ ဟုတ်, မဟုတ် မှန်, မမှန်၊ ကြံဖန်တွေးတော၊ သဘော မပေါက်၊ ပြောသလောက်မျှသာ ယုံ၍၊ နုံသော အခြေအနေ၌၊ တည်ရှိကြကုန်သော။ ဖန္ဒိတံ၊ မတွေးနိုင်, မဆနိုင်၊ မဆုံးဖြတ်နိုင် ကိုယ်ပိုင်ဉာဏ် သေးနုံ့သဖြင့်၊ တုန်တုန်လှုပ်လှုပ် ဖြစ်ကြ ကုန်သော။ ဣမံ လောကံ စ၊ ယခုခေတ်သပယ၌၊ ဖြစ်ကြသည့် အစစ်အမှန်မျိုးကို၊ ကြိုးကြိုး ပမ်းပမ်း၊ ရှာဖွေကြကုန်သော ဤလူများအပြင်။ မေ၊ ရေးသားတော့မည်ဟု၊ ကြံစည် အားထုတ်ဆဲဖြစ်သော ငါ၏။ မနံ စ၊ မရှင်းလင်း, မပိုင်မနိုင်၊ ယိမ်းယိုင်ထွေးရှုပ်သော စိတ်နှလုံးကိုလည်း။ ဇောတေတု၊ ဟန်ရ ပန်ရ၊ သံသယမဝင်၊ ထင်ထင်ရှားရှား၊ ယုံမှားခြင်း တည်းဟူသော အမှောင်ကို ဖျောက်လျက်၊ ထွန်းတောက်ပါစေသတည်း။

**အလင်းဓာတ်ကြီးသည်**

လောက၏ ကြီးပွါးထွန်းကားမှု အခြေခံဖြစ်ကြသော သဘာဝဓာတ်ကြီးများထဲတွင် တစ်ခုအပါအဝင် ဖြစ်၍ ကမ္ဘာသူ, ကမ္ဘာသား အကြီးအကျယ် မျှော်လင့်အားထားရသော အရင်းခံ အရာဝတ္ထုကြီး တစ်ခု ဖြစ်ပေ၏။ မရေတွက်နိုင်သော ကမ္ဘာလောက၏ အဆုံးအဆ မရှိသော အလုပ်ကိစ္စ အမျိုးမျိုးတို့သည်လည်း ၎င်းကိုပင် မှီခိုအားထားကြ၏။ မြေဓာတ်ကြီး၏ တည်နေရာ ဌာနဖြစ်၍ သတ္တလောက, ဩကာသလောကတို့၌ ကြီးကျယ်စွာ အထောက်အပံ့ ဖြစ်ခြင်း, ရေဓာတ်၏ တစ်ခုနှင့်တစ်ခု ပေါင်းစပ်မှုဖြင့် များစွာအသုံးဝင်ခြင်း, လေဓာတ်၏ လျင်မြန် ပေါ့ပါး တက်ကြွမှုဖြင့် ရင့်ကျက်စေလျက် ထောက်ပံ့ခြင်း စသည်ဖြင့်, ကမ္ဘာပြု ဓာတ်ကြီး ၄-ပါးတို့၏ ကြီးမားသော ကိစ္စများသည် ထင်ရှားလှသော်လည်း, သတ္တလောက၏ ကိစ္စ အားလုံးကို ဆုံးခန်းတိုင်ရောက်အောင် ပို့ဆောင်တတ်သော ဉာဏ်ပညာ၏ ထက်သန်ကြီးပွါး မှုကိုကား အလင်းဓာတ်ကြီးလောက် အထောက်အပင့် အကူအညီ မရနိုင်ကြပေ။

သိသာ ထင်မြင်စေဦးအံ့၊ ဆိုခဲ့ပြီး ဓာတ်ကြီး ၄-ပါး ဆုံစည်းကာ ကမ္ဘာ့အဆိုင် အခဲကြီးမျှသာ ဖြစ်၍ အလင်းမရှိ မှောင်အတိကြီး ဖြစ်နေခဲ့လျှင် ၎င်း၏ အဆင်တန်ဆာ သဘာဝဆန်းကြယ်မှုကြီးတွေကို ပကတိအမြင်ဓာတ် အရင်းထား၍ ထွန်းကားတိုးတက်နိုင်သော လောကီပညာ အဖြာဖြာတို့အပြင် စက္ခုဒွါရအစဉ် သိမြင်မှုမှ လျှောက်၍ ထွင်းဖောက်

သိမြင်နိုင်သော လောကုတ္တရာ ပညာရပ် ရုပ်ဓာတ်, နာမ်ဓာတ် ပိုင်းခြားလျက် ထင်ရှားဝေဖန် နက်နဲသောဉာဏ် ပဋိဘာန်ပညာ အဘယ်မှာလျှင် ပေါ်လာဖြစ်ထွန်းနိုင်ပေအံ့နည်း။ ထို့ကြောင့် လောကီ, လောကုတ္တရာ ပညာအရပ်ရပ် လောကဓာတ်ကြီး၏ ဆန်းကြယ် ခမ်းနားမှုကြီးများ ယူဆောင်ပေးစွမ်းနိုင်ပေတတ်သော အလင်းဓာတ်ကြီးကို ကမ္ဘာလောက အားလုံးက အရေးအကြီးဆုံးအားဖြင့် လိုလားတောင့်တမျှော်လင့်၍ နေကြကုန်၏။

ဤသို့ ပကတိသဘာဝ အလင်းဓာတ်ကြီး၏ ကြီးကျယ်များပြားသော အကျိုးကျေးဇူး များသည် ကမ္ဘာကြီး၏ အဆန်းတကြယ် တင့်တယ်မှုကိုသာ ထွန်းတောက်နိုင်သဖြင့် ပညာ ရောင် အလင်းဓာတ်ကြီး၏ အကျိုးကျေးဇူး များသည်ကား ၎င်း၏ဆန်းကြယ်မှုများကို ပြုနိုင်သောကြောင့် ၎င်းတို့၏ ခြားနားခြင်းမှာ အလွန်ဝေးကွာကုန်၏။ ပညာရောင် အလင်း ဓာတ်ကြီးသည် ကမ္ဘာတစ်ခု၏ ဆန်းကြယ်မှုတွင်သာမက စကြဝဠာ အနန္တသို့၎င်း ဘဝဂ်တိုင် အထက်သတ္တဝါသ ဘုံအဆုံး ဟူသမျှသို့၎င်း ပြန့်နှံ့ကျော်ကြား ဆန်းကြယ်မှုများ ပေးစွမ်း နိုင်သည့်အပြင် ၎င်းအလင်းဓာတ်ကြီးကို အမှီရကြ၍ လောက၏အဆုံး, အအေးဆုံး, အငြိမ်းဆုံး, အမှန်ဆုံး, အမြတ်ဆုံး ဖြစ်သောချမ်းသာ အထွတ်အထိပ်သို့ သတ္တဝါအပေါင်းကို ကောင်းစွာ ရောက်အောင် ပို့ဆောင်နိုင်၏။ နေမင်းတည်းဟူသော လောကဓာတ်အတွင်း အထွတ်အမြတ်ဆုံး အရောင်အလင်းကို ပကတိ ဓမ္မတာအားဖြင့် ကမ္ဘာပြုတိုင်းပင် ရရှိငြား သော်လည်း သစ္စာ ၄-တန် ပညာဉာဏ် အရောင်အလင်းကိုကား အလွန်နည်းလှသော ကမ္ဘာအတွင်း၌သာ ပေါ်နိုင်သဖြင့် ၎င်း၏ ခဲယဉ်းကြောင်းသည် ကောင်းစွာထင်ရှား၏။

ဤသို့ ခဲယဉ်းလှသော သစ္စာ ၄-တန် တရားမှန်ကို အခြားစကြဝဠာအနန္တ လူဖြစ်ကြ၍ ဘဝပေါင်းအသင်္ချေများစွာ ကုန်လွန်ပါသော်လည်း တရားတည်းဟူသော အလင်းရောင် ကို ပေးတတ်သော ဘုရားရှင်တို့၏ ထွန်းလင်းတောက်ပရာ ဌာနမဟုတ်သောကြောင့် မသိနိုင်, မမြင်နိုင်, မရနိုင်ကုန်။ တရားစစ်အမှန်အကန် ဧကန်သိမြင် ဘုရားရှင်တို့သည် အတိဒုလ္လဘဖြစ်၍ မကြာခဏလည်း ပွင့်တော်မမူနိုင်ကြသည့်ပြင် မြတ်စွာဘုရားတို့ တစ်ပြိုင် နက်ကာလ၌ ပွင့်တော်မမူကြသောကြောင့် ၂-ဆူမရှိ၊ အသဒိသ ဧကပုဂ္ဂလ ဖြစ်ကြောင်းကို

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဧကိဿာ လောကဓာတုယာ ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုံ၊ နေတံ ဌာနံ ဝိဇ္ဇတိ။*(အံ၊ ၁။ ၂၉)*

အိုရဟန်းတို့၊ လောကဓာတ်ကြီးတစ်ခုအတွင်း သစ္စာ ၄-တန် အမှန်အဟုတ် သိမြင် သော ဘုရားရှင် ၂-ဆူတို့သည် မရှေးမနှောင်း ဖြစ်ထွန်းပေါ်လာကောင်းသော ထိုအကြောင်း သည် အကြောင်းမဟုတ်၊ အခွင့်မရှိ-ဟု အင်္ဂုတ္တိုရ်၊ အဋ္ဌာနဝဂ်၊ ဧကကနိပါတ်*(အံ၊ ၁။ ၂၉)*၌ မြတ်စွာဘုရား ဟောကြားညွှန်ပြတော်မူ၏။

အဘယ့်ကြောင့် ၂-ဆူပြိုင်၍ မပွင့်နိုင်ပါသနည်း။ အဆူဆူ ပေါ်များပါက သတ္တဝါတို့အား တရားဓမ္မ အသိအမြင်များ၍ စည်ပင်ပြန့်ပွါးနိုင်သည် မဟုတ်ပါလော- အမေးကို- "တစ်သောင်းသော လောကဓာတ်ကြီးသည် တစ်ဆူသော ဘုရားရှင်၏ ဂုဏ်တော်, ကျေးဇူးတော်တို့ကိုသာ ဆောင်နိုင်ကြောင်း, အကယ်၍ ဘုရားရှင် အဆူဆူ ပွင့်တော်မူလျှင် ယှဉ်ကြ, ပြိုင်ကြ သူတို့ဘုရားက သာသည်၊ ငါတို့ ဘုရားက သာသည်-စသည်ဖြင့် အငြင်းအခုံ ဖြစ်ကြရန် ရှိသည့်အပြင် အဆူဆူ ပွင့်တော်မူကလည်း ဧကပုဂ္ဂလ ဇေဋ္ဌ သေဋ္ဌ ဝိသိဋ္ဌ ဥတ္တမ ပဝရ အသမ အသမသမ အပ္ပဋိပုဂ္ဂလ အပ္ပဋိသမ အပ္ပဋိဘာဂ စသည်ဖြင့် ဟောကြားတော်မူသော ဘုရားရှင်တို့၏ ကျေးဇူးတော်, ဂုဏ်တော်များ အချည်းနှီးသာ၊ မှန်ကန်ရာသို့ မရောက်နိုင်ကြောင်း"များဖြင့် မိလိန္ဒမင်းကြီး အမေးရှိ၍ အရှင်နာဂသေန မထေရ် အကျယ်ဝေဖန် ဖြေကြားတော်မူခဲ့လေပြီ။

တစ်ဆူဆူသော ဘုရားရှင်တို့ ပွင့်တော်မူသောကာလ, သာသနာတော် နှစ်ပရိစ္ဆေဒများသည် ရာ, ထောင်, သိန်း, သန်း တည်တံ့၍ တာရှည်လှသော်လည်း ၁၀-နှစ်တန်းမှ တက်၍ အသင်္ချေယျ, ၎င်းမှဆင်း၍ ၁၀-နှစ်တွင်းသို့ ရောက်အောင် မရေတွက်နိုင်သော၊ နှစ်ပရိစ္ဆေဒတို့ဖြင့် ပိုင်းခြားအပ်သော အန္တရကပ် (၆၄)ကပ်ရှိ, ကပ်ကမ္ဘာကြီးနှင့် နှိုင်းစာပါက အလွန်နည်းလှသော ကာလဖြစ်ကြောင်း ကောင်းစွာ ထင်ရှား၏။ ၎င်းကပ်ကမ္ဘာကြီး၏ ကြာမြင့်ကြောင်းကို အလျား, အနံ ၁-ယူဇနာစီရှိ ကျောက်ဖျာကြီးကို အကြိမ်-၁၀၀ ဖတ်၍ နူးညံ့လှသော ဂွမ်းမွေးကလေးဖြင့် နှစ်ပေါင်း-၁၀၀, ၁၀၀-မှာ တစ်ခါတစ်ခါတို့လျှင် ကုန်ပင်ကုန်နိုင်ရာ၏။ မဟာကပ်ကြီး၏ နှစ်ပရိစ္ဆေဒသည် မကုန်နိုင်ရာ စသည်ဖြင့် ဥပမာ ထား၍ ဟောကြားတော်မူခဲ့၏။ ၎င်းပြင် သာသနာတော်ထွန်းပ ခေတ်သမယနှင့် ကြုံကြိုက်သော အခါကာလသည် တွေ့ခဲ, ရခဲ, ဆုံနိုင်ခဲကြောင်း ဒုလ္လဘတရား ၅-ပါးတို့ဖြင့်လည်း ထင်ရှား သိသာနိုင်၏။

အလွန်ကြာမြင့်လှသော မဟာကပ်ကြီးတွေပေါင်း သင်္ချေ သိန်း, သောင်းလွန်မှ ဘုရားရှင်တစ်ဆူသာ ပွင့်တော်မူနိုင်သည့်အပြင် ဤသို့ ပွင့်တော်မူတိုင်းသော ဘုရားရှင်တို့၏ သာသနာတော်နှင့် အခန့်သင့်တွေ့ကြုံ ယုံကြည်၍ တရားအစစ်အမှန် နှစ်သက် သုံးစွဲရန် ရရှိနိုင်သော ဘဝမျိုးသည် အလွန့်အလွန်ပင် ခဲယဉ်းသည်ထက် ခဲယဉ်းလှပေ၏။ အခဲယဉ်းဆုံးဖြစ်ပေ၏။ ပျမ်းမျှခြင်းအားဖြင့် လောကဓာတ်ကြီးအတွင်း မှီတင်းနေထိုင်ကြသော လူတွေ၏သန္တာန်မှာ အမှားအမှန် ဝေဖန်ခွဲခြားနိုင်သော ဉာဏ်ပညာနည်းပါးကြ၍ ဟုတ်, မဟုတ် မစဉ်းစားဘဲ အများဘက်သို့ လိုက်၍ အမှားသို့ သက်ရောက်ကြကုန်၏။ ခက်ခဲနက်နဲသည်ကို ဖယ်၍ အလွယ်ကို နှစ်သက်ကြသူ ပေါ်များကုန်၏။ အရှင်ဥပတိဿသည် အရှင်အဿဇိ

နှင့်တွေ့၍ တရားအစစ်မှန် ကြားနာရပြီးနောက် ဆရာ့ကျေးဇူး ပူဇော်တတ်သည့်အတိုင်း အဆွေကောလိတ၊ ကျွန်ုပ်တို့ရရှိသော အမြိုက်အရသာကို ဖော်ပြ၍ မြတ်စွာဘုရားထံ ခေါ်ကြစို့– ဟု တိုင်ပင်ပြီးလျှင် အရှင် ၂-ပါးတို့ သဥ္စယထံ သွားကြ၍---

“ဆရာကြီး၊ လောကမှာ သစ္စာ ၄-ပါး ထင်ရှားသိမြင် ဘုရားပွင့်တော်မူလာ၍ တပည့်သံဃာ အပေါင်းတို့အား ကောင်းမြတ်မှန်ကန်သော တရားဓမ္မဟောပြနေပါသည်။ မြတ်စွာဘုရားအား သွားရောက်ဖူးမြော် တရားတော်နာကြပါစို့”ဟု ဆရာကြီးအား တောင်းပန်ကြလေ၏။

ထိုအခါ ဆရာကြီးက “တပည့်တို့၊ ရှိပါစေတော့၊ သင်တို့သာ သွား၍ နာလိုလျှင် နာပါ၊ ငါ့တပည့်များနှင့်ပင် ငါ နေပါရစေ”ဟု ပြန်ပြောသဖြင့် “ဆရာကြီး၊ လူအများတို့သည် မြတ်စွာဘုရားအထံတော်သို့သာ သွားကြလိမ့်မည်။ ကျွန်ုပ်တို့လည်း ဘုရားထံတော်သို့ သွားပါအံ့”ဟု ဆိုလျှင် “အိုတပည့်တို့၊ လောကမှာ ဉာဏ်နဲ့သူ များသလော၊ ပညာရှိ များသလော-

တာတာ ကိံ နုခေါ ဗ္ဗမသ္မိံ လောကေ ဒန္ဓာ ဗဟူ၊ ဥဒါဟု ပဏ္ဍိတာ”---ဟု

ဆရာကြီးက ပြန်မေးသောအခါ “ဆရာကြီး၊ ဉာဏ်နည်းသူများ၍ ပညာရှိမှုကား တစ်ခါတစ်ရံသာ ရှိကြပါသည်။

ဒန္ဓာ အာစရိယ ဗဟူ၊ ပဏ္ဍိတာ စ နာမ ကတိပယာ ဧဝ ဟောန္တိ”ဟု ဖြေကြားကုန်၏။

“သို့ဖြစ်လျှင် ပညာရှိများ အရှင်ဂေါတမထံသွား၍ ပညာနဲ့သူများ ငါ့ထံလာကြလိမ့်မည်၊ သင်တို့သာ သွားကြပေတော့၊ ငါမလိုက်တော့အံ့”ဟု ပြောကြားလိုက်ကြောင်း ဓမ္မပဒ အဋ္ဌကထာ(*၁။ ၆၀*)၊ အင်္ဂုတ္တိုရ်အဋ္ဌကထာတို့၌ မိန့်ဆိုလေ၏။

ဤအရှင်ဥပတိဿ ပြောကြားသော စကားများကို ထောက်ထား၍ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်အနန္တ ပြည့်စုံလှသော မြတ်စွာဘုရား လက်ထက်တော်မှာ ဉာဏ်ပညာ နည်းပါးသူ ဤမျှလောက်ပေါများပါလျှင် ကျွန်ုပ်တို့ခေတ်ဆုတ် ကလိယုဂ်ကြီး အတွင်းမှာ အလွန်အမင်း ပေါများမည်မှာ ယုံမှားဖွယ်မရှိ၊ တွေးတောဖွယ်မရှိ သိသာထင်ရှား၏။ မိမိတို့ဉာဏ်ဖြင့် အမှန်ကို မတွေးတောနိုင်ဘဲ မကြံစည်နိုင်ဘဲ သူပြောလျှင် တမျိုး၊ ငါပြောလျှင် တဖုံ ပြောတိုင်းယုံပြီး ခိုင်ခိုင်လုံလုံ မဟုတ်၊ ကိုယ်ပိုင်ဉာဏ် သေးနုတ်လှသော သူတွေ မြတ်စွာဘုရား လက်ထက်တော်မှာပင် အလွန်လျှင် ပေါများကြောင်းမှာ ပူရဏကဿပ စသော တိတ္ထိဆရာကြီးများ ထင်ရာရမ်း၍ ပရမ်းပတာ ရောက်မိရောက်ရာ ပြောကြသည် ကိုပင် အဟုတ်ထင် တကယ်မှတ်၍ လေးလေးမြတ်မြတ် ယုံကြည်သူတွေ ရှိကြသဖြင့်

ကောင်းစွာ သိနိုင်၏။ ဤသို့သော သူတွေမှာ တရားစစ် တရားမှန်နှင့် ကြုံဖန်၍ လွဲကြသဖြင့် သာသနာတော်နှင့် ခေတ်ကြုံ၍ ဆုံမိကြသော်လည်း အကျိုးမရှိ။ ပကတိအမိုက်နှင့် နေရသည်ကပင် ကောင်းမြတ်သော တရားစစ် တရားမှန်ကို ပုန်ကန်ဆန့်ကျင်ခြင်းမရှိ၊ ပကတိအမှားမျှလောက်သာ ရှိခြင်းကြောင့် သာ၍ သင့်တော်သေး၏။

"သို့ဉာဏ်ရှိသူ အလွန်နဲပါး၍ ဉာဏ်မဲ့သူသာ များလှသော လောကကြီးကို သူ့နည်းနှင့် သူ့ဝါဒ ကဖြစ်ကညစ် ဖြစ်ချင်တိုင်းဖြစ်ဖို့ရန် ကြုံဖန်အားထုတ်မပြုလုပ်ဘဲ ရှောင်လွဲကာနေသင့်ပါသလော"၊ ဟု အမေးရှိပါလျှင် "ပညာအလင်းမရရှိသူ လူတစ်စုအား အလင်းရောင်ရဖို့ ကြောင့်ကြမစိုက် အလိုက်သင့် နေတတ်သော တာဝန်ကြီးသည် အလင်းဉာဏ်ရ၍ အကျိုးအကြောင်း သိကြသောသူများအပေါ်၌ တင်လျက်ရှိသည်"ဟု ဖြေဆိုရမည်မှာ အမှန်ဖြစ်၏။ မသိမမြင် မထင်သည်ကို သိသာထင်မြင်အောင် ကြံဆောင်ပြသ၍ မုချအစစ်အမှန်ဖြစ်သော လမ်းကောင်း လမ်းမှန်သို့ ရောက်ရှိအောင် ပညာမျက်လုံး အသုံးမပြုနိုင်သော သူများအား ပို့ဆောင်ဖို့ ဝတ္တရားများသည် ဘုရားအစရှိသော အရိယာအရှင်တို့၏ အစဉ်အလာ ဓမ္မတာလမ်းဟောင်းကြီး တစ်ခုအဖြစ်မှ မပြောင်းလဲ မရွေ့သွားနိုင်၊ ခိုင်ခံ့သော အကြောင်းတရားတစ်ခု ဖြစ်၏။

ယခုကာလ လောကကြီးအတွင်းမှာလည်း လေးနက်မှန်ကန် ကောင်းမွန်လှသော ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာတော်မြတ်ကြီးကို မျိုဝါးဖျက်ဆီးတော့မလိုလို ကြိမ်းဝါးလျက် စောင့်စားနေကြသော ခရစ်ယာန်ဘာသာ, ဟိန္ဒူဘာသာ, မဟာမက်ဘာသာဟု ဆိုအပ်သော ဘာသာကြီးများအပြင် ဇိုရေစတြီယမ်ခေါ် ပါရစီဘာသာ, ရှင်တိုခေါ် ဂျပန်ဘာသာ, ကွန်ဖြူးယှက်ခေါ် တရုတ်ဘာသာ, ဂျိန်းခေါ် မာလဝါရီဘာသာ, ဆစ်ခေါ် အခြား ဟိန္ဒူဘာသာ အယူဝါဒများသည် ကမ္ဘာကြီးကို ဖြန့်လျက် ထွေးယှက်ရှုပ်ပွေနေကြကုန်၏။ ယခုခေတ်သမယ၌ ဝမ်းရေးအတွက် ကြီးလေးသော တာဝန်ဝတ္တရားဖြင့် မိမိတို့၏ ဖြောင့်မတ်မှန်ကန်သော အယူဝါဒကို ကျကျနန သိရှိမိရအောင် ဆည်းကပ်စုံစမ်း မေးမြန်းဆွေးနွေးဖို့ အခွင့်အခါကောင်းစွာ မရနိုင်ကြဘဲ မသဲမကွဲ ယောင်လည်လည် ဘာသာမျှဖြင့်သာ နေ့, ည, ရက်များ အလကား အလဟဿအကျိုးမရ ကုန်လွန်ကြကုန်၏။

မိမိတို့ဘာသာကြီးမှာ မည်မျှလောက် ကြီးပွါး၍ မည်မျှလောက် ခံ့ညားခိုင်မာသော အယူဝါဒဖြစ်သည်၊ မည်ကဲ့သို့ စစ်ဆေး မွေနှောက်က မည်ကဲ့သို့ အနှစ်သာရရှိသည်-စသည်ဖြင့် ဟုတ်တိုင်း မှန်တိုင်း ပိုင်းပိုင်းခြားခြား သိရှိနိုင်သော ဉာဏ်တံခါးကြီးမှာ ပိတ်ဆီးကာကွယ်လျက် ရှိကုန်၏။

ဤကဲ့သို့ မိမိတို့၏ အယူဝါဒ နေရာတကျ မသိရှိကြခြင်းမှာလည်း ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းဖြင့် အင်္ဂလိပ်ကျောင်းနေရ ကျောင်းနေစဉ်ကလည်း အထူးသွန်သင် ဆုံးမချက်မရဘဲ ဒိဋ္ဌဓမ္မနိဗ္ဗာနခေါ် မျက်မှောက်ဘဝ ရရှိသော စည်းစိမ်အခြေအနေမျှသာ မျှော်လင့်တောင့်တ ရောင့်ရဲတင်းတိမ် နေကြသောကြောင့် ဖြစ်၏။ မှန်ကန်ကောင်းမြတ်သော တရားမှန် တရားထူးတရားမြတ်ကို တတ်အပ်သေချာစွာ သိရှိမှုကို ထားဦး။ ၎င်းတို့ ယုံကြည်ကိုးစားအပ်သော တရားတော်မြတ်ကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရား၏အကြောင်းအရာအတ္ထုပ္ပတ္တိ အစဉ်အလာ အနွယ်တော်မြတ်ကို အဘယ်အရပ် အဘယ်သို့ အဘယ့်ကြောင့် အဘယ်အခါဟု သေချာစွာ မေးမြန်း၍ စစ်တမ်းထုတ်ပါလျှင် များစွာ သောသူတို့ထံမှ များသောအားဖြင့် ကောင်းစွာသေချာဂန ညွှန်ပြသူမရှိ၍ "မသိရပါ" ဟု လွယ်ကူသော အဖြေကိုသာ ရနိုင်ပေလတ္တံ့။ ပညာသင်ကြားခြင်းသို့ ရောက်ကြစဉ်အချိန်သမယက "ငါတို့ မြတ်စွာဘုရား အဘယ်မှာ ဖွားတော်မူ၍ အဘယ်သို့ ကြီးပွားဖြစ်ထွန်းလာခဲ့သည်၊ အဘယ်သို့ သတ္တဝါအများ တရားသဖြင့် ကယ်တင်တော်မူခဲ့ရသည်" စသည်ဖြင့် သင်ပြခြင်း နာယူရမည့်အစား များသောအားဖြင့် ခရစ်ယာန်သာသနာပြုကျောင်းများ၌သာ နေရသည်များသောကြောင့် ခရစ်တော်အကြောင်းလောက်သာ ရံခါရံခါကြားရမည့်အပြင် မိမိတို့ ကိုယ်တွက်မျှ လောက်လောက်ငေ ခိုင်ခိုင်လုံလုံ ဘာသာဝါဒ မရှိကြကုန်သော အမိ, အဖတို့ကလည်း ဆုံးမသွန်သင်ဖို့ အချိန်အခါသည် လွန်စွာရခဲကြုံခဲကုန်၏။

ထို့ကြောင့် ရှေးဦးစွာ ဗုဒ္ဓဘာသာတိုင်း ကြီးကျယ်ခမ်းနားသော ဗုဒ္ဓမြတ်စွာ၏ အတ္ထုပ္ပတ္တိအဖြစ်တော်စဉ်ကို ကောင်းစွာသိရှိ နားလည်အပ်သည့်ပြင် ဗုဒ္ဓဘာသာမြတ်ကြီး၏ မှန်ကန်လေးနက်သော ယဉ်ကျေးခြင်းများကို သိရှိနားလည်ဖို့ အသီးသီး အသက အရေးတကြီး လိုအပ်လှပေသည်။ တရားတော်မြတ်၏ မှန်ကန်ကောင်းမွန်ခြင်းသာ လိုရင်းပဓာနဟု အချို့က ပြောဆိုကြမည်ပင်ဖြစ်သော်လည်း ကောင်းမြတ်ခိုင်လုံသော အတ္ထုပ္ပတ္တိ အဆက်အနွယ်များသည် ဟုတ်မှန်သောတရားတော် အယူဝါဒ၏ ခိုင်မာသော သက်သေကြီးတစ်ခုပင်ဖြစ်၍ ၎င်းဘာသာဝါဒနှင့် စပ်ဆိုင်သော ခိုင်မာသော အချက်ကြီးတစ်ခုပင် ဖြစ်ပေ၏။

ရတနာ ၃-ပါး၏ အားကိုးလောက်, ယုံကြည်လောက်, အားကိုးထိုက်, ယုံကြည်ထိုက်သော ထူးမြတ်သော ဂုဏ်တော်အပေါင်းတို့သည် မြတ်စွာဘုရား၏ ကောင်းမြတ်မှန်ကန်သော သုဗုဒ္ဓအဖြစ်သည်လျှင် အမွန်အစဖြစ်၍ တရားတော်၏ ကောင်းမွန်သော သုဓမ္မအဖြစ်၊ သံဃာတော်၏ ကောင်းမွန်မှန်ကန်စွာ ကျင့်တော်မူခြင်းတည်းဟူသော သုပ္ပဋိပန္နအဖြစ်တို့ကိုလည်း အားကိုးယုံကြည်စေသော အခြေသို့ ရောက်စေနိုင်ကုန်၏။

ယခုအခါ၌ ထင်ရှားသော သက်သေအားဖြင့် ထင်စွာ ဖော်ပြပေအံ့၊ အိန္ဒိယနိုင်ငံ၌ ယခုအခါ မြောက်များလှစွာသော ဗုဒ္ဓဘာသာနှင့် စပ်ဆိုင်သော ရှေးဟောင်းအဆောက် အအုံ ရုပ်ပွားဆင်းတု ကမ္ပည်းကျောက်စာများ တွေ့ရှိပေါ်လာခြင်းသည် ဗုဒ္ဓအယူဝါဒ လမ်းစ ပျောက်ပြီး အချို့လောက်သာ များသောအားဖြင့် လုံးလုံးမသိကြသော အိန္ဒိယတိုင်းသား တို့အား နိုးကြားလာစေသည့်အပြင် အခြားတိုင်းနိုင်ငံမှ လာရောက်ကြသော အခြားဘာသာ အယူဝါဒ ရှိကြသူတို့အားလည်း ဗုဒ္ဓဘာသာ၏ ခိုင်ခံ့သော အခြေအနေနှင့် ဟုတ်မှန်သော အထ္ထုပ္ပတ္တိများ မျက်မြင်ဒိဋ္ဌ တွေ့ရှိကြခြင်းအားဖြင့် ဘာသာစိတ်ဓာတ် ကြီးမြတ်ထက်သန် စေလျက် မြင့်မြတ်သော ဗုဒ္ဓဘာသာအယဉ်သို့ တသွင်သွင် စီးဆင်းဝင်လာကုန်ကြ၏။ ၎င်းပြင် ရှေးဟောင်းကျောက်စာဌာန အစိုးရများသည် လောကနှင့်စပ်ဆိုင်သော အကျိုးမျှ ရည်မှန်း၍ ကြိုးကြိုးပမ်းပမ်း စူးစမ်းရှာဖွေခြင်း ပြုလုပ်ကြသော်လည်း ၎င်းတို့ရည်ရွယ် မှန်းထားသော အကျိုးကျေးဇူးများ ပြည့်စုံရုံသာမက ဗုဒ္ဓဘာသာကြီး၏ ကောင်းမြတ်သော လမ်းစများကိုလည်း ခုတ်ထွင် ရှင်းလင်းပေးရာကျသဖြင့် ၎င်းတို့အား များစွာကျေးဇူး တင်ထိုက်ကုန်၏။ ဗုဒ္ဓဘာသာ၏ ကောင်းမြတ်သော အခွင့်အခါများ ထင်ရှားစွာ ပြုလုပ်ပေး ကြသော သူတို့တွင် ၎င်းတို့ ပါဝင်ကုန်၏။

<u>အိန္ဒိယကျောက်စာ ဌာနကြီး၏ အားသည်းသော ဝီရိယကြိုးပမ်းမှုများသည်</u> ကျွန်ုပ် တို့၏ ခမ်းနားသော ဘာသာလမ်းမတော်ကြီးကို ကမ္ဘာတဝှမ်းလုံးရှိ လူအပေါင်းတို့အား အစပေါ်စေလျက် ဗုဒ္ဓဘာသာနှင့် ပတ်သက်သော မှန်ကန်ကောင်းမွန်ကြောင်း သက်သေခံ စာအုပ်များ အရာမက ရေးသားလာရလောက်အောင် နိုးကြားထကြွလာစေကုန်၏။ ၎င်းစာအုပ်အချို့အထဲတွင် မြတ်စွာဘုရားလက်ထက်တော်က ကြီးကျယ်ခမ်းနား၍ စည်ကားဝပြောသော မြတ်ဘုရား၏ တရားတော်အောက်ရှိ မြို့ပြ၊ ပြည်ရွာ၊ နိုင်ငံအသီးသီး တို့ကိုလည်း တွေ့ရှိကြသော ရှေးဟောင်း အဆောက်ဦများနှင့် ကျောက်စာများအရ အရပ်ဌာန ပိုင်းခြား၍ အခိုင်အမာ နေရာညွှန်ပြ ရေးသားကြခြင်းများသည် ဗုဒ္ဓဘာသာ အတွက် ရှာဖွေစုံစမ်းကြသော အခြားနိုင်ငံသူ နိုင်ငံသားတို့အား ဟုတ်ပါပေ၏၊ မှန်ပါပေ၏၊ ခမ်းနားကြီးကျယ် ခိုင်ခံ့ပေ၏ဟု ဖြောင့်စွာ ဝန်ခံလောက်အောင် ထင်ရှားသော သက်သေ တစ်ခုဖြစ်သည့်အပြင် အရေးကြီးသော အချက်ကြီးလည်း ဖြစ်၏။

ဗုဒ္ဓဘာသာ ကျမ်းစာတော်မြတ် ပိဋကတ်ဟု ဆိုအပ်သော တရားဓမ္မက္ခန် ကျမ်းဂန် အပေါင်းတို့သည် ၎င်းတို့၌ ပါသော အရပ်ဒေသ မြို့ပြ ပြည်ရွာ သေချာမှန်ကန်အောင် ထုတ်ဖော် ပြောဆိုနိုင်ခြင်းအားဖြင့် သာလွန်ခိုင်မာ၍ သာဓကေ လုံလောက်သောကြောင့် သံဂါယနာတင် အရှင်မြတ်တို့ အရပ်ဒေသကို ညွှန်ပြလျက် မည်သည့်အရပ်၊ မည်သူကို

**အကြောင်းပြု၍, မည်သည့်အကြောင်းကြောင့်, မည်သည့်တရားတော်မြတ်ကို ဟောကြားတော်မူ၏**ဟု အတ္ထုပ္ပတ် နိဒါန်းကို သုတ်, ဝိနည်း, အဘိဓမ္မာ, ဓမ္မက္ခန္ဓာ အသီးသီးတို့၌ တရားတော်မြတ် ထင်ရှားအောင် ပိဋကတ်တော်၌ တင်ထားတော်မူကြ၏။ ယခုကာလ၌ သေချာ ဂ-န မသိကြဘဲလျက် "မြတ်စွာဘုရားလက်ထက်က ဘယ်တိုင်း, ဘယ်ပြည်ဟာ ဘယ်ဟာဘဲ, ဘယ်လိုဖြစ်နေသည်။ ယခုအခါ ဘာခေါ်သည်" စသည်ဖြင့်၎င်း "ဘုရားလက်ထက်က မည်သူမည်ဝါဟာ ဘယ်လိုမှတ်ကြသည်" စသည်ဖြင့်၎င်း မိမိထင်မြင်ရာ ဦးလှည့်ရေးသားထားကြသော အကြောင်းအရာများသည် မိမိတို့ဘာသာဝါဒကို ပျက်ရယ် ပြောင်လှောင်သကဲ့သို့ ဖြစ်သည်သာမက ကြီးကျယ်လှံလောက်သော အခြေကိုလည်း ချေဖျက်ရာ ကျရောက်ပေလိမ့်မည်။

ပညာဗဟုသုတနှင့် ပတ်သက်၍ ယခုကာလ၌ စူးစမ်းရှာဖွေလျှင် အလွယ်ပင် အထောက်အပင့်များစွာ ရနိုင်ပါလျက် စိစစ်ရှာဖွေခြင်း အလျင်းမရှိဘဲ ရရှိသမျှ အကြောင်းသာကေကို အလွဲသုံးစား၍ အမှားကို ရေးသားခြင်းများသည် နောင်လာနောင်သားတို့အား လမ်းမှားသို့ ရောက်အောင် သွေးဆောင်သည်နှင့် တူ၏။ ရှေးအခါက သာသနာတော်၏ အစဉ်အလာ သာသနာဝင်နှင့် ပတ်သက်၍ ရှေးဆရာတော်ကြီးများ ရေးသားထားခဲ့ကြသော အကြောင်းအတ္ထုပ္ပတ္တိများမှာ သီဟိုဠ်နှင့် မြန်မာနိုင်ငံသို့ ပြန့်နှံ့ ရောက်ရှိသော ပါဠိဘာသာဖြင့် မဟာဝင်မျှသာ အကိုးအကား အထောက်အထား ပြု၍ ရေးသားကြသဖြင့် ၎င်းမဟာဝင် သာသနာ အစဉ်အဆက်နှင့် မြန်မာရာဇဝင်တွင် ပေါ်ထင်ကျော်ကြားသော အတ္ထုပ္ပတ်များမှာမှ တပါး သာသနာတော်စက်ကြီး ပွါးစီးတိုးတက်လျက် သက်ရောက်ခဲ့ကြသော အခြားနိုင်ငံများ၌ ဖြစ်ပွါးသော အခြားသာသနာဝင် အကြောင်းအရာများမှာ ယခုအခါတိုင်အောင် ရေးသားထားခဲ့ကြခြင်း မရှိကြပေ။ ထိုမဟာဝင်ခေါ် သာသနာတော် အစဉ်အဆက် ရေးသားဖော်ပြသော ပါဠိဘာသာ သာသနာဝင်ကျမ်း၌ မြတ်စွာဘုရားလက်ထက်တော်မှစ၍ တတိယသံဂါယနာတင်ပြီးသည် တိုင်အောင်သာ မဇ္ဈိမဒေသ အိန္ဒိယဗုဒ္ဓဘာသာအကြောင်း ရေးသားခဲ့၍ ၎င်းမှနောက်၌ မဟာဝင်နှင့် သီဟိုဠ်အဋ္ဌကထာဆရာတော်များ မရေးသားကြသဖြင့် ရှေးသာသနာဝင် ဆရာတော်ကြီးများသည် မဇ္ဈိမ သာသနာတော်ကြီးကို အနှစ် ၂၀၀-ကျော်နောက် ရေးသားတော်မူခြင်း မရှိကြဘဲ လမ်းစ ဖျောက်ထားခဲ့ကြလေပြီ။ ၎င်းပြင် တတိယသံဂါယနာတင်ပြီးသည်နောက် အရပ်ရပ်သို့ သာသနာတော် ပြန့်နှံ့ရန် ၉-တိုင်း, ၉-ဌာန သာသနာပြုစေလွှတ်တော်မူသော အကြောင်းအရာများကိုလည်း အမှန်အကန် ဝေဖန်ပိုင်းခြား၍ အရပ်ဌာနအားဖြင့် ဖော်ပြရေးသားခြင်း မရှိကုန်။

ထိုသို့ ၎င်းဌာနများနှင့်စပ်၍ သုဝဏ္ဏဘုမ္မိနှင့် သီဟိုဠ်မှ တပါး အခြားဌာနများကို ပိုင်းခြားဝေဖန် ရှာဖွေ စိစစ်၍ ရေးသားခြင်း မရှိသဖြင့် အတိအကျ မဟုတ်ဘဲ သဒ္ဒါနေ, ပုဒ်, ပါဌ်, ဗျူပ္ပတ် မျှော်ခေါ်လျက် တော်သင့်သော အမည်အားဖြင့် ခန့်မှန်းရေးသားကြသော ကြောင့် သာသနာပြု ဌာနများသည် များသောအားဖြင့် မြန်မာနိုင်ငံ၌ ဖြစ်ကြသည်ဟု အစဉ်အလာ အမှတ်အသား မှောက်မှားလျက် ရှိကြကုန်ပြီ။ ထိုသို့ မိမိတို့တိုင်းနိုင်ငံ ကြီးကျယ် ခမ်းနားအောင် ယဝန, ဂန္ဓာရ, ကမ္ဗောဇ, ဝနဝါသီစသော သာသနာပြု ဌာနများမှာ မြန်မာ နိုင်ငံ အနီးအနားစပ်လျက်ရှိသော နိုင်ငံများဟု ရေးသားကြသော်လည်း သာမည စဉ်းစားရန် ကား ၎င်းနိုင်ငံ အနီးအနားသို့ ၄-ဌာန, ၅-ဌာန ဆက်စပ်လျက် လွှတ်တော်မူမည် မဟုတ်ဘဲ၊ တတိယသံဂါယနာတင် ဘုရင်မင်းတရားကြီး ဖြစ်တော်မူသော ဒေဝါနံ ပိယဒဿီ အသောက မင်းမြတ်သည် အလွန်တန်ခိုးကြီးဒိပါဒ်နှင့် ပြည့်စုံတော်မူသော အရှင်မောဂ္ဂလိပုတ္တမထေရ်နှင့် တိုင်ပင်တော်မူ၍ မဂဓတိုင်းကြီး၏ နေပြည်တော် ပါဋလိပုတ်မှ ဒေသဝန်းကျင်ဖြစ်သော အရပ်ဌာနများသို့ စေလွှတ်တော်မူမည်မှာ အမှန်အားဖြင့် တွေးတော စဉ်းစား အားထား ယုံကြည်ထိုက်ကုန်၏။

ထို့ပြင်လည်း ၎င်းတတိယသံဂါယနာတင်ပြီး၍ သာသနာတော်ကြီး ပွါးစီးတိုးတက် ရန် ဝေဖန်ပိုင်းခြား သာသနာပြုဌာနများသို့ စေလွှတ်ပြီးလျှင် ဒေဝါနံ ပိယဒဿီ အသောက မင်းတရားကြီး ထီးနန်းစည်းစိမ် ရုပ်သိမ်းကာ နတ်ရွာလားပြီးနောက် အဆက်အနွယ် ဖြစ်တော်မူကြသော ရဟန္တာမထေရ်ကြီးများနှင့် မောရိယမင်းဆက်တို့သည် သာသနာတော် မြတ်ကြီး ပွါးစီးတိုးတက်ကြောင်း ကောင်းမွန်စွာ အားထုတ်ကြလျက် အဆက်အနွယ်မပျက် ဆက် လက်ဆောင်ရွက်တော်မူခဲ့ကြလေပြီ။

ထို့ကြောင့်လည်း မဇ္ဈိမဒေသ အိန္ဒိယဗုဒ္ဓသာသနာတော်မြတ်ကြီးသည် အဋ္ဌကထာ ဆရာတော်ကြီးများဖြစ်ကြသော အရှင်မဟာဗုဒ္ဓဃောသ, အရှင်ဓမ္မပါလ မထေရ်ကြီးများ၏ လက်ထက်တိုင်အောင် မိစ္ဆာရန်ဘေးတို့ဖြင့် မှေးမှိန်ပျောက်ကွယ်ခြင်း မရှိသေးဘဲ အနှစ် ၁၀၀၀-ကျော်လောက် ထွန်းတောက်ကြီးပွါးလာခဲ့လေပြီ။ ထိုအကြောင်းအရာများကို ပါဠိသာသနာဝင် အစဉ်အဆက်များ၌ ဆိုထားခြင်း မရှိသော်လည်း ဆရာတော်ကြီးများ ရေးသားထားသော အဋ္ဌကထာ၊ ဋီကာ, ပါဠိ ကျမ်းဂန်အရပ်ရပ်တို့သည် သာသနာတော် ထွန်းကားကြီးပွါးကြောင်း သက်သေခံများ ဖြစ်ကြကုန်၏။

ထိုမှတပါးလည်း သာသနိက အဋ္ဌကထာ, ဋီကာ ကျမ်းကြီးတို့မှတပါး သာသနာ တော်အနှစ် ၁၀၀၀-ကျော်အတွင်း သာသနာတော်နှင့် ဖြောင့်မတ်မှန်ကန်သော တရား

ဓမ္မ အဆီအနှစ်တို့ကို စိစစ်ရှာဖွေရန် သာသနာတော်မြတ် ထွန်းကားရာ မူလဌာန မဇ္ဈိမတိုက် အတွင်းသို့ တရုတ်ရဟန်းတော် ခရီးသည်များဖြစ်ကြသော **အရှင်ဖာဟိုင်, အရှင်ဆွမ်ဂယွန်, အရှင်ဆူရိမ်ကျွမ်, အရှင်ဝှင်သျှင်, အရှင်ဆိယူကီး** စသော ပုဂ္ဂိုလ်ကြီးများ လာရောက်စုံစမ်း၍ ၎င်းတို့လက်ထက် ထိုအခါက များသောအားဖြင့် သာသနာတော်ကြီးမှာ ထေရဝါဒခေါ် ရဟန္တာမထေရ်ကြီးများ၏ဝါဒ မဟုတ်သော်လည်း မဟာယာန အများဂိုဏ်း မြောက်ပိုင်း သာသနာ ထွန်းကားခိုက်ဖြစ်၍ ၎င်းတို့၏ ဓမ္မကျမ်းဂန် အရပ်ရပ်တို့ကိုလည်း တရုတ်ပြည်သို့ ဆောင်ယူကာ ၎င်းတို့ဘာသာဖြင့် ပြန်ဆိုရေးမှတ် ထားကြကြောင်း၊ ထိုစဉ်က အိန္ဒိယဒေသ အသီးသီးတို့၌ ဗုဒ္ဓသာသနာတော် ထွန်းကားလျက်ရှိကြောင်း ရေးသားထားကြသော သာသနိကမှတ်တမ်းများလည်း ထင်ရှားရှိကုန်၏။ ထို့ပြင် **အိန္ဒိယတောင်ပိုင်း၊ အန္ဓတိုင်း၊ စောဠတိုင်း၊ ကဉ္စီပူရ**စသည်တို့၌ ထွန်းကားလာ၍ သာသနာအနှစ် ၁၀၀၀-က အဋ္ဌကထာ၊ ဋီကာစသော ဗုဒ္ဓဝါဒပါဠိကျမ်းဂန်အများနှင့် ရေးသားတော်မူကြသော မထေရ်ကြီးများလည်း ထင်ရှားရှိကုန်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အကြောင်းအရပ်ရပ်တို့ကို အထပ်ထပ် စဉ်းစား ထင်ရှား ဝေဖန်ပိုင်းခြားမိသဖြင့် အတိအကျ အမှန်အကန် မသိနိုင် မမြင်နိုင်သော သူအပေါင်းတို့ အား ထင်ထင်ရှားရှားသိမြင်နိုင်သော ဉာဏ်အလင်းရောင်အောက် သက်ရောက်စေခြင်းငှာ-

## ဓမ္မဝိစာရဏာပိုင်း

၁။ လောကအထွတ်အမြတ်ဆုံးဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ၏ မှန်ကန်သောအား ဖြင့် အစစ်ကိုးစားရာဖြစ်၍ ထိုမြတ်စွာဘုရား၏ တရားတော်အစစ် အနှစ်သာရဟုဆိုအပ် သော ဗုဒ္ဓသာသနာတော်၏ မှန်ကန်ကောင်းမြတ်ကြောင်း အခြားဝါဒတို့နှင့် နှိုင်းယှဉ်ပြရာ- ဓမ္မဝိစာရဏာပိုင်း၊

## ဓမ္မဝုဒ္ဓိဝိရူဠှိပိုင်း

၂။ ၎င်းဓမ္မအနှစ်သာရစစ်တို့ကို စစ်တမ်းထုတ်ပြီးနောက်, ကောင်းမြတ် စင်ကြယ် သော သာသနာတော်ကြီးသည် မြတ်စွာဘုရားလက်ထက်တော်၌ မည်ကဲ့သို့ ပွါးစီးကျယ်ပြန့် တိုးပွါးလာကြောင်း၊ မည်သည့်အရပ်ဒေသတိုင်အောင် ပြန့်ပွါးကြောင်း၊ မဇ္ဈိမဒေသ သောဠသခရိုင်နှင့်တကွ ပြန့်ပွါးရာဌာနများ သိရှိရန်-ဓမ္မဝုဒ္ဓိဝိရူဠှိပိုင်း၊

## ဓမ္မဝိတ္ထာရပသာရဏာပိုင်း

၃။ ထိုကဲ့သို့ မြတ်စွာဘုရားသည် ကောင်းမြတ်သန့်စင်၍ ယခင် ရှေးအဆက်ဆက် ဘုရားရှင်တို့၏ လက်ထက်တော်မှ ဆင်းသက်လာခဲ့သော ဓမ္မလမ်းရိုးကြီးကို အမျိုးမျိုး ဟောပြတော်မူလျက် လောက၌ သာသနာတော်တည်းဟူသော ဓမ္မနိုင်ငံတော်ကြီး တည်ထောင်တော်မူပြီး နောင်အခါ၌လည်း မြတ်စွာဘုရားမှဆင်းသက် အဆက်ဆက်သော တပည့် သာဝကများနှင့် သာသနာပြု မင်းကောင်းများတို့သည် ဆက်လက်ပျိုးထောင်လျက် သာသနာတော်ရောင် တိုးတက်ထွန်းကား အခြားနိုင်ငံများသို့လည်း ပြန့်နှံ့သွားခဲ့ကြောင်း၊ ယခုခေတ်မှာလည်း ဤနည်းအတိုင်းပင် စည်ပင်ပြန့်ပွါးထွန်းကားအောင် အားထုတ် သင့်ကြောင်း ဖော်ပြရာ- **ဓမ္မဝိတ္ထာရပသာရဏာပိုင်း**---

အားဖြင့် အပိုင်းကြီး ၃-ပိုင်း ခွဲခြားလျက် မြတ်စွာဘုရား၏သာသနာစက်ကြီး လွှမ်းမိုးရာ ဌာနများကို အကျယ်ပြဆိုသော ဗုဒ္ဓနိုင်ငံတော်ခေါ် ဤကျမ်းကြီးကို ကြိုးပမ်းအားထုတ် ရသောအခြေသို့ ရောက်ရှိရပေကြောင်း။ ဤကျမ်းဖြင့် အမှားမရောက် အမှန်ပေါက်၍ ထွင်းဖောက်သိမြင် ဉာဏ်အမြင် အလင်းရလျက် ထွန်းပဝေဖြာနိုင်ပါစေသတည်း။ ။

✪ ✪ ✪ ✪ ✪

## ဓမ္မဝိစာရဏာ ပဥ္စမကဏ္ဍ

နမော ဝိဘဇ္ဇဝါဒိနော၊
နမော သစ္စဝါဒိနော၊
နမော ဘူတဝါဒိနော။

### ဘဝသရဖူ

အိုသူတော်ကောင်းအပေါင်းတို့၊ ကောင်းမြတ်သော ကုသိုလ်အဟုန်တို့ကြောင့် တွေ့ကြုံခဲလှစွာသော မနုဿတ္တဒုလ္လဘကြီးကို ရကြသူ လူအများအပေါင်း၏ ဘဝသမ္ပတ္တိ တစ်ခုလုံးအတွက်

* ဘဝထိပ်ဆောင်း အကောင်းဆုံး မကိုဋ်သရဖူသည် မည်သည့်အရာ ဖြစ်ပါသနည်း၊
* ၎င်းကို ဝတ်ဆင်ရခြင်းအားဖြင့် မည်ကဲ့သို့ အကျိုးအာနိသင် ရနိုင်ပါသနည်းဟု ပညာရှိတစ်ဦးက အကယ်၍မေးလာငြားအံ့။

ကောင်းမြတ်မှန်ကန်သော တရားဓမ္မ၌ ဘာသာဝါဒကြီးသည် ဘဝတစ်ခုလုံး အကောင်းဆုံး ဦးထိပ်၌ ဆောင်းအပ်သော မကိုဋ်သရဖူကြီး ဖြစ်သည်။ သမ္ပတ္တိစက်နှင့်ကြုံ၍ လူ့ဘုံသို့ ရောက်လာသူများ အထူးအားဖြင့် ဝတ်ဆင်ရသည်၊ ၎င်းကို ဝတ်ဆင်က ဘယ်ဒုက္ခမှ မနှောင့်ယှက်စေဘဲ အထက်အကျဆုံးဖြစ်သော အမတချမ်းသာကြီးကို ရရှိခံစားနိုင်သည်-ဟု အကျဉ်းဖြေဆိုအပ်၏။

"လူအမျိုးမျိုးတို့၏ စိတ်ကူးစိတ်သန်းဆန်းကြယ်သလောက် အကောင်းဆုံးသို့ ရောက်အောင် အနည်းနည်းအဖုံဖုံ အထွဋ်အမြတ်ဆုံးထား၍ ၎င်းသရဖူအား စီမံခြယ်လှယ်ကြခြင်းသည် အဘယ်ကြောင့်ပါနည်း"ဟု လေးနက်စွာဆင်ခြင်စဉ်းစားငြားအံ့။ သင်တို့

ဉာဏ်ဝယ် အလွယ်နှင့်ပင် ထင်မြင်လာနိုင်ပေလိမ့်မည်။ လောကကြီး၌ ကြီးကျယ်ခမ်းနားသော အမျိုးမျိုးသော အဆောက်အအုံကြီးများကို နေထိုင်ဖို့ သုံးစွဲဖို့တွင်သာမက ၎င်းမှ အပိုအထွတ် ကြီးများကို အထူးအဆန်း လူအမျိုးမျိုးတို့၏ စိတ်ကူးစိတ်သန်းအားလျော်စွာ သာသည်ထက် -သာအောင်, ကောင်းသည်ထက်-ကောင်းအောင် လူများတို့စီမံဆောက်လုပ်ကြကုန်၏။ ထို့အတူ လူအများမှာလည်း ၎င်း၏ခန္ဓာကိုယ် အဆောက်အအုံ၌ လေးလံသော ဝန်ကြီးတစ်ခု ဆောင်ရွက်နေမှုမှတပါး အခြားသက်သာ ခံစားမှုမရနိုင်သော ဤမကိုင်နိုင်သရဖူကို မတူနိုင် မတန်နိုင်အောင် အကောင်းဆုံးထိပ်ဖျားဖြင့် လူမျိုးတို့အားလျော်စွာပြုလုပ် ဝတ်ဆင်ကြရ ကုန်၏။

"ဤသို့ခမ်းနားသော အဆောက်အအုံကြီးများ၌ ဘာသာဝါဒ လူမျိုးများအားလျော်စွာ အထွတ်တပ်ဆင်ခြင်းနှင့် လူများ၌တပ်ဆင်သော မကိုင်နိုင်သရဖူကို အဘယ်ကြောင့် အကောင်းဆုံး အထိုက်တန်ဆုံး ပြုလုပ်ကြကုန်သနည်း"ဟူသောအမေးပြဿနာ၏အဖြေမှာ အဆောက်အအုံတို့၌ ၎င်းတို့၏ ထိပ်တန်းအခြေအနေနှင့် လူတို့၌အထူးအမြတ်ဆုံးအခြေအနေကို အလံတံခွန်လွှင့်တင် စိုက်ထူသကဲ့သို့ဖြစ်ကြောင်း၊ ၎င်းတို့၏အခြေအနေကို ကြည့်ရှုခြင်းအားဖြင့် မွန်မြတ်သောအခြင်းအရာ ထင်စွာသိရကြောင်း ကောင်းစွာ ပိုင်းခြားသိသာ၏။ ဤအတူ အယူဝါဒဘာသာတရားကြီးသည်လည်း ဘဝတည်းဟူသော ခန္ဓာအဆောက်အအုံကြီး၏ အထွတ်သရဖူဖြစ်ကြောင်း၊ လောက၌ သက်သာမှု သာယာမှု သုံးစွဲနေထိုင်မှု, စားသောက်နေထိုင်မှုစသော လောကအရသာနှင့် ဖီလာဖြစ်၍ ၎င်းတို့နှင့် မနှိုင်းယှဉ်အပ်၊ အထွတ်အမြတ်ဖြစ်သော အကျိုးသို့ ရောက်အောင် ပို့ဆောင်နိုင်သော အခြေအနေကိုဖော်ပြရန် စိုက်ဆောက်လွှင့်ထူအပ်သော ၎င်း၏တံခွန်အလံကြီးဖြစ်ကြောင်း သင်တို့သေတ္တာချလျက် လေးနက်စွာ မှတ်သားအပ်ကုန်၏။

ထို့ကြောင့် ကျနမှန်ကန်မှန်စွာ ပညာဉာဏ်အမြင် အဆင်ခြင်နှင့် ပြည့်စုံ၍ ကောင်းကျိုးတရား လိုလားကြသော ပညာရှင်တို့သည် ဘဝတံခွန်အထွတ်အဖူးများကို အထူးစိစစ်ရွေးချယ်လျက် လောကီရေးနှင့် မဆက်သွယ်သော အားသွန်ကြိုးပမ်းမှုများဖြင့် လောက၏ ခုံမင်နှစ်သက်ဖွယ်ရာ အရသာတို့ကို အားရစွာ ခံစားခြင်းနှင့် တင်းမတိမ်ဘဲ ဘဝ၏ နောက်ပိုင်း၌ အယူဝါဒဘက်သို့ ကိုင်းရှိုင်း၍ ဟုတ်မှန်တိုင်းသော ဘဝအသုံးဖြင့် နိဂုံးသတ်လျက် အမြတ်ဆုံးအကောင်းဆုံးဖြစ်သော ချမ်းသာသုခရရှိခံစားဖို့ ဘဝသရဖူကြီးကို အားထုတ်ဆင်မြန်းကြကုန်၏။ ဤသို့ဆင်မြန်းရန် အားသွန်ကြိုးပမ်းခြင်း မရှိသောသူများမှာ အလွန်ကြံခဲ ရခဲ ဖြစ်ခဲလှစွာသော အဖိုးအထိုက်ဆုံး ပဒေသာဘဝကြီးကို အချည်းနှီးဖြစ်အောင် အလွဲသုံးစားလျက် မတရားကုန်ဆုံးခြင်းနှင့် တူကြပေလိမ့်မည်။

ဤအထက်ပါ စကားများဖြင့် "ဘဝသရဖူကို မည်သူတို့ဝတ်ဆင်ရ၍ မည်ကဲ့သို့ အကျိုးခံစားရသည်၊ မည်ကဲ့သို့ ဆင်မြန်းရန် ကြိုးပမ်းရသည်"ဟူသော*(အမေး၏)*အကျဉ်း ချုပ်အဖြေစကားသည် သိသာထင်ရှားခဲ့လေပြီ။ ၎င်းသည်မှန်၏၊ ရနိုင်ခဲ ကြုံနိုင်ခဲသော အခဲအယဉ်းဆုံးတရား အမျိုးအစားတွင် ပါဝင်သော မနုဿတ္တဒုလ္လဘ-ဟုဆိုအပ်သော လူအဖြစ်ကို ရကြသော်လည်း သူတော်ကောင်းတရားနှင့် မသင့်တော် မလျော်ကပ်သော အရပ်မှတပါး ၎င်းတရားနှင့် မသင့်တော်, မလျော်ကပ်သော လူရိုင်းများ၏နေရာ အရပ်သို့ ရောက်ဖို့ရန် သင်တို့၏အညစ်အကြေး မြေးယှက်သော ကုသိုလ်ကံက စီမံခဲ့ပါလျှင် ဟုတ်မှန် ကောင်းမြတ်သော တရားမကိုဋ် ဝတ်ဆင်ရန် လွဲချော်တိမ်းပါး၊ တရားမဟုတ် ယုတ်မာကြမ်း တမ်း ညစ်ညမ်းသော ဘာသာဝါဒ အဆင်တန်ဆာတို့ဖြင့်သာ နေရပါမူ အသိဉာဏ်ကင်းပ သဖြင့် လူခေါ်ရန်ပင် ခဲယဉ်းလှသော လူ့ဘဝကို ရ၍ တရားဆင်ခြင်းကင်းသော တိရစ္ဆာန်နှင့် ဘဝခြင်း ညီမျှပေလိမ့်မည်။ သို့မဟုတ် ကောင်းမြတ်သော သူတော်ကောင်းတို့၏ ဌာနသို့ ပင် **ပဋိရူပစက်နှင့်ကြုံပါသော်လည်း** အမှန်ကို ပိုင်းခြားနိုင်သော အသိဉာဏ်ပါး၍ အမှား လက်ကိုင်ရှိသော မိစ္ဆာဝါဒ ဟောပြသူများနှင့် အခွင့်လျော်၍ အဖော်ဖြစ်သွားက သပ္ပုရိသု- **ပနိဿယစက်ကြီးနှင့်ကြုံကြုံဖန်ဖန်** လွဲ၍ မဆင်မြန်းရဘဲ နေလိမ့်မည်။

အထက်ပါ စက် ၂-ပါးနှင့် ပြည့်စုံဖို့ ရှေးဘဝက ကံအဟုန်ပစ်ချ၍ ပုဗ္ဗေ ကတပုည- **တာစက်** လက်ရှိထားကြသူများပင် ဖြစ်စေကာမူ **အတ္တသမ္မာပဏိဓိဖြင့်** မိမိကိုယ်ကို မဆောက် တည်ကလည်း အချည်းနှီးအားဖြင့် အထက်စက် ၃-ပါးတို့ အကျိုးမများ ဖြစ်ရပေမည်။ ထို့ကြောင့် ထိုဘာသာဝါဒ သရဖူမကိုဋ် အဆင်တန်ဆာကြီးကို သရဏဂုံတည် ပါရမီ **အထောက်အပံ့သာ ဖြစ်နိုင်သော တိရစ္ဆာန်မျိုးများကို ထား၍** တရားထူးဆင်မြန်း အကျွတ်တမ်း ဝင်နိုင်သော သိကြား, နတ်, ဗြဟ္မာများပင် ခဲယဉ်းလှသောဒုလ္လဘ၌ မြတ်စွာဘုရား ဟောကြားတော်မမူသဖြင့် ခဲယဉ်းလှသော ဘဝတွင်းမှာ လူဖြစ်လာသောသူများသာ စက် ၄-ဖြာနှင့်ပြည့်စုံမှ ကြီးကျယ်ခမ်းနားစွာ ဝတ်ဆင်သုံးဆောင် ခံစားရကြောင်း ကောင်းစွာ ထင်ရှား၏။

ထိုမှတပါး ၎င်းသရဖူ ဆောင်းရသောသူများ၏ ရရှိသော အကျိုးတရားမှာ ဗဟိဒ္ဓ အပဖြစ်သော သူတော်ကောင်းတို့၏အသွင်ဖြင့်ပင် ယခင်အခါက အထက်တန်းကျသော သူများ ရှိသေလေးစားရခြင်း, ၎င်းအသွင်နှင့် သင့်တင့်ညီညွတ်စွာ အဆင့်ဆင့်တိုးတက် အားထုတ်ပါက ကြီးကျယ်ခမ်းနား ကိုးစားရသော ချမ်းသာအထွတ်အဖူးကို ဆွတ်ခူးစားသုံး ရခြင်း-ဟူသော အကျိုးတရားရကြောင်း မြတ်စွာဘုရားသည် ဘုရင်အဇာတသတ်အား ရဟန်းပြုရခြင်း၏ အကျိုးတရား လျှောက်ထားသဖြင့် ဟောကြားတော်မူသော သာမညဖလ

သုတ် ဒေသနာတော်အရ သာမညဖြစ်သော လူများတို့ ရှိသေလေးစားရခြင်း အကျိုးတရားတို့အပြင် အစဉ်အတိုင်း အားထုတ်ပါက တဆင့်တဆင့် မြင့်သည်ထက်မြင့် မြတ်သည်ထက်မြတ်သော ကုသိုလ်အထက်တန်း သမထစခန်းသို့ရောက် ဈာန်မဂ်ဖိုလ်ပေါက်အောင် ခံစားရရှိနိုင်ကြောင်းများ အထူးသဖြင့် ထင်ရှားပေါ်လွင်ကုန်၏။

## ဘဝအလွဲသုံးစားခြင်း

အထက်ပါ စကားရပ်တို့ဖြင့် မြင့်မြတ်သောဘဝသရဖူ လူအဖြစ်ကို ရ၍ သာသနသမ္ပတ္တိစက် ၄-ပါးနှင့် တွေ့ဆုံရသော လူများသာ အထူးအားဖြင့် ခံစားသုံးဆောင်ရကြောင်း၊ သင်တို့ သိမှတ်ခဲ့ပြီးဖြစ်သော်လည်း ၎င်းမကိုဋ်သရဖူနှင့်တူသော အယူဝါဒကြီးကို-

- **မည်ကဲ့သို့ အနှစ်သာရ စိစစ်ရွေးချယ်သင့်ကြောင်း**
- **မည်ကဲ့သို့ ၎င်းအနှစ်သာရများ သုံးစားသင့်ကြောင်း**
- **မည်ကဲ့သို့ ၎င်းကို ယုံကြည်ကိုးစားအားထားသင့်ကြောင်း-**

ပေါ်လာမည့် ပြဿနာများ၏ မှန်ကန်တိကျသော အဖြေရရှိဖို့ သင်တို့ဉာဏ် အလင်းဖြင့် စဉ်းစားနှိုင်းချိန်ရန် လိုပေလိမ့်မည်။ သို့မဟုတ်က သင်တို့သည်၊ 'အေးစေလိုလို့ တရားနာ၊ ပူဇာ စနှင့်တွေ့'ဆိုသော စကားကဲ့သို့ ယုံကြည်အားထားချက်နှင့် မကိုက်ညီဘဲ ကောင်းမြတ်သော အကျိုးတရားနှင့် ဆိုးဝါးသော အာနိသင်တို့ကို လဲလှယ်ရာရောက်၍ တိမ်းမှောက်သော ဘဝထဲတွင် အပါအဝင် ဖြစ်နေကြပေလိမ့်မည်။

အမြင့်တန်းစား အမြတ်ဆုံးထား၍ သုံးစားဆင်ယင်ကြသော လောကရတနာခေါ်သည့် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာအမျိုးမျိုးများကိုလည်း မှောက်မှားနိုင်လောက်အောင် သွေးဆောင်လှည့်စားနိုင်သော အတုအပများကို ခွဲခြား၍မသိက လောကတန်ဖိုးမှဆုံးရှုံး အသုံးမဝင်ဘဲ ရှိမည်ဖြစ်၍ ၎င်းရတနာပန်း ဆင်မြန်းသုံးစွဲသူတိုင်း အမှန်အစစ်ကို အားသစ်ရွေးချယ်ရသကဲ့သို့ ယခုပစ္စုပ္ပန်တစ်ဘဝလုံးနှင့် ဘဝများထွေ တည်နေသမျှ နိဗ္ဗာန်သို့ကျအောင် အားထုတ်ယုံကြည်ရမည်ဖြစ်သော ဖြူစင်ကောင်းမြတ်သည့် ဘဝအဆင်တန်ဆာ မကိုဋ်ရတနာကြီးကိုလည်း အနည်းနည်း အဖုံဖုံ တတ်နိုင်သမျှ အကောင်းဆုံးရွေးချယ် စိစစ်ကြရပေလိမ့်မည်။

ကောင်းမြတ်သော အယူဝါဒရှိသောအမျိုး၌ဖြစ်၍ အစဉ်အဆက် ဆင်းသက်စွဲလမ်း မပျက်တန်းအခြေသို့ တည်နေသောသူဖြစ်စေကာမူ လမ်းလွဲသို့ ရောက်အောင်သွေးဆောင်လှည့်ဖြားတက်သော ဝဉ္စနာတရား၏ အလှည့်စားခံရပါလျှင် ကောင်းမြတ်သော

အကျိုးနှင့် လွဲ၍ ဆင်းရဲခေါင်းပါး မကောင်းကျိုးများတွင်သာမက ဘဝအစဉ်အဆက်ကို လည်း ချွတ်ချော်တိမ်းပါးသွားနိုင်ကြောင်း၊ အကယ်၍ တိရစ္ဆာန်စသော ဘဝမျိုးသို့ မကောင်း ကျိုးတို့က ပို့ဆောင်သဖြင့် ရောက်သွားပါက သုဂတိ ရင်းစားရဖို့ ခဲယဉ်းကြောင်း မြတ်စွာ ဘုရား ဟောထားတော်မူသော ဒေသနာတော် အထင်အရှားရှိပေသည်။

မြတ်စွာဘုရားသည် ဤဇမ္ဗူဒီပါကျွန်းကြီး၏ မညီမညွတ် နိမ့်ဝှမ်းမြင့်မောက် ကမောက်ကမဖြစ်သော အရပ်ဒေသများ၍ ညီညွတ်ပြေပြစ် နှစ်သက်ဖွယ်ကောင်းသော အရပ်ဒေသနည်းကြောင်းကို ဥပမာထား၍ အင်္ဂုတ္တရနိကာယ်၊ ဧကကနိပါတ်၊ ဧကဓမ္မဝဂ်(အံ၊ ၁။ ၃၉)၌---

**ဧဝ မေဝံ ခေါ ဘိက္ခဝေ အပ္ပကာ တေ သတ္တာ၊ ယေ မနုဿာ စုတာ မနုဿေသု ပစ္စာဇာယန္တိ၊ အထ ခေါ ဧတေဝ သတ္တာ ဗဟုတရာ၊ ယေ မနုဿာ စုတာ နိရယေ ပစ္စာဇာယန္တိ။ပ။ တိရစ္ဆာနယောနိယာ ပစ္စဇာယန္တိ။ ပေတ္တိဝိသယေ ပစ္စဇာယန္တိ။**

ရဟန်းတို့၊ ဤဇမ္ဗူဒီပါကျွန်းကြီးဝယ် နှစ်သက်ဖွယ်ကောင်းသော အရပ်ဒေသ နည်းပါးသလို အကြင်သူတို့သည် လူ့ဘဝမှ စုတေ၍ လူ့ဘဝတစ်ဖန် ဖြစ်ပြန်ကုန်၏။ ထိုသူတို့ အလွန်နည်းပါးကုန်၏။ စင်စစ်သော်ကား လူ့ဘဝမှ စုတေ၍ ငရဲ၌ ဖြစ်ကြပြန်ကုန်၏။ တိရစ္ဆာန်၌ ဖြစ်ကြပြန်ကုန်၏။ ပြိတ္တာ၌ ဖြစ်ကြပြန်ကုန်၏။ ထိုသူတို့သာ များကုန်၏-ဟု ဟောကြားတော်မူ၏။ ထို့အတူ နတ်ဘဝမှ နတ်ဖြစ်ဖို့, ငရဲ တိရစ္ဆာန် ပြိတ္တာဘဝမှလည်း လူ, နတ်, ဘဝသို့ ရောက်ဖို့ နည်းပါးကြောင်း ဟောကြားတော်မူ၏။

၎င်းပြင် မြတ်စွာဘုရားလက်ထက်က တိတ္ထိဆရာကြီးတို့၏ အချို့တရားတို့သည် သူတော်ကောင်းတရားနှင့် ယုံမှားဖွယ်ရာဖြစ်၍ ပညာရှိများကိုပင် လှည့်ဖြားရန် မှားယွင်း ယုတ်ကြမ်းသော ၎င်းတို့၏ ဥပဒေနည်းလမ်းများနှင့် ရောပြွမ်းလျက်ရှိကြသဖြင့် အချို့ သူများကို လှည့်ဖျားခေါ်ဆောင်ကာ ၎င်းဆရာကြီးတို့၏ တပည့်သာဝကအဖြစ်သို့ ပို့ကြလေ ကုန်ပြီ။ ယခုအခါမှာလည်း အခြားဘာသာအယူဝါဒတို့၌ ၎င်းတို့ဘာသာဝင်များ စိတ်အား ထက်သန် အမှန်-ဟု စွဲလမ်းနိုင်လောက်သော ဟုတ်မှန်သော သဘာဝတရားတို့ ပြောက် ကျားရှိနေသေး၍ ၎င်းတို့ဘက်သို့ ဆောင်ယူနိုင်သဖြင့် အချို့သူများ ယိမ်းယိုင်ပါသွား ခရစ်ယာန်များ ဖြစ်ကြကုန်၍ မဟာမက်, ဟိန္ဒီ အယူသို့ အချို့နှစ်သက်ကြ၍ ၎င်းတို့သွေး ဆောင်ရာ ပါကြကုန်လေပြီ။

သို့ဖြစ်၍ အဖိုးထိုက်တန်လှစွာသော ဘဝရတနာကြီးကို အလွဲသုံးစား အမှားမှား အယွင်းယွင်း မဖြစ်စေရန် မိမိတို့တစ်ဘဝလုံး သုံးဆောင်ဝတ်ဆင်ကြရမည်ဖြစ်သော ကမ္ဘာ့ တန်ဆာ ရတနာသဖွယ် အထူးတလည် ရွေးချယ်စိစစ်အပ်သော ဘဝသရဖူကြီးအား အထူး

အားဖြင့် ကောင်းမွန်သည်ထက် ကောင်းမွန်အောင်, မှန်ကန်သည်ထက် မှန်ကန်အောင် စိစစ်အားထုတ်မှ အဖိုးတန်လှစွာသော ရတနာကြီးကို အဖိုးမတန် မမှန်မကန် အတုအပ ဖြစ်သော ရတနာတုနှင့်လဲ၍ အလွဲသုံးစား ပစ်သကဲ့သို့ မဖြစ်ဘဲ နှစ်သက်ကောင်းမြတ်သော အကျိုးတရား ခံစားသုံးဆောင်လျှင် အထွတ်မြတ်ဆုံးတရားကို ရကြကုန်လတ္တံ့။

## ရတနာစမ္ပ

ရွှေ, ငွေ, ကျောက်မျက်ရတနာစသော ရတနာများကို ကမ္ဘာ့အစိတ်အပိုင်းများတွင် ရိုင်းသော အရပ်ဒေသရှိ သူများပင်လျှင် အလွန်ခင်မင် နှစ်သက်အပ်သော အရာဖြစ်၍ ယဉ်ကျေးသောကမ္ဘာပိုင်းမှာ ဆိုဖွယ်ရာမရှိ၊ လူတိုင်း၏ စိတ်ဓာတ်တို့၌ ၎င်းကို တောင့်တ ရှာဖွေလျက် နေကြကြောင်းမှာ ထင်ရှား၏။ ၎င်းရတနာကိုလည်း အရာမဟုတ်သည်၌ ထား၍ အသုံးမှားလျှင် အလွဲသုံးစားရာ ကျရောက်သဖြင့် အကျိုးမရ ဖြစ်မည့်အပြင် ချီးမွမ်းကြမည့်အစား အများတို့၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရမည်ဖြစ်သောကြောင့် မှန်ကန် ယဉ်ကျေးကောင်းမွန်သော အကျိုးဖြစ်ထွန်းမည့်အရာဌာန၌ သုံးစွဲတတ်ကြရမည်။ ဤလူတို့ သုံးစွဲသော ရတနာများအတူ အယူဝါဒတည်းဟူသော ရတနာစမ္ပ၌ မူလဆည်းကပ် ကိုးကွယ်သော ရတနာ၏မြင့်မြတ်ကောင်းမွန်သော အစစ်ရတနာဖြစ်၍ မှန်ကန်စွာ ဆည်း ကပ်အားထားမှုရှိမှသာ လိုအပ်သော အကျိုးတရား သုံးစားရမည့်အပြင် အလွဲသုံးစားခြင်း ကြောင့်ဖြစ်သော အများကဲ့ရဲ့ရှုတ်ချခြင်းမှလည်း လွတ်ကင်းကြပေမည်။

၎င်းပြင် ထိုရတနာစစ် စိစစ်ရှာဖွေရာ၌ သာလွန်တိကျသော အသိဉာဏ်လိုအပ်ကြ သကဲ့သို့ အယူဘာသာ ရတနာစမ္ပ စုံစမ်းရှာဖွေကြရာ၌လည်း အထူးသဖြင့် အမှန်အကန်ကို ဝေဖန်ပိုင်းခြားနိုင်သော သိမှုတရား သာ၍ပင် လိုလားအပ်၏။ သို့ဖြစ်၍ ၎င်းအား တတ်နိုင် သလောက် အကောင်းမွန်ဆုံး စိစစ်ရမည်ဖြစ်၍ အခြားအယူဝါဒများနှင့်လည်း ခေတ်အား လျော်စွာ စဉ်းစားနှိုင်းချိန်ရပေလိမ့်မည်။ ထိုမှတပါး ၎င်းစမ္ပ ထုတ်ပြဟောကြားသော ပုဂ္ဂိုလ်, ခေတ်သမယ အချိန်အခါများ စဉ်းစားနှိုင်းချိန်ရပေမည်။ အစဉ်အဆက် ဆင်းသက်ကိုးကွယ် လာ၍ မိမိတို့ဘာသာဝါဒဟုတ်သည် မှန်သည်ကို မစဉ်းစားဘဲ အခြားအယူဝါဒ အချည်းနှီး သာဟု ထင်မှတ်လျက် မိမိတို့အယူသာ မွန်မြတ်ကြောင်း ကမ္ဘာပေါ်ရှိ ဘာသာတိုင်းက ဤကဲ့သို့ ငြင်းခုံလမ်းချက် ရှိကြကုန်၏။

ယင်းခွဲလမ်းမှုများကြောင့် မိမိတို့ဘာသာရေး ကိစ္စများအတွက် အသက်ကိုပင် စွန့်နိုင်လောက်အောင် ၎င်း၏အကျိုးတရား အထူးစဉ်းစား ယုံကြည်ကြငြားသော်လည်း ၎င်း၏

မှန်ကန်ကြောင်း ကောင်းစွာ ဝေဖန်ရန် အထူးသဖြင့် စိစစ်ပိုင်းခြားနိုင်သော ဉာဏ်ပညာ သာ၍ပင် လိုအပ်ပေသည်။ အချုပ်အားဖြင့်---

၁။ ခိုင်လုံသောအကြောင်းတရား

၂။ ရရှိခံစားမည့်အကျိုးတရား-

ဟု ၂-မျိုးသာ ရှိကြောင်း ကောင်းစွာ မှတ်သားအပ်ပေသည်။

## အကြောင်းတရားနှင့်အခြားအယူ

'လူမတန် ကံချ'ဆိုသော စကားပုံအရ ကံအကြောင်းကောင်းစွာ အားထားယုံကြည်၍ ကမ္ဘဝါဒီအစစ်ဖြစ်ကြသော မြန်မာတို့ ကံကို ယုံကြည်ကြသကဲ့သို့ အကြောင်း အကျိုး ဆက်စပ်လျက်ရှိသော လောကဓာတ်ကြီးနှင့်တကွ သဘာဝတရားကြီးများ၏ အမှန်အကန် အကြောင်းအစစ် စိစစ်ရှာဖွေရန် ကိုယ်ပိုင်ဉာဏ်မရှိ၊ အသိဉာဏ်လမ်းစကိုလည်း မမှီရ မခိုရ၊ အသိဉာဏ် ကိုယ်ပိုင်နှဲ့ကြသူ လူအမျိုးမျိုးတို့မှာ ထင်သမျှ အကြောင်းတရား စဉ်းစားနိုင်းယှဉ်လျှင် လမ်းမမြင် ကမ်းမမြင် လမ်းဆုံးမရောက် ကမ်းဆုံးမရောက် ရှိနေကြသည့်အခိုက် ၎င်းတို့အထဲတွင် အကြံအစည်စိတ်ကူးဖြင့် အထူးထူးသောအရာများ စဉ်းစားနှိုင်းချိန်က---

- ဘုရားမှသာ ခပ်သိမ်းသော အရာကို ပြုလုပ်နိုင်ကြောင်း
- အရာခပ်သိမ်းကို ဘုရားသာ ဖန်ဆင်းနိုင်ကြောင်း
- ဘုရားမှာ အရာရာကို ဖန်ဆင်းနိုင်သော တန်ခိုးရှိကြောင်း
- အနန္တတန်ခိုးကြောင့် လောကဓာတ်ကြီး ဖြစ်ပွါးနေကြောင်း ဟောပြောသောအခါ ၎င်းတို့စိတ်ကူးနှင့် အထူးဝေးကွာသော ဒအကြောင်းတရားတို့ကို မစဉ်းစားနိုင်တော့ဘဲ "ဘုရားမှသာ တတ်နိုင်တော့မည်, ဘုရားတာဝန်သာလျှင် အကြောင်းရှိသည်"ဟု မကြံစည်နိုင်သော အရာဟူသမျှ ဘုရားတာဝန်ချ၍ အကြောင်းမဲ့ ဣဿရနိမ္မာန ဖန်ဆင်းသည်ဟူသော အယူဝါဒတို့ သက်ဝင်ယုံကြည် ကြလေကုန်၏။

အသိဉာဏ်နုနယ် ငယ်ရွယ်စဉ် ကလေးဘဝက ဆင်ခြင်စဉ်းစားတတ်သော ဉာဏ်များ မရင့်ကျက်မီ ရယ်စရာ မောစရာ ပြောဆိုလေ့ရှိကြသော 'မောင်ကြီး, မောင်ငယ် လယ်ထွန်သွား'ဝတ္ထု 'ရွှေယုံနှင့်ရွှေကျား'ဝတ္ထု စသည်များကို တကယ်တမ်း အဟုတ်ထင် အမှန်ထင်သကဲ့သို့ အသိဉာဏ် အတွေးအတော နက်နဲ့ခြင်းမရှိ၊ ဘာသာဝါဒအသိဉာဏ်

နှုလှသော လူမျိုးတို့မှာလည်း သတ္တဝါနှင့် ကမ္ဘာလောကဓာတ်အကြောင်း ကောင်းမွန်စွာ စဉ်းစားနိုင်သော ဉာဏ်အလင်းရောင် မရ၍ ဖန်ဆင်းသော လောကကြီးကို ယုံကြည်သဖြင့် ၎င်းတို့ဉာဏ်နှင့် တိုက်ဆိုင်အောင် ဟောပြောနိုင်သော အခြားဘာသာအယူဝါဒ ဟောပြောသူ ဆရာကြီးတို့၏ နောက်သို့ လိုက်ပါနာယူလျက် ၎င်းတို့ဘာသာဝင် အသီးသီး ဖြစ်ကြလေကုန်၏။

ထိုကဲ့သို့ ဘာသာဝါဒ အသီးသီးတို့သည် အကြောင်းတရားများကို ဖန်ဆင်းသူအရာ ထား၍ အကြောင်းရင်းမြစ် စိစစ်ရှာဖွေခြင်း မရှိဘဲ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော သတ္တဝါတို့အပေါ်၌ ညာတာသနားမှုကင်းပ ကရုဏာနည်းကြသဖြင့် အပြစ်မရှိသကဲ့သို့ သဘောထားလျက် နှိပ်စက်ညှဉ်းပန်း ကြမ်းတမ်းယုတ်မာသော အမှုတို့ကို အလွယ်တကူ ပြုလုပ်နိုင်ကြကုန်၏။ ၎င်းပြင် ထိုကဲ့သို့ ရက်စက်ကြမ်းကြုတ် မကောင်းမှု ပြုလုပ်ခြင်းမှ လွတ်ကင်းရန် ၎င်းတို့သည် အကြောင်းတရား ဖန်ဆင်းသူအပေါ်၌သာ တာဝန်ထားသည် အားလျော်စွာ "၎င်းအား တောင်းပန်ဝန်ချလျှင် ထိုအပြစ်မှ လွတ်ကင်း စင်ကြယ်သည်"ဟု အခြားဝါဒများ၌ အားထားယုံကြည်ကြကုန်၏။

ယခုခေတ်အခါ လောကဓာတ်ဆရာကြီးတို့သည် ကမ္ဘာပေါ်၌ အားလုံးသက်ရှိ သက်မဲ့ အရာဝတ္ထုများအပေါ်၌ အမျိုးမျိုးသော အကြောင်းများကို ၎င်းဉာဏ်တွင် သက်ဆင်းနိုင်သလောက် ထွင်းဖောက်နိုင်ရန် အထူးအထွေ ကြံစည်အားထုတ်ကြ၍ ၎င်းလောကဓာတ်ကြီး၏ အကြောင်းတရားများစွာရှိကြောင်း ကောင်းစွာယုံကြည်ကြသဖြင့် မိဘနိုးရာ စဉ်လာအတိုင်း ကိုင်းရှိုင်းလာကြသော ဘိုးဘက ဆင်းသက်လာသော အယူဝါဒကို စွန့်ခွါလျက် အကြောင်းရှိမှသာ ဖြစ်နိုင်သည်ဟူသော သဘာဝဘက်သို့ သက်ရောက်လာကြကုန်၏။ ထိုသို့ သက်ရောက်ကြသဖြင့်လည်း ၎င်းလောကဓာတ်ဆရာကြီးများသည် ဖန်ဆင်းမှု၌ အယူတရားကင်း၍ ဖန်ဆင်းသူအပေါ်၌ အမျိုးမျိုးအပြစ်ရှာလျက် အဘယ်အရာမဆို အကြောင်းတရားနှင့်မကင်းနိုင်၊ အကြောင်းနှင့် ဆက်စပ်လျက်ရှိကြောင်းများ ထင်ရှားသော အရာဝတ္ထုရှာဖွေကာ သက်သေခံ စာအုပ်စာတမ်းများ အမြောက်အများ ရေးသားထုတ်ဝေကြကုန်၏။

ဤကဲ့သို့ အခြားအယူဝါဒများ၌ အမွန်အစ သက်ဝင်ယုံကြည်ကြသည်မှာ ဖန်ဆင်းသူ ရှိသည်ဟူသော 'ဣဿရနိမ္မာန' ဖြစ်ကြောင်း သင်တို့ကောင်းစွာ သိကြသည် အားလျော်စွာ ၎င်းတို့ အယူဝါဒအသီးသီး အနည်းနည်း အဖုံဖုံသော ဖန်းဆင်းပုံ အခြင်းအရာများ "ဟုတ်နိုင်သည်, မဟုတ်နိုင်သည်၊ မှန်နိုင်သည်, မမှန်နိုင်သည်၊ ယုတ္တိရှိသည်, မရှိသည်"များကို သင်တို့လည်း သိမှတ်ပိုင်းခြားရမည်ဖြစ်၍ ၎င်းအကြောင်းအရာများကို

လည်း အခွင့်အလျောက် ရေးသားရပေမည်။ သို့မှသာ ၎င်းတို့၏ ဖန်ဆင်းခြင်း၌ အကျိုးအပြစ် မည်သို့ဖြစ်နိုင်မည်ဟု စိစစ်ရှာဖွေကြ၍ သဘာဝတရားကြီး၏ ဟုတ်မှန်သော အကြောင်းအရာများ ပိုင်းခြားဝေဖန်နိုင်ကြမည်ဖြစ်သောကြောင့် ၎င်းတို့၏ကျမ်းဂန်အရ ချိန်ဆ ဖော်ထုတ်ရေးသားရန် လိုအပ်ကြောင်းမှာ ကောင်းစွာထင်ရှား၏။

✪ ✪ ✪ ✪ ✪

## ဖန်ဆင်းခြင်းအထူးထူးအထွေထွေ

ကမ္ဘာလောကဓာတ်နှင့်တကွ အရပ်ရပ်သော သက်ရှိသက်မဲ့ အရာဝတ္ထုများကို ဘာသာဝါဒအသီးသီး၌ ဖန်းဆင်းသူ ပုဂ္ဂိုလ်ကြီးများရှိကြောင်း၊ ၎င်းသည် အမြဲတည်လျက် အတိုင်းမသိသောသတ္တဝါ၊ အတိုင်းမသိသောအရာဝတ္ထုများ ဖန်ဆင်းနိုင်သောသတ္တိရှိကြောင်း ယုံကြည်ကြသော်လည်း ၎င်းမှာ အမည်နာမ အယူဝါဒခြားနားလျက် ကွဲပြားလာကြကုန်၏။ထို့ကြောင့် ဘာသာဝင်တရားဟောဆရာများတို့ နေ-ဥပမာထား၍ ဘုရားတစ်ဆူသာရှိကြောင်း၊ သို့ဖြစ်၍ အားလုံးသောဘာသာများ အတူတူဖြစ်ကြောင်း-ယူဆခြင်းသာလျှင် ကွဲပြားကြောင်း ပြောဟောကြပြီးလျှင် ၎င်းတို့အယူဝါဒ ဖြန့်ဖြူးကြကုန်၏။ အကြောင်းတရားမှတပါး အခြားဖန်ဆင်းသူမရှိဟု အယူရှိသော ကျွန်ုပ်တို့ ဗုဒ္ဓဘာသာတော်ကြီးမှအပ အခြားဘာသာဝါဒများနှင့် ၎င်းတို့ ဟောပြောချက်များ ကိုက်ညီငြားလည်း ဗုဒ္ဓဘာသာကြီးနှင့် မူကား ဖြောင့်ဖြောင့်အားဖြင့် ဆန့်ကျင်ကုန်၏။

၎င်းတို့၏ ဖန်ဆင်းကြပုံအကျဉ်းမှာ ခရစ်ယာန်ကျမ်းစာများ၌ ၎င်းတို့ရေးသားကြသော အဆက်အနွယ်များအရ---

လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀-ကျော်လောက်က သို့မဟုတ် ခရစ်တော်မဖွားမီ အနှစ် ၄၀၀၀-ကျော်လောက်က ၎င်းတို့ဘာသာ ခေါ်ကြသည့်အားလျော်စွာ---

ဂေါ်ဒ်သည် ၆-ရက်တိုင်တိုင် ကောင်းကင်နှင့်မြေကြီး၊ အလင်းနှင့်အမိုက်မှောင်၊ ကျွန်း၊ ပင်လယ်၊ သစ်ပင်၊ ကြယ်၊ နက္ခတ်၊ တာရာ ကမ္ဘာ့တန်ဆာ သတ္တဝါအားလုံးကို ဖန်ဆင်းပြီးနောက်---

အထူးအားဖြင့် လူသတ္တဝါဖြစ်သော အာဒံနှင့်ဧဝကို ဖန်ဆင်းပြီးလျှင် ၇-ရက်နေ့မှာ နားနေလေ၏။ ထိုသို့ နားနေသောနေ့ကိုပင် အကြောင်းပြု၍ ၎င်းတို့ဘာသာဝင် အပေါင်းတို့သည် ၎င်းကို့အထွတ်အထိပ်ထားသော ဂေါ်ဒ်၏နားနေသော နေ့-ဟု ယုံကြည်ကြသဖြင့်

အချို့ခရစ်ယာန်ဂိုဏ်းက တနင်္ဂနွေ, အချို့ဂိုဏ်းက စနေနေ့၌ ဥပုသ်နေ့ထား၍ အလုပ်နား ကြလေကုန်၏။

လောက၌ မိမိပိုင်နိုင်သည့်အလျောက် ပြုလုပ်ထားသော အရာဝတ္ထုတစ်ခုခုကို နောက်ထပ်တစ်ဖန် သဘော၌ မနှစ်မြို့က်ပြန်က စိတ်ကူးစိတ်သန်း ထူးဆန်းသည့်အတိုင်း ပြုပြင်နိုင်သည့်အပြင် တတ်ကျွမ်းလိမ္မာ ကိုယ့်ပညာ၌ ဆင်ခြင်စဉ်းစား နှိုင်းချိန်တိုင်းထွာ နိုင်သော ဆေးသမားများပင် တစ်ခါတစ်ရံ အခန့်မသင့်၍ အခွင့်မသာသဖြင့် အမှားသို့ပင် ရောက်စေကာမူ ပညာဉာဏ်အခြေခံတို့ဖြင့် အမှန်သို့ရောက်အောင် ပို့ဆောင်နိုင်သေး၏။ သို့သော်လည်း ကမ္ဘာကြီးနှင့်သတ္တဝါအားလုံးကို ဖန်ဆင်းနိုင်သော အနန္တတန်ခိုးရှင်ဖြစ်၍ အတိုင်းမသိသော အာဏာနှင့်ပြည့်စုံသည်ဟု ရေးသားကြသော ဂေါ့ဒ်မှာ မိမိစကား မနာယူသော အာဒမ်, ဧဝနှင့် မြွေတို့ကို ဖန်ဆင်းမိခဲ့၍ အခက်အခဲ အကျပ်အတည်းနှင့် တွေ့ကြုံသဖြင့်---

- အကောင်းအဆိုးသိတတ်သော အသီးကို စားရန် သွေးဆောင်တတ်သော သင်မြွေမှာ အခါခပ်သိမ်း ဝမ်းဗိုက်ဖြင့်သွား၍ မြေကို စားရစေသတည်း၊
- ပညတ်ချက် နားမထောင်သော ဧဝမှာ ကိုယ်ဝန်ဆောင် သားဖွား၍ လင်သားများ အုပ်ချုပ်ခြင်း ခံရစေသတည်း၊
- ၎င်းပြင် ငါ့စကားကို မနာယူဘဲ မိန်းမစကားနားထောင်သော သင် အာဒမ်မှာ ပင်ပန်းငြိုငြင်စွာ အသက်မွေးခြင်းဖြင့် အသက်ကုန်လွန်စေသတည်း၊

အသီးသီးကို ကျိန်ဆဲ၍ စိတ်ဆိုးစွာ ကောင်းကင်ဘုံ ဧဒင်ဥယျာဉ်မှ ၎င်းတို့ကို နှင်ထုတ်ရကြောင်း ၎င်းတို့ ဂေါ့ဒ်ပညတ်တော်ဟု ခေါ်သော ဗိုက်ဗဲလ်ကျမ်း၌ ရေးသားခဲ့ကြ၏။

၎င်းပြင် မိမိသဘောအလျောက် သတ္တဝါတို့ကို ဖန်ဆင်းတော်မူသော ဂေါ့ဒ်သည် အစအဦး၌ပင် မိမိအရှင်စကား နားမထောင်သော အာဒမ်နှင့်ဧဝတို့ကို ဖန်ဆင်းမိသောကြောင့် ၎င်းတို့မှဖြစ်ပွါးသော ကိန်းနှင့်ဧဗလ ၂-ယောက်တို့တွင်လည်း ဂေါ့ဒ်၏ မေတ္တာတော် ဧဗလ်အပေါ်မှာသာ သက်ဝင်ကြောင်းသိရ၍ ကိန်းက ရန်ညှိုးထားလျက် ၎င်းအားသုတ်သင်လိုက်သည့်ပြင် "အသင်၏ညီ ဧဗလ် ယခု ဘယ်သွားသနည်း"ဟု မေးသော ကျေးဇူးတော်အရှင် အမေးစကားကို မလေးမစား "ကျွန်ုပ် အဘယ်မှာဟု အဘယ်သို့ သိအံ့သနည်း။ ကျွန်ုပ်သည် ညီကို (စောင့်)ရှောက်သူလား"ဟု ဆန့်ကျင်စကား ဆိုပြောသော အဖြေကို ရသဖြင့် ဖန်ဆင်းမှုအကျိုးတရား ဆိုးဝါးသော အကြောင်းတွေ့ရသော ဂေါ့ဒ်သည်

တစ်ချက်လွှတ် ကျိန်ဆဲခြင်း တန်ခိုးတော်ကို အသုံးပြုတော်မူလျက် "နင့်မှာ ပင်ပန်းဆင်းရဲစွာ မြေကို ထွန်ယက် လုပ်ကိုင်စားသောက်ရစေသတည်း၊ တွေ့ကြုံသော လူတိုင်းက သင့်ကို သတ်ဖြတ်စေသတည်း"ဟု အမိန့်မြွက် သတ်မှတ်တော်မူလေ၏။ ထိုမျှမက ၎င်းတို့မှ ဆင်းသက်သော အဆက်အနွယ်တို့အပေါ်မှာလည်း ဂေါဒ်အလိုတော်မကျဘဲ ၁၀-ဆက် လွန်မြောက်အောင် သည်းခံချုပ်တည်းလာခဲ့ရပြီး ၎င်းအာဒမ်အနွယ်ဖြစ်သော စကားတော် နားမထောင်သူများကို ၎င်းတို့ကောင်းကင်ဘုံမှ နှင်ထုတ်ပြီးနောက် နှစ်ပေါင်း ၁၆၀၀-ကျော်လောက်မှာ ကမ္ဘာကြီးကို ရေဘေးအားဖြင့် လွှမ်းမိုးဖျက်ဆီးလျက် ၎င်းတို့၏ အဆက်အနွယ်များကို သုတ်သင်တော် မူခဲ့လေ၏။ ၎င်းအာဒမ်မှ စ၍ ဆင်းသက်လာသော အဆက်အနွယ်တို့မှာ ၎င်းတို့ ကျမ်းစာအရ အောက်ပါအတိုင်း ဖြစ်ကုန်၏

၁။ **အာဒမ်**၏အသက် ၁၃၀-၌ **ဆက်သ်**ကို ဖြစ်စေ၏။ အသက် ၉၃၀-မှာ ၎င်းသေဆုံး၏။

၂။ ဆက်သ်၏အသက် ၁၀၅-မှာ **အီနော့**ကိုဖြစ်စေ၍ ၎င်း၏အသက် ၉၁၂-မှာ သေဆုံး၏။

၃။ အီနော့၏အသက် ၉၀-မှာ **ကိန်းနန်း**ကိုဖြစ်စေ၍ ၎င်း၏အသက် ၉၀၅-မှာ သေဆုံး၏။

၄။ ကိန်းနန်း၏အသက် ၇၀-မှာ **မဟာလာလဲလ်**ကိုဖြစ်စေ၍ ၎င်း၏အသက် ၉၁၀-မှာသေဆုံး၏။

၅။ မဟာလာလဲလ်၏အသက် ၆၅-မှာ **ဂျာရက်**ကို ဖြစ်စေ၍ ၎င်း၏အသက် ၈၉၅-မှာ သေဆုံး၏။

၆။ ဂျာရက်၏အသက် ၁၆၂-မှာ **အီနော့စ်**ကိုဖြစ်စေ၍ ၎င်း၏အသက် ၉၆၅-မှာ သေဆုံး၏။

၇။ အီနော့စ်၏အသက် ၆၅-မှာ **မသူဆိုလာ**ကို ဖြစ်စေ၍ ၎င်းအသက် ၃၆၅-မှာ သေဆုံး၏။

၈။ မသူဆိုလာအသက် ၁၈၇-မှာ **လင်မက်**ကိုဖြစ်စေ၍ ၎င်း၏အသက် ၉၆၆-မှာသေဆုံး၏။

၉။ လင်မက်၏အသက် ၁၈၅-မှာ **နိုအာ**ကို ဖြစ်စေ၍ ၎င်း၏အသက် ၇၇၇-မှာ သေဆုံး၏။

၁၀။ နိုအာသည်အသက် ၅၀၀-အတွင်း **ရှစ်စတစ်ငံနှင့်ဂျေဖတ်**တို့ကို ဖြစ်ပွါးစေ၍ နောက်အနှစ် ၁၀၀-မြောက် ၎င်း၏အသက် ၆၀၀-မှာ ၎င်းတို့၏ ဂေါ့ဒ်အရှင်၏ အပြစ်ဒဏ်ထဲတွင် မပါဝင်ဘဲ ၎င်း၏ကရုဏာဖြင့် နေရလေ၏။

ဤသို့အားဖြင့် နိုအာသို့တိုင်အောင် အဆက်အနွယ်တို့ကို ဖြစ်ပွါးစေ၍ အနှစ် ၁၆၅၆-ခုနှစ်လောက်မှာ ကမ္ဘာသူအားလုံးတို့သည် ကြီးစွာသောအမှားပြုကြ၍ ဂေါ့ဒ်အရှင်သည် တစ်ကမ္ဘာလုံးရေလွှမ်းမိုး သတ်ဖြတ်ခြင်းတည်းဟူသော အကြမ်းတမ်းဆုံးသော အပြစ်ဒဏ်ထားလျက် ကမ္ဘာသားအားလုံးကို သတ်ဖြတ်လေ၏။ သို့သော်လည်း အာဒမ်မှ ဆင်းသက်၍ ၁၀-ဆက်မြောက်ဖြစ်သော နိုအာကို ကမ္ဘာဖျက်မည်အပြုတွင် ကရုဏာ

ထား၍ စားရေရိက္ခာ အပြည့်အစုံနှင့် ၎င်း၏သား၊ သမီးများအားလုံး နေထိုင်နိုင်ရန်ဖြစ်သော လှေကြီးတစ်ခုပြုလုပ်ရန် အစောက ဂေါ်ဒ်အရှင် အကြံပေးထားသဖြင့် ၎င်းအတိုင်း ပြုလုပ်၍ ၎င်းနိုအာ၏ သား၊ သို့းအဆက်အနွယ်များသာ ချမ်းသာပြီး အခြားကမ္ဘာသူ၊ ကမ္ဘာသား အားလုံးတို့မှာ ရေဘေးကြီးဖြင့် ပရမ်းပတာ ပျက်ဆီးဆုံးရှုံးကြလေကုန်၏။

ထိုသို့ကမ္ဘာကြီး ဖျက်ဆီးပြီးနောက် ၂-နှစ်မြောက်၌ ၎င်းနိုအာ၏ သားအကြီးဖြစ်သော ရှင်းမ်မှာ **အာဖက်ဆက်ကို** ဖြစ်စေ၏။ ၎င်းနိုအာမှာ **ဘေရာဟင်တိုင်အောင်** အဆက်အနွယ်တို့မှာ အောက်ပါအတိုင်း ဖြစ်ကုန်၏။

၁။ **နိုအာ၏သား ရှင်းမ်သည် အာဖက်ဆက်ကို** ဖြစ်စေ၏။

၂။ အာဖက်ဆက် အသက် ၃၅-မှာ **ဆလာကို** ဖြစ်စေ၏။

၃။ ဆလာ၏ အသက် ၃၀-တွင် **အီဘာကို** ဖြစ်စေ၏။

၄။ အီဘာ၏ အသက် ၃၄-တွင် **ဝီလက်ကို** ဖြစ်စေ၏။

၅။ ဝီလက်အသက် ၃၀-မှာ **ဂျူးကို** ဖြစ်စေ၏။

၆။ ဂျူး၏အသက် ၃၂-မှာ **ဆာရပ်ကို** ဖြစ်၏။

၇။ ဆာရပ်အသက် ၃၀-မှာ **နာဟော်ကို** ဖြစ်စေ၏။

၈။ နာဟော်အသက် ၂၉-မှာ **တာရားကို** ဖြစ်စေ၏။

၉။ တာရားအသက် ၇၀-မှာ **ဘေရစ်နာဟော်တာရမ်တို့ကို** ဖြစ်စေ၏။

၎င်းနောက် ဘေရာဟင် အသက် ၉၉-နှစ်ရှိ၍ နိုအာမှ ၃၉၁-နှစ် သို့မဟုတ် အာဒမ်မှစ၍ ၂၀၄၇-နှစ်သို့ ရောက်သောအခါ ဂေါ်ဒ်အရှင်သည် ဘေရာဟင် အထံသို့ လာ၍ ၎င်းက ဘေရာဟင်အား ချစ်ခင်မြတ်နိုးစွာ မေတ္တာဖြင့် ပညတ်ပဋိညာဏ် ထားသည်မှာ-

၁၀။ သင်သည်အရေပြားဖြတ်ခြင်း မင်္ဂလာကို ခံယူရမည်။ ၎င်းပြင် ထိုသို့ပြုခြင်း သည် သင်နှင့်ငါ ပဋိညာဏ်ပြုခြင်း အထိမ်းအမှတ် ဖြစ်လိမ့်မည်။

၁၂။ သင်၏ အဆက်အနွယ်ထဲ၌ ၈-ရက်မျှသာရှိသော ကလေးမှစ၍ ၎င်းအရေဖြတ်သော မင်္ဂလာယူရမည်။

စသည်ဖြင့် ၎င်းဓမ္မဟောင်း ဗိုက်ဗဲလ်ကျမ်းက ကမ္ဘာဦးကျမ်းအပိုင်း-၁၇၊ အပိုဒ်-၁၁ နှင့်၁၂-မှာ ဆိုထားသည့်ပြင် ဘေရာဟင်သည် ဂေါ်ဒ်အရှင်၏ ပညတ်ချက်ကို နာယူ၍ အသက် ၉၉-နှစ်မှာ သူနှင့် သူ့အိမ်သား ယောကျာ်းအားလုံးတို့သည် အရေဖျားဖြတ် မင်္ဂလာကို

ခံယူကြလေကုန်၏။ ၎င်းမှာ သူတို့၏ယောကျ်ားကိုယ် အရေဖျားဖြတ်ခြင်းဖြစ်၍ ယခုအခါ ၎င်းအလေ့အကျင့်ကို မဟာမေဒင်ဘာသာ၌ အလွန်လေးစား၍ ၎င်းဘာသာဝင်များ လိုက်နာပြုကြကုန်၏။

✪ ✪ ✪ ✪ ✪

## အုံညြဖွယ် အဖြစ်အပျက်

၎င်းပြင် ဘေရာဟင်နှင့်ညီအကို ဟော်တာရမ်က ဖြစ်ပွါးသော ၎င်း၏တူ လော့တ် သည် ဘေရာဟင်နှင့်မသင့်မြတ်၍ လက်ဝဲဘက်လမ်းက ခွဲခွါပြီးလျှင် ဆိုဒမ်နှင့် ဂိုမိုရာမြို့ များသို့ ရောက်ရှိနေထိုင်သောအခါ အရှင်ဂေါ့ဒ်၏ ကောင်းကင်တမန်များက "ငါတို့အရှင် ဂေါ့ဒ်သည် ဆိုဒမ်နှင့်ဂိုမိုရာ မြို့သူ, မြို့သားများ အမှားပြုကြသဖြင့် မတရားပျက်စီးလိမ့်မည်။ သင်တို့ ဤနေရာမှ ထွက်ပြေးကြလော၊ နောက်သို့လှည့်မကြည့်နှင့်"ဟု ပြောဆိုကြသဖြင့် သူသည် ၎င်း၏သမီးများ, မယားနှင့်တကွ ဇိုအာနယ်တောင်တစ်ခုသို့ ထွက်ပြေးကြလေကုန်၏။ သို့သော်လည်း သူ့မိန်းမမှာ ကန့်ကျောက်မိုယ်းရွာ၍ တောက်ပြောင်စွာ လောင်ကျွမ်းနေ သော ၎င်းမြို့များ၏ ထူးဆန်းသောအာရုံ၌ အလွန်နှစ်ခြိုက်၍ အရှင်ဂေါ့ဒ်၏ ပညတ်ချက်ကို ဂရုမစိုက်မိဘဲ လှည့်၍ကြည့်လိုက်ရာ လူပကတိက ဆားတိုင်ကြီး ဖြစ်သွား၏။

၎င်းလော့တ်မှာ သမီး ၂-ယောက်မှတပါး အခြားသူမရှိဘဲ ၎င်းတော၌ ကြာရှည် လေးမြင့်စွာ နေရ၍ ကာလအတန်ကြာသောအခါ သမီးကြီးက "ငါတို့မှာ ယောကျ်ား တစ်ပါးနှင့် ပျော်ပါးဖို့ အခွင့်မှာ အလွန်ဝေးလှ၏၊ ၎င်းတို့အဖေကို အရက်တိုက်၍ ပျော်ပါးမှ အခွင့်ရတော့မည်ပင်၊ အဘ၏အဆက်အနွယ် မျိုးစေ့များလည်း မပျောက်မပျက်ဘဲ ရှိလိမ့်မည်"ဟု ၎င်း၏ညီမနှင့် တိုင်ပင်၍ ၎င်းအဘကို အရက်တိုက်ပြီးလျှင် သူ့ညီမနှင့် တစ်ယောက် တစ်လှည့်ဆီ ပျော်ပိုက်နေထိုင်ကြသဖြင့် ၎င်းနိုအာ၏သမီး ၂-ယောက်တို့တွင် အကြီး သမီးမှာ မိုအပ်ခေါ်သော သားတစ်ယောက်နှင့် သမီးအငယ်မှာ ဘင်နတ်မီခေါ်သော သားတစ်ယောက်စီ အဘ၏မျိုးစေ့ရရှိကြကြောင်း၊ ဂျင်နက်ဆစ်စ်ခေါ် ၎င်းတို့၏ ကမ္ဘာ ဦးကျမ်း အခန်း-၁၉၊ အပိုဒ် ၁-က စ၍ ၃၈-ထိအောင် အကျယ်ဆိုထား၏။

✪ ✪ ✪ ✪ ✪

## ဂေါ့ဒ်အရှင်၏ ပညတ်တော်

ဂျင်းပြင် ဂျင်းတို့ကျမ်းစာ၌ ကောင်းမွန်သောအရာ ကောင်းမွန်သော ပညတ်ချက်များ ရှိပါသော်လည်း အချို့ မကောင်းသော ပညတ်ချက်တည်းဟူသော မကောင်းသော သဘာဝတရား ရောယှက်ပါလျှင် အရာရာ၌ ကောင်းမွန်သော သူကောင်းလူကောင်း တစ်ယောက်အား မကောင်းသောအချက်တစ်ခု ရောနှောပါက ကောင်းမွန်သောအရာများ ပျက်ပြားရသကဲ့သို့ ကောင်းမွန်သော ပညတ်ချက်များ ပျက်ပြားရပေလိမ့်မည်။ ထို့ကြောင့် ဂျင်းတို့၏ ကျမ်းစာ၌ ၁၀-ပါးသောပညတ်တော်-ဟု ခေါ်ဆိုနေကြသော ကောင်းမြတ်သောတရား-ဟု ဂျင်းတို့လေးစားသော ပညတ်ချက်များမှာ ထိုအိုက်ဇိုဒပ်စ်ခေါ် ထွက်မြောက်ရာကျမ်း အခန်း-၂၀၊ အပိုဒ်-၆ မှ ၁၇-အထိ ပညတ်ထား၏။

၁။ သင်တို့သည် ဂေါ့ဒ်၏အမည်ကို အချည်းအနှီး မပြုလုပ်ရ။ ဂျင်းတို့ကို အပြစ်လွတ်ကင်းခြင်းမှ ကြည့်ရှုရမည်မဟုတ်။
၂။ သင်တို့သည် ၆-ရက်တို့၌ အလုပ်လုပ်ကြရမည်။
၃။ ၇-ရက်မြောက်၌ မြင့်မြတ်သော နေ့အား ထားရမည်။
၄။ သင်တို့၏ ဂေါ့ဒ်အရှင် နားနေသော နေ့ဖြစ်၍ အလုပ်မလုပ်ရ။
၅။ သင်တို့ အမိ, အဘများကို ရိုသေကြရမည်။
၆။ သင်တို့သည် သတ်ဖြတ်ခြင်းကို မပြုရ။
၇။ သင်တို့သည် မှားသော အကျင့်ကို မကျင့်ရ။
၈။ သင်တို့သည် သူ့ဥစ္စာကို မခိုးရ။
၉။ သင်တို့သည် အိမ်နီးခြင်းများအား မုသားသက်သေ မဆိုရ။
၁၀။ သင်တို့သည် အိမ်နီးနားခြင်း၏အိမ်ကို လိုချင်တက်မက် မရှိရ။ သင်တို့သည် သင်တို့၏ အိမ်နီးချင်း မယား, အစေခံယောကျ်ား, အစေခံမိန်းမ, သူ့နွား, သူ့မြည်း သို့မဟုတ် သူ့ဥစ္စာ တစ်ခုခုကို မတပ်မက်ရ။

ဤသို့အားဖြင့် အချို့ ကောင်းသောအချက်များ တရားလျော်စွာ စဉ်းစားအပ်သော်လည်း အထွတ်အထိပ်ထားသော အယူဝါဒအတွက်ကား ဂျင်းကောင်းသောအချက် အချို့မျှဖြင့် မစဉ်းစားဘဲ အားလုံးခြုံလျက် အစမှ အဆုံးသတ် ဆင်ခြင်အပ်ကြောင်းမှာ-

မြတ်စွာဘုရားလက်ထက်တော်က အချို့နိဂဏ္ဌအယူဝါဒများ၌ ကောင်းမွန်မှန်ကန်သော တရားများ ပါငြားသော်လည်း တစ်စိတ်တစ်ဒေသမျှသာ ဖြစ်၍ သူကန်း ၆-ယောက်

ဆင်စမ်းသော ဥပမာဖြင့် ဟောကြား၍ ဘုရားစသော အရိယာအရှင်တို့သည် စင်စစ်အားဖြင့် ချီးမွမ်းတော်မမူကုန်။ သို့သော်လည်း သဘာဝတစ်ခုစီ ထုတ်ဖော်မေးမြန်းအံ့၊ ဟုတ်မှန်သော တရားဖြစ်က ဟုတ်မှန်ကြောင်း ဖြောင့်မတ်စွာ ဝန်ခံရမည့်အပြင် မမှန်သော တရားဖြစ်ကလည်း မည်သည့်အတွက်ကြောင့် မှားသည်-ဟု ဗုဒ္ဓဘာသာတရားတော်အရ ဖွင့်ထုတ်ပြောဆိုရပေလိမ့်မည်။

✪ ✪ ✪ ✪ ✪

## ဂေါ့ဒ်အရှင်နှင့်ဖန်ဆင်းမှု

- ကမ္ဘာကြီးကို ဖန်ဆင်းသော ဂေါ့ဒ်အရှင်သည် မည်မျှလောက် ကြာခဲ့ပြီ၊
- မည်သည့် အခါက ဖြစ်ခဲ့သည်၊
- နောက် မည်မျှလောက် ကြာရှည်စွာ တည်ရှိမည်-

စသည်ဖြင့် မေးမြန်းလျှင် ၎င်းဘာသာဝင်တို့က ၎င်းတို့ကျမ်းဂန်အားလျော်စွာ ဂေါ့ဒ်အရှင်သည် အစမှအဆုံး မရှိ၍ အဆုံးအပိုင်းအခြားမရှိသော တန်ခိုးတော်နှင့်ပြည့်စုံသဖြင့် ဘယ်အခါက စ-သည်, ဘယ်အခါ ဆုံးမည်ဟူ၍၎င်း ဘယ်ကဲ့သို့ စ-သည်, ဘယ်ကဲ့သို့ ဆုံးမည်ဟူ၍၎င်း ဂေါ့ဒ်အရှင်အား မဆုံးဖြတ်နိုင်-ဟု ဖြေကြားပေလိမ့်မည်။ ၎င်းပြင် ယခုလက်ရှိ ကမ္ဘာမှတစ်ပါး အခြားအလားတူ ကမ္ဘာများကို လွန်ခဲ့သောအခါက မည်မျှလောက် ဖန်ဆင်းခဲ့ဖူးသည်၊ နောက်ကိုလည်း ကမ္ဘာပေါင်းမည်မျှ ဖန်ဆင်းရဦးမည်။ ယခုကမ္ဘာလည်း မည်မျှ ကြာရှည်ဦးမည်နည်း-ဟု မေးမြန်းလျှင်လည်း ၎င်းတို့ကျမ်းစာအရ အတိတ်ကမ္ဘာကလည်း မရှိ၊ အနာဂတ်ကမ္ဘာလည်း ၎င်းကျမ်းစာ၌ မပါ၊ ယခုကမ္ဘာလည်း ကမ္ဘာဖျက်ကျမ်းတို့၌ မည်သည့်အခါပျက်မည်-ဟု မဆို၍ ဖြေဆိုဖို့ရန်မှာ ခဲယဉ်းပေလိမ့်မည်။ ၎င်းပြင်လည်း အနန္တဆိုသည်မှာ လွန်ခဲ့သော အတိတ်သို့ လျှောက်လျှင်လည်း အဆုံးသို့မရောက်နိုင်၊ မရှိနိုင်။ လာလတ္တံ့သော အနာဂတ်ကို မျှော်လျှင်လည်း အဆုံးမထင်၊ ယခုပစ္စုပ္ပန်တွင်လည်း မည်မျှလောက်သာ သိ၏ဟု- မပြောကြားနိုင်သည်ကို ဆိုရမည်ဖြစ်၍ အနန္တဟူသော စကားနှင့် ထိုက်တန်အောင် အတိတ်, အနာဂတ်, ပစ္စုပ္ပန်နှင့် စပ်၍ ပညတ်ချက်တစ်စုံတစ်ရာ ၎င်းတို့ကျမ်းဂန်မှာ မတွေ့ရသဖြင့် အတိအကျ ပြောကြားဖြေဆိုရန် ခဲယဉ်းပေလိမ့်မည်။

သို့သော်လည်း ၎င်းတို့၏ ဘာသာဝါဒ၌ သက်ဝင်ယုံကြည်ခြင်းတည်း ဟူသော စွဲလမ်းမှုကြီးသည် လွှမ်းမိုးလျက် ဖွဲ့မြဲသန်စွာ ဖန်ဆင်းမှု၌သာ နက်နက်နဲနဲ စွဲပြီး သက်ဝင်

လျက် အကျိုးအကြောင်း ကောင်းစွာမဆင်ခြင်နိုင်ဘဲ ဂေါ်ဒ်အရှင်ဖန်ဆင်းပြုလုပ်သမျှ ဘယ်အရာမဆို ဟုတ်မှန်သည်, ကောင်းမွန်သည်-ဟု တစ်ဖက်သတ် ယုံကြည်စွဲလမ်းမှုများက ၎င်းဘာသာဝင်တို့အား ဆွဲဆောင်သွားကြကုန်၏။ လောက၌ ကောင်းသည်, မကောင်းသည်၊ ဟုတ်သည်, မဟုတ်သည်၊ မှန်သည်, မမှန်သည် စသည်ဖြင့်ဆိုအပ်သော သဘာဝတရားနှင့် ဆန့်ကျင်ဘက်တရားတို့သည် ပြိုင်ဆိုင်လျက်ရှိကြသဖြင့်, ပညာရှိသူတို့သည် ကောင်းသောအရာကို ကောင်းသည်၊ မကောင်းသောအရာကို မကောင်းသည်၊ ဟုတ်မှန်သောအရာကို ဟုတ်မှန်သည်၊ မဟုတ်မှန်သောအရာကို မဟုတ်မှန်သည်ဟု တိကျစွာ ဖြေဆိုအပ်သောကြောင့်-

- ကောင်းသောအရာကို ပြုလုပ်သူများကို လူကောင်း, လူလိမ္မာဟူ၍ရင်း
- မကောင်းသောအရာကို ပြုလုပ်သူများကို လူယုတ်, သူမိုက်ဟူ၍ရင်း သမုတ်ပညတ် ပြောဆိုကြကုန်၏။
- လောက၌ လူကောင်းများနှင့် ဆန့်ကျင်ဘက် လူမိုက်များကိုရင်း
- ကောင်းမွန်သော အရာနှင့် ဆန့်ကျင်ဘက် မကောင်းသောအရာများကိုရင်း
- အဆိပ်ရှိသောသတ္တဝါ သစ်, ကျား, သားရဲစသော ညှဉ်းဆဲတတ်သော သတ္တဝါများကိုရင်း-

ဖန်ဆင်းခြင်းသည် မည်သည့်အကျိုးရှိပါသနည်း- ဟု မေးလျှင် ၎င်းစွဲလမ်းမှုများဖြင့် လွှမ်းမိုးသူများသည် တစ်ဖက်တစ်လမ်းအားဖြင့် အသုံးဝင်သော အရာများဖြစ်ကြသည်၊ မကောင်းသောသူများ အပြစ်ဒဏ်ပေးရန် အဆိပ်ထန်သောသတ္တဝါ, ညှဉ်းဆဲသတ်ဖြတ်နှိပ်စက်တတ်သော သတ္တဝါများကို ဖန်ဆင်းထားသည်ဟု- ၎င်းတို့ယုံကြည်သည်အား လျော်စွာ ဖြေဆိုကြပေလိမ့်မည်။

✪ ✪ ✪ ✪ ✪

## ခရစ်ကျမ်းသစ်အကြောင်း

ခရစ်ယာန်ကျမ်းဟောင်းအကြောင်း အနည်းငယ် အကျဉ်းမျှ အထက်က ရေးသားခဲ့သလောက်နှင့်ပင် ဆင်ခြင်စဉ်းစား ပိုင်းခြားဝေဖန်နိုင်သော်လည်း အချို့ခရစ်ယာန်များသည် ၎င်းကျမ်းဟောင်းများကို မလေးမစားဘဲ ကျမ်းသစ်၌ ပြဆိုအပ်သော အကြောင်းအရာများကိုသာ လေးစားလျက် အခိုင်အမာထား၍ ယူကြကုန်၏။ ထိုကြောင့် ၎င်းတို့၏ ခရစ်ယာန်ကျမ်းစာသစ်ကိုလည်း စိစစ်ရှာဖွေ နှိုင်းချိန်စရာများ လိုလားအပ်သည်ဖြစ်၍ ၎င်းကျမ်းသစ်များ

တွင် အစအဦးဖြစ်သော ဆိန်တ် မသျှူး, မက်သျှူးကျမ်း၌ ဂျီဆက်ဆ်အကြောင်း အတ္တုပ္ပတ္တိနှင့် ဆက်စပ်သော အကြောင်းအရာများ စဉ်းစားနိုင်းချိန်အပ်၏။

၎င်းတို့၏ကျမ်းအရ ကမ္ဘာဦးက ဆင်းသက်လာကြသော ဧဘရာဟင်, ဒေဗစ်တို့၏ အဆက်အနွယ်ပင်ဖြစ်သော်လည်း ဂျေကော့မှာ များစွာသေးသိမ်သော အခြေအနေသို့ ရောက်နေ၍ ၎င်း၏သား ဂျိုဇက်အား မိမိ၏ ဆင်းရဲသောအခြေအနေအား လျော်စွာ အတန်းတူမျှသည့် မေရီအမည်ရှိသော သူငယ်မနှင့် ကြောင်းလှမ်းပြောဆိုထားရာ ၎င်းသူငယ်မမှာ အုံးအိပ်ရာမယှဉ်မီက ကိုယ်ဝန်ရှိနေကြောင်းသိရ၍ လူများမသိစေဘဲ တိတ်တဆိတ် ထွက်သွားမည်အကြံပြုသည်တွင် "သန့်ရှင်းသောဝိညာဉ်တော်သည် မေရီ၏ဝမ်း၌ ကိန်းအောင်းနေကြောင်း၊ မေရီကို မစွန့်သင့်ကြောင်း၊ ၎င်းအတွက် ယုံမှားမရှိ သန့်ရှင်းရမည့် အကြောင်း" စသည်ဖြင့် ဂျိုဇက်မှာ အိပ်မက်မြင်မက်လေသည်-ဟု သက်သေထောက်ခံချက်မရသော အိပ်မက်စကားကို ဘာသာ၌ သက်ဝင်ယုံကြည်သည်အားလျော်စွာ အခိုင်အမာစွဲလမ်းကြသည့်အပြင် "ဝိညာဉ်တော် သန့်ရှင်း၍ သန့်ရှင်းသော အပျိုကညာစင်ဝမ်း၌ ကိန်းအောင်းနေရသည်"စသည်ဖြင့် ဝိညာဉ်တော် မြေသို့သက်ကြောင်း ချဲ့ထွင်ရေးသားခမ်းနားအောင် ပြုလုပ်ကြကုန်၏။

၎င်းပြင်လည်း ယုံကြည်သက်ဝင်သည်အားလျော်စွာ ဂျီဆက်၏အဖေ ဂျိုဇက်မှာ အခြေအနေအားဖြင့် သေးသိမ်သော်လည်း အမျိုးအနွယ်အားဖြင့် မြင့်မြတ်ကြောင်း၊ ၎င်း၏တပည့်များဖြစ်ကြသော ဆိန့်တ် မက်သျှူး, ဆိန့်တ် လျူက်တို့က ကမ္ဘာဦးဖြစ်သော မင်းမျိုးအနွယ်နှင့် ဆက်သွယ်ပြကြသော်လည်း တစ်ဦးနှင့်တစ်ဦး မတူကြသည်မှာ အောက်ပါအတိုင်း ကွဲပြားကြကုန်၏။

✪ ✪ ✪ ✪ ✪

## ဆိန့်တ်မက်သျှူး၏ အဆက်အနွယ်များ

| | | |
|---|---|---|
| ၁။ | ဧဘရာဟင်မှစ၍ ဒေဗစ်တိုင်အောင်---- | ၁၄-ဆက် |
| ၂။ | ဒေဗစ်မှစ၍ ဗေဗိန်ထွက်သွားသည်တိုင်အောင်- | ၁၄-ဆက် |
| ၃။ | ၎င်းမှ ဂျိုဇက်တိုင်အောင်----- | ၁၄ ဆက် |
| | အားလုံးပေါင်း----- | ၄၂-ဆက်ရှိကြောင်း ဆက် |

သွယ်ပြ၏။

## ဆိန့်က်လျှက်၏ အဆက်အနွယ်များ

၁။ ဘေရာဟင်မှ စ၍ ဂျိဇက်တိုင်အောင် ၅၅-ဆက် ရှိ၏။

၂။ ဂျိဇက်မှ စ၍ ကမ္ဘာဦးအစတိုင်အောင် ၇၆-ဆက် ရှိ၏။

ဤသို့ဆိုသဖြင့် အဆက်အနွယ်ခြင်း မကိုက်ညီကြကုန်။

ထိုသို့ပင် မကိုက်ညီကြသော်လည်း ၎င်းတို့ဘာသာဝင်များ မှတ်ချက်ရေးသားကြသည်မှာ ဆိန့်တ်မက်သျူးသည် မင်းစဉ်မင်းဆက်ကို ဆို၍ ဆိန့်တ်လျှက်မှာ ဆွေစဉ်မျိုးဆက်ကို ဆိုကြောင်း၊ သို့ဖြစ်၍ အဆက်အနွယ်ဖော်ပြချက် မညီမျှကြောင်း ဖြေဆိုရေးသားကြကုန်၏။

၎င်းပြင် ကျမ်းဟောင်းများ၌ ရေးသားသော ကမ္ဘာဦးမှစ၍ အဖြစ်အပျက်အားလုံးတို့သည် **ဂျေရှုဆလင်** နယ်ပယ်တဝိုက် **ရဟူဒီ** သို့မဟုတ် ဂျူးလူမျိုးများလောက်သာ များသောအားဖြင့် ဖြစ်၍ အနှစ် ၄၀၀၀-မျှလောက်သော ခန့်မှန်းခြေ ရှိပေလိမ့်မည်ဖြစ်သောကြောင့် အလွန်ကျယ်ပြန့်လှသော ကမ္ဘာကြီးနှင့် အခြား အလွန်များပြားလှသော လူမျိုးများ၏ အကြောင်းအရာ မပါရှိသဖြင့် အတိုင်းမသိသော ဉာဏ်တော်နှင့်တန်ခိုးတော်တို့သည် ရေးသားခဲ့သည့်ကျမ်းစာအရ မကျယ်ပြန့်လှသကဲ့သို့ ဖြစ်၍နေ၏။ ထိုမှတပါး အနောက်နိုင်ငံသား လောကဓာတ်ဆရာကြီးများကပင်လျှင် ဂေါဒ်အရှင် ကမ္ဘာကြီးဖန်ဆင်းသည်ထက် ရှေးကျ၍ အနှစ် ၄၀၀၀-မကသော ကမ္ဘာ့အကြောင်းများ ရေးသားထားကြသဖြင့် ၎င်းတို့အချင်းချင်းပင် ဆန့်ကျင်သကဲ့သို့ ဖြစ်နေ၏။

ထိုမှတပါးလည်း ၎င်းတို့ကျမ်းဂန်အားဖြင့် ဂိုဆက်ဆံသည် အလွန်သန့်ရှင်းသော အပျိုစင် မေရီ၏ဝမ်းမှာ တည်နေရကြောင်း၊ ကောင်းကင်တမန်များပြောကြားချက်အရ သိရကြောင်းစသည်ဖြင့် ၎င်းတို့ကျမ်းစာသစ်အားလျော်စွာ ပြောဆိုရေးသားကြသည့်အတိုင်း စဉ်းစားနှိုင်းချိန်ကြသည်မှာ "ဂေါဒ်သည် အနန္တတန်ခိုးတော်ရှိလျှင် အမိဝမ်းတွင်း ကိန်းအောင်းခြင်းတည်းဟူသော ဒုက္ခနှင့် အမိဝမ်း၏ ညစ်ညမ်းဆိုးဝါးသော အရာများသို့ မထိပါးစေဘဲ အာဒမ်တို့ကို ဖန်ဆင်းသလို ကောင်းကင်မှ သက်ဆင်းသည့်အလား အဘယ်ကြောင့် မဖွားစေသလဲ"ဟု မေးမြန်းလျှင် လူသားစင်စစ်က မဖြစ်စဖူး အထူးတလည်ဖြစ်ရန် သဘာဝဖြစ်ရိုးဖြစ်စဉ်နှင့် ဆန့်ကျင်စေလျက် အပျိုစင်သက်သက်ဝမ်းမှာ သက်ဆင်းစေကြောင်း ၎င်းတို့ဘာသာ ယုံကြည်ကြသည်အားလျော်စွာ ဖြေကြားသည်ကို မယုံသူများ ဖြစ်ကြသော အနောက်နိုင်ငံသား လောကဓာတ်ဆရာကြီးများသည် "အဖမရှိဘဲ အပျိုစင်သက်သက်၌ သားသူငယ် မကိန်းအောင်းနိုင်ကြောင်း၊ သားရအောင်လည်း တစ်စုံတစ်ခုသော လောက

ခေတ်ပညာနည်း မရှိကြောင်း”စသည်ဖြင့် အမျိုးမျိုးသော ပြဿနာထုတ်လျက် ၎င်း အကြောင်းနှင့်စပ်၍ စာအုပ်စာတမ်းများ ဖြန့်ချိထုတ်ဝေကြသဖြင့် ၎င်းတို့ဘာသာ ထွန်းကား သော နိုင်ငံအချင်းချင်းပင်လျှင် ဆန့်ကျင်သောအားဖြင့် များစွာရေးသားခဲ့လေကုန်ပြီ။

၎င်းပြင် ကောင်းကင်တမန်တော်များ ပြောကြားသဖြင့် ဂေါ့ဒ်အရှင်၏ သန့်ရှင်း သော ဝိညာဏ်တော်ဖြစ်ကြောင်း သိရသည်-ဟု ၎င်းတို့ကျမ်းဂန်အရ ပြောဆိုကြခြင်းမှာ လည်း ဂေါ့ဒ်အရှင်သည် ကောင်းကင်တမန်တော်များကို လူများသိအောင် ထင်ထင်ရှားရှား လွှတ်၍၎င်း သို့မဟုတ် ဂေါ့ဒ်အရှင်ကိုယ်တိုင် အများထင်ရှားအောင် ပြ၍၎င်း တန်ခိုးတော် ကို ထင်ပေါ်အောင် ပြုလုပ်သင့်ပါလျက် အများမသိစေဘဲ တိတ်တဆိတ် ၎င်းတို့ထံသို့ စေလွှတ်တော်မူသည်များမှာ လျှို့ဝှက်ရန်အကြောင်း ဆင်ခြင်စဉ်းစားက ရရှိနိုင်ဖို့ ခဲယဉ်း ပေလိမ့်မည်၊ သို့သော်လည်း ၎င်းတို့ဘာသာဝင် အဆင်ခြင် အသိဉာဏ်ရှိသူများ ၎င်းတို့ စွဲမြဲသော ယုံကြည်ချက်အားဖြင့် ၎င်းတို့ချီးယွင်းချက်များ ဖာထေးလျက် ၎င်းတို့၏အရှင် ဂျီဆက်ဆ်၏မြေသို့ ဆင်းသက်ရအကြောင်း ကြီးကျယ်ခမ်းနား ကြည်ညိုလေးစားစွာ ရေးသားကြကုန်၏။ ထိုသို့ ရေးသားခြင်းမှာလည်း မိမိတို့နှစ်သက်သော အရာတစ်ခု ချဲ့ထွင်မှု သည် လောကသဘာဝတရားဖြစ်၍ ထူးဆန်းအံ့ဩစရာ မရှိပေ။

အကြောင်းအကျိုးတို့သည် လောကသဘာဝအတိုင်း အစဉ်မပြတ် တွဲစပ်လျက် ရှိကြောင်း ပညာရှိအပေါင်းတို့ ဝန်ခံရမည်ဖြစ်သော်လည်း ၎င်းတို့ခရစ်ယာန် ဘာသာဝါဒ အရဆိုလျှင် ဂေါ့ဒ်အရှင်၏ဖန်ဆင်းမှုကိုသာ အကြောင်းပဓာနထား၍ ဂေါ့ဒ်အရှင်သာလျှင် အကြောင်းတရားရှိကြောင်း အခိုင်အမာ ယုံကြည်အားထားကြခြင်းများသည် ၎င်းတို့ဘာသာ အထွတ်အထိပ်ထားသော အရှင်ဂျီဆက်ဆ်မှာ လွန်ခဲ့သည့်အခါသမယက ဤကဲ့သို့ ထူးမြတ် သောသူတစ်ယောက် ဖြစ်မြောက်ရန် အားထုတ်ခဲ့သော အကြောင်းတရားများ လမ်းစပိတ် ထားသဖြင့် ဂေါ့ဒ်အရှင်မှတပါး အခြားအကြောင်းများ ယုံကြည်ခြင်းမရှိဘဲ ကိုယ်တိုင်ပြု လုပ်မှုကို ပိတ်ပင်တားဆီးသော အဟေတုကမျိုးသို့ သက်ဝင်လေ၏။ ထိုဂေါ့ဒ်အရှင်အပေါ် ၌သာ ကမ္ဘာလောကခေတ် သက်ရှိသက်မဲ့ အရပ်ရပ်လွှဲအပ်ထားသော်လည်း ၎င်း၏ဖန်ဆင်း ပုံ အခြင်းအရာများ စဉ်းစားဝေဖန်နိုင်ရန် ခရစ်ယာန်ကျမ်းဟောင်း ဝေဖန်သော အချက်များ အရ မိမိတို့ဉာဏ်တွင် မထင်မမြင်နိုင်သော အရာများကို ဂေါ့ဒ်အရှင် တာဝန်ချ၍ လမ်းစ ဖျောက်ထားသည်နှင့် တူကုန်၏။

✪ ✪ ✪ ✪ ✪

## ဂျီဆက်ဆ်၏ပစ္စုပ္ပန်

၎င်းတို့၏ဝါဒအတိုင်း-

- ဂေါ့ဒ်အရှင်သာလျှင် အကြောင်းရှိသည် အမွန်အစရှိသည် ထားဦး၊ ၎င်းသည် မိမိ၏မြင့်မြတ်သန့်ရှင်းသော ဝိညာဉ်တော်ကို ဆင်းရဲလှသော ဂျိုဇက်နှင့် မေရီတို့ထံ အဘယ်ကြောင့် အပ်နှံသနည်း။
- သားတော်ဖြစ်ပါလျက် ငယ်ရွယ်စဉ်က ဆင်းရဲခြင်း မလွတ်မြောက်အောင် အဘယ်ကြောင့် မလုပ်ဆောင်သနည်း။
- အာဒမ်တို့ကဲ့သို့ အပြစ်ဒဏ် ပေးရလောက်အောင် မနာမယူ တစ်စုံတစ်ခု ပြစ်မှုရှိပါသလော-

စသည်ဖြင့် အမျိုးမျိုးသော မေးဖွယ်ရာအချက်များ ဖြစ်လောက်အောင် ၎င်း**ဂျီဆတ်ဆ်**၏ အတ္ထုပ္ပတ္တိ ရှေ့ပိုင်း ငယ်ရွယ်စဉ် အကြောင်းအရာများကို သူ၏တပည့်များဖြစ်ကြကုန်သော **ဆိန့်တ်မသျူး, ဆိန့်မတ်က်, ဆိန့်တ်လျူက်, ဆိန့်တ်ဂျွန်** စသော အတ္ထုပ္ပတ္တိ ရေးသားကြသူများလည်း မရေးသားဘဲ ချန်လှပ်၍ အသက်အရွယ်ကြီးမြောက် ဘာသာဝါဒ ဟောကြားသော အချိန်အခါလောက်သာ ယုံကြည်ရင်းရှိသည့်အတိုင်း ခမ်းနားစွာ ချဲ့ထွင်ရေးသားကြကုန်၏။

သို့ဖြစ်၍ ဘယ်အရာမျိုးမဆို တစ်စုံတစ်ခု အားထုတ်ပြုလုပ်မှုတည်းဟူသော အကြောင်းတရားတို့သည် ယခုပစ္စုပ္ပန်တွင်၎င်း အနာဂတ်အတွက်သော်၎င်း အကျိုးအကြောင်းမှီကြသည့် ကမ္မဝါဒီပုဂ္ဂိုလ်များအတွက် လိုအပ်သော်လည်း ဖန်ဆင်းမှု၌သာ အကြောင်းဝေဖန်၍ ပစ္စုပ္ပန်အခြေအနေအရ အထူးထုတ်ပြဖို့ အရာမဟုတ်သကဲ့သို့ ၎င်းဂျီဆက်ဆ်၏ အကြောင်းအရာများ၌ ရှေ့ပိုင်းအဖြစ်အပျက်များ ထင်ရှားအောင် မရေးသားခြင်းများသည် ၎င်းတို့ဝါဒအရ လိုအပ်သည်မဟုတ်စေကာမူ ကမ္ဘာအားလုံး သက်ရှိသက်မဲ့ အကြောင်းအကျိုးရှိ၍ ဖြစ်ကြသည်-ဟု ယူကြသူတို့မှာကား အရေးကြီးသော အချက်ဖြစ်၍ မပြည့်စုံဟု ယူဆကြမည်မှာ အမှန်ဖြစ်၏။

✪ ✪ ✪ ✪ ✪

### ၎င်းဂျီဆက်ဆ် အတ္ထုပ္ပတ္တိအကျဉ်း

၎င်းခရစ်တော် ဂျီဆက်ဆ်အကြောင်းအရာများ စဉ်းစားနိုင်းချိန်ရန် အကျဉ်းချုပ်ဖြစ်သော အတ္ထုပ္ပတ္တိမှာ-

၎င်းတို့ရေးသားကြသော ဂေါ့ဒ်အရှင်၏ အထိမ်းအမှတ် နိမိတ်အများတို့ဖြင့် မေရီ ဝမ်းတိုက်မှ သားတော်မြတ်သည် ဖွားမြင်ပြီးနောက် ၈-ရက်မြောက်သောနေ့၌ ဂေါ့ဒ်အရှင်၏ အထိမ်းအမှတ်အဖြစ်ဖြင့် ဧဘရာဟင်မှစ၍ ပညတ်တော်မူခဲ့သော အရေပြားဖြတ်ခြင်း မင်္ဂလာခံယူပြီး၍ ကောင်းကင်တမန်တော်အပေါင်းတို့က ကြိုတင်မှည့်ခေါ်အပ်သော ဂျီဆက်ဆ်-ဟု မှည့်ခေါ်သမုတ်ပြီးလျှင် အစဉ်သဖြင့် ကြီးပွားလာခဲ့လေ၏။ (မည့်သို့ ကြီးပွားခဲ့သည်, မည်ကဲ့သို့အားထုတ်ခဲ့သည် စသည်တို့ မဖော်ပြကုန်။)

၎င်း၏အသက်၃၀-တွင် ဂျွန်နှင့်တွေ့၍ အယူအဆ ဝါဒနှီးနှောကြပြီးလျှင် ၎င်းဂျွန်၏အယူဝါဒဖြစ်သော **"ရေနှစ်မင်္ဂလာ"**ကို သဘောကျ၍ ဂျော်ဒန်မြစ်အတွင်း၌ ရေနှစ် ဘိသိက်မင်္ဂလာခံယူပြီး (၎င်းတို့၏ကျမ်း၌ အချိန်ကာလ အပိုင်းအခြားမပါ ) အရက်-၄၀ တောထွက်လျက် အစိုင်အခဲအဖတ်ဖြစ်သော အစာအာဟာရများကို ရှောင်ကြဉ်၍ သပျစ်ရေ စသော အရေမျှကိုသာ သုံးဆောင်စားသောက်ကာ ကျင့်ကြံအားထုတ်သဖြင့် ကောင်းကင်ဘုံနန်း ပွင့်လန်းလျက် အဆန်းတကြယ် အံ့ဖွယ်သရဲများ ဖြစ်ပွါးလာကုန်၏။ ဤသို့အားဖြင့် ဂေါ့ဒ်အရှင်၏ သန့်ရှင်းစင်ကြယ်သော သားတော်အဖြစ်သို့ ရောက်လျက် သန့်ရှင်းသော ဝိညာဉ်တော်ကို ရသည်နှင့်အညီ လူအများအား ကယ်တင်ရန် မိမိအား ကောင်းကင်ဘုံသခင် ဂေါ့ဒ်အရှင်က ဟောကြားရန် စေလွှတ်ကြောင်း အားလုံးသော သူများ၏ အကုသိုလ် အပြစ်များမှ ကယ်တင်ရန်ဖြစ်၍ **ခရစ်တော်**ဟု ခေါ်ရမည့်အကြောင်း ဟောပြ ထုတ်ဖော်ခဲ့လေ၏။

ထို့နောက် ဂျော်ဒန်မြစ်မှ ထွက်ခွာခဲ့၍ ဂါလိလဲ ပင်လယ်ကမ်းခြေတစ်လျှောက်၌ လမ်းလျှောက်လာစဉ် ပဋ္ဌမအဦးဆုံး တပည့်ကြီးများ ဖြစ်ကြမည် ဖြစ်ကြသော ပီတာနှင့်**အန်ဒြူး** ၂-ယောက်တို့ ပင်လယ်ထဲ၌ ကွန်ပစ်နေကြသော နေရာသို့ ရောက်၍ ၎င်းတို့အား "သင်တို့ သည် ငါ၏နောက်သို့ လိုက်ခဲ့ကြ၊ ငါးများခြင်းအမှုကို မပြုကြနှင့်၊ သင်တို့သည် ငါးများကို မျှားကြမည့်အစား လူများကို မျှားကြရလိမ့်မည်"ဟု ပြောဆိုမိန့်ကြား ခေါ်ဆောင်သောအခါ ၎င်း ၂-ယောက်တို့သည် မိမိတို့၏ပိုက်ကွန်များကို စွန့်ပစ်ထားခဲ့ပြီး အရှင် **ဂျီဆက်ဆ်**၏ နောက်သို့ လိုက်ကာ တပည့်အဖြစ် ခံယူကြလေကုန်၏။

၎င်းနောက် ၎င်းတပည့်များနှင့် အတူတကွနေထိုင်ကြပြီး သင်တို့ ကောင်းကင် နိုင်ငံတော်ကြီး ကြီးပွါးတိုးတက်အောင် ဆုတောင်းနေကြရမည်ဖြစ်ကြောင်း ဟောကြား ပြသ၍၎င်း တပည့်ကြီးများသည်လည်း လိုက်နာအားထုတ်ကြပြီး ၎င်းတို့ဝါဒ ဘာသာတရား ထိုနယ်ပယ်များ၌ တိုးပွါးကျယ်ပြန့်လာသဖြင့် တဖြည်းဖြည်း တစ်စစ လိုက်နာ ဆောင်ရွက် သော တပည့်များတိုးပွါးလျက်၎င်း ပီတာ, အန်ဒြူး တပည့်ကြီး ၂-ယောက်နှင့် တကွ-

၁။ ဂျိမ်းစ် ၂။ ဂျွန်နီ ၃။ ဖစ်လစ်ပ် ၄။ ဗာလိုလိုမြူ
၅။ မက်သျူး ၆။ သောမတ်စ် ၇။ အဲဝီယစ်ကွ္ကဘားဒု-ဂျိမ်း ၈။ ဆိုင်မွန်
၉။ ဂျူဒတ်စ် ၁၀။ ဂျူဒါအီစကာရီယတ်စ် –

ဟူသော ၁၂-ယောက်သော တပည့်ကြီးများ ထွန်းကားဖြစ်ပေါ်၍ လာလေ၏။

ဤသို့လျှင် ခရစ်တော်ဂျီဆက်ဆ်သည် ၎င်း၏တပည့်များကြီးနှင့် အတူတကွ ဂျေရုဆလင် နယ်ပယ်တစ်လျှောက်၌ ကောင်းကင်ဘုံကြီးနှင့် စပ်လျဉ်း၍၎င်း ကောင်းကင်ရေမြေ အရာခပ်သိမ်းကို အစိုးရတော်မူသော ဂေါ့ဒ်အရှင်နှင့် စပ်လျဉ်း၍၎င်း အမျိုးမျိုးသော တရားများ ဟောပြောပြသ၍ အမျိုးမျိုးသော လူမမာများကိုလည်း မေတ္တာအားဖြင့် ကုသတော်မူ၍၎င်း ဘာသာဝါဒ ဖြန့်ဖြူးခဲ့လေ၏။

ဤသို့ ဂျီဆက်ဆ်သည် တပည့်များနှင့် ဘာသာတရား တိုးတက်ထွန်းကားစေရန် အနယ်နယ်သို့ လှည့်လည်တရားဟောပြ၍ ခရစ်ဝါဒသည် ထိုနယ်တလျှောက်၌ တိုးတက်ထွန်းကားလာစဉ် နောက်ဆုံး၌ ၎င်း၏တပည့် ဂျူဒတ်စ်သည် သစ္စာဖောက်ဖျက်၍ ပိုက်လိတ်မင်းကြီးထံ သွားပြီးလျှင် "ဂျီဆက်ဆ်သည် ဂျေရုဆလင်နယ်ပယ်အားလုံးနှင့် ဂျူးလူမျိုးများ၏ဘုရင်ဖြစ်ကြောင်း၊ သူသည် ဂေါ့ဒ်အရှင်၏ သန့်ရှင်းသော ဝိညာဏ်တော်မှဖြစ်သော ဂေါ့ဒ်၏ သားတော်ဖြစ်ကြောင်းများ ဟောပြ၍ တိုင်းပြည်အား လှည့်ဖျားသွေးဆောင်နေကြောင်း" ဂုံးချောစကား ပြောကြားသဖြင့် ၎င်းအား မင်းကြီးများရှေ့တွင် ခေါ်ဆောင်စစ်ကြော မေးမြန်းပြီးလျှင် အားလုံးက အပြစ်ရှိကြောင်း အယူရှိကြ၍ ကားစင်တင်ရန် အမိန့်ချမှတ်ပြီး လက်ဝါးကပ်တိုင်ဖြင့် တုတ်ကာ အဆုံးသတ်စီရင်ကြောင်း၊ ၎င်းဖြင့် ၎င်း၏ဘဝ ကုန်လွန်ကြောင်း ၎င်းတို့ကျမ်းစာများ ရေသားဖော်ပြကြကုန်၏။

✪ ✪ ✪ ✪ ✪

## ဟောပြောချက်များ

ထိုသို့ ဂျီဆက်ဆ်သည် ခရစ်ယာန်ဘာသာ တည်ထောင်လျက် လူတို့လိုက်နာရန် ဟောပြောချက်များမှာ ၄၀-မျှ ရှိ၍ ၎င်းတို့၏အချို့မှာ အောက်ပါအတိုင်း ဖြစ်ကုန်၏။

### ဟောကြားသော တရားများ

၁။ အလှူဒါနပေးကမ်းခြင်း, စွန့်ကြဲခြင်း
၂။ အထင်ကြီးခြင်း, မာန်မာနကြီးခြင်း

၃။ အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်း
၄။ ဟောပြောချက်များကို လေးစားခြင်း
၅။ ရေနှစ်ဘိသိက်တော် ခံယူခြင်း
၆။ ခရစ်ယာန်များ ချစ်ခင်ခြင်း, သနားခြင်း
၇။ အဝတ်အစားအတွက် ဂေါ့ဒ်ကို အားထားခြင်း
၈။ အစွမ်းသတ္တိ တန်ခိုးတော်ကို ယုံကြည်ခြင်း
၉။ အစားအစာရှောင်၍ ကျင့်ကြံခြင်း
၁၀။ အပေါင်းအဖော်တို့အား အပြစ်လွှတ်ခြင်း
၁၁။ အပြစ်အကုသိုလ်မှ ချမ်းသာပေးခြင်း
၁၂။ အသက်တဖန် ပြန်၍ ရှင်ခြင်း စသော အနာဂတ်တရား
၁၃။ ကောင်းမှု, မကောင်းမှု ကမ္ဘာလောက၌ ရှုပ်ထွေးခြင်း
၁၄။ ကောင်းမွန်သော အလုပ်များ
၁၅။ ကြီးကျယ်သော အမိန့်ပေးတော်မူခြင်း
၁၆။ ကိုယ်တိုင်တော်နှင့် အလုပ်ဝတ္တရား
၁၇။ လူ၏အပြစ်, လူ၏သဘောတရား
၁၈။ ပျင်းရိဖင့်နွဲ့သော အကြောင်းတရား
၁၉။ ဂျေရုဆလင်၏ ပျက်စီးလတ္တံ့သော နိမိတ်များ
၂၀။ ဂျူး သို့မဟုတ် ရဟူဒီလူမျိုးများ၏ တားမြစ်ချက်များ
၂၁။ ကလေးများနှင့် အရှင်မြတ်၏ ပြုမူချက်
၂၂။ သတ်ဖြတ်မှု ဥပဒေ, မိုးဇက်၏ ဥပဒေသများ
၂၃။ ကျမ်းသစ္စာ ကြိမ်ဆိုခြင်း ဥပဒေ
၂၄။ အမိန့်တော်ကို နာခံခြင်း
၂၅။ မကောင်းမှုအပြစ် မှားယွင်းခြင်း
၂၆။ မိ, ဘတို့အား ပြုအပ်သော ဝတ္တရား
၂၇။ ဖိနှိပ်ဖျက်ဆီးတော်မူခြင်း
၂၈။ ဆုတောင်းမေတ္တာ ပို့သခြင်း
၂၉။ စွန့်ခွာထွက်သွားခြင်း
၃၀။ တုံ့ပြန်ကလဲ့စားချေခြင်း

၃၁။ သူ၏နောက်ပါတပည့်များ၏ ဆုလာဘ်များ
၃၂။ ဥပုသ်ကျင့်သုံးခြင်းများ
၃၃။ ဒုတိယအကြိမ် သူ၏ပြန်လာခြင်း
၃၄။ သင့်မြတ်သော အလုပ်ဝတ္တရား၌ ရဲရင့်ခြင်း
၃၅။ အလုပ်ဝတ္တရား ကျေပြွန်ခြင်း
၃၆။ လောကနှင့်ဆိုင်သော ပစ္စည်းဥစ္စာများ–

စသည်တို့အပြင် ၎င်းဟောကြားသော ခရစ်ယာန်ကောက်နှုတ်ချက်များ ဥပဒေသများ တို့ကို ယုံကြည်သည်အားလျော်စွာ ချဲ့ထွင်ရေးသားကြကုန်၏။

၎င်းဟောပြောချက်များ၌ စဉ်းစားဆင်ခြင်လျှင် လောကကြီးတွင် မှိုတင်းနေထိုင်ကြသော သူများအထဲတွင် ဉာဏ်ပဋိဘာန် ဝေဖန်စဉ်းစားနိုင်သူကား နည်းပါး၍ အကြောင်းအကျိုး မခွဲခြားနိုင်သောသူသာ များကြောင်း နောက်ကဆိုခဲ့ပြီးဖြစ်သည့်အတိုင်း ဟောပြောချက်ကင်း၍ မစဉ်းစား ဉာဏ်မရင့်သန်သေးသော အရပ်ဒေသ၌ ဉာဏ်မရင့်သေးသော ကလေးသူငယ်များ လူကြီးများပြောသမျှ ယုံကြည်ကြသကဲ့သို့ ဟောပြောသမျှ လိုက်နာယုံကြည်ကြသည်မှာ အံ့သြဖွယ်မဟုတ်ကြောင်းမှာ ကမ္ဘာလောကကြီး၌ **ဗုဒ္ဓကောလဟာလ** ဖြစ်သည်အားလျော်စွာ ကမ္ဘာကြီးတစ်ခုလုံးက ဗုဒ္ဓအစစ်အမှန် မျှော်လင့်တောင့်တနေခိုက် မက္ခလိ ဂေါသာလ-စသောအဝတ်မဝတ်သော တိတ္ထိများကိုပင် အရှက်အကြောက်ကင်းသည်၊ ဘာမျှတွယ်တာခြင်းမရှိ၊ အဝတ်ကိုပင် မဝတ်တော့-ဟု ဉာဏ်နည်းသူများ ၎င်းအားလေးမြတ်ကိုးစား ဘုရားတစ်ဆူထား၍ ဆည်းကပ်သူများရှိလာ၍ ၎င်း၏ စိတ်ကူးတည့်ရာ ဟောပြောချက်များ လေးစားလိုက်နာကြသဖြင့် မြတ်စွာဘုရားလက်ထက်ကပင် ဂိုဏ်းတစ်ခု တည်ထောင်ကာ ဆရာကြီးတစ်ဆူ ပြုလုပ်နိုင်သည်ကို ထောက်ဆ၍ ယုံကြည်ကြခြင်းကား ပဓာနမဟုတ်ကြောင်း စဉ်းစားချိန်ဆလျှင် ပေါ်လွင်ထင်ရှား၏။

✪ ✪ ✪ ✪ ✪

## ခရစ်ယာန်နှင့် အနာဂတ်

ခရစ်ယာန်ဝါဒ၌ နောက်လာလတ္တံ့သော အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဂေါ်ဒ်အရှင်သည်လည်းကောင်း ဂေါ့ဒ်အရှင်သည် စေလွှတ်အပ်သော ခရစ်တော်ဂျီဆက်ဆ်သည်လည်းကောင်း ဖန်ဆင်းပြီးသော သတ္တဝါများနှင့်ပတ်သက်၍ ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ ...ုန်ဆုံးပြီး နောက် နောင်အနာဂတ်ဘဝများအတွက် မည်သို့အားထုတ်ရမည်အကြောင်း

ကောင်းကင်ဘုံကြီး အကြောင်းအရာမှတစ်ပါး အထူးဟောကြားခြင်း မရှိကုန်။ အနာဂတ်ကာလ ဂျေရုဆလင်နိုင်ငံတော်ကြီး ပျက်ဆီးမည့်အကြောင်းနှင့် ဒုတိယခရစ်တော် ပေါ်လာရဦးမည် အကြောင်းတို့ကို ကောင်းကင်ဘုံကြီး တဖန် ပွင့်လင်းပေါ်လာခြင်းကို သင်တို့တွေ့ကြဖို့ရန် အသင့်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ထိုသို့ ပြင်ဆင်ခြင်းမရှိက ဒုတိယခရစ်တော်နှင့် သင်တို့ ဆုံးရှုံးကြမည်ဖြစ်ကြောင်း ဥပမာများဖြင့် ၎င်း၏တပည့်များအားဟောကြားခဲ့လေ၏။

ထိုသို့ ဟောပြောရာ၌ ၎င်းတပည့်ဂျွန်သည် သူတွေ့မြင်သော အနာဂတ်အဖြစ်အပျက် အကြောင်းအရာများကို ချဲ့ထွင်၍ ခရစ်ယာန်ကျမ်းသစ် နောက်ဆုံးဖြစ်သော ရဗဲလေးရှင်းကမ္ဘာပျက်ကျမ်း၌ ရေးသားထားသော အကြောင်းအရာ အကျဉ်းချုပ်မှာ ၎င်းဂျွန်သည် ဂေါ့ဒ်အရှင်ထံသို့ ရောက်ကြောင်း၊ ဂေါ့ဒ်အရှင်၏ ကောင်းကင်တမန်တို့သည် ၎င်းဂေါ့ဒ်အရှင်၏ အမျက်ဒေါသတည်းဟူသော အဆိပ်ဘူးဖြင့် ၎င်းအား မလေးစားဘဲ ပျက်ပြားနေသော ကမ္ဘာကြီးကို လွှမ်းမိုးသတ်ဖြတ် မည်ဖြစ်ကြောင်း၊ ဂေါ့ဒ်အရှင်၏ အမှတ်မပါသောသူများကို အမြဲတမ်း ဒုက္ခခံစားစေလျက် ယုံကြည်သောသူတို့သာလျှင် ခံစံဖို့ရန် ပင်လယ်သမုဒ္ဒရာ, နေ, လ မရှိ ပကတိ ဂေါ့ဒ်အရှင်၏ အရောင်ဖြင့် ထွန်လင်းမည်ဖြစ်သော ကမ္ဘာသစ်ကြီးနှင့် ရတနာအမျိုးမျိုးတို့ဖြင့် မွန်းမံချယ်လယ်အပ်သော ဂျေရုဆလင်မြို့သစ်တော်ကြီးကို တည်ထောင်တော်မူလိမ့်မည်ဖြစ်ကြောင်း-စသည်ဖြင့် ၎င်းမြင်ခဲ့ရသည့် အကြောင်းများကို ချဲ့ထွင်ရေးသားထား၏။

၎င်းအနာဂတ်အကြောင်းအရာများ ရေသားထားခြင်းမှာ များသောအားဖြင့် ဂျေရု-ဆလင်မြို့တော်နှင့် ၎င်းနယ်ပယ် အနီးအနားမျှသာ ဖြစ်၍ တစ်ကမ္ဘာလုံးနှင့် မသက်ဆိုင်သကဲ့သို့ ဖြစ်သည့်အပြင် အတိတ်အကြောင်းအရာများနှင့် ဆန့်ကျင်စေလျက် အဆုံးအစမရှိသော ကရုဏာတော်နှင့် အမျက်ဒေါသဖြင့် ကမ္ဘာကြီးကို လွှမ်းမိုးသတ်ဖြတ်ခြင်း အပြစ်ဒဏ်တို့ကား စဉ်းစားနိုင်းချိန်ရန်ဖြစ်ကြောင်း၊ အနာဂတ်အတွက်မှာလည်း ဂေါ့ဒ်အရှင်ကိုသာ အားထား၍ ၎င်းအား ယုံကြည်ရမည်ဖြစ်၍ အကြောင်းတရား ၎င်းမှတစ်ပါး မရှိကြောင်း သိသာထင်ရှား၏။ ၎င်းသည် ကောင်းမှု, မကောင်းမှု အကြောင်းအားလျော်စွာ သတ္တဝါတို့ အကျိုးခံစားခွင့်ရရှိသည်-ဟု အယူရှိကြသော ကမ္မဝါဒီများနှင့် အရာရာ၌ ဖန်ဆင်းမှုကိုသာ အားထားကြသော ဣဿရနိမ္မာန အယူဝါဒတို့၏ သဘာဝဆန့်ကျင်မှုများဖြစ်ကြကုန်၏။

၎င်းခရစ်ယာန်အယူဝါဒနှင့်စပ်၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ၎င်းဘာသာဝါဒသည် ဖန်ဆင်းခြင်းတည်းဟူသော အကြောင်းများနှင့် ဖန်ဆင်းတတ်သော ဂေါ့ဒ်အရှင်ကို

သာ အားထားသောအရာဖြစ်၍ ၎င်းတို့ဘာသာ၌ ရေးသားထားကြသော ကောင်းသောအမှု, မကောင်းသောအမှု ကျင့်ဝတ်တရားများ ရှိစေကာမူ ၎င်းတို့၏အကျိုးတရား ခံစားခွင့်မှာကား ကမ္ဘာ့အရှင်ဂေါ့ဒ်၌သာ တည်ရှိသဖြင့် ကောင်းသောအမှုပြုလျှင်လည်း ဂေါ့ဒ်အရှင်ကို တိုင်တည်လျက်, မကောင်းသော အလုပ်ကို ပြုလုပ်လျှင်လည်း ဂေါ့ဒ်အရှင်ကို တိုင်တည်လျက် ၎င်းထံမှာ ဝန်ချတောင်းပန်ခြင်းအားဖြင့် ပပျောက်နိုင်သောကြောင့် မိမိတို့ပြုသော ကောင်းမှု, မကောင်းမှုများ ပဓာနမထားကြကုန်ဘဲ မြတ်စွာဘုရားလက်ထက်တော်က ဣဿရနိမ္မာန အယူများကဲ့သို့ ၎င်းပစ္စုပ္ပန်, အတိတ်, အနာဂတ် အကြောင်းအကျိုးတရား အထူးဝေဖန် စဉ်းစားရန် မလိုကုန်။ ဤသို့အားဖြင့် ဖန်ဆင်းသော တန်ခိုးတော်ရှင်ဂေါ့ဒ်ကိုရင်း ၎င်းသည် ဖန်ဆင်းထားအပ်သော ဝိညာဏ်များကိုရင်း ၎င်း၏အထူးသန့်ရှင်းသော ဝိညာဏ်တော်ကိုရင်း စဉ်းစားနှိုင်းချိန်ရန် အခြားအလားတူ ဖန်ဆင်းသူ အယူရှိသော ဘာသာဝါဒအများ ရှိသေးသဖြင့် နောက်မှရေးသားဖော်ပြရမည်ဖြစ်၍ ၎င်းဝါဒနှင့် စပ်လျဉ်းသော အကြောင်းများကို ဤမျှဖြင့် အဆုံးသတ်ထားလိုက်ရပေမည်။

✪ ✪ ✪ ✪ ✪

## မဟာမေဒင် သို့မဟုတ် မိုဆလင်ဘာသာ

ကမ္ဘာလောကကြီးကို ဖန်ဆင်းတည်ထောင်သည်-ဟု အယူစွဲသန်သော ဝါဒမှာ ခရစ်ယာန်သာ မဟုတ်သေး၊ ၎င်းထက်ပင် အစွဲသန်၍ ၎င်းတို့ဝါဒသာ အမှန်ဆုံးဖြစ်သည်ဟု ၎င်းတို့ အားထားကိုးကွယ်သော ဖန်ဆင်းသူသာ တစ်ဦးတည်း အားထားရာဖြစ်သည်။ အခြားဝါဒ စွဲမြဲကြသောသူများမှာ အမှားချည်းသာ ဖြစ်သည်-စသည်ဖြင့် သည်းသည်းသန်သန် စွဲမြဲ၍ အယူပြုပြင်မှု အခြားတစ်ပါး ဘယ်ဝါဒမှ မထားကြသော ဘာသာဝါဒမှာ မဟာမေဒင် သို့မဟုတ် မိုဆလင် အယူဝါဒဖြစ်၍ ၎င်းတို့ဘာသာအားဖြင့် ဖန်ဆင်းတတ်သူ ဂေါ့ဒ်ကို အလာဟူ၍၎င်း ခိုဒါအရှင်ဟူ၍၎င်း ခေါ်ဆိုကြကုန်၏။ ၎င်းတို့သည် ခရစ်ယာန် အယူရှိသူများ ဂေါ့ဒ်အရှင်ကို အားထားကြသည်ထက်ပင် အလာအရှင်ကို စွဲမြဲ၍ ခရစ်ယာန်များမှာကဲ့သို့ ဂေါ့ဒ်အရှင်ကိုရင်း သားတော်ခရစ်ကိုရင်း သန့်ရှင်းသော ဝိညာဏ်တော်ကိုရင်း ကိုးကွယ်ရာ ၃-မျိုးမထားဘဲ အလာအရှင်တစ်ဦးတည်းသာလျှင် အားထားကိုးကွယ်ရာ ရှိကုန်၏-ဟု စွဲမြဲစွာ ယူကြကုန်၏။

သို့ဖြစ်၍ အတုမရှိ, တု၍မရ မည်သူမျှ မတုနိုင်သော တစ်ဦးတည်းဖြစ်သော အလာအရှင်ကို တုပလျက် ရုပ်ပွားရုပ်ထုကိုးကွယ်ကြသော ဘာသာများသည် အလွန်

ကြီးမားသော မကောင်းမှုကို ကျူးလွန်ကြသော ဘာသာများ-ဟု ၎င်းတို့ဝါဒက တားမြစ်ထားသောကြောင့် ရုပ်ထုကိုးကွယ်သော ခရစ်ယာန်များနှင့် များစွာဆန့်ကျင်သော်လည်း ဖန်ဆင်းသည်-ဟု အယူရှိကြခြင်းမှာ အတူတူဖြစ်၍ ၎င်းသည် ခရစ်တော်ပေါ်ပြီးနောက် အနှစ် ၆၀၀-ကျော်လောက်မှာ အလာအရှင်က စေလွှတ်သော ပရောဖက်တမန်တော် တရားဟောဆရာကြီး-ဟု ၎င်းတို့ယုံကြသည့် **မဟာမက်**သည် ရုပ်ထုကိုးကွယ်ကြသော ရှေးရဟူဒီဘာသာများနှင့် ခရစ်ယာန်ဘာသာတို့ကို ဆန့်ကျင်စေလျက် ဝါဒဖြန့်ဖြူး ဟောပြောသောဘာသာဖြစ်ကြောင်း ၎င်းကို လိုက်စားသောဆရာတို့ **ကိုရအန်ကျမ်းစာနိဒါန်း**၌ ရေးသားကြကုန်၏။ ၎င်းတို့ဘာသာအယူအဆအားဖြင့် အမှန်ကန်ဆုံးဖြစ်သော ဖန်ဆင်းတတ်သူ အလာအရှင်ကိုသာ သက်ဝင်ယုံကြည်သူများ-ဟု အဓိပ္ပာယ်ရှိသော ၎င်းဘာသာကို **မိုဆလင်သို့မဟုတ် အစ်ဆလမ်ဘာသာ**ဟု ခေါ်ဆိုကြကုန်၏။ ၎င်းဘာသာသည် ခရစ်ယာန်ပေါ်ပြီးသည့် နောက်မှ ဖြစ်ထွန်းလာခဲ့သော ဘာသာဖြစ်သည်အားလျော်စွာ ဆင်တူရိုးမှားဖြစ်၍ အနည်းငယ် ခြားနားပုံမှာ "ခရစ်ယာန်ကျမ်းဟောင်း ကမ္ဘာပြုကျမ်းအရ ဂေါ့ဒ်အရှင်သည် အဦးအစဆုံးသတ္တဝါတည်းမှ ရေသတ္တဝါများ ၎င်းနောက် ကုန်းသတ္တဝါများ ၎င်းနောက် လူသတ္တဝါများဖြစ်သော အာဒမ်နှင့်ဧဝတို့ကို ဖန်ဆင်းသည်"ဟု ရေးသား၍ မိုဆလင်ဘာသာ ကိုရအန်ကျမ်း၌မူကား ၎င်းတို့ကို ဖန်ဆင်းသူ အလာအရှင်သည် အာဒမ်ကို မဖန်ဆင်းမီ နှစ်ပေါင်း ၂၀၀၀-လောက်က ဂျင်ခေါ်တစ္ဆေမျိုးကို မီးမှဖန်ဆင်း၍ ၎င်းတို့သည် ပကတိဆိုးဝါးသော ရုပ်အဆင်းမှ မြွေ, ကြောင်, ခွေး စသော ရုပ်အမျိုးမျိုး ပြောင်းလျက် ကာဖ် ခေါ် တောင်ကြားမှာ ၎င်းတို့ဘုရင်ဆူလေမန် အုပ်ချုပ်ခြင်းအားဖြင့် နေထိုင်ကြကုန်၏-ဟု ရေးသားကြကုန်၏။

၎င်းပြင် ခရစ်ယာန်များနှင့် ကွဲပြားခြားနားသည်မှာ ၎င်းတို့ကျမ်းစာအရ "ဂျင်န်-တစ္ဆေ, ဘီလူးမျိုးများ ရှေးဦးစွာ ဖန်ဆင်းပြီးနောက် လူသားဖြစ်သော အာဒမ်နှင့်ဧဝတို့ကို ၎င်းတို့မှ အစဉ်သဖြင့် ဖြစ်ထွန်းလာသော လူသတ္တဝါများနှင့် ခရစ်ယာန်ကျမ်းကဲ့သို့ နိုအာ, အီဘရာဟင် စသော ပရောဖက်ဆရာ တမန်တော်များကို လူပြည်သို့ စေလွှတ်ကြောင်း" စသည်ဖြင့် အနည်းငယ်သာ ခြားနားကြ၏။ ထို့ကြောင့် ခရစ်ယာန်ဘာသာဝင် ဘုန်းကြီးများသည် ၎င်းဘာသာနှင့်စပ်၍ အကျိုးအပြစ် စိစစ်ရှာဖွေရေးသားကြသည်မှာ ၎င်းဘာသာသည် ရှေးရဟူဒီကျမ်းများမှ ဆင်းသက်လာသော ဘာသာတစ်ခုဖြစ်၍ ၎င်းတို့၏ ကိုရအန်ကျမ်းသည် ကိုယ်ပိုင်ဉာဏ်ဖြင့် ထင်မြင်ယူဆကြံဖန်ဟောပြောချက်များ ၎င်းမဟာမက်လက်ထက်က မက္ကာသူ, မက္ကာသားတို့ ပြောဆိုကြသော ရှေးဟောင်းပုံပြင်များ, ဂျူးလူမျိုးများ ပြောဆိုကြသော ရှေးဟောင်းအကြောင်းအရာများ, အာရဗီယမ်ပုံဟောင်းများနှင့် ဆိုက်ရိယာ

ပုံပြောင်းများမှ ထုတ်နှုတ်ပြောဆိုသည့်အပြင် ခရစ်ယာန်ဘာသာနှင့် ဂျီဆက်ဆ် မယုံကြည်သော ဂိုဏ်းသားများ၏ ဟောပြောချက်များ, သက်လွတ်ခရစ်ယာန်ဂိုဏ်းသားများ၏ ဟောပြောချက်များနှင့် နေ, လ, နက္ခတ်, တာရာများကိုသာ ကိုးကွယ်သော ဂိုဏ်းသားများ၏ ဟောပြောချက်များမှ များစွာသော အကြောင်းအရာများကို ချေးငှါးစုပေါင်း၍ ဟောပြောသော ဘာသာတစ်ခုဖြစ်ကြောင်း၊ ၎င်း ကိုရအန်ကျမ်းကို မူလအာရဗစ်ဘာသာမှ အင်္ဂလိပ်ပြန်ဆိုရေးသားသော ခရစ်ယာန်ဘုန်းတော်ကြီးတစ်ဦးက ၎င်း၏ထင်မြင်ချက်များ နိဒါန်း၌ ရေးသားဖော်ပြထား၏။ ၎င်းပြင်လည်း ၎င်းဘာသာဝင်များ အားထားယုံကြည်ကြသည်မှာ **ဂေဗရီယဲလ်မည်သော** ကောင်းကင်တမန်တော်သည်-

- အလာအရှင်ထံမှ မှောက်မှားနေသော လူတို့အား ဟောပြောဖို့ရန် မဟာမက်ထံသို့ လာ၍ ဟောပြောကြောင်း၊
- ၎င်းမှတဆင့် လူတို့အား ဟောပြောကြောင်း၊
- ၎င်း၏ဟောပြောချက်များကို ၎င်း၏တပည့်များ ခဲယဉ်းစွာ စုဆောင်းမှတ်သားလာခဲ့ရကြောင်း၊
- ၎င်းတို့အယူများသည် သန့်စင်သော အလာအရှင်၏ အယူဖြစ်ကြောင်း၊

အခိုင်အမာယူဆကြသဖြင့် ထိုဘာသာဝင်တို့သည် အခြားဘာသာများ၌ မလေးစားကြဘဲ အမှားသာဖြစ်သည်ဟု ယူဆကြသည့်ပြင် **အခြားဘာသာဝင်များကို ဖျက်ဆီးမှု၌လည်း ကြီးမား**သော ကောင်းမှုဖြစ်ကြောင်း ယုံကြည်ကြလေသည်။ သို့ဖြစ်၍ ၎င်းတို့၏ အားထားရာဖြစ်သော ကိုရအန်ကျမ်းနှင့် ၎င်း၏အကြောင်းအရာများကိုလည်း စဉ်းစားနှိုင်းချိန်လိုသဖြင့် ၎င်း၏အတ္ထုပ္ပတ္တိများနှင့်တကွ ၎င်း၏အခြင်းအရာများကို အခြေအမြစ် သိရန်လိုအပ်သောကြောင့် အောက်ပါအကြောင်းအရာများကို ရေးသား ဖော်ပြရပေလိမ့်မည်။

✪ ✪ ✪ ✪ ✪

## ကိုရအန်ကျမ်း၏အကြောင်း

၎င်းမဟာဗေဒင်ဘာသာ၌ အတိတ်, အနာဂတ်, ပစ္စုပ္ပန် အခြင်းအရာအားလုံးကို သိမြင်သော တမန်တော် ပရောဖက်တရားဟောဆရာ-ဟု အားထားကြသည့် မဟာမက် ကိုယ်တိုင် မက္ကာမြို့နှင့် မဒီနာမြို့များ၌ ဟောပြောသော ကိုရအန်ကျမ်းမှာ ၎င်း၏လက်ထက်က အခိုင်အမာ မှတ်သားနာယူသော အဆက်အနွယ်တပည့်များ ထင်ရှားစွာ မဖော်ပြဘဲ ၎င်းမဟာမက် ကွယ်လွန်ပြီးနောက် ၎င်း၏အရိုက်အရာကို ဆက်ခံသော အဘူဘေကရ်သည်

အလွန်ခဲယဉ်းစွာဖြင့် ကိုရအန်ကျမ်းအစိတ်အပိုင်းများ စုဆောင်းရရှိပြီးနောက် ဒုတိယ **ခလီဖတ်**ဘုရင်အဖြစ် ဆက်ခံသော **အိုမာ**ရ်သည် အလျင်လက်ထက်က-

- စုဆောင်းထား ရှိပြီးသော ကိုရအန်ကျမ်း အစိတ်အပိုင်းတို့ကို မူအရင်းထား၍ ၎င်းဝါဒကို ကူညီကြသူများနှင့် တိုင်ပင်ဆွေးနွေးပြီးလျှင်-
- အမျိုးမျိုးသော အရပ်ဌာနများမှ စွန်ပလွန်ရွက်များပေါ်မှာ ရေးထားသော အပိုင်းအစများ,
- အချို့ကျောက်ပြားပေါ်မှာ ရေးထားသော အပိုင်းအစများ,
- အချို့ လူများ၏နှုတ်၌ မှတ်သားချက်များ,

၎င်းတို့အားလုံးကို ခဲယဉ်းစွာ စုဆောင်း ရကြောင်း ၎င်းကျမ်း၏ နိဒါန်း၌ ရေးသားကြကုန်၏။

ထို့ပြင် ထိုအမျိုးမျိုးသော မှတ်သားချက်များသည်လည်း တစ်ခုနှင့်တစ်ခု မတူကြဘဲ ကွဲလွဲနေကြသောကြောင့် အမှန်အကန်သို့ရောက်အောင် လွယ်ကူစွာ မဆုံးဖြတ်နိုင်ကြဘဲ အချင်းချင်း အပြင်းအထန် ငြင်းခုံကြသဖြင့် ၎င်းတို့ကို အသေအချာ တိုင်ပင်နှီးနှော၍ အပိုင်း, အခဏ်းသန့်လျက် အတည်တကျ မဆုံးဖြတ်ရသေးမီ လူအပေါင်းတို့အား ငြင်းခုံခြင်းမှ ရပ်စဲရန် **ဟော့ဇီဖာ**ဆိုသူက အကြံဉာဏ်ပေးရလောက်အောင် ရှုပ်ထွေးလာ၍ ဇိုက်အမည်ရှိ ၎င်းဘာသာကို လေးစားသည့် **ဘုရင်အိုမာ**ရ်၏ အတိုင်ပင်ခံ ကိုရအန် ဆုဆောင်းသူ ပုဂ္ဂိုလ်ကြီးသည် **ကိုရိ**က်လူမျိုး ၁၂-ယောက်ပါဝင်သော အဖွဲ့အစည်းကြီးတစ်ခု ဖွဲ့စည်းတည်ထောင်ပြီးလျှင် ရှေးကစုဆောင်းရရှိခဲ့သော စာမူများကို အငြင်းမပွားရန် အားလုံးမီးရှို့ပစ်ရလေ၏။

မဟာမက်သည် မက္ကာမြို့နှင့်မဒီနာမြို့သို့ သွားရောက်ကာ ဟောပြောစဉ်က-

- မည်သည့်နေရာ၌ ဟောပြောသည်,
- မည်သူတို့အား ဟောပြောသည်,
- ၎င်း၏ ဟောပြောချက်များ မည်သို့မှတ်သားထားသည်,
- မည်သို့သော အခြင်းအရာဖြင့် မှတ်သားထားကြသည်-

စသည်ဖြင့် ၎င်းလက်ထက်အကြောင်းအရာများ ရေးသားရာ၌ ထင်ရှားမရှိကုန်။ ၎င်းမဟာမက် ကွယ်လွန်ပြီးနောက် ၃-ဆက်မြောက် ဆက်ခံသော ခလီဖက်လက်ထက်ကျမှ ခဲယဉ်းစွာ စုဆောင်းပြီး လက်ာများစီကုံးပြီးလျှင် အပိုင်းကဏ္ဍများ ခွဲခြားဝေဖန် ထားကြကုန်၏။ကိုရအန်ကျမ်း၌ ထိုသို့ပိုင်းခြားထားသည့် အပိုင်းများကို ဆူရ-ဟုခေါ်၍ ၎င်း၌ ဆူရအပိုင်းပေါင်း အရေအတွက်မှာ ၁၁၄-ခု ရှိပြီးလျှင် ခရစ်ယာန်ကျမ်းများကဲ့သို့ အလာအရှင်၏ ဂုဏ်ကျေးဇူးအကြောင်းအရာများ ချီးမွမ်းရေးသားထားသည့်အပြင် ရှေးရဟူဒီ

ဘာသာမှ ထုတ်နုတ်ချက်များသာဖြစ်သည်-ဟု ဘာသာဝါဒလိုက်စားကြသူများ၏ ထင်မြင်ချက်များ ရေးသားထားသည့်အတိုင်း ၎င်းတို့ကို ဝေဖန်ပိုင်းခြားထားနိုင်ရန် အောက်ပါအတိုင်း ကိုရအန်ကျမ်း၏ အပိုင်းအနည်းငယ်မျှကို ဖော်ပြရန်လိုအပ်သဖြင့် ရေးသားဖော်ပြရပေသတည်း။

မဟာမက်သည် မက္ကာမြို့၌ ဟောပြသည်ဟု မှတ်သားထားသော ကိုရအန်ကျမ်း၏ ပဌမအခဏ်းအစ ၇-ပိုဒ်မှာ အောက်ပါအတိုင်းတည်း။

၁။ ကမ္ဘာလောကကြီး၏ အရှင်အလာကို ချီးမွမ်းကြလော့။

၂။ ချစ်ခင် ကြင်နာ သနားတတ်၏။ မှန်ကန်သော အခါသမယ၏ အရှင်ဘုရင်ဖြစ်၏။

၃။ အသင် အလာရှင်အား ကျွန်ုပ်တို့ ကိုးကွယ်ကြပါသည်။ တစ်ပါးတည်း ကျွန်ုပ်တို့အား ကယ်တင်ခြင်းအတွက် ဟစ်အော်တိုင်တည်ရမည့်အရှင် ဖြစ်ပါသည်။

၄။ အသင် အလာအရှင်သည် ကျွန်ုပ်တို့အား လမ်းဖြောင့်ကို ညွှန်ပြတော်မူပါ။

၅။ လမ်းဖြောင့်၌ တည်နေသောသူတို့အား အရှင်မြတ် နှစ်သက်တော်မူပါသည်။

၆။ ဆန့်ကျင်ဘက်ဖြစ်သော သူများအား အရှင် မျက်တော်မမူပါနှင့်။

၇။ ထို့အတူ အရှင် သစ္စာဖေါက်သူများကိုလည်း မျက်တော်မမူပါနှင့်–

စသည်ဖြင့် အလာအရှင်၏ ဂုဏ်ကျေးဇူးများ ရေးသားဖော်ပြသည့်အပြင် ကိုရအန်ကျမ်း၏ နောက်ဆုံးဖြစ်သော နိဂုံးအပိုဒ် ကဏ္ဍများ၌လည်း အလာအရှင်၏ ဂုဏ်ကျေးဇူးများ ရေးသားဖော်ပြလျက်---

၁။ လူအပေါင်းတို့၏ အရှင်သခင် အလာကိုယ်တော်ထံ မှီခိုရန်အတွက် ကျွန်ုပ်တို့ သွားရောက်ရပါသည်-ဟု ပြောဆိုကြကုန်လော့။

၂။ သူသည် လူအပေါင်းတို့၏ဘုရင် ဖြစ်တော်မူ၏။

၃။ သူသည် လူအပေါင်းတို့၏အရှင် ဖြစ်တော်မူ၏။

၄။ တိုးတိုးတိတ်တိတ် ပြောခြင်းမှ ရှောင်ကြကုန်လော့။

၅။ လူနှင့်ဂျင်န်တို့ ဆန့်ကျင်ခြင်းကို တိုးတိုးတိတ်တိတ် လူတို့စိတ်နှလုံးထဲ၌ ပြောတတ်ကြကုန်၏။ [၎င်းသည် မာရ်နတ်ကို ဆိုသည်]

ဤသို့ ဆိုခဲ့ပြီးသော လင်္ကာပိုင်းများဖြင့် အဆုံး၌ နိဂုံးသတ်ထားလေ၏။

၎င်းပြင် ခရစ်ယာန် ကမ္ဘာပြုကျမ်းဟောင်းများနှင့် အနည်းငယ်ကွဲပြားကြသည်မှာ ကိုရအန်ကျမ်း ဆူရ ၇-အပိုဒ်၊ ၁၀, ၁၂-တို့၌–

၁၀။ ငါသည် သင်တို့ကို ဖန်ဆင်းခဲ့ပြီ။ ငါသည် သင်တို့ကို ပြုလုပ်ခဲ့ပြီ။ ထို့နောက် ကောင်းကင်တမန်တို့အား ငါပြောဆိုခဲ့ပြီ။ သင်တို့ကိုယ်တိုင် အာဒမ်ကို ရိုသေကြကုန်လော့။

ထိုအခါ အက်ဗလစ်မည်သော ကောင်းကင်တမန်မှတပါး အားလုံးတို့သည် အရိုအသေ ပြုကြကုန်၏။

၁၁။ ၎င်းအား အလာအရှင်သည် ပြောဆိုခဲ့လေ၏။ ငါအမိန့်ပေးသော သင်တို့ကိုယ်တိုင် အရိုအသေ ပူဇော်ခြင်းမှ အဘယ့်ကြောင့် ရှောင်ကွင်းကြကုန်သနည်း။ ၎င်းအက်ဗလစ်က "ကျွန်ုပ်သည် သူ့ထက် မြတ်သည် မဟုတ်ပါလော။ ကျွန်ုပ်ကို မီးမှဖန်ဆင်းသည် မဟုတ်ပါလော။ သူ့ကို ရွံ့ညွှန်မှ ဖန်ဆင်းသည် မဟုတ်ပါလော"ဟု ပြောဆိုလေ၏။

၁၂။ အလာအရှင်က "သင်သည် ယခုအခါကစ၍ အောက်သို့ ဆင်းသက်လေလော့၊ မာနကြီးသောသူများအတွက် ကောင်းကင်ဘုံမှာ နေရာမရှိ၊ သွား၍သင်သည် ငါ၏စက်ဆုပ်ခြင်း ခံရသူတစ်ယောက် ဖြစ်လိမ့်မည်"ဟု ပြောဆိုလေ၏။

ဤအပိုဒ်များ၌ စဉ်းစားဆင်ခြင်ရန်မှာ "အလာအရှင်သည် ၎င်းတို့ဖန်ဆင်းနိုင်ပါလျက် အဘယ့်ကြောင့် ၎င်း၏စကား နားထောင်နိုင်ရန် တန်ခိုးတော်က မတတ်နိုင်ပါသနည်း။ သို့မဟုတ် အစက နားမထောင်မည်ဖြစ်သောသူများကို အဘယ့်ကြောင့် ဖန်ဆင်းပါသနည်း။ ၎င်းသတ္တဝါတို့ကို ဖန်ဆင်းနိုင်လျက် စိတ်တိုင်းမကျသောအခါ တန်ခိုးတော်ကို အဘယ်ကြောင့် မရုပ်သိမ်းနိုင်သနည်း"ဟု မယုံကြည်သူ ပညာရှိများ မေးမြန်းခဲ့လျှင် ၎င်းတို့ နှစ်သက်သောအဖြေ ရရှိဖို့ ခဲယဉ်းပေလိမ့်မည်။

✪ ✪ ✪ ✪ ✪

## လက်ထပ်တရားဟောပြောချက်

ခရစ်ယာန်ကျမ်းများ၌ လက်ထပ်ရန် မိန်းမတစ်ယောက်သာ ခွင့်ပြုသော်လည်း ၎င်းတို့၏ ကိုရအန်ကျမ်းမှာကား များစွာသော လက်ထပ်မယားတို့ကို ခွင့်ပြု၍ ၎င်းခရစ်ယာန်များနှင့် ဆန့်ကျင်စေသောအားဖြင့် ရုပ်ထုကိုးကွယ်သော သူများနှင့် လက်ထပ်ခြင်းကို အထူးရှောင်ကြဉ်ကြရန် အလာအရှင်၏ကိုယ်စား တမန်တော် မဟာမက်က ပြောပြသည်မှာ ကိုရအန်ဆူရ အပိုင်း-၂ ၌–

သင်တို့သည် ရုပ်ထုကိုးကွယ်သော မိန်းမများနှင့်၊ ၎င်းတို့သည် မိုဆလင်ဘာသာကို ယုံကြည်ခြင်း မရှိသည်တိုင်အောင် လက်မထပ်ရ။ သင့်ကို အလွန်နှစ်သက်ခြင်းရှိသော်လည်း ၎င်းထက် ယုံကြည်ခြင်းရှိသော ကျွန်မနှင့်လက်ထပ်ရခြင်းမှာ သာလွန်၍ကောင်းမွန်သေး၏။

၎င်းပြင် သင်၏သမီးများကိုလည်း ရုပ်ထုကိုးကွယ်သောသူများနှင့် ၎င်းတို့အလာ အရှင်ကို ယုံကြည်သည့်တိုင်အောင် လက်မထပ်ကြနှင့်။ အကြောင်းမှာ သူသည် သင်တို့ သမီးကို နှစ်သက်သော်လည်း ကျွန်နှင့်လက်ထပ်ရခြင်းက ရုပ်ထုကိုးကွယ်သော သူများထက် သာ၍ ကောင်းမွန်သေးသည် စသည်ဖြင့် ရုပ်ထုကိုးကွယ်သောသူများကို အကြီးဆုံးအပြစ် ထား၍ အထူးရှောင်ရှားဖို့ရန် ရေးသား ဖော်ပြထားလေသည်။

၎င်းပြင် မဒီနာတွင် ဟောပြောသည့် ၎င်းမိန်းမတို့အကြောင်း ရေးသားဖော်ပြသည်မှာ---

ဆူရ အပိုင်း-၄၊ အပိုဒ်-၃ ၌

သင်တို့သည် မိဘမဲ့ မိန်းမများအား ကောင်းစွာထောက်ပံ့ရန် ကျွေးမွေးခြင်းမပြုနိုင်-ဟု သိရှိ၍ ထင်မြင်သော မိန်းမများနှင့် လက်ထပ်ထိမ်းမြားကြကုန်လော့။ သို့သော်လည်း သင်တို့ တစ်ယောက်ထက် ပိုမို၍ ထောက်ပံ့ရမည် စိုးရိမ်ကြောင့်ကြခြင်း မရှိခဲ့လျှင် ၂-ယောက်၊ ၃-ယောက်အထိ လက်ထပ်နိုင်၏။

သို့သော် အသင်တို့ အဖများ လက်ထပ်ပြီးသော မိထွေးများနှင့် လက်ထပ်ခြင်း မပြုရ။ ၎င်းတို့မှာ ရှက်ဖွယ်၊ စက်ဆုပ်ဖွယ် ဖြစ်သည့်ပြင် ဘယ်ကဲ့သို့ ဖြစ်ပွါးသော်လည်း ရှောင်ကွင်းရမည့် ဥပဒေသဖြစ်၏။

၎င်းပြင် ဆူရ အပိုင်း-၄၊ အပိုဒ်-၂၇ မှာလည်း ရှောင်ကွင်းသင့်သော မိန်းမများ အောက်ပါအတိုင်း ဟောပြလေ၏။

ဆူရ အပိုင်း-၄၊ အပိုဒ်-၂၇

၂၇။ အို---ယုံကြည်ကိုးကွယ်သောသူများတို့၊ သင်တို့အား အကြပ်အတည်း တားမြစ်သည်မှာ အသင်တို့၏ သမီးများ၊ အသင်တို့၏ အမိများ၊ အသင်တို့၏ နှစ်မရင်းများ၊ အသင်တို့၏အမိ၊ အဘဘက်မှ တော်စပ်သော အရီး၊ အဒေါ်များ၊ သင်တို့၏ ညီ၊ အစ်ကို၊ နှမ၊ အစ်မများဘက်မှ တော်စပ်သော တူမများ၊ အသင်တို့၏ မိထွေးများ၊ အသင်တို့၏ မွေးစားသော နှမများ၊ အသင်တို့၏ ယောက္ခမများ၊ အသင်တို့၏ မွေးစားသော သမီးထွေးများ၊ သို့သော် သင်နှင့်မပေါင်းသင်းမီ အသင့်မိန်းမမှပါလာသော သမီးများမှာ အပြစ်မရှိ၊ အသင်တို့၏ သားရင်းများ၏ မိန်းမဖြစ်သော ချွေးမများ၊ ၎င်းပြင် ညီမ ၂-ယောက်လုံး လက်ထပ်ခြင်းများ ရှောင်ကြဉ်ကြရမည်ဖြစ်၏။

ထို့ပြင်လည်း ဆူရ ၃၃၊ အပိုဒ်-၄၇, ၄၈

၄၇။ အို---ယုံကြည်သူများတို့ အလာအရှင်ကို ယုံကြည်သူ မိန်းမများနှင့် လက်ထပ်သောအခါ လက်ထပ်ပွဲနှင့် မသက်ဆိုင်သေးမီ အသင်တို့ ကွာရှင်းနိုင်သေး၏။ ၎င်းတို့အား ဖြည့်စွက်ရမည်ဖြစ်သော ပြုပြင်ရန်အချက်များ သင်တို့မှာ မရှိ။ ၎င်းတို့အား ကျွေးမွေးထောက်ပံ့ကြကုန်လော့။ ၎င်းပြင် ချီးမွမ်းဖွယ်ဖြစ်သော ထုတ်နှုတ်ခြင်းဖြင့် နှုတ်ပယ်ကြကုန်လော့။

၄၈။ အို---မဟာမက်၊ ၎င်းတို့ကို ခမ်းဝင်ပစ္စည်း ပေးကမ်းနိုင်သလောက် သင့်အား ငါခွင့်ပြု၏။ ၎င်းပြင် အမှန်အကန်အားဖြင့် ပိုင်ဆိုင်ရရှိသော သုံ့ရကျွန်မများ၊ အမိဘက်အဖဘက်မှ ဖြစ်ပွားသော ဦးလေး, ဦးကြီး, ဘကြီး, ဘထွေး၏သမီးများ၊ အမိဘက်အဖဘက်မှဖြစ်သော မဒီနာသို့ ထွက်ပြေးရာပါသော အရီး, အဒေါ်များ၊ သင့်ထံသို့ ကိုယ်တိုင်အပ်နှံလာသော အထက်ပါ အခွင့်အရေးနှင့် သစ္စာစောင့်ထိန်းသော မိန်းမများနှင့် သင်အလိုရှိသမျှ လက်ထပ်လော့။

ဤအထက်ပါ ကိုရအန်ကျမ်းစာအပိုဒ်များသည် အလာအရှင်က ၎င်း၏ပရောဖက် မဟာမက်အား တဘက်သတ်အားဖြင့် လက်ထပ်မှု အခွင့်အရေး ပေးထားခြင်းများဖြစ်၍ ၎င်းဘာသာဝင်များ လေးစားမည်ဖြစ်သော်လည်း ခရစ်ယာန်ကျမ်းဂန်အရ လက်ထပ်ခြင်းများနှင့်ကား ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်၏။ ၎င်းသည် ခရစ်ယာန်ကျမ်းစာနှင့် လက်ထပ်မှု ဆန့်ကျင်သည်ထက် တဖက်တလမ်း အဆန့်ကျင်ဆုံးမှာ ရုပ်ထုကိုးကွယ်ခြင်း၏ အပြစ်များဖြစ်၍ ၎င်း၌ ရုပ်ထုကိုးကွယ်သော ကြီးလေးသော မကောင်းမှုကို ပြုလုပ်သောသူတို့မှာ ငရဲ ၇-ထပ်တွင် အောက်ဆုံးထပ်၌ အလေးနက်ဆုံး အဆင်းရဲဆုံးသော ဒုက္ခ အမြဲခံစားရလျက် ထိုမှတပါး အလာအရှင် ယုံကြည်ဆည်းကပ်သူတို့မှာ နတ်ပြည် ၇-ထပ်၌ အမြတ်ဆုံး အထက်ဆုံးဖြစ်သော အထက်၌ ကောင်းမြတ်သော ချမ်းသာကို အမြဲခံစားရသည်ဟု ပါရှိလေ၏။

## ၎င်းပြင် ခရစ်ယာန်ကျမ်းဟောင်း၌

ရေးသားသော မေရီ, ဝွန်, ဂျိဇက်, ဂျော် စသော သူများ၏ အကြောင်းအရာများ အပြင် အချို့များစွာသော အကြောင်းအရာများ တူညီလျက်ရှိ၍ ခရစ်ယာန်ကျမ်းစာများမှ ထုတ်နှုတ်ဟောပြောသော သို့မဟုတ် ထုတ်နှုတ်ရေးသားသော ကျမ်းဖြစ်သည်ဟု အချို့ ခရစ်ယာန်ဆရာကြီးများ အယူရှိကြသည့်အတိုင်းလည်း ဆိုခဲ့ပြီးသော လက်ထပ်မှုများနှင့် ရုပ်ထုကိုးကွယ်မှုများမှတပါး အခြားအကြောင်းအရာများမှာ အနည်းငယ်သာ ခြားနားသဖြင့် အထူးရေသားရန် မလိုကုန်။ အထူးအားဖြင့် သိသာထင်ရှားသည်မှာ ခရစ်ယာန်ကျမ်းဟောင်း

အရ ဘေရာဟင်၏ အသက် ၉၀-ကျော်မှာ အရေဖျားဖြတ်ခြင်းတည်းဟူသော ဂေါ့ဒ်အရှင်၏ အမှတ်အသားခံယူသည်မှစ၍ ခရစ်တော် ဂျီဆက်ဆ်တိုင်အောင် လိုက်နာသော်လည်း ယခုအခါ ခရစ်ယာန်များမှာ ၎င်းမင်္ဂလာကို အလျဉ်းမယူကြဘဲ မဟာမက်ဘာသာဝင်တို့သာ အရေဖျားဖြတ်ခြင်းကိုရင်း အီဘရာဟင်တည်းဟူသော အမည်ကိုရင်း အရေးယူကာ ကြီးကျယ်သော မင်္ဂလာတစ်ခု ယခုအခါ ပြုကြခြင်းမှာ ခရစ်ယာန်ကျမ်းစာများမှ ထုံးတမ်းစဉ်လာများ ယူကာ ပြုလုပ်ကြခြင်းဖြစ်သည်-ဟုရေးသားကြကုန်၏။

✪ ✪ ✪ ✪ ✪

## မဟာမက်အကြောင်း

ကိုရအန်ကျမ်း၏ အကြောင်းအရာများမှာ ဤမျှလောက်ဖြင့် စဉ်းစားနိုင်းယှဉ်ရန် ဤမျှသာ လိုအပ်သော်လည်း ၎င်းကိုရအန်ကျမ်းကို ဟောကြားသော မဟာမက်၏ အကြောင်း အတ္ထုပ္ပတ္တိများ လိုအပ်သောကြောင့် အောက်ပါအကျဉ်းချုပ် ရေးသားအပ်ပေသည်။

မဟာမက်သည် အာရပ်နိုင်ငံတော်၊ ဟေဂျက်ဇ်နယ်၊ မက္ကာမြို့၌ ခရစ်သက္ကရာဇ် ၅၇၀-ပြည့်နှစ်မှာ ဖွားမြင်၍ ၎င်းအနွယ်မှာ ကိုရီရှ်အမျိုးအနွယ်၌ ဖြစ်သည့်အတိုင်း ၎င်းလူမျိုးတို့သည် ခရစ်သက္ကရာဇ် ၃၁၀-လောက်ကစ၍ မဟာမက်သို့တိုင် ရောက်အောင် မပျက်မကွက် ဆက်လက်စိုးစံခြင်းဖြင့် ဟေဂျက်ဇ်နယ်ကို အုပ်ချုပ်လာခဲ့ကြလေ၏။ ၎င်းမဟာမက်သည် ဘိုးတော်အဗ္ဗဒူလာမွတ်တလစ်၏ ၅-ယောက်မြောက် အဗ္ဗဒူလာမင်းသားနှင့် မဒီနာမြို့သူ အာမေနာတို့ စုံဘက်ရာ မင်းသား၏အသက် ၂၅-နှစ်မြောက်တွင် ၎င်းသေဆုံးပြီးနောက် ၅-ရက်လောက်မှာ ဖွားမြင်၍ ၎င်းအား မဟာမက်-ဟု မှည့်ခေါ်ပြီးလျှင် ၎င်း၏အသက် ၆-နှစ်လောက်တွင် အမိ အာမေနာလည်း ကွယ်လွန်ပြန်သဖြင့် အဘိုးအဗ္ဗဒူလာ-မွတ်တလစ်နှင့်နေထိုင်ခဲ့ရာ ၉-နှစ်အရွယ် ၁၀-နှစ်အရောက် ခရစ်သက္ကရာဇ် ၅၇၉-ခုနှစ်မှာ ၎င်းဘိုးတော်လည်း ကွယ်လွန်ပြန်သဖြင့် ၎င်း၏သားကြီး အဘူကွာလစ်နှင့် အတူနေထိုင်ရလေ၏။ ၎င်းသားကြီးမှာ အဘိုး၊ အဘေးအစဉ်အဆက် ဆင်းသက်ကာ ချမ်းသာကြွယ်ဝသော်လည်း ဆင်းရဲသောအခြေသို့ ရောက်နေသည့်အတွက် မဟာမက်သည် သိုး၊ ဆိတ်၊ ကုလားအုပ်တို့ကို ထိမ်းကျောင်းနေရလောက်အောင် ဆင်းရဲငြိုငြင်စွာ အသက်မွေးရခြင်းသို့ ရောက်ရကြောင်း ၎င်းအတ္ထုပ္ပတ္တိများ၌ ရေးသားဖော်ပြကြကုန်၏။

သို့သော်လည်း မဟာမက် ၂၅-နှစ်အရွယ်သို့ ရောက်သောအခါ ခဒီဂျာအမည်ရှိသော ၂-ကြိမ်လက်ထပ်ပြီး အသက် ၄၀-ရှိ ကိုရီရှ်အမျိုးကြွယ်ဝချမ်းသာသော မုဆိုးမတစ်ယောက်နှင့် လက်ထပ်သဖြင့် ချမ်းသာကြွယ်ဝလာပြန်ပြီးလျှင် ၎င်းမုဆိုးမကြီးမှာ ဖာတမာအမည်ရှိသော သမီးတစ်ယောက် ရရှိပြီးနောက် မကြာမီ သေဆုံးလေ၏။ ၎င်းမုဆိုးမကြီးသေဆုံးပြီးနောက် မိန်းမ ၉-ယောက် နောက်ထပ် ယူပြန်လေ၏။ ၎င်းတို့မှာ–

၁။ **အာအေရှာ**၊ ၎င်းမဟာမက်နောက် ခလီဖက်အဖြစ် တင်မြှောက်ခြင်းခံရသော အဗူဗေကာ၏သမီး၊ လက်ထပ်စဉ်က ၉-နှစ်အရွယ် ရှိ၏။

၂။ **ဆောဒါ**အမည်ရှိသော မုဆိုးမ၊ ၎င်းမှာ သမီး ဖာတမာကို စောင့်ရှောက်ရသော မုဆိုးမတစ်ယောက် ဖြစ်၏။

၃။ **ဟတ်ဖဆာ**၊ ၎င်းမှာ အိုမေရာ၏သမီး၊ အသက် ၂၈-နှစ်ရှိ သားတစ်ယောက်အမေဖြစ်သော မုဆိုးမဖြစ်၏။

၄။ **ဇေဘီနပ်**၊ ၎င်းသည် မဟာမက်နှင့်လက်ထပ်ဖို့ရန် ကွာရှင်းပေးရသော ဇိုက်ဒ်၏မယားဖြစ်၏။

၅။ **ဗာရာ**၊ ၎င်းသည် အာရပ်လူမျိုးတို့၏ခေါင်းဆောင် အာလ်ကာရက်၏သမီး၊ လက်ထပ်ပြီး မိန်းမဖြစ်၏။ ၎င်းမှာ သူ့အဖေနှင့် သူ့ယောကျ်ားတို့ မဟာမက်နှင့် ပြိုင်ဆိုင်တိုက်ခိုက်သော စစ်ပွဲတစ်ခု၌ သေဆုံးကြ၍ သုံ့ပန်းအဖြစ်ဖြင့် ရရှိသော မိန်းမဖြစ်၏။

၆။ **ရေဟာနာ**၊ ၎င်းမှာလည်း ဂျူးလူမျိုးဖြစ်သော ဆိုင်မွန်၏သမီး၊ သုံ့ရမိန်းမတစ်ယောက်ဖြစ်၏။

၇။ **ဆက်ဖီယာ**၊ ၎င်းမှာ အေနာနာမည်သော လူတစ်ယောက်နှင့် လက်ထပ်ပြီးဖြစ်သော်လည်း အပြစ်ဒဏ်နှင့် ၎င်းကို သတ်၍ မဟာမက် အသက် ၄၀-မှာ ၎င်းကို သိမ်းယူလေ၏။

၈။ **အွမ်ဟက်ဗီဗာ**၊ ဟက်ဗီဗာ၏အမေ အဗူယောဗီယမ်၏ မုဆိုးမတစ်ယောက်ဖြစ်၏။

၉။ **ဒီမူနာ**၊ ၎င်းမှာ ၅၁-နှစ်ရှိ မုဆိုးမတစ်ယောက်ဖြစ်၍ အားလုံးသောမိန်းမများထက် အကြီးဆုံး မိန်းမတစ်ယောက်ဖြစ်၏။

၎င်းဆိုခဲ့ပြီးသည်ကား အထင်အရှားနေသော မိန်းမများသာဖြစ်၍ မထင်ရှားသော မိန်းမ မယားငယ်များလည်း ၁၅-ယောက်မျှရှိကြောင်း ၎င်းတို့၏အကြီးဆုံးမှာ မေရီယေရ်ဖြစ်၍ အီဘရာဟင်၏အမေဖြစ်ကြောင်း ရေးသားဖော်ပြကုန်၏။ ဤကဲ့သို့ မဟာမက်သည် မိန်းမတွေနှင့် ပျော်ပါးကာ နှစ်များကုန်လွန်ပြီးနောက် အနှစ် ၄၀-သို့ရောက်သောအခါ မက္ကာမြို့အနီး ဟီရာအမည်သော တောင်ပေါ်၌ ဂူတစ်ခုသို့ မကြာမကြာ သွားရောက်လေ့ရှိ

သဖြင့် တစ်ခုသောညဥ့်မှာ ဂေဗရီယယ်လ်မည်သော ကောင်းကင်တမန်တော် တစ်ယောက်သည် "ကမ္ဘာ၏အရှင် အလာအရှင်မြတ်ထံမှ အာရပ်လူမျိုးများအား တရားဟောပြောရန် အသင့်အား အမိန့်တော်ကျရောက်ကြောင်း" ပြောပြပြီးလျှင် ဟောပြောရန်တရားများ ၎င်းကောင်းကင်တမန်က မဟာမက်အား ပြောကြားသည်-ဟု ၎င်း၏အတ္ထုပ္ပတ္တိ၌ ရေးသားကြ၏။

ထိုအခါမှစ၍ မဟာမက်သည် ကောင်းကင်တမန် ဟောပြသည့် တရားတို့ကို နီးစပ်ရာလူတို့အား ဟောပြငြားသော်လည်း ၎င်း၏မိန်းမကြီး ခဒီဂျာမှတပါး ယုံကြည်သူနည်းပါးသည့်အပြင် ကိုရီရှ်လူမျိုးများ၏ အပြောင်အလှောင်များကိုသာ ရရှိလေ၏။ သို့သော်လည်း မလျှော့သောလုံ့လဖြင့် ဟောပြောရာ ၎င်းနောက် တစစလိုက်နာကြ၍ ၎င်းတို့တွင် ထင်ရှားသော **အလီ, အဗူဗေကာရ်, အိုမာရ်, ဟမ်မဇာနှင့် အွတ်စမန်**တို့ ယုံကြည်လိုက်နာကြ၍ တဖြေးဖြေး လူအများတို့အား ဟောပြောသောအခါ ကိုရီရှ်လူမျိုးများက များစွာမနှစ်သက်ကြသဖြင့် ပြင်းစွာနှိပ်စက် ညှဉ်းပန်းကြသောကြောင့် ၎င်းမှထွက်ခွါ **တွာယစ်**ဖ်သို့သွားရောက် ဟောပြောပြန်ပါလည်း နာယူကြမည့်အစား ခဲများဖြင့်သာ ပစ်ခတ်ခြင်းခံရ၍ မက္ကာမြို့သို့ ပြန်လာပြီးလျှင် ပရိသတ်အစည်းအရုံးနှင့် တရားမဟောဘဲ **ကအဘာ**ကျောင်း၌ ရောက်လာ သူ အနည်းငယ်မျှကိုသာ ၎င်း၏ဝါဒ မလျှော့သောလုံ့လဖြင့် ဟောပြောကာမှ လိုက်နာသူ အနည်းငယ် ရှိလာလေ၏။

မက္ကာမြို့သူ, မြို့သားများနှင့် ဆန့်ကျင်ဘက်ဖြစ်သော ရုပ်ပွါးဆင်းတု ကိုးကွယ်မှုနှင့် စပ်ဆိုင်သော အကြောင်းအရာများကို ဟောပြောခြင်းအားဖြင့် ၎င်းမြို့သူ, မြို့သားများသည် မခံမရပ်နိုင်ဖြစ်ကြ၍ မဟာမက်နှင့် ၎င်းဝါဒလိုက်နာသူတို့အား သတ်ဖြတ်နှိပ်စက်ညှဉ်းဆဲ နှင်ထုတ်ရန် ကြံစည်ကြောင်းကို သိရသောအခါ ခရစ်သက္ကရာဇ် ၆၂၂-ခု၊ ဂျူလိုင်လ၌ ကုလားအုပ်ကို စီးနင်းလျက် တိတ်တဆိတ် မဒီနာသို့ ထွက်ပြေး တိမ်းရှောင် ပြီးလျှင် ၎င်း၌လည်း သူ၏အယူဝါဒများကို ဟောပြောသောအခါ လိုက်နာသူများ အတော် အသင့်ရှိကြသည့်အပြင် ၎င်းကို ရိုင်းပင်းကူညီသူ အထောက်အပံ့များ ရရှိလေ၏။ ၎င်း၏ ဟောပြောချက်များနှင့် အယူဝါဒကို လိုက်နာသောသူများက ၎င်း၏အထိမ်းအမှတ်ဖြင့် **မဟာမက်**မဒီနာသို့ ထွက်ပြေးတိမ်ရှောင်ရသော နှစ်ကို အစပြု၍ ဟက်ဂျီရာသက္ကရာဇ်-ဟု ခေါ်တွင်စေလျက် ၎င်းဘာသာဝင်အများသည် ယခုထက်တိုင် ၎င်းကိုပင် သုံးစွဲခေါ်ဝေါ်နေကြ၏။

သို့ဖြစ်၍ မဒီနာမြို့သို့ ရောက်သည်ကစ၍ တိုးတက်လာပြီးလျှင် ၎င်းမြို့၌ပင် ၎င်းဝါဒ အခြေစိုက်လျက် နယ်ပယ်များ၌လည်း လိုက်နာသူ ပေါ်များလာသည်သာမက မက္ကာမြို့မှလည်း ရံဖန်ရံခါ ရောက်လာသူအများ အထဲမှာလည်း အချို့၎င်းအယူဝါဒ နှစ်သက်ကြသဖြင့် အခြေအနေ ခိုင်ခံ့လာပြီးလျှင် ၎င်းဟဂျရီသက္ကရာဇ် ၇-ခုနှစ်၌ စစ်သည်

ဗိုလ်ပါအလုံးအရင်း တစ်သောင်းကျော်နှင့် မက္ကာမြို့ကို ချီတက်တိုက်ခိုက် သိမ်းယူ ပြီးနောက် ရုပ်ထုကိုးကွယ်သော ၎င်းမြို့သူ, မြို့သားအများတို့၏ စိတ်နှလုံးကို ကြေကွဲစေလျက် ၎င်းမြို့ရှိ ကအဘာကျောင်းတော်ကြီးတွင် ၎င်းတို့ကိုးကွယ်သော ရုပ်ထုပေါင်း များစွာတို့ကို ဖျက်ဆီး ပစ်လေ၏။ ၎င်းနောက် ဟဂျရီသက္ကရာဇ် ၁၀-ခုနှစ်၊ ဇူလကအေ့ဒါလ ၂၅-ရက်နေ့၌ ကအဘာကျောင်းတော်ကြီးသို့ သွားရောက်ခြင်း-ဟူသော ဟာဂျီပြုရန် မက္ကာမြို့သို့ သွားရောက်၍ ၎င်းနှစ် ဇူလဟဂျလ၊ ၈-ရက်နေ့တွင် ဟဂျ်ပြုပြီးလျှင် မဒီနာသို့ ပြန်လည် ပြီးနောက် ဟဂျရီနှစ် ၁၁-ခု၊ ရဘီအွပ် အောက်ဝါလ၊ ၁၂-ရက်နေ့၌ ၎င်းမှာပင် လွန်ခဲ့ လေသည်။ ၎င်းဟဂျ်ပြုသည်ကို အကြောင်းပြု၍ ယခုထက်တိုင် တတ်နိုင်သောသူများသည် မသေမီ တစ်ကြိမ် သွားရောက်ကြသော ထုံးစံဖြစ်လာခဲ့လေ၏။

၎င်းမဟာမက် ကွယ်လွန်ပြီးသည့်နောက် အထက်က ရေးသားဖော်ပြခဲ့သည် အတိုင်း ၎င်းသည် ဟောပြောသည်-ဟု ဆိုသော ကိုရအန်ကျမ်းကို ခဲယဉ်းစွာ စုဆောင်း၍ မက္ကာ၌ ဆူရအပိုင်း-၈၀၊ လက်ာပိုဒ်ပေါင်း ၅၀၂၂-ရှိ၍ မဒီနာ၌ ဆူရအပိုင်း-၂၆၊ လက်ာပိုဒ် ပေါင်း-၁၄၇၅ ရှိကြောင်း ၎င်းအနွယ်ဆက်ခံသူ အဆက်ဆက် မှတ်သားလာကြကုန်၏။ မဒီနာသို့ ထွက်မပြေးမီ မက္ကာ၌ ဟောပြောသော အပိုဒ်များမှာ လိုက်နာသူနည်းပါး၍ မဒီနာ၌ ဟောပြောသော ၎င်းကိုရအန်ကျမ်း နောက်ပိုင်းများသာ သာလွန်အောင်မြင် ကြောင်း ရေးသားလျက် မှတ်တမ်းတင်ထားကြကုန်၏။

၎င်းမဟာမက် အတ္တုပ္ပတ်၌ မှတ်သားအပ်သော အံ့ဩဖွယ်ရာ အကြောင်းအရာ တစ်ခုမှာ-သူ့အား ကောင်းကင်တမန်များက ကောင်းကင်ဘုံသို့ တင်ပို့ကြ၍ ကောင်းကင်ဘုံ သို့ ရောက်သောအခါ အားလုံးသော သတ္တဝါတို့ထက် အကြီးဆုံးဖြစ်သော ကောင်းကင် တမန်ကြီးကို သူမြင်ခဲ့ရကြောင်း၊ ၎င်းကောင်းကင်တမန်ကြီးမှာ ဦးခေါင်း-၇၀၀၀၀ ရှိ၍ ဦးခေါင်း တစ်လုံးတစ်လုံးမှာ မျက်နှာ-၇၀၀၀၀ ရှိသည့်ပြင် မျက်နှာတစ်ခုတစ်ခု၌လည်း ခံတွင်း-၇၀၀၀၀ ရှိ၍ ခံတွင်းတစ်ခုတစ်ခုမှာ လျှာပေါင်း-၇၀၀၀၀ ရှိပြီး လျှာတစ်ခုတစ်ခုက ဘာသာပေါင်း-၇၀၀၀၀ ဟောပြောနိုင်၍ ကောဋိ ပကောဋိ-ကုဋေ-အကဋေပေါင်း-၁၁၉- ဘာသာတို့ဖြင့် အလာအရှင်မြတ်ကို ချီးမွမ်းနေသည်ကို သူတွေ့မြင်ရကြောင်းများဖြင့် အချို့ မဟာမက်အတ္တုပ္ပတ္တိ၌ ရေးသားထားလေ၏။ ဤသို့ မဟာမက်သည် အရှင်အလာ၏ တန်ခိုး တော်များ ကြီးကျယ်ခမ်းနားကြောင်း ပြောဟော၍ မကုန်နိုင်ကြောင်း၊ ဤမျှလောက်ဘာသာ တို့ဖြင့် ဟောပြောသော်လည်း မဆုံးနိုင်သော ဂုဏ်ကျေးဇူးတော်ရှိကြောင်း ဟောပြောခြင်း ဖြစ်၏။

✪ ✪ ✪ ✪ ✪

## က-အဘာ-ကျောင်းတော်ကြီး

ထိုမှတပါး ၎င်ဘာသာဝင်တို့ အထူးအားဖြင့် အားထားကိုးကွယ်ကြသော အရာမှာ မက္ကာမြို့ရှိ က-အဘာကျောင်းတော်ကြီးဖြစ်၍ ၎င်းတို့ သွားရောက်ကြခြင်း အကြောင်းမှာလည်း မဟာမေဒင်များ အယူဝါဒအရ ၎င်းသည်ကမ္ဘာဦးက ဆောက်လုပ်ခဲ့၍ အာဒမ်နှင့် သားဆက်တို့အပြင် အီဘရာဟင်-အီရှမိုင့်စသော အဆက်ဆက်သော ကမ္ဘာဦးပုဂ္ဂိုလ်ကြီးများ ပြင်ဆင်ဆောက်လုပ်လာခဲ့သော ကျောင်းတော်ကြီးဖြစ်သည့်အပြင် အာဒမ်ကို ကောင်းကင်မှ နှင်ချသောအခါ အတူပါလာသော ကျောက်ဖြူတုံးကြီးသည် အီဘရာဟင် ၎င်းကျောင်းကို ဆောက်လုပ်သောအခါ ၎င်းဘာသာအတိုင်း ရောက်လာသဖြင့် ဂိုဏ်းချုပ်ဘုန်းကြီးက အားလုံးသော ယုံကြည်သူများအား ၎င်းကျောက်တုံးကြီးကို အပြစ်မှပပျောက်ရန် နမ်းကြဖို့ အမိန့်ပေးသည့်အတိုင်း ၎င်းကို နမ်းကြသော ကုဋေပေါင်းများစွာသော သူများ၏ အပြစ်များကြောင့် နို့ထက်ပင်ဖြူစင်သော ၎င်းကျောက်တုံးကြီးမှာ ညိုမည်း၍လာကြောင်း ၎င်းပြင် ကမ္ဘာသစ်ပြုပြင်သောအခါ ၎င်းကျောက်တုံးကြီးမှာ မျက်လုံး ၂-လုံး ပေါ်လာလိမ့်မည်ဖြစ်၍ အားလုံးနမ်းကြသည့်သူများ မှတ်မိသည့်အပြင် ခံတွင်းနှင့်လျှာလည်း ပေါ်လာလိမ့်မည်၊ အကြောင်းအမျိုးမျိုး ရေးသားကြသော ၎င်းယုံကြည်ကြသော ကျောက်တုံးကြီးကို အရိုအသေပေးရန် ဖြစ်၏။

မည်သို့ပင်ဖြစ်စေ မဟာမက်ဘာသာဝင်အပေါင်းတို့ ၎င်းကျောင်းကြီးကို အလေးအမြတ်ဆုံးထား၍ ဘာသာဝါဒအရ စွဲလမ်းကြသည်မှာ အလာအရှင်ကိုငင်း ၎င်း၏ဖန်ဆင်းခြင်းကိုငင်း တမန်တော် ပရောဖက်မဟာမက်ကိုငင်း ယုံကြည်မှုများကြောင့်ဖြစ်၍ အထူးမဟုတ်ဘဲ ခရစ်ယာန်ဝါဒ အထက်က ဆိုခဲ့ပြီးသည့်အတိုင်း အထူးဖော်ပြရေးသားရန် မလိုပေ။ ဆင်ခြင်စဉ်းစားရန်မှာ အရာဝတ္ထုထင်ရှားရှိမှု ပမာနမဟုတ်ဘဲ ၎င်း၏အကြောင်းအရာ ဟုတ်မှန်, မမှန်သည်သာ ပမာနဖြစ်၍ တစ်စုံတစ်ရာ ၎င်းဘာသာဝါဒနှင့် ပတ်သက်သော အထိမ်းအမှတ်များ ထင်ရှားရှိစေကာမူ ၎င်း၏အကြောင်း ယုတ္တိနှိုင်းညှိဖို့ရန် ပညာ ဉာဏ်သည်သာ ၎င်းအား ခွဲခြားဝေဖန်ဖို့ အထူးသဖြင့် လိုအပ်သည့်အားလျော်စွာ ၎င်းကို ဝေဖန်စဉ်းစားနိုင်ရန် အထက်ကရေးသားပြီးသော ၎င်းတို့၏ ကျမ်းစာများ၏ အကြောင်းအရာများနှင့် ၎င်းဘာသာဖြစ်ပွားလာရခြင်း အကြောင်းအရာများ သင့်တော်လုံလောက်ပေပြီ။

✪ ✪ ✪ ✪ ✪

## ၎င်းတို့၏ အနာဂတ်

နောင်ဖြစ်လတ္တံ့သော အနာဂတ် အကြောင်းအရာများမှာလည်း ပြဆိုခဲ့ပြီးသော ဂျွန်ရေးသားသည့် ခရစ်ယာန်ကျမ်းသစ် ကမ္ဘာဖျက်ကျမ်းကဲ့သို့ တစ်မျိုးစီအားဖြင့် သေကျေပျက်စီးကြသော သတ္တဝါအားလုံးတို့ အသက်များသည် နောက်ကမ္ဘာသစ်ကြီးတစ်ခုပြုပြင်စီရင်သောအခါ တဖန်ပြန်၍အသက်ရှင်လာလိမ့်မည် စသည်ဖြင့် ရေးသားကြကုန်၏။ ၎င်းပြင် ဂျီဆက်ဆ်သည် ဂျူးလူမျိုးဖြစ်သည့်အားလျော်စွာ ၎င်းတို့အား ကယ်တင်ရန်ဖြစ်ပေါ်လာရကြောင်းများ ဟောပြောသကဲ့သို့ မဟာမက်ကလည်း အာရပ်လူမျိုးဖြစ်သည်အားလျော်စွာ အာရပ်ဘာသာဖြင့် ၎င်းလူမျိုးတို့အား ကြီးပွါးစေရန် အလာအရှင်သည်ကိုရအန်ကို ၎င်းအာရပ်ဘာသာအားဖြင့် ၎င်းတို့အပေါ်၌ ပိုမိုသော မေတ္တာတရားနှင့် ဟောကြားသည်-ဟု ပြောကြားသောကြောင့် ခရစ်ယာန်ကျမ်းများ အလားတူ ၎င်းတို့၏ အလာအရှင် တဘက်သတ်မေတ္တာပြုရာ ရောက်သကဲ့သို့ဖြစ်၏။

✪ ✪ ✪ ✪ ✪

## ဟိန္ဒီအယူဝါဒ

ဣဿရနိမ္မာန ဖန်ဆင်းသည်-ဟု ယူသောဝါဒများမှာ ခရစ်ယာန်နှင့် မိုဆလင်ဘာသာမျှ မဟုတ်သေး၊ ရှေးအကျဆုံးဖြစ်၍ များပြားဆန်းကျယ်သော ဖန်ဆင်းမှုမှာ ဟိန္ဒီဘာသာဖြစ်၍ ၎င်းဝါဒ၌လည်း ဂေါ်ဒ်အရှင်, အလာအရှင်တို့အစား ပြဟ္မာကြီးဖန်ဆင်းသည်-ဟု အယူရှိကြသဖြင့် ဆိုခဲ့ပြီးသော ဘာသာများနှင့် အစအလယ်များ ခြားနားသော်လည်း အဆုံးသတ်ဖန်ဆင်းမှု၌ကား တူညီကြသောကြောင့် ဉာဏ်မြင်မမှီ ကြံစည်၍ မရနိုင်သော အရာများ၌ ဖန်ဆင်းသူရှိရမည်-ဟု ယူဆလာကြခြင်းသည် မြတ်စွာဘုရားပွင့်တော်မမူမီ နှစ်ပေါင်းမရေတွက်နိုင်သောအခါကပင် အစဉ်အလာ ဓမ္မတာလမ်းရိုးကြီးဖြစ်နေသည်ကား ပညာရှိများမှာ ကောင်းစွာထင်ရှား၏။ သို့ပင်တူစေကာ တစ်ဘာသာနှင့် တစ်ဘာသာ ဖန်ဆင်းပုံအခြင်းအရာများမှာကား ကွာခြား၍ထူးခြားသော အကြောင်းအချက်များ စဉ်းစားဝေဖန်နိုင်ရန် ရေးသားရပေမည်။

ဤဟိန္ဒီ အယူဝါဒ၌ ပရမတ္တ ဤသျှရသည်အစအဆုံးမသိနိုင်သော အခါကပင် တည်ရှိနေ၍ ၎င်း၏အလိုဆန္ဒအတိုင်း ကမ္ဘာ့တန်ဆာအားလုံးသော အရာဝတ္ထုများ ဖန်ဆင်းပြီးနောက် မိမိပရမတ္တမှ လက်အောက်အတ္တဖြစ်သော ပြဟ္မတ္တမကို ရုပ်ပုံသဏ္ဌာန်နှင့်တကွ

အားလုံး သက်ရှိသတ္တဝါများကို ၎င်းကိုယ်စား တစ်ဆင့် ဖန်ဆင်းစေရန် ဖန်ဆင်းသည်ဟု အယူရှိကြ၍ ၎င်းပရမတ္တမမှာကား ထင်ရှားသော ရုပ်ပုံသဏ္ဌာန်မရှိ ပကတိသဘာဝအတိုင်း ခပ်သိမ်းသောအရပ်တို့၌ ပြန့်နှံ့သည်-ဟု ယူဆကြကုန်၏။ ၎င်းပရမတ္တမထာဝရအတ္တမှ ခွဲထုတ်သော ပြဟ္မတ္တာသို့မဟုတ် ၎င်းအယူဝါဒဖြင့် ပဇာပတိသတ္တဝါတို့၏ အရှင်ဖြစ်သော ပြဟ္မာကြီးသည် ကမ္ဘာသူသတ္တဝါများ အားလုံးတို့အား ဖန်ဆင်းပြီးနောက် ၎င်းတို့အား စောင့်ရှောက်ဖို့ရန် ဗိဿနိုး၊ ကမ္ဘာ၌ ဆိုးဝါးကြမ်းထမ်းသော သတ္တဝါများကို ဖျက်ဆီးနှိမ်နင်းရန် မဟာသီဝ သို့မဟုတ် မဟာဒေဝကို ဖန်ဆင်း၍ ၎င်းဟိန္ဒူဝါဒ၌---

- ပြဟ္မာကို ဖန်ဆင်းသူ အဖြစ်ဖြင့်
- ဗိဿနိုးကို စောင့်ရှောက်သူ အဖြစ်ဖြင့်
- မဟာဒေဝကို ဖျက်ဆီးသူ အဖြစ်ဖြင့်--- ၎င်းတို့ကိုးကွယ်ရာ ၃-ပါးထား၍ တြိမုနိအာဒိဒေဝတာ-ဟု လေးစားယုံကြည်ကြကုန်၏။

✪ ✪ ✪ ✪ ✪

## တြိမုနိအာဒိဒေဝတာ

၎င်းတို့နှင့်စပ်လျဉ်း၍ မနုဓမ္မသတ်၌ ရေးသားဖော်ပြသည်မှာ ကမ္ဘာဦးကရသေ့များသည် ပြဟ္မာ၊ ဗိဿနိုး၊ မဟာသီဝ နတ် ၃-ပါးအပေါင်းအား အတူတူထား၍ ပူဇော်ခြင်းကို သဘောမတူကြသဖြင့် အကောင်းဆုံး အမြတ်ဆုံးထား၍ ပူဇော်လိုသည်အားလျော်စွာ ၎င်း ၃-ပါးတို့၏ အခြေအနေများကို စုံစမ်းဘို့ရန် ဘရိဂု သို့မဟုတ် ဘဂ္ဂုအရှင် ရသေ့အား အားလုံးက တာဝန်လွှဲအပ်သည့်အတိုင်း ထိုအရှင်ရသေ့သည် ရှေးဦးစွာ ပြဟ္မာကြီးထံသို့ ၎င်းသဘောထား အခြေအနေသိရန် ကြံစည်စိတ်ထားနှင့် အရိုအသေမပေးဘဲ ဝင်သွား၍ ပြဟ္မာကြီးက ပြင်းထန်စွာပြစ်တင်ပြောဆိုသည်ကို ကျေနပ်အောင် တောင်းပန်သော်လည်း ကောင်းမွန်စွာ ဧည့်ခံခြင်းမရှိသဖြင့် "ကမ္ဘာကြီးက အသင်ပြဟ္မာကြီးအား အပူဇော် အပအသနည်းပါးပါစေ"ဟု အရှင်ရသေ့သည် ကျိမ်ဆဲကာ ထွက်လာခဲ့လေ၏။

ထို့နောက် ဒုတိယအကြိမ်တစ်ဖန် မဟာဒေဝထံသို့ ရှေးအတိုင်း မရိုမသေ မလေးစားဘဲ ဝင်သွားသောအခါ ၎င်းသည်စိတ်ဆတ်၍မခံတတ်သော နတ်ဖြစ်သည့်အလျှောက် အမျက်ဒေါသပြင်းထန်စွာ တက်ကြွသဖြင့် အရှင်ရသေ့က အနူးအညွတ် ခွင့်ပန်ဖို့ရန် မတောင်းပန်လျှင် ၎င်းအားသတ်ဖြတ် ချေဖျက်သုတ်သင်မည့်ဖြစ်သောအခြေသို့ ရောက်လေ၏။

ဂုဏ်းပြင် ၎င်းမဟာဒေဝနှင့်စပ်၍ အခြားမှတ်တမ်းတစ်ခု အလိုအားဖြင့် ဘရိဂုအရှင် ရသေ့သည် ကေလာသတောင် ၎င်း၏ဘုံဗိမာန်သို့ အမှတ်မဲ့သွားရောက်သော အခါ ၎င်းမှာ သူ၏ကြင်ယာတော် ပါရဗတီဒေဝီနှင့်တိတ်ဆိတ်သောအခမ်းတစ်ခု၌ ပျော်ပိုက်စွာ ခံစားလျက် နေခြင်းအားဖြင့် လက်ခံဝတ်ပြုနိုင်သော အခါအခွင့်မသင့်သော ကြောင့် ဧည့်ဝတ်မကျေရှိနေခြင်းကို ၎င်းအရှင်ရသေ့က အမှတ်ထား၍ "အသင့်အား လူအများတို့သည် လိင်အသွင်ဖြင့် ပူဇော်စေသတည်း"ဟု ကျိန်ဆဲသည်အားလျော်စွာ ၎င်းမဟာဒေဝကို ယောက်ျားတို့၏ လိင်နိမိတ်ပုံသဏ္ဌာန်အားဖြင့် ကျောက်ခွက်ပေါ်မှာ ကျောက်လုံးစိုက်လျက် ယခုအခါ ဟိန္ဒီအများ အားထားကိုးကွယ်ကြလေ၏။

နောက်ဆုံး တတိယအကြိမ် ဗိဿျဏု အထံသို့ သွားရောက်သောအခါ ၎င်းသည် အိပ်ပျော်နေခိုက်နှင့် ကြုံကြိုက်နေ၍ ရသေ့က ခြေနှင့် ရင်ကန်ကျောက်မှ နိုးလာသော် လည်း အမျက်ဒေါသတက်ကြွမည့်အစား အရှင်ရသေ့ကြီးအားပင်လျှင် နူးညံ့သိမ်မွေ့စွာဖြင့် "သူ့အတွက် ခြေမှာနာကျင်မှု ဖြစ်သွားပါသလား"ဟု ပြောဆိုလျက် သူ့လက်ဖြင့် ခြေကို ဆုပ်နယ် လေ၏။ ထို့ကြောင့် ရသေ့ကြီးက ၎င်းဗိဿျဏုအား အမြင့်မြတ်ဆုံး, အနူးညံ့ဆုံး, အကြင်နာဆုံး ဖြစ်သည်-ဟု ဆုံးဖြတ်ပြီးလျှင် "အသင်အား လူအများတို့ အမြင့်မြတ်ဆုံး ထား၍ ကိုးကွယ်ပါစေသတည်း"ဟု ဆုတောင်းခဲ့ခြင်းအားဖြင့် ယခုထက်တိုင် လူအများ၏ အထွဋ်အမြတ်ဆုံး အကိုးကွယ်ခံရလေ၏။

ဟိန္ဒီတို့သည် သူတို့၏ ပူရာဏ်ကျမ်းဂန်အားလျော်စွာ ၎င်းတို့ကိုးကွယ်ရာ ၃-ဦး အနက်---

- ဗြဟ္မာကြီးမှာ ၎င်း၏ဒေဝီသူရဿတီနတ်သမီးနှင့် ဗြဟ္မာ့ဘုံ ကမလာသန၌ နေ၍ စီးတော်ယာဉ်မှာ ဘဲငန်းဟသာ်ဖြစ်ကြောင်း---
- ဝိဿျဏုမှာ ကြင်ရာတော် လက္ခမီဒေဝီနှင့် ဗြဟ္မာ့ဘုံမှာပင်နေထိုင်၍ စီးတော်ယာဉ် မှာ ဂဠုန်ငှက်ဖြစ်ကြောင်း---
- မဟာဒေဝမှာ ၎င်း၏ ကြင်ရာတော် ပါရဗတီဒေဝီနှင့် ကေလာသတောင်မှာ နေထိုင် ၍ ၎င်း၏စီးတော်ယာဉ်မှာ နွားလားဥသဘဖြစ်ကြောင်း-

ယုံကြည်သောအားဖြင့် ၎င်းတို့၏ရုပ်ထု ပြုလုပ်ကိုးကွယ်ကြကုန်၏။

၎င်းဗြဟ္မာ, ဗိဿျဏု, မဟေသရ, မဟာဒေဝ တို့ကို တပေါင်းတည်းပြု၍ တြိမူရတိ ၃-မျက်နှာ ရှိသော ရုပ်ထုပြုလုပ်ကိုးကွယ်ကြသည့်အပြင် ၎င်း ၃-ပါးကို ရည်မှန်း၍ အထိမ်းအမှတ်ပြု သောအားဖြင့် ဗြဟ္မသုတ္တဟိန္ဒီဘာသာအားဖြင့် ဂျနေဝု (ဇနေဝု) ခေါ်

၎င်းတို့ပူဇော်သော ကြိုး ၃-ချောင်းပေါင်းလျက် ဟိန္ဒူပုဏ္ဏားတို့သည် မင်္ဂလာအခမ်းအနား အားဖြင့် စလွယ်တင်ကြခြင်း, ၎င်းတို့ ဝေဒမန္တန်ဂါထာကို ရွတ်ဆိုရာ၌လည်း ကျက်သရေ မင်္ဂလာတိုးတက်စေ ခြင်းငှာ---

| | |
|---|---|
| အ---- ---ကို | မဟာဗြဟ္မ |
| ဥ---- ----ကို | ဗိဿျဏု |
| မ---- ----ကို | သိဝမ် |

အသီးသီးအားဖြင့်-အက္ခရာ-၃-ခုပေါင်းလျက် ဥုမ်---ဟု-အဦး-အစ ထားလျက် ရွတ်ဖတ်ကြကုန်၏။

အခြားမှတ်တန်းတစ်ခုအလိုအားဖြင့် တစ်ရံသောအခါ နတ်အများတို့သည် ဝဇရံဂ နှင့်ဝရံဂီတို့၏သား တာရကဘီလူးကြီးနှင့် စစ်ထိုးရန် ဗိုလ်မှူးတစ်ယောက် လိုနေ၍ ၎င်းကို နှိမ်နင်းနိုင်သော မဟာဒေဝ၏စိတ်ဓာတ်ကို ဖျက်ဆီးဖို့ရန် ပါရဗတီနှင့် ဖျားယောင်း သွေးဆောင်ဖို့ ကရိဿျဏနှင့်ရုက္ခမဏီတို့၏သား ကာမတရားတို့ကို ဖြစ်ပွားစေနိုင်သည့် တန်ခိုးသတ္တိနှင့်ပြည့်စုံသော ကာမဒေဝနတ်ကို ရှာဖွေ၍ ၎င်းအား မဟာဒေဝ၏ ကမ္မဋ္ဌာန်း အာရုံ၌ နှစ်ခြိုက်ပျော်မွေ့သော သမာဓိစိတ်ဓာတ်ပျောက်ပျက်လျက် ကာမစိတ်ဓာတ် သက်ရောက်ရန် ကူညီဖို့ တောင်းပန်ကြသောအခါ ၎င်းကလည်း ဝန်ခံကတိထားရှိသည့် အတိုင်း မဟာဒေဝ၏ကာမတရား ဖြစ်ပွါးစေရန် ၎င်း၏လက်နက်ဖြစ်သော မြှား ၅-စင်း ဖြင့် ပစ်ခွင်းလေ၏။ ထိုအခါ မဟာဒေဝသည် သူ၏သမာဓိကို နှောင့်ယှက်လျက် ကာမစိတ် ဓာတ်တို့ဖြင့် ရောက်ရက်ခပ်ဖြစ်လာသောအခါ အမျက်ဒေါသချောင်းချောင်းထ၍ ၎င်း၏ ၃-ခုမြောက်သောမီး တောက်လောင်စေပြီးလျှင် ၎င်းကာမနတ်အား လောင်ကျွမ်းစေသော် လည်း ၎င်း၏ ဒေဝီ ရတီနတ်သမီးတောင်းပန်ချက်ဖြင့် ပရဒျုမနခေါ် ကာမနတ် ဖူးစာနတ် အဖြစ်ဖြင့် တဖန်မွေးဖွားစေပြီး မဟာဒေဝနတ်ကြီးလည်း ထိုအခါမှစ၍ ပါရဗတီနှင့် စိတ်ဓာတ်တူမျှလျက် ကေလာသတောင်မှာ ပျော်ပိုက်စွာ အတူတကွအစဉ် နေထိုင်ခဲ့ ကြလေ၏။

၎င်းပြင် ဗြဟ္မာကြီးမှာ ဗိဿျဏုချက်မှ ပေါက်ရောက်သော ပဒုမ္မာကြာတိုက်မှ ဖြစ်ပွါးပေါ်ပေါက်လာ၍ ၎င်းသည် သူရဿတီမည်သော သမီးတော်တစ်ပါး ဖန်ဆင်းပြီး နောက် ၎င်းသမီးတော်နှင့်ပင် ဆက်ဆံစေခြင်းအားဖြင့် ကမ္ဘာလောကကြီးကို ဖြစ်ပွါး စေကြောင်း၊ ၎င်းပြင် ထိုဗြဟ္မာကြီးမှာ မူလက ဦးခေါင်း ၅-လုံးရှိသော်လည်း ၁-လုံးမှာ သိဝ၏လက်ညှိုးဖြင့် ဖြတ်ချကြောင်း သို့မဟုတ် အချို့က ၎င်း၏ ၃-ခုမြောက်သောမျက်လုံးမှ မီးထတောက်ပြီး လောင်ကျွမ်းစေကြောင်း၊ ၎င်းမှာ ကြာတိုက်မှပေါက်ဖွားသည်အားလျော်စွာ

ကမလာသန ခေါ် ကြာတိုက်နန်း၌ စံမြန်း၍ စီးတော်ယာဉ်မှာ ဘဲငန်းဟင်္သာဖြစ်ကြောင်း၊ ထိုကြောင့်လည်း ၎င်း၏အမည်ကို အမ္ဗုဇယောနိ-ဟူ၍၎င်း သတ္တဝါတို့ကို ရှေးဦးစွာ ပေါက်ဖွားစေသောကြောင့် ပဇာပတိ ဟူ၍၎င်း ပိတာမဟ-ဟူ၍၎င်း အကြောင်းအား လျော်စွာ ခေါ်ဝေါ်ကြကြောင်း ရေးသားကြလေ၏။

✪ ✪ ✪ ✪ ✪

## ဉုံမ်-နှင့်-ဗုဒ္ဓတရားတော်

၎င်းပြဟ္မာ, ဗိဿျဏု, သီဝ-ဟု ဆိုအပ်သော အာဒိဒေဝတာ ကမ္ဘာဦးနတ် ၃-ပါး အကြောင်းများနှင့်စပ်၍ ၎င်းဟိန္ဒီဘာသာကြီးသည် ရှေးကျ၍ နှစ်ပရိစ္ဆေဒ ရှည်လျားသည် အားလျော်စွာ အဆက်ဆက်ရေးသားလာခဲ့ကြသော ၎င်းတို့ကျမ်းဂန်အမျိုးမျိုးဖြင့် ကျယ်ဝန်း များပြားသော်လည်း အချုပ်အားဖြင့် ၎င်းအာဒိဒေဝကာ ကမ္ဘာဦးနတ်တို့၏ ဂုဏ်ကျေးဇူး ချီးကျူးရေးသားကြ၍ အတိုချုပ် အ-ဥ-မ-အက္ခရာ ၃-လုံးပေါင်းစပ်သောအားဖြင့် ဉုံမ်-ဟု ၎င်းတို့ဘာသာ ပူဇော်အပ်သော အက္ခရာ အဦးထားပြီး ဂါထာမန္တန်များ ဟိန္ဒီပုဏ္ဏားတို့ အကျိုးပြီးမြောက်သည်-ဟု အယူရှိကာ ရွတ်ဖတ်ကြကုန်၏။ ၎င်းတို့ဝါဒသို့ အတုလိုက်ပြီး လျှင် ပိဋကတ်ကျမ်းစာ အချို့အစိတ်အပိုင်းများကိုလည်း အကျိုးထင်မှတ်လျက် "ဉုံမ်"ခံ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်မှာ ဗုဒ္ဓဘာသာ၏ စင်ကြယ်ကောင်းမွန်သော တရားတော်နှင့် ဆန့်ကျင်သည့်အပြင်, အနက်အဓိပ္ပါယ်လည်း တခြားစီဖြစ်၍ ၎င်းဝါဒအရ အကျိုးအာနိသံ သ ရရှိဖို့ခဲယဉ်းပေလိမ့်မည်။ ၎င်းပြင် အတိဒုလ္လဘ ရခဲလှသော တရားတော် 'ဣတိပိ သော ဘဂဝါ' စသော ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို ၎င်းဟိန္ဒီ အာဒိဒေဝတာ အတိုချုပ် ဉုံမ်ခံကာ ရွတ်ဖတ်လျှင် တရားစစ် တရားမှန်ကို ဘယ်နတ်, ဘယ်ပြဟ္မာ, ဘယ်သတ္တဝါမှ မကူ၊ သယမ္ဘူဉာဏ်ဖြင့် ထွင်းဖေါက်သိမြင် ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်ပင် ၎င်းတို့၏အာဒိဒေဝဖြစ်သော ပြဟ္မာ, ဗိဿျဏု, မဟာဒေဝတို့မှ အမွှန်အစဖြစ်သည်-ဟု ဆိုရာရောက်ပေလိမ့်မည်။

ထိုမှတပါး အဦးအစ ဉုံမ်-ဟု ရွတ်ဆိုကြသည်သာ မဟုတ်သေး၊ 'ဉုံမ် သန္တော သန္တော သဟေတုံ သွာဟ' ဟူ၍၎င်း 'ဉုံမ် ကရဏိယမတ္ထသွာဟယျသွာဟုံ ဟုံ' ဟူ၍၎င်း အဆုံးသတ်နိဂုံးမှာလည်း ၎င်းဟိန္ဒီဝါဒအရ ရွတ်ဖတ်ကြကုန်၏။ ထိုသို့ အဆုံးသတ် ရွတ်ဆို အပ်သော သွာဟနှင့် ဟုံဟူသော သကတ ဘာသာစကားတို့မှာ ဟိန္ဒီတို့အယူဝါဒအတိုင်း- ၎င်းတို့ မြတ်နိုးကိုးကွယ်ကြသော ဣန္ဒဒေဝတာနတ်များတို့အား ကျက်သရေမင်္ဂလာ အလို့ငှာ

အမြွတ်တနိုး ရှိခိုးပူဇော်ကြသော စကားများဖြစ်သဖြင့် ပိဋကတ်တရားတော်မြတ်နှင့် မသက်ဆိုင်ကြကုန်။ ဤကဲ့သို့ သုံးစွဲလာကြခြင်းမှာလည်း မြန်မာပြည်၌ ရှေးမင်းများ လက်ထက်မှ စ၍ပင် မင်္ဂလာအခမ်းအနား၌ ပုဏ္ဏားတို့အား ရှေ့ဆောင်ထား၍ ပြုလုပ်ကြသောကြောင့် ၎င်းတို့မှ အမွှန်အစပြုလျက် ကျက်သရေမင်္ဂလာ တိုးတက်ကြောင်း အစီအရင်ဖြင့် တန္တြမန္တြကျမ်းတို့မှလာသော ဘေးအန္တရာယ် ကာကွယ်နိုင်သည်-ဟု အယူရှိကြသော ထုံးတမ်းအစဉ်အလာ ပြန့်ပွါးခြင်းသာ ဖြစ်ကုန်၏။

✪ ✪ ✪ ✪ ✪

## ဖန်ဆင်းခြင်း ထူးခြားချက်

၎င်းဟိန္ဒီဘာသာကြီးသည် ဣဿရနိမ္မာန အယူဝါဒဖြစ်၍ ဖန်ဆင်းခြင်း၌ စွဲမြဲသော အယူဝါဒဖြစ်သည်အားလျော်စွာ ၎င်းသည် ရှေးကျ၍ အယူအဆများပြားသဖြင့် ဖန်ဆင်းကြပုံအမျိုးမျိုး ကွဲပြားကြသောကြောင့် ၎င်းတို့ကို သိရှိရန် အောက်ပါအကြောင်းများ ရေးဖော်ပြရပေမည်။ မနုသမုတိ မည်သော ဓမ္မသတ်ကျမ်းအရ ကမ္ဘာ့ဦးအစ၌ မှောင်အတိဖုံးအုပ်နေသော ကမ္ဘာကြီးကို ဤသျှရ ပရမတ္တမသည် မိမိအရောင်ဖြင့် အမိုက်မှောင်ကို လွင့်စေပြီးလျှင် ကိုယ်တိုင်တော် ထင်ရှားပေါ်လာ၍ ဦးစွာပဌမ မျိုးစေ့ချဖို့ရန် ရေကို ဖန်ဆင်းပြီးနောက် မျိုးစေ့ချ၍ ၎င်းဗြဟ္မဏ္ဍ [ ဗြဟ္မာဥကြီး ]ပေါ်လာပြီးလျှင် ၎င်းမှ ပိတာမဟ ခေါ် ကမ္ဘာ့အဘိုး ဗြဟ္မာကြီးပေါက်ပွါးလာ၍ ထိုဥကြီးကိုကား ကောင်းကင်တစ်ပိုင်း မြေကြီးတစ်ပိုင်းအားဖြင့် ၂-ပိုင်း ခွဲဝေထားလေ၏။ ထိုနောက်မှ ကမ္ဘာကြီးပြုလုပ်တည်ထောင်မှု၌ ကူညီထောက်ပံ့ရန် ပဇာပတိခေါ် ဗြဟ္မာ ၁၀-ယောက်တို့ကို နောက်ထပ် ဖန်ဆင်းပြီးလျှင် ၎င်းလက်အောက် ဗြဟ္မာများနှင့် ကမ္ဘာကြီးကို အပြည့်အစုံ ဖန်ဆင်းတည်ထောင်ကြကုန်၏။

ထိုမှတပါး အချို့ကမ္ဘာမှတ်တမ်းများအရ ပရမတ္တမသည် ကမ္ဘာဥကြီးခွဲခြားပြီးသည့်နောက် ၎င်းကိုယ်တိုင် မိန်းမတစ်ပိုင်း ယောကျ်ားတစ်ပိုင်းအားဖြင့် ၂-ပိုင်း, ၂-စိတ် ဝေဖန်၍ ၎င်းတို့မှ ဝိရာဇမည်သော သားတစ်ယောက်၊ ၎င်းမှ မနုအမည်ရှိသော ကပ်ဦးသမတ ဖြစ်လာကြောင်း ကုမာရသမ္ဘဝကျမ်း စသည်တို့၌ ရေးသားကြကုန်၏။ ၎င်းပြင်ရာမာယန ခေါ် ရာမအကြောင်း အဆန်းတကြယ် ဖွဲ့ဆိုသီးကုံးထားသော ကျမ်းအရ ကမ္ဘာဦးအစ သေးငယ်သော ပရမာအနုမြူကလေးမှ ဗြဟ္မာကိုယ်ခန္ဓာကြီး ဖြစ်ပွါးပြီးနောက် ၎င်းမှ မရိစိမည်သော ပဇာပတိ ၁၀-ယောက်တို့တွင် တစ်ယောက်အပါအဝင်ဖြစ်လာ၍ ၎င်းမှ ကဿပ၊

၎င်းမှ ဝိဝါသွတ၊ ၎င်းမှ လူသတ္တဝါတို့အား စောင့်ရှောက်အုပ်ချုပ်ရသော ကပ်ဦးသမတ **မနုမည်သော** မင်းဖြစ်လာကြောင်း ကမ္ဘာဦး အခြင်းအရာအကြောင်းများ ရေးသား ဖော်ပြပေ၏။

၎င်းပြင် 'အဲ တြေယ ဥပနိသာဒ'ခေါ် ဟိန္ဒူပညာရှိကြီးများ လေးစားကြသော ဝေဒကျမ်းကြီးတို့၏ အနှစ်သာရထုတ်ပြသော ကျမ်းဂန်အရ ဖန်ဆင်းကြပုံကား အထက်က ရေးသားပြီးသည်ထက် ဆန်းကြယ်ပုံမှာ ကမ္ဘာအစက ပရမတ္တမ ပရမေသွရ တစ်ဦးတည်း သာဖြစ်၍ ကမ္ဘာကြီးကို ဖန်ဆင်းဖို့ရန် ကြံစည်စိတ်ကူးသည့်အားလျော်စွာ နတ်ပြည်ကောင်း ကင်, အရောင်အလင်း, ပင်လယ်သမုဒ္ဒရာ, ကမ္ဘာမြေကြီးတို့ကို ပဌမတည်ထောင်ဖန်ဆင်းပြီး နောက် ကမ္ဘာစောင့်နတ်များ ဖန်ဆင်းဖို့ရန် ရေပြင်မှလူသဏ္ဌာန် တန်ခိုးတော်ဖြင့် ပြုလုပ်သော် လည်း ဥက္ကောင်းမှာ မျက်စိ, နား, နှာ, ခံတွင်းများ မပါဘဲ ကြက်ဥများအသွင် လုံးချောပင်ဖြစ် သဖြင့် ၎င်းခံတွင်းဖေါက်သောအခါ ၎င်းမှစကားပြော၍ မီးတောက်မီးလျှံ ထွက်လာပြီးလျှင် **အဂ္ဂိနိခေါ် မီးနတ်ဖြစ်လာလေ၏။**

၎င်းနောက် နှာခေါင်းပေါက် ဖေါက်လိုက်သောအခါ ၎င်းမှ ပါဏခေါ် ဝင်သက် ဖြစ်လာ၍ ၎င်းမှ ဝါယုခေါ် **လေနတ်သားဖြစ်လာလေ၏။** ၎င်းနောက် ၎င်း၏မျက်လုံးများ ဖွင့်လိုက်သောအခါ အလင်းရောင်ကြီးမြင်လာ၍ ၎င်းမြင်လာသောအာရုံမှ သူရိယခေါ် **နေနတ်သားဖြစ်လာ၏။** ၎င်းကို နားဖေါက်လိုက်သောအခါ သဒ္ဒါရုံအသံများ ကြားလာ၍ ၎င်းမှ သဒ္ဒဌာနခေါ် **သဒ္ဒါရုံကို ယူတတ်သောနတ်ဖြစ်လာ၏။** ၎င်း၏ဦးခေါင်းရေကို ဖေါက်လိုက်သောအခါ ဆံပင်များ ပေါက်လာ၍ ၎င်းမှ သစ်ပင်ကြီး,ငယ် ဖြစ်လာပြီးလျှင် **သစ်ပင်စောင့်နတ်များ** ဖြစ်လာကြ၏။ ၎င်း၏နှလုံးသား ဖေါက်ခွဲလိုက်သောအခါ ၎င်းမှ မနခေါ် **အာရုံသိတတ်သော** စိတ်ဖြစ်လာ၍ ၎င်းမှ**လနတ်သားဖြစ်လာ၏။** ၎င်း၏ချက်ကို ဖောက်လိုက်သောအခါ အာဏခေါ် ထွက်သက်လေ ဖြစ်လာ၍ ၎င်းမှ ထွက်သက်နတ်ဖြစ် လာ၏။ ၎င်း၏လျှို့ဝှက်သောဌာနကို ဖောက်လိုက်သောအခါ ၎င်းမှ မျိုးစေ့များဖြစ်ပေါ်လာ ၍ ၎င်းမှ **ရေနတ်သား** ဖြစ်လာ၏။

ထိုသို့ ဆိုအပ်ခဲ့ပြီးသော နတ်တို့ကို ဖန်ဆင်းပြီးနောက် ၎င်းလူရုပ်ပုံသဏ္ဌာန်ကြီးကို ပဌမဖန်ဆင်းခဲ့ပြီးသော သမုဒ္ဒရာထဲသို့ ချလိုက်သဖြင့် ၎င်းသည် ဆာလောင်ခြင်းနှင့်မွတ် သိပ်ခြင်းတို့ ဖြစ်လာ၏။ ၎င်းနောက် အထက်ကဆိုခဲ့ပြီးသော မီးနတ်, လေနတ်-စသည်တို့က ပရမေသွရအား ၎င်းတို့အတွက် နေရာထိုင်ခင်းနှင့် အစားအစာများ ရှာဖွေရန် တောင်းပန် ကြသဖြင့် ၎င်းတို့နေထိုင်ဖို့ရန်အတွက် နွားမ ၁-ကောင် ယူလာခဲ့သော်လည်း ၎င်းတို့က မကျေနပ်နိုင်ကြောင်း ငြင်းပယ်ကြသဖြင့် ပရမေသွရသည် ၎င်းတို့ကျေနပ်အောင် မြင်းယူ

ဆောင်လာ၍ တဖန်ငြင်းကြပြန်သောအခါ ၎င်းတို့အား နေထိုင်ဖို့ရန် လူ့ရုပ်သဏ္ဍာန် ဖန်ဆင်းပေးမှ ၎င်းတို့နှစ်သက်ကျေနပ်ကြလေ၏။ ထိုနောက် ပရမေသွရက "သင်တို့နေရာ အားလျော်စွာ နေထိုင်ကြလော့"ဟု အမိန့်ပေးသောအခါ-

- မီးသည် စကားပြောလျက် ခံတွင်းဝသို့
- လေသည် ဝင်သက်ဖြစ်၍ ၎င်း၏နေရာ နှာခေါင်းပေါက်သို့
- နေသည် မြင်ခြင်းသဘောတရား ဖြစ်၍ ၎င်း၏နေရာ မျက်လုံးထဲသို့
- သဒ္ဒသည် ကြားခြင်းဖြစ်စေ၍ ၎င်း၏နေရာ နားထဲသို့ အသီးသီးဝင်ကြပြီးလျှင်
- သစ်ပင်ကြီး, ငယ်တို့သည်လည်း ဆံပင်သဏ္ဍာန်ဖြစ်၍ ၎င်း၏နေရာ ဦးခေါင်းထက်၌ ပေါက်ရောက်ကြသည့်ပြင်
- လသည် စိတ်နှလုံးဖြစ်၍ ၎င်း၏နေရာ နှလုံးသားထဲသို့
- အာဏာသည် ထွက်သက်ဖြစ်၍ ၎င်း၏နေရာ ချက်သို့
- ရေသည် မျိုးစေ့ဖြစ်လျက် ၎င်း၏နေရာ လျှို့ဝှက်ရာဌာနသို့–

အသီးသီး ၎င်းတို့ဌာနအားလျော်စွာ ဝင်ရောက် နေထိုင်ကြလေကုန်၏။

ထိုနောက် ဆာလောင်ခြင်းနှင့် မွတ်သိပ်ခြင်း ၂-ဦးတို့က "သူတို့အတွက် နေရာ ရှာဖွေပါဦး"ဟု တောင်းပန်ကြသဖြင့် ၎င်းတို့အားလည်း ဆိုခဲ့ပြီးသော မီးနတ်-စသည်တို့နှင့်အတူ ရောနှော၍ နေထိုင်ဖို့ရန် အမိန့်ပေးပြီးလျှင် ၎င်းတို့အတွက် အစားအစာကိုလည်း ဖန်ဆင်းပေးရန်လိုပေမည်-ဟု ကြံစည်၍ ရေပြင်ပေါ်သို့ တဖန် သုံးသပ်ပြန်သောအခါ ၎င်းရေပြင်မှ အစားအစာများသည် ပေါ်လာခဲ့လေ၏။ သို့သော်လည်း ၎င်းသည် ဖန်ဆင်းသူ အရှင်ကို ပုန်ကန်၍ ထွက်ပြေးရန်ကြံစည်သောအခါ ၎င်းအစာကို ဖန်ဆင်းဖို့ရန် စိတ်ကူး သည်ကား အကယ်၍---

- ၎င်းအစာကို စကားနှင့် ဖမ်းထားပါက ပြောရုံမျှနှင့် ဝနေမည်၊
- ဝင်သက်နှင့် ဖမ်းပြန်ကလည်း ရှူရုံမျှနှင့် ဝနေမည်၊
- မျက်လုံးနှင့် ဖမ်းပြန်ကလည်း ကြည့်ရှုရုံမျှနှင့် ကိစ္စပြီးလိမ့်မည်,
- နားနှင့် ဖမ်းပြန်ကလည်း ကြားရုံမျှနှင့် ဝလိမ့်မည်၊
- အရေနှင့် ဖမ်းလျှင်လည်း ထိရုံမျှနှင့် ဝနေမည်၊
- စိတ်နှင့်ဖမ်းလျှင်လည်း ကြံစည်ရုံမျှဖြင့် ဝလိမ့်မည်၊
- လျှို့ဝှက်သော အရာနှင့်ဖမ်းလျှင်လည်း ယိုစီးရုံမျှနှင့် ဝလိမ့်မည်---ဖြစ်သောကြောင့်

၎င်းဆိုခဲ့ပြီးသည်တို့နှင့် အစာကို မဖမ်းဘဲ ထွက်သက်လေဖြင့် အစာကို ဖမ်းပြီးလျှင် ၎င်းကို မျိုချ၍ အောင်မြင်ရလေ၏။ ၎င်းနောက်---

- "ငါမရှိဘဲ အဘယ်သို့ နေနိုင်အံ့နည်း
- အဘယ်သို့ နေနိုင်အောင် ပြုလုပ်ရအံ့နည်း
- ငါသည် အဘယ်နည်းဖြင့် ၎င်းတို့ထဲတွင် နေထိုင်နိုင်အံ့နည်း"
- "စကားက စကားပြောလိမ့်မည်၊ - ဝင်သက်လေက ရှူရှိုက်လိမ့်မည်၊
- မျက်လုံးက မြင်လိမ့်မည်၊ - နားက ကြားလိမ့်မည်၊
- အရေက တွေ့ထိလိမ့်မည်၊ - စိတ်က ကြံစည်လိမ်မည်၊
- ထွက်သက်လေက ထွက်လိမ့်မည်၊ - လျှို့ဝှက်ရာက ယိုစီးလိမ့်မည်"

ဖြစ်၍ "ငါသည်အဘယ်သို့ ဖြစ်ရမည်နည်း"ဟု တွေးတောကြံစည်သည်အားလျော်စွာ ပရမေသျှရသည် ထိပ်တည့်တည့်မှ ဖေါက်၍ ၎င်းမှ ဝင်ပြီးလျှင် နေထိုင်သောကြောင့် ၎င်းငယ်ထိပ်ကို ဗြဟ္မာရန္ဓ ဗြဟ္မာပေါက်-ဟု ခေါ် ဆိုကြ လေ၏။ ၎င်းသို့ သုသုဏှာမည်သော အကြော ၃-ခုတို့သည် ဆိုက်ရောက်သဖြင့် ၎င်းမှ ထွက်သွားသော သတ္တဝါတို့ အတ္တများမှာ ဗြဟ္မာ့ဘုံသို့ ရောက်၍ ချမ်းသာသုခ ခံစားရ ကုန်၏-ဟု ရေးသားဖော်ပြ၏။

၎င်းပြင် **သင်္ချာဒဿနကျမ်းဆရာ ကပိလရသေ့**၏ အလိုအယူဝါဒအားဖြင့် ဗိသျှဏုသည် လောကကြီးကို ဖန်ဆင်းတည်ထောင်သောအခါ အစဦ---

- အသိဉာဏ်၏ အကြောင်းဖြစ်သော **တတ္တဂုဏ်**
- ဆင်းရဲဒုက္ခတို့၏ အကြောင်းရင်းဖြစ်သော **ရဇဂုဏ်**
- မိုက်မဲတွေဝေခြင်း အကြောင်းအရင်းဖြစ်သော **တမဂုဏ်**

အားဖြင့် ဂုဏ်-၃-ပါးရှိ၍ အထူးအထွေစိတ်စေတနာ ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းဖြစ်သော မိမိသတ္တိ-မာယာ၊ ပကတိတရားကို ဖန်ဆင်းပြီးလျှင် အမျိုးမျိုးသော စိတ်စေတနာကို ဖြစ်ပွါးစေတတ် သော ဝိကာရဂုဏ်နှင့်ပြည့်စုံသော အတ္တ-ဟု ဆိုအပ်သော ပုရိသတရားကို ဖန်ဆင်းလေ၏။ ဤသို့အားဖြင့် စိတ်စေတနာမရှိသော ပကတိအထည်ကိုယ် တရားကြီးမှာ ဖေါက်ပြန်တတ် သော ဝိကာရဂုဏ်နှင့်ပြည့်စုံသော အတ္တ-ဟု ဆိုအပ်သော ပုရိသတရားနှင့်ပေါင်းမိလျှင် အထူးအထွေ စိတ်စေတနာဖြစ်ပေါ်လာ၍---

- ထိုးထွင်းသိမြင်ခြင်း ဗုဒ္ဓိတတ္တ တည်းဟူသော မဟာ၊
- မိမိကိုယ်ကို အထင်ကြီးခြင်း **အဘိမာန** တည်းဟူသော အဟံကာရ၊

- အဆင်း, အသံ, အနံ့, အရသာ, အတွေ့-ဟုဆိုကာ ဣန္ဒြေ ၅-ပါးတို့၏ အကြောင်း အာရုံဖြစ်သော ပဉ္စဣန္ဒြိယတ္တ,
- မျက်လုံး, နား, နှာခေါင်း, လျှာ, အရေ-ဟု ဆိုအပ်သော ပဉ္စဗုဒ္ဓိန္ဒြိယ
- ခံတွင်း, လက်, ခြေ, အင်္ဂါဇာတ်, ဝစ္စမဂ်-ဟူသော ကမ္မိန္ဒြိယ၊ မနဟူသော ဥဘယိန္ဒြိယ
- ကောင်းကင်, လေ, မီး, ရေ, မြေ ဟူသော အခြေခံဓာတ်ကြီးများ ဖြစ်ကြသော ပဉ္စမဟာဘူတ စသော ဖေါက်ပြန်တတ်သော ဝိကာရဂုဏ်—

တို့သည် ဖြစ်ပေါ်လာကြဖြင့် သတ္တဝါတို့အား အမျိုးမျိုးသော စိတ်စေတနာများ ဖြစ်ပေါ်လာကြကုန်၏။

ဤသို့လျှင် ၎င်းပကတိနှင့် ပုရိသသဘောတရား ၂-ပါးတို့သည် အစမရှိ, အဆုံးမရှိ, အပိုင်းအခြားမရှိ, ရုပ်ပုံသဏ္ဌာန်မရှိ မပျက်မစီးဘဲ လောကအလုံးကို ပြန့်နှံ့လျက် အမြဲတည်နေသောကြောင့် သိမှု မြင်မှု အာရုံအထူးထူးကို ခံစားမှု စသော စိတ်စေတနာ ဖေါက်ပြားမှုတို့သည် ဖြစ်ပေါ်၍ လာကြကုန်၏ဟု **ကေစ္စသဃတပကတိတည်းဟူသော** အကြောင်းတရား တစ်ပါးသာရှိ၏ဟု ယူသော **ကေကာရဏဝါဒ, ပကတိကာရဏဝါဒအယူရှိကြကုန်၏။**

✪ ✪ ✪ ✪ ✪

## အနေက ကာရဏဝါဒ

ထိုမှတပါး ဝိသေသိကဒဿနကျမ်းဆရာ ကဏာဒရသေ့ စသည်တို့၏ အယူဝါဒအားဖြင့် ဝါယော, အာပေါ, ပထဝီ, တေဇော-ဟု ဆိုအပ်သော မဟာဘုတ် ၄-ပါးတို့သည် နိစ္စ, အနိစ္စ အမြဲတည်, မတည်သော မဟာဘုတ်အားဖြင့် ၂-မျိုးစီ ကွဲပြားကြ၍ ၎င်းတို့တွင် ပထဝီမဟာဘုတ်၌ အိမ်နံရံပေါက်စသည်တို့မှ ဝင်လာသော နေရောင်ထဲတွင် မြင်တွေ့ရသော မြူမှုံသည် တြသရေဏုမည်၍ ၎င်း၏ ၃-ပုံ ၁-ပုံသည် ဒွိအဏုက၊ ၎င်း၏ ၆-ပုံ ၁-ပုံသည် ပရမာဏုမြူမည်သဖြင့် ၎င်းသည် ကမ္ဘာလောကကြီး၏ ဖြစ်ကြောင်းမျိုးစေ့ ဖြစ်ပြီးလျှင် အမြဲနိစ္စပင် တည်ရှိကြလျက် ကမ္ဘာလောကကြီး ပျက်စီးချိန်သို့ ကျရောက်သောအခါ မဟာပထဝီ အစိုင်အခဲကြီးတို့သည် ဒွိအဏုကတိုင်အောင် ကြေမွပျက်စီးသော်လည်း ၎င်းမျိုးစေ့ဖြစ်သော ပရမာဏုမြူကား မပျက်စီးဘဲ အမြဲနိစ္စ တည်နေကြကုန်၏။

အကျိုးခံစားဖို့ရန် သတ္တဝါတို့ကံအလျှောက် အချိန်ကျရောက်သောအခါ မဟိဿရ၏အလိုဆန္ဒအတိုင်း ၂-ခု,၂-ခုသော ပရမာဏုတို့သည် ပေါင်းစပ်၍ ဒွိအဏုတို့ဖြစ်ကုန်

ပြီးလျှင် တဖန် ၃-ခု, ၃-ခုသော တိအဏုကတို့သည် ပေါင်းစပ်ကုန်၍ ၎င်းတိအဏုကမှစ၍ စတုအဏုကစသည် အစဉ်အတိုင်းဖြစ်ပွါး၍ တစ်စတစ်စကြီးပွါးသော ပထဝီမြေထပ်ကြီးဖြစ်လာကာ သတ္တဝါတို့၏တည်နေရာ ကမ္ဘာလောကဓာတ်ကြီးဖြစ်လာခဲ့၏။ ဤသို့အားဖြင့် ဝါယော, အာပေါ, တေဇောတို့သည်လည်း နိစ္စ, အနိစ္စ ၂-မျိုးစီ ကွဲပြားကြ၍ ပထဝီဓာတ်ကြီးပွါးစီးသကဲ့သို့ ပွါးလာကြပြီးနောက် **ဣဿရ၏အလိုဆန္ဒအတိုင်း ပထဝီမဟာဘုတ်တို့၏ ပရမာဏုမြူတို့နှင့်တကွ တေဇောမဟာဘုတ် ပရမာဏုမြူတို့မှ ဖြဟ္မဏ္ဍ ဖြစ်လာကြပြီး ကမ္ဘာ့အဘိုးဖြစ်သော ဗြဟ္မာကြီး** ပေါက်ပွါးလာပြီးလျှင် သတ္တဝါအပေါင်းနှင့်တကွ ကမ္ဘာလောကဆန်းကြယ်မှု ဖန်ဆင်းနိုင်ရန် ဓမ္မာ ဓမ္မ, အဟုတ်အမှန် သိနိုင်သော ဉာဏ, အဟုတ်အမှန် စီမံဖန်ဆင်းနိုင်သော ဝိရာဂကမ္မဖလ, အကြောင်းအားလျော်စွာ အကျိုးခံစားစေနိုင်သော ဣဿရိယဂုဏ်တို့နှင့်ပြည့်စုံစေ၍ သတ္တဝါတို့၏အကျိုးအကြောင်းအားလျော်စွာ **'တွမိဒံ ကရောဟိ'** စသည်ဖြင့် မဟိဿရ၏ တိုက်တွန်းချက်အရ-

- **ဒက္ခစသော ဗြဟ္မာတို့ကိုင်း**
- **မနုတို့ကိုင်း**
- **နတ်အပေါင်းတို့ကိုင်း**
- **ပိတရဂဏဒေဝတာခေါ်** လူများကိုးကွယ်ဆည်းကပ် ကြသော နတ်အပေါင်းတို့ကိုင်း---

- ခံတွင်းမှ ဗြာဟ္မဏအမျိုးတို့ကိုင်း
- လက်မောင်းမှ ခတ္တိယ အမျိုးတို့ကိုင်း
- ပေါင်မှ ဝဿမျိုးတို့ကိုင်း
- ခြေဖမိုးမှ သုဒ္ဒမျိုးတို့ကိုင်း
- ထိုမှတပါး အကြီး, အငယ်ဖြစ်သော သတ္တဝါအများတို့ကိုင်း ဖန်ဆင်းတည်ထောင်လေ၏။

ဤသို့လျှင် ဟိန္ဒီအယူဝါဒမှာလည်း အမြဲထာဝရ မပျက်မစီးတည်ရှိသော ပရမတ္တမ ဖန်ဆင်းသည်-ဟု အယူရှိ၍ ၎င်းဖန်ဆင်းခြင်းမှာလည်း အထက်က ပြဆိုခဲ့ပြီးအတိုင်း အမျိုးမျိုးအဖုံဖုံ ရေးသားကြသည်ကို နှိုင်းချိန်နိုင်ရန် ဝေဖန်ဖော်ပြခဲ့ပေပြီ။ ၎င်းပြင် ထိုသို့ ဖန်ဆင်းကြခြင်းနှင့် စပ်လျဉ်း၍ ကျမ်းဆရာအချင်းချင်း ဝါဒကွဲပြားကြသဖြင့် ၎င်းဝါဒသို့ လိုက်သူများလည်း ဝါဒကွဲပြားကြ၍ ၎င်းတို့အချင်းအချင်းမတူကြသည်မှာ လွန်ခဲ့သော အနှစ် ၁၀၀-ခန့်က 'အာရယာဆမာဂျ်' သို့မဟုတ် 'အရိယာသမဇ္ဇ' ဟိန္ဒီအယူဝါဒသစ်ကို

တည်ထောင်သော **ရသေ့ကြီးဒယာနန္ဒ**သည် မဟာဒေဝနတ်၏ တစ်လောကလုံး ဖျက်ဆီးနိုင်သည်-ဟု ဆိုသော အနန္တတန်ခိုးကို ကိုယ်တွေ့ဆင်ခြင် စဉ်းစားခြင်းအားဖြင့် ယုံကြည်ခြင်းကင်းမဲ့၍ ၎င်းနှင့်ဆန့်ကျင်သောအားဖြင့် 'ဆတ္ယာရထပရကာသ'သို့မဟုတ်'သစ္စတ္ထပကာသ' မှန်ကန်သော အဓိပ္ပါယ်ပြ ကျမ်းကြီးကို ပြုပြီးလျှင် ၎င်း၏ဝါဒ ဖြန့်ဖြူးခဲ့သည့်အတိုင်း ယခုအခါ အတော်ပြန့်နှံ့ထင်ရှား ကျော်ကြား၍ လိုက်နာသူပေါ်များခဲ့လေသည်။ သို့သော်လည်း အရိယာဟိန္ဒီအသင်းကြီး၏ ဝါဒမှာ ကမ္ဘာလောကကြီးကို ဖန်ဆင်းတည်ထောင်သော ပရမတ္တမနှင့် အတ္တမတည်းဟူသော ၎င်းတို့၏ဝါဒသေတ္တာခဲသည် လိပ်ခဲတင်းလင်း ကြွင်းကျန်နေသေး၍ နိဂဏ္ဌဝါဒများအတူ အယူဝါဒရောနှော ရှုတ်ထွေးလျက် ရှိနေသေးသည်။

✪ ✪ ✪ ✪ ✪

## ဟိန္ဒီ အဝတာရ

အလွန်သိမ်မွေ့သော ကောင်းကင်အထဲ၌ရှိ **ပရမာဏုမြူမှ ပိတာမဟ ကမ္ဘာ့အဘိုး မဟာဖြဟ္မာကြီး** ဖန်ဆင်းပြီးနောက် ၎င်းအား အကူအညီ **ပဇာပတိ သတ္တဝါတို့၏ အဘ လက်အောက်ခံ ဖြဟ္မာ ၁၀-ယောက် ဖန်ဆင်းပြီးလျှင်** ၎င်းတို့တွင် မရိစိမည်သော ဖြဟ္မာကြီးမှ ကဿပ၊ ၎င်းမှ ဝိဝဿတ၊ ၎င်းမှ သယမ္ဘူဝ မည်သော လူသတ္တဝါတို့ ရှေ့သွား ပဌမကပ်ဦး မနုဖြစ်လာပြီးနောက် ၎င်းမှစ၍ လူသတ္တဝါများ တစ်စတစ်စတိုးပွါးလာကြောင်း ကပ်ဦးအစ၌ ပဌမ မနုတစ်ယောက်စီရှိကြ၍ တစ်ကပ် တစ်ကပ်၌ ယုဂ် ၄-ခုစီရှိကြသဖြင့် ၎င်းတို့မှာ-

- ကတယုဂ်သက်- ၁၇၂၈၀၀၀ ( တစ်သန်းခုနစ်သိန်းနှစ်သောင်းရှစ်ထောင်)
- တြေတယုဂ်သက်-၁၂၉၆၀၀၀ (တစ်သန်းနှစ်သိန်းကိုးသောင်းခြောက်ထောင်)
- ဒွါပရယုဂ်သက်- ၈၆၄၀၀၀ (ရှစ်သိန်းခြောက်သောင်းလေးထောင်)
- ကလိယုဂ်သက်- ၄၃၂၀၀၀ (လေးသိန်းသုံးသောင်းနှစ်ထောင်)
- ၄-ယုဂ်ပေါင်း- ၄၃၂၀၀၀၀ (လေးသန်းသုံးသိန်းနှစ်သောင်း)—

ဖြစ်၍ ၎င်းယုဂ် ၄-ပါးကို အန္တရကပ်-ဟု ခေါ်ဝေါ်ကြောင်း၊ ၎င်းကပ်ဦးတိုင်းမှာ မနုတစ်ယောက်စီရှိ၍ ၎င်းကပ်ဦးကို မနု+အန္တရ= မန္ဝန္တရ ကပ်ခေါ်ဝေါ်ကြောင်း စသည်ဖြင့် မနုသမုတိကျမ်း၌ ရေးသားဖော်ပြကုန်၏။

ဤကဲ့သို့ ကပ်ဦးတစ်ခုတစ်ခု၌ မနုတစ်ယောက်စီရှိသည်တို့တွင်—

- ပဌမကပ်ဦး၌ သယမ္ဘုဝ
- ဒုတိယကပ်ဦး၌ သုရောစိသ
- တတိယကပ်ဦး၌ ဩတ္တမိ
- စတုတ္ထကပ်ဦး၌ တာမသ
- ပဥ္စမကပ်ဦး၌ ရေဝတ
- ဆဋ္ဌမကပ်ဦး၌ စက္ခုသ မည်သောမနု ဖြစ်ပြီးလျှင် ယခုရောက်ဆဲဖြစ်သော
- သတ္တမကပ်ဦးမှာ ဝေဝတမည်သော မနုဖြစ်ကြောင်း၊ ၎င်းနောက်လည်း ၇-ကပ် ကြွင်းကျန်သေးကြောင်း၊ ထိုကျန် ၇-ကပ်တို့တွင်လည်း—
- အဋ္ဌမ ကပ်ဦး၌ သာဝဏိမည်သော မနု
- နဝမကပ်ဦး၌ ဒက္ခသာဏိ မနု
- ဒသမကပ်ဦး၌ ဗြဟ္မာသာဝဏိ မည်သောမနု
- ဧကာဒသမကပ်ဦး၌ ဓမ္မသာဝဏိမည်သော မနု
- ဒွါဒသမကပ်ဦး၌ ရုဒြသာဝဏိမည်သော မနု
- တေရသမကပ်ဦး၌ ရုစ္စဒေဝသာဝဏိမည်သော မနု
- စုဒ္ဒသမကပ်ဦး၌ ဣန္ဒြသာဝဏိမည်သော မနုတို့—

အသီးအသီး ကပ်ဦးတိုင်း ကပ်ဦးတိုင်း ဖြစ်ကြလိမ့်မည်ဖြစ်၍ ၎င်းမနုအန္တရကပ် ၁၄-ခု တို့၏ နှစ်ပေါင်းမှာ ၆၀၄,၈၀၀,၀၀(ခြောက်ကုဋေလေးသိန်းရှစ်သောင်း)ဖြစ်သဖြင့် ဗြဟ္မာကြီး ၏ တစ်နေ့ဖြစ်ကြောင်းများ ရေးသားကြကုန်၏။

ဤသို့ ကမ္ဘာကြီး တည်ထောင်ဖန်ဆင်းပြီးနောက် ဝိဿျဏုသည် ကမ္ဘာကြီးကို စောင့် ရှောက်ကြည့်ရှုရသည်အားလျော်စွာ ကမ္ဘာလောကအတွင်း ရုန့်ရင်းကြမ်းထမ်း၍ တရားဓမ္မ ကင်းပသောအခါ, တရားမဲ့သောအခါ ၎င်း၏အတ္တမသည် လူ့ပြည်သို့ သက်ဆင်းရသဖြင့် ထိုသို့သက်ဆင်းခြင်းကို ဟိန္ဒူတို့ အဝတာရ-ဟုခေါ်၍ ယခုရောက်ဆဲဖြစ်သော ၇-ခု မြောက် မန္ဝန္တရကပ်အတွင်းမှာပင် ၉-ကြိမ်တိုင်အောင် သက်ဆင်းပြီးသည့်အပြင် နောက်ကိုလည်း ယခုကပ်အတွင်းမှာပင် တစ်ကြိမ်သက်ဆင်းလိမ့်ဦးမည်-ဟု ဟိန္ဒူတို့ အယူရှိကြကုန်၏။

၎င်းတို့အယူရှိသော <u>အဝတာရ ၁၀-မှာ</u> —

၁။ မစ္ဆ အဝတာရ ၂။ ကုမ္မ အဝတာရ
၃။ ဝရာဟ အဝတာရ ၄။ နရသီဟ အဝတာရ

၅။ ဝါမန အဝတာရ
၆။ ပရသျှုရာမ အဝတာရ
၇။ ရာမစန္ဒြ အဝတာရ
၈။ ကရိသျှဏာ အဝတာရ
၉။ ဗုဒ္ဓ အဝတာရ
၁၀။ က.လ္ကိ အဝတာရ–

အားဖြင့် လာလတ္တံ့သော အဝတာရနှင့်တကွ ၁၀-မျိုး ရှိကြကုန်၏။

- - - - - - - x - - - - - - -

၁။ မစ္ဆ အဝတာရမှာ ကမ္ဘာသူ, ကမ္ဘာသားတို့သည် မိမိတို့ကို ဖန်ဆင်းသော ပရမတ္တမကိုပင် မနှစ်သိမ့်စေနိုင်လောက်အောင် ပျက်စီး၍ မနုအုပ်စိုးသော လက်ထက်မှာပင် ကမ္ဘာတစ်ဝှမ်းလုံးရှိ သတ္တဝါများအား ရေလွှမ်းမိုးခြင်း ဘေးကြီးဖြင့် ဖျက်ဆီးလေ၏။ သို့သော်လည်း ပရမတ္တမအား ဆည်းကပ်ကိုးကွယ်ကြသော မနုဘုရင် မရီစိရသေ့, အန္တရိတ္တိရသေ့, အင်္ဂီရသရသေ့, ပုလမတျရသေ့, ပုလဟရသေ့, ကြတုရသေ့, ဝသိဋ္ဌရသေ့ ၇-ဦးတို့အား ကယ်တင်ဖို့ရန် ငါး၏အသွင်သဏ္ဌာန်အားဖြင့် ရှေးဦးစွာ သက်ဆင်းရလေ၏။

၂။ ကုမ္မအဝတာရ ထိုသို့ ကမ္ဘာမြေပြင်ကြီး တစ်ခုလုံး ပရမတ္တမသည် ရေလွှမ်းမိုးခြင်းဖြင့် ဆေးကြောသုတ်သင် ဖြူစင်စေပြီးနောက် သမုဒ္ဒရာရေပြင်ကြီးသည် အဆုံးအစ မမြင် တပြင်တည်းတည်ရှိသောအခါ နတ်အပေါင်းတို့သည် နတ်သြဇာပြုလုပ်ဖို့ရန် ၎င်းသမုဒ္ဒရာရေပြင်ကြီးကို နို့မွှေတန်ဖြင့် မွှေယူရာ၌ အသုံးပြုဖို့ မန္ထရတောင်ကို မည်သူမျှ မယူဆောင်နိုင်သဖြင့် ၎င်းတို့ အားလုံးက တောင့်တကြသည် အားလျော်စွာ ဗိသျှဏုသည် ၎င်းမန္ထရတောင်ကို ယူဆောင်ခြင်း၌ ကူညီဖို့ လိပ်၏အသွင် အားဖြင့် လူ့ပြည်သို့ ဒုတိယအကြိမ် သက်ဆင်းခဲ့လေ၏။

၃။ ဝရာဟအဝတာရ ၎င်းကမ္ဘာကြီး၌ ဆိုးဝါးအလွန်ကြမ်းတမ်းသော ရန်သူ အပေါင်းကို နှိမ်နှင်းရန် ဗိသျှဏုဝိဉာဏ်တော်သည် ဝက်၏အသွင် သဏ္ဌာန်အားဖြင့် တတိယအကြိမ် လူ့ပြည်သို့ သက်ဆင်းခဲ့လေ၏။

၄။ နရသိဟအဝတာရ ထိုသို့ဝက်၏အသွင်သဏ္ဌာန်ဖြင့် ကမ္ဘာ့ရန်ကို နှိမ်နှင်းပြီးနောက် ဗိသျှဏုသည် အလွန်ထူးဆန်းအံ့သြဖွယ် အသွင်ဖြင့် ကမ္ဘာသူ ကမ္ဘာသားတို့ မြင်စေခြင်းငှာ ဆန်းကြယ်သော ဦးချိုများနှင့်တကွ ခြင်္သေ့ကိုယ် လူဦးခေါင်း သို့မဟုတ် လူခြင်္သေ့အသွင်ဖြင့် စတုတ္ထအကြိမ်လူ့ပြည်သို့ သက်ဆင်းခဲ့လေ၏။

၅။ **ဝါမနအဝတာရ** ၎င်းနောက် ဝိရောစနနှင့် ပရဋ္ဌာဒတို့၏သား ဗလိ မည်သော ဘီလူးကြီးသည် များစွာသော နတ်အပေါင်းတို့အား ညှဉ်းဆဲနှိပ်စက်လျက် ကမ္ဘာကြီးကို ဖျက်ဆီးနေပြန်သဖြင့် ၎င်းရန်ကို နှိမ်နင်းဖို့ နတ်အပေါင်းတို့က ဗိဿျဏုအား တောင်းပန်ကြသောအခါ ၎င်းတို့တောင်းပန်ချက်အရ ကဿပနှင့်အဒိတိတို့၏သား လူပုကလေးအသွင်သဏ္ဌာန်ဖြင့် လူ့ပြည်သို့ သက်ဆင်းပြီးလျှင် သူတောင်းစားအသွင်ဖြင့် ဗလိမည်သော ဘီလူးကြီးထံ သွားရောက်နှိမ်နင်းလျက် ၎င်းအား ငရဲပြည်သို့ နှင်ထုတ်ပြီးနောက် ကမ္ဘာကြီး အေးချမ်းခြင်းပြုလုပ်ရန် ဝါမနလူပုအသွင်ဖြင့် ပဉ္စမအကြိမ် သက်ဆင်းရလေ၏။

၆။ **ပရသျှုရာမအဝတာရ** လောကကြီးအတွင်း မင်းမျိုးတို့သည် စိုးမိုးနှိပ်စက်နေသော် ဗိဿျဏုသည် ၎င်းတို့မတရားနှိပ်စက်နေခြင်းမှ ကင်းလွတ်ရန် **ဇမဒဂ္ဂိနီနှင့်ရေဏုက** တို့၏သား ပေါက်ဆိန်လက်နက်ရှင် ပရသျှုရာမအဖြစ်ဖြင့် လူ့ပြည်သို့ သက်ဆင်းရလေ၏။ ၎င်းမှာ ညီအစ်ကို ၅-ယောက်ရှိသည်တွင် အငယ်ဆုံးဖြစ်သော်လည်း ဗိဿျဏုဉာဏ်တော် ဝင်စားခြင်းအားဖြင့် ရဲရင့်တည်ကြည်ခြင်းရှိ၍ အကျင့်ဖေါက်ပြားနေသော အမိ ရေဏုကအား ခမည်းတော် ဇမဒဂ္ဂိနီ စေခိုင်းတိုက်တွန်းချက်အရ ၎င်း၏အစ်ကိုများ မပြုလုပ်ဝံ့သော ခေါင်းဖြတ်ခြင်းအမှုကို ပြုပြီး ကတဝီရိယဘုရင်နှင့် ၎င်း၏သားများ နှိပ်စက်ညှဉ်းပန်းခြင်းကို အကြောင်းပြု၍ အားလုံးသော မင်းမျိုးဟူသမျှကို ပေါက်ဆိန်လက်နက်ဖြင့် ပယ်ဖျက်သုတ်သင်လေ၏။

၇။ **ရာမအဝတာရ** ၎င်းနောက် ကမ္ဘာကြီးအေးချမ်းသာယာစေရန် အယုဒ္ဓယပြည်ကြီးအရှင် ဘုရင်မင်းမြတ် ဒသရထ၏ သားတော် ရာမအဖြစ်ဖြင့် ဗိဿျဏုဝိဉာဏ်တော်သည် လူ့ပြည်သို့ သက်ဆင်း၍ ၎င်းရာမမင်းသည် ငယ်ရွယ်စဉ်အခါက သူ့ညီတော်လက္ခဏနှင့်အတူ ဝိသာမိတြရသေ့ကြီးထံ အပ်နှံခြင်းကို ခံရသဖြင့် ကျောင်း၌ ယဇ်ပူဇော်ခြင်းတို့ကို ဖျက်ဆီးတတ်သော ဘီလူးတို့ကို ကာကွယ်စောင့်ရှောက်ရန် စေခိုင်းသောအခါ လွယ်ကူစွာဖြင့် သတ်ဖြတ်သုတ်သင်နိုင်သောကြောင့် ၎င်းရသေ့ကြီးထံမှ ထူးဆန်းအံ့ဩဖွယ်သော ပစ်ခတ်ရန် လက်နက်တစ်ခုကို ဆုအဖြစ်ဖြင့် ရရှိလေ၏။ အချိန်အရွယ်သို့ ရောက်သောအခါ၌ ၎င်းဝိသွာမိတြရသေ့ကြီးနှင့်အတူ ဝိဒေဟတိုင်း၊ မိထိလာသို့ သီတာဒေဝီ၏ ခမည်းတော် ဇနကမင်းကြီး ကျင်းပသော လေးတင်ပွဲသို့ ဝင်ရောက်ရန် လိုက်ပါသွားရ၍ အံ့ဩဖွယ်ရာ မင်းသားတကာတို့ တင်ရန်မစွမ်းနိုင်သော သီဝလေးကြီးကို အလွယ်တကူ တင်နိုင်ခြင်းအားဖြင့် သီတာမိဖုရားကို အောင်မြင်ခဲ့လေ၏။

၎င်းနောက် မိမိခမည်းတော်ရှိရာ အယုဒ္ဓယပြည်သို့ ပြန်လာ၍ ခမည်းတော်သည် အလွန်နှစ်သိမ့်သောကြောင့် သားတော်အား ထီးနန်းစည်းစိမ် လွှဲအပ်သင့်သည်-ဟု ဆုံးဖြတ်

သည့်အတိုင်း ၎င်းအားခမ်းနားကြီးကျယ်သော ဘိသိက်ပွဲကျင်းပမည်-ဟု စီမံမည့်ဆဲဆဲတွင် ကိုက်ကေယီမည်သော မိဖုရားအငယ်ဆုံးသည် မင်းကြီးကို နှစ်သိမ့်စေပြီးလျှင် ၎င်း၏သားတော် ဘရတအား ထီးနန်းစည်းစိမ်ပေးအပ်ရန် အတင်းအကြပ် တောင်းပန်သောအခါ မင်းကြီးလည်း စိတ်နှလုံးတော်မသက်မသာ အလွန်ကြေကွဲဝမ်းနည်းစွာဖြင့် ဆုတော်ပေးပြီးဖြစ်သည့်အတိုင်း အလိုဆန္ဒမတူမျှဘဲ မငြင်းသာ၍ ဝန်ခံကတိပေးလိုက်ပြီးနောက် သားတော်ရာမအား တောသို့ထွက်ခွါနေရန် အမိန့်တော်ရှိလျှင် သီတာဒေဝီမိဖုရားနှင့် ညီတော်လက္ခဏတို့ကလည်း အတူလိုက်ပါဖို့ရန် တောင်းပန်ကြသဖြင့် ၎င်းတို့ ၃-ဦး အထူးကြေကွဲစွာဖြင့်အတူတကွ တောမှာနေထိုင်ကြရကုန်၏။ များစွာတန်ခိုးကြီးသော ဘီလူးအပေါင်းတို့ကို သတ်ဖြတ်ခြင်းအားဖြင့် လင်္ကာကျွန်းကြီးရှင် ဘုရင်ရာဝဏ သို့မဟုတ် ဒသဂီရိသည် မနာလိုခြင်းပြင်းစွာ အမျက်ထွက်ခြင်းတို့ဖြင့် ၎င်း၏အမြတ်နိုးဆုံးဖြစ်သော သီတာမိဖုရားအား တစ်နည်းနည်းဖြင့် ဆောင်ယူမည်-ဟု ဆုံးဖြတ်ပြီးလျှင် မရိချ်မည်သော ဘီလူးသူရဲကောင်း တစ်ယောက်၏ အကူအညီရ၍ ရာမနှင့်လက္ခဏတို့ မရှိခိုက် ရသေ့အသွင်သဏ္ဍာန်ဖြင့် ၎င်းတို့နေရာတဲနန်းသို့ သွားရောက်ကာ သီတာမိဖုရားကို သွေးဆောင်ဖျားယောင်းကာ ခေါ်ယူသွားလေ၏။

၎င်းနောက် ရာမနှင့် လက္ခဏတို့ ရောက်လာသောအခါ သီတာမိဖုရားကို မတွေ့ရသဖြင့် များစွာစိတ်မသက်သာဘဲ အရပ်မျက်နှာ အနှံ့အပြား လိုက်လံရှာဖွေ စုံစမ်းသော်ငြားလည်း အမှန်အကန် နေရာဌာနမတွေ့ရ၍ ပူဆွေးဒုက္ခဖြစ်နေစဉ် နောက်ဆုံး၌ ဟနုမံသည် ၎င်းမိဖုရားမှာ လင်္ကာကျွန်းသို့ ရာဝဏဆောင်ယူသွားကြောင်း သတင်းအမှန် ရရှိသည်အားလျော်စွာ ၎င်းသို့သွားရောက်ရှာဖွေ၍ သီတာမိဖုရားကို တွေ့ရသောအခါ အိန္ဒိယနှင့် လင်္ကာကျွန်းစပ်ကြား စစ်သည်များကူးနိုင်ရန် တံတားခင်းလျက် ရာမနှင့်လက္ခဏတို့သည် စစ်သည်တော်အလုံးအရင်းနှင့် တိုက်ခိုက်ပြီးလျှင် ရာဝဏဒသဂီရိဘုရင် လင်္ကာကျွန်းအရှင်ကို သတ်ဖြတ်ကာ မိဖုရားကို ဆောင်ယူခဲ့လေ၏။ ၎င်းနောက် ချမ်းသာစွာ အယုဒ္ဓယပြည်တော်သို့ရောက်၍ ခမည်းတော်ကွယ်လွန်သဖြင့် တိုင်းသူပြည်သားများက တောင့်တကြသည်အားလျော်စွာ ၎င်းရာမမင်းအား အဘိသိက်မြှောက်ပြီး ၎င်းသည် အယုဒ္ဓယပြည်တော်ကြီး ထီးနန်းအုပ်ချုပ် ဘုရင်ပြုလုပ်စိုးစံကာ အသက်ဆုံးသည်ထက်တိုင်အောင် ဘေးရန်ကင်းပချမ်းသာသုခ ခံစားနေခဲ့လေသတည်း။

၈။ ကရိသျှဏ အဝတာရ — ဗိသျှဏုသည် ရာမမင်းကြီးအဖြစ်ဖြင့် လူ့ပြည်သို့ သက်ဆင်းပြီးနောက် ကမ္ဘာကြီးငြိမ်းချမ်းသာယာ၍ ကာလမြင့်ကြာသောအခါ ဆိုးဝါးသော ဘီလူးသဘက်တို့နှင့် ဆိုးဝါးသောလူများ ကမ္ဘာကြီး

နှိပ်စက်ဖျက်ဆီးလာပြန်သဖြင့် ၎င်းဘေးရန်တို့ကို နှိမ်နင်းသုတ်သင်ရန် ကရိသျှဏအမည်ဖြင့် အဌမအကြိမ် လူ့ပြည်သို့ သက်ဆင်းရလေ၏။ ၎င်းကရိသျှဏသည် အမှန်အားဖြင့် ဝါသုဒေဝနှင့်ဒေဝါကီတို့၏ သားတော်ဖြစ်သော်လည်း ကံသမင်း၏ သတ်ဖြတ်ခြင်းဘေးမှ ကင်းလွတ်ရန် နွားကျောင်းသားဖြစ်သော ဂေါကုလနှင့် ယသောဓာတို့၏သမီးနှင့် လဲလှယ်ပြီး ၎င်းတို့၏ သားအဖြစ်ဖြင့် အပ်နှံထားရ၍ နွားကျောင်းသားဘဝနှင့်ပင် ငယ်ရွယ်စဉ် အချိန် အခါသမယ ကုန်လွန်ခဲ့လေ၏။ သို့သော်လည်း ၎င်းငယ်ရွယ်စဉ်ကပင် ဗကပူတန အစရှိသော ဘီလူးသူရဲတို့ကို ညှဉ်းဆဲနှိပ်စက်ခြင်း, သတ်ဖြတ်ခြင်းအားဖြင့် ဗိသျှဏု၏တန်ခိုးတော် ထင်ရှားစေပြီးနောက် အရွယ်သို့ရောက်သောအခါ ၎င်း၏ညီတော် ဗလရာမနှင့်အတူ မထုရာသို့ သွား၍ လက်ဝှေ့ပွဲ၌ အလွန်ဆိုးသွမ်းညစ်ညမ်းသော ကံသမင်းကြီးကို သတ်ဖြတ် သုတ်သင်ခဲ့လေ၏။

၎င်းအကြောင်းကို မဂဓနိုင်ငံတော်စိုးစံသော ဘုရင်ဇရာသန္ဓမင်းကြီး ကြားသိရ၍ သူ၏သမီးတော် ၂-ပါးမှာ ကံသမင်းကြီး၏ မိဖုရားများဖြစ်ကြ၍ သားမက်တော်ဖြစ်သည့် အတွက် အလွန်ပြင်းစွာ အမျက်ထွက်သဖြင့် ကရိသျှဏနှင့်ဗလရာမတို့အား သတ်ဖြတ်ဖို့ရန် ချက်ခြင်း စစ်သည်တော်မြောက်များစွာ စုရုံးလျက် မထုရာသို့ ချီတက်သော်လည်း ကရိသျှဏ နှင့်ဗလရာမတို့သည် လွယ်လင့်တကူ ရန်သူတို့၏ စစ်တပ်ကို ဖြိုဖျက်နိုင်လေ၏။ သို့ရာတွင် ဇရာသန္ဓမင်းကြီးလည်း လက်မလျှော့ဘဲ အထပ်ထပ် အကြိမ်ကြိမ် ကြိုးစားရာ ၎င်း၌ ယာဒဝ အမျိုး နည်းပါးသည့်ပြင် ရန်သူများလည်း အားကြီးလာသဖြင့် မထုရာကို စွန့်ခွါ၍ ဒွါရကမြို့ တော် တည်ထောင်ပြီးလျှင် အခိုင်အလုံ ကြံ့ကြံ့ခံလျက် နေထိုင်တော်မူလေ၏။

၎င်းနောက် ဝိဒြဘပြည်ကြီးရှင် ဘုရင်ဘိမမှာ ရုကမနမည်သော သားတော်တစ်ပါး နှင့် ရုကမနိမည်သော သမီးတော်တစ်ပါးရှိ၍ ဇရာသန္ဓမင်းကြီးသည် သူ၏သားတော် သိသု- ပါလအား ၎င်းသမီးတော်နှင့် လက်ထပ်ထိမ်းမြားဖို့ရန် အလိုရှိသည့်အတိုင်း စကားကမ်းလှမ်း ပြောဆို နေ့ရက်ချိန်းချက်ပြီးသည့်နောက် လက်ထပ်မည့်နေ့သို့ ရောက်သောအခါ ကရိသျှဏ နှင့် ဗလရာမတို့သည် ၎င်းလက်ထက်ပွဲသို့ သွားရောက်၍ လက်ထပ်မည်ဖြစ်သော မင်းသမီး ကလေးအား အတင်းခိုးယူသွားလေ၏။

၎င်းကရိသျှဏမင်းမှာ မိဖုရား ၁၆၀၀၀-ရှိ၍ အကြီးအကဲဖြစ်သော မိဖုရားခေါင် ၃-ပါးမှာ ရုကမနိဒေဝီ, သစ္စာသမာဒေဝီနှင့် ရာဒါဒေဝီ မိဖုရားတို့ဖြစ်ကြောင်း ၎င်း၏ အတ္ထုပ္ပတ္တိ၌ ရေးသားကြကုန်၏။

ၚင်းပြင် ကုရုတိုင်း၌ ကောရဝလူမျိုးများနှင့် ပဏ္ဍဝလူမျိုးတို့ စစ်ဖြစ်ကြသောအခါ ၎င်းကရိသျှဏာ၏ **စစ်သူကြီး အဇ္ဇုနသည်** "ပဏ္ဍဝအမျိုးသားဖြစ်သည်အားလျော်စွာ သူ၏ ဆွေမျိုးများဆန့်ကျင်လျက် တိုက်ခိုက်သတ်ဖြတ်ရန် မသင့်လျော်ကြောင်း၊ များစွာစိတ်နှလုံး တုန်လှုပ်ကြောင်း" စသည်ဖြင့် ငြင်းဆန်သောအခါ ဘုရင်ကရိသျှဏာသည်---

**နေ နံ ဆိန္ဒန္တိ သတ္တာနိ၊ နေ နံ ဒဟတိ ပါဝကော။**
**နေ နံ သလေဒျန္တျာပေါ၊ န သောသယတိ မာရုတော။**

စသည်ဖြင့်---

စစ်မြေပြင်၌ စစ်တိုက်ဖို့ရန် အတ္တကို ဓားနှင့်လည်း မဖြတ်နိုင်၊ မီးနှင့်ရှို့လည်း မလောင်နိုင်၊ ရေနှင့်လည်း မစိုစွတ်နိုင်၊ လေဖြင့်လည်း မတိုက်ခတ် မခြောက်သွေ့နိုင် စေကြောင်း---

ၚင်းပြင် အတ္တသည် အခိုင်အမြဲတည်ရှိ၍ ခန္ဓာကိုယ်တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ နိုင်ကြောင်း၊ မည်သူမျှ သတ်၍မသေနိုင်ကြောင်း၊ ထို့ကြောင့် သတ်ဖြတ်သည်-ဟု ဆိုခြင်းမှာ လောကဝေါဟာရမျှသာဖြစ်ကြောင်း စသည်ဖြင့် ၎င်း၏အဇ္ဇုနအား ဟောပြောတိုက်တွန်း အားပေးလေ၏။

ဤသို့ ကရိသျှဏာဘုရင်သည် အဇ္ဇုနစစ်သူကြီးအား စစ်တိုက်ရန် တိုက်တွန်းပြော ကြားခြင်းနှင့် စပ်လျဉ်း၍ ဆက်သွယ်ဟောကြားသည်ကို ဘဂဝါဂီတိဟု နောက်အခါခေါ် ကြ၍ ၎င်းကို ဟိန္ဒီများက အမြင့်မြတ်ဆုံး အဘိဓမ္မာ-ဟု လေးမြတ်ကိုးစားကြ၍ ၎င်း၌ဟော ပြောသော လိုရင်းအချက်များမှာ ပကတိတရားနှင့် အတ္တတရားတို့ဖြစ်၍ အတ္တမရှိသော အယူဝါဒနှင့်ကား ဖြောင့်စွာဆန့်ကျင်လေ၏။ ၎င်းဂီတိကို ဟိန္ဒီရသေ့တို့သည် ၎င်းတို့ဘုရား ရှင် သီချင်းတော်-ဟု မြစ်ဆိပ်စသော ကိုးကွယ်ရာ ဆိပ်ကမ်းများသို့ သွား၍ စောင်း၊ တယောများနှင့် ရွတ်ဖတ်သီဆိုလေ့ရှိကြကုန်၏။

၉။ ဗုဒ္ဓအဝတာရ ဟိန္ဒီတို့ အယူဝါဒအားဖြင့် ကျွန်ုပ်တို့ ဗုဒ္ဓမြတ်စွာဘုရားသည် လည်း ဗိသျှဏုဝိညာဏ်တော်ဖြစ်ကြောင်း၊ လောကကြီးအတွင်း သတ္တဝါများသန္တာန်၌ ကရုဏာတရား ကင်းပညဉ်းဆဲခြင်းများကြ၍ ၎င်းကရုဏာတရား ဟောပြောရန် ဗိသျှဏုသည် လူ့ပြည်သို့ ဗုဒ္ဓအသွင်အားဖြင့် သက်ရောက်ကြောင်း၊ ထို့ကြောင့်အဟိံသာ ပရမော ဓမ္မာ-မညှင်းဆဲခြင်းသည် အမြင့်မြတ်ဆုံး တရားဖြစ်ကြောင်း စသည်ဖြင့် မှတ်သားယုံကြည်ကြလေ၏။

**၁၀။ ကလ်ကီ အဝတာရ** ၎င်းပြင် နောင်လာလတ္တံ့သော အဝတာရတစ်ခု ရှိသေး၍ ၎င်းမှာ အတောင်ရှိသော မြင်းဖြူသဏ္ဍာန်ဖြင့် ကမ္ဘာလောကကြီးအတွင်း ဆူပူသောင်းကြမ်း ဆိုးဝါးနေသော ဘီလူးသရဲတို့ကို နှိမ်နင်းရန် ဗိဿနိုး ဝိညာဏ်တော်သည် မြေပြင်လောကဓာတ်သို့ တဖန် သက်ဆင်းလိမ့်ဦးမည်ဟု ဟိန္ဒီအယူဝါဒ သက်ဝင်သူတို့ ယုံကြည်ကြကုန်၏။

✪ ✪ ✪ ✪ ✪

## အဝတာရနှင့် ဗုဒ္ဓအယူ

အဝတာရဟူသည် ပြဆိုခဲ့ပြီးသည့်အတိုင်း ဗိဿနိုး၏ ဝိညာဏ်တော်သည် မြေပြင်လောကသို့ သက်ရောက်၍ မကောင်းသူဟို့ကို ဖျက်ဆီးရန်သော်၎င်း ကောင်းသူတို့ကို ကယ်တင်ရန်သော်၎င်း ကောင်းသောအယူဝါဒ ဟောပြရန်သော်၎င်း ပြုပြင်ရန်ရှိသဖြင့် ကမ္ဘာလောကကြီး အေးချမ်းသာယာဖို့ လောကတွင် သက်ဝင်တော်မူသည်-ဟု ၎င်းတို့အယူဝါဒရှိကြသည်။ ၎င်းတို့ဝါဒအရ ကမ္ဘာလောကကြီးကို ပရမတ္တမ ပရမေသွရ ဖန်ဆင်းတော်မူနိုင်လျှင် ရုပ်သိမ်းနိုင်သော တန်ခိုးတော်လည်း ရှိရမည်ဖြစ်၍ လောကကြီးအတွင်း မနိုင်မနင်းသော သတ္တဝါတို့ကို ဖန်ဆင်းမှု၌အကျိုးမရှိက တန်ခိုးတော် ရုပ်သိမ်းလျက် ဖျက်ဆီးသတ်ဖြတ်ရခြင်း ဒုက္ခသို့ မရောက်စေဘဲ အေးချမ်းစွာ ကမ္ဘာ၏ချမ်းသာမှုပြုလုပ်နိုင်သဖြင့် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဝါဒနှင့်ကား ဖန်ဆင်းသူအစား ကံတရားသာ ဖြစ်သောကြောင့် ဖြောင့်ဖြောင့် ဆန့်ကျင်၏။

၎င်းပြင် ရာမနှင့်ကရိဿဏ အဝတာရတို့ကို ဟိန္ဒီအယူဝါဒရှိသူအားလုံးတို့ အထူးမြတ်နိုးစွာနှင့် ကိုးကွယ်ကြသည်အားလျော်စွာ ရာမမင်း၏ အကြောင်းအရာကို ရာဇဝင်ဆရာများသည် မင်းတစ်ပါး၏ဂုဏ်ကို ဆန်းကြယ်စွာ ရေးသားသကဲ့သို့ လင်္ကာပေါင်း ၂၄၀၀၀-ကျော်တို့ဖြင့် လွမ်းဖွယ်, ဆွေးဖွယ်, ကြည်နူးဖွယ် အဆန်းတကြယ် တန်ဆာဆင်လျက် ရာမာယနကျမ်းကြီး ရေးသားထားသည်အတိုင်း အထူးလေးစားကြသော်လည်း အထူးဟောကြားသော တရားကား ထင်ရှားစွာ မရှိကုန်၊ ထိုမှတပါး ကရိဿဏဘုရင်၏ အတ္ထုပ္ပတ္တိမှာလည်း မှတ်သားဖွယ်ရာ ငယ်ရွယ်စဉ်အခါက အပျော်အရွှင် အတီးအမှုတ် ဝါသနာနှင့် မိန်းမများဖြင့် ပျော်ပါးမြူးတူးတတ်သော ဝါသနာအတိုင်း မင်းဖြစ်သောအခါမှာလည်း မိဖုရားပေါင်း ၁၆၀၀၀-တို့နှင့် ပျော်ပါးခံစား၍နေကြောင်း စစ်တိုက်ခြင်းကိုလည်း ဝါသနာပါ၍ ၎င်း၏စစ်သူကြီးအား စစ်အကြောင်းပြ၍ ဟောကြားသည့် ဘဂဝါဂီတိမှတပါး အခြား တရားမဓမ္မဟောပြချက် မရှိကြောင်း မှတ်သားအပ်ကုန်၏။

သို့ဖြစ်၍ ဟိန္ဒီအယူဝါဒအဝတာရဆိုသည် ဗိသျှဏုဝိညာဏ်၏ ဝင်စားခြင်းဖြစ်၍ ဟိန္ဒီတို့က ကျွန်ုပ်တို့ ဗုဒ္ဓကိုလည်း ကိုးကွယ်ကြပါသည်။ နဝမအဝတာရအဖြစ် ယုံကြည်ကြပါသည်-ဟု ၎င်းတို့ဝါဒအားလျော်စွာ ပြောကြားလျှင် လေးနက်ထိရောက်စွာ မစဉ်းစားဘဲ သာမညအားဖြင့် ၎င်းတို့ ဗုဒ္ဓကို ကိုးကွယ်ကြသည်၊ ငါတို့ ဗုဒ္ဓဘာသာနှင့် အနည်းငယ်မျှ ခြားနားကြသည်-ဟု ဘာသာ ၂-ရပ် ထိရောက်တိကျအောင် မစဉ်းစားက နှစ်သက်ကြမည်မှာ အမှန်ဖြစ်ကြောင်း ကိုယ်တွေ့ဖြစ်၏။ စင်စစ်ထိုသို့ နှစ်သက်ကြခြင်းများသည် အဝတာရဆိုသည်ကို မစိစစ်သောကြောင့် ထိုဟိန္ဒီအယူဝါဒနှင့် စပ်လျဉ်း၍ အကြားမမြင် နည်းခြင်းကြောင့် ဖြစ်ရမည်ဖြစ်၍ စင်စစ်သိရှိနားလည်ပါလျှင် ဗုဒ္ဓမြတ်စွာဘုရားသည် ဗိသျှဏုဖြစ်ကြောင်း၊ ပရမတ္တမ၏ ဖန်ဆင်းမှုလက်အောက်မှာ ကျရောက်နေကြောင်း ဗုဒ္ဓမြတ်စွာဘုရားကို ၎င်းတို့ဝါဒတွင်းသို့ သွတ်သွင်းမှုမျှသာဖြစ်ကြောင်း အကြောင်းပါရမီကံတရားလျှင် အမှန်ရှိသော ဗုဒ္ဓဝါဒနှင့်လည်း ဆန့်ကျင်ကြောင်း ကောင်းစွာမှတ်သားအပ်၏။

ထိုသို့ အမှတ်မဲ့ မစဉ်းစားဘဲ အတုမရှိ လောကထွဋ်ထား မြတ်စွာဘုရားအား ဗိသျှဏု၏ ၉-ခုမြောက် အဝတာရအနေအားဖြင့် ယုံကြည်ခြင်းကို နှစ်သက်လျှင် ကျွန်ုပ်တို့ အထွဋ်အထိပ်ဖြစ်သော ဗုဒ္ဓမြတ်စွာဘုရား၏ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်မျိုးစေ့ကို စိုက်ပျိုးမှ ရတော်မူအပ်သော ပစ္စုပ္ပန်, အတိတ်, အနာဂတ် ကာလ ၃-ပါးတို့၌ အပိတ်အပင်မရှိ အဆုံးမထင်သိမြင်တော်မူနိုင်သော သဗ္ဗညုတဉာဏ်တော်သည်၎င်း မည်သည့်ဆရာ့ထံမှ နည်းနာမခံဘဲ အလိုလိုသစ္စာ ၄-ပါး တကယ့်အမှန်တရားကို သိမြင်တော်မူခြင်းတည်းဟူသော သယမ္ဘူဉာဏ်တော်သည်၎င်း ၎င်းပြင် သဗ္ဗညုတဉာဏ်တော်ဖြင့် ဖောက်ထွင်းသိမြင်တော်မူ၍ ဟောကြားတော်မူအပ်သော တရားတော်တို့သည်၎င်း ဗိသျှဏု၏အတ္တသို့မဟုတ် ဝိညာဏ်တော်အစွမ်းသတ္တိကြောင့် ဖြစ်သည်ဟု ယုံကြည်ရာရောက်၍ ခမ်းနားကြီးကျယ်သောဉာဏ်တော်, နက်နဲသောတရားတော်များကို ကဲ့ရဲ့ရာသာ ရောက်ပေနိုင်သည်။

✪ ✪ ✪ ✪ ✪

## အချို့ဟိန္ဒီဝါဒနှင့် အဝတာရ

၎င်းရှေးဟိန္ဒီဝါဒ အယူဖြစ်သော အဝတာရကို ဝေဒနှင့်ဝေဒန္တ အနှစ်သာရကို ယိုက်လံရှာဖွေကြကုန်သော အချို့ အရိယာသမာဇ ဟိန္ဒီအယူဝါဒရှိသူတို့ မယုံကြည်ကြဘဲ ၎င်းနှင့်ဆန့်ကျင်ဘက် ကျမ်းဂန်များ ရေးသားထုတ်ဝေ ဖြန့်ဖြူးကာ ဝေဒန္တဟိန္ဒီဂိုဏ်း တည်

ထောင်ပြီးလျှင် ၎င်းတို့အယူဝါဒ ကျယ်ပြန့်အောင် အားထုတ်ကြလျက် ရှေးဟောင်းဝါဒနှင့် ဆန့်ကျင်ဘက် ဖြစ်ကြကုန်၏။

၎င်းဝေဒနှင့် အယူဝါဒရှိသူ ဟိန္ဒီများသည် အမှန်ကို စိစစ်၍ အနှစ်ရှာဖွေကြသော်လည်း ၎င်းဝေဒကျမ်းဂန်အားလုံးမှာ—

- အစစ်အမှန် နိဗ္ဗာန်သုခ အအေးမြဆုံးဒုက္ခကင်းဝေးရာ လမ်းကောင်းလမ်းမြတ်သို့ ရောက်ဖို့ရန် အသုတ်သင် အရှင်းလင်းခက်သော တက်ရောက်ရန် လမ်းစ မသိမမြင်နိုင်အောင် ပိတ်ပင်တားဆီးထားသော မိစ္ဆာတောင်ကြီး ၂-လုံးတို့သည် တည်ရှိကြသဖြင့် ၎င်းတို့ကို မကျော်နိုင်ဘဲ ပြန့်နှံ့လာကြရကုန်၏။

၎င်းတို့မှာ တစ်လောကလုံး အကြောင်းအရာဖြစ်သော လောကဝိသယ အစိန္တေယျ အရာ၌ မိမိတို့ဉာဏ်ဖြင့် မကြံမစည်နိုင်ဘဲ—

- ဤမျှလောက်ကြီးကျယ်၍ ဆန်းကြယ်သော အရာသည် အမြဲထာဝရတည်ရှိသော ဖန်ဆင်းသူရှိမှသာ ဖြစ်ရာ၏ဟု ယူဆသော **ဣဿရနိမ္မာနတောင်ကြီး** တစ်ခုနှင့်
- ၎င်းပရမတ္တမ ဖန်ဆင်းသောအတ္တသည် ဘယ်အခါမှ မပြိုကွဲနိုင် မပျက်ဆီးနိုင် အမြဲတည်နိုင်သော အနှစ်သာရရှိသည်ဟု ယူသော **အတ္တတောင်ကြီး** တစ်ခု—

တို့ဖြစ်ကြ၏။

✪ ✪ ✪ ✪ ✪

## ဟိန္ဒီဝါဒ အနှစ်သာရ ဝေဒ

**သုတိ, သ္ဘုရုတိ** ဟိန္ဒီဝေဒနှင့် အယူရှိသူတို့သည် ၎င်းဝေဒကျမ်းဂန်သည်ကား အပေါ်ရိသေယျ လူများ မစီကုံးနိုင်, မရေးသားနိုင်, အဆုံးအစ မရှိ သိမြင်သော ပရမတ္တမ, ပရမေသျှ၏ ဟောပြောခြင်းကို လူ, ရသေ့, အရှင်တို့ တစ်ဆင့်ကြားနာခြင်းမျှသာဖြစ်၍ ၎င်းကို သုတိ, သ္ဘုရုတိ ကြားနာရသောကျမ်း-ဟု ခေါ်ဆို၍—

**သမုတိ၊ သမရိတိ** ပြဟ္မာကြီးမှ ဆင်းသက်လာသော ကမ္ဘာဦး မနုမင်းကြီး စီရင်ဆုံးဖြတ် သမုတ်အပ်သောကျမ်းကို လူမင်းများ စီကုံးရေးသား သမုတ်ပညတ်အပ်သောကြောင့် သမုတိ၊ သမရိတိ-သမုတ်ပညတ်သော ကျမ်းဟု ခေါ်ဆိုကြကုန်၏။

**ဣရုသုဗေဒကျမ်း** ခေတ်ပညာရှိများဖြစ်သော ဥရောပအချို့ပညာရှိတို့သည် ၎င်းဝါဒ အမြစ်အရင်း ရှာဖွေကြကုန်၍ ၎င်းဝေဒကျမ်းကို လွန်ခဲ့သော ခရစ်မပေါ်မီ နှစ်သက္ကရာဇ် ၁၂၀၀-လောက်က ရသေ့ အရှင်တို့သည် ရိဂဗေဒ ပါဠိအားဖြင့် ဣရုသုဗေဒကျမ်းကို ဂါထာဗန္ဓဖွဲ့ဆို ရေးသားခဲ့ကြ၍-

**ယဇုဗေဒကျမ်း** ၎င်းမှနောက် နှစ်ပေါင်း ၂၀၀-ကျော်လောက်ကြာမှ ယဇ်ပူဇော်ခြင်းနှင့်စပ်လျဉ်း၍ ယဇုဗေဒကျမ်းကို စီကုံးပြီးနောက်-

**သာမဗေဒကျမ်း** ၎င်းရှေးဗေဒကျမ်းတို့ကို မှီငြမ်းပြု၍ သာမဗေဒကျမ်းကို ထို့အတူ လင်္ကာတို့ဖြင့် ရေးသားသီကုံးသည်ဟု မှတ်သားကြကုန်၏။

**အထဗ္ဗဏဝေဒကျမ်း** ၎င်းနောက် ခရစ်သက္ကရာဇ် အနှစ် ၈၀-လောက်မှာ ၎င်းဝေဒ ၃-ကျမ်းမှ ထုတ်နှုတ်ပြီးလျှင် အထဗ္ဗဏအမည်ရှိသော ရသေ့သည် ရန်သူများအား ပျက်စီးရာပျက်စီးကြောင်း ကျိန်ဆဲနည်း, မန်းမှုတ်နည်း, ဘေးရန်မှ လွတ်မြောက်အောင် ဆုတောင်းနည်း, ၎င်းနတ်ဆိုး နတ်ဝါးများ ခေါ်ယူနည်း စသည်ဖြင့် များပြားလှသော နည်းနယများကို ဂါထာဗန္ဓတို့ဖြင့် သီကုံးရေးသားထားသောကြောင့် ၎င်းကို **အထဗ္ဗဏဝေဒကျမ်း**ဟုခေါ်၍-

၎င်းမှ မှော်အတတ်, စုန်းပယောဂအတတ်, အင်းအိုင်, ခါးလှဲ့, လက်ဖွဲ့, မန္တာန်အတတ်စသော အထဗ္ဗဏဝေဒ၏ အစိတ်အပိုင်းဖြစ်သော အတတ်ပညာများ ယခုအခါတိုင်အောင် ပြန့်ပွါးလာကုန်၏။

၎င်းဝေဒကျမ်းမှာ သာသနာမထွန်းပမီ အယူဝါဒဆိပ်ကမ်းဟု ဆိုအပ်သော တိတ္ထိဆရာကြီးများဖြစ်ကြသော ရသေ့တို့သည် ၎င်းတို့၏ဘာသာဝါဒ အခြေခံအသိဉာဏ်ကို ဖြစ်စေတတ်သော ကျမ်းဖြစ်သဖြင့် ၎င်းတို့ဝေဒ ၃-ကျမ်းကို တေဝိဇ္ဇဉာဏ်ဟု ခေါ်ဆိုကြ၍ ၎င်းတို့ကို သိရှိလိမ္မာတတ်ကျွမ်းသူများ တေဝိဇ္ဇက ဝိဇ္ဇာဉာဏ်ရှိသူများဟု ခေါ်ဆိုရေးသားကြကုန်၏။

✪ ✪ ✪ ✪ ✪

## ဝေဒနှင့် ဗေဒအယူအဆ

၎င်းဗေဒ၏အဓိပ္ပါယ်ကို အတိအကျ စိစစ်ဝေဖန်ခြင်း မရှိဘဲ ယခုအခါ အချို့တို့သည် သုဘာ သုဘ အကောင်းအဆိုးဟောပြောတတ်သော ကိန်း, ခန်း, နက္ခတ်, ယာယီ,

ယတြာ စသောကျမ်း၊ နေသွား, လသွား, နက္ခတ်သွားစသော သရကျမ်း စသည်များကို ဗေဒ ဗေဒင်ဟု ယူဆအဓိပ္ပါယ်အမှားဖြင့် ရေးသားပြောဆိုကြသည့်အပြင်–

ဗေဒဆိုသည် အပြားကိုဆို၍ အမျိုးမျိုးအဓိပ္ပါယ်ရကြောင်း စသည်ဖြင့် ဘေဒသဒ္ဒါနှင့်ပင် လွဲမှားပြောဆိုကြကုန်၏။ ၎င်းပြင် အထဗ္ဗဏဝေဒကိုလည်း–

အကောင်းအဆိုး အကျိုးအပြစ်ဟောနည်း, ပြောနည်းစသော အဟောကျမ်းများကိုပင် စိတ်နှလုံးပူပန်တတ်ခြင်းဟု အဓိပ္ပါယ်အမှား ကောက်ယူကာ အာတပ္ပနသဒ္ဒါဖြင့် အာတပ္ပနဗေဒင်ဟု ခေါ်ဆိုရေးသား ပြောမှားကြကုန်၏။

၎င်းပြင်လည်း အချို့ဗေဒင်ဟု မြန်မာနိုင်ငံ၌ ခေါ်ဆိုရေးသားကြသော တွက်ရိုး, လက်ရိုး, နက္ခတ်ကျမ်းများ၏ အဖွင့်ဋီကာ ရေးသားကြရာတွင်–

"မိမိတို့သိရှိသော ဇောတိတတ္တ ခေါ် နက္ခတ်, ကိန်း, ခန်း, ဂြိုဟ်သွား, နက္ခတ်သွား, ရာသီ, အံသာ, လိတ္တာစသည်တို့ကိုဆိုသော ကျမ်းဂန်တို့ကို ၃-ခုခွဲထားပြီး–

- ဗရိဟာသပတိသို့မဟုတ် ဗြိဟတ်, ရာဇမတ္တန်စသော ကျမ်းများသည် အခြေခံကိုယ်ဖြစ်၍ သာမဗေဒင်မည်သင့်ကြောင်း
- ဟိတကာရိ စသည်တို့ ဂြိုဟ်စာကျွေးနည်း, ပူဇော်ပသနည်း ယာယီ ယတြာ ပြုနည်း စသည်တို့ကို ပြတတ်သည်ဖြစ်၍ ယဇုဗေဒင်ခေါ်သင့်ကြောင်း
- ဓာတ်ကျမ်း, သရကျမ်း စသည်တို့ကို နေသွား, လသွား, နက္ခတ်သွား အဖြစ်အပျက် အကျိုးအကြောင်းကို ပြတတ်သောကြောင့် ဣရုသို့မဟုတ် ဣသုဗေဒင် ခေါ်သင့်ကြောင်း"–

ယုတ္တိရှာကြံ၍ ရေးသားကြသော်လည်း အခြေခံကျမ်းဂန် အရင်းက မှားသဖြင့် ကြံစည်ခြင်းများသည် အကျိုးမရှိခြင်းသို့ ရောက်ကုန်၏။

✪ ✪ ✪ ✪ ✪

## ဝေဒန္တ အဒွိတ္တဝါဒ

ဤသို့ ဝေဒကျမ်းကိုသာ အားထားယုံကြည်၍ ၎င်းမှတပါး အခြားအားထားယုံကြည်ရာ မရှိဟု ယူသော အဒွိတ္တ ဝေဒန္တ အယူရှိသူတို့မှာ ဆိုခဲ့ပြီးသော ဣဿရနိမ္မာနနှင့် အတ္တသာရဟူသော ရန်သူကြီး ၂-ဦးတို့သည် အခိုင်အခံ့ ရပ်တန့်ဟန့်တားနေသောကြောင့် အစစ်အမှန် အေးမြချမ်းသာသော ဝိမောက္ခနိဗ္ဗာန်သို့ မရောက်နိုင်ဘဲ လောကီသမာဓိဖြစ်သော ဈာန်လောက်သာ ရရှိနိုင်ကြကုန်၏။

၎င်းဟိန္ဒီအယူဝါဒရှိသူတို့ ယူကြသော အတ္တသည် ရုပ်လည်းမဟုတ်၊ နာမ်လည်းမဟုတ်၊ ၎င်းတို့မှအပ ပရမတ္တမ ဖန်ဆင်းသော အနှစ်သာရဖြစ်၍ ရုပ်, နာမ် သဘောတို့သည် ပျက်စီးကုန်ဆုံးခြင်း သဘောရှိသော်လည်း ၎င်းအတ္တသည်-

- တစ်ဘဝမှ တစ်ဘဝသို့၊ ခန္ဓာတစ်ခုမှ ခန္ဓာတစ်ခုသို့ ပြောင်းရွှေ့ကာ အမြဲထာဝရ မပျက်မစီးသော
- လောကကြီးမှ လွတ်မြောက်သော ပရမတ္တမထံသို့ ရောက်သည်တိုင်အောင် တည်ရှိမည်ဖြစ်သော---- သဘောတရားဖြစ်သဖြင့် (ဗုဒ္ဓမြတ်စွာ၏ ဝါဒအရ ငါမဟုတ်, သူမဟုတ်, ရုပ်နှင့်နာမ်သာ ရှိသည်ဟု) အများထင်မှတ်ကြသော အတ္တ သဘောတရားကဲ့သို့ ၎င်းကို ရှုခြင်းငှါ မလွယ်ကုန်။

၎င်းတို့ဝါဒအရ ပရမတ္တမ ဖန်ဆင်းသော အတ္တတည်းဟူသော အနှစ်သာရသည် ရုပ်, နာမ် ခန္ဓာ ၂-ပါးအပေါ်၌ အုပ်ချုပ်နေသောကြောင့် ၎င်းရုပ်, နာမ် ၂-ပါး ရရှိသူတို့မှာ အမျိုးမျိုးသော အာရုံကို သိမှု, ခံစားမှု, ဖောက်ပြန်မှုဖြစ်သည့်အပြင် ရုပ်, နာမ် ၂-ပါးနှင့် **မရောယှက်ဘဲ အတ္တတည်းဟူသော အနှစ်သာရချည်း သက်သက်ဖြစ်သော ပရမတ္တမအတ္တနှင့် ပေါင်းစပ်မိသောအခါမှ ၎င်းရုပ်, နာမ် ၂-ပါး၏ ဒုက္ခကို မခံစားရဘဲ အမြဲတမ်း ချမ်းသာကို ခံစားရလိမ့်မည်ဟု** ဟိန္ဒီတို့ အယူရှိကြကုန်၏။ ထိုသို့ ရုပ်, နာမ် မဖက်, အတ္တချည်းသက်သက်ကား မပျက်စီးကောင်း အခိုင်အမာ အမြဲထာဝရတည်၍ ရုပ်, နာမ် ဒုက္ခမှ လွတ်ကင်းအောင် မောက္ခသျှသို့မဟုတ် မောက္ခခေါ် ဆိုသော လွတ်မြောက်ရာသို့ ရောက်ဖို့ ၎င်းတို့ကျမ်းဂန် အားလျော်စွာ ယောဂခေါ် ကမ္မဋ္ဌာန်းကျမ်းဂန်များအရ အားထုတ်ကြ၏။

သို့ဖြစ်၍ ထိုအတ္တတည်းဟူသော အနှစ်သာရမရှိ၊ အခိုင်အမာ သဘောတရားမရှိ၊ ၎င်းတရား ပျောက်ကင်းအောင် အားထုတ်သော အနတ္တအယူဝါဒရှိသည့်ကျွန်ုပ်တို့ ဗုဒ္ဓအရှင်မြတ်၏ ကောင်းမြတ်သော တရားတော်ကို အတ္တမရှိ၊ အနှစ်သာရမပါသော **နတ္ထိကဒိဋ္ဌိ** အယူဝါဒ-ဟု ၎င်းဟိန္ဒီ အယူဝါဒရှိသူတို့က ပြန်လှန်စွပ်စွဲ ကြကုန်၏။

ထိုမှတပါး ရှေးဟောင်း သနာတနဟိန္ဒီအယူဝါဒတို့မှ အနှစ်သာရ ထုတ်နုတ်လျက် ဝေဒသက်သက်ကိုသာ ယူကြသော အာရယာသမဇ္ဇအသင်း, ဗြဟ္မသမဇ္ဇအသင်း, ရာမကရိသျှဏအသင်းစသော ဟိန္ဒီသာသနာပြု အသင်းဝင်တို့သည်လည်း ၎င်းတို့ရှေးဟိန္ဒီလမ်းဟောင်းဖြစ်သော ပူရာဏ်ကျမ်း, ဘာရတကျမ်း စသည်တို့မှ ထုတ်နုတ်လျက် ရုပ်ထုကိုးကွယ်ခြင်း စသည်တို့ကိုစွန့်ပစ်၍ အနှစ်သက်သက်ဟု ၎င်းတို့ထင်မြင်ယူဆသော ဝေဒကျမ်းဂန်လောက်သာ အားထားသော အယူဝါဒရှိကြစေကာမူ အထွဋ်အထိပ်ဖြစ်သော ချမ်းသာသုခသို့ တက်ရောက်ရန် လမ်းမ၌ ၎င်း၏ဆန့်ကျင်ဘက် အချုပ်အချာဖြစ်သော က္လေသရနိမ္မာ

နနှင့် အတ္တတည်းဟူသော ဗိုလ်မှူးကြီး ၂-ဦးတို့သည် တပ်ဦးကနေ၍ ဟန့်တားကာ မိစ္ဆာလမ်းသို့ တက်လှမ်းဖို့ ညွှန်ပြနေသောကြောင့် ခုလပ်ဖြစ်သော ကျင့်စဉ်ကျင့်လမ်းတို့သည် ဖြောင့်တမ်းမှန်ကန်သည်ဟု ဆိုရငြားသော်လည်း အဲဆုံးသတ်တရားကား ဆိုခဲ့ပြီး ဘာသာများကဲ့သို့ လမ်းမှားသို့ ချီတက်ကြပြီးလျှင် ၎င်းတို့၏ အားထုတ်ကြိုးပမ်းမှု, ယုံကြည်မှု, ကိုးစားမှု, တည်ကြည်မှု အားလုံးတို့သည် ဗုဒ္ဓရှင်တော်မြတ်၏ ဝါဒအရ အကျိုးမရနိုင်ကြကုန်။

✪ ✪ ✪ ✪ ✪

## ဘာသာတပါးတို့၏ အချုပ်တရား

ဤမျှလောက်ဖြင့် ခရစ်ယာန်အယူဝါဒ, မဟာမက်အယူဝါဒ, ဟိန္ဒူအယူဝါဒတို့၌ အခြေအမြစ်နှင့်တကွ အကြောင်းအရာများ စဉ်းစားလာခဲ့ကြပြီး ဖြစ်သော်လည်း အစအလယ်မျှပင် ဝေဖန်ခဲ့သဖြင့် အဆုံးသတ် အချုပ်အချာဖြစ်သော ဘာသာတိုင်းတို့၏ ပန်းတိုင်သဖွယ်ဖြစ်သည့် အထွဋ်အထိပ်တရား ရည်ရွယ်အားထားချက်, ဘဝတစ်ခုလုံး၏ အရေးအကြီးဆုံးအချက်ကို အဓိကအလွန်ဆုံးထား၍ စဉ်းစားဝေဖန်ဖို့ လိုအပ်ပေသည်။ ထိုကြောင့် သာမညဝေဖန်ရန်မှာ-

ထိုဘာသာရပ်တို့၏ အစကား တန်ခိုးအားဖြင့် ဖန်ဆင်းမှု ဖြစ်၍-

**အလယ်ကား** ၎င်းတို့ အဓိကရည်ရွယ်အားထားသော အထွဋ်အထိပ်သို့ ရောက်အောင် အားထုတ်ကျင့်ကြံမှုဖြစ်သောကြောင့်-

၎င်းတို့၏ ရည်ရွယ်အားထားသော **အဆုံးသတ်** အထွဋ်အထိပ်တရား*(ကို)* စဉ်းစားဆင်ခြင် စိစစ်ဝေဖန်လျှင် ဆိုခဲ့ပြီးသော ဘာသာကြီး ၃-ရပ်မှာ အမည်နာမနှင့် ဖန်ဆင်းကြပုံ အဆင်းပင် ကွဲပြားကြသော်လည်း သဘောသွား ဖန်ဆင်းခြင်းအစကား အားလုံးတူညီ၍ အလယ်ကိုယ်ကျင့်တရားများသည် တစ်မျိုးစီခြားနား အကျင့်မတူကြငြားသော်လည်း ၎င်းတို့၏ဝါဒအဆုံး နိဂုံးတရား အထွဋ်အထိပ်အားဖြင့်ကား အားလုံးတူညီ၍ တစ်လမ်းတည်း၌ ပေါင်းဆုံကြကုန်၏။

ခရစ်ယာန်ဘာသာ၌ အမြဲတည်ရှိသော ဂေါဒ့်အရှင်သည် ကမ္ဘာလောကကြီးကို ဖန်ဆင်းပြီးနောက် ဆိုလ်-အသိစိတ် အာရုံခံစားတတ်သော ဝိညာဏ်မပါဘဲ အာဒမ်နှင့် ဧဝတို့ကို ပဋ္ဌမဖန်ဆင်း၍ ၎င်းတို့၌ ခင်မင်နှစ်သက်တတ်သောစိတ်, ပျော်ရွှင်ခံစားလိုသောစိတ်, ရှက်ကြောက်တတ်သောစိတ် မရှိကြဘဲ ယောကျာ်း, မိန်းမပင်ဖြစ်လျက် ပကတိ

သဘာဝအတိုင်း နေထိုင်လာခဲ့ရာ ဂေါဒ့်အရှင် ပညတ်သော အသီးကို စားမိမှ ယောကျ်ား မှန်း, မိန်းမမှန်းသိ၍ တစ်ယောက်နှင့်တစ်ယောက် ရှက်ကြောက်ဖို့ရာ အဝတ်အစားမပါမှန်း သိသဖြင့် ပကတိမှ ဖေါက်ပြန်သော စိတ်များဖြစ်ပေါ်လာကြပြီး သစ်ရွက် သစ်ခက်များဖြင့် ဖုံးဖိနေထိုင်ကြသည်ဟု ခရစ်ယာန်ကျမ်းဟောင်း၌ ဆိုထား၏။ ၎င်းအာဒမ်နှင့်ဧဝတို့ ဖြစ်ပေါ်လာသော ဆိုလ်သို့မဟုတ်ဝိညာဏ်အသိဓာတ်သည် ကမ္ဘာ့မျိုးစေ့ဖြစ်၍ ၎င်းတို့မှ ဆင်းသက်ပေါက်ပွါးလာသော သတ္တဝါအားလုံးတို့မှာ အသိညာဏ်ဖြစ်စေတတ်သော ဆိုလ်ခေါ်ဝိညာဏ် အသီးသီး ပေါက်ပွါးလာကြကုန်၏-ဟု အယူရှိကြကုန်၏။

ထို့အတူ မဟာမက်ဘာသာ၌လည်း အလာအရှင်သည် ကမ္ဘာကြီးကို ရှေးဦးစွာ ဖန်ဆင်းပြီးနောက် အာဒမ်နှင့်ဧဝတို့ကို ရွံ့ညွန်မှ ဖန်ဆင်းပြီးလျှင် အာရုံကို သိရှိခံစားတတ်သော ရုဟ်ခေါ် စိတ်ဝိညာဏ်တော်ကို အလာအရှင်က နောက်ထပ် ပေးသနားမှ အာရုံသိရှိ ခံစားတတ်ကုန်၏ဟု အယူရှိကြကုန်၏။ အလာအရှင် သစ္စာတော်ကို ယုံကြည်ကြသော ရုဟ်ခေါ် ဝိညာဏ်တော်တို့သည် ဖွေးဖွေးဖြူသော ငှက်ပုံသဏ္ဌာန်ဖြင့် အလာအရှင်၏ ပလ္လင်တော်အောက်မှာ လူသေများ ရှင်လာကြသော အချိန်အခါတိုင်အောင် နေထိုင်ကြ လိမ့်မည့်အပြင် ၎င်းတို့သည် လူများသေခါနီးသောအခါ ၎င်းတို့ကို ရုဟ်ခေါ် အသက် ထွက်ဖို့ရန် ကြိုးကိုလျှော့ပေးရကြောင်း လူအပေါင်းနှင့်တကွ အားလုံးသက်ရှိသတ္တဝါတို့မှာ အလာအရှင် ပေးသနားတော်မူသော ရုဟ်ဝိညာဏ်ရှိကြ၍ အကောင်းအဆိုး ဆင်းရဲချမ်းသာ သိရှိကြကြောင်းစသည်ဖြင့် ခရစ်ယာန်ဘာသာနှင့်အလားတူ အယူဝါဒ ရှိကြကုန်၏။

၎င်းနည်းတူ ဟိန္ဒူအယူဝါဒ၌လည်း ဗြဟ္မာကြီးသည် ရှေးဦးစွာ ကမ္ဘာကြီးကို ဖန်ဆင်း ပြီးနောက် လူသတ္တဝါတို့ကို ဖန်ဆင်းရာ၌ ပကတိခေါ် အာရုံသိတတ် ခံစားတတ်သော သဘောတရားမရှိသော သဘာဝဓမ္မကို ရှေးဦးစွာ ဖန်ဆင်းပြီးမှ အတ္တခေါ် ဆင်းရဲချမ်းသာ ခံစားသိရှိတတ်သော သဘောတရားဖန်ဆင်း၍ ၎င်းတို့ ၂-ခု ပေါင်းစပ်မှုဖြင့် လူအများ တို့သည် အကောင်းအဆိုးသိ၍ ဆင်းရဲချမ်းသာ ခံစားတတ်ကုန်၏-ဟု အယူရှိသည့်အပြင် ၎င်းအတ္တသည် မပျက်ဆီးနိုင်၊ အနှစ်သာရ သဘောရှိသဖြင့် ပရမတ္တမနှင့် ပေါင်းစပ်မိသည် တိုင်အောင် ဘဝပြောင်းရွေ့ကာ ဆင်းရဲချမ်းသာကို ခံစားရကုန်လတ္တံ့-ဟု ယုံကြည်ကြ လေကုန်၏။

ဤသို့အားဖြင့် ၎င်းဘာသာကြီး ၃-ရပ်တို့ကား အချုပ်အားဖြင့် ဂေါဒ့်အရှင်, အလာ အရှင်, မဟာဗြဟ္မာကြီးတို့ ကမ္ဘာလောကကြီးကို ဝါဒအသီးအသီး ဖန်ဆင်းကြပြီး၍-

- ခရစ်ယာန်ဘာသာအားဖြင့် ဆိုလ်,

- မဟာမက်ဘာသာအားဖြင့် ရုဟ်,

- ဟိန္ဒီဘာသာအားဖြင့် အတ္တမဟု အသီးသီး ခေါ်ဝေါ်ကြသော အမြဲထာဝရ ဘည်ရှိသော သဘောတရားကို ဖန်ဆင်းသည်ဟု အယူရှိကြသဖြင့် ဘာသာကွဲ၍ အမည် နာမ အခေါ်အဝေါ် ကွဲပြားကြစေကာမူ ဆိုခဲ့ပြီး ဘာသာအသီးသီးတို့၏ စွဲလမ်းမှုမှာ တူညီကြသောကြောင့် အစ, အလယ် တို့မှာ ၎င်းတို့ဝါဒ ခြယ်လယ်သမျှ အမျိုးမျိုးအဖုံဖုံ ဖြစ်ကြသော်လည်း အဆုံးစခန်းပန်းတိုင် တည်းဟူသော ဘာသာအထွဋ်သို့ ရောက်ကြသော အခါ ဣဿရနိမ္မာန ကမ္ဘာ့သခင်နှင့် အမြဲထာဝရ အနှစ်သာရအားဖြင့်တည်သော အတ္တတည်း ဟူသော မိစ္ဆာလမ်းမကြီး၌ အားလုံးပေါင်းဆုံမိကြကုန်၏။

၎င်းတို့တွင် ဟိန္ဒီဘာသာကြီးသည် ရှေးအကျဆုံးဖြစ်၍ နှစ်ပရိစ္ဆေဒများစွာက ထုံလာခဲ့ကြသောကြောင့် ခိုင်မြဲရင့်သန်သော ဝါဒကြီးဖြစ်သည့်အပြင်, ခရစ်ယာန် မဟာမက် ဘာသာတို့လည်း ၎င်းဘာသာကြီးမှ အညွန့်အတက် အကိုင်းအခက် ထွက်ပေါ်လာရသဖြင့်, ဘာသာအားလုံးတို့၏ မူလပင်မကြီးသဖွယ် ဖြစ်၏။ ခရစ်ယာန်ကျမ်းဟောင်း ကမ္ဘာပြုကျမ်း စသည်လည်း ၎င်းဟိန္ဒီဘာသာကြီးမှ ဆင်းသက်လာကြသဖြင့် ကမ္ဘာပြုပုံ ခြားနားအောင် တစ်မျိုးတစ်မည် ကြံစည်ရေးသားကြခြင်းသာ အနည်းငယ် ထူးခြားခြင်း ဖြစ်သည်ဟု ရေးသားကြကုန်၏။ ၎င်းပြင် မဟာမက်ဘာသာမှာလည်း ခရစ်ယာန်ကျမ်းစာ အချို့တို့နှင့် ဂျူးသို့မဟုတ်ဟက်ဘရှူးဘာသာကျမ်းစာ အချို့တို့မှ ထုတ်နုတ်ရေးသားသော ကျမ်းဖြစ် သည်-ဟု ရေးသားကြသည့်အတိုင်း ၎င်းဘာသာ ၃-ရပ်မှာ အချုပ်အားဖြင့် တစ်မျိုးတည်း သာလျှင် ဖြစ်ကြကုန်၏။ ဝေါဒ္ဒ, အလာ, ပရမတ္တမ အမည်မျှကွဲ၍ ဖန်ဆင်းပုံ အခြင်းအရာ တစ်ဘာသာနှင့် တစ်ဘာသာ ခြားနားကြသော်လည်း အဆုံးစခန်း၌ လမ်းခရီးတူကြ၍ အတ္တသဘောသို့ သက်ရောက်ကြကုန်၏။

✪ ✪ ✪ ✪ ✪

## ဂျိန်းအယူဝါဒအကြောင်း

ဆိုခဲ့ပြီးသော ဟိန္ဒီ, ခရစ်ယာန်, မဟာမက် ဘာသာတို့သည် ယခုအခါ ကမ္ဘာတွင် ထင်ရှားသော ဘာသာကြီးများဖြစ်ကြ၍ အများသိကြသော်လည်း ဟိန္ဒီဘာသာကြီး၏ ဂိုဏ်းကွဲဖြစ်သော ဂျိန်းဘာသာကိုကား ဆိုခဲ့ပြီးသော ဘာသာကြီးများလောက် သက်ဝင် ယုံကြည်သူ မများသဖြင့် အနည်းငယ်သော ဘာသာလိုက်စားသူများသာ သိကြပေလိမ့်မည်။

၎င်းဂျိန်းဘာသာကိုပင် အချို့က ဂျိန်းဆိုသည်မှာ ဂျိနသို့မဟုတ် ဇိနဟူသော စကားမှ ဆင်းသက်လာ၍ ကျွန်ုပ်တို့၏ ဗုဒ္ဓမြတ်စွာဘုရားအမည်တော် အနန္တတို့အနက် ဇိနဟူသော အမည်သည် အလွန်ထင်ရှားသော အမည်ဖြစ်သောကြောင့် ၎င်းအမည်တော် အတိုင်း လေးမြတ်ယုံကြည်လာကြသော ဗုဒ္ဓဘာသာဖြစ်ပေလိမ့်မည်ဟု ကြံစည်တွေးတော သဘောယုတ္တိအရ အချို့ဆောင်းပါးစာများ ရေးသားခဲ့ကြဖူး၏။

၎င်းဘာသာသည် ဤကဲ့သို့ အမည် ပညတ်တူသည့်အပြင် အချို့ အကျင့်တရား တို့မှာလည်း ဗုဒ္ဓဘာသာတို့နှင့် တူကြ၍ ဗုဒ္ဓဘာသာဖြစ်လိမ့်မည်ဟု ထင်မှတ်ရေးသား ကြသော်လည်း-

**၎င်းဘာသာမှာ ဟိန္ဒီအယူဝါဒမှ ခွဲထွက်လာသော ဘာသာဖြစ်၍ ၎င်းနှင့် ဆင်တူရိုး** များ ချဲ့ထွင်ရေးသားသော ဘာသာတစ်ရပ်ဖြစ်ကြောင်း ဘာသာဝါဒ လိုက်စားသူတို့ ယုံကြည် ကြကုန်၏။

၎င်းပြင် ဘာသာလိုက်စားသူအချို့တို့က ၎င်းဘာသာမှာ မြတ်စွာဘုရား ထင်ရှား ရှိတော်မူစဉ်က နိဂဏ္ဌနာဋပုတ္တ၏ အဆက်အနွယ်မှ ဆင်းသက်လာသော ဘာသာဖြစ်၍ အချို့မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်တို့ကိုလည်း တစ်ဆင့်ကြားနာပြီး လျှင် ၎င်းဘာသာသို့ ပြင်ဆင်ထည့်သွင်းလျက် ဗုဒ္ဓ၏ဆန့်ကျင်ဘက် တည်ထောင်လာ ခဲ့သော ဘာသာဖြစ်ကြောင်း၊ ၎င်း၏အဆက်အနွယ်ဖြစ်သော သူ၏တပည့်များသည် ဗုဒ္ဓဘာသာနှင့် စပ်နွယ်ပြီးလျှင် ၎င်းနိဂဏ္ဌ၏အမည်ကို မဟာဝီရဟူသော ဂုဏ်ထူးဖြင့် ခမ်းနားကြီးကျယ်စွာ အောက်ပါအတိုင်း ၎င်းတို့၏ ကလ္ပသုတ်၌ ရေးသားကြကုန်၏။

၎င်းမဟာဝီရ မဖြစ်ပေါ်မီ ရှေးအတိတ်အခါများကလည်း တိတ္ထိကရဖြစ်ခဲ့ကြသော ဆရာကြီးတို့သည် ၂၃-ပါး ဖြစ်ထွန်းလာခဲ့ကြပြီးနောက် ၂၄-ပါးမြောက်ဖြစ်သော မဟာဝီရ အလောင်းသည် ပုဿုပေါ်တြမည်သော နတ်နန်းမှဆင်းသက်၍ ရိဿဘဒတ္တမည်သော ပုဏ္ဏားကြီး၏ကြင်ရာ ဒေဝါနန္ဒာပုဏ္ဏေးမ၏ဝမ်းတိုက်၌ ကိန်းအောင်းစဉ်အခါ ၎င်းပုဏ္ဏား ဇနီးမောင်နှံတို့သည် မြို့၏ဆင်ခြေဖုံး ကုဏ္ဍရွာ၌ နေထိုင်ကြကုန်၏။ သို့ရာတွင် ၎င်းတို့သည် ပုဏ္ဏားမျိုးဖြစ်၍ ကြီးကျယ်မြင့်မြတ်ခြင်း မရှိသောကြောင့် သိကြားမင်းသည် ဖွားသာလာမည် သော မင်းသမီးကလေး ဝမ်းခေါင်း၌ ရွှေ့ပြောင်းကိန်းအောင်းတည်နေစေ၍ ၎င်းဖွားသာလာ မည်သော မင်းသမီးကလေးသည် ပဋိသန္ဓေတည်နေမည့် ညဉ့်၌ ခမ်းနားကြီးကျယ်သော အိမ်မက်များ မြင်မက်သဖြင့် စကြာအလောင်း သားကောင်းရတနာ တည်နေလာကြောင်း နိမိတ်ဖတ်ကြပြီးလျှင် လူနတ်တို့၏ ကောင်းကြီးထောပနာပြုကြသည့်အတွင်း ဖွားမြင်ခြင်းသို့

ရောက်ပြီးနောက် အချိန်အရွယ်ရောက်သောအခါ ယသောဓာမည်သော မင်းသမီးကလေးနှင့်လက်ထပ်ထိမ်းမြားပြီးလျှင် အသက် ၃၀-သို့အရောက်တွင် ၎င်း၏ အမိ, အဖ သေဆုံးကြသဖြင့် သံဝေဂတရား ရသောကြောင့် နန္ဒိဝဒ္ဓနမည်သော နောင်တော်အား ပန်ကြားခွင့်တောင်းလျက် တောထွက်ခဲ့လေ၏။

၎င်း ဂျိန်းဘာသာ၏ ပဋ္ဌမကျမ်းဂန်ဖြစ်သော **အာစာရင်္ဂသုတ်၌** ကျင့်စဉ်များ ရေးသားကြသည်မှာ အောက်ပါတို့ဖြစ်ကြကုန်၏။ ၎င်းမဟာဝီရသည် မြင့်မြတ်သော တရားကိုရှာဖွေနေစဉ် ၁၃-လအတွင်း တစ်ခါမှမလဲဘဲ သန်းစသော သတ္တဝါတို့၏ အကိုက်အခဲခံပြီးနောက် ၎င်း၌အပြစ်မြင်ကာ အဝတ်အားလုံးကို စွန့်ခွါလျက် ကိုယ်ချည်းသက်သက်နေထိုင်ကျင့်ကြံ အားထုတ်ခဲ့လေ၏။ ထိုသို့ အဝတ်မဆည်းဘဲ ၁၂-နှစ်တိုင်တိုင် ထိုထိုဤဤ အရပ်မျက်နှာသို့ လှည့်လည်သွားလာလျက် ကမ္မဋ္ဌာန်းတရား အားထုတ်လုံ့လပြုပါသော်လည်း မွန်မြတ်သောတရားကို မရရှိဘဲ ၁၃-နှစ်သို့ရောက်မှ အထွဋ်အထိပ်သို့ရောက်ပြီးလျှင် ၁၃-နှစ်ကြာရှည်စွာ မိမိ၏အယူဝါဒ ဟောပြောပြသပြီးနောက် တပေါင်းလပြည့်နေ့၌ **ဇိဘိကာဂါမမြို့**အပြင် **ရိဇုပါလိကာမြစ်ကမ်း၏** မြောက်ဘက် **သာမဂါမမည်**သော သူကြွယ်၏ကွင်းပြင် အင်ကြင်းပင်၏အနီး၌ ဆောင့်ကြောင့်ထိုင်ကာ နေပူစာလှုံလျက်၎င်း၏အကျင့်သီလ ဘဝကုန်ဆုံးခြင်းသို့ ရောက်ခဲ့လေ၏။

ဤအထက်ပါ ဂျိန်းဘာသာဝင်တို့ ကလ္ပသုတ်နှင့် အာစာရင်္ဂသုတ် စကားတို့မှာ ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာ စကားတို့နှင့် ညှိနှိုင်း အတုလိုက် ချဲ့ထွင်ရေးသားထားသည့်အပြင် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်တို့ကိုလည်း အတုချဲ့ထွင်ဟောပြောကြသည်သာမက ဟိန္ဒီအယူဝါဒနှင့်လည်း အချို့ဆန့်ကျင်ကြကုန်၏။ ၎င်းဘာသာဝါဒတည်ထောင်သူ နိဂဏ္ဌနာဋပုတ္တသို့မဟုတ် ၎င်းတို့ လေးစားကြသော အမည်အားဖြင့် မဟာဝီရသည် တောတောင်ရေမြေ သစ်ပင်စသည်တို့မှာ အသက်ရှိ၍ နှိပ်စက်ညှဉ်းပန်းခြင်းမှ စောင့်ရှောက်ရန် သဗ္ဗဝါရိ သို့မဟုတ် ခပ်သိမ်းသော အရာဝတ္ထုတို့၌ တားမြစ်စောင့်ရှောက်ရန် **စတုယာမသံဝရ** အယူရှိ၍ ၎င်းတရားများကို ချဲ့ထွင်ဟောပြောလေ့ရှိသည့်ပြင် က္လသရနှင့်အတ္တတရားတို့မှာမူ ဟိန္ဒီအယူဝါဒအတိုင်း ဟောပြောသောကြောင့် ၎င်းကိုလည်း ဟိန္ဒီအယူဝါဒအတွင်း သွတ်သွင်းရမည်ဖြစ်၍ အထူးချဲ့ရေးသားရန် မလိုတော့ဘဲဤတွင် အဆုံးသတ်ရပေသတည်း။

✪ ✪ ✪ ✪ ✪

## သီအိုဆိုဖစ် ဝါဒ

အထက်က ဆိုခဲ့ပြီးသော ရှေးကျသော ဘာသာကြီးအတန်းတို့တွင် မပါဘဲ ကာလအားဖြင့်လည်း မရှည်ကြာလှသေးသော ဘာသာဖြစ်သေ ၊ ည်း ယခုအခါ၌ ထင်ရှားကျော်ကြားသည့်ပြင် ကမ္ဘာအလုံး ယောင်ယောင်မှားမှားဖြစ်အောင် ဖြားယောင်းသွေးဆောင်ကာ ၎င်းသို့လိုက်နာစေရန် ကြံစည်အားထုတ်နေသော ဘာသာမှာ သီအိုဆိုဖစ်ဖြစ်၍ ၎င်း၏အဓိပ္ပါယ်အချုပ်မှာ "ဂေါ့ဒ်၏ဉာဏ်ကို အမြန်ရအောင် ကျင့်ကြံသူများ"ဟု ဆိုလိုရင်းဖြစ်ပေ၏။ ၎င်းကိုပင် ဗုဒ္ဓဘာသာထဲမှ အချို့သူများ ယောင်ယောင်မှားမှား ပါဝင်ကြလျက်အဆုံးမထင် အစမထင် ဖေါက်ထွင်းသိမြင်နိုင်တော်မူသော သဗ္ဗညုတဉာဏ်တော်မြတ်တည်းဟူသော အမည်ကို အလွဲသုံးစားသော အနေအားဖြင့် မြန်မာပြန်ဆို ထုတ်ဝေကြသောအချို့စာအုပ် စာတန်းများ၌ သဗ္ဗညုတညာဏအသင်းတော်ကြီးဟု အမှားသုံးစွဲကြကုန်၏။

၎င်းသီအိုဆိုဖစ် အသင်းမှာ **၁၈၇၃-ခုနှစ်၌ ရုရှားနိုင်ငံသူ မယ်ဒမ်ဘလက်ဘာဆ-ကီးနှင့် အမေရိကန်သား ကာနယ်အော်လကောက်တို့** အမေရိကန်နိုင်ငံ၊ နျူးယောက်မြို့မှာတည်ထောင်ပြီးနောက် **၁၈၇၅-ခုနှစ်တွင် အိုင်ရစ်သူ မစ္စစ်အင်နီဘဲဆင့်နှင့်** ၎င်းအယူဝါဒယုံကြည်လိုက်နာကြသောသူများ ပေါင်းစပ်၍ ၎င်းတို့အချုပ် ဌာနဖြစ်သော အဒျာဟော်ကို မဒရပ်မြို့အနီး ပယ်လယ်ကမ်းခြေနှင့် မဝေးလှသော အရပ်၌ အခြေစိုက်တည်ထောင်ကြပြီးလျှင် ယခုအခါ ၎င်းတို့ဝါဒ ပြန့်ကျယ်လာပြီး ၎င်းအသင်းကြီးမှ အသင်းခွဲ, ဌာနခွဲကမ္ဘာပေါ်၌ ၄၀၀-ကျော်မျှ ပြန့်နှံ့လျက်ရှိကြကြောင်း သီအိုဆိုဖစ်မဂ္ဂဇင်းများ၌ ရေးသားကြကုန်၏။

၎င်းသီအိုဆိုဖစ်အသင်းကို တည်ထောင်သူ မေဒမ်ဘလက်ဆကီးနှင့် ကာနယ်အော်လကောက်တို့သည် အရှေ့ဖျားတိုင်းနိုင်ငံများသို့ ဘာသာဝါဒ စုံစမ်းရှာဖွေကြလျက်သီဟိုဠ်ကျွန်းသို့ ရှေးဦးစွာ ရောက်ကြ၍ ပဌမ၌ ဗုဒ္ဓဘာသာတည်းဟူသော အရောင်အလင်းကို လက်ဦးရကြသော်လည်း ထိုထက်အလွန် ဘာသာဝါဒဗဟုသုတ ရရှိစေခြင်းငှာ အိန္ဒိယသို့ သွားရောက်စုံစမ်းသောအခါ၌ကား ရှုပ်ထွေးများပြားလှသော အိန္ဒိယ၌ ဟိန္ဒီမဟာမက်စသော ဘာသာများနှင့် ရင်ဆိုင်တွေ့ဆုံပေါင်းစပ်မိကြသဖြင့် ၎င်းတို့မှာ မူလရရှိသောဗုဒ္ဓအရောင်အလင်းသည် အညစ်အကြေး ရစ်မွေးဖုံးကွယ်ပြန်သဖြင့် အမှန်အတိအကျမဆုံးဖြတ်နိုင်ဘဲ အားလုံးသော ဘာသာတရားများ၌ ကောင်းမွန်မှန်ကန်သော တရားများရှိကြသည်ဟု အယူဝါဒပြားကာ မှန်ကန်သောတရားသည် အမြင့်မြတ်ဆုံးဟု ယုံကြည်ယူဆကြလေကုန်၏။

ထို့ကြောင့် ၎င်းသီအိုဆိုဖ့်စ် အယူဝါဒရှိသူ လိုက်နာသူများတို့ အခြေခံဖြစ်သော အချက်ကြီး ၆-ချက်ကို အခိုင်အမာဖြင့် အောက်ပါအတိုင်း ထားရှိကြကုန်၏။

၁။ လူများမှာ ဂေါ့ဒ်အရှင်သာလျှင် အခိုင်အမာ အမှန်အကန် ရှိကြခြင်း

၂။ ဂေါ့ဒ်အရှင်မှ ဆင်းသက်၍ အားလုံးသောလူများသည် မကွဲမပြား ညီအစ်ကို များသာ ဖြစ်ကြခြင်း

၃။ ဘာသာအယူဝါဒ ဂိုဏ်းကွဲခြင်းမှ လွတ်မြောက်စေခြင်း

၄။ ကိုးကွယ်ဆည်းကပ် ဝတ်ပြုကြခြင်း၌ အမြင့်မြတ်ဆုံး အမှန်အကန်ဆုံးဖြစ်ခြင်း

၅။ နှံ့နှံ့ယုတ်ညံ့သော မြော်လင့်တောင့်တချက်မှ လွတ်မြောက်၍ အထက်တန်းကျ ရောက်ခြင်း

၆။ ဘာသာဝါဒ အမြစ်အရင်းကျ၍ အမြင့်မြတ်ဆုံး ဘာသာဝါဒဖြစ်ခြင်း–

စသည်တို့ ဖြစ်ကြကုန်၏။

ဤအထက်ပါအချက်များသည် ခရစ်ယာန်စသော ဣဿရအယူဝါဒမျိုးတို့နှင့် မခြားနားဘဲ ၎င်းတို့ဝါဒထဲမှ အလိုရှိရာ ခွဲထုတ်ရေးသား ယူဆကြသော ဘာသာဖြစ်၍ အထူးစဉ်းစားဖွယ် မရှိကုန်။

၎င်းပြင် အခြားသော မဟာမေဒင်ဘာသာ, ဟိန္ဒူဘာသာ, ဗုဒ္ဓဘာသာ, ဂျိန်းဘာသာ စသော ကမ္ဘာပေါ်ရှိ ဘာသာတိုင်းမှလည်း သင့်လျော်သော အချက်များဟု ၎င်းတို့ဉာဏ်တွင် ထင်မြင်သော အလေ့အကျင့် သဘာဝတရားများကို ယုံကြည်လေးစားကြ၍ တစ်ကမ္ဘာလုံး ဘာသာများသည် ၎င်းတို့ဘာသာများ ဖြစ်ကြသဖြင့် ၎င်းတို့၏အချုပ်ကား–

၁။ အားလုံးသော ဘာသာတို့တွင် မှန်မြတ်မှန်ကန်သော တရားကို ရှာဖွေရန်

၂။ တစ်ကမ္ဘာလုံး၌ အယူဝါဒ တူညီမျှစေရန်–

ဟူသော ပဓာနရည်ရွယ်ချက်ကြီး ၂-ခုထားပြီးလျှင် ၎င်းအသင်းကြီး ဖွဲ့စည်းတည်ထောင် ကြလေ၏။ ထိုကြောင့် ၎င်းတို့သီအိုဆိုဖ့်စ် ခမ်းမကြီးများ၌---

"မှန်ကန်ခြင်းထက် မြင့်မြတ်သော ဘာသာသည် ကမ္ဘာမှာ မရှိ"–

ဟူသော စာတန်းများ ထင်ရှားအောင် ရေးသားတတ်ကြသည့်အပြင် ဘာသာတိုင်းက ရုပ်ထု ကိုးကွယ်ရာ အမျိုးမျိုးတို့ကိုလည်း ၎င်းခမ်းမကြီးများ၌ ထင်ရှားအောင် ထားရှိကြကုန်၏။

သို့မှန်ကန်သော တရားများကို ရှာဖွေစုံစမ်းရန် ၎င်းတို့ရွယ်ကိုး မှန်းထားကြသော်လည်း ၎င်းတို့ဉာဏ်၌ အမှန်သို့ရောက်ရန် မတတ်နိုင်ကြဘဲ အကောင်းအဆိုး ၂-မျိုး ၂-စား ခြားနားခြင်းမရှိ၊ ၎င်းတို့အားထုတ်မှုသည် ရောနှောရှုတ်ထွေးသော အကျိုးတရားသို့

ရှေးရှုနေ၍ ၎င်းသို့ရောက်မည်ကား အမှန်ဖြစ်ကုန်၏။ မည့်သည့်ဘာသာမဆို အခြားသော ဘာသာများ၌ မှန်ကန်ကောင်းမြတ်သောတရားများ အကယ်၍ပင် ရှိစေကာမူ လိုရင်းနိဂုံးအချုပ် သဘောတရား၌ ဟုတ်, မဟုတ်၊ အကျိုးတရား ရှိ, မရှိ အလေးနက်ဆုံး စဉ်းစားသင့်သည့်အပြင် အများတို့ လိုက်နာ၍ အများတို့ပင် နှစ်သက်ကြသော်လည်း ၎င်းဘာသာဝါဒ အဆုံးစခန်းသို့ရောက်အောင် ထွင်းဖောက်ခွဲခြား စဉ်းစားဆင်ခြင်သင့်ကြလေသည်။

မြတ်စွာဘုရားလက်ထက်တော် အခါသမယက သာသနာပဖြစ်ကြသော တိတ္ထိတို့၏ အယူဝါဒအချို့မှာ ကောင်းမြတ်မှန်ကန်သော သဘောတရားများ ပါရှိငြားသော်လည်း မူလအခြေခံသဘော မမှန်သဖြင့် အရှုးအိပ်ပမာ ကောင်းတာပါ, မကောင်းတာပါ၍ တစ်ဘာသာလုံး, တစ်ဝါဒလုံး စွန့်ပစ်ပယ်ရှားအပ်ကြောင်း အဋ္ဌကထာဆရာကြီးများ ထင်ရှားမိန့်တော်မူကြကုန်၏။ သို့စဉ် ရှုပ်ထွေးရောနှောလျက် ပြောပြဖို့ရန် ပဓာနအချက် အထွဋ်အထိပ်တရား ထင်ရှားမရှိသော ဘာသာကိုပင် မိမိတို့ ဗုဒ္ဓဝါဒတရား ကြီးကြားပါရုံမျှနှင့် ယောင်မှား လိုက်နာသူများမှာ တရားအဆီအနှစ် မစိစစ်နိုင်သူ လူများသာမဟုတ်၊ အချို့ဘုန်းတော်ကြီးများပင် ပါလျက် ဆောင်ရွက်အားထုတ်ကြကုန်၏။

၎င်းဘာသာနှင့်စပ်၍ ရေးသားဖော်ပြရန် အကြောင်းအရာ ရှည်လျားများပြားစွာပင်ရှိသော်လည်း အများတို့၏ အပြစ်တင်ခြင်းမှ ကင်းလွတ်ရန် သိသာရုံ ဤမျှလောက် အနည်းငယ်သာ ဖော်ပြလိုက်ရပေသည်။ ဤမျှလောက်သော ရေးသားဖော်ပြချက်တို့ဖြင့် အခြားဘာသာရပ်များ၌ စဉ်းစားနှိုင်းချိန်ခဲ့ပြီးဖြစ်၍ ၎င်းတို့၏အကျိုး, အပြစ်ကို စိစစ်သိရှိနိုင်သည့်အတိုင်း အဆိုးနှင့်အကောင်း ပေါင်းစပ်ရောနှောလျင် မတည့်သော အရသာ ၂-ခု ပေါင်းစပ်မှုမှာ အရသာ ၂-ခုလုံး ပျက်စီးကြောင်း ကောင်းစွာထင်ရှားသောကြောင့် အခြားဘာသာရပ်များ၌ အကောင်းအဆိုး ၂-ရပ် ဆုံးဖြတ်ဝေဖန်နိုင်ရန်နှင့် မကောင်းသောတရား ဖျက်သဖြင့် ကောင်းမွန်သော တရားပျက်ပြားခြင်းကို သိသာရန် ၎င်းတို့နှင့် စပ်၍ လိုရင်းဖြစ်သော အကျဉ်းမြွက်စကားတို့ဖြင့် ရေးသားဖော်ပြလိုက်ရပေသတည်း။

✪ ✪ ✪ ✪ ✪

## ဗုဒ္ဓဘာသာ အယူဝါဒ

ဤမျှလောက် အခြားဘာသာရပ်များ စဉ်းစားဝေဖန်လာခဲ့ကြပြီးဖြစ်၍ အကျိုး, အပြစ် စိစစ်နိုင်ကြသော်လည်း အချုပ်အချာဖြစ်သော ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ၏ မှန်ကန်ကောင်းမြတ်သော စီရင်ဆုံးဖြတ်ချက်များနှင့် အစစ်အမှန်ကျင့်ကြံအားထုတ်အပ်သော

တရားတော်များကို စဉ်းစားနိုင်းချိန်ရန်လည်း လိုသဖြင့် ဗုဒ္ဓအရှင်မြတ်ဘုရား၏ ကြီးမားသော ကိစ္စတော်မြတ်နှင့်တကွ တရားတော်မြတ်၏ ခိုင်လုံနက်နဲကြောင်း ရေးသားဖော်ပြရန် လိုအပ်ပေသည်။

မိမိတို့ ကိုးကွယ်ဆည်းကပ်သော ဘာသာဆိုသည်ကား ရတနာတစ်ပါးဖြစ်၍ လောက၌ လူတို့ဝတ်ဆင်အပ်သော ရတနာများကိုပင် အစစ်အမှန် ဝေဖန်နိုင်းချိန်ရသေးသကဲ့သို့ ၎င်းထက် အဆပေါင်းများစွာ ရာ, ထောင်မက လောကုတ္တရာနှင့် စပ်သည့် ဘာသာတည်းဟူသော ရတနာမြတ်ကို ကျနမှန်ကန်စွာ စိစစ်ဝေဖန်အပ်သည်မှာ အဘယ်မှာ ငြင်းဆိုနိုင်ဖွယ်ရာ ရှိအံ့နည်း။ ၎င်းပြင် ထိုကဲ့သို့-

- တရားဓမ္မ၏ ယထာဘူတ ကျနမှန်ကန်ခြင်းနှင့် ဤကဲ့သို့ ကြီးကျယ်ခမ်းနားသော တရားရတနာဖြင့် ကမ္ဘာကြီးကို တန်ဆာဆင်နိုင်ရန် အပိတ်အပင် အတားအဆီးမရှိ ဖောက်ထွင်းသိမြင်သော
- သဗ္ဗညုတအနာဝရဏ ဉာဏ်တော်ကြီးကို ရ၍ လောကအလုံးကို ခမ်းနားကြီးကျယ်စွာ တန်ဆာဆင်နိုင်သော
- အတုမရှိ အထွတ်အမြတ်ဆုံး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတစ်ဆူ ဖြစ်တော်မူသော လောက ၃-ပါးကို အစစ်အမှန် ကယ်တင်တော်မူနိုင်သော

မြတ်စွာဘုရားတစ်ဆူ ဖြစ်တော်မူနိုင်ရန် မည်မျှလောက် အကြောင်းများ လိုအပ်ကြောင်းမှာ ကောင်းစွာ ထင်ရှား၏။

အကျိုးနှင့် အကြောင်းတရားတို့သည် ကမ္ဘာ့တံထွာ ဓမ္မတာအတိုင်း မကွေမကွာ တွဲစပ်လျက် မကင်းအပ်သော အရိုးခံတရားကြီးဖြစ်၍ လောကဓာတ်ကြီးအားလုံး ဖုံးအုပ်လွှမ်းမိုးနိုင်သော အဆုံးအပိုင်းအခြား မရှိ၊ အနန္တဉာဏ်တော်, တန်ခိုးတော်တည်းဟူသော ကြီးကျယ်မွန်မြတ်သော အကျိုးတရား၏ လျှောက်ပတ်ကောင်းမြတ်သော အကြောင်းတရားတို့ကို အထူးသဖြင့် ကြီးကျယ်စွာ ဆည်းပူးအားထုတ်မှ ရနိုင်ပေမည် ဖြစ်၏။

မြစ်သေး မြစ်ခွနှင့် အမြစ်မူလ အကြောင်းအရင်းခံ သဘာဝမရှိဘဲနှင့် ပင်စည်ပင်မကြီး တိုးတက်ပွါးစီး၍ အသီး, အပွင့် အညွန့်, အညှောင့် ပေါက်ရောက်စည်ကားရန် အဘယ်နည်းနှင့်မျှ မဖြစ်ပေါ်နိုင်သကဲ့သို့ မြစ်သေး မြစ်မတည်းဟူသော ပါရမီအကြောင်းတရားရှိမှသာလျှင် ပင်စည် အသီး, အပွင့်တည်းဟူသော အကျိုးတရားကြီးမားသော ဉာဏ်တော်များရနိုင်မှုမှာ စင်စစ်မှန်ကန်သော ဓမ္မတာတရားကြီးဖြစ်ကြောင်း ကောင်းစွာ မှတ်ယူအပ်ကုန်၏။

ထိုကြောင့် မတုအပ်, မယှဉ်အပ်, မနှိုင်းအပ်, အတိုင်းမရှိ ပုဂ္ဂလဝိသေသ တစ်ဆူ ဖြစ်တော်မူရန် ထိုသဗ္ဗညုတဉာဏ်တော်ကြီးရမှု အကြောင်းတရားတို့မှာ---

၁။ လောကဓာတ်ကြီးအားလုံး ကယ်တင်တော်မူဖို့ရန် အကြံတော်ဖြင့် ဘုရားဆုပန်တော်မူသည်မှစ၍ ထိုသဗ္ဗညုတဉာဏ်တော်၏ ရင့်သန်ရာ ရင့်သန်ကြောင်း ကောင်းမြတ်သော ပါရမီတို့ကို သင်္ချေများစွာ ကပ်ကမ္ဘာက ဖြည့်ဆည်းပူးတော်မူခြင်းတည်းဟူသော အတိတ်အကြောင်းတရားနှင့်,

၂။ ယခု ပစ္စုပ္ပန်ဘဝ၌လည်း ထိုကောင်းမြတ်သော တရားတော်ကို ရရာရကြောင်း ထူးကဲလွန်မြတ်တော်မူသော ဝီရိယဓာတ်ဖြင့် မည်ကဲ့သို့ ရှာဖွေဆည်းပူးအားထုတ်တော်မူရခြင်းတည်းဟူသော ပစ္စုပ္ပန်အကြောင်းတရားအားဖြင့်—

၂-ရပ်သော အကြောင်းတရားတို့သည် ကြီးမားမြင့်မြတ်သော ဉာဏ်တော်မြတ်ကို ရခြင်း၏ ခိုင်လုံသော အကြောင်းများ ဖြစ်ကြကုန်၏။

သို့ဖြစ်၍ ထိုသို့ဆည်းပူးအားထုတ်တော်မူလာခဲ့ရသော အတိတ်ဖြစ်သော အကြောင်းတရား ပါရမီများနှင့်တကွ ကမ္ဘာလောကကြီး ကယ်တင်တော်မူရန် သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိလိုသော ဆန္ဒတော်မြတ်ဖြင့် အဆူဆူသော ဘုရားရှင်တို့ထံ ဆုမြတ်ကို ပန်၍ ဗျာဒိတ်တော်မြတ် ခံယူတော်မူခဲ့ကြောင်း—

**ကပ္ပေ စ သတသဟဿေ၊ စတုရော စ အသင်္ခိယေ။**
**အမရံ နာမ နဂရံ၊ ဒဿနေယျံ မနောရမံ။ ။**

စသည်ဖြင့် ဗုဒ္ဓဝံသ ဘုရားရှင်တို့၏ အဆက်အနွယ်တော်ကို ကိုယ်တော်တိုင်ပင် ဟောကြားတော်မူခဲ့သည့်အတိုင်း အကြောင်းပါရမီများ ထင်ရှားစေရန် အကျဉ်းချုပ်ဖြစ်သော ဤဗုဒ္ဓဝင်နိဒါန်းကို ခိုင်လုံသောအကြောင်း၏အဖြစ်ဖြင့် သိမှတ်အပ်၍ အကြောင်းအားလျော်စွာ ရေးသား ဖော်ပြပေအံ့။

✪ ✪ ✪ ✪ ✪

## ပဌမ ဗျာဒိတ်တော်

၁။ လေးသင်္ချေနှင့် ကပ်တစ်သိန်းထက်မှာ ရတနာအမျိုးမျိုးတို့နှင့်ပြည့်စုံ အလုံးစုံသော စည်းစိမ်အပေါင်းတို့၏ စုပုံရာ အမရဝတီပြည်ကြီးအတွင်း၌ မိမျိုးဖနွယ် စင်ကြယ်စွာ ဆင်းသက်လာသော သုမေဓာပညာရှိသည် ကြီးကျယ်များပြားသော စည်းစိမ်တို့၏အလယ်မှာ တင့်တင့်တယ်တယ် နေထိုင်ခဲ့ရသော်လည်း ၎င်းတို့ကို မတွယ်မတာ မနှစ်သက်ဘဲ

ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲပြီးလျှင် ဓမ္မိကတောင်၊ သခ်မ်းချောင်၌ ရသေ့ရဟန်းပြု လုပ်နေထိုင်ခဲ့သောအခါ ဒီပင်္ကရာမြတ်စွာဘုရားသည် လောက ၃-ပါး၌ တရားရောင် အလင်း ထွန်းလင်းတောက်ပစေလျက် အမြိုက်တရားရေစင်ဖြင့် လောကကြီးကို ကယ်တင် နေတော်မူသည်ကိုပင် မိမိစျာန်အယဉ်၌ ပျော်ပိုက်ကာ နေခဲ့သောကြောင့် အလောင်းတော် သုမေဓာအရှင်ရသေ့သည် သိတော်မမူဘဲ မိမိကျောင်းသခ်မ်း၌ စျာန်ကမ္မဋ္ဌာန်းဖြင့် စီးဖြန်း နေတော်မူခဲ့လေ၏။

တစ်နေ့သောအခါ အခွင့်သင့်စွာဖြင့် ကောင်းကင်လမ်းမှ စျာန်အယဉ်နှင့် ကြွမြန်းတော်မူသောအခါ ရာမာဝတီ ပြည်သူပြည်သားတို့ စိတ်အားထက်သန်စွာ လမ်းပန်း ပြုပြင်နေကြသည်ကို တွေ့မြင်မေးမြန်းမှ လောက ၃-ပါး၌ မြတ်စွာဘုရား ထင်ရှားပွင့်တော် မူကြောင်း ကောင်းစွာသိရသဖြင့် ပီတိသောမနဿ အဟုန်ပြင်းစွာ ဘုရားတည်းဟူသော အာရုံ၌ မြောမေ့ကာ သွားခဲ့လေပြီ။

ဝင်းနောက် သုမေဓာအရှင်ရသေ့သည် သူ့အတွက် ပြင်ဆင်ရန် လမ်းတစ်နေရာ ပေးဖို့ရာ ပြောကြား၍ ဝင်းကို ပြင်ဆင်နေခိုက် မပြီးစီးသေးမီ ဒီပင်္ကရာမြတ်စွာဘုရား ကြွလာတော်မူသောအခါ "ငါမပြီးစီးသော လမ်းနေရာ၌ ငါ့ကိုယ်ကို တံတားခင်း၍ ရှင်တော် မြတ်၏ခြေရင်းမှာ ငါ့၏အသက် ရက်ရောစွာ စွန့်လွှတ်အံ့"ဟု ကြံစည်စိတ်ထားလျက် တံတားခင်းလျက် နေတော်မူပြီး မကြာမီ မြတ်စွာဘုရား အနီးသို့ ကြွရောက်တော်မူလာ သဖြင့် တင့်တယ်ခမ်းနားသော မြတ်စွာဘုရား၏ အသရေတော်မြတ်ကို ဖူးမြင်ရလျှင်-

"စွမ်းအားသတ္တိ သိမြင်ရသော ယောကျ်ားကောင်းမြတ်ဖြစ်ပါလျက် အဘယ် အတွက်ကြောင့် အဘယ်အကျိုးရှိ၍ သံသရာ လမ်းခရီးခဲကြီး တစ်ယောက်တည်းထည်း ကူးမြောက်အံ့နည်း။ သဗ္ဗညုတဉာဏ်တော်ကြီးကို ရ၍ မြောက်မြောက်များများ အားလုံး ကုန်သော လူနတ်တို့အား တရားဓမ္မဖြင့် သံသရာဒုက္ခဝဋ္ဋဘဝမှ ကယ်တင်ပေအံ့"ဟု ကြံ့းဝါး ကြံစည်နေခိုက် ဘုရားရှင်သည် ဦးခေါင်းရင်း၌ ရပ်တော်မူကာ---

"ဤရသေ့သူတော်မြတ်ကို သင်ပရိသတ်တို့ ကြည့်ရှုကြကုန်၊ ဤကမ္ဘာမှ ရေတွက် လျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ကပိလဝတ္ထုပြည်ကြီးမှ တောထွက်၍ ဒုက္ကရ- စရိယာကျင့်သဖြင့် ဂေါတမမည်သော ဘုရားတစ်ဆူ ဖြစ်လတ္တံ့"ဟု ခိုင်မြဲသော နိယတဗျာ ဒိတ်တော်စကား မြွက်ကြား မိန့်ဆိုတော်မူခဲ့လေပြီ။

အရှင်သုမေဓာရသေ့လည်း "ငါ၏အလိုဆန္ဒ ပြည့်စုံလတ္တံ့"ဟု ဝမ်းမြောက်တော်မူ သည့်ပြင် လူများအပေါင်းကလည်း သောင်းသောင်းဖြဖြဖြင့် "ဤရသေ့မြတ်ကား ဘုရား

စင်စစ် ဖြစ်တော်မူလတ္တံ့၊ မြစ်ကိုကူးသောသူ အလားကဲ့သို့ အကယ်၍ ဤဒီပင်္ကရာမြတ်စွာ ဘုရားသာသနာတော်၌ ချွတ်ချော်တိမ်းပါး မင်္ဂဖိုလ်မရငြားအံ့၊ အရှင်ရသေ့မြတ် ဘုရားဖြစ် တော်မူသောအခါ မဂ်ဖိုလ်ရောက်ရပါလိုကြောင်း” ဝမ်းမြောက်စွာ ဆုတောင်းပတ္ထနာ ပြုကြ ပြီးနောက် ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရသေ့အား ပန်း ၈-ဆုပ်ဖြင့် ပူဇော်ကြဖြန့် ပြီးလျှင် ရဟန္တာအပေါင်း လေးသောင်းအခြံအရံနှင့်တကွ ကြွသွားတော်မူခဲ့လေပြီ။

ထိုနောက် တစ်သောင်းသော လောကဓာတ်မှ လာရောက်ကြကုန်သော နတ်, ဗြဟ္မာ အပေါင်းတို့သည် “ဘုရားဖြစ်ကြောင်း ကောင်းမြတ်သော နိမိတ်များ ပေါ်လာပါ ကြောင်း, အရှင်မြတ်၏ ဝီရိယဓာတ် မတွန့်မဆုတ်ဘဲ မြဲမြဲမြန်မြန် ရှေ့သို့သာ တက်တော် မူရန် ရှိပါကြောင်း မလွဲဧကန် အမှန်စင်စစ် ဘုရားဖြစ်တော်မူလတ္တံ့” အကြောင်းများ စုပေါင်း တိုက်တွန်း ချီးမွမ်းကြသောစကားတို့ကို ကြားရသဖြင့် အတိုင်းထက်အလွန် ရွှင်လန်းနှစ် သက်လှသော ဘုရားအလောင်းတော် အရှင်သုမေဓာရသေ့မြတ်သည် ဗုဒ္ဓဝစန၏ ၂-ခွ မရှိ၊ မှန်ကန်ကြောင်းများနှင့် ဘုရားဖြစ်ကြောင်း ကောင်းမြတ်သော ပါရမီတရားတို့ကို စဉ်းစားဆင်ခြင် တော်မူခဲ့လေ၏။

“၎င်းဘုရားဖြစ်ကြောင်း ကောင်းမြတ်သော အခြေခံပါရမီ အကြောင်းတရားတို့ သည်---

၁။ ဒါနပါရမီ၊ မဆုတ်မနစ် စွန့်ပစ်ရက်ရောစွာ လှူဒါန်းပေးကမ်းခြင်း၊

၂။ သီလပါရမီ၊ ကောင်းမြတ်သော အလေ့အကျင့်များ ကောင်းမွန်စွာ ထိမ်းသိမ်းစောင့် ရှောက်ခြင်း၊

၃။ နိက္ခမပါရမီ၊ ဆင်းရဲအပေါင်းမှ ထွက်မြောက်လိုကြောင်း ကောင်းမွန်သော တောထွက်ခြင်း၊

၄။ ပညာပါရမီ၊ အရာရာ၌ လေးနက်စွာ စဉ်းစားဆင်ခြင် ပညာရှင်တို့နှင့် ဆွေးနွေး မေးမြန်းလေ့ရှိခြင်း၊

၅။ ဝီရိယပါရမီ၊ ဆုတ်နစ်တွန့်တိုခြင်းမရှိ ဝီရိယဓာတ် မြဲမြန်ခိုင်ခံ့စွာ အရာရာ၌ အား ထုတ်မှုရှိခြင်း၊

၆။ ခန္တီပါရမီ၊ ကောင်း, မကောင်းအတွက် စိတ်မကွက်ဘဲ မြေထုပမာ အရာရာ၌ သည်းခံမှုရှိခြင်း၊

၇။ သစ္စာပါရမီ၊ သောက်ရှူးကြယ်ပမာ ဘယ်အခါမှ လမ်းမလွဲသော မှန်ကန်တည် ကြည် ခိုင်မြဲမှုရှိခြင်း၊

၈။ အဓိဋ္ဌာန်ပါရမီ၊ တောင်ကြီးပမာ နေရာမရွေးဘဲ ခိုင်မြဲတည်တန့်သော ဆောက်တည်မှုရှိခြင်း၊

၉။ မေတ္တာပါရမီ၊ ဆင်းရဲချမ်းသာမရွေး မြေတောင်အလားကဲ့သို့ သတ္တဝါအပေါင်းအား ချစ်ခင်ခြင်း၊

၁၀။ ဥပေက္ခာပါရမီ၊ သန့်ရှင်းညစ်ထေးခြင်းကို မရွေးချယ်တတ်သော မြေကြီးပမာ ဆင်းရဲချမ်းသာတို့ကို မငဲ့ကွက်ခြင်း— အားဖြင့်---

၁၀-ပါးဖြစ်သည်”ဟု ဆင်ခြင်တော်မူသောအခါ ကမ္ဘာကွဲအံ့သကဲ့သို့ တော်လဲပဲ့တင် မြေငလျင်ကြီး ထန်သီးပြင်းပြစွာ လှုပ်လေ၏။

ဤသို့ ဟုတ်မှန်သော အကြောင်းပါရမီတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူခြင်း၏ တန်ခိုးအာနုဘော်ကြောင့် မြေ မိုး အက်ကွဲ၊ တော်လဲငလျင်၊ ပဲ့တင်ထပ်လျက် လှုပ်သည်ကို လောက၏ ကောင်းကျိုးဖြစ်မည် သို့မဟုတ် လောက၏ မကောင်းကျိုးဖြစ်မည် လူအများ မသိကြသဖြင့် ဒီပင်္ကရာရှင်တော်ဘုရားအား လျှောက်ထားကြသောအခါ “သင်တို့စိုးရိမ်ကြောင့်ကြဖွယ်မရှိ၊ ယနေ့ ငါဘုရား ဗျာဒိတ်ကြားတော်မူခဲ့သော ဘုရားအလောင်း ရှင်ရသေ့၏ ပါရမီတရား စဉ်းစားဆင်ခြင် သုံးသပ်သောအားဖြင့် မြေကြီးငလျင် တုန်လှုပ်ကြောင်း” အမိန့်တော်ရှိလျှင် ရွှင်ရွှင်ပြုံးပြုံး စိတ်နှလုံးအေးမြသော လူအပေါင်းတို့သည် ဘုရားလောင်းအား ထပ်မံပူဇော်ကြသည့်အပြင် နတ်, ဗြဟ္မာ အပေါင်းတို့ကလည်း ကောင်းကြီးပတ္ထနာ စကားများ မြွက်ကြားပြောဆိုကြပြီးနောက် နတ်ပန်း, နတ်ပေါက်ပေါက်တို့ဖြင့် ကြဲမြှောက်ပူဇော်ကြစဉ်ကပင်လျှင် ပါရမီ ၁၀-ပါး တရားအပေါင်း အောင်းမေ့ဆင်ခြင်တော်လျက် မိမိ၏ ချောင်သခ်မ်းသို့ ကြွမြန်းပြီး ဈာန်ကမ္မဋ္ဌာန်းဖြင့် စီးဖြန်းမွေ့လျော် နေတော်မူခဲ့လေ၏။

ထို့နောက် ဒီပင်္ကရာမြတ်စွာဘုရားသည် မြင့်မြတ်ကောင်းမွန်သော တရားဓမ္မဖြင့် တစ်လောကလုံး ရဲရင့်စေလျက် ဘေးရန်အပေါင်း သိမ်းသောင်းမကက များပြားပြည့်နှက်လှသော သံသရာစမ်းချောင်းကြီးကို မကြောက်မရွံ့ မတွန့်မဆုတ် ထုတ်ချင်းပေါက်ရောက်ကူးမြောက်စေလျက် သာသနာတော်၏ ကောင်းမြတ်လေးနက်သော ဩဇာတန်ခိုး တစ်ကမ္ဘာလုံး လွှမ်းမိုးစေပြီးနောက် တပည့်ရဟန်းသံဃာ အပေါင်းတို့နှင့်တကွ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## ဒုတိယ ဗျာဒိတ်တော်

၂။ ၎င်းနောက် အသင်္ချေလုံးလုံး ကမ္ဘာအများ သုဉ်းပြီးလျှင် အရှင်ကောဏ္ဍည မြတ်စွာဘုရား လောက ၃-ပါး၌ ထင်ရှားပွင့်တော်မူသောအခါ ဘုရားအလောင်းတော်သည် ဝိဇိတာဝီ အမည်ရှိသော စကြာမင်းကြီးဖြစ်၍ တရားတော်မြတ်ကို ကြားနာရသဖြင့် သာသနာ၌ သက်ဝင်ကြည်ညိုလျက် ရဟန်းပြုပြီးလျှင် ဘုရားရှင်အထံမှ "နောင်အခါ ဤရဟန်းမြတ်သည် ဂေါတမမည်သော ဘုရားစင်စစ် လောက၌ ထင်ရှားဖြစ်လတ္တံ့"ဟု မိန့်ကြားတော်မူသော ဒုတိယဗျာဒိတ်တော်ကို ခံယူတော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## တတိယ ဗျာဒိတ်တော်

၃။ ထို့နောက်တဖန် ဒုတိယ အသင်္ချေလွန်လေပြီးနောက် တစ်ခုသော ကမ္ဘာအတွင်းမှာ---

၁။ မင်္ဂလမြတ်စွာဘုရား

၂။ သုမနမြတ်စွာဘုရား

၃။ ရေဝတမြတ်စွာဘုရား

၄။ သောဘိတမြတ်စွာဘုရား

ဤ ၄-ဆူသော ဘုရားရှင်တို့ ထင်ရှားပွင့်တော်မူသည်တွင် မင်္ဂလမြတ်စွာဘုရားသည် တစ်သောင်းသော လောကဓာတ်ကို ပကတိရောင်ခြည်တော်ဖြင့် နေ့, ညဥ့်အမြဲထွန်းပတော်မူလျက် တရားစည်ကြီး ရိုက်တီးတော်မူသောအခါ အလောင်းတော်သည် သုရုစိမည်သော ပုဏ္ဏားကြီးဖြစ်၍ ကြီးကျယ်သော အလှူဒါန ပေးကမ်းပြီးလျှင် ဘုရားရှင်ထံမှ "ဧကန်စင်စစ် ဘုရားဖြစ်လတ္တံ့"ဟူသော တတိယဗျာဒိတ်တော်မြတ်ကို ခံယူတော်မူပြီးနောက် ထိုသာသနာတော်မြတ်၌ပင် ရဟန်းအဖြစ်ဖြင့် ဝင်လျက် ထမ်းရွက်တော်မူခဲ့လေ၏။

✪ ✪ ✪ ✪ ✪

## စတုတ္ထ ဗျာဒိတ်တော်

၄။ ၎င်းနောက် ဤကမ္ဘာအတွင်းမှာပင် သုမနမြတ်စွာဘုရားသည် လောကကြီးအတွင်း ထွန်းလင်းတောက်ပလျက် ဝေနေယျအပေါင်းတို့အား နိဗ္ဗာန်တည်းဟူသော ခေမာသောင်သို့ ပို့ဆောင်တော်မူနေစဉ် အလောင်းတော်မြတ်သည် အတုလမည်သော အလွန်ကြီး

မားသော နဂါးမင်းကြီးဖြစ်၍ "မြတ်စွာဘုရား လောက ၃-ပါး၌ ပွင့်တော်မူကြောင်း" ကြားသိရသဖြင့် ဆွေမျိုးအပေါင်းခြံရံကာ မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်ပြီးလျှင် မြတ်သော အလှူဒါန ဖြစ်စေလျက် သရဏဂုံ သီလတည်ပြီး၍ "ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့"ဟူသော ဘုရားအထံတော်မှ စတုတ္ထဗျာဒိတ်တော်စကား မြွက်ကြားတော်မူသည်ကို ခံယူတော်မူခဲ့လေ၏။

✪ ✪ ✪ ✪ ✪

## ပဥ္စမ ဗျာဒိတ်တော်

၅။ ဤကမ္ဘာအတွင်း၌ပင် လောကထွဋ်ထား ရေဝတမြတ်စွာဘုရားသည် မနှိုင်းယှဉ်အပ်သော ဉာဏ်တော်ရောင်အလင်းဖြင့် လောကအလုံး၏ အမိုက်မှောင်ကို ခွင်းလျက် အေးမြချမ်းသာ ဘေးကင်းရာစခန်း နိဗ္ဗာန်လမ်းမကြီးကို ညွှန်ပြတော်မူလျက်နေစဉ် အလောင်းတော်မြတ်သည် အတိဒေဝပုဏ္ဏားကြီးဖြစ်၍ ရှင်တော်ဘုရား ဟောကြားတော်မူသော တရားတော် ပူဇော်သောအားဖြင့် ပုဆိုးဖြူအပေါ် လွှမ်းကို မြတ်စွာဘုရားအား လှူဒါန်းပြီး ရှင်တော်မြတ်ဘုရားအထံတော်မှ "နောင်သောအခါ လောကထွဋ်ထား ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့"ဟူသော ပဥ္စမဗျာဒိတ်တော်မြတ်ကို ခံယူတော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## ဆဋ္ဌမ ဗျာဒိတ်တော်

၆။ ဤကမ္ဘာ၌ ဤ ၃-ဆူသော မြတ်စွာဘုရား လောက ၃-ပါး၌ ထင်ရှားပွင့်တော်မူပြီးနောက် သောဘိတမြတ်စွာဘုရား လောက ၃-ပါး၌ ထင်ရှားထွန်းပ လောက၏အညစ်အကြေးတို့ကို တရားဓမ္မတည်းဟူသော အမြိုက်ရေစင်ဖြင့် သုတ်သင်ဆေးကြောတော်မူပြီးလျှင် ကိလေသာအညစ်အကြေး ကင်းဝေးရာမှန် နိဗ္ဗာန်တည်းဟူသော စင်ကြယ်ရာရပ်ဌာန်သို့ ပို့ဆောင်တော်မူလျက်နေစဉ် အလောင်းတော်မြတ် သုဇာတမည်သော ပုဏ္ဏားကြီးဖြစ်၍ ကြီးကျယ်ခမ်းနားသော အလှူဒါနဖြင့် သာသနာ့တာဝန်ကို ယူဆောင်ပြီးလျှင် ၎င်းရှင်တော်ဘုရားအထံတော်မှ "နောင်အခါ လောက ၃-ပါးဝယ် ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့" ဟူသော ဆဋ္ဌမဗျာဒိတ်တော်စကား ကြားနာခံယူတော်မူခဲ့ရလေပြီ။

✪ ✪ ✪ ✪ ✪

## သတ္တမ ဗျာဒိတ်တော်

၇။ နောက်ထပ်တဖန် တတိယအသင်္ချေ လွန်လေပြီး၍ တစ်ခုသော ကမ္ဘာကြီး အတွင်းမှာ—

၁။ အနောမဒဿီမြတ်စွာဘုရား ၂။ ပဒုမမြတ်စွာဘုရား

၃။ နာရဒမြတ်စွာဘုရား—

ဤ ၃-ဆူသော ဘုရားရှင်တို့ ထင်ရှားပွင့်တော်မူသည်တွင် **အနောမဒဿီမြတ်စွာ ဘုရား** လောက ၃-ပါး၌ သတ္တဝါအပေါင်းကို နိဗ္ဗာန်မြိုက်ခွင်သို့ ကယ်တင်ဆောင်ပို့နေတော်မူသောအခါ အလောင်းတော်သည် တန်ခိုးသတ္တိ အာနုဘော်ကြီးလှသော ကုဋေများစွာသော ဘီလူးတို့၏ အကြီးအမှူး ယက္ခသေနာပတိဖြစ်၍ လောက ၃-ပါး၌ မြတ်စွာဘုရား ထင်ရှားဖြစ်တော်မူကြောင်း သိရသဖြင့် ကြီးစွာသော အလှူဒါနပေးပြီး ဘုရားအရှင်အထံတော်မှ "နောင်အခါ ဘုရားစင်စစ်ဖြစ်လတ္တံ့"ဟု သတ္တမဗျာဒိတ်တော်မြတ်ကို ခံယူတော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## အဋ္ဌမ ဗျာဒိတ်တော်

၈။ အနောမဒဿီမြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ဤကမ္ဘာအတွင်း **ပဒုမ မြတ်စွာဘုရား** လောက ၃-ပါး၌ ထင်ရှားပွင့်တော်မူစဉ် ထိုအခါ အလောင်းတော်သည် တောအုပ်ကြီးအတွင်း၌ ခြင်္သေ့မင်းဖြစ်၍ မြတ်စွာဘုရားသည် ထိုတောအုပ်သို့ ကြွသွားတော်မူ၍ နိရောဓသမာပတ် ဝင်စားတော်မူသည်ကို မြင်လျှင် အလွန်ကြည်လင်သော စိတ်ထားဖြင့် ၇-ရက်ပတ်လုံး အစာရှာမသွားဘဲ ခစားနေလျက် နိရောဓသမာပတ်မှ ထမြောက်သောအခါ ရဟန်းသံဃာများ ကြွလာတော်မူလျှင် သာ၍ပင် ရွှင်ပြဝမ်းမြောက်နေသည်ကို မြင်တော်မူ၍ "ဤခြင်္သေ့မင်းကား နောင်အခါ၌ ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟူသော အဋ္ဌမ ဗျာဒိတ်တော်စကား မြွက်ကြားသည်ကို ခံယူခဲ့ရလေပြီ။

✪ ✪ ✪ ✪ ✪

## နဝမ ဗျာဒိတ်တော်

၉။ ဤကမ္ဘာအတွင်း ပဒုမမြတ်စွာဘုရား ထင်ရှားဖြစ်တော်မူပြီးနောက် နာရဒမြတ်စွာဘုရား လောက ၃-ပါး၌ ထင်ရှားပွင့်တော်မူပြီးသောအခါ အလောင်းတော်မြတ်စွာဘုရားသည် ရသေ့သူမြတ်ဖြစ်၍ ဈာန်သမာပတ် အဘိညာဉ်နှင့် ပြည့်စုံသဖြင့် ဘုရားအမျူးရှိသော ရဟန်းသံဃာတော်တို့အား မြတ်သောအလှူဒါန ပေးလှူပြီး စန္ဒကူးနံ့သာတို့ဖြင့် ပူဇော်တော်မူလျှင် ဘုရားအရှင်သည် "ဤရသေ့ကား နောင်အခါ ဘုရားစင်စစ် ဖြစ်လတ္တံ့" ဟု နဝမဗျာဒိတ်တော်စကား မိန့်ကြားတော်မူသည်ကို ခံယူခဲ့ရလေပြီ။

## ဒသမ ဗျာဒိတ်တော်

၁၀။ နာရဒမြတ်စွာဘုရား ထင်ရှားပွင့်တော်မူပြီးနောက် တစ်သင်္ချေလွန်မြောက်၍ ဤကမ္ဘာမှ ပြန်၍ရေတွက်သော် ကမ္ဘာတစ်သိန်းထက် ရောက်သောအခါ တစ်ခုသောကမ္ဘာ၌ တစ်ဆူတည်းသော ပဒုမုတ္တရမြတ်စွာဘုရားသည် လောက ၃-ပါး၌ ထင်ရှားပွင့်တော်မူစဉ် ဘုရားအလောင်းတော်သည် ဇဋိလမည်သော သူဌေးကြီးဖြစ်၍ ဘုရားအမျူးရှိသော သံဃာတော်မြတ်တို့အား သင်္ကန်းနှင့်တကွ ကြီးစွာသော အလှူဒါနကြီး ပေးလှူပြီးလျှင် ဘုရားရှင်သည် "ဤသူဌေးကား နောင်သောအခါ ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟု ဒသမဗျာဒိတ်စကား မိန့်ကြားတော်မူသည်ကို ခံယူတော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## ဧကာဒသမ ဗျာဒိတ်တော်

၁၁။ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ကမ္ဘာသုံးသောင်း လွန်မြောက်သောအခါ တစ်ခုသောကမ္ဘာတွင်---

၁။ သုမေဓာမြတ်စွာဘုရား　　၂။ သုဇာတာမြတ်စွာဘုရား-

အားဖြင့် ၂-ဆူသော မြတ်စွာဘုရားတို့သည် လောက ၃-ပါး၌ ထင်ရှားပွင့်တော်မူသည်တွင် သုမေဓာမြတ်စွာဘုရားသည် သတ္တဝါအများအား ဓမ္မအဆီအနှစ် အရသာတို့ဖြင့် တိုက်ကျွေးတော်မူစဉ် အလောင်းတော်မြတ်သည် ဥတ္တရမည်သော လုလင်ဖြစ်၍ မြေအတွင်း သိပ်သွင်းမြှုပ်နှံထားသော ကုဋေ-၈၀ မျှသော ဥစ္စာအားလုံးကို စွန့်ပစ်ပေးကမ်း လှူဒါန်းပြီးလျှင် ဘုရားရှင်သာသနာတော်မှာပင် ရဟန်းပြုလျက် မြတ်စွာဘုရားလည်း "ဤရဟန်းကား

နောင်အခါ ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့”ဟူသော ဗျာဒိတ်စကား မြွက်ကြားတော်မူသည်ကို ခံယူတော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## ဒွါဒသမ ဗျာဒိတ်တော်

၁၂။ ဤကမ္ဘာတွင် သုမေဓာမြတ်စွာဘုရား ထင်ရှားပွင့်တော်မူပြီးနောက် သုဇာတမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်တည်းဟူသော ဥဒည်တောင်ထိပ်သို့ ရောက်တော်မူ၍ တစ်လောကလုံး ထွန်းတောက်နေစဉ် အလောင်းတော်သည် ခမ်းနားကြီးကျယ်သော စကြာရတနာကြီးဖြင့် ၄-ကျွန်းလုံး သွားလာလှည့်လည်နိုင်သော စကြာမင်းကြီးဖြစ်၍ မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ် ဖူးမျှော်ပြီးလျှင် ရတနာအမျိုးမျိုးတို့နှင့်တကွ ၄-ကျွန်းလုံးမှရရှိသော အခွန်ဘဏ္ဍာတော်ကို သာသနာတော်မြတ်သို့ အပ်နှင်းလျက် ထိုမြတ်စွာဘုရား သာသနာတော်တွင်းမှာပင် ရဟန်းပြုပြီးလျှင် “နောင်သောအခါ ဘုရားစင်စစ်ဖြစ်လတ္တံ့”ဟူသော ဒွါဒသမဗျာဒိတ်တော်မြတ်ကို ခံယူတော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## တေရသမ ဗျာဒိတ်တော်

၁၃။ ဤကမ္ဘာမှ ပြန်၍ ရေတွက်သော် တစ်ထောင်ရှစ်ရာ ကမ္ဘာထက်၌—

၁။ ပိယဒဿီမြတ်စွာဘုရား ၂။ အတ္ထဒဿီမြတ်စွာဘုရား

၃။ ဓမ္မဒဿီမြတ်စွာဘုရား—

အားဖြင့် ၃-ဆူသော ဘုရားရှင်တို့သည် လောက၌ ထင်ရှားပွင့်တော်မူသည်တွင် ပိယဒဿီမြတ်စွာဘုရား၏ သာသနာတော် ထွန်းပတော်မူခိုက် အလောင်းတော်မြတ်သည် ကဿပမည်သော လုလင်ဖြစ်၍ ရှင်တော်ဘုရား ဟောကြားတော်မူသော တရားတော်မြတ်ကို နာခံမှတ်သား ကြည်ညိုသောအားဖြင့် ကုဋေတစ်သိန်းမျှသော ဥစ္စာနေ စွန့်ကြဲလျက် ကြီးစွာသော သံဃာ့အာရာမ်ကြီး ပြုလုပ်လှူဒါန်းပြီးလျှင် သရဏဂုံသီလ၌ တည်၍ “ဤကမ္ဘာမှ နောက် ၁၈၀၀-ကမ္ဘာထက်ဝယ် ဘုရားစင်စစ် ဖြစ်တော်မူလတ္တံ့”ဟူသော ပိယဒဿီရှင်တော်ဘုရားအထံတော်မှ တေရသမဗျာဒိတ်ပန်း ဆင်မြန်းတော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## စုဒ္ဒသမ ဗျာဒိတ်တော်

၁၄။ ၎င်းနောက် ဤကမ္ဘာအတွင်းဝယ် အတ္ထဒဿီမြတ်စွာဘုရားသည် လောကဓာတ်အလုံးကို တရားရတနာတည်းဟူသော ပန်းကုံးကြီးဖြင့် ခမ်းနားကြီးကျယ်စွာ တန်ဆာဆင်တော်မူလျက် သတ္တဝါအပေါင်းကို ပန်ဆင်စေပြီး လောကကြီးကို ကယ်တင်တော်မူသောအခါ အလောင်းတော်မြတ်သည် သုသိမအမည်ရှိသော တန်ခိုးဣဒ္ဓိပါဒ် ကြီးမားသောရသေ့သူမြတ်ဖြစ်၍ နတ်ပြည်မှ မန္ဒာရဝနတ်ပန်းတို့ဖြင့် လှူဒါန်းတော်မူပြီးလျှင် ထိုဘုရားရှင်ထံမှ "နောင်သောအခါ၌ ဘုရားစင်စစ် ဤရသေ့မြတ်ကား ဖြစ်လတ္တံ့"ဟူသော စုဒ္ဒသမ ဗျာဒိတ်တော်မြတ်ကို ခံယူတော်မူခဲ့ရလေပြီ။

✪ ✪ ✪ ✪ ✪

## ပန္နရသမ ဗျာဒိတ်တော်

၁၅။ ဤကမ္ဘာအတွင်းမှာပင် ၂-ဆူသော မြတ်စွာဘုရား ထင်ရှားပွင့်တော်မူပြီးနောက် ၃-ဆူမြောက် ဖြစ်တော်မူသော ဓမ္မဒဿီမြတ်စွာဘုရားသည် ချမ်းသာအပေါင်းတို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်ရွှေပြည်တော်မြတ်သို့ သတ္တဝါအားလုံးကို ပို့ဆောင်တော်မူလျက် တရားတည်းဟူသော စကြာရတနာကြီးကို လှည့်လည်တော်မူနေစဉ် အလောင်းတော်မြတ်သည် နတ်တို့၏အရှင် ဘုရင်ထွဋ်မှထား သိကြားမင်းကြီးဖြစ်၍ နတ်၌ဖြစ်သော ပန်းနံ့သာတို့ဖြင့်၎င်း နတ်၌ဖြစ်သော တူရိယာတို့ဖြင့်၎င်း ပူဇော်တော်မူပြီးလျှင် ထိုဘုရားရှင်ထံမှ "ဤသိကြားမင်းကား နောင်သောအခါ ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့"ဟူသော ပန္နရသမ ဗျာဒိတ်ပန်း ဆင်မြန်းတော်မူခဲ့ရလေပြီ။

✪ ✪ ✪ ✪ ✪

## သောဠသမ ဗျာဒိတ်တော်

၁၆။ ထို့နောက် ဤကမ္ဘာမှ ပြန်၍ရေတွက်သော် ကိုးဆယ့်လေးကမ္ဘာထက်၌ တစ်ခုသောကပ်အတွင်းမှာ သိဒ္ဓတ္ထအမည်တော်ရှိသော မြတ်စွာဘုရား ထင်ရှားပွင့်တော်မူ၍ ကမ္ဘာသူအပေါင်း တရားကောင်းညွှန်ပြလျက် အမတအမြိုက်ရေအေး တိုက်ကျွေးတော်မူခိုက် အလောင်းတော်မြတ်သည် တန်ခိုးကြီးမားသော အဘိညာဏ်သမာပတ် တရားနှင့်ပြည့်စုံသော မင်္ဂလရသေ့မြတ်ဖြစ်ပြီး မွန်မြတ်သော ဇမ္ဗုသပြေသီးကို ဆောင်ယူကာ မြတ်စွာ

ဘုရားအား လျှဒါန်းပူဇော်သောအခါ "ဤရသေ့ကား ဤကမ္ဘာမှနောက် ၉၄-ကမ္ဘာမြောက်၌ ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့"ဟူသော သောဠသမဗျာဒိတ်တော်ကို ဘုရားရှင်ထံမှ ခံယူတော်မူခဲ့ရလေပြီ။

✪ ✪ ✪ ✪ ✪

## သတ္တရသမ ဗျာဒိတ်တော်

၁၇။ ထိုနောက် ဤကမ္ဘာမှပြန်၍ တွက်စစ် ၉၂-ကမ္ဘာထက်ဝယ်---

၁။ တိဿမြတ်စွာဘုရား ၂။ ဖုဿမြတ်စွာဘုရား-

အားဖြင့် ၂-ဆူသော မြတ်စွာဘုရားတို့သည် လောက၌ ထင်ရှားပွင့်တော်မူသည်တွင် **တိဿ** အမည်တော်ရှိသော မြတ်စွာဘုရားသည် လောကအလုံး ပွဲတင်ချီးအောင် တရားစည်ကြီး ရိုက်တီးလျက် နိဗ္ဗာန်ရွှေမြို့သို့ ပို့ဆောင်တော်မူစဉ် အလောင်းတော်မြတ်သည် ဘုန်းသမ္ဘာ ကြီးလှသော **သုဇာတာ**မည်သော **ဧကရာဇ်မင်းကြီး**ဖြစ်၍ တရားသံဝေဂ ရသဖြင့် တောထွက်တော်မူပြီးလျှင် ရသေ့သူမြတ်ပြုလုပ်လျက် ဈာန်အဘိညာဉ် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံတော်မူ၍ မြတ်စွာဘုရားအား မန္ဒာရဝနတ်ပန်း, ပင်လယ်ကသစ်ပန်း, ပဒုမ္မာကြာပန်းတို့ဖြင့် အဆန်းတကြယ် ဗိတာန်ကျက်လျက် ပူဇော်တော်မူသောအခါ "ဤကမ္ဘာမှ နောက် ၉၂-ကမ္ဘာမြောက်၌ ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့"ဟူသော သတ္တရသမဗျာဒိတ်တော်ပန်းကို ဆင်မြန်းတော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## အဋ္ဌာရသမ ဗျာဒိတ်တော်

၁၈။ ဤကမ္ဘာတွင် တိဿမြတ်စွာဘုရား ထင်ရှားပွင့်တော်မူပြီးနောက် တစ်ခုသော ကပ်၌ ဖုဿအမည်တော်ရှိသော မြတ်စွာဘုရားသည် ၁၁-မီးတို့ဖြင့် ညီးညီးပြောင်ပြောင် တောက်လောင်နေသော လောကဓာတ်ကြီးကို အေးမြကြည်လင် တရားရေစင်တော်မြတ်ဖြင့် သွန်းလောင်းတော်မူလျက် အေးမြချမ်းသာ မြိုက်ရသာတည်းဟူသော သန္တိသုခ ဘုံဌာနသို့ ပို့ဆောင်တော်မူနေစဉ် အလောင်းတော်မြတ်သည် ဝိဇိတာဝီအမည်ရှိသော မင်းကြီးဖြစ်၍ တိုင်းပြည်နိုင်ငံနှင့်တကွ ထီးနန်းစည်းစိမ်ကို စွန့်ခွါပြီးလျှင် မြတ်စွာဘုရား သာသနာတော်တွင်း ရဟန်းပြုလျက် နက်နဲသော ပိဋကမဗ္မက္ခန်ကို ဆောင်၍ သီလပါရမီ အထူးသဖြင့်

ဆည်းပူးတော်မူသောအခါ ဤရဟန်းမြတ်ကား "နောင်အခါ ဘုရားစင်စစ် ဧကန် ဖြစ်လတ္တံ့"ဟူသော အဋ္ဌာရသမဗျာဒိတ်တော်မြတ်ကို ဘုရားရှင်ထံတော်မှ ခံယူတော်မူခဲ့ရလေပြီ။

✪ ✪ ✪ ✪ ✪

## ဧကူနဝီသတိမ ဗျာဒိတ်တော်

၁၉။ ဤကမ္ဘာမှ ပြန်၍ရေတွက်သော် ၉၁-ကမ္ဘာထက်၌ ကြည်လင်သန့်ရှင်း ပိတ်ပင်တားဆီးခြင်းမရှိ ပကတိအားဖြင့်ပင် အမြင်သန်တော်မူသောကြောင့် ဝိပဿီအမည်တော်ရှိသော လောကထွဋ်ထား မြတ်စွာဘုရားသည် လောက ၃-ပါးတွင် တရားရောင် အလင်းဓာတ်ကြီးဖြင့် ထွန်းလင်းတောက်ပစေတော်မူသောအခါ ဘုရားအလောင်းတော်မြတ်သည် အတုလမည်သော တန်ခိုးကြီးမားသော နဂါးမင်းကြီးဖြစ်၍ ရတနာ ၇-ပါးတို့ဖြင့် ခြယ်လယ်အပ်သော ရတနာပလ္လင်ကို ဘုရားရှင်အား လှူဒါန်းတော်မူပြီးလျှင် "ဤနဂါးမင်းကြီးကား ဤကမ္ဘာမှ နောက် ၉၁-ကမ္ဘာမြောက်၌ လောက ၃-ပါးတွင် ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟူသော ဧကူနဝီသတိမဗျာဒိတ်တော်စကားကို ခံယူတော်မူခဲ့ရလေပြီ။

✪ ✪ ✪ ✪ ✪

## ဝီသတိမ ဗျာဒိတ်တော်

၂၀။ ထိုနောက် ဤကမ္ဘာမှ ပြန်၍ရေတွက်သော် ၃၁-ကမ္ဘာထက်၌---

၁။ သိခီမြတ်စွာဘုရား ၂။ ဝေဿဘူမြတ်စွာဘုရား–

အားဖြင့် ၂-ဆူသော မြတ်စွာဘုရား ထင်ရှားပွင့်တော်မူရာ သိခီမြတ်စွာဘုရားအရှင်သည် သဗ္ဗညုတဉာဏ်တော်တည်းဟူသော ဥဒည်တောင်ထိပ်သို့ တက်ရောက်တော်မူ၍ လောကဓာတ်ကြီးအလုံး တရားအရောင်အလင်းဖြင့် ထွန်းလင်းတောက်ပတော်မူသောအခါ အလောင်းတော်မြတ်သည် အရိန္ဒမမည်သော ဘုရင်မင်းမြတ်ဖြစ်၍ ကြီးစွာသော အလှူဒါန ပြုလုပ်ပြီးလျှင် ရတနာ ၇-ပါးတို့ဖြင့် တန်ဆာဆင်အပ်သော ဆင်ရတနာမြတ်ကို လှူဒါန်းတော်မူသည်တွင် "ဤကမ္ဘာမှ နောက် ၃၁-ကမ္ဘာမြောက်၌ ဘုရားစင်စစ် ဧကန် ဖြစ်လတ္တံ့" ဟူသော ဝီသတိမဗျာဒိတ် တော်ပန်း ဆင်မြန်းခံယူတော်မူခဲ့ရလေပြီ။

✪ ✪ ✪ ✪ ✪

## ကောဝီသတိမ ဗျာဒိတ်တော်

၂၁။ ထိုနောက် ဤကမ္ဘာအတွင်းမှာ **ဝေဿဘူ**အမည်တော်ရှိသော မုနိအပေါင်းတို့၏ ရှေ့သွား မြတ်စွာဘုရားသည် လောကဓာတ်အလုံး ပိတ်ဖုံးမှေးယှက်နေသော အဝိဇ္ဇာကွန်ရက်ကြီးကို ဖျက်ဆီးသုတ်သင်လျက် သတ္တဝါအပေါင်းတို့အား ဘေးရန်ကင်းရာ မဟာနိဗ္ဗူတာသို့ ပို့ဆောင်တော်မူစဉ် အလောင်းတော်မြတ်သည် **သုဒဿန**အမည်ရှိသော မင်းဖြစ်၍ မြတ်စွာဘုရားအမှူးထားသော သံဃာတော်မြတ်တို့အား ကြီးမားသော အလှူတော်ကြီးပေးလှူလျက် ထီးနန်းစွန့်ခွါ၍ သာသနာတော်ဝန်ထမ်း ရဟန်းပြုလုပ် တရားအားထုတ်နေလျှင် ဘုရားအရှင်ထံမှ "ဤရဟန်းကား ဤကမ္ဘာမှ ၃၁-ကမ္ဘာမြောက်၌ ဘုရားစင်စစ်ဧကန်ဖြစ်လတ္တံ့"ဟူသော ဧကဝီသတိမဗျာဒိတ်တော်မြတ်ကို ခံယူတော်မူခဲ့ရလေပြီ။

✪ ✪ ✪ ✪ ✪

## ဒွါဝီသတိမ ဗျာဒိတ်တော်

၂၂။ ၃၁-ကမ္ဘာလွန်မြောက်၍ ဤယခု ဘဒ္ဒကပ်ကမ္ဘာအတွင်းသို့ ရောက်တော်မူကာ ကျွန်ုပ်တို့အရှင် ဂေါတမမြတ်စွာဘုရားမှတပါး---

၁။ ကကုသန္ဓမြတ်စွာဘုရား ၂။ ကောဏာဂမနမြတ်စွာဘုရား

၃။ ကဿပမြတ်စွာဘုရား—

အားဖြင့် ၃-ဆူသော မြတ်စွာဘုရား ထင်ရှားပွင့်တော်မူသည်တွင် **ကကုသန်မြတ်စွာဘုရား**သည် အဝိဇ္ဇာဖုံးအုပ်၍ ဒုက္ခဆင်းရဲသို့ ကျရောက်လွတ်မြောက်ရာ လမ်းစမတွေ့ကြသော သတ္တဝါအပေါင်းတို့အား တရားတော်အရောင်ဖြင့် အဝိဇ္ဇာမှောင် ပယ်ဖျက်လျက် လမ်းကောင်းညွှန်ပြ ဆင်းရဲဒုက္ခမှ လွတ်မြောက်စေပြီး နိဗ္ဗာန်တည်းဟူသော မြို့တော်ကြီးသို့ ပို့ဆောင်တော်မူစဉ် အလောင်းတော်မြတ်သည် **ခေမ**မည်သောမင်းဖြစ်၍ သပိတ်သင်္ကန်းစသော ရဟန်းတို့၏ အသုံးအဆောင် ပရိက္ခရာများနှင့် ဆေးဝါးပစ္စည်းများကို မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းတို့အား လှူဒါန်း၍ ရဟန်းပြုတော်မူသောအခါ "ဤရဟန်းမြတ်ကား ဤကမ္ဘာတွင် ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့"ဟူသော ဒွါဝီသတိမဗျာဒိတ်စကား မိန့်ကြားတော်မူသည်ကို ခံယူတော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## တေဝီသတိမ ဗျာဒိတ်တော်

၂၃။ ဤကမ္ဘာ၌ ကကုသန်မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် သာသနာတော် ကွယ်ပျောက်၍ နောက်တစ်ကပ်အတွင်းမှာ ကောဏာဂမနမြတ်စွာဘုရားသည် တိမ်မြုပ် ကွယ်ပသော ဓမ္မလမ်းကြောင်း မှန်ကန်ကောင်းမြတ်သော တရားဟောင်းတို့ကို ကောင်းစွာ ထုတ်ပြတော်မူလျက် လောကအလုံးကို အမတမြိုက်ရေချမ်းဖြင့် သွန်းဖြန်းတော်မူနေစဉ် အလောင်းတော်မြတ်သည် ပဗ္ဗတမည်သော မင်းဖြစ်၍ အမတ်ပေါင်းခြံရံလျက် မြတ်စွာ ဘုရားထံ ဖူးမျှော် တရားတော်နာရသဖြင့် အလှူဒါန ကြီးကျယ်စွာ ပေးကမ်းစွန့်ကြဲပြီးလျှင် ထီးနန်းစည်းစိမ် ပယ်ခွါ သာသနာတော်သို့ ဝင်လျက် ရဟန်းပြုသောအခါ "ဤရဟန်းကား သတ္တဝါများ ကိုးကွယ်ရာ ဤကမ္ဘာအတွင်း၌ ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့"ဟူသော တေဝီ-သတိမဗျာဒိတ်တော် ပန်ဆင်တော်မူခဲ့ရလေပြီ။

✪ ✪ ✪ ✪ ✪

## စတုဝီသတိမ ဗျာဒိတ်တော်

၂၄။ ဤကမ္ဘာ၌ ကောဏာဂမနမြတ်စွာဘုရား ထင်ရှားပွင့်တော်မူပြီးနောက် တစ်ကပ်လွန်မြောက်သောအခါ ၃-ဘုံသားတို့အား တရားရောင်အလင်းအောက်၌ ကြောက်ရွံ့ခြင်းကင်းပစွာ အေးမြချမ်းသာစွာ နေကြရန် ကဿပမြတ်စွာဘုရားသည် လောက ၃-ပါး၌ ထင်ရှားပွင့်တော်မူသောအခါ အလောင်းတော်မြတ်သည် ဃဋိကာရအိုးထိန်းသည်ကြီး၏မိတ်ဆွေ ဇောတိပါလအမည်ရှိသော လုလင်ဖြစ်၍ ထိုဃဋိကာရအိုးထိန်းသည်နှင့် အတူ ဘုရားအထံတော်သို့ အဖူးအမျှော်သွား တရားတော်နာရသဖြင့် ရဟန်းပြုပြီးလျှင် အားထုတ်သင်ကြားအပ်သော ပိဋကတ်နှင့်တကွ အားထုတ်ကျင့်ကြံအပ်သော ပဋိပတ်တို့ဖြင့် မြတ်စွာဘုရားသာသနာတော်ကြီး တင့်တယ်တော်မူစဉ် "ဤရဟန်းကား ဤကမ္ဘာတွင် ထင်ရှားသော ဂေါတမန္ဒယ်ဖွား ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့"ဟူသော စတုဝီသတိမ ဗျာဒိတ်တော်ပန်း ဆင်မြန်းခဲ့လေပြီ။

ဤသို့အားဖြင့် ၂၄-ဆူသော မြတ်စွာဘုရားတို့အထံမှ ဗျာဒိတ်တော်ပန်း ဆင်မြန်း ပန်ဆင်တော်မူရ၍ ကြီးကျယ်ခမ်းနားသော အကြောင်းတရား ပါရမီတော် ၁၀-ပါးတို့ကို ကမ္ဘာပေါင်း လေးသင်္ချေနှင့် တစ်သိန်းကြာအောင် ခဲယဉ်းငြိုငြင်စွာ ဖြည့်ကျင့်ဆည်းပူး အားထုတ်တော်မူလျက် ဤကမ္ဘာ ဤကပ် အထက်သို့ ရောက်တော်မူခဲ့လေ၏။ လောက၌ ခမ်းနားကြီးကျယ် ထူးဆန်းအံ့ဩဖွယ်သော အရာဝတ္ထုကြီးတစ်ခု ပြုလုပ်အားထုတ်မှုအတွက်

ပြုလုပ်မှုများစွာ အဆောက်အဦး အရာဝတ္ထုပေါင်းများစွာ အချိန်ကာလများစွာဖြင့် အားထုတ်ပြုလုပ်မှ ပြီးစီးရသကဲ့သို့ အဆုံးအစမရှိ အနန္တသဗ္ဗညုတ အတိုင်းမသိသော ဉာဏ်တော်ကို ရ၍ တုဘက်ပြိုင်ဆိုင်နိုင်သူ လောက ၃-ပါး၌ မရှိ၊ အထူးအမြတ်ဆုံး ပုဂ္ဂိုလ်ကြီးတစ်ဆူ ဖြစ်တော်မူဖို့ အတိုင်းမသိသော အကြောင်းတရားများနှင့် အပြီးအဆုံး အထွဋ်အထိပ်သို့ ရောက်ရန် အတိုင်းမသိသော ပါရမီတရားများစွာ လိုအပ်ကြောင်းမှာ ကောင်းစွာထင်ရှား ယုံမှားဖွယ်မရှိကုန်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာတရားတော်အရ အကြောင်းတရား ထင်ရှားလုံလောက်အောင် လိုအပ်သော်လည်း အခြားဖန်ဆင်းသူ ဣဿရနိမ္မာန အယူဝါဒ ရှိကြသူတို့မှာ အကြောင်တရားကား ဣဿရ၌သာ တာဝန်ထားသဖြင့် အထူးစဉ်းစားဖို့ မလိုသည့်အတိုင်း အကြောင်းရှာဖွေသော ဝါဒများကိုပင် ဖန်ဆင်းသူရှိပါလျက် အမှားတည်းဟူသော မိစ္ဆာဘက်သို့သက်ဝင်ကာ အကြောင်းကိုရှာသည်ဟု ပြန်လှန်စွပ်စွဲကြကုန်၏။ ဤသို့ စွပ်စွဲကြသည်မှာလည်း မိမိတို့အယူဝါဒနှင့် မတိုက်ဆိုင်သမျှမှာ မိစ္ဆာဟု ဆိုလေ့ရှိကြသော တိတ္ထိတို့ဝါဒအတိုင်းဖြစ်၍ အထူးအဆန်း မဟုတ်စေကာမူ ဗုဒ္ဓဘာသာအရ တိကျသော အယူဝါဒမှာကား ဟုတ်မှန်ဖြောင့်မတ်သော သဘာဝတရားတို့ကို ပဓာနထား၍ မည်သည့်အယူဝါဒမှဖြစ်စေ ဟုတ်မှန်သောတရားဖြစ်က ဟုတ်မှန်သည်ဟု ဝန်ခံဆုံးဖြတ်၍ မဟုတ်မမှန်ဟု ပယ်လှန်စွန့်ခွာရမည်ဖြစ်သော မမှန်သော တရားတို့ကိုကား အမှားဟု ဆုံးဖြတ်အပ်သည်မှာ ဓမ္မတာလမ်းမှန်တရားဖြစ်၏။

✪ ✪ ✪ ✪ ✪

## ပစ္စုပ္ပန် အကြောင်းတရား

ရှေးမရေတွက်နိုင်သော ဘဝပေါင်းများစွာကစ၍ ကြီးကျယ်မြင့်မြတ်သော တရားစစ် တရားမှန်ရမှု ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတစ်ဆူ ဖြစ်မှုအတွက် ထန်သည်းသော အားထုတ်မှု လုံ့လတော်ဖြင့် ကောင်းမြတ်သော ပါရမီတော်တို့ကို ဆည်းပူးတော်မူခဲ့သဖြင့် နောက်ဆုံးဘဝပစ္ဆိမ၌ ထူးမြတ်သော ပုဂ္ဂိုလ်ကြီးတစ်ဆူ ဖြစ်ပေါ်တော်မူ၍ လာသည်မဟုတ်သေး၊ ယခုပစ္စုပ္ပန်ဘဝ၌လည်း ကောင်းမြတ်မှန်ကန်သော တရားရမှု၊ အငြိုအငြင် အပင်အပန်းခံလျက် ကျင့်ကြံအားထုတ် ကြိုးပမ်းမှုလည်း လိုအပ်သောကြောင့် နောက်ဆုံးဘဝ အားထုတ်တော်မူရခြင်းတည်းဟူသော အဝိဒူရေနိဒါန်းအားဖြင့် မှန်ကန်သော တရားတော်ရကြောင်း၊ မှန်ကန်သော အကျင့်တရားကိုလည်း ရေးသားရပေလိမ့်မည်။

## လုမ္ဗိနီသို့ သက်ဆင်းတော်မူကြောင်း

အလောင်းတော်မြတ်သည် မရေတွက်နိုင်သော ကမ္ဘာပေါင်းများစွာက ပါရမီတော် ဆည်းပူး အထူးရင့်သန် သဗ္ဗညုတဉာဏ်တော်တည်းဟူသော အထွတ်အထိပ်သို့ မရောက်မီ အခြားမဲ့ဘဝမှာ အလောင်းတော်မြတ်တို့စံရာ တုသိတာနတ်နန်း၌ ခမ်းနားကြီးကျယ်သော နတ်စည်းစိမ်ကို ခံစားတော်မူနေခိုက် တစ်သောင်းသော လောကဓာတ်မှ နတ်ပြဟ္မာ အပေါင်းတို့သည် အလောင်းတော်မြတ် အထံသို့ ချဉ်းကပ်ကြ၍–

"အို--- အလောင်းတော်နတ်မင်း၊ အသင်နတ်မင်းမှာ သဗ္ဗညုတဉာဏ်ရင့်သန်ရာ ရင့်သန်ကြောင်း လောကထွဋ်ထား ဘုရားရှင်ဖြစ်ရာဖြစ်ကြောင်း ကောင်းမြတ်သော ပါရမီ အပေါင်းတို့ကို ကမ္ဘာပေါင်းများစွာက ကြီးမြတ်သော ဝီရိယဓာတ်ဖြင့် ဖြည့်ဆည်းပူးတော်မူ အပ်ခဲ့ပါပြီ၊ လောကဓာတ်အလုံး စားသုံးနိုင်သော ပဒေသာမျိုးစေ့ကြီး ပွါးစီးရင့်မာ အောင် မြင်တော်မူပါပြီ၊ လောကဓာတ်အမိုက်မှောင်ကြီးကို သဗ္ဗညုတဉာဏ်တော်တည်းဟူသော အလင်းရောင်တော်ဖြင့် ထွန်းပြောင်တောက်ပတော်မူပါ"ဟု ညီညာဖြိုဖြို တောင်းပန် ကြလေကုန်၏။

ထိုသို့ လောကဓာတ် တစ်သောင်းက လာရောက်တောင်းပန်ကြသော နတ်, ပြဟ္မာ အပေါင်းတို့၏စကားကို–

ကာလ, ဒီပ, ဒေသ, ကုလ, ဇနေတ္တိ-

အားဖြင့် ဘုရားဖြစ်ရန် သင့်တင့်လျောက်ပတ်သော---

**အခါကာလ, ကျွန်း, အရပ်ဒေသ, အမျိုးအနွယ်, မယ်တော်–**

တည်းဟူသော ၅-ပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်ရှုတော်မူပြီးနောက် "ကောင်းမြတ် တင့်တယ်သော အခါသမယအချိန် ကျသည်အားလျော်စွာ နတ်, ပြဟ္မာတို့အား ကောင်းပါ ပြီ"ဟု ဝန်ခံတော်မူပြီးလျှင် ၎င်းနတ်နန်းမှ ကပိလပြည်၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားမြတ် မယ်တော်မာယာ၏ဝမ်းသို့ သက်ဆင်းတော်မူခဲ့လေ၏။

ထိုအခါ သမယမှာ မဇ္ဈိမဒေသ၊ အိန္ဒိယမြောက်ပိုင်း၊ ဟိမဝန္တာအနီး အလွန်အေးမြ စိမ်းစိုနုပျို သာယာတင့်တယ်စွာသော ယခုအခါ နေပါလခေါ် နိုင်ငံတော်အတွင်းရှိ ကပိလ- ဝတ္ထုနေပြည်တော်ကြီး၌ အာသာဠ္ဇီနက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပ၍ နတ်ပြည်တမျှ လှပတင့်တယ် ရှုချင်ဖွယ် အခမ်းအနားတို့၌ လူအများပျော်ပါးကြစဉ် ကျက်သရေမင်္ဂလာ ဘုန်းသမ္ဘာနှင့်ပြည့်စုံသော သီရိမဟာမာယာဒေဝီသည် နက္ခတ်ပွဲသဘင် အစဉ်ခံစားပြီး နောက် လပြည့်နေ့သို့ ရောက်သောအခါ အလျှုဒါနကြီးကျယ်စွာ ပေးကမ်း၍ မြင့်မြတ်သော

ဥပုသ်သီလ ဆောက်တည်ပြီးလျှင် ပျော်ရွှင်နှစ်သက်စွာ အသရေရှိသော တိုက်ခမ်း၌ ကောင်းမွန်စွာ အိပ်ပျော်နေစဉ် မင်္ဂလာကျက်သရေနှင့်ပြည့်စုံသော အိပ်မက်ကြီးကို မြင်မက်တော်မူလေ၏။

✪ ✪ ✪ ✪ ✪

## အိပ်မက်တော်

လောကပါလနတ်မင်းကြီး ၄-ယောက်တို့သည် မယ်တော်(အိပ်)စက်တော်မူသော ရတနာသလွန်တော်ကို ချီမလျက် ဟိမဝန္တာသို့ ယူဆောင်ကြပြီးလျှင် ပျော်ရွှင်နှစ်သက်ဖွယ်ရာ သာယာစိမ်းစိုသော အင်ကြင်းပင်ကြီးအောက်၌ လျောက်ပတ်တင့်တယ် နှစ်သက်ဖွယ် ညီညာလှသော ကျောက်ဖျာကြီးအပေါ် ချထားပြီး သင့်တင့်သောနေရာသို့ သွားနေခိုက် နတ်မိဖုရားအပေါင်းတို့သည် ကိုယ်လက် သန့်ရှင်းစင်ကြယ်စေရန် ကြည်လင်အေးမြသော အနောတတ်ရေအိုင်သို့ ခေါ်ဆောင်သွား၍-

သန့်ရှင်းကြည်လင်လှသော ရေများဖြင့် ကိုယ်လက် သန့်စင်စေပြီးလျှင် နတ်ဝတ် နတ်ပန်း နတ်တန်ဆာတို့ဖြင့် ဆင်မြန်းစေပြီးနောက် မနီးမဝေးရှိသော ငွေတောင်နံပါး၌ ရွှေသားအတိပြီးသော ရွှေဗိမာန်ထက်ဝယ် အရှေ့သို့ ဦးခေါင်းပြုထားသော သလွန်တော်ပေါ်၌ မွေ့လျော်ပျော်စက်စေပြီးသောအခါ-

"ဘော်ငွေသားအတူ ဖွေးဖွေးဖြူသော ဆင်ဖြူတော်ကြီးသည် မဝေးလှသော ရွှေတောင်ပေါ်မှ ဆင်းသက်၍ ငွေတောင်ထက်သို့ နှာမောင်းဖြင့် ကြာဖြူများကို ပွေ့လျက် မြောက်ဘက်မှ တက်ပြီးလျှင် မယ်တော်ကို လက်ယာရစ် ၃-ကြိမ် လည်ကာ လက်ယာ နံဘေးမှ အသာလှပ်၍ မယ်တော်ဝမ်းကို ဝင်လိုက်သကဲ့သို့" အိပ်မက်တော် မြင်မက်လေ၏။

✪ ✪ ✪ ✪ ✪

## အိပ်မက်တော် နိမိတ်ဖတ်ကြခြင်း

ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသော အိပ်မက်တော်မြင်မက်သောအခါ ဥတ္တရာသဠ်နက္ခတ်သည် စန်းမြတ်နှင့်ယှဉ်လျက် သန္ဓေတော်မြတ် ကိန်းဝပ်စံနေတော်မူပြီးနောက် မယ်တော်သည် မိုးသောက်သောအခါ ကျက်သရေနှင့် ပြည့်စုံစွာသော မင်္ဂလာအိပ်မက်တော်ကို ဘုရင်သုဒ္ဓေါဒနမင်းကြီးအား လျှောက်ထားသံတော်ဦးတင်လျှင် အားရနှစ်သက်

တော်မူလှသော ဘုရင်မင်းကြီးသည် မိမိတို့ပညာ၌ တဘက်ကမ်းရောက် တတ်မြောက်ကြသော ပုဏ္ဏားတော်ပညာရှိ ၆၄-ယောက်တို့ကို စည်းဝေးစေ၍ ကြီးကျယ်ခမ်းနားလှသော ပွဲသဘင်ကြီး ဆင်ယင်ကျင်းပ အဝတ်ပုဆိုး စသည်တို့ဖြင့် ၎င်းတို့အား ထောက်ပံ့စွန့်ကြဲ ရောင့်ရဲတင်းတိမ်စေပြီးလျှင် မြင့်မြတ်သော အိပ်မက်တော်အကြောင်းကို ၎င်းတို့အား မိန့်ကြားတော်မူသောအခါ---

"အရှင်မင်းမြတ်---

- အိပ်မက်တော်မှာ မည်မျှတွေးတော ယုံမှားဖွယ်မရှိ၊ အရှင်မိဖုရား၏ဝမ်းမှာ စကြာရတနာအရှင် ဘုရင်မင်းမြတ်သော်၎င်း
- လောကဓာတ်အားလုံး၏ အထွဋ်အမြတ် ပူဇော်ဆည်းကပ် အားထားအပ်သော ဘုရားမြတ်သော်၎င်း

မုချဖြစ်လတ္တံ့-ဟူသော အလောင်းတော်မြတ် ကိန်းဝပ်တည်နေတော်မူသည့် အိပ်မက်တော်ဖြစ်ပါကြောင်း" အားလုံးသော ပညာရှိအပေါင်းတို့က ရဲရင့်စွာ လျှောက်တင်ကြသဖြင့် ဘုရင်မင်းတရားကြီးမှာ အတိုင်းမသိ ပီတိဖြစ်လျက် နှစ်သက်တော်မူခဲ့လေ၏။

ဤသို့ အလောင်းတော်မြတ် မယ်တော်၏ ဝမ်းကြာရပ်၌ ကိန်းဝပ်တည်နေတော်မူသောအခါ အသောင်းမကသော လောကဓာတ်ကြီး ပွဲတင်ဟီးစေလျက် ၃၂-ပါးသော ကြီးကျယ်ခမ်းနား နိမိတ်ကြီးများ ထင်ရှားဖြစ်ပေါ်လာကြကုန်၏။

၎င်းတို့မှာ---

၁။ စကြဝဠာတစ်သောင်းအတွင်း အတိုင်းမသိသော အလင်းရောင်ကြီး ပေါ်ထွန်း၍လာခြင်း၊

၂။ ခမ်းနားသော အသရေတော်ကို ရှုမြင်လိုသကဲ့သို့ သူကန်းများ အလင်းရလာခြင်း၊

၃။ အံ့သြဖွယ်အကြောင်းအရာများကို ကြားလိုသကဲ့သို့ နားပင်းသောသူများ နားကြားလာရခြင်း၊

၄။ ချီးမွမ်းစကား ပြောကြားရန် လိုသကဲ့သို့ အ-သောသူများ စကားပြောနိုင်ခြင်း၊

၅။ ကုန်းသောသူများ ဖြောင့်မတ်သောကိုယ်ဖြင့် တင့်တယ်စေခြင်း၊

၆။ အင်္ဂါချို့တဲ့၍ မသွားလာနိုင်သောသူများ သွားလာနိုင်ခြင်း၊

၇။ နှောင်အိမ်အတွင်း သက်ဆင်းကျရောက်ကြသူများ အကျဉ်းနှောင်မှ လွတ်မြောက်ကြခြင်း၊

၈။ ငရဲဟူသမျှတို့လည်း အပူကင်းပ အားလုံးငြိမ်းအေးကြခြင်း၊

၉။ ပြိတ္တာငရဲဘုံ၌လည်း ငတ်မွတ်ခြင်းကင်းပ အားလုံးရွှင်လမ်းဝမ်းမြောက်ကြခြင်း၊

၁၀။ တိရစ္ဆာန်အပေါင်းတို့သည်လည်း အချင်းချင်းအားလုံး ကြောက်ရွံ့ခြင်းမှ ကင်းပခြင်း၊

၁၁။ သတ္တဝါအပေါင်း၌ ကျရောက်သော ရောဂါဟူသမျှ ထိုခဏ၌ ကင်းငြိမ်းလွတ်မြောက်ခြင်း၊

၁၂။ အားလုံးသော သတ္တဝါတို့သည် အချင်းချင်း ချစ်ခင်နှစ်သက်ကြခြင်း၊

၁၃။ သာယာချိုမြသော အခြင်းအရာဖြင့် မြင်းများအလိုလို ဟီကြခြင်း၊

၁၄။ ငြိမ့်အေးချိုသာသော အသံတို့ဖြင့် ဆင်များအားလုံး မြည်ကြခြင်း၊

၁၅။ လူတို့၏ အဆင်တန်ဆာတို့သည် ဘာသာဘာဝ အလိုအလျောက် မြည်ကြခြင်း၊

၁၆။ မြူမှေးကင်းစင်လျက် အရပ်မျက်နှာများ ကြည်လင်တောက်ပခြင်း၊

၁၇။ သတ္တဝါအပေါင်းတို့ ချမ်းသာကြောင်းဖြစ်စေလျက် အေးမြသောလေ တိုက်ခတ်ခြင်း၊

၁၈။ အခါမဟုတ်သော မိုးကြီး သည်းထန်စွာ အခါမဲ့ ရွာသွန်းခြင်း၊

၁၉။ မြေကြီးမှ အလိုလိုပေါက်ကွဲလျက် ရေအယဉ်များ စီးဆင်းလာကြခြင်း၊

၂၀။ ကောင်းကင်ပျံသန်းကြသော ငှက်အားလုံးတို့ မပျံဘဲ နားနေကြခြင်း၊

၂၁။ အားလုံးသော မြစ်အပေါင်းတို့သည် ရေစီး ရပ်တန့်၍ နေကြခြင်း၊

၂၂။ ဆားအတိဖြစ်သော သမုဒ္ဒရာရေသည်လည်း ချိုမြိန်ကောင်းမြတ်သော အရသာရှိခြင်း၊

၂၃။ ကုန်းမြေပြင်ပေါ်မှာ အဆင်း ၅-ဖြာနှင့်ပြည့်စုံသော ကြာတို့ ပေါက်ရောက်ခြင်း၊

၂၄။ သစ်ပင် အကိုင်းအခက် အလက်များမှာ သာခပဒုမ္မာကြာပန်းများ ထူးဆန်းစွာ ပွင့်ကြခြင်း၊

၂၅။ သစ်ပင်အားလုံးတို့၏ ပင်စည်မှ ခန္ဓပဒုမ္မာကြာပန်းတို့ ထူးဆန်းစွာ ပေါက်ရောက်ကြခြင်း၊

၂၆။ ကုန်း, ရေ ပန်းတို့သည် အခါကို မငဲ့ကြဘဲ အဆန်းတကြယ် ပွင့်ကြခြင်း၊

၂၇။ သစ်ပင်အားလုံးတို့၏ အနွယ်မှုလတာ ပဒုမ္မာနွယ်ကြာပန်းများ အဆန်းတကြယ် ပွင့်ကြခြင်း၊

၂၈။ တခဲနက်မာကျောသော ကျောက်ဖျာကြီးအပေါ်မှ အချပ်တစ်ရာ ပဒုမ္မာကြာပန်း ဆန်းကြယ်စွာ ပေါက်ခြင်း၊

၂၉။ ငြိတွယ်ခြင်းမရှိ ကောင်းကင်အလယ် တင့်တယ်စွာ အာကာသပဒုမ္မာကြာပန်းများ ဆွဲနေခြင်း၊

၃၀။ အရပ်အားလုံးတို့၌ အမျိုးမျိုးသော ပန်းမိုး ရွာသွန်းကြခြင်း၊

၃၁။ ကောင်းကင်မှ နတ်တူရိယာများ အလိုလိုမြည်ဟီးကြခြင်း၊

၃၂။ လောကဓာတ်ကြီးအားလုံး တန်ဆာဆင်ယင်သကဲ့သို့ တင့်တယ်တောက်ပခြင်း၊

ဤသို့ မဖြစ်ဘူးမြဲ ထူးကဲဆန်းကြယ် အလွန်အံ့ဩဘွယ်သော ၃၂-ပါးသော နိမိတ်ကြီးများ ဖြစ်ပွါးစေလျက် အလောင်းတော်မြတ် ကိန်းဝပ်တည်နေတော်မူသည်မှစ၍ မယ်တော်မှာ ဘေးဥပါဒ်အန္တရာယ် ကာကွယ်ဖို့ရန် သံလျက်စွဲသော နတ်သား ၄-ယောက် အမြဲစောင့်ရှောက်ရသဖြင့် ချမ်းချမ်းသာသာ မပင်မပန်း မန္ဒမ်းနယ် နှစ်သက်ဖွယ်သော ကာယသုခရသည့်ပြင် အလောင်းတော်မြတ်သည်လည်း ကြည်ကြည်လင်လင် ပတ္တမြား မျက်ရှင်ကဲ့သို့ ချမ်းသာစွာ ပဋိသန္ဓေ တည်နေတော်မူရလေ၏။

ထိုသို့ သန္ဓေတော်မြတ်သည် ကာလမြင့်ကြာ ရင့်သန်ပြည့်စုံတော်မူလာ၍ သီရိ မဟာမာယာဒေဝီမိဖုရားမြတ်သည် ဆွေတော်, မျိုးတော်တို့ထံ သွားလိုသောဆန္ဒဖြစ်ပေါ်လာ သည်အားလျော်စွာ သုဒ္ဓေါဒနဘုရင်မင်းမြတ်ထံ ဒေဝဒဟမြို့သို့ သွားဖို့ရန် အခွင့်ပန် လျှောက်ထားသောအခါ မင်းကြီးလည်း ကြည်သာစွာ အခွင့်ပြုလျက် ကပိလပြည်တော်မှ ဒေဝဒဟပြည်အတွင်း လမ်းခင်းများ အထူးပြုပြင်စေပြီး အဆန်းတကြယ် စီရင်တင့်တယ်စွာ ဆင်ယင်အပ်သော ရွှေထမ်းစင်ဖြင့် စီးနင်းစေလျက် ကြီးကျယ်ခမ်းနားသော အခြံအရံ နောက်လိုက်ဗိုလ်ပါ အများနှင့်တကွ ပို့စေတော်မူလေ၏။

ထိုသို့ မြင့်မြတ်သော အသရေဖြင့် ထွက်တော်မူစဉ် ကပိလနေပြည်တော်နှင့် ဒေဝဒဟမြို့အကြား ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော လုမ္ဗိနီခေါ် အင်ကြင်းဥယျာဉ်တော် ကြီး၏ အရင်း, အဖျား, အဆုံး ပင်လုံးကျွတ်ပွင့်လျက် အဖူး, အခက်, အပွင့်, အငုံတို့၌ ရစ်အုံဝဲပျံနေသည့် ပျားပိတုန်းတို့အပြင် ရှင်ပြပျော်မြူးကြသော ငှက်အပေါင်းတို့၏ သောင်း သောင်းဖြဖြ တွန်မည်ကြ၍ နန္ဒဝန်ဥယျာဉ်တမျှ တင့်တယ်သာယာခြင်းများသည် သီရိ မဟာမာယာဒေဝီမိဖုရား၏ စိတ်နှလုံးကို ကြည်နူးစေလျက် ၎င်းဥယျာဉ်၌ ပျော်မြူးလိုသော ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်လာသဖြင့် ထိုဥယျာဉ်တော်သို့ ပို့ဆောင်စေတော်မူပြီးလျှင် ပရိသတ် ဗိုလ်ပါနှင့်တကွ ၎င်းသို့ရောက်ကြ၍ အပွင့်, အဖူး အထူးတင့်တယ်သာယာ ကျက်သရေ

မင်္ဂလာနှင့်ပြည့်စုံသော အင်ကြင်းပင်ကြီးအောက်သို့ ရောက်လျှင် ၎င်းအပွင့်, အဖူး, အရွက်တို့ဖြင့် နှစ်သက်ဖွယ်သော အင်ကြင်းခက်ကို ဆွတ်ခူးလိုသော စိတ်တန်ခိုးကြောင့် ၎င်းအခက်သည် လက်လှမ်းမှီ ကိုင်းညွတ်လာသောအခိုက် လှမ်း၍ ကိုင်လိုက်စဉ်တွင် ရင့်သန်တော်မူသော သန္ဓေတော်မြတ်သည် လှုပ်ရှားတော်မူလေ၏။

ထိုအခါ မောင်းမအပေါင်းတို့သည်လည်း သောင်းသောင်းဖြဖြ ဝိုင်းဝန်းကြလျက်ကျက်သရေမင်္ဂလာရှိသော အကာအရံတို့ဖြင့် တင့်တယ်စွာ ကာရံဝိုင်းဝန်းပြီးနောက် စောင့်ရှောက်နေကြသည်တွင် အင်ကြင်းခက်ကို လက်တော်ဖြင့် ကိုင်စွဲလျက် ရပ်နေတော်မူဆဲဖြစ်သော အခိုက်မှာပင် "အထွတ်အထိပ်ဖြစ်တော်မူသော အလောင်းတော် သားမြတ်ရတနာတစ်ဆူ လောကဓာတ်အလင်းရောင် မြင်တော်မူပါပြီ"ဟု မယ်တော်အား နှစ်သိမ့်တော်မူစေရန် ကောင်းမြတ်သော မင်္ဂလာအသံ မြွက်ကြားလျက် စင်ကြယ်မြင့်မြတ်သော ဗြဟ္မာကြီး ၄-ပါးတို့၏ အသင့်ခံယူရန် ငံ့လင့်နေကြသော ရတနာရွှေကွန်ရက် အတွင်းသို့ အညစ်အကြေး သန့်ရှင်းစွာ သက်ဆင်းတော်မူခဲ့လေ၏။

ထို့နောက် နတ်မင်းကြီး ၄-ပါးတို့သည် အထူးသဖြင့် နူးညံ့သိမ်မွေ့စွာ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသော သစ်နက်ရေဖြင့် ဗြဟ္မာကြီး ၄-ပါးတို့ထံမှ လှမ်းယူပြီးလျှင် နတ်ရေစင်သွန်းဖြန်းပြီး ကောင်းမွန်ဖြူစင် မင်္ဂလာဘွဲ့ဖြူအဝတ်များဖြင့် ငံ့လင့်နေကြသော လူများ၏လက်သို့ ပေးအပ်၍ အလောင်းတော်မြတ်သည် ၎င်းမှ ဆင်းသက် မြေပြင်ထက်မှာမတ်တပ်ရပ်တော်မူလျက် အရပ် ၁၀-မျက်နှာသို့ ရဲရင့်တည်ကြည်စွာ ကြည့်ရှုတော်မူသောအခါ မရေတွက်နိုင်သော စကြဝဠာအပေါင်းမှ နတ်, ဗြဟ္မာပေါင်းများစွာတို့သည် အလောင်းတော်အား ပန်း, နံ့သာ စသည်တို့ဖြင့် ပူဇော်လျက်---

"အို--- မဟာပုရိသ အာဇာနည် ယောကျာ်းမြတ်---

အသင် ယောကျာ်းမြတ်နှင့် တူသူ ကျွန်ုပ်တို့ အရပ်မျက်နှာမရှိပါ၊ လွန်ကဲသူကားအဘယ်မှာ ရှိမည်နည်း"ဟုအသီးသီးသော အရပ်မျက်နှာရှိ နတ်, ဗြဟ္မာများက ကြွေးကြော်ကြသဖြင့် မြောက်အရပ် မျက်နှာသို့ လှည့်တော်မူပြီးလျှင် ဗြဟ္မာမင်းသည် ထီးဖြူတော်မိုးလျက် သုယာမနတ်သားသည် သားမြီးယပ်ကို ကိုင်စွဲကာ များစွာသောနတ်များ စောင့်ရှောက်ပူဇော်လျက် မင်းမြောက်တန်ဆာ အစုံအလင်နှင့် ၇-လှမ်း ကြွသွားတော်မူ၍---

- "ငါသည် လောကဓာတ်ကြီး တစ်ခုလုံး၏ အကြီးအမြတ်ဆုံး ဖြစ်၏။
- ငါသည် လောကဓာတ်ကြီး တစ်ခုလုံး၏အမြင့်မြတ်ဆုံး ဖြစ်၏။
- ငါသည် ဒုက္ခ၏နောက်ဆုံး, ဘဝ၏နောက်ဆုံးရောက်ပြီ"—

ဟု ရဲဝံ့တည်ကြည်သော စကားတော်မြတ်ကို မြွက်ဆိုတော်မူလေ၏။

ဤသို့အားဖြင့် အတုမရှိ ပုဂ္ဂလဝိသေသ လောကအလုံး၏ အကြီးအမြတ်ဆုံး ဖြစ်တော်မူရန် ကောင်းမြတ်တင့်တယ် အံ့ဩဖွယ်သော အမှတ်အသားအားဖြင့် ၃၂-ပါးသော နိမိတ်ကြီးများသည် ဖွားမြင်တော်မူသည့် အခါသမယကို ကျက်သရေမင်္ဂလာ အဖြာဖြာ တို့ဖြင့် တန်ဆာဆင်ကြသည့်အပြင်---

၁။ ယသောဓရာ ၂။ အာနန္ဒာ ၃။ ဆန္န ၄။ ကာလုဒါယီ

၅။ ကဏ္ဍကမြင်း ၆။ ဗောဓိပင် ၇။ ရွှေအိုးကြီး-

ဟု-ဆိုအပ်သော ဖွားဘက်တော်များလည်း တပြိုင်နက်ဖြစ်ထွန်းကာ တန်ဆာဆင်တော်မူကြလေကုန်ပြီ။ (၁။ ယသော်ဓရာအစား အာရောဟန ဟတ္ထိ ဟု အံ၊ ဋ္ဌ၊ ဧကနိ လာ၏)

ထို့နောက် ကပိလနှင့် ဒေဝဒဟ ပြည်သူ, ပြည်သား ၂-ဦးတို့သည် အထူးပင် ဝမ်းမြောက်စွာဖြင့် အလောင်းတော်မြတ်နှင့် မယ်တော်တို့ကို ကပိလနေပြည်တော်တို့ ဆောင်ယူကြ၍ တစ်ပြည်လုံး ရွှင်ပြုံးနှစ်သက် ဝမ်းမြောက်ကြသည့်အပြင် ထိုနေ့မှာပင် တာဝတိံသာနတ်အများတို့သည်လည်း "ယနေ့ ကပိလပြည်ရှင် သုဒ္ဓေါဒနမင်းမြတ်မှာ သတ္တဝါအပေါင်းတို့၏အရှင် အနန္တလောကဓာတ်ကို တရားတော်မြတ်ဖြင့် ထုတ်ချဉ်းခပ်ထွန်းလင်းနိုင်မည်ဖြစ်သော အလောင်းတော်သားမြတ်ရတနာ ဖွားမြင်တော်မူလာပြီ"ဟု အထူးရွှင်ပြ ပျော်မြူးနှစ်သက်ကြလျက် နေကြစဉ် သမာပတ်အဘိညာဏ်နှင့် ပြည့်စုံသော ကာလဒေဝီလရသေ့ကြီးသည် မင်းကြီးနန်းတော်မှ ဆွမ်းကိစ္စပြည့်စုံပြီးနောက် နေ့သန့်ရာ တာဝတိံသာနတ်ပြည်သို့ ရောက်သည်တွင် အံ့ဩစွာ နတ်အများ၏ ထူးခြားသော အခြင်းအရာတို့ကို တွေ့ရ၍ ၎င်းနတ်အများအား မေးမြန်းစုံစမ်းသောအခါမှ—

"အရှင်ရသေ့မြတ်---

ဘုရင်သုဒ္ဓေါဒနမင်းကြီးမှာ မှန်ကန်ကောင်းမြတ် တရားစကြာရတနာကြီးကို လည်ပတ်နိုင်မည်ဖြစ်သော အလောင်းတော်သားမြတ်ရတနာ ယနေ့ ဖွားမြင်တော်မူပါ၍ တပည့်တော်တို့သည် ကြီးကျယ်မြင့်မြတ်သော ဘုရား၏အသရေတော်ကို ဖူးမျှော်ကြရမည့်အပြင် စင်ကြယ်ကောင်းမြတ်သော တရားတော်မြတ်ကိုလည်း အားလုံးသတ္တဝါအပေါင်းတို့ နာကြားရတော့မည်ဟု အထူးရွှင်ပြနေကြပါသည်"ဟု အားလုံးသော နတ်အပေါင်းတို့ လျှောက်ထားကြကုန်၏။

✪ ✪ ✪ ✪ ✪

## ခမည်းတော် သုဒ္ဓေါဒနမင်းကြီး
## ပဉ္စမအကြိမ်ရှိခိုးခြင်း

ဤကဲ့သို့ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသော နတ်အများ၏ စကားကို ကြားရခြင်းအားဖြင့် ရသေ့မြတ်သည် ထိုခဏပင်လျှင် နတ်ပြည်မှ ဆင်းသက်၍ နန်းတော်ထက်သို့ ဝင်ပြီးလျှင် "သားတော်မြတ်ရတနာကို ဖူးမြင်လိုပါသည်"ဟု ပြောကြားသောအခါ မင်းကြီးလည်း အားရနှစ်သက်စွာဖြင့် သားတော်မြတ်ရတနာကို တန်ဆာဆင်ပြီး ခေါ်လာ၍ ဆရာရသေ့မြတ်အား ရှိခိုးစေရာ ယခုဘဝ၌ ရှိခိုးရမည့်သူမရှိသော အလောင်းတော်မြတ် ဖြစ်သဖြင့် ရှိခိုးမည့်အစား ခြေဖျားတော်လှည့်လာက ရသေ့မြတ်ကပင်လျှင် ရှိခိုးရာ မင်းကြီးမှာ အံ့ဩစွာဖြင့် ပထမအကြိမ် သားတော်မြတ်သို့ ဦးတိုက်၍ ရှိခိုးလိုက်လေသတည်း။

ဤသို့ ရှိခိုးပြီးနောက် ရှေ့နောက် ကမ္ဘာ -၂၀ မျှ မြင်စွမ်းနိုင်သော အဘိညာဏ်တန်ခိုးနှင့်ပြည့်စုံသည့် အရှင်ရသေ့ကြီးသည် အလောင်းတော်မြတ်၏ ပြည့်စုံသော ဉာဏ်တော်အဆောက်အဦးကို မိမိဉာဏ်မျက်စိဖြင့် ကြည့်ရှုသုံးသပ်လျှင် "စင်စစ်ဧကန် ထူးမြတ်သော သဗ္ဗညုတဉာဏ်တော်ကို ရ၍ အနန္တလောကဓာတ်ကို ဆန်းကြယ်နက်နဲသော တရားတော်မြတ်ဖြင့် တန်ဆာဆင်လတ္တံ့"ဟု သိမြင်သည့်ပြင် မိမိအဖို့ ဆင်ခြင်သုံးသပ်သောအခါ "ဤခမ်းနားလှစွာသော ကမ္ဘာကျက်သရေတော်မြတ်ကို မဖူးတွေ့ရမီ ရုပ်နှင့်နာမ် မစုံသေးသဖြင့် မဖူးတွေ့နိုင်သော အရူပဗြဟ္မာဘုံသို့ သွားရမည်"ဟု သိရသောကြောင့် ပဌမ ရွှေးဦးစွာ ပြုံးရယ်ပြီးမှ တဖန် ငိုကြွေးပြန်သော အခြင်းအရာ ဆန်းကြယ်စွာ တွေ့မြင်ကြရသော မင်းကြီးနှင့်တကွ မှူးမတ်အပေါင်းတို့သည် အံ့ဩစွာနှင့် အရှင်ရသေ့ကြီးအား အကြောင်းခြင်းရာ မေးမြန်းကြလျှင် အရှင်ရသေ့ကြီးက---

"ဤအလောင်းတော် ကလေးကား စင်စစ်ဧကန် အမှန်မုချ သဗ္ဗညုတဉာဏ်တော်ကိုရ၍ လောကအလုံးကို ကယ်တင်လွတ်မြောက်စေလတ္တံ့ဖြစ်၍ အားလုံးသော သတ္တဝါများအတွက် ဝမ်းမြောက်လှသဖြင့် ပြုံးရယ်မိပေသည်။

သို့သော်လည်း မိမိအတွက်မှာကား ဤကဲသို့ ထူးကဲမြင့်မြတ် ခမ်းနားသော အသရေတော်ကို ဖူးမျှော်ဖို့ အခွင့်ကြီး ရှုံးခြင်းကြီး ရှုံးရသဖြင့် ကြီးစွာသော သောကဖြစ်၍ ငိုကြွေးရကြောင်း" ဖြေကြားလျှင် ရသေ့မြတ်ကဲ့သို့ပင် ဝမ်းနည်း ဝမ်းသာ ရှိကြကုန်၏။

ထို့နောက် အရှင်ရသေ့မြတ်သည် နန်းတော်မှ ထွက်ခွာခဲ့၍ နှမအိမ်သို့ ကြွလာတော်မူပြီးလျှင် မိမိ၏ တူရင်းဖြစ်သော နာလကအား "ဖွားမြင်တော်မူသော အလောင်းတော်ကလေးအား အမှန်စင်စစ် ပြည့်စုံသော ပါရမီရှိ၍ ဘုရားဖြစ်လတ္တံ့၊ အလောင်းတော်

မြတ်ကို ရည်မှန်းလျက် ရဟန်းပြုရမည်"ဟု အမိန့်တော်ရှိသောအခါ မောနေယျအကျင့် မြတ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့ဖြစ်သော တူတော်ကလည်း "ဦးရီးတော်သည် အချည်းနှီး တိုက်တွန်းမည်မဟုတ်၊ ကောင်းမြတ်သည်သာ ဖြစ်မည်"ဟု ယုံကြည်ရင်း ရှိသည့် အတိုင်း ၈၇-ကုဋေသော ဥစ္စာရပ်တို့ကို မငြိကပ် မငဲ့မကွက် ရက်ရောစွာ စွန့်ခွာပြီးလျှင် ဆံမုတ်ဆိတ်ကို ပယ်ချ ပဗ္ဗဇ္ဇအသွင်ကို ယူလျက် တောထွက်ခဲ့လေ၏။

✪ ✪ ✪ ✪ ✪

## အမည်တော် မင်္ဂလာယူတော်မူခြင်း

ဤသို့ အလောင်းတော်မြတ်သည် "လူ့ပြည်သို့ သက်ဆင်းတော်မူသည်မှ ၅-ရက် မြောက်သောနေ့၌ ဦးခေါင်းတော်မြတ် ဆေးကြောတော်မူခြင်းမင်္ဂလာနှင့် အမည်တော်သ မင်္ဂလာသဘင် ဆင်ယင်ကျင်းပမည်"ဟု နန်းတော်နှင့် မြို့တော်အလုံး အဆန်းတကြယ် တင့်တယ်ကောင်းမြတ်သော ကျက်သရေမင်္ဂလာအပေါင်းတို့ဖြင့် ရှုမညောင်းအောင် တန်ဆာဆင်ခြင်းနှင့်တကွ အမွန်အမြတ် အကောင်းဆုံးဖြစ်သော စားဖွယ်, သောက်ဖွယ် အမျိုးမျိုးတို့ကို စီရင်ပြီးလျှင် အစိတ်အပိုင်းနှင့်တကွ ဗေဒကျမ်းဂန် အလုံးတို့၌ ကမ်းဆုံး ရောက် တတ်မြောက်ကြကုန်သော ၁၀၈-ယောက်ကုန်သော ဗြာဟ္မဏပုဏ္ဏားတော်တို့ကို ဖိတ်ခေါ်ကျွေးမွေး ပေးလှူပြီးလျှင် အလောင်းတော်မြတ်၏ လက္ခဏာတော်မြတ် အရပ် ရပ်ကို ရှုမှတ်သားလျက် ဖတ်ကြားစေတော်မူကုန်၏။

၎င်းတို့အနက် အကြီးအမှူးဖြစ်ကြကုန်သော ရာမ, ဓဇ, ဇောတိမန္တ, ယည, သုဘောဇ, သုယာမ, သုဒတ္တ, ကောဏ္ဍည-ဟု ဆိုအပ်သော ပုဏ္ဏားတော် ၈-ယောက် တို့သည် အသီးသီး လက္ခဏာတော်မြတ် ရှုဖတ်ကြသည်တွင် အငယ်ဆုံးဖြစ်သော အန္ဒယ် အားဖြင့် ကောဏ္ဍညအမည်ရှိသော ပုဏ္ဏားကလေးမှတပါး အခြား ၇-ယောက်သော ပုဏ္ဏား ပညာရှိတို့မှာ "ဤလက္ခဏာနှင့်ပြည့်စုံက လူ့ဘောင်မှာနေလျှင် စကြာရတနာအရှင် ဘုရင် တကာတို့၏ အထွဋ်အထိပ်ဖြစ်၍ ရဟန်းဘဝသို့ ချဉ်းကပ်လျှင် စင်စစ်ဧကန် သဗ္ဗညုတ ဉာဏ်တော်ကို ရ၍ လောကအလုံး၏ အားထားရာ မြတ်စွာဘုရား ထင်ရှားဖြစ်တော်မူ လတ္တံ့"ဟူသော သဘောဖြင့် လက် ၂-ချောင်း ထောင်ကြသော်လည်း ကောဏ္ဍညပညာရှိ ပုဏ္ဏားကလေးကား "ဤလက္ခဏာတော်အရပ်ရပ်နှင့် ပြည့်စုံတော်မူသော အလောင်းတော် မြတ်မှာ လူ့ဘောင်သို့ နေရန် အကြောင်းမရှိ၊ သုံးလောက၏သခင် ဘုရားရှင် ဧကန်ဖြစ် တော်မူလတ္တံ့"ဟု လက်တစ်ချောင်းသာထောင်လျက် ရဲရင့်စွာ လက္ခဏာတော်မြတ် ဖတ်ကြား လေ၏။

ဤသို့ လက္ခဏာတော်မြတ် ဖတ်ကြားပြီးလျှင် အလောင်းတော်မြတ်ကို လောက ၃-ရပ်၏ အလိုဆန္ဒ ပြည့်ဖြိုးစေရန် အကျိုးတရား ဖြစ်ထွန်းစေတော်မူတတ်သောကြောင့် သိဒ္ဓတ္ထကုမာရဟူသော ဘွဲ့အမည်နာမတော်မြတ် မှတ်သားကြပြီးနောက် ၈-ယောက်သော ပုဏ္ဏားတို့သည် မိမိတို့အိမ်သို့ အသီးသီး သွားကြပြီးလျှင် မိမိတို့သားများအား ပြောကြားသည်မှာ--- "မောင်တို့၊ ငါတို့မှာကား အရွယ်ကြီးပြင်း၍ အိုမင်းကြကုန်ပြီဖြစ်သဖြင့် သုဒ္ဓေါဒနဘုရင်မင်းမြတ်၏ သားတော်မြတ်ဖြစ်သော အလောင်းတော်မြတ်၏ သဗ္ဗညုတဉာဏ်တော်ကို ရ၍ လောကထွတ်ထား ဘုရားဖြစ်တော်မူသည်ကို မှီကောင်းမှ မှီနိုင်မည်ဖြစ်၍ သင်ချစ်သားများသာ ထိုအလောင်းတော်မြတ်၏ သဗ္ဗညုတဉာဏ် ရင့်သန်တော်မူ၍ ဘုရားစင်စစ် ဖြစ်တော်မူသောအခါ မမေ့မလျော့ကြဘဲ ထိုဘုရားမြတ်၏ သာသနာတော်၌ ရဟန်းပြုကာ တရားအရသာကို စားသုံးကြကုန်"ဟု ပြောဆိုဆုံးမ ဩဝါဒပေး၍ ကောဏ္ဍည ပုဏ္ဏားကလေးမှတပါး အခြား ၇-ယောက်သော ပုဏ္ဏားတော်ကြီးများကား သာသနာတော်နှင့် လွဲခြင်းကြီး လွဲကြလေကုန်၏။ ကောဏ္ဍညမှာမူကား ကိုယ်တိုင်ပင် ရသေ့ ရဟန်းပြုလျက် ဘုရားမြတ်စွာကို လက်ဦးစွာ ဖူးတွေ့ရ၍ အရဟတ္တမဂ်ဖိုလ်တည်းဟူသော အမြိုက်အရသာ သုံးရသည်တိုင်အောင် ဘဝများစွာက ပါရမီဆုတောင်းအားလျော်စွာ သက်တော်ရှည်လျက် ရတ္တညူဧတဒဂ်ကို ဘုရားရှင်အထံတော်မှ ရတော်မူလတ္တံ့ ဖြစ်လေ၏။

ထိုသို့ မင်္ဂလာအရပ်ရပ် ကောင်းမြတ်တင့်တယ်စွာ ပြုလုပ်ပြီးလျှင် ပွဲသဘင်တော် အခမ်းအနားများနှင့် လက္ခဏာတော်မြတ် ဖတ်ကြားပြီးနောက် သုဒ္ဓေါဒနဘုရင်မင်းတရားကား အလောင်းတော်မြတ် သားရတနာ၏ စကြာမင်း အသရေကိုသာ ရှုမြင်တော်မူလိုသော ဆန္ဒဖြင့် အမတ်ကြီးများ လျှောက်တင်ကြသည့်အတိုင်း တိုင်းပြည်ချက်ချာ နေပြည်တော်ကြီးမှာ သူအို၊ သူနာ၊ သူသေ၊ ရဟန်းတို့ကို မမြင်မတွေ့ရအောင် အရပ် ၄-မျက်နှာတို့၌ ကြပ်တည်းစွာ အစောင့်အရှောက်ထား၍ ဆွေတော်၊ မျိုးတော်တို့မှ အပ်နှင်းထားကြသော မင်းသားအပေါင်း ခြံရံလျက် ကြီးကျယ်မြင့်မြတ်သော ကျက်သရေမင်္ဂလာဖြင့် ချမ်းသာစွာ အလောင်းတော်မြတ်အား ကြီးပွားစေတော်မူခဲ့လေ၏။

✪ ✪ ✪ ✪ ✪

## ခမည်းတော်မင်းကြီး ဒုတိယအကြိမ်
## ရှိခိုးတော်မူခြင်း

ကပိလမြို့တော်သူ, မြို့တော်သား အားလုံးတို့ကို အုန်းအုန်းကျွက်ကျွက် ဆူဆူညံညံ အသံမပြတ် နတ်ဘုံ နတ်နန်းတမျှ တစ်ပြည်လုံးတန်ဆာဆင်ကြလျက် အထူးသဖြင့် ရွှင်မြူး ပျော်ပါး စိတ်အားထက်သန်ကြသော လယ်ထွန်မင်္ဂလာနေ့ကြီး တစ်နေ့သို့ ရောက်ကြ၍ မြောက်များစွာသော တိုင်းတော် ပြည်တော်သားများနှင့်တကွ အားလုံးသော ပုရောဟိတ် မှူးမတ်အပေါင်းတို့သည် ရွှေနန်းတော်ကြီး၌ ညီညွတ်စွာ စည်းဝေးကြပြီးလျှင် မင်္ဂလာထွန် တော် တစ်ထောင်ကျော်ခန့် သီးသန့်စွာ စီရင်ပြီးနောက် ကြီးကျယ်ခမ်းနားသော အခြွေအရံ များနှင့်တကွ သားတော်မြတ်ကိုလည်း ဆောင်ယူကာ မင်္ဂလာလယ်တော်သို့ သုဒ္ဓေါဒန ဘုရင်မင်းမြတ်သည် ထွက်တော်မူခဲ့လေ၏။

ထိုမင်္ဂလာသဘင် ဆင်ယင်ကျင်းပရာဌာန၌ အခက် အလက် အရွက် အညွန့် အဖူးတို့ဖြင့် အထူးနှစ်သက်ဖွယ် အေးမြသော အရိပ်နှင့် ပြည့်စုံသည့် သပြေပင်ကြီးအောက် မှာ ဆန်းကြယ်စွာ စီခြယ်အပ်သော မျက်နှာကြက် လွှမ်းမိုးလျက် မွေ့လျော်ဖွယ်သော နေရာခင်းထက်၌ သားတော်မြတ်အား အစောင့်အရှောက် ရံရွေဖော်များနှင့် ထားခဲ့ပြီးလျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မင်္ဂလာအခမ်းအနားသို့ အမတ်များနှင့် ကြွသွားတော်မူ ခဲ့လေ၏။

ငင်းအခမ်းအနား၌ ဘုရင်မင်းတရားကြီးသည် ရွှေသားအတိ အဆန်းတကြယ် စီခြယ်မွန်းမံအပ်သော ရွှေထွန်တော်ထက်မှာ စီးနင်းတော်မူခိုက် အမတ်အပေါင်းတို့ကလည်း ငွေထွန်ထက်ဝယ် စီးနင်းကြသည့်အပြင် တိုင်းသူ, ပြည်သား လယ်သမားအပေါင်းတို့က လည်း မိမိတို့ ထွန်အသီးသီး စီးနင်းလိုက်ပါကာ အလွန်သာယာ နာပျော်ဖွယ်ကောင်းသော တူရိယာအပေါင်း တီးမှုတ်ကြလျက် အုန်းအုန်းကျွက်ကျွက် မင်္ဂလာအခမ်းအနား စလိုက် သောအခါ အလောင်းတော်မြတ် ထံတော်ပါးက ခစားကြသော ရံရွေတော်အများလည်း အလောင်းတော်မြတ်ကို သတိမရကြဘဲ မင်္ဂလာသဘင်သို့ လျင်မြန်စွာပြေးသွားကြပြီးလျှင် အံ့သြခြင်းနှင့်တကွ ကြည့်ရှုနေကြစဉ် အလောင်းတော်မြတ်မှာ မည်သူမျှအနားမရှိ ဝိဝေက ရ၍ အာနာပါနစီးဖြန်း ဈာန်ကမ္မဋ္ဌာန်းနှင့် နေတော်မူခြင်း တန်ခိုးအားဖြင့် သပြေပင် အရိပ်သည် အလိုက်သိသကဲ့သို့ နေရာမရွေ့ ပြကတေ့အတိုင်း တည်နေလျက် ရှိခဲ့လေ၏။

ထိုအခါမှ အထိန်းတော်များလည်း အလောင်းတော်မြတ်ကို သတိရကြ၍ ပြန်လာ ကြသောအခါ မဖြစ်စဖူး အထူးအံ့သြဖွယ်ရာများကို တွေ့မြင်ကြရသဖြင့် ထိုခဏချင်းပင်

မင်းကြီးထံသို့ သွား၍ ၎င်းအံ့ဩဖွယ်ရာများကို လျှောက်ထားလေလျှင် အဆောတလျင်ပင် မင်းကြီးလည်း လိုက်လာတော်မူလျက် သားတော်မြတ်၏ တန်ခိုးက္ကဒ္ဓိပါဒ်သည် ခမည်းတော် မင်းမြတ်အား ဒုတိယအကြိမ် ရှိခိုးခြင်းကို ဖြစ်စေရန် တိုက်တွန်းနှိုးဆော်သဖြင့် ၂-ကြိမ်မြောက် ရှိခိုးလိုက်လေ၏။

✪ ✪ ✪ ✪ ✪

## သားတော်မြတ်အား ထီးနန်းအပ်လျက် လက်ထပ်တော်မူကြောင်း

ငယ်ရွယ်စဉ်အခါ မင်္ဂလာအရပ်ရပ် လျှောက်ပတ်တင့်တယ် ဆန်းကြယ်ခမ်းနားစွာ အမျိုးမျိုးပြုလုပ်လျက် ဆင်းရဲမတွေ့ ပျော်မွေ့ချမ်းသာစွာ ကျက်သရေအဖြာဖြာ မင်္ဂလာ အပေါင်းနှင့်တကွ အစဉ်သဖြင့် ကြီးပွားရ၍ အရွယ်တော်အားဖြင့် ၁၆-နှစ်သို့ ရောက်တော်မူသောအခါ ခမည်းတော်မင်းမြတ်က ထီးနန်းစည်းစိမ် လွှဲအပ်၍ "ဘုရင်မင်းမြတ်တို့၏ ကျက်သရေမင်္ဂလာနှင့် ထိုက်တန်သောအရွယ်သို့ ရောက်ပြီ"ဟု ဆင်ခြင်စဉ်းစားတော်မူပြီးလျှင် ဥတု ၃-ပါးနှင့် အစဉ်အားဖြင့် လျှောက်ပတ်၍ ကောင်းမြတ်တင့်တယ် ဆန်းကြယ်လှစွာသော ရာမ, သုရာမ, သုဘ မည်သော ဘုံအဆင့်အားဖြင့် ၉-ထပ်, ၇-ထပ်, ၅-ထပ် ရှိသော နန်းပြာသာဒ် ၃-ဆောင်တို့ကို ခမ်းနားစွာဆောက်လုပ်စေလျက် သုပ္ပဗုဒ္ဓ၏ သမီးတော် ယသောဓရာဗိမ္ဗာဒေဝီနှင့် လက်ထပ်မင်္ဂလာ တင့်တယ်စွာ ကျင်းပပြီး၍ ထီးနန်း ဘိသိက်တော်ကို ခံယူတော်မူပြီးနောက် ရောက်လာသော ဆွေတော်, မျိုးတော်တို့၏ အလယ်မှာ မမြင်စဖူး, မတွေ့စဖူး, မကြုံစဖူး, အထူးအံ့ဩဖွယ်ရာ ဆန်းကြယ်လှစွာသော လေးအတတ်တော် ပြ၍ လေးတင်ပွဲကြီး ကျင်းပတော်မူပြီးလျှင် ဆင်းရဲခြင်းကို အလျှင်းမသိရသော ကြီးကျယ်လှစွာသော ထီးနန်းဗာသရေတော်၌ မွေ့လျော်ခံစားတော်မူခဲ့လေ၏။

✪ ✪ ✪ ✪ ✪

## အကြောင်းတရား ဆင်ခြင်တော်မူပုံ

### ၁။ ပထမအကြောင်းတရား

အထူးထူး အပြားပြား ခမ်းနားကြီးကျယ်သော ထီးနန်းကျက်သရေတော်နှင့် တကွ များပြားလှစွာသော အခြွေအရံ ပရိသတ်တို့အလယ်၌ ဆင်းရဲခြင်းဒုက္ခကို ရှာဖွေမရနိုင်

လောက်အောင် ချမ်းသာသုခ အပေါင်းတို့ဖြင့် ပိတ်ဖုံးကာကွယ် အလွန်တင့်တယ်ကောင်းမြတ်သော လောကီချမ်းသာတို့၏ အညွန့် အဖူးကို ဆွတ်ခူးတော်မူခိုက် တစ်နေ့သ၌ အလောင်း တော်မြတ်သည် အထူးသဖြင့် ကြည်နူးပျော်မွေ့ဖွယ်ရာ မင်္ဂလာကျက်သရေ အပေါင်းတို့နှင့်ပြည့်စုံသော သစ်ပင် ပန်းပင် အပေါင်းတို့၏ စုဝေးရာ မင်္ဂလာဥယျာဉ်တော်မြတ်သို့ ချဉ်းကပ်လိုသော ဆန္ဒတော်ရှိကြောင်း အမိန့်တော်မြတ် သတ်မှတ်တော်မူသဖြင့် ရထားထိန်းသည် အထူးသဖြင့် တင့်တယ်ကောင်းမြတ်လှစွာ မင်္ဂလာရထားတော်ကို ဆင်ယင်လျက် ပဒုမ္မာကြာဖြူအဆင်းရှိသော မင်္ဂလာမြင်းတော် ၄-စီးတို့ကို ကစေပြီးလျှင် နတ်လုလင်၏ ကျက်သရေပမာ အခြွေအရံများစွာနှင့် ဥယျာဉ်တော်သို့ ထွက်တော်မူလေ၏။

ထိုအခါ နတ်အပေါင်းတို့သည် အလောင်းတော်မြတ်၏ ပါရမီတော် ရင့်သန်အချိန်တန်ကြောင်း သိရှိကြ၍ ဇရာတရားကြီး ဖိစီးနှိပ်စက်သဖြင့် အသက်အရွယ်ကြီးမား သွားကျိုးဆံဖြူ တောင်ဝှေးအကူအညီမရက မထနိုင် မထူနိုင်လောက်အောင် ယိမ်းယိုင်တုန်ချိသော အဖိုးအိုကြီးသဏ္ဌာန် ဖန်ဆင်း၍ ပြကုန်၏။

မမြင်စဖူး မတွေ့စဖူး အထူးတလည် မနှစ်သက်ဖွယ်ဖြစ်သော ဤသူအိုကြီးသဏ္ဌာန်သည် မျက်လုံးတော်အကြည်ဓာတ်ကို ထိခိုက်လျက် ဆိုက်ရောက်လာလျှင် မရွှင်မပြအံ့သြတုန်လှုပ်ခြင်းနှင့်တကွ---

"အို--- ရထားထိန်း---

အဘယ်သို့နည်း၊ ဤသူမှာ ကိုယ်အရေအသားကလည်း သူများနှင့်မတူ၊ ဆံပင်ကလည်း ဖြူလျက် မထူနိုင် မထနိုင် မသွားနိုင် မလာနိုင် ယိမ်းယိုင်ကာ နေဘိ၏"ဟု မေးမြန်းသောအခါ---

"အို--- အရှင် သားတော်မြတ်---

ဤသူကား အခြားမဟုတ်၊ သူအို ဖြစ်ပါသည်၊ ရှေးအခါသမယ ငယ်ရွယ်စဉ်က အရှင့်သားတော်မြတ်တို့လို ပျိုပျိုရွယ်ရွယ် နုနုနယ်နယ် သန်သန်စွမ်းစွမ်း ဖြစ်ပါသည်၊ သို့သော်လည်း ရုပ်၏ သဘောအတိုင်း တဖြည်းဖြည်းရင့်သန် ဆံဖြူခြင်း, သွားကျိုးခြင်းဖြစ်လာရပါသည်။

ဤသူတစ်ယောက်ထဲသာ အိုနာစွဲသည် မဟုတ်ပါ၊ ရုပ်တရားကြီး လက်ကိုင်ထားလျက် ပိုင်ဆိုင်ရရှိသောသူများ အားလုံးမှာပင် ဤကဲ့သို့ ရင့်ရော်လာကြသဖြင့် ဤသူနှင့် အလားတူ ဆံဖြူ သွားကျိုး အိုနာမျိုးသို့ ရောက်ကြရမည့်သူချည်း ဖြစ်ပါသည်"ဟု လျှောက်တင်တော်မူလေ၏။

ဤကဲ့သို့ လျှောက်တင်ခြင်းသည် ဘဝပေါင်းများစွာ ကမ္ဘာ့ကမ္ဘာက ဖြည့်ကျင့်တော်မူခဲ့ပြီးသော ပါရမီတော် ဉာဏ်တော်နှင့် တိုက်ဆိုင်တွေ့ဆုံသဖြင့် မီးပုံကြီးအလား ဇာတိနှင့် ဇရာ မကင်းသော ဘဝတရားကြီးကို ထိတ်လန့်တုန်လှုပ်လျက်---

"သြော်---ဤအဖြစ်တွင် မရပ်တည်ဘဲ ဇာတိသဘောမှာ ဇရာသို့ ဆိုက်ရောက်သော လမ်းမကြီးနှင့် ဆက်သွယ်ကာ မည်သူမှ မလွဲနိုင် မဖယ်နိုင်ပါတကား---

ဤမနှစ်သက်ဖွယ်ရာ ဇရာလမ်းမကြီးသို့ ဇာတိရကြသူတိုင်း မငြင်းနိုင် မဆန်နိုင် အလိုဆန္ဒ မတူကြဘဲလျက် အတင်းအဓမ္မ ရောက်ကြရမည်မှာ ဧကန္တသဘောတရားဖြစ်၍ ဤရက်စက်ကြမ်းတမ်း ညစ်ညမ်းလှသော ဖြစ်ပေါ်လာရင်း ကြောင်းရင်းအစ မုချဖြစ်သော တရားကြီးမှာ ခင်မင်တွယ်တာ နှစ်သက်စရာ ရှာမတွေ့ရသည့်ပြင် ဇရာဒုက္ခကြီး ပြင်းပြဆင်းရဲစွာ ခံစားရဖို့သာလျှင် အမှန်စင်စစ်ဖြစ်သဖြင့် အလွန်စက်ဆုပ်ဖွယ်ရာ ဖြစ်ပေသည်"ဟု သံဝေဂ ဖြစ်ပွားတော်မူ၍ ထိုနေရာမှ နန်းတော်သို့ ရုတ်တရက် ပြန်ကြွသွားတော်မူလေ၏။

ခမည်းတော်မင်းကြီးသည် လျင်မြန်စွာ သားတော်မြတ် ပြန်လာသည်ကို မြင်တော်မူသဖြင့်---

"အို---သားတော်မြတ်--အဘယ်အကြောင်းကြောင့် မင်္ဂလာဥယျာဉ်တော်ဝယ် မပျော်မွေ့ဘဲ တစ်ခဏချင်းဖြင့် ပြန်လာရပါသနည်း"ဟု မေးတော်မူလျှင်---

"ခမည်းတော်မင်းမြတ်---အရွယ်ရင့်ယို သူအိုတစ်ယောက်နှင့် တွေ့ကြုံရ၍ သားတော်မြတ်၏ ထိတ်လန့်သော သံဝေဂသည် အဆောတလျင် ပြန်လည်စေရန် တိုက်တွန်းပါသည်"ဟု လျှောက်ထားသဖြင့်---

"ငါဘုရင်မင်းမြတ်ကို အဘယ်အကြောင်းကြောင့် နှိပ်စက်ကြကုန်ဘိသနည်း၊ ၎င်းသံဝေဂဉာဏ် ဖုံးကွယ်ရန် တတ်စွမ်းနိုင်ကြသော ကချေသည်အများ သားတော်ထံသို့ ပို့ကြကုန်၊ စည်းစိမ်ဖြင့် မူးယစ်၍ ရဟန်းအဖြစ်နှင့် ကွာဝေးအောင် ပြုကြကုန်"ဟု-

အမိန့်တော်မြတ် သတ်မှတ်ပြီးလျှင် အစောင့်အရှောက် အခြံအရံတို့လည်း ရှေးကထက် တိုးလျက် ကြပ်တည်းစွာ ထားတော်မူလေ၏။

✪ ✪ ✪ ✪ ✪

## ဒုတိယ အကြောင်းတရား

သူအိုနှင့် တွေ့ရ၍ အိုမင်းရင့်ရော်စေတတ်သော ဇရာတရား၌ ဖြစ်ပွားသော သံဝေဂဉာဏ်တို့သည် အလောင်းတော်မြတ်၏ သန္တာန်မှ မထွက်ခွါသေးမီ တစ်နေ့သ၌ ဥယျာဉ်တော် မင်္ဂလာသို့ ပျော်မွေ့ရန် ထွက်တော်မူသောအခါ ထိုသံဝေဂတရား ကြီးမား ရင့်သန်စေရန် နတ်တို့ ဖန်ဆင်းအပ်သော မထူနိုင် မထနိုင် ယိမ်းယိုင် နွမ်းရိ အတိဒုက္ခ ဆင်းရဲခြင်းသို့ ရောက်နေသော သူနာကို တစ်ဖန် တွေ့မြင်ရသဖြင့် ရထားထိန်းအား ရှေးက ကဲ့သို့ မေးမြန်းတော်မူလျှင်---

"ဤသူမှာ အရှင့်သားကဲ့သို့ ကောင်းမွန်စွာ ကျန်းမာချမ်းသာသော အခြေအနေက ရုပ်တရားကြီးကို အစိုးမရ၍ မိမိဆန္ဒအတိုင်း မလိုက်ဘဲ ဗျာဓိတရားကြီး ဖိစီးနှိပ်စက်ခြင်း ခံရသော သူနာဖြစ်ပါကြောင်း" လျှောက်တင်သောအခါ---

"ဩော်---ဇာတိတရားကြီးမှာ ဘာတစ်ကွက်မှ နှစ်သက်စရာ မရှိသည့်အပြင် အိုမင်း ယိုယွင်းရခြင်းဒုက္ခ, ဖျားနာပင်ပန်းရခြင်းဒုက္ခ စသော ဆင်းရဲခြင်းအပေါင်းသာလျှင် နောက်လိုက်လျက် ချမ်းသာကွက် မမြင်ဘိတကား"ဟု-

ရှေးကထက် လေးနက်သော သံဝေဂဉာဏ်တို့သည် တစ်ဖန်တိုးပွား နှလုံးတော် မချမ်းမြေ့ခြင်းအားဖြင့် ဥယျာဉ်တော် မကစားဘဲ ရထားထိန်းအား နန်းတော်သို့ ပြန်လှည့်ရန် အမိန့်တော်မြတ် သတ်မှတ်တော်မူပြန်လေ၏။

ခမည်းတော်မင်းကြီးလည်း ရှေးနည်းအတိုင်း မေးမြန်းတော်မူ၍ အကြောင်းအရာ တစ်ဖန် သိရသောအခါ များစွာကြောင့်ကြ စိုးရိမ်တော်မူလှသဖြင့် စည်းစိမ်အခြွေအရံ ထပ်မံပေးအပ် အစောင့်အကြပ်များလည်း တိုးတက်ထားရှိတော်မူလေ၏။

✪ ✪ ✪ ✪ ✪

## တတိယ အကြောင်းတရား

အလောင်းတော်မြတ်သည် သူအို, သူနာတို့ကို တွေ့မြင်ရသဖြင့် လောကနှင့် ဘဝကြီးကို စက်ဆုပ်ရွံမုန်းခြင်းသည် နှလုံးတော်အတွင်းဓာတ်ဝယ် ကင်းပြတ်တော်မမူသေးမီ တစ်နေ့သ၌ ဥယျာဉ်တော်သို့ တစ်ဖန် ထွက်တော်မူပြန်၍ နတ်တို့ ဖန်ဆင်းသော သူသေကို တွေ့မြင်တော်မူပြန်လျှင် အလွန်ပင် တုန်လှုပ်ထိတ်လန့်လျက် ရထားထိန်းအား မေးမြန်း တော်မူသောအခါ---

"ဤသူမှာလည်း အရှင့်သားတော်မြတ်တို့လို ရုပ်, နာမ်, ဓမ္မကို ဇီဝိတိန္ဒြေအုပ်ချုပ်လျက် အသက်ရှင်စဉ်က သွားနိုင် လာနိုင် လှုပ်ရှားနိုင်သော်လည်း ဇီဝိတိန္ဒြေတရားသည် ရုပ်နာမ်အား စောင့်ရှောက်ခြင်းမှ ကင်းသောအခါ ဝိညာဏ်ကင်းပြတ် စုတေခြင်းသို့ ချဉ်းကပ်သော သူသေဖြစ်ပါသည်"ဟု လျှောက်တင်တော်မူသဖြင့်---

"ဤဘဝ ရုပ်နာမ်တို့သည် အမှန်စင်စစ် ဒုက္ခသဘော ဆင်းရဲတတ်သော တရားကြီးဖြစ်၍ စက်ဆုပ်ရွံရှာဖွယ် ဧကန်ဖြစ်ဘိ၏။ ဤကဲ့သို့ ဆိုးဝါးရက်စက်သော အရင်းခံ ဇာတိနှင့်တကွ ဇရာ, ဗျာဓိ, မရဏတရားတို့မှ ကင်းလွတ်ထွက်မြောက်ရာ ထွက်မြောက်ကြောင်းတရားကောင်း တရားမှန် ဧကန် ရှာဖွေသင့်၏"ဟု-

ပြည့်စုံသော သံဝေဂဉာဏ် တိုးတက်ရင့်သန်တော်မူသည့်အတိုင်း အလောင်းတော်မြတ်သည် မင်္ဂလာဥယျာဉ်တော်၌ ပျော်ပိုက်လိုသော ဆန္ဒတော်မရှိဘဲ နှလုံးတော်ထဲ၌ အမြဲသက်ဝင် မရှင်သော စိတ်ထား ဘဝတရားကြီးကို ရွံမုန်းသော နှလုံးဓာတ် အမြဲမပြတ် သုံးသပ်ဆင်ခြင်တော်မူကာ ထိုဥယျာဉ်မှ ပြန်လည်လျက် ပြာသာဒ်တော်ထက်သို့ ဆိတ်ငြိမ်စွာ တက်တော်မူသည်ကို ခမည်းတော်မင်းကြီး တွေ့မြင်တော်မူလျှင် ယခင်ကကဲ့သို့ မေးမြန်းတော်မူရာ စိတ်နှလုံးမသက်သာ ချမ်းမြေ့တော်မမူရှာသဖြင့် များစွာသော အခြွေအရံ ထပ်မံ တိုးတက်ထားတော်မူသည့်အပြင် အစောင့်အရှောက်များလည်း ရှေးကထက် ကြပ်တည်းစွာ ထားရှိတော်မူလေ၏။

✪ ✪ ✪ ✪ ✪

## စတုတ္ထ အကြောင်းတရား

ဤသို့ ဆိုးဝါးကြမ်းတမ်း ဘေးဘျမ်းများစွာ ရောယှက်ကာနေသော ဘဝကန္တာရကြီးထဲ၌ သွားလာနေကြကုန်သော သတ္တဝါအပေါင်းတို့ကို ဇာတိ, ဇရာ, ဗျာဓိ, မရဏဟု ဆိုအပ်သော လူဆိုးဓားပြဗိုလ်ကြီးတို့သည် လုယက်သတ်ဖြတ် မပြတ်နှိပ်စက်လျက် နေကြကုန်၏။

ဤကဲ့သို့ ရန်သူတွေပေါများ ဘေးရန်တွေအားကြီးသော ဘဝကန္တာရဝဋ်ဒုက္ခကြီးမှ မုချလွတ်မြောက်ရာ လွတ်မြောက်ကြောင်း တရားကောင်း တရားမှန် ဝေဖန်စဉ်းစား ဆင်ခြင်လျက်နေသော အခါတစ်ပါး၌ ဥယျာဉ်တော်၏ စိမ်းစိုသာယာ ပျော်မွေ့ဖွယ်ရာဖြစ်သော အာရုံများကို ခံစားတော်မူရန် တစ်ဖန် ထွက်တော်မူခဲ့လေ၏။ ဤသို့ ဥယျာဉ်တော်အသွားတွင် နတ်များ ဖန်ဆင်းအပ်သော ကောင်းစွာ ဝတ်ရုံလျက် ငြိမ်သက်တည်ကြည်စွာ ထိုင်နေသော ရဟန်းအသွင်ကို မြင်ရခြင်းသည် အလောင်းတော်မြတ်၏ သန္တာန်ကို လွန်စွာ အေးချမ်း ငြိမ်သက်စေလျက် များစွာနှစ်သက်ခြင်းကို ဖြစ်စေတော်မူသဖြင့်---

"အို--- ရထားထိန်း---

ဤသူ၏ ဣန္ဒြေတို့သည် တည်ကြည်အေးမြ အလွန်ပင် ငြိမ်သက်ကောင်းမွန်လှ၏။ မည်သို့သောသဘောဖြင့် ဤကဲ့သို့ အေးချမ်းငြိမ်သက် တည်ကြည်စွာ နေထိုင်ပါသနည်း"ဟု မေးမြန်းတော်မူသောအခါ--- ရထားထိန်းသည် အလွန်အားရ နှစ်သက်စွာဖြင့်---

"အို--- အရှင်သားတော်မြတ်---

ဘေးအမျိုးမျိုး, ရန်အမျိုးမျိုး, ဆင်းရဲခြင်းအမျိုးမျိုးတို့ကို စိုးရိမ်ရွံ့ကြောက်လျက် ဘေးရန် ဆင်းရဲတို့ဖြင့် တစ်ခဲနက် ထူထပ်သော ဘဝကြီးမှ လွတ်မြောက်ရန် အားထုတ်ကြိုးပမ်းနေတော်မူသော ရဟန်းတော်အရှင်မြတ် ဖြစ်ပါသည်။

ဤရဟန်းတော်အရှင်မြတ်မှာ ဘဝတည်းဟူသော ထောင်ကြီးမှ စင်ကြယ်မြင့်မြတ်သော အကျင့်မြတ်ဖြင့် ထွက်မြောက်ရန်မှတပါး အခြားလောကီစည်းစိမ် ခံစားလိုသောစိတ် မဝင်သဖြင့် ဤအရှင်မှာ ဤကဲ့သို့ တည်ကြည် အေးမြငြိမ်သက်သော သမာဓိချမ်းသာကို ခံစားရပါသည်"ဟု လျှောက်တင်တော်မူလေ၏။

နိက္ခမဓာတ်နှင့်စပ်၍ ရထားထိန်း လျှောက်တင်ခြင်းသည် အလောင်းတော်မြတ်၏ စိတ်နှလုံးတော်ဓာတ်ကို ထိခိုက်စေလျက် ဤရဟန်းအဖြစ်သာလျှင် အလောင်းတော်မြတ် ယခင်က စဉ်းစားဆင်ခြင် ဉာဏ်မျက်စိမှာ ထင်လာသော---

"ဇာတိသည် ဇရာလမ်းမကြီးသို့ ရောက်၍ ဗျာဓိလူဆိုးကြီးက လမ်းမတွင် စောင့်လျက် အချက်ပေါ်လာ အခွင့်သာက မညှာမတာ ရက်ရက်စက်စက် လုယက်သတ်ဖြတ်ရန် ပြင်ဆင်နေကြသည့်အပြင် သေခြင်းတရားနှင့် ဧကန်တွေ့ရမည်ဖြစ်သော ကြမ်းထမ်းဆိုးဝါးဘေးရန်များလှသည့် လမ်းခရီးခဲကြီးမှ-

အေးချမ်းသာယာ လွတ်မြောက်ရာ ကောင်းမြတ်မှန်ကန်သော လမ်းစခန်းကြီး ဖြစ်ပေ၏"ဟု တွေးတော ဆင်ခြင်မိသဖြင့် နှလုံးတော်သက်သာ ကြည်လင်သာယာသော လမ်းကောင်း လမ်းမြတ်ကို တွေ့တော်မူလေ၏။

ထိုနောက် အလောင်းတော်မြတ်သည် နှစ်သက်ဝမ်းမြောက်စွာနှင့် မင်္ဂလာဥယျာဉ်တော်ဝယ် နေ့အခါ ကုန်လွန်စေပြီးလျှင် မင်္ဂလာကန်တော်မှာ ရေသုံးသပ်တော်မူ၍ နေအဝင်တွင် မင်္ဂလာကျောက်ဖြာအပြင်မှာ ထိုင်တော်မူလျက်နေစဉ် တန်ဆာဆင်လိုသော ဆန္ဒအားလျော်စွာ သိကြားမင်းသည် ဝိသုကမ္မနတ်သားကို စေတော်မူ၍ အလွန်တင့်တယ်စွာ နတ်တို့တန်ဆာဖြင့် တန်ဆာဆင်ယင်တော်မူပြီးသောအခါ အဆန်းတကြယ် စီခြယ်အပ်သော မင်္ဂလာရထားတော်ထက်သို့ တက်စီးတော့မည်ဟု အောင်သံမင်္ဂလာ သာယာစွာသော

ချီးမွမ်းသံတို့ဖြင့် ဆူညံနေခိုက် သားတော်မြတ်နှစ်သက်စေကြောင်း ကောင်းမြတ်သော မင်္ဂလာသဘင်အနေအားဖြင့် ခမည်းတော်မင်းကြီးသည်---

သားတော် ရတနာတစ်ပါး ဖွားမြင်ကြောင်း သံတမန်လွှတ်သော်လည်း အလောင်းတော်မြတ် သန္တာန်၌ကား---

"ဩော်---လွတ်မြောက်ရာ လမ်းစခန်းတို့သည် ဝမ်းမြောက်နှစ်သက်ဖွယ်ရာ ထွန်းလင်းသော လမင်းပမာ ရှိနေခိုက် ဤသတင်းစကားသည် ရာဟုဖမ်းသည့်အလား ဖုံးကွယ်မှေးယှက်လာဘိ၏"ဟု ညည်းတွားတော်မူခြင်း ဖြစ်လေ၏။

ထို့နောက် ခမည်းတော်မင်းကြီးသည် သားတော်မြတ်က မည်သို့ အမိန့်ရှိကြောင်း သံတမန်တို့အား မေးမြန်းတော်မူသောအခါ အထူးအထွေစကား မြွက်ကြားတော်မူခြင်း မရှိဘဲ---

"ရာဟုသဖွယ် ငြိတွယ်မှေးယှက်လာသည်---ရာဟုလာ"ဟုသာ ညည်းညူတော်မူကြောင်း တင်လျှောက်လျှင် ၎င်းစကားကို အကြောင်းပြု၍ မြေးတော်မြတ်အား "ရာဟုလာ ဟု အမည်တော်မြတ် သတ်မှတ်ခေါ်တွင်စေရမည်"ဟု အမိန့်တော်ရှိလေ၏။

✪ ✪ ✪ ✪ ✪

## နိဗ္ဗုတာဟူသော စကား

အလောင်းတော်မြတ်သည် အသရေရှိသော မင်္ဂလာရထားတော်ထက် စီးနင်းတော်မူလျက် နတ်တို့ဆင်မြန်းသော အဆင်တန်ဆာနှင့် ကြီးကျယ်မြင့်မြတ်သော ကျက်သရေ မင်္ဂလာအပေါင်းခြံရံကာ မြို့တော်သို့ ဝင်လာတော်မူသည်ကို **ကိသာဂေါတမီမင်းသမီးမြင်၍**-

နိဗ္ဗုတာ နူန သာ မာတာ *(အဘိ၊ ၄၊ ၁။ ၇၆)* စသည်ဖြင့်---

- "ဩော်--- ဤကဲ့သို့ ကျက်သရေ မင်္ဂလာရှိသော သားကောင်းရတနာ မိခင်များမှာ ငြိမ်းချမ်းအေးမြကြပါတကား---
- ဤကဲ့သို့ ကျက်သရေမင်္ဂလာရှိသော သားကောင်းရတနာ ဖခင်များမှာ ငြိမ်းချမ်းအေးမြကြပါတကား---
- ဤကဲ့သို့ ကျက်သရေမင်္ဂလာရှိသော ယောကျ်ားမြတ် ရတနာလက်အောက်မှာ နေရသော မိန်းမများမှာ ငြိမ်းချမ်းအေးမြကြပါတကား"ဟု

လိုက်လိုက်လှဲလှဲ နှလုံးထဲမှာ ရှိသည့်အတိုင်း မြွက်ကြားဥဒါန်းထောပနာစကား ကြူးရင့်ခြင်းသည် အလောင်းတော်၏ စိတ်နှလုံးတော်၌ ထိခိုက်ကာ "ငြိမ်းချမ်းအေးမြ ကျက်သရေ

မင်္ဂလာရှိလှသော နိဗ္ဗုတာ-ဟု ကောင်းမြတ်သောစကား ယခုကြားရပေသည်။ ယနေ့ပင်လျှင် ငြိမ်းချမ်းအေးမြရာ နိဗ္ဗာန်ချမ်းသာမြတ်ကို ရှာဖွေအံ့”ဟူသော အလောင်းတော်မြတ်၏ အဓိဋ္ဌာန်ဆောက်တည်ချက်ကို ပိုမိုတိုးတက် ရင့်သန်စေတော်မူသဖြင့် “နိဗ္ဗာန-မင်္ဂလာ စကား မြွက်ကြားသူမှာ ဆရာပေတည်း၊ ဆရာအတွက် ချီးမြှောက်ထိုက်သည်”ဟု လည်တော်မှ ပုလဲသွယ်ကို ချွတ်တော်မူ၍ ဒုင်းကိသာဂေါတမီမင်းသမီးအား ပေးအပ်ချီးမြှင့်တော်မူလိုက်လေ၏။

ထို့နောက် အလောင်းတော်မြတ်သည် ကောင်းမြတ်တင့်တယ်တော်မူသော အသရေဖြင့် ရွှေနန်းပြာသာဒ်ပေါ်သို့ တက်တော်မူ၍ မင်္ဂလာရှိသော သလွန်တော်နေရာ ထက်၌ လျောင်းစက်နေတော်မူခိုက် နတ်သမီးများပမာ အဆင်တန်ဆာအမျိုးမျိုး အဆန်း တကြယ် ခြယ်လှယ်မွန်းမံလျက် ကြည့်ရှုနားထောင်သူတို့၏ စိတ်ဓာတ်ကို ငြိကပ်စွဲမြဲအောင် စွမ်းဆောင်နိုင်ကြသော အတီး အမှုတ် အဆို အက လိမ္မာကြသူ နန်းတော်သူမောင်းမ အပေါင်းတို့သည် တီးမှုတ်သီဆိုကြခြင်း အမျိုးမျိုးတို့ဖြင့် ဝန်းရံလျက် အစွမ်းကုန် ဖျော်ဖြေ ကြသော်လည်း အလောင်းတော်မြတ်၏ နိက္ခမဓာတ်ကို ရပ်စဲပြေငြိမ်းအောင် မစွမ်းဆောင် ကြသည့်အပြင် ပျော်မွေ့ဖွယ်ရာ ဤအာရုံအပေါင်းကိုပင် ကြီးကျယ်သော ဘေးကြီးဟု ထင်တော်မူလျက် သလွန်တော်ထက်၌ အိပ်စက်ပျော်သွားတော်မူလေ၏။

✪ ✪ ✪ ✪ ✪

## ကြီးကျယ်သော ဗိမာန်တော်ကို သုသာန်တစကဲ့သို့ ရှုတော်မူခြင်း

နတ်သမီးအသွင်အမျိုးမျိုး ဆင်ယင်ကြသော နန်းတော်သူအများတို့သည် အလောင်းတော်မြတ် ငြိုးငွေ့တော်မူလျက် အိပ်စက်တော်မူကြောင်း သိကြရသဖြင့် နတ်ဘုံ နတ်နန်းကြီးသဖွယ် ကြီးကျယ်ခမ်းနားစွာ ကျက်သရေမင်္ဂလာရှိလှသော ခမ်းမဆောင် ကြီးကို ဖျက်ဆီးနှောင့်ယှက်ကြသည့်အလား ဖရိုဖရဲ နန်းမဆောင်ကြီးတွင်းမှာ ကြဲလျက် ဖောက်လဲ ဖောက်ပြန် အိပ်ပျော်နေကြခိုက် အလောင်းတော်မြတ် နိုးတော်မူ၍ သလွန်တော်ပေါ်ထက် ထိုင်လျက် နေတော်မူစဉ် နန်တော်အတွင်း ထွန်းလင်းလျက်ရှိသော ဆီမီးရောင်အထဲမှာ ကြဲဖြန့်လျက် မနှစ်သက်ဖွယ်ရာ နန်းတော်သူများ၏ အိပ်စက်ဖြစ်ပျက်ပုံများသည် အလောင်း တော်မြတ်၏ စိတ်နှလုံး၌ သိကြားဗိမာန်သဖွယ် ဆန်းကြယ်လှသော နန်းတော်ကြီးကို ရွံမုန်းစက်ဆုပ် သုသာန်တစကဲ့သို့ ထင်မှတ် အောက်မေ့တော်မူသဖြင့်---

"ဩော်--- ကြောက်မက်ဖွယ်ရာ ဘေးရန်ကြီးပါတကား---

ကြောက်မက်ဖွယ်ရာ ရန်သူကြီးများ ဖိစီးနှိပ်စက်နေပါတကား"ဟု-

၃-ပါးသော ဘဝကြီးကို မီးပုံကြီးအလားကဲ့သို့ ဉာဏ်တော်မြတ်အား ထင်ရှားလာသည့်အတိုင်း ညည်းညူတော်မူလေ၏။

ဤကဲ့သို့ ထင်မြင် အောက်မေ့တော်မူခြင်းသည် ၎င်းတို့မှ လွတ်ကင်း၍ "အေးမြငြိမ်းချမ်း ရဟန်းအဖြစ်သည်သာလျှင် အမွန်အမြတ်ဆုံး"ဟု စိတ်တော်ကို ညွတ်ကိုင်းစေသဖြင့် "ယခုပင်လျှင် ဤထီးနန်းစည်းစိမ် အလုံးစုံကို ရွံမုန်းစွန့်ခွါဖို့ရန် သင့်လှပေသည်"ဟု နေရာတော်မှ ထလျက် တံခါးဘက်သို့ ကြွသွားတော်မူသောအခါ တံခါးခုံကို ခေါင်းအုံးလျက် အိပ်နေသော ဆန္နအမတ်ကို တွေ့၍ နှိုးတော်မူပြီးလျှင်---

"အမောင် ဆန္န---

ငါသည် ဤကြီးကျယ်သော ထီးနန်းစည်းစိမ်ကြီးအပေါ် ပျော်ပိုက်တော်မမူ၊ ဤထီးနန်းစည်းစိမ်ကြီးကို အပြီးတိုင် အဆုံးသတ် စွန့်ခွါလျက် တောထွက်တော်မူမည်၊ သို့ဖြစ်၍ ငါ၏စီးတော်မြင်း ကဏ္ဍကကို အဆောတလျင် ပြင်ရမည်"ဟု အမိန့်တော်ရှိ၍ ကဏ္ဍက မြင်းတော်ကို ကုန်းတော်တင်လျက် ပြင်ဆင်တော်မူလျှင် "ငါ့အရှင်၏အကျိုး နောက်ဆုံးသည်ပိုးခြင်းဖြင့် သည်ပိုးဆောင်ရွက်ရပေတော့မည်"ဟု မြင်းတော်ကလည်း အလွန်ဝမ်းမြောက်သည်နှင့် မြို့တော်အလုံး ပဲ့တင်ချုံးမျှ အားလုံးကြားရလောက်အောင် မြည်ဟည်းသော်လည်း နတ်အများတို့က တောထွက်တော်မူမည့် အကြံတော်ကို ကူညီရန် လူအများ မကြားနိုင်အောင် တန်ခိုးအားဖြင့် ပိတ်ပင်၍ ထားကြလေသည်။

✪ ✪ ✪ ✪ ✪

## သားတော် ရာဟုလာနှင့် မယ်တော်ကို နောက်ဆုံးကြည့်တော်မူခြင်း

ဆန္နအမတ်သည် စီးတော်မြင်းကို ပြင်ဆင်တော်မူခိုက် သားတော်ကို ရှုမြင်တော်မူလိုသောဆန္ဒ နှိုးဆော်၍ ရာဟုလာမယ်တော် တိုက်ခန်းသို့ ကြွမြန်းတော်မူပြီးလျှင် ခန်းတိုက်ဆောင်လယ်တွင် ထွန်းလင်းတောက်ပနေသော ဆီမီးရောင်အတွင်း ပန်းမွှေ့ရာအခင်းထက်၌ သားတော်မြတ်အပေါ် လက်တော်တင်လျက် အိပ်စက်နေသည်ကို မြင်တော်မူသောအခါ မယ်တော်နိုး၍ ကြံစည်တော်မူသောအကျိုး မပြီးမြောက်ဘဲ အန္တရာယ်ရောက်မည်ကို

မြင်တော်မူ၍သာ သားတော်မြတ်ကို ပွေ့ပိုက်ချီပိုးလိုသော အာသာတော်မြတ်ကို ချုပ်တည်းတော်မူလျက် တံခါးခုံမှာ ခြေတင်ကာ ရပ်တော်မူပြီးလျှင် သားတော်မြတ်ကို အားရအောင် ကြည့်ရှုတော်မူ၍ ပြန်လည်တော်မူခဲ့လေ၏။

✪ ✪ ✪ ✪ ✪

## ထွက်မြောက်တော်မူခြင်း

အလောင်းတော်မြတ်သည် ပြာသာဒ်ထက်မှ ဆင်းသက်တော်မူ၍ကဏ္ဍက မြင်းတော်ထက်ဝယ် စီးနင်းတော်မူပြီးလျှင် ဆန္နအမတ်ကို အဖော်ပြုကာ နတ်အပေါင်းတို့၏ စောင့်ရှောက် ခြံရံခြင်းနှင့်တကွ မြို့တော်တံခါးမ အနီးသို့ ညဥ့်ထက်ဝက် သန်းခေါင်ယာမ်လောက်မှာ ဆိုက်ရောက်တော်မူလာရာ အလောင်းတော်မြတ်၏ အမှတ်မရှိ အချိန်အခါမှာ လွယ်ကူစွာဖွင့်လှစ်၍ တောရပ်သို့ ချဉ်းကပ်ခြင်းကို တားမြစ်ရန် အလွန်လေးလံလှသော ယောက်ျား ၁၀၀၀-ခန့် ဖွင့်မှ ပွင့်နိုင်သည့် တံခါးမကြီး ပြုလုပ်ထားစေခြင်းကို အကျိုးမပြီး အချည်းနှီးဖြစ်စေလျက် တံခါးစောင့်နတ်များသည် တံခါးကို အခွင့်သင့်စွာ ဖွင့်လှစ်ထားကြသဖြင့် မြို့တံခါးမှ ထွက်တော်မူသည်တွင်---

မာရ်နတ်သည် ကောင်းကင်မှ ရပ်လျက်---

"**အရှင်မင်းသား**---

ယနေ့မှ နောက် ၇-ရက်မြောက်အကြာတွင် စကြာရတနာ ဆိုက်ရောက်၍ ၄-ကျွန်း လုံးကို အစိုးရတော်မူသော စကြာရတနာအရှင် ဘုရင်မင်းမြတ် ဖြစ်တော်မူပါလိမ့်မည်၊ အရှင်မင်းသား ပြန်လည်တော်မူပါ၊ ထွက်တော်မမူပါနှင့်"ဟု မြစ်တားကန့်ကွက် နှောင့်ယှက်ခြင်းကို---

"အို--- မာရ်နတ်မင်း---

ငါ့အား စကြာရတနာ ရောက်လာလိမ့်မည်ကို မသိ၍မဟုတ်၊ စင်စစ်အားဖြင့် မင်းအဖြစ်ကို စက်ဆုပ်မုန်းထား ဘုရားအဖြစ်ကိုသာလျှင် တောင့်တလျက် တောထွက်တော်မူခြင်းဖြစ်သည်"ဟု ငြင်းပယ်တော်မူလျက် ကပိလမြို့တော်မှ ထွက်တော်မူခဲ့လေ၏။

နတ်အများတို့သည် ထောင်ပေါင်းများစွာသော နတ်မီးရှူး မီးတိုင်များနှင့်တကွ နတ်၌ဖြစ်သော ပန်းနံ့သာတို့ဖြင့် ကြဲဖြန့်ပူဇော်ကာ နတ်တူရိယာ အမျိုးမျိုး တီးမှုတ်လျက် ထက်ဝန်းကျင်မှ လိုက်ပါခြံရံပြီးလျှင် အစဉ်သဖြင့် ထွက်တော်မူလာရာ ထိုညဥ့်တွင်းမှာပင်

**ကပ္ပိလ, ကောလိယ, ဒေဝဒဟတည်းဟူသော ၃-နိုင်ငံ** လွန်မြောက်၍ **အနောမာမြစ်ကမ်းသို့** ရောက်တော်မူသဖြင့် ၎င်းမြစ်ကမ်း၌ တန့်ရပ်တော်မူပြီး "ဤမြစ်ကား---အဘယ်မြစ်နည်း"ဟု ဆန္နအမတ်အား မေးတော်မူလျှင်-

"အရှင်သား---ဤမြစ်ကား **အနောမာ**ခေါ်ပါသည်"ဟု တင်လျှောက်သောအခါ "ငါ၏ ရဟန်းအဖြစ်သည်လည်း အတုမရှိ ဖြစ်လတ္တံ့" ဟု ဆင်ခြင်တော်မူပြီးလျှင် ၎င်းမြစ်တစ်ဖက်ကမ်းသို့ မြင်းတော်သည် ဆန္နအမတ်ပါ ခုန်ကျော်ဖြတ်သန်း ပို့ဆောင်တော်မူခဲ့လေ၏။

ထိုတစ်ဖက်ကမ်း၌ ငွေသားအသွင် ဖြူစင်သန့်ရှင်းသော သဲသောင်အခင်း၌ ရပ်တော်မူလျက်---

**"အို---ဆန္နအမတ်---**

ငါ၏ အဝတ်တန်ဆာတော်များနှင့် ကဏ္ဍကမြင်းတော်ကိုသာ ယူသွားလော့၊ ငါကား ဤမြစ်ကမ်းတွင်ပင် ရဟန်းပြုလျက် နေရစ်အံ့"ဟု အမိန့်တော်ရှိလိုက်လျှင်---

"ဘုရားကျွန်တော်လည်း အရှင့်သားနှင့်အတူလိုက်ပါ၍ ရဟန်းပြုပါအံ့"ဟု ဆန္နအမတ် လျှောက်ထားချက်ကို ၃-ကြိမ်တိုင် ပယ်တော်မူပြီးခါ အဝတ်တန်ဆာများနှင့်တကွ ကဏ္ဍကမြင်းတော်ကို အပ်နှင်းကာ လွှတ်လိုက်တော်မူလေ၏။ သို့ပါသော်လည်း မြင်းတော်မှာ အရှင်ကို လွမ်းဆွတ်တသ၍ မြင်ရသောအရပ်ကို ဖုံးကွယ်လျှင် မဆည်နိုင်သော သောကသည် ၎င်းဘဝကို ဆုံးရှုံးစေအောင် ပြုလုပ်သောအခါ ဆန္နအမတ်မှာ အရှင့်သားနှင့်လည်း ခွဲခွါ၊ မြင်းတော်မှာလည်း ဆုံးရှုံးလျက် ယူကျုံးမရ ၂-ထပ်သော သောကဖြင့် ဖိစီးနှိပ်စက်ခြင်းကို ခံယူရ၍ အထူးစိတ်အားညှိုးငယ်စွာ ကပိလပြည်တော်သို့ ပြန်လာရလေ၏။

✪ ✪ ✪ ✪ ✪

## ဆံတော်ပယ်ခြင်း

ပုလဲငွေသားသဖွယ် အလွန်သန့်ရှင်း စင်ကြယ်သော အနောမာ သဲသောင်ပေါ်တွင် ဆင်ခြင် စဉ်းစားတော်မူသည့်အတိုင်း "ဤဖီးလိမ်း ပြင်ဆင်ရခြင်းတည်းဟူသော ဆံပင်တို့၏ ဒုက္ခများသည် ရဟန်းတို့အား စင်စစ် မသင့်မလျော်"ဟု ထင်မြင်တော်မူသဖြင့် ကိုယ်တော်တိုင်ပင်လျှင် သန်လျက်ကို ညာလက်မှာ ကိုင်လျက် လက်ဝဲလက်ဖြင့် ဦးသျှောင်တော်ကို ကိုင်ပြီးကာ အသက်တော်နှင့်အမျှ လက် ၂-သစ်ခန့် တည်နေတော်မူလတ္တံ့ ဖြစ်သော ဆံတော်မြိတ်ကို ပယ်တော်မူပြီးနောက်---

"ငါသည် သစ္စာ ၄-ပါး တရားထူးကို ရလတ္တံ့ဖြစ်လျှင် ဤဆံပင်များသည် မြေပေါ်သို့ မကျဘဲ ကောင်းကင်မှာ တည်နေစေသတည်း"ဟု အဓိဋ္ဌာန်ပြု၍ ကောင်းကင်သို့ ··စ်တော်မူသောအခါ ---

နတ်များသေဋ္ဌနင်း သိကြားမင်းသည် ရတနာပန်းတောင်းဖြင့် အသင့်ခံယူပြီးလျှင် နတ်ပြည်သို့ ယူဆောင်၍ **စူဠာမဏိစေတီတော်မြတ်** တည်ထား ကိုးကွယ်တော်မူလေ၏။

ဧင်းနောက်---"ဤနူးညံ့သိမ်မွေ့လှသော ကာသိတိုင်းဖြစ် အဝတ်အထည်တို့ သည်လည်း ရဟန်းအဖြစ်နှင့် ဝတ်ရုံဖို့ရန် မသင့်မလျော်"ဟု ဆင်ခြင်တော်မူသောအခါ--

ကဿပဘုရားရှင် လက်ထက်တော်က မိတ်ဆွေတော်ဟောင်း ဖြစ်ခဲ့ဖူးသော **ဃဋိကာရ** ပြဟ္မာကြီးသည် ရဟန်းတို့အား လျောက်ပတ်သော ပရိက္ခရာ ၈-ပါး ဆောင်ယူ လှူဒါန်း၍ ရဟန်းအသွင် ဆင်ယင်ဝတ်ရုံကာ မြင့်မြတ်စွာ ရဟန်းပြုတော်မူခဲ့လေပြီ။

အလောင်းတော်မြတ်သည် မိမိရသော ရဟန်းအသွင်တော်ကို ဆင်ခြင်စဉ်းစား တော်မူလျက် **အနုပိယ**ခေါ် သရက်ဥယျာဉ်တွင် ၇-ရက်မျှ လွန်စေပြီးနောက် ယူဇနာ ၃၀-ကွာ ဝေးသော ရာဇဂြိုဟ်ပြည်သို့ ခြေကျင်ခရီးဖြင့် ကြွမြန်းတော်မူပြီးလျှင် မြို့သူမြို့သားတို့ အံ့အား သင့်စွာ ကောလာဟလ ဖြစ်စေလျက် အိမ်စဉ်တစ်လျှောက် အာဟာရအလို့ငှါ လှည့်လည် ဆွမ်းခံတော်မူသောအခါ ဤသို့ မမြင်စဖူး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဆွမ်းရပ်တော်မူသည်ကို ဗိမ္ဗိသာရဘုရင်မင်းမြတ် သိတော်မူ၍ နန်းရင်ပြင်တော်မှ ဖူးမျှော်လိုက်ရသဖြင့် ---

"ဤအရှင်ကား များစွာ အံ့ဩဖွယ်ရှိပေစွ၊ မဖြစ်စဖူး အထူးဖြစ်ပေစွ၊ ဤကဲ့သို့ ပုဂ္ဂိုလ်မြတ် ဆွမ်းရပ်တော်မူခြင်းမှာ မဖြစ်နိုင်ရာ"ဟု တွေးတောဆင်ခြင်ပြီးလျှင် အကျိုး အကြောင်းကို ကောင်းစွာသိရှိရန် မင်းလုလင်များကို စေခိုင်းကြည့်ရှု စုံစမ်းတော်မူစေ လေ၏။

အလောင်းတော် ဗောဓိသတ် ယောက်ျားမြတ် အာဇာနည်သည်လည်း မျှတ လောက်သော ဆွမ်းနှင့် ဝင်လမ်းကပင် ထွက်တော်မူ၍ ပဏ္ဍဝတောင်ခြေရင်း တစ်ခုသော ကျောက် ဖျာထက်မှာ မြို့သူမြို့သား သူဆင်းရဲများ လှူဒါန်းလိုက်သော သောင်းပြောင်းရောရာ ဤသို့ ယုတ်ညံ့လှသော အစာမျိုးမှာ မြင်ဖူးရုံမျှ မတွေ့မမြင်ဘူးသဖြင့် အထူးစက်ဆုပ် ရွံရှာဖွယ်သော ဘောဇဉ်၏ ယုတ်ညံ့သော အရသာကို လည်တော်ဆန့်ကာ ကိုယ်တိုင်တော် ဆုံးမမျိုသိပ်ချလျက် အရှေ့ဘက်သို့ မျက်နှာပြုကာ ဆွမ်းဘုဉ်းပေးတော် မူခိုက်မှာ မင်းခ ယောက်ျားများ ဖူးမျှော်ရသဖြင့် မင်းကြီးထံ အမြန်သံတော်ဦးတင်ကြသောအခါ မင်းကြီးလည်း သင့်တော်သော ယာဉ်ရထားဖြင့် လျင်စွာထွက်တော်မူပြီးလျှင် အကျိုးအကြောင်း

လျှောက်ထားပြီး ထီးနန်းစည်းစိမ်ဖြင့် ဖိတ်မန္တသည်ကို ပယ်တော်မူလျှင် "အရှင်ဘုရား သစ္စာ ၄-ပါး ထင်ရှားစွာ သိမြင်တော်မူပါက တပည့်တော်နိုင်ငံသို့ ပထမဦးစွာ ကြွလာတော်မူပါရန်" တောင်းပန် လျှောက်ထားသည်ကို ဝန်ခံကတိပြုတော်မူလေ၏။

✪ ✪ ✪ ✪ ✪

## အာဠာရ, ဥဒက ရသေ့တို့နှင့် တွေ့တော်မူခြင်း

ရာဇဂြိုဟ်ပြည်ကြီးမှ ခရီးဒေသစာ အစဉ်သဖြင့် ကြွတော်မူ၍ အရိယာတရား တော်မြတ် ရှာဖွေတော်မူသောအခါ ရှေးဦးစွာ **အာဠာရ ကာလာမ** ရသေ့နှင့် တွေ့တော် မူသဖြင့် "ငါ့ရှင် အဘယ်မျှသောတရားတို့ကို ကိုယ်တိုင်သိမြင် ဟောကြားပါသနည်း"ဟု မေးမြန်းတော်မူလျှင် ---

"အကြင်မျှလောက် အာကိဉ္စညာ စျာန်တိုင်အောင်ပြောကြား၍ ထိုမျှလောက် ၎င်းစျာန်တိုင်အောင် ကိုယ်တိုင်သိတော်မူကြောင်း"ကို ပြန်ကြားလျှင် ရသေ့ကြီးသည် အလွန် ပင်အံ့သြလျက် "ဆရာထားကာ ဂိုဏ်းတည်ထောင်ပါအံ့"ဟူသော ဖိတ်မန္တချက်ကို နှစ်သက် တော်မမူ "ဤမျှလောက်တရားဖြင့် ရာဂစသည်မှ ကင်းငြိမ်းကြောင်း"ဟု ယူတော်မမူဘဲ ရှောင်လွှဲထွက်ခွါ တရားကို ရှာဖွေတော်မူလေ၏။

ထို့နောက် ဤအရိယာတရား ရှာဖွေတော်မူကာ ဆက်လက် သွားလာတော်မူသော အခါ ဥဒက ရာမပုတ္တ ရသေ့ကြီးနှင့် တစ်ဖန် တွေ့တော်မူပြန်သောအခါ ---

"ရှေးကကဲ့သို့ အဘယ်တရား ကိုယ်တိုင် သိကြားပါသနည်း"ဟု မေးတော်မူသော အခါ---

ဥဒကရသေ့ကြီးကလည်း နေဝသညာ နာသညာ စျာန်တိုင်အောင် ပြောကြား၍ စကားဆုံးသည်နှင့် အညီအမျှ ၎င်းစျာန်ကို ရ၍ ရှေးနည်းအတိုင်း ဂိုဏ်းဂဏဖြင့် ဥဒက ရသေ့ကြီးက ဖိတ်မန္တသော်လည်း "ဤစျာန်သမာပတ် အဘိညာဉ်တရားတို့သည် စင်စစ် အားဖြင့် အာသဝေါ ကုန်ခန်းရာဖြစ်သော အာသဝက္ခယဉာဏ်, ဗောဓိဉာဏ်တော်သို့ ရောက်ရာ ရောက်ကြောင်း လမ်းကောင်း လမ်းမြတ် မဟုတ်သေး"ဟု ဆုံးဖြတ်တော်မူပြီးလျှင် ၎င်းဖိတ်မန္တချက်ကို လက်မခံဘဲ ရှောင်လွှဲထွက်ခွါ၍ "မိမိ၏ အဆုံးစွန်သော လုံ့လတော်မြတ် ဖြင့် ရှာဖွေမှသာ တရားဓာတ်အမှန် ပေါက်ရောက်၍ စင်စစ် အေးငြိမ်းရာသို့ ရောက်တော့

မည်"ဟု ဆုံးဖြတ်တော်မူကာ ဆက်လက်၍ အရိယာတရား ရှာဖွေလျက် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှါ လျောက်ပတ်သောဒေသ ရှာဖွေတော်မူရလေသတည်း။

✪ ✪ ✪ ✪ ✪

## ဥရုဝေလတော၌ ပဥ္စဝဂ္ဂီ
## ၅-ဦးတို့နှင့် တွေ့ခြင်း

ထိုသို့ လျောက်ပတ်တင့်တယ်အပ်သောနေရာ အစဉ်သဖြင့် ရှာဖွေရာ ဒေသေနနိဂုံးအနီး ဥရုဝေလတောကြီးသို့ ရောက်တော်မူ၍ ကြည်လင်အေးမြ စိုပြေလှသော မြေမျက်နှာနှင့် သာယာစိမ်းလန်းလှသော တောတန်းတောအုပ် ပိတ်ဆည်းလျက် ဆိပ်ကြီး ဆိပ်ငယ် တင့်တယ်သော ဆိပ်ကမ်းများနှင့် ပြည့်စုံသော မြစ်ရေအလျဉ် တသွင်သွင် စီးဆင်းလျက် သွားခြင်း ပြန်ခြင်း အလျှင်းမဝေးလှသည့် ဆွမ်းခံရွာလည်း ထက်ဝန်းကျင်အနီးနားမှာ ရှိသဖြင့် "တရား ရှာ၍ ကျင့်ကြံအားထုတ်လိုသောသူများ သင့်တင့်ပေစွ"ဟု စိတ်တော်၌ ဆင်ခြင်တော်မူပြီး လျှင် ထိုတောအုပ်မှာပင် နေတော်မူကာ တရားအားထုတ် ရှာဖွေတော်မူခဲ့လေ၏။ ထိုသို့ နေတော်မူခိုက် ကောဏ္ဍညအမျိုးရှိသော ၅-ဦးသော အရှင်တို့သည်လည်း အလောင်းတော်မြတ်ကို ရည်မှန်း၍ ရသေ့ရဟန်းပြုပြီး ထိုထိုအရပ်သို့ လှည့်လည်ကာ တရားကောင်း တရားမြတ်ရှာဖွေရင်း အလောင်းတော်မြတ်ထံသို့ ချဉ်းကပ် ရောက်လာကြလျှင် မှန်ကန်ကောင်းမြတ်သော တရားထူးကို လက်ဦးကြားနာ၍ ရှေးဦးစွာ မဂ်ဖိုလ်ရသဖြင့် အမတအမြိုက် အရသာ စားသုံးရန် ရည်သန်ကြသောစိတ်ထား, ကြီးမားသောဆန္ဒများဖြင့် မျှော်လင့်ကြကာ ပြည့်စုံစွာသော ဝတ်ကြီးဝတ်ငယ်တို့ဖြင့် အနီးဝယ် နေထိုင်ကြကုန်၏။

အလောင်းတော်မြတ်သည်လည်း "အားသည်းသောလုံ့လတော်ဖြင့် အထွတ်အထိပ်ရောက်အောင် အဆုံးစွန် အားထုတ်ပေအံ့"ဟု ခိုင်ကြံ့သော နှလုံးတော်မြတ်ကို ဆောက်တည်တော်မူလျက် ကမ္ဘာ၏ ကျက်သရေကို ဆောင်နိုင်တော်မူပေသော ၃၂-ဖြာ ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးများအပြင် ၈၀-သော လက္ခဏာတော်ငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်ကြည်လင် ရွှေစင်အတိဖြစ်သော အသားအရေတော်မြတ်ကို ညှိုးမှိန်ခြောက်ခန်း ပျောက်ခမန်းမျှ ဖြစ်စေလျက် နှမ်းတစ်စေ့ ဆန်တစ်လုံးမျှဖြင့် တစ်နေ့လုံး ရောင့်ရဲတော်မူခြင်းမှတပါး အခြားသော အာဟာရမရှိဘဲ ထူးကဲလွန်မြတ်သော ဝီရိယဓာတ် အစာကို ဖြတ်ပြီးလျှင် ငြိုငြင်ခဲယဉ်းစွာ ကိလေသာမှ လွတ်မြောက်ကြောင်းတရား အားထုတ်တော်မူခဲ့လေ၏။

ဤသို့ ဆင်းရဲပြိုပြင်စွာ ကျင့်ကြံ၍ တစ်ခါတစ်ရံ၌ သတိတော်မရဘဲ လဲနေတော်မူလောက်အောင် အလွန်အပြင်းအထန် အပင်ပန်းခံလျက် ၆-နှစ်တိုင်တိုင် တရားထူး တရားမြတ်ကို အားထုတ်ရှာဖွေပါသော်လည်း အထွတ်အထိပ်ဖြစ်သော ဝီရိယတော်၏ အကျိုးတရား များ ခံစားတော်မမူရဘဲ "ဤမျှ ခဲယဉ်းလှစွာသော ကျင့်ဝတ်တရားများသည် စင်စစ်အားဖြင့် ဘုရားဖြစ်တော်မူကြောင်း လမ်းကောင်းလမ်းမှန် မဟုတ်"ဟု ဆုံးဖြတ်တော်မူပြီးလျှင် ပြိုပြင်ပင်ပန်းသော ကိုယ်တော်မြတ်၏ ခန္ဓာတော်ဒြပ်ကို စောင့်ရှောက်တော်မူရန် တစ်ဖန် အာဟာရတို့ကို ရှာဖွေမျှတသောအခါ ၃၂-ဖြာသော လက္ခဏာတော်နှင့်တကွ ရူပကာယ တော် ကြည်လင်လာတော်မူခဲ့လေ၏။ ဤသို့ ရူပကာယတော်ကြည်လင် အာဟာရဓာတ် ဖြည့်အပ်သည်ကို ပဉ္စဝဂ္ဂီ ၅-ဦးတို့ တွေ့မြင်ရလျှင် "ဆင်းရဲပြိုပြင်စွာ ၆-နှစ်ကြာအောင် အာဟာရတော်ဖြတ် အားထုတ်အပ်ပါလျက် လေးနက်လှစွာသော သဗ္ဗညုတဉာဏ်တော်ကို မရနိုင်ဘဲ ဝဖြိုးကြည်လင် ကောင်းမြတ်သော ဘောဇဉ်စားသောခါ ဤခန္ဓာတော်ဒြပ်ဖြင့် အဘယ်မှာ တရားကောင်း ရနိုင်လတ္တံ့နည်း"ဟု အမှားဆုံးဖြတ်ပြီးလျှင် ၎င်း ၅-ဦးသားတို့မှာ အလောင်းတော်မြတ် ထံတော်ပါး၌ ခစားဆည်းကပ်ခြင်းမှ ထွက်ခွါ၍ ၁၈-ယူဇနာကွာဝေးသော ဗာရာဏသီမြို့တော်ကြီး၏အနီး ဣသိပတန မိဂဒါယခေါ် ရသေ့သူတော်မြတ်တို့ သက်ဆင်းရာ မိဂဒါဝုန်တောသို့ မိမိတို့ ပရိက္ခရာတို့ကို ယူ၍ မြန်းကြွကြလေ၏။

✪ ✪ ✪ ✪ ✪

## အိမ်မက်ကြီး ၅-ပါး မြင်မက်တော်မူခြင်း

ပဉ္စဝဂ္ဂီ ၅-ဦးတို့သည် မိဂဒါဝုန်တောသို့ ထွက်ခွါသွားကြပြီးနောက် ကဆုန်လပြည့် အဖိတ်နေ့သို့ ရောက်သောအခါ ညဉ့်ကာလ၌ ခမ်းနားကြီးကျယ်သော သဗ္ဗညုတဉာဏ်တော်ကြီးကို ရဖို့ရန် မင်္ဂလာဖြစ်သော နိမိတ်ကြီးများ အိပ်မက်တော်တွင် ထင်ရှားပေါ်လာကြကုန်၏။ ၎င်းတို့မှာ---

### ပထမအိပ်မက်တော်

၁။ အထွတ်အထိပ်ဖြစ်သော သဗ္ဗညုတဉာဏ်တော်မြတ်ကြီး၏ ခမ်းနားကြီးကျယ်သော အသရေတော် တန်ခိုးတော်သည် တစ်ကမ္ဘာလုံး လွှမ်းမိုးအုပ်ချုပ်ရန် နိမိတ်တော် အဖြစ်ဖြင့်-

နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးကို အိပ်ရာပြုလုပ်၍ ရှစ်သောင်းလေးထောင် အမြင့်ရှိသော မြင်းမိုရ်တောင်မင်းကို ခေါင်းအုံးလျက် လက်တော် ၂-ဖက်ကို အရှေ့, အနောက် သမုဒ္ဒရာ၌ ထားပြီးလျှင် တောင်သမုဒ္ဒရာ၌ ခြေတော်မြတ် ထားတော်မူရကြောင်း ပထမအိပ်မက်တော်မြတ် ထင်ရှားစွာ မြင်မက်တော်မူလေ၏။

## ဒုတိယအိပ်မက်တော်

၂။ ကြီးကျယ်မြင့်မားသော သဗ္ဗညုတဉာဏ်တော်တည်းဟူသော ဥဒည်းတောင်ထွတ်သို့ တက်ရောက်တော်မူ၍ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့အား တရားတော် ထင်ရှားစွာ ပြတော်မူလတ္တံ့ဖြစ်သော နိမိတ်တော်အဖြစ်ဖြင့်-

ထွန်တန် ပမာဏ သဏ္ဌာအဆင်းရှိသော သမန်းမြက်ပင်ကြီးသည် မြအဆင်းသဏ္ဌာန် ရှိသော အရွက်များဖြင့် တင့်တယ်စေလျက် တစ်တောင် တစ်လံမှစ၍ ယူဇနာပေါင်းများစွာ ကောင်းကင်ထက်သို့ ကြည့်ရှုတော်မူရင်းပင် တက်ပြီး ကြီးပွားခြင်းသို့ရောက်သော ဒုတိယ မင်္ဂလာ အိပ်မက်တော် မြင်မက်တော်မူခဲ့လေ၏။

## တတိယအိပ်မက်တော်

၃။ လောကဓာတ် အပေါင်းရှိ များစွာသော အရပ်တို့မှ လာရောက်ကြကုန်သော လူ, နတ်, ပြဟ္မာ, သတ္တဝါ အပေါင်းတို့၏ အားထားမှီခိုရာ အစစ်ဖြစ်တော်မူလတ္တံ့ သော နိမိတ်တော် အဖြစ်ဖြင့် -

အရပ် ၄-မျက်နှာမှ ဖွေးဖွေးဖြူသော ကိုယ်နှင့် မည်းနက်သော ဦးခေါင်းရှိကြ ကုန်သော ပိုးကောင်ငယ်များတို့သည် ပတ်လည်ဝန်းကျင် ရောက်လာကြသည့်အပြင် ခြေဖျား တော်မှ စ၍ ဒူးတော်သို့တိုင် ရောက်အောင် တက်လာကြသည်-ဟု တတိယအိပ်မက်တော် မြင်မက်တော်မူခဲ့လေ၏။

## စတုတ္ထအိပ်မက်တော်

၄။ ခတ္တိယ, ပြာဟ္မဏ, ဝေဿ, သုဒ္ဒ-ဟု ဆိုအပ်သော ဇာတ်အမျိုးမျိုးတို့မှ အဆုံးမ သာသနာတော်မြတ်အောက်သို့ သက်ဝင်ကြ၍ ဟောပြတော်မူသော ဝိနယဓမ္မ တရားတော်အတိုင်း ရဟန်းပြုကြပြီးလျှင် အတုမရှိ လွတ်မြောက်ခြင်း ရကြလတ္တံ့ ဖြစ်သော နိမိတ်တော် အဖြစ်ဖြင့်-

အရပ် ၄-မျက်နှာမှ လာရောက်ကြကုန်သော အဆင်း အရောင် အဆန်းတကြယ် အမျိုးမျိုးရှိကြကုန်သော ငှက်အပေါင်းတို့သည် ရှင်တော်မြတ်ခြေတော်ရင်းသို့ ရောက်ကြသည်နှင့် တပြိုင်နက် ပုလဲအသွင် ဖွေးဖြူစင်ကြယ်လာသည်ကို အိပ်မက်တော်တွင် ထင်ရှားမြင်မက်တော်မူခဲ့လေ၏။

## ပဉ္စမ အိမ်မက်တော်

၅။ ကမ္ဘာအဆက်ဆက်က ဖြည့်ဆည်းဖူးတော်မူခဲ့သော ပါရမီတန်ခိုးတော်ကြောင့် အမျိုးမျိုးသော လူအပေါင်းတို့ လှူဒါန်းပူဇော်အပ်သော ပရိက္ခရာ အသုံးအဆောင်တို့သည် မရေမတွက်နိုင် ပေါများသော်လည်း နှလုံးတော်၌ သက်ဝင် ခင်မင်တွယ်တာငြိကပ်ခြင်းမရှိဘဲ ပရိယေဋ္ဌိဒုက္ခစသည်တို့ကို ပညာဖြင့်ဆင်ခြင် သုံးသပ်တော်မူလျက် သုံးစွဲတော်မူလတ္တံ့ ဖြစ်သော နိမိတ်တော်အဖြစ်ဖြင့်-

ကြီးမားမြင့်မောက်သော စက်ဆုပ်ဖွယ်ရာ မစင်အတိပြီးသော တောင်ကြီးအပေါ်၌ ကိုယ်တော်မြတ်ကို လိမ်းကပ်ညစ်ပေခြင်းမရှိဘဲ အခေါက်ခေါက် အခါခါ အဖန်ဖန် စင်္ကြံတော်လျှောက်တော်မူရကြောင်း ပဉ္စမဖြစ်သော မင်္ဂလာအိမ်မက်တော် မြင်မက်တော်မူခဲ့လေ၏။

ဤသို့ မင်္ဂလာ အိမ်မက်တော်ကို မြင်မက်တော်မူပြီးလျှင် သန့်ရှင်းကြည်လင်စွာ နံနက်၌ နိုးကြားတော်မူလျက် ၎င်းအိမ်မက်တော်များကို သုံးသပ်ဆင်ခြင် ဧကန်ပင် မြင့်မြတ်သော တရားကို ရတော်မူ၍ သဗ္ဗညုတဉာဏ်တော် ဥဒည်းတောင်ထိပ်သို့ ရောက်တော်မူ ကာ "သတ္တဝါများတို့၏ အားထားရာအစစ် ဖြစ်ပေတော့အံ့"ဟု ဝမ်းမြောက်စွာ တရားနှင့် သက်ဝင်ကာ နေတော်မူလေ၏။

✪ ✪ ✪ ✪ ✪

## သူဌေးသမီး သုဇာတာ

## နို့ဆွမ်းကပ်လှူခြင်း

ထိုစဉ်အခါက အလောင်းတော်သည် မြင့်မြတ်သော အကျင့်မြတ် အားထုတ်ကျင့်ကြံရာ ဥရုဝေလတောကြီးအနီး သေနမည်သော ရွာနိဂုံးကြီး၌ သူဌေးသမီး သုဇာတာသည် ငယ်စဉ်သမယ မိမိအရွယ်နှင့်ပြည့်စုံစက တောလုံးအရှင် စည်ပင်ကြီးမားသော ညောင်ပင်ကြီးအား "အကယ်၍ အမျိုးဇာတ်တူသော အရှင်သခင် အိမ်သို့ရောက်ရ၍ ပထမသားဆု

ရတနာ ရခဲ့ပါလျှင် အရှင်နတ်မင်းအား နှစ်စဉ်အမြဲ တစ်သိန်းတန် စွန့်ကြ၍ နတ်ပွဲကြီး ပြုလုပ်ပါမည်"ဟု ဆုတောင်း ပန်ထွာခဲ့သည့်အတိုင်း အလိုဆန္ဒ ပြည့်ဝသည်နှင့်

- နွားမတစ်ထောင်မှ နို့ကို ၅၀၀-သို့ တိုက်ကျွေးလျက်
- ၎င်းငါးရာမှ ထွက်သော နို့ကို ၂၅၀-သို့ တိုက်ကျွေး၊
- ဤသို့ အဆင့်ဆင့်အားဖြင့် ၈-ကောင်သို့ ကျအောင် တိုက်ကျွေးပြီးလျှင် ဤ ၈-ကောင်မှ စင်ကြယ်သောနို့အထဲမှာ အမွှေးအကြိုင် အနံ့အရသာ အမျိုးမျိုးထည့်စွက်သည့်ပြင် နတ်, ပြဟ္မာ အပေါင်းတို့ကလည်း ကောင်းမြတ်သော နတ်သုဒ္ဓါတို့ကို သွန်းလောင်းဖြည့်စွက်ကာ အလွန်မွန်မြတ်စွာသော နို့ယနာဆွမ်းကို စီရင်လျက် ထိုညောင်ပင်စောင့်နတ်ကြီးအား ပူဇော်မည်ပြုလုပ်နေသော မင်္ဂလာနေ့ကြီးသည် လောကထွတ်ထား ဘုရားဖြစ်တော်မူလတ္တံဖြစ်သော ကျက်သရေမင်္ဂလာနှင့် ပြည့်စုံစွာသည့် နိမိတ်တော် ၅-ချက် အိမ်မက်တော်တွင် ထင်မြင်တော်မူသည်ကို ဆင်ခြင်စဉ်းစားကာ ထိုညောင်ပင်ရင်းသို့ ချဉ်းကပ်သော အခါသမယ ကဆုန်လပြည့်နေ့နှင့် ကြုံကြိုက်တော်မူလေ၏။

ပြဟ္မာကြီးသည် ထီးဖြူမိုးကာလျက် သိကြားမင်းကိုယ်တိုင်ပင် မီးများကို ကြည့်ရှုပြီးလျှင် နတ်မင်းကြီး ၄-ပါးတို့သည်လည်း အရပ် ၄-မျက်နှာမှ စောင့်ရှောက်ကြ၍ များစွာသောနတ်အပေါင်းတို့သည်လည်း ကောင်းမြတ်သော နတ်သြဇာအမျိုးမျိုး ထည့်စွက်ကြခြင်းများဖြင့် အထူးတလည် မည်သည့်အခါမှ မကြုံခဲ့ဖူးသော အံ့သြဖွယ်များ တွေ့မြင်ရခြင်းများသည် သုဇာတာသူဌေးသမီးကို များစွာအားရနှစ်သိမ့်စေလျက် ပုဏ္ဏမည်သော ကျွန်မအား ပူဇော်ဖွယ် အခင်းအကျင်း ညောင်ပင်ရင်း၌ ပြုပြင်စီရင်ရန် လွှတ်လိုက်သည့်အတိုင်း သွား၍ ညောင်ပင်နားသို့ ရောက်သောအခါ ကျက်သရေမင်္ဂလာရှိသော အိမ်မက်တော်အရ "ယနေ့၌ကား ငါသည် ခဲယဉ်းစွာ ရှာဖွေရသော တရားတော်မြတ်၏ အထွတ်အထိပ်သို့ ဧကန်မုချ ရောက်ရပေတော့အံ့ "ဟု နှလုံး၌ ပြုတော်မူပြီးလျှင် ကိုယ်တော်မှ ထွက်သော အရောင်တော်သည် ညောင်ပင်ကြီးအလုံးကို ဖုံးအုပ်ပြန့်နှံ့စေလျက် အာဟာရအတွက် ကြွတော်မူရန် အချိန်ငံ့လင့်နေသော အလောင်းတော်မြတ်ကို ဖူးတွေ့ရ၍ ဝမ်းမြောက်အံ့သြခြင်းနှင့်တကွ အရှင်မ သူဌေးသမီး သုဇာတာအထံသို့ အမြန်သွားပြီးလျှင် "ယနေ့ အရှင်နတ်မင်းကြီးမှာ ညောင်ပင်ရင်းသို့ ကိုယ်တိုင်သက်ဆင်း၍ အရှင်မ၏ ပူဇော်ခြင်းကို ခံယူရန် စောင့်ဆိုင်းနေပါသည်"ဟု အားရဝမ်းသာစွာ ပြောဆိုလေ၏။

အထူးနှစ်သက်ခြင်းကို ပေးတတ်သော ကျွန်မပုဏ္ဏ၏စကားကို ဝမ်းမြောက်ဝမ်းသာစွာနှင့်ကြား၍ အဆန်းတကြယ် စီခြယ်မွမ်းမံအပ်သော တစ်သိန်းတန်ရွှေခွက်ဖြင့် ယနေ့ ထူးမြတ်သော ပူဇော်ခြင်းကို ပြုရမည်-ဟု ရွှေခွက်ကိုထုတ်၍ နံ့သာရေများဖြင့် ဆေးကြော စင်ကြယ်စေပြီးလျှင် အမွန်အမြတ်ဆုံး စီရင်အပ်သော နို့ယနာကို သွန်းလောင်းလိုက်

သောအခါ ပဒုမ္မာကြာဖက်ပေါ်တွင်ရှိသော ရေပေါက်ကဲ့သို့ အကြွင်း အကျန်မရှိဘဲ အကုန်အစင် လျှောကျသည်ကို မြင်ရသောကြောင့် အတိုင်းထက်အလွန် နှစ်သက်ရွှင်ပြသော စိတ်နှလုံးဖြင့် ကောင်းမြတ်စင်ကြယ်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ပြီး ကိုယ်တိုင်ပင် ရွှေခွက်ကို ရွက်၍ ညောင်ပင်ရင်းသို့ ချဉ်းကပ်ကာ နတ်မင်းကြီး ဟူသော အမှတ်ဖြင့် အလောင်းတော်မြတ်အား ရွှေခွက်ပါ ဆက်ကပ်လေ၏။

ကောင်းမြတ်သော နို့ယနာနှင့်တကွ အဖိုးထိုက်လှစွာသော ရွှေခွက်ကို ခံယူတော်မူ၍ နေရဉ္စရာမြစ်ကမ်းသို့ ချဉ်းကပ်ပြီးလျှင် ရှေးအလောင်းတော်မြတ်တို့၏ ရေသုံးသပ်တော်မူရာဌာန သုပ္ပတိဋ္ဌဆိပ်ကမ်း၌ ကိုယ်တော်မြတ်ကို သန့်စင်စေတော်မူပြီးနောက် ၇-ရက်, ၇-လီဖြစ်သော နေ့တို့ပတ်လုံး ဗောဓိမဏ္ဍလ အာဟာရအတွက် မျှတတော်မူလတ္တံ့သော ပဏာမ အဖြစ်ဖြင့် ၄၉-လုပ်မျှ ၎င်းမြစ်ကမ်းသာ သင့်တင့်သောနေရာမှာ ဘုဉ်းပေးတော်မူပြီးလျှင် "ယနေ့ပင် သစ္စာ ၄-ပါး မြတ်တရားကို ထင်ရှားစေကန် သိစွမ်းနိုင်ပါမူ ဤရွှေခွက်သည် ရေညာသို့ ဆန်တက်စေသတည်း"ဟု ဓိဋ္ဌာန်ပြုတော်မူ၍ မျှောလိုက်ရာ ရွှေခွက်တော်မှာ ရေညာသို့ ဆန်တက်သဖြင့်-

"ဘဝပေါင်းများစွာ ရှာမှီးဆည်းပူးလာခဲ့သော မြတ်သော ဗောဓိဉာဏ်တော်မှာ ယခုအခါ၌ ဧကန္တ ငါ၏ ဆန္ဒတော်အတိုင်း ဖြစ်လတ္တံ့ ပြည့်စုံလတ္တံ့"ဟု ၎င်းနေရဉ္စရာ ကမ်းနား၌ပင် ပီတိသုခ ခံစားလျက် နေ့သန့်စင်တော်မူလေ၏။

ဤသို့ အေးငြိမ်းချမ်းသော ကမ္ဘဋ္ဌာန်းတို့ဖြင့် နေ့အဖို့ ကုန်ခန်းစေပြီးနောက် အေးချမ်းသာယာသော ညနေချမ်းအခါသမယ ပန်းအမျိုးမျိုး ကြွေချိန်သို့ ကျရောက်သောအခါ နတ်အပေါင်းတို့သည် ကောင်းမွန်စွာ သုတ်သင်လျက် တန်ဆာဆင်အပ်သော လမ်းဖြင့် နတ်, ဗြဟ္မာ အများတို့၏ ပန်းနံ့သာနှင့် တူရိယာအမျိုးမျိုးတို့ကို ကြဲဖြန့်တီးမှုတ် ပူဇော်ကြသည့်အတွင်း ခြင်္သေ့မင်းပမာ မဟာဗောဓိမဏ္ဍိုင်ဟု ဆိုအပ်သော သစ္စာ ၄-တန် ဧကန် သိရှိတော်မူမည်ဖြစ်သော နေရာဌာနဖြစ်သည့် ဗုဒ္ဓဟေ ရွှေညောင်ပင်မြတ်သို့ ကြွသွားတော်မူခိုက် အမျိုးဇာတ်အားဖြင့် သောတ္ထိယမည်သော မြက်ရိပ်သမားတစ်ယောက်သည် ကောင်းမြတ်နုပျို စိမ်းစိုလှသော မြက် ၈-ဆုပ်ဖြင့် အခင်းပြုလုပ်တော်မူရန် လျှူဒါန်းပူဇော်သည်ကို ၎င်းအား အကျိုးများစေခြင်းငှါ အလှူခံလာတော်မူပြီးလျှင် ဗောဓိပင်အနီးသို့ ချဉ်းကပ်တော်မူသောအခါ-

- တောင်မျက်နှာမှ ဗောဓိပင်ရင်းသို့ ဝင်မည်ပြုတော်မူသည်တွင် မြေအပြင်သည် စောင်းအံ့သကဲ့သို့ ထင်တော်မူသဖြင့်-

- ၎င်းမျက်နှာမှ လက်ယာရစ် လာတော်မူကာ **အနောက်မျက်နှာ, မြောက်မျက်နှာတို့မှ** ဝင်မည်ပြုပါသော်လည်း ရှေးနည်းအတူ ထင်မှတ်တော်မူလျက်-

- **အရှေ့မျက်နှာအရပ်သို့** ချဉ်းကပ်တော်မူမှ သစ္စာ ၄-ပါး မြတ်တရား ထင်ရှားသိမြင်ရာ ဌာန အစစ်အမှန်ဖြစ်၍ မစောင်းမငဲ့ တည်နေသဖြင့် ဗောဓိပင်ရင်းသို့ ချဉ်းကပ်တော်မူပြီးကာ မြက် ၈-ဆုပ် ကြဲဖြန့်လိုက်သော နေရာ၌ ကမ္ဘာပေါင်းများစွာက ဆည်းပူးတော်မူလာခဲ့သော ပါရမီအပေါင်းတို့သည် မခံမရပ်နိုင်ဘဲ ထူးကဲကောင်းမြတ်စွာ နတ်, ဗြဟ္မာတို့ မပြုလုပ် မဖန်ဆင်းနိုင်သော ၁၄-တောင်ရှိ ပလ္လင်တော်မြတ်ကို ထိုခဏပင် မြေပေါ်မှ ပေါ်ပေါက်လာအောင် အကျိုးတရား ထင်ရှားဖြစ်စေကုန်၏။

✪ ✪ ✪ ✪ ✪

## မာရ်စစ်သည်ကို အောင်တော်မူခြင်း

အလောင်းတော်မြတ်သည် အရှေ့မျက်နှာသို့ ရှေးရှု ဗောဓိပင်ကို အမှီပြုကာ နေတော်မူပြီးလျှင်---

"ငါ၏ အရေ, အကြော, အရိုး, အသား အားလုံး ခြောက်သွေ့သွားသော်လည်း ဉာဏ်တော်အပေါင်းတို့၏ အထွတ်အထိပ်ဖြစ်သော သဗ္ဗညုတဉာဏ်တော်သို့ မရောက်လျှင် ငါသည် ဤပလ္လင်ကို မဖျက်တော့အံ့"

ဟု အဓိဋ္ဌာန်ပြုတော်မူကာ မိုးကြိုးအရာမက ဖြိုခွင်းချသော်လည်း မပျက်ကောင်းသော အမြဲအမြန်ဆုံးသော ထက်ဝယ်ပလ္လင်တော်မြတ်ဖြင့် နေထိုင်တော်မူပြီးလျှင် တစ်သောင်းသောစကြဝဠာမှ နတ်, ဗြဟ္မာအပေါင်းတို့သည် အလောင်းတော်မြတ်အား ကောင်းချီးပေးလျက်---

- ဝိဇယုတ္တရ ခရုသင်းကြီးကို သိကြားမင်း ကိုယ်တိုင်မှုတ်ကာ

- ကာလနဂါးမင်းသည် ဂုဏ်တော်ပေါင်းများစွာဖြင့် ချီးကျူး၍

- ဗြဟ္မာမင်းလည်း ထီးဖြူတော်ကို ဆောင်းမိုးလျက်-

များစွာသော ကြက်သရေအပေါင်း ခြံရံနေခိုက် မိုက်မဲလှသော မာရ်နတ်သည် ကြမ်းကြုတ် ရက်စက်လှသော ၎င်း၏ပရိသတ်များနှင့်တကွ လက်ရုံးတစ်ထောင်မှာ များစွာသော လက်နက်အမျိုးမျိုးစွဲကိုင်ကာ နာဠာဂီရိအမည်ရှိသော ဆင်ကြီးကို စီးပြီးလျှင် အလောင်း

တော်မြတ်ကို ဖျက်ဆီးမည့်အပြင် ပလ္လင်တော်ကို လုယူရန် လာသော်လည်း အလွန်မြင့်မြတ်တော်မူသော ပါရမီလက်နက်တော် ဒိုင်းကာအများတို့သည် ကြမ်းကြုတ်ရက်စက်လှစွာသော မာရ်နတ်စစ်သည်အပေါင်းတို့အား တွန်းလှန်ဖြိုဖျက်သဖြင့် မျက်နှာပြုရာ အရပ်မျက်နှာတို့သို့ ကစဥ့်ကရဲ ရှောင်လွှဲ ထွက်ပြေးစေကုန်၏။

ဤကဲ့သို့ ကမ္ဘာကျိုးမတတ် အရပ်မျက်နှာအလုံးကို လွှမ်းမိုးလျက် ချီတက်လာသော မာရ်စစ်သည်ထုကြီးကို နက်နဲသိမ်မွေ့စွာသော ပါရမီတန်ခိုးတော်ဖြင့် လွှမ်းမိုး အောင်မြင်တော်မူခြင်းကို တစ်သောင်းသောစကြဝဠာမှ လာရောက်ကြသော နတ်, ပြဟ္မာအပေါင်းတို့သည် အလောင်းတော်မြတ်အား ကောင်းချီးပေးကြလျက် အထောင်မကသော မင်္ဂလာစကားတို့ဖြင့် မြွက်ကြားချီးကျူးပြီးလျှင် နတ်ဥဩဖြစ်သော ပန်းနံ့သာတို့ဖြင့် ပူဇော်ကြသော အချိန်မှာ သန္တာအသွေး နီတွေးသော ဗောဓိအညွန့်တို့သည် အလောင်းတော်မြတ်အား ပူဇော်သော အလား သင်္ကန်းတော်ပေါ်မှာ ကျလျက် အထောင်မကသော အရောင်တို့ဖြင့် ထွန်းလင်းတောက်ပသော နေမင်း၏ အရောင်တို့သည် ညဥ့်ဘက်သို့ နီးသဖြင့် တဖြည်းဖြည်း မှေးမှိန်ကာ သာယာအေးချမ်းသော ညနေချမ်း အချိန်အခါသမယ ဖြစ်လေ၏။

✪ ✪ ✪ ✪ ✪



ဣသိပတန မိဂဒါယ ဓမ္မစက္ကစေတီ



အသောက ကျောက်တိုင် ဩသိပတန မိဂဒါယ

## ပဥ္စမ ဝိဇ္ဇာဉာဏ်တော်

ငင်းနောက် မလျှော့သော လုံ့လတော်မြတ်ဖြင့် ဆုတ်နစ်တွန့်တိုခြင်းမရှိဘဲ သတိတရား ရှေ့သွားပြုတော်မူကာ အေးချမ်းလှစွာသော ကိုယ်တော်မြတ်နှင့် စိတ်နှလုံးတော်ဓာတ် တည်ကြည်ငြိမ်းသက်တော်မူသောအခါ-

- လိုချင်တပ်မက်သော ကာမတရားတို့မှ ကင်းဆိပ်၍ အကုသိုလ်တရားတို့မှ ကင်းငြိမ်းသော သမထအာရုံကိုသာ ဆင်ခြင်စဉ်းစားခြင်း ဝိတက် ဝိစာရနှင့်တကွ ငြိမ်သက်တည်ကြည်ခြင်းကြောင့်ဖြစ်သော နှစ်သက်ချမ်းသာခြင်း ပီတိသုခရှိသော ပထမဈာန်သမာဓိကို ဖြစ်စေလျက် နေတော်မူခဲ့ပြီ။
- ထို့နောက် ဝိတက် ဝိစာရငြိမ်း၍ အဇ္ဈတ္တ၌ အေးမြကြည်လင်သော သမာဓိကြောင့်ဖြစ်သော ပီတိသုခနှင့်တကွ ဒုတိယဈာန် ချမ်းသာနှစ်သက်ခြင်း ပီတိကို ခွါလျက် သမာဓိကြောင့်ဖြစ်သော "အရိယာ အပေါင်းတို့သည် ချမ်းသာကိုပင် မနှစ်သက် မတွယ်တာဘဲ သတိရှိပါပေ၏။ လျစ်လျူရှုနိုင်ပါပေ၏"ဟု ချီးမွမ်းပြောဆိုကြသော တတိယဈာန် ချမ်းသာသုခ ဒုက္ခတို့မှ လွန်မြောက်၍ ဆင်းရဲ ချမ်းသာမဖက် ဥပေက္ခာသက်သက် ဖြစ်သော စတုတ္ထဈာန်ချမ်းသာတည်းဟူသော သမာဓိချမ်းသာ တရားတို့ကို ခံစား နေတော်မူခဲ့လေ၏။

ဤသို့ အလောင်းတော်မြတ်သည် စိတ်နှလုံးတော် တည်ကြည်သန့်ရှင်း ညစ်ကြေးကင်း၍ နူးညံ့မှု၌ ခံ့ခြင်းသို့ ရောက်တော်မူသောအခါ တစ်ဘဝ, နှစ်ဘဝမှစ၍ ရာထောင်သိန်းသန်းမက များလှစွာသော သံဝဋ္ဋကပ်, ဝိဝဋ္ဋကပ်တို့၌ ဤအမည်, ဤအမျိုး, ဤအနွယ်, ဤအဆင်း, ဤသဏ္ဌာန်, ဤအစာ, ဤကဲ့သို့ ချမ်းသာဆင်းရဲ, ဤကဲ့သို့ အသက်အပိုင်းအခြား ထင်ရှားဖြစ်ခဲ့သည်။ ဤမှ စုတေရွေ့လျား၍, ဤဘဝ ဤဘဝများ၌ ဤကဲ့သို့ အမျိုးအနွယ် ဖြစ်ခဲ့သည် စသည်ဖြင့် အခြင်းအရာနှင့်တကွ များပြားလှစွာ မရေတွက်နိုင်သော ခန္ဓာအစဉ်ကို သိမြင်တော်မူနိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်မြတ်သို့ နှလုံးတော်မြတ် ညွှတ်သည့်အတိုင်း ပထမယာမ်၌ မသိခြင်း အမိုက်မှောင် ကင်းပျောက်၍ ပဥ္စမဝိဇ္ဇာဉာဏ်တည်းဟူသော အလင်းရောင်သို့ ရောက်တော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## ဒုတိယ ဝိဇ္ဇာဉာဏ်တော်

ဤသို့ စိတ်အာရုံတော်မြတ်သည် တည်ကြည်ငြိမ်သက် နှောင့်ယှက် ညစ်ညှုးခြင်း ကင်းလျက် ပုဗ္ဗေနိဝါသဉာဏ်တည်းဟူသော ပဌမဝိဇ္ဇာဉာဏ် အလင်းရရှိတော်မူပြီးကာ သတ္တဝါအပေါင်းတို့၏ စုတိပဋိသန္ဓေကို ဉာဏ်တော်မြတ်တွင် ထင်မြင်တော်မူရန် အကျိုးငှါ စိတ်နှလုံးတော်မြတ် ညွှတ်တော်မူသည့်အတိုင်း လူတို့၏မြင်ခြင်းကို လွန်မြောက်၍ နတ်များ သဖွယ် အထူးစင်ကြယ်သော ဉာဏ်တော်အမြင်ဖြင့် အယုတ်, အမြတ်၊ အဆင်းလှသည်, မလှသည်၊ ကောင်းမြတ်သော သုဂတိသို့ ရောက်သည်, ယုတ်ညံ့သော ဒုဂ္ဂတိသို့ ရောက်သည် စသည်ဖြင့် ကံအားလျော်စွာ ရောက်ကြ ဖြစ်ကြကုန်သော သတ္တဝါအပေါင်းတို့၏ စုတိ ပဋိသန္ဓေကို ဤသတ္တဝါတို့သည် ကာယဒုစ္စရိတ, ဝစီဒုစ္စရိတ, မနောဒုစ္စရိတနှင့် ပြည့်စုံကြ၍ အယူဝါဒ မှားယွင်းဖောက်ပြန် အကုသိုလ်ကံ ပြုလုပ်မိကြ၍ ခန္ဓာပျက်သည့်နောက် အပါယ် ဒုဂ္ဂတိသို့ ရောက်ကြရကုန်သည်, ဤသတ္တဝါတို့သည် ကိုယ်, နှုတ်, နှလုံး ၃-ပါးလုံး၌ ကောင်း စွာကျင့်သုံးခြင်းတည်းဟူသော **ကာယသုစရိတ, ဝစီသုစရိတ, မနောသုစရိတ** ပြည့်စုံသည်ဖြစ်၍ ဖြောင့်မတ်ဖြူစင်သော အယူဝါဒရှိကြသည့်အတိုင်း ကောင်းမြတ်သော ကုသိုလ်ကံကို အားထုတ်ကြ၍ သုဂတိဘဝသို့ ရောက်ကြရကုန်သည်-ဟု သိမြင်ဖောက်ထွင်းသော ထူးမြတ် သည့် ဒုတိယဝိဇ္ဇာဉာဏ်တည်းဟူသော ဒိဗ္ဗစက္ခုဉာဏ်တော်မြတ်ကို ဒုတိယယာမ်၌ အမိုက် ကင်းပ အလင်းရတော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## တတိယ ဝိဇ္ဇာဉာဏ်တော်

ထိုမဇ္ဈိမယာမ် လွန်မြောက် တတိယယာမ်သို့ ရောက်သောအခါ တည်ကြည်ခိုင်မြဲ သော သမာဓိဖြင့် အာသဝေါ ၄-ပါး ကုန်ခန်းတော်မူရန် ဉာဏ်တော်မြတ်သို့ စိတ်နှလုံး တော်မြတ် ညွှတ်တော်မူသည့်အတိုင်း ဤလောကီတရား အပေါင်းသည် စင်စစ်အမှန် ဖြစ်သော ဒုက္ခသဘောသာတည်း, ၎င်းဒုက္ခကြီးကို ရရှိခံစားရခြင်းမှာလည်း တဏှာ, လောဘ, သမုဒယ-ဟု ဆိုအပ်သော တပ်မက်လိုချင်မှုကြောင့်သာ ဧကန်ဖြစ်သည်။ ထိုတပ်မက်လိုချင်မှု တဏှာ ရာဂ၏ ချုပ်ငြိမ်းကင်းပျောက်ရာသည် နိရောဓ နိဗ္ဗာန်သာတည်း၊ ထိုတဏှာချုပ်ငြိမ်း ကင်းပျောက်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်းလမ်းမြတ် ပဋိပတ်မှာ---

- ကောင်းမွန် ဖြောင့်မတ်သော ဉာဏ်အမြင်
- ကောင်းမွန် ဖြောင့်မတ်သော အကြံအစည်

- ကောင်းမွန် ဖြောင့်မတ်သော ကိုယ်အမှု
- ကောင်းမွန် ဖြောင့်မတ်သော နှုတ်အမှု
- ကောင်းမွန် ဖြောင့်မတ်သော အသက်မွေးမှု
- ကောင်းမွန် ဖြောင့်မတ်သော အားထုတ်မှု
- ကောင်းမွန် ဖြောင့်မတ်သော အောက်မေ့မှု
- ကောင်းမွန် ဖြောင့်မတ်သော တည်ကြည်မှု

တည်းဟူသော မဂ္ဂင် ၈-ပါး အကျင့်မြတ်တရားသာလျှင် ဖြစ်၏-ဟု အထွတ်အထိပ်ဖြစ်သော သစ္စာ ၄-တန် မှန်ကန်ကောင်းမြတ်သော တရားတော်ကို သိမြင်တော်မူသဖြင့် အရဟတ္တ-မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ရောက်တော်မူ၍ အကြွင်းအကျန်မရှိ အစစ်အမှန် အာသဝေါ ၄-တန်နှင့် ၎င်း၏ အကြောင်းတရား, ၎င်းတရား၏ ချုပ်ငြိမ်းရာ ၎င်းသို့ရောက်ကြောင်း အကျင့်မြတ် ပဋိပတ်အစဉ် ဉာဏ်တော်ဝယ် ထင်မြင်လာသောကြောင့် ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ-တည်းဟူသော အာသဝေါတရား ၄-ပါးမှ လွတ်မြောက်ကုန်ခန်းခြင်း **အာသဝက္ခယ တတိယဝိဇ္ဇာဉာဏ်တော်မြတ်ကို သဗ္ဗညုတ မဟာဝီရ စတုဝေသာရဇ္ဇ ပဋိသမ္ဘိဒါဆ အသာဓာရဏ** စသော မရေတွက်နိုင်သော ဗုဒ္ဓဉာဏ်တော်အပေါင်းဖြင့် တင့်တယ်စွာ ခြံရံတော်မူလျက် အာရုံတော်မတက်မီ အထွတ်အထိပ်ရောက် ထွင်းဖောက်သိမြင်တော်မူခဲ့လေပြီ။

ဤကဲ့သို့ ကမ္ဘာအသင်္ချေ မရေတွက်နိုင်သော အခါသမယတို့မှ အဆုံးအစမရှိသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို ခံစားတော်မူလျက် ဆည်းပူးကျင့်ကြံတော်မူခဲ့သော ပါရမီတော်အပေါင်းတို့၏ အထွတ်ဖြစ်သော အကျိုးတရားသို့ ကြီးမြတ်သော လုံ့လဝီရိယဓာတ်ဖြင့် ရောက်တော်မူ၍ ၁၂-ရပ် ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်ကို အနုလုံ, ပဋိလုံ အစုံ, အဆန် သုံးသပ်ဆင်ခြင်တော်မူခြင်းသည် တစ်သောင်းသောလောကဓာတ်အား မခံရပ်နိုင်အောင် ဖြစ်စေလျက် တော်လည်းပဲ့တင် မြေလျှင်လှုပ်စေသည့်အပြင် အထောင်အသောင်း အသိန်းမက များပြားလှစွာသော အံ့ဩဖွယ်ရာများနှင့် တင့်တယ်စေကာ ဘုရားတကာတို့ စွန့်တော်မမူသော ဥဒါန်းဂါထာတော်မြတ်ကို ဝမ်းမြောက်သော နှလုံးတော်ဖြင့် ကျူးရင့်တော်မူသည်မှာ-

"အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌော'သိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ'မဇ္ဈဂါ။ ။(*ဓမ္မပဒ။ နှာ၊ ၃၆*)

ဘဝများစွာ၊ သံသရာတိုင်။ ခန္ဓာလက်သည်၊ ရှာဖွေခဲ့ပြီ။
မတွေ့ရခြား၊ ဘဝများစွာ။ ခါ-ခါ ဇာတိ၊ ဆင်းရဲဘိသည်။
ယခုသော်ကား၊ တွေ့ခြားလေပြီ။ တစ်ဖန်ခန္ဓာ၊ မဆောက်ရာပြီ။
အားလုံးသင်၏၊ အိမ်ခြင်ချိုးဖြတ်။ အထွတ်ကိုလည်း၊ ဖျက်ဆီးခဲ့ပြီ။
ငါ၏ စိတ်ကား၊ မပြုခြားပြီ။ တဏှာဇာတ်လမ်း၊ ဆုံးခန်းတိုင်ပြီ"။

ဟု စိတ်တော်တွင် ဆင်ခြင်မြွက်ကြား ဥဒါန်းအားဖြင့် ထင်ရှားဖြစ်ပေါ် ဝမ်းမြောက်တော်မူသည်နှင့် ကျူးရင့်တော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## သတ္တဌာန စံနေတော်မူခြင်း

၁။ **ပလ္လင်္ကသတ္တာဟ** ဤသို့ ဆင်ခြင်သုံးသပ်တော်မူ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း အစ များပြားလှသော ပါရမီတော်အပေါင်းတို့ကို အပြီးအပြင် အပင်ပန်းခံ၍ ဖြည့်ကျင့်ဆည်းပူးတော်မူမှ ရတော်မူအပ်သော ---

- ဒေဝပုတ္တ စသော မာရ်စစ်သည်အပေါင်းကို အောင်မြင်တော်မူရာ
- တရားအပေါင်းတို့ အထွတ်အထိပ် အရဟတ္တမဂ် ဖိုလ်ဉာဏ်ဖြင့် သစ္စာ ၄-တန် အမှန်သိ၍ သဗ္ဗညုတဉာဏ်တော်၏ ဖြစ်ထွန်းတော်မူရာ
- အဆန်းအကြယ်ဆုံးသော အရာဝတ္ထုတို့၏ ထိပ်ဖူးဖြစ်သော

မဟာအပရာဇိတပလ္လင်တော်မြတ်၌ ကုဋေပေါင်းများစွာသော သမာပတ်ချမ်းသာကို ခံစားတော်မူလျက် ၇-ရက်ပတ်လုံး သီတင်းသုံး နေထိုင်တော်မူခဲ့လေပြီ။

၂။ **အနိမိသ သတ္တာဟ** ၎င်းနောက် ဤကဲ့သို့ မြင့်မြတ်သော သစ္စာ ၄-ပါး မြတ်တရား၏ ကြည်လင်ထွန်းပရာ မဟာဗောဓိမဏ္ဍလကို လေးသင်္ချေလွန် အောင် ပါရမီအမျိုးမျိုး ဖြည့်တော်မူလျက် ရှာဖွေတောင့်တလာခဲ့ရာ ယခုမှပြီးမြောက် အထွတ်အဖူးသို့ ရောက်ရပေပြီ-ဟု ကြီးမြတ်သော ပါရမီအကြောင်းတရား ရရှိတော်မူသော အကျိုးတရားကို ဆင်ခြင်တော်မူကာ မဟာဗောဓိပင်မှ အရှေ့မြောက် ယွန်းယွန်းဖြစ်သော သာယာ ပြေပြစ် နှစ်သက်ဖွယ်ရာ ကုန်းမြေအမြင့်ပေါ်မှာ မတ်တတ် တန့်ရပ်တော်မူပြီးလျှင် မမှိတ်သော မျက်စိဖြင့် ပလ္လင်တော်မြတ်ကို ကြည့်ရှုတော်မူခဲ့လေပြီ။

**၃။ စင်္ကမ သတ္တာဟ** ဤကဲ့သို့ ပလ္လင်တော်မြတ်ကို မမှိတ်သော မျက်လုံးတော်ဖြင့် ကြည့်ရှုတော်မူခြင်းအားဖြင့် အချို့သော နတ်အများတို့သည် "သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်မှာ ယခုအခါတိုင်အောင် ခင်မင်တွယ်တာ အာသာဆန္ဒ မပြတ်နိုင်သေးဘဲ ပလ္လင်တော်၌ စွဲမြဲငြိကပ်လျက် ရှိသေးသည်"ဟု ယုံမှားခြင်းရှိကြ၍ ၎င်းကို ပယ်ဖျောက်စေခြင်းငှါ ကောင်းကင်သို့ တက်လျက် ရေမီး အစုံအစုံသော တန်ခိုးတော်ဟု ဆိုအပ်သော ယမကပါဋိဟာရိယ တန်ခိုးတော်ပြပြီးလျှင် ၎င်းနတ်များ၏ သံသယ ကင်းစင်စေပြီးသောအခါ ရတနာပလ္လင်တော်နှင့် ရပ်တော်မူလျက် ကြည့်ရှုတော်မူရာ ထို ၂-ဌာန၏ အလယ်မှာ တင့်တယ်ကောင်းမြတ်သော **ရတနာစင်္ကြံ**၌ တရားမြတ်ကို ဆင်ခြင်တော်မူလျက် ၇-ရက်ပတ်လုံး စင်္ကြံကြွတော်မူခဲ့လေပြီ။

**၄။ ရတနာဃရ သတ္တာဟ** ဤကဲ့သို့ ၇-ရက်ပတ်လုံး လူးလာခေါက်ပြန် ရတနာစင်္ကြံတော်၌ တရားတော် သုံးသပ်ဆင်ခြင်ကာ ကြွနေတော်မူပြီးနောက် ဗောဓိပင်မှ အနောက်မြောက်၌ အဆန်းတကြယ် အလွန်တင့်တယ်စွာ နတ်များ ဖန်ဆင်းအပ်သော **ရတနာဃရ ရွှေအိမ်တော်**တွင် အလေးအနက်ဆုံး အဘိဓမ္မာ တရားတော်မြတ် ဆင်ခြင် သုံးသပ်တော်မူရာ အထူးအားဖြင့် ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ် ဆင်ခြင်တော်မူသဖြင့် သွေးတော် သားတော် ကြည်လင်၍---

| နီလ | ပီတ | လောဟိတ | ဩဒါတ | မဉ္ဇိဋ္ဌ | ပဘဿရ တည်းဟူသော |
|---|---|---|---|---|---|
| ညို၊ | ရွှေ၊ | နီ၊ | ဖြူ၊ | ညိုမောင်း၊ | ပြိုးပြက်---တခဲနက်သော |

ရောင်ခြည်တော် ၆-သွယ်တို့သည် အထက်အောက်ဖီလာ အရပ် ၁၀-မျက်နှာ၌ အတိုင်းမသိ အဆုံးမရှိသော စက္ကဝါအနန္တသို့ ကွန့်မြူးပြေးသွားစေလျက် ၇-ရက်ပတ်လုံး ၇-ကျမ်းသော အဘိဓမ္မာတရားတော်မြတ် သုံးသပ်ဆင်ခြင်တော်မူကာ စတုတ္ထသတ္တာဟ ကုန်လွန်တော်မူခဲ့လေပြီ။

**၅။ အဇပါလ သတ္တာဟ** နက်နဲဆန်းကြယ်သော အဘိဓမ္မာတရားတော်မြတ် သုံးသပ်ဆင်ခြင်တော်မူရာ ရတနာဃရရွှေအိမ်မှ မဟာဗောဓိမဏ္ဍလ၏ အရှေ့ဘက် အဇပါလခေါ် ဆိတ်ကျောင်းသားတို့၏ အရိပ်ခိုလှုံရာ သာယာအေးမြ စိမ်းစိုသော အရိပ်အာဝါသနှင့် ပြည့်စုံသော ညောင်ပင်ကြီးရင်း၌ ချဉ်းကပ်တော်မူကာ ဝိမုတ္တိသုခကို ခံစားတော်မူလျက်နေစဉ် မာရ်နတ်မင်း၏ သမီးတော် တဏှာ, ရတီ, ရာဂါဟု ဆိုအပ်သော နတ်သမီး ၃-ယောက်တို့သည် အနည်းနည်း အဖုံဖုံ ယောက်ျားတို့၏ အလိုဆန္ဒ မျိုးစုံအောင် မာယာသိန်းသောင်းဖြင့် ဖြားယောင်းခြင်းကိုလည်း နှလုံးသွင်းတော်

မူခြင်းမရှိဘဲ ကြီးမြတ်သော သမာဓိဖြင့် ၇-ရက်ပတ်လုံး သီတင်းသုံးနေတော်မူသောအခါတွင် ဟုဟုက်ဇာတ်ဖြစ်သော ပုဏ္ဏားကြီးတစ်ယောက်လာ၍ ဗြာဟ္မဏမည်ကြောင်း ဗြာဟ္မဏကာရကဓမ္မတို့ကို မေးလျှောက်သောအခါ ၎င်းပုဏ္ဏားကြီးအား တရားအထူး ဟောကြားတော်မမူဘဲ---

မကောင်းမှုမှ ကင်းပ၍ မာနတဏှာ ကင်းပသောသူကို ဗြာဟ္မဏခေါ်ကြောင်း စသည်ဖြင့် ဥဒါန်းကျူးရင့်တော်မူခဲ့လေပြီ။

၆။ မုစ္စလိန္ဒ သတ္တာဟ ၎င်းညောင်ပင်ရင်း၌ ဝိမုတ္တိသုခ ခံစားရပြီးသည်နောက် မဟာဗောဓိမဏ္ဍာလမှ အရှေ့တောင်ထောင့်မျက်နှာ မုစ္စလိန္ဒာခေါ် ကျည်းပင်အိုင်အနီး ၎င်းကျည်းပင်ရင်းသို့ ချဉ်းကပ်တော်မူ၍ ဖလသမာပတ်ချမ်းသာကို ခံစားတော်မူခိုက် ၇-ရက် ၇-လီ မိုးကြီး သည်းထန်လှစွာ ရွာသွန်းသောကြောင့် ပြင်းပြရက်စက်သော လေအေးလေကြမ်းတို့ဖြင့် နှိပ်စက်ခြင်းမှ ကာကွယ်စောင့်ရှောက်ရန် မုစ္စလိန္ဒာနဂါးမင်းကြီးသည် ကိုယ်တော်မြတ်ကို ၇-ခွေ ရစ်ပတ်လျက် အထက်အရပ်မှ အမိုးပမာကြီးစွာသော ပါးပျဉ်းကြီးကို အုပ်မိုးကာ ကောင်းကင်အားလုံး ဖုံးအုပ်နေသော တိမ်တိုက်တို့မှ ကင်းပကြည်လင် သန့်ရှင်းသည်တိုင်အောင် ၇-ရက်တို့ပတ်လုံး နေပြီးမှ မိမိ၏ ပကတိအသွင်ကို ပယ်၍ ပျို့ရွယ်နုနယ်သော လုလင်သဏ္ဍာန် ဖန်ဆင်းပြီးလျှင် မြတ်စွာဘုရား၏ ရှေ့တော်တွင် လက်အုပ်ချီလျက် နေစဉ် သစ္စာ ၄-အင် ကုန်စင်အောင် သိမြင်ပြီးသော ကိလေသာကုန်ခန်း ရဟန္တာတို့အား ကြောင့်ကြကင်းရှင်း ဆိတ်ငြိမ်ခြင်းဖြင့် ချမ်းသာလှပေ၏ဟု ဥဒါန်းကျူးရင့်တော်မူခဲ့လေပြီ။

၇။ ရာဇာယတန သတ္တာဟ ထိုသမာဓိမှ ထမြောက်၍ ၎င်းမုစ္စလိန္ဒာ ကျည်းပင်ရင်းမှ ခွါပြီးလျှင် မဟာဗောဓိပင်မှ တောင်ဘက်ကျသော ရာဇာယတနခေါ် လင်းလွန်ပင်ရင်း၌ ချဉ်းကပ်တော်မူပြီးလျှင် အရဟတ္တဖိုလ်ချမ်းသာဖြင့် သီတင်းသုံးနေတော်မူစဉ် ဥက္ကလတိုင်းသား ညီနောင်များဖြစ်ကြသော တပုဿနှင့်ဘလ္လိကတို့သည် အစွန်အဖျားဖြစ်သော ပစ္စန္တရစ်အရပ်မှ အလယ်ပိုင်း မဇ္ဈိမတိုင်းနိုင်ငံသို့ ကုန်သည်တို့ဘာဝ ကူးသန်းရောင်းဝယ်ရန် သွားကြသောအခါ ဆွေမျိုးသားချင်း ရင်းနှီးစွာ ဖြစ်ခဲ့ဖူးသော ဘုမ္မစိုးနတ်မင်းကြီးသည်---

"အမောင်တို့---

မြတ်စွာဘုရားသည် သစ္စာ ၄-ပါး ထင်ရှားသိမြင်တော်မူပြီးလျှင် ယခု လင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူသည်။ သင်တို့ သွား၍ အဖျော်ယမကာများ, မုန့်များဖြင့်

လျှုဒါန်းဆက်ကပ်ကြကုန်၊ သင်တို့မှာ ကြာရှည်လေးမြင့် အကျိုးတရား ပွါးများ ဖြစ်ထွန်းလတ္တံ့" ဟု တိုက်တွန်းသဖြင့် ၎င်းညီနောင်တို့သည် စိတ်အားထက်သန် ဝမ်းမြောက်စွာ မြတ်စွာဘုရား ထံတော်မြတ်၌ ဆည်းကပ် ဝင်ရောက်ကြလေကုန်၏။

ထိုအခါ ၎င်းတပုဿနှင့်ဘလ္လိက ညီနောင်တို့သည် ထောပတ်, ပျားသကာတို့ဖြင့် ကောင်းစွာပြုလုပ်အပ်သော မုန့်ခဲဖွယ်တို့ဖြင့်---

"အရှင်ဘုရား---

တပည့်တော်များ၏ ကောင်းစွာပြုပြင်အပ်သော ဤမုန့်ခဲဖွယ်များကို တပည့်တော် များအား သနားတော်မူသဖြင့် အလှူခံတော်မူပါ၊ တပည့်တော်များအား ကောင်းကျိုးတရား ပွါးနိုင်ပါအံ့"ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ဝိပဿီ အစရှိသော ရှေးဘုရား တို့အစဉ်အလာ ပညာစက္ခုဖြင့် ရှုဆင်ခြင်တော်မူလျှင်-

ထိုခဏ၌ပင် နတ်မင်းကြီး ၄-ဦးတို့သည် ကျောက်မျက်ရတနာဖြင့်ပြီးသော သပိတ် တော် ၄-လုံးတို့ကို အသီးသီးဆောင်ယူ ဆက်ကပ်ကြသည်ကို နတ်မင်းကြီးတို့၏ သဒ္ဓါတရား ထောက်ထားသောအားဖြင့် ၎င်းသပိတ်တော် ၄-လုံးဆင့်ကာ သပိတ်တစ်လုံးတည်း ဖြစ်စေ သတည်း-ဟု ဓိဋ္ဌာန်တော်မူသည့်အတိုင်း အနား ၄-ရစ်တို့ဖြင့် တင့်တယ်ကောင်းမြတ်သော သပိတ်တော် တစ်လုံးတည်းဖြစ်၍ ၎င်းသပိတ်တော်ဖြင့် ကုန်သည်များ၏ ပျားမုန့်ဆုပ်ကို အလှူခံတော်မူ၍ ဘုဉ်းပေးတော်မူပြီးနောက် ကုန်သည်ညီနောင် ၂-ယောက်တို့သည်---

မြတ်စွာဘုရားအား---

"အရှင်မြတ်ဘုရားနှင့်တကွ တရားတော်မြတ်ကို တပည့်တော်များ ယနေ့မှစ၍ အသက်တည်သမျှကာလပတ်လုံး ကိုးကွယ်အားထားပါကုန်၏ အရှင်ဘုရား၊ တပည့်တော် များအား ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ-ဟု မှတ်တော်မူပါဘုရား"ဟု လက်မွန်မဆွ အစဦးဆုံး ဒွေဝါစိက သရဏဂုံ ဆောက်တည်ကြကုန်၏။

ဤသို့ လက်မွန်မဆွ မြတ်စွာဘုရားအား ရှေးဦးစွာ လှူဒါန်းပူဇော်ကြပြီးလျှင် ဒွေဝါစိကသရဏဂုံ ဆောက်တည်ကြရသဖြင့် အထူးဝမ်းမြောက်စွာ ထိုနေရာမှ ဖဲခွါထွက်သွား လေကုန်၏။

ဤသို့ လွန်ခဲ့သော ကမ္ဘာပေါင်းများစွာ ဘဝပေါင်းများစွာတို့က ကြီးမားလှစွာ သော ဆင်းရဲဒုက္ခ ဘေးရန်ဟူသမျှတို့ကို ရင်ဆိုင်တိုက်ခိုက် ကျော်လွန်ပြီးကာ ကြီးမားသော လုံ့လဝီရိယဓာတ်ဖြင့် အဆင်းအရဲ အငြိုအငြင် ခံတော်မူကာ ဆည်းပူးလာတော်မူခဲ့ခြင်း

တည်းဟူသော မရေတွက်နိုင် များပြားလှစွာသော အကြောင်းတရားများအပြင် ယခု ပစ္ဆိမဘဝတွင်လည်း ပြုနိုင်ခဲလှစွာသော ထီးနန်းရိပ်ငြိမ် စည်းစိမ်တော် အပေါင်းတို့ကို မငဲ့မကွက် ရက်ရောလှစွာ စွန့်ပစ်ခွါလျက် ထက်သန်ခိုင်မာသော လုံ့လဝီရိယတော်မြတ်ဖြင့် ထောက်ပင့်ချီးမြှောက် အသက်ကိုပင် ပမာမထား ကိုယ်တော်တိုင် အားထုတ်တော်မူခြင်းတည်းဟူသော အကြောင်းတရားများအလျောက် အနန္တလောကဓာတ် ထုပ်ချင်းခတ်ထွင်းဖောက် သိမြင်တော်မူသော အနာဝရဏဉာဏ်တော်မြတ်ကြီးကို ရတော်မူ၍ လောက၏ အထွတ်အဖူး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတစ်ဆူ ဖြစ်တော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## ဗုဒ္ဓရှင်တော်ဘုရား၏
## ကြီးမားသော ကိစ္စတော်

- လောကထွတ်ထား ဗုဒ္ဓရှင်တော်ဘုရား၏ ကြီးမားသောကိစ္စတော်မြတ်နှင့်

- တရားတော်မြတ်၏ ကောင်းမြတ်မှန်ကန် ခိုင်လုံကြောင်း နက်နဲကြောင်းကိုလည်း လိုအပ်သည်ဖြစ်၍ အထွတ်အဖူးဖြစ်သော သဗ္ဗညုတ အနာဝရဏဉာဏ်တော်မြတ် ရအပ်သည်အားလျော်စွာ ၄၅-ဝါပတ်လုံး သတ္တဝါအပေါင်းတို့အား ကယ်တင်ယူဆောင်တော်မူကြောင်းနှင့် ကောင်းမြတ်စင်ကြယ်စွာ တရားတော်မြတ်ကို လိုက်နာရန် ဟောကြားတော်မူကြောင်း ထုတ်ဖော်ရေးသားရပေမည်။

ဤသို့ မြတ်စွာဘုရားသည် များပြားလှစွာ သတ္တဝါတို့အား ကယ်တင်တော်မူရန် ဆည်းပူးအားထုတ်တော်မူခဲ့သော အကြောင်းပါရမီအားလျော်စွာ အကျိုးဖြစ်သော သဗ္ဗညုတ အနာဝရဏဉာဏ်တော်မြတ်ကို ရတော်မူသဖြင့် အကြောင်းအကျိုး ဆက်စပ်သော ပဋိစ္စ-သမုပ္ပါဒ် တရားတော်မြတ်နှင့်တကွ အဆုံးအစမရှိသော အနန္တ, လေးနက်မှန်ကန် ကောင်းမြတ်သော ဂမ္ဘီရ- အဘိဓမ္မာတရားတော်ကို ဆင်ခြင်သုံးသပ်တော်မူပြီးလျှင် သဟမ္ပတိဗြဟ္မာမင်းကြီး တောင်းပန်လျှောက်ထားခြင်းကို အကြောင်းပြုတော်မူ၍ သတ္တဝါတို့အား တရားအရသာ တိုက်ကျွေးတော်မူရန် ပါရမီရင့်သန်သော ပုဂ္ဂိုလ်တို့ကို ကြည့်ရှုဆင်ခြင်တော်မူသောအခါ အာဠာရရသေ့နှင့် ဥဒကရသေ့ ၂-ဦးတို့မှာ ဉာဏ်တော်အား ထင်မြင်လာသော်လည်း "ထိုရသေ့ ၂-ပါးမှာ မကြာမီက ဘဝသို့ လွန်မြောက်သွားကြောင်း" သိတော်မူရသဖြင့် ဤရသေ့ ၂-ဦးမှာ "ငါဘုရားနှင့် ကာလအနည်းငယ်မျှ ကွာ၍ မွန်မြတ်လှစွာသော တရား

တော်မှ အန္ဓုကြီး ရှုံ့ခဲ့လေပြီ”ဟု မဟာကရုဏာတော်ထားလျက် ညည်းတွားတော်မူရုံသာလျှင် ပြုတော်မူနိုင်ခဲ့လေ၏။

ဎင်းပြင် နောက်တစ်ဖန် ဉာဏ်တော်စက္ခုဖြင့် ကြည့်ရှုဆင်ခြင် သုံးသပ်တော်မူသော အခါ ဒုက္ကရစရိယာ ကျင့်ကြံတော်မူစဉ်က ကျေးဇူးဥပကာရ အလွန်များလှသော ကောဏ္ဍည အမှူးရှိသော ပဉ္စဝဂ္ဂီ ၅-ဦးတို့ကို ဉာဏ်တော်တွင် ထင်မြင်တော်မူသဖြင့် ဎင်းတို့အား ရှေးဦးစွာ ကောင်းမြတ် မှန်ကန်သော တရားတော်မြတ်ကို ပေးအပ်တော်မူရန် ဆုံးဖြတ်ပိုင်းခြားတော်မူ ခဲ့သည့်အတိုင်း ဎင်းတို့အား ဓမ္မစကြာတရားထူးကို လက်ဦးစွာ ဟောကြားတော်မူခြင်းငှာ ဥရုဝေလတောမှ ၁၈-ယူဇနာ ကွာဝေးသော ဗာရာဏသီမြို့တော်ကြီး၏အနီး မိဂဒါယခေါ် သားသမင်တို့ ခိုအောင်းရာ မိဂဒါဝုန်တောသို့ ကြွသွားတော်မူစဉ် ဗောဓိပင်နှင့် ဂယာသီသ အကြား၌ ဥပက မည်သော ပရိဗိုဇ်နှင့် တွေ့ဆုံ၍---

“အရှင်မြတ်---

အရှင်မြတ်၏ ဣန္ဒြေသိက္ခာ ကြည်လင်ငြိမ်သက်လှပါ၏။ အရှင့်ဆရာ မည်သူ ပါနည်း, မည်သူကို ရည်မှန်း၍ ရဟန်းပြုပါသနည်း, မည်သည့်တရားကို နှစ်သက် ပါသနည်း” စသည်ဖြင့် မေးမြန်းသောအခါ---

“ငါဘုရားမှာ ဆရာမရှိ၊ မိမိအလိုလို သဗ္ဗညုတဉာဏ်တော်ကို ရ၍ လောက၌ ငါဘုရားနှင့်တူသောသူ မရှိ၊ ငါဘုရားသည် လောကအားလုံး၏ ဆရာဖြစ်၏။ တရား စကြာရတနာကြီးကို လှည့်လည်ရန် ကာသိတိုင်း၊ ဗာရာဏသီမြို့သို့ ငါသွားမည်၊ ငါ၏ အမည်မှာ **အနန္တဇိန** ဖြစ်၏”ဟု အမိန့်ရှိတော်မူလျှင်---

“အရှင်မြတ်၊ ဟုတ်လောက်စရာ ရှိပါ၏၊
အရှင်မြတ်၊ ဟုတ်လောက်စရာ ရှိပါ၏”---

ဟု လျှောက်ထားပြီးလျှင် ရိုသေစွာ လမ်းပေးပြီးနောက် ဥပက ထွက်ခွါသွားလေသည်။

ဘုရားမြတ်စွာသည် ဗာရာဏသီ မိဂဒါဝုန်တောသို့ ရှေးရှုကြွတော်မူ၍ ပဉ္စဝဂ္ဂီ ၅-ဦးတို့နေရာ ဣသိပတန မိဂဒါယသို့ ရောက်တော်မူလျှင် ဎင်းပဉ္စဝဂ္ဂီ ၅-ဦးတို့ အဝေးက မြင်သဖြင့် အတိဒုက္ကရ အလွန်ခဲယဉ်း ငြိုငြင်လှစွာ ကျင့်တော်မူလျက်မှ နက်နဲ ခဲယဉ်းလှစွာ သော ဉာဏ်တော်ကိုမရနိုင်, ဆွမ်းခံမျှတ လျှော့သောဝီရိယဖြင့် အဘယ်မှာ ဘုရားဖြစ် နိုင်မည်နည်း၊ “ခရီးဦး မကြိုကြစတမ်း, ရှိမခိုးကြစတမ်း, အရိုအသေ မပေးကြစတမ်း”ဟု အချင်းချင်း ကတိထားကြသော်လည်း အနီးသို့ ရောက်လာသောအခါ မိမိတို့ထားသော ကတိ၌ မတည်တံ့နိုင်ဘဲ ဎင်းတို့သည် အချို့က ခရီးဦးကြိုကြ၍, အချို့က သပိတ်ကမ်းလှမ်း

ယူပြီး, အချို့က နေရာခင်း, အချို့က ခြေဆေးခြင်း စသော ဝတ်ကြီး ဝတ်ငယ်တို့ကို အသီးသီး ပြုလုပ်ကြကာ ခင်းထားအပ်သော နေရာ၌ နေတော်မူလေ၏။ ထိုသို့ ရိုသေမှုဂါရဝ ကိုယ်အမူအရာအားဖြင့် ပြုလုပ်ကြသော်လည်း အမည်နာမတော် ခေါ်ဝေါ်ခြင်း **အာဝုသောဟူသော** ဝါဒဖြင့် သုံးစွဲပြောဆိုခြင်းတည်းဟူသော မသင့်မတော် ခေါ်ဝေါ်ပြောဆိုကြသောအခါ--

မြတ်စွာဘုရားသည်---

"ရဟန်းတို့ ငါဘုရားအား မသင့်မတော် ခေါ်ဝေါ်ပြောဆိုခြင်းဖြင့် မပြောကြကုန်လင့်၊ ငါသည် သစ္စာ ၄-ပါးမြတ်တရားကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူပြီ၊ နာယူကြကုန်၊ ငါသည် အမြိုက်အရသာကို ခံစားသုံးဆောင်ရလေပြီ၊ သင်တို့အား အမြိုက်အရသာ တိုက်ကျွေးပေအံ့၊ ဆုံးမပေအံ့၊ တရားဓမ္မ ဟောပြပေအံ့"ဟု ဆုံးမဟောပြပါသော်လည်း ၃-ကြိမ်တိုင်တိုင် ငြင်းပယ်ကြပြီးနောက် ၎င်းပဉ္စဝဂ္ဂီ ၅-ဦးတို့သည် မြတ်စွာဘုရားတရားတော်၌ နားစိုက်ကြသဖြင့် ဘုရားဖြစ်တော်မူသည်မှ ရှေးဦးအစ ဓမ္မဒေသနာတော်ဖြစ်သော ဓမ္မစက္က-ဓမ္မစကြာ ဒေသနာတော်ကို နာကြရ၍ ပညာမျက်စိအလင်းဖြင့် ကောင်းမြတ်မှန်ကန်သော တရားတော်ကို ထိုးထွင်း၍ သိမြင်ကြလျက် ဧဟိဘိက္ခု ဖြစ်ကြပြီးလျှင် အစဉ်အတိုင်းဖြစ်သော ဓမ္မကထာကို နာယူတော်မူကာ ရဟန္တာဖြစ်ကြပြီး ၆-ပါးသော ရဟန္တာအရှင်မြတ်တို့ လောကဓာတ်၌ ထင်ရှားပေါ်လာတော်မူကြကုန်၏။

ထိုနောက် ဗာရာဏသီမြို့တော်ဝယ် အလွန်ထင်ပေါ်ကျော်ကြားသော သူဌေးသားယသသည် မောင်းမ အခြွေအရံများ ဖောက်ပြန်ချွတ်ယွင်း အိပ်ပျော်ကြခြင်းကို တွေ့မြင်ရသဖြင့် သံဝေဂဖြစ်ကာ ချမ်းသာကို ရှာမှီးရန် ထွက်လာရာ ဘုရားမြတ်စွာနှင့်တွေ့ရ၊ တရားဓမ္မနာယူကာ ရဟန္တာဖြစ်ပြီးနောက် ၎င်းအရှင်ယသ၏ လူဖြစ်စဉ်က မိတ်ဆွေသဟာယဖြစ်ကြသော ဝိမလ, သုဗာဟု, ပုဏ္ဏဇိ, ဂဝမ္ပတိ သူဌေးသား ၄-ဦးတို့သည် "ယသသူဌေးသားသော်မှ စည်းစိမ်စွန့်ခွါလျက် ရဟန်းပြုခြင်းသည် ဧကန္တ မြတ်သော တရားတော်ဖြစ်လတ္တံ့" ဟု အရှင်ယသထံသို့ ချဉ်းကပ်လျှင် ဘုရားရှင် အထံတော်သို့ ခေါ်ဆောင်ကာ ၎င်းသူဌေးသားတို့ တရားတော်ကို နာရသဖြင့် ရဟန္တာဖြစ်ကြ၍ လောက၌ တစ်ကျိပ်တစ်ပါး (၁၁-ပါး)သော ရဟန္တာအရှင်တို့သည် ထင်ရှားစွာ ဖြစ်ပေါ်လာကုန်၏။

ထို့နောက် တောမြို့ရွာ၌ နေကြကုန်သော အရှင်ယသ၏ လူဖြစ်စဉ်က မိတ်ဆွေသဟာယဖြစ်ကြသော ၅၀-မျှကုန်သော သူဌေးသားတို့သည်လည်း ကြီးကျယ်သော စည်းစိမ်ကိုစွန့်ခွါလျက် ရဟန်းပြုသော အရှင်ယသ၏ အကြောင်းအရာတို့ကို ကြားရသောအခါ ၎င်းတရားတော်သည် ကောင်းမြတ်ချမ်းသာ အမြိုက်အရသာ ရှိပေမည်-ဟု ၎င်းတို့အချင်းချင်း တိုင်ပင်ညီညွတ်စွာ အရှင်ယသထံ လာကြ၍ မြတ်စွာဘုရားအထံတော်သို့ ရောက်ကြ

သဖြင့် အစဉ်အလျောက် အနုပုဗ္ဗိကထာ တရားကိုနာရ၍ ရဟန်းအဖြစ် တောင်းပန်ကြပြီး ၎င်းတို့လည်း ဧဟိဘိက္ခုဖြစ်ကြလျက် အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ကြသောကြောင့် လောက၌ ခြောက်ကျိပ်တစ်ပါး(၆၁-ပါး)သော ရဟန္တာအရှင်တို့သည် ထင်ရှား ဖြစ်ထွန်းတော်မူကြကုန်၏။

✪ ✪ ✪ ✪ ✪

## ရဟန်းတို့အား မြို့ရွာနိဂုံးများသို့ တရားဟောရန် စေလွှတ်တော်မူခြင်း

ဤသို့လျှင် မြတ်စွာဘုရားသည် ခြောက်ကျိပ်တစ်ပါးသော ရဟန္တာအရှင်များနှင့် တကွ ဣသိပတန မိဂဒါယ(၌) ပထမဝါ သီတင်းသုံးတော်မူပြီးလျှင် စိတ်ငြိမ်ရာသို့ ကပ်၍ ဆင်ခြင်သုံးသပ်တော်မူအပ်ပြီးသည်အားလျော်စွာ ဝါမှ ထမြောက်တော်မူသောအခါ ရဟန်းတို့ကို ခေါ်တော်မူ၍---

"စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ မာ ဧကေန ဒွေ အဂမိတ္ထ၊ ဒေသေထ ဘိက္ခဝေ ဓမ္မံ။

*(ဝိ၊ ၂။ ၃၆)*

ရဟန်းတို့ များစွာသောလူတို့၏ အကျိုးငှါ၊ လူအများ ချမ်းသာခြင်းငှါ၊ လောကကို စောင့်ရှောက်ခြင်းငှါ၊ နတ်၊ လူတို့၏ အကျိုးစီးပွား ချမ်းသာခြင်းငှါ ဒေသစာရီ လှည့်လည်ကြကုန်၊ တစ်ကြောင်းတည်းသော ခရီးဖြင့် ၂-ပါး မသွားကြကုန်လင့်။ ရဟန်းတို့ ကောင်းမြတ်သော တရားကို ဟောကြားကြကုန်"---

စသည်ဖြင့် သာသနာတော်ပြန့်ပြောရန်, လောကကြီး၏ အမိုက်မှောင်ကင်းပျောက် အလင်းသို့ ရောက်ရန်, ရဟန်းတို့အား တစ်ကြောင်းသောခရီး၌ တစ်ပါးတည်းကြွ၍ တရားဓမ္မ ဟောပြကြရန် စေလွှတ်တော်မူခဲ့လေပြီ။

ထိုမှတပါး ရဟန်းတို့အား ရောက်ရာအရပ်၌ ရဟန်းပြုရန် လွယ်ကူစေခြင်း ချမ်းသာခြင်းငှါ---

"ရဟန်းတို့---

အမျိုးမျိုးသော ရပ်ရွာ, နိဂုံးမှလာကြ၍ ရဟန်းပြုကြခြင်းသည် ခဲယဉ်း၏။ သင်တို့ကိုယ်တိုင်ပင် ရောက်သောရပ်ရွာ, နိဂုံးတို့၌ ရဟန်းပြုစေရန် ကြံစည်တော်မူခဲ့ပြီ။

ရဟန်းတို့၊ သင်တို့ကိုယ်တိုင်ပင်လျှင် ရောက်ရာနိဂုံးတို့၌ ရဟန်းလောင်းတို့အား ၃-ပါးသော သရဏဂုံပေး၍ ရဟန်းပြုကြကုန်”ဟု

သရဏဂမန ဥပသမ္ပဒါ ရဟန်းအဖြစ်ကို ခွင့်ပြုပညတ်တော်မူပြီးလျှင် အသီးသီးသော ရဟန်းတို့အား ကောင်းမြတ်မှန်ကန်သော သစ္စာတရားတို့ကို သတ္တဝါအများတို့အား ဟောကြားပြသရန် ထိုထိုအရပ်သို့ စေလွှတ်တော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## ဥရုဝေလ ကဿပညီနောင် ၃-ယောက်နှင့် တကွသော ရသေ့ ၁၀၀၀-တို့အား ရဟန်းပြုခြင်း

ဤသို့ မြတ်စွာဘုရားသည် ရဟန်းတို့အား ထိုထိုရပ်ရွာ နိဂုံးတို့သို့ စေလွှတ်ပြီးလျှင် ကိုယ်တော်တိုင်လည်း တစ်ပါးတည်းဖြင့် ဥရုဝေလတောသို့ အသွား လမ်းခရီးအကြား တစ်ခုသော တောအုပ်၌ သစ်ပင်ရင်းမှာ သီတင်းသုံးတော်မူစဉ် **ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်**တို့သည် ထိုတော၌ ပျော်ပါးကြ၍ ပြည့်တန်ဆာမတစ်ဦးသည် ၎င်းတို့ မေ့လျော့ခိုက် ထိုက်တန်သော ဘဏ္ဍာထုပ်ကို ယူငယ်ထွက်ပြေးသည်ကို ရှာဖွေကြသောအခါ မြတ်စွာဘုရားကို ဖူးမြင်ကြရ၍ ထိုညီနောင်တို့အားလည်း အစဉ်အတိုင်းဖြစ်သော အနုပုဗ္ဗိကထာနှင့် သစ္စာ ၄-ပါး ဟောကြားပြသ ဉာဏ်အလင်းကို ရကြပြီး **ဧဟိဘိက္ခု** ရဟန်းအဖြစ်သို့ ရောက်ကြလေကုန်၏။

ထိုနောက် အစဉ်အတိုင်း ခရီးအားဖြင့် ကြွသွားတော်မူကာ ဥရုဝေလတောသို့ ရောက် တော်မူ၍ ရသေ့အခြံအရံ ၅၀၀-မျှနှင့် နေသော **ဥရုဝေလ ကဿပ**ရသေ့ကြီးအား ကြမ်းတမ်း ခက်ထန်လှသော နဂါးကြီးကို နှိမ်နင်းခြင်း စသော တန်ခိုးပြာဋိဟာ ၁၆-ပါးနှင့်တကွ သုံးထောင်ငါးရာ(၃၅၁၆)သော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီးလျှင် မိမိကိုယ်ကို ရဟန္တာဟု ထင်သော ဥရုဝေလကဿပရသေ့ကြီးကို ထိတ်လန့်စေပြီးလျှင် ၎င်းအမှူးရှိသော ရသေ့ ၅၀၀-တို့အား **ဧဟိဘိက္ခု** ရဟန်းပြုတော်မူပြီးနောက် အစဉ်သဖြင့် ၃၀၀-သော ရသေ့ အခြံအရံနှင့်တကွ **နဒီကဿပ**ရသေ့တို့ကိုလည်းကောင်း ၂၀၀-သော ရသေ့အခြံအရံ နှင့်တကွ **ဂယာကဿပ**ရသေ့တို့ကိုလည်းကောင်း ထို့အတူ **ဧဟိဘိက္ခု** ရဟန်းပြုတော်မူပြီးကာ ဂယာသီသ၌ သီတင်းသုံးနေတော်မူစဉ် ၎င်းရသေ့ဟောင်း ရဟန်း ၁၀၀၀-တို့အား အာဒိတ္တပရိယာယ ဒေသနာတော်မြတ်ကို ဟောကြားတော်မူသဖြင့် ၎င်းရဟန်း တစ်ထောင် (၁၀၀၀)တို့သည် အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။

✪ ✪ ✪ ✪ ✪

## ဗိမ္ဗိသာရမင်းကြီး ဆည်းကပ်ခြင်း

မြတ်စွာဘုရားသည် ဂယာသီသကြား၌ ဥရုဝေလကဿပ စသောညီနောင် ၃-ယောက်နှင့်တကွ ရသေ့ ၁၀၀၀-တို့အား တရားအမြိုက်အရသာ တိုက်ကျွေးတော်မူကာ မွေ့လျော်သမျှ သီတင်းသုံးတော်မူပြီးလျှင် ရသေ့ဟောင်း ၁၀၀၀-တို့နှင့်အတူတကွ အစဉ်အတိုင်း ရာဇဂြိုဟ်မြို့တော်သို့ ကြွသွားတော်မူ၍ ရောက်တော်မူသောအခါ လဋ္ဌိဝန-သုပ္ပတိဋ္ဌစေတီ၌ သီတင်းသုံးတော်မူစဉ် ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား၏ ဘဝဂ်မဆန့် ပြန့်နှံ့ကျော်ကြားတော်မူသော ဂုဏ်သီတင်းတော်မြတ်နှင့်တကွ စင်ကြယ်မြင့်မြတ်သော တရားတော်၏ ကျော်စောခြင်းကို ကြားရ၍ တစ်သိန်းနှစ်သောင်းသော မင်းပရိသတ်နှင့်တကွ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ အရိုအသေ ရှိခိုးပြီးလျှင် ဥရုဝေလကဿပအမှူးရှိသော ရဟန်း-၁၀၀၀ တို့ကို ပရိသတ်တို့ မြင်လတ်၍ "ဤအရှင်ထံမှာ မြတ်သောအကျင့်ကိုအား ထုတ်ကြသလော"ဟု ယုံမှားခြင်း သဘောဖြစ်ကြသဖြင့် ၎င်းတို့ကို ပယ်ဖျောက်ရန်---

"အို--- ကဿပ---

အဘယ်အရာကို မြင်၍ သင်၏ ယဇ်မီးပူဇော်ခြင်းကို ပယ်စွန့်ဘိသနည်း၊

အို--- ကဿပ---

ဤအကြောင်းအရာ(ကို) သင့်ကိုသာ ငါဘုရား မေးမြန်း၏၊ အဘယ်အခြင်းအရာဖြင့် သင်တို့ မီးပူဇော်ခြင်းကို ပယ်ကြသနည်း"ဟု မြတ်စွာဘုရားသည် မေးတော်မူလျှင်---

"ဘုန်တော်ကြီးလှသော မြတ်စွာဘုရား---

ရူပ, သဒ္ဒ, ရသ-စသည် ကာမအာရုံ ကာမဂုဏ်တို့ကို ယဇ်ပူဇော်ခြင်းကြောင့် ပြည့်စုံကုန်၏ဟု သိသောကြောင့် ယဇ်ပူဇော်ခြင်း၌ မမွေ့လျော်ပါ၊ စွန့်ပစ်ပါကုန်၏"ဟု လျှောက်ထားလျှင်---

"အို--- ကဿပ---

သင်၏ စိတ်နှလုံးတို့သည် ထိုကာမဂုဏ်တရား၌ မမွေ့လျော်လျှင် အဘယ်မည်သော လူ, နတ် လောက၌ သင်၏ စိတ်နှလုံးတို့သည် မွေ့လျော်သနည်း၊ ထိုအကြောင်းကို ငါဘုရားအား ထင်ရှားအောင် လျှောက်လေ"ဟု တစ်ဖန် မေးမြန်းတော်မူလျှင်---

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား---

ခန္ဓာဥပဓိကင်းသဖြင့် ငြိမ်သက်ခြင်းတကာတို့ထက် မြတ်လှစွာသော ရာဂစသည် ကြောင့်ကြခြင်းမရှိ ကာမဘဝ၌ မငြိကပ် မတွယ်တာ ဇာတိ ဇရာ ဗျာဓိ မရဏ ကင်းငြိမ်းရာ

နိဗ္ဗာန်ချမ်းသာကို ဉာဏ်မျက်စိဖြင့် သိမြင်ပါသောကြောင့် တပည့်တော်၏ စိတ်နှလုံးတို့သည် ယဇ်ပူဇော်ခြင်း၌ မမွေ့လျော်ပါ"ဟု လျှောက်ထားပြီးလျှင်---

မြတ်စွာဘုရား ခြေတော်၌ ဦးခိုက်ပြီးနောက် ကောင်းကင်ထက်သို့ တက်၍---

"မြတ်စွာဘုရား---

မြတ်စွာဘုရားသည်သာလျှင် တပည့်တော်၏ဆရာ ဖြစ်တော်မူပါသည်---

တပည့်တော်ကား--- မြတ်စွာဘုရား၏ သာဝကသာ ဖြစ်ပါသည်"ဟု ထင်ရှားအောင် လျှောက်ထားမှ တစ်သိန်းနှစ်သောင်းသော ပရိသတ်အားလုံးတို့မှာ ယုံမှားသံသယကင်းကြပြီးနောက် ရောက်လာသော ပရိသတ်တို့အား အစဉ်အတိုင်း ဒါနကထာစသော အနုပုဗ္ဗိကထာနှင့် သစ္စာ ၄-ပါး ထင်ရှားပြ၍ ဟောကြားတော်မူသောအခါ ဗိမ္ဗိသာရအမှူးရှိသော တစ်သိန်းတစ်သောင်း အရေအတွက်ရှိသော ပရိသတ်အပေါင်းသည် မြတ်သောမဂ်ဉာဏ် အရောင်အလင်း ရကြကုန်၍ နိဗ္ဗာန်မျက်မှောက် ပြုကြသည့်အပြင် တစ်သောင်းသော ပရိသတ်မှာလည်း ရတနာသုံးပါး ကိုးကွယ်အားထားသော ဥပါသကာအဖြစ်သို့ ရောက်ကြကုန်၏။

✪ ✪ ✪ ✪ ✪

## ဝေဠုဝန် ကျောင်းတိုက်တော် အလှူခံတော်မူခြင်း

ထိုနောက် ဗိမ္ဗိသာရမင်းကြီးသည် တပည့်တော် မင်းသားဘဝက "အဘိသိက်သွန်း၍ ဘုရင်မင်းဖြစ်ပြီးလျှင် မြတ်စွာဘုရား ကြွလာတော်မူ၍ အထံတော်၌ ဆည်းကပ် တရားတော်မြတ်နာယူကာ တရားတော်၏ အရသာမြတ်ကို သောက်သုံးရပါမူကား ကောင်းလေစွ"ဟု တောင့်တခြင်း ၅-ပါးဖြစ်ခဲ့ပါသည် မြတ်စွာဘုရား---

၎င်းတို့မှာ ယခုအခါ အားလုံးပြည့်စုံပါပြီ"ဟု ကြည်ညိုလေးမြတ်ခြင်း ရှိသည်အလျောက် ဝမ်းမြောက်ဝမ်းသာ လျှောက်ထား၍ နက်ဖြန် နံနက် ဆွမ်းအလှူခံရန် ပင့်ဖိတ်ပြီး အရိုအသေပြုလျက် ထွက်ခွါသွားခဲ့လေ၏။

နက်ဖန် နံနက် ဆွမ်းအတွက် စီရင်ပြီး၍ မြတ်စွာဘုရားအား အချိန်အခါသင့်တော်ပါကြောင်း လျှောက်ထားလျှင် ရသေ့ဟောင်း ရဟန်းတစ်ထောင်နှင့်တကွ မင်းကြီး နန်းတော်သို့ ကြွတော်မူ၍ ဆွမ်းကိစ္စပြီးကာ အနုမောဒနာ ပြုတော်မူပြီးလျှင် ဘုရင်မင်းတရားကြီးသည်

**"တင့်အပ်ကောင်းမွန်၍ အလွန်လည်းမနီး၊ အလွန်လည်းမဝေး၊ သွားလွယ်၊ လာလွယ်၊ ဆိတ်ကွယ်, ငြိမ်သက်၊** လူများနှင့် မရောယှက်သော ဝေဠုဝန် ဥယျာဉ်တော်ကို လှူဒါန်းရသော် မြတ်စွာ ဘုရားနှင့်လည်း လျောက်ပတ်၍ များမြတ်သော အကျိုးတရား ဖြစ်ပွားရာ၏"ဟု ကြံစည်စိတ်ကူး သဒ္ဓါထူးဖြစ်သည်အားလျော်စွာ မြတ်စွာဘုရားအား ထက်သန်သော သဒ္ဓါအားဖြင့် လှူဒါန်း သည်ကို အလှူခံတော်မူပြီးနောက် မင်းကြီးအား တရားဓမ္မဟောပြ တော်မူပြီး နေရာမှ ကြွသွား တော်မူ၍ ရဟန်းအပေါင်းအား တရားအားလျော်စွာ မိန့်မြွက်တော်မူလျက် အာရာမ်အတွက် ခွင့်ပြုတော်မူလေ၏။

✪ ✪ ✪ ✪ ✪

## အရှင်သာရိပုတ္တနှင့် အရှင်မောဂ္ဂလာနတို့ မြတ်စွာဘုရားထံ ရောက်ကြခြင်း

ထိုအခါ သဉ္စယပရိဗိုဇ်သည် ၂၅၀-သော ၎င်း၏ ပရိသတ်နှင့်တကွ ရာဇဂြိုဟ်ပြည်၌ နေထိုင်၍ သာရိပုတ္တနှင့် မောဂ္ဂလာနတို့သည်လည်း လောကမှ ထွက်မြောက်ရာ တရားထူးကို ဆည်းပူးရှာဖွေကြလျက် ထိုသဉ္စယပရိဗိုဇ် အထံသို့ ရောက်ကြသဖြင့် ၎င်း၏ အထံ၌ပင် မြတ်သောအကျင့်ကို ရည်မှန်းကာ ကြိုးပမ်းအားထုတ် ပရိဗိုဇ်ရဟန်း ပြုလုပ်နေကြစဉ် "အလျင်ဦးစွာ တရားအရသာကို သုံးဆောင်ရရှိသောသူက ပြောကြစတမ်း"ဟု အချင်းချင်း ကတိကဝတ် ပြုကြပြီးလျှင် အသီးသီး တရားထူး အမြိုက်အရသာကို ရှာဖွေနေခိုက် ပဉ္စဝဂ္ဂီ အပါအဝင် အရှင်အဿဇိမထေရ်သည် ကြည်ညိုဖွယ်သော ဣရိယာပုထ်နှင့် ပြည့်စုံစွာ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွအလာတွင် အရှင်သာရိပုတ္တပရိဗိုဇ်နှင့် တွေ့ကြုံကာ "ဤအရှင်ကား လောက၌ ရဟန္တာမထေရ်များတွင် တစ်ပါးအပါဝင် ဖြစ်တန်ရာ၏"ဟု ဆင်ခြင်အောက်မေ့လျက် ဆွမ်းခံရာမှ ဖဲအလာတွင် အရှင်အဿဇိမထေရ်ထံသို့ ချဉ်းကပ်၍-

"အရှင်မြတ်---

- မည်သူကို ရည်မှန်း၍ ရဟန်းပြုပါသနည်း၊
- အရှင်မြတ်၏ ဆရာသည် မည်သူပါနည်း၊
- အရှင်မြတ်သည် မည်သူ၏ တရားကို နှစ်သက်ပါသနည်း"ဟု မေးမြန်းလျှင်-

အဿဇိမထေရ်က---

"ငါ့ရှင်၊ သာကီဝင်မင်းမျိုး ရဟန်းပြုသော လောကထွတ်ထား မြတ်ဘုရားသည် လောက၌ ထင်ရှားပွင့်တော်မူ၏။ ငါကား ထိုမြတ်စွာဘုရားကို ရည်မှတ်၍ ရဟန်းပြု၏။

ထိုမြတ်စွာဘုရားသည်ပင် ဆရာအရှင် ဖြစ်တော်မူ၏။

ထိုမြတ်စွာဘုရား၏ တရားတော်မြတ် နှစ်သက်ပေ၏"ဟု ဖြေကြားလေ၏။

ထိုနောက် အလွန်နှစ်သက် ဝမ်းမြောက်စွာဖြင့်---

"အရှင်မြတ်၏ ဆရာသခင် အရှင်ကား အဘယ်တရား အဘယ်ဝါဒဖြင့် ဟောကြားပါသနည်း"ဟု ထပ်မံလျှောက်ထားသည်အား လျှော်စွာ---

"ငါ့ရှင်၊ ငါကား မကြာမြင့်မီက ရဟန်းပြု၏။ တရားတော်အကျယ်ကား မဟောကြားနိုင်၊ အကျဉ်းအားဖြင့်သာ ငါဟောကြားနိုင်ပါသည်"ဟု မိန့်တော်မူလျှင်---

"အရှင်ဘုရား နည်းများမဆို ကောင်းမြတ်သောတရားကိုသာ ဟောကြားတော်မူပါ၊ အကျိုးတရားမပါ များလှစွာသော စကားတို့ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း"ဟု လျှောက်ထားတောင်းပန်သောကြောင့်---

အဿဇိမထေရ်မြတ်က---

> "ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
> တေသံ ဟေတုံ တထာဂတော အာဟ။
> တေသဉ္စ ယော နိရောဓော၊
> ဧဝံ ဝါဒီ မဟာသမဏော။ ။*(ဝိ၊ ၃။ ၅၁)*

- ရုပ် နာမ် ဓမ္မ ဟူသမျှတို့ အကြောင်းသမုဒယလျှင် အမွန်အစ ရှိကုန်၏။
- ထိုဝဋ်တရား၏ အကြောင်းတရား*(ကို)* ဘုရားရှင်တို့ ဟောကုန်၏။
- ထိုဒုက္ခမှ ချုပ်ငြိမ်းရာရောက်ကြောင်း မဂ္ဂသစ္စာကိုလည်း ဟောကြားကုန်၏။
- ရဟန်းမြတ် ဖြစ်တော်မူသော ငါတို့ဆရာ မြတ်စွာဘုရားသည် ဤသို့ အယူရှိတော်မူ၏"ဟု

ဤတရားဒေသနာကို ဟောကြားလျှင်---

အရှင်သာရိပုတ္တရာအလောင်း ပရိဗိုဇ်မှာ သစ္စာ ၄-ပါးကို ဉာဏ်မျက်စိအားဖြင့် သိမြင်ပြီး၍ အလွန်ဝမ်းမြောက်စွာဖြင့် အလျင်အခါက ကတိကဝတ် ပြုထားကြသည်အားလျော်စွာ အရှင်မောဂ္ဂလာန ပရိဗိုဇ်ထံ အလျင်အမြန်သွား၍ မိမိရရှိသော မြတ်တရားကို အဿဇိမထေရ် ဟောကြားသကဲ့သို့ တဆင့် ဟောပြသောအခါ ထိုဂါထာ အဆုံး၌ပင် အရှင်မောဂ္ဂလာန်ပရိဗိုဇ်မှာလည်း အညစ်အကြေးကင်းလျက် ဉာဏ်မျက်စိအလင်းကို ရလေ၏။

ဤသို့ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် ၂-ပါးတို့သည် တရားထူးတရားမြတ် ရအပ်သည်အားလျော်စွာ ၂၅၀-သော ပရိသတ်နှင့်တကွ ဆရာဖြစ်သော သိဉ္စယပရိဗိုဇ်အား-

"ကျွန်ုပ်တို့ မြတ်စွာဘုရားအထံတော်သို့ သွား၍ မြတ်သော တရားအမြိုက်အရသာ သောက်သုံးကြပါစို့၊ မြတ်စွာဘုရားသည် ကျွန်ုပ်တို့၏ဆရာ ဖြစ်တော်မူပါပြီ"ဟု

ကျေးဇူးဆပ်သောအားဖြင့် ခေါ်ပါသော်လည်း သိဉ္စယမှာ ဆရာကြီးဖြစ်၍ အိုးစရည်းဖြစ်ပြီးမှ ခွက်ငယ်မလုပ်လိုကြောင်း ၃-ကြိမ်တိုင်တိုင် ငြင်းပယ်ကာ ၂၅၀-သော ပရိသတ်တို့ကား အရှင် ၂-ပါးတို့နှင့်အတူ မြတ်စွာဘုရား အထံတော်သို့ လိုက်သွားကြ၍ အဝေးကပင် မြတ်စွာဘုရား မြင်တော်မူလျှင်---

"ရဟန်းတို့၊ ကောလိတနှင့် ဥပတိဿ အမည်ရှိသော မိတ်ဆွေ ၂-ပါး ငါဘုရား အထံသို့ လာကြကုန်ပြီ၊ ထို ၂-ဦးတို့ကား ငါဘုရား၏ မြတ်သော သာဝကအစုံ ဖြစ်ကြ ကုန်လတ္တံ့"ဟု မိန့်ကြားတော်မူလေ၏။

ထိုအရှင် ၂-ပါးတို့သည် မြတ်စွာဘုရားအထံတော် ချဉ်းကပ် ခြေတော်မြတ်သို့ ပျပ်ဝပ် ရှိကျိုး ရှိခိုးပြီးလျှင် ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ထားကြသောအခါ--

"ရဟန်းတို့၊ လာကြကုန်---

ငါဘုရားသည် ကောင်းမြတ်သောတရား ဟောကြားအပ်ပြီ၊ ဝဋ္ဋဒုက္ခ၏ အဆုံးသို့ ရောက်ခြင်းငှါ မြတ်သောအကျင့်ကို ကျင့်ကြကုန်"ဟု ဧဟိဘိက္ခု ခေါ်တော်မူခြင်းဖြင့်ပင်-

အရှင် ၂-ပါးတို့သည် ရဟန်းအဖြစ်ကို ရကြ၍ ကမ္ဘာပေါင်းများစွာက ဖြည့်ဆည်းပူး တော်မူခဲ့သော ပါရမီတော်အားလျော်စွာ အထွတ်အထိပ်ဖြစ်သော ရဟန်းကိစ္စပြီးဆုံးကြလျက်-

- ဥပတိဿအမည်ရှိသော အရှင်သာရိပုတ္တရာမထေရ်အား ပညာအရာ၌ တပည့် သာဝကတို့ထက် အကြီးအမြတ်ဆုံး ဧတဒဂ်ထားတော်မူ၍---
- ကောလိတအမည်ရှိသော အရှင်မောဂ္ဂလာန်အား တန်ခိုးအရာ၌ အမြင့်အမြတ်ဆုံး ဧတဒဂ် ထားတော်မူလေ၏။

ထိုအခါ မြတ်စွာဘုရား၏ သာသနာတော်မြတ်သည် မဂဓတိုင်းကြီးအတွင်း ပြန့်နှံ့ ကျော်စောခြင်းရှိလျက် ထွန်းလင်းတောက်ပတော်မူသဖြင့် မဂဓတိုင်းသား ထင်ရှားကျော်စော ကြသော သူအပေါင်းတို့သည် သာသနာတော်သို့ ဝင်ကြ၍ ကောင်းမြတ်သော တရားတော်ကို ကျင့်ကြကုန်သောအခါ များစွာသော သူတို့သည် "ရဟန်းမြတ် အရှင်ဂေါတမသည် သားသမီး ကင်းပြတ်အောင် ကျင့်တော်မူ၏၊ ရဟန်းမြတ် အရှင်ဂေါတမသည် မုဆိုးမဖြစ်အောင်

ကျင့်တော်မူ၏၊ ရဟန်းမြတ် အရှင်ဂေါတမသည် အမျိုးပြတ်အောင် ကျင့်တော်မူ၏၊ ယခု ရဟန်းမြတ် အရှင်ဂေါတမသည် ရသေ့-၁၀၀၀ ကို ရဟန်းပြုပေးသည့်ပြင် သိဥ္စယ၏တပည့် ၂၅၀-ကိုလည်း ရဟန်းပြုပေးကာ ငါတို့ မဂဓတိုင်းမှလည်း ထင်ရှားကျော်စောလှသော သူများ မြတ်စွာဘုရားအထံတော်၌ မြတ်သောအကျင့်ကို ကျင့်ကြကုန်ပြီ”ဟု ကဲ့ရဲ့ရှုတ်ချကြ၍ ရဟန်းတို့ကို မြင်သောအခါ---

“ရဟန်းမြတ် အရှင်ဂေါတမသည် တောင်ရံဝိုင်းသော ငါတို့ မဂဓတိုင်းသို့ ရောက်တော်မူလာလေပြီ၊ အားလုံးသိဥ္စည်းတပည့်များ ခေါ်ဆောင်သွားပြီဖြစ်၍ ယခုအခါ မည်သူအား ခေါ်ဆောင်သွားမည်နည်း”ဟု

စွပ်စွဲကြသည်ကို ကြားကြသဖြင့် ရဟန်းတို့သည် မြတ်စွာဘုရားအား လျှောက်ကြလျှင်

“ရဟန်းတို့အား စင်စစ်အားဖြင့် မြတ်စွာဘုရားတို့သည် တရားဖြင့် ဆောင်ယူကုန်၏။ တရားဖြင့် ဆောင်ယူသည်ကို ငြူစူခြင်းကား အဘယ်အကျိုးတရား ရှိအံ့နည်းဟု

ပြန်လည် စွပ်စွဲကြကုန်”ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသဖြင့် ရဟန်းတို့လည်း လူတို့ စွပ်စွဲကြသည်ကို ပြန်လည်ချေပကုန်၍ ၇-ရက်မျှနှင့်ပင် ၎င်းကဲ့ရဲ့ခြင်းများ ပျောက်ပျက် ပြေငြိမ်းသွားလေ၏။

✪ ✪ ✪ ✪ ✪

## မြတ်စွာဘုရား ဆွေတော် မျိုးတော်တို့ထံ ကြွတော်မူခြင်းအကြောင်း

ဤသို့လျှင် မြတ်စွာဘုရားသည် ပဌမဝါ မိဂဒါဝုန်တော၌ ခြောက်ကျိပ်တစ်ပါးသော ရဟန္တာမထေရ်တို့နှင့်တကွ ဝါကပ်တော်မူ၍ ၎င်းဝါမှ ထမြောက်လျှင် ဘုရားရှင်တစ်ပါးတည်း ဥရုဝေလတောသို့ ချဉ်းကပ်၍ ၃-လမျှကာလပတ်လုံး တစ်ထောင်သော ရသေ့ညီနောင်တို့ထံ သီတင်းသုံးတော်မူပြီး ထိုဥရုဝေလ အမှူးရှိသော ရသေ့တစ်ထောင်တို့အား ရဟန်းဖြစ်စေပြီး ထိုရဟန်းတစ်ထောင် အခြံအရံနှင့်တကွ ရာဇဂြိုဟ်မြို့တော်သို့ ကြွတော်မူ၍ ဗိမ္ဗိသာရမင်းတရား၏ အလှူဒါနဖြစ်သော ဝေဠုဝန်ကျောင်းတော်အာရာမ်ကို အလှူခံယူတော်မူခဲ့လေ၏။ ထိုနောက် ၂-လလွန်မြောက်သောအခါ---

“ဆောင်းအခါသမယလည်း ကုန်လွန်သဖြင့် ဥတုရာသီလည်း ကောင်းမွန်သည် အားလျော်စွာ ဉာတိသင်္ဂဟဖြင့် ဆွေတော် မျိုးတော် အပေါင်း တို့အား ချီးမြှောက်တော်မူရန်

ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀-ကွာဝေးသော ကပိလနေပြည်တော်သို့ ကြွချီတော်မူရန် ကောင်းမွန်လှစွာ သာယာစိုပြေသော ဥတုသမယ တပေါင်းလပြည့် နေ့သို့ ရောက်လာ၍ အခါအခွင့် သင့်တင့်လျောက်ပတ် ကောင်းမြတ်ကြောင်း” ကာဠုဒါယီမထေရ်သည် ဂါထာ ၆၀-မျှဖြင့် လမ်းခရီးသာယာကြောင်း ချီးမွမ်း လျှောက်ထားလေ၏။

ထိုအခါ၌ကား မြတ်စွာဘုရား သာသနာတော်မြတ်ကြီးမှာ အင်္ဂ, မဂဓတိုင်းကြီး ၂-တိုင်းမှ ထင်ရှားကုန်သော အမျိုးသားတို့သည် မိမိတို့ ဆည်းကပ်ကိုးကွယ်ကြသော ဥရုဝေလ ကဿပအမှူးရှိသော ရသေ့တစ်ထောင်တို့ပင် မြတ်စွာဘုရား သာသနာတော်၌ ဝင်ကြလျက် ရဟန်းပြုကြသည်ကို အကြောင်းပြု၍ တစ်သောင်းမျှသော သူတို့သည် မြတ်ဘုရားသာသနာ တော်၌ သက်ဝင်ရဟန်းပြုကြသည့်အပြင် ကပိလနေပြည်တော် ခမည်းတော်ထံမှ သားတော် မြတ်ဘုရား ပင့်တော်မူရန် ယောကျ်ား ၁၀၀၀-စီ အခြံအရံနှင့်တကွ ကာဠုဒါယီအမတ်ပါ ၁၀-ဦးသော အမတ်တို့သည်လည်း ပရိသတ်နှင့်တကွ မြတ်စွာဘုရား ဟောကြားတော်မူအပ် သော တရားတော်မြတ်ကို နာယူကြရသဖြင့် ဧဟိဘိက္ခုရဟန်းချည်း ဖြစ်ကုန်ကြသောကြောင့် ကာဠုဒါယီ အမှူးရှိသော ကပိလတိုင်းမှ ရဟန်းတစ်သောင်းမျှ ဖြစ်၍ လောက၌ ရဟန်း အပေါင်း ၂၀,၀၀၀-မျှသော ရဟန္တာတို့ဖြင့် ကောင်းမြတ်စင်ကြယ် အလွန်တောက်ပ တင့်တယ် သော အခါသမယကြီး ဖြစ်ခဲ့လေ၏။

ကာဠုဒါယီမထေရ်သည်လည်း ကပိလနေပြည်တော်သို့ ကြွတော်မူရန် လမ်းခရီးများ အထူးအားဖြင့် သာယာကောင်းမွန်ကြောင်း လျှောက်ထားသည်အားလျော်စွာ မြတ်စွာဘုရား သည် “နှစ်သောင်းကျော်မျှသော ရဟန္တာအပေါင်း အခြံအရံနှင့်တကွ ကြွတော်မူအံ့”ဟု ရဟန်းတို့အား ဂမိကဝတ် ပြုစေတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်မှ တစ်နေ့ တစ်ယူဇနာကျ ယူဇနာ ၆၀-မျှကို ၂-လခရီးဖြင့် အလျင်အမြန်ကြီးမဟုတ်ဘဲ ဖဲသွားထွက်ခွါ ကြွသွား တော်မူသောအခါ ကာဠုဒါယီမထေရ်မြတ်လည်း ခမည်းတော်မင်းကြီးအား “မြတ်စွာဘုရား ထွက်ခွါကြွလာတော်မူသည်ကို ပြောကြားပေအံ့”ဟု ကောင်းကင်ခရီးမှ အလျင်ကြွသွား တော်မူလေ၏။ မထေရ်မြတ်သည် မင်းကြီးထံသို့ ရောက်၍ သားတော်မြတ်ဘုရား ကြွလာကြောင်း ကြားသိရသောအခါ အတိုင်းထက်အလွန် ဝမ်းမြောက်တော်မူပြီး ဘုရင်မင်း တရားကြီးသည် မထေရ်အား နန်းတော်တွင် ဆွမ်းကိစ္စပြုစေတော်မူပြီးနောက် မြတ်စွာဘုရား အထံတော်သို့ မြိန်မြတ်လှစွာသော ဘောဇဉ်တို့ဖြင့် မထေရ်မြတ်သပိတ်တွင် ထည့်လျက် သားတော်ဘုရားဆက်ကပ်ရန် လျှောက်ထားလျှင် မထေရ်အရှင်လည်း မြတ်စွာဘုရားအား ဆက်ကပ်၍ ဤနည်းအားဖြင့် နေ့စဉ် နေ့တိုင်း “မြတ်စွာဘုရားကြွလာတော်မူသည်မှာ ခရီး မည်မျှ ရောက်တော်မူပြီ”ဟု ခမည်းတော်နှင့် ဆွေတော်မျိုးတော်တို့အား ပြောကြားတော်

မူလေ၏။ ဆွေတော် မျိုးတော် အပေါင်းတို့ကလည်း နှစ်ထောင်းအားရ အထူးဝမ်းမြောက်ကြသောကြောင့်---

ကုလပ္ပသာဒအရာ ဆွေတော် မျိုးတော်တို့ကို ကြည်ညိုစေရာ၌ မထေရ်မြတ်သည် ဧတဒဂ်ထားခြင်းကို ခံယူရလေ၏။

သာကီဝင်မင်းမျိုး အပေါင်းသည်လည်း မြတ်စွာဘုရားသခင် ရောက်တော်မူလတ်သော် ငါတို့၏ ဆွေမျိုးမြတ်ကို ဖူးမြော်ကုန်အံ့-ဟု စည်းဝေးကြကုန်ပြီးလျှင် မြတ်စွာဘုရားနှင့် သင့်တင့်လျောက်ပတ် ကောင်းမြတ်သော နေရာဌာန ရွေးချယ်ကြသောအခါ "အရိပ်သာယာ နေရာထိုင်ခင်းနှင့်တကွ ကောင်းမွန်လှသော နိဂြောဓသာကီမင်း၏ ဉယျာဉ်အာဝါသသည် ဆိတ်ငြိမ်အေးချမ်း၍ ကျောင်းသခ်မ်းနှင့် သင့်လျော်ကောင်းမြတ်၏"ဟု သတ်မှတ်ကြ၍ ၎င်းအာရာမ်ကို သုတ်သင်ရှင်းလင်း ခင်းကျင်းပြင်ဆင်ကာ ပန်းနံ့သာအပေါင်းတို့ဖြင့် တန်ဆာဆင်လျက် မြတ်စွာဘုရားအား ကြိုဆိုကြရန် စီမံပြီးလျှင် မြတ်စွာဘုရားအား ဆီးကြိုပင့်ဆောင်ကာ ထိုနိဂြောဓအာရာမ်သို့ ရောက်တော်မူလျှင် ဘုရားရှင်လည်း ဆွေတော် မျိုးတော်များ လှူဒါန်းသော နိဂြောဓအာရာမ်ကို အလှူခံတော်မူလေ၏။

ထိုသို့ နိဂြောဓအာရာမ်ကို အလှူခံတော်မူပြီးနောက် ၎င်းအာရာမ်၌ ၂၀၀၀၀-သော ရဟန္တာအပေါင်းခြံရံလျက် ခင်းထားအပ်သော နေရာထက်၌ နေတော်မူသောအခါ သာကီဝင်မင်းမျိုးအပေါင်းသည် မာနခက်ထန်ကာ "ငါတို့မြေးဖြစ်သည်, ငါတို့အောက် အငယ်ဖြစ်သည်" ဟူ၍ မှတ်ထင်ပြီးလျှင် ရှိမခိုးကြသဖြင့် ၎င်းတို့၏အဇ္ဈာသယကို သိတော်မူ၍ အဘိညာဏ်အခြေခံဖြစ်သော စတုတ္ထဈာန်ကို ဝင်စားတော်မူကာ ကောင်းကင်အပြင်သို့ တက်တော်မူပြီးနောက် ရေ, မီး အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူမှ ဆွေတော် မျိုးတော်အပေါင်းတို့သည် မာန်မာနနှိမ်ချလျက် ရှိခိုးကြသည့်အပြင် ဘုရင်သုဒ္ဓေါဒနမင်းမြတ်ကြီးသည်လည်း-

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား-

အရှင်မြတ် မွေးဖွားတော်မူစ ဒေဝိလရသေ့ကြီး ဦးခေါင်းသို့ ခြေတော်စုံ ညွတ်တော်မူသောအခါ ရှိခိုးခြင်းသည် ပဌမအကြိမ် ရှိခိုးခြင်းဖြစ်ပါသည်ဘုရား၊

လယ်ထွန်မင်္ဂလာ ပြုလုပ်စဉ်အခါကလည်း သပြေပင် အရိပ်သည် နေရာမပြောင်း ညနေစောင်းသည်တိုင်အောင် တွေ့မြင်ရသဖြင့် တပည့်တော်၏ ဒုတိယအကြိမ် ရှိခိုးခြင်းဖြစ်ပါသည်ဘုရား၊

ယခုအခါ မမြင်စဖူး အထူးအံ့သြဖွယ်ရာ ဤတန်ခိုး ပြာဋိဟာတော်ကို တွေ့မြင်ဖူးမြော်ရသဖြင့် တပည့်တော်၏ တတိယအကြိမ် ရှိခိုးခြင်းဖြင့် ရှိခိုးပါသည်ဘုရား"-

ဟုနှုတ်တော်မြွက်ဟ လျှောက်ထားလျက် ဝမ်းမြောက်ဝမ်းသာ ရှိခိုးလေလျှင် မည်သည့် သာကီဝင်မျှ မနေနိုင်ကြဘဲ ထ၍ ရှိခိုးကြပြီးလျှင် စိတ်ငြိမ်စွာ နေကြသောအခါ ပေါက္ခရမိုး ရွာသွန်းချလေ၏။ ထိုသို့ မိုးရွာခြင်းကို အကြောင်းပြု၍ ဝေဿန္တရာဇာတ်တော်ကို ဆွေတော် မျိုးတော်တို့အား ဟောကြားတော်မူလေ၏။

ဤဆွေတော် မျိုးတော် အစည်းအဝေး၌ မည်သူတစ်ဦးမျှ နက်ဖန်အတွက် ဆွမ်း ခံဖွယ် ဘောဇဉ်တို့ဖြင့် ဖိတ်မန်ခြင်းမပြုကြဘဲ နေရာမှ ထ၍ သွားကြသဖြင့် နက်ဖန် နံနက် ဆွမ်းကိစ္စအတွက် အချိန်ရောက်သောအခါ ရှေးဘုရားတို့ အစဉ်အလာဖြင့် ရဟန္တာ နှစ်သောင်းနှင့်တကွ ကပိလမြို့တော် ဆွေတော် မျိုးတော်တို့ထံ ဆွမ်းခံကြွတော်မူကာ အိမ် စဉ်လှည့်လည်၍အလာတွင် သာကီဝင်မင်းအများလည်း အရှင်သိဒ္ဓတ္ထ ဆွမ်းခံကြွတော်မူသည် ဟု တံခါးပြူတင်းဖွင့်ကာ သူ့ထက်ငါ ကြည့်ရှုဖူးမြော် အုတ်အော်သောင်းသောင်းဖြစ်၍ ရာဟုလာ မယ်တော်လည်း "ရှေးအခါက အရှင့်သားမှာ မင်းတို့၏ ကြီးကျယ်သော အသရေ ရွှေထမ်းစင် ယာဉ်ဝေါတို့ဖြင့် တင့်တယ်စွာ သွားလာတော်မူခဲ့၍ ယခုအခါ ဆံမုတ်ဆိတ်တော် ပယ်ဖြတ် ဖန်ရည်တပ်သော သင်္ကန်းတော်ကို ဝတ်ရုံကာ အိုးတိုပမာ သပိတ်တော်ကို လက်စွဲလျက် ဆွမ်းခံထွက်တော်မူသည်မှာ ဘယ်မျှလောက် တင့်တယ်ပါပေမည်နည်း"ဟု ခြင်္သေ့ခံသော လေသာပြူတင်းကို ဖွင့်ဟလျက် ဖူးမြော်သောအခါ မြတ်စွာဘုရား အသရေတော် ၃၂-နှစ် ဖြာ လက္ခဏာတော်နှင့်တကွ ၈၀-သော လက္ခဏာငယ်တော်တို့ဖြင့် တင့်တယ်စွာ တန်ဆာဆင် တော်မူသည်ကို သင်းကျစ်တော်မှ ခြေဖဝါးတော်သို့ ကျအောင် ဖူးမြင်ရသဖြင့်---

ယောက်ျားမြတ်တို့၏ ကျက်သရေတော်ကို ချီးကျူးကာ နရသီဟ- ၁၀-ဂါထာတို့ကို မြွက်ဆိုကြူးရင့်လေ၏။ ထိုနောက် ခမည်းတော်ဘုရင်မြတ်အား---

"အရှင့်သားသည် မြို့တွင်းမှာ အိမ်စဉ်ရပ်လျက် ဆွမ်းခံကြွတော်မူကြောင်း" လျှောက် တင်လျှင် ဘုရင်မင်းလည်း ထိတ်လန့်သော နှလုံးတော်ဖြင့် အဆောတလျင် ပြေးသွားတော်မူ ကာ မြတ်စွာဘုရား ရှေ့တော်မှာ ရပ်လျက်---

"အရှင်မြတ်၊ အဘယ်ကြောင့် အိမ်စဉ်လှည့်ကာ ဆွမ်းခံလာသဖြင့် တပည့်တော်တို့ အား အရှက်ရပါစေသနည်း"ဟု လျှောက်ထားလျှင်---

"ခမည်းတော်မင်းကြီး၊ ဤသို့ ဆွမ်းခံတော်မူခြင်းသည်ကား ရှေးဘုရားတို့၏ အစဉ် အလာ ဓမ္မတာ သဘောပင်တည်း"ဟု မိန့်တော်မူလေ၏၊

"အရှင်ဘုရား၊ မဟာသမ္မတ ခတ္တိယနွယ်ရိုး တပည့်တော်တို့ မင်းမျိုးမှာ မည်သည့် မင်းမှ တောင်းစားသမှု မပြုကြပါဘုရား"ဟု လျှောက်ထားပြန်လျှင်---

"ခမည်းတော်မင်းကြီး---

ဤမင်းမျိုးအနွယ်ဝံသမှာ အသင်ခမည်းတော်မင်းကြီးတို့၏ အနွယ်ဝံသတည်း။ ဒီပင်္ကရာ အစရှိသော ရှေးဘုရားရှင်တို့၏ အနွယ်ဝံသသည်သာ ငါတို့၏ အနွယ်တည်း"ဟု မိန့်တော်မူပြီးလျှင် လမ်းခရီး၌ ရပ်တော်မူလျက်---

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။(*ဓမ္မပဒ၊ ၃၉*)

မပျင်းမရိ ကောင်းသောတရား ကျင့်ရာ၏။
တရားကျင့်သူသည် ဤဘဝ နောင်ဘဝ ချမ်းသာကို ရ၏"

ဟု ဟောကြားတော် မူသောအခါ ဂါထာ၏အဆုံး၌ ခမည်းတော်မင်းတရားသည် သောတာပတ္တိဖိုလ်၌ တည်၍

ဓမ္မံစရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။(*ဓမ္မပဒ၊ ၃၉*)

ကောင်းမြတ်သော အကျင့်တရား ကျင့်ရာ၏။
မကောင်းမှု ဒုစရိုက် မကျင့် မကြံရာ။
ယခုဘဝနှင့် နောင်တမလွန်ဘဝမှာ။
ကောင်းမှုရှိသူသည် ချမ်းသာစွာ နေရ၏"

ဟု ဒုတိယဂါထာ ဟောတော်မူသည့်အဆုံး၌---

ခမည်းတော်မင်းတရား သကဒါဂါမိဖိုလ်၌ တည်သဖြင့် မြတ်စွာဘုရား၏ သပိတ်တော်ကို ယူပြီးလျှင် နန်းတော်သို့ ပင့်ဆောင်လျက် မြိန်မြတ်သော ဘောဇဉ်တို့ဖြင့် ဆက်ကပ် လှူဒါန်းတော်မူလေ၏။

ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် နန်းတော်တွင် ပရိသတ် ဆည်းကပ်ရိုကျိုး ရှိခိုး ကြသော်လည်း ရာဟုလာမယ်တော်မှာ အဆောင်တော်တွင် မြတ်စွာဘုရား ကြွလာတော်မူ ခြင်းကို တောင့်တနေသဖြင့် မဟာသာဝက ၂-ပါးနှင့်တကွ ရာဟုလာမယ်တော် အခန်းသို့ ဝင်လျက် နှစ်သက်သလို အလိုရှိတိုင်း အပူဇော် အကန်တော့ခံတော်မူပြီး၍ နန်းရင်ပြင်သို့ ကြွလာတော်မူလျှင်---

"မြတ်စွာဘုရား၊ သမီးတော်သည် မြတ်နိုးတော်မူသဖြင့် အရှင်ဘုရားတို့သည် ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်ရုံနေတော်မူသည်ဟု ကြားလျှင် ထိုအခါမှ စ၍ သမီးတော်လည်း ဖန်ရည်တပ်စွန်းသော အဝတ် ဆင်မြန်းဝတ်ရုံပါသည်ဘုရား။

အရှင်မြတ်တို့၏ တစ်ထပ်သော ဘောဇဉ်တို့ဖြင့် မျှတနေတော်မူကြောင်း ကြားလျှင် သမီးတော်လည်း တစ်ထပ်မျှသော အာဟာရဖြင့် မျှတ၍ နေပါသည်ဘုရား---

အရှင်မြတ်ဘုရား မြတ်သောနေရာတို့ကို ပယ်ခွါတော်မူကြောင်း ကြားလျှင် သမီးတော်လည်း နိမ့်ကျသော အိပ်ရာ နေရာ၌သာ နေထိုင်လေ့ရှိပါသည်ဘုရား---

အရှင်မြတ်တို့ ပန်းနံ့သာ ပန်ဆင်တော်မူခြင်းမှ ရှောင်ကွင်းတော်မူကြောင်း ကြားလျှင် သမီးတော်လည်း ပန်းနံ့သာ ပန်ဆင်ခြင်းမှ ရှောင်ရှားလျက် ဆွေမျိုးများ လုပ်ကျွေးသည်ကိုလည်း မငဲ့ကွက်တော့ပါ---

ဤသို့သောဂုဏ်နှင့် သမီးတော်ပြည့်စုံပါသည်"ဟု ခမည်းတော်မင်းတရားကြီး လျှောက်ထားသည်ကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကို ဟောကြားတော်မူလေ၏။

နောက်တစ်နေ့၌ ညီတော် **နန္ဒမင်းသား**၏-

- **အဘိသိက်တော်- မင်္ဂလာ**
- **အိမ်တော်အပ်နှင်းခြင်း- မင်္ဂလာ**
- လက်ထပ်ခြင်း- မင်္ဂလာ---

တည်းဟူသော မင်္ဂလာ ၃-ရပ် ပြုလုပ်ရန် နေ့မြတ်ဖြစ်၍ ၎င်း၏ ညီတော်အား ရဟန်းပြုတော်မူကာ သာသနာတော်၏ အညစ်အကြေးကင်းပ ကောင်းမြတ်လှသော အမြိုက်အရသာကို ခံယူစေလိုသဖြင့် ၎င်း၏ အိမ်တော်သို့ ကြွသွားတော်မူပြီးလျှင် ကောင်းမြတ်သော မင်္ဂလာတရား ဟောကြားတော်မူပြီးနောက် ညီတော်အား သပိတ်တော်ကို ကိုင်ယူစေကာ နောက်တော်က ခေါ်သွားသောအခါ **ဇနပဒကလျာဏီမင်းသမီး** မြင်သဖြင့် "လေသာပြူတင်းမှ ထွက်လျက် အရှင့်သား အမြန်ပြန်ခဲ့ပါ"ဟု မျှော်လျက်နေသည်ကို အလေးမပြုဘဲ ကျောင်းတော်သို့အရောက် ခေါ်ဆောင်တော်မူပြီးလျှင် ထိုညီတော် နန္ဒမင်းသားအား အလိုမရှိဘဲလျက် မြတ်စွာဘုရားသည် ရဟန်းပြုစေတော်မူ၏။

ကပိလနေပြည်တော်သို့ ရောက်၍ ၇-ရက်မြောက်သော နေ့၌ ရာဟုလာမယ်တော်သည် သားတော်မြတ်ကလေးအား တင့်တယ်ကောင်းမြတ်သော အဝတ်တန်ဆာတို့ဖြင့် ဆင်ယင်ပြီးလျှင်---

"သားတော်မြတ်၊

နှစ်သောင်းသော ရဟန္တာအပေါင်း ခြံရံလျက် ပြဟ္မာမင်း၏ အဆင်းနှင့်တူသော အဆင်းမြတ်ဖြင့် တင့်တယ်စွာ ကြွသွားတော်မူသော ရဟန်းမြတ်သည်ကား သင်၏ ခမည်းတော် ဖြစ်ပါသည်။

အရှင်မြတ်မှာ သုံးစား၍ မကုန်နိုင်သော ရွှေအိုးကြီး ၄-လုံးရှိပါသည်။ တောထွက်တော်မူသည့်အခါကစ၍ ၎င်းတို့ကို မမြင်ရတော့ပါ၊ သားတော်မြတ် သွား၍ တောင်းပါချေ”ဟု---

လွှတ်တော်မူပြီးလျှင် ဘုရားရှင်အထံသို့ သားတော်မြတ် ရောက်သောအခါ အဘဟူသော ချစ်ခြင်းကိုရလျက် ဝမ်းမြောက်ဝမ်းသာ “အရှင်ဘုရား၏ အရိပ်တော်မှာ ချမ်းသာပါပေ၏”ဟု သင့်တော်သောစကား လျှောက်ထားပြီးလျှင် ရပ်နေလေ၏။ မြတ်စွာဘုရားသည် ဆွမ်းကိစ္စပြီးတော်မူ၍ အနုမောဒနာ ပြုတော်မူပြီးလျှင် ကြွသွားတော်မူသောအခါ သားတော်ကလေးသည် နောက်တော်မှ အစဉ်လိုက်လျက် အမွေတောင်းကာ ကျောင်းတော်သို့ ပါသွားသဖြင့် မြတ်စွာဘုရားသည် “သားတော်ရာဟုလာအား လောကုတ္တရာ အမွေတော်မြတ် ခံယူစေအံ့” ဟု ဆင်ခြင်တော်မူပြီး အရှင်သာရိပုတ္တရာမထေရ်အား ရာဟုလာသားတော်ကို ရှင်ပြုရန် အမိန့်တော်ရှိလျှင် မထေရ်မြတ်လည်း ရာဟုလာအား ရှင်သာမဏေ ပြုစေတော်မူ၍ သားတော်မြတ်သည် သာမဏေရ ပဗ္ဗဇ္ဇအဖြစ်ကို ရတော်မူလေ၏။

ခမည်းတော်မင်းကြီးလည်း မြေးတော်မြတ် ရဟန်းပြုသဖြင့် အလွန်ဆင်းရဲတော်မူ၍ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ပြီး “အမိ, အဘတို့ ခွင့်မပြုသော သားမြေးကို ရှင်ရဟန်းမပြုရန်” ဆုတောင်း လျှောက်ထားပြီး၍ တစ်ဖန် တစ်နေ့သောအခါ နန်းတော်မှာ “ဆွမ်းကိစ္စပြီးဆုံး သင့်တင့်စွာ သီးတင်းသုံးစဉ် ခမည်းတော်မင်းမြတ်သည်---

“အရှင်ဘုရား၊

အရှင်မြတ်တို့၏ ဒုက္ကရစရိယာ ကျင့်တော်မူစဉ်အခါက နတ်တစ်ပါးသည် တပည့်တော်အား ချဉ်းကပ်၍ ‘ဘုရင်းမင်းမြတ် သားတော်မှာ ဘဝနတ်ထံ စံတော်မူကြောင်း’ ပြောကြားလျှင်”---

“အသင်နတ်သား၊

‘ငါ၏ သားတော်မြတ်ကား အထွတ်အထိပ်ဖြစ်သော ဗောဓိဉာဏ်တော်မြတ်ကို မရသမျှ ကာလပတ်လုံး ဘယ်အခါမှ ယခုဘဝမှ မလွန်နိုင်ကြောင်း’ ပြောကြား၍ ၎င်း၏စကား ပယ်သောအခါ နတ်သားလည်း ကွယ်ပျောက်သွားကြောင်း” လျှောက်ထားသည်ကို အကြောင်းပြု၍ မဟာဓမ္မပါလဇာတ်*(ဇာ၊ ၁။ ၂၁၄)*ကို ဟောကြားသောအခါ---

ဂါထာ၏အဆုံး၌ မင်းကြီးသည် အနာဂါမိဖိုလ်၌ တည်လေ၏။ ဤသို့ မြတ်စွာဘုရားသည် ခမည်းတော်မင်းကြီးအား ၃-ပါးသောဖိုလ်၌ တည်စေတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ပင် ပြန်လည်ကာ ဒုတိယ ဝါတော်မြတ် ကပ်တော်မူလေ၏။

✪ ✪ ✪ ✪ ✪

## အနာထပိဏ်သူဌေး ဒုတိယဝါ၌ ဘုရားရှင်ဖူးမြော်၍ သာဝတ္ထိသို့ ပင့်တော်မူခြင်းအကြောင်း

ဤသို့ မြတ်စွာဘုရားသည် ခမည်းတော်နှင့် ဆွေတော်မျိုးတော်တို့အား တရားအမြိုက်အရသာ ပေးတော်မူပြီးနောက် ရာဇဂြိုဟ်မြို့သို့ပင် ဒုတိယဝါတော်မြတ် ကပ်တော်မူသောအခါ၌ သာဝတ္ထိပြည်မှ **အနာထပိဏ်သူဌေးသည်** လှည်းငါးရာနှင့် ရာဇဂြိုဟ်ပြည် မိတ်ဆွေသူဌေးထံ ရောက်လာ၍ ဘုရားမြတ်စွာ လောကမှာ ပွင့်ထွန်းလာတော်မူကြောင်း သိရသဖြင့် အတိုင်းထက်အလွန် ဝမ်းမြောက်သဖြင့် နောက်တစ်နေ့ နံနက် အစောမိုးမသောက် မီထလျက် ဘုရားတည်းဟူသောအာရုံဖြင့် သွား၍ နတ်များက တံခါးဖွင့်ပေးသဖြင့် မြို့ပြင်သို့ ရောက်လျှင် အလင်းရောင်ပျောက်ကွယ်ကာ ဆုတ်နစ်သောစိတ်ဖြစ်ပေါ်လာသော်လည်း နတ်များက တိုက်တွန်းပြန်သောအခါ ကြောက်ခြင်းကင်းလျက် အလင်းရပြီး မြတ်စွာဘုရား သီတင်းသုံးရာ **သီတဝန**သို့ ချဉ်းကပ်၊ ဘုရားမြတ်သည် စင်္ကြံမှ ရပ်တော်မူပြီးလျှင် ၎င်းသူဌေး မင်းအား နာမည်ရင်း သုဒတ္တ-ဟု ခေါ်ဝေါ်တော်မူက အထူးယုံကြည်စွာ ဘုရားရှိရာသို့ ကပ်၍ မြတ်စွာဘုရားအား ချမ်းသာစွာ ကျိန်းစက်တော်မူရကြောင်း ခြေတော်ဦးခိုက် လျှောက်ထားပြီး---

မြတ်စွာဘုရားလည်း သူဌေးအား အစဉ်အတိုင်းဖြစ်သော ဒါနကထာ စသည်နှင့်တကွ သာမုက္ကံသိက ဓမ္မဒေသနာ သစ္စာ ၄-ပါး ဟောကြားတော်မူ၍ ထိုနေရာ၌ပင် ဓမ္မစက္ခုအလင်းရလေ၏။

ဤသို့ သူဌေး သောတာပတ္တိ မဂ်ဉာဏ်အလင်းကို ရ၍ သာသနာတော် မဆုတ်နစ်ကောင်းသောအဖြစ်သို့ ရောက်လျှင် ဘုရားရှင်အား နက်ဖန်အတွက် ဆွမ်းအလို့ငှာ ဖိတ်ကြားလျှောက်ထားပြီး မွန်မြတ်သော ဘောဇဉ်တို့ကို စီရင်၍ နက်ဖန် မြတ်စွာဘုရားအား ဆွမ်းလုပ်ကျွေးပြီးနောက် သာဝတ္ထိပြည်သို့ ကြွလာတော်မူ၍ ရဟန်းသံဃာနှင့်တကွ ဝါကပ်ရန် ဖိတ်မန်လျှောက်ထားသည်ကို "သူဌေးကြီး-ဘုရားရှင်တို့သည် စိတ်ငြိမ်ရာလျှင် မွေ့လျော်ကုန်၏"ဟု အမိန့်တော်ရှိက "သိပါပြီဘုရား"ဟု ဝန်ခံလျှောက်ထား၊ ဘုရားမြတ် ခွင့်ပြုကြောင်းသိလျက် အတိုင်းထက်အလွန် ဝမ်းမြောက်စွာ သာဝတ္ထိပြည်သို့ သူဌေးကြီးကိစ္စ ပြီး၍ ပြန်သွားလေ၏။

အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရားအထံတော်မှ သာဝတ္ထိသို့ ကြွသွားတော်မူရန် ခွင့်ပြုတော်မူချက်ရရှိ၍ ဝမ်းသာစွာဖြင့် ၎င်းသာဝတ္ထိနှင့် ရာဇဂြိုဟ်အကြား ၄၅-ယူဇနာ လမ်းခရီးဝယ် မပင်မပန်း ချမ်းသာစွာ ကြွတော်မူရန် တစ်သိန်း တစ်သိန်းကုန်ကျသော

အာဂန္တုကကျောင်းဆောင်များကို တစ်ယူဇနာ တစ်ယူဇနာတိုင်း မိတ်ဆွေသင်္ဂဟများသည် အားလျော်စွာ ဆောက်လုပ်စေပြီးလျှင် ၎င်းတို့အားလည်း "မြတ်စွာဘုရား ဤလမ်းခရီး အားဖြင့် ကြွလာတော်မူလိမ့်မည်၊ ဒါနစသော ကောင်းမှုများ ပြုလုပ်ကုန်"ဟု တိုက်တွန်းခဲ့၍ သာဝတ္ထိပြည်သို့ ရောက်သောအခါ ဘုရားမြတ်စွာတို့နှင့် သင့်တင့်လျောက်ပတ်သော ဌာန မြို့ရွာမှလည်း မနီးမဝေး အေးချမ်းစိတ်ငြိမ်သော နေရာကို ကြည့်လျှင် **ဇေတမင်းသား၏** ဥယျာဉ်ကို တွေ့မြင်၍ သပြာကုဋေခင်းလျက် ကျောင်းအာရာမ်အဲတွက် ဝယ်ယူပြီး မြတ်စွာ ဘုရား၏ ဂန္ဓကုဋိတိုက်တော်မြတ်နှင့်တကွ ရဟန်းသံဃာတော်တို့ သီတင်းသုံးရာ ကျောင်း ပေါင်းများစွာအပြင် စင်္ကြံ ဆွမ်းစားဇရပ် နေ့သန့်ရာ ညဥ့်သန့်ရာ ရေသန့်စင်ရာတို့နှင့် အာရာမ် တံခါးမုခ် စသည့် ၁၈-ကုဋေ အကုန်အကျခံလျက် ဆောက်လုပ်ပြုပြင်စေ၏။ ၎င်းကျောင်း တော်ကြီးပြီးစီးလျှင် မြတ်စွာဘုရားထံ တမန်အားဖြင့် ပင့်တော်မူသောအခါ မြတ်စွာဘုရား သည် များစွာသော ရဟန်း သံဃာအပေါင်း ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ၄၅-ယူဇနာခရီး ဒေသစာရီ ကြွလာတော်မူပြီး ၎င်းဇေတဝန်ကျောင်းတော်ကြီးကို အလှူခံတော်မူ၍ အနာထ-ပိဏ်သူဌေးလည်း အလွန်ဝမ်းမြောက်စွာ ထက်သန်လှသော သဒ္ဓါနှင့် ၁၈-ကုဋေ အကုန် အကျခံပြီး ကြီးကျယ် ခမ်းနားလှစွာသော ကျောင်းပူဇော်ပွဲကြီးကို ၉-လတိုင်တိုင် ပြုလုပ်ကျင်းပ လှူဒါန်းလေ၏။

✪ ✪ ✪ ✪ ✪

## တတိယဝါတော်မှ သတ္တမဝါတော်အထိ ဝါတော်စဉ်နှင့် တာဝတိံသာ အဘိဓမ္မာ ဟောတော်မူကြောင်း

### တတိယနှင့် စတုတ္ထ ဝါတော်

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်မြတ်ကြီးကို အလှူခံတော်မူပြီး၍ မွေ့လျော်တော်မူသမျှ သီတင်းသုံးတော်မူပြီးလျှင် ဝါလသို့ နီးကပ်သောအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ပင် ပြန်ကြွလာတော်မူပြီး တတိယဝါတော်နှင့် စတုတ္ထဝါတော် ၎င်း မြို့တော်၌ ကပ်တော်မူလျက် ပရိသတ် ၈-ပါးတို့အား တရားမြတ်ဟောတော်မူကာ များစွာ သော သတ္တဝါတို့အား အမြိုက်အရသာတိုက်ကျွေး သီတင်းသုံးနေတော်မူခဲ့လေ၏။

## ပဥ္စမဝါနှင့် ဆဋ္ဌဝါတော်

မြတ်စွာဘုရားသည် စတုတ္ထဝါတော်မှ ထမြောက်တော်မူသောအခါ အရပ်မျက်နှာတို့သို့ ဒေသစာရီ ကြွချီတော်မူပြီးလျှင် သတ္တဝါအပေါင်းတို့အား တရားအရသာကို တိုက်ကျွေးတော်မူလျက် ဝေသာလီပြည်သို့ သက်ရောက်တော်မူသောအခါ မဟာဝုန်တော၌ ကူဋာဂါရ-သာလာ **မင်းကွန်းဇရပ်၌ ပဥ္စမဝါတော်မြတ်** ကပ်တော်မူ၍ များစွာသော ရဟန်း သံဃာတော်တို့နှင့်တကွ များစွာသော သတ္တဝါအပေါင်းတို့အား အမြိုက်နိဗ္ဗာန်သို့ ရောက်အောင် ပို့ဆောင်တော်မူခဲ့လေပြီ။

ထိုဝေသာလီပြည် မဟာဝုန်တော မကူဋာဂါရ၌ သင့်လျော်သမျှ ကာလပတ်လုံး သီတင်းသုံးနေထိုင်တော်မူပြီးလျှင် ၎င်းမှ ဒေသစာရီ ကြွချီတော်မူလျက် များစွာသော ဝေနေယျအပေါင်းတို့အား ကောင်းမြတ်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း တရားဓမ္မဟောပြ ကယ်ချွတ်တော်မူကာ အစဉ်သဖြင့် ကြွတော်မူသောအခါ **မကုလဝန ချယားတော**သို့ ရောက်တော်မူ၍ ၎င်းတော၌ပင် ရဟန်းသံဃာတော် အပေါင်းနှင့်တကွ **ဆဋ္ဌဝါတော်မြတ်** ကပ်တော်မူလေ၏။

## သတ္တမဝါတော် တိတ္ထိတို့ နှိမ်နင်းကာ တာဝတိံသာ၌ ဆိုတော်မူခြင်း

ထိုမကုလဝန ချယားတော၌ ဆဋ္ဌဝါတော်မှ ထမြောက်တော်မူသောအခါ များစွာသော ဝေနေယျတို့ကို တရားဓမ္မဟောပြတော်မူလျက် ချွေစက်တော်ဖြန့်ကြွ ဒေသစာရီ လှည့်လည်တော်မူပြီးလျှင် အစဉ်သဖြင့် ရာဇဂြိုဟ်ပြည်တော်သို့ ရောက်တော်မူကာ ၎င်းရာဇဂြိုဟ်ပြည်ကြီး၌ ဝါကပ်တော်မူစဉ်က အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ် တန်ခိုးပြလျက် စန္ဒကူးသပိတ်ကို ယူသည်ကို အကြောင်းပြု၍ တပည့်သာဝက အပေါင်းတို့အား တန်ခိုးပြခြင်းကို သိက္ခာပုဒ်တော်အားဖြင့် ပညတ်တော်မူလျှင် တိတ္ထိဆရာကြီးများ ကြားသိကြ၍ "မြတ်စွာဘုရား တန်ခိုးတော်ကို ပြတော်မူမည် မဟုတ်"ဟု မှတ်ထင်ကာ ဘုရားမြတ်စွာနှင့် တန်ခိုးပြိုင်လိုကြောင်း တိုင်းသူပြည်သား အပေါင်းအား လှည့်လည်ဝါကြွား ပြောဆိုကြသည်ကို နှိမ်နင်းတော်မူရန် သာဝတ္ထိပြည်သို့ ကြွတော်မူလေ၏။

ထိုသို့ ကြွသွားတော်မူ၍ ၎င်းပြည်၌ ဝါဆိုလပြည့်နေ့ရောက်လျှင် ကဏ္ဍမည်သော ဥယျာဉ်မှူး လျှုဒါန်းသော သရက်သီးကို ဘုဉ်းပေးတော်မူပြီး ၎င်းသရက်စေ့ကို စိုက်ပျိုးစေသဖြင့် တစ်မုဟုတ်ချင်း ကြီးပွါး၍လာသော သရက်ဖြူပင်ရင်းမှ ဖန်ဆင်းတော်မူအပ်သော

ရတနာစင်္ကြံတော်မြတ်ဝယ် ဆန်းကြယ်လှစွာ အမျိုးမျိုးသော တန်ခိုးတော်မြတ် အစုံအစုံတို့ကို ပြတော်မူလျက် တိတ္ထိအပေါင်းတို့၏ မာန်မာနကို ချိုးဖဲ့နှိမ်နင်းတော်မူပြီးနောက် တာဝတိံသာ နတ်ပြည်သို့ ကြွသွားတော်မူပြီးလျှင် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍု-ကမ္ဗလာ မြတ်နေရာတော်၌ နေတော်မူကာ မယ်တော်နတ်သားကို အမှူးထား၍ နတ် အပေါင်းတို့အား ဆန်းကြယ်လေးနက်သော အဘိဓမ္မာဒေသနာတော်မြတ်ကို ဟောကြား တော်မူလျက် *(သတ္တမ)*ဝါကပ်တော်မူလေ၏။

တာဝတိံသာ၌ ဝါတွင်း ၃-လပတ်လုံး အဘိဓမ္မာတရားတော်မြတ် ဟောတော်မူပြီး ၍ ထိုနတ်ပြည်မှ သီတင်းကျွတ် ပဝါရဏာနေ့မှာ ထူးဆန်းအံ့ဩဖွယ် အလွန်ဆန်းကြယ်လှ စွာသော လက်ဝဲ, လက်ယာ ရွှေစောင်းတန်း ငွေစောင်းတန်း ခြံရံကာဖြင့် သိကြားမင်း ဖန်ဆင်းအပ်သော ပတ္တမြားစောင်းတန်းတော်ကြီးမှ နတ်, ဗြဟ္မာအပေါင်း ခြံရံလျက် သာဝတ္ထိမှ ယူဇနာ-၃၀ ကွာဝေးသော သင်္ကဿမြို့တံခါးသို့ ဆင်းသက်တော်မူပြီးလျှင် ကြီးကျယ်များပြား ကျယ်ပြန့်လှသော ဝါတွင်း ၃-လပတ်လုံး မြတ်စွာဘုရား ကြွလာတော်မူခြင်းကို မျှော်လင့် ဆိုင်းငံ့နေကြသော ပရိသတ်အပေါင်းတို့အား တရားဓမ္မဟောပြတော်မူပြီးကာ ပဝါရဏာနေ့ ရောက် သတ္တမဝါမှ ထမြောက်တော်မူလေ၏။

## အဋ္ဌမ ဝါတော်

မြတ်စွာဘုရားသည် သတ္တမဝါတော်မှ ထမြောက်ရာ သင်္ကဿမြို့မှ အစဉ်သဖြင့် ဒေသစာရီ ကြွချီတော်မူကာ များစွာသော ဝေနေယျတို့အား တရားအမြိုက် တိုက်ကျွေးတော် မူလျက် ဘဂ္ဂတိုင်းသို့ ရောက်တော်မူလျှင် ၎င်းဘဂ္ဂတိုင်းရှင် ဘုရင်ဖြစ်သော ဗောဓိရာဇကုမာရ မင်းသား ဆန်းကြယ်စွာ ဆောက်လုပ်ထားသော ကောကနုဒပြာသာဒ် နန်းတော်သစ်ကို ရဟန်းပုဏ္ဏား တစ်စုံတစ်ယောက်သောလူများ မနေဘူးသေးသော နန်းတော်ဖြစ်၍ မြတ်စွာ ဘုရားအား မင်္ဂလာအကျိုးငှါ ခေတ္တသီတင်းသုံးတော်မူပြီး ကျွေးမွေးလှူဒါန်းကာ မင်္ဂလာပြုရန် ဖိတ်မန်ခြင်းကို ကြွရောက်ချီးမြှောက်တော်မူပြီး ၎င်းဘဂ္ဂတိုင်း သံသုမာရဂီရိတောင်ပေါ် ဘေသကဠာတောကျောင်း၌ အဋ္ဌမဝါတော်မြတ် ကပ်တော်မူပြီးလျှင် ဗောဓိရာဇကုမာရ မင်းသား အမှူးထားသော တိုင်းသူပြည်သားနှင့်တကွ အားလုံးသော ဝေနေယျတို့အား တရားဓမ္မဟောပြကာ နိဗ္ဗာန်သို့ ပို့ဆောင်တော်မူခဲ့လေ၏။

## နဝမဝါတော်နှင့် ဒသမဝါတော် ကပ်တော်မူခြင်းအကြောင်း

မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း အဋ္ဌမဝါတော်မှ ထမြောက်တော်မူပြီးလျှင် ကျွတ်ထိုက်သူသတ္တဝါ အပေါင်းတို့အား တရားတိုက်ကျွေးကာ အစဉ်သဖြင့် ဒေသစာရီ ကြွချီတော်မူလျက် ရွှေစက်တော်ဖြန့်၍ **ဝံသတိုင်း**သို့ ရောက်လျှင် ထိုဝံသတိုင်း **ကောသမ္ဗီ**မြို့တော်အနီး **ဃောသကသူဌေးကြီး** ဆောက်လုပ်လှူဒါန်းအပ်သော **ဃောသိတာရုံ**ကျောင်းတော်ကြီးကို အလှူခံတော်မူပြီးနောက် ၎င်းကောသမ္ဗီမြို့တော်၌ ထင်ရှားသော သူဌေးကြီးများဖြစ်ကြသော **ကုက္ကုဋသူဌေး**, **ပါဝါရိယသူဌေး**ကြီးတို့ကလည်း အသီးသီး ကျောင်းတော်ကြီးများ ဆောက်လုပ်ကြ၍ လှူဒါန်းအပ်သော **ကုက္ကုဋာရုံ**ကျောင်းတော်ကြီး, **ပါဝါရိကာရုံ**ကျောင်းတော်ကြီးများကိုလည်း အလှူခံတော်မူကာ တစ်လှည့်စီ သီတင်းသုံးတော်မူလျက် ကောသမ္ဗီမြို့တော်၌ပင် **နဝမဝါ**တော် ကပ်ပြီး၍ များစွာသော သတ္တဝါတို့အား တရားအရသာ တိုက်ကျွေးတော်မူခဲ့လေ၏။ အထူးအားဖြင့် တရားအရသာ သောက်သုံးသူတို့တွင် ခုဇ္ဇုတ္တရာမည်သော ကျွန်မ မင်ဖိုလ် အရသာကို သုံးဆောင်ခံစား၍ ၎င်း၏အရှင်ဖြစ်ကြသော သာမာဝတီအမှူးရှိသော မောင်းမငါးရာတို့အားလည်း တရားအမြိုက် နှစ်ခြိုက်စွာ သောက်သုံးစေသည့်အပြင် ၎င်း သာမာဝတီ မိဖုရားကို အကြောင်းပြု၍ ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေနမင်းကြီးလည်း သာသနာတော် ထောက်ပံ့ပြုစုသော သာသနဒါယကာ ဖြစ်စေလျက် ပြည်သူ ပြည်သားတို့အား တရားအမြိုက် အရသာကို သောက်စေတော်မူခဲ့လေပြီ။

ထိုသို့ နဝမဝါတော်မြတ် ကောသမ္ဗီပြည်၌ ကပ်၍ ကောင်းမြတ်သော သာသနာတော်ကြီး ပွါးစီး ထွန်းကားသော်လည်း နောက်အခါ၌ ထိုကောသမ္ဗီပြည်သား ဝိနည်းဆောင် ရဟန်းများနှင့် အဘိဓမ္မာဆောင် ရဟန်းများ အချင်းချင်း မညီညွတ်ကြဘဲ ဝိဝါဒ ဖြစ်ပွါး၍ မြတ်စွာဘုရားသော်မှ စေ့စပ်တော်မူခြင်း မဖြစ်နိုင်သောအခါကဲ့သို့ အဓိကရုဏ်းတိုးတက်ကြီးပွားလာသောအခါ မြတ်စွာဘုရားသည် သမဂ္ဂ သမ္မောဒါန ဖြစ်ကြောင်း ကောင်းမြတ်သော အကျိုးတရားပြလျက် များစွာသော ဇာတ်တော်, နိပါတ်တော်များ ဟောကြားသော်လည်း မငြိမ်းသောကြောင့် ဓမ္မသံဝေဂ ဖြစ်တော်မူသဖြင့် တစ်ပါးတည်း ဝိဝေကသုခခံစား၍ အေးချမ်းစွာ နေတော်မူလိုသော စိတ်နှလုံးတော်မြတ် ညွတ်တော်မူသည်အားလျော်စွာ ထိုဝံသတိုင်း အရှေ့ ပါစီနဝံသသို့ တစ်ပါးတည်း ရဟန်းသံဃာကို မပန်ကြားမူ၍ ကိုယ်တော်မြတ်၏ သပိတ်, သင်္ကန်းများကို ကိုယ်တော်တိုင်ယူလျက် ကြွသွားတော်မူစဉ် အရှင်အနုရုဒ္ဓါ, အရှင်နန္ဒိယ, အရှင်ကိမိလ မထေရ်တို့နေရာ ပါစီနဝံသသို့ ရောက်၍ သင့်တင့်ညီညွတ်

ကြောင်း ကောင်းမြတ်သော သမ္မောဒါနတရားဖြင့် နေထိုင်ကြသည်ကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူပြီး မထေရ်တို့အား တရားစကား ပြောဟောပြီးကာ **ပါလိလေယျကတောသို့** တစ်ပါးတည်း ကြွတော်မူလျက် ပါလိလေယျဆင်မင်း၏ လုပ်ကျွေးဝတ်ပြုခြင်းကို ချီးမြှောက်တော်မူသောအားဖြင့် ထိုတောအုပ်မှာပင် ၁၀-ခုမြောက် **ဒသမဝါတော်မြတ်** ကပ်တော်မူခဲ့လေပြီ။

## ဧကာဒသမဝါတော်

မြတ်စွာဘုရားသည် ဒသမဝါတော် ပါလိလေယျကတောအုပ်၌ ဝါဆိုတော်မူပြီး၍ ၎င်းဝါတော်မှ ထမြောက်တော်မူသောအခါ သာဝတ္ထိ ပြည်သူ ပြည်သား လူအများတို့သည် ကောသမ္ဗိက-ရဟန်းများ ခိုက်ရန်ပွါး၍ မြတ်စွာဘုရားတစ်ပါးတည်း ထိုတောအုပ်၌ ဝါကပ်တော်မူကြောင်း ကြားသိကြသဖြင့် အရှင်အာနန္ဒာအမှူးရှိသော သံဃာတော်တို့အား မြတ်စွာဘုရားကို ဖူးမြော်ရအံ့သောအကျိုးငှါ တောင်းပန်ကြသောကြောင့် ထိုအရပ်မျက်နှာမှ ကြွလာတော်မူကြသော ရဟန်းငါးရာတို့နှင့် ပါလိလေယျတောသို့ ကြွတော်မူကြပြီးလျှင် မြတ်စွာဘုရားအား ပင့်လျှောက်ထားသောအခါ သာဝတ္ထိပြည်သို့ ကြွတော်မူပြီးနောက် ထိုမြို့တော်သို့ ရောက်တော်မူသောအခိုက် ကောသမ္ဗီပြည်သား ရဟန်းများသည်လည်း ထိုပြည်သူပြည်သားများက "အကျိုးမဲ့ ပြုတတ်သော ရဟန်းများတည်း၊ ဤရဟန်းတို့ကြောင့် မြတ်စွာဘုရား ကြွသွားတော်မူရသည်"ဟု အရိုအသေမပေး အလေးမပြု မပေးမလှူ မပူဇော်ကြသဖြင့် အချင်းချင်း ညီညွတ်ကြပြီးလျှင် သာဝတ္ထိပြည်သို့ လိုက်လာကြ၍ မြတ်စွာဘုရားအား အပြစ်ဝန်ခံ လျှောက်ထား ကန်တော့တောင်းပန်ကြသဖြင့် အဓိကရုဏ်း ငြိမ်းအေးကြလျက် ၎င်းတို့အား တရားဓမ္မ ဟောတော်မူလေ၏။ ထိုသို့ သာဝတ္ထိပြည်၌ ခိုက်ရန်ဖြစ်ပွါး ကောသမ္ဗီပြည်သား ရဟန်းများကို တရားအားလျော်စွာ ဆုံးမတော်မူပြီး ခရီးဒေသစာ မြတ်စွာဘုရားတို့ ဓမ္မတာအားဖြင့် ထိုထိုအရပ်တို့သို့ ကြွရောက် ဝေနေယျသတ္တဝါအပေါင်းတို့အား ချီးမြှောက်တော်မူပြီးနောက် နာဠမည်သော ပုဏ္ဏားရွာသို့ ရောက်တော်မူသောအခါ ထိုရွာ၌ပင် ရဟန်းသံဃာအများနှင့်တကွ **ဧကာဒသမဝါတော်** ကပ်တော်မူ၍ တရားအမြိုက် တိုက်ကျွေးတော်မူခဲ့လေပြီ။

ထိုနာဠကပုဏ္ဏားရွာ၌ မြတ်စွာဘုရားသည် ဧကာဒသမဝါတော်မှ ထမြောက်တော်မူလျှင် အစဉ်သဖြင့် ခရီးဒေသစာရီ ကြွတော်မူကာ ဝေနေယျတို့အား တရားအရသာ သောက်သုံးစေပြီး နိဗ္ဗာန်သို့ ပို့ဆောင်တော်မူလျက် ဝေရဥ္စာပြည်သို့ သက်ရောက်တော်မူ၍

ဝေရဉ္စာပုဏ္ဏားကြီးသည် ဘဝဂ်မဆန့် ပျံ့နှံ့ကျော်ကြားတော်မူသော မြတ်စွာဘုရား၏ ဂုဏ်သီတင်းတော် ကျေးဇူးတော်မြတ်ကို ကြားသိရ၍ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ နဠေရုအမည်ရှိသော တမာပင်အနီးသို့ သွားရောက်ပြီးလျှင် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ် ပဋိသန္ထာရစကား လျှောက်ထားပြီးနောက် အလိုရှိအပ်သော ပြဿနာများ လျှောက်ထားမေးမြန်းပြီးလျှင် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို နာယူမှတ်သား၃-ပါးသော သရဏဂုံတည်ပြီးကာ မြတ်စွာဘုရားအား ဥပါသကာမှတ်တော်မူပါမည့်အကြောင်း လျှောက်ထား,ဝါကပ်တော်မူရန်လည်း ဖိတ်ကြားလျက် ထွက်ခွါသွားပြီးနောက် မာရ်နတ်၏ လှည့်ပတ်ခြင်းကို ခံရသဖြင့်လည်ကောင်း, ဝေရဉ္စာပြည်မှာ ငတ်မွတ်ခေါင်းပါးခြင်း ဘေးကြီးနှင့် ကြုံတွေ့၍လည်ကောင်း မြတ်စွာဘုရားအား သတိမရဘဲ နေခဲ့လေ၏။ ထိုမြို့၌ ဝါဆိုတော်မူစဉ် ဝါတွင်း ၃-လပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်မြတ်တို့မှာ မုယော, ဂျုံကြမ်းဖြင့်သာ မျှတတော်မူကာ နေရသည့်အပြင် နေရာထိုင်းခင်း သီတင်းသုံးတော်မူရာမှာလည်း ဆင်းရဲစွာ သည်းခံ ရောင့်ရဲတော်မူရသည်ကို အကြောင်းပြု၍ အရှင်မောဂ္ဂလာန်မထေရ်၏ မြေဆီဩဇာလှန်၍ သံဃာအများအား ကျွေးမွေးပါရန် လျှောက်ထားတောင်းပန်ချက်ကို နောင်လာဒိဋ္ဌာနုဂတိ အစဉ်အားဖြင့် ကြည့်ရှုဆင်ခြင်တော်မူသည့်အတိုင်း မြစ်ပယ်တော်မူခဲ့လေ၏။

ထိုသို့ ၁၂-ဝါမြောက် ဝေရဉ္စာသို့ ရောက်သည်တိုင်အောင် မြတ်စွာဘုရား သာသနာတော်မြတ်၌ တပည့်သာဝကအပေါင်းတို့မှာ ကိလေသာရန်ဘေး ကင်းဝေးလျက် အပြစ်မရှိမှဲ့မစွန်း အနှစ်သာရ၌ တည်နေသေး၍ အယုတ်ဆုံး ဝေရဉ္စာ၌ ဝါဆိုကြသော ရဟန်းငါးရာတို့ သောတာပန်သာလျှင် အငယ်ဆုံးရှိကြ၍ အနုဇာနနသိက္ခာပုဒ်မှတပါး အပြစ်လွန်ကြူး၍ ပညတ်ရသော ပဋိက္ခေပသိက္ခာပုဒ်များ ပညတ်တော်မူခြင်း မရှိသေးသောကြောင့် မြတ်စွာဘုရားအား သာသနာအဓွန့်ရှည်စွာ တည်တံ့ကြောင်း သိက္ခာပုဒ် ပညတ်တော်မူပါရန် တောင်းပန်လျှောက်ထားသည်ကို ယခုအခါ သာသနာတော်မြတ် စင်ကြယ်ကောင်းမြတ်သောပဋိပတ်၌ တည်နေ၍ အခါမဟုတ်သေးကြောင်းဖြင့် ပယ်တော်မူပြီးလျှင် ဆင်းရဲငြိုငြင်စွာ ထိုဝါမှ ထမြောက်တော်မူပြီးနောက် မြတ်စွာဘုရားတို့၏ အလေ့အကျင့်တော်အားလျော်စွာ ဝေရဉ္စာပုဏ္ဏားကြီးအား အရပ်မျက်နှာသို့ ကြွသွားတော်မူရန် `ပန်ကြား အမိန့်တော်ရှိမှ ထိုပုဏ္ဏားကြီးလည်း သတိရလျက် များစွာသံဝေဂဖြစ်ပြီးလျှင် မြတ်စွာဘုရားနှင့် တကွ တပည့်သာဝကအပေါင်းတို့အား "တပည့်တော်များသည် လူ့ဘောင်၌ ကိစ္စများလှ၍ အရှင်မြတ်တို့အား ဝါကပ်ဖို့ ဖိတ်မန်ထားသည်ကို သတိမရ ဖြစ်ရပါသည်၊ တပည့်တော်များသည် လျှူဖွယ်ဝတ္ထုနှင့် သဒ္ဓါတရားထင်ရှားရှိပါလျက် ပျက်ကွက်ရပါသည်၊ တပည့်တော်များ

အား အစဉ်သနားသဖြင့် နက်ဖန်အလို့ငှါ ဆွမ်းအတွက် လျှုဒါန်းလိုပါသည်၊ သည်းခံတော်မူပါဘုရား"ဟု လျှောက်ထားသည်ကို မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူသဖြင့် သည်းခံတော်မူပြီးလျှင် နောက်နေ့၌ ပုဏ္ဏားကြီး လျှုဒါန်းအပ်သော ဆွမ်းနှင့် ကပ်လျှုအပ်သော သက်န်းများကို အလျှုခံယူတော်မူပြီးနောက် သောရေယျမြို့, သင်္ကဿမြို့, ကဏ္ဏကုဇ္ဇမြို့တို့သို့ မချဉ်းကပ်ဘဲ ပယာဂဆိပ်ကမ်းမှ ဂင်္ဂါမြစ်ကို ကူးပြီးလျှင် ဗာရာဏသီမြို့သို့, ၎င်းမှတဖန် ဝေသာလီသို့ ခရီးဒေသစာရီ ကြွချီတော်မူခဲ့လေပြီ။

## တေရသမဝါတော်နှင့် စုဒ္ဒသမဝါတော်

မြတ်စွာဘုရားသည် ခရီးဒေသစာရီ အစဉ်သဖြင့် ကြွချီတော်မူ၍ ဝေသာလီသို့ ရောက်တော်မူသောအခါ မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သုဒိန္န သူဌေးသားသည် လွန်ကဲသော သဒ္ဓါအားဖြင့် သာသနာတော်သို့ ဝင်သော်လည်း မိမိမယား ဟောင်း၌ အပြစ်မရှိဟု ထင်မှတ်ကာ ကျူးလွန်၍ ပထမပါရာဇိကသိက္ခာပုဒ် ပညတ်တော်မူပြီးလျှင် ၎င်းမှ အစဉ်သဖြင့် ဒေသစာရီ ဖြန့်ချိလျက် စာလိယတောင်သို့ ရောက်တော်မူကာ ထိုတောင်မှာပင် များစွာသော ဝေနေယျတို့အား တရားတိုက်ကျွေးကာ တေရသမဝါတော် ကပ်ဆိုတော်မူခဲ့လေပြီ။

## စုဒ္ဒသမဝါတော် ကပ်ဆိုခြင်းပြုရာ ဇေတဝန်ကျောင်းတော်

မြတ်စွာဘုရားသည် ထိုစာလိယကောင်၌ တေရသမဝါတော် ကပ်တော်မူသည်မှ ထမြောက်၍ ဘုရားတို့တံထွာ ဓမ္မတာဖြင့် ဒေသစာရီ ဖြန့်ချိကြွသွား၍ သတ္တဝါအပေါင်းတို့အား တရားအမြိုက် တိုက်ကျွေး လှည့်လည်တော်မူကာ အစဉ်သဖြင့် သာဝတ္ထိပြည်ကြီးသို့ ရောက်တော်မူသောအခါဝယ် အနာထပိဏ်သူဌေးကြီး၏ သာသနာတော်အား ကျေးဇူးများသော ဂုဏ်ကိုထောက်၍ ၎င်းအားချီးမြှောက်ခြင်းငှါ စုဒ္ဒသမဝါတော် သူဌေးကြီး ဆောက်လုပ်လျှုဒါန်းသော ဇေတဝန်ကျောင်းတော်ကြီး၌ ဝါကပ်တော်မူလျက် ကောသလတိုင်းကြီး အရှင် ဘုရင်ပသေနဒီကောသလမင်းကြီးနှင့်တကွ များပြားလှစွာသော တိုင်းသူပြည်သား ဝေနေယျအပေါင်းတို့အား တရားလမ်းကောင်း ညွှန်ပြတော်မူကာ သံသရာဘေးမှ ကင်းဝေးရာအမတသို့ ပို့ဆောင်တော်မူခဲ့လေပြီ။

## ပန္နရသမဝါတော်နှင့် သောဠသမဝါတော်

မြတ်စွာဘုရားသည် စုဒ္ဒသမဝါ သာဝတ္ထိပြည်မှ ထမြောက်တော်မူ၍ အစဉ်သဖြင့် ဒေသစာရီ ကြွချီဖြန့်သွားတော်မူ၍ ကပိလနေပြည်တော် ဆွေတော် မျိုးတော်အပေါင်းတို့အား ချီးမြှောက်တော်မူခြင်းငှါ ဘုရားဖြစ်တော်မူပြီးနောက် ရောက်တော်မူစဉ် လှူဒါန်းထားသော နိဂြောဓာရုံကျောင်းတော်ကြီးသို့ ရောက်တော်မူသဖြင့် ၎င်းကျောင်းတော်ကြီး၌ မှာပင် သီတင်းသုံး ဝါကပ်တော်မူကာ ဆွေတော် မျိုးတော်များနှင့်တကွ များစွာသော ဝေနေယျအပေါင်းတို့အား တရားအမြိုက် တိုက်ကျွေးတော်မူ၍ အမတချမ်းသာ ရစေတော်မူခဲ့လေပြီ။

## သောဠသမဝါတော် အာဠဝီတိုင်း<br>အာဠာဝကဘီလူးကြီးအား ကယ်ချွတ်တော်မူခြင်း

မြတ်စွာဘုရားသည် ဆွေတော် မျိုးတော်တို့အား ချီးမြှောက်လျက် ပန္နရသမဝါ န်ဂြောဓာရုံကျောင်းတော်မှ ထမြောက်တော်မူ၍ အစဉ်သဖြင့် ကြွသွားတော်မူမြဲ ဒေသစာရီ ကြွချီတော်မူရာ အာဠဝီတိုင်းသို့ ရောက်တော်မူ၍ အာဠဝီတိုင်းသားအားလုံးတို့ ကြောက်ရွံ့ ကြလျက် အခွန်ဆက်နေရကြသော အလွန်ကြမ်းတမ်း ခက်ထံလှစွာသော အာဠာဝကဘီလူး ကြီး၏မာန်စွယ်ကို ချိုးနှိမ်တော်မူကာ ရတနာ ၃-ပါး၌ ဆည်းကပ်စေပြီး၍ ၎င်းဘီလူးကြီး အမှီပြုကာ ရှစ်သောင်းလေးထောင်သော သတ္တဝါအပေါင်းတို့အားလည်း အမြိုက်အရသာ သောက်စို့စေလျက် ၎င်းဘီလူးကြီးနှင့် တိုင်းသူပြည်သားတို့အား ချီးမြှောက်သောအားဖြင့် သောဠသမဝါတော်ကို အာဠဝီတိုင်း၌ ကပ်တော်မူခဲ့လေပြီ။

## သတ္တရသမ ဝါဘော်မှ ဝီသတိမ ဝါတော်တိုင်အောင်<br>ရာဇဂြိုဟ်ပြည်၌ ဝါတော်ကပ်ခြင်းအကြောင်း

မြတ်စွာဘုရားသည် အာဠဝီတိုင်း ဝါတော်မှ ထမြောက်တော်မူ၍ ထိုထိုအရပ်သို့ ဝေနေယျသတ္တဝါတို့အား အဇ္ဈာသယနှင့် ဉာဏ်နွေးနုရင့် ထောက်ချင့်တော်မူကာ ဒေသစာရီ ကြွချီတော်မူလျက် အစဉ်သဖြင့် ရာဇဂြိုဟ်ပြည်ကြီးသို့ တစ်ဖန် ရောက်တော်မူပြန်၍ သတ္တရသမဝါတော် ၎င်းပြည်၌ပင် ကပ်ဆိုတော်မူပြီးလျှင်---

ဝါလလွန်ကာ ဒေသစာရီ ဖြန့်ချီတော်မူပြီး ၎င်းရာဇဂြိုဟ်ပြည်ကြီး၏အနီး စာလိယ တောင်၌ အဋ္ဌာရသမဝါတော် ကပ်တော်မူခဲ့လေ၏။

ငင်းနောက် ထိုဝါမှ ထမြောက်တော်မူ၍ သတ္တဝါတို့အား တရားရေအေး တိုက်ကျွေး လှည့်လည်တော်မူကာ **ဧကူနဝီသတိမဝါတော်နှင့် ဝီသတိမဝါတော်** ရာဇဂြိုဟ်ပြည်သို့ ပြည်လည်ဝါကပ်တော်မူပြီး ဝေနေယျအပေါင်းတို့အား လမ်းကောင်းညွှန်ပြ အမတသို့ ပို့ဆောင်တော်မူခဲ့လေပြီ။

ဤသို့အားဖြင့် မြတ်စွာဘုရားသည် အမြဲမမှတ်သော **အနိဗဒ္ဓဝါတော် ၂၀**-တို့ဖြင့် သတ္တဝါဝေနေယျအပေါင်းတို့၏ စရိုက် ဣန္ဒြေ အဇ္ဈာသယ ထောက်ချင့်တော်မူကာ ထိုထို ရပ်, ရွာ, နိဂုံး, မြို့, ပြည်တို့ကို လှည့်လည် ဒေသစာ မြန်းကြွတော်မူလျက် ဝေနေယျတို့အား တရားအမြိုက် တိုက်ကျွေးတော်မူခဲ့လေပြီ။

✪ ✪ ✪ ✪ ✪

## နိဗဒ္ဓဝါတော်မြတ် သာဝတ္ထိပြည်၌ ကပ်တော်မူ၍ ၄၄-ဝါမြောက်အောင် သီတင်းသုံးတော်မူခြင်း

ဤသို့ မြတ်စွာဘုရားသည် အနိဗဒ္ဓ အမြဲမမှတ်သော ဝါတော်တို့ဖြင့် ပထမဗောဓိ ဟု ဆိုအပ်သော ဝါတော်-၂၀ ကုန်လွန်စေပြီးနောက် **ဧကဝီသတိမ (၂၁)**ဝါတော်မြောက်မှ စ၍ ၄၄-ဝါတော်တိုင်အောင် သာဝတ္ထိပြည်၊ **ဇေတဝန်ကျောင်းတော်ကြီး**၌ ၁၈-ဝါ၊ ဝိသာခါ ဒါယိကာမကြီး ဆောက်လုပ်လှူဒါန်းသော ၁၇-ကုဋေကျော် ကုန်ကျသည့် **ပုဗ္ဗာရုံကျောင်း တော်ကြီး**၌ ၆-ဝါ၊ ဤသို့ အလှည့်ကျ ဝါဆိုတော်မူပြီး၍ ထိုထိုမြို့ရွာ တိုင်းနိုင်ငံ ဇနပုဒ်တို့မှ လာရောက်ကြကုန်သော သူအပေါင်းတို့အား တရားဓမ္မ အရသာ တိုက်ကျွေးလျက် အမြဲ မပြတ်သော နိဗဒ္ဓဝါတော် ကပ်တော်မူပြီးလျှင် အာယုသင်္ခါရ နီးကပ်တော်မူသောအခါ နောက်ဆုံးဖြစ်သော ဒေသစာရီ လှည့်လည်တော်မူလျက် အစဉ်ရောက်ရာ ဝေဠုဝရွာ၌ ၄၅-ဝါမြောက် ဝါကပ်ဆိုတော်မူပြီးနောက်-

အစဉ်သဖြင့် ၎င်းမှ ဖြန့်ကြွလှည့်လည်တော်မူ၍ ကုသိနာရုံပြည်သို့ ရောက်တော်မူ သောအခါ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်အတွင်း အတိုင်းမသိသော နတ်လူပြဟ္မာ သတ္တဝါအပေါင်းတို့၏ စိတ်နှလုံး၌ ယူကျုံးမရ ဖြစ်စေလျက် မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ ကဆုန် လပြည့်၊ အင်္ဂါနေ့၌ အင်ကြင်းပင်ပျို အပင် ၂-ပင်တို့၏အကြား ခင်းထားအပ်သော သလွန် ညောင်စောင်းတော်ထက်ဝယ် လက်ယာနံတောင်းဖြင့် လျောင်းစက်တော်မူကာ ညဉ့် ဦးယာမ်၌ မလ္လာမင်းတို့အား တရားဓမ္မ ဟောပြတော်မူပြီး၍ သန်းခေါင်ယာမ် နောက်ဆုံး သာဝကဖြစ်သော **သုဘဒ္ဒပရိဗိုဇ်**အား တရားအမြိုက် တိုက်ကျွေးဆုံးမတော်မူပြီး

မိုးသောက်ယာမ် တပည့်သာဝကအပေါင်းတို့အား နောက်ဆုံး ပစ္ဆိမဝစန တရားတော်ဖြင့် ဆုံးမတော်မူပြီးနောက် အာရုံတက် အချိန်တော်မြတ်မှာ ကုဋေမျှသော နဝါနုပုဗ္ဗ သမာပတ်တော် ဝင်စားတော်မူပြီးသည့်အဆုံး၌ ခေမာအမတ ဘေးမခသည့် ဒုက္ခခပ်သိမ်းတို့၏ ကင်းငြိမ်းချုပ်ပျောက်ရာ ပရိနိဗ္ဗာန အနုပါဒိသေသ မြတ်စခန်းသို့ မြန်းကြွစံတော်မူခဲ့လေပြီ။

ဤသို့ လောက၌ မတုနိုင် မမီနိုင်သော အနာဝရဏဉာဏ်, သဗ္ဗညုတဉာဏ်တော်မြတ်ကြီးသို့ ရောက်တော်မူ၍ လောကမှထွက်မြောက် အထွတ်အထိပ်သို့ ရောက်တော်မူသည် အားလျော်စွာ များပြားလှစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ၄၅-ဝါအတွင်း တရားရောင်အလင်းပြလျက် ဓမ္မဒေသနာတော်မြတ် ဟောကြားတော်မူအပ်သော ကောင်းမြတ်မှန်ကန်သော တရားတော်အပေါင်းတို့၏ တည်ရာ စုဝေးရာဖြစ်၍ ပိဋကဟု ဆိုအပ်သော မြတ်စွာဘုရား၏ စကားတော်မြတ်မှာ---

## ၁။ သုတ္တန္တပိဋက

အတိုင်းမသိ မြင့်မြတ်သော မဟာကရုဏာတော်ဖြင့် သတ္တဝါအများတို့အား တရားတည်းဟူသော အလင်းကို ရဖို့ရန် အမျိုးမျိုးသော နည်းဥပမာတို့ဖြင့် ဟောကြားတော်မူသော ယထာနုလောမ ဒေသနာတော်။

## ၂။ အဘိဓမ္မာပိဋက

ဟုတ်မှန်ကောင်းမြတ်၍ ခက်ခဲလေးနက် ဆန်းကြယ်သဖြင့် လူသာမန်တို့ ထောက်တည်ရာ မရနိုင်သော သဘာဝဓမ္မတို့ ပေါင်းစုဟောကြားတော်မူသော ယထာဓမ္မ ဒေသနာတော်။

## ၃။ ဝိနယပိဋက

ကောင်းမြတ်မှန်ကန်သော တရားတော်ကို ကျင့်ကြံကြကုန်သော သူတော် သူမြတ် တပည့်သာဝက ဖြစ်ကြသော ရဟန်းတို့အား ကိုယ်နှုတ် ၂-ပါး စောင့်စည်းကြရန်အကြောင်း အပြစ်အားလျော်စွာ ခွင့်ပြုပညတ်တော်မူအပ်သော ယထာပရာဓ ဒေသနာတော်-- အားဖြင့် ၃-ပါးရှိကုန်၏။

ထိုမှတပါး အမျိုးအားဖြင့် တူမျှသော ဒေသနာတော်တို့ကို ပေါင်းစုဖွဲ့စည်းသော အားဖြင့် ထားအပ်သော နိကာယ နိကာယ်သည်---

## ၁။ ဒီဃနိကာယ

ရှည်လျားစွာ အကြောင်းအတ္ထုပ္ပတ်တို့ဖြင့် ဟောကြားတော်မူအပ်သော သုတ္တန်ဒေသနာတော်။

## ၂။ မဇ္ဈိမနိကာယ

အလယ်အလတ်ဖြစ်သော အကြောင်းအတ္ထုပ္ပတ်တို့ဖြင့် ဟောကြားတော်မူအပ်သော သုတ္တန်ဒေသနာတော်။

## ၃။ သံယုတ္တနိကာယ

အကြောင်းအတ္ထုပ္ပတ် ယှဉ်စပ်၍ ဟောကြားတော်မူအပ်သော သုတ္တန်ဒေသနာတော်။

## ၄။ အင်္ဂုတ္တရနိကာယ

တစ်ပါး နှစ်ပါးစသည် အင်္ဂါအားဖြင့် လွန်၍ လွန်၍ ဟောကြားတော်မူအပ်သော သုတ္တန်ဒေသနာတော်။

## ၅။ ခုဒ္ဒကနိကာယ

အကြောင်းအတ္ထုပ္ပတ်တိုစွာဖြင့် ဟောကြားတော်မူအပ်သော အချို့သုတ္တန်ဒေသနာ။

များပြားလှစွာ သိက္ခာပုဒ်တို့ဖြင့် ပညတ် ဟောကြားတော်မူအပ်သော ဝိနည်းဒေသနာတော်။

ယထာဓမ္မ သဘာဝအားဖြင့် ဓမ္မခန္ဓာများစွာ ဟောကြားတော်မူအပ်သော အဘိဓမ္မာဒေသနာတော်အားဖြင့် ၅-ပါးရှိကုန်၏။

ထိုမှတပါးလည်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဒေသနာတော်မြတ်တို့ကို အစိတ်အပိုင်းတို့ဖြင့် ဝေဖန်လျှင်---

၁။ သုတ္တ၊ သုတ်အမည်အားဖြင့် သီကုံးဟောကြားတော်မူအပ်သောဒေသနာတော်။

၂။ ဂေယျ၊ ဂါထာသီကုံး ဖွဲ့ဆိုသောအားဖြင့် ဟောကြားတော်မူအပ်သော ဒေသနာတော်။

၃။ ဝေယျာကရဏ၊ များသောအားဖြင့် ဂါထာမသီကုံးဘဲ စိတ်ဖြာဝေခွဲ၍ ဟောကြားတော်မူအပ်သော ဒေသနာတော်။

၄။ ဂါထာ၊ ဓမ္မပဒစသည် ဂါထာသက်သက် ဟောကြားတော်မူအပ်သော ဒေသနာတော်။

၅။ ဥဒါန၊ ဝမ်းမြောက်ခြင်းစသည်နှင့် စပ်လျဉ်း၍ ကျူးရင့် မြွက်ကြားတော်မူအပ်သော ဒေသနာတော်။

၆။ ဣတိဝုတ္တက၊ မြတ်စွာဘုရား စကားတော်မြွက်ကို ကိုးကား၍ ဟောကြားအပ်သော ဒေသနာတော်။

၇။ ဇာတက၊ ရှေးဘဝများစွာတို့၌ ဖြစ်ဖူးသော အတ္တုပ္ပတ်တို့ကို ဟောကြားအပ်သော ဒေသနာတော်။

၈။ အဗ္ဘုတဓမ္မ၊ အံ့ဩဖွယ် အကြောင်းအရာများ ဟောကြားတော်မူအပ်သော ဒေသနာတော်။

၉။ ဝေဒလ္လ၊ နှစ်သက် ဝမ်းမြောက်ခြင်းနှင့် စပ်၍ မေးအပ်သော ပုစ္ဆာတို့ကို ဖြေကြားအပ်သော ဒေသနာတော်အားဖြင့် အင်္ဂါ ၉-တန် ရှိကုန်၏။

ၚင်းပြင် ဘာဏဝါရ၊ ရွတ်ဖတ်သရဇ္ဈာယ်အပ်သော အပိုင်းအခြားအားဖြင့် ၁၁၈၃ (တစ်ထောင့်တစ်ရာ့ရှစ်ဆယ့်သုံး)—

ဓမ္မခန္ဓာ၊ တရားအမျိုးအစု အပေါင်းအားဖြင့် ၈၄,၀၀၀ (ရှစ်သောင်းလေးထောင်)။

အက္ခရာခန့်မှန်းခြေအားဖြင့် ၉၄,၆၄,၀၀၀ (ကိုးသန်းလေးသိန်းခြောက်သောင်းလေးထောင်)မျှလောက်ရှိအောင် များမြောင်လှစွာသော ဓမ္မခန္ဓာ ဒေသနာတော်အပေါင်းတို့ဖြင့် လောကကြီးအလုံးကို ထွန်းလင်းတောက်ပစေလျက် မရေတွက်နိုင်သော သတ္တဝါအပေါင်းတို့အား တရားတည်းဟူသော ဓမ္မစက္ခုဉာဏ်အလင်းကို ရစေ၍ အေးမြချမ်းသာသော နိဗ္ဗာန်သို့ ပို့ဆောင်တော်မူခဲ့လေပြီ။

ဤသို့ ဘဝပေါင်းများစွာက အကြောင်းပါရမီတော်မြတ် များပြားလှစွာ ဆည်းပူးအားထုတ်တော်မူခဲ့၍ ပစ္ဆိမပွန်ဘဝ၌လည်း ခန္ဓာအသက် မငဲ့ကွက်ဘဲ လွန်ကဲသည်းထန်သော လုံ့လဝီရိယတော်မြတ်ဖြင့် အားထုတ်တော်မူ၍ ရတော်မူအပ်သော သဗ္ဗညုတဉာဏ်တော်, အနာဝရဏ ဉာဏ်တော်မြတ်တို့ဖြင့် ဟောကြားတော်မူအပ်သော ကောင်းမြတ်မှန်ကန်၍ လေးနက်ဆန်းကြယ်သော တရားတော်နှင့်လွဲ၍, အကြောင်းအကျိုးမထင် သိမြင်လွယ်သော ယခုကာလ အယူဝါဒတို့ကို ရှိသေလိုက်နာကြသည်မှာ အံ့ဩဖွယ်, သနားဖွယ် မဟုတ်သေး။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါကပင်လျှင် အထင်မှား အမြင်မှား အယူမှား၍ တရားကောင်း တရားမှန်နှင့် ကြုံကြိုက်ပါလျက် သက်သက် အလွဲကြီး လွဲကြသော မိစ္ဆာ

အယူရှိကြသူများမှာ လောကဓာတ်ကြီးအလုံး သိမ်းကျုံးလျက် ထင်ရှားသော မဟာကရုဏာ တော်သခင် ဘုရားရှင်ကိုပင် မျက်ကွယ်ပြုကာ-

- ဘာမျှမဟုတ်၊ သေးနုတ်လှသော တိတ္ထိဆရာတို့ကို အားထားခြင်းအားဖြင့် လည်းကောင်း,
- အလွန်သိမ်မွေ့ နူးညံ့လှသော မြတ်စွာဘုရား တရားတော်မြတ်ကို မျက်ကွယ်ပြုကာ ကြမ်းတမ်းလှစွာသော မိစ္ဆာအယူဝါဒ တရားတို့ကို အားထားခြင်းအားဖြင့် လည်းကောင်း-

အလွန်ပင် သနားအံ့ဩဖွယ်ရာ ဖြစ်ခဲ့ကြကုန်၏။

ဤသို့ ၄၅-ဝါအတွင်း အလုံးစုံသိမြင်တော်မူခြင်းငှာ စွမ်းနိုင်သော သဗ္ဗညုတ ဉာဏ်တော်မြတ်ဖြင့် ဟောကြားတော်မူအပ်သော တရားတော်၏ တစ်ခုတည်းသော အကျိုး အာနိသံသမှာ အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်တည်းဟူသော ကိလေသာ အညစ် အကြေးမှ ကင်းဝေးလွတ်ကင်းရာဖြစ်သော ဝိမုတ္တိရသကို သုံးဆောင်ခံစားရန် ဖြစ်သော် လည်း အကြောင်းအတ္တုပ္ပတ် စပ်ဆိုင်သည်အားလျော်စွာ တစ်ခါတရံ ကိုယ်နှုတ် ပဲ့ပြင် ကျင့်စဉ်ဖြစ်သော ဝိနည်းတရားတော်၊ တစ်ခါတစ်ရံ နိဗ္ဗာန်မဂ်ဖိုလ် တိုက်ရိုက်ရောက်ရှိ စံစားနိုင်သော သုတ်, အဘိဓမ္မာ တရားတော်မြတ်ကို ဟောကြားတော်မူခဲ့ရလေ၏။

ၡင်းတို့တွင်လည်း တစ်ခါတစ်ရံ သတ္တဝါတို့ မသိမထင် ဉာဏ်အားဖြင့် မမြင်နိုင်သော အမေးပုစ္ဆာ ရှိလာသည်အားလျော်စွာ အမြိုက်အရသာ ပါဝင်သော ဝိသဇ္ဇနာ အဖြေတရား ဟောကြားတော်မူရ၍ တစ်ခါတစ်ရံ ဆိုးဝါးယုတ်မာသော မိစ္ဆာဝါဒ ထကြွဖြစ် ပေါ်လာသည် အားလျော်စွာ ထိုမိစ္ဆာဝါဒတည်းဟူသော မှောင်တိုက်ကြီးကို ဖျက်ဆီးလျက် မှန်ကန်ကောင်း မြတ်၍ ဖြောင့်မတ်သော အယူဝါဒတည်းဟူသော တရားအလင်းဓာတ်ကြီး ကို ပေးအပ်တော် မူရလေ၏။

✪ ✪ ✪ ✪ ✪

## မိစ္ဆာဝါဒ အယူမှားတို့ကို ဖြေရှင်း ဟောကြားတော်မူခြင်း

ထိုအကြောင်းကို ထင်ရှားစေရန်မှာ တရံရောအခါ၌ မြတ်စွာဘုရားသည် နောက် လိုက်နောက်ပါ ငါးရာသော ရဟန်းတော်တို့နှင့်တကွ ရာဇဂြိုဟ်မြို့တော်နှင့် နာလန္ဒမြို့ အကြား ခရီးဒေသစာရီ ကြွတော်မူစဉ် သုပ္ပိယမည်သော ပရိဗိုဇ်သည် မြတ်စွာဘုရား၏

ဂုဏ်တော်, ကျေးဇူးတော်၊ တရားတော်မြတ်၏ ဂုဏ်တော်, ကျေးဇူးတော်၊ သံဃာတော်မြတ်၏ ဂုဏ်တော်, ကျေးဇူးတော်တို့ကို အမျိုးမျိုး ရှုတ်ချကဲ့ရဲ့သော်လည်း ၎င်း၏ တပည့် ဗြဟ္မဒတ္တလုလင်မှာကား ထို ဘုရား, တရား, သံဃာ ဂုဏ်တော် ကျေးဇူးတော်တို့ကို အမျိုးမျိုး ချီးမွမ်းစကား ဟောကြားကာ ဆရာနှင့် တပည့် ၂-ယောက်မှာ ဖြောင့်ဖြောင့် ဆန့်ကျင်လျက် မြတ်စွာဘုရား၏ နောက်တော်မှ အစဉ်လိုက်ပါလာရာ မြတ်စွာဘုရားသည် တပည့် ရဟန်း သံဃာအပေါင်းနှင့်တကွ **အမ္ဗလဋ္ဌိကမည်သော** သရက်ဥယျာဉ်တော်အတွင်း **မင်းကွန်းတဲနန်းတော်၌** ညဉ့်သုံးတော်မူရန် ဝင်တော်မူသောအခါမှာလည်း ၎င်းဆရာတပည့် ၂-ယောက်တို့သည် ၎င်းပရိသတ်နှင့်တကွ နောက်ကလိုက်ပါ ဥယျာဉ်တော်သို့ ဝင်လာကြပြီးလျှင် ရှေးနည်းအတူ ချီးမွမ်းကဲ့ရဲ့စကား အချင်းချင်း ဆန့်ကျင်ပြောကြားလျက် ၎င်းဥယျာဉ်ထောင့်တစ်ခုမှာ ၎င်းတို့၏ ဆရာတပည့် ပရိသတ်နှင့် နေထိုင်ခဲ့ကြလေ၏။

၎င်းဆရာတပည့် ၂-ယောက်တို့ကို အကြောင်းပြု၍ ရဟန်းတို့ စကားဖြစ်ပွါးကြသည်အားလျော်စွာ---

"အို ရဟန်းတို့၊

ငါဘုရားကိုသော်လည်းကောင်း, တရားကိုသော်လည်းကောင်း, သံဃာကိုသော်လည်းကောင်း ကဲ့ရဲ့ရှုတ်ချရာ၌ သင်တို့သည် အမျက်ထွက်ခြင်း နှလုံးမသာခြင်း မဖြစ်ကြကုန်လင့်။ ထိုအကြောင်းကြောင့် သင်တို့အားသာ အန္တရာယ် ဖြစ်ပေလိမ့်မည်။

အို ရဟန်းတို့၊ စင်စစ်သော်ကား သူတစ်ပါးတို့၏ ကောင်းစွာပြောဆိုခြင်း မကောင်းသဖြင့် ပြောဆိုခြင်းများကို နှလုံးသွင်း၍ 'မဟုတ်မမှန်လျှင် ဤအကြောင်းကြောင့် မမှန်၊ ငါတို့မှာ ဤအကြောင်းတရားမရှိ'ဟု ဖြေရှင်းပြောကြားအပ်၏။

အို ရဟန်းတို့၊ ငါဘုရားကိုသော်လည်းကောင်း, တရားကိုသော်လည်းကောင်း, သံဃာကိုသော်လည်းကောင်း ချီးမွမ်းပြောဆိုရာ၌ သင်တို့ နှစ်သက်ရွှင်ပြ ဝမ်းမြောက်ခြင်း မပြုကြကုန်လင့်။ ထိုအကြောင်းကြောင့် သင်တို့အားသာ အန္တရာယ် ဖြစ်ပေလိမ့်မည်။

ထိုအရာ၌ 'ဤအကြောင်းကြောင့် ဟုတ်၏၊ ဤအကြောင်းကြောင့် မှန်၏၊ ဤအကြောင်းအရာသည် ငါတို့အား ရှိ၏'ဟု ဟုတ်မှန်တိုင်းကိုသာ ဝန်ခံသင့်၏"ဟု မိန့်ကြား ဆုံးမတော်မူပြီးလျှင် ဤအကြောင်း အတ္ထုပ္ပတ်နှင့်စပ်၍---

ရဟန်းတို့အား ပုထုဇဉ်ဉာဏ်အမြင်မျှဖြင့် ချီးမွမ်းပြောဆိုနိုင်သော ပါဏာတိပါတ စသည်မှ ရှောင်ကြဉ်တော်မူ၏-စသည့် **စူဠသီလ**ဖြင့်လည်းကောင်း

- ဘူတဂါမ်, ဗီဇဂါမ် ဖျက်ဆီးခြင်းမှ ရှောင်ကွင်းတော်မူ၏-စသည့် **မဇ္ဈိမသီလ**ဖြင့်လည်းကောင်း
- မင်္ဂဖိုလ်မှ ဖီလာဖြစ်သော အသက်မွေးခြင်းမှ ရှောင်ကွင်းတော်မူ၏-စသည့် မဟာသီလဖြင့်လည်းကောင်း-

သီလ ၃-ပါးတို့ဖြင့် တန်ဆာဆင်အပ်သော---

- ခက်ခဲလေးနက်သော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိများကို ထင်ရှားအောင် ခွဲခြားလျက် ပြဆိုအပ်သော-

ဤဗြဟ္မဇာလသုတ္တန်ဒေသနာတော်မြတ်၌ နက်နဲ ခက်ခဲ၍ သိနိုင်ခဲ မြင်နိုင်ခဲသော တည်ကြည်ကောင်းမွန်သဖြင့် ဉာဏ်သာမန်မျှနှင့် မကြံနိုင်အောင် သိမ်မွေ့စွာ ပညာရှိသာ သိမြင်သော တရားအပေါင်းတို့ကို ကောင်းစွာသိမြင်တော်မူပါပေ၏ဟု မြတ်စွာဘုရားတို့အား ဟုတ်တိုင်းမှန်စွာ ချီးမွမ်းအပ်သော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ အယူမှားတို့ကို ပိုင်းခြား ဝေဖန်၍ ဟောကြားတော်မူခဲ့၏။ ဤအတိုင်းမသိသော သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် သုတ်သင် ဖြေရှင်းတော်မူအပ်သော ၆၂-ပါးသော အယူမှား မိစ္ဆာဒိဋ္ဌိတို့မှာ အချုပ်အားဖြင့် အတ္တ အယူဝါဒမှ ပွါးစီးတိုးတက်လာ၍ အကျဉ်းအားဖြင့်---

၁။ ရှေ့အဖို့၌ဖြစ်သော အတ္တကို ကြံစည်တွေးတောလျက် ၁၈-ပါးသော အကြောင်းတရားတို့ကို အစွဲပြု၍ နှလုံးသွင်းပြောဆိုသော ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈-ပါး။

၂။ နောက်အဖို့၌ဖြစ်သော အတ္တကို ကြံစည်တွေးတောလျက် ၄၂-ပါးသော အကြောင်းတရားတို့ကို အစွဲပြု၍ နှလုံးသွင်းပြောဆိုသော အပရန္တာနုဒိဋ္ဌိ ၄၄-ပါး။

ဤ ၂-ရပ်သော မိစ္ဆာအယူတို့ကို ပေါင်းစပ်ခြင်းအားဖြင့် ၆၂-ပါးသော မိစ္ဆာအယူဝါဒတို့ ဖြစ်ပေါ်လာကြကုန်၏။

ဤ ၆၂-ပါးသော မိစ္ဆာအယူထဲ၌ ရှေးကမ္ဘာအစဉ်အဆက် ဖြစ်ပွားလာကြသော အယူမှားတို့သည်လည်းကောင်း မြတ်စွာဘုရားလက်ထက်တော်က ဖြစ်ပေါ်လာကြသော တိတ္ထိဆရာကြီး အသီးသီးတို့ ယူကြ စွဲလမ်းကြသော အယူမှားတို့သည်လည်းကောင်း ယခုကာလ၌ ကြံဆ၍ သဘောအမျိုးမျိုးယူကြသော အယူမှားတို့သည်လည်းကောင်း ပါဝင်ကြသဖြင့် အကျဉ်းသိမှတ်ဖို့ရန်နှင့် မကျဉ်းမကျယ် သိလွယ်ဖို့ရန် အောက်ပါ ဥဒ္ဒေသ, နိဒ္ဒေသတို့ဖြင့် ပိုင်းခြားဝေဖန်သင့်သည့်အတိုင်း ထုတ်ဖော်ရေးသားရပေမည်။

✪ ✪ ✪ ✪ ✪

## ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ အကျဉ်းနှင့်အကျယ်

သံသရာ၏ ရှေ့အဖို့ကို စွဲ၍ဖြစ်သော ပုဗ္ဗန္တာနုဒိဋ္ဌိ၌----

၁။ **သဿတဝါဒ၊** မြဲသော အတ္တရှိသောအယူ- - - - - - - - ၄-ပါး။

၂။ **ဧကစ္စသဿတ၊** အချို့မြဲသော အတ္တရှိသောအယူ- - - - ၄-ပါး။

၃။ **အန္တာနန္တိကဝါဒ၊** အဆုံးရှိ, မရှိသော အတ္တအယူ - - - - - ၄-ပါး။

၄။ **အမရာဝိက္ခေပိက၊** အပိုင်းအခြား မရှိသောအယူ - - - - - ၄-ပါး။

၅။ **အဓိစ္စသမုပ္ပန္နဝါဒ၊** အကြောင်းမဲ့ ကြံဆသောအယူ - - - - ၂-ပါး-
အားဖြင့် ၁၈-ပါး ရှိ၏။

နောက်အဖို့ကို စွဲ၍ ဖြစ်သော **အပရန္တာနုဒိဋ္ဌိ**မှာလည်း----

၁။ **သညီဝါဒ၊** သညာရှိသော အတ္တအယူ - - - - - - - - ၁၆-ပါး။

၂။ **အသညီဝါဒ၊** သညာမရှိသော အတ္တအယူ - - - - - - ၈-ပါး။

၃။ **နေဝသညီနာသညီဝါဒ၊** သညာရှိ မရှိသော အတ္တအယူ- ၈-ပါး။

၄။ **ဥစ္ဆေဒဝါဒ၊** ပြတ်သော အတ္တအယူ - - - - - - - - - - ၇-ပါး။

၅။ **ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ၊** မျက်မှောက်၌ခံစားအပ်သော အတ္တအယူ ၅-ပါးအားဖြင့် ၄၄ပါးရှိ၏။

ဤသို့အားဖြင့် ၆၂-ပါးရှိကုန်၏။

ဤအကျဉ်းပြအပ်သော ဥဒ္ဒေသမှတပါး မကျဉ်းမကျယ် မှတ်သား လွယ်ကူစေရန် ပြဆိုအပ်သော နိဒ္ဒေသမှာ---

### ၁။ သဿတဝါဒ ၄-ပါး

၁။ ဘဝတစ်သိန်းမျှ ရှေးကဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့ဆင်ခြင်နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုရသဖြင့် ခန္ဓာအိမ်ကို အစိုးရသော အတ္တနှင့်သတ္တလောက မြဲ၏ဟုယူခြင်း။

၂။ ဘဝပေါင်းများစွာ သံဝဋ္ဋ, ဝိဝဋ္ဋ ကပ်ပေါင်း ၁၀-ကမ္ဘာမျှ ခန္ဓာအစဉ်ကို ဆင်ခြင်အောက်မေ့နိုင်သောအားဖြင့် ဤမျှလောက်သာ အတ္တနှင့် သတ္တလောကသည် မြဲ၏ဟု ယူခြင်း။

၃။ ကပ်ကမ္ဘာအပေါင်း-၄၀ မျှလောက် ရှေးခန္ဓာအစဉ်ကို ဆင်ခြင်အောက်မေ့နိုင်သော ဉာဏ်ကိုရသဖြင့် ကမ္ဘာ-၄၀ မျှလောက်သာ အတ္တနှင့် သတ္တလောကသည် မြဲ၏ဟု ယူခြင်း။

၄။ ဈာန်အဘိဉာဏ် မရဘဲလျက် ရှေးကဖြစ်ခဲ့သော ခန္ဓာအစဉ်ကို ဆင်ခြင်စဉ်းစားသည်အားလျော်စွာ မိမိ၏စိတ်ကူး ကြံဆသည်တွင် ထင်မြင်လာသည့်အတိုင်း အတ္တနှင့် သတ္တလောကသည်မြဲ၏ဟု ယူခြင်း။ ဤသို့အားဖြင့် **သဿတဝါဒ ၄-ပါးရှိ၏။**

## ၂။ ဧကစ္စသဿတဝါဒ

## အချို့သာမြဲ၏ဟူသော အယူ ၄-ပါး

၁။ ကမ္ဘာကြီးပျက်၍ တစ်ဖန် တည်လာပြန်သောအခါ သတ္တဝါသုဉ်းသော ပြဟ္မာ့ဘုံ၌ ရှေးဦးစွာ ပြဟ္မာကြီး ဖြစ်လာပြီးနောက် ကံအလျောက် နောက်ထပ် ပြဟ္မာများ ၎င်းဘုံ၌ ဖြစ်လာပြီးလျှင် ၎င်း၏ကံအလျောက် အလျင်စုတေ၍ နောက်ဖြစ်သော လူဘဝ၌ ပုဗ္ဗေ-နိဝါသဉာဏ်ကို ရသည်အားလျော်စွာ ငါတို့၏အရှင် ရှေးဦးစွာ ဖြစ်နေသော ပြဟ္မာကြီး၏ ခန္ဓာ၌ရှိသော အတ္တနှင့် သတ္တလောကကား မြဲ၏၊ ငါတို့၏ အတ္တနှင့် သတ္တလောကသည် မမြဲ၍ စုတေလာသည်၊ သို့ဖြစ်၍ အချို့အတ္တ တည်မြဲ၏၊ အချို့အတ္တကား မမြဲဟု ယူခြင်း။

၂။ အချို့ အပျော်ကြူးကြသော ခိဍ္ဍာပဒေါသိကနတ်တို့သည် နတ်သုဒ္ဓါ စားချိန်ကို လွန်သည်တိုင်အောင် ပျော်ရွှင်မြူးထူးသဖြင့် စုတေကြ၍ လူ့ပြည်သို့ ရောက်လာသောအခါ ပုဗ္ဗေနိဝါသဉာဏ်ကို ရသည်အားလျော်စွာ အခြားနတ်တို့၏ အတ္တနှင့် သတ္တလောကသည် မြဲ၏၊ ငါတို့၏ အတ္တမှာ မမြဲသောကြောင့် စုတေရသည်ဟု ယူခြင်း။

၃။ အချို့ အမျက်ကြီးကြသော မနောပဒေါသိကနတ်တို့သည် အချင်းချင်း အမျက်ဒေါသ ပြင်းထန်လှသောကြောင့် ကိုယ်စိတ် ၂-ပါး ညှိုးနွမ်း ပင်ပန်းကြလျက် စုတေ၍ လူ့ပြည်သို့ ရောက်လာကြသောအခါ ထို့အတူ ပုဗ္ဗေနိဝါသဉာဏ် ရသည်အလျောက် အခြားနတ်တို့၏ အတ္တနှင့် သတ္တလောကသည် မြဲ၏၊ ငါတို့၏ အတ္တမှာကား မမြဲသောကြောင့် စုတေရသည်ဟု ယူခြင်း။

၄။ အချို့မှာ မိမိတို့ဉာဏ်တွင် ထင်မြင်လာသည့်အတိုင်း စိတ်ကူးဖြင့် ကြံဆ၍ အချို့ အတ္တနှင့် သတ္တလောကသည် မြဲ၏၊ အချို့ အတ္တမှာ မမြဲဟု ယူခြင်း။

## ၃။ အန္တာနန္တိက ဝါဒ ၄-ပါး

၁။ အချို့သောလောကီ ဈာန်ရပုဂ္ဂိုလ်တို့သည် မိမိတို့ ကသိုဏ်းပရိကံကို အတန်ငယ်ပွါးများ၍ ၎င်းကိုပင် အတ္တဟူ၍လည်းကောင်း၊ လောကဟူ၍လည်းကောင်း ထင်မြင်စွဲမြဲကြသဖြင့် အတ္တနှင့် လောကသည် အဆုံးမရှိဟု ယူခြင်း။

၂။ အချို့တို့မှာ ကသိုဏ်းပရိကံကို အဆုံးမရှိအောင် ပွါးများ၍ ၎င်းကိုပင် အတ္တဟူ၍လည်းကောင်း၊ လောကဟူ၍လည်းကောင်း ထင်မြင်စွဲမြဲကြသဖြင့် အတ္တနှင့် လောကသည် အဆုံးမရှိဟု ယူခြင်း။

၃။ အချို့မှာ အထက်အောက်ဖြစ်သော အဖို့တို့၌ အပိုင်းအခြားနှင့်တကွ ကသိုဏ်းပရိကံကို ပွါးများ၍ ဖီလာ၌မူကား အပိုင်းအခြား မရှိအောင် ပွါးများပြီးလျှင် ၎င်းကိုပင် အတ္တဟူ၍လည်းကောင်း၊ လောကဟူ၍လည်းကောင်း ယူ၍ အတ္တနှင့် လောကသည် အချို့အဆုံးရှိ၏၊ အချို့ အဆုံးမရှိဟု ယူခြင်း။

၄။ အချို့ သူတို့မှာ ကသိုဏ်းပရိကံကို ပွါးများအားထုတ်ခြင်းမရှိဘဲ အတ္တနှင့် လောကကို ကြံဆခြင်းအားဖြင့် လောကသည် အဆုံးရှိသည်လည်းမဟုတ်၊ အဆုံးမရှိသည်လည်းမဟုတ်ဟု ယူခြင်း။

## ၄။ အမရာဝိက္ခေပအယူ ၄-ပါး

၁။ အချို့သောသူတို့သည် ကုသိုလ်ကိုလည်းကောင်း၊ အကုသိုလ်ကိုလည်းကောင်း ပိုင်းခြား၍ မသိဘဲလျက် "ကုသိုလ်ဟူ၍လည်းကောင်း၊ အကုသိုလ်ဟူ၍လည်းကောင်း ချွတ်လွဲစွာ ပြောဆိုမိလျှင် မုသာဝါဒ မမှန်မကန် ပြောဆိုခြင်းဖြစ်၍ ငါ့မှာ ပင်ပန်းဆင်းရဲလိမ့်မည်"ဟု ထင်မှတ်ပြီးလျှင် ထိုမုသာဝါဒဘေးမှ ကြောက်သောကြောင့်---

- ထိုကဲ့သို့ ငါ၏ အယူသည် မဟုတ်
- တစ်ပါးအားဖြင့်လည်း ငါ၏ အယူမဟုတ်
- အယူမရှိသည်လည်း မဟုတ်
- အယူမရှိ မဟုတ်သည်လည်းမဟုတ်–ဟု အပိုင်းအခြားမရှိ ပျံ့လွင့်သော အယူကို ယူခြင်း။

၂။ အချို့သော သူတို့သည် ကုသိုလ်ကိုလည်းကောင်း၊ အကုသိုလ်ကိုလည်းကောင်း ပိုင်းခြားမသိဘဲလျက် နှစ်သက်စွဲမြဲစွာ ပြောဆိုမိလျှင် ဆန္ဒရာဂဖြစ်၍ ဥပါဒါန် စွဲလမ်းပြီးလျှင် "ငါ့အားသာ အန္တရာယ်ဖြစ်လိမ့်မည်"ဟု နှလုံးသွင်းပြီးလျှင် ထိုဥပါဒါန် စွဲလမ်းခြင်းဘေးမှ ကြောက်သောကြောင့်---

အထက်ပါ အပိုင်းအခြားမရှိ ပျံ့လွင့်သော အယူကိုယူခြင်း။

၃။ အချို့သော သူတို့သည် "ငါသည် ကုသိုလ်ဟူ၍လည်းကောင်း၊ အကုသိုလ်ဟူ၍လည်းကောင်း ပိုင်းခြား၍မသိ၊ သို့သော် သိမ်မွေ့နက်နဲသော ပညာရှိပုဂ္ဂိုလ်များ ရှိကြသဖြင့် ချွတ်ချွတ် လွဲလွဲ ပြောဆိုမိလျှင် စွပ်စွဲကဲ့ရဲ့ကုန်ရာ၏"ဟု ထိုစွပ်စွဲကဲ့ရဲ့ခြင်းဘေးမှ ကြောက်သောကြောင့် ---

အထက်ပါ အပိုင်းအခြားမရှိ ပျံ့လွင့်သော အယူကိုယူခြင်း။

၄။ အချို့တို့မှာကား မသိပိတ်ဖုံး လုံးလုံးဘာကိုမျှ စဉ်းစားဝေဖန်ခြင်း မရှိဘဲ ကြံစည်စိတ်ကူးခြင်း သက်သက်မျှဖြင့်သာ---

အထက်ပါ အပိုင်းအခြားမရှိ ပျံ့လွင့်သော အယူကို ယူခြင်း။

## ၅။ အဓိစ္စသမုပ္ပန္န အယူဝါဒ ၂-ပါး

၁။ အချို့သော သူတို့သည် အသညသတ်ဘုံမှ ဤလူ့ပြည်သို့ ရောက်၍ ဈာန်သမာပတ်ကို ရသည်အားလျော်စွာ သညာကို ဆင်ခြင်စဉ်းစားသောအခါ၌ ဖြစ်ခဲ့သော ဘဝကို ဉာဏ်တွင် မထင်မမြင် မတွေ့ရှိရသဖြင့် 'အတ္တနှင့် လောကသည် အကြောင်းမရှိ ဖြစ်ပေါ်လာကုန်၏'ဟု ယူခြင်း။

၂။ အချို့သော သူတို့သည် မိမိတို့ဉာဏ်တွင် ထင်မြင်လာသည့်အတိုင်း ကြံဆခြင်း သက်သက်မျှဖြင့် အတ္တနှင့် လောကသည် အကြောင်းမရှိဟု ယူခြင်း။

ဤသို့လျှင် သံသရာ၏ ရှေ့အဖို့ကို ကြံဆခြင်းဟု ဆိုအပ်သော ပုဗ္ဗန္တာနုဒိဋ္ဌိအတ္တအယူတို့သည် ၁၈-ပါးရှိကုန်၏။

- - - - - - - x - - - - - - -

အပရန္တာနုဒိဋ္ဌိ ၄၄-ပါး---

## ၁။ သညီဝါဒ ၁၆-ပါး

### ပဌမ, စတုက္က

၁။ ရုပ်ကသိုဏ်းပညတ်ကို အနှစ်သာရ အတ္တ-ဟု နှလုံးသွင်း၍ "ၾငင်းအတ္တသည် စုတိသည်မှ နောက်၌ အမြဲတည်နေ၏၊ ၎င်း၌ သညာရှိ၏"ဟု ယူခြင်း။

၂။ အရူပအာရုံကို အတ္တ-ဟု နှလုံးသွင်း၍ "၎င်းအတ္တသည် စုတိသည်မှ နောက်၌ အမြဲတည်နေ၏၊ ၎င်း၌ သညာရှိ၏"ဟု ယူခြင်း။

၃။ ရုပ်ကသိုဏ်းပညတ်နှင့် အရူပအာရုံ ၂-ပါးစုံကို အနှစ်သာရ အတ္တ-ဟု နှလုံးသွင်း၍ "၎င်းအတ္တသည် စုတိသည်မှ နောက်၌ အမြဲတည်နေ၏၊ ၎င်း၌ သညာရှိ၏"ဟု ယူခြင်း။

၄။ ကြံဆခြင်းအားဖြင့် "အတ္တသည် အနှစ်သာရရှိ၏၊ ရုပ်လည်း မဟုတ်၊ နာမ်လည်း မဟုတ်၊ ၎င်းတို့မှ အခြားတည်း၊ ၎င်းမှာ သိရှိခံစားတတ်သော သညာရှိ၏"ဟု ယူခြင်း။

## ဒုတိယ, စတုက္က

၁။ အနည်းငယ်ပွါးများသော ကသိုဏ်းပရိကံကို အတ္တ-ဟု ယူ၍ "၎င်းသည် အဆုံးအပိုင်းအခြားရှိ၏၊ သိရှိခံစားတတ်သော သညာရှိ၏"ဟု ယူခြင်း။

၂။ အဆုံးအပိုင်းအခြား မရှိ၊ ပွါးများသော ပရိကံကို အတ္တ-ဟု ယူ၍ "၎င်းမှာ အဆုံးအပိုင်းအခြား မရှိ၊ သိရှိခံစားတတ်သော သညာရှိ၏"ဟု ယူခြင်း။

၃။ အထက်, အောက်၌ အပိုင်းအခြားရှိ၍ ဖီလာ အဆုံးအပိုင်းအခြား မရှိ ပွါးများသော ကသိုဏ်းပရိကံကို အတ္တ-ဟု ယူ၍ "၎င်းမှာ အချို့ အပိုင်းအခြားရှိ၏၊ အချို့ အပိုင်းအခြားမရှိ၊ သိရှိခံစားတတ်သော သညာရှိ၏"ဟု ယူခြင်း။

၄။ ကြံဆခြင်းအားဖြင့် "အတ္တသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်၊ ၎င်းမှာ သိရှိခံစားတတ်သော သညာရှိ၏"ဟု ယူခြင်း။

## တတိယစတုက္က

၁။ ဝင်စားလေ့လာခြင်းမရှိသော ကသိုဏ်းပရိကံဖြင့် "၎င်းကို အတ္တယူ၍, ၎င်းမှာ တစ်ခုတည်းသော သိရှိခံစားတတ်သော သညာရှိ၏"ဟု ယူခြင်း။

၂။ အကြိမ်ကြိမ် အဖန်ဖန် ဝင်စားလေ့လာသော ကသိုဏ်းပရိကံ၏ အစွမ်းအားဖြင့် "အတ္တမှာ အထူးထူးသော သိရှိခံစားတတ်သော သညာရှိ၏"ဟု ယူခြင်း။

၃။ အနည်းငယ် ဝင်စားလေ့လာသော ကသိုဏ်းပရိကံအားဖြင့် "အတ္တမှာ အနည်းငယ် သညာရှိ၏"ဟု ယူခြင်း။

၄။ အတိုင်းမသိ အပိုင်းအခြားမရှိ ဝင်စားလေ့လာသော ကသိုဏ်းပရိကံအားဖြင့် "အတ္တမှာ အတိုင်းမသိ အပိုင်းအခြားမရှိသော သညာရှိ၏"ဟု ယူခြင်း။

## စတုတ္ထ, စတုက္က

၁။ ဈာနလာဘီ ပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခု အဘိညာဏ်ကိုရ၍ ပဌမ, ဒုတိယ, တတိယ, စတုတ္ထ ဈာန်ဘုံ၌ရှိသော ချမ်းသာကို သုခဟု ရှုဆင်ခြင်၍ "အတ္တမှာ စင်စစ် ချမ်းသာရှိ၏"ဟု ယူခြင်း။

၂။ ဈာနလာဘီ ပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခု အဘိညာဏ်ကိုရ၍ ငရဲ၌ဖြစ်သော ဆင်းရဲကို ဒုက္ခဟု ရှုဆင်ခြင်၍ "အတ္တမှာ စင်စစ် ဆင်းရဲခြင်းရှိ၏"ဟု ယူခြင်း။

၃။ ဈာနလာဘီ ပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခု အဘိညာဏ်ကိုရ၍ လူ့ဘုံ၌ဖြစ်သော ချမ်းသာခြင်း, ဆင်းရဲခြင်းကို ရှု၍ "အတ္တမှာ စင်စစ်ဆင်းရဲ, ချမ်းသာဖြစ်သော သညာရှိ၏"ဟု ယူခြင်း။

၄။ ဈာနလာဘီ ပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခု အဘိဉာဏ်ကိုရ၍ ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်သော အဒုက္ခ မသုခ၊ ဆင်းရဲချမ်းသာ မရှိခြင်းကို ရှု၍ "အတ္တမှာ ဆင်းရဲခြင်း ချမ်းသာခြင်း မရှိ"ဟု ယူခြင်း။

### ၂။ အသညီဝါဒ ၈-ပါး (ပဌမ, စတုက္က)

၁။ ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရခြင်းအားဖြင့် မပျက်စီးနိုင်သော ရုပ်ကသိုဏ်း ပညတ်ကို အတ္တဟု နှလုံးသွင်း၍ "ၑင်းမှာ သိရှိခံစားတတ်သော သညာမရှိ၊ ခန္ဓာပျက်စီးသည်မှ နောက်၌ အမြဲတည်ရှိသည်"ဟု ယူခြင်း။

၂။ ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရသောအားဖြင့် အရူပအာရုံကို မပျက်စီးနိုင်သော အတ္တဟု နှလုံးသွင်း၍ "ၑင်းမှာ သိရှိခံစားတတ်သော သညာမရှိ၊ ခန္ဓာပျက်စီးသည်မှ နောက်၌ အမြဲတည်ရှိသည်"ဟု ယူခြင်း။

၃။ ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရသောအားဖြင့် ရုပ်ကသိုဏ်းပညတ်နှင့် အရူပအာရုံကို မပျက်စီးနိုင်သော အတ္တဟု နှလုံးသွင်း၍ "ၑင်းသည် ရုပ်ရှိ, မရှိအားဖြင့် ရှု၍ ၑင်းမှာ သိရှိခံစားတတ်သော သညာမရှိ၊ ခန္ဓာပျက်သည်မှ နောက်၌ အမြဲတည်ရှိ၏"ဟု ယူခြင်း။

၄။ အဘိညာဏ်မရဘဲလျက် ကြံဆခြင်းအားဖြင့်သာ "မပျက်မစီး အမြဲတည်သော အတ္တမှာ ရုပ်လည်း မဟုတ်၊ နာမ်လည်း မဟုတ်၊ သိရှိခံစားတတ်သော သညာမရှိ၊ ခန္ဓာပျက်သည်မှ နောက်၌ အမြဲတည်ရှိ၏"ဟု ယူခြင်း။

## ဒုတိယ, စတုက္က

၅။ အဆုံးအပိုင်းအခြားနှင့် တကွဖြစ်သော ကသိုဏ်းပညတ်ကို အတ္တဟု နှလုံးသွင်း၍ "ငင်းမှာ မပျက်စီးနိုင်သော အနှစ်သာရရှိ၏၊ သိရှိခံစားတတ်သော သညာမရှိ၊ ခန္ဓာပျက်သည်မှ နောက်၌ မြဲ၏"ဟု ယူခြင်း။

၆။ အဆုံးအပိုင်းအခြား မရှိသော ကသိုဏ်းပညတ်ကို အတ္တဟု နှလုံးသွင်း၍ "ငင်းမှာ အပိုင်းအခြားမရှိ၊ မပျက်စီးနိုင်သော အနှစ်သာရရှိ၏၊ သိရှိခံစားတတ်သော သညာမရှိ၊ ခန္ဓာပျက်သည်မှ နောက်၌ မြဲ၏"ဟု ယူခြင်း။

၇။ အထက်, အောက်၌ အပိုင်းအခြားရှိ၍ ဖီလာ၌ကား အပိုင်းအခြား အဆုံးမရှိသော ကသိုဏ်းပညတ်ကို အတ္တဟု နှလုံးသွင်း၍ "ငင်းမှာ အဆုံးလည်းရှိ၏၊ အဆုံးလည်း မရှိ၊ မပျက်စီးနိုင် အနှစ်သာရရှိ၏၊ သိရှိခံစားတတ်သော သညာမရှိ၊ ခန္ဓာပျက်သည် မှနောက်၌ မြဲ၏"ဟု ယူခြင်း။

၈။ ကြံဆခြင်း သက်သက်အားဖြင့် "အတ္တမှာ အဆုံးရှိသည်လည်း မဟုတ်၊ ငင်းမှာ မပျက် စီးနိုင် အနှစ်သာရရှိ၏၊ သိရှိခံစားတတ်သော သညာမရှိ"ဟု ယူခြင်း။

## ၃။ နေဝသညီ နာသညီဝါဒ ၈-ပါး

## ပဋ္ဌမ, စတုက္က၊ ရူပါရူပီ ဝါဒ

၁။ ရုပ်ကသိုဏ်းပညတ်ကို အတ္တဟု နှလုံးသွင်း၍ "ငင်းမှာ သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်၊ စုတိသည်မှ အထက်၌ မြဲ၏" ဟု ယူခြင်း။

၂။ အရူပအာရုံကို အတ္တဟု နှလုံးသွင်း၍ "ငင်းမှာ သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်၊ စုတိသည်မှ အထက်၌ မြဲ၏"ဟု ယူခြင်း။

၃။ ရုပ်ကသိုဏ်းပညတ်နှင့် အရူပအာရုံကို အတ္တဟု နှလုံးသွင်း၍ "ငင်းမှာ သညာရှိ သည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်၊ စုတိသည်မှ အထက်၌ မြဲ၏" ဟု ယူခြင်း။

၄။ ကြံဆခြင်းသက်သက်အားဖြင့် "အတ္တမှာ သညာရှိသည်လည်း မဟုတ်၊ သညာမရှိ သည်လည်း မဟုတ်၊ စုတိသည်မှ အထက်၌ မြဲ၏"ဟု ယူခြင်း။

## ဒုတိယ, စတုက္က၊ အန္တာနန္တဝါဒ

၅။ အပိုင်းအခြားရှိသော ကသိဏ်းပညတ်ကို အတ္တဟု နှလုံးသွင်း၍ "ငင်းမှာ သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်၊ စုတိသည်မှ အထက်၌ မြဲ၏"ဟု ယူခြင်း။

၆။ အဆုံးအပိုင်းအခြားမရှိသော ကသိဏ်းပညတ်ကို အတ္တဟု နှလုံးသွင်း၍ "ငင်းမှာ သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်၊ စုတိသည်မှ အထက်၌ မြဲ၏"ဟု ယူခြင်း။

၇။ အထက်, အောက် အပိုင်းအခြား ရှိ၍ ဖီလာ၌ အပိုင်းအခြားမရှိသော ကသိဏ်း ပညတ်ကို အတ္တဟု နှလုံးသွင်း၍ "ငင်းမှာ သညာရှိသည်လည်း မဟုတ်၊ သညာမရှိ သည်လည်း မဟုတ်၊ စုတိသည်မှ အထက်၌ မြဲ၏"ဟု ယူခြင်း။

၈။ ကြံဆခြင်းသက်သက်အားဖြင့် အဆုံးရှိသည်, မရှိသည်ဟု ဆိုအပ်သော သဘော တရားကို အတ္တဟု နှလုံးသွင်း၍ "ငင်းမှာ သညာရှိသည်လည်း မဟုတ်၊ သညာမရှိ သည်လည်း မဟုတ်၊ စုတိသည်မှ အထက်၌ မြဲ၏"ဟု ယူခြင်း။

## ၄။ ဥစ္ဆေဒဝါဒ ၇-ပါး

၁။ ဈာန်ရ, မရဖြစ်သော ပုဂ္ဂိုလ်၂-ဦးသည် စုတိကိုသာ မြင်ခြင်း ကြံဆခြင်းအားဖြင့် "မဟာဘုတ် ၄-ပါး အခြေခံရှိသော အမိ, အဘတို့ ဖြစ်စေအပ်သော အတ္တသည် စုတိသည်မှ နောက်၌ မဖြစ်၊ ပြတ်သောဘဝရှိ၏"ဟု ယူခြင်း။

၂။ ဈာန်ရ, မရဖြစ်သော ပုဂ္ဂိုလ် ၂-ဦးသည် စုတိကိုသာ မြင်ခြင်း ကြံဆခြင်းအားဖြင့် "အချို့သူတို့သည် 'လူဖြစ်သော အတ္တကို စုတိသည်မှ နောက်၌ ပြတ်၏'ဟု ဆို၏၊ ငင်းသည် ကောင်းစွာ မပြတ်သေး၊ နတ်၌ဖြစ်သော ရုပ်နှင့်တကွသော ကဗဠီကာရ အာဟာရလျှင် အစာရှိသော အတ္တသည်သာ စုတိသည်မှ နောက်၌ ကောင်းစွာ ပြတ်၏၊ နောက်၌ ဖြစ်လတ္တံ့သော ဘဝမရှိ"ဟု ယူခြင်း။

၃။ ဈာန်ရ, မရဖြစ်သော ပုဂ္ဂိုလ် ၂-ဦးသည် စုတိကိုသာ မြင်ခြင်း ကြံဆခြင်းအားဖြင့် "အချို့အယူရှိသော နတ်၌ဖြစ်သော အတ္တသည်လည်း ကောင်းစွာမပြတ်သေး၊ ဗြဟ္မာ၌ဖြစ်သော အတ္တသည်သာ ကောင်းစွာပြတ်၏၊ စုတိသည်မှ နောက်၌ မဖြစ်၊ ပြတ်သော ဘဝရှိ၏"ဟု ယူခြင်း။

၄။ ဈာန်ရ, မရဖြစ်သော ပုဂ္ဂိုလ် ၂-ဦးသည် စုတိကိုသာ မြင်ခြင်း, ကြံဆခြင်းအားဖြင့် "လူတို့၏ အတ္တ, နတ်တို့၏ အတ္တ, ရူပဗြဟ္မာတို့၏ အတ္တသည် ကောင်းစွာ မပြတ်သေး၊ ရုပ်ကိုလွန်မြောက် အာကာသာနဉ္စာသို့ ရောက်သော အတ္တသည်သာ စုတိသည်မှ နောက်၌မဖြစ်၊ ပြတ်သောဘဝရှိ၏"ဟု ယူခြင်း။

၅။ ဈာန်ရ, မရ ပုဂ္ဂိုလ် ၂-ဦးသည် စုတိကိုသာ မြင်ခြင်း ကြံဆခြင်းအားဖြင့် "ဤမျှသော အတ္တတို့သည် ကောင်းစွာ မပြတ်သေး၊ အာကာအာနဉ္စာကို လွန်မြောက်၍ ဝိညာဏဉ္စာသို့ ရောက်သော အတ္တသည်သာ စုတိသည်မှ နောက်၌မဖြစ်၊ ပြတ်သော ဘဝရှိ၏"ဟု ယူခြင်း။

၆။ ဈာန်ရ, မရ ပုဂ္ဂိုလ် ၂-ဦးသည် စုတိကိုသာမြင်ခြင်း ကြံဆခြင်းအားဖြင့် "ဤမျှသော အတ္တတို့သည် ကောင်းစွာမပြတ်သေး၊ ဝိညာဏဉ္စာကို လွန်မြောက်၍ အာကိဉ္စညသို့ရောက်သော အတ္တသည်သာ စုတိသည်မှ နောက်၌မဖြစ်၊ ပြတ်သော အတ္တဟူသောဘဝ ရှိ၏"ဟု ယူခြင်း။

၇။ ဈာန်ရ, မရ ပုဂ္ဂိုလ် ၂-ဦးသည် စုတိကိုသာမြင်ခြင်း ကြံဆခြင်းအားဖြင့် "ဤမျှသော အတ္တတို့သည် ကောင်းစွာမပြတ်သေး၊ အာကိဉ္စညကို လွန်မြောက်၍ နေဝသညာသို့ ရောက်သော အတ္တသည်သာ စုတိသည်မှ နောက်၍မဖြစ်၊ ပြတ်သောဘဝရှိ၏"ဟု ယူခြင်း။

## ၅ ။ ဒိဋ္ဌဓမ္မနိဗ္ဗာန ဝါဒ ၅-ပါး

၁။ "အာရုံ ၅-ဖြာ ကာမချမ်းသာတို့နှင့် ပြည့်စုံသော အတ္တသည် ပရမ ဒိဋ္ဌဓမ္မနိဗ္ဗာန အမြင့်မြတ်ဆုံး မျက်မှောက်၌ ခံစားအပ်သော နိဗ္ဗာန်ဟု" ယူခြင်း။

၂။ အချို့ ပုဂ္ဂိုလ်တို့သည် "ကာမချမ်းသာတို့ကား ဖောက်ပြန် ပျက်စီးခြင်း ဒုက္ခတရားနှင့် နီး၍ စင်စစ် မချမ်းသာကုန်၊ ရူပ ပဌမဈာန်ချမ်းသာသည်သာ ပရမ ဒိဋ္ဌဓမ္မ-နိဗ္ဗာန အမြင့်မြတ်ဆုံး မျက်မှောက်၌ ခံစားအပ်သော နိဗ္ဗာန်"ဟု ယူခြင်း။

၃။ အချို့ ပုဂ္ဂိုလ်တို့သည် "ရူပ ပဌမဈာန်သည်ကား ကြမ်းတမ်းသော ဝိတက် ဝိစာရ တရားရှိ၍ စင်စစ် မချမ်းသာကုန်၊ ဝိတက် ဝိစာရကို လွန်မြောက်၍ ဒုတိယဈာန်သို့ ရောက်သော ချမ်းသာသည်သာ ပရမ ဒိဋ္ဌဓမ္မနိဗ္ဗာန အမြင့်မြတ်ဆုံး မျက်မှောက်၌ ခံစားအပ်သော နိဗ္ဗာန်"ဟု အယူရှိခြင်း။

၄။ အချို့ ပုဂ္ဂိုလ်တို့သည် "ပီတိနှင့် တကွဖြစ်သော ဒုတိယဈာန်သည် နှစ်သက်ပေါ်လွင်၍ ကြမ်းတမ်းသဖြင့် စင်စစ် မချမ်းသာကုန်၊ ပီတိနှင့် ကင်းကွာသော တတိယ

စျာန် ချမ်းသာသည်သာ ပရမ ဒိဋ္ဌဓမ္မနိဗ္ဗာန အမြင့်မြတ်ဆုံး မျက်မှောက်၌ ခံစားအပ်သော နိဗ္ဗာန်"ဟု ယူခြင်း။

၅။ "သုခဟု နှလုံးသွင်းရခြင်းသည် ကြမ်းတမ်းသေးသဖြင့် စင်စစ် ချမ်းသာမမည်ကုန်, ထို သုခ, ဒုက္ခ ၂-ပါးကို လစ်လျူရှုသော ဥပေက္ခာနှင့်ပြည့်စုံသော အတ္တသည်သာ ပရမ ဒိဋ္ဌဓမ္မနိဗ္ဗာန အမြင့်မြတ်ဆုံး မျက်မှောက်၌ ခံစားအပ်သော နိဗ္ဗာန်"ဟု ယူခြင်း။

ဤသို့အားဖြင့် လောက၌ မိစ္ဆာဒိဋ္ဌိ တည်းဟူသော အယူမှားတို့သည်---

| | |
|---|---|
| ဘဝ၏ ရှေ့အဖို့ကို ကြံဆခြင်း ပုဗ္ဗန္တာနုဒိဋ္ဌိ- - - - | ၁၈- ပါး |
| ဘဝ၏ နောက်အဖို့ကို ကြံဆခြင်း အပရန္တာနုဒိဋ္ဌိ-- | ၄၄- ပါး |
| | ၆၂- ပါး |

သာရှိ၍ ရှေးကမ္ဘာ အဆက်ဆက်က ဖြစ်ပေါ်လာခြင်း, အယူမှားခြင်း၊ ယခုအခါ ဖြစ်ပေါ်လာသော အယူမှားခြင်းတို့သည် ထို ၆၂-ပါးထက် မလွန်နိုင်၊ မပိုနိုင်၊ ၎င်းအတွင်း၌သာ ဖြစ်ရမည်၊ ပါဝင်ရမည်ဖြစ်၍ အလွန်နက်နဲစွာ သိမြင်တော်မူခြင်းငှါ စွမ်းနိုင်သော အတိုင်းမသိ ဖောက်ထွင်းနိုင်သော သဗ္ဗညုတ အနာဝရဏဉာဏ်တော်မြတ်ဖြင့် အကြွင်းအကျန်မရှိအောင် ပိုက်စိတ်တိုက်၍ ဟောကြားတော်မူအပ်သောကြောင့် ဤဒေသနာတော်မြတ်သည်---

ဗြဟ္မဇာလ အတ္တဇာလ ဓမ္မဇာလ ဒိဋ္ဌိဇာလ
မြတ်သောကွန်ယက် ဒေသနာတော်---

အကျိုး--- အကြောင်း---အယူဒိဋ္ဌိများကို ကွန်ယက်ဖြန့်၍---
ဟောကြားအပ်သော ဒေသနာတော်—ဟု---
မြတ်စွာဘုရားကိုယ်တော်တိုင် မြွက်ကြားတော်မူခဲ့လေပြီ။

၎င်းပြင် နောက်အစဉ်အဆက် ကမ္ဘာတို့မှာလည်း ၎င်းထက်ပိုမို၍ မှားသော အယူဝါဒ ဖြစ်ပေါ်လာကြလိမ့်မည်လည်း မဟုတ်သဖြင့် နောင်လာမည့် အနာဂတ်အတွက်လည်း မိစ္ဆာအယူဝါဒတည်းဟူသော ရေသတ္တဝါတို့သည် ဤဒေသနာတော် ကွန်ရွက်ပိုက်စိပ်ထဲ၌ ငြိတွယ်ပါဝင်ကြလေကုန်သဖြင့် နောင်၌ ဖြစ်ပွားလတ္တံ့သော အယူမှားများအတွက်လည်း သက်ဝင်ပြီးဖြစ်၍ အထူးဟောကြားဖွယ် မရှိကုန်။

✪ ✪ ✪ ✪ ✪

## ၆၂-ပါး အယူမှားတို့၏ အကြောင်းတရား

"၎င်း ၆၂-ပါးသော အယူမှားတို့သည် အဘယ်ကြောင့် အဆက်ဆက် ဖြစ်ထွန်းကာ တိမ်ကော ပပျောက်ခြင်းမရှိဘဲ တိုးတက်ဖြစ်ပွါး နေရပါသနည်း"ဟု မေးလျှင်---

လောက၌ မသိမှုအဝိဇ္ဇာ အထုကြီးသည် အလွန်ကြီးကျယ်၍ အလွန်နက်နဲ သေးငယ် သိမ်မွေ့လှသော အတ္တမျိုးစေ့ကို ဖုံးကွယ်ထားသဖြင့် ၎င်းအတ္တမျိုးစေ့ မကုန် သမျှ လောကကမ္ဘာတိုင်း အညွန့် အတက် အခက် အလက် ထွန်းပေါ်လာမည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိအပင်ကြီး ပွါးစီးတိုးတက်လာနိုင်ကြောင်း၊ ၎င်းအတ္တသည် ၆၂-ပါးသော မိစ္ဆာအယူ တို့၏ အမွန်အစ ဖြစ်ကြောင်း ကောင်းစွာ ဖြေကြားအပ်ကုန်၏။

ထိုမှတပါးလည်း သက္ကာယဒိဋ္ဌိ-ဟု ဆိုအပ်သော ရုပ်ခန္ဓာ၊နာမ်ခန္ဓာ၂-ပါး၌ဖြစ်သော စွဲလမ်းမှားယွင်းမှု ၂၀-တို့သည်လည်း ၎င်းအတ္တကိုပင် အရင်းခံထား၍ မှားယွင်းယူကြ သဖြင့် အတ္တတရားသည် မိစ္ဆာအယူများအတွက် မပျက်စီးနိုင်၊ အခိုင်အမာဆုံးသော မိစ္ဆာ သတ္တုခဲဖြစ်ကြောင်း ထင်ရှားသိသာ၏။

ကမ္ဘာ၏ ထုံးတမ်းသဖွယ် အမှားများ၍ မတရားသဘော များသောအားဖြင့် ခြယ်လှယ်လေ့ရှိသည့်အတိုင်း သာသနာရောင်အလင်း မသက်ဆင်းသော အခါသမယ သာသနာပ၌ မိစ္ဆာမှောင်အတွင်းသို့ သက်ဆင်းကျရောက်ကာ မိစ္ဆာဉာဏ် သက်ဝင်ကြ သည်မှာ အံ့ဩဖွယ်ရာ မဟုတ်သေး၊ မြတ်စွာဘုရား လက်ထက်တော်ကပင်လျှင် ကောင်း မြတ်သော အယူဝါဒ အရောင်းအလင်း ထွန်းပလျက် နေ, လ ပမာ လွန်စွာထင်ရှားနေခိုက် မှာပင် မိစ္ဆာမှောင်ရိပ်ထိုးလျက် အယူဝါဒအမျိုးမျိုး ဖြစ်ပေါ်လာသည်မှာ သာလွန်အံ့ဩစရာ ဖြစ်၏။

ပုထုဇဉ်နှင့် အမှားသည် အမြဲတမ်း တွဲစပ်နေသဖြင့် အမှားလိုက်ကြသူများလည်း မြတ်စွာဘုရား လက်ထက်တော်က အများပင် ရှိနေကြောင်းမှာ တိတ္ထကရ အယူဝါဒတည်း ဟူသော တိတ္ထိဆရာကြီး ၆-ယောက်တို့သည် ၎င်းတို့အလိုက် တခမ်းတနားဖြင့် မြတ်စွာ ဘုရားနှင့် ပြိုင်ဆိုင်လျက် အပေါင်းအစု ဂိုဏ်းဖွဲ့ကြကာ ဆရာပြုလုပ်နေထိုင်ကြသည်ကို ထောက်ရှု၍ သိအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## တိတ္ထိဆရာကြီး ၆-ယောက်တို့အယူ

ထိုမြတ်စွာဘုရား လက်ထက်တော်က ပြိုင်ဆိုင်လျက် ဖြစ်ထွန်းနေကြသော တိတ္ထိဆရာကြီးတို့၏ အယူဝါဒ အသီးသီးတို့မှာ သာမညဖလသုတ်၌ အဇာတသတ်မင်းတရားသည် "မျက်မှောက်၌ ခံစားအပ်သော ရဟန်းပြုခြင်း၏ အကျိုးတရားကို စုံစမ်းမေးမြန်းဖူးသောအားဖြင့် ၎င်းဆရာကြီးတို့သည် အမေးတပါး, အဖြေတခြား ပြောကြားသည်ကို နာခဲ့ရဖူးကြောင်း" ဘုရားရှင် အထံတော်ဝယ် လျှောက်ထားသည့်အတိုင်း ၎င်းတို့အယူဝါဒများ ထင်ရှားသိသာနိုင်ကုန်၏။ ၎င်းတို့ကို မကျဉ်း, မကျယ် အောက်ပါအတိုင်း ရေးသားရပေမည်။

## တိတ္ထိဆရာကြီး ၆-ယောက်တို့၏
## အယူဝါဒ အကျဉ်း

### ၁။ ပူရဏကဿပ အယူဝါဒ

ကောင်းမှုပြုလုပ်သည်ဖြစ်စေ, ပြုလုပ်စေသည်ဖြစ်စေ၊ သတ်ဖြတ် ညှဉ်းဆဲ စိုးရိမ်ပူပန် တုန်လှုပ်သည်ဖြစ်စေ၊ သူ့အသက် သတ်သည်ဖြစ်စေ, သတ်စေသည်ဖြစ်စေ၊ သူတစ်ပါးဥစ္စာကို ခိုးယူသည်ဖြစ်စေ, ခိုးယူစေသည်ဖြစ်စေ၊ လုယက်တိုက်ခိုက် ဖျက်ဆီးသည်ဖြစ်စေ, ဖျက်ဆီးစေသည်ဖြစ်စေ၊ သူတစ်ပါး သားမယား ကြူးလွန်သည်လည်းဖြစ်စေ, ကြူးလွန်စေသည်လည်းဖြစ်စေ၊ ချွတ်ယွင်းသော စကားကို ဆိုသည်ဖြစ်စေ, ဆိုစေသည်ဖြစ်စေ၊ အဆုံးစွန်ကား စက်လက်နက်ဖြင့် မြေကြီးတမျှ သတ္တဝါတို့၏ အသားပုံကို ပြုငြားအံ့၊ မကောင်းမှုမရှိ၊ အကယ်၍ ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်း ကူးပါမူကား ပေးကမ်းလှူဒါန်းခြင်း စသောကောင်းမှုများ မရှိ၊ လှူဒါန်းပေးကမ်း စောင့်စည်းသစ္စာစကား ဆိုခြင်းများဖြင့် ကောင်းမှု၏ အကျိုးတရား မရှိဟု အယူရှိ၍ ၎င်း၏ဝါဒသည် အကြောင်းဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံ ပြုခြင်းကို ပယ်သောကြောင့် သတ္တဝါတို့၏ အတ္တဘောသည် အကြောင်းမရှိ၊ ကောင်းမှု, မကောင်းမှုကို မပြုအပ်ဟူသော အကိရိယဝါဒသို့ သက်ဝင်သဖြင့် ၎င်းဝါဒသည် ၆၂-ပါး မိစ္ဆာအယူဝါဒတို့တွင် အမိစ္စသမုပ္ပန္န အယူဝါဒထဲသို့ ပါဝင်လေ၏။

### ၂။ မက္ခလိဂေါသာလ အယူဝါဒ

မက္ခလိဂေါသာလသည်ကား "သတ္တဝါတို့၏ ညစ်နွမ်းခြင်းအမှုသည် အကြောင်းမရှိ၊ စင်ကြယ်မှုသည်လည်း အကြောင်းမရှိ၊ အကြောင်းမရှိဘဲလျက် စင်ကြယ်ကြကုန်၏။ မိမိပြုသည်ဖြစ်စေ, သူတစ်ပါးကို ပြုစေသည်ဖြစ်စေ လုံ့လဝီရိယ၏ အစွမ်းမရှိ။ အမြန်နိယာမအား

ဖြင့် ပြောင်းရွှေ့၍ ၆-ပါးသော ဇာတ်တို့၌ တည်၍ ဆင်းရဲချမ်းသာကို ခံစားကြကုန်၏။ မြတ်သောအမျိုး-၁၄,၀၆,၆၀၀ (တစ်သန်းလေးသိန်းခြောက်ထောင်ခြောက်ရာ) *(သော အဓိကသတ္တဝါ)* တို့သည်ငင်း ၅၀၀-သောကံ, ၅-ပါးသောကံ, ၃-ပါးသောကံတို့သည် လည်းကောင်း ရှိကြကုန်၏။

ငင်းပြင် ထက်ဝက်ဖြစ်သောကံ၊ ၆၂-ပါးသော အကျင့်၊ ၆၂-ပါးသော အန္တရကပ်၊ ၆-ပါးသော မြတ်သော ဇာတ်၊ ၈-ပါးသောယောကျ်ားတို့၏ တည်ရာ၊ ၄၉၀၀-ပါးသော အသက်မွေးခြင်း၊ *(၄၉၀၀-သော ပရိဗိုလ်များ)* ၄၉၀၀-ခုသော နဂါးတို့၏နေရာ၊ ၁၂၀-သော ဣန္ဒြေ၊ ၃၀၀၀-သောငရဲ ၃၆-ပါးသော မြူတို့၏ တည်ရာ၊ သညာရှိသော ပဋိသန္ဓေ ၇-မျိုး၊ သညာမရှိသော ပဋိသန္ဓေ ၇-ပါး၊ အဆစ် ပဋိသန္ဓေ ၇-မျိုး၊ နတ် ၇-မျိုး၊ လူ ၇-မျိုး၊ ရက္ခိုက် ၇-မျိုး၊ *(အိုင် ၇-ခု)* အဖုအဆစ်ကြီး ၇-ခု၊ အဖုအဆစ်ငယ်-၇၀၀၊ *ချောက်ကြီး ၇-ခု၊ ချောက်ငယ် ၇၀၀၊)* အိပ်မက်ကြီး ၇-ခု၊ အိပ်မက်ငယ်-၇၀၀ ရှိကြကုန်၏။

ထိုမှတပါး မဟာကပ်ပေါင်း ရှစ်သန်းလေးသိန်း ရှိကြကုန်၏။ ထိုကပ်တို့ပတ်လုံး လူမိုက်များနှင့် လူလိမ္မာတို့သည် ကျင်လည်ကြ၍ သံသရာဒုက္ခမှ ဆုံးကြကုန်လတ္တံ့။ ဤအတွင်း၌ မည်သည့်ကျင့်ဝတ်တရားမှ ဒုက္ခ၏ ကင်းငြိမ်းခြင်းကို မပြုနိုင်၊ ချည်ဖြင့် ရစ်ပတ်၍ ပစ်လွှတ်အပ်သော ချည်လုံးသည် ငင်းချည်၏ ပမာဏထက်ပို၍ မသွားသကဲ့သို့ ရှစ်သန်းလေးသိန်းသော မဟာကပ် ကုန်ဆုံးမှ သံသရာသုဒ္ဓိ ဖြစ်လတ္တံ့၊ ထိုဆင်းရဲချမ်းသာ တို့သည် ဇလားနှင့် ချင်သကဲ့သို့ ရှိကုန်၏၊ ထိုထက် အပိုအလွန် မရှိကုန်"ဟု အယူရှိ၏။

ထိုမက္ခလိဂေါသာလသည် ကောင်းမှုတည်းဟူသော အကြောင်း၊ မကောင်းမှု တည်းဟူသော အကြောင်းတရား အားထုတ်ရန် မလို၊ အချိန်တန်လျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းမည်ဟု ယူခြင်းကြောင့် ငင်း၏အယူသည် **အဟေတုက** ဖြစ်၍ ၆၂-ပါးသော မိစ္ဆာအယူတို့တွင် **အဓိစ္စသမုပ္ပန္န** အကြောင်းကို ကျော်လွန်၍ ဖြစ်၏ဟု ယူသောဝါဒသို့ သက်ဝင်သဖြင့် ထို ၆၂-ပါးမှ အသီးအခြားမဟုတ်ပြီ။

## ၃။ အဇိတကေသကမ္ဗလ အယူဝါဒ

**အဇိတကေသကမ္ဗလ**သည် "နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ-စသည်ဖြင့် ပေးလှူပူဇော်ခြင်း၏ အကျိုး မရှိ၊ ကောင်းမှု, မကောင်းမှုတို့၏ အကျိုး မရှိ၊ ဤလောကမရှိ၊ နောက်ဖြစ်သော လောက မရှိ၊ အမိ, အဘတို့၌ ပြုအပ်သော ကောင်းမှု မရှိ၊ ကောင်းစွာကျင့်ကြံ၍ ဤလောက, နောက်လောက ၂-ပါးကို ကိုယ်တိုင်ပိုင်းခြား၍ သိသော ရဟန်းသူမြတ်မရှိ၊ အတ္တဘော သည် ၄-ပါးသော မဟာဘုတ်တို့ဖြင့် ပြီး၏၊ ထိုကြောင့် သေသောအခါ

မြေဓာတ်သည် မြေဖြစ်သွားမည်၊ ရေဓာတ်သည် ရေဖြစ်သွားမည်၊ လေဓာတ်သည် လေဖြစ်သွားမည်၊ မီးဓာတ်သည် မီးဖြစ်သွားမည်၊ ဣန္ဒြေ ၆-ပါးတို့သည် ကောင်းကင်သို့ ပျံတက်သွားမည်၊ ဤအတ္တဘောအကောင်ကြီးကို ထမ်းစင်လျှင် ၅-ခုမြောက် ယူဆောင်လျက် မြှပ်နှံသော သုသာန်လုပ်တိုင်းမျှ ကြွင်းကျန်၏၊ ပေးလှူခြင်းတို့သည် ပြာသာလျှင် အကြွင်းရှိကုန်၏၊ လူမိုက်နှင့် လူလိမ္မာတို့သည် သေသည်မှ နောက်၌ ပြတ်၏”ဟု အယူရှိ၏။

ဎင်းအဇိတအယူဝါဒမှာ “ကောင်းမှု, မကောင်းမှု အကျိုးမရှိ၊ စုတိသည်မှ နောက်၌ ဘာမျှ မဖြစ်၊ ဘုတ် ၄-ပါးတို့သာ ပေါင်းစပ်သွားကြကုန်၏”ဟု အယူရှိသဖြင့် ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအယူတို့တွင် ပထမဥစ္ဆေဒ အယူသို့ ပါဝင်၍ ဎင်း၏ အယူသည်လည်း ၆၂-ပါးမှ အသီးအခြား မရှိပြီ။

## ၄။ ပကုဓ ကစ္စာယန အယူဝါဒ

ပကုဓ ကစ္စာယနသည် “သတ္တိမေ ကာယာ-စသည်ဖြင့်
အကြောင်းအရာတို့သည် မပြုပြင်အပ်ကုန်သော-ကံတရားတို့သည်
မစီရင်အပ်ကုန်သော-တန်ခိုးဖြင့်လည်း မဖန် ဆင်းအပ်-မဖန်ဆင်းစေအပ်ကုန်သော-
မတိုးမပွါး မြဲသောအားဖြင့် ဖြစ်ကုန်သော-ကျောက် တိုင်ကဲ့သို့ တည်ကုန်သော ကိုယ်
၇-ပါးတို့သည် ရှိကုန်၏၊ ဎင်းတို့သည် မတုန် မလှုပ်ကုန်၊ မဖောက်မပြန်ကုန်၊
အချင်းချင်း မထိခိုက် မနှိပ်စက်ကုန်၊ တစ်ပါးသည် တစ်ပါး၏ ချမ်းသာဆင်းရဲကို
ပြုခြင်းငှါ မစွမ်းနိုင်ကုန်။

ဎင်း ၇-ပါးတို့မှာ (၁) ပထဝီကာယ၊ (၂) အာပေါကာယ၊ (၃) တေဇောကာယ၊
(၄) ဝါယောကာယ၊ (၅) သုခ၊ (၆) ဒုက္ခ၊ (၇) ဇီဝ တို့ဖြစ်ကုန်၏။

ဎင်းကိုယ် ၇-ပါးတို့၌ သတ်တတ်, သတ်စေတတ်သူမရှိ၊ သိတတ်, သိစေတတ်သူ မရှိ၊ တစ်စုံတစ်ယောက်သောသူက ထက်လှသော သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်စေကာမူ သတ်ဖြတ်သည် မမည်၊ ထိုကိုယ် ၇-ပါးအကြား၌ လက်နက်သည် သွားခြင်းမျှသာတည်း၊ သတ်ဖြတ်ခြင်းဟူသည် ပညတ်မျှသာတည်း၊ သတ်ဖြတ်သူ မရှိ၊ သတ္တာယဟု ဆိုအပ်သော အတ္တသည် မြဲ၏”ဟု အယူရှိခြင်းကြောင့် ဎင်း၏ဝါဒလည်း ၆၂-ပါးသော မိစ္ဆာဝါဒမှတပါး အခြားမရှိ၊ ဎင်းတို့တွင် စတုတ္ထ တက္ကီဝါဒ သဿတဝါဒနှင့် တူမျှ၍ ဎင်းဝါဒ၌ ဝင်ကုန်၏။

## ၅။ နိဂဏ္ဌ နာဋ္ဋပုတ္တ အယူဝါဒ

နိဂဏ္ဌ နာဋ္ဋပုတ္တသည် " စတုယာမသံဝရ-ဟု ဆိုအပ်သော ၄-ပါးသော စောင့်စည်းခြင်းနှင့် ပြည့်စုံ၏။
ထို ၄-ပါးတို့မှာ-

၁။ အလုံးစုံသော ရေအေးကို တားမြစ်ခြင်း၊

၂။ အလုံးစုံသော မကောင်းမှုတို့ကို တားမြစ်ခြင်းနှင့် ယှဉ်ခြင်း၊

၃။ အလုံးစုံသော မကောင်းမှု ခါတွက်ခြင်းနှင့် ယှဉ်ခြင်း၊

၄။ အလုံးစုံသော မကောင်းမှုတားမြစ်ခြင်းနှင့် တွေ့ထိခြင်း၊

ဤသို့ ၄-ပါးသော စောင့်စည်းခြင်းနှင့် ယှဉ်ခြင်းဖြင့် ဖျက်ဆီးအပ်သော မကောင်းမှုရှိ၏ဟု အယူရှိ၏။

၎င်းပြင် ၎င်းနိဂဏ္ဌမှာ အခြားသုတ္တန်တို့၌လာသော အယူဝါဒအားဖြင့် ပုဗ္ဗေကတဟေတု -ရှေးကပြုဖူးသော အကြောင်းကုသိုလ်, အကုသိုလ်တရားနှင့် ဣဿရနိမ္မာန ကိုလည်း အယူရှိသေးသောကြောင့် အရာခပ်သိမ်း သက်ရှိသက်မဲ့တို့၌ သတ္တ ဇီဝရှိသည် ထင်မှတ်၍ တားမြစ်ခြင်းရှိသဖြင့် ၎င်း၏ အယူဝါဒသည် ၆၂-ပါးသော မိစ္ဆာအယူတို့တွင် **ဧကစ္စသဿတ စတုတ္ထတက္ကီ** အယူဝါဒနှင့် တူမျှ၍ ၆၂-ပါးသော မိစ္ဆာအယူတို့တွင် ပါဝင်၏။ ၎င်းပြင် ၎င်းနာဋ္ဋပုတ္တ အယူဝါဒသည် အချို့ သာသနာတော်နှင့်လျော်သော အကျင့်ရှိစေကာမူ မစင်ကြယ်သောကြောင့် မိစ္ဆာဝါဒသို့ သွတ်သွင်းယူအပ်ကုန်၏။

## ၆။ သဥ္စယ ဗေလဋ္ဌပုတ္တ အယူဝါဒ

အရေအတွက်အားဖြင့် ၆-ယောက်မြောက်ဖြစ်သော သိဥ္စည်း-ဟု မြန်မာအားဖြင့် ခေါ်ဆိုသော သဥ္စယဗေလဋ္ဌပုတ္တမှာ အရှင်သာရိပုတ္တရာမထေရ်နှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်တို့၏ လက်ဦးစွာ ဆည်းကပ်နေထိုင်ကြသော ဆရာကြီးဖြစ်ပေ၏။
၎င်း၏ အယူဝါဒမှာ-

- တမလွန်လောက ရှိသလော— မေးက
  - တမလွန်လောက ရှိသည်— ဟု အယူမရှိ၊
- အခြားရှိသလော— ဟု မေးက
  - အခြားရှိသည်ဟူ၍လည်း အယူမရှိ၊
- အခြားမရှိသည် မဟုတ်သလော— ဟု မေးက

- အခြားမရှိသည် မဟုတ် ဟူ၍လည်း အယူမရှိ၊ စသည်ဖြင့် အပိုင်းအခြားမရှိ ပျံ့လွင့်သော အယူဝါဒရှိသောကြောင့် ၆၂-ပါး မိစ္ဆာအယူများတွင် အပိုင်းအခြားမရှိ ပျံ့လွင့်သော အမရာဝိက္ခေပိက အယူဝါဒသာလျှင် ဖြစ်၏။

ဤသို့အားဖြင့် လောက ၃-ပါး၌ အလွန်ထင်ရှားသော မြတ်စွာဘုရားကိုယ်တော်တိုင်ပင်ရှိ၍ အလွန်နက်နဲသိမ်မွေ့ ကောင်းမွန်လှစွာ ဟောကြားတော်မူအပ်သော တရားတော်မြတ်လည်း ထင်ရှားရှိသည့်အပြင် ၎င်းတရားတော်ကို ရိုသေကောင်းမွန်စွာ ကျင့်ကြံအားထုတ်တော်မူကြ၍ အရိယာဖြစ်ကြသော သံဃာတော်အပေါင်းလည်း သောင်း သိန်း ကုဋေ ကုဋာ ထင်ရှားစွာရှိပါလျက် ထိုမှတပါး မြတ်စွာဘုရားသာသနာတော် အရောင်နှင့် နှိုင်းစာပါက ပိုးစိမ်းဖြူနှင့် နေရောင်ပမာ ကွာခြားလှစွာသော တိတ္ထိဆရာကြီး အသီးသီးတို့၏ အမျိုးမျိုးသော အယူဝါဒ ၎င်းတို့၏ အဆုံးအမ သာသနာတွင် ခိုဝင်ဆည်းကပ် ယုံကြည်အားထားကြသည်မှာ လောက၏ မသိ မောဟ အဝိဇ္ဇာ အပြစ်ဒေါသသာလျှင် ဖြစ်၍ အလွန် အံ့ဩသနားစရာကောင်းသော်လည်း မဟာကရုဏာတော်သခင် ဘုရားရှင်သော်မှ ၎င်းတို့ အား ကံတရားအတိုင်း ထားတော်မူခဲ့ရလေသတည်း။

✪ ✪ ✪ ✪ ✪

## ခရစ်ယာန်, မဟာမက်, ဟိန္ဒူ အယူဝါဒနှင့် ၆၂-ပါး မိစ္ဆာအယူ

မြတ်စွာဘုရားလက်ထက်တော်က တိတ္ထိဆရာကြီးများ၏ အယူဝါဒမှာ အခြားမရှိ ဟောကြားတော်မူအပ်သော ၆၂-ပါးသော မိစ္ဆာအယူများတွင် ပါဝင်သကဲ့သို့ သာသနာတော် နောက်ပိုင်းသို့ ရောက်သော နောက်ခေတ်များ၌ ပေါ်သော ခရစ်ယာန် အယူဝါဒ, မဟာမက် အယူဝါဒတို့မှာလည်း စင်စစ်အားဖြင့်-

ဖန်ဆင်းသူနှင့် အတ္တရှိသော ဣဿရနိမ္မာန အတ္တ အယူဝါဒတို့ဖြစ်ကြ၍ အမြဲတည်ရှိ ဖန်ဆင်းသူ ခရစ်ယာန်အားဖြင့် ထာဝရ ဂေါ်ဒ်နှင့်

| | |
|---|---|
| မဟာမက်အယူအားဖြင့် | အလာဟိုတို့ကို အားထားကြသည့်အပြင် အမြဲ |
| မတည်သော သတ္တဝါတို့၏ | ဝိညာဏ် |
| ခရစ်ယာန်အားဖြင့် | ဆိုးလ် |
| မဟာမက်အားဖြင့် | ရူးဟ်ခေါ် ဆိုသော အတ္တ အယူရှိကြသဖြင့် |

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့တွင် အချို့ ဂေါဒ်-အလာ အရှင်တို့၏ အတ္တကား မြဲ၍ သတ္တဝါတို့၏ ဝိညာဏ်, ဆိုးလ်, ရူးဟ်-ဟု ဆိုအပ်သော အချို့ကား မမြဲ-ဟု ယူသောအားဖြင့် **ဧကစ္စသဿတ** အယူဝါဒအတွင်း၌ ပါဝင်ကုန်၏။

ၸင်းပြင် ရှေးကျ၍ ထင်ရှားသော ဟိန္ဒီအယူဝါဒသည်လည်း ဖန်ဆင်းသူ ဗြဟ္မာ ကြီးနှင့် သတ္တဝါတို့ကို ဝိညာဏ်, အတ္တမ သို့မဟုတ် အတ္တ အယူဝါဒပင်ဖြစ်၍ ဖန်ဆင်းကြ သော အခြင်းအရာ ကွဲပြားကြသော်လည်း ခရစ်ယာန်, မဟာမက်တို့နှင့် အတူပင် အချို့ မဟာတ္တမကား မြဲ၍ အချို့ သတ္တဝါတို့၏ အတ္တကား မမြဲဟု ယူသောကြောင့် ၆၂-ပါးတို့တွင် **ဧကစ္စသဿတ** သို့ပင် ပါဝင်ကြကုန်၏။ သို့ဖြစ်၍ ရှေးက ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော မိစ္ဆာအယူဝါဒများနှင့် ယခုအခါ၌ ဖြစ်ထွန်းနေကြသော အယူဝါဒအားလုံးတို့မှာ မြတ်စွာ ဘုရား ဟောကြားတော်မူအပ်သော ဒေသနာကွန်ရွက်တော်ထဲ၌ ပိုက်စိပ်တိုက်ကာ ပါဝင် ကြပြီးဖြစ်သဖြင့် အထူးအထွေဖြစ်သော ဝါဒအယူများ အထူးအားဖြင့် ညွှန်ပြရန် မရှိကုန်။

သို့ပင် အထူးအခြား မရှိငြားလည်း အချုပ်အားဖြင့် တူညီကြ၍ မိမိတို့အယူဝါဒ စွဲလမ်းခြင်းတည်းဟူသော တဏှာ, ဥပါဒါန်တို့သည် အမှန်သို့ မရောက်နိုင်အောင် ချောက်ချားတုန်လှုပ်ကြသဖြင့် ကစင့်ကရဲ ဖန်ဆင်းပုံ, စွဲလမ်းပုံ အလွဲလွဲ ဖြစ်ကြ၍ တစ်ဝါဒ နှင့် တစ်ဝါဒ မတူ၊ အမျိုးမျိုးအားဖြင့် ကွဲပြားလာကြခြင်းသာ ထူးခြားကြကုန်၏။ ၎င်းတို့ ဝါဒများမှာ **တက္ကီဝါဒ**-စိတ်ကူးဖြင့် ကြံဆ၍ ယူကြသော ဝါဒသာ ဖြစ်ကြသည့်အတိုင်း မျက်မမြင် သူကန်း ၆-ယောက်တို့အား ဆင်ကို အစမ်းခိုင်းသော ဥပမာအလားကဲ့သို့ မိမိတို့ တမ်းမှန်းရာ စွဲလမ်းပြောဆိုကြခြင်းသာလျှင် အထူးအခြားရှိကုန်၏။

သို့ဖြစ်၍ မြတ်စွာဘုရားသည် ကမ္ဘာကာလများစွာကပင် စွဲမြဲကာ လမ်းလွဲသို့ လိုက်လာကြသော က္လဿရနိမ္မာနနှင့် အတ္တ အယူဝါဒကြီးကို ဖျက်ဆီးတွန်းလှန်၍ လမ်းမှန် လမ်းကောင်းကို ညွှန်ပြတော်မူလျက် ယထာဘူတ ကျနမှန်ကန်သော တရားတော်မြတ်ကို ဘဝအဆက်ဆက်များစွာက ဖြည့်ဆည်းပူးတော်မူခဲ့သော အကြောင်းပါရမီတော်တရား ကြီးကျယ်ခမ်းနားတော်မူသည့်အလျောက် ကြီးကျယ်မြင့်မြတ်သော သဗ္ဗညုတဉာဏ်တော်ကို ရသည်အားလျော်စွာ ဘာသာဝါဒအပေါင်းတို့ကို ပေါင်းစုဖွဲ့စည်းလျက် သုတ္တန်ဒေသနာ တော် တစ်သုတ်တည်းဖြင့် ထုတ်ဖော်ဟောကြား ညွှန်ပြတော်မူနိုင်လေ၏။ ဤမျှလောက်ဖြင့် အခြားဘာသာ အယူဝါဒများဆိုင်ရာ ဝေဖန်ချက်တို့၌ နှိုင်းစာချင့်ချိန် စဉ်းစားနိုင်စေရန် အတော်ပြည့်စုံစွာ ရေးသားခဲ့ပြီးဖြစ်၍ ဤတွင် အဆုံးထားလျက် အခြားသာသာရပ်တို့ကို နိဂုံးသတ်အပ်ပေသတည်း။

✪ ✪ ✪ ✪ ✪

## ဗုဒ္ဓဘာသာ၏ အထွတ်အထိပ် တရားတော်

မည်သည့်ဘာသာမဆို မိမိတို့ အယူဝါဒအတိုင်း အထွတ်အထိပ် အမွန်အမြတ်ဆုံး ချမ်းသာသုခ လိုလားတောင့်တကြသည်အားလျော်စွာ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့၏ လိုလားတောင့်တ ဆည်းပူးအားထုတ်ကြသော အထွတ်အမြတ် ချမ်းသာသုခမှာ ဆင်းရဲဒုက္ခတို့၏ အကြောင်းရင်း ပင်မ ရုပ်, နာမ် ဓမ္မ ၂-ပါးတို့၏ ချုပ်ပျောက် အေးငြိမ်းရာ နိဗ္ဗာနသန္တိသုခ ဖြစ်၏။ ထို့ကြောင့် ရုပ်ကြောင့်ဖြစ်သော ဒုက္ခသဘောတရား, နာမ်ကြောင့်ဖြစ်သော ဒုက္ခသဘောတရား, ဆင်းရဲစု အသေးစိတ်များကို ဉာဏ်အားဖြင့် သေသေချာချာ စူးစူးစိုက်စိုက် သိရှိထင်မြင်နိုင်အောင် ရှုစားပါက ၎င်းနိဗ္ဗာနသုခ အေးမြချမ်းသာ အစစ်အမှန်ဖြစ်သော အရသာထူးကဲ ငြိမ်းချမ်းခြင်းသဘောတရား ထင်ရှားပေါ်လွင် သိမြင်နိုင်ပေလိမ့်မည်။

ထိုနိဗ္ဗာန်၏ အေးမြငြိမ်းချမ်းခြင်း သန္တိသုခရှိကြောင်း အရိယာသူတော်ကောင်းတို့ လိုလားတောင့်တအပ်ကြောင်း, ဆင်းရဲဒုက္ခကို ရွံမုန်းအပ်ကြောင်းများကို အမြင့်မြတ်ဆုံး အမှန်ကန်ဆုံးဖြစ်သော သစ္စာ ၄-ပါး မြတ်တရား၏ အနက်အဓိပ္ပာယ်ကို သေချာ ဂ န ခွဲခြား ဝေဖန်၍ သိနိုင်မှသာလျှင် ထင်ရှားပေါ်လွင်မည်ဖြစ်၍ ထိုသစ္စာ ၄-ပါးကို အကျဉ်းအားဖြင့် ဤသို့ မှတ်အပ်ကုန်၏။

ထိုနိဗ္ဗာန်ချမ်းသာသည်ကား လောက၌ အေးချမ်းသာယာ နေရာဌာနကို ချမ်းသာဟု သမုတ်တင်စား ပြောဆိုကြသော ဆင်းရဲများစွာ ခြံရံလျက် ရှုပ်ထွေးရောယှက်သော သမ္မုတိ ချမ်းသာမျိုး မဟုတ်၊ အစစ်အမှန်ဖြစ်သော ဆင်းရဲဒုက္ခ, ထိုဒုက္ခတို့ကို ဖြစ်စေတတ်သော အကြောင်းအရာတို့ပါ အကုန်အစင် ပြတ်စဲလျက် သက်သက် ချမ်းသာသုခ အတိအကျကို ဆိုလို၏။ ထိုနိဗ္ဗာန်ချမ်းသာကို—

၁။ မည်သူခံစားသနည်း

၂။ မည်သည့် သဘောတရား ခံစားသနည်း

၃။ မည်သို့ သာယာနှစ်သက်အပ်သော သဘောတရားမရှိပါဘဲလျက် ချမ်းသာ-ဟု ခေါ်ဆိုရပါသနည်း

၄။ မည်သို့ ဥပမာတင်၍ လိုချင်တောင့်တအပ်ပါသနည်း-

စသည်ဖြင့် အလွန်ကြမ်းတမ်းလှစွာသော လောကီချမ်းသာများနှင့် နှိုင်းစာ၍ လောကုတ္တရာ ချမ်းသာသုခ နူးညံ့သိမ်မွေ့လှသော သဘောတရားကို အမျိုးမျိုး အဖုံဖုံ မယုံကြည်သူများ မေးမြန်းစိစစ်မည်ဆိုလျှင် မိမိတို့သိသမျှ လောကီသုခနှင့် နှိုင်းစာမေးမြန်း စိစစ်နိုင်ကုန်၏။

ဤသို့ အထက်ပါစကား အမေးပုစ္ဆာများ ရှိနိုင်သည်အားလျော်စွာ ၎င်းတို့ကို အောက်ပါအတိုင်း အကျဉ်းအားဖြင့် ပြန်ကြားဖြေဆိုရပေလိမ့်မည်။

၁။ လောကီချမ်းသာ, သမုတိချမ်းသာ-ဟု ဆိုအပ်သော နှစ်သက်သာယာအပ်သော အာရုံအရသာတစ်ခုခုကို ခံစားသုံးဆောင်သကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါ ခံစားသုံးဆောင်သူမရှိ၊ ပုဂ္ဂိုလ်ဟူ၍လည်းကောင်း, သတ္တဝါဟူ၍လည်းကောင်း သညာဖောက်ပြန်လျက် ထင်မြင်စွဲလမ်းနေသော သဘောတရားသာ ဆင်းရဲဒုက္ခမှ(ယင်း)မှ ကင်းငြိမ်းပြတ်စဲရာ အမြဲတမ်းချမ်းသာလျက်နေသော ရုပ်, နာမ် ၂-ပါးတို့၏ နိဗ္ဗာန်ချမ်းသာဖြစ်၍ ထိုဆင်းရဲ၏ အခြေခံ ရုပ်, နာမ် မရှိသဖြင့် ပုဂ္ဂိုလ်, သတ္တဝါ ရှာဖွေရန် မလိုပြီ။

၂။ ဝေဒနာဟု ဆိုအပ်သော အာရုံ၏အရသာ ခံစားတတ်သော သဘောတရားသည် လောကီအာရုံကို ခံစားသုံးဆောင်သကဲ့သို့ အာရုံ၏ အရသာ ခံစားသုံးဆောင်တတ်သော **ဝေဒနာ** မရှိ။

နှစ်သက်ဖွယ်ဟူ၍လည်းကောင်း, သာယာဖွယ်ဟူ၍လည်းကောင်း မှတ်သားတတ်သော သညာတရား မရှိ။

ထိုနှစ်သက်သာယာဖွယ်တို့ကို အားထုတ်စီရင်တတ်သော သဘောတရားများ-ဟု ဆိုအပ်သော **သင်္ခါရ** မရှိ။

ထိုနှစ်သက်သာယာဖွယ်ဟု သိမြင်တတ်သော ဝိညာဏ် မရှိ။ ဤသို့သုံးဆောင်ခံစားတတ်သော နာမ်တရားမရှိသဖြင့် နှစ်သက်သာယာဖွယ် အာရုံ၏တည်ရာ ရုပ်ခန္ဓာ မရှိတော့ပြီ။

ထိုသို့ ရုပ်, နာမ် ၂-ဖြာ ပယ်ခွါ၍ ခံစားတတ်သော သဘောတရားအားဖြင့် မရှိသော်လည်း ရုပ်နာမ်၏ ဆင်းရဲဒုက္ခ ပျောက်ကင်းလျက် ထိုဆင်းရဲမဖက် သက်သက်သော သဘောတရားကိုပင်လျှင် တစ်စုံတစ်ခုသော သဘောတရားသည် ခံစားသကဲ့သို့ တင်စား၍ ဆိုခြင်းမျှ ဖြစ်ပေ၏။

၃။ ချမ်းသာဟု ခေါ်ဆိုရသည်မှာ လောကီသမားတို့ လှည့်ဖြားသွေးဆောင်လျက်ရှိသော သမ္မုတိချမ်းသာမျိုး, တဏှာသမုဒယဖြင့် ကပ်ငြိတွယ်တာ သာယာနှစ်သက်အပ်သော အာရုံမျိုး မဟုတ်၊ အမြစ်အရင်းနှင့်တကွ ဒုက္ခခပ်သိမ်း ကင်းလွတ်ငြိမ်းသဖြင့် သက်သက် ဖွေးဖွေးဖြူစင် ဒုက္ခနှင့် မယှဉ်သော ချမ်းသာအတိ ဖြစ်စေ၍ ပမာအားဖြင့် **အချဉ်, အစပ်, အငန်, အဖန်, အခါး**- အခြားအရသာမျိုးများနှင့် မစပ်ယှဉ်လျှင် ပျားသကာ သကြားချိုများ ကဲ့သို့ မဟုတ်သော်လည်း အချိုဇာတ် အမျိုးထဲသို့ သွင်းယူအပ်သကဲ့သို့

လည်းကောင်း, ငန်ခြင်း, ခါးခြင်းမှ ကင်းသောရေကို အတိမစုရ, အတိသီတလ အလွန်ချိုမြိန် အေးမြသော ရေဟု ခေါ်ဆိုရသကဲ့သို့လည်းကောင်း ခါးစပ်သော ဒုက္ခအပေါင်းတို့နှင့် မရောမယှက် ချမ်းသာသက်သက် ချမ်းသာမှန် ချမ်းသာစစ် ဖြစ်သဖြင့် ပုထုဇဉ်တို့ သိကြသော လောကီ ချမ်းသာမျိုးနှင့် နှိုင်းစာ၍ လောကီချမ်းသာများနှင့် ရေတွက်၍ မဖြစ်ကုန်။

၄။ အလွန်ချိုမြိန်လှသော ပျားသကာထဲ၌ အနည်းငယ် ခါးစပ်သောအရသာ ပေါင်းစပ်ရောနှောပါက စင်စစ် ချိုသောအရသာ ကောင်းမွန်သော အရသာ-ဟု မဆိုရသည့်ပြင် အချိုသက်သက် နှစ်သက်လိုလားကြသော သူများလည်း တောင့်တခြင်း မပြုအပ်သကဲ့သို့ ခါးစပ်သောအရသာနှင့် တူသော ဆင်းရဲဒုက္ခ ပြည့်နှက်ရောနှောလျက်ရှိသော လောကီ ချမ်းသာမျိုးကို တကယ့်ပညာရှိ အရိယာသူတော်ကောင်းများ မလိုလား မတောင့်တကုန်။

ဆိုခဲ့ပြီးသော မည်သည့်ဆင်ရဲမျိုးနှင့်မှ မရောနှောသော သက်သက်သော ချမ်းသာစစ်ကိုသာ မငန် မခါး၍ အေးမြချိုမြိန်သည်ဟု ဆိုအပ်သောရေကို အများတောင့်တသကဲ့သို့ အရိယာသူတော်ကောင်းများ လိုလားတောင့်တကြကုန်၏။

✪ ✪ ✪ ✪ ✪

## နိဗ္ဗာန်သို့ရောက်ကြောင်း သစ္စာ ၄-တန် အကျင့်မှန်

ထိုနိဗ္ဗာန်၏ အေးမြငြိမ်းချမ်းခြင်း သန္တိသုခရှိကြောင်း, အရိယာသူတော်ကောင်းတို့ လိုလားတောင့်တအပ်ကြောင်း, ဆင်းရဲဒုက္ခကို ရွံမုန်းအပ်ကြောင်းများကို အမြင့်မြတ်ဆုံး အမှန်ကန်ဆုံးဖြစ်သော သစ္စာ ၄-ပါး မြတ်တရား၏ အနက်အဓိပ္ပာယ်ကို သေချာ ဂ နခွဲခြားဝေဖန်၍ သိနိုင်မှသာလျှင် ထင်ရှားပေါ်လွင်မည်ဖြစ်၍ ထိုသစ္စာ ၄-ပါး အကျဉ်းအားဖြင့် ဤသို့မှတ်အပ်ကုန်၏။

### သစ္စာ ၄-ပါး

ဗုဒ္ဓဘာသာ၌ မြင့်မြတ်သော သစ္စာ ၄-ပါး တရားတို့မှာ---

၁။ ဒုက္ခသစ္စာ-မဖောက်မပြန် အမှန်စင်စစ်ဖြစ်သော ဆင်းရဲဒုက္ခ၊

၂။ သမုဒယသစ္စာ-ဆင်းရဲဒုက္ခ၏ အစစ်အမှန် မဖောက်မပြန် အကြောင်းရင်း အစစ်ဖြစ်သော လိုချင်တပ်မက်ခြင်း သမုဒယ၊

၃။ **နိရောဓသစ္စာ**-ဆင်းရဲခြင်း ဒုက္ခ, ထိုဒုက္ခ၏ အကြောင်းရင်းဖြစ်သော သမုဒယ တရားတို့၏ ချုပ်ပျောက် အေးငြိမ်းခြင်း နိရောဓ၊

၄။ **မဂ္ဂသစ္စာ**-ၚင်းဒုက္ခ၏ အကြောင်းရင်းနှင့်တကွ ကင်းပျောက်ချုပ်ငြိမ်းရာသို့ တည့်မတ်မှန်ကန်စွာ ရောက်စေတတ်သော မဇ္ဈိမပဋိပတ် အလယ်အလတ် ကျင့်စဉ်ကျင့်လမ်းဖြစ်သော ၈-ပါးသော မဂ္ဂင်-

ဤသို့အားဖြင့် အကျဉ်းမှတ်သားရန် ၄-ပါးတို့တည်း။

✪ ✪ ✪ ✪ ✪

## သစ္စာတရား မကျဉ်းမကျယ် ဟောကြားခြင်း

### ၁။ ဒုက္ခသစ္စာ

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသည်မှ စ၍ ရှေးဦးစွာ ပဉ္စဝဂ္ဂီ အရှင် ၅-ဦးတို့အား သစ္စာ ၄-ပါး တရားမြတ်ကို ခွဲခြား၍ ဟောကြားတော်မူအပ်သော ဓမ္မစက္ကပ္ပဝတ္တနသုတ်၌ ဒုက္ခ၏အကြောင်း မကျဉ်းမကျယ် ဟောကြားတော်မူသည်မှာ-

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံ ပိစ္ဆံ န လဘတိ၊ တံပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။*(သံ၊ ၃။ ၃၆၉)*

"ရဟန်းတို့ ဤတရားသည်ကား ဆင်းရဲခြင်း မြင့်မြတ်မှန်ကန်သော တရားတည်း။

- ပဋိသန္ဓေ တည်နေရခြင်းသည် ဆင်းရဲ၏၊
- အိုရခြင်းသည် ဆင်းရဲ၏၊
- နာဖျားရခြင်းသည် ဆင်းရဲ၏၊
- သေကျေပျက်စီးရခြင်းသည် ဆင်းရဲ၏၊
- မချစ်မနှစ်သက်အပ်သော သတ္တဝါ, သင်္ခါရနှင့် ပေါင်းစည်းတွေ့ဆုံရခြင်းသည် ဆင်းရဲ၏၊
- ချစ်ခင်နှစ်သက်အပ်သော သတ္တဝါ, သင်္ခါရနှင့် ကွေကွင်းရခြင်းသည် ဆင်းရဲ၏၊
- အကြင်အလိုရှိသော အရာကို တောင့်တတိုင်း မရ၊ ထိုတောင့်တတိုင်း မရခြင်းသည်လည်း ဆင်းရဲ၏၊

အကျဉ်းအားဖြင့် စွဲလမ်းတတ်သော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာ ၅-ပါးကို ရခြင်းသည် ဆင်းရဲ၏။

## ဇာတိဒုက္ခ

အလွန်ကျဉ်းမြောင်း ပုပ်လှောင်နံစော်သော အမိဝမ်းအတွင်း ပဋိသန္ဓေတည်နေ ကိန်းအောင်းရခြင်းမှာ အလွန်အမင်း ဆင်းရဲလှသည့်အပြင် ၎င်းအမိဝမ်းတွင်းမှ သက်ဆင်း ရခြင်းမှာလည်း ချမ်းသာသဖြင့် မဟုတ်ဘဲ အလွန်သည်းထန်သော ဆင်းရဲနှင့် သက်ဆင်းရ သော်လည်း အမှတ်မရနိုင်အောင်, သတိမရနိုင်အောင်, ဘာတစ်ခုမျှ မအောက်မေ့ မဆင် ခြင်မိနိုင်အောင်, ဆင်းရဲအားလုံး မေ့လျော့အောင် ပြုလုပ်တတ်သော အဝိဇ္ဇာမောဟ တရား သည် ကာကွယ်ပိတ်ဆို့ထား၍ စဉ်းစားအောက်မေ့နိုင်ခြင်း မရှိသဖြင့် ဆင်းရဲဒုက္ခဟု မထင်မြင်နိုင်ကြကုန်။ သို့သော်လည်း အမိဝမ်းတွင်း မစင်ကြယ်သော အရာများနှင့် အလွန် ကျပ်တည်း ကျဉ်းမြောင်းစွာ ကြာရှည်လေးမြင့် နေထိုင်ရခြင်း, မလှုပ်မရှား ပြောင်းလဲခြင်းမရှိ တစ်သမတ်တည်း နေထိုင်ရခြင်းများကို အသိဉာဏ်ပညာအားဖြင့် ဟုတ်တိုင်းမှန်စွာ ဆင်ခြင် စဉ်းစား ကြည့်ရှုလျှင် တစ်ဘဝနှင့်လည်း မပြီး၊ တစ်ဘဝပြီး တစ်ဘဝ, အဖန်ဖန် ပဋိသန္ဓေ တည်နေရခြင်း ဒုက္ခကြီး၏ ကြီးမားလေးနက်ခြင်းများ ထင်ရှားပေါ်လာမည်ဖြစ်သော ကြောင့် ဇာတိ-ဟု ဆိုအပ်သော ပဋိသန္ဓေ အဖန်ဖန် တည်နေရခြင်းများသည် အစစ်အမှန် ဖြစ်သော ဆင်းရဲဒုက္ခဖြစ်၏။

## ဇရာဒုက္ခ

ပဋိသန္ဓေ ရုပ်သစ်တည်နေပြီးနောက် ဖောက်လဲ ဖောက်ပြန် ရုပ်နာမ်တရားတို့သည် တဖြည်းဖြည်း တစ်စတစ်စ ဆွေးမြေ့၍လာကြသော်လည်း သတိမမူ ဂရုမစိုက် ပုထုဇဉ်တို့ အလိုက် အမှတ်မဲ့ ပေါ့ပေါ့တန်တန် နေထိုင်ကြခြင်းအားဖြင့် တရွေ့ရွေ့ ဟောင်းနွမ်းဆွေးမြေ့ နေခြင်းကို မအောက်မေ့ မဆင်ခြင်ကြသည့်အပြင်, ဒုက္ခဟူ၍လည်း မမှတ်ထင်ကြကုန်။ ၎င်းပြင် မိမိတို့အလိုအတိုင်းမကျသော အချမ်းအပူတို့နှင့် တွေ့ထိကြ၍ ဆင်းရဲဒုက္ခ အမျိုးမျိုး နှင့် ဆုံစည်းကြသော်လည်း ဆင်းရဲကိုထား၍ ချမ်းသာကွက်ကိုသာ ရှာဖွေလျက် အဝိဇ္ဇာ မောဟ အမေ့တရားကလည်း လွှမ်းမိုးကွယ်ကာ၍ ဇရာ၏ ဆင်းရဲခြင်းတရားကို မမြင်၊ အထင်မှားလျက် နေကြလေကုန်၏။

အသေအချာ ပညာစက္ခုဖြင့် မကြည့်ရှုလျှင် အိုမင်း ကုန်းကွ မထနိုင် မထူနိုင်သော ဇရာဒုဗ္ဗလ ဒုက္ခအကြမ်းစားမှတပါး နေ့စဉ်ရက်စဉ် နာရီအစိတ်အပိုင်း မဆိုင်းမတွ တရွေ့ ရွေ့ ဆွေးမြေ့ဟောင်းနွမ်းနေသော ရုပ်, နာမ်တရားကို မတွေ့နိုင်၊ စိတ်ဖြာဝေခွဲ၍ ပညာစက္ခု

ထဲ၌ သွတ်သွင်းဝေဖန်၍ အဖန်ဖန်ကြည့်ရှုပါက မိမိတို့ အလိုမကျ ဒုက္ခအစုံ ရစ်ပတ်လျက် မပြတ်မစဲ ဆင်းရဲမှု ဇရာတရားကြီး ထင်ရှားပေါ်လွင် အသေးစိတ် မြင်နိုင်ကုန်၏။

အကြမ်းအားဖြင့် ငယ်ရွယ်စဉ်အခါက ရောဂါဘယ ကင်းလျက် သန့်ရှင်းနုပျိုသော ရုပ်သစ်ကလေးများမှ တဖြည်းဖြည်း ပြောင်းလာ၍ ရောဂါဘယ ထူပြောရင့်ရော်သော ရုပ် ဟောင်းကြီးဖြစ်လာပြီး တစ်ခါတစ်ရံ ထန်သည်းသော ဆင်းရဲနှင့် တွေ့ရ၍ ဇရာ၏ ဒုက္ခဖြစ်ကြောင်း ထင်ရှား၏။

## ဗျာဓိဒုက္ခ

ဗျာဓိဒုက္ခ၊ ပကတိအားဖြင့် မပြတ်မစဲ အမြဲရင့်ရော်ဆွေးမြေ့ တရွေ့ရွေ့ ညှဉ်းပန်း နေသော ဇရာဒုက္ခကြီးနှင့် ဘဝကုန်ဆုံးအောင် တွေ့နေရမည်ကား ဆိုခဲ့ပြီး ဇရာတရားဖြင့် ထင်ရှားသည့်အပြင် ၎င်းအကြားအကြား၌ ဖောက်ပြန်၍ ပြင်းထန်ဆိုးဝါးသော အနာရောဂါ ဖိစီးနှိပ်စက်၍ လာနိုင်သောကြောင့် ထိုကျင်နာခံခက် နှိပ်စက်တတ်သော အနာဆိုး ရောဂါဆိုးနှင့် တွေ့ကြုံနိုင်ခြင်း တွေ့ကြုံရခြင်းတို့ကို ဆင်ခြင်စဉ်းစားလျှင် ဗျာဓိတရား၏ ဆင်းရဲမှုကား အလွယ်အားဖြင့် ထင်ရှားသိသာနိုင်ကုန်၏။

## မရဏဒုက္ခ

မရဏဒုက္ခ--- ၎င်း ရုပ်, နာမ် ၂-ပါး၏ ကျင်နာမှု ဗျာဓိဒုက္ခမှ တိုးတက်၍ ထိုထက် ဆိုးဝါးသည်းထန်သော ဆင်းရဲခံစားရလျက် အဆုံးတိုင် ဖိစီးနှိပ်စက်လာသောအခါ မည်သည့်သတ္တဝါမဆို ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ကြပြီး မလွဲနိုင်သော မရဏဒုက္ခ ကြီးမှာလည်း တစ်ဘဝပြီး တစ်ဘဝ မုချမလွဲနိုင် မဖယ်နိုင် ဘဝတိုင်း ရင်ဆိုင်တွေ့ကြုံကြမည် ကား ဇာတိရှိသမျှ ဧကန္တ မလွဲစင်စစ်ပင်ဖြစ်၍ တစ်ဘဝတစ်ခါ အစဉ်အလာအတိုင်း တွေ့ကြုံ ရမည်ဖြစ်သော မရဏဒုက္ခကြီးကား ဆင်ခြင်စဉ်းစားလျှင် ကောင်းစွာထင်မြင်နိုင် ကုန်၏။ သို့သော်လည်း ထိုဒုက္ခနှင့် တွေ့ဆုံဖိစီး ကြီးစွာသော ဆင်းရဲသို့ရောက်ပြီး ၎င်းဘဝမှ လွန်မြောက် နောက်ဘဝသို့ ရောက်သောအခါ အဝိဇ္ဇာမှောင်တိုက်ကြီးသည် တားဆီး ကွယ်ကာသဖြင့် သတ္တဝါတို့၏ သန္တာန်၌ လွန်ခဲ့သော ဆင်းရဲဒုက္ခများ ဉာဏ်အားဖြင့် စဉ်းစား ဆင်ခြင် ထင်မြင်ခြင်း မရှိကြကုန်။

## အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ

သတ္တဝါတို့ ဓမ္မတာ အစဉ်အတိုင်း ချစ်ခင်ခြင်း စုံမက်ခြင်း နှစ်သက်ခြင်းဆိုသော သဘောတရားနှင့် မလိုမုန်းထားခြင်း မချစ်ခင် မကြင်နာခြင်း သဘောတရားတို့သည်ကား

ဆန့်ကျင်ဘက်အားဖြင့် ၂-ခုတွဲလျက်ရှိရာ မိမိတို့ အလိုမရှိသောအရာ, မချစ်ခင်သောအရာ, မနှစ်သက်သောအရာဝတ္ထု သတ္တဝါအစုတို့နှင့် အစဉ်မပြတ် တွေ့ရှိနေပါက စိတ်သောက နှင့် ဒေါသပူပန်မှုများ စိတ်နှလုံး မချမ်းသာမှုများ ထိုတရားတို့သည် များသောအားဖြင့် ဖြစ်လေ့ရှိတတ်သောကြောင့် ထိုသို့ ဖြစ်ခြင်းသည်လည်း စင်စစ်မှာ သာယာဖွယ်မဟုတ်၊ နှစ်သက်ဖွယ် မဟုတ်၊ မုချအားဖြင့် ဒုက္ခအစစ် အမှန်ဖြစ်၍ **အပ္ပိယေဟိ သမ္ပယောဂ**-မချစ်မနှစ်သက်သောအရာတို့နှင့် ဆက်ဆံပေါင်းယှဉ်ရခြင်းသည် ဒုက္ခဖြစ်ကြောင်း ကောင်းစွာ ထင်မြင်နိုင်ကုန်၏။

## ပိယေဟိ ဝိပ္ပယောဂ ဒုက္ခ

မနှစ်သက်သောအရာ မချစ်ခင်သော သဘောတရား အလိုမရှိသောဝတ္ထု မနှစ်မြို့သောသူတို့နှင့် တွေ့ကြုံက ဒုက္ခအမျိုးမျိုး ရောက်ကြသကဲ့သို့ ၎င်းမှ ဆန့်ကျင်ဘက် ချစ်ခင် နှစ်သက် စုံမက်သော သဘောတရား အရာဝတ္ထု ခင်မင်ယုယသူတို့နှင့် မပေါင်းဆုံဘဲ ကွဲကွာနေပြန်လျှင်လည်း မချိတင်ကဲ အူသဲလှိုက်ဆူ ပူပင်တမ်းတ နွမ်းလျ ဆွေးမြေ့ မမေ့ မပျောက် အလွန်ကြီးမားသော ဆင်းရဲသို့ ရောက်ကာ သောကဖိစီး ပျက်စီးဆုံးရှုံးခြင်းသို့ ပင်လျှင် ရောက်နိုင်ကုန်၍, ၎င်းချစ်ခင်နှစ်သက် စုံမက်သော သဘောတရား အရာဝတ္ထု သတ္တဝါသင်္ခါရ အစုတို့နှင့် ကွေကွင်းရခြင်း 'ပိယေဟိ ဝိပ္ပယောဂ' ဒုက္ခသည် ဆင်ခြင်စဉ်းစားက ထင်ရှားပေါ်လွင်၏။

## ယံ ပိစ္ဆံ န လဘတိ၊ တံပိ ဒုက္ခံ

ပုထုဇဉ် လူအများတို့၏ လောဘတဏှာ တွယ်တာလိုချင်မှုကြီးသည်ကား သမုဒ္ဒရာ ပင်လယ်ကြီးအလား ကြီးမားပြန့်ကျယ်သည့်အတိုင်း အဆုံးအစမရှိ လိုချင်မှုနှင့် ကျေအေး ပြေငြိမ်းနိုင်အောင် ထောက်ပံ့ခြင်း မပြုနိုင်၊ ရလည်း မရနိုင်မှုဖြင့် ဘဝတစ်ခုတစ်ခုအတွင်း မကြာမကြာ သတ္တဝါတို့ အလိုရှိသလောက် အရာဝတ္ထု သဘောတရား၊ အလိုရှိသလို မရမှု အတွက် ပင်ပန်းဆင်းရဲ အခဲမကျေ သေကျေပျက်စီးလောက်အောင်ပင် ဒုက္ခအကြီးအကျယ် ရောက်တတ်ကြောင်း လောကသာမကများနှင့် ဇာတ်နိပါတ်တော်တို့တွင် အထင်အရှားရှိ၍ လိုသောအရာ မရမှု 'ယံပိစ္ဆံ န လဘတိ၊ တံပိ ဒုက္ခံ'သည်လည်း ကြီးကျယ်သော ဒုက္ခကြီးတစ်ခု ဖြစ်ကြောင်း ထင်ရှား၏။

## ပဉ္စုပါဒါနက္ခန္ဓ ဒုက္ခ

အထက်၌ဆိုခဲ့ပြီးသော ဆင်းရဲဒုက္ခအရပ်ရပ်တို့သည် အကျဉ်းချုပ်အားဖြင့် စွဲလမ်း ခြင်း တဏှာ ဉပါဒါန်နှင့်တကွ လောကအာရုံဖြစ်ကြသော ရုပ်ခန္ဓာ, နာမ်ခန္ဓာ ၂-ပါးကို

ရခြင်းလျှင် အကြောင်းရင်းရှိ၍ အကြမ်းအားဖြင့် ရုပ်တရားကို ရရှိမှုကြောင့် စားသောက်မှု အတွက် ဆင်းရဲ, ဝတ်မှုအတွက် ဆင်းရဲ, အပူအတွက် ဆင်းရဲ, အအေးအတွက် ဆင်းရဲ, နေမှုထိုင်မှုအတွက် ဆင်းရဲ, အနာရောဂါအတွက် ဆင်းရဲ, ထိခိုက်နာကျင်မှုအတွက် ဆင်းရဲ, အိုမင်းမစွမ်းမှုအတွက် ဆင်းရဲ, သေကျေပျက်စီးမှုအတွက် ဆင်းရဲ စသော ဆင်းရဲကြီး ဆင်းရဲငယ်တို့သည် အလဲအလှယ်နှင့် တွေ့ကြုံနေရသည့်အပြင် နာမ်ခန္ဓာအစု ရရှိမှုကြောင့် လည်း စိုးရိမ်မှု, ပူဆွေးမှု, ကြောင့်ကြမှု, နှလုံးမသာမှု, စိတ်မချမ်းသာမှု, စိတ်ပင်ပန်းမှု, စိတ်၌ နှောင့်ယှက် ရှုပ်ထွေးမှု စသော စိတ်စေတနာနှင့် စပ်လျဉ်းသော ဆင်းရဲခြင်း အမျိုးမျိုး တို့သည်လည်း နာရီမစဲ အမြဲတွေ့ကြုံရသဖြင့် ဆိုခဲ့ပြီးသော ဆင်းရဲခြင်း အစုအပုံတို့သည် ကား ဥပါဒါန်ကြောင့်ရသော ခန္ဓာကြောင့်သာလျှင် ဖြစ်ကုန်၏။

ဤသို့လျှင် အသေအချာ အသေးစိတ်၍ လေးလေးနက်နက် ပညာစက္ခုဖြင့် ကြည့်ရှုဆင်ခြင် စဉ်းစားလျှင် အထက်ဆိုခဲ့ပြီးသော ဒုက္ခများတွင်သာမက အချိန်ရှိသမျှ ဖြစ်မှုပျက်မှု ချုပ်ဆုံးမှုများသည် မပြတ်မစဲ သဲကို သွန်ချသည့်အလား တဖွဲဖွဲ ဒုက္ခတွေ ကျဆင်းနေသည်ကို ထင်ထင်ရှားရှား ဉာဏ်တွင်ပိုင်းခြား သိနိုင်မြင်နိုင်ကုန်၏။

ဤသို့ အချိန်မဆိုင်း အခါမဆိုင်း တဖွဲဖွဲ အမြဲမပြတ် ဆက်စပ်လျက် ဖြစ်ပျက်နေ သော ဒုက္ခကြီး၏ အကြီးအကျယ် ဆင်းရဲခြင်းကို မတွေးတော မဆင်ခြင် မစဉ်းစား အမှတ်မဲ့ နေသူများ၏ သန္တာန်မှာကား ထိုဖြစ်မှု ပျက်မှု တရားအစုကို တစ်ခုမှ မထင်အောင် မမြင် အောင် ကာကွယ်ပိတ်ဆီးတတ်သော အဝိဇ္ဇာသံတံတိုင်းကြီးသည် ပိတ်ဆီးကာကွယ်နေမှု ကြောင့် ၎င်းဒုက္ခကို အမှန်အတိုင်း မထင်မြင်နိုင်ဘဲ နေကြကုန်၏။ ဤသို့ ဆင်းရဲအမျိုးမျိုး အကျိုးတရားနှင့်တကွ ဒုက္ခအသေးစိတ်များသည် ဒုက္ခသစ္စာ မည်၏။

✪ ✪ ✪ ✪ ✪

## ၂။ သမုဒယ သစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနော့ဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။*(သံ၊ ၃။ ၃၆၉)*

"ရဟန်းတို့၊ ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော တပ်မက်ခင်မင် ဘဝသစ်ကို လိုချင်၍ ထိုထိုဘဝ၌ စွဲလမ်းနှစ်သက်တတ်သော မှန်ကန်မြင့်မြတ်သော သဘောတရား သည်ရှိ၏။

ၛင်းတို့မှာ-

- အလိုဆန္ဒ ကာမတရား၌ တပ်မက်ခြင်း၊
- ဘဝ၌ တပ်မက်ခြင်း၊
- ဘဝမှ လွတ်မြောက်ကြောင်းထင်သော မိစ္ဆာအယူ၌ တပ်မက်ခြင်းတို့တည်း”ဟု

ဟောကြားတော်မူသော ဓမ္မစက္ကပ္ပဝတ္တနသုတ် ဒေသနာတော်နှင့်အညီ ဒုက္ခအမျိုးမျိုး ဖြစ်စေတတ်သော ခန္ဓာဝန်ထုပ်ကြီးကို---

- မည်သူ ယူဆောင်လာသနည်း၊
- မည်သူ ဖြစ်ပွါးစေသနည်း၊
- မည်သူအတွက် ဆက်ကာဆက်ကာ ခန္ဓာဝန်ကြီး ပွါးစီးလျက် နေရသနည်း- ဟု

အမှုသည်ကို စိစစ်ရှာဖွေခြင်းအားဖြင့် မေးမြန်းလျှင် ၛင်းခန္ဓာဝန်ထုပ်ကြီးကိုပင် အမွန်အမြတ်ထင်၍ ခင်မင်တပ်မက်နေသော တဏှာလောဘကို ထင်ရှားတွေ့ရပေလိမ့်မည်။

စင်စစ်မှာကား ချမ်းသာ-ဟု ပုထုဇဉ်တို့ ပြောဆိုသမုတ်ကြသော လောကီသမ္မုတိချမ်းသာမျိုးမှာ မဲမှောင်လှစွာ တခဲနက်ထူထပ်သော တိမ်တိုက်ကြီးမှ တစ်ချက်တစ်ချက်ပျက်သကဲ့သို့ အဝိဇ္ဇာဖုံးအုပ်သည့် ဒုက္ခအထု ဒုက္ခအခဲကြီးထဲမှ တစ်ခါတစ်ခါ ပေါ်လာသည်ကိုပင် ဉာဏ်မြင်ပျက်ပြား ဖောက်ပြန်သော ဝိပ္ပလ္လာသအားဖြင့် လှည့်စားလျက် ချမ်းသာဘဲ, သုခဘဲ, နှစ်သက်ခင်မင် လိုချင်တောင့်တအပ်သော သဘောတရားဘဲ- ဟု အမှားထင်မြင်မှု သက်သက်သာတည်း။

ဤသို့ ထူထပ်ကြီးကျယ်သော ဒုက္ခအထုကြီးကိုကား မထင် မပြောပ မနှိုင်းစာလောက်သော အနည်းငယ်သုခကိုသာ မြင်သဖြင့် ခင်မင်တပ်မက် နှစ်သက်တောင့်တဘဝသစ် တစ်ဖန်ရမှု ကြိုးစားလျက် ထိုဘဝ၏ အကြောင်းရင်း ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို ပြုစုပျိုးထောင်ကာ ကောင်းနိုးရာရာ ဘဝသစ်ကို ရှာကြ, ချမ်းသာလိမ့်မည်ဟု တောင့်တ တည်ထောင်ကြသော်လည်း မိမိတို့ မျှော်လင့်ချက်နှင့် သက်ဆိုင်ကိုက်ညီခြင်းမရှိ၊ ဒုက္ခအတိ ပြည့်နှက်ရောပြွမ်းသော ဘဝကိုသာ ရရှိသဖြင့် ဆိုခဲ့ပြီးသော ဒုက္ခအမျိုးမျိုးကိုသာ ရရှိခံ စားရကြကုန်၏။

ဤသို့လျှင် အာရုံအမျိုးမျိုးကို တွယ်တာခင်မင်သည့်အပြင် အဝိဇ္ဇာကလည်း အဟုတ်အမှန် ဧကန်တိတိ မသိရှိအောင် သွေးဆောင်ဖြားယောင်းခြင်းကို ခံရ၍---

- တစ်ခါတစ်ရံ အတ္တနှင့် လောက မြဲ၏-ဟူသော သဿတအယူ,

- တစ်ခါတစ်ရံ အတ္တနှင့် လောက မည်မျှလောက်ကြာလျှင် ပြတ်လိမ့်မည်ဟူသော ဥစ္ဆေဒအယူ-

စသော အယူမှားတို့ကို အမှန်ဟု ထင်မြင်စွဲမြဲ အယူဖွဲ့သန်လျက် အပါယ် ၄ရဲ စသော ဆင်းရဲဒုက္ခ အမျိုးမျိုးနှင့် တွေ့ကြုံခံစားရတတ်သောကြောင့် ၎င်းဆင်းရဲခြင်း၏ အကြောင်း ရင်းသည်ကား အမှန်စင်စစ်အားဖြင့် လောဘတဏှာဖြစ်၍ ၎င်းတရားသည် သမုဒယသစ္စာ မည်၏။

## ၃။ နိရောဓ သစ္စာ

ကတမံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော၊ စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။*(သံ၊ ၃။ ၃၆၉)*

"ရဟန်းတို့၊ ခင်မင်နှစ်သက် တပ်မက်ခြင်း တဏှာ၏ အကြွင်းမဲ့ ချုပ်ငြိမ်းကင်း ပျောက်ခြင်း၊ စွန့်လွှတ်ခြင်း၊ စွန့်ခွါထွက်မြောက်ခြင်း၊ လွတ်မြောက်ခြင်း၊ မတွယ်တာခြင်း သဘောရှိသော အကြင် နိဗ္ဗာန်တရား ထင်ရှားရှိ၏၊ ဤဒုက္ခ၏ ချုပ်ငြိမ်း ကင်းပျောက်ရာ ကောင်းမြတ်မှန်ကန်သော သဘောတရားသည် နိရောဓသစ္စာမည်၏"-

ဟု ဟောတော်မူသော ဓမ္မစက္ကပ္ပဝတ္တနသုတ်နှင့် အညီ ဆိုခဲ့ပြီးသော ဒုက္ခအမျိုးမျိုးမှ ကင်းလွတ်ရန် ဒုက္ခ၏ အကြောင်းရင်းဖြစ်သော တဏှာသမုဒယ ကြွင်းမဲ့ကုန်စင်အောင် ပြတ်စဲမှုဒုက္ခ၏ ချုပ်ငြိမ်းမှု ဖြစ်နိုင်မည်၊ တဏှာသမုဒယ မပြတ်မစဲသမျှ သုခ-ဟု ထင်မြင် ခင်မင်အားထုတ် ဒုက္ခသို့သာ ရောက်ကြရမည် ဖြစ်သောကြောင့် ထိုအကြောင်းနှင့်တကွ ဒုက္ခ၏ကင်းပြတ်မှုသည်သာ နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာ-ဟု ခေါ်ဆိုရကုန်၏၊ အငုတ် ချန်၍ မြေမလှန်သော သစ်ငုတ်မှာမူကား အညွန့်အတက် ဆက်လက်တိုးပွါး ပေါက်ရောက် စည်ကားနိုင်သည်ဖြစ်၍ အငုတ်မချန် မြေမှ လှန်လျက် အမြစ်အရင်း အသေးအဖွဲ့နှင့် ဖြိုခွဲဖျက်ဆီးပစ်မှသာ ဘယ်အခါမှ မပေါက်ရောက် မစည်ကားနိုင်သော ဥပမာကဲ့သို့ တဏှာ, သမုဒယ လောဘအမြစ် ကုန်စင်အောင် ပြတ်စဲမှသာ ဒုက္ခအညွန့် အတက် ဆက်လက် ကြီးပွါး စည်ကား၍နေသော ဘဝပင်ကြီးကို လိုချင်တောင့်တလျက် ဒုက္ခအမျိုးမျိုး တွေ့ကြုံ ခံစားရခြင်းမှ လွတ်ကင်းထွက်မြောက် အမှန်စင်စစ် ဒုက္ခတို့၏ အကြောင်းအမြစ်နှင့်တကွ ချုပ်ငြိမ်းမှုကို ရနိုင်ကုန်၏။

ထိုနိရောဓသစ္စာ-ဟု ဆိုအပ်သော နိဗ္ဗာန်ချမ်းသာမှာ-

- မျက်စိဖြင့် ခံစားသော ရူပါရုံအရသာမျိုးကဲ့သို့ မဟုတ်၊
- နားဖြင့် ခံစားအပ်သော သဒ္ဒါရုံအရသာမျိုးကဲ့သို့ မဟုတ်၊

- နှာခေါင်းဖြင့် ခံစားအပ်သော ဂန္ဓာရုံအရသာမျိုးကဲ့သို့ မဟုတ်၊
- လျှာဖြင့် ခံစားအပ်သော ရသာရုံအရသာမျိုးကဲ့သို့ မဟုတ်၊
- ကိုယ်ဖြင့် တွေ့ထိ ခံစားအပ်သော ဖောဋ္ဌဗ္ဗာရုံ အရသာမျိုးကဲ့သို့ မဟုတ်၊
- စိတ်ဖြင့် တွေ့ထိခံစားအပ်သော လောကီဓမ္မာရုံ အရသာမျိုးကဲ့သို့ မဟုတ်-

စင်စစ်မှာကား လောကီဝေဒယိတ သမ္ဘုတိချမ်းသာမျိုးတို့နှင့် ဘာမျှမသက်ဆိုင်၊ ထိုဒုက္ခ၏ အကြောင်းရင်း တရားကိုယ် ဆင်းရဲကို ဖြစ်စေတတ်သော ရုပ် နာမ် ၂-ရပ် အပြီးအပြတ် ချုပ်ငြိမ်းကာ ဘယ်အခါမှ ဆင်းရဲမဖက် အမြဲတမ်း ချမ်းသာလျက် ပြောင်းလဲခြင်းမရှိ ပကတိ အစစ်အမှန် ဘယ်အခါမှ ဖောက်ပြန်ပျက်စီးခြင်းမရှိသော ချမ်းသာသုခ ထာဝရ အအေးဓာတ်ကြီး ဖြစ်၏။

သို့ဖြစ်လျှင် ရုပ်, နာမ် ၂-ဖြာ သာယာတတ် ခံစားတတ်သော သဘောတရား တစ်စုံတစ်ရာ မရှိဘဲလျက် အဘယ်ကြောင့် ရုပ် နာမ်ဓမ္မ အေးငြိမ်းချုပ်ပျောက်မှု သက်သက် ကို ချမ်းသာ-ဟု ခေါ်ဆိုရပါသနည်း။ ၎င်းပြင် ခံစားသူမရှိဘဲလျက် အဘယ်ကြောင့် ထိုချမ်း သာကို ခံစားသည်-ဟု ခေါ်ဆိုရပါသနည်း-ဟု မေးမြန်းလျှင်---

လူအပေါင်းတို့ သိရှိထင်မြင်ဖို့ရန် လိုချင်တောင့်တ အာသီသထား၍ ကြိုးစား အားထုတ် ကျင့်ကြံစေရန် **ချမ်းသာ**-ဟု လောကီတရား တင်စား၍ ပြောဆိုခြင်းမျှသာ ဖြစ်၏။ စင်စစ်သော်ကား လောကီချမ်းသာမျိုးလို အထည်ကိုယ်ဒြပ် မှတ်အပ်သော သဘော တရား မရှိ၊ သိလွယ် ထင်မြင်လွယ်အောင်သာ နိဗ္ဗာန်ရွှေမြို့တော်ဟူ၍လည်းကောင်း, နိဗ္ဗာန်ရွှေပြည်ဟူ၍လည်းကောင်း, နိဗ္ဗာန်သောင်ကမ်းဟူ၍လည်းကောင်း, ဘေးမရှိ ရန်မရှိ ရန်သူတို့မဖြိုနိုင် မဖျက်နိုင်သော အယုဇ္ဈပုဒ္ဓါနီ ရွှေပြည်ကြငှန်းဟူ၍လည်းကောင်း အမျိုးမျိုး အဖုံဖုံ ပုံပမာထားလျက် ဟောကြားတော်မူ၏။

ထိုနိဗ္ဗာန်ချမ်းသာ လွတ်မြောက်မှုအရသာကို လောကီအာရုံ ပုံဥပမာတို့ဖြင့် နှိုင်း ခိုင်းယှဉ်စပ်၍မရ လောကနှင့် တိုင်းစရာ နှိုင်းစရာ မရှိ၊ အပ္ပမာဏ နှိုင်းယှဉ်၍ မရသော တရားဖြစ်သဖြင့် လောကီပုထုဇဉ်တို့ အဟုတ်အမှန် သိရန်မဖြစ်နိုင်၊ ကိုယ်တိုင်ခံစားရောက်ရှိ မှသာ ဝိမုတ္တိအရသာကို သိရှိနိုင်ကြောင်း ငါး,လိပ် ဥပမာအားဖြင့် ထင်ရှားမှတ်အပ်၏။

တစ်နေ့သ၌ ရေသက်သက်သာ ကျင်လည်ကျက်စား၍ ရေအကြောင်းကိုသာ သိရှိ နားလည်သော ငါးတစ်ကောင်သည် ကုန်းနှင့် ရေအကြောင်း ကောင်းစွာသိရှိ နားလည်သော ကုန်း, ရေ ၂-ဖက် ကျက်စားလေ့ရှိသော လိပ်တစ်ကောင်နှင့် မိတ်ဆွေဖြစ်ကြ ၍ အတူတကွ အတော်ကြာ နေထိုင်ကြပြီးနောက် လိပ်မှာ ကုန်း, ရေ ၂-ဖက်၌

ကျင်လည်သည်အားလျော်စွာ ကုန်းဘက်သို့ ကျက်စားသွားလာ၍ အတော်ကြာမှ မိတ်ဆွေ ငါးနှင့် တစ်ဖန် တွေ့ဆုံကြ ပြန်သောအခါ---

"မိတ်ဆွေနှင့် မတွေ့ရတာ အတော်ကြာသွားပါပြီ၊ ဘယ်သို့သွား ဘယ်မှာများ နေထိုင်ပါသလဲ"ဟု အံ့အားသင့်စွာ ငါးက မေးမြန်းလျှင်---

"မိတ်ဆွေ၊ ကျွန်ုပ် ကုန်းပေါ်တက်၍ ကျက်စားသွားလာနေပါ၍ မိတ်ဆွေ မတွေ့ဘဲ နေပါသည်"ဟု ပြန်ပြောသောအခါ---

ငါးသည် အထူးအံ့ဩစွာဖြင့် "မိတ်ဆွေ၊ ကုန်းဆိုတာ ဘယ်လိုအရာ ဖြစ်ပါသလဲ၊ ကြည်ကြည်လင်လင် ထုပ်ချင်းပေါက် မြင်နိုင်သော အရာမျိုးဖြစ်သလား၊ ကျွန်ုပ်တို့ ကူးသန်းသွားလာ၍ ရပါသလား၊ သို့မဟုတ် ရွံ့နှစ်များလို ပျစ်ပျစ်ချွဲချွဲပဲလား၊ မှော်သေး, မှော်ကြီးများ ပေါက်ရောက်၍ စိမ်းစိုသောအရာ ဖြစ်သလား"စသည်ဖြင့် မိမိသိရှိနားလည်သော ရေနှင့်စပ်ဆိုင်သော အကြောင်းအရာများကိုသာ ကုန်းကိုသိချင်သော အာသာဖြင့် မေးမြန်းလေ၏။

ထိုအခါ လိပ်က "မိတ်ဆွေပြောသမျှ အားလုံးနှင့် မသက်ဆိုင်၊ မိတ်ဆွေသိသော ရေကဲ့သို့ ကြည်ကြည်လင်လင်မဟုတ်ဘဲ, ထွင်းဖောက်၍လည်း မမြင်နိုင်၊ မိတ်ဆွေကူးသန်းလို့လည်း မသွားလာနိုင်၊ ရွံ့နှစ် နွံစေးများလို ပျစ်ချွဲသော အရာမဟုတ်၊ မှော်သေး, မှော်ကြီးများ ပေါက်ရောက်သော အရာမဟုတ်၊ ကျွန်ုပ်တို့သာ သွားလာကျက်စားနိုင်၍ ကျွန်ုပ်တို့နှင့်သာ ဆိုင်သောအရာဖြစ်သည်"ဟု ပြောလျှင်---

"မိတ်ဆွေပြောသော ကုန်းမြေမှာ ဘယ်အရာနည်း၊

- ကျွန်ုပ်မေးသမျှ ငြင်းပယ်၍ အဘယ်သို့သောအရာ-ဟု မပြောနိုင်လျှင် အကယ်စင်စစ် အမှန်ဖြစ်က ဥပမာ ဥပမေယျနှင့် ပြောနိုင်ရမည်၊
- မိတ်ဆွေ၏ ကုန်းမြေမှာ မရှိသာ၍ ကျွန်ုပ်အား နားလည်အောင် မပြောဆိုနိုင်ခြင်း ဖြစ်ရမည်"ဟု မယုံသော အနေအားဖြင့် ငါးက ပြန်ပြောလေ၏။

ထိုအခါ လိပ်က---

"မိတ်ဆွေ သိရှိနားလည်အောင် ပြောနိုင်သောအရာ ကျွမ်းကျင်သော အရာမဟုတ်သဖြင့် မိတ်ဆွေအတွက် သရုပ်သကန် ပေါ်အောင်ပင် မပြောဆိုနိုင်သော်လည်း စင်စစ်မှာ ကုန်းဆိုသည်ကား ထင်ရှားစွာ အမှန်ရှိ၏။ မိတ်ဆွေကိုယ်တိုင် ရောက်ဖူး, တွေ့ဖူး, မြင်ဖူးမှသာ သိရှိနိုင်မည် ဖြစ်သည့်အပြင် မိတ်ဆွေအား ထင်မြင်နားလည်အောင် ပြောဖို့ရာလည်း မိတ်ဆွေ သိရှိနားလည်သော ဥပမာ ဥပမေယျနှင့် ပြောပြ၍ မဖြစ်နိုင်ကြောင်း" ဖြေဆိုကာ အဆုံးသတ်စကား ပြောကြားရလေ၏။

ဤဥပမာအတိုင်း နိဗ္ဗာန်ဆိုသောတရားမြတ်သည် ပုထုဇဉ်သာမန်လူများနှင့် မဆိုင်၊ ၎င်းတို့ သိနိုင်သလောက် ဉာဏ်ဖြင့် ကြံဖန်စဉ်းစား၍ ထိုချမ်းသာတရား၏ သိမ်မွေ့သော အရသာကို မသိနိုင် မမြင်နိုင် မဆုံးဖြတ်နိုင် မပိုင်းခြားနိုင်သော အရာမဟုတ်၊ အမှန်အားဖြင့် ၎င်းနိဗ္ဗာန်တရား ရုပ် နာမ်ဓမ္မ ငြိမ်းအေးကင်းပျောက်ရာသို့ ရောက်အောင် နည်းမှန်လမ်းမှန် ကျင့်ကြံကြိုးကုတ် အားထုတ်ပွါးများလေ့လာ၍ ကိုယ်တိုင်ရဖူး အာရုံပြုဖူး မျက်မှောက်ပြုဖူးမှသာ မုချဧကန် သိနိုင် မြင်နိုင်သော သဘောတရားဖြစ်၏။ သို့သော် တိဟိတ်ပုထုဇဉ် ဉာဏ်ပဋိဘာန် ထက်မြက်ရင့်သန်သော သူများမှာမူ အမှန်အကန် ကြံဖန်တွေးတော အာရုံပြုသောအားဖြင့် ဒုက္ခကို အသေးစိတ်ရှုကာ ဒုက္ခ၏ကင်းငြိမ်းရာကား မုချအားဖြင့် ချမ်းသာ တရား အစစ်အမှန် နိဗ္ဗာန်အအေးဓာတ်-ဟု သိရှိနားလည် ထင်မြင်နိုင်ကုန်၏။

ထို့ကြောင့် ရုပ်ခန္ဓာအစုကို ရရှိမှုအတွက် သည်ပိုးရွက်ဆောင်ရသော ဒုက္ခအမျိုးမျိုး၊ နာမ်ခန္ဓာအစု ရရှိမှုအတွက် သည်ပိုးရွက်ဆောင်ရသော ဒုက္ခအမျိုးမျိုးတို့ကို အသေအချာ အသေးစိတ် ကျကျနန သိရှိထင်မြင်လျှင် ရုပ်ကိုလည်းမုန်း နာမ်ကိုလည်းမုန်း ၎င်းတို့ ၂-ပါး အတွက်ကြောင့် ဒုက္ခအမျိုးမျိုးသာ ခံစားရ၍ ချမ်းသာသုခ မရရှိကြောင်း သိရှိနားလည် ကာ ၎င်းတို့ လုံးလုံးချုပ်ငြိမ်း ပပျောက်မှုသာ အတိုင်းထက်အလွန် ချမ်းသာကြောင်းကို ကောင်းစွာသိသဖြင့် နိရောဓသစ္စာ-ဟု ဆိုအပ်သော နိဗ္ဗာန်၏ အရသာကို အစစ်အမှန် ဆုံးဖြတ်နိုင်ပေလိမ့်မည်။ ဤသို့ ဆင်းရဲဒုက္ခဟူသမျှ ရုပ်ကြောင့် နာမ်ကြောင့် ၂-ပါးကြောင့် ဖြစ်ကြောင်း၊ ၎င်းရုပ်နာမ်တို့မှာလည်း လိုချင်တပ်မက်မှု တဏှာ သမုဒယကြောင့်သာ အခါခါ ရရှိကြောင်း၊ ထိုလောဘတဏှာ၏ ချုပ်ငြိမ်းပပျောက်မှုသာ အစစ်အမှန် နိရောဓသစ္စာ မည်ကြောင်း ဆိုခဲ့ပြီးသော စကားအရပ်ရပ်တို့ကို ထောက်ထား၍ ကောင်းမွန်စွာ စဉ်းစား ဆင်ခြင် သိမြင်နားလည်နိုင်လောက်ပေကုန်ပြီ။

## ၄။ မဂ္ဂသစ္စာ

"ကတမံ စ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။ *(သံ၊ ၃။ ၃၆၉)*

ရဟန်းတို့၊ ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမြတ် မှန်ကန်သော အကျင့်တရားသည်ကား ဖြူစင်ကောင်းမြတ်သော ဤ ၈-ပါးသော လမ်းကြောင်းပင် လျှင်တည်း။ ထို ၈-ပါးတို့ကား ကောင်းမြတ်မှန်ကန်သော ဉာဏ်အမြင်၊ ကောင်းမြတ်မှန်ကန် သော အကြံအစည်၊ ကောင်းမြတ်မှန်ကန်သော စကား၊ ကောင်းမြတ်မှန်ကန်သော အမှု၊

ကောင်းမြတ်မှန်ကန်သော အသက်မွေးမှု, ကောင်းမြတ်မှန်ကန်သော အားထုတ်ခြင်း, ကောင်းမြတ်မှန်ကန်သော သတိ, ကောင်းမြတ်မှန်ကန်သော တည်ကြည်ခြင်း”-

စသည်ဖြင့် ဓမ္မစက္ကပ္ပဝတ္တနသုတ်၌ ဟောကြားတော်မူအပ်သည်နှင့်အညီ အေးချမ်းမြင့်မြတ်သော သိဝချမ်းသာ နိဗ္ဗာန်တရားသို့ ရောက်ရန် မှန်ကန်ကောင်းမြတ်သော အကျင့်တရားသည် ဖြူစင်သန့်ရှင်းသော လမ်းကောင်း လမ်းမွန်ဖြစ်သောကြောင့် မဂ္ဂသစ္စာမည်၏။ ထိုမဂ္ဂသစ္စာကို သမ္မာဒိဋ္ဌိခေါ် ကောင်းမွန် မှန်ကန်သော ဉာဏ်အမြင် အယူဝါဒလျှင် အကြောင်းရင်း ဦးတည်၍ ပွါးများအားထုတ်ခြင်းအားဖြင့် ဒုက္ခတို့၏ ချုပ်ငြိမ်းရာ လွတ်ကင်းပပျောက်ရာ နိရောဓသစ္စာ-ဟု ဆိုအပ်သော နိဗ္ဗာန်သို့ ဧကန်မျက်မှောက် ရောက်နိုင်ကုန်၏။

## (၁) သမ္မာဒိဋ္ဌိ

မဂ္ဂင် ၈-ပါးတို့တွင် သမ္မာဒိဋ္ဌိ မဂ္ဂင်သည် နိဗ္ဗာန်သို့ ကောင်းမြတ်မှန်ကန်စွာ ရောက်ကြောင်း အချုပ်အချာ ပဓာနဖြစ်၍ မိမိတို့ဝါဒအားလျော်စွာ အခြားဘာသာများမှာလည်း ဒုက္ခဆင်းရဲအပေါင်းတို့မှ လွန်မြောက်ရာ လွတ်မြောက်ကြောင်းကို တောင့်တကြလျက် ၎င်းတို့ဘာသာအားဖြင့် မှန်ကန်သည်-ဟု ထင်မြင်သောအယူ အကျင့်တရားကို အားထုတ်ကြသော်လည်း ၎င်းတို့ အားကိုးတောင့်တသော ဌာနသည် အမှန်အကန် မဟုတ်က ကျင့်ကြံအားထုတ်သော အလုပ်ကလည်း မဟုတ်မမှန်ခဲ့လျှင် အဆိပ်နှင့် ဆေးခွက်ကို မှားယွင်းသောက်ဘိသကဲ့သို့ ဒုက္ခတည်းဟူသော အနာရောဂါ မပျောက်နိုင်ဘဲ ဆေးအတွက်သာလေး၍ ဘေးဒုက္ခသည်သာ ရှေးကထက် တိုးတက်ပိုမိုလာနိုင်လေ၏။

၎င်းတို့ တောင့်တမျှော်လင့်ကြသော ကောင်းကင်ဘုံဌာန သို့မဟုတ် မောက္ခသွျှ မောက္ခတရားတို့သည်ကား အတ္တမ သို့မဟုတ် အတ္တရှိနေသေး၍ ထိုအတ္တတရားသည် ဗုဒ္ဓဘာသာ တရားအရ ဒုက္ခ၏ အကြောင်းရင်းဖြစ်သော ရုပ်နာမ်မှတပါး အခြားသဘောတရား အခိုင်အမာ အစိုင်အခဲ အမြဲတည်တံ့နိုင်သော အရာဝတ္ထု မရှိသဖြင့် မှန်ကန်သော လွတ်မြောက်ခြင်းမဟုတ်ကြောင်း ဆိုလတ္တံ့သော အနတ္တအကြောင်း၌ ထင်ရှားလိမ့်မည် ဖြစ်၍ ၎င်းတို့ တောင့်တရင်း အတ္တတရားသည်လည်း ထင်ရှားမရှိသောကြောင့် အတ္တ၏ လွတ်မြောက်ခြင်း မောက္ခလည်း ထင်ရှားမရှိနိုင်ကုန်။ သို့ဖြစ်၍ သမ္မာဒိဋ္ဌိခေါ် ဖြောင့်မတ်မှန်ကန်သော ဉာဏ်အမြင်အယူဝါဒသည် မြင့်မြတ်မှန်ကန်သော-ဒုက္ခတို့၏ လွတ်ကင်းရာ ဘေးကင်းရာဌာနသို့ ရောက်ရာ ရောက်ကြောင်း အဦးအစ ဖြစ်သော-လမ်းမကြီးသဖွယ် ဖြစ်သောကြောင့် လမ်းမှန်သို့ရောက်ရန် သမ္မာဒိဋ္ဌိဉာဏ်ကို အဖန်ဖန် အထပ်ထပ် လေးနက်မှန်ကန်စွာ ကျင့်ကြံအားထုတ်အပ်ကုန်၏။

## (၂) သမ္မာသင်္ကပ္ပ

ထိုနောက် နိဗ္ဗာန်တည်းဟူသော အမှန်စင်စစ် ဒုက္ခကင်းငြိမ်းရာ တရားကို မှန်ကန်စွာ သမ္မာဉာဏ်ဖြင့် ဧကန်တိတိ သိရှိထင်မြင်သဖြင့် အကျင့်စခန်း အကျင့်လမ်း၌ တန်းတန်းမတ်မတ် တွေးတောကြံစည်မိမှသာ ဟုတ်တိုင်းမှန်တိုင်းသော လွတ်ငြိမ်းရာဌာနသို့ မုချရောက်နိုင်မည်ဖြစ်၍ ဖြောင့်မတ် ဖြူစင်သော ဝိပဿနာမှု သင်္ခါရဓမ္မတို့၌ အမှန်အကန် ကြည့်ရှုဆင်ခြင် ကြံစည်အားထုတ်ခြင်း သမ္မာသင်္ကပ္ပ မဂ္ဂင်တရားကို အကြိမ်ကြိမ် အခါခါ ပွါးများ အားထုတ် ပြုလုပ်အပ်ကုန်၏။

## (၃) သမ္မာဝါစာ

ကောင်းမွန်မှန်ကန်သော ဉာဏ်အမြင်နှင့် ကောင်းမွန်မှန်ကန်သော အကြံအစည်ဖြင့် မှန်ကန်ကောင်းမြတ်သော စကားကို ပြောဆိုရန် လိုအပ်သည်ဖြစ်၍ မဟုတ်မမှန် ယုတ်ညံ့ဆိုးဝါး မုသားစကား ပြောဆိုမှု, သူတစ်ပါးအား မနာလို ကွဲပြားစေလို၍ ကုန်းတိုက်ပြောဆိုမှု, သူတစ်ပါး မခံသာအောင် ကြမ်းတမ်းယုတ်မာစွာ ပြောဆိုမှု, အနှစ်သာရမရှိ အကျိုးမပါ သိမ်ဖျင်းသော စကားကို ပြောဆိုမှုတည်းဟူသော မကောင်းသော ပြောမှုဆိုမှု ပြောနည်း ဆိုနည်းမှ ရှောင်ကြဉ်လျက် ကောင်းမြတ်မှန်ကန်သည်ကိုသာ အားထုတ်ပြောဆိုအပ်ကုန်၏။

## (၄) သမ္မာကမ္မန္တ

လမ်းမှန်သို့ ကျရောက်အောင် နှုတ်ဖြင့် ပြောဆိုမှုသာ မဟုတ်၊ ကိုယ်ဖြင့်ပြုလုပ်ခြင်းတို့မှာလည်း ကောင်းမြတ် မှန်ကန်ရလိမ့်မည်ဖြစ်၍ ဆိုးဝါးညစ်ညမ်း ကောင်းသောနည်းလမ်း မဟုတ်၊ သူတော်ကောင်းတို့ အလုပ်နှင့်မဆိုင်သော သူ့အသက်ကို ရက်စက်စွာ သတ်ဖြတ်မှု၊ သူတစ်ပါးဥစ္စာကို ခိုးဝှက် မတရားယူမှု၊ သူ့သားမယားတို့၌ မတရားကြူးလွန် ပြစ်မှားမှုတည်းဟူသော မကောင်းသော ကိုယ်အမှုတို့မှ ရှောင်ကြဉ်လျက် ဖြူစင်ကောင်းမြတ်သော ကိုယ်၏ ကျင့်ကြံအားထုတ်မှုကို အဖန်ဖန်အထပ်ထပ် ပွါးများအားထုတ်အပ်ကုန်၏။

## (၅) သမ္မာအာဇီဝ

ဖြောင့်မတ်မှန်ကန်စွာ ပြောဆိုမှုနှင့် ဖြောင့်မတ်မှန်ကန်စွာ ပြုလုပ်မှုများသည် ဖြောင့်မတ်မှန်ကန်သော အသက်မွေးမှုကို အကြောင်းရင်းပြုလျက်ဖြစ်သောကြောင့် ထိုနှုတ်မှု

ကိုယ်မှု မစင်မကြယ် ပြုလုပ်ခြင်းတည်းဟူသော မှားယွင်းသော မိစ္ဆာဇီဝ အသက်မွေးမှုမှ ရှောင်ကြဉ်ကာ ဖြူစင်ကောင်းမြတ်သော သမ္မာအာဇီဝတရား အစဉ်သဖြင့် တိုးပွါးအောင် အားထုတ်အပ်ကုန်၏။

## (၆) သမ္မာဝါယာမ

ဆင်းရဲဒုက္ခ လွတ်မြောက်မှုကို အရင်းခံလျက် ဆိတ်, ဝက်, ကြက်, ငှက် စသော သတ္တဝါအပေါင်းကို သတ်ဖြတ်၍ ယဇ်နတ်ပူဇော်ခြင်း၊ မိမိကိုယ်ကို အဆင်းရဲ အပင်ပန်းခံ၍ မဟုတ်မမှန်သော လုံ့လတို့ဖြင့် ဒုက္ခအမျိုးမျိုးအားထုတ်ကြိုးပမ်းခြင်း၊ ဒုစရိုက်အရင်းခံ၍ မမှန်မကန်သောတရားတို့ကို အားထုတ်ခြင်း စသည်တို့ကား မိမိတို့ရည်ရွယ်သော အကျိုးမှ တပါး မိမိတို့အား သာလွန်ပင်ပန်းစေလျက် ဆင်းရဲဒုက္ခသက်သက်သို့ ပို့ဆောင်တတ်သောကြောင့် ထိုဒုက္ခမှ လွတ်မြောက်ရန် အစစ်အမှန် မဖောက်ပြန်သော အားထုတ်မှုများအပြင် ဒုက္ခတရား၏အရင်းခံ ရုပ် နာမ် ၂-ပါးတို့၏ ပျောက်ကင်းရာ ပျောက်ကင်းကြောင်း ၎င်းတို့၏ အပြစ်ကို ထင်မြင်အောင် အားထုတ်ကြိုးစား ပွါးများရှုဆင်ခြင်ခြင်းတည်းဟူသော မိစ္ဆာဝါယာမမှ ရှောင်ကြဉ်လျက် သမ္မာဝါယာမ ကောင်းမြတ်မှန်ကန်သော အားထုတ်မှု အဖန်ဖန် ကြိုးစားပွါးများအပ်ကုန်၏။

## (၇) သမ္မာသတိ

မည်သည့်အရာဝတ္ထုမဆို, မည်သည့်အမှုကိစ္စမဆို သတိတရားသည် မလွန်နိုင် မပိုနိုင်သော တရားဖြစ်သည်အားလျော်စွာ အဖန်ဖန် အထပ်ထပ် ကောင်းမြတ်မှန်ကန်သော တရားတို့ကို အားထုတ်မှုမှာ မမေ့မလျော့ မပေါ့မတန်ခြင်းတည်းဟူသော သတိတရား အများဆုံး လိုအပ်သောကြောင့် ဘုရားရှင်သည် အစဉ်သဖြင့် သတိတရား အမြဲထားလျက် မမှားအောင် အဖန်ဖန်အထပ်ထပ် ဟောကြားတော်မူအပ်သည့်ပြင် ပရိနိဗ္ဗာန်စံတော်မူခါ နီးတွင် အချုပ်တရားအနေအားဖြင့်---

"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ *(ဒီ၊ ၂၊ ၁၂၈)*

ရဟန်းတို့ မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံကြကုန်"ဟု---

ဟောကြားတော်မူခဲ့လေ၏။ ထို့ကြောင့် ရုပ် နာမ် ဓမ္မတို့၏ ဒုက္ခအစုကို ဖြစ်မှု ပျက်မှုနှင့် တကွ စေ့စေ့ငုငု သိရှိထင်မြင်အောင် ကောင်းမြတ်မှန်ကန်သော သတိတရားဖြင့် နှိုးဆော်လျက် အဖန်ဖန်ပွါးများ အားထုတ်အပ်ကုန်၏။

## (၈) သမ္မာသမာဓိ

ခဲခက်လေးနက်သော ကိစ္စတစ်ခုမှာ တည်ကြည်ငြိမ်သက်ခြင်း သမာဓိတရားသည် များစွာလိုလားအပ်သည့်အတိုင်း တည်ကြည်လေးနက် ငြိမ်သက်မှုရှိမှသာ ရုပ်နာမ်ခန္ဓာတို့၏ ဒုက္ခအသေးစိတ်ကို သေသေချာချာ တတ်တတ်အပ်အပ် ရှုနိုင် သိနိုင် မြင်နိုင်သဖြင့် တည်ကြည်ခိုင်ခံ့ လေးနက်၍ ဖြူစင်ဖြောင့်မတ် မှန်ကန်ကောင်းမြတ်သော သမာဓိတရား ရှေ့ဆောင်ထားလျက် ရုပ် နာမ် ခန္ဓာ သင်္ခါရတို့၏ ဆင်းရဲမှု(မှ လွတ်ကင်းကြောင်း)ကို အဖန်ဖန်အားထုတ်ပွါးများ အပ်ကုန်၏။

ဤကဲ့သို့ မဇ္ဈိမပဋိပဒါ အလယ်အလတ် ကျင့်စဉ်ကျင့်လမ်းဖြစ်၍ ကောင်းမြတ်သော မဂ္ဂင် ၈-ပါး ပိုင်းခြားဝေဖန်ခဲ့သည့်အတိုင်း သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ တည်းဟူသော ကောင်းမြတ်မှန်ကန်သော သီလတရားကို ပွါးများလေ့ကျက်၍---

သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ-

တည်းဟူသော ဖြူစင်ဖြောင့်မတ် ကောင်းမြတ်သော သမာဓိတရားသည် များစွာလိုလားအပ်သည့်အတိုင်း တည်ကြည်လေးနက် ငြိမ်သက်မှုရှိမှသာ ရုပ်နာမ်ခန္ဓာ သင်္ခါရတို့၏ ဖြစ်မှုပျက်မှု ဆင်းရဲမှု အစိုးမရ အနှစ်သာရ မရှိမှုတို့ကို ကြည့်ရှုဆင်ခြင်ပြီးလျှင်---

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ-

တည်းဟူသော ဟုတ်မှန်ကျနသော ဒုက္ခခပ်သိမ်းတို့၏ ကင်းငြိမ်းလွတ်မြောက်ရာ အချမ်းသာဆုံးဌာန နိဗ္ဗာန်ရွှေပြည်မသို့ တိကျပိုင်းခြား သိရှိနိုင်သော အရဟတ္တ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်နိုင်သည်ဖြစ်သောကြောင့် အချုပ်အားဖြင့် မဂ္ဂသစ္စာမည်သည်ကား---

သီလ, သမာဓိ, ပညာ တရားတို့ပင်တည်း။

ဤအမှန်ဆုံးဖြစ်သော တရား ၄-ပါးကို ဖြူစင်ကောင်းမြတ်သော အရိယာသူတော်ကောင်းတို့သာ သိရှိခံစားထိုက်သောကြောင့် အရိယသစ္စာ-ဟု ဟောကြားတော်မူ၏။ မှန်ကန်ကောင်းမြတ်သော နည်းလမ်းဖြင့် အားထုတ်ကြိုးပမ်းကြလျှင် ဝိပဿနာဉာဏ် ရင့်သန်ကြီးမား၍ မဂ်တရားသို့ ရောက်ရှိလာသောအခါ တဏှာသမုဒယမှတပါး အားလုံးသော သင်္ခါရတရားတို့၏ ဆင်းရဲဒုက္ခကို ပိုင်းခြားသိမြင်ခြင်း, ဒုက္ခ၏အကြောင်းရင်း ၎င်းဆင်းရဲဒုက္ခကို ကြီးပွားစေတတ်သော တဏှာသမုဒယကို ပယ်ဖြတ်ခြင်း, ၎င်းတဏှာသမုဒယ၏ အကြွင်းမဲ့ အကုန်အစင် ပြတ်စဲချုပ်ငြိမ်းခြင်းတည်းဟူသော နိရောဓကို မျက်မှောက်ပြုခြင်း, ၎င်းနိရောဓသစ္စာသို့ ရောက်ရန် နည်းမှန်လမ်းကောင်းဖြစ်သော မဇ္ဈိမပဋိပဒါ မဂ္ဂင် ၈-

ပါးကို ပွားများအားထုတ်ခြင်းတည်းဟူသော မဂ်ကိစ္စတို့သည် တစ်ပြိုင်နက် သိမြင်ခြင်းအားဖြင့် ထင်ရှားပေါ်လာကုန်၏။

## လက္ခဏတ္တယ အချက် ၃-ပါး

ဆိုခဲ့ပြီးသော သစ္စာ ၄-ပါး မြတ်တရားတို့၏ မှန်ကန်ကောင်းမြတ်ခြင်း မဖောက်မပြန်ခြင်း အရိယာသစ္စာသို့ရောက်ရန် ရုပ် နာမ်ခန္ဓာတို့၏ ဒုက္ခအစု ပိုင်းပိုင်းခြားခြား သိမှုကို ရှေးဦးစွာ အားထုတ်မှတ်သား ဝေဖန်ခွဲခြားအပ်သည်ဖြစ်၍ ထိုရုပ်တရား နာမ်တရားတို့၏ မရပ်မစဲ အမြဲ အစဉ်သဖြင့် ဖြစ်ပျက်နေသောကြောင့် မမြဲခြင်း **အနိစ္စ** သဘောတရား၊

ရုပ်တည်နေခြင်းမရှိ၊ ဖြစ်ခြင်း ပျက်ခြင်း သဘောတရားတို့သည် အမြဲတမ်း ဖြစ်နေသောကြောင့် ဆင်းရဲခြင်း ဒုက္ခသဘောတရား---

တခဏမျှ အမြဲတည်နေနိုင်အောင် ခိုင်မာသော အနှစ်သာရမရှိ၊ မိမိအလိုသို့ ဘယ်အခါမှ မလိုက်၊ စိုးပိုင်အုပ်ချုပ်၍ မရသောကြောင့် အနှစ်သာရ မရှိခြင်း **အနတ္တ** သဘောတရားတို့ကို တွေးတောဆင်ခြင်၍ အချက် ၃-ရပ် စေ့စပ်သေချာစွာ ဝေဖန်ပိုင်းခြားသိရှိထင်မြင်နိုင်လျှင် ရုပ်အပေါ်၌ လိုချင်တပ်မက်ခြင်း, နာမ်အပေါ်၌ လိုချင်တပ်မက်ခြင်း မရှိ၊ ၎င်းတို့၌ လိုချင်ဖွယ် တပ်မက်ဖွယ်-ဟု မထင်မမြင်တော့ဘဲ ဆင်းရဲစု ဆင်းရဲပုံကြီးသာလျှင် တွေ့ရှိထင်မြင်ပေလတ္တံ့။

## ၁။ အနိစ္စ သဘောတရား

ဘဝတစ်ခု၌ ရုပ် နာမ် ခန္ဓာတည်းဟူသော ရုပ်တရားအစုတို့၏ ဖြစ်ပွါးချုပ်ပျက် ဆက်ကာဆက်ကာ ဘဝဆုံးသည့်တိုင်အောင် အစဉ်အမြဲ ဖြစ်ပျက်လာပြီးလျှင် ဘဝအဆုံး၌ လုံးလုံးပျက်စီးခြင်းသဘော, ၎င်းပြင် ဗဟိဒ္ဓဖြစ်သော ရုပ်တရားတို့၏မူလ ဖြစ်ပေါ်ကြီးပွား အစဉ်အတိုင်း ဖြစ်ပျက်တည်နေပြီးနောက် အဆုံး၌ ပျက်စီးဆွေးမြေ့ခြင်းသို့ ရောက်ရခြင်း သဘောတို့ကို အကြိမ်းဖျင်း ဆင်ခြင်တွေးတောခြင်းပြုက မမြဲခြင်းအနိစ္စ သဘောတရား သာမန်လူများပင် အလွယ်တကူ ထင်မြင်နိုင်ပေလိမ့်မည်။ ၎င်းအကြိမ်းဖျင်းသဘော တွေးတော ဆင်ခြင်ခြင်းမှ အသေးစိတ်အားဖြင့် အထပ်ထပ် ပွါးများသုံးသပ်လျှင် ရုပ်တရားတို့၏ တစ်နှစ်နှင့် တစ်နှစ် မတူအောင်, တစ်လနှင့် တစ်လ မတူအောင်, တစ်ရက်နှင့် တစ်ရက် မတူအောင်, တစ်နာရီနှင့် တစ်နာရီ မတူအောင်, တစ်ခဏနှင့်တစ်ခဏ မတူအောင် ဖြစ်ပျက်နေမှုမှာ အသက်ရှိသော ရုပ်တရားတို့၏ တစ်သမတ်တည်း မနေနိုင်ဘဲ တဖြည်းဖြည်း ယိုယွင်း အိုမင်းလာမှုနှင့် အသက်မရှိသော ရုပ်တရားတို့၏ တဖြည်းဖြည်း ရင့်ရော်ဆွေးမြေ့မှု တို့ကို နှိုင်းချိန် စဉ်းစားခြင်းအားဖြင့် ထင်ရှားသိရှိနိုင်ကုန်၏။

ထို့အတူ နာမ်တရားတို့၏ ဖြစ်မှု ပျက်မှုမှာလည်း ခဏမစဲ အခါမစဲ အာရုံတစ်ခုမှ အာရုံတစ်ခု ပြောင်းလဲမှု တစ်ခဏချင်းပင် အာရုံအမျိုးမျိုး တစ်ခုပြီးတစ်ခု ပြောင်းလဲခြင်းနှလုံး သွင်းနိုင်မှုတို့ကို ဆင်ခြင်စဉ်းစားက နာမ်တရားတို့၏ တစ်ခဏမစဲ တသဲသဲ ဖြစ်ပွါးမှုသည်လည်း ရပ်သဘောတရားအတိုင်း သိသာထင်ရှားနိုင်ကုန်၏။

ဤကဲ့သို့ ရုပ် နာမ် ၂-ပါးတို့သည် အစဉ်သဖြင့် တသွင်သွင် စီးနေသော မြစ်ရေ, ချောင်းရေ အလျဉ်နှင့် ဂဖွဲဖွဲ အန်ချသော သဲစုအလား အခြားမရှိ မရပ်မတည် တပျက်တည်း ပျက်နေသောကြောင့် မည်သည့် အရာဝတ္ထုမျိုးမဆို ယိုယွင်း ပျက်စီးခြင်း အဆုံးသတ် ကြောင်း မမြဲသော အနိစ္စသဘောတရားသည် ထင်ရှားသိမြင်နိုင်သောအချက် မှတ်ကြောင်း ဖြစ်သော လက္ခဏာတစ်ရပ်ဖြစ်၏။

## (၂) ဒုက္ခ သဘောတရား

'ဘယဋ္ဌေန ဒုက္ခံ'ဟု ဟောတော်မူသည့်အတိုင်း ရုပ် နာမ် ဓမ္မ သင်္ခါရတို့၏ ဆိုခဲ့ပြီးသော သဘောတရားနှင့်အညီ မရပ်မစဲ တဖွဲဖွဲ ဖြစ်ပျက်မှုများသည် စင်စစ်ဧကန် ဟုတ်မှန်သောအားဖြင့် ပညာရှိတို့၏ သန္တာန်၌ ထိတ်လန့်ဖွယ်ရာကြီး ကြောက်မက်ဖွယ်ရာကြီး ဘေးကြီးများဖြစ်ကြ၍ ၎င်းရုပ်ကိုရမှု နာမ်ကိုရမှုမှာလည်း တကယ့်ဘေးကြီးဟု ကြည့်ရှုဆင်ခြင်နိုင်လျှင် ဆင်ခြင်အောက်မေ့နိုင်လျှင် ၎င်းဘေးကြီးမှ လွတ်မြောက်၍ စင်ကြယ်ကောင်းမြတ်သော နိဗ္ဗာနဓာတ်သို့ ရောက်နိုင်၏။ ၎င်းရုပ်နာမ် ၂-ပါးတို့၏ ထင်ရှားဖြစ်မှု ဘဝကြီးကို လိုချင်တောင့်တ ရရှိမှုအတွက်---

၁။ ပဋိသန္ဓေ အဖန်ဖန် ကည်နေရခြင်း ဇာတိဘေးကြီး

၂။ အိုမင်းရင့်ရော် ဆွေးမြေ့ရခြင်း ဇရာဘေးကြီး

၃။ နာရ ဖျားရ ကျင်နာခံခက် နှိပ်စက်ခြင်း ဗျာဓိဘေးကြီး

၄။ သေဆုံးပျောက်ပျက်ရခြင်း မရဏဘေးကြီး

၅။ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း ပင်ပန်း နှလုံးမသာ ပြင်းပြစွာ ဒုက္ခတို့နှင့်တွေ့ရခြင်း ဘေးကြီးစသော ရုန့်ရင်းကြမ်းတမ်းသော ဘေးကြီးတို့မှာ ဘဝရှိသမျှ ခံစားတွေ့ကြုံရမည်ကား စဉ်းစားဆင်ခြင်လျှင် အလွယ်ပင် သိရှိနိုင်ကုန်၏။

ရုပ်ဖြစ်စေ, နာမ်ဖြစ်စေ တစ်ခုခုအတွက် သက်သက်ဖြစ်သော ဘေးကို ဆင်ခြင်စဉ်းစားလျှင်ကား စင်စစ်အားဖြင့် ဒုက္ခလွတ်မြောက်ရာသို့ မရောက်နိုင်ဘဲ တဖက်သတ် ဆင်းရဲသို့သာ ရောက်နိုင်သည်မှာ

ရုပ်ကိုရမှုအတွက် တဖက်သတ်ဆင်းရဲ ဆင်ခြင်သုံးသပ်၍ ဘေးဟု ထင်မြင်ကာ ရုပ်ကို စက်ဆုတ်လျက် ပွါးများအားထုတ်လျှင် နာမ်ဆင်းရဲနှင့် မလွတ် ကင်းသေးသော အရူပဘုံသို့ ရောက်ရုံသာရှိ၍-----၎င်းဘုံမှလည်း ရုပ် နာမ် ၂-ပါးရှိရာ ဘုံဘဝသို့ ပြောင်းရွှေ့ပြန်လာ ဒုက္ခသို့သာ သက်ဆင်း ၎င်းမှ မလွတ်ကင်းနိုင်,

ထိုမှတပါး နာမ်တရား၏ ရှုပ်ထွေးမှု ၎င်းအတွက် စိုးရိမ်ပူပင်ခြင်း စသည် တွေကြုံမှု လိုအင်ဆန္ဒ မပြည့်စုံနိုင်မှု စသည်ဖြင့် နာမ်အပြစ်ကိုသာ တဖက်သတ် ရှုဆင်ခြင်ပြန်ကလည်း နာမ်အတွက်ဖြစ်သော ဆင်းရဲမှု ဘေးအမျိုးမျိုးမှ ခေတ္တလွတ်မြောက်ရာ အသညသတ် ဘုံဘဝသို့သာ ရောက်နိုင်သည့်ပြင်-------၎င်းမှလည်း ဒုက္ခ ၂-ပါးဆုံမိရာ ရုပ် နာမ် ၂-ဖြာရှိသော ဘုံဘဝသို့ မုချရောက်ရဦးမည့်အတွက် ဒုက္ခမှ မကင်းလွတ်နိုင်၊ ၎င်းတို့သည် ဒုက္ခရှိရာသို့သာ ဦးတည်လျက်ရှိကုန်၏။ သို့အတွက် ရုပ် နာမ် ၂-ပါး၏ ဒုက္ခအမျိုးမျိုးတို့ကို အသေးစိတ် အသေအချာ ဒုက္ခသစ္စာ အတိုင်း ထင်မြင်နိုင်လျှင် ရုပ် နာမ် ၂-ပါးပေါ်၌ ကြီးမားလေးနက်သော ဆင်းရဲကြီး-ဟု မှတ်သားအပ်သော ဒုက္ခလက္ခဏာအချက်ကြီးမှာ ကောင်းစွာထင်ရှား၏။

## (၃) အနတ္တ သဘောတရား

**အသာရကဋ္ဌေန အနတ္တာ**-ဟု မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း

ရုပ် ၂၈-ပါးတည်းဟူသော ရုပ်ခန္ဓာအစုထဲတွင် အစဉ်အမြဲ မပျက်စီးဘဲ တည်နိုင်သော အနှစ်သာရရှိသော ရုပ်တစ်ခုမှ မပါသည့်အပြင်

နာမ်ခန္ဓာ ၄-ပါးတွင်လည်း မပျက်စီးဘဲ အမြဲတည်နေမည်ဖြစ်သော အနှစ်သာရ ရှိသော စိတ်စေတသိက် သဘောတရား တစ်ခုမျှ မပါသဖြင့် ခန္ဓာအိမ်တစ်ခုလုံး ကိုယ်ဟု သမုတ်ပညတ်အပ်သော ဝတ္ထုမှန်သမျှ အရှည် ခိုင်ခံ့ မပျက်စီးနိုင်သော အနှစ်သာရမရှိ တစ်ခဏချင်း ဆွေ့မြေ့ပျက်စီးခြင်းသို့ ရောက်ရမည်ဖြစ်သော အကာသဘော အခွံသဘော မျိုးနှင့်သာ အခြေခံတည်ထောင်ထားသော ကိုယ်ဒြပ်ပညတ်တုံးကြီးသာ ဖြစ်၏။

၎င်းရုပ်တရား, နာမ်တရားတို့မှတပါး အခြား အနှစ်သာရရှိသော အရာဝတ္ထုမရှိမှု ကြောင့် အနတ္တ ဆိုသည်မှာ မိစ္ဆာဝါဒတို့ ကြံစည်ယူဆကြသော အခိုင်အမာ တည်နေသော အတ္တသဘော မရှိကုန်။

အခြားဘာသာများ၌ ပြဟ္မာ, ဂေါ့ဒ်, အလာ ဖန်ဆင်းသော အတ္တမာ, ဆိုးလ်, ရှုးဟ်ဟု ၎င်းတို့ဘာသာစကားအရ ခေါ်ဆိုကြသော သဘောတရားတို့သည်ကား ၎င်းတို့ဝါဒ အကိုင်း သတ္တဝါတို့ ကိုယ်ခန္ဓာ၌ တည်ရှိ၍ ၎င်းအတ္တ အနှစ်သာရသဘောသည် ခန္ဓာအိမ်

တစ်ခုမှ တစ်ခုသို့, ဘဝတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ကာ သွားလာလျက် ခန္ဓာ ၅-ပါး ရုပ်နာမ်များကို အစိုးရသဖြင့် ခန္ဓာ ၅-ပါးတို့သည် ၎င်းအတ္တ၏ အုပ်စိုးစီမံမှုအတိုင်း ဖြစ်ရ၍ ၎င်းတို့၏ အလိုသို့ လိုက်ကြရသောကြောင့် ၎င်းသည် အစိုးရသောသဘော, အနှစ်သာရ ရှိသော သဘော, အမြဲတည်နေသော သဘောဖြစ်၍ ရုပ်နာမ်နှင့် မရောယှက် သက်သက်သော အတ္တသည် ချမ်းသာသုခ ခံစားနိုင်သောကြောင့် ၎င်းအတ္တသဘောကို ပရမတ္တမနှင့် ပေါင်းစပ် ချမ်းသာသုခ ခံစားဖို့ရန် ကျင့်ကြံကြိုးစား အားထုတ်ကြကုန်၏။

၎င်းအခြားဝါဒ ရှိသူတို့က ဗုဒ္ဓဘာသာတရားတော်မြတ်ကိုပင်လျှင် အတ္တမရှိသောကြောင့် နတ္ထိကအယူဝါဒ ရှိသော ဒိဋ္ဌိဟု ပြောင်းပြန်အားဖြင့် ပြန်လှန်စွပ်စွဲ ပြောဆိုရေးသားကြကုန်၏။

၎င်းအတ္တနှင့် စပ်လျဉ်း၍ အချို့တို့မှာ အယူအဆ မကျနသည့်အပြင် အတ္တအမှန်အကန်မသိကလည်း အနတ္တကို သဘောမကျနိုင်သဖြင့် ၎င်းအနတ္တလက္ခဏာကို အသေအချာမထင်နိုင် မမြင်နိုင်ဘဲ ဝိမုတ္တိရသတည်းဟူသော လွတ်မြောက်ရေး ချမ်းသာမြတ်နှင့် လွဲတတ်ကုန်၏။ အတ္တကိုယ်ဟုသာ အဓိပ္ပါယ်ယူဆ၍ အနတ္တလက္ခဏာ၌ ကိုယ်မဟုတ် ပေါင်းစု ပညတ်ခြင်းမျှသာ၊ ကိုယ်ကာယမရှိ၊ ခန္ဓာ ၅-ပါးသာလျှင် ရှိ၏၊ ၎င်းသည် အစိုးမရ၊ အလိုသို့ မလိုက်၊ မိမိတို့ဆန္ဒနှင့် တစ်မျိုးတစ်ဖုံစီ ဖြစ်ကြကုန်၏-ဟု သာမည မသေမချာ ထင်တတ် မှတ်သားတတ်ကြကုန်၏။ ထိုကြောင့် လောကကြီးအလုံး အထင်အမြင် ခိုင်မာနေကြသော အတ္တသဘောတရားကို မျက်ဝါးထင်ထင် အသေအချာ မြင်နိုင်မှ အနတ္တကို ယထာဘူတ ကျကျနန ဟုတ်တိုင်းမှန်စွာ သိမြင်၍ အနတ္တလက္ခဏာ ထင်ပြီးလျှင် အစဉ်ချမ်းမြေ့သော နိဗ္ဗာနဓာတ်သို့ ရောက်နိုင်မည်။

၎င်းအတ္တကို ပါဠိဘာသာ၌ ဇီဝ ပုရိသဟု ခေါ်ကြသည့်အပြင် အခြားသက္ကတ, ဟိန္ဒီစသော အိန္ဒိယဘာသာများက အတ္တမ, သွယ, ဇီဝ၊ ဥရောပဘာသာများက ဆိုးလ်၊ အာရဗီယမ်ဘာသာက ရှူးဟ်၊ မြန်မာတို့ကလည်း အသက်, လိပ်ပြာဟု ခေါ်ကြ၍ ၎င်းအသက်, လိပ်ပြာသည်ကား အမြဲတည်ရှိသော အရာတစ်ခုဟု ယူဆကာ စွဲလမ်းနေသော အယူစွဲ အထင်လွဲ အမြင်လွဲ အမှတ်အသား လွဲမှားနေခြင်းကို အသေအချာ အမှန်အကန် ဉာဏ်ပညာဖြင့် ရှုဆင်ခြင်လျက် ထွင်းဖောက်သိမြင်မှသာ "အနတ္တလက္ခဏာ၌ ရုပ်နှင့်နာမ် မှတပါး အတ္တ, ဇီဝ, ပုရိသ, အာတ္တမ, ဆိုးလ်, ရှူးဟ်, အသက်, လိပ်ပြာဟု မိမိတို့ဘာသာအားလျော်စွာ ခေါ်ဆိုကြသော သဘောတရားကား မရှိ"ဟု ဟုတ်တိုင်းမှန်ကန် ကျနစွာ မှတ်သားနိုင်ကြမည်။

## ၎င်းဇီဝ အမျိုးမျိုး ယူဆခြင်း

၎င်းအတ္တ, ဇီဝသည်ကား မြတ်စွာဘုရား ထင်ရှားမပွင့်တော်မူမီ ရှေးကပ်ကမ္ဘာ အစဉ်အဆက်ပင် စွဲလမ်းလျက် လာကြသည်မှာ---

**တံ ဇီဝံ တံ သရီရံ၊ ထိုအတ္တ ဇီဝသည်ပင် ထိုခန္ဓာ၊**

**အညံ ဇီဝံ အညံ သရီရံ၊ ဇီဝအတ္တ တခြား၊ ခန္ဓာကား တခြား-**

အားဖြင့် ၂-မျိုးယူဆကြကုန်၏။

**တံ ဇီဝံ တံ သရီရံ**– အရ ခန္ဓာနှင့် အတ္တတစ်ခုတည်းယူဆရာ၌ အတ္တသည် ရုပ်တရားတည်း၊ အချို့မှာ ၈-မြောင့်, အချို့မှာ ၁၆-မြောင့်, အချို့မှာ လုံးလုံး, အချို့မှာ ရှည်ရှည်လျားလျား, အရောင်အားဖြင့် ပြောင်ပြောင်တောက်၏၊ ၎င်းသည် မပြိုကွဲ မပျက်စီးနိုင်၊ တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့, ခန္ဓာအိမ် တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ကာနေ၍ ခန္ဓာ ၅-ပါးတို့သည် ၎င်း၏ အလိုဆန္ဒသို့ လိုက်ပါနေရသည့်အပြင် ၎င်းသည် ခန္ဓာအိမ်ကို အုပ်ချုပ်စိုးစံ ခံစားလျက် နေ၏၊ ၎င်းသည် မောက္ခသျှ, မောက္ခသို့ ရောက်၍ ခန္ဓာဝန်မှ လွတ်မြောက်သောအခါ ၎င်းအတ္တချည်းသက်သက် ခန္ဓာဝန်ကို မဆောင်ရွက်ဘဲ အေးချမ်းစွာ နေရ၍ ဆင်းရဲဒုက္ခ အထူးမရှိတော့ပြီ-ဟု ယုံကြည်ကြကုန်၏။

၎င်းပြင် နာမ်ခန္ဓာများ၌လည်း---

- ဝေဒနာသည် အတ္တဇီဝဟူ၍၎င်း
- သညာသည် အတ္တဇီဝဟူ၍၎င်း
- သင်္ခါရသည် အတ္တဇီဝဟူ၍၎င်း
- ဝိညာဏ်သည် အတ္တဇီဝ ဟူ၍၎င်း

တပေါင်းတည်း မကွဲမပြား ယူဆကြ၍ ရုပ်အတ္တကဲ့သို့ မောက္ခသျှသို့ ရောက်သည်တိုင်အောင် အမြဲတည်လျက် ဘယ်အခါမှ မပျက်စီးနိုင်-ဟု ယုံကြည်စွဲလမ်းကြကုန်၏။

**အညံ ဇီဝံ အညံ သရီရံ**-အရ အတ္တဇီဝခေါ် အသက်လိပ်ပြာသည် ခန္ဓာ ၅-ပါးနှင့် အခြားစီဖြစ်၍ ၎င်းသည်လည်း မပျက်စီးဘဲ အမြဲတည်လျက် ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့အပေါ်၌ စီမံအုပ်ချုပ်ကာ ၎င်းစီမံရာကို ရုပ်, နာမ် ၂-ဖြာတို့ လိုက်နာ၊ ၎င်းအလိုသို့ ပါသဖြင့် ၎င်းသာလျှင် ချမ်းသာဆင်းရဲ ခံစားရသော ခန္ဓာအိမ်ကို ပိုင်ဆိုင်သည့် အိမ်ပိုင် အိမ်ရှင်ဖြစ်၏။ ခန္ဓာအိမ်နှင့် စပ်ဆိုင်သော ဒုက္ခ, သုခ အမျိုးမျိုးကို ၎င်းသည် ခံစားရ၏-စသည်ဖြင့် ၎င်းအတ္တကို အမျိုးမျိုး ကြံဆယူကြကုန်၏၊ ၎င်းအတ္တကား ပရမေသျှရ ဂေါဒ်, အလာတို့၏

အတ္တမ, ဆိုးလ်, ရှုးဟ်-ဟူသော အမြဲထာဝရ တည်ရှိသော မဟာတ္တမ မဟာအတ္တကြီး၏ အစိတ်အပိုင်းဖြစ်၍ ၎င်းမဟာကြီးမှ ခွဲခြားကာ အနန္တဖြစ်သော အတ္တဇီဝဖြစ်လာရကြောင်း, ၎င်းသည်လည်း မပြိုကွဲ မပျက်စီးဘဲ မောက္ခသျှ ကောင်းကင်ဘုံ ထာဝရသို့ ရောက်သည်တိုင် အောင်ပင် တည်နေကြောင်း စသည်ဖြင့် စွဲလမ်းယုံကြည်ကြကုန်၏။

ဤသို့ အတ္တ၏ အဓိပ္ပါယ် အယူအဆ မှန်ကန်မှသာလျှင် အနတ္တသဘောတရားကို ကျကျနန သေသေချာချာ ရှုစားဆင်ခြင်နိုင်သဖြင့် အတ္တနယ်ကြီးမှ လွတ်မြောက်ပြီးလျှင် ခပ်သိမ်းသော ဆင်းရဲဒုက္ခမှ လွတ်မြောက်ရန် အစဉ်သဖြင့် အေးချမ်းသာယာ၍ ချမ်းသာ ချည်း သက်သက်ဖြစ်သော နိဗ္ဗာနဓာတ် တရားမြတ်သို့ ရောက်နိုင်မည်ဖြစ်သောကြောင့် အနတ္တ၌ အခိုင်အမာ တည်တံ့နိုင်သော အနှစ်သာရ မရှိ၊ ရိုးရိုးအုပ်ချုပ်နိုင်သော သဘော တရားမရှိ–

- ရုပ် ၂၈-ပါးအစုဟူသော ရုပ်ခန္ဓာ၊
- ဝေဒနာအစုဟူသော ဝေဒနာက္ခန္ဓာ၊
- သညာအစုဟူသော သညာက္ခန္ဓာ၊
- သင်္ခါရအစုဟူသော သင်္ခါရက္ခန္ဓာ၊
- ဝိညာဏ်အစုဟူသော ဝိညာဏ်က္ခန္ဓာ၊

ဤခန္ဓာ ၅-ပါးမှတပါး အတ္တ ဇီဝ အသက် လိပ်ပြာဟု ပြောဆိုခေါ်ဝေါ်အပ်သော သဘောတရား စင်စစ်အားဖြင့် မရှိဟု အဖန်ဖန် အထပ်ထပ် သုံးသပ် ဆင်ခြင်လျှင် အနတ္တ သဘောတရား ထင်ရှားလာလိမ့်မည်။

ထိုသို့ အစိုးမရကြောင်း, အခိုင်အမာ အနှစ်သာရ မရှိကြောင်း, အမြဲ တည်မနေနိုင် ကြောင်းမှာလည်း မိမိသဘောမတူ အခွင့်မပြု မနှစ်သက်ပါဘဲလျက် ရုပ်နှင့်ဆိုင်ရာ ထွေထွေ လာလာ ရောဂါဘယဖြစ်လာသည်ကို လက်ခံရခြင်း၊ မအိုချင်, မနာချင်, မသေချင် ပါဘဲလျက် အိုမင်းလာရ နာဖျားလာရ အဆုံး၌ သေကျေပျက်စီးလာရသည့်ပြင် နာမ်နှင့် ဆိုင်ရာမှာလည်း ချမ်းချမ်းသာသာ အေးအေးလူလူသာ နေချင်၍ ဆူဆူပူပူ မချမ်းမမြေ့ မရှိချင်ပါဘဲလျက် စိုးရိမ်ပူပန်မှု နှလုံးမသာမှု စိတ်၏ဆင်းရဲမှု အမျိုးမျိုး ဖြစ်လာရသည်ကို အထပ်ထပ် ဆင်ခြင်စဉ်းစားက ရုပ်, နာမ် ၂-ပါးတို့၏ ဆင်းရဲမှုကား ထင်ရှားသိသာ၏။ ဤသို့ အနတ္တ ဟူသော အမှတ်အသား အချက်အချာ လက္ခဏာကို အသေအချာ ရှုနိုင် မှတ်သားနိုင်မှ ရုပ်၏ဒုက္ခ, နာမ်၏ဒုက္ခမှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်နိုင်မည်။

✪ ✪ ✪ ✪ ✪

## သံသရာဒုက္ခ၏ ရှည်ကြာခြင်း

ၐင်းပြင် ဗုဒ္ဓဘာသာတရားတော်အရ ရုပ်နာမ်တရားတို့၏ ဒုက္ခသိမ်း၍ ချုပ်ငြိမ်းကင်းပြတ်သော အဆုံးသတ်စခန်းမှာ ဆိုခဲ့ပြီးသော အကြောင်းအရာအားဖြင့် ထင်ရှားသိသာနိုင်ပြီ။ ၎င်းရုပ်နာမ် ၂-ပါးတို့၏ ဒုက္ခကို-

၁။ ဘယ်အခါက သည်ပိုးဆောင်၍ကျက်လာခဲ့ရသနည်း၊

၂။ ၎င်းကို မည်သူတို့ ပြုလုပ်ခဲ့ကြသနည်း၊

၃။ မည်သည့်အကြောင်းကြောင့် ဖြစ်ပေါ်လာရသနည်း-

စသည်ဖြင့် မေးမြန်း စိစစ်လျှင် အောက်ပါအတိုင်း ၎င်းတို့က ဖြေကြားရပေလိမ့်မည်။

၁။ သတ္တဝါတစ်ဦးဦး၏ သန္တာန်၌ ရုပ်နှင့်နာမ်သည် မည်သည့်အခါက မည်မျှလောက် ကြာမြင့်သောကာလက ဖြစ်ပေါ်လာသည်-ဟု ပုထုဇဉ်တို့၏ ဉာဏ်အမြင်ဖြင့် မထင်နိုင်, မမှန်းနိုင်, မယုံနိုင်လောက်သော အခါသမယက ဖြစ်ပေါ်လာခဲ့ရသော်လည်း ၎င်းတို့၏ ဉာဏ်အမြင်ကား တိုတောင်းလှသဖြင့် အလွန်ဝေးလံလှ, အလွန်ရှေးကျလှသော အလွန်ကြာမြင့်သည့်အခါကို မဆိုထားဘိ၊ ယခုဘဝလက်ရှိ အကြောင်းအရာကိုပင် ကောင်းမွန်စေ့ငုအောင် မဆင်ခြင်နိုင် မမြင်နိုင် ဖြစ်သောကြောင့် ဘုရားအရိယာတို့၏ စင်ကြယ်သန့်ရှင်း ထင်လင်းသိမြင်နိုင်သော ဉာဏ်အမြင်အားဖြင့်ပင် ဟောကြားရန် မလွယ်ကူနိုင်အောင်ပင် အလွန်ရှည်လျားလှသော သံသရာအစ ဘဝရင်းကို ၎င်းပုထုဇဉ်တို့ ထင်မြင်ယုံကြည်ခြင်း မရှိနိုင်ကြကုန်။ ၎င်းပုထုဇဉ်တို့၏ အလေ့အလာသဘာဝအတိုင်း ၎င်းတို့ သိသလောက် မြင်သလောက် ခန့်မှန်းနိုင်သလောက် ဉာဏ်အမြင်နှင့် နှိုင်းချိန်၍ ယုံကြည်မှတ်သားတတ်သဖြင့် အလွန်နက်နဲ ခက်ခဲသော သဘာဝတရားများကို မိမိတို့၏ တိုတောင်းလှသော ဉာဏ်အမြင်နှင့် ဆင်ခြင်စဉ်းစား၍ မထင်ရှားနိုင်သောကြောင့် အလွယ်တကူအားဖြင့် ဖန်ဆင်းသည်ဟူသော ဝါဒဘက်သို့သာ သက်ဝင်ကိုင်းရှိုင်းလာကြကုန်၏။

၂။ ထို့ကြောင့် သတ္တဝါနှင့် ကမ္ဘာလောကကြီးကို မည်သူပြုလုပ်သနည်း-ဟု ဆိုလျှင် ဗုဒ္ဓဘာသာတရားတော်အရ သတ္တဝါအားလုံးတို့မှာ အကြောင်းအားလျော်စွာ အကျိုးတရားအဆက်ဆက် ဖြစ်ပွါးလာခဲ့ကြ၍ ၎င်းသတ္တဝါအားလုံးတို့၏တည်နေရာ ကမ္ဘာလောကကြီးသည် ပကတိခေါ် ဓမ္မတာသဘောတရား သတ္တဝါတို့၏ အကြောင်းအားလျော်စွာ တည်ရှိဖြစ်ပေါ်လာခဲ့၏။ ဖန်ဆင်းပြုလုပ်သူ တစ်စုံတစ်ယောက်မျှမရှိ၊ မည်သူတစ်စုံတစ်ယောက်မျှ မဖန်ဆင်း မပြုလုပ်နိုင်ဟု အမှန်အားဖြင့် ဖြေကြားရပေလိမ့်မည်။ အကယ်၍ လောကနှင့် သတ္တဝါအများကို ဗြဟ္မာ, ဂေါ်ဒ်, အလာတို့ ဖန်ဆင်းပါလျှင် လောက၌ အသုံးမဝင် အကျိုးမရှိ

သော သတ္တဝါ အရာဝတ္ထု, အမြဲဆင်းရဲနေသော သတ္တဝါတို့ကို ဖန်ဆင်းရန်မလို၊ အကျိုးရှိ အသုံးဝင် အစဉ်ချမ်းမြေ့သော သတ္တဝါ အရာဝတ္ထုတို့ကိုသာလျှင် ဖန်ဆင်းသင့်သည် မဟုတ်ပါလော-ဟု မေးမြန်းသင့်၏။ ၎င်းတို့ဘာသာအရ မမှန်ကန်သော သတ္တဝါတို့အား ဒဏ်ထားရန် သို့မဟုတ် ကမ္ဘာလောကကြီး ဆန်းကြယ်ရန် အသုံးဝင်သည်, မဝင်သည်၊ မနှစ်သက်သည်, နှစ်သက်သည်တို့ကို တွဲစပ်ဖန်ဆင်းရသည်-ဟု ဖြေကြားခြင်းများလည်း မပြည့်စုံကုန်။ ၎င်းပြင်လည်း ပကတိဓမ္မတာသဘောတရားတို့သည် ပကတိအခြေအနေမှ ထူးထွေ၍ မပြုမပြင်နိုင်ဘဲ ရှိနေလိမ့်မည်ဖြစ်သောကြောင့် ဓမ္မတာသဘောတရားနှင့် မညီမညွတ်သော သတ္တဝါအကြောင်းများကိုလည်း လေးလေးနက်နက် အထက်ကရေးသားပြီးသည့်အတိုင်း စဉ်းစားလျှင် ဖန်ဆင်းပြုလုပ်သူ မရှိနိုင်ကြောင်း ကောင်းစွာထင်ရှားကုန်၏။

၃။ အကြောင်းအားလျော်စွာ ကမ္ဘာလောကကြီး ဖြစ်ပေါ်လာရပုံထက် သတ္တဝါတို့၏ ဖြစ်ပေါ်လာရပုံသည် သာ၍ အရေးကြီးစွာ လိုအပ်သဖြင့် ၎င်းကို သေသေချာချာ လေးလေးနက်နက် ဆင်ခြင်စဉ်းစားရန် သတ္တဝါတစ်ဦးတစ်ယောက်၏ အကြောင်းနှင့် အကျိုးတို့သည် မပြတ်ဆက်ကာဆက်ကာ ဖြစ်လျက် အစဉ်မပျက်နေသောကြောင့် စက်ဘီးကြီးများ ကရွတ်ခွေများကို အဆုံးအစ ရှာ၍မရ၊ ဟောပြောသော်လည်း မထင်နိုင် မမြင်နိုင်သဖြင့် မြတ်စွာဘုရားသည်---

"အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော" *(သံ၊ ၁။ ၃၈၇)*

စသည်ဖြင့် သံသရာအစကို မထင်နိုင်ကြောင်း မမြင်နိုင်ကြောင်း၊ ၎င်းပြင် မသိမိုက်မဲ တွေဝေခြင်းကြောင့် ဘဝဆက်ကာ တည်ထောင်ရန် ကောင်းမှု, မကောင်းမှုအားလျော်စွာ ဇာတိဘဝပဋိသန္ဓေစိတ် ပေါ်လာရကြောင်း၊ ၎င်းကြောင့် နာမ်, ရုပ်, မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တည်းဟူသော အာရုံတို့၏တည်ရာ အာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝတည်းဟူသော အကြောင်းအကျိုးဆက်စပ် ပဋိစ္စသမုပ္ပါဒ်တရား မရေတွက်နိုင်သောအားဖြင့် ဖြစ်ပေါ်လာခဲ့ရကြောင်းများကိုသာ ဟောကြားတော်မူခဲ့လေ၏။

ဤကဲ့သို့ အကြောင်းအကျိုးနှင့်ဆက်လျက် ဖြစ်ပျက်လာခဲ့သည့်အတိုင်း သတ္တဝါတို့၏ အစမူလမှာ မသိခြင်းအဝိဇ္ဇာနှင့် လိုချင်တပ်မက်ခြင်း တဏှာလောဘကြောင့် ဖြစ်သော်လည်း မည်မျှလောက်ကြာသောအခါက ဖြစ်လာခဲ့ကြရသည်၊ သတ္တဝါတစ်ဦးတစ်ယောက် မည်မျှလောက်ကြာရှည်ခဲ့ပြီ၊ ပုထုဇဉ် လူသာမန်တို့ဉာဏ်တွင် မထင်နိုင် မမြင်နိုင်လောက်အောင် ရှည်ကြာသော အခါသမယက ဖြစ်လာခဲ့ကြရ၍ အစမထင်ကြောင်း ဟောကြားတော်မူ၏။ အကြောင်းမရှိ ပကတိအလိုလို ဖြစ်ပေါ်လာသည်မဟုတ်၊ အကြောင်းအကျိုး ၂-ရပ်မှာ ပစ္စုပ္ပန်အခြေအနေအားဖြင့် နှိုင်းစာ၍ ကြည့်ရှုဆင်ခြင်အပ်သည့်အတိုင်း ခပ်သိမ်းသော အရာဝတ္ထု သင်္ခါရသဘောတရားတို့သည် အကြောင်းနှင့်ကင်း၍ မဖြစ်နိုင်၍

အကြောင်းကို အမှီပြုကာ အကျိုးတရား ထင်ရှားဖြစ်ပေါ်လာကြရကုန်၏။

ထို့ကြောင့် သတ္တဝါတို့၏ အကြောင်းအရင်းမှာ အဝိဇ္ဇာနှင့် တဏှာဖြစ်၍ ၎င်းသတ္တဝါတို့၏ အလိုဆန္ဒ ရည်ရွယ်တောင့်တသည်အားလျော်စွာ အမျိုးမျိုး အဖုံဖုံ အထူးထူး အထွေထွေ ဖြစ်လာဖို့ရန် အကြောင်းကံတရားအမျိုးမျိုး အားထုတ်ပြုလုပ်လာကြသဖြင့် ထိုကံအားလျော်စွာ ကမ္ဘာ့တန်ဆာအရာဝတ္ထုအမျိုးမျိုး အဆန်းတကြယ်တို့သည် ဖြစ်ပေါ်လာကုန်၏။ လောက၌ ဖြူစင်ထက်သန်သော အဓိဋ္ဌာန်စိတ်အားလျော်စွာ အသက်မရှိသော အရာဝတ္ထုတို့ပင် ပကတိဖြစ်မြဲအစဉ်မှ ပြောင်းလဲ၍ ထူးထူးခြားခြား တစ်မျိုးတစ်မည် ဖြစ်လာတတ်သည့်အပြင် ၎င်းထက် ထက်သန်၍ ဈာန်အဘိညာဏ်ရသောသူတို့၏ စိတ်အလို အဓိဋ္ဌာန်အတိုင်း မဆိုင်းမတွ တစ်ခဏချင်းပင် အလိုရှိသော ပကတိအားဖြင့် မဖြစ်နိုင်သော အံ့ဩဖွယ် အရာဝတ္ထုများ ဖြစ်ပေါ်လာနိုင်ကုန်၏။ ထို့ကြောင့် သတ္တဝါတို့၏ အလိုဆန္ဒ ထက်သန်၍ ပြုလုပ်အားထုတ်ကြသော ကံတို့အားလျော်စွာ ကမ္ဘာလောကကြီးနှင့်တကွ ၎င်းကမ္ဘာပေါ်ရှိ အားလုံးသော အရာဝတ္ထု ဆန်းကြယ်မှုတို့သည် ဖြစ်ပေါ်လာရကုန်၏။

ဤသို့ အထက်က ပြဆိုခဲ့သည့်အတိုင်း ဗုဒ္ဓဘာသာတရားတော်၌ ရုပ်နာမ် ဓမ္မမှတပါး အတ္တမရှိကြောင်း အသေအချာဆင်ခြင် ရုပ်နာမ်ဓမ္မတို့၏ အဖြစ်အပျက်ကို ထင်မြင်လျှင် အတ္တအယူဝါဒကြီးမှ လွတ်မြောက်၍ ၎င်းရုပ်နာမ် ဓမ္မတို့၏ အကြောင်းအကျိုးထင်မြင်လျက် ကံတရားသည် အတ္တလောကနှင့် ကမ္ဘာလောကကြီးအားလုံးကို ပြုပြင်နေကြောင်း ဉာဏ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင် ဝေဖန်စဉ်းစားက ၎င်းမှတပါး အခြားပြုပြင်ဖန်ဆင်းသူမရှိကြောင်း အဟုတ်အမှန် သိရှိကာ ဣဿရနိမ္မာန အယူဝါဒကြီးမှ လွတ်မြောက်ပြီးလျှင် အမြဲမပြတ် အေးငြိမ်းရာ နိဗ္ဗာန်မြတ်သို့ ရောက်နိုင်ကုန်လတ္တံ့။ လမ်းမှန်သို့ မရောက်နိုင်အောင် အားလုံးသော ဘာသာခြားတို့၏ အခုအခံ အပိတ်အဆို့ကြီးမှာ အတ္တတရားကြီးနှင့် ဣဿရနိမ္မာနတရားကြီးများ ဖြစ်ကြ၍ ကမ္ဘာအစဉ်အဆက်က စွဲမြဲလာသော ဝါဒများဖြစ်ကြသဖြင့် သာမညနှင့်ကား အခဲမကြေဘဲ ၎င်းတို့၏ အစွဲအယူသန်ကို ဖျောက်ပစ်ရန် ခဲယဉ်းကုန်၏။

✪ ✪ ✪ ✪ ✪

## အချုပ်တရားတော်

ဤသို့ ဗုဒ္ဓဘာသာတရားတော်၌ အချုပ်အားဖြင့် ဘဝနှင့် ကမ္ဘာလောကကြီးကို အဆက်ဆက် ရှည်လျားစွာ တရားစစ် တရားမှန် မသိနိုင် မမြင်နိုင်အောင် ဖုံးလွှမ်းပိတ်ဆို့

ထားသော အဝိဇ္ဇာမှောင်ကြီးနှင့် ၎င်းဘဝတို့၏ ရှေ့ဆောင်အဖော်ဟု ဆိုအပ်သော လိုချင်တပ်မက် နှစ်သက်တတ်သော တဏှာလောဘ သမုဒယကို အမြစ်အရင်းက ဖြိုဖျက်၍ ၎င်းဒုက္ခနှင့် ရောယှက် ထွေးယှက်နေသော ဘဝကန္တာရ ခရီးခဲကြီးမှ လွတ်မြောက်ပြီးလျှင် အစဉ်သဖြင့် အေးချမ်း၍ ဘေးဘျမ်းကင်းပ နိဗ္ဗာနဓာတ်သို့ မျက်မှောက်ပြုသောအားဖြင့် ရောက်ဖို့ရန် ရည်ရွယ်မှန်းထား ကျင့်ကြံအားထုတ်မှုများသည် အချုပ်တရားတော်ဖြစ်၏။ ဤသို့ နည်းမှန် လမ်းမှန် အကျင့်စခန်း အကျင့်လမ်း ဖြောင့်တန်းလျက် တရားစစ် တရားကောင်း တရားမြတ်တို့ကို တစ်ဆူတစ်ဆူသော ဘုရားရှင်တို့သည် ကမ္ဘာလောကကြီး၌ ပွင့်ထွန်းပေါ်လာတော်မူမှသာ ဟောပြတော်မူနိုင်သဖြင့် ကမ္ဘာသူများ သိနိုင်ကြရ၍ လောက၌ ဘုရားဖြစ်တော်မူခိုက် ကြုံကြိုက်သောခဏ အခါသမယသည်ကား မြတ်စွာဘုရားတို့၏ သက်တမ်းတော်အားလျော်စွာ ရှည်ကြာသော်လည်း တရားမရှိ အမိုက်အတိဖြစ်လျက် တရားရောင် ထွန်းပခြင်းမရှိသော အလွန်ရှည်လျားသော အခါကြီးနှင့် နှိုင်းစာပါက အလွန်တိုတောင်းလှသောကြောင့် ၎င်းဘုရားဖြစ်တော်မူသော ခေတ်သည် အလွန့်အလွန် ရခဲလှသော ဗုဒ္ဓုပ္ပါဒနဝမခေတ်ဟု ဆိုအပ်ကုန်၏။

ဤသို့လျှင်---

ဗုဒ္ဓဘာသာတရားတော်မြတ်ကြီးသည် ကမ္ဘာအစဉ်က အထင်မှား အမြင်မှားလာကြသော အတ္တနှင့် ဣဿရ အယူဝါဒကြီးကို ဖျောက်၍ ဒုက္ခမှ လွတ်မြောက်ရာ ချမ်းသာထူး ချမ်းသာမြတ်သို့ ကိုယ်တိုင်အားထုတ်မှ ရနိုင် ရောက်နိုင် သုံးဆောင်ခံစားနိုင်သဖြင့် ၎င်းတရားတော်၏ အဆီအနှစ် စိစစ်ရှာဖွေ၍ အခွင့်အခါသင့်မှ ရအပ်သည်အားလျော်စွာ ၎င်းအခွင့်ကောင်း အခါကောင်းကို မကောင်းသဖြင့် သုံးစား အလွဲအားဖြင့် မကုန်လွန်စေဘဲ ရနိုင်သမျှ အခါကာလကောင်း စိစစ်ကာ တရားတော်၏ မြိန်မြတ်သောအရသာကို သုံးဆောင် ခံစားဖို့ အားသစ်ကြရန် ဘာသာဝင်အပေါင်းတို့သည် ကောင်းစွာလိုလား၍ ကြီးမားမြင့်မြတ် သော ဝီရိယဓာတ်ဖြင့် ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်။

ဤမျှသော အရေးအသားဖြင့်---

ဗုဒ္ဓနိုင်ငံတော်ကြီး ပွါးစီးကျယ်ပြန့်ရန် လမ်းမှန် လမ်းကောင်းတို့ကို ညွှန်ပြသော သာသနာ့ဝင်ကျမ်းကြီး၏ ဘာသာဝါဒ ပဥ္စမပိုင်းသည် အပြီးအဆုံး နိဂုံးသို့ ရောက်အပ်ပြီ။

ပဥ္စမပိုင်း ပြီး၏။

✪ ✪ ✪ ✪ ✪

# ဗုဒ္ဓနိုင်ငံတော်

## ၂။ ဓမ္မဝိတ္ထာရိတ၊ ဒုတိယကဏ္ဍ

### တရားတော်မြတ် ပြန့်နှံ့ရာဌာန၊ ဒုတိယပိုင်း

ဤကဲ့သို့ ထူးကဲမြင့်မြတ် ကောင်းမွန်မှန်ကန်စွာ ဓမ္မစက်အာဏာတော်မြတ်ကြီးကို ကမ္ဘာလောကကြီးအတွင်း ထွန်းလင်းစေတော်မူလျက် ကြီးကျယ်သော ဤဗုဒ္ဓနိုင်ငံတော်မြတ်ကြီးကို တည်ထောင်တော်မူခဲ့သော ဗုဒ္ဓမြတ်စွာဘုရား၏ အစဉ်အလာ အကြောင်းအရာတော်မြတ် အတ္ထုပ္ပတ် စာရိတ္တတော်ကို ဓမ္မဝိစာရဏာ ပဋ္ဌမပိုင်းက စစ်ငုထုတ်ဖော် ရေးသားခဲ့ပြီးဖြစ်၍ မည်သူ-မည်သည့်ပုဂ္ဂိုလ် တည်ထောင်သနည်း-ဟူသော ပုဂ္ဂိုလ်နှင့် စပ်လျဉ်းသော အမေးပြဿနာများသည် လင်းပါးတွေးတောဖွယ် မရှိသော်လည်း ဤမှန်ကန်ကောင်းမြတ်သည့် ဓမ္မစက်အာဏာတော်မြတ်ကြီးသည်ကား---

၁။ မည်သည့် အရပ်ဌာနမှ အစပြုတည်ထောင်ခဲ့သနည်း၊

၂။ မည်ကဲ့သို့ တည်ထောင်တော်မူခဲ့သနည်း၊

၃။ မည်သည့်နိုင်ငံ မည်သည့်ဒေသ၌ ပြန့်နှံ့တော်မူသနည်း၊

၄။ မည်သည့် နိုင်ငံများ- ဟု ၎င်းတို့ကို ခေါ်သနည်း-

စသည့်ဖြင့် နေရာဌာန အရပ်ဒေသများနှင့် စပ်လျဉ်း၍ များစွာသော အမေးပြဿနာများ ဖြေကြား ပြောဆို ရေးသားရန် ရှိနေသေး၍ ၎င်းပြဿနာများအားလျော်စွာ အကျဉ်းအားဖြင့် အောက်၌ ရေးသားသည့်အတိုင်း ဖြေဆိုအပ်ပေသည်။

၁။ သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရား၏ တရားဓမ္မစက် အာဏာတော်မြတ်ကို ဇမ္ဗူသပြေပင်မင်းဖြင့် အမှတ်ပြု၍ ဇမ္ဗူဒီပ-ဟု ခေါ်ဆိုအပ်သော အိန္ဒိယကျွန်းဆွယ်ကြီး၏ အလယ်ချက်ချာ မဇ္ဈိမဒေသ အလယ်ပိုင်း ဗဟိုဌာန မဂဓတိုင်းကြီးအတွင်း အဆန်းတကြယ် အလွန်အံ့ဩဖွယ်ရာ သာယာကြည်နူး ထူးမြတ်သောဒေသ ဗုဒ္ဓဂယာ မဟာဗောဓိပင်မြတ်၏အရင်း၌ မည်သူမျှ မအောင်အပ် မအောင်နိုင်သော ဘဝများစွာ ကမ္ဘာ့ ကမ္ဘာများစွာက ဖြည့်ဆည်းပူးတော်မူခဲ့သော ပါရမီတော် ဘုန်းတော် ကံတော် အလျောက် မြေမှ ပေါ်ပေါက်လာသော အဆန်းတကြယ် အံ့ဩဖွယ်ရာ အပရာဇိတရတနာ ပလ္လင်တော် မြတ်အထက်ဝယ် သစ္စာ ၄-ပါး တရားတော်မြတ်နှင့်တကွ သဗ္ဗညုတဉာဏ်

တော်ကို ရ၍ ခက်ခဲလေးနက်ဆန်းကြယ်သော အဘိဓမ္မာတရားတော်မြတ်ကို သုံးသင်ဆင်ခြင်တော်မူခြင်း၊

ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို အနုလုံ, ပဋိလုံ အပြန်အလှန် သုံးသပ်ဆင်ခြင်တော်မူခြင်း၊

ပဌမ ဗုဒ္ဓဝစနဖြစ်သော---

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။ *(ဓမ္မပဒ၊ ၃၆)*

စသော ဂါထာတော်မြတ်ကို စိတ်တော်၌ သုံးသပ်တော်မူ၍---

ယဒါ ဟဝေ ပါတုဘဝန္တိဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။ *(ဝိ၊ ၃။ ၂)*

စသော ဂါထာတော်မြတ်ကို နှုတ်တော်မြွက်ဟ ဥဒါနကထာ ဝမ်းမြောက်စွာ ကျူးရင့်တော်မူခြင်း---

စသည်ဖြင့် အစဦးစွာ ဗုဒ္ဓနိုင်ငံတော်မြတ်ကြီး၏ ရှေးဦးပရိကံတို့ကို ပြုတော်မူလျက် ပြုစုတည်ထောင်တော်မူခဲ့လေပြီ။

၂။ မည်ကဲ့သို့ တည်ထောင်တော်မူသနည်း---

ဟူသော ပြဿနာ၌ မြတ်စွာဘုရားသည် ကံတော်အနန္တ, ဉာဏ်တော်အနန္တ, တန်ခိုးတော်အနန္တ အဆုံးအစ အပိုင်းအခြား မရှိသော ကံ-ဉာဏ် တန်ခိုးတော်တို့ဖြင့် လောကကြီးကို လွှမ်းမိုး ဖန်ဆင်းတော်မူလျက် ထိုဗုဒ္ဓနိုင်ငံတော်မြတ်ကြီး တည်ထောင်တော်မူသည်မဟုတ်၊ စင်စစ်အားဖြင့် ပါရမီတော်မြတ်ကြောင့် မိမိအလိုလို ကိုယ်တော်တိုင် သိမြင်တော်မူသော ကောင်းမြတ်မှန်ကန်သည့် တရားတော်မြတ်ကို ထုတ်ဖော်ဟောကြားတော်မူပြီးလျှင် မှန်ကန်ကောင်းမြတ်သော အယူဝါဒသို့ ဝေနေယျသတ္တဝါအပေါင်းတို့အား လိုက်စေလျက် ခမ်းနားကြီးကျယ်သော ဗုဒ္ဓနိုင်ငံတော်, တရားနိုင်ငံတော်ကြီးကို တည်ထောင် ဖန်ဆင်းတော်မူခဲ့လေပြီ။

ထို့ကြောင့် ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍလ သဗ္ဗညုတညာဏ်တော်စသော ဗုဒ္ဓဉာဏ်တော်အပေါင်းတို့၏ ကွန့်မြူးကြည်လင်ရာဌာန၌ သစ္စာ ၄-ပါး တရားတော်မြတ်ကို ထိုးထွင်းသိမြင်တော်မူပြီးလျှင် ၎င်းဗောဓိမဏ္ဍိုင်၌ပင် ၇-သတ္တာဟလုံး တရားတော်ကို သုံးသပ်လျက် သီတင်းသုံးတော်မူပြီးလျှင် ၈-သတ္တာဟမြောက် ရောက်တော်မူသောအခါ အဇပါလညောင်ပင်ရင်း၌ သဟမ္ပတိဗြဟ္မာမင်းကြီး၏ တောင်းပန်ခြင်းကို အကြောင်းပြုလျက် လေးနက်သောတရားတော်မြတ်ကို မှတ်သားနာယူနိုင်သောသူကို ဆင်ခြင်တော်မူလျှင်, ဉာဏ်ပဋိဘာန် လျှင်မြန်သိမြင်နိုင်သော အာဠာရရသေ့နှင့် ဥဒကရသေ့တို့လည်း မကြာမီက လွန်သွားကြပြီး ဖြစ်သဖြင့်, ဒုက္ကရစရိယာ ကျင့်စဉ်အခါက ကျေးဇူးဥပကာရ အထူးများ

လှသော ပဥ္စဝဂ္ဂီ ၅-ဦးတို့အား ရှေးဦးစွာ သစ္စာလေးပါးတရားတော်၏ အမြိုက်အရသာကို သောက်သုံးစေရန် ရည်သန်တော်မူလျက် ကာသိတိုင်း၊ ဗာရာဏသီ နေပြည်တော်အနီး **မိဂဒါဝုန်**တောသို့ ကြွသွားတော်မူပြီးလျှင် ကောဏ္ဍညအမှူးရှိသော ပဥ္စဝဂ္ဂီ ၅-ဦးတို့အား ရှေးဦးစွာ ဓမ္မစကြာဒေသနာတော် ဟောတော်မူကာ အမြိုက်အရသာကို သောက်စေတော်မူပြီး၍ ထို ၅-ဦးသော ရဟန္တာအရှင်တို့နှင့်တကွ ထိုဗုဒ္ဓနိုင်ငံတော်ကြီးကို အစပြုကာ ဖန်တီး တည်ဆောက်တော်မူခဲ့လေပြီ။

(ဤကဲ့သို့ ဗုဒ္ဓမြတ်စွာဘုရားသည် ကာသိတိုင်း၊ ဗာရာဏသီ မိဂဒါယ သားသမင် တော၌ ကောဏ္ဍညအမှူးရှိသော ပဥ္စဝဂ္ဂီ ၅-ဦးတို့အား တရားထူးအရသာ သုံးစေတော် မူခဲ့လေပြီ။)

ထို့နောက် ဗာရာဏသီမြို့တော်၌ ကျော်ကြားထင်ရှား အခြွေအရံများလှသော **ယသ**သူဌေးသားသည် ဓမ္မစက်နိုင်ငံတော်အောက် ရောက်ရှိ၍ ကောင်းမြတ်သော တရား အရသာကို သောက်သုံးကာ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်ကို အကြောင်းပြုလျက် ထိုသူဌေးသားကို အားထားယုံကြည်ကြသော မြို့နေမိတ်ဆွေ သဟာယဖြစ်သော သူဌေး သား ၄-ယောက်နှင့် ကျေးလက်နိဂုံးများ၌ နေကြသော သူဌေးသား ၅၀-တို့သည်လည်း ထိုယသသူဌေးသားထံ လာရောက် မြတ်စွာဘုရား မျက်မှောက်၌ တရားတော်ကို နာရ၍ ရဟန္တာအဖြစ်သို့ ရောက်ကြသဖြင့် ပဌမဝါ မိဂဒါဝုန်၌ ၆၀-သော ရဟန္တာအရှင် မြတ်တို့သည် မြတ်စွာဘုရားနှင့်တကွ ဝါကပ်တော်မူကြကာ ဗုဒ္ဓနိုင်ငံတော်ကြီး ပွားစီးစေခဲ့ လေပြီ။

ထို့ပြင် အရှင်ယသ၏ ခမည်းတော် သူဌေးကြီး, မယ်တော် သူဌေးကတော်ကြီးတို့ အားလည်း အမြိုက်တရားသောက်သုံးစေတော်မူသဖြင့် ထိုသူဌေးကြီးများကို အကြောင်း ပြုကာ ဗာရာဏသီ မြို့တော်သူ, မြို့တော်သားများနှင့် ထက်ဝန်းကျင် အရပ်ဌာန, မြို့,ရွာ, နိဂုံးတို့မှ ရောက်လာကြသော ဥပါသကာ ဥပါသိကာ အပေါင်းတို့အားလည်း ကောင်းမြတ် မှန်ကန် ငြိမ်းအေးချမ်းမြသော ဒေသနာတော်ဓမ္မဖြင့် မိစ္ဆာဝါဒ အရှုပ်အထွေးတို့ကို ပယ်ဖျက် ဓမ္မစက်အာဏာတော်အောက်သို့ ရောက်တော်မူစေကာ ဤပထမဝါတော်အတွင်း၌ ဗုဒ္ဓနိုင်ငံတော် မြတ်ကြီးကို အထူးသဖြင့် ခိုင်မြဲစွာ တည်ထောင်တော်မူခဲ့လေပြီ။

ဤသို့အားဖြင့် မည်သို့တည်ထောင်သနည်း-ဟူသော အမေးအားလျော်စွာ မြတ်စွာဘုရားသည် မိမိနိုင်ငံတော်ကို တန်ခိုးတော်ဖြင့် လွှမ်းမိုးနှိမ်နင်းလျက် အတင်းအဓမ္မ အလုအယက် နှိပ်စက်ညှင်းပန်းကာ တည်ထောင်တော်မူသည်မဟုတ်၊ တရားဓမ္မညွှန်ပြ ထုတ်ဖော် ဒေသနာတော်အားဖြင့် တစတစ သူတော်ကောင်းတရား အမြစ်စွဲ၍ ခိုင်မြဲစေ

လျက် ဓမ္မစက်နိုင်ငံတော်ကို တရားသဖြင့်သာ တည်ထောင်တော်မူခဲ့ကြောင်း အကျဉ်းဖြေဆို ရေးသားဖော်ပြအပ်ပေသည်။

၃။ မည့်သည့်နိုင်ငံ မည့်သည့်ဒေသ၌ အာဏာတော်လွှမ်းမိုး ပြန့်နှံ့တော်မူသနည်း ဟူသော ပြဿနာအတွက် အကျဉ်းဖြေဆိုအပ်သည်မှာ---

သုံးလူ့ထွဋ်ထား မြတ်ဘုရား၏ လက်ထက်တော်၌ ဗုဒ္ဓအယူဝါဒကို သက်ဝင်ယုံကြည်ကြသော နိုင်ငံတော်များ တိုးပွားစည်ပင်လျက် မြတ်စွာဘုရား ကိုယ်တိုင်တော်လည်း အတိုင်းတိုင်း အပြည်ပြည်တို့သို့ ဒေသစာရီကြွချီ ဖြန့်မြန်းတော်မူကာ မှန်ကန်ကောင်းမြတ် တရားဓာတ် အဆီအနှစ်ကို များစွာသော ဝေနေယျသတ္တဝါတို့အား တိုက်ကျွေးတော်မူပြီးလျှင် တပည့်သာဝက ရဟန်းအပေါင်းတို့အားလည်း ပထမဝါ မိဂဒါဝုန်မှ ထမြောက်ပြီးစကပင်-

**စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။***(ဒီ၊ ၂။ ၃၉)*

စသည်ဖြင့် "ရဟန်းတို့ လူအများတို့၏ အကျိုးစီးပွားတိုးတက်ရန် ချမ်းသာရန် လောကကြီးကို အစဉ် စောင့်ရှောက်ရန် နတ်လူတို့၏ အကျိုးစီးပွားချမ်းသာရန် ဒေသစာရီ လှည့်လည်ကြကုန်၊ တစ်ကြောင်းတည်းသော ခရီး၌ တစ်ပါးတည်းသာ သွားကြကုန်။ ရဟန်းတို့၊ အစ, အလယ်, အဆုံး ကောင်းခြင်း ၃-ပါးနှင့် ပြည့်စုံ၍ ထက်ဝန်းကျင်မှ စင်ကြယ်သော မြတ်သော အကျင့်ဟု ဆိုအပ်သော တရားတော်ကို ဟောတော်မူကြကုန်။

များစွာသော သူတို့မှာ ကောင်းမြတ် မှန်ကန်သော တရားတော်ကို မနာယူကြရသည့်အတွက် ရင့်ကျက်ထက်သန် ဉာဏ်ပဋိဘာန်ရှိပါလျက် ကောင်းမြတ်သော တရားတော်မှ ဆုတ်ယုတ်ကြကုန်၏"ဟု တိုက်တွန်းတော်မူ၍ အတိုင်းတိုင်း, အပြည်ပြည်တို့သို့ ရဟန်းတို့ကိုလည်း အသီးသီးစေလွှတ်တော်မူပြီးလျှင် ထိုဗုဒ္ဓနိုင်ငံတော်ကြီး ပွားစီးရာ ပွားစီးကြောင်း အားထုတ်ဆောင်ရွက်တော်မူသဖြင့် လက်ထက်တော်က ဇမ္ဗူဒီပ အိန္ဒိယကျွန်းဆွယ်ကြီး တစ်ဝန်းလုံး၌ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝ ချမ်းသာကြသော တိုင်းနိုင်ငံကြီး ၁၆-တိုင်းတို့၌ များသောအားဖြင့် ပြန့်နှံ့လွှမ်းမိုးတော်မူသည်-ဟု ဖြေကြားရပေလိမ့်မည်။

၄။ ၎င်းနိုင်ငံတော်များသည် မည်သည့်နိုင်ငံတော်များ ဖြစ်ကြသနည်း-ဟူသော အမေးမှာကား---

အကျဉ်းအားဖြင့် ယခုအခါ ဤနိုင်ငံများသည် အိန္ဒိယနိုင်ငံ-ဟု ခေါ်၍ ၎င်းအိန္ဒိယနိုင်ငံ၏ အကြောင်းအရာများ အသေးစိတ်ဝေဖန်ပိုင်းခြား၍ ဖြေကြားရမည် ဖြစ်သော

ကြောင့် ၎င်းအကြောင်းကို ယခုမျက်မြင် ထင်ရှားရှိသော နိုင်ငံများနှင့် ပိုင်းခြားနိုင်အောင် စိစစ်ညှိနှိုင်းရပေလိမ့်မည်။ သို့ဖြစ်၍ မြတ်စွာဘုရား လက်ထက်တော်က ဓမ္မစက်အာဏာတော် ပြန့်နှံ့ရာ မဟာမဏ္ဍလ မဇ္ဈိမခရိုင် နိုင်ငံအသီးသီးနှင့်တကွ အနီးအနား တိုင်းပြည်များဖြစ်ကြသော အစွန်အဖျား တိုင်းပြည်ကြီး အသီးသီးတို့ကိုလည်း အသေအချာ စိတ်ဖြာဝေခြမ်းလျက် တခမ်းတနား ရေးသားရမည်ဖြစ်သဖြင့် ဤအမေးပြဿနာစကားအရ အိန္ဒိယအဝှန်းရှိ တိုင်းနိုင်ငံများဖြစ်ကြသည်-ဟု သာမညသာ အကျဉ်းအားဖြင့် မှတ်သားအပ်ပေမည်။

✪ ✪ ✪ ✪ ✪

## လက်မွန်ဦးစွာတည်ထောင်သော ဗုဒ္ဓနိုင်ငံတော်

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အကျဉ်းမျှဖြင့် လက်မွန်မဆွ မူလတည်ထောင်ရင်းဖြစ်သော နိုင်ငံတော်ကား မဂဓတိုင်းကြီးအတွင်း ဗုဒ္ဓဂယာ မဟာဗောဓိပင်မြတ်ဟု- သိအပ်သော်လည်း ၎င်းဗုဒ္ဓနိုင်ငံတော်ကြီးသည်---

(က) မည်သည့်အခါက တည်ထောင်ခဲ့သနည်း၊

(ခ) မည်သည်အခါတွင် စည်ပင်ဖြစ်ပွားစေခဲ့သနည်း၊

(ဂ) မည်သည့် နိုင်ငံများအနီးအနား၌ ရှိကြသနည်း၊

(ဃ) မည်သည့်နယ်ပယ်-ဟု ယခုအခါ ခေါ်ဆိုသနည်း-

စသည်ဖြင့် လက်မွန်ဦးစွာ တည်ထောင်ရာ နိုင်ငံဌာနနှင့်ဆိုင်ရာ အနုပြဿနာတို့သည် ယုံကြည်ခြားနား မှတ်သားနိုင်ရန် ၎င်းတိုင်းနယ်နှင့် စပ်သော အတ္ထုပ္ပတ်များလည်း ရေးသားရန် လိုအပ်ကုန်၏။

၎င်းထပ်ဆင့်မေးစရာ အနုပြဿနာတို့ကို---

(က) လွန်ခဲ့သော သာသနာသက္ကရာဇ် အနှစ် နှစ်သောင်းကျော် ဘိုးတော်အဥ္စနမင်း ဖြိုကြွင်းထားခဲ့သော မဟာသက္ကရာဇ်ခေါ် သာကီဝင် မင်းမျိုးများ မှတ်သားလာခဲ့သော သာကီယသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၌ လက်မွန် သဗ္ဗညုတဉာဏ်တော်ကို ရသည့်အခါမှစ၍ တည်ထောင်တော်မူခဲ့လေသည်။

(ခ) လက်မွန်မဆွ မဂဓတိုင်းကြီး၌ပင် သဗ္ဗညုတဉာဏ်တော် သိတော်မူပြီးကာ ဗာရာဏသီပြည်၏အနီး မိဂဒါဝ်၌ ပဉ္စဝဂ္ဂီ ရဟန္တာ ခြောက်ကျိပ်တို့နှင့် အတူ ဝါဆိုတော်မူ

ပြီးနောက် တောထွက်တော်မူစဉ်က ဗိမ္ဗိသာရမင်းကြီး ဖိတ်မံချက်အရ ဒုတိယဝါတော်မြတ် ကပ်တော်မူပြီးလျှင် ဤမဂဓတိုင်းကြီး၌ပင် ပဌမသန္နိပါတ ဗုဒ္ဓနိုင်ငံတော်ကြီး အစည်းအဝေး ပြုကာ စည်ပင် ပြန့်ပွားလာခဲ့စေသတည်း။

(ဂ) ဤတိုင်းကြီးမှာ မဇ္ဈိမ မဏ္ဍလ သောဠသ ခရိုင်အဝင် ၁၆-တိုင်းတွင်ပါရှိ၍ အင်္ဂတိုင်း, ကာသိတိုင်း, ကောသလတိုင်းကြီးများ အနီးအနား၌ ၎င်းတို့နှင့် စပ်လျက် တည်ရှိကြသည်။

(ဃ) ၎င်းတိုင်းကြီးမှာ ယခုအခါ၌ ရှေးကကဲ့သို့ အမည်နာမ နယ်ပယ် ခွဲဝေခြင်း မတူကြဘဲ အမည်နာမလည်း ပြောင်းလဲလျက် အိန္ဒိယအလယ်ပိုင်းနိုင်ငံ-ဟု သာမည ခေါ်ဆိုကြလေသည်-ဟူ၍ အကျဉ်းအားဖြင့် မာတိကာ ထားလျက် မှတ်သားအပ်ကုန်၏။

ဤသို့ ကပ်ကမ္ဘာ အဆက်ဆက် ကပ်ဦး, ကမ္ဘာဦးက အဖြစ်အပျက်များသည် အစဉ်အားဖြင့် ပြောင်းလဲလာကြ၍ ကာလတစ်ခုနှင့်တစ်ခု ခေတ်အခါ တရပ်နှင့်တရပ် မတူကြဘဲ ကွဲလွဲလာကြပြီးလျှင် အမြဲမပြတ် ရွေ့ရှားလျက်ရှိသော မူလပဘဝ ကောင်းမြတ်သော သာသနာတော်၏အခြေစိုက်ရာ ဇမ္ဗူဒီပအိန္ဒိယနိုင်ငံကြီး၏ ကပ်ဦးအကြောင်းအရာ အဆက် ဆက် အဖြစ်အပျက်တို့ကိုလည်း အကျဉ်းမျှ သိရပေလိမ့်မည်။ ထို့ပြင်လည်း မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ်အခါသမယ လက်ထက်တော်က မြတ်စွာဘုရား၏ အဆုံးအမသာသနာ တော်မြတ်သည် တိုင်းကြီး ၁၆-ရပ်တို့၌ များသောအားဖြင့် ပြန့်နှံ့ လွှမ်းမိုးအုပ်စိုးတော်မူ ကြောင်းကို ရေးသားခဲ့သည်အားလျော်စွာ သာသနာတော် အရင်းမူလ တိုင်းကြီးသောဠသ နှင့် စပ်လျဉ်း၍ များစွာသောလူများသည် ကမ္ဘာအရပ်အရပ်ကို ဝေဖန်ပိုင်းခြား၍ တိုင်းကြီးများ ခွဲဝေထားသည်-ဟု အထင်မှား အမှတ်မှား အသိဉာဏ် မှောက်မှားလျက် နေကြသဖြင့် ၎င်းတိုင်းကြီး ၁၆-တိုင်းမှာ မြတ်စွာဘုရား လက်ထက်တော်က ထင်ရှား၍-

- ကြွယ်ဝချမ်းသာ ပြည့်စုံပေါများခြင်း၌ ဥပမာထားလောက်သော နိုင်ငံကြီးများဖြစ်ကြောင်း
- ၎င်းတို့သည် ဤဇမ္ဗူဒီပ အိန္ဒိယနိုင်ငံကြီးနှင့် ၎င်းအနီးအနားရှိ တိုင်းနိုင်ငံများဖြစ်၍ တည်ရှိကြောင်း
- ကမ္ဘာကြီးတစ်ခုလုံးကို ၁၆-ပိုင်း ခွဲစိတ်၍ ၁၆-တိုင်း ပြုလုပ်ခြင်း မဟုတ်ကြောင်း-

အဖြေမှန်ကို ဇကန်ပိုင်းခြား၍ သိဖို့ရန် ရေးသားရမည့် ဝတ္တရားတာဝန် ပြေလည်အောင် အားထုတ်ရပေမည်။

အကြောင်းသော်ကား မိမိတို့ ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီးသည် ကမ္ဘာပေါ် တွင် အမှန်ဆုံး အကောင်းဆုံး အခိုင်မာဆုံး ကျယ်ပြန့်များပြားဆုံးဖြစ်ကြောင်း ရေးသား ခဲ့ပြီးသည်အားလျော်စွာ ၎င်းသာသနာတော်မြတ်ကြီး၏-

- တည်ထွန်းရာဌာန တိုင်းနိုင်ငံ ဒေသများလည်း အမှားပါ၍, မသေမချာ မခိုင်မာ ရှိပါလျှင်,
- သက်သေ, သာဓက, အကိုးအကား အထောက်အထားမပြနိုင်ပါလျှင်-

ရှေးအခါ သူတော်ကောင်းများခေတ်၌ ဓမ္မဂရုကတရားကိုသာ ရှာဖွေသကဲ့သို့မဟုတ်ဘဲ-

- အမှားထောက်ထား၍ ရေးသားသော စာပေများကိုလည်းကောင်း,
- ၎င်းနှင့်စပ်သည့် သာသနာတော်မြတ်ကိုသော်လည်းကောင်း,

အမှားတခု အကြောင်းပြုကာ သာသနာမကြည်ညိုသောသူများ၏ ကဲ့ရဲ့ပြစ်တင် အထင် အမြင်သေးခြင်း ခံရပေလိမ့်မည်။ ထို့ကြောင့် မကြည်ညို မနှစ်သက်သူ အပေါင်းကိုလည်း ကြည်ညိုနှစ်သက်ကြောင်း သဘာဝဓမ္မသို့ ဆောင်ယူကာ မြတ်စွာဘုရား ဟောကြားတော်မူ အပ်သော ဓမ္မကျွန်အားလျော်စွာ သာသနာတော်နှင့်စပ်၍ ကောင်းမြတ်စင်ကြယ် ပြစ်တင် ဖွယ်မရှိအောင် ရေးသားအပ်သည်ကား မယုံမှားအပ်သော တာဝန်ဖြစ်ကြောင်း ကောင်းစွာ မှတ်သားအပ်ပေသည်။

✪ ✪ ✪ ✪ ✪

## ကပ်ဦးအစ ဇမ္ဗူဒီပကျွန်း

သို့ဖြစ်သောကြောင့် ဤမွန်မြတ်လှစွာသော ဗုဒ္ဓဘာသာတော်မြတ်ကြီး၏ တည်ထွန်းဖြစ်ပွား မူလပဌမ စည်ပင်ကြီးပွားရာဖြစ်သော ဤဇမ္ဗူဒီပကျွန်းဆွယ်ကြီး၌ပင် ရှေးအဆက်ဆက်အခါက ပွင့်ထွန်းဖြစ်ပေါ်လာတော်မူခဲ့ကြသော ဘုရားရှင်တို့၏ ဓမ္မစက် အာဏာတော်မြတ်တို့သည်လည်း ဖြစ်ထွန်းခဲ့ကြသဖြင့် သူတော်ကောင်းတရား၏ အဆက်ဆက် ပွားစီးဖြစ်ထွန်းရာ ဌာနဖြစ်၍ ဤကျွန်းနိုင်ငံတော်ကြီး၏ အကြောင်းအရာ အတ္ထုပ္ပတ်ခေတ် အရပ်ရပ်တို့ဖြင့် ပိုင်းခြားဝေဖန်လျက် သာသနာနှင့်လောက ကျမ်းဂန် များအရ ပညာရှိတို့ ရှင်းလင်းနှစ်သက် မြတ်နိုးဖွယ်ရှိအောင် ရေးသားဖို့ လိုအပ်သည်အား လျော်စွာ ၎င်း၏ အဆက်ဆက်သော အဖြစ်အပျက်များနှင့်တကွ ကပ်ဦးကစ၍ ခေတ် အပိုင်းအခြားတို့ဖြင့် ရေးသားပေအံ့။

ဤဇမ္ဗူဒီပကျွန်းကြီးမှာ အခါသမယ ခေတ်ကာလအားလျော်စွာ ရှေးအခါကပ်ဦး အစက မင်းစဉ်မင်းဆက် မဖြစ်ထွန်းမီ ကမ္ဘာတည်ပြီးနောက် လူများဖြစ်ပွား ပေါ်ပေါက်လာ သောအခါ လူများအားလုံးတို့မှာ ကိုယ်ရောင် ကိုယ်ဝါနှင့် ပီတိတည်းဟူသော အစာ အာဟာရဖြင့် နေထိုင်ကြပြီးလျှင်, နောက်အခါ မြေဆီ မြေလွှာ မြေသြဇာတို့ဖြင့် မျှတသည့် တိုင်အောင် ဓမ္မတာသီလမြဲကြ၍ တာရှည်သောကာလ ကုန်လွန်စေပြီး သတ္တဝါတို့၏

လောဘကြောင့် ၎င်းမြေဆီသြဇာများလည်း ကွယ်ပျောက်ပြီး ၎င်းသတ္တဝါတို့၏ ကံအလျောက် အခွံမဖုံးသော သလေးဆန်များ ပေါ်ပေါက်လာခဲ့လေ၏။

၎င်းတို့ကိုလည်း သတ္တဝါတို့ မညီမမျှ ဝိသမလောဘ ဖြစ်ပွား၍ မမှန်ကန်သော လိုချင်မှု ဖြစ်ပွားပေါ်လာသော အခါ ကွယ်ပျောက်စေလျက် အခွံဖုံးသော သလေးပင်များ ပေါ်ပေါက်လာမှ သတ္တဝါတို့ တစ်ဦးနှင့်တစ်ဦး ၎င်းအစားအစာ အာဟာရအတွက် ခိုက်ရန်ဒေါသ ဖြစ်ပွားကြသည်အားလျော်စွာ ၎င်းတို့ကို စီရင်ဆုံးဖြတ် လွှန်ကြူးသူတို့အား ဒဏ်ထားခြင်းစသည် အမှုပြုနိုင်စေရန် လူအပေါင်းတို့က အညီအညွတ်တင်မြှောက်ကြ၍---

**'မဟာဇနသမ္မတောတိ ခေါ ဝါသေဋ္ဌ မဟာသမ္မတော'**(*ဒီ၊ ၃။ ၇၇*)

'ဝါသေဋ္ဌ၊ လူအများ သမုတ်အပ်သောကြောင့် မဟာသမ္မတ'ဟု ရှေးဦးအက္ခရာ အမည်သညာ ဖြစ်လာပြီးလျှင်---

ခေတ္တ-လယ်တို့ကို အုပ်စိုးရသောကြောင့်---

**'ခေတ္တာနံ အဓိပတီတိ ခေါ ဝါသေဋ္ဌ ခတ္တိယော'**ဟု

ဒုတိယအက္ခရာ အမည်သညာ ဖြစ်ပေါ်လာ၍, တရားဖြင့် လူတို့ကို နှစ်သက်စေအပ်သောကြောင့်---

**'ဓမ္မေန ပရေဟိ ရဉ္ဇေတီတိ ခေါ ဝါသေဋ္ဌ ရာဇာ'**ဟု

တတိယအက္ခရာ အမည်သညာ ဖြစ်ပေါ်ကြောင်း **အဂ္ဂညသုတ်၊ ဒီဃနိကာယ်**(*ဒီ၊ ၃။ ၇၇*)၌ လာသည်နှင့်အညီ ကပ်ဦးအခါက အမြွတ်ထားသော အမည် ၃-ပါးအားဖြင့် မင်းမျိုးများ ဖြစ်ပွားပြီး တာရှည်လေးမြင့် အခါအခွင့်အားလျော်စွာ အမျိုး ၄-ပါးတို့ အစဉ်သဖြင့် ဖြစ်ပေါ်လာကြ၍ ၎င်းမှ နောက်၌ တစတစ တိုင်း, နိုင်ငံ, မြို့ပြ, ပြည်, ရွာ, နိဂုံးများဖြစ် ပွားလာကြကုန်၏။

သို့ဖြစ်၍ ကပ်ဦးအစ မဟာသမ္မတ မင်းမြတ်မှစ၍ မင်းစဉ် မင်းဆက်တို့ကား အဋ္ဌကထာတို့၌ လာသည်အားလျော်စွာ---

၁။ မဟာသမ္မတ ခတ္တိယမင်းမြတ်

၂။ ရောဇမင်း၊ ၎င်း၏သား-

၃။ ဝရရောဇမင်း၊ ၎င်း၏သား-

၄။ ကလျာဏမင်း၊ ၎င်း၏သား-

၅။ ဝရကလျာဏမင်း၊ ၎င်း၏သား-

၆။ ဥပေါသထမင်း၊ ၎င်း၏သား-

၇။ ဝရဥပေါသထမင်း၊ ၎င်း၏သား-

၈။ မန္ဓာတုမင်း၊ ၎င်း၏သား-

၉။ ဝရမန္ဓာတုမင်း၊ ၎င်း၏သား-

၁၀။ ဝရမင်း—

အားဖြင့် မင်း ၁၁-မြောက် ရောက်သည်တိုင်အောင် တိုင်းပြည်နိုင်ငံများ မကွဲပြားဘဲ မင်းတစ်ပါးတည်းသာ ၎င်းဇမ္ဗူဒီပါကျွန်းကြီးကို အုပ်ချုပ်စိုးစံလာပြီးနောက် ၎င်း ၁၁-မြောက်ဖြစ်သော ဥပဝရမင်းကို စေတိယတိုင်း၊ သောတ္ထိယမြို့တော်၌ ထီးနန်းအုပ်ချုပ် မင်းလုပ်စဉ်မုသားဆို၍ မြေမြိုသွားသောအခါမှ စေတိယတိုင်းကို အုပ်စိုးသောကြောင့် စေတိယမင်း-ဟူ၍လည်း ထင်ရှားသော ၎င်း၏ သားတော် ၅-ပါးတို့သည် အသီးသီး တိုင်းသစ်, မြို့သစ်တည်ထောင်ကြသဖြင့် ဤဇမ္ဗူကျွန်းကြီးမှာ ၅-တိုင်း, ၅-ပြည် ကွဲပြားသွားကြကြောင်း နိပါတ်အဋ္ဌကထာများ၌ ထင်ရှားစွာလာ၏။

✪ ✪ ✪ ✪ ✪

## ၎င်းတိုင်းပြည် ၅-ပြည်ထောင်

၁။ ၎င်းတိုင်းနိုင်ငံတို့မှာ သားတော် ၅-ယောက်တို့တွင် အကြီးဆုံးသားတော်သည် အရှေ့တံခါးမှထွက်၍ အရှေ့စူးစူးသွားပြီးလျှင် ဟတ္ထိပုရမြို့တော် တည်ထောင်ဖန်ဆင်းလျက် ထီးနန်းအုပ်ချုပ် စိုးစံခဲ့လေ၏။

၂။ ဒုတိယသားတော်သည် တောင်တံခါးမှထွက်၍ တောင်အရပ်သို့ စူးစူးသွားပြီးလျှင် အဿပုရမြို့တော် တည်ထောင်သမုတ် မင်းလုပ်စိုးစံခဲ့လေ၏။

၃။ တတိယသားတော်သည် အနောက်တံခါးမှ ထွက်၍ အနောက်စူးစူးသို့ သွားပြီးလျှင် သီဟပုရမြို့တော် တည်ထောင်ဖန်ဆင်းလျက် မင်းပြုလုပ်စိုးစံခဲ့လေ၏။




ကပ်ဦး စေတိယတိုင်းမှ ငါးတိုင်းငါးဌာနခွဲဝေခြင်းမြေပုံ

၄။ စတုတ္ထသားတော်သည် မြောက်တံခါးမှထွက်၍ မြောက်အရပ်စူးစူးသို့ သွားပြီးလျှင် ဥတ္တရပဉ္စာလမြို့တော် တည်ထောင်ဖန်ဆင်းလျက် အုပ်ချုပ်စိုးစံခဲ့လေ၏။

၅။ ပဉ္စမမြောက် သားတော်အငယ်မှာမူကား သောတ္ထိယမြို့တော်၌ စေတီကြီး တည်ဆောက်ပြီးလျှင် အနောက်မြောက်သို့သွား၍ တောင် ၂-လုံး ရိုက်ခတ်သံ အကြောင်း ပြုခြင်းအားဖြင့် ဒဒြ-ဒဒ္ဒရ-မြို့တော် တည်ထောင်ပြီးလျှင် ၎င်း၌အုပ်ချုပ် မင်းပြုလုပ် စိုးစံခဲ့လေ၏။

ဤသို့ သားတော် ၅-ပါးတို့သည် အသီးသီး တိုင်းပြည်နိုင်ငံ တည်ထောင်အုပ်ချုပ် မင်းလုပ်ကြကြောင်း ၎င်းနိပါတ် စေတိယဇာတ်၌ လာသော်လည်း ၎င်းတိုင်းနိုင်ငံနှင့် မြို့တော်တို့သည် ကပ်ဦးအစဖြစ်၍ အလွန်ရှေးကျသော ခေတ်အခါသမယ၌ ဖြစ်သောကြောင့် အမည်နာမပင် မထင်မရှားတော့ဘဲ ကွယ်ပျောက်သွားကြသဖြင့် ယခုအခါ, ၎င်းတို့နေရာဌာန ဝေဖန်ပိုင်းခြားရန် ခက်ခဲကုန်၏။

ထိုစေတိယမင်း၏ သားတော်များ တည်ဆောက်ခဲ့သော တိုင်းပြည်နိုင်ငံများအနက် စေတိယတိုင်းနှင့် ဥတ္တရပဉ္စာလမြို့မှတပါး အခြားတိုင်းနိုင်ငံ မြို့တော်များ၏ အမည်လမ်းစ ရှာဖွေမရသည့်အပြင် ၎င်းတို့၏ဌာန နယ်ပယ်များလည်း ပိုင်းခြား၍ မသိနိုင်ကြဘဲ စေတိယတိုင်းကို ထောက်ဆသဖြင့်သာ အရှေ့, အနောက်, တောင်, မြောက်အရပ်ဌာနများ ပိုင်းခြားနိုင်ရုံမျှသာ ရှိ၏။ ထို့ပြင်, ရှေးဖြစ်သော ပထဝီဆိုင်ရာ သက္ကတကျမ်းစာများ၌လည်း ထင်ရှားမရှိမဖော်ပြကြကုန်။ သို့သော်လည်း ဤဇမ္ဗူဒီပါကျွန်း တစ်ဝှမ်းလုံး ထိုထိုအရပ်ဒေသတို့၌ ရာဇဌာနီခေါ် မင်းနေပြည်တော် မြို့ကြီးတို့မှတပါး အခြားစည်ကား ဝပြောသော မြို့များနှင့် မြို့ငယ် ရွာနိဂုံးများမှာလည်း ထင်ရှားရှိခဲ့ကြမည်မှာ အမှန်ဖြစ်၍ ခေတ်အခါတို့သည် အတည်အမြဲမနေကြဘဲ ပြောင်းလဲလျက် ဖြစ်ပျက်ကြသည်အားလျော်စွာ အမည်နာမပြောင်းလဲလျက် သို့မဟုတ် မြို့, ရွာပျက်ပြား၍ မထင်ရှားဘဲ နေမည်မှာကား အမှန်ဖြစ်၏။

၎င်းပြင်, ဇာတ်နိပါတ်တော်များ၌ ဤဇမ္ဗူ(ဒီပ)ကြီးမှာ တခါတရံ ၁၀၁-ပါးသော မင်းများ အုပ်ချုပ် စိုးစံကြကြောင်းများ ထင်ရှားလာသဖြင့် ၎င်းတို့၏ တိုင်းနိုင်ငံ နေပြည်တော်များလည်း ၁၀၁-ပြည် ရှိရမည်မှာ အမှန်ဖြစ်၍ ၎င်းနိုင်ငံ ၁၀၀-ကျော် မြို့တော် အသီးသီးတို့ သည်လည်း ဘုန်းကံကြီးမားသော စကြာမင်းကြီးများ ၎င်းဘုန်းတန်ခိုးကြီးသော ဧကရာဇ်မင်းကြီးများ စိုးစံအုပ်ချုပ်ကြသာအခါ မထင်မရှား သို့မဟုတ် ပျက်ပြားသွားကြမည်မှာ အမှန်ဖြစ်သဖြင့် ကျမ်းဂန်အားဖြင့်လည်းကောင်း, ခေတ်ကာလအားဖြင့်လည်းကောင်း, ထင်ရှားမရှိ မဖော်ပြနိုင်သော်လည်း အမှန်-ဟု ယူဆထိုက်ကုန်၏။



မဟာဂေါဝိန္ဒ ခွဲဝေသော ဇမ္ဗူဒီပ (၇)တိုင်း (၇)ဌာနခွဲဝေခြင်းမြေပုံ

## ဇမ္ဗူဒိပ ၇-တိုင်းဌာန ခွဲဝေပိုင်းခြားခြင်း

ဂင်းပြင် ဇာတ်တော်, နိပါတ်တော်များထက် သာလွန်ထင်ရှား၍ ခိုင်မာယုံကြည်အားထားရသော မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော ဒီဃနိကာယ်၊ **မဟာဝဂ်၊ မဟာဂေါဝိန္ဒသုတ်၌---**

ဇမ္ဗူဒိပါကျွန်းနိုင်ငံကြီး အားလုံးကို အုပ်ချုပ်စိုးစံတော်မူသော ဒိသမ္ပတိမင်းကြီးလက်ထက် တိုင်းနိုင်ငံအလုံးကို စီမံခွဲခန့်လျက် သွန်သင်ဆုံးမသော မင်းဆရာပုရောဟိတ်ပုဏ္ဏားကြီး ကွယ်လွန်သွားသောအခါ ဂင်း၏ အရိုက်အရာကို ဆက်ခံ၍ တိုင်းနိုင်ငံအားလုံးကို ဆုံးမသွန်သင်တတ်ပေသော ဂင်းပုရောဟိတ်ကြီး၏သား ဇောတိပါလ နောက်အခါ၌ကြီးမားသော ပညာဖြင့် နိုင်ငံတော် သာယာဝပြောအောင် ဆောင်ရွက်သဖြင့် အဘ ဂေါဝိန္ဒပုဏ္ဏားကြီးထက်ပင် ထက်မျက်သော ပညာရှိသောကြောင့် မဟာဂေါဝိန္ဒ-ဟူ၍ တွင်သောပညာရှိ ပုရောဟိတ်ကြီးသည် ဂင်းဒိသမ္ပတိမင်းကြီး၏ သားတော်ကြီး ရေဏုမင်းသားနှင့်တကွ မင်းသား ၆-ယောက်တို့အား ဆုံးမသွန်သင်ရ၍ ဂင်းခမည်းတော်မင်းကြီး နတ်ရွာစံတော်မူပြီးနောက် အရိုက်အရာ တိုင်းပြည်, နိုင်ငံနှင့်တကွ ထီးနန်းစိုးစံတော်မူသောရေဏုမင်းကြီး၏ လက်ထက်တော်၌ မင်းသား ၆-ယောက်တို့သည် ပုရောဟိတ်ပညာရှိကြီးထံ ပညာသင်ကြားကြစဉ်က, ကတိရှိကြသည့်အတိုင်း ဂင်းတိုင်းနိုင်ငံကို ခွဲခြမ်းဝေဖန်ပေးဖို့ရန် တောင်းပန်ကြသောကြောင့် ဂင်းမဟာဂေါဝိန္ဒပညာရှိကြီးသည် တောင်ကကျဉ်း၍မြောက်ကကျယ်သော ဤဇမ္ဗူဒိပါကျွန်းကြီးကို ၇-တိုင်း, ၇-ပြည်ထောင် ခွဲခြမ်းဝေဖန်၍ပေးကြောင်း ထင်ရှားစွာ ဂင်းသုတ်၌ လာ၏။

ထိုသို့ ခွဲခြမ်းဝေဖန်ရာ၌ ရေဏုမင်းကြီး၏စိုးစံအုပ်ချုပ်ရာ ကာသိတိုင်း၊ ဗာရာဏသီမြို့တော်ကြီးကို အလယ်က ဗိတာန်သဖွယ်ထား၍ မင်းသား ၆-ယောက်တို့၏ နိုင်ငံတို့ကိုကားအတွင်းကကျဉ်း၍ အပြင်ကကျယ်သော ဤကျွန်းကြီးအလား နိုင်ငံများပြုလုပ်စီမံ ဝေဖန်ပိုင်းခြားပြီးလျှင် အပြင်ဘက်မှ ဂင်းရေဏုမင်းကြီး၏ နိုင်ငံတော်ကို ဝန်းရံလျက် မဟာဂေါဝိန္ဒပုဏ္ဏားကြီးထံ ဝင်ရောက်၍ အဆုံးအမ အသွန်အသင်ကို ခံယူနိုင်ရန် လှည်းဦးဆုံအလားအတွင်းကကျဉ်း၍ အပြင်ကကျယ်သော နိုင်ငံများအားလုံးကို တည်ထောင်ဖန်ဆင်းခဲ့လေသည်။ သို့ဖြစ်၍ ဂင်းရေဏုမင်းကြီး၏ ခမည်းတော် ဒိသမ္ပတိမင်းကြီး၏ လက်ထက်က**ဤဇမ္ဗူဒိပါကျွန်းကြီးအားလုံးသည်** တစ်နိုင်ငံတည်းသာဖြစ်ကြောင်း, ရာဇဌာနီမင်းနေပြည်မြို့တော်သည်လည်း တစ်ခုတည်းသာဖြစ်ကြောင်း, သို့သော် ဂင်းမင်းကြီး နတ်ရွာစံတော်မူမှရေဏုမင်းကြီးလက်ထက် ကျသောအခါ၌ တိုင်းနိုင်ငံအသီးသီး ၇-တိုင်း ဖြစ်လာကြောင်းထင်ရှားစွာလာ၏။

ထိုအခါက ခွဲဝေထားသော ၇-တိုင်းတို့၏ အမည်များကို ၎င်းသုတ်မဟာဝါ ပါဠိတော်(ဒီ၊ ၂။ ၁၈၉)၌---

၁။ ဒန္တပုရံ ကလိင်္ဂါနံ၊ အဿကာနဉ္စ ပေါတနံ။
မဟေသယံ အဝန္တီနံ၊ သောဝီရာနဉ္စ ရောရုကံ။ ။

၂။ မိထိလာ စ ဝိဒေဟာနံ၊ စမ္ပာ အင်္ဂေသု မာပိတာ။
ဗာရာဏသီ စ ကာသီနံ၊ ဧတေ ဂေါဝိန္ဒမာပိတာ။ ။

ဟု ဟောတော်မူသော အစဉ်အတိုင်း---

| | | |
|---|---|---|
| ၁။ ကလိင်္ဂတိုင်း | --- | ဒန္တပုရမြို့တော် |
| ၂။ အဿကတိုင်း | --- | ပေါတနမြို့တော် |
| ၃။ အဝန္တိတိုင်း | --- | မဟေသယမြို့တော် |
| ၄။ သောဝီရတိုင်း | --- | ရောရုကမြို့တော် |
| ၅။ ဝိဒေဟတိုင်း | --- | မိထိလာမြို့တော် |
| ၆။ အင်္ဂတိုင်း | --- | စမ္ပာမြို့တော် |
| ၇။ ကာသိတိုင်း | --- | ဗာရာဏသီမြို့တော်- |

အားဖြင့် ၇-တိုင်း, ၇-ပြည်ထောင်တို့၏ အမည်များ ထင်ရှားစွာ ဟောကြားတော်မူသည့် အပြင် ၎င်း ၇-ပြည်ထောင်တို့၌ စိုးစံအုပ်ချုပ်သော မင်းများ၏ အမည်များကိုလည်း---

သတ္တဘူ ဗြဟ္မဒတ္တော စ၊ ဝေဿဘူ ဘရတော သဟ။
ရေဏု ဒွေ ဓတရဋ္ဌာ စ၊ တဒါသုံ သတ္တ ဘာရဓာ။ ။

ဟူသော ၎င်းသုတ်(ဒီ၊ ၂။ ၁၉၀)၌ ဟောတော်မူအပ်သော ဂါထာနှင့်အညီ---

၁။ သတ္တဘူမင်း ၂။ ဗြဟ္မဒတ္တမင်း ၃။ ဝေဿဘူမင်း
၄။ ဘရတမင်း ၅။ ရေဏုမင်း ၆။ စူဠဓတရဋ္ဌမင်း
၇။ မဟာဓတရဋ္ဌမင်း-

အားဖြင့် ၎င်း ၇-တိုင်း, ၇-ပြည်ထောင်တို့ကို အုပ်ချုပ်သော မင်းသားညီနောင် ၇-ပါး တို့၏အမည်များ ဟောကြားတော်မူ၏။ သို့သော်လည်း မည်သည့်တိုင်းနိုင်ငံ မည်သည့် မင်း-ဟု ပိုင်းခြားဝေဖန်၍ ပါဠိတော်မှာလည်း မဖော်ပြ၊ အဋ္ဌကထာဆရာကလည်း အထူး မထုတ်ဆိုသဖြင့် ကာသိတိုင်း၊ ဗာရာဏသီမြို့တော်၌ စိုးစံအုပ်ချုပ်တော်မူသော ရေဏုမင်း ကြီးမှတပါး အခြားမင်းသား ၆-ယောက်တို့မှာ ၎င်းရေဏုမင်းမှစ၍ အစဉ် မှန်းဆနိုင်ရုံသာ အသေအချာမှာမူ တိုင်းနိုင်ငံအသီးသီးနှင့် အတိအကျ ဝေဖန်ရန် မလွယ်ကြကုန်။

၎င်းအတ္ထုပ္ပတ်နှင့် စပ်လျဉ်း၍ ဟိန္ဒီအယူဝါဒရှိကြသော သူများတို့သည် ရှေးအခါက အိန္ဒိယတိုင်းနိုင်ငံကြီးမှာ အာရယာဝတ္တ အရိယာဝတ္တနိုင်ငံတော်ကြီး ခေါ်ဆိုကြကြောင်း ကဏ္ဍရသေ့ကြီး၏သမီးတော် သကုန္တလာဒေဝီနှင့် ဒုဿယန္တမင်းကြီးတို့မှ ဖြစ်ပွားလာသော ဘရတမင်းကြီးသည်ကား ဘုန်းတန်ခိုးကြီးမား၍ ဤဇမ္ဗူဒိပ်တစ်ကျွန်းလုံး ထင်ရှားကျော်စော သဖြင့် ၎င်းမင်းကြီးလက်ထက်မှစ၍ ၎င်းမင်းကြီးကွယ်လွန်သွားပြီးနောက်လည်း ၎င်းမင်းကြီး အုပ်ချုပ်စိုးစံသည်ကို အကြောင်းပြုပြီးလျှင် ဘာတရနိုင်ငံတော် ဘာရတဝဿ ဘာရတနှစ်-ဟု ခေါ်ဝေါ်လာကြသည့်အပြင် ၎င်းအိန္ဒိယရာဇဝင်ကြီးကိုလည်း မဟာဘာရတ ဣတိဟာသ မဟာဘာရတ ရာဇဝင်ကျမ်းကြီး ခေါ်ဆိုကြကုန်၏။

ထိုမှတပါး ဗုဒ္ဓဘာသာကျမ်းဂန် ဇာတ်တော်, နိပါတ်တော်များ၌လည်း ဘရတ အမည်ရှိသော မင်းများအကြောင်း လာရှိကြရာ ၎င်းတို့မှာ ဤမဟာဂေါဝိန္ဒပညာရှိကြီး တိုင်းပြည်နိုင်ငံ ဝေဖန်ပေးအပ်သော မင်းသား ၆-ယောက်တွင် ပါဝင်သည့် ဘရတမင်း နှင့်ကား အကြောင်းအတ္ထုပ္ပတ်အားဖြင့် ဆက်စပ်ခြင်း မရှိကုန်။

၎င်းပြင် မဟာဘာရတ ရာဇဝင်ကြီး၌ အချို့အတ္ထုပ္ပတ် အကြောင်းအရာတို့သည် ဘုရားဟောဒေသနာတော်, ဇာတ်တော်, နိပါတ်တော်များ၌လည်း ကရိဿဏ ကဏှမင်းကြီး, ရာမမင်းကြီး ဒသဘာတရ စသော အချို့အကြောင်း အတ္ထုပ္ပတ် တူညီချက်များပါရှိကြကုန်၏။ ၎င်းမဟာဘာရတ ဣတိဟာသ အိန္ဒိယရာဇဝင် ရှေးဟောင်းကျမ်းကြီးကို ဗုဒ္ဓဘာသာကျမ်း ဂန်များက သမ္ဖပ္ပလာပ အဓိပ္ပါယ အတ္ထကင်း၍ သိမ်ဖျင်းသော, သေးနုပ်သော, အကျိုးမရှိ သော စကားထဲသို့ သွင်းထား၍ ၎င်းမဟာဘာရတ စသည် ပြောခြင်းများသည် သမ္ဖပ္ပလာပ ဖြစ်ကြောင်း ရေးသားကြသော်လည်း ဟိန္ဒီအယူဝါဒရှိသူတို့ကား မဟာဘာရတကျမ်း ရာဇဝင်ကြီးကို အထူးလေးစား အခိုင်အမာထား၍ ကိုးကားကြသည့်ပြင် ခေတ်ရာဇဝင် ဆရာတို့လည်း ထောက်ထားပြောဆို ရေးသားကြကုန်၏။

✪ ✪ ✪ ✪ ✪

## မဟာဂေါဝိန္ဒပညာရှိကြီး ခွဲဝေပိုင်းခြားသော တိုင်းပြည်များ

ဤသို့ မဟာဂေါဝိန္ဒပညာရှိကြီး ဝေဖန်ခဲ့သော တိုင်းပြည်များအကြောင်း အကျဉ်း ရေးသားအပ်ပြီးသည်အားလျော်စွာ ၎င်းတိုင်းပြည်များကို ခေတ်ပထဝီဝင်အားဖြင့် ပိုင်းခြား မှတ်သားရန် လိုအပ်သည့်အတိုင်း ၎င်းနှင့်ညှိနှိုင်းကာ ရှေးကဝေဖန်ခဲ့ပုံ အခြင်းအရာတို့ကိုပါ စိစစ်ပိုင်းခြား၍ ရေးသားအပ်ကုန်၏။

ထိုဂေါဝိန္ဒပညာရှိ ပုရောဟိတ်ကြီးသည် ၇-ပြည်ထောင်မင်းတို့၏ အတိုင်ပင်ခံ တစ်ကျွန်းလုံး၏ ပုရောဟိတ်ချုပ်ကြီး ဖြစ်သည်အားလျော်စွာ မိမိနေရာဌာန ကာသိတိုင်း၊ ဗာရာဏသီမြို့တော်ကြီးသို့ တိုင်းနိုင်ငံ ၆-ပြည်ထောင်မှ မင်းသား ၆-ယောက်တို့သည် တစ်တိုင်းတစ်ပြည်မှ တစ်တိုင်းတစ်ပြည်သို့ မဖြတ်ကျော်ဘဲ အလွယ်တကူ လာရောက်နိုင်စေရန် အားလုံးသောနိုင်ငံများကို အပြင်မှ ယူဇနာ ၃၀၀-စီထား၍ ရေဏုမင်းကြီး၏ နိုင်ငံတော်သို့ သက်ရောက်ရာ **အတွင်းမှာကား** ၁၀-ဂါဝုတ်စီထားကြောင်း ၎င်းမဟာဂေါဝိန္ဒ သုတ်အဋ္ဌကထာ၌ ဖွင့်ပြသည့်အရ ပတ်လည်ဖြစ်သော ၆-နိုင်ငံအတွက် ဂါဝုတ်အားဖြင့် ၆၀- သို့မဟုတ် ယူဇနာအားဖြင့် ၄-ဂါဝုတ် ၁-ယူဇနာဖြစ်၍ ၁၅-ယူဇနာသော ရေဏုမင်းကြီး၏ နိုင်ငံတော်ဝန်းဖြစ်သင့်သော်လည်း ရေဏုမင်းကြီး၏ နိုင်ငံသော်ကား ပဓာနပြဋ္ဌာန်းသော ပင်မနိုင်ငံကြီးဖြစ်၍ ၎င်း၏ အကျယ်အဝန်းကိုလည်း အထူးမဆိုသဖြင့် လည်းကောင်း, ထိုရေဏုမင်းကြီး၏ နိုင်ငံသို့ သက်ရောက်ရာ, ဝင်ထွက်ရာ ဌာနသာလျှင် ၁၀-ဂါဝုတ်ရှိ ကြောင်း သာမညဆိုသဖြင့်လည်းကောင်း, ၎င်းနိုင်ငံကြီးမှာ ကြာချက်သဖွယ် အလယ်မှ အပြင်ဖက်သို့ ထွက်သော နိုင်ငံအပိုင်းအခြားကိုလည်း မှတ်သားရမည်-ဟု အမှန်ယူသင့်၏။

ဤနေရာ၌ကား---

ကော နု ခေါ ဘော ပဟောတိ ဣမံ မဟာပထဝိံ ဥတ္တရေန အာယတံ၊ ဒက္ခိဏေန သကဋမုခံ သတ္တဓာ သမံ သုဝိဘတ္တံ ဝိဘဇိတုံ။*(ဒီ၊ ၂။ ၁၈၉)*

“**အဆွေတော်မင်းများ**၊ မြောက်ဘက်မှာ ကျယ်ပြန့်လျက် တောင်ဘက်မှာမူ လှည်းဦး ဆုံသဖွယ် ကျဉ်း မြောင်းလျက်နေသော ဤဇမ္ဗူဒီပါမြေပြင်အားလုံးကို မည်သူ ကောင်းစွာ ဝေဖန်ခွဲခြမ်း ခြင်းငှာ စွမ်းနိုင်အံ့နည်း”ဟု ဟောကြားတော်မူသော်လည်း မဟာပထဝီအရ ဤဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းကြီး အားလုံးကို ဟောကြားတော်မူသည် မဟုတ်၊ ဥတ္တရေန အာယတံ ဒက္ခိဏေန သကဋမုခံ-အရ တောင်ကကျဉ်း၍ မြောက်ကကျယ်နေသော ယခုအခါ မြေပုံအတိုင်း အိန္ဒိယကျွန်းဆွယ်ကြီးယူမှသာ လမ်းစရှာဖွေ၍ ရသောနိုင်ငံ အသီးသီး၏ နေရာဌာန ဝေဖန်ပိုင်းခြား၍ ရနိုင်ပေလိမ့်မည်။

ထိုမှတပါး ဝိသတိနိပါတ်၊ **သောမနဿဇာတ်**၌ ရေဏုမင်းကြီးသည် ကုရုတိုင်း၊ ဥတ္တရပဉ္စာလမြို့တော်၌ စိုးစံအုပ်ချုပ် မင်းပြုလုပ်ကြောင်း, ၎င်းမင်းကြီးမှာ ကြာရှည်စွာ တောင့်တ၍ သောမနဿကုမာရ မည်သော ဘုရားလောင်း သားတော်တစ်ပါး အဂ္ဂ-မဟေသီမိဖုရားကြီးမှ ဖွားမြင်တော်မူကြောင်း စသည် ၎င်းဇာတ်အဋ္ဌကထာ၌ ဖွင့်ဆိုသဖြင့် သိရသော်လည်း ၎င်းရေဏုမင်းကြီးမှာ ကပ်ကမ္ဘာရှည်လျား ကာလရှည်လျား၍ ဇာတ်နိပါတ်

တော်များတွင် အများဆုံးပါရှိသဖြင့် "ပြည်မသိ ဗာရာဏ၊ မင်းမသိ ဗြဟ္မဒတ္တ"ဟု ပြောစမှတ်ရှိသကဲ့သို့ အမည်တူမင်းတစ်ပါး-ဟု မှတ်ယူရမည်ကား ၎င်းဇာတ်၌ ၇-ပြည်ထောင် ခွဲဝေအပ်သည့် အကြောင်းများ မဆက်မစပ် အတ္တုပ္ပတ်လည်း မဟုတ်သဖြင့် ထင်ရှား၏။

✪ ✪ ✪ ✪ ✪

## ၇-တိုင်းဌာနဝေဖန်ချက်

ဤသုံးလူ့ထွဋ်ထား မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်အရ ရှေးအခါက ဤဇမ္ဗူဒီပကျွန်းကြီးမှာ တိုင်းကြီး ၇-တိုင်း ဖြစ်ပွားလာခဲ့ကြကြောင်းမှာ ရေးသားခဲ့ပြီးဖြစ်သဖြင့် သိရသော်လည်း ၎င်းမြတ်စွာဘုရား ဒေသနာတော် ခိုင်မြဲစေရန်, မျက်မြင်သာဓကဖြင့် ထင်ရှားစေရန် အရပ်ဒေသ အပိုင်းအခြား ထိုတိုင်းနိုင်ငံ နယ်ပယ်များကိုလည်း ယခုခေတ် သိရှိနေကြသော ပထဝီကျမ်းစာများနှင့် နှိုင်းစာချိန်ဆ၍ ရေးသားဖို့ရန် တာဝန်ရှိသဖြင့် ၎င်း ၇-တိုင်းတို့၏ အကြောင်းအရာများကို အကျဉ်းမျှ ရေးသားရပေမည်။

## ၁။ ကာလိင်္ဂတိုင်း၊ ဒန္တပုရမြို့တော်

ဤကာလိင်္ဂတိုင်းကြီးမှာ ရှေးအခါ နိပါတ်တော်, ဇာတ်တော်များ၌ ထင်ပေါ်ကျော်ကြားသော တိုင်းကြီးတစ်တိုင်း ဖြစ်သည့်ပြင် ကျော်စောထင်ရှား ဘုန်းတန်ခိုးကြီးမားသော မင်းကြီးများလည်း အုပ်ချုပ်စိုးစံတော်မူဖူးကြ၍ ဇမ္ဗူဒီပ အိန္ဒိယရာဇဝင်တို့တွင်လည်း ထင်ရှားကျော်ကြားလျက် ယခုလက်ထက် အခါသမယတိုင်အောင်ပင် အမည်နာမ တိမ်ကောပပျောက်ခြင်း မရှိသေးသော တိုင်းနိုင်ငံကြီးတစ်ခု ဖြစ်၏။

၎င်းတိုင်းကြီးမှာ အလယ်ပိုင်းဖြစ်သော ကာသိတိုင်းမှ ထောက်စာလျှင် အရှေ့တောင်ဘက်ကျသော နိုင်ငံတစ်ခုဖြစ်၍ ယခု၌ရှိသော မြေပုံနှင့် အလွန်ရှေးကျသော မဟာဂေါဝိန္ဒသုတ်၌ ဟောကြားတော်မူသည့်အတိုင်း နယ်ပယ်တို့ကား အခါကာလ အလွန်ကွာခြားကြသဖြင့် အပိုင်းအခြားနယ်များ သတ်မှတ်ခြင်းတို့မှာ တူညီနိုင်ဖို့ မရှိသော်လည်း ယခုခေတ် လူတို့အားလျော်စွာ ပိုင်းခြားမှတ်သားနိုင်ဖို့ရန် ယခု အိန္ဒိယမြေပုံနှင့်ပြပါလျှင် မဟာနဒီမြစ်နှင့် ဂေါဒါဝရီမြစ် ၂-ခုတို့၏အတွင်း အရှေ့တောင်ဘက် နယ်စပ်ဖြစ်သည့်အပြင် အနောက်တောင်နယ်စပ်မှာလည်း ဂေါဒါဝရီမြစ်, ကဏှမြစ်တို့ကို ဖြတ်ကျော်လျက် တောင်ဘက်ကျွန်းဆွယ် ယခု ကိုမိုရင်အငူ ရှေးပဏ္ဍုတိုင်းနယ် အငူသို့ထိအောင် အိန္ဒိယတောင်ပိုင်း နယ်ပယ်များဖြစ်သင့်ကုန်၏။

## ဒန္တပုရမြို့တော်

၎င်းမြို့တော်၏ အမည်ရင်းမှာ ဒန္တပုရဖြစ်သော်လည်း အလွန်ရှေးကျ၍ ကာလရှည်လျားလှသဖြင့် အမည်နာမ မပြောင်းလဲဘဲ သို့မဟုတ် မပျက်ပြားဘဲ မတည်နိုင်ကြောင်းမှာ မယုံမှားအပ်သည့်ပြင် ၎င်း၏ တည်ရာဌာန အရပ်ဒေသ, နယ်ပယ်အပိုင်းအခြားတို့လည်း တစ်လက်ထက်မှတစ်လက်ထက် ရွှေ့ရှားပြောင်းလဲတတ်ကြောင်းကား ထင်ရှားသောကြောင့် ရှေးအခါက ဖြစ်ခဲ့ကြသော တိုင်း, နယ်, မြို့တော်များ၏ အမည်နာမ ဝေဖန်ရန်ခဲယဉ်း၏။

မြို့ရွာဒေသတို့သည် အကြောင်းအားလျော်စွာ နေရာဌာနနှင့် အမည်နာမတို့ ရွှေ့ရှားပြောင်းလဲတတ်သဖြင့် ရှေးကသမုတ်ရင်း အမည်နာမအတိုင်း တည်နေရန် ခဲယဉ်းသော်လည်း ကျမ်းဂန်ရာဇဝင် အစဉ်အလာကို ထောက်ဆ ညှိနှိုင်းခြင်းအားဖြင့် သိရှိနိုင်ကြကုန်၏။

၎င်းဒန္တပုရမြို့တော်ကား ကာရင်ဂျပတန် သို့မဟုတ် ကောရင်ဂျပတန်ခေါ်သော ကောရင်ဂီလူမျိုးတို့၏ နေရာဖြစ်သော ကောရင်ဆိပ်ကမ်းအနီး ဂင်္ဂါမြစ်ဝမှ မိုင်းပေါင်း-(၅၃၄)ငါးရာခုနစ်ဆယ့်လေးမိုင် ကွာဝေးသောအရပ်၌ ရှေးအခါက ဂရိတ်လူမျိုးများ မှတ်တမ်းအရ ဒန္တဂုဋသို့မဟုတ်ဒန္တဂူဋ-ဟု ရေးသားသော ယခုအခါ မြေပုံများမှာမူ ရာဇ-မေဏ္ဍရီ အမည်တွင်သောမြို့ ဖြစ်သင့်ကြောင်း အိန္ဒိယရှေးဟောင်း ပထဝီဝင်ဆရာများနှင့် ရှေးဟောင်းရာဇဝင်ဆရာများ အညီအညွတ် မှတ်သားကြကုန်၏။ ၎င်းတို့၏အမှတ်အသားအတိုင်း ဒန္တဂူလ, ဒန္တပုရတို့မှာ အက္ခရာအားဖြင့် အနည်းငယ် ကွာခြားစေကာမူ ကာလရှည်လျား၍ ကွဲပြားသင့်သည်ကား အသင့်ယုတ္တိရှိနိုင်၍ ယခုမြေပုံအရ ရာဂျမေဏ္ဍရီ-ရာဇမေဏ္ဍရီအက္ခရာ, ပုဒ်, ပါဒ် မစပ်သဖြင့် မသင့်နိုင်-ဟု ထင်မှတ်စရာရှိသော်လည်း အုပ်ချုပ်စိုးစံသောမင်းအားလျော်စွာ အမည်နာမတို့ ပြောင်းလဲတတ်ကြသဖြင့် နေရာဌာနသာဖြစ်သင့်သည့် ယုတ္တိတန်သလောက် နှိုင်းဆခန့်မှန်း၍ ယူရပေမည်။

၎င်းတို့နှင့်စပ်၍ ၎င်းနယ်ပယ်အတွင်းတွင် ပါဝင်ကြသော မြို့, ရွာ, ဒေသအရပ်ဌာန အဖြစ်အပျက် အတ္ထုပ္ပတ်များ ရေးသားသင့်သော်လည်း ယခုရေးဆဲဖြစ်သော ၇-တိုင်း, ၇-ဌာန အကြောင်းအရာများသည် နောင်ရေးလတ္တံ့ဖြစ်သော မြတ်စွာဘုရားအာဏာတော်မြတ် ပြန့်နှံ့ရာဌာန သောဠသခရိုင်, ဗုဒ္ဓနိုင်ငံတော်ကြီး၏ အခြေခံနိဒါန်းမျှသာ ဖြစ်၍ ရေးသင့်ရေးထိုက်သော နောက်ပိုင်းများ၌ ဖြစ်ခဲ့ဖူးသော အကြောင်းအရာ အတ္ထုပ္ပတ်များကိုလည်းကောင်း, ရာဇဝင်မှတ်တမ်း တစ်ကျမ်းနှင့်တစ်ကျမ်း မတူညီကြသည်ကို လည်ကောင်း ထုတ်ဖော်ရေးသား ရှင်းလင်းဖြေကြားရပေလိမ့်မည်။

## ၂။ အဿကတိုင်း၊ ပေါတနမြို့တော်

အဿကတိုင်းမှာ မဟာဂေါဝိန္ဒသုတ်အရ ဆိုခဲ့ပြီးသော ကလိင်္ဂတိုင်းကြီးနှင့် ဆက်စပ်လျက် အစဉ်အားဖြင့် တည်နေသင့်ကြောင်း ဟောတော်မူသော အစဉ်အတိုင်း တည်နေသင့်သည်ကို သိရသည့်အပြင် မြတ်စွာဘုရား ဟောကြားတော်မူသော သုတ္တန်ပါဠိ, ပါဠိတော်, ဝိမာနဝတ္ထုပါဠိတော်, ၎င်းအဋ္ဌကထာများ၌ ၎င်းဒက္ခိဏာပထ အိန္ဒိယတောင်ပိုင်း နိုင်ငံများနှင့်စပ်၍ ဟောကြားတော်မူအပ်သော များစွာသောသုတ္တန်များ ထောက်ထားသဖြင့် သာလွန်ထင်ရှားစွာ ၎င်းတိုင်း ၂-ရပ် နီးကပ်လျက် တည်ရှိကြောင်း သိသာ၏။ သို့သော်လည်း **ရှေးအကျဆုံး ရှာဖွေရရှိသော ဝေဒန္တခေတ် မြေပုံ**, နယ်ပုံများ၌၎င်း အဿက ဟူသောအမည်နှင့် ပေါတနဟူသော အမည်များကို မတွေ့ရသည့်အပြင် ရှေးရာဇဝင် မြေပုံများ၌လည်း ထင်ရှား မဖော်ပြသည်မှာ ၎င်းတို့သည် ဗုဒ္ဓဘာသာနှင့်ဆက်နွယ်ကြ၍ ဗုဒ္ဓဘာသာကျမ်းဂန်များကို ပမာဏထားသဖြင့် ရေးသား ပြုစုကြသော ကျမ်းဂန်များမဟုတ်ကြသောကြောင့် ၎င်းတို့ကို အခိုင်အမာ အကိုးအကား အထောက်အထားပြုရန် အရေးမကြီးလှသဖြင့် အထူးရေးသားဖော်ပြဖို့ မလိုပေ။

ဤနေရာအကျဉ်းမျှ ရေးသားရခြင်းဖြစ်၍ တိုင်းကြီးသောဋ္ဌသ ဗုဒ္ဓနိုင်ငံတော် အခမ်းအနား၌လည်း ရေးသားလတ္တံ့ဖြစ်သဖြင့် အထူးရေးသားဖွယ် မလိုသေးသော်လည်း ၎င်းတိုင်းနှင့် စပ်လျဉ်းရေးသားကြသော အချို့မှတ်တမ်းများ ကွဲပြားသော အယူအဆနှင့် နေရာဌာန ဝေဖန်ပိုင်းခြားခြင်း ကွဲပြားသည်ကိုရေးသားရန် လိုအပ်သည်ဖြစ်၍ အကျဉ်းအမြွက်မျှ အနည်းငယ်ရေးသားရပေမည်။ အင်္ဂလိပ်ဘာသာအားဖြင့် အိန္ဒိယ ဗုဒ္ဓဘာသာ ကျမ်းကိုရေးသားသော ကျမ်းဆရာကြီး ဒေးဗစ်သည် ၎င်း၏ကျမ်း၌ ဗုဒ္ဓဘာသာကျမ်းဂန်များအရ အဿကတိုင်းနှင့် ပေါတနသို့မဟုတ် ပေါတလီမြို့တော်မှာ ဂေါဒါဝရီ မြစ်ကမ်း၌ တည်ရှိသင့်သော်လည်း ၎င်းမှာ နောက်မှ ဖြစ်ပွားသောနိုင်ငံ ဖြစ်လိမ့်ခဲ့မည့်အပြင် ၎င်းဌာန၌ အမည်နာမ ရှာဖွေမရသဖြင့် အဝန္တိတိုင်းမှ အနောက်မြောက်ကျသော နယ်များဖြစ်သင့်ကြောင်း ရေးသားဖော်ပြလေသည်။

၎င်းပြင်လည်း အချို့မှာ ရာဇပုတ္တနနယ်ဖြစ်သင့်ကြောင်း၊ ပုတ္တန, ပုတနနှင့် ပေါတနမှာ အနည်းငယ်သာလျှင် ကွဲပြားလျက် ၎င်းပေါတနမှ ပုတနပြောင်းလဲလာပြီးနောက် ရာဇဟူသော စကားကို အကြောင်းအားလျော်စွာ နောက်အခါမှ ထပ်ဆင့်သောအမည် ဖြစ်သင့်ကြောင်း ရေးသားကြသော်လည်း ရာဇပုတ္တနမှာ ယုတ္တိအားဖြင့် အခြားဖြစ်သည်မှာ-

- ၎င်းသည် သောဝိရတိုင်း၌ ဗလဒေဝ, ဝါသုဒေဝ စသော မင်းသားများ စိုးစံသော နယ်ဖြစ်၍ ၎င်းမင်း သားများ၏ အမည်ဖြစ်သော ရာဇပုတ္တဟူသော အမည်နာမ

ဖြင့် ရာဇပုတ္တနမင်းသားများ တိုင်းနယ်-ဟု ခေါ်တွင်လာကြောင်း ထင်ရှားသည့် အပြင်-

ရောရုကမြို့တော်မှာလည်း ၎င်းရာဇပုတ္တနယ်, အာဝန္တိတိုင်း၏ အနောက်မြောက်မှာ တည်ရှိသဖြင့် အဿကတိုင်း မဟုတ်ကြောင်း သောဝိရတိုင်းသာလျှင် ဖြစ်သင့်ကြောင်း--- ထင်ရှား၍ အထူးရေးသားဖို့ မလိုတော့ပေ။

ထို့ပြင်လည်း ကင်းဘရိတ်၊ ယူနီဗာစီတီ နောက်ဆုံးအင်္ဂလိပ်ဘာသာအားဖြင့် ထုတ်ဝေသော အိန္ဒိယရာဇဝင်ကျမ်းကြီး၌လည်း ရှေးအခါက ဟိုက်ဟယ, အဿက, ဝိတိ-ဟောတ္တရ နယ်ပယ်များကို ယာဒုမင်းမျိုးများ စိုးမိုးအုပ်ချုပ်၍ နောက်အခါ၌ အဝန္တိတိုင်းနှင့် ပေါင်းစပ်သည့်အပြင် ချမ်ဗါလ် သို့မဟုတ် စမ္ဗာမြစ်မှ တောင်ဘက်ကျသော နယ်ပယ်များဖြစ်ကြောင်းရေးသား၏။ ၎င်းတိုင်းမှာ အလယ်ပိုင်း ဗာရာဏသီမှ ထောက်စာလျှင် အနောက်တောင်ပိုင်းကျသော နယ်ပယ်ဖြစ်သဖြင့် အရှေ့ဘက်မှ ကလိင်္ဂတိုင်းနှင့် စပ်၍ အနောက်ဘက်မှာ အဝန္တိတိုင်းနှင့် စပ်လျက်ရှိသည့်ပြင် တောင်ဘက်မှာ အိန္ဒိယတောင်စွန်း သမုဒ္ဒြာအထိ နယ်ပယ်များဖြစ်ကြောင်း၊ ရှေးအခါက တစ်တိုင်း တစ်နိုင်ငံတည်း ဖြစ်သော်လည်း နောက်အခါ၌ကား တိုင်းပေါင်းများစွာ တိုးတက်လာ၍ အမည်အမျိုးမျိုး အပိုင်းအခြား အမျိုးမျိုး ကွဲပြားလာကြောင်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## ၃။ အဝန္တိတိုင်း၊ မဟေသယမြို့တော်

အဝန္တိတိုင်းမှာ မဟာဂေါဝိန္ဒပုဏ္ဏားကြီး တည်ထောင် ဖန်ဆင်းပြီးနောက် ဇာတ်တော်, နိပါတ်တော်များ၌လည်း ထင်ရှားကျော်ကြားလျက် မြတ်စွာဘုရား လက်ထက်တော်သို့တိုင်အောင်ပင် အစဉ်မပျက်တည်လာသော နိုင်ငံကြီးတခုဖြစ်သည့်ပြင် ယခုခေတ်တိုင်အောင်လည်း ထင်ရှားလျက်ရှိသော တိုင်းကြီးတစ်ခုဖြစ်၍ အထူးရေးသားရန် မလိုသော်လည်း တိုင်းနယ်ပယ်အပိုင်းအခြားတို့မှာ ရှေးခေတ်အခါ၌ ကွဲလွဲကြမည်မှာ အမှန်ဖြစ်သဖြင့် ၎င်းနှင့် စပ်လျဉ်းသော အကြောင်းအရာများကို အနည်းငယ်မျှ ရေးသားရပေမည်။ ၎င်းနယ်ပယ်အပိုင်းအခြားမှာ ရှေးအခါနှင့် ယခုခေတ်ကား စပ်၍ မဖြစ်နိုင်လောက်အောင် ခြားနားလျက် ဤ ၇-တိုင်း ဝေဖန်စဉ်က ယခုအခါထက် နယ်ပယ်ကျယ်ဝန်းခဲ့မည် ဖြစ်သော်လည်း နောက်လက်ထက်များ၌ တိုင်းနိုင်ငံများ ခွဲခြားပြီး အုပ်ချုပ်ကြသောကြောင့်သာဖြစ်၍ ယခုခေတ်မလိုက်ဘဲ ရှေးတည်ထောင်ရင်း နိုင်ငံအတိုင်း ရှိသင့်သည်မှာ-

- အရှေ့တောင်ဘက် နယ်စပ်မှာ အသာကတိုင်းနှင့် စပ်၍ အနောက်မြောက်ဘက်မှာ ဝိန္ဓျတောင်တန်း နမ္မဒါမြစ်ကမ်းတလျှောက် သောဝီရတိုင်းနှင့် စပ်လျက်တည်ရှိသင့်၏။

နယ်ပယ်အကျယ်အဝန်း အပိုင်းအခြားမှာကား ကာလရှည်လျားသဖြင့် အမှန်အကန် အမြဲတည်နေနိုင်ရန် မဖြစ်နိုင် အောင် ခဲယဉ်းကုန်၏။

## မဟေဿယမြို့တော်

၎င်းအဝန္တိတိုင်း၏ မြို့တော်မှာ မဟာဂေါဝိန္ဒပုဏ္ဏားကြီး တည်ထောင်စဉ်က မဟေဿယမြို့တော်ဖြစ်သော်လည်း မြတ်စွာဘုရား လက်ထက်တော်မှာ ဥဇ္ဇေနီမြို့တော်ဖြစ်နေသည်ကား ၎င်းမဟေဿယ-ဟူသော အမည်မှာ နောက်၌တည်ထောင်သော မြို့တော်ဖြစ်၍ ၎င်းမဟေဿယမြို့တော်သည်ကား ရှေးဟောင်းရာဇဝင် မှတ်တမ်းများ၌လည်းကောင်း, သက္ကတကျမ်းစာများ၌လည်းကောင်း ရေးသားသော မဟိဿမတိခေါ် နမ္မဒါမြစ်တောင်ဘက်ကမ်း၌ တည်ရှိသော မြို့ဟောင်းကြီးဖြစ်ကြောင်း, ၎င်းအမည်မှာ မဟေဿယမဟိဿ, မဟိဿယ-ဟု အနည်းငယ်မျှသာ ခြားနားကြောင်း နေရာဌာနမှာလည်း မှန်နိုင်လောက်သည်-ဟု ယူဆထိုက်ကြောင်း, ရှေးဟောင်းပထဝီဝင်ဆရာကြီးများ ရေးသားသည်မှာ အမှန်ဟုပင် မှတ်ယူသင့်၏။

ဤဇမ္ဗူဒီပါကျွန်းကြီးမှာ မြတ်စွာဘုရားလက်ထက်တော်က များသောအားဖြင့် အလယ်ပိုင်း၌ တိုင်းကြီး ၁၆-တိုင်း ရှိနေသဖြင့် ရှေး ၇-တိုင်းမှ ၂-ဆမျှ တိုင်းနယ်ကွဲပြား၍ တိုင်းနိုင်ငံတို့၏ အကျဉ်းအကျယ်ကား မတူညီနိုင်သည့်ပြင် မြို့တော်သစ်များလည်း တည်ဆောက်ကာ နေရာဌာန မတည်မြဲနိုင်ဘဲ ခေတ်အားလျော်စွာ ပြောင်းလဲမည်ဖြစ်သောကြောင့် တိုင်းနိုင်ငံ တည်ရာဌာနသာ ပမာနထားလျက် ပိုင်းခြားဝေဖန်အပ်ကုန်၏။ ထိုမှတပါး အကြောင်းအရာ အတ္ထုပ္ပတ်နှင့် အသေးစိတ် စိစစ်ချက်များသည် နောက်သောဥဒ္ဒေသအပိုင်း၌ ထင်ရှားလတ္တံ့ဖြစ်၍ အထူး မစိစစ်တော့ပြီ။

## ၄။ သောဝီရတိုင်း၊ ရောရုကမြို့တော်

သောဝီရတိုင်းကြီးမှာ မဟာဂေါဝိန္ဒပညာရှိကြီး တည်ထောင်ရင်းအတိုင်း သိန္ဓုတိုင်းနှင့်စပ်လျက် အဝန္တိတိုင်း၏ မြောက်ဘက်ကျသဖြင့် ဥတ္တရပထခေါ် အိန္ဒိယမြောက်ပိုင်း တိုင်းနိုင်ငံအပိုင်းအခြားတွင် အစိတ်အပိုင်းအားဖြင့် ပါဝင်သော တိုင်းနယ်ဖြစ်သောကြောင့်

ယခုအခါ အနောက်မြောက်တိုင်းများဖြစ်သော **သိန္ဓုမြစ်အထက်ပိုင်း နိုင်ငံများဖြစ်ကြောင်း** မှတ်ယူသင့်၏။ ၎င်းတိုင်းနိုင်ငံသည်လည်း ဇာတ်တော်, နိပါတ်တော်များ၌ ထင်ရှားသော တိုင်းကြီးတစ်ခုဖြစ်သည့်အပြင် မြတ်စွာဘုရား လက်ထက်တော်၌ပင် ထင်ရှားရှိ၍ အိန္ဒိယ အလယ်ပိုင်း၊ မဇ္ဈိမဒေသရှိ တိုင်းနိုင်ငံတို့မှ သိန္ဓုတိုင်း, သောဝီရတိုင်းတို့သို့ ကုန်ကူးသန်း ရောင်းဝယ်ရန် သွားကြကြောင်း ဝိမာနဝတ္ထု, ပေတဝတ္ထုတို့၌ ထင်ရှားစွာလာ၏။

## ရောရုကမြို့တော်

၎င်းသောဝီရတိုင်း၏မြို့တော် ရောရုကဖြစ်၍ အချို့ရောရုဝခေါ်ကြသော ရှေး ဇာတ်တော်, နိပါတ်တော်များ၌လည်း ထင်ရှားပါရှိသော မြို့တော်ကြီးတစ်ခု ဖြစ်သည့်အပြင် မဇ္ဈိမဒေသ အလယ်ပိုင်း တိုင်းနိုင်ငံများမှလည်း ရှေးအခါသမယက ကုန်သည်ကြီးများ သွားလာရာလမ်း စခန်းအဖြစ်ဖြင့် ခမ်းနားကြီးကျယ်သော မြို့တော်ကြီး ဖြစ်ခဲ့လေသည်။ သို့သော်လည်း ယခုအခါ ခေတ်ပထဝီ မြေပုံများ၌မူကား ၎င်းမြို့တော်၏နေရာ အသေအချာ ဖြစ်သော႒ာန နီးစပ်သော အမည်နာမများကိုပင် ထင်ရှားအောင် ရှာဖွေ၍ မရသည်မှာ ကာလရှည်လျားသည်အားလျော်စွာ ခေတ်အခါကာလ ပြောင်းလဲ၊ အမည်နာမ ကွဲပြား၊ ရှေးအမည်အစများ တိမ်မြုပ်သွားသောကြောင့်သာ ဖြစ်သင့်၍ ၎င်းတိုင်းနယ်များကိုသာ အမှန်ပိုင်းခြား မှတ်သားအပ်ကုန်၏။

## ၅။ ဝိဒေဟတိုင်း၊ မိထိလာမြို့တော်

မဟာဂေါဝိန္ဒ ဖန်ဆင်းတည်ထောင်သော ဝိဒေဟတိုင်းကြီးမှာ-

- အလယ်ပိုင်း ကာသိတိုင်း၊ ဗာရာဏသီမြို့တော်မှ ထောက်စာလျှင် မြောက်ဘက်ကျ သော နယ်ပယ်များ ဖြစ်သင့်သောကြောင့်,
- ၎င်းတိုင်းနိုင်ငံ အပိုင်းအခြားမှာ အနောက်ဘက်၌ သောဝီရတိုင်း ဂင်္ဂါမြစ်ကမ်း တလျှောက် နယ်ပယ်များ ပိုင်းခြားသင့်သည်အပြင်,
- အရှေ့တောင်ဘက်မှာ အင်္ဂတိုင်းနှင့် နယ်စပ်ဖြစ်သော ဂင်္ဂါဖြစ်၏ မြောက်ဘက် ကမ်း အစီရဝတီမြစ်ဝှမ်း အရှေ့ မြောက်ယွန်းယွန်း နယ်ပယ်များဖြစ်သင့်၍,
- မြောက်ဘက်မှာကား ဟိမဝန္တာရောက် နယ်ပယ်များဖြစ်သင့်၏။

၎င်းတိုင်းကြီးသည် ရှေးဇာတ်တော်, နိပါတ်တော်များတွင် ထင်ရှားသော ဘုန်းတန် ခိုးကြီးမားသော မင်းကြီးများ စိုးစံအုပ်ချုပ်ရာ နိုင်ငံကြီးတစ်ခုဖြစ်၍ မြတ်စွာဘုရား

လက်ထက်တော်က ထင်ရှားကျော်ကြားလျက် ဘုရားရှင်လည်း လေးမြင့်ကြာရှည်စွာ သီတင်းသုံးရာဌာန တိုင်းနယ်ကြီးတစ်ခု အဖြစ်ဖြင့် ထင်ရှားလှသောတိုင်းကြီးကား ကောသလတိုင်းကြီးဖြစ်ရာ ၎င်းတိုင်းမှာ ရှေးအခါက ဝိဒေဟတိုင်းတွင် ပါဝင်သင့်ကြောင်း မှတ်သားအပ်၏။

## မိထိလာမြို့တော်

၎င်း၏မြို့တော်ကား မဟာဂေါဝိန္ဒပုဏ္ဏားကြီး ဖန်ဆင်းတည်ထောင်စဉ်က မိထိလာမြို့တော်ဖြစ်သည့်အပြင် များစွာသော ဇာတ်တော်, နိပါတ်တော်တို့တွင်လည်း ၎င်းအမည်ဖြင့် ကျော်ကြားထင်ရှားခဲ့၍ အချို့မှတ်တမ်းများ၌ကား မဟာဇနကမင်းကြီး စိုးစံအုပ်ချုပ်ဖူးသော မြို့တော်ဖြစ်သောကြောင့် ဇနကပုရဟူ၍လည်း ခေါ်ဝေါ်ရေးသားကြကုန်၏။ ၎င်းမိထိလာမြို့တော်မှာ ရှေးအခါက ဘုရားလောင်း သူတော်ကောင်း သူတော်မြတ်တို့ စံနေရာဌာန ထင်ရှားလှသော်လည်း မြတ်စွာဘုရား လက်ထက်တော်ကား မင်းနေပြည်မဟုတ်ဘဲ ဗြဟ္မာယုပုဏ္ဏားကြီး စိုးမိုးလျက် နေသော မြို့ကြီးမျှသာ ဝဇ္ဇီတိုင်း၊ ဝေသာလီမြို့တော်ကြီးသာလျှင် ထင်ရှားလျက်ရှိ၏။ ၎င်းအကြောင်းနှင့် စပ်လျဉ်းသော အသေးစိတ်အကြောင်းများ နောက်ဖြစ်သော ကဏ္ဍများ၌ ရေးသားလတ္တံ့ဖြစ်၍ အထူးအထွေ မရေးသားတော့ဘဲ အကျဉ်းအားဖြင့် ဤမျှ မှတ်သားအပ်ကုန်၏။

## ၆။ အင်္ဂတိုင်း၊ စမ္ပာမြို့တော်

အင်္ဂတိုင်းကြီးမှာ မဟာဂေါဝိန္ဒပညာရှိကြီး တည်ထောင်စဉ်က ကျယ်ဝန်းလှသော နယ်ကြီးဖြစ်၍ မဂဓတိုင်းကြီးလည်း ၎င်းတိုင်းနယ်အတွင်းမှာ ပါဝင်ခဲ့ရာ နောက်ခေတ်အခါတို့၌ကား ၎င်းမဂဓတိုင်းကြီး၏ တန်ခိုးအာဏာများ ကြီးမားလွှမ်းမိုးလျက် မြတ်စွာဘုရားလက်ထက်တော်၌မူ ၎င်းမဂဓတိုင်း၏ လက်အောက်မြို့စား သောဏဒဏ္ဍပုဏ္ဏားကြီးအုပ်ချုပ်သော တိုင်းနယ်သာဖြစ်ကြောင်း ၎င်းတိုင်းနှင့် စပ်လျဉ်း၍လည်း များစွာသော ဇာတ်တော်, နိပါတ်တော်များ လက်ထက်တော်က ဟောကြားတော်မူသော များစွာသော သုတ္တန်များ ထင်ရှားရှိကုန်၏။

## စမ္ပာမြို့တော်

၎င်းတိုင်း၏ မြို့တော်ကား မဟာဂေါဝိန္ဒ ပညာရှိကြီး တည်ထောင်ဖန်ဆင်းခဲ့သော စမ္ပါဟူသော အမည်အားဖြင့် မပျက်မကွက် ဇာတ်တော်, နိပါတ်တော် အဆက်ဆက်၌လည်း

ထင်ရှားခဲ့သည့်အပြင် မြတ်စွာဘုရားလက်ထက်တော်၌မှာပင် ၎င်းမြို့တော်နှင့်စပ်၍ သုတ္တန် အရပ်ရပ် ဟောကြားတော်မူရာ ဌာနဖြစ်၍ ထင်ရှားကြောင်း ပိဋကတ်ကျမ်းစာ အခိုင်အမာ ရှိသဖြင့် အထူးရေးသားဖွယ် မလိုတော့ပြီ။ ၎င်းတိုင်းနိုင်ငံနှင့် မြို့တော်မှာ မဟာဂေါဝိန္ဒ ပညာရှိကြီးတည်ထောင်သော အစဉ်အားဖြင့် **သောဝီရတိုင်း, ကလိင်္ဂတိုင်းတို့၏အကြားရှိ တိုင်းနယ်များဖြစ်သင့်၍** အလည်ဗဟို တိုင်းနိုင်ငံဖြစ်သော ကာသိတိုင်းမှ ထောက်စာလျှင် အရှေ့ဘက်ကျသော တိုင်းကြီးတစ်ခု ဖြစ်သင့်ကြောင်းမှာ ယခုကာလမြေပုံ မှတ်တမ်း ရေးသားသူတို့၏ အယူအဆဖြစ်သော ဂင်္ဂါမြစ်အနီး ၎င်း၏မြို့တော် နေရာဌာနရှိသင့် ကြောင်း ရေးသားကြသည်နှင့် ကိုက်ညီသည့်အပြင် ထိုဂင်္ဂါမြစ်အကြောင်း မြတ်စွာဘုရား ဟောတော်မူသော သုတ်များနှင့်လည်း ကိုက်ညီသောကြောင့် သာလွန်ခိုင်မာ၏။

## ၇။ ကာသိတိုင်း၊ ဗာရာဏသီမြို့တော်

ကာသိတိုင်းကြီးမှာ ရှေးအခါသမယကစ၍ ယခုကာလတိုင်အောင်ပင် အစဉ် သဖြင့် ကြီးပွားထွန်းကားလာသော တိုင်းနိုင်ငံကြီးတစ်ခုဖြစ်၍ မဟာဂေါဝိန္ဒပညာရှိကြီး တည်ထောင်ဖန်ဆင်းပြီးနောက် ဘယ်သောအခါမှ ပပျောက်တိမ်ကောခြင်းမရှိသော တိုင်းကြီး တစ်တိုင်း ဖြစ်သည့်ပြင် ဗာရာဏသီမြို့တော်ကြီးမှာလည်း ဇာတ်တော်, နိပါတ်တော်များ၌ အထင်အပေါ် အကျော်အကြားဆုံးဖြစ်၍ "ပြည်မသိ ဗာရာဏ၊ မင်းမသိ ဗြဟ္မဒတ္တ"ဟု ဗုဒ္ဓဘာသာတိုင်း ဆိုစမှတ်ဖြစ်လောက်အောင်ပင် ထင်ရှားလာခဲ့သော မြို့တော်ကြီးဖြစ် သဖြင့် အထူးရေးသားဖွယ် မရှိပေ။ သို့သော်လည်း ၎င်းမြို့တော်ကြီးမှာ မဟာဂေါဝိန္ဒပညာ ရှိကြီး တိုင်းနယ်တို့ကို မဝေဖန်မီ ရှေးအခါကမူကား---

ရမ္မနဂရ-ဟူ၍လည်းကောင်း သုရုန္ဓနဂရ-ဟူ၍လည်းကောင်း
သုဒဿန-ဟူ၍လည်းကောင်း ဗြဟ္မဝဍ္ဎနဂရ-ဟူ၍လည်းကောင်း
ပုပ္ဖဝတီနဂရ-ဟူ၍လည်းကောင်း---

၅-မည် ပြောင်းလဲလာကြောင်း ဇာတ်နိပါတ်တော်၌ လာ၏။

၎င်းတိုင်းနိုင်ငံကြီးသည် ၆-တိုင်းတို့ဖြင့် ဝန်းရံလျက် အလယ်ချက်ချာ ဖြစ်သော နိုင်ငံကြီးဖြစ်၍---

- အရှေ့ဘက်မှာ အင်္ဂတိုင်း,
- အရှေ့မြောက်ဘက်နှင့် အနောက်မြောက်မှာ ဝိဒေဟတိုင်းနှင့် သောဝီရတိုင်း,
- အနောက်ဘက်မှာ အဝန္တိတိုင်း,

- အရှေ့တောင်နှင့် အနောက်တောင်ဘက်မှာ ကလိင်္ဂတိုင်းနှင့် အဿကတိုင်းများ ရှိသင့်ကြောင်း ၎င်းပြင် မြစ်များ, တောင်များ၏အမှတ်အသားမှာ အရှေ့ဘက်ဂင်္ဂါ, အစီဝရတီမြစ်ဆုံ မြစ်ဝှမ်းဖြင့် ပိုင်းခြား၍ အနောက်မြောက်ဘက်၌ ယမုနာ, စမ္ဗါမြစ်ဆုံဖြင့် ပိုင်းခြားသင့်သည်အပြင် အနောက်ဘက်မှာ ဝိန္ဓျတောင်စွယ်နှင့် အနောက်တောင် အရှေ့တောင်တို့မှာ နမ္မဒါမြစ်ဖျား, မဟာနဒီမြစ်ဖျားတို့ဖြင့် ပိုင်းခြားသင့်၏။

၎င်းမြို့တော်ကြီးသည် ဓမ္မစကြာတရားတော်မြတ် လက်ဦးဟောတော်မူရာဖြစ်၍ ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်သူများတွင် သာမက တစ်ကမ္ဘာလုံးက အသိအမှတ်ပြုကြောင်းကား ထင်ရှားသဖြင့် အထူးရေးသားရန် မလိုတော့ပေ။ ၎င်းမြို့တော် တည်ရာဌာနမှာလည်း ဂင်္ဂါမြစ်ကွေ့ အနောက်ဘက်ဆိပ်ကမ်း၌ တည်ရှိ၍ သက္ကတကျမ်းဂန်များနှင့် ဟိန္ဒီအယူဝါဒ ရှိသူများက ၎င်းမြို့တော်ကား **ဝါဏရမြစ်နှင့် အသီမြစ်လက်တက် ၂-ခု တို့၏ အကြား၌** တည်ရှိသဖြင့် ဗာဏရ+အသီ=ဗာရာဏသီ-ဟု ခေါ်ဆိုကြောင်း ရေးသား ဖော်ပြကုန်၏။

✪ ✪ ✪ ✪ ✪

## ၇-တိုင်းကို အုပ်ချုပ်သော မင်းများအကြောင်း

၎င်းဆိုခဲ့ပြီးသော တိုင်းကြီး ၇-တိုင်း, ပြည်ကြီး ၇-ပြည်ထောင်တို့၌ ထီးနန်းစိုက်ထူလျက် စိုးစံအုပ်ချုပ်ကြသော မင်း ၇-ပါးတို့၏ အမည်သာမည သတ္တဘူဗြဟ္မဒတ္တ စသည်ဖြင့် နောက်ကပြဆိုခဲ့ပြီးသော အစဉ်အတိုင်းသာ ဟောကြားတော်မူ၍ မည်သည့်မင်း, မည်သည့်တိုင်းနိုင်ငံ၌ စိုးစံကြောင်း အသေအချာ မပြဆိုသော်လည်း အခြားဇာတ်တော်များ၌ ဘရတမင်းသည် သောဝီရတိုင်း၊ ရောရုဝသို့မဟုတ် ရောရုကမြို့တော်၌ စိုးအုပ်ဖူးကြောင်း အဋ္ဌကထာဖွင့်ကြသဖြင့် ၎င်းဘရတမင်းမှာ မဟာဂေါဝိန္ဒလက်ထက် တိုင်းနိုင်ငံ ခွဲဝေပေးသော ဘရတမင်းဖြစ်ခဲ့ပါလျှင် ကာသိတိုင်း၊ ဗာရာဏသီမြို့တော်ကြီးကို စိုးစံအုပ်ချုပ်သော ရေဏုမင်းကြီးကား ယုံမှားဖွယ်မရှိ၍ ၎င်းပြင် ဒီပဝင်၌လည်း အခိုင်အမာ ဖော်ပြထား၍ တိုင်းနိုင်ငံ, မြို့တော်အစဉ်အတိုင်း ဟောတော်မူသော မင်း ၇-ပါးလည်း အစဉ်အတိုင်း ဖြစ်သင့်သောကြောင့်---

၁။ သတ္တဘူမင်း --- ကလိင်္ဂတိုင်း
၂။ ဗြဟ္မဒတ္တမင်း --- အဿကတိုင်း
၃။ ဝေဿဘူမင်း --- အဝန္တိတိုင်း

၄။ ဘရတမင်း --- သောဝီရတိုင်း
၅။ မဟာဓတရဋ္ဌမင်း --- ဝိဒေဟတိုင်း
၆။ စူဠဓတရဋ္ဌမင်း --- အင်္ဂတိုင်း
၇။ ရေဏုမင်း --- ကာသိတိုင်း

ဎင်းတိုင်းအသီးသီးတို့၌ စိုးစံအုပ်ချုပ် မင်းပြုလုပ်ကြသည်-ဟု အစဉ်ကို မှတ်ယူသင့်၏။

ထိုသို့ မဟာဂေါဝိန္ဒ ပညာရှိပုဏ္ဏားကြီးသည် ဤဇမ္ဗူဒိပ အိန္ဒိယကျွန်းဆွယ်ကြီးကို ၇-တိုင်း, ၇-ဌာန ဝေဖန်ပိုင်းခြားပြီးလျှင် မင်းအသီးသီးတို့အား ဆုံးမသွန်သင် စီရင်ခန့်ခွဲပြီး နောက်ကာလကြာမြင့်စွာ တည်နေကြ၍ နောက်ခေတ်များ၌ကား ဎင်းတိုင်းနိုင်ငံများ၏ အဆက်ဆက်ဖြစ်သော မင်းတို့သည် အချင်းချင်း မညီညွတ်ကြသဖြင့် တိုင်းနိုင်ငံတို့လည်း အသီးသီးခြားနားကြလျက် ကွဲပြားလာခဲ့ကြကုန်၏။ ဎင်း ၇-တိုင်းမှ တိုင်းကြီး တိုင်းငယ် များစွာ ကွဲပြားလာခဲ့ကြလျက် ကွဲပြားလာခဲ့ကြခြင်း၏ အကြောင်းအရာနှင့်စပ်၍ မည်သည့် မင်း မည်သည့်လက်ထက်က မည်သည့်အကြောင်းကြောင့် ကွဲပြားလာခဲ့ကြသည်၊ မည်သည့် အချိန်အခါက ကွဲပြားလာခဲ့ကြသည်စသော အကြောင်းအရာတို့ကား ဇာတ်တော်, နိပါတ်တော် အထောက်ထားအားဖြင့်လည်းကောင်း, ရာဇဝင်မှတ်တမ်းများဖြင့်လည်းကောင်း, သက္ကတ ကျမ်းဂန်, ပုရာဏ်မဟာဘာရတစသော ကျမ်းဂန်အားဖြင့်လည်းကောင်း ဖော်ပြ ရေးသားခြင်း မရှိသော်လည်း တိုင်းနိုင်ငံတို့ကား ထင်ရှားရှိနေကြ၍ ဎင်းတို့၏ အကြောင်း ယုတ္တိထောက်ထားလျက် ဖြစ်သင့်သည်အားလျော်စွာ ကျမ်းဂန်မှီသလောက် ထောက်ဆရေး သားရပေမည်။

✪ ✪ ✪ ✪ ✪

## အိန္ဒိယနိုင်ငံခေါ်တွင်ခြင်း

ဤကျွန်းကြီးအကြောင်းအရာနှင့် စပ်လျဉ်း၍ သာသနိက ကျမ်းဂန်များမှတပါး အခြားသက္ကတ, ဟိန္ဒီ, က္လတိဟာသမှတ်တမ်း ကျမ်းဂန်များနှင့် ခေတ်အားလျော်စွာ ရေးသား ကြသော ရာဇဝင်နှင့် မှတ်တမ်းဆရာတို့၏အလိုအရ ဖော်ပြကြသည်ကား ဤဇမ္ဗူဒိပကျွန်း ကြီး၌ ရှေးအခါက ပေါ်ထွန်း၍လာခဲ့သော ခေတ်ကြီး ၃-ပါးအနက် ရှေးအကျဆုံးဟု ဎင်းတို့ ယူဆသော ဝေဒန္တခေတ် အခါသမယက ဟိန္ဒူကုသျှသို့မဟုတ် ဟိန္ဒီကုသအာသျှ အလယ်ပိုင်း တိုင်းနိုင်ငံအရပ်ဒေသတို့မှ ဟိန္ဒူအာရယန်ခေါ်ဟိန္ဒီအရိယာ လူမျိုးများသည် ဤဇမ္ဗူဒိပ

နိုင်ငံကြီးအတွင်းသို့ ချဉ်းနင်းဝင်ရောက်ကြစဉ် ဥတ္တရပထခေါ် မြောက်ဘက်နိုင်ငံ သို့မဟုတ် အနောက်မြောက်ဘက် နိုင်ငံများမှ ကျော်ဖြတ်လာကြရ၍ ပထမဦးစွာ သိန္ဓုဒေသ အနောက်တောင် သမုဒ္ဒြာသို့ စီးဆင်းသွားသော သိန္ဓု-ဣန္ဒု သို့မဟုတ် ဂရိတ်အခေါ် အားဖြင့် ဟိန္ဒူမြစ်ဝှမ်းသို့ ရောက်ကြသဖြင့် ၎င်းမြစ်ကြီး၏ အမည်ကို ပဓာနထားလျက် ၎င်း၏အနီးအနားတိုင်းနိုင်ငံများကိုလည်း သိန္ဓု-ဣန္ဒုနိုင်ငံ ၎င်းနိုင်ငံမှအစ ၎င်းနှင့် စပ်လျဉ်းသောတိုင်းနယ်များကိုလည်း အိန္ဒိယတိုင်း-အိန္ဒိယနိုင်ငံ-ဟု ခေါ်ကြသည့်အပြင် ဟိန္ဒီအာရယန်လူမျိုးများသည် ၎င်းတို့ ဝင်ရောက်ရာဌာန အရှေ့မြောက်မှ အရှေ့စွန်း, တောင်စွန်းသမုဒ္ဒြာသို့တိုင်အောင် ပြန့်နှံ့၍ တစ်နိုင်ငံလုံးကို အိန္ဒိယနိုင်ငံဟူ၍လည်းကောင်း၊ ဟိန္ဒူအာရယန်လူမျိုးတို့၏ နေထိုင် ရာဖြစ်၍ ဟိန္ဒူစတန် ဟိန္ဒူဆဌာန်ဟု ခေါ်ဆိုကြကုန်၏။

၎င်းပြင် ဤဇမ္ဗူကျွန်း အပိုင်းအခြားကိုလည်း အနောက်ဘက်မှ ၎င်းရာဇဝင်မှတ်တမ်း ကျမ်းဂန်များ၌လည်းကောင်း ဣန္ဒုမြစ်ဖြင့် ပိုင်းခြားကြ၍ ဟိန္ဒီများတို့ ၎င်းတို့၏ ဘာသာဝါဒ ကျမ်းဂန်ကြီးအဖြစ်ဖြင့် အလွန်လေးစားကြသော မဟာဘာရတ, ဣတိဟာသ-အိန္ဒိယ ရှေးရာဇဝင်ကျမ်းကြီး အလိုအားလျော်စွာ ၎င်းအိန္ဒိယနိုင်ငံကြီးကို---

၁။ အနောက်မြောက်ပိုင်း ၂။ အရှေ့မြောက်ပိုင်း
၃။ တောင်ပိုင်း ၄။ အလယ်ပိုင်း-

ဟု ၄-ပိုင်း ၄-ဌာန ခွဲခြား၍ ၎င်းဌာနများတွင်-

- အနောက်မြောက်မှ ဣန္ဒုမြစ်အထိ၊
- အရှေ့ မြောက်မှ ဂင်္ဂါမြစ်ဝအထိ၊
- တောင်ဘက်မှ ၎င်းတောင်သမုဒ္ဒြာ အငူအစွန်းသို့ ရောက်အောင် ပိုင်းခြား၍
- ၎င်းနယ် ၃-ရပ်တို့၏ အလယ်အချက်ချာကို အလယ်ပိုင်း-ဟု ခေါ်ဆိုကြ ကြောင်း ရေးသားမှတ်ထားကြကုန်၏။

✪ ✪ ✪ ✪ ✪

## ခေတ် ၃-ပါးအကြောင်း

အထက်ကရေးသားခဲ့ပြီးသည့်အတိုင်း ဟိန္ဒူအာရယန် လူမျိုးတို့၏နေထိုင်ရာ ဟိန္ဒူနိုင်ငံ သို့မဟုတ် အိန္ဒိယနိုင်ငံကြီး၏ ခေတ်များမှာ ထိုအာရယန် လူမျိုးများ ဝင်ရောက်လာသည်ကစ၍ ၃-ပါးဖြစ်ထွန်းလာခဲ့ကြောင်း ရေးသားကြသည့်အားလျော်စွာ ယခုအခါသမယ၌ ရှေးဟောင်းအကြောင်းအရာ အတ္ထုပ္ပတ်နှင့် ရှေးဟောင်းရာဇဝင်များ လိုက်စား

ကြသော သူအပေါင်းတို့ကလည်း ၎င်းတို့ကို ယုံကြည်သောအားဖြင့် အကိုးအကားထား၍ ဣန္ဒိယ ရှေးခေတ်ဟောင်းနှင့်ဆိုင်သော မှတ်တမ်းများ ရေးသားကြသဖြင့် ၎င်းတို့လေးစားကြသော ခေတ်ကြီး ၃-ပါး အကြောင်းအရာများကိုလည်း အကျဉ်းမျှ သိဖို့ရန် ပညာဗဟုသုတ ရှာဖွေကြသူတို့အဖို့ လိုအပ်သည့်အတိုင်း ထိုအကြောင်းများကို အကျဉ်းမျှ ရေးသားရပေမည်။

### ၎င်းဟိန္ဒီအယူဝါဒရှိသူတို့ လေးစားကြသော

ခေတ်ကြီး ၃-ပါးမှာ---

၁။ အရိယာဝတ္တ ဝေဒန္တခေတ်

၂။ ဘာရတဝသ ကာဗျခေတ်

၃။ ဗြာဟ္မဏဝတ္တ ဥပနိသာဒခေတ်-

များဖြစ်ကြ၍ ၎င်းခေတ် ၃-ပါးအားလျော်စွာ ပညာသုတ ဆည်းပူးအားထုတ်ကြသဖြင့် ကျမ်းဂန်များလည်း တစ်ရပ်စီ ခေတ်အခါအလျောက် ဖြစ်ပွားထွန်းကားကြလေသည်။

### ၁။ အရိယာဝတ္တ ဝေဒန္တခေတ်

ဆိုခဲ့ပြီးသောအတိုင်း အာရယန်လူမျိုးများသည် ဤဇမ္ဗူဒီပ အိန္ဒိယသို့ ချဉ်းနင်းဝင်ရောက်ကြသောအခါက ဤနိုင်ငံကြီးကို အာရ်ယာ ဝရ်တသို့မဟုတ် အရိယာဝတ္တ ခေါ်ဆိုကြ၍ ထိုစဉ်က ပညာရှိအများတို့သည် ဝေဒကျမ်းဂန်များ လေးစားလိုက်နာကြသဖြင့် ၎င်းတို့မှာ---

၁။ ရိဂ်, ဣသုဗေဒ ၂။ ယဇုဗေဒ ၃။ သာမဗေဒ-

များဖြစ်ကြ၍ ၎င်းဝေဒ ၃-ပုံသည် ထိုခေတ်အတွင်းက ဖြစ်ထွန်းခဲ့ကြသောကြောင့် ၎င်းခေတ်ကို ဝေဒခေတ်-ဟု ခေါ်ဆိုကြကြောင်း ရေးမှတ် သမုတ်ကြကုန်၏။ ၎င်းခေတ်အတွင်းမှာပင်-

ဗြာဟ္မဏ, ခတ္တိယ, ဝေဿ, သုဒ္ဒ ဟူ၍ လူတို့၏ အမျိုးဇာတ်များလည်း ကွဲပြားလာကြသည့်ပြင် ဗြာဟ္မဏအမျိုးဇာတ်ကို လေးမြတ်ကိုးစား အားထားဆည်းကပ်ကြကုန်သဖြင့် ၎င်းတို့၏ တန်ခိုးအာဏာများ ထွန်းကားလွှမ်းမိုးလာခဲ့ကြကုန်၏။

## ၂။ ဘာရတဝသ ကာဗျခေတ်

ဤသို့ ဆိုခဲ့ပြီးသော ဝေဒကျမ်းဂန်များ လေးစားကြသော ဝေဒန္တခေတ်ကြီး ထွန်းကားပြီးနောက် မဟာဘာရတမင်းကြီးသည် အိန္ဒိယနိုင်ငံကြီးအလုံးကို အုပ်ချုပ်စိုးစံသည်မှစ၍ ၎င်းနိုင်ငံကြီးကို ဘာရတဝသ-ဟု ခေါ်တွင်လာ၍ ၎င်းအခါက အစပြုပြီးလျှင် ၎င်းခေတ်အတွင်း၌ စီကုံးရေးသားသော ဣတိဟာသရာဇဝင်ကျမ်းကြီးကို မဟာဘာရတဟု ခေါ်ဝေါ် သမုတ်ခဲ့ကြလေသည်။ ထို့ပြင် ဤခေတ်အတွင်း၌ ရေးသားခဲ့ကြသော ကျမ်းဂန်များမှာ ဤမဟာဘာရတသာလျှင်မဟုတ် ဟိန္ဒူအများတို့ အထူးလေးစားယုံကြည်ကြသော ၎င်းတို့ဘာသာတွင် အလွန်ထင်ရှားသော လင်္ကာကျမ်းကြီးမှာ **ရာမာယနကျမ်းကြီး**ဖြစ်၍ ၎င်းကျမ်းကြီးကို **ဗာလမိကီ** ရေးသားခဲ့ကြောင်း၊ ထို့ပြင် ပဏ္ဍုမင်းမျိုးများနှင့် စစ်ဖြစ်ရာတွင် ဟိန္ဒူအများတို့ ဗိဿျဏုကိုယ်စား ဘုရားဟု ယုံကြည်ကြသော **ကရိဿျဏမင်းကြီး**သည် **စစ်သူကြီးအဇ္ဇုနအား** စစ်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ဟောကြားသော ဘဂဝါဂီတ, ဘဂဝတ်ဂီတာကျမ်းကိုလည်း ဟိန္ဒီအများတို့သည် ၎င်း၌ ယောဂအာတမ စသည်တို့ကို ဖော်ပြ၍ ၎င်းတို့၏ အဘိဓမ္မာ-ဟု ခေါ်ဆိုကြလေသည်။ ၎င်းခေတ်ကြီးမှာ ၎င်းရာမာယနလင်္ကာကျမ်းကြီးနှင့် ဘဂဝါဂီတလင်္ကာကျမ်းတို့မှ စ၍ ကာဗျလင်္ကာများ ထွန်းကားလာသောကြောင့် ကာဗျခေတ်ဟု ခေါ်တွင်ခဲ့လေသည်။

## ၃။ ဗြာဟ္မဏဝတ္တုဥပနိသာဒခေတ်

ဆိုခဲ့ပြီးသော ဝေဒန္တခေတ်အတွင်းက ဗြာဟ္မဏတို့၏ တန်ခိုးအာဏာများသည် ကြီးမားလွှမ်းမိုး၍ လာခဲ့သော်လည်း နောက်ခေတ်များ၌ ၎င်းတို့၏တန်ခိုးများ မှေးမှိန်ပပျောက် မတောက်ပဘဲ နေခဲ့ကြရာ ထိုဗြာဟ္မဏအနွယ်ဝင် ပညာရှင်ကြီးများသည် များစွာသော သုတ္တနှင့် ဝေဒင်္ဂကျမ်းဂန်များကို စီကုံးရေးသားပြီးလျှင် လူအများတို့အား ဟောပြောညွှန်ပြ ဆုံးမသွန်သင် ပွဲပြင်လာကြသောအခါ ၎င်းတို့၏ တန်ခိုးအာဏာများ နောက်ထပ်တဖန် စည်ပင်ပြန့်ပွား ထွန်းကားလွှမ်းမိုးလာခဲ့သဖြင့် ၎င်းနိုင်ငံကြီးကို ဗြာဟ္မဏဝတ္တဟု ခေါ်တွင်လာရလေ၏။ ထိုခေတ်အခါတွင်း၌ပင် ဝေဒ ဝေဒင်္ဂကျမ်းဂန်များ ပြုစုစီရင်ကြသော ရသေ့ကြီးတို့သည် ဖြစ်ထွန်းလာခဲ့ကြ၍ ၎င်းတို့တွင် ထင်ရှားသော ရသေ့ကြီးများနှင့် ၎င်းတို့ ရေးသားကြသော ထင်ရှားကျော်စောသော ကျမ်းဂန်ကြီးများမှာ---

- ဉာယကျမ်း ဂေါတမရသေ့ စီရင်သည်။
- ပုဗ္ဗမီမံသာကျမ်း ဇေမိနီရသေ့ ။
- ဥတ္တရမီမံသာကျမ်း ဗျာသရသေ့ ။

- **သချ်ာဒသနကျမ်း** ကပိလရသေ့ ။
- **ဝိသေသိကကျမ်း** ပ႑တဥလီရသေ့ စီရင်သည်-

စသည်ဖြစ်ကြ၍ များစွာသော ကျမ်းပြု ဗြာဟ္မဏ ရသေ့ကြီးများနှင့် ၎င်းတို့စီရင် ရေးသား ကြသော ကျမ်းဂန်အရပ်ရပ်တို့သည် သက္ကတဘာသာအားဖြင့် ထင်ရှားရှိကြ၍ ထိုခေတ်၌ သုတ္တခေတ် ဥပနိသာဒခေတ်-ဟု ရေးသားကြကုန်၏။

ထိုမှတပါး အထက်ကဆိုခဲ့ပြီးသော **အရိယာဝတ္တ ဝေဒန္တခေတ်, ဘာရတဝဿ ကာဗျ** ခေတ်, **ဗြာဟ္မဏဝတ္တ** ဥပနိသာဒခေတ်ဟု ခေတ်ကြီး ၃-ပါး ထွန်းကားလာခဲ့သည့်အပြင် မန္တြခေတ်, ဉာယခေတ်, သုတ္တခေတ်စသော ခေတ်ငယ်များလည်း ၎င်းတို့ ၃-ပါးအတွင်း၌ ကြားညှပ်ဖြစ်ပွားကြ၍ နောက်အခါများ၌ကား ဂါထာမန္တြား စသည်တို့ကို အလေးပြုလျက် **အာထဗ္ဗဏ** ဗေဒဟု သာမဗေဒမှ အခက်အလက်ဖြစ်သော မန္တန်, ခလှဲ, လက်ဖွဲ့, အင်းအိုင် စသည်တို့နှင့် မှော်, ဆေးဝါး ဂိုဏ်းကြီး, ဂိုဏ်းငယ်များ ယခုတိုင် ဤနိုင်ငံ၌ပင် ထွန်းကား ပြန့်နှံ့လျက် ရှိကြကုန်၏။

၎င်းတို့ အိန္ဒိယနိုင်ငံကြီးကိုပင် အချို့ရာဇဝင်မှတ်တမ်းများ ရေးသားသူတို့က ဇမ္ဗူဒီပ ခေါ်ဆိုရခြင်း အကြောင်းမှာ ဒီပ သို့မဟုတ် သက္ကတဘာသာဖြင့် ဒွိပဟူသော ပုဒ်သည် ဒွိ-အာပဟူသော စကား ၂-ရပ် ပေါင်းစပ်ခေါ်ဆိုရသော စကားဖြစ်၍ အဓိပ္ပာယ်ဆိုလိုရင်းမှာ ရေ ၂-ဖြာတို့ဖြင့် ပိုင်းခြားအပ်သော ကျွန်းဆွယ်ကို ဒီပဟု ခေါ်ဆိုကြောင်း၊ ထို့ကြောင့် ဤကဲ့သို့ တည်ရှိသော ကျွန်းဆွယ်များကို သာကဒီပ, တမ္ဗဒီပ, သုဝဏ္ဏဒီပ စသည် ဒီပ-ဟူသောပုဒ် ဖြင့် သုံးစွဲရကြောင်း၊ ရေပတ်လည် လှည့်လည်လျက်ရှိသော ကျွန်းကိုသာ ဒီပ-ဟု ခေါ်ဝေါ် ရသည် မဟုတ်သေးကြောင်း၊ ထို့ကြောင့်ပင်လျှင် တောင်ကကျဉ်းလျက် မြောက်ကကျယ်သော အိန္ဒိယကျွန်းဆွယ်ကြီးမှာ-

- အရှေ့ဘက် ဝင်္ဂသမုဒ္ဒြာ, ဘင်္ဂလားပင်လယ်အော်၊
- အနောက်ဘက် အာရဗီယသမုဒ္ဒြာ, အာရေဗျပင်လယ်တည်းဟူသော သမုဒ္ဒြာ, ပင်လယ်ရေ ၂-ဖြာတို့ဖြင့် ပိုင်းခြားလျက်ရှိသော ကျွန်းဆွယ်ကြီးတစ်ခုသာ ဖြစ်ကြောင်းများ ရေးသားကြကုန်၏။

သို့သော်လည်း ဗုဒ္ဓဘာသာ အယူဝါဒရှိသူများ၏ ဉာဏ်အမြင်အားဖြင့် လက်ယာ တောင်စွန်း အားလုံးသော ကျွန်းနိုင်ငံတို့နှင့် ဆိုင်၍ ဤဇမ္ဗူဒီပဟူသော စကားသည် ယခု ကာလခေါ်သော ကမ္ဘာအဝှမ်းကို ယူဆကြသဖြင့် ဤဣန္ဒိယကျွန်းဆွယ်သည် မူလဇမ္ဗူဒီပ အမည်ရင်း ဖြစ်သောကြောင့် ၎င်းဖြင့် မှတ်အပ်သော ကျွန်းနိုင်ငံအလုံးကိုပင် ဇမ္ဗူဒီပ သိမ်းရုံး မှတ်သားကြကုန်၏။



မဟာဘာရတ ပုရာဏ်များ၏ (၉)တိုင်း(၉)ဌာန

(၄)ပုံတွဲ

## ဝေဒနှင့် ဇာတ် ၄-ပါး

အထက်က ဆိုခဲ့ပြီးသော ဝေဒန္တခေတ်၌ အမျိုးဇာတ် ၄-ပါး ကွဲပြားလာခဲ့ကြကြောင်းများကို ရေးသားပြီးဖြစ်သော်လည်း ၎င်းခေတ်မှာ မည်သည့်အခါက ဖြစ်ပွားခဲ့ကြောင်း, မည်သည့်ဝေဒကျမ်းဂန်များ ရှေးဦးစွာ ဖြစ်ပွားခဲ့ကြောင်းစသည် ဝေဖန်ရေးသားရန် လိုအပ်ပေသည်။ သို့ဖြစ်၍ ထိုဝေဒ အယူဝါဒရှိသူတို့၏ အလိုအားဖြင့် ဝေဒ ၃-ကျမ်းတို့၏ အစအဦးစဖြစ်သော ရိဂ်ဝေဒ, ဣရုဝေဒ, ဣသုဝေဒ ကျမ်းကြီးကို ဆန္ဒဆန်းလင်္ကာအဖွဲ့ဖြင့် မြတ်စွာဘုရား ထင်ရှားပွင့်တော်မမူမီ နှစ်ပေါင်း တစ်ထောင်ကျော်လောက်က ကပ်ဦးကျမ်းပြုရသေ့ကြီးများ ရေးသားခဲ့ကြပြီးနောက် ဇာတိဘေဒအကြောင်းနှင့် စပ်လျဉ်း၍ ၎င်းအဖွင့်ကျမ်းဖြစ်သော ပုရုသျှသုတ္တ, ပုရိသသုတ္တကျမ်းများ၌ ရေးသားသဖြင့် ထိုနှစ်ပေါင်း တစ်ထောင်ခန့်က ဇာတိအယူဝါဒများ ဖြစ်ပွားလာကြောင်း အယူအဆရှိခြင်းများသည် ပိဋကတ်ကျမ်းလာ အကြောင်းအရာများနှင့် များစွာ ကွာခြားလျက်ရှိကြ၍ အနည်းငယ်မျှ ရှင်းလင်းရေးသားရပေမည်။

ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းဂန်များတွင် ဟိန္ဒီရာဇဝင် မှတ်တမ်းများ၌ ဝေဖန်သည့် အရိယာဝတ္တ ဘာရကဝဿ ဗြာဟ္မဏဝတ္တနှင့် အိန္ဒိယတို့၏ အကြောင်းအရာများ ရေးသားဖော်ပြခြင်း မရှိသည်မှာ ဗုဒ္ဓအယူဝါဒနှင့် အခြားအယူဝါဒများသည် ပထမကဏ္ဍ၌ ဖော်ပြခဲ့သည့်အတိုင်း အနတ္တအယူနှင့် အတ္တအယူအားဖြင့် ဖြောင့်ဖြောင့်ဆန့်ကျင်လျက် ရှိကြ၍ အခြားဝါဒနှင့် စပ်ဆိုင်သော အကြောင်းအရာများ အလေးမပြု မမှတ်မသားကြကုန်၊ မိမိတို့ မှန်ကန်ကောင်းမြတ်သော ဗုဒ္ဓအယူဝါဒ၌ သက်ဝင်ယုံကြည်စွာ တရားဓမ္မ၌ အလေးပြုလျက် ရေးသားကြကုန်၏။ ထို့ပြင် အနတ္တအယူမရှိသူ, အတ္တစွဲမြဲသူတို့၏ မှတ်တမ်းများ၌လည်း ဗုဒ္ဓအယူဝါဒနှင့် စပ်၍ ရေးမှတ်ခြင်း မရှိကြကုန်သည်သာမက ရေးမှတ်ကြသော အကြောင်းအရာများသည် မဟုတ်မတရား သေးနုပ်သော အကြောင်းအရာ သေးနုပ်အောင်သာ ရေးသားကြခြင်းသာလျှင်ဖြစ်ကြောင်း ပထမပိုင်း၌ ၎င်းတို့ထင်မြင်ယူဆချက်များ ရေးသားခဲ့ပြီး ဖြစ်သည့်အတိုင်း သိသာထင်ရှား၏။

သို့ဖြစ်၍ ဗုဒ္ဓဘာသာ ပိဋကကျမ်းဂန်၌ မြတ်စွာဘုရားကိုယ်တော်တိုင် ၎င်းဇာတိဘေဒ ဖြစ်ပေါ်လာရပုံ အကြောင်းအရာ အတ္ထုပ္ပတ် ကပ်ဦးအကြောင်းနှင့် စပ်၍ ဟောကြားတော်မူအပ်သော အဂ္ဂညသုတ်ဒေသနာတော်အားဖြင့် ထင်ရှား၍ ၎င်းအရ ဤဇမ္ဗူဒီပကျွန်းကြီး ကပ်ဦးအစ ကမ္ဘာကြီး ဖြစ်ထွန်းတည်ထောင်လာသည်က စ၍ သတ္တဝါအများတို့သည် ဗြဟ္မာ့ပြည်မှ ဆင်းသက်လာခဲ့ကြီးပြီးလျှင် ပီတိအာဟာရ ကိုယ်ရောင်ကိုယ်ဝါ ထွန်းပ

လျက် ကြာရှည်နေခဲ့ကြပြီးနောက် တဖြေးဖြေး တစတစ အစာအာဟာရ၌ လောဘတဏှာ တပ်မက်လာကြသဖြင့် မြေဆီ မြေသြဇာ ပဒါလတာ နူးညံ့သိမ်မွေ့သော အာဟာရမှ ကြမ်းသောအာဟာရ သလေးကို စားသောအချိန်အခါမှ စ၍ ၎င်းအစာအာဟာရကို အကြောင်းပြုကာ ကံအားလျော်စွာ ယောကျ်ား, မိန်းမ ဖြစ်ပေါ်လာကြပြီး အိမ်ရာတည်ထောင်လျက် အာဟာရအတွက်တာ လယ်ယာ, မိုး, မြေများ သိမ်းဆည်း ၎င်းလယ်ယာ အနည်းအများ ငြင်းခုံခြင်း ဖြစ်ပွား၍-

- ၎င်းတရားကို စီရင်ဆုံးဖြတ် ဝေဖန်အုပ်ချုပ်ရန် ၎င်းလယ်ယာတို့ကို အစိုးရသော ခတ္တိယဟူသော အမည်ဖြင့် သမတမင်းတစ်ပါး တင်မြှောက်ထားကြကုန်၏။ ထိုသို့ မင်းမျိုးများ ရှေးဦးစွာ ဖြစ်ပွားပြီးနောက်-
- အိမ်ရာတည်ထောင်ခြင်းကို အပြစ်မြင်ကာ ရသေ့, ရဟန်းပြုလျက် ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်း တရားအားထုတ်သော သူတော်ကောင်းများကို ဗြာဟ္မဏ,
- လယ်ယာ လုပ်ကိုင်စားသောက်သူတို့ကို သုဒ္ဒ,
- လယ်ယာ မလုပ်မကိုင် တစ်ရပ်တစ်ရွာသို့ သွားလာရောင်းဝယ် ဖောက်ကားလျက် အသက်မွေးကြသော သူတို့ကို ဝဿ-

ဟု ခေါ်ဆိုကြ၍ ၎င်းအမျိုး ၄-ပါးတို့သည် ကပ်ဦးအစ အခါသမယကပင်လျှင် အစဉ်သဖြင့် ဖြစ်ပွား ယခုတိုင် ထင်ရှားနေကြကုန်၏။

၎င်းပြင် ရှေးဟောင်းရာဇဝင် မှတ်တမ်းများ ရှာဖွေစုဆောင်းလျက် ခေတ်အားလျော်စွာ ရာဇဝင်မှတ်တမ်းများ ရေးသားကြသော အချို့ခေတ်ရာဇဝင်ဆရာတို့ အလိုအားဖြင့် ယခုရှိနေကြသော ဟိန္ဒီလူမျိုးများသည် ကပ်ဦးကစ၍ ဖြစ်ပွားကြသော လူမျိုးများ မဟုတ်၊ ဤဇမ္ဗူဒီပ အိန္ဒိယကျွန်းကြီး၌ ပဌမနေထိုင်ကြသော လူမျိုးများမှာ အသွေးအသား သဏ္ဌာန်အားဖြင့်လည်း မလှကြသည့်အပြင် အပြုအမူ, အလေ့အကျင့်အားဖြင့်လည်း မယဉ်ကျေးကြ-

အာရယာန်လူမျိုးများ ဝင်ရောက်နေထိုင်မှသာ တစတစ အချို့ ယဉ်ကျေးကြ၊ အချို့ အစွန်အနားသို့ ရွှေ့ပြောင်းနေထိုင်ကြကြောင်းများ ရေးသားကြသော်လည်း ပိဋကတ်ကျမ်းစာ, ပါဠိအဋ္ဌကထာများ၌ကား မဇ္ဈိမအလယ်ပိုင်းဒေသ၌ လူများ ကပ်ဦးကအစ ဖြစ်ပွား၍ ဖြူစင်သန့်ရှင်း ယဉ်ကျေးသော အပြုအမူများလည်း ၎င်းကပ်ဦးကပင် ဖြစ်ပွားခဲ့ကြောင်း၊ ၎င်းအလယ်ပိုင်းဒေသမှ လူများအစွန်အဖျား တိုင်းနိုင်ငံတို့သို့ ရွှေ့ပြောင်းနေထိုင်ကြကာ အမူအရာများလည်းကွဲပြား ယဉ်ကျေးမှုများလည်း ပျက်ပြားကြကြောင်း ဖော်ပြကြသဖြင့် အယူအဆ ၂-မျိုးမှာ အတွင်း, အပြင်အားဖြင့် ကွာခြားလျက် ရှိကြ၏။

သို့သော်လည်း ဤသို့ကွဲပြား ခြားနားကြခြင်းကား နောက်ကရေးသားခဲ့ပြီးသည့် အပိုဒ်များအရ အယူဝါဒ မတူကြ၍ ကွဲပြားကြသည့်အပြင် ၎င်းရာဇဝင်မှတ်တမ်းဆရာများမှာ ဒိဋ္ဌမျက်မြင် သိရှိလောက်သော အကြောင်းအရာ၊ ရှေးက ရေးသားခဲ့ကြသော ကျမ်းစာတို့နှင့် ထောက်ချင့်နှိုင်းစာလျက် ဒိဋ္ဌမြင်တွေ့ရသည်ကိုသာ ယူဆနိုင်သော အသိဉာဏ်ပညာရှိကြသည်အလျောက် ၎င်းတို့ တွေ့ရှိ မြင်သိရသလောက်သာ ရေးသားနိုင်ကြသောကြောင့် ဖြစ်သည်ကား ယုံမှားဖွယ် မရှိအပ်ပေ။

သို့ရာတွင် မြတ်စွာဘုရားမှာမူကား မပိုင်းခြားနိုင်လောက်သော ဘဝပေါင်းများစွာက ဖြည့်ကျင့်ဆည်းပူးအားထုတ်တော်မူခဲ့သော ပါရမီတော် ကံတော်အလျောက် ရရှိတော်မူအပ်သော အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃-ပါး၌ အဆီးအတားမရှိ ဖောက်ထွင်း သိမြင်နိုင်သော သဗ္ဗညုတ, အနာဝရဏဉာဏ်တော်မြတ်ကို ရရှိတော်မူသည်အားလျော်စွာ ရှေ့နောက် ပိုင်းခြား၍ ဟောကြားတော်မူအပ်သော ဒေသနာတော်မြတ်ကိုသာ ပဋ္ဌနာပြုလျက် လေးနက်ခိုင်မာစွာ ယုံကြည်အားထားသင့်သောကြောင့် ၎င်း၌ အထူးရေးသားဖွယ် မရှိကုန်။ လောက၌ နှိုင်းဆထောက်စာ၍ ယူခြင်းမှာ အမှန်ချည်းသာဟု မုချ မယူဆနိုင်သဖြင့် အချို့ကား လွဲမှားနိုင်သေး၍ အခိုင်အမာ မကိုးစားထိုက်ကုန်။

ဤသည်ကား တိုင်းကြီး ၇-တိုင်းနှင့် အိန္ဒိယခေါ်တွင်လာခဲ့ရကြောင်း, ၎င်း၌ ခေတ်ကြီး ၃-ပါး ဖြစ်ထွန်းခဲ့ကြောင်း ရေးသားပြဆိုခြင်းပေတည်း။

✪ ✪ ✪ ✪ ✪

## ကျမ်းတစ်ပါးတို့၏ ဝေဖန်ချက်

အထက်က ဆိုခဲ့ပြီးသော ဇမ္ဗူဒီပကျွန်းကြီး၌ တိုင်းနိုင်ငံ အသီးသီး ဝေဖန်ပိုင်းခြားခြင်းနှင့် စပ်လျဉ်း၍ အခြားသကတကျမ်းဂန်များ၌လည်း ရေးသားဖော်ပြကြသဖြင့် ၎င်းတို့ကိုလည်း အကြောင်းအားလျော်စွာ ရေးသားရန် လိုအပ်သည်မှာ များစွာသော ကမ္ဘာပေါ်ရှိ ပညာဗဟုသုတ လိုက်စားကြသောသူအပေါင်းတို့သည် ၎င်းသက္ကတကျမ်းလာ စကားများကို လေးစားလိုက်နာကြ၍ ၎င်းတို့ကို ကိုးစားရေးသားကြသော ကျမ်းဂန်အမြောက်အများ ထင်ရှားရှိသည့်အပြင် မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပါဠိတော် ၎င်းအဋ္ဌကထာများမှတပါး အခြားကျမ်းဂန်အရပ်ရပ်တို့သည် များသောအားဖြင့် သက္ကတကျမ်းဂန်များမှ အမွှန်အစ ရှိလောက်အောင် ရေးကြ၍ ပညာရှိအများတို့ သုံးစွဲလာခဲ့သော အိန္ဒိယ မဇ္ဈိမဒေသ ဝေဒိက ဘာသာကြီးဖြစ်၍ ၎င်းနှင့်စပ်သော တိုင်းနိုင်ငံ အကြောင်းအရာများ ရေးသားဖော်ပြထားသဖြင့် ၎င်းနှင့် ညှိနှိုင်းရန် လိုအပ်သောကြောင့် ဖြစ်ပေသည်။

အခြားဘာသာဖြစ်သော ဟိန္ဒူအယူဝါဒရှိသူတို့မှာ ဝေဒ-ဝေဒင်္ဂ ၎င်းတို့နှင့်စပ်သော ကျမ်းဂန်အရပ်ရပ်တို့ဖြင့် မဟာဘာရတ, ဣသိဟာသ ရာဇဝင်ကျမ်း, ရာမာယန စသော လင်္ကာကဗျာကျမ်းများ, ခေတ်အမျိုးမျိုး၌ ရေးသားခဲ့ကြသော ပုရာဏ်ကျမ်းကြီး, ဥပပုရာဏ်ခေါ် ပုရာဏ်ကျမ်းငယ်များတို့ကို လေးစားကြ ယုံကြည်ကြ၍ ၎င်းကျမ်းဂန်များ၌လည်း အဖြစ်အပျက် အတ္ထုပ္ပတ်အရပ်ဒေသ အကြောင်းအရာ များစွာပါကြသဖြင့် တစ်ကျမ်းနှင့် တစ်ကျမ်း အချင်းချင်းမတူ အယူဝါဒ ကွဲပြားကြသော်လည်း ၎င်းတို့ အားလျော်စွာ ရေးသားရန်လိုအပ်သောကြောင့် အကျဉ်းမျှ အနည်းငယ် သိရှိရန် ရေးသားရပေမည်။

၎င်းကျမ်းဂန်များတွင် ကာဗျ မီမံသာ၌ ၎င်းတို့ခေါ်ဆိုကြသော ဘာရတ ဝဿ **အိန္ဒိယနိုင်ငံကြီး၌ အပိုင်းအခြားတို့မှာ---**

တတြ ဗာရာဏသျှ ပရတား ပုရ်ဗဒေသား၊
မဟိသျ မတျား ပရတား ဒက္ခိဏပထား၊
ဒေဝ သဘာယာ ပရတား ပစ္ဆာဒေသား၊
ပရိထုဒကာတ် ပရတား ဥတ္တရာပထား၊
ဝိနသန ပြယာဂယော ဂင်္ဂါယမုနာယော စ အန္တရမ် အန္တရ်ဗေဒီတိ၊

**ပါဠိဘာသာအားဖြင့်---**

တတြ ဗာရာဏသ ပရတော ပုဗ္ဗဒေသော၊
မဟိသမတိဿ ပရတော ဒက္ခိဏပထော၊
ဒေဝ သဘာယ ပရတော ပစ္ဆာဒေသော၊
ပုထုဒကဿ ပရတော ဥတ္တရပထော၊
ဝိနသနပယာဂဿ ဂင်္ဂါ-ယမုနာယ စ အန္တရံ အန္တဝေဒီတိ၊

- ဗာရာဏသီမှနောက် အရှေ့ပိုင်းနိုင်ငံ၊
- မဟိသမတိမှနောက် တောင်ဘက်နိုင်ငံ၊
- ဒေဝသဘာမှနောက် အနောက်ဘက်နိုင်ငံ၊
- ပုထုဒကမှနောက် မြောက်ဘက်နိုင်ငံ၊
- ဝိနသနပယာဂနှင့် ဂင်္ဂါယမုနာတို့၏အတွင်း အလယ်ပိုင်းနိုင်ငံ-ဟု

တိုင်းနိုင်ငံ အပိုင်းအခြား ၅-တိုင်း ခွဲထားကြောင်းများ ရေးသား၍ ၎င်းတို့မှာ ဇာတ်တော်၌ လာသော နောက်က ရေးသားခဲ့ပြီးသည့် စေတိယ ၅-တိုင်းနှင့် ခြားနားသော်လည်း မြတ်စွာ

ဘုရားလက်ထက်တော်ကပင် ၎င်းဇမ္ဗူဒီပကျွန်းကြီး၌ ဒက္ခိဏာပထ, ဥတ္တရပထ, ပါစိနဒေသ စသောအားဖြင့် အပိုင်းအခြားများရှိနေသည့်အပြင် ၎င်းအပိုင်း အခြားများမှာလည်း တိုက်နယ်ကြီး ခွဲခြမ်းခြင်းဖြစ်၍ ၎င်းအတွင်းတွင်လည်း တိုင်း, နယ်များ စွာပါဝင်သဖြင့် အသင့်ယုတ္တိရှိပေသည်ဟု ယူဆနိုင်ပေသည်။

ထိုမှတပါးလည်း နက္ခတ်ဆရာကြီး ဝရာဟ မိဟိရ ရေးသားသော ဗြိဟတ်-ဇရိဟတ် သံဟိတာကျမ်း၌ နက္ခတ်တို့ကို ဝေဖန်ပိုင်းခြားသောအားဖြင့် ဇမ္ဗူဒီပ၌ တိုင်းနိုင်ငံများ ၉-တိုင်း ၉-ဌာန ခွဲဝေထားသည့်အပြင် ပရာသရတန္တြကျမ်းများ၌လည်းကောင်း များစွာသော ပုရာဏ်ကျမ်းများ၌လည်းကောင်း, မဟာဘာရတ ရာဇဝင်ကျမ်းကြီး၌လည်းကောင်း အမည်နာမ အရပ်ဌာန တစ်ကျမ်းနှင့် တစ်ကျမ်း မတူကြသော်လည်း မှတ်သင့်သည့်အတိုင်း ၉-တိုင်း ၉-ဌာန ခွဲဝေကြသည်မှာ-

ဝရာဟမိဟိရဆရာ အလိုအားဖြင့်----

| | |
|---|---|
| ၁။ ပဉ္စာလ | အလယ်ပိုင်းနိုင်ငံ၊ |
| ၂။ မဂဓ | အရှေ့ဘက်တိုင်းနိုင်ငံ၊ |
| ၃။ ကလိင်္ဂ | အရှေ့တောင်ဘက်နိုင်ငံ၊ |
| ၄။ အဝန္တိ | တောင်ဘက်နိုင်ငံ၊ |
| ၅။ အနရတ | အနောက်တောင်ဘက်နိုင်ငံ၊ |
| ၆။ သိန္ဓု သောဝိရ | အနောက်ဘက်နိုင်ငံ၊ |
| ၇။ ဟာရ ဟောရ | အနောက်မြောက်နိုင်ငံ၊ |
| ၈။ မဒြ | မြောက်ဘက်နိုင်ငံ၊ |
| ၉။ ကောနိန္ဒ | အရှေ့မြောက်နိုင်ငံ၊ |

ဟူ၍ ၉-တိုင်း ဝေဖန် ပိုင်းခြားထား၏။

၎င်းပြင် များစွာသော ပုရာဏ်ကျမ်းများနှင့် မဟာဘာရတကျမ်းများ၌ ဆိုခဲ့ပြီးသော ဝရာဟ မိဟိရ နက္ခတ်ဆရာကြီးနှင့် ကွဲပြားကြသော ထို ၉-တိုင်း ၉-ဌာနတို့၏ အမည်နာမ နေရပ်ဌာနများမှာ အစဉ်အတိုင်း-

| | | |
|---|---|---|
| ၁။ ဣန္ဒြ | ၂။ ကသေရုမတ် | ၃။ တာမနပါရန |
| ၄။ ဂဘတ္တိမတ် | ၅။ ကုမာရိက | ၆။ နာဂ |
| ၇။ သောမျ | ၈။ ဝါရုန | ၉။ ဂန္ဓဝရ- |

ဟူ၍ ဝရာဟ မိဟိရ ဆရာနှင့် ခြားနားစွာ ဝေဖန်ထားသည့်အပြင် ၉-တိုင်း ၉-ဌာနတို့မှာလည်း ကြာပွင့်, ကြာချပ် သဏ္ဌာန်အားဖြင့် တည်နေကြောင်း ရေးသားဖော်ပြကြကုန်၏။

ၚင်းတိုင်းနိုင်ငံတို့၏ အမည်နာမများမှာ ရေးခဲ့ပြီး ဝရာဟ မိဟိရ နက္ခတ်ဆရာကြီး၏ ပထဝီကူမ္မ စက္က ၉-ဌာန ဝေဖန်ထားသည်နှင့် အမည်နာမ မထပ်မိကြသည့်အပြင် အရပ်ဒေသ ညွှန်ပြချက်များလည်း မတူညီကြသည်မှာ-

- အလယ်ပိုင်း တိုင်းနိုင်ငံ ကုမာရိက
- အရှေ့ပိုင်း တိုင်းနိုင်ငံ ဣန္ဒြ
- အနောက်ပိုင်း တိုင်းနိုင်ငံ ဝါရုဏ
- မြောက်ပိုင်း တိုင်းနိုင်ငံ ကာသေရု

စသောအားဖြင့် အမည် နာမနှင့် ဌာန ၂-ရပ်စလုံး ခြားနားကြကုန်၏။

ၚင်းပြင် ဗိသျှဏု ပုရာဏ်ကျမ်းအားလျော်စွာ တိုင်းနိုင်ငံတို့၏ အပိုင်းအခြားမှာ-

| | |
|---|---|
| ၁။ အလယ်ပိုင်း | ကုရုနှင့် ပဉ္စာလတိုင်း |
| ၂။ အရှေ့တိုင်း | ကာမရူပ သို့မဟုတ် အာသံတိုင်း |
| ၃။ တောင်ဘက် | ပုဏ္ဍြ ကလိင်္ဂနှင့် မဂဓတိုင်း |
| ၄။ အနောက်ဘက် | သုရဋ္ဌ သူရ-အဘိရ အဗ္ဗုဒ ကာရုသျှ မာလဝ သောဝိရ သိန္ဓဝတိုင်းများ |
| ၅။ မြောက်ဘက် | ဟုနသာလဝ သာကလ ရာမ- အမ္ဗတ္ထ ပရာသတက တိုင်းများ- |

စသည်ဖြင့် ပိုင်းခြားဖော်ပြထားလေသည်။ ၚင်းပြင် တရုတ်ရဟန်းတော် ဂုင်သျှင်၏မှတ်တမ်းအရ အိန္ဒိယ ၅-တိုင်းတို့၏ အပိုင်းအခြားမှာ ယခုခေတ်မြေပုံအားဖြင့်---

## ၁။ မြောက်ပိုင်း အိန္ဒိယ

ကသ္မီရနှင့် တောင်ကုန်းနယ်များ ပါဝင်သော ပန်ဂျပ်နယ်များအပြင် သိန္ဓုမြစ်၏ အာဖဂန်နစ္စတန် အရှေ့ပိုင်းနယ်များနှင့် သာရဿတီမြစ်ဝှမ်းနိုင်ငံများ ဖြစ်ကြ၏။

## ၂။ အနောက်ပိုင်း အိန္ဒိယ

သိန္ဓုအနောက်ပိုင်း ရာဇပုတ္တန ကစ္ဆဂူဂျရာတ် တိုင်းနိုင်ငံများနှင့် နရဗဒါ နမ္မဒါ မြစ်ဝှမ်း အောက်ပိုင်း ပင်လယ်ကမ်းခြေများ ဖြစ်ကြ၏။

## ၃။ အလယ်ပိုင်း အိန္ဒိယ

အားလုံးသော ဂင်္ဂါမြစ်ဝှမ်း နယ်ပယ်များနှင့် မြစ်ဝကျွန်းပေါ် အရပ်ဒေသများ အပြင်(ဟိမာလယ) ဟိမဝန္တာမှ နရဗဒါ နမ္မဒါမြစ်ကမ်းအထိ နယ်များဖြစ်ကြ၏။

## ၄။ အရှေ့ပိုင်း အိန္ဒိယ

အရှေ့ပိုင်း ဂင်္ဂါမြစ်ဝှမ်း အရပ်ဒေသအားလုံးနှင့်တကွ အာသံ, ဘင်္ဂလားနယ် များအပြင် သမ္ဗလ်ပူရ်နှင့် ဂန်ဂျမ်နယ်ပယ်များ ဖြစ်ကြ၏။

## ၅။ တောင်ပိုင်း အိန္ဒိယ

အရှေ့ဘက် နာတိကနှင့် အရှေ့ဂန်ဂျမ်နယ်များမှ တောင်ဘက် ကုမာရီ-ကိုမိုရင် အငူထိ အားလုံးသော ကျွန်းဆွယ်ကြီး ဖြစ်ကြ၏။

၎င်းမှာ ယခုခေတ် နယ်ပယ်များ ဖြစ်ကြသော ဗေရာတေလင်္ဂန မဟာရဋ္ဌ ကွန်ကန် ကောက်န၊ ၎င်းပြင် နယ်သီးခြားဖြစ်သော ဟိုက်ဒြပ်ဗာဒ် မိုက်ဆိုးနယ်များနှင့် တရင်ဝင်ကို နယ်များ သို့မဟုတ် နရဗဒါ နမ္မဒါနှင့် မဟာနဒီမြစ်များ၏ တောင်ဘက် အားလုံးသော ကျွန်းဆွယ်ကြီး တစ်ခုလုံးနီးပါး ဖြစ်ကြ၏။

ဤသို့အားဖြင့် ထိုအိန္ဒိယတိုင်းနိုင်ငံတို့၏ အပိုင်းအခြားများသည် အမျိုးမျိုးသော မှတ်တမ်းများ အားလျော်စွာ ခေတ်အယူဝါဒအလိုက် အမည်နာမ ပြောင်းလဲရွေ့လျားကာ အဆက်ဆက် မှတ်သားလာကြသည့်အတိုင်း အမှန်ချည်းဟု မမှတ်သားနိုင်သော်လည်း အမှားချည်းဟူ၍လည်း မဆိုနိုင်သောကြောင့် အသင့်ယုတ္တိထောက်ချင့် ကြည့်ရှု၍ မှန်လောက်သော အယူအဆ, မှန်လောက်သော တိုင်းဌာန, မှန်လောက်သော အမည်နာမ များကို စဉ်းစားချိန်ဆရန် မူကွဲများကိုလည်း ရေးသားအပ်သည့်အတိုင်း အထက်က ရေးသားဖော်ပြခဲ့ရပေသည်။

၎င်းပြင် ဗုဒ္ဓအယူဝါဒတော်ကြီးမှာ အစ ,အလယ်, အဆုံး ၃-ပါးလုံးတို့၌ ပြစ်တင် ကဲ့ရဲ့ဖွယ်ရာများမှ စင်ကြယ်ကောင်းမွန်သော သန့်ရှင်းသည့် ဘာသာဝါဒ ဖြစ်သည် အားလျော်စွာ ရှေးခေတ် ရှေးပညာရှိအများတို့သည် တရားကိုသာ လေးစား၍ ဟုတ်မှန် တိုင်းသော အကျင့်တရားကိုသာ ရှာဖွေစိစစ်ကြသဖြင့် အယူဝါဒ မကွဲမပြား တရားဓမ္မ ပမာနထားကြသော်လည်း ယခုခေတ်ကာလ ရှေးသမယနှင့် မတူညီကြကြောင်း ရေးသား ခဲ့ပြီးဖြစ်သည့်အတိုင်း ရှေးအခါက ရေးသားခဲ့ကြသော ကျမ်းဂန်များ၌ တိုင်းနိုင်ငံ အရပ် ဌာန ဒေသ အပိုင်းအခြား ဝေဖန်ရေးသားခြင်းမပြုဘဲ သာမညဌာန ညွှန်းရုံလောက်သာ

ရေးသားသဖြင့် မှတ်သားရန် ခဲယဉ်းသည်ကို အခြားဝါဒ မှတ်တမ်းများအရ ဗုဒ္ဓဝါဒကျမ်းစာများနှင့် ညှိနှိုင်းယူဆနိုင်စေရန် ရေးသားဖို့ လိုအပ်သည့်အတိုင်း ရေးသားရပေ၏။

ဤသို့လျှင် ဗုဒ္ဓအယူဝါဒ ကျမ်းဂန်စာပေများ၌ အရပ်ဒေသ တိုင်း, နိုင်ငံ, ဌာနများမှာ တရားအစစ်ရှာဖွေသူတို့အား စင်စစ် မလေးစားအပ် မလိုလားအပ်သောကြောင့် မြတ်စွာဘုရားအရှင်သည် အထူးဖော်ပြ ဟောကြားခြင်းပြုတော်မမူသည့်အပြင် မြတ်စွာဘုရား၏ အလိုတော်ကို ထုတ်ဖော်ရေးသားကြသော အဋ္ဌကထာ ဆရာအရှင်တို့လည်း အထူးထုတ်ပြ မရေးသားကြစေကာမူ အကြောင်းအားလျော်စွာ ပါဠိတော်များမှာလည်းကောင်း, အဋ္ဌကထာများမှာလည်းကောင်း ထိုထိုအရပ်ဒေသ နယ်ပယ်ဌာနများ ယူဆပိုင်းခြားမှတ်သားနိုင်လောက်အောင် မြတ်စွာဘုရားသည် ထုတ်ဖော်ဟောကြားတော်မူသည့်အပြင် အဋ္ဌကထာ ဆရာကြီးများလည်း ဖွင့်ထုတ်ရေးသားကြသဖြင့် မြတ်စွာဘုရား ကြွသွားတော်မူသော ခရီးဒေသစာရီအစဉ် အကြောင်းအရာ အတ္ထုပ္ပတ်များ ၎င်းဆရာကြီးတို့၏ အောင်မြင်သော စကားများအတိုင်း မှတ်သား၍ တိုင်းနိုင်ငံ ဒေသများကိုလည်း ပိုင်းခြားနိုင်ကြကုန်၏။

ဤသို့ ဆိုခဲ့ပြီးသော တိုင်း, နိုင်ငံ, ဌာန အကြောင်းအရာနှင့် စပ်လျဉ်း၍-

- မြတ်စွာ ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ထွန်းကားစည်ပင်လျက် ဝပြောသာယာသော တိုင်းနိုင်ငံများကိုလည်းကောင်း
- ထိုတိုင်းနိုင်ငံတို့၌ အုပ်ချုပ်သော မင်းများကိုလည်းကောင်း
- ထို့ပြင် ၎င်းတို့၌ဖြစ် ပွားသော အကြောင်းအရာ အတ္ထုပ္ပတ် ဖြစ်ပွားသည်အား လျော်စွာ ဟောကြားတော်မူသော နိကာယ်ကြီးများနှင့် ဝိနည်းများတွင် ထင်ရှားသော ဒေသနာတော်အားဖြင့်လည်းကောင်း
- ရှေးဟောင်း အစဉ်အလာအတိုင်း နိုင်ငံအသီးသီးတို့၏ အဖြစ်အပျက် အကြောင်းအရာများကို ဇာတ်တော်, နိပါတ်တော်များနှင့် အချို့ နိကာယ်ကြီးများ၌လည်း

အကြောင်း အားလျော်စွာ ဟောကြားတော်မူသော ဒေသနာတော်အားဖြင့်လည်းကောင်း ညှိနှိုင်း ထောက်ဆ၍ သိရှိနိုင်ကြကုန်၏။

## ထင်ရှားသော တိုင်းပြည်နှင့် အုပ်ချုပ်သော မင်းများ

မြတ်စွာဘုရားလက်ထက်တော်က ဤဇမ္ဗူဒိပ မဇ္ဈိမ အလယ်ပိုင်းဒေသ၌ ထင်ရှားသော တိုင်းကြီးများနှင့် ထင်ရှားသော ဘုရင်မင်းကြီးများမှာ-

## ၁။ မဂဓတိုင်း

အရှေ့ဘက် တိုင်းနိုင်ငံဖြစ်သော မဂဓတိုင်းကြီးကို စိုးမိုးအုပ်ချုပ်မင်းလုပ်သော မင်းကြီးကား ဗိမ္ဗိသာရမင်းတရားကြီး ဖြစ်၍ လူနေ အိမ်ခြေ အထူးစည်ကားသော ရာဇဂြိုဟ်မြို့ကြီးကား မင်းနေပြည်တော်ကြီးဖြစ်၍ မြတ်စွာဘုရား လက်ထက်တော်၌ ရှေးဦးစွာ အလောင်းတော်ဘဝက ဒုက္ကရစရိယာကျင့်တော်မူရာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး နောက် ရှေးဦးစွာ မြတ်စွာဘုရားသာသနာတော် ပွားစီးလျက် ထွန်းကားသော နေပြည်တော်နှင့် တိုင်းကြီး ဖြစ်ခဲ့၏။ ၎င်းဗိမ္ဗိသာရမင်းတရားကြီး နတ်ရွာစံပြီးနောက် သားတော် အဇာတသတ္တုမင်းတရား ထီးနန်းဆက်ခံ စိုးစံအုပ်ချုပ်လျက် မြတ်စွာဘုရားထံ ဆည်းကပ်၍ သာမညဖလသုတ္တန် နာယူပြီး သာသနာတော်ကြီး၌ အထူးကြည်ညိုလေးစား ပုထုဇဉ်အနေအား ဧတဒဂ်ထားလောက်သော မင်းတစ်ပါးဖြစ်ခဲ့လေ၏။

## ၂။ ကောသလတိုင်း

အနောက်မြောက်ဘက် နိုင်ငံဖြစ်သော ကောသလတိုင်းကြီးမှာကား မြတ်စွာဘုရား လက်ထက်တော်အခါက သာသနာတော်နှင့်စပ်၍ အလွန်ထင်ရှားသော တိုင်းကြီးတစ်တိုင်း ဖြစ်၍ သာဝတ္ထိမြို့တော်ကြီးမှာလည်း မြတ်စွာဘုရား နိဗ္ဗာန်ဝါတော် နောက်ဆုံး၌ အမြဲသီတင်း သုံးတော်မူရာ ဌာနကြီးဖြစ်သဖြင့် သာသနာတော်ဝယ် အသိလွယ်ဆုံးသော နေပြည်တော်ကြီး ဖြစ်ခဲ့၏။ ၎င်း၌ ပသေနဒိမင်းတရားကြီး စိုးစံအုပ်ချုပ်၍ သာသနာတော်မြတ်ကြီးနှင့် အလွန်အကျွမ်းဝင်ကာ သာသနာပြုမင်းကြီးတစ်ပါး ဖြစ်၍ မြတ်စွာဘုရားသက်တော် ထင်ရှားရှိစဉ်မှာပင် ၎င်းမင်းတရားကြီး နတ်ရွာစံတော်မူပြီးနောက် သားတော် ဝိဍူဍဘမင်း ဆက်လက် စိုးစံခဲ့လေ၏။

## ၃။ ဝံသတိုင်း

ကောသလတိုင်းကြီးမှ တောင်ဘက် တိုင်းနိုင်ငံဖြစ်သော ဝံသတိုင်းကြီးမှာ သာသနာတော်တွင် ထင်ရှားသော တိုင်းနယ်ကြီးဖြစ်၍ ၎င်း၏မြို့တော်ကြီးကား ဝိနည်း ဒေသနာတော်နှင့် များစွာသော သုတ္တန်ဒေသနာတော်များ ဟောကြားတော်မူရာ ကောသမ္ဗီမြို့တော်ကြီး ဖြစ်၏။ ၎င်း၌ ပရန္တပမင်း၏သားတော် ဥတေနမင်းတရားကြီး အုပ်ချုပ်စိုးစံတော်မူလျက် ၎င်းမင်းတရားလည်း သာသနာဒါယကာ သာသနာပြုမင်းတစ်ပါး ဖြစ်၍ ယခုတိုင် ၎င်း၏အမည်ကား ဗုဒ္ဓဘာသာဝင်များတွင် ဆင်ယာဉ် ရတနာတို့၏ အရှင်-ဟု ထင်ရှားလာခဲ့လေ၏။

## ၄။ အဝန္တိတိုင်း

ဝံသတိုင်းကြီး၏သာ၍ တောင်ဘက်ကျသော ၎င်းနှင့်စပ်လျက် တည်ရှိသော နိုင်ငံကား အဝန္တိတိုင်းဖြစ်၍ မြတ်စွာဘုရားလက်ထက်တော်က ထင်ရှားသော တိုင်းကြီးတစ်တိုင်းဖြစ်သည့်အပြင် ဝိနည်းဒေသနာတော်တွင် ထင်ရှားသော ဇီဝက သမားတော်ကြီးအကြောင်း အတ္ထုပ္ပတ္တိ ဖြစ်ပွားရာဌာန ဥဇ္ဇေနီမြို့တော်ကြီးလည်း သာသနာနောက်ခေတ်တိုင်အောင် ထင်ရှားသော မြို့တော်ကြီးဖြစ်လေသည်။ ၎င်းမြို့တော်၌ ပဇ္ဇောတမင်းတရားကြီး အုပ်ချုပ်စိုးစံ၍ ၎င်းမင်းကြီးမှာ ကြမ်းတမ်းခက်ထန်သော စိတ်သဘောရှိသောအားဖြင့် စဏ္ဍပဇ္ဇောတမင်းကြီး-ဟု နောက်အခါ၌ တွင်ခဲ့လေသည်။

ဆိုခဲ့ပြီးသော တိုင်းနိုင်ငံကြီးတို့မှာ မြတ်စွာဘုရားလက်ထက်တော်က ထင်ရှား၍ သာသနာတော်ဓမ္မစက် တည်ထွန်းတောက်ပရာ တိုင်းကြီးများ ဖြစ်ကြသည့်အပြင် သာသနာဒါယကာ အာဏာပိုင် ဘုရင်မင်းတရားကြီးများ အာဏာအားဖြင့် အုပ်ချုပ်စိုးစံသော ပဒေသရာဇ်နိုင်ငံကြီးများ ဖြစ်ကြကုန်၏။

ထိုပဒေသရာဇ်ရာဇာအာဏာပိုင် ဘုရင်ကြီးများအုပ်ချုပ်သော တိုင်းပြည်နိုင်ငံကြီးများမှတပါး မြတ်စွာဘုရားလက်ထက်တော်အခါက ထင်ရှားသော နိုင်ငံကြီးများရှိကြသေး၍ ထိုတိုင်းနိုင်ငံများ၌ မြတ်စွာဘုရား၏ တရားဓမ္မစက် အာဏာတော် ပြန့်နှံ့ထွန်းကားလျက် များစွာသော တရားဒေသနာတော် ဟောဖော်ညွှန်ပြ အဆုံးအမတော်၌ တည်၍ သာသနာတော်ဝယ် ကြည်ညိုကိုင်းရှိုင်းကြသူ ပေါများသဖြင့် ထင်ရှားသောနိုင်ငံများ ဖြစ်ကြကုန်၏။ ထိုနိုင်ငံတို့၏ အကြောင်းအရာများ နောက်ပိုင်းများ၌ အခွင့်ရှိသည်အားလျော်စွာ ရေးလတ္တံ့ဖြစ်သော်လည်း ယခု အကျဉ်းအားဖြင့် သိရန်လိုအပ်သည့်အတိုင်း တိုင်းနိုင်ငံ အသီးအခြား တိုင်းကလေးများအကြောင်း ရေးသားရပေမည်။

ဆိုခဲ့ပြီးအာဏာပိုင် ပဒေသရာဇ် တိုင်းပြည်ကြီးမှတပါး မြတ်စွာဘုရား လက်ထက်တော်က ထင်ရှားရှိသော တိုင်းနိုင်ငံများမှာ-

## ၁။ သက္ကတိုင်း၊ ကပိလဝတ္ထု မြို့တော်

၎င်းသက္ကတိုင်းကား တိုင်းကြီး နိုင်ငံကြီး မဟုတ်ဘဲ မဟာကောသလတိုင်းကြီး အတွင်း၌ပါဝင်သော တိုင်းနိုင်ငံပင် ဖြစ်စေကာမူ အားလုံးသော ဗုဒ္ဓဘာသာဝင် လူအမျိုးမျိုးတို့၏ အားထားရာ ဗုဒ္ဓသာသနာတော်မြတ်ကြီး၏အခြေခံ အချုပ်အခြာကဲ့သို့ဖြစ်သော မြတ်စွာဘုရား ဖွားမြင်တော်မူရာ တိုင်းဌာနဖြစ်၍ ဗုဒ္ဓဘာသာမှန်သမျှ သူငယ်သို့ကျအောင်

ထင်ရှားသောတိုင်း ဖြစ်သည့်အပြင် **ကပိလဝတ္ထုမြို့**တော်သည်လည်း ဗုဒ္ဓဘာသာတွင် အထူး ထင်ရှားသောမြို့တော် မင်းနေပြည်ကြီးဖြစ်သဖြင့် အထူးရေးသားရန် မလိုတော့ပေ။ ၎င်းအကြောင်း နောက်၌ ရေးလတ္တံ့ဖြစ်၍ အကျဉ်းမျှ မှတ်အပ်ကုန်၏။

## ၂။ ဘဂ္ဂတိုင်း၊ သံသုမာရဂီရိမြို့

မြတ်စွာဘုရားသာသနာတော်ခေတ်တွင် တိုင်ကြီးပြည်ကြီးပင် မဟုတ်သော်လည်း ဝေနေယျအားလျော်စွာ ဒေသနာတော်မြတ် ထွန်းကားရာအရပ်မှာ သာသနာဝင်ကျမ်းများ၌ ထင်ရှားသည့်အတိုင်း ဤဘဂ္ဂတိုင်းသည် ဝိနည်းပညတ်တော်မူရာ ၇-တိုင်းတို့တွင် တစ်တိုင်းအပါအဝင် ဖြစ်သည့်အပြင် များစွာသော သုတ္တန်ဒေသနာတော် ဟောတော် ညွှန်ပြရာဌာနလည်းဖြစ်၍ ထင်ရှားသောတိုင်းနယ်ဖြစ်ရာ, ၎င်းတိုင်း၏ ပဓာနမြို့တော်မှာလည်း **သံသုမာရဂီရိ** ဖြစ်၍ ၎င်းအနီး **ဘေသကလမည်သော တောကျောင်းတော်ကြီး**၌ သီတင်းသုံးတော်မူကာ တရားဒေသနာတော်အမြိုက် တိုက်ကျွေးတော်မူလေ့ရှိကြောင်း များစွာသော ဝိနည်းသုတ္တန်များ၌ ထင်ရှား၏။

## ၃။ မလ္လတိုင်း၊ ကုသိနာရုံမြို့တော်

၎င်းမလ္လတိုင်းမှာ ဒေသစာရီ လှည့်လည်တော်မူပြီးသည့်အဆုံး **မလ္လမင်းများ၏** ဥယျာဉ်တော်၌ တပည့်သာဝက အပေါင်းတို့အား-

**အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ**-*(ဒီ၊ ၂။ ၁၂၈)*

"ရဟန်းတို့- မမေ့ခြင်း သတိတရားနှင့် ပြည့်စုံရစ်ကြ"

ဟုနောက်ဆုံး ပစ္ဆိမ ဗုဒ္ဓဝစန အဆုံးမတော်ဖြင့် ဆုံးမတော်မူပြီးလျှင် အေးမြချမ်းသာ ပရိနိဗ္ဗာန် စံဝင်တော်မူရာ တိုင်းဖြစ်၍ ဗုဒ္ဓဘာသာတိုင်း မစွန့်အပ်သောတိုင်း ဖြစ်သည့်အပြင် ၎င်းမြို့တော် ကုသိနာရုံပြည်သည်လည်း ထို့အတူ ထင်ရှားသော မြို့တော်ကြီး ဖြစ်လေသည်။

## ၄။ မလ္လတိုင်း၊ ပါဝါမြို့

၎င်းမလ္လတိုင်းမှာ ကုသိနာရမြို့တော်မှတပါး အခြားပါဝါမြို့တော်လည်းရှိ၍ ပြည်ထောင်အားဖြင့် ၂-ပြည်ထောင် ကွဲပြားလျက် တသီးတခြားစီ ခွဲခန့်အုပ်ချုပ်ကြသော တိုင်းနယ်များ ဖြစ်ကြလေသည်။ ၎င်းတိုင်းပြည် နယ်ပယ်များသို့ မြတ်စွာဘုရား တရားစမ္ပ

စက်ဒေသနာတော် ဟောဖော်ညွှန်ပြ ဆုံးမတော်မူရန် ဒေသစာရီ ကြွချီတော်မူလျက် များစွာသော သုတ္တန်ဝိနည်းဒေသနာတော်များ ဟောကြားပညတ်တော်မူရာ တိုင်း, မြို့, ပြည် ဖြစ်၍ သာသနာတော်တွင် ထင်ရှားသော သာသနာဝင်ဌာနတစ်ခု ဖြစ်လေသည်။

## ၅။ ဝဇ္ဇီတိုင်း

ဝဇ္ဇီတိုင်းကြီးကား မြတ်စွာဘုရားလက်ထက်တော်၌ ထင်ရှားသော တိုင်းကြီးပင် ဖြစ်သော်လည်း ပဒေသရာဇ် အာဏာပိုင် မင်းတရားများ စိုးမိုးအုပ်ချုပ်သော တိုင်းပြည် မဟုတ်ဘဲ မင်းအများအုပ်ချုပ်သော တိုင်းကြီးဖြစ်၍ သာသနာတော်တွင်လည်း ဒေသနာတော် ဓမ္မစက် ထွန်းကားစည်ပင်ရာ တိုင်းနယ်ကြီးဖြစ်ကြောင်း၊ ၎င်းတိုင်းကြီးကို လိစ္ဆဝီမင်းမျိုးများ အုပ်ချုပ်ခဲ့ခန့်သဖြင့် လိစ္ဆဝီနိုင်ငံကြီး ဟူ၍လည်း ထင်ရှားကြောင်း၊ ၎င်း၏ မြို့တော်ကြီးလည်း များစွာသော သိက္ခာပုဒ်များ ပညတ်တော်မူရာ များစွာသော သုတ် ဒေသနာတော်များ ဟောကြားတော်မူရာဌာနဖြစ်၍ သာသနာတော်တွင် ထင်ရှားသော ဝေသာလီမြို့တော်ကြီး ဖြစ်ကြောင်း မှတ်ယူအပ်ကုန်၏။ ၎င်းပြင် သာသနာနောက်ပိုင်းမှာ ၎င်းဝဇ္ဇီတိုင်းသား အဓမ္မဝါဒီများ၏ တရားဓမ္မကံမကျ ဝိနယဓမ္မနှင့် ဖီလာဖြစ်သော အဓမ္မ ဝါဒများ ဟောပြောကြခြင်းကို အကြောင်းပြု၍ ဒုတိယသံဂါယနာတင်ရသဖြင့်လည်း သာလွန်ထင်ရှားသော သံဂါယနာတင်ရာ နိုင်ငံကြီးဖြစ်ခဲ့လေသည်။

၎င်းပြင် ဝိဒေဟတိုင်းသည် ရှေးကတိုင်းကြီး နိုင်ငံကြီး ဖြစ်ခဲ့သော်လည်း မြတ်စွာ ဘုရားလက်ထက်တော်၌ ဝဇ္ဇီတိုင်းအထဲတွင်ပါဝင်၍ မိထိလာမြို့တော်သည်လည်း မင်းနေပြည်မဟုတ်တော့ဘဲ ပုဏ္ဏားကြီးများ စိုးမိုးအုပ်ချုပ်သော မြို့မျှသာ ဖြစ်ခဲ့လေသည်။

## ၆။ ကောလိယတိုင်း၊ ရာမဂါမမြို့

ကောလိယတိုင်းမှာ မြတ်စွာဘုရားလက်ထက်တော်၌ များစွာသော သုတ်, ဝိနည်း ဒေသနာတော်မြတ် ဟောကြားပညတ်တော်မူရာ ဌာနဖြစ်သည့်အပြင် ရှေးသာကိယဇာတ် ဖြစ်လတ်စဉ် အခါကလည်း သက္ကတိုင်း, ကောလိယတိုင်း, ဒေဝဒဟတိုင်း-ဟု သာကီဝင် ၃-တိုင်း ကွဲပြားလာခဲ့ကြကြောင်း ပိဋကတ် ကျမ်းဂန်များတွင် ထင်ရှားကုန်၏။ သို့ရာတွင် မြတ်စွာဘုရားလက်ထက်တော်၌မှာမူ ဒေဝဒဟတိုင်းသည် တိုင်းကစ်ခု အသီးအခြား မင်းများ အုပ်ချုပ်စိုးစံလျက် ၎င်း၏မြို့တော်မှာ ရာမဂါမဖြစ်ကြောင်း မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ဓာတ်တော်များ တောင်းဆိုရာ၌----

၎င်းတို့လည်း မင်းမျိုးများဖြစ်ကြောင်း မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို ရယူပူဇော်ထိုက်ကြောင်း မဟာပရိနိဗ္ဗာနသုတ်၌ လာသဖြင့် သာ၍ထင်ရှား၏။

## ၇။ မောရိယတိုင်း၊ ပိပ္ပလိဝနမြို့

၎င်းမောရိယတိုင်းသည် မြတ်စွာဘုရားလက်ထက်တော်က ထင်ရှားရှိသော တိုင်းပင် ဖြစ်သော်လည်း ၎င်း၌မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဒေသနာတော် နည်းပါး၍ ပေတာဝတ္ထုများ၌သာ ၎င်းမောရိယတိုင်း မင်းမျိုးများ၏ အကြောင်းအရာပါသည့် အပြင် မြတ်စွာဘုရားဓာတ်တော်များ ဝေဖန်တောင်းခံကြရာတွင်လည်း-

မြတ်စွာဘုရားသည် မင်းမျိုးဖြစ်ကြောင်း၊ သူတို့လည်း မင်းမျိုးဖြစ်ကြောင်း၊ မြတ်စွာ ဘုရား သရီရဓာတ်တော်ကို ရယူပူဇော်ထိုက်ကြောင်း-

သုတ်မဟာဝါ ဓာတ်တော် ဝေဖန်ရာ၌ လာသောကြောင့် ၎င်းတိုင်းနှင့် မင်းမျိုးများ ဖြစ်သည်မှာ ထင်ရှား၏။ သို့ရာတွင် ထိုမောရိယမင်းမျိုးများမှာကား ဓာတ်တော်ဝေဖန် ရာတွင် မရှိကြသဖြင့် မြတ်စွာဘုရား၏ သရီရဓာတ် သဂြိုဟ်ရာအရပ်မှ မီးသွေးမျှသာ ရလေသဖြင့် ၎င်းမီးသွေး စေတီမျှ တည်ကြရလေ၏။ ၎င်း၏မြို့တော်ကား ပိပ္ပလိဝန-ဟု ထိုခေတ်ကခေါ်၍ အလွန်မထင်ရှားလှသော်လည်း သာသနာတော် နောက်ခေတ်၌ကား သာသနာဝင်တွင်မက ကမ္ဘာကြီးတစ်ခုလုံး ချီးကျူးရသော သာသနာ၌ ဘယ်အခါမှ မဖြစ်ဘူး မကြုံဘူးအောင် အထူးထောက်ပံ့ပြုစုတော်မူသော **အသောကမင်းတရားကြီး** လက်ထက် မှာမူ ၎င်းမောရိယမင်းမျိုးများ အထူးထွန်းကားလျက် အထင်ရှားဆုံး ဖြစ်လာခဲ့လေ၏။

## ၈။ ဗုလိယတိုင်း၊ အလ္လကပ္ပမြို့

၎င်းတိုင်းသည် မြတ်စွာဘုရားလက်ထက်တော်က အလွန်ကျော်ကြား ထင်ရှားခြင်း မရှိသော်လည်း ၎င်းတို့သည် အသီးအခြား မင်းမျိုးများအုပ်ချုပ်သော နိုင်ငံတစ်ခုဖြစ်ကြောင်း ၎င်းဗုလိယတိုင်း၏မြို့တော်မှာ **အလ္လကပ္ပ**ဖြစ်ကြောင်း သို့ဖြစ်၍ မဟာပရိနိဗ္ဗာနသုတ်၌-

မြတ်စွာဘုရားလည်း မင်းမျိုးဖြစ်ကြောင်း၊ သူတို့လည်း မင်းမျိုးများဖြစ်ကြောင်း၊ သို့အတွက် သရီရဓာတ်တော်ကို ရယူပူဇော်ထိုက်ကြောင်း---*(ဒီ၊ ၂။ ၁၃၆)*

တောင်းဆိုသည်အားလျော်စွာ ဓာတ်တော်များ ဝေစုရသဖြင့် ထိုအလ္လကပ္ပမြို့တော် ၌ပင် ဓာတုစေတီတော်မြတ် တည်ထားကိုးကွယ်ကြကြောင်းလာသဖြင့် သာသနာတော် ဓမ္မစက် ပြန့်နှံ့ရာဌာန တိုင်းနယ်ဖြစ်ကြောင်း ထင်ရှား၏။

ထိုမှတပါး ဆိုခဲ့ပြီးသော တိုင်းကလေးများအပြင် ကောသလတိုင်းကြီးတွင် ပါဝင်ကြသော ၄ယ်စား, မြို့စား နေထိုင်အုပ်ချုပ်စီမံခန့်ခွဲကြသော လက်အောက်တိုင်းငယ်များ ရှိကြ၍ ၎င်းတို့၌ မြတ်စွာဘုရား ဒေသစာရီကြွချီတော်မူလျက် တရားဓမ္မစက် ဟောမြွက်တော်မူရာဌာနလည်းဖြစ်၍ သာသနာဝင် ပိဋကတ် ကျမ်းဂန်များတွင် ထင်ရှားသော မြို့နယ်များ ဖြစ်ကြလေသည်။ ၎င်းတို့မှာ-

**ကာလာမတိုင်း၊ ကေသမုတ္တမြို့, သေတဗျမြို့, ဥက္ကဌမြို့-**
စသည်တို့ ဖြစ်ကြသည့်အပြင် ၎င်းကောသလတိုင်းအတွင်း ရွာစား ပုဏ္ဏားကြီးများ နေထိုင်စိုးအုပ်ရာ ထင်ရှားကျော်စောသော ရွာကြီးများလည်း အများရှိကြကုန်၏။ ထို့အတူ မဂဓတိုင်းကြီးအတွင်း ပါဝင်ကြသော တိုင်းငယ်, မြို့ငယ်များ၊ အဝန္တိတိုင်းတွင် ပါဝင်ကြသော တိုင်းငယ်, မြို့ငယ်များ၊ ဒက္ခိဏာပထခေါ် မဇ္ဈိမအလယ်ပိုင်းမှ တောင်ဘက်ကြသော တိုင်းနိုင်ငံ ကလေးများရှိကြ၍ ၎င်းတိုင်းနိုင်ငံများ၌ကား အလယ်ပိုင်း တိုင်းနိုင်ငံလောက် မြတ်စွာဘုရား တရားဓမ္မစက် ဟောမြွက်တော်မူသောအားဖြင့် ထွန်းကားခြင်းမရှိသော်လည်း သုတ္တနိပါတ် စသော ခုဒ္ဒကနိကာယ်များ၌ များစွာလာရှိ၍ မြတ်စွာဘုရား သာသနာတော်မြတ် ပြန့်နှံ့ထွန်းလင်းရာ တိုင်းနယ်များဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

ထိုသို့ သာသနာတော် ရောက်သဖြင့်လည်း အရှင်မဟာကစ္စာနမထေရ်သည် များသောအားဖြင့် ဒက္ခိဏာပထ တောင်ပိုင်းနိုင်ငံများ၌ သီတင်းသုံးတော်မူသည်ကများ၍ သုတ္တန်များ ဟောကြားတော်မူသည့်အပြင် သုတ္တန်နိပါတ်လာ ဗာဝရီဆရာကြီးအကြောင်း အတ္ထုပ္ပတ်အားဖြင့်လည်း ထင်ရှားသည်။

၎င်းဗာဝရီ ဆရာကြီးကား သာဝတ္ထိမြို့တော်ကြီးမှ ဒက္ခိဏာပထ တောင်ဘက်တိုင်းနိုင်ငံသို့ သွား၍ ဂေါဓာဝရီ မြစ်ကမ်းဝယ် အဿကမင်းနှင့် မုဠကမင်းတို့၏ တိုင်းနိုင်ငံအလယ်၌ နေပြီးလျှင် ထိုမင်း ၂-ပါးတို့၏ ပူဇော်သက္ကာရကို ခံယူလျက်နေစဉ် ကြီးစွာသော ယဇ်ပူဇော်ပွဲကြီး ပြုလုပ်ပြီးသောအခါ၌ နတ်တစ်ပါး သတိပေးလာ၍ လောက ၃-ပါး၌ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူလာကြောင်း သိသဖြင့် မြတ်စွာဘုရားအထံ များစွာသော ပြဿနာများကို လျှောက်ထားရန် အဇိတအစရှိသော တပည့်ကြီး ၁၆-ယောက်တို့ကို လွှတ်လိုက်၍ ၎င်းတပည့်အပေါင်းတို့လည်း မိမိတို့စိတ်ဖြင့် ကြံစည်အပ်သော ပြဿနာများကို စိတ်အားဖြင့် မေးလျှောက်ထားပြီး ဖြေကြားတော်မူသည်၏ အဆုံး၌ အားလုံး*(ပင်)* တရားတော်၏အရသာကို သိကြလျက် အသီးသီး မဂ်ဖိုလ် ကို ရကြလေကုန်၏။ ၎င်းခရီးစဉ် အကြောင်းအရာများကို နောက်၌ ရေးလတ္တံ့ဖြစ်၍ ဤမျှလျှင် အကျဉ်းအားဖြင့် ရေးသား လိုက်ရပေသည်။

ထိုမှတပါး ဆိုခဲ့ပြီးသော ဒက္ခိဏာပထ တောင်ပိုင်းနိုင်ငံများတွင် အဝင်အပါ မုဠက တိုင်း၏ မြို့များဖြစ်သော ပတိဋ္ဌာနမြို့, မဟိဿတိမြို့များအပြင် အဝန္တိတိုင်း၏ မြို့များဖြစ်သော ဥဇ္ဇေနီမြို့, ဝေါနဒ္ဓမြို့, ဝေဒိသကမြို့များရှိကြောင်း၊ ၎င်းသုတ္တနိပါတ် ဗာဝရီဆရာကြီး၏ အတ္ထုပ္ပတ္တိ ဝတ္ထုကထာ၌ပင် ထင်ရှားသည့်အပြင် မဇ္ဈိမပဏ္ဏာသ၊ ရဋ္ဌပါလသုတ်၌လည်း ၎င်းအရှင်ရဋ္ဌပါလသည် ထုလ္လကောဋ္ဌိကမြို့၌ ထင်ရှားသော အမျိုးသားဖြစ်၍ မြတ်စွာဘုရား သည် ကုရုတိုင်း ၎င်းမြို့သို့ ဒေသစာရီ ကြွချီလျက် တရားဓမ္မစက် မိန့်မြွက်ဟောပြ သောအခါ ရဟန်းအဖြစ် တောင့်တ၊ ၎င်းရဟန်းအဖြစ်ကို ရသဖြင့် မိဂစီရဥယျာဉ်၌ တရား ကို ဆင်ခြင်သုံးသပ်လျက် နေ့သန့်စဉ် ၎င်းကုရုတိုင်းကို အုပ်စိုးသော ကောရဗျမင်းသည် အရှင်ရဋ္ဌပါလအထံသို့ ချဉ်းကပ်၍ တရားတော်နာကြောင်းလာ၍ ထိုကုရုတိုင်းမှာလည်း ထင်ရှား၍ မင်းတစ်ပါးအုပ်ချုပ်နေကြောင်း သိသာ၏။

၎င်းပြင်လည်း အရှင်မဟာကစ္စာနမထေရ်သည် မထုရာမြို့တော်အနီး ဂုန္ဒာဝန ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် ၎င်းမထုရဇ် ပြည်ကြီးကို အုပ်စိုးသော အဝန္တိပုတ္တ အမည် ရှိသော မထုရဇ်မင်းသည် ထိုဂုန္ဒာဝနာဥယျာဉ် အရှင်မဟာကစ္စာန မထေရ်အထံသို့ ချဉ်းကပ် ၍ တရားတော်ကို နာရသဖြင့် ဥပါသကာအဖြစ်သို့ ရောက်ကြောင်း၊ သို့သော် လည်း ထိုအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူကြောင်း ၎င်းမင်းအားပြောကြားသော အခါ "အကယ်၍သာ မြတ်စွာဘုရား ထင်ရှားစွာရှိပါမူ ယူဇနာ-၅၀ ဖြစ်စေ, ၁၀၀-ဖြစ်စေ တပည့်တော် သွားရောက်ဆည်းကပ်ရာ၏"ဟု မဇ္ဈိမပဏ္ဏာသ၌ပင် လာသဖြင့် ၎င်းအဝန္တိတိုင်းကြီး၏ အနီးအနားဖြစ်သော မထုရာမြို့၌ပင် ဘုရင်တစ်ပါး အုပ်ချုပ်ကြောင်း သိရ၏၊ သို့သော်လည်း ၎င်းဘုရင်မှာ မြတ်စွာဘုရားလက်ထက်တော်ကပင် ဖြစ်စေကာမူ မြတ်စွာဘုရားအား မဖူးမမျှော်ရသည့်အပြင် တရားတော်ကိုပင် မနာလိုက်ရကြောင်း အရှင် မဟာကစ္စာနမထေရ် မြတ်နှင့် တွေ့ကြုံမှ တရားတော်ကို နာယူရကြောင်း ထင်ရှား၍-

မြတ်စွာဘုရားလက်ထက်တော်က သာသနာတော်နှင့် စပ်လျဉ်းသော ထင်ပေါ် ကျော်ကြားခြင်းမရှိသော တိုင်းငယ်များ အများအပြား ရှိကြကုန်သည်မှာ ထင်ရှားကုန်၏။

၎င်းပြင်လည်း မဇ္ဈိမဒေသ၏ အနောက်မြောက် နိုင်ငံများဖြစ်ကြသော ဂန္ဓာရတိုင်း, ကမ္ဗောဇတိုင်း စသော တိုင်းနိုင်ငံတို့မှာပင် မြတ်စွာဘုရားလက်ထက်တော်က သာသနာတော် ဓမ္မစက် ပြန့်နှံ့သဖြင့် ဂန္ဓာရတိုင်း၊ တက္ကသိုလ်မြို့တော်မှ ပက္ကုသာတိမင်းကြီးသည် မြတ်စွာ ဘုရားအား ရည်ရော်မှန်းထားလျက် ရဟန်းပြုပြီးလျှင် မြတ်စွာဘုရား သီတင်းသုံးတော် မူရာ မဇ္ဈိမသို့ ထွက်ခွာကြွသွားကြောင်း၊ မြတ်စွာဘုရားနှင့်တွေ့ဆုံ၍ ဓာတုဝိဘင်သုတ် ဒေသနာတော်မြတ်ကို ကြားရ၍ အနာဂါမ်တည်ကြောင်း၊ ထိုမှတပါး မဟာကပ္ပိနမင်းတရား

လည်း ကသိုဓ်ရတိုင်း၏ မြို့တော်ဖြစ်သော ပေါက္ခရဝတီမြို့မှ မင်း, မိဖုရား, မှူးမတ် ပရိသတ် အစုံနှင့် မြတ်စွာဘုရား သီတင်းသုံးတော်မူရာသို့ ရည်မှန်းလျက် ထွက်ခွာလာခဲ့ကြောင်း၊ မြတ်စွာဘုရားလည်း ၎င်းတို့အား ကြိုဆိုတရားဟောပြ၍ အားလုံး အရဟာအဖြိုက် နှစ်ခြိုက် စွာသုံးရကြောင်း မဇ္ဈိမနိကာယနှင့် ဓမ္မပဒ, ထေရာဂါထာတို့၌ လာသဖြင့် သာသနာတော် ကြီး အလွန်မပွားစီးသော်လည်း သာသနာတော်ဓမ္မစက် သက်ရောက်ကြောင်းကား ထင်ရှား၏။

ထိုမှတပါးလည်း ၎င်းမဇ္ဈိမဒေသအလယ်ပိုင်း တိုင်းနိုင်ငံများမှ ထောက်စာလျှင် အနောက်ပိုင်းနိုင်ငံများဖြစ်ကြသော ရောရုဝမြို့ တိဿမင်းသည် ဗိမ္ဗိသာရမင်းတရားနှင့် တစ်ဦးသည် တစ်ဦးအား မမြင်ဘူးကြသော အဒိဋ္ဌသဟာယ အကြည်တော်ခြင်းဖြစ်ကြ၍ ဗုဒ္ဓစရိတ မြတ်စွာဘုရား၏ အဖြစ်တော်စဉ် ပွင့်ထွန်းပေါ်လာတော်မူသော အကြောင်းအရာ များ ရွှေပေလွှာတွင်တင်လျက် ရေးသားကာ အမြတ်ဆုံးသော လက်ဆောင်တော်အဖြစ်ဖြင့် ပေးပို့တော်မူကြောင်း၊ ၎င်းအရတရား ဓမ္မစက်တော်အောက် ရောက်လာကြောင်း၊ ၎င်း အပြင် ဘာရုကစ္ဆ, အပရန္တက, ဝေဠုပူရ စသည်တို့၌လည်း မြတ်စွာဘုရား၏ ဓမ္မစက်တော် ပြန့်နှံ့၍ ၎င်းတိုင်းသားများ ရဟန်းဖြစ်ကြကြောင်း ထေရာဂါထာ ထေရီဂါထာပါဠိတော် ၎င်းအဋ္ဌကထာ စသည်တို့၌ လာသဖြင့် အနောက်ပိုင်း တိုင်းနိုင်ငံ များတို့လည်း မြတ်စွာ ဘုရား၏ တရားအာဏာတော် ဓမ္မစက် ပြန့်နှံ့လျက်ရှိကြောင်း သို့သော်လည်း မဇ္ဈိမနိုင်ငံ များကဲ့သို့ ထွန်းတောက်ခြင်းမရှိကြောင်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## မြတ်စွာဘုရားလက်ထက်တော်၌ တိုင်းကြီး ၁၆-တိုင်းအကြောင်း

ဤဇမ္ဗူဒိပ ကျွန်းဆွယ်ကြီး၌ အလွန်ရှေးဖြစ်သော ကပ်ဦးအခါ သမယက ၅- တိုင်း ၅-ပြည်ထောင် ဖြစ်ပွားခဲ့ခြင်းအကြောင်းကိုလည်းကောင်း, မဟာဂေါဝိန္ဒ ပုဏ္ဏား ပညာရှိကြီးလက်ထက်၌ ၇-တိုင်း ၇-ပြည်ထောင် ခွဲခြမ်း ဝေဖန်ခြင်းကိုလည်းကောင်း, ထိုမှတပါး သာသနိက ကျမ်းဂန်မဟုတ်သော အယူအားဖြင့် တိုင်းနိုင်ငံ အသီးသီး ကွဲပြား ကြခြင်းကိုလည်းကောင်း အထက်ကပြဆိုခဲ့ပြီးသည့်အပြင် မြတ်စွာဘုရားလက်ထက်တော်က ထင်ပေါ်ကျော်ကြားသော ပဒေသရာဇ်ဘုရင်ကြီးများ အုပ်စိုးသော နိုင်ငံကြီးများနှင့်တကွ အသီးအခြားမင်းများ အုပ်စိုးနေကြသော တိုင်းနိုင်ငံငယ်များ အကြောင်းအရာ သာမည အကျဉ်းမျှ ပြဆိုရေးသားခဲ့လေပြီ။

သို့ရာတွင် မြတ်စွာဘုရားလက်ထက်တော်က ဤမျှသော တိုင်းနိုင်ငံများသာ မဟုတ်၊ မင်းအသီးအခြားပင် အချို့နိုင်ငံများ၌ ထင်ရှားမရှိသော်လည်း စည်ကားဝပြောသော တိုင်းနိုင်ငံကြီးတစ်ခုအဖြစ်ဖြင့် ဥပမာထားလောက်အောင် ထင်ရှား၍ ကျော်ကြားသော တိုင်းနိုင်ငံကြီး ၁၆-တိုင်းတို့သည် စည်ပင်ဝပြော သာယာစွာ ရှိကြောင်း မြတ်စွာဘုရား ကိုယ်တော်တိုင် ကျောင်းအမကြီး ဝိသာခါအား ဥပုသ်စောင့်သုံးရခြင်း၏ အကျိုး ဥပုသ် တရား၌ ဥပမာထား၍ ဟောကြားတော်မူသောအားဖြင့် သိသာထင်ရှား၏။ ၎င်းမှာ-

သေယျထာပိ ဝိသာခေ ယော ဣမေသံ သောဠသာနံ မဟာဇနပဒါနံ ပဟူတသတ္တရတနာနံ ဣဿရိယာဓိပစ္စံ ရဇ္ဇံ ကာရေယျ။ သေယျထိဒံ၊

**အင်္ဂါနံ မဂဓာနံ----ကာသီနံ ကောသလာနံ**

**ဝဇ္ဇီနံ မလ္လာနံ ----စေတီနံ ဝင်္ဂါနံ**

**ကုရူနံ ပဉ္စာလာနံ ----မစ္ဆာနံ သူရသေနာနံ**

**အဿကာနံ အဝန္တီနံ ----ဂန္ဓာရာနံ ကမ္ဗောဇာနံ၊**

**အဋ္ဌင်္ဂသမန္နာဂတဿ ဥပေါသထဿ ဧတံ ကလံ နာဂ္ဃတိ သောဠသိံ**(*အံ၊ ၃။ ၈၅*)ဟု ဥပမာပြု၍ ကျောင်းအမ ဝိသာခါအား ဟောကြားတော်မူ၏။

ကျောင့်အမ ဝိသာခါ ဥပမာအားဖြင့်--- အကြင်သူသည် ရတနာ ၇-ပါး ပေါများ ကြွယ်ဝသော ဤတိုင်းကြီး ၁၆-တိုင်းတို့၏ မင်းအဖြစ်ကို ရသည်ဖြစ်အံ့၊ ထိုတိုင်းကြီးတို့ကား-

| | | | |
|---|---|---|---|
| အင်္ဂတိုင်း | မဂဓတိုင်း | ကာသိတိုင်း | ကောသလတိုင်း |
| ဝဇ္ဇီတိုင်း | မလ္လတိုင်း | စေတီတိုင်း | ဝင်္ဂတိုင်း |
| ကုရုတိုင်း | ပဉ္စာလတိုင်း | မစ္ဆတိုင်း | သူရသေနတိုင်း |
| အဿကတိုင်း | အဝန္တီတိုင်း | ဂန္ဓာရတိုင်း | ကမ္ဗောဇတိုင်း |

တို့တည်း၊ ထိုတိုင်းကြီး ၁၆-တိုင်းတို့၌ အုပ်ချုပ်စိုးစံရသော မင်း၏ အဖြစ်သည် အင်္ဂါ ၈-ပါးနှင့်ပြည့်စုံသော ဥပုသ်သီလ တစ်နေ့ တစ်ရက် စောင့်သုံးရခြင်း၏ ကုသိုလ်အဖို့ ၁၆-စိတ် တစ်စိတ်မျှ မမီနိုင်။

ဤကဲ့သို့ မြတ်စွာဘုရားသည် ပေါများကြွယ်ဝသော တိုင်းကြီး ၁၆-တိုင်းကို ပမာခိုင်းနှိုင်းတော်မူ၍ ဥပုသ်သီလ၏အကျိုး အာနိသံသကို ဟောကြားတော်မူသည်မှာကား မသိနိုင် မမြင်နိုင် မကြားဘူး မသိဘူးသော အလွန်ဝေးလံသည့် တိုင်းတပါး နိုင်ငံခြားတို့ကို ပမာထား၍ ဟောကြားတော်မူသည်မဟုတ်၊ အမှန်စင်စစ်အားဖြင့် ဥပမာ မည်သည်ကား ထင်ရှားသိလွယ်အောင် ထုတ်ဖော်ပြအပ်သောကြောင့် မဇ္ဈိမဒေသရှိ အလယ်ပိုင်း တိုင်းနိုင်ငံ များနှင့် ၎င်းမှမဝေးလှ ထက်ဝန်းကျင် ပတ်လည်ဖြစ်ကြသော လူများတို့ များသောအားဖြင့်

သိရှိကြသော တိုင်းနိုင်ငံများကိုသာ ဥပမာထား၍ ဟောကြားတော်မူသည်မှာ ယုံမှားစရာ မရှိကုန်။ ပမာအားဖြင့် ထိုမဇ္ဈိမနိုင်ငံတို့မှတပါး အခြားနိုင်ငံများ ဖြစ်ကြပြီးလျှင် ထိုနိုင်ငံတို့၏ အနီးအနား အများသိကြသော မြို့ပြ ပြည်ရွာတို့ကို ဥပမာထား၍ ပြောကြားမှ ထိုနိုင်ငံသူ နိုင်ငံသားများ နားလည်ကြပေမည်၊ သို့မဟုတ် ၎င်းတို့မသိသောတိုင်းပြည်မြို့ရွာတို့နှင့် ဥပမာ ပြကာ ၎င်းကား မည်ကဲ့သို့စည်ကားဝပြောသည်၊ မည်ကဲ့သို့ သာယာပျော်မွေ့ဖွယ်ကောင်း သည်ဟု ပြောပြသော်လည်း ၎င်း၏အခြင်းအရာ အထူးသိမြင်နိုင်သော ဉာဏ်မရှိသူတို့၌ အဘယ်သို့ ထင်လာမြင်လာနိုင်ပေမည်နည်း၊ မထင်နိုင် မမြင်သည်မှာ အမှန်ဖြစ်၏။

သို့ဖြစ်သောကြောင့် မြတ်စွာဘုရားသည် ကျောင်းအမဝိသာခါဒကာမအား သိသာ ထင်ရှား၍ အနီးအနားဖြစ်သော တိုင်းပြည်နိုင်ငံများနှင့် ဥပမာထားလျက် ဟောကြားတော် မူသည်မှာ ထိုမဇ္ဈိမဒေသ အတွင်းကျသော နိုင်ငံများနှင့် ၎င်းတွင် မပါဝင်သော်လည်း အနီးအနားဖြစ်၍ သိသာထင်ရှားလျက် ကျော်ကြားသောနိုင်ငံများသာ ဖြစ်ကြောင်း မှတ်သား အပ်ကုန်၏။ သို့ရာတွင် ၎င်းနိုင်ငံအားလုံးတို့သည် ဘုရင်သီးခြား မင်းတစ်ပါးစီ အုပ်ချုပ်သော နိုင်ငံများမဟုတ်ကုန်၊ ၎င်းတို့သည် နီးရာနိုင်ငံနှင့်စပ်လျက် မြတ်စွာဘုရား လက်ထက်တော် က ထင်ရှားသော ဘုရင်ကြီးများ၏ နိုင်ငံတွင်းသို့ ထည့်သွင်းကာ ၎င်းဘုရင်ကြီးများ၏ အုပ်ချုပ်စိုးမိုးခြင်းကို ခံကြရကုန်၏။

ပမာအားဖြင့် ကာသိတိုင်း၊ ဗာရာဏသီမြို့တော်ကြီးမှာ ဇာတ်တော်, နိပါတ်တော် များနှင့် ပိဋကတ်ကျမ်းစာများ အားလုံးတွင်မက သက္ကတနှင့်တကွ အခြား အိန္ဒိယဘာသာ စာပေများအားလုံးတို့၌လည်း ထင်ပေါ်ကျော်ကြားလျက် အဆက်ဆက်လာခဲ့သဖြင့် ယခု ထက်တိုင်ပင် ထင်ရှားသော်လည်း မြတ်စွာဘုရားလက်ထက်တော်က ကောသလတိုင်းနှင့် မဂဓတိုင်းတို့၏ လက်အောက်ခံ တိုင်းနိုင်ငံဖြစ်ပြီးလျှင် ၎င်းနိုင်ငံများသို့ အခွန်ဘဏ္ဍာတော် များဆက်သနေရကြောင်း ပိဋကတ်ကျမ်းဂန် နိကာယ်အများ၌ ထင်ရှားစွာလာ၍ အထူး ရေးသာဖွယ် မရှိကုန်၊ ထိုသို့ ဆက်သနေရသော်လည်း ၎င်းတိုင်း မြို့တော်ကြီးမှာ မြတ်စွာ ဘုရားလက်ထက်တော်က ကြွယ်ဝချမ်းသာ၍ သူဌေး သူကြွယ်များ ပေါများသဖြင့် မြတ်စွာ ဘုရား သာသနာတော်ဘက်၌လည်းကောင်း မြို့, ရွာ နယ်ပယ်နှင့် စပ်လျဉ်းသော တိုင်းနိုင်ငံ ဘက်၌လည်းကောင်း နှစ်ဘက်စလုံးပင် ပြည့်ဝ စုံလင်ကြောင်းမှာ အရှင်ယသ သူဌေးသား သာသနာတော်တွင် သက်ဝင်ယုံကြည်လာ၍ ရဟန်းပြုသောအခါ ၎င်း၏မိတ်ဆွေဖြစ်သော မြို့နေသူဌေးသား များနှင့် နယ်ပယ်ရှိ သူဌေးပေါင်း ၅၀-ကျော်တို့ သာသနာတော် ဝင်လာကြောင်း ဝိနည်း ပိဋကတ်နှင့်ဆိုင်ရာ သုတ္တန်ဒေသနာတော်တို့၌ လာသဖြင့် အလွန် ထင်ရှား၍ ဥပမာထားလောက်သော တိုင်းကြီး, နိုင်ငံကြီးဖြစ်ကြောင်းမှာ ယုံမှားဖွယ်မရှိကုန်။

ၿငင်းပြင် မြတ်စွာဘုရား အစုံအစုံ အားဖြင့် ဟောကြားတော်မူသော နိုင်ငံတို့တွင် အင်္ဂတိုင်းနှင့် မဂဓတိုင်းမှာ ရှေးအခါ ကာလကမူကား အင်္ဂတိုင်းသည် မဟာဝေါဝိန္ဓပညာရှိကြီး ဖန်ဆင်းတည်ထောင်လာခဲ့သဖြင့် ထင်ပေါ်ကျော်ကြားလာခဲ့သော်လည်း မြတ်စွာဘုရား လက်ထက်တော်၌မူ လက်အောက်ခံ ဘုရင်ခံ မြို့စား မင်းတစ်ပါးအုပ်ချုပ်ရသော နယ်သာဖြစ်၍ မဂဓတိုင်းကြီးမှာကား ထင်ပေါ်ကျော်ကြားသော ဘုရင်ကြီးတစ်ပါး အုပ်ချုပ်စိုးစံလျက် ထိုအင်္ဂတိုင်းနှင့် နယ်ပယ်တို့မှာ များစွာကြွယ်ဝပေါများ သုံးစားမကုန်နိုင်သော အမိတဘောဂီ မဟာသာလ ဖြစ်ကြကုန်သော ဗြဟ္မဏ မဟာသာလ, ဂဟပတိ မဟာသာလတို့ နေထိုင်အုပ်ချုပ်သော ချမ်းသာပေါများ စည်ကားဝပြောသော မြို့ရွာနိဂုံးကြီးများ ရှိကြောင်းမှာ နိကာယ်တို့၌ ဟောတော်မူသော သုတ်များကို ထောက်ထား၍ ထင်ရှားသော်လည်း မဂဓတိုင်းသာ မင်းအားဖြင့် ပဓာန ဖြစ်ခဲ့လေသည်။

ထိုတိုင်းနိုင်ငံများသည် မဇ္ဈိမဒေသမှ အလွန်ဝေးကွာ၍ မရောက်ပေါက်နိုင်သော နိုင်ငံများမဟုတ်၊ အနီးအနား ထက်ဝန်းကျင်အားဖြင့် တည်ရှိနေကြသော နိုင်ငံများဖြစ်ကြောင်း ဒီဃနိကာယ၊ မဟာဝဂ္ဂ၊ ဇနဝသဘသုတ္တန်*(ဒီ၊ ၂။ ၁၆၂)*ဒေသနာတော်အားဖြင့် သာလွန်ထင်ရှား၏။

မြတ်စွာဘုရားသည် နာတိကမြို့၌ သီတင်းသုံးတော်မူစဉ် ထက်ဝန်းကျင် အနီးအနားရှိ တိုင်းနိုင်ငံများမှ ရတနာ ၃-ပါး ဆည်းကပ်ခစား၍ ကောင်းမြတ်သော ဂတိဘဝသို့ လားရောက်ကြရကြောင်း-

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ နာတိကေ ဝိဟရတိ ဂိဉ္ဇကာဝသထေ။ တေန ခေါ ပန သမယေန ဘဂဝါ ပရိတော ပရိတော ဇနပဒေသု ပရိစာရကေ အဗ္ဘတီတေ ကာလင်္ကတေ ဥပပတ္တီသု ဗျာကရောတိ ကာသိကောသလေသု ဝဇ္ဇိမလ္လေသု စေတိဝံသေသု ကုရုပဉ္စာလေသု မစ္ဆသူရသေနေသု "အသု အမုတြ ဥပပန္နော အသု အမုတြ ဥပပန္နော"။*(ဒီ၊ ၂။ ၁၆၂)*

"ဤသို့ တပည့်တော် နာခဲ့ရပါသည်။ တရံရောအခါ မြတ်စွာဘုရားသည် နာတိကမြို့အုတ်ကျောင်းတော်ကြီး၌ သီတင်းသုံး တော်မူပါသည်။ ထိုအခါ မြတ်စွာဘုရားသည် ထက်ဝန်းကျင် အနီးအနား တိုင်းနိုင်ငံများ၌ ရတနာ ၃-ရပ် ဆည်းကပ်ကြကုန်သော တစ်ဘဝသို့ လွန်မြောက်ကြကုန်သော သူတို့ကို ကပ်ရောက်ကြသော ဘဝတို့ကို ဖြေကြားတော်မူပါသည်။

- ကာသိ- ကောသလတိုင်း
- ဝဇ္ဇီ - မလ္လတိုင်း

- စေတီ -    ဝံသတိုင်း
- ကုရု -    ပဉ္စာလတိုင်း
- မဿ -    သူရသေနတိုင်း-တို့၌

ဤမည်သောသူသည် ဤမည်သောအရပ်၌ ဖြစ်သည်။ ဤမည်သောသူသည် ဤမည်သောအရပ်၌ ဖြစ်သည်ဟု မိန့်ကြားတော်မူပါသည်"အစရှိသော သုတ္တန်ဒေသနာတော်၌ ထင်ရှားစွာ ဟောကြားတော်မူသဖြင့် ထင်ရှားသိသာ၏။

ၾငင်းပြင် ဤသုတ်၌ အရှင်အာနန္ဒာမထေရ်က "မြတ်စွာဘုရားသည် အနီးအနား ထက်ဝန်းကျင်ဖြစ်သော တိုင်းနိုင်ငံများ၌ ဖြစ်ကြ ကုန်သော သူတို့၏ ဂတိ ဘဝကိုသာ ဟောကြားတော်မူပါသည်- အဘယ်ကြောင့် အင်္ဂတိုင်း မဂဓတိုင်းတို့၌ လွန်ကြကုန်ပြီးသော ရတနာ ၃-ရပ် ဆည်းကပ်ကြကုန်သော သူတို့၏ ဂတိဘဝကို မဟောကြားပါသနည်း"

မြတ်စွာဘုရားသည် မဂဓတိုင်း၌ပင် သစ္စာ ၄-ပါး မြတ်တရားကို သိတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။ မဂဓတိုင်းသူ, တိုင်းသားများလည်း ရတနာ ၃-ပါး ဆည်းကပ်သူများတွင် ရှေးဦးကျသဖြင့် နေ့, ညဥ့် ရှည်လျားကြပါသည်။

"စင်စစ်အားဖြင့် မဂဓတိုင်းကြီးကို တရားသဖြင့် အုပ်ချုပ်သော တရားရှိသော ဗိမ္ဗိသာရမင်းကြီး၏ ဘဝဂတိကို ဟောကြားတော်မူက တိုင်းသူပြည်သား လိုလားတောင့်တသည့်အတိုင်း လူအများတို့ များစွာကြည်ညိုကြမည် ဖြစ်ပါလျက် အဘယ်ကြောင့် ဟောကြားတော်မမူပါသနည်း"ဟု မထေရ်၏ လျှောက်ထားခြင်းကို အကြောင်းပြုတော်မူပြီး နောက်နေ့၌ အရှင်အာနန္ဒာ မထေရ်အား မိန့်ကြားတော်မူသည်မှာ-

"အာနန္ဒာ၊ ငါဘုရားသည် မဂဓတိုင်းသူ ပြည်သားတို့၏ ရောက်ရာဘဝဂတိတို့ကို နှလုံးသွင်းလျက် နေ့စဉ် ၎င်းတို့၏ ဂတိဘဝကို သိတော်မူသည်၏ အခြားမဲ့၌ တပည့်တော် ဇဝနသဘပါဘုရား- တပည့်မတော် ဇနဝသဘပါဘုရား- အသံဖြင့် လျှောက်ထား၏။

အာနန္ဒာ၊ ရှေးရှေးက ဇနဝသဘ-ဟူသော အမည်မျိုးကို သင်သိဖူး ကြားဖူးသလော"ဟု မေးတော်မူလေ၏။

"မြတ်စွာဘုရား၊ တပည့်တော်သည် ဇနဝသဘ ဟူသော အမည်မျိုး ရှေးက မကြားဘူး မသိဘူးပါ၊ စင်စစ် ဇနဝသဘ ဟူသော အမည်ကို ကြားရသဖြင့် ကြက်သီးမွေးညင်းများ ထလာပါသည်။ ဤသို့ ဇနဝသဘ-ဟု ကောင်းစွာခေါ်ဝေါ်အပ်သော အမည်မှာ တန်ခိုး ယုတ်ညံ့သော အမည်မဟုတ်"ဟု လျှောက်ကြားလေ၏။*(ဒီ၊ ၂။ ၁၆၆)*

"အာနန္ဒာ၊ အသံ၏ အခြားမဲ့၌ မြင့်မြတ်တင့်တယ်သော အဆင်းနှင့်ပြည့်စုံသော နတ်သည် မျက်မှောက်၌ ရောက်လာပြီးလျှင် ဒုတိယထပ်မံ၍ တပည့်တော် ဗိမ္ဗိသာရ ပါဘုရား၊ တပည့်တော် ဗိမ္ဗိသာရပါဘုရား---

မြတ်စွာဘုရား၊ တပည့်တော်သည် ဝေဿဝဏ္ဏနတ်မင်းကြီး၏ ၇-ယောက်မြောက်သော အဖော် အခြံအရံနတ်အဖြစ်သို့ ရောက်ရပါသည်ဘုရား---

တပည့်တော်သည် ထိုနတ်သားအဖြစ်မှ စုတေသော် လူမင်းတဖန် ဖြစ်ပြန်ခြင်းငှာ စွမ်းနိုင်ပါသည်ဘုရား" စသည်ဖြင့် ဗိမ္ဗိသာရမင်းကြီးဖြစ်သော ဇနဝသဘနတ်သားကို အကြောင်းပြု၍ ဟောတော်မူအပ်သော ဇနဝသဘသုတ်၌ အင်္ဂ, မဂဓတိုင်းတို့မှ ထက်ဝန်းကျင်ဖြစ်သော ကာသိ, ကောသလအစ မဇ္ဈိုသူရသေနတိုင်းအဆုံး ၁၀-တိုင်းတို့၌ ရတနာ ၃-ပါး ဆည်းကပ်သူတို့၏ ရောက်ရာဂတိကို ဟောကြားတော်မူသည်ကို ထောက်ဆ၍ မြတ်စွာဘုရား သီလကျိုး ဥပမာထား၍ ဟောကြားတော်မူသော တိုင်းကြီး ၁၆-တိုင်းတို့မှ မဇ္ဈိမဒေသ ပတ်လည်ဝန်းကျင်ဖြစ်သော တိုင်းများသာဖြစ်ကြောင်း ထင်ရှားသဖြင့် ယုံမှားဖွယ် မရှိကုန်။

၎င်းပြင်လည်း ဤဇနဝသဘသုတ်၌ပင်လျှင် ပရိတော ပရိတော ဇနပဒေသု*(ဒီ၊ ၂။ ၁၆၂)*ပုဒ်-အရ သမန္တာ သမန္တာ ဇနပဒေသု-ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုတော်မူသဖြင့်လည်း---

- အနီးအနား တိုင်းနိုင်ငံများသာလျှင်ဖြစ်ကြောင်း၊
- ၎င်းမဇ္ဈိမဒေသနှင့် ဝေးကွာ၍ မဇ္ဈိမတိုင်း သားတို့ မသိနိုင်သော တိုင်းပြည်နိုင်ငံများ မပါတ်ကြောင်း သာလွန်ထင်ရှားသည့်ပြင်
- ဥပမာ ပြုသော အရာများမှာလည်း သိလွယ် ထင်လွယ် မြင်လွယ်အောင် ထင်ရှား၍ အများသိနိုင် သောအရာဖြင့်သာ ဥပမာထား၍ ဟောကြားတော်မူကြောင်း-

အထူးရေးသားဖွယ် မရှိပေ။ ဤသုတ်၌ ဟောတော်မူအပ်သော ထက်ဝန်းကျင် တိုင်းနိုင်ငံများမှတပါး အခြားကြွင်းကျန် သောတိုင်းနိုင်ငံများလည်း ၎င်းမဇ္ဈိမဒေသနှင့်စပ်၍ မဝေးလှသော တိုင်းနိုင်ငံများသာ ဖြစ်ကြောင်းကိုလည်း အဝန္တိတိုင်းကို ထောက်စာသဖြင့်သိသာ၏။

သို့ဖြစ်၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တိုင်းကြီး ၁၆-တိုင်းမှာ အမည်နှင့် တိုင်းကြီးတို့ကား စည်ပင်သာယာဝပြောသော်လည်း အုပ်ချုပ်စိုးစံသော မင်းတို့ကား အသီးအခြား အချို့နိုင်ငံ၌မရှိ၊ လက်အောက်ခံ မြို့စားများသာရှိကြ၍ မထင်ရှားသောကြောင့် တိုင်းနိုင်ငံ ရှင်ဘုရင်မင်းတို့အား ဥပမာထား၍ မဟောကြားဘဲ နိုင်ငံများ

ပေါက်သာလျှင် ပဓာနထား၍ ဟောကြားတော်မူလေသည်။ ဤတိုင်းနိုင်ငံအားလုံးတို့သည် များသောအားဖြင့် မဇ္ဈိမ အိန္ဒိယ အလယ်ပိုင်းတိုင်းနိုင်ငံများသာဖြစ်ကြ၍ ၎င်းမှ အပြင်ကျသော နိုင်ငံများမှာကား---

- အနောက်ပိုင်း၌ အဿကတိုင်းနှင့် အဝန္တိတိုင်းတို့အပြင်-
- အနောက်မြောက်ပိုင်း၌ ဂန္ဓာရတိုင်းနှင့် ကမ္ဘောဇတိုင်းများမျှသာ ရှိလေသည်။

သို့သော်လည်း အသေအချာ ခွဲခြမ်းဝေဖန်နိုင်သော အသိဓာတ်ခံနည်း၍ ပညာဗဟုသုတ မဆည်းပူးကြသော သူများမှာ ဤတိုင်းကြီး ၁၆-တိုင်းက ယခုကာလ ကမ္ဘာကြီးတစ်ခုလုံး ဝေဖန်ပိုင်းခြားသည်ဟု အထင်မှတ်မှားကြသည့်အပြင် ဆင်တူယိုးမှား အမည်များကိုလည်း အမှတ်အသားချို့ယွင်းလျက် ရှေးအမည်များမှ ပျက်လာသည်ဟု အထင်မှတ်၍ ရှေးအမည်တို့နှင့် စပ်ဟပ်ကာ အမည်သညာများ လွဲမှားရေးသားကြကုန်သည်။ သို့ဖြစ်၍ ဤတိုင်းနိုင်ငံတို့၏ တည်ရာဌာန မဇ္ဈိမဒေသ အိန္ဒိယအလယ်ပိုင်း၏ အပိုင်းအခြားများကို ရှေးဦးစွာ သိရှိရန် ၎င်းအပိုင်းအခြားများ အောက်ပါအတိုင်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## မဇ္ဈိမဒေသ အလယ်ပိုင်း အပိုင်းအခြား

အိန္ဒိယအလယ်ပိုင်း မဇ္ဈိမအပိုင်းအခြားများကို မြတ်စွာဘုရား ပဒေသပညတ်တော်ဖြင့် အရှင်မဟာကစ္စာနမထေရ် လျှောက်ထားချက်အရ ခွင့်ပြုတော်မူပြီးလျှင် ထိုမဇ္ဈိမဒေသ အပိုင်းအခြား ဟောကြားတော်မူသည်မှာ-

"အနုဇာနာမိ ဘိက္ခဝေ သဗ္ဗပစ္စန္တိမေသု ဇနပဒေသု ဝိနယဓရပဉ္စမေန ဂဏေန ဥပသမ္ပဒံ။ တတြိမေ ပစ္စန္တိမာ ဇနပဒါ။-

၁။ ပုရတ္ထိမာယ ဒိသာယ ဂဇင်္ဂလံ နာမ နိဂမော၊ တဿ ပရေန မဟာသာလာ၊
တတော ပရာ ပစ္စန္တိမာ ဇနပဒါ၊ ဩရတော မဇ္ဈေ။
၂။ ပုရတ္ထိမဒက္ခိဏာယ ဒိသာယ သလ္လဝတီ နာမ နဒီ၊
တတော ပရာ ပစ္စန္တိမာ ဇနပဒါ၊ ဩရတော မဇ္ဈေ။
၃။ ဒက္ခိဏာယ ဒိသာယ သေတကဏ္ဏိကံ နာမ နိဂမော၊
တတော ပရာ ပစ္စန္တိမာ ဇနပဒါ၊ ဩရတော မဇ္ဈေ။
၄။ ပစ္ဆိမာယ ဒိသာယ ထူဏံ နာမ ဗြာဟ္မဏဂါမော၊
တတော ပရာ ပစ္စန္တိမာ ဇနပဒါ၊ ဩရတော မဇ္ဈေ။

၅။ ဥတ္တရာယ ဒိသာယ **ဥသီရဒ္ဓဇော နာမ ပဗ္ဗတော၊**
တတော ပရာ ပစ္စန္တိမာ ဇနပဒါ၊ ဩရတော မဇ္ဈေ။

အနုဇာနာမိ ဘိက္ခဝေ ဧဝရူပေသု ပစ္စန္တိမေသု ဇနပဒေသု ဝိနယဓရပဉ္စမေန ဂဏေန ဥပသမ္ပဒံ။*(ဝိ၊ ၃။ ၂၈၇)*

"ရဟန်းတို့၊ အစွန်အဖျား တိုင်းနိုင်ငံများ၌ ဝိနည်းဓိုရ်လျှင် ၅-ပါးမြောက်သော ဂိုဏ်းဖြင့် ရဟန်းပြုခြင်းကို ခွင့်ပြုတော်မူ၏။

ထိုအရာ၌ ဤသည်ကား အစွန်အဖျားတိုင်းတို့တည်း။

၁။ အရှေ့မျက်နှာ၌ ဂဇင်္ဂလနိဂုံး၊ ၎င်းနောက် ကြီးစွာသော **အင်ကြင်းပင်ကြီး** ရှိ၏။ ထိုမှအပြင်ပကား အစွန်အဖျားတိုင်းနိုင်ငံတို့တည်း။ အတွင်းဘက်ကား **မဇ္ဈိမ** အလယ်ပိုင်း နိုင်ငံတို့တည်း။

၂။ အရှေ့တောင်ဘက်၌ သလ္လာဝတီမြစ်ရှိ၏။ ထိုမှအပြင်ပကား အစွန်အဖျား နိုင်ငံတို့တည်း။ အတွင်းဘက်ကား **မဇ္ဈိမ** အလယ်ပိုင်း နိုင်ငံတို့တည်း။

၃။ တောင်မျက်နှာ၌ သေတကဏ္ဏိက မည်သော နိဂုံး ရှိ၏။ ထိုမှအပြင်ပကား အစွန်အဖျားနိုင်ငံတို့တည်း။ အတွင်းဘက်ကား **မဇ္ဈိမ** အလယ်ပိုင်းနိုင်ငံတို့တည်း။

၄။ အနောက်မျက်နှာ၌ ထုဏမည်သော **ပုဏ္ဏားရွာ** ရှိ၏။ ထိုမှအပြင်ပကား အစွန်အဖျားတိုင်းနိုင်ငံတို့တည်း။ အတွင်းဘက်ကား **မဇ္ဈိမ** အလယ်ပိုင်းနိုင်ငံတို့တည်း။

၅။ မြောက်မျက်နှာ၌ **ဥသီရဒ္ဓဇ** မည်သော **တောင်** ရှိ၏။ ထိုမှအပြင်ပကား အစွန်အဖျားနိုင်ငံတို့တည်း။ အတွင်းဘက်ကား **မဇ္ဈိမ** အလယ်ပိုင်း တိုင်းနိုင်ငံတို့တည်း။

ရဟန်းတို့၊ ဤသို့သော အစွန်အဖျားတိုင်းနိုင်ငံများ၌ ဝိနည်းဓိုရ်ရှိလျှင် ၅-ပါးရှိသော ဂိုဏ်းအား ဖြင့် ရဟန်းပြုခြင်းငှာ ခွင့်ပြုတော်မူ၏"။

ဤသို့အားဖြင့် ဝိနယပိဋက၊ မဟာဝဂ္ဂ ခန္ဓကပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အပိုင်းအခြားအရ အဋ္ဌကထာ ဖွင့်ပြသည်မှာ မဇ္ဈိမဒေသ အပိုင်းအခြား **အကျယ်အဝန်းသည် ယူဇနာ-၉၀၀ ရှိ၍ အချို့အရပ်၌ အချင်းယူဇနာ-၃၀၀** ကျယ်လျက် **အချို့အရပ်ကား ယူဇနာ-၂၅၀** ကျယ်သောကြောင့် ၎င်းနယ်ပယ် သဏ္ဌာန်အားဖြင့် မရိုးစည် သဖွယ် ရှိကြောင်း, အစွန်း ၂-ဖက် အနည်းငယ်ကျဉ်း၍ အလယ်၌ ကျယ်ကြောင်း ဖော်ပြ၏။ ၎င်း ၅-ဌာန အပိုင်းအခြားများမှာ အခါကာလ ကြာရှည်လှသောကြောင့် အမည်နာမ အရပ်ဒေသ အသေအချာအားဖြင့် ဖော်ပြရန် မလွယ်ကူသော်လည်း ၎င်းနေရာဌာန

များသည် အဆက်ဆက်မှတ်သား၍ အနည်းငယ် ချို့ယွင်းသော အမည်များကို ထောက်စာလျက် ၎င်းတို့နှင့် စပ်လျဉ်း၍ ရှာဖွေရေးသားကြသော မှတ်တမ်းများကို ထောက်ဆ၍ သိနိုင်ကြ ကုန်၏။ ၎င်းတို့မှာ-

## ၁။ အရှေ့အပိုင်းအခြား

၎င်းမှာ ဇင်္ဂလမြို့တော်ဖြစ်၍ ၎င်းမှာ အိန္ဒိယရာဇဝင်မှတ်တမ်းများ ရေးသားကြသည့် အခိုင်အမာ ယူဆသော နေရာ ဌာန အပိုင်းအခြားကား ရှေးအခါက စမ္ပာမြို့တော် တည်ရာဖြစ်သော, ယခု ဘာဂလပူရမြို့မှ ဝှင်သျှင်မည်သော တရုတ်ရဟန်းတော်၏ မှတ်တမ်း အရ လီပေါင်း-၁၀၀ သို့မဟုတ် ယူဇနာအားဖြင့် ၈-ယူဇနာမျှ တည်ရှိသော, ရာဇမဟာလနယ်၌ရှိကြောင်း၊ ၎င်းမှာ စမ္ပာမြို့မှ အရှေ့ဘက်၌ တည်ရှိကြောင်း အခိုင်အမာ ရေးသားဆုံးဖြတ်ကြကုန်၏။

## ၂။ အရှေ့တောင်အပိုင်းအခြား

၎င်းအပိုင်းအခြားဖြစ်သော သလ္လာဝတီ သို့မဟုတ် သလလဝတီဟု ခေါ်သော မြစ်ငယ်မှာ အရှေ့အပိုင်းအခြားဖြစ်သော ဂဇင်္ဂလမှ ထောက်ဆ၍ အရှေ့တောင် ဝင်္ဂသမုဒြာ သို့မဟုတ် ၎င်းဌာန ဘင်္ဂလားပင်လယ်သို့ စီးဆင်းသွားသော သုဝဏ္ဏမြစ် သို့မဟုတ် ၎င်းဌာန ဒေသ အသံအားဖြင့် ဆုဗရဏမြစ်ဖြစ်ကြောင်း, ဆုံးဖြတ်ကြ၍ ၎င်းကိုပင် သလလဝတီ, သလဠဝတီ, သရာဝတီ စသည်ဖြင့် ရေးသားကြကြောင်း, ၎င်းပြင် ဗင်္ဂါလီဘာသာအားဖြင့် ထုတ်ဝေသော မြေပုံများ၌လည်း ၎င်းကိုပင် ညွှန်ပြရေးသားကြကြောင်း, နေရာဌာန အပိုင်း အခြားအားဖြင့်လည်း သင့်လျော်ကြောင်း, စသည်တို့ကို ထောက်ထား၍ ထိုမြစ်ကိုပင် ဟုတ်မှန်လောက်သည်ဟု ခန့်မှန်းမှတ်သားအပ်ကုန်၏။

## ၃။ တောင်ဘက်အပိုင်းအခြား

၎င်းတောင်ဘက် အပိုင်းအခြားဖြစ်သော သေတကဏ္ဏိကနိဂုံး သို့မဟုတ် သေတကဏ္ဏိကမြို့ငယ်မှာလည်း အလယ်ပိုင်းတိုင်းနိုင်ငံဌာန မဇ္ဈိမ အပိုင်းအခြား ရေးသားကြသော သက္ကတအားဖြင့် မဇျဒေသအလယ်ပိုင်းဌာနတို့၏ အပိုင်းအခြားများကို ထောက်ဆခြင်းအားဖြင့်လည်းကောင်း, မနုဓမ္မသတ်စသည်တို့၌ လာသော အပိုင်းအခြားများကို ထောက်ထားသဖြင့်လည်းကောင်း, ဝိဥ္စတောင်ဆွယ်နှင့် နမ္မဒါမြစ်များဖြစ်သော အရပ်နယ်ပယ်များ၌ ရှိသင့်ကြောင်းမှတ်သားကြကုန်၏။ ၎င်း၏အရပ်ဌာန အတိအကျကို အစိတ်အပိုင်း အံသာနှင့်တကွ ဖော်ပြရန်မှာကား အမည်နာမ တူညီသော သို့မဟုတ် အနည်းငယ်

ကွဲလွဲသော မြို့ရွာဒေသရှာ၍ မရသည့်အပြင် ၎င်းဌာနများလည်း ရွှေ့ပြောင်းနိုင်သော ကြောင့် ခန့်မှန်းနိုင်သော နယ်ပယ်မျှလောက်သာ ညွှန်ပြနိုင်ကုန်၏။

## ၄။ အနောက်ဘက်အပိုင်းအခြား

အနောက်ဘက်အပိုင်းအခြားဖြစ်သော ထုဏမည်သော ပုဏ္ဏားရွာမှာ ကုရုတိုင်း နယ်၊ ယမုနာမြစ် အနောက်ဘက်ဒေသများဖြစ်သင့်၍ ၎င်းတိုင်းနယ်တို့၌ ပါဝင်သင့်ကြောင်း အားလုံးသောမှတ်တမ်း ရာဇဝင် ရှေးဟောင်းမြေပုံ နယ်ပုံ အပိုင်းအခြား ရေးသားကြသော ဆရာများ အယူအဆတို့နှင့် ညှိနှိုင်း၍ ဆုံးဖြတ်ကြသည်ကား ယမုနာမြစ်ကမ်း၏ အနောက် ဘက်၊ သက္ကတအားဖြင့် ဆင္ဓာနေသွရ ယခုအခါ **ဌာနေသရ**-ဖြစ်သင့်၍ ၎င်းမှာ ဌာန- ဤသရ- ပုဒ်- ၂-ပုဒ်- အနက် ဤသရမှာ နောက်ဆက်မျှသာ ဖြစ်သည့်အပြင် မပြဌာန်း၊ လိုရင်းအမည်မဟုတ်၊ ဌာနသာ လိုရင်းအမည် ဖြစ်သောကြောင့် အမည်ရင်း ဆဌာနသည် ဆဌုဏ→ဌုဏ→ထုဏ စသည် ကာလရှည်လျား တစစအားဖြင့် ပြောင်းလဲလာခဲ့နိုင်ကြောင်း ၎င်းအမည်အရ ၎င်းဌာနသည်ပင် အလယ်ပိုင်း အနောက်ဘက် နယ်နိမိတ် ဖြစ်သင့်ကြောင်း ရေးသားကြကုန်၏။

ထိုမှတပါး မြတ်စွာဘုရားလက်ထက်တော်က ၎င်းအမည်တူ ထုဏမည်သော ပုဏ္ဏားရွာသို့ ကိုယ်တော်တိုင် ကြွဖူးတော်မူ၍ ၎င်းရွာသူရွာသား ပြာဟ္မဏများတို့သည် ရေ စသည်တို့ကို ပိတ်ဆို့ထားကာ ရေတွင်း၊ ရေကန်များကိုလည်း ဖို့ထားကြပြီးလျှင် မုဏ္ဍက သမဏများ ရေအငတ်ထားအံ့ဟု ကြံစည်ကြသော်လည်း မြတ်စွာဘုရားသည် အရှင် အာနန္ဒာအား ရေခပ်ခိုင်းသောအခါ ၎င်းတို့ ဖို့ထားသော မြက်, ဖွဲ စသည်တို့လည်း အထက် သို့ အန်ထွက်လျက် ကောင်းမြတ်ကြည်လင်သော ရေတို့ကို မြင်ရသောအခါ အလွန် အံ့ဩ သဖြင့် မြတ်စွာဘုရားအား ရေတော်ကပ်ပြီး ပြန်ကြားလျှောက်ထားလျှင်---

ကိံ ကယိရာ ဥဒပါနေန ---- အာပါ စေ သဗ္ဗဒါ သိယုံ။

တဏှာယ မူလတော ဆေတွာ --- ကိဿ ပရိယေသနံ စရေ။*(ဥဒါန်၊ ၁၇၆)*

"ရေကို သုံးသဖြင့် အကျိုးမည်သို့နည်း၊ ရေသည်ကား အခါခပ်သိမ်း ရှိကုန်ရာ၏။ တဏှာလောဘ အရင်းမှဖြတ်ပြီး၍ ရေစသည်ရှာဖွေရန် အဘယ်သို့သွားရမည်နည်း" ဥဒါန်း ကျူးရင့်တော်မူလေ၏။

၎င်းထုဏမည်သော ပုဏ္ဏားရွာကား မလ္လတိုင်း၌ဖြစ်ကြောင်း ၎င်းတို့၏နိဒါန်း၌ ထင်ရှား၍ အနောက်ဘက်အပိုင်းခြားဖြစ်သော အရပ်ဒေသ မဟုတ်နိုင်သည်မှာ မလ္လတိုင်း

သည် မဇ္ဈိမဒေသ အလယ်အချက်ချာမှ အရှေ့မြောက်ဘက်ကျသော တိုင်းနိုင်ငံဖြစ်သဖြင့် အရှေ့အနောက် ဖြောင့်ဖြောင့် ဆန့်ကျင်လျက်ရှိသောကြောင့် ဖြစ်လေသည်။

## ၅။မြောက်ဘက်အပိုင်းအခြား

ၑင်းမြောက်ဘက်မဇ္ဈိမနယ်နိမိတ် အပိုင်းအခြားမှာ ဥသိရဒ္ဓဇတောင်ဖြစ်၍ ၑင်း ဥသိရဒ္ဓဇတောင်နှင့် စပ်၍ မြတ်စွာဘုရားလက်ထက် အဖြစ်အပျက် တစ်စုံတစ်ခု မရှိဘဲ နယ်အပိုင်းအခြားမျှသာ ဟောကြားသော်လည်း ၑင်း၏အတွင်းဖြစ်သောအရပ်ကား သာသနာတော်နှင့် စပ်သော အရပ်ဖြစ်သောကြောင့် ၑင်းကို ကောင်းစွာမှတ်အပ်သော အပိုင်းအခြားဖြစ်လေသည်။ ၑင်းကို အိန္ဒိယ ရှေးဟောင်း ဌာနများ ရှာဖွေမှတ်သားကြသော ရှေးဟောင်းရာဇဝင် ဆရာတို့ကား-

- ယခုအခါ ဟိန္ဒူများ ကိုးစားကြသော ဟရိဒွါရမြို့၏ မြောက်ဘက်၌ထင်ရှားရှိသော **ဥသီရဂီရိဖြစ်သင့်ကြောင်း**၊
- ဂီရိသဒ္ဒါတောင် သာမညဖြစ်၍ အမည်ရင်းကား ဥသိရဖြစ်ကြောင်း ဓဇပုဒ်ဖြင့်၊ ရှေးကဆက်၍ ခေါ်ဝေါ်ခဲ့သော်လည်း နောက်အခါ ကာလကြာ၍ ၑင်းပုဒ်မပါ တော့ဘဲ ဂီရိနှင့် စပ်၍ ခေါ်လာနိုင်ကြောင်း

ရေးသားကြ၍ ၑင်းဥသိရဂီရိတောင်သည်လည်း အရပ်ဌာနနှင့် ထောက်စာသဖြင့် မြောက်ဘက်ဌာန အပိုင်းအခြားဟု အမှန်အားဖြင့် မှတ်သားအပ်ကုန်၏။

## အခြား သကတကျမ်းများ၌လာသော
## အလယ်ပိုင်းတိုင်းနိုင်ငံများ အပိုင်းအခြား

ၑင်းပြင် မနုဓမ္မသတ်ကျမ်း, သဒ္ဒထောမနိဓိ အစရှိသော အဘိဓာန်ကျမ်းကြီးများ၌ လည်း ထိုမဇ္ဈိမဒေသ အလယ်ပိုင်းတိုင်းနိုင်ငံများ ပိုင်းခြားကြသည်မှာ---

ဟိမဝါ ဝိဉ္ဈာနံ မဇ္ဈေ၊ ယော ပါစီ ဝိနသနာပိ။
ပတိစေဝ ပယာဂါ စ၊ မဇ္ဈဒေသော ပကိတ္တိတော။ ။

ဟု ဖော်ပြသည်နှင့်အညီ---

(၁) မြောက်ဘက်အပိုင်းအခြား ဟိမဝန္တာနယ်စပ်အထိ၊

(၂) တောင်ဘက်အပိုင်းအခြား ဝိန္ဈတောင်ခြေအထိ၊

(၃) အရှေ့ဘက်အပိုင်းအခြား ဝိနသနဆိပ်ကမ်းအထိ၊
(၄) အနောက်ဘက်အပိုင်းအခြား ပယာဂ ဂင်္ဂါဆိပ်ကမ်းအထိ၊

ဤအရပ်ဒေသ ၄-ခုတို့၏ အလယ်ဖြစ်သော တိုင်းနိုင်ငံများသည် မဇ္ဈိမဒေသ အလယ်ပိုင်း တိုင်းနိုင်ငံများဖြစ်ကြောင်း ညွှန်ပြကြကုန်၏။

အခြားကျမ်းဂန်တို့၌လာသော အလယ်ပိုင်းဒေသ မဇ္ဈိမအပိုင်းအခြားတို့တွင်ဖြစ်စေ မြတ်စွာဘုရား ဝိနည်းသိက္ခာပုဒ် ပညတ်တော်မူသောအားဖြင့် ဟောကြားတော်မူအပ်သော မဇ္ဈိမဒေသတွင်ဖြစ်စေ ဆိုခဲ့ပြီး ဇဝနသဘသုတ်၌ ဟောကြားတော်မူအပ်သော ထက်ဝန်းကျင်တိုင်းနိုင်ငံများဖြစ်သည့် အင်္ဂတိုင်း, မဂဓတိုင်းနှင့်တကွ ၁၂-တိုင်းတို့သည်သာ အလယ်ပိုင်းဒေသအတွင်း ပါဝင်ကြ၍ ၎င်းတိုင်းတို့မှတပါး----

**အဿကတိုင်း အဝန္တိတိုင်း ဂန္ဓာရတိုင်း ကမ္ဗောဇတိုင်း-**

ဤ ၄-တိုင်းတို့မှာ မဇ္ဈိမဒေသ အပိုင်းအခြားတို့၌ မပါမဝင်ကြကုန်၊ သို့သော်လည်း ၎င်းတိုင်းတို့သည် အလယ်ပိုင်း တိုင်းနိုင်ငံများနှင့် နီးကပ်စပ်ဆက်ကြ၍ ကူးသန်းရောင်းဝယ်ဖောက်ကား ကုန်သွယ်ကြခြင်းအားဖြင့် လည်းကောင်း, ပညာသင်ကြားအားထုတ်ခြင်းများဖြင့်လည်းကောင်း, တက္ကသိုလ်မြို့တော်နှင့် ဂန္ဓာရတိုင်းတို့မှာ ထင်ရှား၍ ကမ္ဗောဇတိုင်းမှာလည်း ရှေးအစဉ်အလာအရ မဇ္ဈိမဒေသနှင့် ကူးသန်းရောင်းဝယ်ဆက်သွယ်ကြသော နိုင်ငံဖြစ်ကြောင်း ထင်ရှားသည့်အပြင် အဿကတိုင်းနှင့် အဝန္တိတိုင်းတို့မှာလည်း မြတ်စွာဘုရားရှင်လက်ထက်တော်က ထင်ရှားသော စဏ္ဍပဇ္ဇောတမင်းကြီး အုပ်ချုပ်သောနိုင်ငံများဖြစ်၍ ထင်ရှားသောတိုင်းနိုင်ငံများ ဖြစ်ကြကုန်၏။

၎င်းပြင် ဤတိုင်ကြီး ၁၆-တိုင်းတို့အပြင် ဗုဒ္ဓမြတ်စွာသာသနာတော်နှင့်လျော်စွာ စီရင်အပ်သော အရှင်မောဂ္ဂလာန်မထေရ် ရေးသားသည့် <u>မဂဓအဘိဓာန်ကျမ်း</u>*(ဂါထာ၊ ၁၈၄၊ ၁၈၅)*၌---

ပုဗ္ဗဟုတ္တေ ကုရု သက္ကာ၊ ကောသလာ မဂဓာ သိဝီ။
ကလိင်္ဂါဝန္တိ ပဉ္စာလာ၊ ဝဇ္ဇီဂန္ဓာရစေတယော။ ။

ဝင်္ဂါ ဝိဒေဟာ ကမ္ဗောဇာ၊ မဒ္ဒါ ဘဂ္ဂင်္ဂသီဟဠာ။
ကသ္မီရာ ကာသိ ပဏ္ဍဝါဒီ၊ သိယျုံ ဇနပဒန္တရာ။ ။

ဟူသော ၂-ဂါထာဖြင့်----

| | | |
|---|---|---|
| ၁။ ကုရုတိုင်း | ၂။ သက္ကတိုင်း | ၃။ ကောသလတိုင်း |
| ၄။ မဂဓတိုင်း | ၅။ သိဝိတိုင်း | ၆။ ကလိင်္ဂတိုင်း |

| | | |
|---|---|---|
| ၇။ အဝန္တိတိုင်း | ၈။ ပဥ္စာလတိုင်း | ၉။ ဝဇ္ဇီတိုင်း |
| ၁၀။ ဂန္ဓာရတိုင်း | ၁၁။ စေတီတိုင်း | ၁၂။ ဝင်္ဂတိုင်း |
| ၁၆။ ဝိဒေဟတိုင်း | ၁၄။ ကမ္ဗောဇတိုင်း | ၁၅။ မဒ္ဒတိုင်း |
| ၁၆။ ဘဂ္ဂတိုင်း | ၁၇။ အင်္ဂတိုင်း | ၁၈။ သီဟဠတိုင်း |
| ၁၉။ ကသ္မီရတိုင်း | ၂၀။ ကာသိတိုင်း | ၂၁။ ပဏ္ဏဝတိုင်း- |

စသည်တို့သည် တိုင်းနိုင်ငံအထူးများဖြစ်ကြောင်း ဘူကဏ္ဍ ဘူမိဝဂ်၌ ရေးသား ဖော်ပြသည့်အပြင် ၎င်း ဘူကဏ္ဍ၊ ပုရဝဂ်(*မာဓဝဘိဓာန်၊ ဂါထာ။ ၂၀၀-၂၀၁*)၌လည်း----

ဗာရာဏသီ စ သာဝတ္ထိ၊ ဝေသာလီ မိထိလာ'ဠဝီ။
ကောသမ္ဗု'ဇ္ဇေနိယော တက္က-သီလာ စမ္ပာ စ သာဂလံ။ ။

သံသုမာရဂိရံ ရာဇ-ဂဟံ ကပိလဝတ္ထု စ။
သာကေတ'မိန္ဒပတ္ထဉ္စော-က္ကဋ္ဌာ ပါဋလိပုတ္တကံ။ ။

ဇေတုတ္တရဉ္စ သံကဿံ၊ ကုသိနာရာဒယော ပုရီ။ ။

ဟူသော ၂-ဂါထာခွဲဖြင့်

| | | |
|---|---|---|
| ၁။ ဗာရာဏသီပြည် | ၂။ သာဝတ္ထိပြည် | ၃။ ဝေသာလီပြည် |
| ၄။ မိထိလာပြည် | ၅။ အာဠဝီပြည် | ၆။ ကောသမ္ဗီပြည် |
| ၇။ ဥဇ္ဇေနီပြည် | ၈။ တက္ကသီလပြည် | ၉။ စမ္ပာပြည် |
| ၁၀။ သာဂလပြည် | ၁၁။ သံသုမာရဂီရိပြည် | ၁၂။ ရာဇဂဟပြည် |
| ၁၆။ ကပိလဝတ္ထုပြည် | ၁၄။ သာကေတပြည် | ၁၅။ ဣန္ဒပတ္ထပြည် |
| ၁၆။ ဥက္ကဋ္ဌပြည် | ၁၇။ ပါဋလိပုတ္တပြည် | ၁၈။ ဇေတုတ္တရပြည် |
| ၁၉။ သံကဿပြည် | ၂၀။ ကုသိနာရုံပြည်- | |

စသည် မြို့ကြီး ပြည်ကြီး ၂၀-ကို ပြဆို၏။

အထက်က ဖော်ပြခဲ့ပြီးသော အဘိဓာန်ကျမ်းလာ တိုင်းကြီး, ပြည်ကြီးတို့မှာကား အစဉ်အားဖြင့် မဟုတ်၊ ပြည်ကြီးများဟု ခေါ်ရသော ရာဇဓာနီ မင်းနေပြည်များနှင့် စည်ပင်ဝပြောထင်ရှားသော မြို့ကြီးများကို-

- များသောအားဖြင့် မြတ်စွာဘုရားလက်ထက်တော် ထင်ရှား၍ ဟောကြားတော်မူသော

- ပါဠိတော် ၎င်းအဖွင့် အဋ္ဌကထာကျမ်းများမှ သာသနာ နှင့်စပ်၍ မှတ်အပ်မှတ်သင့်သော အရာတစ်ခု ဖြစ်သည်အားလျော်စွာ ရေးသားဖော်ပြသော တိုင်းနိုင်ငံများနှင့် မြို့တော်မြို့ကြီးများ ဖြစ်ကြကုန်၏။

၎င်းတိုင်းများအားလျော်စွာ ၎င်းတို့၏ မြို့တော်နှင့် မြို့ကြီးတို့၏အစဉ်မှာ အောက်ပါအတိုင်းဖြစ်ကုန်၏။

၁။ ကုရုတိုင်း၊ ဣန္ဒပတ္ထမြို့တော်
၂။ သက္ကတိုင်း၊ ကပိလမြို့တော်
၃။ ကောသလတိုင်း၊ သာဝတ္ထိမြို့တော်နှင့် သာကေတ၊ ဥက္ကဋ္ဌမြို့
၄။ မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့တော်နှင့် ပါဋလိပုတ္တမြို့
၅။ သိဝိတိုင်း၊ ဇေတုတ္တရမြို့တော်
၆။ အဝန္တိတိုင်း၊ ဥဇ္ဇေနီမြို့တော်
၇။ ဝဇ္ဇီတိုင်း၊ ဝေသာလီမြို့တော်
၈။ ဂန္ဓာရတိုင်း၊ တက္ကသီလမြို့တော်
၉။ ဝိဒေဟတိုင်း၊ မိထိလာမြို့တော်
၁၀။ မဒ္ဒတိုင်း၊ သာဂလမြို့တော်
၁၁။ ဘဂ္ဂတိုင်း၊ သံသုမာရဂိရိမြို့တော်
၁၂။ အင်္ဂတိုင်း၊ စမ္ပာမြို့တော်
၁၃။ ကာသိတိုင်း၊ ဗာရာဏသီမြို့တော်

ဤတိုင်းများနှင့် မြို့တော်များသာ တွဲစပ်လျက် ရှိနေကြသော တိုင်းပြည်များဖြစ်ကြ၍ ကြွင်းကျန်သော-

၁။ ပဉ္စာလတိုင်း ၂။ စေတီတိုင်း ၃။ ဝင်္ဂတိုင်း
၄။ ကမ္ဗောဇတိုင်း ၅။ သီဟဠတိုင်း ၆။ ကသ္မိရတိုင်း
၇။ ပဏ္ဏာဝတိုင်း ၈။ ကလိင်္ဂတိုင်း-

ဤတိုင်းတို့မှာ မြို့တော်များ မရှိကြကုန်။ ၎င်းပြင်---

၁။ အာဠဝိ ၂။ ကောသမ္ဗီ ၃။ သံကဿ ၄။ ကုသိနာရ-
ပြည်တို့တည်ရာ တိုင်းများမပါကုန်။

ထိုမှတစ်ပါး ထိုတိုင်းနိုင်ငံများ၏တည်ရာ နယ်ပယ်များလည်း အစဉ်အားဖြင့် မဟုတ်၊ စုံလည်းမစုံလင်သောကြောင့် မြတ်စွာဘုရား ဟောကြားတော်မူသော တိုင်းကြီး ၁၆-တိုင်း တို့ကို အရင်းခံထား၍ ၎င်းအဘိဓာန်ကျမ်း၌ လာရှိသော တိုင်းနိုင်ငံအများကိုလည်း ပါဝင်သင့်သောတိုင်းထဲသို့ ပါဝင်စေပြီးလျှင် ထို့ပြင်လည်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပါဠိတော်လာ ထင်ရှားသော မြို့ပြ ရွာနိဂုံးများကိုလည်း ဆိုင်ရာဆိုင်ရာ ထည့်သွင်းလျက် မြတ်စွာဘုရား လက်ထက်တော်က များသောအားဖြင့် အာဏာတော်ဓမ္မစက် ပြန့်နှံ့ရာဌာနတို့ကို ပြည့်ကြည်းကာ မှတ်သားလွယ်စေရန် ထင်ရှားသိသာစွာ စီရင်ပေအံ့သတည်း။

✪ ✪ ✪ ✪ ✪

## ၁၆-တိုင်း အပိုင်းအခြားနှင့် မြို့တော် အကြောင်းအရာ အဖြစ်အပျက်

ဤ ၁၆-တိုင်းကို မြတ်စွာဘုရား ဟောကြားတော်မူသော အစဉ်အတိုင်း အသီးအသီး နယ်ပယ်အကြောင်းအရာများနှင့်တကွ မြတ်စွာဘုရား ကြွသွားတော်မူ၍ ဟောကြားတော်မူသော သုတ်ဒေသနာ နိဒါန်းအကြောင်းအရာ ဇာတ်နိပါတ် အဖြစ်အပျက် များပါထင်ရှားအောင် ရေးသားပြဆိုပေအံ့။

### (၁) အင်္ဂတိုင်း၊ စမ္ပာမြို့တော်

အင်္ဂတိုင်းမှာ ယခုအခါ၌ကား ကာလရှည်လျား၍ မထင်ရှားသော်လည်း ရှေးအခါက မဟာဂေါဝိန္ဒပုဏ္ဏားပညာရှိကြီး တည်ထောင်ဖန်ဆင်းသောအားဖြင့် ဤဇမ္ဗူဒီပ၌ မူလခွဲဝေသော တိုင်းကြီးတစ်တိုင်းအဖြစ် ပါဝင်ထင်ရှားသည့်အပြင် အစဉ်အဆက် ဇာတ်တော် နိပါတ်တော်များ၌ ကျော်ကြားလျက် မြတ်စွာဘုရားလက်ထက်တော်တိုင်အောင် ပင်ထင်ရှား၍ ဥပမာထားထိုက်သော နိုင်ငံဖြစ်သည်အားလျော်စွာ မြတ်စွာဘုရား ဥပမာထားလျက် ဟောကြားတော်မူသော တိုင်းတစ်ခုဖြစ်၏။

သို့ရာတွင် ရှေးအခါက တိုင်းသီး တိုင်းခြား အလွန်ထင်ရှားသော တိုင်းနိုင်ငံကြီး ဖြစ်သော်လည်း မြတ်စွာဘုရားလက်ထက်တော်၌ကား မဂဓတိုင်း၏ လက်အောက်သို့ ရောက်ရ၍ ၎င်း၏အအုပ်အချုပ်ခံ တိုင်းနယ် ဖြစ်၍နေခဲ့၏။

ရှေးအခါကလည်း ၎င်းအင်္ဂတိုင်းနှင့် မဂဓတိုင်းတို့မှာ နီးကပ်ဆက်စပ်လျက် တည်ရှိ၍ မကြာမကြာ စစ်ဖြစ်တတ်သဖြင့် တစ်ခါတစ်ရံ မဂဓတိုင်းမှာ အင်္ဂတိုင်း၏လက်အောက်

သို့ ကျရောက်ခဲ့သည့်အပြင် တစ်ခါတစ်ရံကား ၎င်းမှာ မဂဓတိုင်းလက်အောက်သို့ ရောက်လေ့ရှိခဲ့ကြောင်း ဝိသတိနိပါတ်၊ စမ္မေယျဇာတ်၊ အဋ္ဌကထာ(ဇာ၊ ၄၊ ၄။ ၅၂၇)၌ ဖွင့်ဆိုရေးသား၏။

အတီတေ အင်္ဂရဋ္ဌေ အင်္ဂေ စ မဂဓရဋ္ဌေ မဂဓေ စ ရဇ္ဇံ ကာရေန္တေ အင်္ဂမဂဓရဋ္ဌာနံ အန္တရေ စမ္ပာ နာမ နဒီ၊ တတ္ထ နာဂဘဝနံ အဟောသိ။ စမ္မေယျော နာမ နာဂရာဇာ ရဇ္ဇံ ကာရေသိ-

စသည်ဖြင့် ဖွင့်ပြရေးသား၏။

ရှေးအခါက အင်္ဂကိုင်း၌ အင်္ဂမင်းကြီးအုပ်ချုပ်စိုးစံစဉ် အင်္ဂတိုင်း၊ မဂဓတိုင်းတို့၏အကြား၌ စမ္ပာမြစ်သည် ဟည်ရှိ၍ ထိုမြစ်၌ စမ္မေယျမည်သော နဂါးမင်းကြီးအုပ်ချုပ်နေခိုက် အင်္ဂမင်းနှင့် မဂဓမင်းတို့သည် မကြာမကြာ စစ်ဖြစ်ကြသဖြင့် တစ်ခါတစ်ရံ မဂဓမင်းက နိုင်၍ တစ်ခါတစ်ရံ အင်္ဂမင်းကနိုင်လျက် လက်အောက်နိုင်ငံ တစ်လှည့်စီ သိမ်းပိုက်ကြကုန်၏။

"တစ်ရံသောအခါ ထိုမင်း ၂-ပါးတို့ စစ်ဖြစ်ပွားကြရာတွင် မဂဓမင်းက အရေးသာ၍ အင်္ဂမင်းမှာ နောက်လိုက်မပါ၊ မြင်းကိုစီးလျက် ကိုယ်ထီးလက်လွတ် ထွက်ပြေးလာခဲ့ရာ မဂဓမင်း၏ စစ်သည်ဗိုလ်ပါတို့က နောက်မှ ထက်ကြပ်မကွာ လိုက်လာကြသဖြင့် ရန်သူ့လက်၌ အသက်ဆုံးရှုံးအရေးနိမ့်ရသည်ထက် မြစ်ထဲခုန်ချ၍ သေဆုံးရခြင်းမှာ မြတ်သေး၏- ဟု ဆုံးဖြတ်ပြီးလျှင် စစ်ဝတ်တန်ဆာများနှင့်တကွ မြင်းပါတစ်ခါတည်း မြစ်ထဲသို့ ခုန်ချလိုက်သောအခါ စမ္မေယျနဂါးမင်းက ကယ်ဆယ်ဖေးမသဖြင့် အသက်ချမ်းသာရရကြောင်း" ၎င်းဇာတ်တော်၌ဆိုထားလေသည်။

၎င်းဇာတ်တော်အရ အင်္ဂတိုင်းနှင့် မဂဓတိုင်းအကြား၌ စမ္ပာမြစ်ရှိကြောင်း ဖော်ပြပါသော်လည်း မြတ်စွာဘုရားလက်ထက်တော်၌ ၎င်းမြစ်နှင့် စပ်၍ အကြောင်းအရာဖြစ်ပွားခြင်းမရှိသဖြင့် အတ္ထုပ္ပတ်မပါသည့်အပြင် ယခုအခါလည်း ၎င်းအမည်နှင့် ထင်မှားသောမြစ် မရှိပေ။ သို့ဖြစ်စေကာမူ ထိုမဂဓတိုင်းနှင့် အင်္ဂတိုင်းတို့ ၏အကြား၌ ဂင်္ဂါမြစ်သို့ စီးဆင်းပေါင်းဆုံကြသော မြစ်ငယ်ကလေးများ ရှိကြသဖြင့် ၎င်းမြစ်ငယ် ချောင်းမြောင်းတို့ကား အမည်နာမသည် ကာလအရှည် တည်တံ့နိုင်သောအရာမျိုးမဟုတ်ဘဲ ပြောင်းလဲတတ်သော သဘောရှိသည့်အားလျော်စွာ အမည်ပြောင်းလဲလာခဲ့သော ၎င်းမြစ်ငယ်ကလေးများ တစ်ခုခု၏ အမည်ဖြစ်နိုင်ပေသည်။

၎င်းပြင် မဟာနိပါတ်၊ မဟာဇနကဇာတ်တော်၌လည်း အလောင်းတော် မဟာဇနကမင်းကြီး၏ မယ်တော်မှာ အရှင်ႉ ဘုရင်မင်းမြတ်ဖြစ်သော အရိဋ္ဌဇနကမင်းကြီးက

မှာခဲ့သောအတိုင်း မထင်ရှားသော အသွင်ဖြင့် ရွှေ၊ ငွေ၊ ကျောက်မျက်၊ ရတနာ၊ ဥစ္စာအနှစ်တို့ကို ခြင်းတောင်း၌ထည့်၍ အနွမ်းအဟောင်းဖြစ်သော အဝတ်များ ဖုံးထားလျက် ဦးခေါင်းထက်ရွက်ပြီးလျှင် မိထိလာမြို့တော်မှ ထွက်သွားသောအခါ အလောင်းတော်မြတ်၏ တန်ခိုး အာနိသင်ဖြင့် သိကြားမင်းသည် လှည်းကုန်သည်သဏ္ဌာန်ဖန်ဆင်းလျက် ထိုမိဖုရားခေါ်ဆောင်သွားရာ မိထိလာနှင့် ကာလစမ္ပာမြို့အကြား ယူဇနာ ၃၀-ကွာဝေးသော ဌာန၌ မြစ်တစ်ခုသို့ရောက်၍ ကိုယ်လက်သုတ်သင် အဝတ်တန်ဆာ ဆင်ယင်လဲလှယ်စေ၍ အစာအာဟာရ စားသောက်စေပြီးလျှင် ညနေချမ်းအချိန် ကာလစမ္ပာမြို့သို့ ရောက်၍ တံခါး, မြို့ရိုး, ပြအိုး, တန်ဆောင်းတို့ကို တွေ့မြင်ရသောအခါ---

"တာတ-ကိံ နာမ နဂရံ့မေတံ။ အို--- ဖခင်၊ ဤမြို့ကား အဘယ်မြို့ပါနည်း"ဟု မေးလျှင်---

"ကာလစမ္ပာနဂရံ အမ္မာ၊ အို--အမိ၊ ကာလစမ္ပာမြို့ ဖြစ်ပါသည်"ဟုဖြေကြားလေ၏။

"ကိံ ဝဒေသိ တာတ နနု အမှာကံ နဂရတော ကာလစမ္ပာ နဂရံ သဋ္ဌိယောဇနမတ္တကေ ဟောတိ။

အို--- ဖခင်၊ အဘယ်သို့ ပြောပါသနည်း၊ အကျွန်ုပ်တို့မြို့မှ ကာလစမ္ပာမြို့မှာ ယူဇနာ ၆၀-ကွာသည် မဟုတ်ပါလော"ဟု ထပ်၍ ပြောသောအခါ---

"ဧဝံ အမ္မ အဟံ ပန ဥဇုမဂ္ဂံ ဇာနာမိ။

ဟုတ်ပါ၏ အမိ၊ ကျွန်ုပ်က လမ်းဖြောင့်သိပါသည်"ဟု ပြန်ပြောလေ၏။*(ဇာ၊ ၄၊ ၆။ ၄၁)*

ဤမဟာဇနကဇာတ်တော်၌ မိထိလာမြို့မှ ကာလစမ္ပာမြို့သို့ ယူဇနာ ၆၀-ကွာကြောင်း၊ လမ်းခရီးအကြား ယူဇနာ-၃၀ မှာ မြစ်တစ်ခု တွေ့ရကြောင်းသာ ဖော်ပြ၏။ စင်စစ်အားဖြင့်ကား ဂင်္ဂါတစ်ဖက်ကမ်းမှာ မိထိလာမြို့တော်တည်ရှိ၍ တစ်ဖက်ကမ်းမှာ စမ္ပာမြို့တော် တည်ရှိသဖြင့် ဂင်္ဂါမြစ်ကို ဖြတ်ကျော်ရမည်မှာ အမှန်ပင်ဖြစ်သော်လည်း သိကြား၏ တန်ခိုးဖြင့် ယူဆောင်လာခြင်းဖြစ်၍ ဂင်္ဂါမြစ်ကို ဖြတ်ကျော်ရသည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ ဤနေရာ၌အကြောင်းထည့်သွင်းရန် မလိုသောကြောင့် ဂင်္ဂါမြစ်၏အကြောင်း မဖော်ပြဘဲ စမ္ပာမြို့သို့ရောက်ခြင်းကိုသာ ပဓာနအားဖြင့် ဖော်ထုတ်ပြလေ၏။ ဤကာလစမ္ပာမြို့ဆိုသည်မှာလည်း အင်္ဂတိုင်း၏မြို့တော် စမ္ပာမြို့ပင်ဖြစ်ကြောင်း ရှေးမဟာဝေါဝိန္ဒလက်ထက်က စမ္ပာသက်သက်ဖြစ်သော်လည်း နောက်အခါ၌ အကြောင်းအားလျော်စွာ ကာလသဒ္ဒါနှင့် ဆက်စပ်၍ ၎င်းနိပါတ်တော်၌ ကာလစမ္ပာဟု တွင်ခေါ်ခဲ့လေ၏။ ထို့အတူ မဟာနိပါတ်၊ ဝိဓူရဇာတ်တော်*(ဇာ၊ ၄၊ ၇။ ၁၅၁-၁၅၂)*၌လည်း---

"တဒါ ဟိ ဗာရာဏသိယမ္ပိ ဂိဟိသဟာယကာ စတ္တာရော ဗြာဟ္မဏမဟာသာလာ မဟာလ္လကကာလေ ကာမေသု အာဒီနဝံ ဒိသွာ ဟိမဝန္တံ ပဝိသိတွာ ဣသိပဗ္ဗဇ္ဇံ ပဗ္ဗဇိတွာ အဘိညာ စ သမာပတ္တိယော စ နိဗ္ဗတ္တေတွာ ဝနမူလဖလာဟာရာ တတ္ထေဝ စိရံ ဝသိတွာ လောဏမ္ဗိလသေဝနတ္ထာယ စာရိကံ စရမာနော အင်္ဂရဋ္ဌေ ကာလစမ္ပာနဂရံ ပတွာ ရာဇုယျာနေ ဝသိတွာ ပုနဒိဝသေ ဘိက္ခာယ နဂရံ ပဝိသိံသု။

စသည်ဖြင့် ဝိဓူရအမတ်ကြီး ကုရုတိုင်း၊ ဣန္ဒပတ္ထမြို့တော်၌ ဓနဉ္စယကောရဗျမင်း၏ အတ္ထဓမ္မာနုသာသက တရားညွှန်ပြ ဆုံးမသော အမတ်ကြီးဖြစ်စဉ်-

ဗာရာဏသီပြည်သား ဗြာဟ္မဏမဟာသာလ ၄-ယောက်တို့သည် အိုမင်းသော အခါ ကာမတရားတို့ကို အပြစ်မြင်၍ တောထွက်ကြပြီး အစဉ်သဖြင့် ဈာန်သမာပတ် အဘိညာဏ်တို့ကို ရစေပြီးနောက် ချဉ်, ဆား အလို့ငှာ လှည့်လည်ကြသောအခါ အင်္ဂတိုင်း၊ ကာလစမ္ပာမြို့သို့ရောက်၍ မင်းဥယျာဉ်တော်၌ သီတင်းသုံးတော်မူပြီး နောက်တစ်နေ့၌ မြို့သို့ ဆွမ်းခံဝင်ကြကုန်၏"ဟု ကာလစမ္ပာမြို့ခေါ် တွင်ကြောင်း လာ၏။

"ထိုရသေ့ ၄-ပါး ဆွမ်းအလို့ငှာ မြို့သို့ဝင်ကြသောအခါ လူဖြစ်စဉ်က အဆွေခင်ပွန်း ၄-ယောက်တို့သည် မှတ်မိကြ၍ ကြည်ညိုမြတ်နိုးကြသဖြင့် အသီးသီး တစ်ပါးစီ ဆွမ်း စသည် လုပ်ကျွေးကြပြီးလျှင် မင်းဥယျာဉ်တော်မှာပင် ပင့်ထား၍ ၎င်းတို့၏ဆရာရသေ့ များသည် ဆွမ်းစားပြီးကြသော်-

တစ်ပါးကား တာဝတိံသာသို့၊ တစ်ပါးကား နဂါးပြည်သို့၊

တစ်ပါးကား ဂဠုန်ပြည်သို့၊ တစ်ပါးကား ကောရဗျမင်း၏ မိဂါဇိန်ဥယျာဉ်သို့ နေ့သန့်စင်ရန် ကြွသွားတော်မူကြသော် ၎င်းတို့ သွားရောက်(တွေ့ရ)သော မင်းများ ချီးမွမ်း ဖွယ်ရာ စည်းစိမ်ချမ်းသာတို့ကို ဟောကြားကြသဖြင့် ဥပါသကာ သူကြွယ်အသီးသီး တို့လည်း မိမိတို့ဆရာရသေ့များ ဟောကြားသည်ကို တောင့်တလျက် အလှူဒါနသီလ စသည် ပါရမီ ကောင်းမှုတို့ကို ပြုလုပ်ကြသဖြင့်-

သူကြွယ်တစ်ယောက်ကား သိကြားမင်း,

- တစ်ယောက်ကား နဂါးမင်း,

- တစ်ယောက်ကား ဂဠုန်မင်း,

- တစ်ယောက်ကား ကောရဗျမင်း-

ဖြစ်ကြ၍ ဆရာရသေ့တို့ကား ဗြဟ္မာပြည်သို့ ရောက်ကြလေကုန်၏။

ၝင်းကောရဗျမင်း အရွယ်ရောက်သဖြင့် မင်းအဘိသိက်မြောက်ပြီးနောက် တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေစဉ် ဝိဓုရအမတ်ကြီး၏ တရားညွှန်ပြ ဆုံးမသည်ကို လိုက်နာလျက် ဥယျာဉ်တော်သို့ ထွက်၍ သီလစောင့်ရှောက် တရားအားထုတ်သောအခါ ရှေးဘဝအတိတ်က မိတ်ဆွေဖြစ်ခဲ့ဖူးကြသော---

သိကြားမင်း, နဂါးမင်း, ဂဠုန်မင်း-

တို့သည်လည်း ထိုဥယျာဉ်တော်သို့ လာရောက်တရားအားထုတ်ကြကုန်၍ ဆုံမိကြလျှင် ၎င်းတို့၏ သီလနှင့် စပ်လျဉ်းလျက် အငြင်းဖြစ်ပွါးကြရာ ပညာရှိဝိဓုရအမတ်ကြီး၏ ဆုံးဖြတ်ချက်ကို ခံယူရကြောင်း" ၎င်းဝိဓုရဇာတ်တော်၌ လာ၏။

ဤဆိုအပ်ခဲ့ပြီးသော ဝိဓုရဇာတ်တော်၌လည်း အင်္ဂတိုင်း၏မြို့တော် ကာလစမ္ပာမြို့ဖြစ်ကြောင်း၊ ရသေ့တို့သည် မင်း၏ဥယျာဉ်တော်၌ သီတင်းသုံးကြသည်ဟု ဆိုသဖြင့် တိုင်းသီးခြားမင်းတစ်ပါး အုပ်ချုပ်ကြောင်း ထင်ရှား၍ ကာလစမ္ပာဟူသော အမည်သညာကား စမ္ပာဟူသောအမည်မှအဆင့် ခေတ်အားလျော်စွာ ခေါ်ဝေါ်ကြကြောင်း မှတ်ယူအပ်ကုန်၏။

ထိုမှတစ်ပါး မြတ်စွာဘုရားလက်ထက်တော်၌ ၎င်းစမ္ပာမြို့တော်သည် ထင်ရှား၍ ၎င်းမြို့တော်သို့ မြတ်စွာဘုရား အကြိမ်များစွာ ကြွရောက်တော်မူဖူးကြောင်း များစွာသော ဝိနည်းတရား ဟောကြားပညတ်တော်မူဖူးကြောင်း---

ဝိနယပိဋက၊ မဟာဝဂ်၊ စမ္မေယျက္ခန္ဓက ၌လည်းကောင်း----

၎င်းမဟာဝဂ်၊ စမ္ပာက္ခန္ဓက၌လည်းကောင်း--- ထင်ရှားစွာ လာသဖြင့် ဝိနည်းပညတ်တော်မူရာ ၇-တိုင်းတို့တွင် အပါအဝင်ဖြစ်ကြောင်း မှတ်ယူအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## စမ္ပာမြို့ ဂဂ္ဂရရေကန်

ထိုသို့ မြတ်စွာဘုရားသည် စမ္ပာမြို့ ဂဂ္ဂရေကန်တော်အနီး သီတင်းသုံးတော်မူစဉ် အဓမ္မကမ် ပြုကြသော ရဟန်းများကို အကြောင်းပြု၍ များစွာသော ဝိနည်းများ ပညတ်တော်မူကြောင်း ဝိနယပိဋကတ်၊ မဟာဝဂ်၊ စမ္မေယျက္ခန္ဓက*(ဝိ၊ ၃။ ၄၃၀)*၌---

တေန ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ စမ္ပာယံ ဝိဟရတိ ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ။ တေန ခေါ ပန သမယေန ကာသီသု ဇနပဒေ ဝါသဘဂါမော နာမ ဟောတိ။

စသည်ဖြင့်---

မြတ်စွာဘုရားသည် စမ္ပာမြို့တော် ဂဂ္ဂရာမည်သော ရေကန်၏အနီး၌ သီတင်းသုံးတော်မူစဉ် ကာသိတိုင်း ဝသဘရွာ၌ သီတင်းသုံးတော်မူသော ကဿပဂေါတ္တမထေရ်အား အာဂန္တုက ရဟန်းတို့သည် အဓမ္မကံဖြင့် ဥက္ခေပနိယကံ ပြုကြသည်ကို သံသယရှိ၍ မြတ်စွာဘုရားရှိရာ စမ္ပာမြို့သို့ လာရောက်, လျှောက်ထားသောအခါ ၎င်းမထေရ်အား အဓမ္မကံပြုကြသည်ကိုလည်းကောင်း ---

ထိုစမ္ပာမြို့၌ ရဟန်းအများတို့သည် အဓမ္မကံ, ဝဂ္ဂကံ စသည် တရားမလျော်ညီသော ကံပြုကြသည်ကိုလည်းကောင်း--- အကြောင်းပြု၍ များစွာသောကံများ ခွင့်ပြုပညတ်တော်မူကြောင်းလာ၏။

**ထိုဓမ္မကံ၊ အဓမ္မကံများကို များသောအားဖြင့် ၎င်းစမ္ပာမြို့တော်၌ သီတင်းသုံးတော်မူစဉ် ပညတ်တော်မူသောကြောင့် ၎င်းခန္ဓကကို စမ္ပေယျကက္ခန္ဓက-ဟု သမုတ်ပညတ်တော်မူ၏။**

✪ ✪ ✪ ✪ ✪

## စမ္ပာမြို့ သူဌေးသား အရှင်သောဏမထေရ် အကြောင်း

ထို့မှတပါး ၎င်းစမ္ပာမြို့ ကောဠိဝိသသူဌေးသားသောဏမထေရ်အရှင်၏ အတ္ထုပ္ပတ္တိအားဖြင့် ထင်ရှားသောမြို့ကြီးဖြစ်ကြောင်းမှာ ဝိနယပိဋကတ်၊ မဟာဝဂ်စမ္မက္ခန္ဓက*(နှာ၊ ၂၆၅)*၌

"တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။ တေန ခေါ ပန သမယေန ရာဇာ မာဂဓော သေနိယော ဗိမ္ဗိသာရော အသီတိယာ ဂါမသဟဿေသု ဣဿရိယာဓိပစ္စံ ရဇ္ဇံ ကာရေတိ။ တေန ခေါ ပန သမယေန စမ္ပာယံ သောဏော နာမ ကောဠိဝိသော သေဋ္ဌိပုတ္တော သုခုမာလော ဟောတိ။ တဿ ပါဒတလေသု လောမာနိ ဇာတာနိ ဟောန္တိ။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူသော ထိုအခါ၌ သေနိယ ဗိမ္ဗိသာရ မဂဓမင်းတရားကြီးသည် ရွာပေါင်းရှစ်သောင်းတို့ကို အစိုးရသောမင်းတရားအဖြစ် ပြုလေ၏။

ထိုအခါ၌ကား စမ္ပာမြို့တော်၌ သောဏအမည်ရှိသော ကောဠိဝိသ သူဌေးသားသည် အလွန်သိမ်မွေ့၏။ သူ၏ခြေဖဝါးအပြင်၌ မွေးညှင်းတို့သည် ပေါက်ရောက်ကုန်၏။ စသည်ဖြင့် ထင်ရှားစွာ လာ၏။

ၡင်းဗိမ္ဗိသာရမင်းတရားကြီးသည် အင်္ဂတိုင်း, မဂဓတိုင်းတို့၌ ရွာပေါင်းရှစ်သောင်းတို့ကို အုပ်ချုပ်စိုးစံတော်မူ၍ ၎င်းရွာပေါင်းရှစ်သောင်းတို့၏ အကြီးအကဲရွာမှူးများကို တစ်စုံတစ်ခုကိစ္စအားဖြင့်စည်းဝေးစေ၍ သောဏသူဌေးသားကိုလည်း လာခြင်းကိုအလိုရှိကြောင်း တမန်စေလွှတ်ကာ သောဏသူဌေးသားရောက်လာ၍ မင်းကြီးရှေ့မှောက်တွင် တင်ပလ္လင်ခွေ နေထိုင်လျက် မင်းကြီးသည် ခြေ၌ပေါက်ရောက်သော မွေးညှင်းများကို မြင်ရပြီးနောက် ၎င်းရွာမှူးများ၏ ညီလာခံသဘင်၌ ပစ္စုပ္ပန်အကျိုးတရားနှင့်စပ်သော ဆုံးမညွှန်ကြားချက်များ မိန့်ကြားတော်မူပြီးလျှင် ---

တုမှေ ခွ'တ္ထ ဘဏေ မယာ ဒိဋ္ဌဓမ္မိကေ အတ္ထေ အနုသာသိတာ၊ ဂစ္ဆထ တံ ဘဂဝန္တံ ပယိရုပါသထ။ သော နော ဘဂဝါ သမ္ပရာယိကေ အတ္ထေ အနုသာသိဿ-တီတိ။*(ဝိ၊ ၃။ ၂၆၅)*

အချင်းတို့၊ သင်တို့ကို မျက်မှောက်၌ အကျိုးတရား*(ကို)* ငါကား ဆုံးမအပ်ပြီ၊ သွားကြကုန်၊ ထိုမြတ်စွာဘုရားအထံသို့ ဆည်းကပ်ကြကုန်၊ ထိုငါတို့ မြတ်စွာဘုရားသည် တမလွန်အကျိုး သင်တို့အား ညွှန်ကြားဆုံးမလတ္တံ့"ဟု-

လွှတ်လိုက်သော် ဂိဇ္ဈကုဋ်တောင် မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်ပြီးလျှင် ထိုအခါ အရှင်သာဂတမထေရ် အလုပ်အကျွေးဖြစ်သဖြင့် မထေရ်အား 'မြတ်စွာဘုရား ဖူးတွေ့ရန် လျှောက်ထား'သောအခါ မထေရ်သည် တန်ခိုးဖြင့် စောင်းတန်းလှေကားရင်းမှ ငုပ်လျှိုးသွား၍ ဘုရားရှင်ထံ လျှောက်ထားပြီး တဖန် လှေကားရင်း ကျောက်ပြင်၌ပေါ်လာလျှင် အလွန်ပင် ကြည်ညိုလေးစား မထေရ်အား နှလုံးသွင်းကြကုန်၏။

မြတ်စွာဘုရားသည် ခင်းထားအပ်သော ကျောင်းတော်နောက်အရိပ်မှာပင် ထိုရှစ်သောင်းသော ကျေးရွာမှူးတို့အား တရားဟောရန် နေထိုင်တော်မူလျှင် 'ကျေးရွာမှူးတို့ နှလုံးသွင်း စူးစိုက်နေသည်'ကို သိတော်မူ၍ သာဂတမထေရ်အား တန်ခိုးပြဖြေရှင်းရန် ထိုအရှင်သာဂတမထေရ်ကိုပင်လျှင် အမိန့်ရှိသောအခါ တန်ခိုးအမျိုးမျိုးပြလျက် 'တပည့်သာဝကပါဘုရား'ဟု ဖြေရှင်းလျှောက်ထားမှ ၎င်းကျေးရွာမှူးတို့သည် မြတ်စွာဘုရားအား ကြည်ညိုလေးစား၍ တရားတော်နာကြသဖြင့် အစဉ်အတိုင်း တရားတော်မြတ် ဟောကြားရာ အားလုံးသော ရွာမှူးတို့ တရားထူးမဂ်ဉာဏ်ကို ရကြကုန်၏။

ထိုအခါ ကောဋိဝိသ သူဌေးသားသောဏသည် တရားတော်ကိုနာရ၍ ပရိသတ်များ ထသွားကြလျှင် ဘုရားရှင်ထံ ချဉ်းကပ်ပြီး 'ရဟန်းအဖြစ်သို့ ရလိုကြောင်း' လျှောက်ထားသဖြင့် ရဟန်းအဖြစ်ကို ရသောအခါ အလွန်နူးညံ့သော ခြေဖဝါးတို့ဖြင့် တရားအားထုတ်

ကြိုးစား စကြႍကြွသွားလျှင် ခြေဖဝါးပေါက်ကွဲ သွေးတို့ဖြင့် စကြႍတစ်ခုလုံး ပေကျံနီရဲနေခြင်းကို အကြောင်းပြု၍ ၎င်းအား အစဉ်သနားတော်မူပြီးလျှင် တစ်လွှာတည်း ဖိနပ် ခွင့်ပြုသော အခါ---

“မြတ်စွာဘုရား၊ သောဏသည် လှည်းအစီး ၈၀-မျှ ဥစ္စာတို့ကို စွန့်ခွာ ရဟန်းအဖြစ်သို့ ရောက်သောခါမှ လွှာဘိနပ်တို့၌ တပ်နှစ်သက်နေသည်-ဟု စွပ်စွဲပြောဆိုကြပါမည်ဘုရား--- မြတ်စွာဘုရား၊ သံဃာအား ခွင့်ပြုလတ့်သည် ဖြစ်အံ့---- တပည့်တော်၊ သုံးဆောင်ပါအံ့။ အကယ်၍ သံဃာအား ခွင့်ပြုတော်မမူအံ့၊ တပည့်တော်လည်း မသုံးဆောင်ပါအံ့”ဟု လျှောက်ထားလျှင် မြတ်စွာဘုရားသည် အကြောင်းအားလျော်စွာ သံဃာအား လွှာဘိနပ် ခွင့်ပြုပညတ်တော်မူ၏။

ဤသောဏမထေရ်၏ အတ္ထုပ္ပတ်ကို ထောက်ထား၍ **အင်္ဂတိုင်း၊ စမ္ပာမြို့တော်ကား မဂဓတိုင်း၏ လက်အောက်နိုင်ငံဖြစ်၍** ၎င်း၏ကျေးလက်ရွာများလည်း ဗိမ္ဗိသာရမင်းတရားကြီး တရားသဖြင့် အုပ်ချုပ်လျက် ရှိကြောင်းထင်ရှား၏။

ထိုမှတပါး မြတ်စွာဘုရားလက်ထက်တော်က ၎င်းစမ္ပာမြို့တော်ကား ဗိမ္ဗိသာရမင်းတရားကြီး မြောက်စားပေးအပ်သော သောဏဒဏ္ဍမြို့စား ပုဏ္ဏားကြီး အုပ်ချုပ်နေလျက် ရှိကြောင်း ထင်ရှား၏။

ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ သောဏဒဏ္ဍသုတ်*(ဒီ၊ ၁။ ၁၀၄)*ကို ထောက်ဆသဖြင့် သိအပ်၏ ထို့ကြောင့် ၎င်းသုတ်၌---

ဧကံ သမယံ ဘဂဝါ အင်္ဂေသု စာရိကံ စရမာနော မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ ယေန စမ္ပာ, တဒဝသရိ။ တတြ သုဒံ ဘဂဝါ စမ္ပာယံ ဝိဟရတိ ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ။ တေန ခေါ ပန သမယေန သောဏဒဏ္ဍော ဗြာဟ္မဏော စမ္ပံ အဇ္ဈာဝသတိ သတ္တုဿဒံ သတိဏကဋ္ဌောဒကံ သဓညံ ရာဇဘောဂ္ဂံ ရညာ မာဂဓေန သေနိယေန ဗိမ္ဗိသာရေန ဒိန္နံ ရာဇဒါယံ ဗြဟ္မဒေယျံ။

အခါတပါး မြတ်စွာဘုရား*(သည်)* အင်္ဂတိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူလျက် ရဟန်းငါးရာမျှနှင့် စမ္ပာမြို့သို့ သက်ရောက်တော်မူ၏။ ၎င်း၌ မြတ်စွာဘုရားသည် ဂဂ္ဂရကန်ဟော်အနီး သီတင်းသုံးတော်မူ၏။ ထိုအခါ သောဏဒဏ္ဍပုဏ္ဏားကြီးသည် စမ္ပာမြို့တော်ကို အုပ်ချုပ်နေ၏။ များစွာသော သတ္တဝါ, မြက်, ထင်း, ရေ, ကောက်များ၌ မင်းအဖြစ်အားဖြင့် သုံးဆောင်ရန် မဂဓပြည်ကြီးအရှင် စစ်သည်ဗိုလ်ပါတို့အရှင် ဗိမ္ဗိသာရမင်းတရားကြီးသည် မင်းအဖြစ် အမြတ်ထား၍ မြောက်စားပေးအပ်တော်မူ၏- စသည်ဖြင့် နိဒါန်းထားတော်မူသည်။

ထိုသို့ မြတ်စွာဘုရား ကြွလာတော်မူစဉ် အထူးထူးသော တိုင်းတို့မှ လာရောက်ကြကုန်သော ငါးရာကုန်သော ပုဏ္ဏားကြီးတို့လည်း သောဏဒဏ္ဍပုဏ္ဏားကြီးနှင့် ဝေဒညှိနှိုင်းခြင်းငှာ ရှိနေကြကုန်၍ မြတ်စွာဘုရား၏ ဘဝင်မဆုံ ပြန့်နှံ့ကျော်ကြားတော်မူသော ဂုဏ်ကျေးဇူးတော်တို့ဖြင့် အစုအစု အပေါင်းပြုကာ ဂဂ္ဂရာ ရေကန်သို့ စမ္မာမြို့သား ပုဏ္ဏားသူကြွယ်တို့ သွားကြသည်ကို ပုဏ္ဏားကြီးမြင်လျှင် ခတ္တအမတ်ကို တိုင်ပင်ပြီး မြတ်စွာဘုရားထံ ချဉ်းကပ်ရန် ပြောကြားသောအခါ တိုင်းတစ်ပါးက လာရောက်ကြကုန်သော ပုဏ္ဏားတို့က ၁၂-ပါးသော ဂုဏ်ပုဒ်တို့ကိုထုတ်ပြ၍ မသွားရန်တားမြစ်ကြသည်ကို ပုဏ္ဏားကြီးက ၂၉-ပါးသော ဂုဏ်တော်ကျေးဇူးတော်တို့ကို ထုတ်ပြလျက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြကုန်၏။

မြတ်စွာဘုရားအထံတော်တို့ ရောက်ကြလျှင် ပုဏ္ဏားကြီးသည်, "မိမိကျွမ်းကျင်သော ဝေဒ၌ မေးမြန်းတော်မူလျှင် ကောင်းပေစွ"ဟု ကြံစည်နှလုံးသွင်းသည့်အတိုင်း နှုတ်ခွန်းဆက်ကာ သာရဏိယကထာ ပြီးဆုံးသည့်နောက်၌---

"ကတိဟိ ပန ဗြာဟ္မဏာ အင်္ဂေဟိ သမန္နာဂတံ ဗြာဟ္မဏာ ဗြာဟ္မဏံ ပညာပေန္တိ-

အို---ပုဏ္ဏားကြီး၊ အဘယ်မျှသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ဗြာဟ္မဏတို့သည် ဗြာဟ္မဏ ဟု ပညတ်ကြပါကုန်သနည်း၊ စသည်ဖြင့် မေးတော်မူလျှင်---

သောဏဒဏ္ဍပုဏ္ဏားကြီးကား မိမိစိတ်ကူး ကြံစည်အားလျော်စွာ မေးမြန်းတော်မူသည်"ဟု နှစ်သက်ဝမ်းမြောက်လျက်---

"ပဉ္စဟိ ဘော ဂေါတမ အင်္ဂေဟိ သမန္နာဂတံ ဗြာဟ္မဏာ ဗြာဟ္မဏံ ပညပေန္တိ-

*(ဒီ၊ ၁။ ၁၁၃)*

အရှင်ဂေါတမ၊ ၅-ပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ဗြာဟ္မဏတို့သည် ဗြာဟ္မဏ ဟု ပညတ်ကြပါကုန်သည်-စသည်ဖြင့် ဝေဖန်ဖြေကြား လျှောက်ထားလေ၏။

<u>ဗြာဟ္မဏအင်္ဂါ ၅-ပါး</u>--- အဘယ် ၅-ပါးတို့နည်း၊

(၁) မိဘ ၂-ပါးမှ စင်ကြယ်သော အမျိုးဇာတ်ရှိသည်၊

(၂) မန္တဓရ, ဝေဒပါရဂူ, နိဃဏ္ဍု, ကေဋုဘ, ဣတိဟာသ တတ်ကျွမ်းသည်၊

(၃) အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ ပြည့်စုံမွန်မြတ်သည်၊

(၄) အကျင့်သီလ ပြည့်စုံ၍ ကြီးပွါးသော သီလနှင့် ပြည့်စုံသည်၊

(၅) ပညာရှိ၍ အမြော်အမြင်ပြည့်စုံ*(၍)* မြတ်သောယဇ်ကို ခံထိုက်သည်-

ဤ ၅-ပါးတို့ပါတည်း" လျှောက်ထားလျှင်---

တဖန် "အို--- ပုဏ္ဏားကြီး၊ ၎င်းတို့တွင် တစ်ပါးကိုထား၍ ၄-ပါးတို့ဖြင့် ဗြာဟ္မဏ-ဟု ပညတ်နိုင်ပါသလော"ဟု မေးတော်မူ၍---

"အရှင်ဘုရား၊ စွမ်းနိုင်ပါသည်၊ ၎င်း ၅-ပါးတို့တွင် အဆင်းသဏ္ဌာန်ကိုထား၍ ၄-ပါးဖြင့် ဗြာဟ္မဏ"ဟု ပညတ်နိုင်ပါသည်-ဟု ပုဏ္ဏားကြီးကလျှောက်ထားလေ၏။

တဖန် "အို--- ပုဏ္ဏားကြီး၊ ၎င်းတို့တွင် တစ်ပါးကို ထား၍ ၃-ပါးဖြင့် ဗြာဟ္မဏ-ဟု ပညတ်နိုင်ပါသလော"ဟု မေးတော်မူလျှင်---

"အရှင်ဘုရား၊ စွမ်းနိုင်ပါသည်၊ ၎င်း ၄-ပါးတို့တွင် မန္တာန်ကို ထား၍ ၃-ပါးဖြင့် ဗြာဟ္မဏ-ဟု ပညတ်နိုင်ပါသည်"ဟု တဖန် လျှောက်ထားလေ၏။

တဖန် "အို---ပုဏ္ဏားကြီး၊ ၎င်းတို့တွင် တစ်ပါးကို ထား၍ ၂-ပါးဖြင့် ဗြာဟ္မဏ-ဟု ပညတ်နိုင်ပါသလော"ဟု မေးတော်မူလျှင်---

"အရှင်ဘုရား၊ စွမ်းနိုင်ပါသည်၊ ၎င်း ၃-ပါးတို့တွင် ဇာတ်ကို ထား၍ ၂-ပါးဖြင့် ဗြာဟ္မဏဟု ပညတ်နိုင်ပါသည်"ဟု လျှောက်ထားသောအခါ---

ပုဏ္ဏားအများတို့က "အရှင်သောဏဒဏ္ဍ၊ ဤသို့ မဆိုပါနှင့်၊ အရှင်သည် အဆင်းသဏ္ဌာန်ကိုလည်း ရှုတ်ချကဲ့ရဲ့ပါသည်၊ မန္တာန်ကိုလည်း ရှုတ်ချကဲ့ရဲ့ပါသည်၊ ဇာတ်ကိုလည်း ရှုတ်ချကဲ့ရဲ့ပါသည်၊ စင်စစ် အရှင်ဂေါတမဝါဒသို့ သက်ဝင်နေပါသည်"ဟု ဆိုကြလျှင်--

သောဏဒဏ္ဍပုဏ္ဏားကြီးက "ဤသို့မဆိုကြကုန်လင့်၊ အကျွန်ုပ်သည် အဆင်း၊ မန္တန်၊ ဇာတ်တို့ကို မကဲ့ရဲ့ပါ။ ဤပရိသတ်အလယ်မှာ ကျွန်ုပ်၏တူ အင်္ဂကသည် အရှင်ဂေါတမမှ တပါး အဆင်း၊ သဏ္ဌာန်ကိုလည်း ဆောင်၍ မိဘ ၂-ပါး ဇာတ်အားဖြင့်လည်းပြည့်စုံပါသည်၊ အကယ်၍ အင်္ဂကသည် သူ့အသက်သတ်၊ သူ့ဥစ္စာခိုး၊ သူ့သားမယားပြစ်မှား၊ မုသားဆို၍၊ သေစာကိုလည်း သောက်စားအံ့၊ အဆင်း၊ မန္တန်၊ ဇာတ်တို့သည် အဘယ်သို့ ပြုနိုင်အံ့နည်း" ဟု ၎င်းတို့အား ဖြေကြားရလေ၏။

ထို့နောက် မြတ်စွာဘုရားက "အို--ပုဏ္ဏားကြီး၊ ၎င်း ၂-ပါးတို့တွင် တစ်ပါးကိုထား၍ တစ်ပါးအားဖြင့် ပညတ်နိုင်ပါသလော"ဟု မေးတော်မူလျှင်---

"မြတ်စွာဘုရား၊ မပညတ်နိုင်ပါ။ သီလသည်ပညာဖြင့်၊ ပညာသည်သီလဖြင့်၊ အချင်းချင်း ဆေးကြောသုတ်သင်ရပါသည်၊ သီလပညာသည် လောက၌ အမြတ်ဆုံး ဖြစ်ပါသည်" ဟု လျှောက်ထား၏။

ထိုအခါမှ မြတ်စွာဘုရားသည် ပုဏ္ဏားကြီးအား သီလနှင့်ပညာတို့ကို လောကီသီလ၊ လောကုတ္တရာ၊ ပညာဝိမုတ္တိ အရသာနှင့်တကွ ဟောကြားတော်မူ၍ အလွန်ဝမ်းမြောက်သဖြင့် တစ်သက်ပန် ဥပါသကာအဖြစ် လျှောက်ထားလေ၏။

ဤသောဏာဒဏ္ဍပုဏ္ဏားကြီး၏ အကြောင်းအတ္ထုပ္ပတ် သုတ္တန်ကို ထောက်ဆ၍ မြတ်စွာဘုရားလက်ထက်က ဝင်းအင်္ဂတိုင်း၏မြို့တော် စမ္ပါမြို့တော်ကား သောဏာဒဏ္ဍပုဏ္ဏားကြီး အုပ်ချုပ် ခွဲခန့်လျက် မြို့စားအဖြစ် ပေးအပ်ထားကြောင်း ဗြာဟ္မဒေယျ-ဟူသော ပုဒ်အရ ပုဏ္ဏားကြီး၏ဂုဏ်ကို ပူဇော်သောအားဖြင့် ချီးမြှင့်ကြောင်းထင်ရှားလေသည်။

✪ ✪ ✪ ✪ ✪

## အင်္ဂရာဇာရှိကြောင်း

ထိုမှတပါး မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ထိုအင်္ဂတိုင်းမှာ မင်းငယ်တစ်ပါး အုပ်ချုပ်လျက်ရှိကြောင်း မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဗြာဟ္မဏဝဂ်၊ ဃောဋမုခသုတ်၌ ထင်ရှားစွာလာသည်မှာ---

အခါတပါး မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အရှင်ဥဒေန မထေရ်သည် ခေမိယမ္ဗဝန-ခေါ် ခေမိယမည်သောသရက်ဥယျာဉ်ကျောင်း၌ သီတင်းသုံးစဉ် ဃောဋမုခ-မည်သော ပုဏ္ဏားကြီးသည် တစ်စုံတစ်ခုပြုဖွယ်ကိစ္စနှင့် ဗာရာဏသီမြို့တော်သို့ ရောက်၍ လမ်းလျှောက်လှည့်လည်သောအခါ ခေမိယသရက်ဥယျာဉ်ကျောင်းတိုက်၌ စင်္ကြံလျှောက်နေသော အရှင်ဥဒေနမထေရ်ကို ဖူးတွေ့ရသဖြင့်---

"အရှင်ဘုရား၊ ဓမ္မိကပရိဗ္ဗဇရဟန်း မရှိ-ဟု ထင်မှတ်မိပါသည်။ အရှင်ဘုရား ဖူးတွေ့ရမှ တရားနှင့်လျော်သော ရသေ့ရဟန်း ရှိကြောင်း သိရပါသည်"ဟု လျှောက်လျှင်-

ရှင်ဥဒေနမထေရ်သည် စင်္ကြံမှသက်၍ ကျောင်းတွင်းသို့ဝင်လျက် နေရာထက်၌ သီတင်းသုံးကာ ပုဏ္ဏားကြီးကိုလည်း နေရာ၌နေစေပြီးနောက် အကြောင်းအားလျော်စွာ

- အတ္တန္တပ --- မိမိကိုယ်ကို ပူပန်စေသော ပုဂ္ဂိုလ်
- ပရန္တပ --- သူတစ်ပါးကို ပူပန်စေသော ပုဂ္ဂိုလ်
- အတ္တပရန္တပ --- မိမိ, သူတစ်ပါး ပူပန်စေသော ပုဂ္ဂိုလ်
- နေဝအတ္တ န ပရန္တပ--- မိမိ, သူတစ်ပါး မပူပန်စေသောပုဂ္ဂိုလ်-

ဟူ၍ ပုဂ္ဂိုလ် ၄-ပါးခွဲခြား၍ ရဟန်းများ တရားနှင့်လျော်ညီစွာ ကျင့်ကြံ၍ ကိလေသာမှ လွတ် မြောက်လျက် မြတ်သောအကျင့် သုံးပြီးသောအားဖြင့် သူတစ်ပါးကိုလည်း မပူပန်စေ၊ မိမိကိုယ်ကိုလည်း ငြိမ်းအောင် ကျင့်ဆောင်သောကြောင့် နေဝ အတ္တန္တပ န ပရန္တပ ပုဂ္ဂိုလ်မည်ကြောင်း ဟောကြားတော်မူသောအခါ အလွန်ကြည်ညို ဝမ်းမြောက်စွာ "အရှင်

ဘုရားနှင့် တရား, သံဃာအား တသက်ပန် ဥပါသကာ ဆည်းကပ်သူ-ဟု မှတ်တော်မူပါ”ဟု လျှောက်ထားလျှင်---

“ငါတို့ ကိုးကွယ်ရာ မြတ်စွာဘုရားအား ဆည်းကပ်ပါလော”ဟု အမိန့်တော်ရှိလေ၏။ ထိုအခါ ပုဏ္ဏားကြီးက “အရှင်ဘုရား၊ ယခု မြတ်စွာဘုရား အဘယ်မှာ သီတင်းသုံးတော်မူပါသနည်း”ဟု လျှောက်လျှင်---

“ပရိနိဗ္ဗုတော ခေါ ဗြာဟ္မဏ ဧတရဟိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ’တိ။
(မ၊ ၂။ ၃၃၄)

အို--ပုဏ္ဏားကြီး၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားသည် ယခုကား ပရိနိဗ္ဗာန်စံတော်မူပြီ” စသည်ဖြင့် မိန့်တော်မူသောအခါ---

“အရှင်ဘုရား၊ အကယ်၍ မြတ်စွာဘုရားသက်တော်ထင်ရှားရှိပါလျှင် ယူဇနာ-၂၀, ၃၀, ၅၀, ၁၀၀-မကဝေးကွာစေကာမူ တပည့်တော် အဖူးအမြော် ရောက်ရပါမည်၊ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော်လည်း ထိုမြတ်စွာဘုရားကိုရင်း တရားတော်မြတ်ကိုရင်း တပည့်သံဃာတော်ကိုရင်း ဆည်းကပ်ကိုးကွယ်ပါသည်၊ တပည့်တော်အား ဥပါသကာ-ဟု မှတ်တော်မူပါ”ဟု လျှောက်လေ၏။ ၎င်းနောက် ဃောဋမုခ ပုဏ္ဏားကြီးက---

“အတ္ထိ စ မေ ဘော ဥဒေန အင်္ဂရာဇာ ဒေဝသိကံ နိစ္စဘိက္ခံ ဒဒါတိ၊ တတော အဟံ ဘောတော ဥဒေနဿ ဧကံ နိစ္စဘိက္ခံ ဒဒါမီတိ။(မ၊ ၂။ ၃၃၅)

အရှင်ဘုရား ဥဒေန၊ တပည့်တော်အား အင်္ဂမင်းသည် နေ့စဉ် စားသုံးဖွယ်ရာ ရိက္ခာတော်မြတ် ပေးအပ်ပါသည်ဘုရား၊ ထိုအထဲမှ အရှင်ဘုရား ဥဒေနအား အမြဲဆွမ်းဝတ် လှူဒါန်းပါ၏”ဟု အမြဲဆွမ်းဝတ်ဖြင့် ဖိတ်မံလျှောက်ထား၏။

“ကိံ ပန တေ ဗြာဟ္မဏ အင်္ဂရာဇာ ဒေဝသိကံ နိစ္စဘိက္ခံ ဒဒါတိ။(မ၊ ၂။ ၃၃၅)

ပုဏ္ဏားကြီး၊ အဘယ်မျှ အင်္ဂမင်းသည် နေ့စဉ်အမြဲ ရိက္ခာတော် ပေးပါသနည်း”ဟု မထေရ်အရှင်က မေးလျှင်---

“ပဉ္စ ဘော ဥဒေန ကဟာပဏသတာနိ။(မ၊ ၂။ ၃၃၅)

အရှင်ဘုရား ဥဒေန၊ ကျပ်အသပြာ-၅၀၀ ပါဘုရား”ဟု လျှောက်ထား၍ “ရဟန်းတို့အား ရွှေ, ငွေ မအပ်ကြောင်း” အမိန့်ရှိတော်မူသဖြင့် ကျောင်းဆောက်လုပ် လှူဒါန်းရန် ထပ်မံလျှောက်ထားသောအခါ “ပါဋလိပုတ်ပြည်၌ သံဃာတော်အား ဥပဋ္ဌာန သာလာ စည်းဝေးရာ ဓမ္မာရုံဇရပ် ဆောက်လုပ်လှူဒါန်းရန်” တိုက်တွန်းသည်ကို---

အရှင်အား ကြည်ညိုသောအားဖြင့် ၎င်း၌ ဥပဋ္ဌာနသာလာ ဆောက်လုပ်လှူဒါန်းသည့်အပြင် ၎င်း၌ နိစ္စဘတ် ဆွမ်းဖြင့်၎င်း, မထေရ်အားလည်း နိစ္စဘတ် ဆွမ်းဖြင့်၎င်းလှူဒါန်း၍ ၎င်းဇရပ်မှာ ဃောဋမုခီသာလာ မည်တွင်ကြောင်း မဇ္ဈိမပဏ္ဏာသ၊ ဃောဋမုခီသုတ်၌ လာ၏။

ဤဃောဋမုခသုတ်ကို ထောက်၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသည့်နောက် အင်္ဂတိုင်းအုပ်ချုပ်သော မင်းရှိကြောင်း လာသော်လည်း မဂဓမင်းစဉ် မင်းဆက် အသောကမင်းတြားကြီးလက်ထက်တိုင်အောင် မပျက်မကွက် တည်ရှိကြောင်း- သာသနာဝင် အဋ္ဌကထာ, ဋီကာများ၌ လာသောကြောင့် ၎င်းအင်္ဂမင်းမှာ အသီးအခြား စိုးမိုးအုပ်ချုပ်သော ဘုရင်ကလေးတစ်ပါးသာလျှင်ဖြစ်သည်-ဟု မှတ်သားအပ်ကုန်၏။ သို့ရာတွင် ဤဃောဋမုခပုဏ္ဏားကြီးအား တစ်နေ့လျှင် အသပြာ-၅၀၀ ရိက္ခာတော် ထောက်ပံ့ပေးကမ်းကြောင်းလာသဖြင့်---

- ၎င်းတိုင်း၌ ပိုင်နိုင်စိုးမိုး အုပ်ချုပ်နေကြောင်း
- အခွန်တော်ဘဏ္ဍာတော်များလည်း များစွာရှိကြောင်း

မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## အင်္ဂတိုင်းနယ်မြို့များ

အင်္ဂတိုင်းသည် မြတ်စွာဘုရားလက်ထက်တော်က မဂဓတိုင်းကြီး၏ လက်အောက်ခံ တိုင်းနိုင်ငံဖြစ်သော်လည်း ၎င်းသည် ထင်ရှားသော တိုင်းကြီးတစ်တိုင်းဖြစ်၍ ၎င်တိုင်းနယ်တို့တွင် စမ္ပာမြို့တော်မှတပါး မြို့, ရွာ, နိဂုံးများရှိခဲ့ကြမည်ဖြစ်သဖြင့် ထိုမြို့များသို့ မြတ်စွာဘုရား ဒေသစာရီ တရားဟောရန် လှည့်လည်ကြွမြန်းကာ အမြိုက်အရသာ တိုက်ကျွေးတော်မူကြောင်း များစွာသော သုတ်များနှင့် ဝိနည်းဒေသနာတော်အားဖြင့် ထင်ရှား၏ ၎င်းတိုင်းနယ်ရှိမြို့များမှ---

၁။ ဘဒ္ဒိယမြို့ ၂။ အဿပူရမြို့ ၃။ အာပဏမြို့ အင်္ဂုတ္တရာပနယ်

စသည်တို့ဖြစ်ကြ၍ ၎င်းတိုင်းနယ်ကြီးမှာ အခြားမြို့အများ ရှိကြခဲ့မည်ဖြစ်သော်လည်း မြတ်စွာဘုရားလက်ထက် တရားတော်ဓမ္မစက် သက်တော်မူရာ ဒေသနာတော်အရ ဤမျှသာ မှတ်သားအပ်ကုန်၏။

## ဘဒ္ဒိယမြို့ မေဏ္ဍကသူဋ္ဌေး

အင်္ဂတိုင်း၌ မြတ်စွာဘုရားလက်ထက်တော်တွင် အထူးထင်ရှား ကျော်ကြားသော မေဏ္ဍကသူဋ္ဌေးကြီး, သူဋ္ဌေးကတော်, ၎င်းသူဋ္ဌေး၏သား, ၎င်းသူဋ္ဌေး၏ချွေးမတော်, ကျွန်ယောက်ျား ဤ ၅-ဦးတို့သည် အသီးအသီး အထူးထူး တန်ခိုးနှင့် ပြည့်စုံကြလျက် နိုင်ငံတော်အတွင်း ဘဒ္ဒိယမြို့၌ နေထိုင်ကြကြောင်း ဗိမ္ဗိသာရမင်းကြီး ကြားတော်မူလျှင် ၎င်းအကြောင်းအရာများ ကိုယ်တိုင်သိတော်မူရန် သဗ္ဗတ္ထကအမတ်ကြီးအား စစ်သည် ဗိုလ်ပါ မြောက်များစွာနှင့် စေလွှတ်စုံစမ်းစေတော်မူကြောင်း ဝိနည်းမဟာဝဂ်၊ ဘေသဇ္ဇက္ခန္ဓက၊ မေဏ္ဍကဝတ္ထု(*ဝိ၊ ၃။ ၃၃၈*)၌---

အထ ခေါ ရာဇာ မာဂဓော သေနိယော ဗိမ္ဗိသာရော အညတရံ သဗ္ဗတ္ထကံ မဟာမတ္တံ အာမန္တေသိ။ "အမှာကံ ကိရ ဘဏေ ဝိဇိတေ ဘဒ္ဒိယနဂရေ မေဏ္ဍကော ဂဟပတိ ပဋိဝသတိ၊ တဿ ဧဝရူပေါ ဣဒ္ဓါနုဘာဝေါ၊ သီသံ နဟာယိတွာ ဓညာဂါရံ သမ္မဇ္ဇာပေတွာ ဗဟိဒွါရေ နိသီဒတိ၊ အန္တလိက္ခာ ဓညဿ ဓာရာ ဩပတိတွာ ဓညာဂါရံ ပူရေတိ"။

ထိုအခါ မဂဓတိုင်းပြည်ကြီးအရှင် များစွာသော စစ်သည်ဗိုလ်ပါတို့၏အရှင် ဘုရင် ဗိမ္ဗိသာရမင်းတရားကြီးသည် သဗ္ဗတ္ထကအလုံးစုံ အမှုကိစ္စ ဆောင်ရွက်သော အမတ်ကြီး တစ်ဦးကို မိန့်တော်မူလေသည်။

"အို---အချင်းအမတ်၊ ငါတို့၏တိုင်းနိုင်ငံတော် ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဋ္ဌေးသည် နေထိုင်၏။ ၎င်းအား ဤသို့သော တန်ခိုးဣဒ္ဓိအာနုဘော်ရှိ၏။ ဦးခေါင်းကို ဆေးလျှော်၍, စပါးကျီကို တံမြက်လှည်း၍, ကျီပ၌ နေထိုင်လျှင် ကောင်းကင်မှ စပါးမိုးများ ရွာသွန်းချ၍ စပါးကျီအလုံး ပြည့်ဝစေနိုင်သည်" စသည်ဖြင့် ထင်ရှားစွာလာ၏။

ဤသို့ ဗိမ္ဗိသာရမင်းတရားသည် သဗ္ဗတ္ထကအမတ်ကြီးအား စေလွှတ်သည့်အတိုင်း စစ်သည်ဗိုလ်ပါများစွာနှင့်တကွ ဘဒ္ဒိယမြို့သို့ရောက်၍ မင်းကြီးစုံစမ်းစေသည့်အတိုင်း--

- သူဋ္ဌေးကြီး၏ကျီ တံမြက်လှည်းကာ အပြင်ပ ထိုင်နေကာမျှဖြင့် စပါးမိုးရွာစေနိုင်ခြင်းကိုလည်းကောင်း
- သူဋ္ဌေးကတော်ကြီး၏ တစ်ပြည်ဝင် ထမင်းအိုးနှင့် တစ်ပြည်ဝင် ဟင်းအိုးအနီး နေကာ စစ်သည်ဗိုလ်ပါအားလုံးကို ကျွေးနိုင်ခြင်းကိုလည်းကောင်း
- သူဋ္ဌေးသား၏ တစ်ထောင်ဝင်အိပ်ဖြင့် စစ်သည်ဗိုလ်ပါ အားလုံးအား ၆-လအတွက် ရိက္ခာတော်သပြာများကို ပေးသော်လည်း မကုန်နိုင်ခြင်းကိုလည်းကောင်း

- သူဌေးချွေးမ၏ ၄-စိတ်ဝင် တောင်းနားနေ၍ ၆-လအတွက် ထမင်းရိက္ခာများ စစ်သည်ဗိုလ်ပါအားလုံးအား ပေးသော်ငြားလည်း မကုန်နိုင်ခြင်းကိုရင်း
- သူဌေးကျွန်ယောက်ျား၏ တစ်ခါထွန်သဖြင့် ထွန်ရေး ၇-ကြောင်း ထွန်ပြီး ဖြစ်ခြင်းကိုရင်း

ကိုယ်တိုင်သိရပြီး၍ ရာဇဂြိုဟ်သို့ပြန်ကာ မင်းကြီးအား အလုံးစုံမှန်ကန်ကြောင်း လျှောက်တင်လေ၏။

ထိုအခါမှာ မြတ်စွာဘုရားသည် ဝေသာလီပြည်မှ ဘဒ္ဒိယမြို့သို့ ၁၂၅၀-မျှသော ရဟန်းတို့နှင့်တကွ ဒေသစာရီ ကြွချီတော်မူလာပြီး ၎င်း၌ ဇာတိယာဝနတောကျောင်း၌ သီတင်းသုံးနေတော်မူလျှင် ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်တို့ ကျော်ကြား ပြန့်နှံ့သဖြင့် ဖူးမြင်ရန်လာသောအခါ တိတ္ထိများက "အကြိယဝါဒရှိသော အရှင်ဂေါတမထံ မသွားဖို့ တားမြစ်"သော်လည်း မနာယူဘဲ မြတ်စွာဘုရာထံ ဆည်းကပ်ဖူးမျှော် တရားတော်နာရသဖြင့် အားလုံးသစ္စာ ၄-ပါးတရားထူးကို သိမြင်ကြ၍ ပစ္စည်း ၄-ပါး အမြဲဒါယကာအဖြစ် ဖိတ်ကြား လျှောက်ထားလေ၏။ ၎င်းမှ မြတ်စွာဘုရားသည် သူဌေးကြီးအား မပန်ကြားဘဲ အင်္ဂုတ္တရာ-ပနယ်၊ အပဏမြို့သို့ ရဟန်းသံဃာများနှင့်တကွ ကြွသွားလျှင် သူဌေးကြီး ကြားသိသောအခါ များစွာသောရိက္ခာတို့ကို တင်ဆောင်စေလျက် နွားမ ၁၀၀၀-ကျော်နှင့်တကွ များစွာသော လှည်းယာဉ်များဖြင့် မြတ်စွာဘုရားနောက်တော်သို့ လုပ်ကျွေးရန်လိုက်၍ လမ်းခရီးမှာ မှီသဖြင့် မွန်မြတ်သော နို့အရသာတို့ဖြင့် ကျွေးမွေးလှူဒါန်းပြီး "ရိက္ခာတို့ကို အလှူခံရန် လျှောက်ထားသည်"ကို ရဟန်းများအခွင့်ပြု ပညတ်တော်မူလေ၏။

၎င်းပြင် ဓမ္မပဒအဋ္ဌကထာ၌လည်း အင်္ဂတိုင်း၌ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူစဉ် မေဏ္ဍကသူဌေး၏လည်းကောင်း, သူဌေးကတော် စန္ဒပဒုမာ၏လည်းကောင်း, သား ဓနဥ္စယသူဌေး၏လည်းကောင်း, ချွေးမ သုမနဒေဝီ၏လည်းကောင်း, မြေး ဝိသာခါ၏ လည်းကောင်း, ကျွန် ပုဏ္ဏ၏လည်းကောင်း သစ္စာ ၄-ပါး သိမြင် သောတာပတ္တိဉာဏ်လျှင် ရကြလိမ့်မည်ကို ဉာဏ်တော်တွင် ထင်လာသဖြင့် ဘဒ္ဒိယမြို့သို့ ကြွရောက်တော်မူပြီး ဇာတိယာဝနတောကျောင်း၌ သီတင်းသုံးကာ တရားတော်နာရ၍ အားလုံး မဂ်ဉာဏ်ရကြကြောင်း လာ၏။ ဤပါဠိတော်နှင့် အဋ္ဌကထာတို့ကို ထောက်ထား၍---

- ဘဒ္ဒိယမြို့သည် အင်္ဂတိုင်း၌ ဖြစ်ကြောင်း
- ဗိမ္ဗိသာရမင်းတရားကြီး၏ နိုင်ငံဖြစ်ကြောင်း
- ဝေသာလီမှ ဘဒ္ဒိယမြို့သို့ ဒေသစာရီ ကြွလာတော်မူသည်ကို ထောက်ဆ၍ ဝဇ္ဇီတိုင်းနှင့်လည်း စပ်လျက်ရှိကြောင်း

- ဇင်းမြို့မှ အင်္ဂုတ္တရာပနယ်၊ အာပဏမြို့သို့ ကြွတော်မူသည်ကို ထောက်ဆ၍ အင်္ဂတိုင်းမြောက်ဘက်၊ ဥတ္တရာပနယ်နှင့်လည်း စပ်လျက်ရှိကြောင်း
- သုတ္တန်ဝိနည်း ဒေသနာတော်အားဖြင့် ဤမြို့သည် သာသနာတော်ဝယ် ထင်ရှား၍ မြတ်စွာဘုရားလက်ထက်တော်က အာဏာတော်စက် ပြန့်နှံ့ရာ ထင်ရှားသော မြို့ဖြစ်ကြောင်း--- ကောင်းစွာမှတ်ယူအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## အင်္ဂတိုင်း၊ အဿပုရမြို့

ထိုအင်္ဂတိုင်း၌ ထင်ရှားသော စမ္ပာမြို့မှတပါး မြတ်စွာဘုရားဟောကြားတော်မူသော ဒေသနာတော်တို့ကို ထောက်ထားသောအားဖြင့် ဆိုခဲ့ပြီးသော ဘဒ္ဒိယမြို့မှတပါးလည်း ဖြစ်သော အဿရပူရမြို့ရှိကြောင်း၊ ထိုအဿရပူရမြို့၌ မြတ်စွာဘုရား သီတင်းသုံးတော်မူပြီးလျှင် ထိုမြို့သူ, မြို့သားတို့အား သမဏကရ ဗြာဟ္မဏကရ-ရဟန်းသူတော် သူမြတ်ဖြစ်ကြောင်း တရားတော်-ဟု ဆိုအပ်သော မဟာအဿပူရသုတ်နှင့် စူဠအဿပူရသုတ်တို့ကို ဟောကြားတော်မူသောအားဖြင့် မြတ်စွာဘုရား ယထာနုလောမ သာသနာ-ဟု ဆိုအပ်သော သုတ္တန်တွင် ထင်ရှားသောမြို့ဖြစ်ကြောင်း မဇ္ဈိမနိကာယ်၊ မဟာယမကဝဂ်(၁။ ၃၃၈)၌-

ဧကံ သမယံ ဘဂဝါ အင်္ဂေသု ဝိဟရတိ အဿပုရံ နာမ အင်္ဂါနံ နိဂမော။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါ'တိ၊ ဘဒန္တေ'တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ ဧတဒဝေါ စ။ သမဏာ သမဏာ'တိ ဝေါ ဘိက္ခဝေ ဇနာ သဉ္ဇာနာတိ။ တုမှေ စ ပန ကေ တုမှေတိ ပုဋ္ဌာ သမာနာ သမဏမှာ'တိ ပဋိဇာနာထ။

အခါတပါး မြတ်စွာဘုရားသည် အင်္ဂတိုင်း၊ အဿပူရမြို့၌ သီတင်းသုံးတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့-ဟု မိန့်တော်မူ၍ မြတ်စွာဘုရား"ဟုပြန်ကြားလျှောက်ထားလျှင် မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

"ရဟန်းတို့၊ သမဏ သမဏ-ဟု လူအများသိကြ၏။ သင်တို့ကား အဘယ်သင်တို့နည်း"ဟု မေးလျှင် "သမဏ-တို့တည်း၊ သမဏ-ဖြစ်ကြကုန်၏"ဟု ဝန်ခံကြကုန်၏-စသည်ဖြင့်လာ၏။

ဇင်းပြင် ဤသုတ်အဋ္ဌကထာ၌လည်း ဤမြို့သူ, မြို့သားတို့မှာ အလွန်သဒ္ဓါတရားနှင့် ပြည့်စုံသဖြင့်-

- ယနေ့ ပြုသစ်စ သာမဏကိုပင် ဝါ-၁၀၀ ရပြီး မထေရ်ကြီးအလား လေးစားကြည်ညိုကြ၍ ရဟန်းသံဃာတို့၏ ဝေယျာဝစ္စတို့ကို မပြုမလုပ်ဘဲ မိမိတို့အမှုကိစ္စပြုလုပ်ခြင်းမရှိ၊ ရတနာ ၃-ပါးဝေယျာဝစ္စများပြုလုပ်ပြီးမှသာ မိမိတို့အမှုကိစ္စပြုလုပ်ဆောင်ရွက် လုပ်ကိုင်ကြကြောင်း
- လုပ်ကိုင်ဆောင်ရွက်ကြရာ၌လည်း အခြားစကားများမပြောဘဲ အရိယာမဂ်ဖိုလ်၌ တည်ကြသော သံဃာတို့၏ သီလ အာစာရ ပဋိပတ္တိဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းပြောဆိုလေ့ရှိကြကြောင်း
- မြတ်စွာဘုရားသည် ထိုသို့ လူအများ၏ သဒ္ဓါအားလျော်စွာ ရှိသေလေးစားထိုက်အောင် ကျင့်ကြံအားထုတ်ကြစေရန် ရဟန်းတို့အား တိုက်တွန်းနှိုးဆော်လိုသဖြင့် ဤသုတ်ကို ဟောကြားတော်မူကြောင်း--- နိဒါန်းဖွင့်ဆိုရေးသားတော်မူ၏။

ဤသုတ်၌ ရဟန်းတို့အား သမဏမည်ကြောင်း, ဗြာဟ္မဏမည်ကြောင်း၊ အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ-ဟု ဆိုအပ်သော-

- သိက္ခာ ၃-ပါးနှင့်ပြည့်စုံ၍ မြတ်သောအကျင့် ကျင့်သုံးပြီးသော ရဟန္တာပုဂ္ဂိုလ်ကို သမဏဟူ၍၎င်း ဗြာဟ္မဏဟူ၍၎င်း နှာတကဟူ၍၎င်း ဝေဒဂူဟူ၍၎င်း သောတ္ထိယဟူ၍၎င်း **အရိယဟူ၍၎င်း အရဟဟူ၍၎င်း** ခေါ်ဆိုအပ်ကြောင်း
- ဈာန်, မဂ်ဖိုလ်, ဝိမုတ္တိ အရသာတို့ကို ခံစားသုံးဆောင်ရ၍ သမဏ-ဟု ခေါ်ရခြင်းအကျိုး, ဗြာဟ္မဏ-ဟုခေါ်ရခြင်းအကျိုးရှိအောင် အားထုတ်အပ်ကြောင်း---

ဟောကြားတော်မူ၏။

ထိုမှတပါး **စူဠအဿပူရသုတ်**၌လည်း "သင်တို့ ရဟန်းများသည် အဘယ်သူများနည်း"ဟု မေးလျှင် "ရဟန်းများဖြစ်ကြသည်"ဟု ဖြေဆိုဝန်ခံကြသည့်အတိုင်း "ရဟန်းတို့ ရှိသေထိုက်သော အကျင့်တရား ကျင့်ပါမူကား ရဟန်းအဖြစ်လည်း အကျိုးရှိ၍ ဝန်ခံခြင်းလည်း ဟုတ်မှန်ရာရောက်သည့်အပြင် ၎င်းတို့လှူဒါန်းသော ပစ္စည်းများလည်း အကျိုးများကုန်လတ္တံ့"စသည်ဖြင့် အတွင်းအပြင် စင်ကြယ်သန့်ရှင်းအောင် ကျင့်ဆောင်မှသာလျှင် မိမိ, သူတပါး အကျိုးများမည်၊ ရဟန်းဟု ခေါ်ဆိုထိုက်မည်၊ သို့မှသာ မျက်မှောက်၌ ကိုယ်တိုင်သိမြင် အာသဝေါကင်းစင်လျက် ငြိမ်သက်ချမ်းသာ ကိလေသာမရှိ၊ ပညာဝိမုတ္တိကို ရသည့် သမဏ အစစ်ဖြစ်မည်-ဟု မြတ်စွာဘုရား ရဟန်းများ*(အား)* ဆုံးမတော်မူလေသည်။

ဤမဟာအဿပူရသုတ်, စူဠအဿပူရသုတ်တို့ကို ထောက်ထား၍ ဤမြို့နယ်နှင့်တကွ မြို့သူ, မြို့သား ဒါယကာများသည် ရတနာ ၃-ပါး၌ ထက်သန်သော သဒ္ဓါရှိကြ၍

ရဟန်းတို့အား အထူးလေးစားကြသဖြင့် သာသနာတွင် ထင်ရှားသော မြို့နယ်ဖြစ်ကြောင်း, သို့ရာတွင် ၎င်းသုတ်နိဒါန်းကို ထောက်ဆ၍ အင်္ဂတိုင်းနယ် ဖြစ်ကြောင်းမှတပါး ဌာနအားဖြင့် ညွှန်ပြရန် အထောက်အထားမရှိ၍ မညွှန်ပြနိုင်သော်လည်း မြတ်စွာဘုရား၏ အာဏာတော်ခမ္မစက် ထွန်းပရာ တိုင်းနယ်ဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## အင်္ဂတိုင်း၊ အင်္ဂုတ္တရာပနယ်၊ အာပဏမြို့

အင်္ဂတိုင်း၌ဆိုခဲ့ပြီးသော မြို့မှတပါး မြတ်စွာဘုရား ဟောကြားတော်မူသော ဝိနည်းဒေသနာတော်အားဖြင့်၎င်း သုတ္တန်ဒေသနာတော်အားဖြင့်၎င်း ထင်ရှားသော အင်္ဂုတ္တရာပခေါ် အင်္ဂတိုင်းမြောက်ပိုင်း၊ ဂင်္ဂါရေသောက်နယ်၌ ဘဒ္ဒိယမြို့နယ်နှင့် ဆက်စပ်နေသော တိုင်းနယ်တွင် ထင်ရှားသော **အာပဏမြို့**ရှိကြောင်း မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့နယ်မှ အာပဏမြို့နယ်သို့ ဒေသစာရီ ကြွချီတော်မူပြီး အာပဏမြို့သို့ ရောက်တော်မူ၍ ၎င်းမြို့၌ သီတင်းသုံးတော်မူလျှင် ကေဏိယဇဋိလ ကေဏိယရသေ့သည် ၎င်းတို့လေးစားရိုသေသော အဋ္ဌက, ဝါမက စသော ရသေ့တို့ညစာမှ ကင်းသဖြင့် အဖျော်ယမကာကို သာယာကြသည်အားလျော်စွာ ၎င်းအဖျော်တို့ကိုစီရင်လျက် မြတ်စွာဘုရားအထံတော်တို့ ချဉ်းကပ်လှူဒါန်းသောအခါ ရဟန်းများအား အဖျော် ၈-ပါးတို့ကို သုံးဆောင်သာယာရန် ခွင့်ပြုပညတ်တော်မူကြောင်း ဝိနည်းမဟာဝါ၊ **ဘေသဇ္ဇက္ခန္ဓက**(*ဝိ၊ ၃။ ၃၄၂*)၌---

အထခေါ ဘဂဝါ အနုပုဗ္ဗေန စာရိကံ စရမာနော ယေန အာပဏံ၊ တဒဝသရိ။ အဿောသိ ခေါ ကေဏိယော ဇဋိလော သမဏော ခလု ဘော ဂေါတမော သကျပုတ္တော သကျကုလာ ပဗ္ဗဇိတော အာပဏံ အနုပ္ပတ္တော၊ တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော။ပေ။

ထိုအခါ မြတ်စွာဘုရားသည် အစဉ်သဖြင့် ဒေသစာရီ လှည့်လည်တော်မူလျက် အာပဏမြို့သို့ သက်ရောက်တော်မူလေ၏။

ကေဏိယရသေ့သည်ကား သာကီဝင်မင်းသား သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော အရှင်ဂေါတမရဟန်းမြတ်သည် အာပဏမြို့သို့ရောက်လတ်ပြီ-ဟု ကြားသိရလေပြီ။ ထိုအရှင်ဂေါတမမှာကား ဤသို့ကောင်းသော ကျော်စောသတင်းပြန့်နှံ့ကျော်ကြားခြင်း ရှိတော်မူ၏-စသည်ဖြင့် ထင်ရှားစွာလာ၏။ ထိုမှတပါး မဇ္ဈိမနိကာယ၊ **မဇ္ဈိမပဏ္ဏာသ၊ သေလသုတ်**(*မ၊ ၂။ ၃၄၇*)၌၎င်း, သုတ္တနိပါတ်၊ မဟာဝဂ်၊ သေလသုတ်၌၎င်း---

ထိုကေဏိယရသေ့ကြီးကား ကြွယ်ဝချမ်းသာသော ဗြာဟ္မဏမဟာသာလမျိုးမှ ရသေ့ရဟန်းပြု၍ ပစ္စည်းဥစ္စာပေါ်များသဖြင့် ၁၂၀၀-မျှသော ရဟန်းတို့အား မြတ်စွာဘုရားနှင့်တကွ ဆွမ်းအလုပ်အကျွေး သည်းခံတော်မူရန် ဖိတ်မံပြီးလျှင် ကြီးကျယ်စွာ မဏ္ဍပ်ဆောက်လုပ် ဆွမ်းဝေယျာဝစ္စ လူအများနှင့်စီရင်ကြောင်း စသည်---

ဧကံ သမယံ ဘဂဝါ အင်္ဂုတ္တရာပေသု စာရိကံ စရမာနော မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ အဍ္ဎတေဠသေဟိ ဘိက္ခုသတေဟိ။ ယေန အာပဏံ နာမ အင်္ဂုတ္တရာပါနံ နိဂမော၊ တဒဝသရိ။*(မ၊ ၂။ ၃၄၇)*

အခါတပါး မြတ်စွာဘုရားသည် အင်္ဂုတ္တရာပနယ်၌ ၁၂၅၀-မျှ များလှသော ရဟန်းသံဃာနှင့်တကွ ဒေသစာရီ လှည့်လည်တော်မူစဉ် အင်္ဂတိုင်း၊ ဥတ္တရပနယ်၊ အာပဏမြို့သို့ သက်ရောက်တော်မူပြီ-ဟု အစချီလျက် ဤသုတ်နိဒါန်းတွင် လာ၏။

ထိုသို့ကေဏိယရသေ့ကြီး ဖိတ်မံအားထုတ်စဉ် ထိုအခါက အာပဏမြို့၌ ဝေဒတ္တယပါရဂူပုဏ္ဏားလုလင် ၃၀၀-တို့အား မန္တန်များပို့ချနေသော သေလပုဏ္ဏားကြီးသည် တပည့် ၃၀၀-ခြံရံလျက် လမ်းလျှောက်လာရာ ကေဏိယရသေ့ကြီးသည် ကြည်ညိုလေးစားသည့်အတိုင်း ကေဏိယရသေ့ကြီး၏ သင်္ခမ်းကျောင်းသို့ ရောက်သွား, ခုံလောက်ထူခြင်း, ထင်းခွဲခြင်း, အိုးခွက်ဆေးကြောခြင်း, ရေအိုးတည်ထားခြင်းစသော ဝေယျာဝစ္စ အလုပ်ကိစ္စများပြားနေသည်ကို မြင်လျှင်---

"ကိံ နု ခေါ ဘောတော ကေဏိယဿ အာဝါဟော ဝါ ဘဝိဿတိ၊ ဝိဝါဟော ဝါ ဘဝိဿတိ၊ မဟာယညော ဝါ ပစ္စုပဋ္ဌိတော ရာဇာ ဝါ မာဂဓော သေနိယော ဗိမ္ဗိသာရော နိမန္တိတော သွာတနာယ သဒ္ဓိံ ဗလကာယေနာတိ။*(မ၊ ၂။ ၃၄၉)*

အသို့နည်း၊ အရှင်ကေနိယအား သားထိမ်းမြားခြင်း, သမီးထိမ်းမြားခြင်း ရှိသလော၊ ကြီးကျယ်သော ယာဇ်ပွဲကြီးကို စီရင်သလော၊ သို့မဟုတ် စစ်သည်ဗိုလ်ပါ အရှင် မာဂဓတိုင်းကြီးရှင် ဘုရင်ဗိမ္ဗိသာမင်းတရားကို နက်ဖန် ကျွေးမွေးရန် စစ်သည်ဗိုလ်ပါမနှင့်တကွ ဖိတ်မံထားခြင်း ရှိသလော"ဟု ပုဏ္ဏားကြီးက မေးသောအခါ---

"ဗုဒ္ဓမြတ်စွာဘုရား ကြွလာတော်မူ၍ အာပဏမြို့၌ သီတင်းသုံးတော်မူနေပါသည်၊ ထိုဗုဒ္ဓမြတ်စွာဘုရားမှာ ဤကဲ့သို့ ဂုဏ်တော်သီတင်းတော်ပြန့်နှံ့ကျော်ကြားတော်မူပါသည်။

ထိုဘုရားအမျူးရှိသော သံဃာတော် ၂၅၀၀-အား နက်ဖန် ဆွမ်းဘောဇဉ်ဖြင့် လုပ်ကျွေးရန် စီမံနေပါသည်"ဟု ဖြေကြားပြောဆိုလေ၏။

ထိုသေလပုဏ္ဏားကြီးသည် ဗုဒ္ဓဟူသော စကားကြားကာမျှပင်လျှင် အတိုင်းမသိ ပီတိဖြစ်၍---

"ယောသောပိ ခေါ ဧသော ဒုလ္လဘော လောကသ္မိံ ယဒိဒံ ဗုဒ္ဓေါ။ *(မ၊ ၂။ ၃၄၉)*

လောက၌ ဗုဒ္ဓ-ဟု ဤစကားကိုကြားရုံမျှပင် ခဲရင်းစွပေတကား"ဟု ဝမ်းမြောက်စွာ မြွက်ဆိုကျူးရင့်လေ၏။

"ကဟံ ပန ဘော ကေဏိယ ဧတရဟိ သော ဘဝံ ဂေါတမော ဝိဟရတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါတိ။ *(မ၊ ၂။ ၃၅၀)*

အို---ကေဏိယ၊ အရှင်ဂေါတမ မြတ်စွာဘုရားသည် ယခု အဘယ်မှာနည်း"ဟု မေးလျှင်---

ကေဏိယော ဇဋိလော ဒက္ခိဏံ ဗာဟုံ ပဂ္ဂဟေတွာ သေလံ ဗြာဟ္မဏံ ဧတဒဝေါစ၊ ယေနေသာ ဘော သေလ နီလဝနရာဇီတိ။ *(မ၊ ၂။ ၃၅၀)*

ကေဏိယရသေ့သည် လက်ယာလက်ကို မြောက်ချီလျက် သေလပုဏ္ဏားကို ဤသို့ ပြောဆို၏။ "အို---သေလ၊ ဤသို့သော တောအုပ်မှာ သီတင်းသုံးပါသည်" စသည်ပြောဆို လေ၏။

ထိုအခါ သေလပုဏ္ဏားကြီးသည် လုလင်-၃၀၀ နှင့်တကွ မြတ်စွာဘုရားအထံတော် သို့ ချဉ်းကပ်ပြီး မြတ်စွာဘုရား၏ လက္ခဏာတော်မြတ်ကို သုံးသပ်ဆင်ခြင် အားလုံးသိမြင်ပြီး နောက် မြတ်စွာဘုရားအား လျှောက်ပတ်သော ဂါထာတို့ဖြင့် ချီးမွမ်းပူဇော်ပြီးလျှင် ရဟန်း အဖြစ်ကို တောင်းပန်လျှောက်ထားက မြတ်စွာဘုရား ခွင့်ပြုတော်မူသဖြင့် လုလင်- ၃၀၀ နှင့်တကွ ရဟန်းအဖြစ်ရကြ၍ မကြာမီ ရဟန်းကိစ္စ ပြီးဆုံးကာ မြတ်စွာဘုရားထံ တဖန် ချဉ်းကပ် လျှောက်ပတ်သော ဂါထာတို့ဖြင့် လျှောက်ထားကြောင်း---

ငင်းသုတ်၌လာသဖြင့် အာပဏမြို့ကား ထင်ရှားသော ဗြာဟ္မဏ မဟာသာလ ဝေဒတ္တယပါရဂူတို့ နေထိုင်ကြရာ အင်္ဂတိုင်းတွင် ထင်ရှားသော မြို့တစ်မြို့ဖြစ်ကြောင်း မှတ်အပ်ကုန်၏။

ထိုမှတပါးလည်း ဤအာပဏမြို့၌ သီတင်းသုံးတော်မူစဉ် သင့်တော်သော တော အုပ်၌ နေ့သန့်တော်မူရာ ဤမြို့သား ပေါ်ထလိယသူကြွယ် ကပ်ရောက်လာ၍ အကြောင်း အားလျော်စွာ အရိယာဝေါဟာရ သမုစ္ဆေဒတရား ၈-ပါး ဟောကြားတော်မူကြောင်း၊ ငင်းသူ ကြွယ်သည် အယူတပါး ပရိဗိုဇ်များ၏ တပည့်ဒကာဖြစ်သည့်အတိုင်း "သင်တို့ဆရာများ

အရိယာဝိနည်းတရားနှင့် ညီညွတ်သလော”ဟု မြတ်စွာဘုရား မေးတော်မူလျှင် “အရိယာဝိနည်းမှ ကွာဝေးကြကြောင်း၊ အသိဉာဏ်မမြင်၍ ၎င်းတို့အား အမှန်ဟု ထင်မိကြောင်း၊ ယခုမှ သမဏအစစ်အမှန် သိမြင်ကြည်ညိုလေးစားရပါကြောင်း၊ ၎င်းအားလည်း တစ်သက်ပန်ဒကာ ဥပါသကာအဖြစ် မှတ်တော်မူရန်” လျှောက်ထားကြောင်း မဇ္ဈိမနိကာယ်၊ ဂဟပတိဝဂ်၊ စတုတ္ထပေါထလိကသုတ်၌ လာ၏။

ထို့ပြင်လည်း ဤအာပဏမြို့၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် တခုသောတောအုပ်၌ နေ့သန့်တော်မူရာ အရှင်ဥဒါယီအား “အနှောင်အဖွဲ့ဟူသည် အကြီးအငယ်မဆိုရ၊ ဘီလုံးငှက်ငယ်မှာ မြက်ပင်မျှပင် ပြတ်အောင် မရုန်းနိုင်သော်လည်း ဆင်ပြောင်ကြီးကားခိုင်လှစွာသော သာရေလွန်များကိုပင် စဉ်းငယ် ကိုယ်ညွတ်ကာမျှဖြင့် ဖြတ်တောက်နိုင်ကြောင်း၊ အစားအသောက် အိုးအိမ်မပြည့်စုံ၊ အိမ်သူကလည်း မက်မောလောက်အောင်မရှိ၊ ၎င်းတို့ကို စွန့်ခွာလျက် ရဟန်းပြုကာ မကျင့်ကြံနိုင်သော်လည်း ပစ္စည်းဥစ္စာတိုက်တာ ကျိကျိအသင်းအပင်းနှင့်တကွ အိမ်သူကလည်း မွန်မြတ်လှပါလျက် ၎င်းတို့ကိုစွန့်ခွာ ရဟန်းပြုကာ ကျင့်ကြံအားထုတ်နိုင်ကြောင်း၊ တဏှာလောဘ အနှောင်အဖွဲ့ ကြီးငယ်မဟူသာ ပါယ်ခွါထိုက်ကြောင်း” ဘီလုံးငှက်ငယ် ဥပမာထား၍ ဟောကြားတော်မူသောကြောင့်---

လဋုကိကောပမသုတ်-ဟု အမည်ပညတ်သော ဤသုတ္တန်ကို ၎င်းမဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဘိက္ခုဝဂ် ၆-ခုမြောက်သုတ္တန်အားဖြင့် ဟောကြားတော်မူ၏။

ဤဝိနည်းလာ သိက္ခာပုဒ် ပညတ်တော်မူရာ မြို့အဖြစ်အားဖြင့် အာပဏမြို့အနီး သီတင်းသုံးတော်မူစဉ် ကေဏိယရသေ့ လှူဒါန်းသောအဖျော်တို့ကို အကြောင်းပြု၍ အဖျော် ၈-ပါး ခွင့်ပြုပညတ်တော်မူရာမြို့ဖြစ်ကြောင်း---

သုတ္တန်လာ သေလသုတ်, ပေါထလိယသုတ်, လဋုကိကောပမသုတ်-စသော သုတ္တန်ဒေသနာတို့ကို ဟောကြားတော်မူရာ မြို့ဖြစ်ကြောင်းတို့ဖြစ်၍ ဤမြို့သည် သာသနာတော်ဓမ္မစက်ပြန့်နှံ့ရာ သာသနာ့နိုင်ငံတွင် ပါဝင်ထင်ရှားသောမြို့ဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## အင်္ဂတိုင်းသားတို့ ဥတ္တရပထ မြောက်ဘက်တိုင်းတို့သို့ ကုန်သွယ်သွားလာကြကြောင်း

ငင်းပြင် မြတ်စွာဘုရား လက်ထက်တော်က အင်္ဂ, မဂဓတိုင်းသားတို့သည် ဥတ္တရ-ပထခေါ် မဇ္ဈိမဒေသမှ အနောက်မြောက် နိုင်ငံများဖြစ်ကြသော သိန္ဓုတိုင်း, သောဝိရတိုင်း တို့သို့ ကူးသန်းရောင်းဝယ်ခြင်း အကျိုးငှာသွားကြ၍ ၎င်းဥတ္တရပထတိုင်းသားတို့လည်း မဇ္ဈိမနိုင်ငံများတို့သို့ လာရောက်ရောင်းဝယ် ကုန်သွယ်သွားလာခြင်း ပြုကြကြောင်း ပေတဝတ္ထု၊ မဟာဝဂ်၊ ဒုတိယ သေရိသကဝတ္ထု၌---

သေရိသက ရုက္ခစိုးနတ်မင်းကြီးသည် ကုန်သည်များသွားလာရာဖြစ်သော သိန္ဓု တိုင်း, သောဝိရတိုင်း သဲကန္တာရလမ်းစခန်း၌ အစောင့်အရှောက်အဖြစ်ဖြင့် နေစဉ် အင်္ဂတိုင်း, မဂဓတိုင်း ၂-တိုင်းမှ လှည်းကုန်သည် ၁၀၀၀-တို့သည် ၎င်းတို့လှည်းပေါင်း ၁၀၀၀-နှင့် တကွ ကုန်စည်ပစ္စည်း ရောင်းဝယ်စရာဝတ္ထုများ အပြည့်အစုံတင်လျက် ထိုသိန္ဓု, သောဝိရ တိုင်းတို့သို့ သွားကြသောအခါ ရေရှားသော သဲကန္တာရကြီးသို့ မှတ်သားလျက် ညဥ့်ခရီးထွက် ကြသော် လမ်းစပြောက်ကာ သေရိသကနတ်မင်းကြီး၏ ဗိမာန်သို့ရောက်ကြ၍ ထိုနတ်မင်း ကြီးထံသို့---

> မဂဓေသု အင်္ဂေသု စ သတ္ထဝါဟာ၊
> အာရောပယိတွာ ပဏိယံ ပုထုတ္တံ။ ။
>
> တေ ယာမသေ သိန္ဓုသောဝိရဘူမိံ၊
> ဓနတ္ထိကာ ဥဒယပတ္ထယာနော။ ။*(ဝိမာန။ ၁၁၇)*

အရှင်နတ်မင်းကြီး၊ ကျွန်ုပ်တို့ အင်္ဂ, မဂဓတိုင်းတို့မှ များစွာသော ပစ္စည်းဥစ္စာတို့တင် ယူလာကြသော လှည်းကုန်သည်များ ဖြစ်ကြပါသည်။

အမြတ်အစွန်း အတိုးအပွါး လိုလားကြလျက် သိန္ဓု, သောဝိရတိုင်းတို့သို့ လာရောက် ကြပါသည်" စသည်ဖြင့် တိုင်တန်းကြသောအခါ ၎င်းလှည်းကုန်သည်တို့အား ချမ်းသာစွာ စောင့်ရှောက်လျက် လမ်းညွှန်ပြ၍ စောင်မခြင်းကြောင့် ချမ်းသာစွာ မိမိတို့ တိုင်းနိုင်ငံသို့ ရောက်ကြသဖြင့် ထိုသေရိသက ရုက္ခစိုးနတ်မင်းကြီးအား ကျေးဇူးဆပ်သောအားဖြင့် ဂုဏ်ကျေးဇူး ပြောဆို ကုသိုလ်ကောင်းမှုပြုလုပ်ကာ ဆွေမျိုးများနှင့် ချမ်းသာစွာရှိကြကြောင်း ပေတဝတ္ထု၊ မဟာဝဂ်၊ ဒုတိယသေရိသကဝတ္ထု၌ လာ၏။

✪ ✪ ✪ ✪ ✪

## စမ္မာမြို့တော် တည်ရာဌာန

တိုင်းနိုင်ငံ အကျယ်အဝန်းတို့ကား အမြဲတည်ရာဌာနအားဖြင့် ၎င်းတို့၏ အပိုင်းအခြားမှတ်သားဖို့ရန် ခဲယဉ်းသော်လည်း မြို့တော်မှာကား တည်ရာဌာနအားဖြင့် အစဉ်အဆက် အမှတ်အသားနယ်ပယ်ကို ထောက်ဆလျှင် သိမြင်နိုင် ပိုင်းခြားနိုင်သောကြောင့် ၎င်းမြို့တော်တည်ရာဌာနကို ပဓာနထား၍ နယ်ပယ် အကျယ်အဝန်း အမှတ်အသား ပိုင်းခြားဝေဖန်ရပေမည်။ ၎င်းအင်္ဂတိုင်း၏ နေပြည်တော် စမ္မာမြို့ဖြစ်၍ ၎င်းအား ဝေဖန်မှတ်သားကြသည်မှာ---

### တရုတ်ရဟန်းတော် ဖာဟိအန် ဖာဟိုင်း၏ မှတ်တမ်းအရ-

**သာသနာနှစ် ၈၈၂-ခု၌** ဇမ္ဗူဒိပ အိန္ဒိယ ဗုဒ္ဓနိုင်ငံတော်ကြီးသို့ မှန်ကန်ခြေမြစ်၍ မြင့်မြတ်သော ပိဋကကျမ်းစာများနှင့် ရှိသေလေးမြတ် ပူဇော်အပ်သော စေတီ, ပုထိုးများ နိုင်ငံအမျိုးမျိုးသို့ ဖူးမျှော်ရန် သက်စွန့်ကြိုးပမ်း ခြေကျင်စခန်းဖြင့် ခဲယဉ်းစွာ လာရောက်သော **တရုတ်ရဟန်းတော် ဖာ-ဟိ-အန်-ဖာဟိယန်-သို့မဟုတ် ဖာဟိုင်း**-ရေးသားသော မှတ်တမ်းအရ-စမ္မာမြို့တော်သည် ဂင်္ဂါမြစ်မှ ၁၈-ယူဇနာ ကွာဝေးကြောင်း---

၎င်းပြည်၌ ဘုရားရှင် စင်္ကြံကြွတော်မူရာဌာနနှင့် ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသော ဘုရား ၄-ဆူတို့၏ နေရာတော်များ၌ စေတီတော်များ တည်ထားပြီးလျှင် ၎င်းအနီး၌ ရဟန်းတော်များ သီတင်းသုံးတော်မူကြသော ကျောင်းများရှိကြ၍ ၎င်းကျောင်းများ၌ သံဃာတော်များ သီတင်းသုံးလျက်ရှိကြကြောင်း ရေးသားဖော်ပြ၏။

### ရဟန်းတော် ဝှင်သျှင်၏ မှတ်တမ်းအရ

ထိုမှတစ်ပါး ၎င်းထက်ပင် သေချာခြေမြစ်၍ များသောအားဖြင့် မှန်ကန်သောမှတ်တမ်းမှာ---

သာသနာတော်နှစ် ၁၁၁၂-ခုနှစ်က ထိုမဇ္ဈိမဒေသသို့ ဘာသာဝါဒ တိုင်းနိုင်ငံ အခြေအနေ လာရောက်စုံစမ်းရှာဖွေသော **တရုတ်ရဟန်းတော် ဗို-အင်-သျှင်-ဗိုင်သျှင်-ဗိုင်-စင်**၏မှတ်တမ်းဖြစ်၍ ၎င်းတရုတ်ရဟန်းတော်သည် ဝင်္ဂတိုင်း၊ တာမလိတ္တိနယ်အနီး ရှေးက မုဒါဂီရိ-မောဒါဂိရိ-မောနဂီရိ-ဟုခေါ်၍-

- ယခု မုနဂီရိခေါ်သောတောင်တန်းမှ တရုတ်တို့၏ အတိုင်းအတာအားဖြင့် လီပေါင်း-၃၀၀, ယူဇနာအားဖြင့် ၇-ယူဇနာခန့်သွားသောအခါ စမ္မာမြို့တော်သို့ ရောက်ကြောင်း၊

- ၎င်းမှာ ဂင်္ဂါမှ လီ ၁၅၀-ခန့် သို့မဟုတ် ၃-ယူဇနာခွဲခန့် ကွာဝေးကြောင်း၊
- ၎င်းမြို့တော်မှာ တောင်ကုန်းတို့ဖြင့်၎င်း မြစ်များဖြင့်၎င်း ဝန်းရံလျက်ရှိကြောင်း၊
- ထိုအခါက ၎င်းတိုင်းနယ်မှာ လီပေါင်း-၄၀၀၀ သို့မဟုတ် ယူဇနာ ၁၀၀-ခန့် ကျယ်ဝန်းကြောင်း၊
- မြောက်ဘက်မှာ ဂင်္ဂါမြစ်ဖြင့် အနောက်ဘက်မှာ ဟိရညပဗ္ဗတခေါ် ရွှေတောင်ဖြင့် အရှေ့ဘက်မှာ ဂင်္ဂါမြစ်လက်တက် ဘာဂီရထီဖြင့် တောင်ဘက် အပိုင်းအခြား ဒါမုဒါမြစ်ဖြင့် ပိုင်းခြားလျက်ရှိကြောင်း--- ---- ရေးသားဖော်ပြ၏။

✪ ✪ ✪ ✪ ✪

## ရှေးဟောင်း ပထဝီဝင်ဆရာကြီး ကာနင်ဂဟန် မှတ်ချက်

၎င်းတရုတ်ရဟန်းတော်၏ မှတ်တမ်းကို ပဓာနထား၍ ၎င်း၏ခရီးစဉ်များကို ဖော်ပြလျက် ရှေးဟောင်း ပထဝီဝင်ကျမ်းကြီးကို ရေးသားသော ဆရာကြီး အလ်ကဇန္ဒာကာနင်ဂဟန်သည် ၎င်းတရုတ် ရဟန်းတော် ဖော်ပြသည့်အတိုင်း စမ္ပာမြို့တော်မှာ ဘာဂလ်ပူရ်မြို့အနီးမှာ ရှိသင့်ကြောင်း၊ ၎င်းမြို့၏အနောက်ဘက်၌ စမ္ပာနဂရ်ခေါ် ရွာကြီးတစ်ရွာနှင့် ပူရ်ခေါ် ရွာငယ်တစ်ရွာ ယခုတိုင် ရှိသေးကြောင်း၊ သို့ဖြစ်၍ ၎င်းတို့သည် ရှေးစမ္ပါမြို့တော်ဟောင်းဖြစ်နိုင်ကြောင်း ဆုံးဖြတ်ပြီးလျှင် နယ်အကျယ်အဝန်း ပမာဏကိုလည်း အနောက်ဘက် မုန်ဂီရ်နယ်နှင့် အရှေ့ဘက် ကန်ကဂျိူလ် ကန်ကဂျောလိ ကန်ကဂျလ သို့မဟုတ် ဂဇင်္ဂလနယ်ပါ ထည့်သွင်းရေတွက်သင့်ကြောင်း၊ သို့မှ ၎င်းနယ်အကျယ်အဝန်းမှာ အတိုင်းအတာနှင့် ညီညွတ်မည်ဖြစ်ကြောင်း ဆုံးဖြတ်ရေးသား၏။

✪ ✪ ✪ ✪ ✪

## ဂဇင်္ဂလနယ်ခြား အမှတ်

အထက်၌ ဖော်ပြပြီးသော တရုတ်ရဟန်းတော်တို့၏ မှတ်တမ်းများနှင့် ဆာအလ်ကဇန္ဒာ ကာနင်ဂဟန် ရေးသားသော ရှေးဟောင်းပထဝီဝင်ကျမ်းကြီးအရ ဆိုပါလျှင် ဂဇင်္ဂလမြို့သည်ပင် ၎င်းအင်္ဂတိုင်း နယ်နိမိတ်အတွင်း ပါဝင်နေ၍ ၎င်းဂဇင်္ဂလမှာ အထက် မဇ္ဈိမနယ်နိမိတ် အပိုင်းအခြား၌ ပြဆိုခဲ့ပြီးသည်အတိုင်း အလယ်ပိုင်း ခရိုင်နယ်များအတွင်း တည်ရှိ၍ မြတ်စွာဘုရားလက်ထက်တော်ကလည်း ၎င်းသို့ ကြွရောက်သီတင်းသုံးလျက်

**ဣန္ဒြိယဘာဝနာသုတ်**ကို ဟောကြားတော်မူကြောင်း မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ ပဥ္စမ၊ သဠာယတနဝဂ်(*မ၊ ၃။ ၃၄၇*)၌---

ဧကံ သမယံ ဘဂဝါ ဂဇင်္ဂလာယံ ဝိဟရတိ သုဝေဠုဝနေ။ အထ ခေါ ဥတ္တရော မာဏဝေါ ပါရာသိဝိယန္တေဝါသီ ယေန ဘဂဝါ၊ တေနုပသင်္ကမိ။

စသည်ဖြင့် မြတ်စွာဘုရား ဂဇင်္ဂလသုဝေဠုဝန၌ သီတင်းသုံးတော်မူစဉ် ပါရာသိဝိယ၏ တပည့် ဥတ္တရလုလင်အား ဣန္ဒြိယဘာဝနာနှင့်စပ်၍ ဟောကြားတော်မူသည်-ဟု လာ၏။

သို့ဖြစ်၍ ဤဂဇင်္ဂလမြို့သည် မဇ္ဈိမနယ် ၅-ရပ် သတ်မှတ်ရာ၌ ပါရှိ၍ အင်္ဂတိုင်းတွင် ပါဝင်ကလည်း ပါဝင်ထည့်သွင်းနိုင်သည့်အပြင် ၎င်းဆိုခဲ့ပြီးသော အင်္ဂတိုင်းနယ်မြို့များမှတပါး အခြားမြို့များလည်း ရှိနိုင်မည်ဖြစ်သော်လည်း မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်အရ ဤမျှသာလျှင် ထင်ရှားသဖြင့် ၎င်းတို့ကိုသာ ဖော်ပြရေးသားရကုန်၏။

ဤမျှဖြင့် မဇ္ဈိမတိုက်နယ် အဝင်အပါ မြတ်စွာဘုရားလက်ထက်တော်က ထင်ပေါ်ကျော်ကြား၍ မြတ်စွာဘုရားလည်း ၎င်းတိုင်းနယ်အတွင်း ထင်ရှားသော မြို့အသီးသီးများ၌ တရားဓမ္မဟောပြတော်မူ၍ ဓမ္မစက်နိုင်ငံတော်ပြုလုပ်တော်မူသော အင်္ဂတိုင်းအကြောင်းအရာများကို ရေးသားပြဆိုခြင်း လုံလောက် ပြည့်စုံပြီဖြစ်၍ ဤတွင် အဆုံးသတ်လိုက်ရပေသတည်း။

✪ ✪ ✪ ✪ ✪

## မဂဓတိုင်း

ဤမဂဓတိုင်းကြီးကား သာသနာတော်တွင် အထင်ရှားဆုံးဖြစ်သော တိုင်းနိုင်ငံကြီးတစ်ခုတွင် အပါအဝင်ဖြစ်၍ မြတ်စွာဘုရား တောထွက်တော်မူသည်မှ အလောင်းတော်ဘဝက စ၍ ပထမသာသနာ့နိုင်ငံ ဗုဒ္ဓနိုင်ငံတော်ကြီး၏ အခြေအမြစ် တည်ထောင်ရာဖြစ်သဖြင့် သစ္စာ ၄-ပါး မြတ်တရားကို ရှာဖွေတော်မူလျက် ကျင့်ကြံရန်ခဲခက် ငြိုငြင်စွာ ဒုက္ကရစရိယာကျင့်တော်မူရာဌာန ခဲယဉ်းငြိုငြင်စွာ ကျင့်ကြံတော်မူ၍ သစ္စာ ၄-တန် သဗ္ဗညုတဉာဏ်တော်မြတ် ကြည်လင်ရာ မဟာဗောဓိမဏ္ဍလ၏ တည်ရာဌာနဖြစ်၍ အထူးထင်ရှားသည့်အပြင် သစ္စာ ၄-ပါး မြတ်တရားကို ရတော်မူပြီးနောက် ဒုတိယမြောက် ဝါတော်အစထား၍ မြတ်စွာဘုရား သီတင်းသုံးတော်မူပြီးလျှင် ရာဇဂြိုဟ်မြို့တော်ကြီးမှာပင် ၅-ဝါတိုင်တိုင် ဝါကပ်တော်မူကာ ရဟန္တာအရှင်မြတ်တို့၏ အစည်းအဝေး မဟာသန္နိပါတ ပြုလုပ်

တော်မူရာ ဌာနဖြစ်၍လည်း သာသနာတော်တွင် ထင်ရှားသော တိုင်းကြီးဖြစ်ခဲ့လေ၏။ ၎င်းပြင်လည်း သာသနာတော်၏ အခြေအမြစ် မြတ်စွာဘုရားဟောကြားတော်မူသော ဒေသနာတော် အရပ်ရပ် ပိဋကတ်တော်ကို စိစစ်၍ ပထမဦးစွာ အရှင်မဟာကဿပ၊ အမှူးရှိသော ရဟန္တာမထေရ်ကြီးတို့ သတ္တပဏ္ဏိလိုဏ်ဂူ၌ သံဂါယနာတင်ရာ တိုင်းပြည်ဖြစ်၍ သာသနာတော်တွင် ထင်ရှားသော တိုင်းနိုင်ငံဖြစ်၏။-

## ရှေးနိပါတ်တော်၌ ထင်ရှား၏။

ရှေးအခါက ဤမဂဓတိုင်း၊ ရာဇဂြိုဟ်မြို့တော်ကြီး၌ မဂဓမင်းကြီး အုပ်ချုပ်စိုးစံတော်မူစဉ် မင်းကြီး၏တောင်နန်းစံဒေဝီ မဟေသီမိဖုရားခေါင်ကြီးမှ ဥယျောခနမည်သော သားတော်တစ်ပါး ဖွားမြင်တော်မူ၍ မင်းသားတို့ တတ်သင့် တတ်ထိုက်သော ပညာအရပ်ရပ်တို့ကို သင်ကြားစေပြီးလျှင် ၎င်းသားတော်အား တိုင်းပြည်လွှဲအပ် မြင့်မြတ်သော အဘိသေကမင်္ဂလာပြုပြီးနောက် ခမည်းတော်ကြီးကား ရသေ့ရဟန်းပြုကာ ရာဇဂြိုဟ်ပြည်ကြီး၏ အနီးတွင် သီတင်းသုံးနေတော်မူလေ၏။

သားတော်လည်း ခမည်းတော်ထံ တစ်နေ့ ၃-ကြိမ်ကျ ဆည်းကပ်ခစားလျက် ပရိသတ်တို့ မပြတ်မစဲ အမြဲနှောင့်ယှက်သဖြင့် ဆိတ်ငြိမ်သုခ မရရှိဘဲ ကသိုဏ်းပရိကံ ဈာန်သမာပတ်ဝင်စားခြင်းငှာ မလျောက်ပတ်သောကြောင့် တစ်စုံတစ်ယောက်သော သူကိုမှ မသိစေဘဲ ဤမဂဓတိုင်းမှ အနောက်တောင်ဘက်ကျသော မဟိံသကတိုင်းဘက်သို့ တိတ်ဆိတ်စွာထွက်သွား၍ ၎င်းနိုင်ငံအတွင်း **သင်္ခပါလရေအိုင်မှစီးဆင်း** ထွက်လာသော ကဏ္ဏဝဏ္ဏမြစ်ကွေ့ **စန္ဒကတောင်**၌ ချောင်သင်္ခမ်း ပြုလုပ်ပြီးလျှင်ကသိုဏ်းပရိကံ ဈာန်အဘိညာဏ်ဖြစ်ပွါးစေလျက် သီတင်းသုံးနေစဉ် **သင်္ခပါလနဂါးမင်းသည်** မကြာမကြာ ဆည်းကပ်ခစားလာ၍ တရားမမွကြားနာတတ်ရာ သားတော်လည်း ခဲခက်စွာသတင်းဖွေရှာလျက် ခမည်းတော်ထံ ရောက်လာ၍ ၎င်းနဂါးမင်းကြီးတွေ့ရလျှင် ၎င်း၏အခြံအရံ စည်းစိမ်ချမ်းသာကို တပ်မက်ကာ ပတ္ထနာပြုလျက် ကောင်းမှုအားထုတ်သည့်အတိုင်း ပြည့်ဝ၍ နောက်ဘဝ၌ ထိုသင်္ခပါလအိုင်ကြီးမှာ သင်္ခပါလ နဂါးမင်းကြီးဖြစ်ကြောင်း စတ္တာလီသနိပါတ်၊ **သင်္ခပါလဇာတ်တော်**၌ လာ၏။

ဤနိပါတ်တော်၌ မဂဓတိုင်းကြီး၏မြို့တော်မှာ ရာဇဂြိုဟ်ပြည်ကြီးပင်ဖြစ်ကြောင်း ၎င်းမှ စိမ့်စမ်းတောတောင် မြစ်ချောင်း အင်းအိုင်တို့ဖြင့် နေခင်းထိုင်သာ ပျော်မွေ့ဖွယ်ရာ ကောင်း၍ ဆီးနှင်းထူထပ် အေးမြချမ်းမြေ့ သာယာလှသော မဟိံသကတိုင်းသို့ ထွက်သွားကြောင်း ဖော်ပြသဖြင့် ဤမဟိံသကတိုင်းမှာ ဤမဂဓတိုင်းနှင့် နီးကပ်စွာတည်ရှိရမည်-ဟု မှတ်ထင်ရန်ရှိသော်လည်း ဤတိုင်းကား အတော်ဝေးကွာ၍ မဇ္ဈိမတိုက် အပိုင်းအခြားမှ

အစွန်ကျသော တိုင်းနိုင်ငံသာဖြစ်ကြောင်း၊ သို့ရာတွင် အဋ္ဌကထာများ၌ ဒေသနာတော်သည် ဓမ္မဓိဋ္ဌာန်ဖြစ်သည်အားလျော်စွာ အရပ်ဒေသပမာဏ အကျာအဝေး အထူးထုတ်ဖော်မပြကုန်။ ၎င်းတိုင်းလည်း သာသနာတော်နောက်အခါ သာသနာပြုဌာနတို့တွင်ပါ၍ ထင်ရှားသော တိုင်းနယ်ဖြစ်သဖြင့် ဆိုင်ရာအပိုင်းကဏ္ဍတို့၌ ဖော်ပြပေအံ့။ ၎င်းပြင် သင္ဂြိနိပါတ်၊ **သောဏဇာတ်**တော်၌လည်း---

မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့တော်ကြီး၌ မဂဓမင်းကြီး အုပ်ချုပ်စိုးစံတော်မူစဉ် အဂ္ဂမဟေသီမိဖုရားခေါင်ကြီး၏ဝမ်း၌ အလောင်းတော်မြတ် ပဋိသန္ဓေ တည်နေတော်မူ၍ ဖွားမြင်တော်မူလျှင် အရိန္ဒမ-ဟု---အမည်မှည့်တော်မူလျက် ၎င်းနောက်နေ့မှာပင် ပုရောဟိတ်ချုပ်ကြီးမှာလည်း သားတော်တပါးထွန်းကားလာသဖြင့် သောဏ-ဟု မှည့်ခေါ်ကြောင်း၊ ၎င်းတို့ အရွယ်ရောက်၍ တက္ကသိုလ်၌အတတ်ပညာများ သင်ကြားတတ်မြောက်သောအခါ တိုင်းခန်းလှည့်လည်၍ ပြန်အလာတွင် ခရီးစဉ်အတိုင်း ဗာရာဏသီမြို့တော်သို့ ရောက်၍ အရိန္ဒမမင်းသားမှာ ပုဿရထား ဆိုက်ရောက်သဖြင့် မင်းမြောက်ပြီးကာ ဗာရာဏသီမှာပင် မင်းပြုလုပ်စိုးစံလျက် သောဏမှာ တောထွက်ပြီးလျှင် ရှေးပါရမီအလျောက် ကသိုဏ်း ပရိကံ ဈာန်အဘိညာဏ်ပွါးများ ပစ္စေကဗုဒ္ဓါ ဘုရားတစ်ဆူအဖြစ်သို့ ရောက်ကြောင်း၊ အရိန္ဒမမင်းလည်း သောဏပစ္စေကဗုဒ္ဓါ ဟောပြောတော်မူသည်ကို သတိသံဝေဂရသဖြင့် နောက်အခါ တောထွက်ကြောင်း ထင်ရှားစွာလာ၏။ ထိုမှတပါး မဟာနိပါတ်၊ **နာရဒဇာတ်** တော်၌လည်း---

အယူမှားလျက် လားရာဂတိ တမလွန်ဘဝမရှိ-ဟု အယူရှိသော ခမည်းတော် **အင်္ဂတိမင်းကြီး**အား ပါရမီဆုတောင်းအားလျော်စွာ အတိတ် ၇-ဘဝ၊ အနာဂတ် ၇-ဘဝ သိမြင်သော အာနန္ဒာအလောင်း သမီးတော် ရုစာဒေဝီမင်းသမီးလေးသည် တမလွန်ဘဝရှိကြောင်း၊ သူသည် လွန်ခဲ့သော ၇-ခုမြောက်ဘဝက မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့တော်မှာ ပန်းဘဲဆရာဖြစ်ခဲ့ဖူးကြောင်း၊ မကောင်းသောအဖော်နှင့် ပေါင်းဖက်မိခြင်းအားဖြင့် သူတပါးသားမယား ကျူးလွန်လျက် မကောင်းမှုအကုသိုလ် အားထုတ်ဆည်းပူးခဲ့ခြင်းကြောင့် များစွာသော မကောင်းကျိုးများ ခံစားခဲ့ရကြောင်း ထိုပရဒါရ မကောင်းမှုကြောင့် ယခုဘဝ မိန်းမဖြစ်ရကြောင်း တရားဟောပြသည်မှာ---

"ယာမေသာ သတ္တမီ ဇာတိ၊ အဟု ပုဗ္ဗေ ဇနာဓိပ။

ကမ္မာရပုတ္တော မဂဓေသု၊ အဟုံ ရာဇဂဟေ ပုရေ။ ။*(ဇာ၊ ၂။ ၂၆၆။ ဇာ၊ ၄၊ ၇။ ၁၂၇)*

အရှင်ခမည်းတော်မင်းမြတ်၊ ဤဘဝမှ ရှေး ၇-ဘဝ၌ မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့ကြီးမှာ ပန်းဘဲသမားဖြစ်ခဲ့ဖူးပါပြီ" စသည်ဖြင့် လာ၏။

ဤဇာတ်တော်နိပါတ်တော်တို့ကို ထောက်ထား၍ မဂဓတိုင်းကြီးကား ရှေးကျ၍ စည်ကားဝပြောထင်ရှားကျော်စောသော တိုင်းနိုင်ငံကြီးဖြစ်သည့်အပြင် ဤရာဇဂြိုဟ်မြို့တော်ကြီးသည်လည်း ရှေးခေတ်ကပင်ထင်ရှား၍ ဘုန်းကံကြီးမားသော ဧကရာဇ်ဘုရင်ကြီးများ စိုးမိုးအုပ်ချုပ်လာခဲ့သော ပြည်တော်ဖြစ်၍ ဇာတ်နိပါတ်တော်(လာ)ရှေးခေတ်နှင့် ယခုသာသနာတော်ခေတ်တိုင်အောင် ကျော်စောထင်ရှားသောမြို့ကြီး ဖြစ်လေသည်။

ဤမျှဖြင့် ဤတိုင်း နေပြည်တော်တို့၏ ရှေးခေတ်မှစ၍ ယခုခေတ်တိုင်အောင် ထင်ရှားသော တိုင်းနိုင်ငံတော်ဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## ဗုဒ္ဓခေတ် မဂဓတိုင်း

မဂဓတိုင်းကား ဗုဒ္ဓသာသနာတော် တည်ထောင်ဦးစ အလောင်းတော်ဘဝကပင် ဤမဂဓတိုင်းကြီး၌ ဘုရားဖြစ်ကြောင်း ခဲယဉ်းလှစွာ ဒုက္ကရစရိယာ ကျင့်ကြံတော်မူ၍ ဤတိုင်းနိုင်ငံမှာပင် သစ္စာလေးပါး မြတ်တရားသိတော်မူသဖြင့် ဗောဓိဉာဏ်တော်၏ ကွန့်မြူးကြည်လင်ရာ မဟာဗောဓိမဏ္ဍလသည်လည်း ဤနိုင်ငံမှာပင် တည်ရှိလျက် အဆက်ဆက်အားဖြင့် ယခုတိုင် ဗုဒ္ဓခေတ်တွင် အထူးထင်ရှားကျော်စောသော နိုင်ငံကြီးဖြစ်လေသည်။ ထိုကြောင့်ပင် ရှေးကပြဆိုခဲ့ပြီးသော ဒီဃနိကာယ်၊ မဟာဝဂ်၊ **ဇနဝသဘသုတ်**(*ဒီ၊ ၂။ ၁၆၄*)၌-

> ဘဂဝတော ခေါ ပန သံဗောဓိ မဂဓေသု။ ယတ္ထ ခေါ ပန ဘဂဝတော သံဗောဓိ မဂဓေသု။ ကထံ တတြ ဘဂဝါ မာဂဓကေ ပရိစာရကေ အဗ္ဗတီတေ ကာလင်္ကတေ ဥပပတ္တီသု န ဗျာကရေယျ။

> အရှင်မြတ်ဘုရား မြတ်စွာဘုရား၏သစ္စာ ၄-ပါးသိတော်မူခြင်းကား မဂဓတိုင်း၌ပင်ဖြစ်ပါသည်။

> အရှင်မြတ်ဘုရား၊ အကြင် မဂဓတိုင်းမှာ သစ္စာ ၄-ပါးမြတ်စွာဘုရား သိတော်မူပါလျက် အဘယ်ကြောင့် ထိုတိုင်း၌ လွန်ပြီးသော ဥပါသကာတို့ ဘဝဂတိကို ဖြေကြားတော်မမူပါသနည်း- စသည်ဖြင့်---

မြတ်စွာဘုရားသည် တစ်ရံသောအခါ နာတိက၌ သီတင်းသုံးတော်မူစဉ် အနီးအနား ထက်ဝန်းကျင် ကာသိ, ကောသလစသော တိုင်းနိုင်ငံတို့မှ ရတနာ ၃-ပါး ဆည်းကပ်ကိုးကွယ်ကြသော ဥပါသကာအပေါင်းတို့၏ ဘဝဂတိတို့ကို ဟောကြားတော်မူလျှင်----

**အရှင်အာနန္ဒာ (ကြံစည်မိ)သည်ကား** "ဤမဂဓတိုင်း ဥပါသကာအများသည် သာသနာတော်၌ ရှေးကျ၏။ ဘုရား-တရား-သံဃာရတနာ ၃-ပါး၌ အားထားကြ၍ သီလ သီတင်း များကိုလည်း ဖြည့်တင်းနေ ထိုင်လေ့ရှိကြကုန်၏။ ၎င်းတို့၏ဂတိကို မြတ်စွာဘုရား ဟောကြားတော်မမူခြင်းသည် အင်္ဂနှင့်မဂဓတိုင်းသားတို့မှာ ကောင်းသောဂတိတို့မှ ဆိတ်သကဲ့သို့ ဖြစ်၏။

၎င်းတို့ ဂတိကို မြတ်စွာဘုရားဟောကြားတော်မူပါမူကား အများတို့သည် ကြည်ညို လေးစားကောင်းမြတ်သောဂတိသို့ လားကြရောက်ကြကုန်ရာ၏။ ဤမဂဓတိုင်းကြီး၏ ဘုရင် ဗိမ္ဗိသာရမင်းတရားကြီးသည်လည်း တရားရှိ၍ နိုင်ငံသူ, နိုင်ငံသားတို့မှာ အကျိုးစီးပွါးများ ပြားကုန်၏။ လူအများတို့သည်လည်း ငါတို့မင်းကြီးကား တရားနှင့်ပြည့်စုံ၏၊ သူ၏နိုင်ငံတော် ၌ ချမ်းသာစွာနေထိုင်ကြရကုန်၏-ဟု တောင့်တနေကြကုန်၏။ ၎င်းမင်းတရားကြီး၏ ကောင်းမြတ်သောဂတိကို မြတ်စွာဘုရားဟောကြားတော်မူငြားအံ့။ လူအများတို့ကြည်ညို လေးစား၍ သုဂတိသို့လားကြ ရောက်ကြကုန်၏"ဟု ကြံစည်တော်မူပြီးလျှင် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်၍ အထက်ပါပါဠိဖြင့် လျှောက်ထား၏။

ဤသို့ **အရှင်အာနန္ဒာ လျှောက်ထားသည့်အတိုင်း**--- ဗိမ္ဗိသာရမင်းတရားကြီးသည် စတုမဟာရာဇ်နတ်မျိုး **ဇနဝသဘ**မည်သော နတ်သားဖြစ်ကြောင်း, နတ်သဘင်အစည်း ဝေးအကြောင်း လာရောက်လျှောက်ထားသဖြင့် ၎င်းနတ်သားအား မြတ်စွာဘုရားသည် အကြောင်းအားလျော်စွာ ဟောကြားတော်မူကြောင်း ဤသို့ ဟောတော်မူခြင်းဖြင့် ဤနတ်မင်းကို အကြောင်းပြုကာ **ဇနဝသဘသုတ်**-ဟု ခေါ်တွင် ကြောင်း ဤသုတ်၌လာ၏။

ထိုမှတပါးလည်း မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ရာဇဝဂ်၊ **ဗောဓိရာဇကုမာရသုတ်**(*မ၊ ၂။ ၂၈၂*)၌လည်း---

"သော ခေါ အဟံ ရာဇကုမာရ ကိံ ကုသလဂဝေသီ အနုတ္တရံ သန္တိဝရပဒံ ပရိယေသမာနော မဂဓေသု အနုပုဗ္ဗေန စာရိကံ စရမာနော ယေန ဥရုဝေလာ သေနနိဂမော၊ တဒဝသရိံ။ တတ္ထ'ဒ္ဒသံ ရမဏီယံ ဘူမိဘာဂံ ပါသာဒိကဉ္စ ဝနသဏ္ဍံ၊ နဒိဉ္စ သန္ဒန္တိံ သေတကံ သုပတိတ္ထံ ရမဏီယံ သမန္တာ စ ဂေါစရဂါမံ။

**အိုမင်းသား၊** ငါဘုရားသည်ကား ကုသိုလ်ရှာမှီး ငြိမ်းချမ်းသော တရားကို စုံစမ်းစဉ် အစဉ်သဖြင့် လှည့်လည်ရာ ဥရုဝေဠသေနနိဂုံးသို့ ရောက်ခဲ့လေပြီ၊ ၎င်း၌ နှစ်သက်ပျော်မွေ့ ဖွယ်ရာ မြေမျက်နှာသာယာစွာနှင့် ကြည်လင်စိမ်းစိုသော တောအုပ်အပြင် ကြည်လင်လှ သော မြစ်ရေလည်း တသွင်သွင်စီးကာ ဆိပ်ကမ်းသာ၍ ဆွမ်းခံရွာလည်း အနီးအနား

ရှိသဖြင့် တရားအားထုတ်ရန် သင့်လျော်လျောက်ပတ် ကောင်းမြတ်သော နေရာဖြစ်ကြောင်း အောင်းမေ့တော်မူသည့်အတိုင်း ထိုနေရာ၌ပင် သီတင်းသုံးကာ မြတ်သောတရားကို ရှာတော်မူကြောင်း၊ စသည်ဖြင့်---

ဗောဓိမင်းသားအား ဆင်းရဲခြင်းကို အရင်းတည်ကာ မြင့်မြတ်သော တရားကို ရှာဖွေတော်မူရကြောင်း၊ ဤမဂဓတိုင်း၌ ဒုက္ခရစရိယာကျင့်သဖြင့် မြင့်မြတ်ယော သစ္စာ ၄-တန် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူကြောင်း ဟောကြားတော်မူလေသည်။

ထို့အတူ ဤမဂဓတိုင်းနိုင်ငံကြီး၌ မြတ်သောအရိယာတရား ရှာဖွေတော်မူရ ကြောင်း ပြဆိုသော---

ဤမဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ **တတိယ ဩပမ္မဝဂ်၊ ဆဋ္ဌ အရိယပရိယေနသုတ်**၌၎င်း ဤမဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ **စတုတ္ထ မဟာယမကဝဂ်၊ ဆဋ္ဌ စိတ္တဘာဝနာကို** ဟောကြားတော်မူသော သစ္စကနိဂဏ္ဌ၊ **မဟာသစ္စကသုတ်**၌၎င်း

ဤမဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ **ပဉ္စမ ဗြာဟ္မဏဝဂ်၊ ဒသမ** သစ္စာ ၄-ပါး ကိုယ်တိုင် ရှာမှီးသိမြင်ကြောင်း ဟောတော်မူအပ်သော **သင်္ဂါရဝသုတ်**၌၎င်း အသီးသီး အကြောင်းအား လျော်စွာ ဟောကြားတော်မူ၏။

ဤသုတ္တန်တို့အပြင် ဤမဂဓတိုင်းနှင့် စပ်လျဉ်း၍ များစွာသော သုတ္တန်ဒေသနာတို့ ကို ဟောကြားတော်မူရာဖြစ်၍ သာသနာတော်တွင် ထင်ရှားသော နိုင်ငံကြီးဖြစ်လေသည်။

✪ ✪ ✪ ✪ ✪

## များစွာသော ဝိနည်းပညတ်ရာ မဂဓ၊ ရာဇဂြိုဟ်ပြည်

၎င်းပြင် ဤမဂဓတိုင်း၌ များစွာသော သုတ္တန်ဒေသနာတော်တို့ကို ဟောကြားတော် မူရာဖြစ်သည့်ပြင် ဝိနယ ပိဋကတ၌လည်း များစွာသောဝိနည်းတို့ကို ပညတ်ဟောကြားတော်မူ ၍ ဗုဒ္ဓဘာသာ နိုင်ငံတော်ကြီး ခိုင်မြဲအောင် မူလတည်ထောင်ရာ ဌာနကြီးဖြစ်ကြောင်းကား-

မြတ်စွာဘုရားသည် အလောင်းတော်ဘဝက ဗိမ္ဗိသာရမင်းတရားကြီး၏ တိုင်းနိုင်ငံ ဖြင့် ဖိတ်မံခြင်းကိုပယ်ကာ သဗ္ဗညုတဉာဏ်တော်ရသောအခါ ကြွလာတော်မူရန် ဖိတ်မံ သည်ကို သည်းခံတော်မူကြောင်း၊ အထက်က ရေးသားခဲ့သည့်အတိုင်း လောကထွဋ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ပဉ္စမဝါ မိဂဒါဝုန်၌ ပဉ္စဝဂ္ဂီအမျိုးရှိသော ခြောက် ကျိပ်တစ်ပါးသော ရဟန္တာအရှင်များနှင့်တကွ ဝါကပ်တော်မူပြီးလျှင် ဝါမှထမြောက်သော

အခါ မြတ်စွာဘုရားသည် ဥရုဝေဠကဿပ အမှူးရှိသော ရသေ့ညီနောင်တို့နှင့်တကွ ရသေ့တစ်ထောင်တို့ကို ကယ်တင်တော်မူပြီး ရာဇဂြိုဟ်မြို့တော်သို့ ကြွသွားတော်မူ၍ ဗိမ္ဗိသာရမင်းတရားကြီး လှူဒါန်းအပ်သော ဝေဠုဝန်ကျောင်း အာရာမ်တော်ကို အလှူခံတော်မူပြီးလျှင် ၎င်းမြို့တော်သူဌေးကြီးတစ်ဦး၏ လျှောက်ထားခြင်းကို ခွင့်ပြုတော်မူလျက် ကျောင်းပေါင်း-၆၀-တပြိုင်တည်းတည်ထောင်လျက် ကျောင်းတိုက်ကြီးဖြစ်ထွန်းကာ သာသနာ့အခြေစိုက်ရာတိုင်းပြည်ဌာနကြီးဖြစ်ကြောင်း အာရာမ်နှင့်တကွ ကျောင်းတို့ကို ရှေးဦးစွာခွင့်ပြု ပညတ်တော်မူကြောင်း ဝိနည်းမဟာဝဂ်၊ မဟာခန္ဓကဥ ထင်ရှား၏။

ထိုမှတပါး မြတ်စွာဘုရား ရာဇဂြိုဟ်မြို့တော်သို့ ရောက်တော်မူ၍ ဝေဠုဝန်ကျောင်း အာရာမ်တော် အလှူခံယူတော်မူပြီးလျှင် ဗုဒ္ဓနိုင်ငံကော်ကြီး တည်ထောင်တော်မူစဉ် အရှင်သာရိပုတ္တရာအလောင်း ဥပတိဿနှင့် အရှင်မဟာမောဂ္ဂလာန်အလောင်း ကောလိတတို့ အမြိုက်တရားရှာလျက် သိဥ္စည်းဆရာကြီးထံ ဆည်းကပ်နေရာ အရှင်အဿဇိမထေရ်ဖူးတွေ့ရာမှ တရားမှန်နာရ၍ သောတာပန်ဉာဏ်မျက်စိရကြကာ မြတ်စွာဘုရားအထံ ရောက်လာပြီး ရဟန်းပြုကြသည်ကို အကြောင်းပြု၍ ထင်ရှားကုန်သော မဂဓတိုင်းသားများ ရဟန်းပြုကြသည်များသဖြင့်     တိုင်းသူပြည်သားတို့က---

"အရှင်ဂေါတမမြတ်စွာဘုရားသည် သားသမီးကင်းပြတ်အောင် ကျင့်တော်မူ၏။

မုဆိုးမဖြစ်အောင် ကျင့်တော်မူ၏။

အမျိုးပြတ်အောင်-ကျင့်တော်မူ၏။

ရသေ့ ၁၀၀၀-တို့ ယခု ရဟန်းပြုကြကုန်ပြီ။

ပရိဗိုဇ်-၂၅၀ တို့လည်း ရဟန်းပြုကြကုန်ပြီ။

ထင်ရှား ထင်ရှားကုန်သော မဂဓတိုင်းသားများလည်း မြတ်စွာဘုရားအထံ မြတ်သောအကျင့် ကျင့်သုံးကြလေကုန်ပြီ" စသည်ဖြင့် ကဲ့ရဲ့စောင်းမြောင်း မကောင်းပြောဆိုကြသည့်အပြင် ရဟန်းများကို မြင်သောအခါ---

အာဂတော ခေါ မဟာသမဏော၊ မာဂဓာနံ ဂိရိဗ္ဗဇံ။
သဗ္ဗေ သဉ္စယေ နေတွာန၊ ကံ သု ဒါနိ နယိဿတိ။ ။*(ဝိ၊ ၃။ ၅၅)*

ရဟန်းမြတ် အရှင်ဂေါတမ၊ မဂဓသို့ ရောက်လာပြန်ပြီ။

သဉ္စယအားလုံး ခေါ်ယူပြီးလျှင်၊ မည်သူ့ကိုပင် ခေါ်ဦးမည်နည်း-

ဟု ဤသို့သော ဂါထာတို့ဖြင့် စွပ်စွဲကြကုန်၏။

ဤသို့မြတ်စွာဘုရား သာသနာတော်သို့ ဝင်ကြ၍ မဂဓတိုင်းကြီးမှာ သာသနာတော် အလွန်ပြန့်ပွါး စည်ပင်ထွန်းကားသည့်အပြင် ရဟန်းတို့၏ နေရာ ထိုင်ရာ အာဝါသလည်း ဝိနည်းဒေသနာနှင့် များစွာသောကျမ်းဂန်တို့ကို ထောက်ထားသောအားဖြင့် ဤရာဇဂြိုဟ်မြို့ တော်ကြီးမှာ ကျောင်းတိုက်ကြီးများဝန်းရံလျက် ထက်ဝန်းကျင်မှ တည်ရှိကြောင်း---

တေန ခေါ ပန သမယေန ရာဇဂဟေ အဋ္ဌာရသ မဟာဝိဟာရာ ဟောန္တိ။ တေ သဗ္ဗေပိ ဆဍ္ဍိတပတိတဉတ္တာပါ အဟေသုံ။

စသည်ဖြင့်-ဝိနည်းပါရာဇိကဏ်အဋ္ဌကထာ၊ ဗာဟိရနိဒါန်း၊ သံဂါယနာအခဏ်း၌ မိန့်ဆို တော်မူ၏။

သို့ရာတွင် ၎င်းအဋ္ဌကထာ၌ကား သာမညအားဖြင့်သာ ကျောင်းတိုက်ကြီး ၁၈-တိုက် ဝန်းရံလျက် တည်ရှိကြောင်းလာ၍ ၎င်းတို့၏ အမည်နာမများကိုကား ၎င်းအဋ္ဌကထာ နှင့် အဖွင့်ဋီကာတို့၌ အထူးထုတ်ဖော်မပြကုန်။

သို့သော် ၎င်းပါရာဇိကဏ်ပါဠိတော်၊ ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ကား အချို့ကျောင်း တိုက်၏ အမည်များကို အရှင်ဒဗ္ဗ၏ဂုဏ်တန်းခိုး ချီးမွမ်းထုတ်ဆိုသောအားဖြင့် မြတ်စွာ ဘုရားသည် ၎င်းအရှင်အား ကျောင်းနေရာခင်းခြင်းနှင့်တကွ ဆွမ်းညွှန်းခြင်း၌ ဧတဒဂ် ထားတော်မူသည်အားလျော်စွာ တန်ခိုး ဣဒ္ဓိပါဒ်ကို သိလိုကြသဖြင့် အချိန်မဲ့လာကြသော အာဂန္တုရဟန်းများတို့သည် ကျောင်းအိပ်ရာ နေရာများ ပန်ကြားလျှောက်ထားသောအခါ-

၎င်းတို့သည် သိလျက်နှင့်ပင် တန်ခိုးကြည့်ရှုလိုကြ၍ အဝေးညွှန်ကြားကြသည်မှာ-

အမှာကံ အာဝုသော ဒဗ္ဗ ဂိဇ္ဈကူဋေ ပဗ္ဗတေ သေနာသနံ ပညပေဟိ။
အမှာကံ အာဝုသော စောရပပါတေ သေနာသနံ ပညပေဟိ။
အမှာကံ အာဝုသော ဣသိဂိလိပဿေ ကာဠသိလာယံ သေနာသနံ ပညပေဟိ။
အမှာကံ အာဝုသော ဝေဘာရပဿေ သတ္တပဏ္ဏိဂုဟာယံ သေနာသနံ ပညပေဟိ။
အမှာကံ အာဝုသော သီတဝနေ သပ္ပသောဏ္ဍိကပဗ္ဘာရေ သေနာသနံ ပညပေဟိ။
အမှာကံ အာဝုသော ဂေါတမကကန္ဒရာယံ သေနာသနံ ပညပေဟိ။
အမှာကံ အာဝုသော တိန္ဒုကကန္ဒရာယံ သေနာသနံ ပညပေဟိ။
အမှာကံ အာဝုသော တပေါဒကန္ဒရာယံ သေနာသနံ ပညပေဟိ။
အမှာကံ အာဝုသော တပေါဒါရာမေ သေနာသနံ ပညပေဟိ။
အမှာကံ အာဝုသော ဇီဝကမ္ဗဝနေ သေနာသနံ ပညပဟိ။
အမှာကံ အာဝုသော မဒ္ဒကုစ္ဆိသ္မိံ မိဂဒါယေ သေနာသနံ ပညပေဟိ။

ငါ့ရှင်ဒဗ္ဗ၊ ငါတို့အား ဂိဇ္ဈကုဋ် တောင်ပေါ်ကျောင်း၌ နေရာခင်းပါ။

ငါ့ရှင်၊ ငါတို့အား ခိုးသူကျ ကျောင်းတိုက်၌ အိပ်ရာနေရာခင်းပါ။

ငါ့ရှင်၊ ငါတို့အား ဣသိဂိလိတောင် ကာဠသီလာ ကျောင်းတိုက်၌ နေရာခင်းပါ။

ငါ့ရှင်၊ ငါတို့အား ဝေဘာရတောင်နံရံ သတ္တပဏ္ဏိဂူကျောင်း၌ နေရာခင်းပါ။

ငါ့ရှင်၊ ငါတို့အား သီတာဝုံ သပ္ပသောဏ္ဍိ တောင်ဝှမ်းကျောင်း၌ နေရာခင်းပါ။

ငါ့ရှင်၊ ငါတို့အား ဂေါတမချောင် ကျောင်းတိုက်၌ နေရာခင်းပါ။

ငါ့ရှင်၊ ငါတို့အား တည်ပင်ချောင် ကျောင်းတိုက်၌ နေရာခင်းပါ။

ငါ့ရှင်၊ ငါတို့အား ရေပူချောက် ကျောင်းတိုက်၌ နေရာခင်းပါ။

ငါ့ရှင်၊ ငါတို့အား ရေပူအိုင် ကျောင်းတိုက်၌ နေရာခင်းပါ။

ငါ့ရှင်၊ ငါတို့အား ဇီဝက သရက်ဥယျာဉ် ကျောင်းတိုက်၌ နေရာခင်းပါ။

ငါ့ရှင်၊ ငါတို့အား မဒ္ဒကုစ္ဆိဘေးမဲ့ တောကျောင်း၌ နေရာခင်းပါ-
ဟု-ညွှန်ကြားကြပြီးလျှင် အရှင်ဒဗ္ဗသည် လက်ညှိုးထောင်ကာ တေဇောဓာတ်အရောင် အလင်းဖြင့် ရှေ့ကကြွသွား၍ အာဂန္တုရဟန်းများ နောက်မှလိုက်ကြကုန်၏။

ဤအရှင်ဒဗ္ဗဝတ္ထု၌ ဝေဠုဝန်ကျောင်းတော်ကြီးမှတပါး ဂိဇ္ဈကုဋ်ကျောင်းတိုက် စသော ၁၁-ကျောင်းတို့၏အမည်များ ဖော်ပြသဖြင့် ရာဇဂြိုဟ်မြို့တော် ဂေါစရဂါမ်ဖြစ် သော ကျောင်တိုက်များ ဟု မှတ်သားအပ်သည့်အပြင်---

သဗ္ဗိစ္စ ဒူရေ အပဒိသန္တိ-သိလျက် အဝေးညွှန်ကုန်၏-ဟု လာသော်လည်း ၎င်းမြို့ တော်မှ မနီးမဝေးဖြစ်ကြသည်-ဟု မှတ်သားအပ်၏။

ဤဝိနည်းမှတပါး အခြားသုတ္တန်များ၌လည်း မြတ်စွာဘုရားသုတ္တန်ဒေသနာတော် များ ဟောကြားတော်မူရာ ကျောင်းတိုက်များ မနီးမဝေးမှာရှိကြောင်း လာသဖြင့် ထိုကျောင်း တိုက်များမှာ မြတ်စွာဘုရား သီတင်းသုံးလေ့ရှိသော ထက်ဝန်းကျင် နာတိဒူရ နစ္စာသန္န ဖြစ်ကြောင်း၊ ၎င်းတို့လည်း မြို့တွင်းကျောင်းတိုက်များမဟုတ် ၁၈-ခုသော ကျောင်းတိုက် ကြီးများ ဝန်းရံလျက်ရှိကြောင်း ဆိုသဖြင့် အနီးအနား မဝေးလှသော ထက်ဝန်းကျင် ကျောင်းတိုက်များဖြစ်ကြောင်း ယုံမှားမဲ့မှတ်ယူထိုက်ကုန်၏။ ထိုကျောင်းတိုက်ကြီးများ၏ အမည်များကို မြတ်စွာဘုရားဟောကြားတော်မူသော ဒေသနာတော် ထောက်ဆခြင်းအား ဖြင့်၎င်း သီတင်းသုံးတော်မူသည်ကို ထောက်ဆသောအားဖြင့်၎င်း အောက်၌ ရေးသားအပ် သော ကျောင်းတိုက်များ ဖြစ်နိုင်ကုန်၏။ ၎င်းတို့မှာ---

၁။ ဝေဠုဝနဝိဟာရ ဝေဠုဝန်ကျောင်းတော်ကြီး
၂။ ဇီဝကမ္ဗဝနဝိဟာရ ဇီဝကသရက်ဥယျာဉ်ကျောင်းတိုက်
၃။ ဂိဇ္ဈကုဋပဗ္ဗတဝိဟာရ ဂိဇ္ဈကုဋ်တောင်ပေကျောင်းတိုက်
၄။ စောရပပါတဝိဟာရ ခိုးသူကျကျောင်းတိုက်
၅။ ကာလသိဂိလိပဿကာဠသိလာဝိဟာရ ကာလသိဂိလိတောင်စောင်းကာဠသိလာကျောင်းတိုက်
၆။ ဝေဘာရပဿသတ္တပဏ္ဏိဂုဟာဝိဟာရ-ဝေဘာရတောင်စောင်း သတ္တပဏ္ဏိလိုဏ်ဂူကျောင်းတိုက်။
၇။ သီတဝန သပ္ပသောဏ္ဍိကပဗ္ဘာရဝိဟာရ-သီတာဝုံ သပ္ပသောဏ္ဍိက လိုဏ်ဂူတောင်ဝှမ်းကျောင်းတိုက်။
၈။ ဂေါတမကန္ဒရဝိဟာရ ဂေါတမချောက်ကျောင်းတိုက်။
၉။ တိန္ဒုကကန္ဒရဝိဟာရ တည်ပင်ချောက်ကျောင်းတိုက်။
၁၀။ တပေါဒကန္ဒရဝိဟာရ ရေပူချောက်ကျောင်းတိုက်။
၁၁။ တပေါဒါရာမဝိဟာရ ရေပူအိုင်ကျောင်းတိုက်။
၁၂။ မဒ္ဒကုစ္ဆိမိဂဒါယ မဒ္ဒကုစ္ဆိဘေးမဲ့ကျောင်းတိုက်။
၁၃။ ဂိဇ္ဈကုဋသုကရခတလေဏဝိဟာရ ဂိဇ္ဈကုဋ်တောင် ဝက်တူးလိုဏ်ကျောင်းတိုက်။
၁၄။ ပိပ္ဖလိဂုဟာဝိဟာရ ပိပ္ဖလိလိုဏ်ဂူကျောင်းတိုက်။
၁၅။ ကဿပကာရာမဝိဟာရ ကဿပကာရုံကျောင်းတိုက်။
၁၆။ ကာန္ဒကုဋပဗ္ဗတဝိဟာရ ကာန္ဒကတောင် နတ်ကွန်းကျောင်း။
၁၇။ ကာန္ဒသာလာဝိဟာရ ကာန္ဒသာလာလိုဏ်ဂူကျောင်းတိုက်။
၁၈။ သိပ္ပိနီတီရဝိဟာရ သိပ္ပိနီမြစ်ကမ်းကျောင်းတိုက်-ဟု

ဆိုအပ်သော ကျောင်းတိုက်ကြီးများ ဖြစ်ကြကုန်၏။

ဤဆိုအပ်ခဲ့ပြီးသော ကျောင်းတိုက်ကြီး ၁၈-တိုက်တို့တွင် ဝေဠုဝန်ကျောင်းတိုက်တော်ကြီးနှင့် ဇီဝကသရက်ဥယျာဉ်ကျောင်းတိုက်ကြီးတို့၌ကား များသောအားဖြင့် မြတ်စွာဘုရားသီတင်းသုံးတော်မူလျက် များစွာသော သုတ္တန်ဒေသနာတော်တို့ကို ဟောကြားတော်မူရာ ဖြစ်သည့်အပြင် များစွာသောဝိနည်းဒေသနာတော်မြတ်ကို ပညတ်တော်မူရာဖြစ်၍ ထင်ရှားသောကြောင့် အထူးရေးသားဖွယ်မရှိ။ ထို့အတူ ဂိဇ္ဈကုဋ်တောင်ပေါ်ကျောင်းတိုက်၌လည်း များစွာသော သုတ္တန်, ဝိနည်းဒေသနာတော်နှစ်ရပ်ဟောကြား ပညတ်တော်

မူရာ ဖြစ်သည့်အပြင် **ရှင်ဒေဝဒတ်သည် မြတ်စွာဘုရားအား** ပြစ်မှားကြံစည်လွန်လျက် ထွက်ခွါသွား သောနေရာဖြစ်၍လည်း အထူးထင်ရှား၏။ သို့ရာတွင် အချို့ကျောင်းတိုက်များမှာကား နိကာယ် ၅-ရပ်တွင် အချို့သာပါ၍ ၎င်းတို့၌ဟောကြားတော်မူအပ်သော သုတ္တန်များ ထင်ရှားရှိသော်လည်း ဆိုခဲ့ပြီးကျောင်းတိုက်ကြီးများလောက် များပြားစွာမလာကုန်။ ထို့ကြောင့် အချို့ကျောင်းတိုက်တို့၌ ဟောကြားတော်မူအပ်သောဒေသနာတို့ကိုအောက်၌ ရေးသားသောအတိုင်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## သီတဝန သပ္ပသောဏ္ဍိက ပဗ္ဘာရ

## သီတာဝုံ သပ္ပသောဏ္ဍိက တောင်ဝှမ်းကျောင်းတိုက်

၎င်းကျောင်းတိုက် မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် အနာထပိဏ်သူဌေးကြီး သည် ရာဇဂြိုဟ်မြို့သို့ တစ်စုံတစ်ခုပြုဖွယ်ကိစ္စနှင့်ရောက်လာ၍ ဗုဒ္ဓမြတ်စွာဘုရား လောကတွင် ထင်ရှားပွင့်ထွန်းပေါ်လာတော်မူကြောင်း ကြားသိရ၍ အတိုင်းမရှိသော ပီတိအဟုန်အားဖြင့် မိုးမလင်းမီ မြတ်စွာဘုရားအထံတော်သို့ ဆည်းကပ်၍ အစဉ်အတိုင်း ဖြစ်သော ဒေသနာတော်မြတ် ဟောကြားတော်မူ၍ ကိုယ်တိုင်ထုတ်ဖော် ဟောကြားအပ် သော သာမုက္ကံသိက ဒေသနာတော်အားဖြင့်၊ သစ္စာ ၄-ပါးသိ၍ တသက်ပန် ဥပါသကာ အဖြစ် လျှောက်ထားလျက် ဆွမ်းလုပ်ကျွေးလှူဒါန်းပြီးနောက် သာဝတ္ထိသို့ ကြွရောက်တော် မူရန် ပင့်ဖိတ်လျှောက်ထားကြောင်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူပြီး သည်းခံ တော်မူကြောင်း---

ဝိနည်းစူဠဝါ၊ သေနာသနက္ခန္ဓက၌၎င်း---

အခြားသုတ္တန်များ၌၎င်း---

ထင်ရှားစွာလာသောကြောင့် ၎င်းသီတာဝုံကျောင်းတိုက်မှာ အနာထပိဏ်သူဌေးကြီးနှင့် ပဌမတွေ့တော်မူရာကျောင်းတိုက်ဖြစ်၍ ထင်ရှားသည့်အပြင် ရာဇဂြိုဟ်မြို့တော်ကြီးကို ဂေါစရဂါမ်ပြုသောကျောင်းတိုက်ဟူ၍လည်း မှတ်အပ်၏။

✪ ✪ ✪ ✪ ✪

## တပေါဒါရာမ၊ တပေါဒါရုံကျောင်းတိုက်

ထိုမှတပါး တရံသောအခါ မြတ်စွာဘုရား တပေါဒါရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ်-

သမိဒ္ဓိမထေရ်သည် တပေါဒါမြစ်သို့သွား၍ ရေများသုံးသပ်ပြီး ကိုယ်များ ရေသန့်လျက် သင်းပိုင်မျှဖြင့် နေသောအခါ နတ်တစ်ယောက်လာ၍---

အဘုတွာ ဘိက္ခု'သိ ဘိက္ခု၊ န ဟိ ဘုတွာန ဘိက္ခ'သိ။
ဘုတွာန ဘိက္ခု ဘိက္ခဿု၊ မာ တံ ကာလော ဥပစ္စဂါ။ ။(သံ၊ ၁။ ၉)

**အရှင်ရဟန်း ကာမ မခံစားဘဲ ရဟန်းပြုဘိ၏။**
**ကာမချမ်းသာ မခံစားဘဲ ရဟန်းမပြုသင့်ပါ။**
**အရှင်ရဟန်း ကာမခံစားပြီးမှ ရဟန်းပြုပါလော။**
**ထိုအချိန်ကာလကို လွန်၍ မသွားပါစေနှင့်။**

ဟု-မထေရ်ကို နှစ်သက်သောအားဖြင့် ဂါထာဖြင့် လျှောက်သည်ကို မထေရ်က ထိုနတ်အား-

"ကာလံ ဝေါဟံ န ဇာနာမိ၊ ဆန္နော ကာလော န ဒိဿတိ။
တသ္မာ အဘုတွာ ဘိက္ခာမိ၊ မာ မံ ကာလော ဥပစ္စဂါ။ ။(သံ၊ ၁။ ၉)

**အသက်အပိုင်းအခြား ကာလကိုကား ငါမသိ။**
**ဖုံးကွယ်နေသော ကာလသည်ကား ငါ့အားမထင်။**
**ထိုကြောင့်ပင် ငါကား မခံစားဘဲ ရဟန်းပြု၏။**
**ကာလသည်ကား ငါ့အား လွန်မသွားပါ"**

ဟု ဂါထာဖြင့် ဖြေဆိုလေ၏။

ထိုအခါ နတ်သည် မြေပေါ်မှာ ရပ်တည်လျက်---

အရှင်ဘုရား ဆံပင်များနက် အသက်ရွယ်နုနယ်တော်မူပါသေးသည်။ ကာမခံစားသော ပဌမအရွယ် နုနယ်လှ၍ လူ့ချမ်းသာခံစားပြီးမှ ရဟန်းပြုပါ။ မျက်မှောက်ဖြစ်သော အကျိုးကို မစွန့်ပစ်ပါနှင့်-ဟု ပြောသောအခါ---

"ငါကား ကာလိက ကာမကိုစွန့်လျက် မျက်မှောက်အကျိုးသို့ ရောက်လို၏။မြတ်စွာဘုရားသည် ကာလိက ကာမတရားကား ဒုက္ခများလှ၏။ ကြောင့်ကြများလှ၏။အပြစ်အလွန်များလှ၏-ဟု ဟောတော်မူသည်"ဟု ဖြေကြား ၍ တဖန် သန္ဒိဋ္ဌိက မျက်မှောက်အကျိုးကို မေးလျှောက်သောအခါ---

"ငါ့ကား-ရဟန်းဖြစ်သည်မှာ မကြာသေး၊ အကျယ်ဝေဖန် ဖြေကြားခြင်းငှါမစွမ်းနိုင်၊ မြတ်စွာဘုရားသည် တပေါဒါရုံကျောင်း၌ သီတင်းသုံးတော်မူပါသည်။ လျှောက်ထား၍ ဟောကြားတော်မူတိုင်း သင်မှတ်ပါလေ"ဟု အမိန့်ရှိသောအခါ---

"မြတ်စွာဘုရားထံ ဆည်းကပ်ရန်မလွယ်ပါ၊ တန်ခိုးကြီးသော နတ်အများရှိနေပါသည်။ အရှင်ရဟန်း၊ ကြွသွား၍ ထိုအကြောင်းကို လျှောက်ထားလျှင် တပည့်တော်လည်း တရားနာရပါမည်"ဟု လျှောက်ထားကြောင်း---

ၿငင်းနောက် သမိဒ္ဓိမထေရ်လည်း မြတ်စွာဘုရားအထံသို့ ထိုအကြောင်းလျှောက်ထားသောအခါ ထိုနတ်လည်း ဝင်ရောက်လျှောက်ထားသဖြင့် ၎င်းအား ကာမတရားကို ပယ်ရာပယ်ကြောင်း ဂါထာအားဖြင့်ဟောကြားတော်မူ၍ ဉာဏ်မျက်စိအလင်းရကြောင်း သဂါထာဝဂ္ဂ၊ ဒေဝတာသံယုတ်၊ ဒုတိယနန္ဒဝဂ်၌ ထင်ရှားစွာ လာရှိလေသည်။

ဤ၌ တပေါဒကန္ဒရ-ရေပူကျချောက်မှတပါး တပေါဒါရာမ တပေါဒါရုံကျောင်းတိုက်ကြီး လည်း အနီးအနား၌ရှိကြောင်း၊ မြတ်စွာဘုရားသည် သီတင်းသုံးတော်မူလျက် ဝေနေယျ သတ္တဝါတို့အား တရားဓမ္မဟောပြတော်မူရာ ကျောင်းတိုက်ကြီးဖြစ်ကြောင်း- ဤသုတ္တန်နှင့် တကွ အခြားသုတ္တန်များ ထောက်ထား၍ ထင်ရှားသိသာ၏။

✪ ✪ ✪ ✪ ✪

ဣသိဂိလိပဿ ကာဠသိလာဝိဟာရ

## ဣသိဂိလိတောင်နံရံ၊ ကာဠသိလာကျောင်း

ဤ ဣသိဂိလိတောင်နံရံ ကာဠသိလာကျောင်းတိုက်၌ မြတ်စွာဘုရားသီတင်းသုံးတော်မူခြင်းကား သုတ္တန်တို့တွင် ထင်ရှားမရှိသော်လည်း တခါတရံ ကြွရောက်တော်မူ၍ ရဟန်းတို့အား ဆုံးမဟောပြောတော်မူကြောင်း သဂါထာဝဂ္ဂ၊ မာရသံယုတ်၊ တတိယဝဂ်၊ ဂေါဓိကဝတ္ထု၌---

ဂေါဓိကမထေရ် ဓားလက်နက်ဖြင့် ပရိနိဗ္ဗာန် ပြုမည်ရှိစဉ် မာရ်နတ်လာရောက် လျှောက်ထား၍ မြတ်စွာဘုရား ကြွသွားတော်မူပြီးလျှင် ထိုမထေရ်ကို အကြောင်းပြုလျက် ရဟန်းတို့အား ဟောကြားတော်မူသည်မှာ ထင်ရှား၏။ **ဂေါဓိကမထေရ်၏ အတ္ထုပ္ပတ်ကား**

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အရှင်ဂေါဓိကမထေရ်သည် ဣသိဂိလိတောင်နံရံ ကာဠသိလာကျောက်မဲကျောင်းတိုက်၌နေထိုင်လျက်

ထိုမထေရ်မှာ အဠကထာဆရာများ၏ ဖွင့်ဆိုခြင်းအားဖြင့် ရောဂါရှိ၍ သမာဓိမတည်နိုင်ရကား စိတ်ညစ်ညူးတော်မူ၍ ၆-ကြိမ်တိုင်အောင် လောကီသမာပတ်မှလျှောကျသဖြင့် ၇-ကြိမ်မြောက် သမာဓိသို့ရောက်တော်မူသောအခါ ဈာန်မှ ဆုတ်ယုတ်သော် သူ၏ဂတိကား အမြဲမရှိ၊ ဈာန်သမာပတ်နှင့် စုတိရခြင်းသည် ဗြဟ္မာ့ပြည်သို့ရောက်၍ သူတော်ကောင်းတရား အားထုတ်နိုင်သေးသည်-ဟု ကြံစည်အောင့်မေ့တော်မူပြီးလျှင် ဓားလက်နက်ဖြင့် စုတေရခြင်းသည် ကောင်းမြတ်သည်ဟူသော မထေရ်၏အကြံကို မာရ်နတ်သိသဖြင့် အလျှင်တစော မြတ်စွာဘုရားအထံတော်သို့ လာပြီးလျှင်---

"မဟာဝီရ မဟာပည၊ ဣဒ္ဓိယာ ယသသာ ဇလံ။
သဗ္ဗဝေရဘယာတီတ၊ ပါဒေ ဝန္ဒာမိ စက္ခုမ။ ။

သာဝကော တေ မဟာဝီရ၊ မရဏံ မရဏာဘိဘူ။
အာကင်္ခတိ စေတယတိ၊ တံ နိသေဓ ဇုတိန္ဓရ။ ။

ကထံ ဟိ ဘဂဝါ တုယှံ၊ သာဝကော သာသနေ ရတော။
အပတ္တမာနသော သေက္ခော၊ ကာလံ ကယိရာ ဇနေ သုတာ"။ ။*(သံ၊ ၁။ ၁၂၂)*

ဟု မာရ်နတ်သားသည် မထေရ်အား သနားသဖြင့် လျှောက်ထား၏။

- "လုံ့လ ပညာ တန်ခိုးခြံရံဖြင့် တောက်ပလျက်
- ဘေးရန်ခပင်းကင်းစင် ဉာဏ်မျက်စိရှင် အရှင်မြတ် ခြေတော်မြတ်ကို ဦးညွတ်ရှိခိုးပါ၏။

- လုံ့လကြီးမားအရှင်ဘုရား၊ အရှင့်တပည့်ကား သေခြင်းတရား ဖိစီးနေပါသည်။
- သေခြင်းလိုလား နှိုးဆော်လျက် ရှိပါသည်။ ရောင်တော်မြတ်အရှင် တားမြစ်တော်မူပါ။

- ဘုန်းတော်သခင် အရှင်ဘုရား၊ အရှင့်တပည့်ကား သာသနာတော် မွေ့လျော်ပါလျက်
- အရဟတ္တမဂ်မရောက် သေက္ခလောက်သာ စုတိပါအံ့၊ လူများအလယ် အဘယ်သို့ ကျော်ကြားအံ့နည်း"- ဟု မြတ်စွာဘုရားအား လျှောက်ထားလာ၏။

ထိုအခါ အရှင်ဂေါဓိကမထေရ်ကား ဓားလက်နက်ဆောင်ပြီးဖြစ်၍ မာရ်နတ်အား-

"ဧဝံ ဟိ ဓီရာ ကုဗ္ဗန္တိ၊ နာဝကင်္ခန္တိ ဇီဝိတံ။
သမူလံ တဏှမဗ္ဗုယှ၊ ဂေါဓိကော ပရိနိဗ္ဗုတော။ ။*(သံ၊ ၁။ ၁၂၂)*

- ဤသို့ ပညာရှိများ ပြုကြကုန်၏။ အသက်ကို လိုချင်တောင့်တ မရှိကုန်။
- တဏှာ၏အမြစ်အရင်း ဖြတ်ပြီး၍။ ဂေါဓိကကား ပရိနိဗ္ဗာန် ကြွသွားလေပြီ"-- ဂါထာဖြင့် အမိန့်ရှိတော်မူလေ၏။

မြတ်စွာဘုရားသည် ရဟန်းများကို ခေါ်တော်မူ၍ ဂေါဓိကမထေရ် လက်နက်ဆောင်ရာ ကာဠသိလာကျောင်း ကလသိဂိလိတောင်စောင်း ကြွတော်မူရာ ဂေါဓိကမထေရ် ညောင်စောင်းထက်၌ လိမ့်လျက် အိပ်နေသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ အခိုးအလျှံတို့သည် အရှေ့မှ အနောက်, တောင်မှမြောက်, အထက်မှ အောက်, အထောင့်မှအထောင့်အရပ်သို့ ယှက်သန်းနေသည်-ဟု ထင်ရ၍ ရဟန်းများအား-

"ပဿထ နော တုမှေ ဘိက္ခဝေ ဧတံ ဓုမာယိတတ္တံ၊ တိမိရာယိတတ္တံ ဂစ္ဆတေဝ ပုရိမံ ဒိသံ ဂစ္ဆတိ ပစ္ဆိမံ ဒိသံ ဂစ္ဆတိ ဥတ္တရံ ဒိသံ ဂစ္ဆတိ ဒက္ခိဏံ ဒိသံ ဂစ္ဆတိ ဥဒ္ဓံ ဂစ္ဆတိ အဓော ဂစ္ဆတိ အနုဒိသံတိ။*(သံ၊ ၁။ ၁၂၃)*

ရဟန်းတို့ ဤအခိုးအမှောင်တန်း သင်ရဟန်းတို့မြင်ကြကုန်သလော-အရှေ့သို့ အနောက်သို့ တောင်သို့ မြောက်သို့ အောက်သို့ အထောင့်သို့ သွားနေကြ၏"-မိန့်တော်မူလျှင်-

"ဧဝံ ဘန္တေ- မြင်ပါသည် ဘုရား"ဟု လျှောက်ထားကြ၏။

ဧသော ခေါ ဘိက္ခဝေ မာရော ပါပိမာ ဂေါဓိကဿ ကုလပုတ္တဿ ဝိညာဏံ သမန္ဒေသတိ။ ကတ္ထ ဂေါဓိကဿ ကုလပုတ္တဿ ဝိညာဏံ ပတိဋ္ဌိတန္တိ။*(သံ၊ ၁။ ၁၂၃)*

ရဟန်းတို့ ဤသည်ကား မာရ်နတ်ယုတ်မာသည် ဂေါဓိက အမျိုးသား၏ဝိညာဏ် အဘယ်မှာနည်းဟု ဂေါဓိက၏ဝိညာဏ်ကို ရှာနေ၏"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

မာရ်နတ်သားလည်း ဂေါဓိက ဝိညာဏ်ကို ရှာမရ၍ မြတ်စွာဘုရားအထံတော်သို့ လာပြီးလျှင် "မြတ်စွာဘုရား၊ တပည့်တော်သည် အရှင်ဂေါဓိကအား ဖီလာအထောင့် အထက် အောက်အရပ်တို့၌ ရှာဖွေ၍မရပါ။ အဘယ်သို့ သွားပါသနည်း" လျှောက်ထားသောအခါ "ဂေါဓိကကား သေမင်း၏နိုင်ငံမှ အောင်မြင်လွန်မြောက် တဏှာအမြစ် အရင်းပြတ်၍ နိဗ္ဗာန်ရပ်သို့ ရောက်ပြီ"။ မိန့်ကြားလျှင် မာရ်နတ်လည်း စိတ်အလိုအတိုင်း မကျဘဲ ထိုနေရာ၌ ကွယ်ပျောက်သွားလေ၏။

ဤမာရသံယုတ်၌လာသော အတ္တုပ္ပတ်နှင့်တကွ အခြားသုတ္တန်တို့၌လည်း ဤ ကလသိဂိလိ ကာဠသိလာကျောင်းတိုက်၌ မြတ်စွာဘုရား ကြွရောက်တော်မူ၍ အကြောင်း အားလျော်စွာ ရဟန်းတို့အား တရားဓမ္မ ဟောကြားတော်မူရာဖြစ်သဖြင့် ထင်ရှားကြောင်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## မဒ္ဒကုစ္ဆိမိဂဒါယ ဝိဟာရ၊ မဒ္ဒကုစ္ဆိ ဘေးမဲ့ကျောင်း

ဤမဒ္ဒကုစ္ဆိ မိဂဒါယ ဘေးမဲ့တောကျောင်း၌ မြတ်စွာဘုရား **ခြေတော်ဝယ် ကျောက်ခ**၍ ပြင်းပြသောဝေဒနာ ခံစားတော်မူစဉ် ၇၀၀-မျှသော သတုလ္လပကာယိက နတ်များလာရောက် ဂုဏ်တော်ချီးကျူးလျက် လျှောက်ထားကြကြောင်း သဂါထာဝဂ္ဂ၊ ဒေဝတာသံယုတ်၊ **သတုလ္လပကာယိကဝဂ်**(*သံ၊ ၁။ ၂၅*)၌---

"ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ မဒ္ဒကုစ္ဆိမိဂဒါယေ။ တေန ခေါ ပန သမယေန ဘဂဝတော ပါဒေါ သကလိကာယ ခတော ဟောတိ။ ဘုသာ သုဒံ ဘဂဝတော ဝေဒနာ ဝတ္တန္တိ သာရီရိကာ ဝေဒနာ ဒုက္ခာ တိဗ္ဗာ ခရာ ကဋုကာ အသာတာ အမနာပါ။ တာ သုဒံ ဘဂဝါ သတော သမ္ပဇာနော အဓိဝါသေတိ အဝိဟညမာနော။

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် မဒ္ဒကုစ္ဆိ ဘေးမဲ့ကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ မြတ်စွာဘုရား၏ခြေတော်ကို ကျောက်ခ၍ ပြင်းပြသောဝေဒနာ ဖြစ်ပွါးတော်မူ၏။ ကိုယ်တော်၌ဖြစ်သော ထက်မြက်ကြမ်းတမ်း ဆိုးဝါးခံခက်၍ မနှစ်သက်ဖွယ်သော ဒုက္ခဝေဒနာ ဖြစ်ပွါးတော်မူ၏။ ဘုရားမြတ်သည်ကား ထိုဆင်းရဲကို သတိပညာတော်ဖြင့် မငြီးမငြူ သည်းခံတော်မူ၏" ဟု နိဒါန်းဖော်ပြ၏။

ရင်းပြင် အဋ္ဌကထာဆရာမြတ်လည်း မဒ္ဒကုစ္ဆိ ဘေးမဲ့ဥယျာဉ်သည်ကား အဇာတသတ်မင်း၏မယ်တော် **ဝေဒေဟီ မိဖုရားသည်** "သူမ၏ဝမ်း၌တည်သော ကိုယ်ဝန်မှာ ခမည်းတော်မင်းတရားကို သတ်လတ္တံ့"ဟု နိမိတ်ဖတ်သော ပုရောဟိတ်တို့ စကားအရ ကိုယ်ဝန်ကျစေခြင်းငှာ ဥယျာဉ်တော်သို့ ထွက်၍ ဝမ်းကိုနှိပ်နယ်စေသောကြောင့် မဒ္ဒကုစ္ဆိခေါ်တွင်ကြောင်း၊ သားတို့ကို ဘေးမဲ့နေခြင်းငှါ ပေးထားသောကြောင့် မိဂဒါယတွင်ကြောင်း ဖွင့်ပြသည့်အပြင် ဒေဝဒတ်သည် ကျောက်ကိုလှိမ့်ချသဖြင့် ခြေတော်၌နာကျင်စွာထိခိုက်တော်မူကြောင်း၊ ဂိဇ္ဈကုဋ် ကျောင်းတော်ကား ကုန်းမြင့်၍ မညီမညွတ်ရှိသဖြင့်များစွာသော မင်းပရိသတ် ရဟန်းပရိသတ်တို့ မနေလောက်-ဟု ရဟန်းတို့ကြံစည်အောင်းမေ့ပြီးလျှင် ညောင်စောင်း ထမ်းစင်ဖြင့် ထိုမဒ္ဒကုစ္ဆိဘေးမဲ့တောကျောင်းသို့ ပင့်သွားကြကြောင်း ဖွင့်ပြမိန့်ဆိုတော်မူ၏။

ထိုကျောင်းတိုက်၌ ထိုသို့ မြတ်စွာဘုရား ဒုက္ခဝေဒနာကို ခံစားရတော်မူစဉ် ၇၀၀-ကုန်သော သတုလ္လပကာယိက နတ်များတို့သည် မြတ်စွာဘုရား အထံတော်သို့လာ၍ ဖူးမျှော်ပြီးလျှင် "ဤသို့ ပြင်းပြသော ဒုက္ခဝေဒနာကို သတိသမ္ပဇည တရားတော်ဖြင့် သီးခံ

တော်မူနိုင်ပါပေသည်”ဟု မြတ်စွာဘုရားဂုဏ်တော်ကို အသီးသီး ချီးကျူးလျက် ဥဒါန်းမြွက်ဆို လျှောက်ထားကြကုန်၏။ ထိုမှတပါး သဂါထာဝဂ္ဂ၊ **မာရသံယုတ်၌လည်း**---

ထိုအတူ မြတ်စွာဘုရားခြေတော်၌ ပြင်းပြသောဝေဒနာ ခံစားတော်မူစဉ် မာရ်နတ်သည်လာ၍ ဂါထာဖြင့် လျှောက်ထားသည်ကို မာရ်နတ်ဟု သိတော်မူ၍ ဂါထာဖြင့် ဖြေကြားတော်မူရာ နှလုံးမသာဘဲ ထိုနေရာ၌ ပျောက်ကွယ်သွားကြောင်း လာသောကြောင့် မဒ္ဒကုစ္ဆိမိဂဒါယ ဘေးမဲ့တောကျောင်း၌ ခြေတော်၌ဒုက္ခဝေဒနာ ခံစားတော်မူစဉ် များစွာသောနတ်များ လာရောက်ဖူးမျှော်ကြကြောင်း ၎င်းပြင် အဋ္ဌကထာဆရာတို့ဖွင့်ပြချက်အရ ၎င်းဥယျာဉ်သည် မင်းဥယျာဉ်တော်ဖြစ်၍ သားတို့ကို ဘေးမဲ့ပေးထားကြောင်း၎င်းမှာ မြို့နှင့် မနီးမဝေးဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## ပိပ္ပလိဂုဟာဝိဟာရ၊ **ပိတ်ချင်းလိုဏ်ဂူကျောင်း**

ဤလိုဏ်ဂူကျောင်းမှာ များသောအားဖြင့် အရှင်မဟာကဿပသည် ဖလသမာပတ် နိရောဓသမာပတ်*(ဖြင့်)* အေးချမ်းငြိမ်သက်စွာ သီတင်းသုံးတော်မူရာ ကျောင်းတိုက်ဖြစ်၍ ရာဇဂြိုဟ်မြို့တော်နှင့် မနီးမဝေး ၎င်းမြို့တော်ကို ဂေါစရဂါမ်အားဖြင့် မှီသော ကျောင်းတိုက် ဖြစ်သဖြင့်---

တရံရောအခါ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် **အရှင်မဟာကဿပမထေရ်သည်** ပိပ္ပလိလိုဏ်ဂူကျောင်း၌ ပြင်းပြစွာ မကျန်းမာတော်မူ၍ မြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာ၌ သီတင်းသုံးရာမှ ထတော်မူ၍ ညနေချမ်း၌ အရှင်မဟာကဿပ လိုဏ်ဂူကျောင်းသို့ ကြွရောက်တော်မူပြီးလျှင် မကျန်းမာခြင်းကို မေးမြန်းသောအခါ ပြင်းပြသောဝေဒနာကို ခံစားရကြောင်း၊ ဝေဒနာသည် မဆုတ်ယုတ်ဘဲ တိုးတက်၍သာနေပါကြောင်း လျှောက်ထားသဖြင့် မြတ်စွာဘုရားသည် အရှင်မဟာကဿပ အား ဗောဇ္ဈင် တရားတော်မြတ်ဟောကြား၍ ထိုတရားနာရသောအခါမှ ရောဂါထမြောက်ကြောင်း မဟာဝဂ်၊ ဗောဇ္ဈင်သံယုတ်၊ ဂိလာနဝဂ်၌ ထင်ရှားစွာ လာလေသည်။

သို့ဖြစ်၍ ဤကျောင်းတိုက်သည်လည်း ရာဇဂြိုဟ်မြို့တော် ဂေါစရဂါမ်ပြုသော အရှင်မဟာကဿပ များသောအားဖြင့် သီတင်းသုံးရာဖြစ်သည့် မြို့တော်၏ထက်ဝန်းကျင် ကျောင်းတိုက်တို့တွင် အပါအဝင်ဖြစ်သော ကျောင်းတိုက်တစ်တိုက်ဖြစ်ကြောင်း မှတ်သားအပ်၏။

ထိုမှတပါး မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ထိုအခါ အရှင်မဟာကဿပမထေရ်သည် ပိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံးတော်မူလျက် ၇-ရက်ပတ်လုံး သမာဓိတရားသို့ ဝင်စားပြီးနောက် ၎င်းသမာဓိမှ ထမြောက်တော်မူလျှင် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းအလို့ငှာ ကြွတော်မူရန် ကြံစည်တော်မူသည့်အခါ သိကြားမင်းနှင့် သုဇာတို့လာ၍ ရက်ကန်းသည်သူဆင်းရဲဟန် ဖန်ဆင်းလျက် ရက်ကန်းရက်နေ၍ သုဇာဒေဝီကား ယက်ဖောက်ယောက်နေစဉ် အရှင်မဟာကဿပ ဆွမ်းခံဝင်အလာ အိမ်မှလျှင်စွာ ထွက်၍ သပိတ်တော်ယူကာ မြိန်မြတ်လှစွာသော ဆွမ်း, ဘောဇဉ်တို့ဖြင့် လှူဒါန်းပြီးမှ အရှင် မဟာကဿပသည် ဤမျှ မွန်မြတ်သော ဆွမ်းလှူဒါန်းသည်ကား မည်သူနည်း-ဟု သိမြင်တော်မူ၍---

**ကတံ နုခေါ တေ ကောသိယ ကမ္မံ၊**
**မာ ပုနပိ ဧဝ ရူပ မကာသီတိ။** ။*(ဥဒါန။ ၁၁၁)*

သိကြားမင်း၊ အဘယ်သို့ သင်ပြုပါသနည်း၊
နောက်တဖန် ဤသို့ မပြုနှင့်-ဟု မြစ်တားတော်မူလျှင်---

သိကြားမင်းက အရှင်ဘုရား၊ တပည့်တော် ဆင်းရဲလှပါသည်။ သာသနာတွင်း အလှူဒါနကြောင့် နတ်ပြည်သို့ရောက်ကြ တန်ခိုးကြွဒ္ဓိပါဒ် ကြီးမြတ်ကြ၍ ၎င်းအရှိန် အဝါနှင့် စာနာပါက တပည့်တော်မှာ ဆင်းရဲပါကြောင်း လျှောက်ထားပြီးလျှင်---

**အဟော ဒါနံ ပရမံ ဒါနံ၊ ကဿပေ သုပ္ပတိဋ္ဌိတံ။** *(ဥဒါန။ ၁၁၁)*

ဩော်---ဒါနအလွန်မွန်မြတ်စွာ အရှင်ကဿပ၌ ပြုအပ်ပါပြီ-ဟု အလွန်ဝမ်းမြောက်စွာ ဥဒါန်း ၃-ကြိမ် ကျူးလျက် ကောင်းကင်ထက်သို့ တက်သွားကြောင်း၊ ထိုအခါ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်မှ ဒိဗ္ဗသောတဖြင့် ကြားသိတော်မူ၍ အခါခပ်သိမ်း ငြိမ်းဧမွန်မြတ် ပိဏ္ဍပါတ်ရဟန်းအား နတ်အများတို့ မြတ်နိုးကြကုန်၏-ဟု ဥဒါန်း ကျူးရင့်တော်မူကြောင်း----

ဥဒါန်းပါဠိတော်၊ တတိယနန္ဒဝဂ်၌ လာသဖြင့်လည်း ဤကျောင်းတိုက်ကား ဂေါစရဂါမ်အားဖြင့် ရာဇဂြိုဟ်မြို့တော်ဖြစ်ကြောင်း အရှင်မဟာကဿပသည် ဆင်းရဲသူတို့အား ချီးမြှောက်ခြင်းငှါ သမာပတ်မှထ၍ ဆင်းရဲသောအရပ်၌ ဆွမ်းအလို့ငှါ ကြွတော်မူလေ့ရှိကြောင်း သာ၍ထင်ရှား၏။

✪ ✪ ✪ ✪ ✪

## တပေါဒကန္ဒရဝိဟာရ၊ ရေပူချောက် ကျောင်းတိုက်

ၚင်းကျောင်းတိုက်၌ မြတ်စွာဘုရား သီတင်းသုံးကြောင်းထင်ရှားစွာ မလာသော်လည်း အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်တို့ တစ်ခါတစ်ရံ သီတင်းသုံးတော်မူကြကြောင်း ဥဒါန်းပါဠိတော်၊ စတုတ္ထ၊ မေဃိယဝဂ်(နှာ၊ ၁၂၃)၌---

"ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။ တေန ခေါ ပန သမယေန အာယသ္မာ စ သာရိပုတ္တော အာယသ္မာ စ မောဂ္ဂလာနော ကပေါတကန္ဒရာယံ ဝိဟရန္တိ။

အခါတစ်ပါး မြတ်စွာဘုရားသည် ရှဥ့်တို့ပေါက်ဖွားရာ ကလန္ဒကနိဝါပ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်တို့ **တပေါဒကန္ဒရ** ရေပူချောက်ကျောင်း၌ သီတင်းသုံးတော်မူကြကုန်၏"ဟု မထေရ်များ သီတင်းသုံးတော်မူကြောင်းထင်ရှားစွာလာ၏။

မထေရ်မြတ် ၂-ပါးတို့ ထိုကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် အခါတပါး အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် တခုသောညဥ့် ချသစ်စ ဆံတော်ဖြင့် လရောင်ထဲ လွင်တီးခေါင်မှာ သမာပတ် ဝင်စားတော်မူနေခိုက် ဘီလူးမိတ်ဆွေ ၂-ယောက်တို့သည် မြောက်မှတောင်သို့ တစ်စုံတစ်ခုပြုဖွယ်ကိစ္စဖြင့် လာကြရာ အရှင်သာရိပုတ္တရာမထေရ်၏ မဏ်ိတော်မှာ လသာသာ၌ တောက်ပြောင်လျက် နေသည်ကို မြင်၍ အဖော်ဘီလူးအား "ဤရဟန်း၏ ဦးခေါင်းကို ရိုက်နှက်လိုကြောင်း" ပြောကြားလေလျှင် "ဤအရှင်ကား တန်ခိုး ကြွဒ္ဓိပါဒ်နှင့်ပြည့်စုံ၍ မြင့်မြတ်တော်မူသည်"ဟု ၃-ကြိမ်တိုင်တိုင် တားမြစ်ပါသော်လည်း မရဘဲ အရှင်သာရိပုတ္တရာမထေရ်၏ ဦးခေါင်းတော်ကို-

အပိ တေန ပဟာရေန သတ္တရတနံ ဝါ အဍ္ဍဋ္ဌ ရတနံ ဝါ နာဂံ ဩသာဒေယျ၊ မဟန္တံ ဝါ ပဗ္ဗတကူဋံ ပဒါလေယျ။*(ဥဒါန်၊ ၁၂၄)*

၇-တောင်, ၇တောင့် ၁-ထွာ ဆင်သော်မှ လဲလောက်အောင်, တောင်ထွဋ်ကြီးသော်မှ လဲပြို ကွဲလောက်အောင် ပြင်းထန်*(စွာ)*ရိုက်နှက်လျှင် ထိုခဏပင် ပူလောင်လှစွာဖြင့် ထိုဘီလူး သည် ဟစ်အော်လျက် ငရဲသို့ ကျရောက်သွားလေ၏။

ဤသို့လျှင် တပေါဒါမည်သော ရေပူချောင်းကား ရာဇဂြိုဟ်မြို့တော်ကြီး၏ မြောက်မျက်နှာ ကာဆီးလျက်ရှိသော ဝေပုလ္လတောင်နံရံ အခြေ၌ တည်ရှိ၍ ၎င်းချောက်လည်း အမွန်အစ စီးဆင်းရာဖြစ်သဖြင့် ၎င်းတပေါဒကန္ဒရဝိဟာရ ရေပူချောက်ကျောင်းတိုက်ကား

ရာဇဂြိုဟ်မြို့တော်ကို ဝန်းရံလျက်ရှိသော ကျောင်းတိုက်တို့တွင် အပါအဝင်ဖြစ်ကြောင်း၊ ၎င်းပြင် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်မထေရ်မြတ်တို့ သီတင်းသုံးရာကျောင်းတိုက် ဖြစ်ကြောင်း မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## ကဿပကာရာမဝိဟာရ၊ **ကဿပကာရုံကျောင်းတိုက်**

ဤကဿပကာရာမ ကဿပကျောင်းတိုက်သည် ရာဇဂြိုဟ်မြို့တော်၏ အနီးဖြစ်၍ ၁၈-ရပ်သော ကျောင်းတိုက်တို့တွင် အပါအဝင်ဖြစ်သည်မှာ သံယုတ္တနိကာယ၊ **စတုတ္ထ-ထေရဝဂ်***(သံ၊ ၂။ ၁၀၁)*၌---

"ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။ တေန ခေါ ပန သမယေန အာယသ္မာ အဿဇိ ကဿပကာရာမေ ဝိဟရတိ အာဗာဓိကော။

အခါတပါး မြတ်စွာဘုရားသည် ရှဉ့်တို့ပေါက်ပွါးရာ ကလန္ဒကနိဝါပ ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။

ထိုအခါ၌ကား အရှင်အဿဇိမထေရ်သည် **ကဿပကာရုံ**ကျောင်းတိုက်၌ မကျန်း မမာနေတော်မူ၏" စသည်ဖြင့် အရှင်အဿဇိမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ သောသုတ်တွင် ထင်ရှားစွာလာ၏။

ဤသုတ်၌ အရှင်အဿဇိမထေရ်သည် ကဿပကာရာမကျောင်းတိုက်၌ မကျန်း မမာနေတော်မူစဉ် အလုပ်အကျွေးဖြစ်သော ရဟန်းတို့အားခေါ်၍ မြတ်စွာဘုရားအထံ တော်သို့ သွားပြီးလျှင် "အဿဇိရဟန်းသည် မကျန်းမာကြောင်း၊ မြတ်စွာဘုရား၏ခြေတော် မြတ်ကို ရှိခိုးပါကြောင်း၊ မြတ်စွာဘုရားသည် သနားတော်မူသဖြင့် ကြွလာတော်မူရန် အလိုရှိ ပါကြောင်း" လျှောက်ထားရန် စေလွှတ်သည့်အတိုင်း သွားရောက်လျှောက်ထား၍ မြတ်စွာ ဘုရားလည်း သနားတော်မူသဖြင့် ကြွတော်မူလာပြီးလျှင်---

ရုပ်ဓမ္မ နာမ်ဓမ္မတို့၏ အမြဲမရှိခြင်း အကြောင်းနှင့်စပ်၍ ဝေဒနာအကြောင်းအရာကို ဟောကြားတော်မူကြောင်း အဿဇိမထေရ်၏ အတ္တုပ္ပတ္တိလာရှိသဖြင့် ဤကျောင်းတိုက်၌ အရှင်အဿဇိမထေရ်သည် တပည့်ပရိသတ်များစွာနှင့် သီတင်းသုံးတော်မူကြောင်း၊ ဝေဠု-ဝန်ကျောင်းတော်ကို ထောက်သဖြင့်လည်း ရာဇဂြိုဟ်ပြည်ကြီး၏ အနီးအနားဖြစ်ကြောင်း အဋ္ဌကထာ၌ အထူးမပြသော်လည်း ဤပါဠိတော်များဖြင့် ထင်ရှားကြောင်း မှတ်ယူအပ်ကုန်၏။

## ဣန္ဒကူဋပဗ္ဗတဝိဟာရ
## ဣန္ဒကူဋတောင်ပေါ်နတ်ကွန်းကျောင်းတိုက်

ဣန္ဒကနတ်ကွန်းရှိ၍ ဣန္ဒကူဋတောင်၊ ၎င်းနတ်ကွန်းအနီးရှိ ကျောင်းတိုက်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူဖူးကြောင်း **သဂါထာဝဂ်၊ သံယုတ္တနိကာယ်၊ ယက္ခသံယုတ်** *(သံ၊ ၁။ ၂၀၁)*၌---

"ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဣန္ဒကူဋေ ပဗ္ဗတေ ဣန္ဒကဿ ဘဝနေ။

အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဣန္ဒကူဋတောင် ဣန္ဒကနတ်ကွန်း၌ နေတော်မူ၏"စသည်ဖြင့် လာ၍ မြတ်စွာဘုရားသည် တစ်ခါတစ်ရံ ကျောင်းတိုက်တို့၌ သီတင်းသုံးတော်မူကြောင်း၊ ၎င်းကျောင်းတိုက်တို့လည်း ရာဇဂဟေ-ဟူသောပုဒ်ဖြင့် အနီးအနားဖြစ်ကြောင်း-မှတ်သားအပ်၏။

မြတ်စွာဘုရားသည် ဤနတ်ကွန်းကျောင်း၌ သီတင်းသုံးတော်မူစဉ် ဣန္ဒကနတ်သည် မြတ်စွာဘုရားအား ဂါထာတို့ဖြင့် လျှောက်ထားသည်မှာ---

"ရူပံ န ဇီဝန္တိ ဝဒန္တိ ဗုဒ္ဓါ၊ ကထံ နွယံ ဝိန္ဒတိ မံ သရီရံ။
ကုတ'ဿ အဋ္ဌီယက ပိဏ္ဍမေ'တိ၊ ကထံ နွယံ သဇ္ဇတိ ဂဗ္ဘရသ္မိ'တိ။*(သံ၊ ၁။ ၂၀၁)*

ဘုရားရှင်တို့ 'ရုပ် ဇီဝမဟုတ်'ဟု မိန့်ကုန်၏။
အဘယ်သို့လျှင် ဤကိုယ်ခန္ဓာ ရနိုင်ပါသနည်း။
အဘယ်မှ ဤအရိုးစု အသားစိုင်တို့ လာပါသနည်း။
အဘယ်သို့ အမိဝမ်းတိုက်၌ သတ္တဝါတို့ ငြိတွယ်ပါသနည်း"ဟု မေးလျှောက်လျှင်-

"ပဌမံ ကလလံ ဟောတိ။*(သံ၊ ၁။ ၂၀၈)*

အစရှိသော ဂါထာအားဖြင့် ကလလရေကြည်မှ အစပြု၍ အမြှုပ်, သားခဲ, တစ်ခဲနက်, ခက်မ ၅-ဖြာတို့ အစဉ်အတိုင်း ဖြစ်ကြလျက် ရင့်ရော်ကြီးပွါးလာရကြောင်း၊ အမိဝမ်းတွင်း ကိန်းအောင်းကြသော သတ္တဝါတို့မှာ အမိစားသောက်သော အစာအာဟာရဖြင့်သာ မျှတရကြောင်း" မိန့်ကြားဖြေဆိုတော်မူလေ၏။

ဤသို့ မြတ်စွာဘုရားသည် ဤကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ ဣန္ဒကနတ်သားအား သတ္တဝါတို့ ပဋိသန္ဓေတည်နေ ကြီးပွါးလာရခြင်း အကြောင်းများ ဟောကြားတော်မူရာဖြစ်၍ ၎င်းပါဠိတော်အရ ထင်ရှား၏။

## သပ္ပိနိတီရ ဝိဟာရ၊ **သပ္ပိနိမြစ်ကမ်းကျောင်း**

သပ္ပိနီမြစ်ငယ်မှာ တပေါဒါမြစ်ကဲ့သို့ ရာဇဂြိုဟ်ပြည်နှင့် မနီးမဝေး မိုးရေတို့စီးဆင်းရာဖြစ်၍ နဒတိ သန္ဒတီတိ နဒီ-အရ မြစ်-ဟုခေါ်ဆိုရသော ချောင်းငယ်ဖြစ်သင့်၍ ၎င်းချောင်းငယ်, မြစ်ငယ်များလည်း ရာဇဂြိုဟ်မြို့တော်သည် တောင်တို့ဖြင့် ဝိုင်းရံအပ်သည့်အားလျော်စွာ များစွာရှိသဖြင့် ၎င်းတို့တွင် အနီးအနားရှိ မြစ်ငယ်ဖြစ်သင့်၍ ၎င်းမြစ်ကမ်းနား၌ တည်ရှိသော ကျောင်းတိုက်ဖြစ်သောကြောင့် သပ္ပိနိတီရဝိဟာရ် **သပ္ပိနီမြစ်ကမ်းကျောင်း** တိုက်၌ သီတင်းသုံးတော်မူခဲ့ကြောင်းသံယုတ္တနိကာယ၊ **သဂါထာဝဂ္ဂ**၊ ဗြဟ္မသံယုတ်*(သံ၊ ၁။ ၁၅၅)*၌---

"ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ သပ္ပိနီတီရေ။ အထခေါ ဗြဟ္မာ သနင်္ကုမာရော အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏော ကေဝလကပ္ပံ သပ္ပိနီတီရံ ဩဘာသေတွာ ယေန ဘဂဝါ၊ တေနုပသင်္ကမိ။

အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် သပ္ပိနီကျောင်း၌ နေတော်မူ၏။ ထိုအခါ ညဉ့်နက်သန်းခေါင် သနင်္ကုကုမာရ ဗြဟ္မာမင်းသည် လွန်ကဲသော အရောင်အဆင်းဖြင့် သပ္ပိနီကျောင်းတိုက်အလုံး ထွန်းလင်းစေလျက် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၏" စသည်ဖြင့် ထင်ရှားစွာလာ၏။

ထိုသပ္ပိနီမြစ်ဆိပ်ကမ်းကျောင်း၌ သီတင်းသုံးတော်မူစဉ် **သနင်္ကုမာရဗြဟ္မာမင်း** သည်လာ၍ အမျိုးဇာတ်နှင့် စပ်လျဉ်းသော ပြဿနာ လျှောက်ထားသည်ကို မြတ်စွာဘုရားသည် နှစ်သက်သောအားဖြင့် ခွင့်ပြုတော်မူ၍ ဘုရားရှင်အား အရိုအသေပြုပြီးလျှင် ကွယ်ပျောက်သွားကြောင်း ၎င်းသံယုတ်၌ ဆိုသဖြင့်---

- ၎င်းကျောင်းတိုက်၌ သီတင်းသုံးတော်မူသောအခါ များစွာသော နတ်, ဗြဟ္မာများလာရောက် ပြဿနာများ လျှောက်ထားကြကြောင်း
- နတ်, ဗြဟ္မာတို့သည် ညဉ့်၌သာလျှင် လာရောက်ကြ၍ ညဉ့်သန့်တော်မူရာ ကျောင်းတိုက်ဖြစ်ကြောင်း၊
- ရာဇဂဟေ-ဟု လာသဖြင့် ရာဇဂြိုဟ်မြို့တော်၏ အနီးအနားဖြစ်ကြောင်း၊ ၎င်းကျောင်းတိုက်လည်း ၁၈-ရပ်သော ကျောင်းတိုက်တို့တွင် အပါအဝင်ဖြစ်ကြောင်း-

မှတ်ယူအပ်၏။

ဤဆိုခဲ့ပြီးသော မြတ်စွာဘုရား သီတင်းသုံးတော်မူဖူး၍ တရားဓမ္မ ဟောပြတော်မူရာဖြစ်သော ကျောင်းတိုက်များကို ထောက်ဆသဖြင့် စောရပပါတ ခိုးသူကျကျောင်းတိုက်

စသည် ဆိုခဲ့ပြီးကျောင်းတိုက်တို့တွင် မပါဝင်သော ကျောင်းတိုက်များမှာလည်း တစ်စုံတစ်ခု အကြောင်းပြုကာ အခြင်းအရာ အတ္ထုပ္ပတ်ဖြင့် ဟောကြားတော်မူအပ်သော သုတ်များ ထင်ရှားမရှိသော်လည်း "ရဟန်းအများ သီတင်းသုံးကြ၍ ကျောင်းအာဝါသအသီးသီး ပြည့်စုံကြသဖြင့် ရဟန်းတို့အား ကျောင်း, အိပ်ရာ, နေရာ ညွှန်ကြားသော ကျောင်းဖြစ်ကြောင်း" အရှင်ဒဗ္ဗဝတ္ထု၌ ထင်ရှားစွာလာသည်ကို ထောက်ဆ၍ ထင်ရှားသိအပ်၏။ ၎င်းပြင် မြတ်စွာဘုရားလက်ထက်တော်က ရှိကြသော ကျောင်းတိုက်တို့ကား စင်စစ် နေရာဌာနအားဖြင့် မြို့နှင့် မလှမ်းမကမ်း နာတိဒူရ, နစ္စာသန္န မနီးမဝေးဖြစ်သော အရပ်တို့မှာသာ ရွေးချယ်ကြကြောင်းများကိုလည်း ၎င်းကျောင်းတို့နှင့် စပ်သော သုတ္တန်များအားဖြင့် ထင်ရှား၏။

✪ ✪ ✪ ✪ ✪

## ပရိဗိုဇ်အာရာမ်များ

ထိုဆိုခဲ့ပြီးသော ကျောင်းတိုက်ကြီးများအပြင် ထင်ရှားကျော်စောသော ပရိဗိုဇ်အာရာမ်ကြီးများလည်း ရှိကြ၍ အချို့အာရာမ်တို့၌ မြတ်စွာဘုရားသည် အကြောင်းအတ္ထုပ္ပတ်အားလျော်စွာ ၎င်းတို့အာရာမ်သို့ မြတ်စွာဘုရားကြွတော်မူပြီး တရားဓမ္မ ဟောပြသည်ကို ကြည်ညိုနှစ်သက်ကြကြောင်း၊ အချို့လည်း သာသနာတော်၌ သက်ဝင်ယုံကြည်ကြကြောင်း နိကာယ်သုတ္တန်*(ဒီ၊ ၃။ ၃၀)*တို့၌ ထင်ရှားလာသည်မှာ---

### ဥဒုမ္ဗရိက ပရိဗ္ဗာဇကာရာမ

မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်ပေါ်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သန္ဓာနသူကြွယ်နှင့် နိဂြောဓပရိဗိုဇ်တို့ ဝါဒပြိုင်လျက် စကားပြောဆိုနေကြသည်ကို အကြောင်းပြု၍ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းသက်တော်မူပြီးလျှင် မောရနိဝါပ၌ စင်္ကြံကြွတော်မူပြီးနောက် ၎င်းတို့အာရာမ်သို့ ကြွသွားတော်မူကာ ၎င်းတို့ဝါဒအားလျော်စွာ တရားဟောကြားတော်မူကြောင်း ဒီဃနိကာယ်၊ ပါထေယျဝဂ်၊ ဥဒုမ္ဗရိကသုတ်*(မ၊ ၂။ ၁၉၄)*၌ လာ၏။

### မောရနိဝါပ ပရိဗ္ဗာဇကာရာမ

၎င်းပရိဗိုဇ်အာရာမ်သည်လည်း ရာဇဂြိုဟ်မြို့တော်အနီးတွင် ထင်ရှားသော အာရာမ်ကြီးဖြစ်၍ တရံသောအခါ မြတ်စွာဘုရားသည် ၎င်းသို့ ကြွသွားတော်မူပြီး သကုလုဒါယိပရိဗိုဇ်အား တရားဟောတော်မူသဖြင့် များစွာသော ပရိဗိုဇ်ပရိသတ်တို့ နှစ်သက်ကြကြောင်း၊ ၎င်းသကုလုဒါယီပရိဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူသောကြောင့်

မဟာသကုလုဒါယိသုတ်မည်ကြောင်း မဇ္ဈိမနိကာယ်၊ မဟာသကုလုဒါယိသုတ်*(မ၊ ၂။ ၁၉၄)*၊ ၎င်းစူဠသကုလုဒါယီသုတ်*(မ၊ ၂။ ၂၂၁)*တို့၌ လာ၏။

### သိဋ္ဌယ ပရိဗ္ဗာဇကာရာမ

၎င်းအာရာမ်၌ကား မြတ်စွာဘုရား ကြွသွားတော်မူ၍ တရားဟောပြတော်မူရာဌာန မဟုတ်သော်လည်း မြတ်စွာဘုရား၏ တပည့်ကြီးများဖြစ်ကြသော အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ်နှင့် အရှင်မောဂ္ဂလာန်မထေရ်တို့ လက်ဦးစွာ တရားရှာဖွေကြစဉ် ၎င်းအာရာမ်အတွင်း၌ ရဟန်းပြုကြ၍ အဿဇိမထေရ်နှင့် တွေ့ရှိမှသာ တရားမှန်သို့ ရောက်ကြပြီး သိဋ္ဌည်း၏ တပည့်များကိုခေါ်ဆောင်ကာ မြတ်စွာဘုရားအထံတော်သို့လာကြ၍ တရားတော်နာရသဖြင့် ဧဟိဘိက္ခု ဖြစ်တော်မူကြကြောင်း ဝိနည်းမဟာဝါ၊ မဟာခန္ဓက*(ဝိ၊ ၃။ ၅၀)*၌ လာသဖြင့် ထင်ရှားသော အရာတခုဖြစ်၏။

၎င်းပြင် အရှင်ရာဟုလာ သီတင်းသုံး၍ အရှင်ရာဟုလာအား ဆုံးမတော်မူသော ရာဟုလောဝါဒသုတ် ဟောကြားတော်မူရာ အမ္ဗလဋ္ဌိကကျောင်း စသည်မှာကား အဋ္ဌကထာဖွင့်ဆိုချက်အရ ဝေဠုဝန်ကျောင်းတော်ကြီး၏ အစွန်းအနားကျသော စိတ်ငြိမ်ရာ ကျောင်းငယ် ကျောင်းရံမျှသာ ဖြစ်လေသည်။

✪ ✪ ✪ ✪ ✪

## မဂဓနိုင်ငံ၊ နယ်ပယ် မြို့, ရွာ, နိဂုံးများ

မဂဓနိုင်ငံ၏ လက်အောက်ခံဖြစ်သော အင်္ဂတိုင်းကား ဗုဒ္ဓမြတ်စွာခေတ်၌ မဂဓနိုင်ငံတော်အတွင်း ပါဝင်သော်လည်း တိုင်းသီး တိုင်းခြားဖြစ်၍ ၎င်း၌ပါဝင်သော ရေးသားဖွယ် မြို့, ရွာ, နိဂုံးများ ရေးသားပြီးဖြစ်သဖြင့် အထူးရေးသားဖွယ်မရှိပေ။

## မဂဓတိုင်း၊ နယ်အတွင်းရှိ မြို့, ရွာ, နိဂုံးများကား

"အသီတိယာ ဂါမသဟဿေသု ကုလပုတ္တာနံ ဣဿရာဓိပစ္စံ ကာရေတိ။ ကျေးရွာ ရှစ်သောင်းတို့၌ အုပ်ချုပ်တော်မူ၏"ဟု အင်္ဂ, မဂဓ ၂-တိုင်းအတွင်းရှိ ကျေးရွာ, နိဂုံးများ အရှင်သောဏ-မထေရ်ဝတ္ထု၌ ဖော်ပြသည်အားလျော်စွာ အများပင်ရှိစေကာမူ မြတ်စွာဘုရား တရားဓမ္မဟောပြတော်မူရာ မြို့, ရွာ, နိဂုံးများနှင့် သာသနာတော်နှင့်စပ်သောအကြောင်း အတ္ထုပ္ပတ္တိရှိရာ ဌာနများကိုသာ လိုအပ်သည်ဖြစ်၍ ပါဠိ, အဋ္ဌကထာ, ပိဋကကျမ်းဂန်တို့တွင်ပါဝင်

သော မြို့ရွာများကိုသာ ရေးသားဖော်ပြရပေမည်။ ၎င်းပါဠိ, အဋ္ဌကထာများသည် ဓမ္မဓိဋ္ဌာန်များ ဟောကြားဖွင့်ပြကြသည်အားလျော်စွာ မြို့, ရွာ, နိဂုံး, အရပ်ဒေသ ပဓာနမဟုတ်သဖြင့် အသေအချာ မဖွင့်ပြသော်လည်း များသောအားဖြင့် အမှန်ဟု ယူဆနိုင်လောက်အောင် စဉ်းစားနှိုင်းချိန်လျက် ရေးသားဖော်ပြရပေမည်။

## မဂဓတိုင်းနယ်ကြီးများ

မဂဓတိုင်း၌ ပါဠိတော်များထောက်ထား၍ ခွဲခြားသင့်သော လက်အောက်တိုင်းနယ်ကြီးများမှာ---

၁။ ဥရုဝေဠဇနပဒ --- ဥရုဝေဠတိုင်းနယ်

၂။ ဒက္ခိဏာဂိရိဇနပဒ --- ဒက္ခိဏာဂိရိတောင်ကုန်းနယ်

၃။ မဂဓခေတ္တဇနပဒ --- မဂဓလယ်ကျင်းနယ်မြေ---

အားဖြင့် တိုင်းနယ်ကြီး ၃-ခု ပိုင်းခြားလျက်ရှိကုန်၏။

၎င်းတိုင်းနယ်များ၌ သာသနာဝင်အရ ထင်ရှားသောမြို့တို့မှာ---

၁။ နာလန္ဒပုရ --- နာလန္ဒမြို့

၂။ ပါဋ္ဌလိပုတ္တနဂရ --- ပါဋ္ဌလိပုတ်မြို့

၃။ သေနနိဂမ --- သေနမြို့

၄။ ဂယာသီသနဂရ --- ဂယာသီသမြို့

၅။ မာတုလနဂရ --- မာတုလမြို့

၆။ ဝေဠုကဏ္ဍကီနဂရ --- ဝေဠုကဏ္ဍကီမြို့-

စသည်တို့သာ သာသနာဝင်ကျမ်းဂန်, ပိဋကတ်များအရ ထင်ရှားသော မြို့များဖြစ်ကြကုန်၏။

**ရွာများ** ၎င်းမဂဓတိုင်းနယ်၌ အသီတိယာ ဂါမသဟဿေသု-အရ ကျေးရွာပေါင်း ရှစ်သောင်းမျှ ရှိသော်လည်း သာသနာဝင်အရ ထင်ရှားသော မြို့, ရွာများသာ ဤအရာ၌ လိုအပ်သဖြင့် ကျမ်းဂန်အရ မြတ်စွာဘုရား ကြွသွားသီတင်းသုံးတော်မူရာ, တရားဓမ္မ ဟောပြတော်မူရာ ကျေးရွာများကိုသာ အတ္တုပ္ပတ်အားလျော်စွာ ရေးသားဖော်ပြသင့်သည့်အတိုင်း ၎င်းတို့မှာ---

၁။ အမ္ဗသဏ္ဍာဂါမ --- **အမ္ဗသဏ္ဍာသရက်အုပ်ရွာ**
၂။ အန္ဓကဝိန္ဒဂါမ --- **အန္ဓကတောနက်ရွာ**
၃။ မဟာတိတ္ထဗြာဟ္မဏဂါမ--- **မဟာတိတ္ထ ပုဏ္ဏားရွာ**
၄။ နာလကဂါမ --- **နာလကရွာ**
၅။ ဧကနာဠဂါမ --- **ဧကနာဠရွာ**
၆။ ခါဏုမတဗြာဟ္မဏဂါမ --- **ခါဏုမတပုဏ္ဏားရွာ**
၇။ ပဉ္စသာလဗြာဟ္မဏဂါမ --- **ပဉ္စသာလပုဏ္ဏားရွာ**
၈။ ဧကနာလဗြာဟ္မဏဂါမ --- **ဧကနာလပုဏ္ဏားရွာ**
၉။ ကလ္လဝါဠမုတ္တဂါမ --- **ကလ္လဝါဠမုတ္တရွာ-**

စသော ရွာများဖြစ်ကြ၍ ၎င်းတို့၌ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ တရားဓမ္မ ဟောပြတော်မူရာများဖြစ်ကြကြောင်း ဟောကြားတော်မူအပ်သော သုတ္တန်ဒေသနာတို့ဖြင့် ထင်ရှား၏။

ထိုမြို့, ရွာ, နိဂုံးများမှတပါး မြတ်စွာဘုရားသည် မဂဓတိုင်း၌ ထင်ရှားသော---

- မဏိမာဏိကစေတိယ --- မဏိမာဏိက နတ်ကွန်း, နတ်နန်း
- မဏိဘဒ္ဒ စေတိယ --- မဏိဘဒ္ဒ နတ်ကွန်း
- ဋင်္ကိတက သုစိလောမဘဝန --- ဋင်္ကိတက သုစိလောမ နတ်ကွန်း
- ပါသာဏ စေတိယ --- ပါသာဏ နတ်ကွန်း
- ဗဟုပုတ္တ စေတိယ --- ဗဟုပုတ္တ နတ်ကွန်း

စသော နတ်ကွန်း, နတ်နန်းတို့၌လည်း အကြောင်းအားလျော်စွာ ကြွတော်မူ၍ မြတ်သော တရားဒေသနာတို့ကို ဟောကြား, သတ္တဝါတို့ကို အမြိုက်အရသာ သုံးစားတော်မူစေသော ဌာနများလည်းရှိကြကုန်၏။

✪ ✪ ✪ ✪ ✪

## ဥရုဝေဠဇနပဒ၊ ဥရုဝေဠတိုင်း

၎င်းတိုင်းနယ်ကား မြတ်စွာဘုရား မြတ်သောတရားတော်ကို ရှာဖွေတော်မူဆဲ အလောင်းတော် ဖြစ်စဉ်ကပင် ထိုဥရုဝေဠ တိုင်းနယ်၏ ကြည်လင်သာယာသော မြစ်, ချောင်းငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်အေးချမ်း စိမ်းလန်းစိုပြေသဖြင့် တရားအားထုတ်ရန် သင့်လျော်သောအရပ် ဖြစ်သည်အားလျော်စွာ ဒုက္ကရစရိယာ အကျင့်မြတ် ၆-နှစ်တိုင်တိုင် ကျင့်အပ်သောအရပ်ဖြစ်၍ သာသနာဝယ် အထူးရေးသားဖွယ် မရှိကုန်။

ၚင်းပြင် ဘုရားအလောင်းတော် အမိဋ္ဌာန်၍ သူဌေးသမီး **သုဇာတာ** လှူဒါန်းသော ရွှေခွက်မျှောရာ အေးမြကြည်လင် သာယာလှစွာသော နေရဉ္ဇရာမြစ်ငယ်သည်လည်း ၚင်းတိုင်းနယ်၌ ရှိ၍ ဘုရားဖြစ်တော်မူမည့်အခါ ရှေးဦးစွာ ဃနာနို့ဆွမ်း လှူဒါန်းရသော သူဌေးသမီး သုဇာတာ၏ နေထိုင်ရာ **သေနနိဂုံး** သို့မဟုတ် သေနမြို့သည်လည်း ၚင်းတိုင်းနယ်၌ပင် ရှိလေသည်။

✪ ✪ ✪ ✪ ✪

## ဒက္ခိဏာဂိရိ တောင်ဘက်တောင်ကုန်းတိုင်းနယ်

ၚင်းတိုင်းနယ်သည် ရာဇဂြိုဟ်မြို့တော်ကြီး၏ တောင်ဘက်ကျ၍ တောင်ကုန်းထူထပ်သော မဂဓတောင်ပိုင်း တိုင်းနယ်ဖြစ်၍ ထိုတိုင်းနယ်များသို့ မြတ်စွာဘုရားသည် တခါတရံ ဒေသစာရီကြွတော်မူပြီးလျှင် များစွာသော ဝေနေယျတို့အား တရားဒေသနာ ဟောကြားတော်မူရာ တိုင်းနယ်ဖြစ်သောကြောင့် လက်ထက်တော်၌ ထင်ရှားသော တိုင်းနယ်ကြီးတစ်ခု ဖြစ်၏။

အထူးအားဖြင့် အရှင်အာနန္ဒာမထေရ်မြတ်သည် မစောင့်စည်းသော ဣန္ဒြေရှိကြ၍ သိက္ခာဝါငယ်ကြကုန်သော ရဟန်းငယ်အများနှင့် ဒက္ခိဏာဂိရိတောင်ကုန်း တိုင်းနယ်သို့ ခရီးဒေသစာရီ ထွက်ကြသောအခါ ၚင်းရဟန်းငယ် ၃၀-မျှလောက် သာသနာဘောင်မှ လျှောကျ လူထွက်ခြင်းတို့ကို အကြောင်းပြု၍ အရှင်အာနန္ဒာမထေရ် ဝေဠုဝန်ကျောင်း ရောက်လျှင် အရှင်မဟာကဿပသည်---

"သဿယာတံ မညေ စရသိ၊ ကုလူပဃာတံ မညေ စရသိ၊ ဩလုဇ္ဇတိ ခေါ တေ အာဝုသော အာနန္ဒ ပရိသာ၊ ပလုဇ္ဇန္တိ ခေါ တေ အာဝုသော နဝပ္ပါယာ။ နဝါယံ ကုမာရကော မတ္တ'မညာသိ။ *(သံ၊ ၁။ ၄၁၈)*

ကောက်ဖျက်ဆီးရန်ကဲ့သို့ သွားဘိ၏တကား၊
ဒကာတို့ ညှဉ်းဆဲရန်ကဲ့သို့ သွားဘိ၏တကား၊
ငါ့ရှင် အာနန္ဒာ၊ သင့်ပရိသတ်တို့ ပျက်စီးဘိ၏၊
ငါ့ရှင်၊ သင့်ပရိသတ်တို့ ဖရိုဖရဲ ဖြစ်ကုန်ဘိ၏၊

ဤသူငယ်ကား အတိုင်းအရှည်မျှ မသိတတ်လှ" ဟု အရှင်အာနန္ဒာကို မည်တွင်ပြောဆိုတော်မူ၏။ ထိုစကားကို နာခံတော်မူ၍ အရှင်အာနန္ဒာသည်---

"အပိ မေ ဘန္တေ ကဿပ သိရသ္မိံ ပလိတာနိ ဇာတာနိ၊ အထ စ ပန မယံ အဇ္ဇာပိ အာယသ္မတော မဟာကဿပဿ ကုမာရကဝါဒါ န မုစ္စာမာတိ။*(သံ၊ ၁။ ၄၁၈)*

အရှင်ဘုရား ကဿပ၊ စင်စစ်တပည့်တော် ဦးခေါင်းမှာ ဆံပင်ဖြူများ ပေါက်နေပါပြီ။ သို့ပင်သော်လည်း တပည့်တော်မှာ အရှင်ဘုရားကဿပ၏ ကလေး-ဟု ခေါ်ဆိုခြင်းမှ ယနေ့အထိ မလွတ်ပါ"ဟု လျှောက်ထားပြောဆိုကြောင်း---

ထိုမှတပါး အကြောင်းအတ္တုပ္ပတ်အားလျော်စွာ အရှင်မဟာကဿပသည် **ထုလ္လနန္ဒာ ဘိက္ခုနီမ**၏ 'အရှင်မဟာကဿပက အရှင်အာနန္ဒာအား ပြောရသလား'ဟု မဆင်ခြင် ပြောဆိုမိသောအားဖြင့် ရဟန်းဖြစ်ခြင်း၏ အကြောင်းအရာကို ဟောကြားတော်မူကြောင်း-

ထိုမှတပါး တရံသောအခါ အရှင်သာရိပုတ္တရာမထေရ်နှင့် အရှင်မောဂ္ဂလာန်မထေရ်တို့သည် ဒက္ခိဏာဂိရိသို့ ခရီးဒေသစာရီ ကြွချီတော်မူကြသောအခါ အစဉ်အတိုင်း **ဝေဠုကဏ္ဍကီမြို့**သို့ ရောက်တော်မူကြကြောင်း---

ငင်းမြို့၌ နေထိုင်သော **နန္ဒမာတာ ဥပါသိကာမကြီး**သည် ညဥ့်အခါ **ပါရာယနသုတ်**ကို အသံထားလျက် ရွတ်ဆိုနေစဉ် ဝေဿဝဏ္ဏနတ်မင်းကြီး ကောင်းကင်ခရီးက သွားခိုက် ကြုံကြိုက်သဖြင့် ရပ်နားကာ တရားနာပြီးသည့်အဆုံး ၃-ခွန်းသော သာဓု ခေါ်ပြီးလျှင် "အရှင်သာရိပုတ္တရာမထေရ်နှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်တို့ နက်ဖန် ကြွလာလိမ့်မည်"ဟု နတ်မင်းကြီးက ပြောကြားသဖြင့် သိရ၍ အသင့် နက်ဖန် အလို့ငှာ ဆွမ်းဘောဇဉ်များ ပြင်ဆင်ထားကြောင်း---

ထိုအရှင်များသည် နံနက် ဆွမ်းမဘုဉ်းပေးရသေးဘဲ ကြွရောက်တော်မူလာကြသောအခါ ဥပါသိကာမကြီးသည် ယောကျ်ားတစ်ယောက်အား အာရာမ်သို့သွား၍ မထေရ်တို့အား အပင့်ခိုင်းသဖြင့် ကြွတော်မူလာကြကြောင်း---

ဆွမ်းဘုဉ်းပေးပြီးနောက် ဝေဿဝဏ္ဏနတ်မင်းကြီးနှင့် စကားနှီးနှောပြောဆိုခဲ့ရသည်ကို ရဟန်းတို့ အံ့သြကြ၍ ထိုအခါ နန္ဒမာတာ ဥပါသိကာမကြီးက "ဤမျှသာ မဟုတ်ပါသေး-

သူ၏ခင်ပွန်းသည်ယောကျ်ား ကွယ်လွန်ပြီးနောက် ရှေးသဏ္ဌာန်အတိုင်း ကိုယ်ဟန်ပြသည်ကို စိတ်ဖောက်ပြန်ခြင်း မရှိကြောင်း---

သူ၏သား ရာဇဝတ် ပြစ်ဒဏ်အားဖြင့် သတ်ဖို့ရန် မင်းချင်းများ အပြင်းအထန် ညဉ်းဆဲ ခေါ်ဆောင်သွားသည်ကို စိတ်အားဖြင့် ဖောက်ပြန်ခြင်း မရှိကြောင်း" စသည်ဖြင့် နန္ဒမာတာ ဥပါသိကာဒကာမကြီး၏ အံ့သြဖွယ်ရာဖော်ပြသော အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ပဥ္စမမဟာယညဝဂ်၌ လာ၏။

ၡင်းသုတ္တန်ကို ထောက်ဆ၍-

- ဒက္ခိဏာဂီရိတောင်ကုန်းနယ်မှာ ဝေဠုကဏ္ဍကီမြို့ ရှိသင့်ကြောင်း၊
- ၎င်းမြို့၌ ရဟန်းများ သီတင်းသုံးနေတော်မူရာ ကျောင်းတိုက်အာရာမ်ရှိကြောင်း၊
- ထိုကြောင့် ၎င်းအာရာမ်သို့ မထေရ်များ ကြွရောက်တော်မူလာလျှင် နန္ဒမာတာ ဥပါသိကာမကြီးသည် ယောက်ျားတစ်ယောက်စေ၍ အာရာမ်၌ ရောက်လာကြသော အာဂန္တုမထေရ်မြတ်တို့အား ပင့်ကြောင်း-

သိရသဖြင့် ၎င်းမြို့ကား ကျောင်းအာဝါသတို့ဖြင့် သာသနာတော် ထွန်းကားစည်ပင်သော အရပ်ဒေသ မြို့နယ်ဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## မဂဓ ခေတ္တ ဇနပဒ

မဂဓလယ်ကျင်း တိုင်းနယ်မြေမှာ ထိုဆိုခဲ့ပြီး ဒက္ခိဏာဂီရိတိုင်းနယ်မြေနှင့် စပ်၍ ၎င်း၌ အပိုင်းအစိတ်အားဖြင့် တည်ရှိသော နယ်မြေဖြစ်၍ ၎င်းမဂဓလယ်ကျင်းသို့ မြတ်စွာဘုရား ခရီးဒေသစာရီ ကြွတော်မူသောအခါ ၎င်းမဂဓလယ်ကျင်းကို အတုယူလျက် သင်္ကန်းဆိုးခြင်း, ဖြတ်ခြင်းကို ခွင့်ပြုပညတ်တော်မူကြောင်း ဝိနယပိဋက၊ မဟာဝဂ္ဂ၊ စီဝရက္ခန္ဓက*(ဝိ၊ ၃။ ၄၀၀)*၌---

အထ ခေါ ဘဂဝါ ရာဇဂဟေ ယထာဘိရန္တံ ဝိဟရိတွာ ယေန ဒက္ခိဏာဂိရိ၊ တေန စာရိကံ ပက္ကာမိ။ အဒ္ဒသာ ခေါ ဘဂဝါ မဂဓခေတ္တံ အစ္ဆိဗဒ္ဓံ ပါဠိဗဒ္ဓံ မရိယာဒဗဒ္ဓံ သိင်္ဃာဋကဗဒ္ဓံ။

ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်သမျှ သီတင်းသုံးတော်မူပြီးလျှင် ဒက္ခိဏာဂီရိသို့ ဒေသစာရီ ကြွချီတော်မူသောအခါ မဂဓလယ်ကျင်းများ၌---

လေးထောင့်ကန်သင်းဖွဲ့ခြင်း, ကန်သင်းလျှားဖွဲ့ခြင်း, ကန်သင်းတို ဖွဲ့ခြင်း, ကန်သင်းဆုံ ဖွဲ့ခြင်းတို့ကို မြင်တော်မူလေ၏- စသည်ဖြင့် လာ၏။

ဤသို့ မြတ်စွာဘုရားသည် မဂဓလယ်ကျင်းကို မြင်တော်မူ၍ ၎င်းလယ်ကျင်း သဏ္ဌာန်အားဖြင့် သင်္ကန်းဖြတ်ခြင်း, ချုပ်ခြင်းတို့၌ အရှင်အာနန္ဒာအား ၎င်းလယ်ကျင်း သဏ္ဌာန် အခန်းကြီး, အခန်းငယ်, မြောင်းကြီး, မြောင်းငယ် အနားပတ်ဖွဲ့လျက် ကောင်းစွာ စီရင်အပ်သည်ကို မြတ်စွာဘုရား ချီးမွမ်းတော်မူပြီးလျှင် ဒုကုဋ်, သင်းပိုင်, ကိုယ်ရုံတို့၌

အယုတ်ဆုံး ၅-ဖြတ်ဖြတ်ခြင်းကို ဤဒက္ခိဏာဂီရိ မဂဓလယ်မြေအတွင်း၌ ခွင့်ပြုပညတ်တော်မူ၏။

ထိုဒက္ခိဏာဂီရိ မဂဓလယ်မြေအတွင်း၌ များစွာသော လယ်ပိုင်ရှင်များ ထိုလယ်ပိုင်ရှင်များ ပိုင်ဆိုင်အုပ်ချုပ်သောရွာကြီးများလည်း ရှိကြသဖြင့် ထိုရွာကြီးများသို့ ကျွတ်ထိုက်သော ဝေနေယျအားလျော်စွာ မြတ်စွာဘုရား တခါတရံ ကြွသွားတော်မူလေ့ရှိကြောင်း

သုတ္တနိပါတ်၊ **ကသိဘာရဒွါဇသုတ်** စသည်တို့၌ ထင်ရှားစွာလာသည်ကို ထောက်ဆ၍သိအပ်၏။

တရံသောအခါ မြတ်စွာဘုရားသည် ဒက္ခိဏာဂီရိ မဂဓလယ်မြေ နယ်အတွင်းရှိ **ဧကနာဠပုဏ္ဏားရွာ**အနီး လယ်မြေ၌ ကသိဘာရဒွါဇပုဏ္ဏားကြီးသည် ထွန်ပေါင်းငါးရာနှင့် လယ်ထွန်မင်္ဂလာ ကျင်းပရာအရပ်သို့ ကြွသွာတော်မူစဉ်---

ပုဏ္ဏားကြီးက "အရှင်ဘုရား၊ တပည့်တော်တို့လို ထွန်ယက်စိုက်ပျိုး ဘုဉ်းပေးတော်မူပါ"ဟု လျှောက်ထားသည်ကို အကြောင်းပြု၍ "ငါဘုရားလည်း ထွန်ယက် စိုက်ပျိုးစားသောက်ကြောင်း--

သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ၊ ပညာ မေ ယုဂနင်္ဂလံ။
ဟိရီ ဤသာ မနော ယောတ္တံ၊ သတိ မေ ဖာလပါစနံ။ ။*(သုတ္တနိပါတ၊ ၂၉၀)*

**သဒ္ဓါ-မျိုးစေ့, အကျင့်-မိုးရွာ၍ ပညာ-ထမ်းပိုးထွန်သန်၊ ဟိရီ-ထွန်ကိုင်း၊ စိတ်-ကြိုးဖြင့် သတိ-ထွန်သွား နှင်တံကိုင်ကာ၊ အမြိုက်အရသာ-အသီးအနှံရဖို့ရန် ငါဘုရားကား ထွန်ယက်စားသောက်ကြောင်း"** အမိန့်ရှိတော်မူသောအခါ ထိုကသိဘာရဒွါဇပုဏ္ဏားကြီး အလွန်ကြည်ညိုသက်ဝင်ကာ မြတ်စွာဘုရားအထံ ရဟန်းအဖြစ် တောင်းပန်လျှောက်ထား၍ ရဟန်းအဖြစ်ကို ရသည်အားလျော်စွာ မမေ့မလျော့ ရဟန်းတရား အားထုတ်သဖြင့် မကြာမီ ရဟန္တာအဖြစ်သို့ ရောက်ကြောင်း ၎င်းသုတ်၌ အကျယ်လာ၏။

ဤသို့လျှင် မဂဓတိုင်းကြီးအတွင်းမှာ မြတ်စွာဘုရားသည် မြတ်သောအကျင့်ကို ကျင့်တော်မူရာ ဘုရားအဖြစ်သို့ ရောက်အံ့ဆဲဆဲမှာ သုဇာတာ ယနာနို့ဆွမ်း ဘုဉ်းပေးတော်မူပြီးနောက် ရွှေခွက်တော် မိဋ္ဌာန်လျက် မျှောရာဖြစ်သော ကြည်လင်အေးမြသာယာလှသည့် ဆိပ်ကမ်းတို့နှင့်ပြည့်စုံသော နေရဥ္စရာမြစ် တည်ရှိရာ ဥရုဝေဠဇနပဒတိုင်းနယ်နှင့် ဆိုခဲ့ပြီး ဒက္ခိဏာဂီရိတောင်ကုန်းနယ်မြေ၊ ၎င်းနှင့်စပ်လျက် မဂဓခေတ္တ မဂဓလယ်မြေနယ်အားဖြင့် နယ်ကြီး ၃-ခု ပိုင်းခြားခဲ့စိတ်လျက်ရှိကြောင်း၊ ၎င်းနယ်များအတွင်း၌လည်း များစွာသော မြို့, ရွာ, နိဂုံးများရှိကြောင်း၊ သို့သော်လည်း ထင်ရှားသော နိဂုံး, မြို့, ရွာ ဝေနေယျအား

လျော်စွာသော မြတ်စွာဘုရား ကြွသွားတော်မူလေ့ရှိကြောင်း ထိုမြို့, ရွာ, နိဂုံးများကိုသာ ဖော်ထုတ်ရေးသားရန်လိုကြောင်း မှတ်သားရာ၏။

## မဂဓတိုင်းနယ်မြို့များ

မဂဓတိုင်း၌ ကျေးရွာပေါင်း ရှစ်သောင်းရှိသည်အားလျော်စွာ များစွာသော မြို့ကြီး, မြို့ငယ်, နိဂုံးများ ရှိခဲ့မည်ကား အမှန်ပင်ဖြစ်ငြားသော်လည်း ဝေနေယျအလိုက် ကျွတ်ထိုက်သူရှိရာ မြို့, ရွာ, နိဂုံးများသာလျှင် ကျမ်းဂန်တွင် ထင်ရှား၍ ၎င်းတို့ကိုသာ ရေးသားဖော်ထုတ်အပ်သည့်အတိုင်း ပါဠိ, အဋ္ဌကထာလာ မြို့, ရွာများကိုသာ ရေးသားပြီး အစဉ်အတိုင်း ဖော်ထုတ်ပေးအံ့။

## ၁။ နာလန္ဒပုရ၊ နာလန္ဒမြို့

ဤနာလန္ဒမြို့ကား မြတ်စွာဘုရားလက်ထက်တော်၌ ထင်ရှားသော မြို့ကြီးတစ်မြို့ ဖြစ်သည့်အပြင် သာသနာဝင်အစဉ်အတိုင်း ကျော်ကြားခဲ့သော မြို့ကြီးဖြစ်ကြောင်း၊ ၎င်းမြို့ကြီး၌ ထင်ရှားသော ပါဝါရိကသူဌေးကြီးရှိ၍ ၎င်းသည် ၎င်း၏သရက်ဥယျာဉ်အတွင်း ဆောက် လုပ်လှူဒါန်းထားသော ခမ်းနားကြီးကျယ်သော ပါဝါရိကမ္ဗဝန အာရာမပါဝါရိက သရက် ဥယျာဉ်ကျောင်းတိုက်ကြီးလည်း ထင်ရှားရှိခဲ့လေသည်။ ထိုနာလန္ဒမြို့သို့ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တော်မှ ခရီးဒေသစာရီ ကြွချီတော်မူလျှင် ရောက်တော်မူသည်သာ များကြောင်း ဒီဃနိကာယ်၊ ဗြဟ္မဇာလသုတ်, မဟာပရိနိဗ္ဗာနသုတ် စသည်တို့ဖြင့် ထင်ရှား၍ ၎င်းမြို့သို့ ရောက်သောအခါလည်း ပါဝါရိကမ္ဗဝန ပါဝါရိကသရက်ဥယျာဉ်ကျောင်းတိုက်၌သာ သီတင်း သုံးတော်မူလျက် များစွာသော သုတ္တန်များ ဟောကြားတော်မူကြောင်း နိကာယ်တို့၌ ဟောကြားတော်မူသော သုတ္တန်တို့ဖြင့် ထင်ရှား၏။

၎င်းမြို့ကား မြတ်စွာဘုရား တရားဓမ္မမပြန့်မီ ရှေးက နိဂဏ္ဌနာဋပုတ္တ၏ အယူဝါဒ စွဲမြဲယုံကြည်ကြ၍ ၎င်းဝါဒ ထွန်းကားရာ မြို့ဖြစ်သော်လည်း မြတ်စွာဘုရား ကြွသွားတော်မူပြီး၍ ၎င်းပါဝါရိကမ္ဗဝန ပါဝါရိကသရက်ဥယျာဉ်ကျောင်းတိုက်ကြီး အလှူခံယူတော်မူပြီးနောက် ၎င်းမြို့တွင် ထင်ရှားသော နိဂဏ္ဌတို့၏ဒကာ ဥပါလိသူဌေးကြီး ဗုဒ္ဓမြတ်စွာ၏ အယူဝါဒသို့ ပြောင်းလဲကာ ထင်ရှားသော ဗုဒ္ဓဘာသာသူဌေးကြီး ဖြစ်လာသောအခါ မြတ်စွာဘုရား၏သာသနာ ထွန်းတောက်လာလျက် ဗုဒ္ဓနိုင်ငံတော်အောက်သို့ ရောက်ရှိလာခဲ့လေသည်။

ဥပါလိသူဌေးကြီးကား နိဂဏ္ဌာတို့၏ ထင်ရှားခိုင်မြဲ၍ အထောက်အပံ့ ဥပါသကာကြီးဖြစ်ဖြစ်ခဲ့ရာ ဒီဃတပဿီနိဂဏ္ဌာတပည့်ကြီး မြတ်စွာဘုရားနှင့် တွေ့၍ သာရဏီယ စကား ပြောကြားပြီးနောက် နိဂဏ္ဌာအယူဖြင့် "ကာယဒဏ်, ဝစီဒဏ်, မနောဒဏ် ၃-ပါးတွင် ကာယဒဏ်သာ ကြမ်းတမ်း၍ အပြစ်ကြီးလေသည်"။

ဗုဒ္ဓအယူဖြင့် "ကာယကံ, ဝစီကံ, မနောကံ ၃-ပါးတွင် မနောကံသာ သိမ်မွေ့ထက်မြက်၍ ကြီးမားသည်"ဟု ဝါဒအငြင်းဖြစ်ပွါးပြီး ၎င်းတို့ နိဂဏ္ဌနာဋပုတ္တဆရာကြီးအား ပြောကြားသည်တွင် ဥပါလိဒကာ သူဌေးကြီးအား ယုံကြည်သောအားဖြင့် လွှတ်လိုက်သော်လည်း မြတ်စွာဘုရားအထံသို့ ရောက်၍ မနောကံကြီးမားကြောင်း၊ "ကိုယ်ဖြင့် လူအရာထောင်(ကို) ပြာအတိဖြစ်အောင် နာလန္ဒာမြို့ကြီးကို မပြုလုပ်နိုင်စေကာမူ မနောမယိဒ္ဓိတန်ခိုး ရှိသူကား စိတ်တန်ခိုးအားဖြင့် ဤမြို့ကဲ့သို့ ၁၀-မြို့ကိုပင် ပြာအတိ ဖြစ်အောင် ပြုလုပ်နိုင်ကြောင်း" ဟောကြား၍ မနောကံကြီးမားကြောင်း သဘောသက်ဝင်လျက် အစဉ်အတိုင်း တရားစကား မြတ်စွာဘုရား ဟောကြားတော်မူက မဂ်ဉာဏ်ကို ရသဖြင့် အသက်နှင့်အမျှ ဥပါသကာအဖြစ် လျှောက်ထားလေ၏။

ထိုနောက် မြတ်စွာဘုရားသည် "သူဌေးကြီး၊ စဉ်းစား၍ လျှောက်ထားလော့၊ နိဂဏ္ဌာကား သင့်အိမ်တွင် ရေအိုး ရေမှုတ်ကဲ့သို့ နေ၍ သင်ကဲ့သို့ ထင်ရှားသူကား စဉ်းစားခြင်းသည် ကောင်းမြတ်၏"ဟု အမိန့်ရှိလျှင် နောက်ထပ်တဖန် တစ်သက်ပန် ဒကာအဖြစ် လျှောက်ထားပြီးနောက် နိဂဏ္ဌာတို့အား လှူမြဲဝတ်နိဗဒ် ပြုအပ်ကြောင်း အမိန့်ရှိလျှင်ကား အတိုင်းထက်အလွန် ကြည်ညိုသောအားဖြင့်---

"မြတ်စွာဘုရား၊ နိဂဏ္ဌာတို့သာ တပည့်တော်ကဲ့သို့ ထင်ရှားသူ ဥပါသကာဖြစ်ပါမူ အလံတံခွန် ထူလျက် ကြေငြာပါလိမ့်မည်၊ မြတ်စွာဘုရားကား ဥပါသကာ လျှောက်ထားသည်ကိုပင် ဆင်ခြင်စဉ်းစားဖို့ အမိန့်ရှိပါသည်---

၃-ကြိမ်မြောက် တစ်သက်လုံး ဥပါသကာအဖြစ် လျှောက်ထားပါသည်"ဟု လျှောက်ထားပြီးလျှင် အိမ်သို့ ပြန်သွား၊ နိဂဏ္ဌာတို့၏ ဝင်ထွက်ခြင်းများ ပိတ်ပင်လေ၏။

ထိုအကြောင်း နိဂဏ္ဌနာဋပုတ္တဆရာကြီးသိလျှင် ဥပါလိသူဌေးကြီးအိမ်သို့ ကိုယ်တိုင် သွားရောက်၍ "အဘယ်ကြောင့် ထင်ရှားသော ဥပါသကာဖြစ်ပါလျက် အခြားအယူဝါဒ ဆရာတင်ရသနည်း"ဟု ပြောဆိုဆုံးမသောအခါ ဂါထာတို့ဖြင့် များစွာသော မြတ်စွာဘုရား၏ ဂုဏ်တော်, ကျေးဇူးတော်တို့ကို ချီးကျူးကာ ဘုရားရှင်ရှိရာသို့ လက်အုပ်ချီလျက် လျှောက်ထားရာ "အဘယ်အခါက ဤမျှများပြားသော ဂုဏ်ကျေးဇူးများ သီကုံးထား

ဘိသနည်း”ဟု မနှစ်သက်သဖြင့် ပြောဆိုကာ ထိုနေရာတွင်ပင် သွေးပွက်ပွက်အံပြီး စိတ်ထဲ၌ မသက်သာဘဲ ပြန်လာခဲ့လေ၏။

ဤထင်ရှားသော ဥပါလိသုတ်မှတပါး များပြားသော သုတ္တန်များ ဤပါဝါရိကမ္ဗဝန သရက်ဥယျာဉ်ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူစဉ် ဟောကြားတော်မူသည်မှာ-

၁။ ၎င်းအာရာမ်၌နေစဉ် ကေဝဋ္ဋသူကြွယ် တောင်းပန်သောအားဖြင့် ဟောကြားတော်မူသော ကေဝဋ္ဋသုတ်၊ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်

၂။ ၎င်းအာရာမ်၌နေစဉ် အရှင်သာရိပုတ္တရာမထေရ် လျှောက်ထားသော အတ္တုပ္ပတ်နှင့် စပ်လျဉ်း၍ ဟောကြားတော်မူသော သမ္ပသာဒနိယသုတ်၊ ဒီဃနိကာယ်၊ ပါထေယျဝဂ်

၃။ ၎င်းအာရာမ်၌နေစဉ် သတိပဋ္ဌာန်နှင့်စပ်လျဉ်း၍ ဟောကြားတော်မူသော သတိပဋ္ဌာနသံယုတ်၊ သံယုတ္တနိကာယ်၊ မဟာဝဂ်-

စသည်တို့ဖြစ်၍ များစွာသော သုတ္တန်များ ဟောကြားတော်မူရာဖြစ်သဖြင့် သာသနာတော်၌ ထင်ရှားသော မြို့ကြီးဖြစ်သည့်ပြင် သာသနာတော်နောက်ပိုင်း မဇ္ဈိမသာသနာဝယ် အထူးကျော်ကြားသော ကျောင်းတိုက်ကြီးများ ဖြစ်ထွန်းလျက် ယခုတိုင်အောင် ထင်ရှားသော မြို့ဖြစ်၏။

၎င်းမြို့သည် ရာဇဂြိုဟ်နှင့် မဝေးမကွာ ၁-ယူဇနာခန့်မှာ တည်ရှိ၍ ၎င်းတိုင်း ကျေးလက်မြို့ဖြစ်ကြောင်း---

“အန္တရာ စ ရာဇဂဟံ အန္တရာ စ နာလန္ဒံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ။(ဒီ၊ ၁။ ၁)

ရာဇဂြိုဟ်မြို့တော်နှင့် နာလန္ဒအကြား အဓွန့်ရှည်သောခရီး ကြွသွားစဉ်”ဟူသော ဗြဟ္မဇာလသုတ်၊ နိဒါန်းအဖွင့် အဋ္ဌကထာ၌ အဒ္ဓါနမဂ္ဂ ၁-ယူဇနာမှ အထက် ခရီးရှည်-ဟု ဆိုအပ်ကြောင်း ဖွင့်ပြသဖြင့် သိအပ်၏။ ၎င်းပြင် မဟာပရိနိဗ္ဗာနသုတ် ခရီးစဉ်၌လည်း ရာဇဂြိုဟ်မြို့တော်မှ ဤမြို့သို့ ကြွတော်မူကြောင်း လာ၏။

✪ ✪ ✪ ✪ ✪

## ပါဋလိပုတ္တနဂရ၊ ပါဋလိပုတ်မြို့သစ်

ဤမြို့သစ်သည် ခမည်းတော်ဗိမ္ဗိသာရမင်းကြီး နတ်ရွာသို့ လွန်တော်မူပြီးနောက် သားတော် အဇာတသတ္တုမင်း စိုးစံစဉ် ဝဇ္ဇီမင်းသားများ ညီညွတ်စည်းလုံး၍ တန်ခိုးအင်အား ကြီးမားသည်ကို မခံမရပ်နိုင်သောကြောင့် ၎င်းတို့ ရန်ကို တားဆီးပိတ်ပင်ရန် သုနိဓ, ဝဿကာရ ပုဏ္ဏားကြီး(တို့)ကို စေလွှတ်၍ တည်ထောင်ဖန်ဆင်းသော မြို့သစ်ဖြစ် ကြောင်း၊ ၎င်းမတည်ထောင်မီကလည်း အသင့်စည်ကားသော ပါဋလိခေါ် ဆိပ်ကမ်းရွာကြီးဖြစ် ကြောင်း--- ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ **မဟာပရိနိဗ္ဗာနသုတ်**၌ ထင်ရှားစွာဆို၏။

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံဝင်တော်မမူမီ သတ္တဝါတို့အကျိုးငှါ မဟာမဏ္ဍလ ခရီးဝန်းကျယ်ပြန့်စွာ ဒေသစာရီ ကြွချီတော်မူစဉ်အခါ ပါဋလိဂါမသို့ ရောက်တော်မူသဖြင့် ထိုရွာသား ဥပါသကာများတို့ ပင့်လျှောက်ထားသည်ကို သည်းခံတော်မူကာ ထိုညဉ့်၌ ဥပါ-သကာအပေါင်းတို့အား တရားတော်ဖြင့် ရွှင်ပြနှစ်သိမ့်စေတော်မူပြီးနောက် သွားကြကုန် လျှင် ဘုရားရှင်သည် ဒိဗ္ဗစက္ခုဖြင့် နတ်အများနန်းတော်ရာ, အိမ်ရာစသည် မှတ်သားကြ ကုန်သည်တို့ကို မြင်တော်မူ၍ အရှင်အာနန္ဒာအား မြို့တည်ထောင်ဖန်ဆင်းသူကို မေးတော် မူပြီး သုနိဓ, ဝဿကာရမဂဓအမတ်ကြီး(တို့)သည် ဝဇ္ဇီမင်းများ ဘေးရန် တားဆီးရန် တည်ထောင်ကြောင်း လျှောက်ထားလျှင်---

"အာနန္ဒာ၊ ဤမြို့၌ နတ်အများနေရာ သိမ်းဆည်းစောင့်ရှောက်နေကြသည်ကို ငါဘုရားမြင်တော်မူသည်၊ ဤမြို့ကား အရိယာတို့၏ နေထိုင်ရာဖြစ်၍ ကုန်သည်အပေါင်း တို့၏ ရောင်းဝယ်ရာ ဌာနကြီးဖြစ်ပြီး **ပါဋလိပုတ္တ**မည်သော ကုန်သည်အပေါင်းတို့၏ ကုန်ထုတ်ဖြည်ရာ **အမြင့်အမြတ်ဆုံး မြို့ကြီး**ဖြစ်လတ္တံ့။

အာနန္ဒာ၊ ဤမြို့သည်ကား ရေဘေးမှ၎င်း မီးဘေးမှ၎င်း အချင်းချင်း ကွဲပြားခြင်း ဘေးမှ၎င်း အန္တရာယ် ၃-ပါးဖြင့် ပျက်စီးလတ္တံ့"ဟု အရှင်အာနန္ဒာအား မိန့်ကြားတော်မူ လေ၏။

ထို့နောက် သုနိဓ, ဝဿကာရမဂဓအမတ်ကြီး(တို့)သည်လည်း မြတ်စွာဘုရားအား ပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေးပြီး အနုမောဒနာပြု၍ ကြွသွားတော်မူလျှင် နောက်တော်က အစဉ်လိုက်လျှင်-

- မြတ်စွာဘုရား ထွက်ခွါကြွသွားတော်မူသော တံခါးကို **ဂေါတမတံခါး**-ဟူ၍၎င်း
- မြတ်စွာဘုရား ကူးတော်မူသော ဆိပ်ကမ်းကို **ဂေါတမဆိပ်ကမ်း**-ဟူ၍၎င်း

သမုတ်ပညတ်၍ မြတ်စွာဘုရား ဗျာဒိတ်တော်မြတ် မှတ်တော်မူသည့်အတိုင်း နောင်အခါ၌လည်း သာသနာ အလွန်ထင်ရှား၍ တစ်ကမ္ဘာလုံး ကျော်ကြားခမ်းနားသော ဤပါဋလိ-ပုတ်မြို့တော်ကြီးကို မြတ်စွာဘုရားအမျိုးရှိသော ရဟန္တာအရှင်မြတ်တို့အပြင် နတ်အများတို့နှင့်တကွ တည်ထောင်ဖန်ဆင်းခဲ့သည်ဖြစ်၍ ထင်ရှားသော မြို့သစ်ကြီးဖြစ်ကြောင်း အထူးရေးသားဖွယ် မရှိကုန်။

ဤမြို့သစ်ကြီးကား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မမူမီ တစ်နှစ်ခန့်ကသာ တည်ထောင်သော မြို့တော်ဖြစ်သဖြင့် ၎င်းပရိနိဗ္ဗာန်စံတော်မူခါနီး နောက်ဆုံးဖြစ်သော ဒေသစာရီ ကြွချီလျက် လှည့်လည်ဟောပြောသော သုတ္တန်မျှသာ ထင်ရှား၍ မြတ်စွာဘုရား လက်ထက်တော်က ကျောင်းတိုက်ကြီးများ ထင်ရှားမရှိသော်လည်း နောက်အခါ၌ ဤမြို့ကြီးဝယ် ထင်ရှားသော **ကုက္ကုဋာရာမကျောင်းတိုက်ကြီး**ရှိ၍ ဤကုက္ကုဋာရုံကျောင်းတိုက်နှင့်စပ်သော သုတ္တန်များ ထင်ရှားရှိသည်မှာ---

- **အဋ္ဌကနဂရသုတ်**၊ မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ*(မ၊ ၂။ ၁၂)*၌ရှင်း
- **ဗြာဟ္မဏစရိယသုတ်**၊ ပထမကုက္ကုဋာရာမသုတ်စသည့် မဟာဝဂ္ဂသံယုတ်၊ ဝိဟာရဝဂ်*(သံ၊ ၃။ ၁၃)*၌ရှင်း
- **ဃောဋမုခသုတ်**၊ မဇ္ဈိပဏ္ဏာသ၊ ဗြာဟ္မဏဝဂ်*(မ၊ ၂။ ၃၆၄)*၌ရှင်း
- **မုဏ္ဍသုတ်**၊ **နာရဒသုတ်**၊ အင်္ဂုတ္တိုရ်၊ ပဉ္စမပဏ္ဏာသ၊ မုဏ္ဍရာဇဝဂ်*(အံ၊ ၂။ ၅၀)*၌ရှင်း

ဤသို့စသည် များစွာသော သုတ်တို့၌ ဤပါဋလိပုတ်မြို့သစ်ကြီးမှာ သံဃာတော်အများသီတင်းသုံးတော်မူရာ **ကုက္ကုဋာရာမကျောင်းတိုက်ကြီး**ရှိ၍ များစွာသော သံဃာတော်များ သီတင်းသုံးတော်မူကြကြောင်း ဖော်ပြကုန်၏။

အထူးအားဖြင့် အဋ္ဌကနဂရသုတ် အတ္ထုပ္ပတ်မှာ တရံသောအခါ အရှင်အာနန္ဒာသည် ဝေသာလီ၊ ဝေဠုဝရွာ၌ နေတော်မူစဉ် **အဋ္ဌကမြို့သား** ဒသမမည်သော သူကြွယ်သည် ကိစ္စတစ်ခု နှင့် ပါဋလိပုတ်မြို့သို့ရောက်၍ ကုက္ကုဋာရုံကျောင်းတိုက်သို့ သွားပြီး “အရှင်အာနန္ဒာမထေရ် မြတ် အဘယ်မှာ သီတင်းသုံးတော်မူပါသနည်း”ဟု မေးမြန်းသောအခါ “ယခု အရှင်အာနန္ဒာ ဝေဠုဝရွာမှာ သီတင်းသုံးကြောင်း” ရဟန်းတစ်ပါး ဖြေကြား၍ ဝေဠုဝရွာသို့ သွားရောက်ပြီး အရှင်အာနန္ဒာအထံ ကိလေသာကုန်ခန်း မြင့်မြတ်သော နိဗ္ဗာန်စခန်းသို့ ရောက်ကြောင်း၊ တစ်ခုသောတရား လျှောက်ထားသောအခါ “ဈာန် ၄-ပါးတို့ကိုရှင်း၊ ဗြဟ္မဝိဟာရ ၄-ပါး ကိုရှင်း၊ ရူပသညာလွန်မြောက် အာကိဉ္စတိုင်အောင် အရူပဈာန် ၃-ပါးကိုရှင်း ပွါးများ၍ ၎င်းဈာန်တို့၏ ချုပ်ငြိမ်းခြင်းအားဖြင့် မမြဲသော တရား

ကိုရှုလျှင် အာသဝေါကုန်စင် နိဗ္ဗာန်သို့ဝင်နိုင်ကြောင်း” ဟောကြားတော်မူလျှင် အလွန်ပင် ဝမ်းမြောက်လျက် တစ်ခုသော နိမိမုခ ငွေဝင်ကြောင်း မေးသည်ကို “လမ်း ၁၁-လမ်း ခွဲခြမ်းပြဘိသကဲ့သို့ ၁၁-ခုသော အမတလမ်းကြောင်း ပြပါပေသည်”ဟု ချီးမွမ်းပြီး ပါဋလိပုတ်, ဝေသာလီမှ ရဟန်းအားလုံး ပင့်ဖိတ်စည်းဝေးပြီး ဆွမ်းလုပ်ကျွေးပြီးနောက် ရဟန်းတစ်ပါးလျှင် သင်္ကန်းတစ်စုံကျ အရှင်အာနန္ဒာအား တိစီဝရိက်ဖြင့် လှူဒါန်း ၅၀၀-တန်ကျောင်းသခ်မ်းကိုလည်း ဆောက်လုပ်ပူဇော်ကြောင်း လာ၏။

ထို့အတူ မဟာဝဂ္ဂသံယုတ်၊ ဗြဟ္မစရိယသုတ်၌ “အရှင်အာနန္ဒာမထေရ်နှင့် အရှင်ဘဒ္ဒိယမထေရ်တို့ကို ကုက္ကုဋာရာမကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် ဗြဟ္မစရိယ သုတ်ကို ဟောကြားတော်မူကြောင်း” လာ၏။

မဇ္ဈိမပဏ္ဏာသ၊ ဃောဋမုခသုတ်၌ “အင်္ဂတိုင်းသား ဃောဋမုခိပုဏ္ဏားကြီးသည် အရှင် ဥဒေနမထေရ်အား ဟောကြားတော်မူသော တရားတော်ကို ကြည်ညိုသောအားဖြင့် ဃောဋမုခီသာလာ-မည်သော စည်းဝေးရာ ဇရပ်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်း ကြောင်း” လာ၏။

အင်္ဂုတ္တိုရ်၊ ပဋ္ဌမပဏ္ဏာသ၊ မုဏ္ဍနာရဒသုတ်၌ကား “နာရဒမထေရ် များစွာသော သံဃာနှင့် တကွ ကုက္ကုဋာရာမကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် ပါဋလိပုတ်မြို့စား မုဏ္ဍမင်းသည် ၎င်း၏မိဖုရားကြီးဘဒ္ဒါဒေဝီ ကံတော်ကုန်ရာ ပြင်းပြစွာ ပူပန်သောကရောက် ရသည်တွင်, အရှင်နာရဒမထေရ် သောကသလ္လဟရဏသုတ် သောကပြောင့် ပယ်ခွါကြောင်း သုတ္တန် ဟောပြလျှင် ၎င်းသောက ပယ်ပျောက်ကြောင်း” လာ၏။

ဤပါဋလိပုတ်မြို့ကြီးသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး နောက်ဆုံး ဒေသစာရီ ဓမ္မဒေသနာလှည့်လည် ဟောပြတော်မူသောအခါ တည်ထောင်သောမြို့ကြီး ဖြစ်၍ မြတ်စွာဘုရားလက်ထက်တော်က ကုက္ကုဋာရာမ(၌) ဟောပြတော်မူသော ဒေသနာ မရှိသဖြင့် ဤကျောင်းတိုက်ကြီးကား မြတ်စွာဘုရားလက်ထက်တော်၌ တည်ထောင်တော် မူသော ကျောင်းတိုက်မဟုတ်သည့်အပြင် ၎င်းပါဋလိပုတ်မြို့၌ မုဏ္ဍဘုရင်စိုးစံကြောင်းလာ သဖြင့်လည်း မဂဓတိုင်းကြီးအတွင်း မင်းသီးခြား ၂-ပါးမရှိ၍ သာသနာနောက်ပိုင်းမှာ လက်အောက်ခံ မင်းတစ်ပါးသာဖြစ်ကြောင်း မှတ်ယူအပ်၏။



ကုသိနာရ ပရိနိဗ္ဗာနစေတီ



အင်္ဂါရ စေတီယ–တေဇောဓါတ်စေတီ
ကုသိနာရ

ဧင်းမဂဓတိုင်း၌ မောရိယမင်းမျိုးတန်ခိုးကြီးလာ၍ အနှစ်-၂၀၀ ကျော် သာသနာတော် သက္ကရာဇ်ကျမှ ဒေဝါနံ ပိယဒဿီအသောကမင်းတရားကြီးလက်ထက်တွင် မြို့တော်ကြီးအဖြစ် မြှင့်တင်တည်ထောင်ခဲ့၍ ဤလက်ထက်မှစ၍ **ပါဋလိပုတ်မြို့တော်**-ဟု ခေါ်တွင် သမုတ်ခဲ့လေသည်။

ဤမျှဖြင့် ဤပါဋလိပုတ်မြို့တော်ကြီးသည် မြတ်စွာဘုရားလက်ထက်တော်မှ စ၍ တည်ထောင်ကာ အသောကမင်းတရားလက်ထက်တော် သာသနာဝါဒ ဗုဒ္ဓဝါဒဖြန့်ဖြူးရာ နေပြည်တော်ဖြစ်၍ သာသနာဝင်တွင် အထင်ရှားဆုံး ဖြစ်သဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာ ဖြန့်ဖြူးရာ ဌာနကြီးဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## သေနနိဂမ၊ သေနနိဂုံး၊ သေနာနီမြို့

သေန သို့မဟုတ် သေနာနီမြို့သည်ကား မြတ်စွာဘုရားအလောင်းတော်ဖြစ်စဉ် ဧင်းမြို့အနီးတွင် ဒုက္ကရစရိယာအကျင့်ကို ဆည်းပူးဖြည့်ကျင့်တော်မူရာ နယ်ပယ်ဖြစ်၍ ဥရုဝေဠနယ်၌ရှိကြောင်း၊ ဧင်းပြင်, မြတ်စွာဘုရား သစ္စာ ၄-ပါးထင်ရှား သိမြင်တော်မူမည့်နေ့၌ လှူဒါန်းအပ်သောကြောင့် အမြတ်ဆုံးဖြစ်သော ဆွမ်းအဖြစ်ဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူအပ်သည့်ဆွမ်းကို လှူဒါန်းသော သုဇာတာသူဌေးသမီးသည်လည်း ဧင်းမြို့သူဖြစ်၍ ထိုယနာနို့ဆွမ်းသည် ဗုဒ္ဓဘာသာဝင် လူတိုင်းလိုပင်သိ၍ ကမ္ဘာကျော်ကြားသော အကြောင်းအရာများတွင် အပါအဝင်ဖြစ်ကြောင်း အထူးရေးသားရန် မရှိကုန်။

သို့ရာတွင် ထိုသေနနိဂုံး၌ မြတ်စွာဘုရား ကြွသွားတော်မူ၍ ကိုယ်တိုင်ဟောကြားတော်မူသောသုတ်များ မရှိ၊ တပည့်သာဝကတို့ ဟောကြားတော်မူသောသုတ်များ မရှိသဖြင့် ဧင်းနိဂုမ်း၌ ဖြစ်ပွါးသော အတ္ထုပ္ပတ္တိများ မရှိသော်လည်း- မဇ္ဈိမနိကာယ်၊ ပဓာနိယင်္ဂသုတ်*(အံ၊ ၂။ ၅၇)*, အရိယပရိယေသနသုတ်*(ပါသရာသိ၊ ၁။ ၂၁၇)*, ဗောဓိရာဇကုမာရသုတ်*(မ၊ ၂။ ၂၈၂)* စသည်တို့၌---

အနုတ္တရံ သန္တိဝရပဒံ ပရိယေသမာနော မဂဓေသု အနုပုဗ္ဗေန စာရိကံ စရမာနော ယေန ဥရုဝေလာ နိဂမော၊ တဒဝသရိံ။

“ငါဘုရားသည် မြတ်သောသန္တိဓမ္မ ရှာဖွေတော်မူစဉ် မဂဓတိုင်း ဥရုဝေဠနယ် သေနာမြို့သို့ ရောက်တော်မူခဲ့၏”ဟု လာသဖြင့် ထိုနိဂုံးသည် မြတ်စွာဘုရားအလောင်း ဒုက္ကရကျင့်တော်မူစဉ်က ဂေါစရဂါမ်မြို့ဖြစ်ကြောင်း မှတ်ယူအပ်၏။

## ဂယာနဂရ၊ ဂယာမြို့

၎င်းမြို့ကား နယ်အတွင်းမှာ မြတ်စွာဘုရား သစ္စာ ၄-ပါး သိတော်မူ၍ သဗ္ဗညုတဉာဏ်တော်မြတ်၏ ကြည်လင်ရာ မဟာဗောဓိမဏ္ဍလ တည်ရှိသောဌာနဖြစ်သဖြင့် ထင်ရှားသည့်အပြင် ၎င်းဗောဓိမဏ္ဍလကို ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့က ဗုဒ္ဓဂယာမဟာဗောဓိ-ဟု အမှတ်အသားပြုကြကုန်၏။ ၎င်းဂယာမြို့၌ မြတ်စွာဘုရားဟောကြားတော်မူသော သုတ္တန်ထင်ရှားမရှိသော်လည်း ဒေဝဒတ်သည် မလိမ္မာသော ဝဇ္ဇီတိုင်းသား ရဟန်းငယ်များနှင့် ထွက်သွားသောအခါ ၎င်းတို့မပျက်စီးမီ ဆောင်ယူခေါ်ငင်ရန် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့အား လွှတ်တော်မူ၍ ၎င်းရဟန်းငယ်တို့အား တရားဟောပြဆောင်ယူကြောင်း ဝိနည်းစူဠဝါ၊ **သံဃဘေဒကက္ခန္ဓက**(*ဝိ၊ ၄။ ၃၆၂-၃၆၃*) ၌ ထင်ရှားစွာလာ၏။

ဤသို့ ဒေဝဒတ်သည် ဝဇ္ဇီတိုင်းသား ဝိနည်း၌ မလိမ္မာကြကုန်သော ရဟန်းငယ်များ-၅၀၀ ကို ခေါ်ဆောင်သွားပြီးနောက် မြတ်စွာဘုရားအထံသို့ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်မထေရ် ၂-ပါး လျှောက်ကြားသည်တွင်-

န ဟိ နာမ တုမှာကံ သာရိပုတ္တာ တေသု နဝကေသု ဘိက္ခူသု ကာရုညမ္ပိ ဘဝိဿ-တိ။ ဂစ္ဆထ တုမှေ သာရိပုတ္တာ ပုရာ တေ ဘိက္ခူ အနယဗျသနံ အာပဇ္ဇန္တိ။

“သာရိပုတ္တရာတို့-သင်တို့စဉ်မှာပင် ထိုရဟန်းငယ်တို့၌ သနားခြင်းမျှ မဖြစ်ကုန်ဘိသနည်း၊ သာရိပုတ္တရာတို့၊ သင်(တို့သည်) ထိုရဟန်းငယ်များ မပျက်စီးကုန်မီ သွားကြကုန်”ဟု မထေရ်တို့အား ရဟန်းငယ်များခေါ်ဆောင်ရန် မြတ်စွာဘုရား လွှတ်တော်မူ၏။

အမိန့်တော်အားလျော်စွာ အရှင် ၂-ပါးတို့လည်း **ဂယာသီသ**သို့ ကြွသွားတော်မူကြပြီး လျှင် ဒေဝဒတ်သည် ဘုရား၏အသွင်ကို ယူလျက် များစွာသောပရိသတ်တို့နှင့် တရားဓမ္မဟောပြနေစဉ် မထေရ်တို့ကိုမြင်၍ ဘုရားရှင် တခါတရံ မိန့်ကြားသကဲ့သို့ အရှင်သာရိပုတ္တအား---

ဝိဂတထိနမိဒ္ဓေါ ခေါ အာဝုသော သာရိပုတ္တ ဘိက္ခုသံဃော။ ပဋိဘာတု တံ အာဝုသော သာရိပုတ္တ ဘိက္ခူနံ ဓမ္မီကထာ။ ပိဋ္ဌိ မေ အာဂိလာယတိ။ တမဟံ အာယမိဿာမိ။(*ဝိ၊ ၄။ ၃၉၃*)

“ငါ့ရှင် သာရိပုတ္တရာ၊ ရဟန်းသံဃာသည် ငိုက်မည်းခြင်း ကင်းသေး၏။ ငါ့ရှင် သာရိပုတ္တရာ၊ ထိုရဟန်းတို့အား တရားစကား ပြောကြားလော့။ ငါ၏ကျောက်ကုန်း ညောင်းညာ၏။ ၎င်းကို ငါဆန့်ပါအံ့”ဟု-

ရဟန်းပရိသတ်ကို တာဝန်လွှဲလျက် ဈေ့ာင်းစက်အိပ်ပျော်သွားသောအခါ အရှင်သာရိပုတ္တရာသည် **အာဒေသနာပါဋိဟာရိယ တန်ခိုးဗျာဋိဟာဖြင့်** ရဟန်းတို့အား ဆုံးမတော်မူ၍ အရှင်မောဂ္ဂလာန်မထေရ်သည်လည်း **ဣဒ္ဓိပါဋိဟာရိယ အနုသာသနီဖြင့်** ရဟန်းတို့အား ဆုံးမတော်မူလျှင် သစ္စာ ၄-ပါး သိမြင်ကြ၍ အရှင် ၂-ပါးတို့သည် ၎င်းတို့ကို ဘုရားရှင်ထံတော်သို့ ပြန်ယူခေါ် ဆောင်လာကြကုန်၏။ ထိုအခါမှ အရှင်ဒေဝဒတ်၏ နောက်လိုက်အတူပါသော **ကောကာလိကရဟန်းက** နှိုး၍ ဒေဝဒတ်နိုးလျှင် ရဟန်းပရိသတ်အားလုံးကို မတွေ့မြင်ရသောကြောင့် ထိုနေရာ၌ပင်, ပူပြင်းလှစွာ သွေးပွက်ပွက်ခဲတွင်းမှ အံထွက်၏။

ဤသို့လျှင် ဂယာမြို့၏အနီး ဂယာသီသခေါ် တောင်ကုန်းမှာ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့ ဝဇ္ဇီတိုင်းသား ရဟန်းငယ်များ တရားဟောပြ၍ ညစ်ကြေးကင်းစင်လျက် သောတာပတ္တိဉာဏ်အမြင်ကို ရကြသောနေရာ, ထိုနေရာ၌ပင်လျှင် ယုတ်မာလှစွာ သာသနာတော်ကို တွန်းလှန်၊ မကောင်းမှု အကုသိုလ်ကံကြောင့် ဒေဝဒတ်၏ သွေးပွက်ပွက်အံရသောနေရာ ဖြစ်လာသောကြောင့် သာသနာတော်ဝင် မှတ်တမ်းများ၌ ကောင်းသည့်ဘက်မှရင်း, မကောင်းသည့်ဘက်မှရင်း ထင်ရှားသော ဌာနဖြစ်သည့်အပြင် ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍလအားဖြင့်လည်း အထူးထင်ရှားကုန်၏။

✪ ✪ ✪ ✪ ✪

## မာတုလနဂရ၊ မာတုလမြို့

၎င်းမြို့ကား မဂဓနိုင်ငံတွင် ပါဝင်သော မြို့တစ်မြို့ဖြစ်၍ ၎င်းမြို့၌ မြတ်စွာဘုရားသီတင်းသုံးတော်မူစဉ် ရဟန်းတို့အား ကိုယ်ကျင့်တရားသာလျှင် မိမိအားကိုးရာဖြစ်ကြောင်းစကြာမင်းတို့ အကျင့်တရား(ကြောင့်)ဖြစ်သော စကြာရတနာရသည်ကို အထူးထား၍ **စက္ကဝတ္တိသုတ်** ဟောတော်မူကြောင်း ဒီဃနိကာယ်၊ ပါထေယျဝဂ်၊ တတိယစက္ကဝတ္တိသုတ်(နှာ၊ ၄၈)၌-

"ဧကံ သမယံ ဘဂဝါ မဂဓေသု ဝိဟရတိ မာတုလာယံ။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ။

တရံရောအခါ မြတ်စွာဘုရားသည် မဂဓတိုင်း **မာတုလမြို့၌** သီတင်းသုံးတော်မူ၏၊ ထိုအခါ ဘုရားရှင်သည် ရဟန်းတို့အား မိန့်ကြားတော်မူပြီ" စသည်ဖြင့်လာ၏။ဤသို့ပါဠိတော်အားဖြင့် မာတုလမြို့ သာမညလာသော်လည်း အဋ္ဌကထာဆရာ ဖွင့်ပြ သောအားဖြင့်ကား ၎င်းမြို့သည် မင်းသားများနေထိုင်ရာဖြစ်၍ မဂဓတိုင်း **မဂဓခေတ္တနယ်တွင်** ထင်ရှား

သော မြို့ဖြစ်ကြောင်း၊ အတ္ထုပ္ပတ္တိအကြောင်းအရာ အစဉ်အတိုင်းဖြစ်သော အနုပုဗ္ဗိကထာဖြင့် ဖွင့်ပြဖော်ထုပ်ကာ အကျယ်ရေးသား၏။

မြတ်စွာဘုရားသည် နံနက်မဟာကရုဏာ သမာပတ်မှ ထတော်မူပြီးလျှင် လောကကို ဆင်ခြင်တော်မူသောအခါ ဤမာတုလမြို့သူ, မြို့သားနှင့်တကွ ရှစ်သောင်း လေးထောင်သော သတ္တဝါအများ အမြိုက်တရားရကြမည်ကို မြင်တော်မူရန် ရဟန်းနှစ်သောင်းခြံရံလျက် မာတုလမြို့သို့ ကြွသွားတော်မူလျှင် မြို့သူ, မြို့သားတို့နှင့်တကွ မင်းညီ မင်းသားတို့ကြား၌ ခမ်းနားကြီးကျယ်စွာ ကြိုဆိုပူဇော်ပြီး ဘုရားရှင်အမှူးရှိသော သံဃာတော်များကို ဖိတ်မံကာ မွန်မြတ်လှသော ဘောဇဉ်တို့ဖြင့် ဆက်ကပ်လုပ်ကျွေးပြီးနောက် မြတ်စွာဘုရားသည် "ဤနေရာကား တရားဓမ္မဟောပြရန် ကျဉ်းမြောင်းလှ၏၊ ကြီးစွာသော အစည်းအဝေးဖြစ်ခြင်းငှာ မ႑ လာက်"ဟု အောင်းမေ့ကြံစည်တော်မူပြီးလျှင် မင်းသားတို့အား အနုမောဒနာ မပြုဘဲ ကြွသွားတော်မူရာ "မချွတ်ဧကန် ငါတို့ ဆွမ်းလုပ်ကျွေးမှု၌ မသင့်သောအရာ တစ်ခုရှိရာ၏၊ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်တို့အား ကန်တော့ပေတော့အံ့"ဟု မင်းသားတို့နှင့်တကွ ပရိသတ်အပေါင်းတို့ နောက်တော်က လိုက်ကြကုန်သဖြင့် မဂဓလယ်ကျင်းအလယ် တင့်တယ်ကြီးမားလှသော ရှောက်ပင်ကြီးအောက် ခင်းထား အပ်သောနေရာတွင် ရဟန်းတို့အား အမှူးထား၍ ရောက်လာကုန်သော ရှစ်သောင်း လေးထောင်ကုန်သော ပရိသတ်တို့အား ဤစက္ကဝတ္တိသုတ်ကို ဟောကြားတော်မူကြောင်း ဒေသနာတော်မြတ် အဆုံး၌ နှစ်သောင်းသော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြ၍ ရှစ်သောင်း လေးထောင်သော ပရိသတ်တို့လည်း အမြိုက်တရားကို ရကြကြောင်း ၎င်းစက္ကဝတ္တိသုတ် အဋ္ဌကထာ၌ ခမ်းနာစွာ ရေးသား၏။

✪ ✪ ✪ ✪ ✪

## ဝေဠုကဏ္ဍကီနဂရ၊ ဝေဠုကဏ္ဍကီမြို့

၎င်းမြို့သည် ဒက္ခိဏာဂီရိနယ်၌ပါဝင်၍ ၎င်းပြဆိုပြီးသော မြတ်စွာဘုရားလက်ထက် ကျော်ကြားသော အရိယာဥပါသိကာမ နန္ဒမာတာ နေထိုင်ရာမြို့ဖြစ်၍ ၎င်းဥပါသိကာမကြီး၏ အံ့ဖွယ် ၇-ပါးကို သတ္တကအင်္ဂုတ္တိုရ်၊ မဟာယညဝဂ်၊ နန္ဒမာတာသုတ်၌ ဟောကြားသည့်အပြင်-- ဆက္က၊ အင်္ဂုတ္ထိုရ်၌လည်း---

"မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ နန္ဒမာတာဥပါသိကာမကြီး ဝေဠုကဏ္ဍကီမြို့၌ အလှူပေးအလှူခံ ၆-တန်သောအင်္ဂါနှင့် ပြည့်စုံသော

အလှူကို ပေးလှူနေကြောင်း၊ ဥပါသိကာမကြီးမှာ---မလှူမီ ရှေးအဖို့က ဝမ်းမြောက်ရ၍ လှူဆဲ ခဏ၌လည်း ကြည်လင်(စွာ) လှူပြီးလျှင်လည်း၊ နှစ်သက်ခြင်းတည်းဟူသော အင်္ဂါ ၃-ပါးနှင့် ပြည့်စုံ၍ အလှူခံအရှင်မြတ်တို့၏ ရာဂ, ဒေါသ, မောဟ ကင်းကွာ၍ ၎င်းအားလျော်စွာ ကျင့်ခြင်း တည်းဟူသော အင်္ဂါ ၃-ပါးနှင့် ပြည့်စုံသဖြင့်, သမုဒ္ဒါပမာ မရေတွက်နိုင်သော အကျိုးအာနိသံသတို့ ရရှိနိုင်ကြောင်း" ဟောကြားတော်မူ၏။

သို့ဖြစ်၍ ဤမြို့သည် မြတ်စွာဘုရားလက်ထက်တော်၌ ဒက္ခိဏဂီရိ ရာဇဂြိုဟ် တောင်ပိုင်း တောင်ကုန်း နယ်မြေတွင် ထင်ရှားသောမြို့ဖြစ်ကြောင်း မှတ်ယူအပ်ကုန်၏။

ဤမဂဓတိုင်းနယ်မှာ မြတ်စွာဘုရား ဟောကြားတော်မူသော သုတ္တန်နှင့် ဝိနည်း ဒေသနာတော်အရ ဟောကြားပညတ်တော်မူရာဌာနဖြစ်သော နိဂမနှင့် နဂရမြို့ငယ် မြို့ကြီးတို့မှာ ဤ ၆-မြို့သာလျှင် ထင်ရှားရှိသော်လည်း ဒေသနာတော်တွင် မထင်ရှားသော မြို့, ရွာ, နိဂုံးများရှိမည်ကား ဆိုခဲ့ပြီးမဂဓနယ် ကျေးရွာနိဂုံး ရှစ်သောင်းမျှ ရှိသည်နှင့် နှိုင်းဆ ယူအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## မဂဓနိုင်ငံ ကျေးရွာများ

မဂဓတိုင်း၌ များပြားလှစွာသော ကျေးရွာများရှိသော်လည်း မြတ်စွာဘုရား ဒေသ-နာတော်အားဖြင့် ထင်ရှားသော ကျေးရွာများကို အထက်ကအစဉ် ရေးသားပြီးဖြစ်သည့် အတိုင်း အကျဉ်းချုပ် အောက်ပါအကြောင်းအရာများနှင့်တကွ မှတ်သားအပ်ကုန်၏။

၁။ အမ္ဗသဏ္ဍာဂါမ ၎င်းရွာကား ထင်ရှားသော, ရာဇဂြိုဟ်မြို့တော်၏ အရှေ့ ဘက်၌ တည်ရှိသော ပုဏ္ဏားရွာဖြစ်၍ ၎င်းရွာ၏မြောက် ဝေဒိယက တောင်၊ ဣန္ဒသာလဂူလိုဏ်၌ သိကြားမင်းသည် မြတ်စွာဘုရားထံ ဆည်းကပ်၍ စိတ်၌မှတ်အပ်သော ပြဿနာအရပ်ရပ်ကို လျှောက်ထားလျက် ဖြေကြား တော်မူခိုက်တွင် သိကြားအဖြစ်ကို တဖန်ရသဖြင့် ၆-ပါးသော အကျိုးတရားကို ရှုမြင် သောကြောင့် နှစ်သက်ဝမ်းမြောက်ကြောင်း လျှောက်ထားသည့်အပြင် သိကြားမင်းနှင့်တကွ ရှစ်သောင်းသော နတ်အများတို့သည်လည်း အမြိုက်တရားရကြကြောင်း ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ သက္ကပဉှသုတ်၌ ထင်ရှားစွာလာ၏။

၂။ **အန္ဓကဝိန္ဒကဂါမ**　　ၔင်းအန္ဓကဝိန္ဒရွာကား ဝိနည်း၌ ယာဂုနှင့်မစ ဂါဝဋ္ဌက သောက်ဖွယ်, လျက်ဖွယ် ၂-ပါးကို ပုဏ္ဏားတစ်ယောက် ရဟန်းတို့အား လှူဒါန်းသည်တွင် ခွင့်ပြုပညတ်တော်မူ၍ ထိုပုဏ္ဏားအားလည်း ယာဂု၏အကျိုးတရားကို **အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာန အားဖြင့် ၅-ပါး၊ ဆာလောင်ခြင်း ပယ်၏၊ မွတ်သိပ်ခြင်း ပျောက်၏၊ လေကို နိုင်၏၊ ဝမ်းကို သုတ်သင်၏၊ အစာကို ကြေကျက်စေ၏-ဟူသော ပစ္စုပ္ပန်** အကျိုး ၅-ပါးအားဖြင့် အကျိုး ၁၀-ပါးကို ဟောကြားတော်မူ၏။

ထိုမှတပါး ပဉ္စကအင်္ဂုတ္တိုရ်၊ **အန္ဓကဝိန္ဒဝဂ်**၌ၔင်း, သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ **ဗြဟ္မသံယုတ်**၌ၔင်း များစွာသောသုတ္တန်တို့ကို ဟောကြားတော်မူရာဖြစ်၍ ထင်ရှားသော မဂဓတိုင်းနယ် ရွာကြီးတစ်ရွာဖြစ်၏။

၃။ **မဟာတိတ္ထဂါမ**　　ၔင်းရွာကြီးကား မြတ်စွာဘုရား ဟောကြားတော်မူသော သုတ္တန်ဒေသနာတော် ထင်ရှားမရှိသော်လည်း သာသနာတော်တွင် အထူးထင်ရှား၍ မြတ်စွာဘုရားလည်း မထေရ်မြတ်အား အတူထား၍ ချီးမွမ်းတော်မူသော **အရှင်မဟာကဿပမထေရ်**၏ နေထိုင်တော်မူရာ ဖြစ်ပွါးတော်မူရာ အရပ်ဖြစ်၍ သာသနာဝင်တွင် ထင်ရှားသော ရွာကြီးဖြစ်၏။

၄။ **နာလကဂါမ**　　ၔင်းရွာကြီးသည် အရှင်သာရိပုတ္တရာမထေရ်၏ ဖွားမြင်တော်မူရာအရပ်ဖြစ်သည့်အပြင် မထေရ်မြတ်သည် ပရိနိဗ္ဗာန် စံဝင်တော်မူသောအခါ၌လည်း မယ်တော်ပုဏ္ဏေးမကြီးအား ချီးမြှောက်သောအားဖြင့် မိမိဖွားမြင်တော်မူရာ တိုက်ခန်း၌ပင် စံဝင်တော်မူကြောင်း၊ ၔင်းပြင် ဒသကအင်္ဂုတ္တိုရ်၊ ဒုတိယယမကဝဂ်၊ အရှင်သာရိပုတ္တရာ သီတင်းသုံးတော်မူစဉ် သာမဏ္ဍကပရိဗိုဇ်တို့သည် အရှင်သာရိပုတ္တရာအား သုခနှင့်ဒုက္ခအကြောင်း လျှောက်ထားကြ၍ ၔင်းတို့အား အကြောင်းအားလျော်စွာ ဒေသနာများ ဟောကြားကြောင်း လာ၍ ထင်ရှားသောရွာ ဖြစ်၏။

၅။ **ဧဋ္ဌကဂါမ**　　ၔင်းရွာမှာ မြတ်စွာဘုရားလက်ထက် မဏ္ဍလိက မင်းသားများစောင့်ရှောက်သော ရွာဖြစ်၍ ၔင်းမင်းသားများသည် ဘုရားရှင်အမှူးရှိသော သံဃာတော်များ ပင့်ဖိတ်ကြွရောက်တော်မူဖူးကြောင်း၊ ကြီးစွာသောအလှူဒါနပြုလုပ်ကြလျက် ဟောတော်မူအပ်သော ဒေသနာတို့ကို နာကြားရသဖြင့် များစွာသောသူတို့ အမြိုက်တရား ရကြကြောင်း-ဧဋ္ဌကထေရဂါထာ၌ လာသည့်အပြင် သီဟိုဠ်ဗုဒ္ဓစရိတ၌ အကျယ်ရေးသား၏။

၆။ **ခါဏုမတပြာဟ္မဏဂါမ** ဂုင်းရွာကြီးသည် ရာဇဂြိုဟ်တိုင်းနယ်တွင် ထင်ရှားသော ရွာကြီးဖြစ်၍ **ကူဋဒန္တပုဏ္ဏားကြီးအား** ရွာစားခန့်အပ် အုပ်ချုပ်စေသဖြင့် အစိုးရသည် အားလျော်စွာ ခမ်းနားကြီးကျယ်စွာသော ယဇ်သဘင်ကြီး စီရင်နေစဉ် မြတ်စွာဘုရားသည် ဂုင်းရွာကြီးသို့ ဒေသစာရီ ကြွချီတော်မူကာ အမ္ဗလဋ္ဌိကဥယျာဉ်၌ သီတင်းသုံးနေတော်မူလျှင် ဘုရားရှင်အထံတော်သို့ ပုဏ္ဏားကြီးလာရောက်၍ ယဇ်ပူဇော်ခြင်းအကြောင်း လျှောက်ထားသောအခါ **ဝိဇိတာဝီ စကြာမင်းကြီး၏** ယဇ်ပူဇော်ခြင်းကို ဟောကြားတော်မူက အလွန်ဝမ်း မြောက်လှသဖြင့် တသက်ပန် ဥပါသကာအဖြစ် လျှောက်ထားကြောင်း ဒီဃနိကာယ်၊ **ကူဋဒန္တသုတ်၌** ထင်ရှားစွာလာ၏။

၇။ **ပဉ္စသာလာ ပြာဟ္မဏဂါမ** ထိုပုဏ္ဏားရွာ၌ မြတ်စွာဘုရား တစ်စုံတစ်ခု အကြောင်း ပြု၍ ဟောကြားတော်မူသော သုတ္တန်မရှိသော်လည်း တရံသောအခါ မြတ်စွာ ဘုရားကြွသွားတော်မူ၍ ရွာတွင်းသို့ ဆွမ်းအလို့ငှာ ကြွတော်မူလျှင် မာရ်နတ်သည် လှည့်ပတ်ပိတ်ပင်သဖြင့် ဆွမ်းရတော်မမူဘဲ ကြွလာတော်မူသည်ကို မာရ်နတ်မြင်လျှင် တဖန် ကြွတော်မူရန် လျှောက်ထားသော်လည်း အာဘဿရာပြဟ္မာတို့ကဲ့သို့ ပီတိဖြင့်သာ ထိုနေ့ကိုလွန်အံ့-ဟု မိန့်တော်မူကြောင်း သဂါထာဝဂ်၊ **မာရသံယုတ်၌** လာ၏။

၈။ **ဧကနာလ ပြာဟ္မဏဂါမ** ထိုရွာကြီးသည် ဒက္ခိဏာဂီရိ တောင်ပိုင်းနယ်၌ရှိသော ထင်ရှားကျော်ဇောသော **ကသိဘာရဒွါဇ ပုဏ္ဏားကြီး** နေထိုင်သော ရွာကြီးဖြစ်၍ တရံသောအခါ မြတ်စွာဘုရားသည် ထိုပုဏ္ဏားကြီး ထွန်ငါးရာနှင့် လယ်ထွန်မင်္ဂလာခမ်းနား ကြီးကျယ်စွာ ပြုလုပ်နေစဉ် ကြွသွားတော်မူ၍ ပုဏ္ဏားကြီးက "အရှင်ဘုရား၊ အဘယ်သို့ပါနည်း၊ ထွန်ယက်စားတော်မူပါ"ဟု လျှောက်ထားသည်ကို အကြောင်းပြုလျက် "သဒ္ဓါမျိုးစေ့ အကျင့်မိုယ်းရွာ ပညာထမ်းပိုးထွန်သံတို့ဖြင့် ထွန်ယက်စားသောက်၍ အမြိုက်အရသာသုံးဆောင်ကာ ခပ်သိမ်းသောဒုက္ခမှ လွတ်မြောက်ရကြောင်း" ဟောကြားသောအခါ ပုဏ္ဏားကြီးလည်း တစ်သက်ပန် ဆည်းကပ်ကိုးကွယ်သူအဖြစ် လျှောက်ထားပါကြောင်း သဂါထာဝဂ်၊ **ပြာဟ္မဏသံယုတ်၌** လာ၏။

၉။ **ကလ္လဝါဠ ပုတ္တဂါမ** ထိုရွာ၌ အရှင်မဟာမောဂ္ဂလာန်မထေရ် သီတင်းသုံးတော်မူစဉ် လွန်သောဝီရိယဖြင့် တရားအားထုတ်တော်မူလေလျှင် ဝီရိယလွန်သဖြင့် မကြာ မကြာ ငိုက်မျဉ်းနေတော်မူသောအခါ မြတ်စွာဘုရားသည် ကြွသွားတော်မူပြီး ငိုက်မည်းခြင်း ကို ပယ်ဖျောက်ကြောင်း တရား ၇-ပါးဟောကြားတော်မူကြောင်း---သတ္တက၊ အင်္ဂုတ္တိုရ်၊ **အဗျာကတဝဂ်၌** လာ၏။

ထိုမှတပါးလည်း အချို့မှတ်တမ်းများ၌---

**ရောဟဏဝတ္ထု ဥရုဝေဠကပ္ပ အနာလယ-**

**သာရတိပုရ ဣဋ္ဌကာဝတီ ဒီဃရာဇိ-**

အစရှိသော ရွာနိဂုံးများရှိကြောင်း ရေးသားကြသော်လည်း ၎င်းတို့မှာ ပါဠိတော်၌ ရှာဖွေ စိစစ်၍ ထင်ရှားစွာမရှိသဖြင့် ထိုဆိုခဲ့ပြီးသော မြို့, ရွာ, နိဂုံးများသာ ပါဠိတော်၌ များသော အားဖြင့် ထင်ရှားတွေ့ရှိရသော ဌာနများဖြစ်သည်အပြင် မြတ်စွာဘုရား၏ ဒေသနာတော် ဓမ္မစက် ဟောမြွက်တော်မူရာ ဌာနများလည်း ဖြစ်ကြကုန်၏။

ဤကဲ့သို့ မဂဓတိုင်းနယ်ကြီး၌ မြတ်စွာဘုရား လက်ထက်တော်က ထင်ရှားကျော် ကြားသော မြို့, ရွာ, နိဂုံးများ ပြဆိုခဲ့ပြီးသည့်အတိုင်း မှတ်သားပိုင်းခြား၍ ထိုမှတပါး ပါဠိ, အဋ္ဌကထာတို့၌ မထင်ရှားသော မြို့ ရွာများရှိမည်ကား ယုံမှားဖွယ် မရှိသော်လည်း မြတ်စွာ ဘုရား အကြောင်းအတ္ထုပ္ပတ် မပေါ်သဖြင့် ဟောတော်မူသော ဒေသနာတော်မရှိသော ကြောင့် ၎င်းတို့၏ အမည်များကား သာသနာဝင်မှတ်တမ်းတို့၌ မထင်ရှားဘဲ ရေးသားဖော်ပြ ခြင်းလည်း အထူးမရှိကုန်။

## ၎င်းမဂဓတိုင်းနယ် မြို့, ရွာ, ဌာန, အကျယ်အဝန်း အခြေအနေများ

မဂဓတိုင်းကြီး၏ မြို့တော်သည်ကား ရာဇဂဟ-ကုသာဂရ-ဂိရိဗ္ဗဇ-ခေါ်ဆို၍ အဋ္ဌကထာ, ပိဋကတ်ကျမ်းဂန်များ၌ ပြဆိုရေးသားသည့်အရ-

- ဘုန်းတန်ခိုးကြီးမားသော စကြာမင်းကြီးနှင့် မြတ်စွာဘုရားလက်ထက်တော်၌သာ ၎င်းမြို့သည် ထွန်းကား၍ ထိုမှတပါး အခါသမယများ၌ မြို့နေရာများကို နတ်များ သိမ်းဆည်းကြကြောင်း၊
- ထို့ကြောင့် ၎င်းမြို့ကို မင်းကောင်း မင်းမြတ်တို့နေထိုင်ရာဖြစ်၍ ရာဇဂဟ ခေါ် တွင်ကြောင်း၊
- ၎င်းပြင် အခြား အယူဝါဒများ၏မှတ်တမ်းများအရ သမန်းမြက်တို့ဖြင့် ဖန်ဆင်း သောကြောင့် ကုသာဂရ ခေါ်တွင်ကြောင်း၊
- တောင် ၅-လုံးတို့ဖြင့် ခြံရံအပ်သောကြောင့် ဂိရိဗ္ဗဇ-ဟု ပါဠိကျမ်းဂန်အရ ခေါ်ဆိုကြောင်း-

စသည်တို့မှာ ထင်ရှား၍ အထူးရေးသားဖွယ် မရှိသော်လည်း ၎င်းမြို့၏တည်နေရာ ယခု ထင်ရှားရှိသော အခြေအနေနှင့် နယ်ပယ်ရှိ မြစ်, ချောင်းများ၊ မြတ်စွာဘုရား လက်ထက်တော်က တိုင်းနယ်အကျယ်အဝန်း၊ အပိုင်းအခြားများ*(ကို)* ရေးသားရပေမည်။

ထိုရာဇဂဟ, ဂိရိဗ္ဗဇခေါ် ရာဇဂြိုဟ်မြို့တော်သည်ကား ဂင်္ဂါမြစ်မှ ၅-ယူဇနာ ကွာဝေးကြောင်း ခုဒ္ဒကပါဌ အဋ္ဌကထာ၊ **ရတနသုတ်***(နှာ၊ ၁၃၆)*အဖွင့်၌---

အထ ခေါ ရာဇာ ဗိမ္ဗိသာရော ရာဇဂဟဿ စ ဂင်္ဂါယ စ အန္တရာ ပဉ္စယောဇနဘူမိံ သမံ ကတွာ ယောဇနေ ယောဇနေ ဝိဟာရံ မာပေတွာ ဘဂဝတော ဂမနကာလံ ပဋိဝေဒေသိ။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် ရာဇဂြိုဟ်နှင့် ဂင်္ဂါအကြား ၅-ယူဇနာရှိ မြေကို အညီအညွတ်ပြင်၍ ယူဇနာတိုင်း ယူဇနာတိုင်း ကျောင်းဆောက်လုပ်စေပြီး မြတ်စွာဘုရားအား အခါကာလ လျှောက်ကြားလေ၏- စသည်ဖြင့် ဝေသာလီပြည် ဘေးဥပါဒ်အန္တရာယ်ကာကွယ်တားဆီးရန် မြတ်စွာဘုရား ကြွသွားတော်မူရာ ဖွင့်ပြသဖြင့် မည်သည့်မျက်နှာဟု မညွှန်ပြသော်လည်း ယခုတည် ရှိသောနေရာမှာကား ဂင်္ဂါမြစ်၏တောင်မျက်နှာ လက်ယာဘက်၌ တည်ရှိကြောင်း မှတ်သားအပ်၏။

၎င်းပြင် မရှိမတိုက်အလယ်သို့ ဖြတ်ကျော်စီးဆင်းသော မြစ်ကြီး ၅-စင်းတို့သည် အနောက်မှ အရှေ့သို့ စီးဆင်းကြကြောင်း မဟာဝဂ္ဂသံယုတ်၊ ဂင်္ဂါပေယျာလ*(သံ၊ ၃။ ၃၀)* စသည်တို့၌ မြတ်စွာဘုရားသည် မြစ်ကြီး ၅-သွယ် ပမာထား၍ မဂ္ဂင် ၈-ပါးကို ဟောကြားတော်မူသည်မှာ---

"သေယျထာပိ ဘိက္ခဝေ ဂင်္ဂါနဒီ။ပ။ ယမုနာနဒီ။ပ။ အစိရဝတီနဒီ။ပ။ သရဘူနဒီ ။ပ။ မဟီနဒီ ပါစီနနိန္နာ ပါစီနပေါဏာ ပါစီနပဗ္ဘာရာ။ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေန္တော။ပ။ ဗဟုလီကရောန္တော နိဗ္ဗာနနိန္နော ဟောတိ နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာရော။

ရဟန်းတို့၊ ဥပမာအားဖြင့် ဂင်္ဂါ, ယမုနာ, အစိရဝတီ သရဘူ မဟီ-မြစ် ၅-သွယ်တို့သည် အရှေ့သို့ ညွတ်ကိုင်း စီးဆင်းကုန်သကဲ့သို့ ဤအတူ ရဟန်းတို့ ဖြူစင်သော မဂ္ဂင် ၈-ပါး *(ကို)*ကြိမ်ဖန်များစွာ ပွါးများသည်ရှိသော် နိဗ္ဗာန်သို့ညွတ်၏၊ နိဗ္ဗာန်သို့ ကိုင်း၏"ဟု ဟောကြားသဖြင့် ၎င်းမြစ်ကြီး ၅-သွယ်တို့သည် အရှေ့သို့စီးဆင်းကြောင်း ထင်ရှား၍ ၎င်းမြို့မှာကား လက်ျာဖြစ်သော တောင်ဘက်ကျကြောင်း ယုံမှားမဲ့မှတ်အပ်၏။

ထိုမှတပါး ရာဇဂြိုဟ်မြို့တော်ကြီး ခြံရံလျက် တည်ရှိသော တောင် ၅-လုံးတို့မှာ **ပိဋကကျမ်းဂန်အရ** အစဉ်အတိုင်း---

၁။ ဝေဘာရတောင် မြောက်မျက်နှာ
၂။ ဝေပုလ္လတောင် မြောက်မျက်နှာ
၃။ ဂိဇ္ဈကုဋ္ဋတောင် အရှေ့မျက်နှာ
၄။ ဣသိဂိလိတောင် အရှေ့တောင်ဘက်
၅။ ပဏ္ဍဝတောင် အနောက်တောင်

အားဖြင့် တောင် ၅-လုံး တည်ရှိကြောင်း လာ၏။

ၡင်းတို့အမည်များကို **သကတကျမ်းဂန်များ၌ကား**-

၁။ ဝဲဘာရဂီရိ ဝိုက်ဘာရတောင်။
၂။ ဝရာဟဂီရိ ဝိပုလတောင်။
၃။ ဗရိသ္သဘဂီရိ ဥသဘတောင်။
၄။ ရိသ္သိဂိရိ ဣသိတောင်။
၅။ စဲတီယဂီရိ ကျိုက်တျတောင်-

ဟု-ခေါ်ဆိုကြသည့်အပြင် **ယခုအခါ၌ပင် ဟိန္ဒူများသည် သကတမှလာသော ၎င်းတို့ ဘာသာအားဖြင့်**-

၁။ ဝိုက်ဘာရဂိရိ ဝေဘာရတောင်
၂။ ဝိပုလဂိရိ ဝေပုလ္လတောင်
၃။ ရတနဂိရိ ဂိဇ္ဈကုဋ္ဋတောင်
၄။ ဥဒယဂိရိ ဣသိဂိလိတောင်
၅။ ဆောဏဂိရိ ပဏ္ဍဝတောင်-

ဟု-အသီးသီး ပြောင်းလဲလာသော တောင်၏ အမည်များ ခေါ်ဆိုကြ၏။

၎င်းတောင် ၅-လုံးတို့တွင် မြောက်မျက်နှာ၌ တည်ရှိသော ဝေဘာရတောင်၏ တောင်မျက်နှာမှာ နှစ်ပေါင်း ၂၀၀၀-ကျော် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် မကြာမီက အရှင်မဟာကဿပအမှူးရှိသော သံဃာတော် အရှင်မြတ်တို့ သံဂါယနာ ပဌမအကြိမ် တင်တော်မူခဲ့ရာ သတ္တပဏ္ဏိလိုဏ်ဂူရှိ၍ ၎င်းတောင်၏မြောက်ဘက် တောင်နံရံ၌ ဖောက်ထွင်းစီးဆင်းသော တပေါဒါခေါ် ရေပူမြစ်ဝလည်း တည်ရှိသဖြင့်

၎င်းမြစ်သည် ဝေဘာရ-ဝေပုလ္လ-တောင် ၂-ခုကြားမှ စီးဆင်းသွားသော **သူရဿတီ**ခေါ် မြစ်ငယ်ကလေးနှင့် ပေါင်းဆုံကြလေ၏။ ၎င်းတောင် ၂-ခု အကြား၌ပင် ရာဇဂြိုဟ် မြို့တော်ဟောင်း တံခါးရှိ၍ မြို့တော်သစ်ကား ၎င်းမြို့တော်ဟောင်း တံခါးမှ မြောက်ဘက် မဝေးကွာသောအရပ်၌ မြို့တော်သစ် တည်ရှိလေ၏။

ဤကဲ့သို့ မြို့ ရွာတို့၏ အမည်နာမများသည် တစ်ခေတ်မှ-တစ်ခေတ်၊ တစ်ခါမှ-တစ်ခါ အခါအားလျော်စွာ အမြဲတမ်းပြောင်းလဲလျက် ရှိနေကြောင်း မြတ်စွာဘုရားသည် နိဒါနဝဂ်၊ **အနမတဂ္ဂသံယုတ်**၌---

"ရဟန်းတို့၊ ရှေးအခါက ဤဝေပုလ္လတောင်သည် **ပါစိနဝံသ**တွင်ကြောင်း, ဤတိုင်း နိုင်ငံကား **တိဝရ**မည်ကြောင်း, လူတို့၏ သက်တမ်းကား အနှစ်လေးသောင်းဖြစ်၍ **ကကုသန်** မြတ်စွာဘုရား ပွင့်တော်မူကြောင်း, ဤပါစိနဝံသ တောင်ကား ၄-ရက်တက်၍ ၄-ရက်ဆင်းရ ကြောင်း---

ရဟန်းတို့၊ ၎င်းနောက် ဤဝေပုလ္လတောင်သည် **ဝင်္ကက**ခေါ်၍ တိုင်းနိုင်ငံကား **ရောဟိတဿ**တွင်ကြောင်း, လူတို့၏သက်တမ်း အနှစ်သုံးသောင်းရှိ၍ **ကောဏာဂုံ**မြတ်စွာ ဘုရား ပွင့်တော်မူကြောင်း, ထိုအခါ ဤဝင်္ကကတောင်ကား ၃-ရက်တက်၍ ၃-ရက်ဆင်းရ ကြောင်း---

ရဟန်းတို့၊ ၎င်းနောက် ဤဝေပုလ္လတောင်သည် **သုပဿ**ခေါ်၍ တိုင်းနိုင်ငံကား **သုပ္ပိယ**တွင်ကြောင်း, လူတို့၏သက်တမ်း အနှစ်-နှစ်သောင်းဖြစ်၍ **ကဿပ**မြတ်စွာ ဘုရား ပွင့်တော်မူကြောင်း, ဤသုပဿတောင်ကို လူများ ၂-ရက်တက်၍ ၂-ရက်ဆင်းရကြောင်း-

ရဟန်းတို့၊ ယခုအခါ ဤတောင်ကား **ဝေပုလ္လ**တွင်၍ **မဂဓ**တိုင်းနိုင်ငံဖြစ်ကြောင်း ယခု လူတို့သက်တမ်း-၁၀၀ ၌ ငါဘုရားပွင့်တော်မူရကြောင်း ဤဝေပုလ္လတောင်ကား ယခုအခါ တမုဟုတ်တက်၍ တမုဟုတ်မျှ ဆင်းရကြောင်း၊ ဤသို့ သင်္ခါရတရားတို့၏ မမြဲကြောင်း မိန့်တော်မူပြီး၍-

**ပါစီနဝံသော တိဝရာနံ၊ ရောဟိတဿာန ဝင်္ကကော။**
**သုပ္ပိယာနံ သုပဿောတိ၊ မာဂဓာနဉ္စ ဝေပုလ္လော။** ။*(သံ၊ ၁။ ၃၉၈)*

ဟု-အချုပ်အားဖြင့် မိန့်ကြားတော်မူ၏။

ဤသို့ ကာလရှည်လျား၍ အမည်နာမ ပြောင်းလဲငြားသော်လည်း နေရာဌာနကား အမြဲတည်နေသဖြင့် မြတ်စွာဘုရားဟောကြားတော်မူသော ကပ္ပဋ္ဌိတိ နေရာတို့သည်လည်း

မြေကြီးတက်လျက် တစ်ယူဇနာထက်မက မြင့်စေကာမူ ၎င်းနေရာတို့၌ အမြဲတည်လျက် မြင့်တက်လာကြကုန်၏။ အထက်ပါ ဟောကြားတော်မူသော ဒေသနာတော်အရ ကဿပ မြတ်စွာဘုရားလက်ထက်နှင့် ဂေါတမနွယ်ဖွား ရှင်တော်ဘုရားလက်ထက်မှာ ၂-ယူဇနာခန့် တက်သည်ကို ၂-ရက်တက်၍ ၂-ရက်ဆင်းရသော ဤဝေပုလ္လတောင် ပမာဏကို ဆ၍ သိရ၏။

ဤသို့ မြတ်စွာဘုရားသည် ဝေပုလ္လတောင်အကြောင်း ရှေးအခါသမယနှင့် နှိုင်းစာလျက် ဟောကြားတော်မူသည်ကို ထောက်၍ ကြွင်းကျန်သော တောင်များလည်း အလားတူ နာမည်များနှင့် ပမာဏများ ရွေ့လျားပြောင်းလဲမည်ကား အမှန်ဖြစ်သဖြင့် ယခု အခြေ အနေ မျက်မြင်ပမာဏကိုသာ ပထဝီဆရာများ တည်ရာဌာန, အကျယ်အဝန်း ညွှန်ပြ ရေးသားကြသည်မှာ---

၁။ ရတနာဂိရိ ဂိဇ္ဈကုဋ်တောင်သည် ဝေဘာရတောင်မှ အရှေ့တည့်တည့် တည်ရှိကြောင်း---

၂။ ဂိဇ္ဈကုဋ်တောင်မှ ပဏ္ဍဝတောင်သို့ အနောက်တောင်ယွန်းယွန်း တည်ရှိကြောင်း

၃။ ၎င်းပဏ္ဍဝတောင်သည် အနောက်ဘက်မျက်နှာသို့ ကွေ့လည်ပတ်ဝိုက်လျက် ဝေဘာရတောင်နှင့် ဆက်စပ်တည်ရှိကြောင်း

၄။ ဣသိဂိလိတောင်မှာ အရှေ့တောင်ဘက် ယွန်းယွန်းမှာ တည်ရှိကြောင်း---

မှတ်သား ညွှန်ပြကုန်၏။

၎င်းတို့၏အတိုင်းအတာ ပမာဏမှာ ပထဝီဝင်ဆရာများ ရေးသားဖော်ပြသည့် အတိုင်း---

| | | |
|---|---|---|
| ၁။ ဝေဘာရတောင်မှ ဝေပုလ္လတောင်သို့ | ပေ | ၁၂၀၀၀' |
| 　　သို့မဟုတ် အတောင် | | ၈၀၀၀် |
| ၂။ ဝေပုလ္လတောင်မှ ဂိဇ္ဈကုဋ်သို့ | ပေ | ၄၅၀၀ |
| 　　သို့မဟုတ် အတောင် | | ၃၀၀၀် |
| ၃။ ဂိဇ္ဈကုဋ်မှ ဣသိဂိလိတောင်သို့ | ပေ | ၈၅၀၀ |
| 　　သို့မဟုတ် အတောင် | | ၅၆၆၆် |

| | | |
|---|---|---|
| ၄။ ကွာသိဂိလိတောင်မှ ပဏ္ဍဝတောင်သို့ | ပေ | ၇၀၀၀' |
| သို့မဟုတ် အတောင် | | ၄၆၆၆ᵉ |
| ၅။ ပဏ္ဍဝတောင်မှ ဝေဘာရတောင်သို့ | ပေ | ၉၀၀၀' |
| သို့မဟုတ် အတောင် | | ၆၀၀၀ |
| | အားလုံး-ပေပေါင်း | ၄၁၀၀၀' |
| | အတောင်ပေါင်း | ၂၇၃၃၃-၁ |

ပေပေါင်း-လေးသောင်းတစ်ထောင် သို့မဟုတ် အတောင်နှစ်သောင်းခုနစ်ထောင် သုံးရာသုံးဆယ့်သုံးတောင်တစ်မိုက် ရှိသဖြင့် ကုလုပ်လေးတာ ၅၀၀-ရှိ ကောသပေါင်း ၁၃-ကောသ, တာ ၃၃၃-မျှ ရှိ၍ တစ်ယူဇနာ နီးပါးရှိကြောင်း အတိုင်းအတာ ပိုင်းခြားသည့်အပြင် သဏ္ဌာန်ပမာဏအားဖြင့် အရှေ့,အနောက် အလျားရှည်လျက် တောင်, မြောက် အနံကား ကျဉ်းကြောင်း, ရှည်လျားကြောင်း မှတ်သားကြကုန်၏။ ၎င်းပြင် တရုတ်ရဟန်းတော်တို့၏ မှတ်တမ်းအရ ၎င်းတောင် ၅-လုံးတို့၏ အပြင်ဘက်မှ တံတိုင်းရိုးရိုးရှိ၏။ ၎င်း၏ ပမာဏမှာ ၃-ယူဇနာခွဲခန့် ရှိကြောင်း ရေးမှတ်ကြကုန်၏။

ထိုမှတပါး ဤမဂဓတိုင်း၌ ရှိကြကုန်သော မြို့ရွာများ၏ အရပ်ဒေသအညွှန်း, အဝေးအကွာ, ပမာဏတို့ကို ကျမ်းဂန်အရ ထောက်ဆည်ညှိနှိုင်းရေးသားရန်မှာ ဂင်္ဂါမြစ်မှ မဂဓမြို့တော်၊ ၎င်းမြို့တော်မှ တောင်ဘက်၊ မြောက်ဘက် အရပ်ဒေသမျက်နှာမျှလောက်သာ ရှိသဖြင့် နာလန္ဒမြို့မှာ---

အန္တရာ စ ရာဇဂဟံ အန္တရာ စ နာလန္ဒံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ။-

ဟူသော သီလက္ခန်၊ ဗြဟ္မဇာလသုတ်*(နှာ၊ ၁)*အရ အဋ္ဌကထာ*(ဒီ၊ ၄။ ၁။ ၃၆)*ဖွင့်ပြသည်မှာ-

ရာဇဂဟတော ပန နာလန္ဒာ ယောဇနမေဝ။

ရာဇဂြိုဟ်မှ နာလန္ဒမြို့ကား တစ်ယူဇနာမျှသာ ဖြစ်၍ ၎င်းသည် အဒ္ဓါနမဂ္ဂ-ဟု အနည်းဆုံး အပိုင်းအခြားပြပေ၏။ ထိုမှတပါး သက္ကပဉှာသုတ်ဟောတော်မူရာ ဣန္ဒသာလဂူ တည်ရှိသော အမ္ဗသဏ္ဍာပုဏ္ဏားရွာမှာလည်း ရာဇဂြိုဟ်မြို့၏ အရှေ့ဘက်တည်ရှိကြောင်း သာမညလာ၍ မည်မျှဝေးကွာသည်ကို မဖော်ပြသော်လည်း ၎င်းမြို့တော်၏အနီး၌ပင် ဖြစ်သင့်သည်မှာ ဟောတော်မူသော ပါဠိတော်များ ထောက်ဆ၍ သိရ၏။ ထိုမှတပါး အခြားမြို့, ရွာ, နိဂုံးများမှာ ဤကဲ့သို့ အရပ်မျက်နှာမျှလောက် မှတ်သား၍ ပမာဏအကွာ အဝေးများကို ပါဠိတော်အားဖြင့်၎င်း အဋ္ဌကထာအားဖြင့်၎င်း နှိုင်းဆသိရှိရန် ထင်ရှားမရှိကုန်၊

## မဂဓတိုင်း၏ အကျယ်အဝန်း

၎င်းတိုင်းကြီး၏ အကျယ်အဝန်းမှာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး နောက် မဇ္ဈိမဒေသသို့ သာသနာတော်မှတ်တမ်း-ဟု ဆိုအပ်သော သာသနာတော်နှင့်စပ်၍ အကြောင်းအတ္တုပ္ပတ်ရှာဖွေ စုံစမ်းလေ့လာကြလျက် ၎င်းတို့၏ ခရီးသွားမှတ်တမ်းများ ကြိုးပမ်းရေးသား၍ ထားခဲ့ကြသော တရုတ်ရဟန်း ဖာဟိုင်နှင့် ဝှင်သျှင်တို့၏ မှတ်တမ်းများမှာ သာသာနာတော်-၉၀၀ နှင့် ၁၀၀၀-ကျော်လောက်က ဖြစ်သဖြင့် မြတ်စွာဘုရား လက်ထက် တော်မှ ထောက်စာလျှင် အလွန်လျှင် နောက်ပိုင်းကြ၍ ၎င်းတို့ရောက်ရှိသောအခါ သမယ၌ကား ခေတ်ကာလ အတော်ပြောင်းနေပြီးဖြစ်သောကြောင့် ၎င်းတို့ မှတ်တမ်း များမှာ ၎င်းခေတ်အားလျော်စွာ မှန်ကန်သော်လည်း ကျမ်းဂန်များအရ မှတ်သားလျက် အကျယ်အဝန်း, ပမာဏ ရေးသားရပေမည်။

၎င်းမဂဓတိုင်းအတွင်း၌ မြတ်စွာဘုရားလက်ထက်တော်မှာ အင်္ဂတိုင်းနယ် ပါဝင် သော်လည်း အသီးအခြား နောက်က ရေးသားခဲ့ပြီးဖြစ်၍ အထူးရေးသားရန်မလိုဘဲ မဂဓ နယ်သက်သက်ကိုသာ ရေးသားရပေမည်၊ ၎င်းအကျယ်အဝန်း အပိုင်းအခြားကို အနီး အနားဖြစ်သော တိုင်းပြည်များဖြင့် မှတ်သားရမည်ဖြစ်သောကြောင့် အကြမ်းအားဖြင့်---

- ၎င်းမဂဓတိုင်းသည် ဂင်္ဂါမြစ်၏ လက်ယာဖြစ်သော တောင်ဘက်ကမ်း၌ တည်ရှိ၍ မြောက်ဘက်အပိုင်းအခြားမှာ ဝဇ္ဇီတိုင်းနယ်များ ဖြစ်၏။
- အရှေ့ဘက်မှာ အင်္ဂတိုင်းနှင့်စပ်လျက် တည်ရှိသဖြင့် ၎င်းတိုင်းနယ်ပယ်များသည်ပင် အရှေ့ဘက်အပိုင်းအခြား-ဟု မှတ်သားအပ်ကုန်၏။
- အနောက်ဘက်၌တည်နေသော တိုင်းနိုင်ငံကား ကာသိတိုင်းဖြစ်၍ အနောက်ဘက် အပိုင်းအခြားမှာ ကာသိတိုင်းနယ်ပယ်များသာ မှတ်သားအပ်၏။
- တောင်ဘက်မျက်နှာနှင့် စပ်လျက်တည်ရှိသော တိုင်းနိုင်ငံနယ်ပယ်များကား ထင်ရှားအောင် ကျမ်းဂန်၌ မပါသဖြင့် ကျမ်းဂန်အရ ထင်ရှားမရှိကုန်။

၎င်းပြင် အလောင်းတော်အဖြစ် တောထွက်တော်မူစဉ်က သက္ကတိုင်းနှင့် ကောလိယတိုင်းတို့ကို လွန်မြောက်မှ မဂဓတိုင်းနယ်သို့ ရောက်သောကြောင့် ၎င်းတိုင်းနယ် များသည် မဂဓတိုင်းနယ်၏ အနောက်မြောက်ဖြစ်သော တိုင်းနယ်များဖြစ်ကြောင်း သိရ၏။

ဤမျှလောက်ဖြင့် မဂဓတိုင်းကြီး၏ မြို့, ရွာ, နိဂုံး၊ တည်ရာဌာန, အကျယ်အဝန်း, ပမာဏ နှိုင်းဆသိနိုင်လောက်ပြီ။

ထိုမှတပါး ပိဋကကျမ်းဂန်အရ ဆိုခဲ့ပြီးသော အပိုင်းအခြားတို့မျှလောက်သာ မှတ်သားပိုင်းခြားနိုင်သော်လည်း သာသနာတော်နောက်ပိုင်း၌ မဇ္ဈိမဒေသသို့ ဝင်ရောက်လာကြသော **ယောနကတိုင်းသား** ဂရိတ်လူမျိုးများ၏ မှတ်တမ်းများအပြင် သာသနာတော် ၉၀၀-ကျော်က ၎င်းမဇ္ဈိမဒေသသို့ ပိဋကတ်ကျမ်းစာများနှင့် ဗုဒ္ဓဘာသာ ရှေးဟောင်း ဌာနများ ရှာဖွေစုဆောင်းကြသော တရုတ်ရဟန်းတော် **ဖာဟိုင်**နှင့် ၎င်းနောက် သာသနာတော် ၁၀၀၀-ကျော်လောက်မှာ လာရောက်စုံစမ်းသော တရုတ်ရဟန်းတော်ဝှင်သျှင်၏ မှတ်တမ်းများအရ ၎င်းတို့လာရောက်ကြသော အခါသမယတိုင်အောင် ဗုဒ္ဓသာသနာတော် ထွန်းကား၍ တိုင်းပြည်နိုင်ငံများလည်း စည်ပင်ဝပြောလျက်ရှိကြောင်း ရေးသားဖော်ပြကြကုန်၏။

သို့ဖြစ်၍ ၎င်းတို့၏ မှတ်တမ်းများ မှတ်သားရန် ရေးသားဖော်ပြကြသည့် အကြောင်းအရာ အတ္ထုပ္ပတ်များကိုလည်း အခွင့်အားလျော်စွာ သိသင့်သိထိုက်သော အကြောင်းများ ဖြစ်ခြင်းကြောင့် ယောနကတိုင်းသား ဂရိတ်လူမျိုးများ၏ မှတ်တမ်းများမှာ သာသနာတော် အဆက်ဖြစ်သော **အသောကမင်းတရားကြီး**လက်ထက် အကြောင်းအရာများ ရေးသားကြရာ၌ ထင်ရှားမည်ဖြစ်၍ ယခု မရေးသားတော့ဘဲ တရုတ်ရဟန်းတော်များတို့၏ မဂဓတိုင်းနယ်များ၌ သွားလာတွေ့ရှိကြသော အကြောင်းအရာ အကျဉ်းချုပ်မျှ ရေးသားဖော်ပြရပေမည်။

✪ ✪ ✪ ✪ ✪

## မဂဓတိုင်းနှင့် စပ်လျဉ်း၍ ရဟန်းတော်ဖာဟိုင်၏ မှတ်တမ်း အကျဉ်း

တရုတ်ရဟန်းတော် ဖာဟိုင်သည် ဂင်္ဂါမြစ်ကို ဖြတ်ကူးလျက် တောင်ဘက်သို့ တစ်ယူဇနာခန့် သွားသောအခါ ပါဋလိပုတ်မြို့တော်သို့ ရောက်၍ ၎င်းမြို့တော်ကြီး၏ တင့်တယ်ခမ်းနားသော အသရေများကို ကြည့်ရှုမှတ်သားကြပြီးနောက် မြို့၏တောင်ဘက် စေတီတော်တစ်ဆူနှင့် ခြေတော်ရာတစ်ဆူကို ဖူးမြော်ပြီးလျှင် အသောကမင်းတရားကြီး တည်ထောင်တော်မူသော နိလ်ခေါ် မြို့တော်ဟောင်းကြီးရှိရာ မြောက်ဘက်သို့ ခြေလှမ်း ၃၀၀-မျှလောက် သွားပြီးမှ အရှေ့တောင်ဘက် ၉-ယူဇနာ ဆက်လက်သွားကြသောအခါ ဂိရယက်ရွာအနီး ကျောက်တောင်ကြီးတစ်ခုကို တွေ့ရပြန်၍ ၎င်းမှအနောက်ဘက်သို့ တစ်ယူဇနာ ဆက်လက်သွားသောအခါ အရှင်သာရိပုတ္တရာ ဖွားမြင်တော်မူရာ ယခုအခါ၌ ဘာရဂွန်း ခေါ်သော နာလကရွာသို့ရောက်၍ အနောက်ဘက် တစ်ယူဇနာခန့် သွားလျှင်

ရာဇဂြိုဟ်မြို့သစ်နှင့် မြို့ဟောင်းမှာ တောင်ဘက် ၄-လီလောက်အကွာတွင် တွေ့မြင်ရကြောင်း ရေးသားဖော်ပြ၏။

ၾင်းနောက် ရာဇဂြိုဟ်မြို့ဟောင်းမှ ထွက်၍ အရှေ့ဘက် ၃-လီလောက် သွားသော အခါ **ဒေဝဒတ္တနေရာ** ကျောက်ဂူတစ်ခုကို တွေ့ရှိပြီးနောက် ၎င်းမှအနောက်ဘက် ၄-ယူဇနာ ဆက်လက်သွားလျှင် ဂယာမြို့သို့ရောက်၍ မြောက်ဘက် လီ၂၀-လောက်မှာ ဒုက္ကရစရိယာ ကျင့်တော်မူရာ **ဥရုဝေဠတော**၊ ၎င်းမှအနောက် ၃-လီခန့်လောက်မှာ ဘုရား အလောင်း ရေသပ္ပါယ်တော်မူရာ **ရေချိုးဆိပ်**၊ ၎င်းမှမြောက်ဘက် ၂-လီခန့်မှာ သုဇာတာ **ယနာနို့ဆွမ်း** လှူဒါန်းသော နေရာများအပြင်၊ ၎င်းမှ ၂-လီလောက်အကွာ ဆွမ်းဘုဉ်းပေး တော်မူသော **ကျောက်ဖျာကြီး**ကို တွေ့ရပြီး ၎င်းမှ (၁)ယူဇနာခန့် အရှေ့မြောက်ဘက်မှာ ဘုရားအလောင်း **မိဋ္ဌာန်တော်မူသောနေရာ**သို့ ရောက်ပြီးလျှင် အနောက်တောင်ဘက် (၁)ယူဇနာခန့်မှာ **မဟာဗောဓိမြတ်**သို့ ရောက်ကာ ကြည်ညိုစွာ ကန်တော့ဖူးမြော် ပူဇော်ရ လေ၏။

ဤအထက်၌ ဆိုခဲ့ပြီးသော တရုတ်ရဟန်းတော် ဖာဟိုင်၏ သွားလာသော ခရီးစဉ် အရ ပါဋ္ဋလိပုတ်မြို့တော်ကြီးမှ အရှေ့တောင် ၁၁-ယူဇနာကျော်ကျော် ဝေးကွာသော ဌာနမှာ ရာဇဂြိုဟ်မြို့ဟောင်းတည်ရှိကြောင်း၊ သို့သော်လည်း ၎င်းမှာ အဖြောင့်တာအားဖြင့် မဟုတ်ဘဲ လမ်းခရီးအကွာအဝေးမျှ ဖြစ်သင့်ကြောင်း၊ အဖြောင့်တာအားဖြင့် ၁၀-ယူဇနာခန့် မျှ ကွာဝေးလိမ့်မည်ဖြစ်ကြောင်း၊ ၎င်းမြို့တော်ဟောင်းမှ အနောက် ၄-ယူဇနာမှာ ဂယာမြို့ တည်ရှိ၍ ၎င်းမှ မဟာဗောဓိပင်သို့ လမ်းစဉ်အားဖြင့် ရှည်လျားသော်လည်း အဖြောင့်တိုင်း တာလျှင် လီပေါင်း-၂၄ မျှ ကွာဝေးကြောင်း ၎င်းမှတ်တမ်းဆရာများ အကျဉ်းချုပ် ရေးသား မှတ်ထားကြကုန်၏။

✪ ✪ ✪ ✪ ✪

## တရုတ်ရဟန်းတော် ဝှင်သျှင်၏ မှတ်တမ်း
## အကျဉ်းချုပ်ဖော်ပြချက်

ထိုမှတပါး ထိုရဟန်းတော်ထက် သေချာ၍ ခမ်းနားသောခရီးသည် တရုတ်ရဟန်း တော် ဝှင်သျှင်၏မှတ်တမ်းအရ သူသည် ဝေသာလီမှ အပြန်တွင် ဂင်္ဂါမြစ်ကို ဖြတ်ကျော် လျက်လာရာ ၎င်းမြစ်နှင့် ဟိရညဝတီ ဟိရညဝါဟ-ဟုရှေးကခေါ်၍ ယခု ဆုဝရ်ဏ သုဝဏ္ဏ မြစ်တို့ ဆုံမိရာ အောက်နား၌ ယခုအခါ ပတ္တနား-ဟု ခေါ်သော ပါဋ္ဋလိပုတ်မြို့တော်ကြီး

သို့ ရောက်၍ ၎င်း၌ ကြည့်ရှုစုံစမ်းပြီးလျှင် အနောက်တောင်ဘက် လီ-၁၀၀ ခရီးဆက်လက်သွားသောအခါ **တိလောကသျှိယကျောင်းတော်ကြီး**သို့ ရောက်ပြီးလျှင် ၎င်းမှ လီ-၉၀ အနောက်တောင်ဘက်သို့ တိုးတက်သွားသောအခါ မြတ်စွာဘုရား တရားဓမ္မ ကြည့်ရှုဆင်ခြင်တော်မူရာ တောင်ထွတ်တစ်ခုသို့ ရောက်ပြီး အနောက်မြောက် လီ-၃၀ ခန့်မှာ တောင်ကုန်းငယ်တစ်ခု ခြေရင်း၌ ခင်းကျင်းဆောက်လုပ်ထားသော ကျောင်းတိုက်ကြီးတစ်ခုကို တွေ့ရလေ၏။ ၎င်းကျောင်းတိုက်ကြီးမှ အနောက်တောင် ခရီးသို့ လီ ၂၀-ကျော်ကျော် ပြန်လည်သွားလျှင် **ဆီလာဘဒြ** သီလာဘဒ္ဒခေါ် ဆိတ်ငြိမ်ခေါင်းပါးသော တောင်ကုန်းမြင့်အပေါ် ဆောက်လုပ်ထားသော ကျောင်းတစ်ဆောင် တွေ့ရပြီးနောက် ၎င်းမျက်နှာဘက်သို့ ဆက်လက်၍ လီ ၄၀-ခန့် သွားသောအခါ **နေရဉ္စရာမြစ်**သို့ ရောက်ပြီးနောက် ဂယာမြို့သို့ ၎င်းမှဆက် ခရီးထွက်ကာ ရောက်လာခဲ့လေ၏။

ထို့နောက် ၎င်းဂယာမြို့မှ အနောက်တောင် ၅-လီ, ၆-လီ အကွာလောက်တွင် **ဂယာသီသ**ခေါ် **ဂယာတောင်ကုန်း**ရှိ၍ ၎င်းတောင်ပေါ်၌ **အသောကစေတီတော်ကြီး** ထင်ရှားတည်ရှိပြီးလျှင် အနီးအနားမှာ စေတီငယ်အများ တည်ထားသည်ကို တွေ့မြင်ဖူးမျှော်ရ၍ ၎င်းမှ အရှေ့တောင်ဘက်မှာ ကဿပစေတီ ၃-ဆူတို့ကို တဖန် ဖူးမျှော်ပြီး ၎င်းမှ အရှေ့ဖက်၌ ယခုအခါ **ဖာလဂုန်း**ခေါ် **နေရဉ္စရာမြစ်အကျော်**တွင် မိုရ်ပဟာရ်ခေါ် **ပရာဂဗောဓိတောင်**ရှိ၍ ၎င်းမှ အနောက်တောင်ဘက်ဆင်း၍ ၁၅-လီခန့်မျှ သွားသောအခါ **မဟာဗောဓိဗုဒ္ဓဂယာ မဟာစေတီတော်**သို့ရောက်၍ ကြည်နူးစွာ ဖူးမျှော်လေ၏။ ၎င်းမဟာဗောဓိဗုဒ္ဓ-ဂယာမှ နေရဉ္စရာမြစ်ကို တဖန်ဖြတ်ကျော်ပြီး **ဂန္ဓဟတ္ထိစေတီတော်**ကို ဖူးမျှော်ပြီးလျှင် အရှေ့ဘက် **မောဟနမြစ်**ဖြတ်ကူးကာ ကျောက်တိုက်ကြီးတစ်ခုကို တွေ့ရာဖြစ်သော တောနက်ကြီးတစ်ခုသို့ ဝင်ပြီးနောက် လီ-၁၀၀ လောက် အရှေ့မြောက်သို့ ဆက်လက်သွားလျှင် ကုက္ကုဋပါဒတောင်သို့ ရောက်၍ ၎င်းတောင်မှာ ယခုအခါ၌ **ကုရ်ဗိဟာရ်**ခေါ်တွင်ကြောင်း ရေးသားမှတ်ထားကြကုန်၏။

၎င်းကုက္ကုဋပါဒတောင်မှ အရှေ့တောင်ဘက် လီ-၁၀၀ ခန့် ဆက်လက်သွားသောအခါ ယခုအခါ၌ ဗုဒ္ဓိန်ခေါ်သော **ဗုဒ္ဓဝနတောင်**သို့ရောက်၍ ၎င်းမှအရှေ့ဘက် လီ-၃၀ ခန့်မှာ ယခု ဝေါဟာရဖြင့် ဂျတ်ကတိဗန်-ဟု ထင်ရှားသော **ယဋ္ဌိဝနဝါးတော**သို့ သွားပြီးမှ တောင်ဘက် ၁၀-လီခန့်တွင် ရေပူချောင်း ၂-သွယ် စီးဆင်းနေရာ **တပေါဗန်း** သို့မဟုတ် တပေါဝနသို့ရောက်ကြောင်း၊ ၎င်းသို့ မရောက်မီ ၇-လီလောက်မှ ဗိမ္ဗိသာရမင်းတရားကြီးဆောက်လုပ်ခဲ့သော ကျောက်ခံတပ်ကြီးများရှိသော တောင်ကြီးတစ်ခုနှင့် အရှေ့မြောက်သို့ ၃-လီလောက်အကွာမှာ တောင်ငယ်ကလေးတစ်ခု ဖောက်ထွင်းထားသော ကျောက်ဂူ

အတွင်း ဂေါသိရကျောက်တုံးကြီးတစ်ခုကို တွေ့ရပြီးနောက် ၎င်းမှအရှေ့သို့ လီ-၆၀ သွားသောအခါ ရှေးက ကုသဂရခေါ် ရာဇဂြိုဟ်မြို့တော်ဟောင်းသို့ ရောက်လေ၏။

ထိုရာဇဂြိုဟ်မြို့တော်ကြီး၏ မြောက်ဘက် ၄-လီလောက် အကွာတွင် ရာဇဂြိုဟ်မြို့သစ်တည်ရှိ၍ ၎င်းမှ မြောက်ဘက် လီ-၃၀ ခန့်မှာ အရှင်သာရိပုတ္တရာ ဖွားမြင်တော်မူရာ ယခုအခါ ကာလပိနာက ခေါ်သော နာလကရွာကို တွေ့ရသည့်ပြင် အနောက်တောင် ၈-လီခန့်မှာ ယခု ကုလိ-က် ခေါ်သော အရှင်မောဂ္ဂလ္လာန် ဖွားမြင်တော်မူရာ ကောလိတရွာ တွေ့ပြီးမှ အရှေ့တောင် ၄၃-လီလောက်အကွာတွင် သိကြားမင်း အမေးပြဿနာများ ဖြေကြားသော သက္ကပဉ္စာသုတ် ဟောတော်မူရာ ဣန္ဒသာလာလိုဏ်ဂူကို တွေ့ရပြီးနောက် အရှေ့မြောက် လီ-၁၅၀ လောက် ဆက်သွားလျှင် တပေါလိကကျောင်းတိုက်ကြီးသို့ ရောက်ကာ တောင်ဘက် လီ-အနည်းငယ်ခန့်အကွာတွင် တောင်ကုန်းပြင်တစ်ခုအပေါ်၌ ကြီးကျယ်ခမ်းနားလှစွာသော အဝလောကိတေသွရ ကျောင်းတော်ကြီး တွေ့ရသဖြင့် ၎င်းကျောင်းတော်ကြီးကို အစွဲပြု၍ ၎င်းနယ်ကိုလည်း ဝိဟာရ-ဗိဟာရ-ဗိဟာရ်-နယ်-ဟု ခေါ်တွင်ကြောင်း မှတ်သားကြကုန်၏။

၎င်းပြင် ထိုတရုတ် ရဟန်းတော်ဝှင်သျှင် သွားရောက်စဉ်က မဂဓတိုင်းကြီး၏ အကျယ်အဝန်းမှာ-

- လီပေါင်း-၅၀၀၀ ခန့် ကျယ်ဝန်း၍
- မြောက်ဘက်မှာ ဂင်္ဂါမြစ်ဖြင့်,
- အနောက်ဘက်မှာ ကာသိတိုင်းနယ်ဖြင့်,
- အရှေ့မှာ ဟိရညပဗ္ဗတ သို့မဟုတ် မုံဂီရ်တောင်ဖြင့်,
- တောင်မျက်နှာမှာ ကိရနဆုဝန်ရဏ သို့မဟုတ် ကိရနသုဝဏ္ဏ သိင်ဘူ-ပ်ဖြင့် ပိုင်းခြားကြောင်း-

စသည်ဖြင့် အကျယ်အဝန်း၊ အပိုင်းအခြား ရေးမှတ်ထားသဖြင့် ၎င်းအကျယ်အဝန်းမှာ အထက်ပြဆိုခဲ့ပြီးသည်နှင့် မကွာလှ၍ အမှန်ဟု ယူဆနိုင်ကြောင်း မှတ်တမ်းများ၌ ရေးသားဖော်ပြသည့်အပြင် များသောအားဖြင့် မဇ္ဈိမဒေသ ရှေးဟောင်းဌာနများ ရှာဖွေကြသော ပထဝီဝင်ဆရာများလည်း ထိုရဟန်းတော်တို့၏ ခရီးလမ်းစဉ်သို့ လိုက်၍ စုံစမ်းရှာဖွေစုဆောင်း ကြကုန်၏။

သို့ရာတွင် အိန္ဒိယရှေးဟောင်း နယ်ပယ်ဒေသ အကြောင်းအရာများ ရေးသားသော ပထဝီဝင်ဆရာကြီး ဆာကာနင်ဂဟန် မှတ်ချက်၌ အထက်ပါ တရုတ်ရဟန်းတော် ဖာဟိုင်၏ မှတ်တမ်း၌ နာလန္ဒသည် အရှင်သာရိပုတ္တရာ၏ ဖွားမြင်တော်မူရာအရပ် ဆိုသည်ကား မှားယွင်း

သည်မှာ အသေးစိတ်သေချာသော ရဟန်းတော်ဝှင်သျှင်၏ မှတ်တမ်းအရ ၎င်းမှာ နာလန္ဒ နှင့် ဣန္ဒသီလာလိုဏ်ဂူ အလယ်လောက်မှာ တည်ရှိသော **ကာလပိနာက** အရပ်ဖြစ်၍ အရှင်မောဂ္ဂလ္လာန်၏ ဖွားမြင်တော်မူရာ အရပ်လည်း ၎င်းနာလန္ဒမှ ၈-လီ, ၉-လီ မျှကွာသော ကုလိက အရပ်ဖြစ်ကြောင်း ဖော်ပြရေးသား၏။

၎င်းမှတ်ချက်၌ များသောအားဖြင့် ရဟန်းတော်ဝှင်သျှင်၏ မှတ်တမ်းများမှာ ယခုကာလ သွားလာကြသော လမ်းခရီး အားဖြင့်၎င်း အဖြောင့်တာအားဖြင့်၎င်း အနည်းငယ်ပင် ခြားနားသော်လည်း စင်စစ်အားဖြင့် မှန်ကန်သည်-ဟု ယူဆထိုက်ကြောင်းမှာ အချို့သောအရာ၌ ဘာသာပြန်သောသူက ချွတ်ယွင်းနိုင်၍ အချို့သောအရာ၌ ရဟန်းတော် မှတ်သားစဉ်က အနည်းငယ် တိမ်းယိုင်နိုင်ကြောင်း ဆုံးဖြတ်ပိုင်းခြားလေသည်။ ၎င်းဆရာကြီး၏ မှတ်သားချက်အရ အကျယ်တဝင့် ရေးသားလျှင် အလွန်ကျယ်ဝန်းမည် ဖြစ်သည့်အပြင် ယခု ရေးဆဲဖြစ်သော ကျမ်းဂန်သည်ကား ပထဝီဝင်သက်သက် ပဓာန အားဖြင့် ရေးသားခြင်းမဟုတ်၊ သာသနာဝင် အစဉ်အဆက် အဖြစ်အပျက် အတ္ထုပ္ပတ်များ ကိုသာ ပဓာနထား၍ ရေးသားသော ကျမ်းဂန်ဖြစ်သည့်အတွက် ၎င်းတို့နှင့် စပ်ဆိုင်သော အနည်းငယ်သော အကြောင်းအရာများလောက် မှန်ကန်သည်-ဟု ထောက်ခံ ဖြည့်စွက် ယုံကြည် မှတ်သားနိုင်စေရန် ရေးသား ဖော်ပြရပေသည်။

ဤမျှလောက် ရေးသားခဲ့ပြီးဖြစ်သော မဂဓတိုင်းကြီးနှင့်စပ်၍ မှတ်အပ်မှတ်ထိုက် သော မြတ်စွာဘုရား လက်ထက်တော်က သာသနာတော်နှင့်စပ်သည့် အကြောင်းအရာများ, ထင်ရှားသော မြို့ပြ, ပြည်ရွာများတို့၌ ၎င်းဟောကြားတော်မူသော ဓမ္မဒေသနာ အာဏာ တော်စက် ပြန့်ကျယ်ထွန်းကားတော်မူသော အကြောင်းအရာများနှင့် မြတ်စွာဘုရား လွန်တော်မူပြီးနောက် သာသနာတော်နှင့်စပ်သော အကြောင်းအရာများ- ရှာဖွေမှတ်သား ကြသော ရဟန်းတော်များ၏ မှတ်တမ်းများဖြင့် ၎င်းတိုင်းနယ်အကြောင်း အပြီးအဆုံး နိဂုံး သတ်အပ်ပေသတည်း။

✪ ✪ ✪ ✪ ✪

## ၃။ ကာသိတိုင်း၊ ဗာရာဏသီမြို့တော်အကြောင်း

ကာသိတိုင်းကြီးကား ကမ္ဘာလောက၌ ရှိကြကုန်သော ဗုဒ္ဓဘာသာအပေါင်းတို့ မသိသူမရှိသလောက် ယခုခေတ်သို့ရောက်အောင်ပင် ထင်ရှားကျော်ကြားခဲ့သော တိုင်းကြီး ဖြစ်၍ ဗာရာဏသီမြို့တော်ကြီးသည်လည်း အထက်ပါ မဟာဂေါဝိန္ဒပညာရှိကြီး ရှေးခေတ်

က တိုင်းနိုင်ငံများဝေဖန်ခဲ့သည့်အကြောင်း ရေးသားခဲ့ပြီးသည့်အတိုင်း ထိုရှေးခေတ်မှစ၍ ယခုခေတ်သမယတိုင်အောင် အမည်မပျက် ဆက်လက်တည်ရှိလာခဲ့သော မြို့တော်ကြီးဖြစ်သည့်အပြင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဇာတ်တော်, နိပါတ်တော်များ၌လည်း ဘုန်းကံကြီးမားကြသော မင်း, ပုဏ္ဏား, သူဌေး, သူကြွယ် စသည်တို့၏ နေရာဌာန, ထင်ပေါ်ကျော်ကြားသော ပညာရှိအပေါင်းတို့၏ နေရာဌာန, အထူးအားဖြင့် မြတ်စွာဘုရားအလောင်းတော်တို့၏ ပါရမီဖြည့် ဆည်းပူးတော်မူရာဌာန-ဟု ဆိုရလောက်အောင် ဗုဒ္ဓဘာသာဝင်တို့တွင် အထင်ရှားဆုံး နေပြည်တော်ကြီးဖြစ်လေသည်။

အထက်က ရေးသားခဲ့ပြီးဖြစ်သော ဇမ္ဗူဒီပါကျွန်းကြီး တစ်ခုလုံး၏ ကိုးစားယုံကြည်ခြင်းကို ခံယူရသော မဟာဂေါဝိန္ဒပညာရှိကြီးများ, ဇာတ်တော်နိပါတ်တော်၌ အလွန် ထင်ရှားသော **ဇောတိပါလ**အမည်ရှိ သရဘင်္ဂဆရာကြီးများ, တန်ခိုးကြွဒ္ဓိပါဒ်နှင့် ပြည့်စုံထင်ရှားသော **မာတင်္ဂ**စသော ရသေ့ကြီးများအပြင် ဘုန်းကံကြီးလှသော ဘုရင်မင်းတရားကြီးများ စသည်တို့၏ ထွန်းကားဖြစ်ပွါးရာ မြို့တော်ကြီးဖြစ်၍ ဇာတ်တော်နိပါတ်တော်များ၌ အလွန်များပြားလှသောကြောင့်---

“ပြည်မသိ ဗာရာဏသီ၊ မင်းမသိ ဗြဟ္မဒတ်”ဟု ရှေးသူကောင်းတို့ စကားပုံတစ်ခု သမုတ်ပညတ် ထားခဲ့ကြကုန်၏။ ဤသို့ ဗာရာဏသီဟူသော အမည်သည် ဤကမ္ဘာတွင် အလွန်ရှည်ကြာသော ခေတ်သမယ တည်ရှိလာခဲ့သော်လည်း ၎င်းအမည် မတွင်မီ ရှေးသမယက အမည်အမျိုးမျိုး ပြောင်းလဲလာခဲ့ကြောင်း ဧကာဒသနိပါတ် ယုဝဉ္စယဇာတ်၌-

အယဉှိ ဗာရာဏသီ ဥဒယဘဒ္ဒဇာတကေ သုရုန္ဓနနဂရံ နာမ ဇာတာ။ စူဠသုတသောမဇာတကေ သုဒဿနံ နာမ။ သောဏနန္ဒဇာတကေ ဗြဟ္မဝဍ္ဎနံ နာမ။ ခဏ္ဍဟာလဇာတကေ ပုပ္ဖဝတီ နာမ။ သင်္ခြာဟ္မဏဇာတကေ မောဠိနီ နာမ။ ဣမသ္မိံ ပန ယုဝဉ္စယဇာတကေ ရမ္မနဂရံ နာမ အဟောသိ။ ဧဝမဿာ ကဒါစိ နာမံ ပရိဝတ္တတိ။

ဟု အဋ္ဌကထာ(*ဇာ၊ ၅။ ၄။ ၁၂၂*) ဖွင့်ပြသည်နှင့်အညီ ဤဗာရာဏသီ မြို့တော်ကြီးသည်-

| | |
|---|---|
| ၁။ ဥဒယဘဒ္ဒဇာတ်၌ | သုရုန္ဓနမြို့တော် |
| ၂။ စူဠသုတသောမဇာတ်၌ | သုဒဿနမြို့တော် |
| ၃။ သောဏနန္ဒဇာတ်၌ | ဗြဟ္မဝဍ္ဎနမြို့တော် |
| ၄။ ခဏ္ဍဟာလဇာတ်၌ | ပုပ္ဖဝတီမြို့တော် |
| ၅။ သင်္ခြာဟ္မဏဇာတ်၌ | မောဠိနီမြို့တော် |
| ၆။ ယုဝဉ္စယဇာတ်၌ | ရမ္မနဂရမြို့တော်- |

အားဖြင့် အမည် ၆-မျိုး ပြောင်းလဲခဲ့ဖူး၍ ယခုတွင်သော ဗာရာဏသီအမည်နှင့်တကွ ၇-မည်ရသော မြို့တော်ကြီး ဖြစ်လေသည်။

ဤနောက်ဆုံး တွင်လာခဲ့သော ဗာရာဏသီ အမည်မှတပါး အခြားအမည်များကား မည်သည့်အမည်က စ၍ မည်ကဲ့သို့ အစဉ်သဖြင့် ပြောင်းလဲလာခဲ့သည်၊ အမည်တစ်ခုမှာ မည်မျှလောက် ကြာရှည်စွာ တည်ရှိသည်-စသည်ဖြင့် နိပါတ်တော်များ၌ ထုတ်ဖော်ပြဆိုခြင်း မရှိသောကြောင့် ၎င်းတို့၏ အစဉ်စသည်မှာ ဇာတ်တော်လာအမည် အစဉ်မှတပါး သိရှိရန် ခဲယဉ်းကုန်၏။ သို့ရာတွင် ကာသိတိုင်း၊ ဗာရာဏသီဟူသောအမည်မှာ ဤဇမ္ဗူဒီပါ ကျွန်းကြီးကို မဟာဝေါဝိန္ဒပညာရှိကြီး ၇-တိုင်း, ၇-ပြည် မဝေဖန်မီကပင်လျှင် ထင်ရှားရှိသော အမည်ဖြစ်၍ ကဿပမြတ်စွာဘုရား ထင်ရှားပွင့်တော်မမူမီ ဖြစ်ကြောင်း၊ **ကဿပ** မြတ်စွာဘုရား ပွင့်တော်မူသောအခါ ကာသိတိုင်း၊ ဗာရာဏသီပြည်ကြီး၌ **ကိကီမင်းကြီး** စိုးအုပ်၍ မင်းလုပ်တော်မူကြောင်း၊ ထိုအခါ ကဿပဘုရားရှင် အစဉ်သဖြင့် ကြွတော်မူရာ ဗာရာဏသီမြို့တော်သို့ ရောက်တော်မူ၍ ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူကြောင်း- မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ **ဃဋိကာရသုတ်**(*နှာ၊ ၂၇၉*)၌---

အနုပုဗ္ဗေန စာရိကံ စရမာနော ယေန ဗာရာဏသီ၊ တဒဝသရိ။ တတြ သုဒံ "အာနန္ဒ ကဿပေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ"။

အစဉ်သဖြင့် ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် ဗာရာဏသီသို့ရောက်တော်မူခဲ့၏၊ "အာနန္ဒာ၊ ကဿပ မြတ်စွာဘုရားသည် ထိုအခါ ဗာရာဏသီသို့ ရောက်တော်မူ၍ ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူ၏"ဟု လာ၏။

ဤသုတ္တန်အရ ဣသိပတန ဟူသော အမည်မှာ ကဿပမြတ်စွာဘုရား လက်ထက် မတိုင်မီကပင် ထင်ရှားရှိနေခဲ့၍ ကဿပမြတ်စွာဘုရားရောက်တော်မူသည်-ဟု ကြားလျှင် ကိကီမင်းကြီးသည် ဘုရားရှင်ထံ ကြီးကျယ်စွာ အခမ်းအနားနှင့်ဆည်းကပ် ခစား တရားတော်နာကြား, ဆွမ်းဖြင့် ဖိတ်မံလျှောက်ကြား, ကျွေးမွေးလှူဒါန်းပြီး ဝါကပ်တော်မူရန် ဖိတ်မံသော်လည်း ဃဋိကာရအိုးထိန်းသည်ကို ငဲ့တော်မူသောအားဖြင့် သည်းခံတော်မမူဘဲ ဝေဂဠိဂ်နိဂုံးသို့ ကြွသွားတော်မူလျှင် မင်းကြီးသည် ဆန်-ဝါဟ-၅၀၀, ထိုအားလျော်သော ဟင်းလျာတို့ကို ဃဋိကာရအိုးထိန်းသည်အထံသို့ ပို့စေကြောင်း ၎င်းဃဋိကာရသုတ်၌ ဟောကြားတော်မူ၏။

၎င်းပြင် ဓမ္မပဒ၊ မဟာကပ္ပိနဝတ္ထု၌ "မဟာကပ္ပိနအလောင်း ရက္ကန်းသည်မှူးသည် တစ်ထောင်မျှသော အခြံအရံနှင့်တကွ ဗာရာဏသီမြို့တော်အနီး ရက္ကန်းသည်ရွာ၌ ဖြစ်ကြ

၍ ပစ္စေကဗုဒ္ဓါ တစ်ထောင်တို့အား အသီးအသီး ဝါတွင်း ၃-လတို့ပတ်လုံး ကျောင်းဆောက်လှူဒါန်း ဆွမ်းစသည် ပြုစုကြ၍ ဝါမှ ထမြောက်လျှင် အရှင်တို့အား သင်္ကန်းလျာများ ဆက်ကပ် လှူဒါန်းခဲ့ကြဖူးကြောင်း၊ ၎င်းနောက် ကဿပဘုရားရှင်လက်ထက် သူကြွယ်မျိုး၌ ဖြစ်ကြ၍ အခြံအရံတို့နှင့်တကွ အသီးအသီး ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းကြကြောင်း၊ ထိုကောင်းမှုတို့ကြောင့် မြတ်စွာဘုရားလက်ထက် မဟာကပ္ပိနမင်းကြီးဖြစ်လာ၍ အခြံအရံ မှူးမတ် ပရိသတ်ဗိုလ်ပါအပေါင်းတို့နှင့်တကွ မိဖုရားတို့ပါ တရားတော်နာကြရသဖြင့် ဘိက္ခု, ဘိက္ခုနီများ ဖြစ်ကြ၍ မဟာကပ္ပိနမထေရ်မှာ ဘိက္ခုဩဝါဒက **ဧတဒဂ်ရ လက်ယာရံ မဟာသာဝကဖြစ်လာကြောင်း”** လာ၏။

ထို့အတူ ပဏ္ဍိတသာမဏေ၏ အတိတ်ဝတ္ထုအကြောင်း*(ကို)* ဓမ္မပဒ၌ “၎င်းပဏ္ဍိတ-သာမဏေလောင်း အလွန်ဆင်းရဲလှသော ဗာရာဏသီမြို့သား မဟာဒုဂ်လည်း ကဿပမြတ်စွာဘုရား သံဃာတော်နှစ်သောင်းနှင့်တကွ ကြွလာတော်မူ၍ စာရေးတံမဲချလျက် တစ်မြို့လုံး ဆွမ်းလုပ်ကျွေးရာတွင် မြတ်စွာဘုရား သပိတ်တော်ရသဖြင့် အလွန်ထက်သန်လှသော စေတနာနှင့် လင်မယား ၂-ယောက် အခစားလုပ်ကာ ဆွမ်းလုပ်ကျွေးခြင်းကြောင့် ၎င်းနေ့မှာပင်လျှင် ရတနာမိုးရွာလျက် သူဌေးရာထူးကို ရကြောင်း” လာ၏။ သို့ဖြစ်၍ ဤဗာရာဏသီမြို့တော်ကား ကဿပမြတ်စွာဘုရား ပွင့်တော်မမူမီကပင် ထင်ရှားရှိသော မြို့တော်ဖြစ်ကြောင်း၊ ၎င်းနောက်မှာ အမည်ပြောင်းလဲခြင်း မရှိဘဲ အစဉ်သဖြင့် ယခုတိုင် တည်ရှိလာကြောင်း- မှတ်ယူအပ်၏။

## ဗာရာဏသီနှင့် ဇာတ်တော်များ

၎င်းတိုင်းနှင့် မြို့တော်ကြီးမှာ မဟာနိပါတ်၊ တေမိယဇာတ်တော်မှ စ၍ များစွာသော ဇာတ်တော်, နိပါတ်တော်များ၌ လာရှိရာ ထူးထွေသော အကြောင်းအရာအားဖြင့် တိံသ-နိပါတ်၊ ကုမ္ဘဇာတ်၌---

ကာသိတိုင်းသား **သူရခေါ်** မုဆိုးတစ်ယောက်သည် တောသို့ လှည့်လည်သောအခါ များစွာသော သစ်ဥ, သစ်မြစ်, သစ်သီးစသည်တို့အပြင် ကောက်သလေးစပါးစသော အရာဝတ္ထုများကျရောက်၍ ကြာရှည်စွာ ထုံအပ်သော သစ်ခေါင်း၌ရှိသောမိုးရေကို ငှက်တို့ သောက်ကြသဖြင့် မူးယစ်ကြသည်တို့ကို မြင်သောအခါ စမ်းသပ်သုံးဆောင်ပြီးလျှင် မွန်မြတ်သောအရသာ ထင်မှတ်ကာ ၎င်း၌ပါဝင်သော အရာဝတ္ထုတို့ကို အရင်းမူလ စ-ထွင်ရှာဖွေပြီးလျှင် ဖေါ်စပ်လျက် ဝရုဏမည်သော တောကျောင်းရသေ့တစ်ပါးထံ သွား၍ အတူသုံးစား

ကာ ဗာရာဏသီ, သာဝတ္ထိစသော မြို့တော်တို့သို့ သွားရောက် မင်းများထံ ဆက်သပြီး မြို့, ရွာ, ဇနပုဒ်များသို့ လှည့်လည်ဖော်စပ် ရောင်းချကြသည်ကို အကြောင်းပြု၍ ၎င်းသေကို သုရ-ဟု ခေါ်တွင်ကြောင်း အဋ္ဌကထာဆရာ ဖွင့်ပြ၏။

ထိုမှတပါး ဤဇာတ်တော်အားဖြင့် ဤတိုင်းနိုင်ငံတော်, နေပြည်တော်သည် ကြီးစွာသော နိုင်ငံတို့မှ ကုန်သည်ကြီးများ ဖောက်ကားရောင်းဝယ်ရာ ဌာနကြီးဖြစ်၍ တစ်ခါတစ်ရံ ဥတ္တရပထ အိန္ဒိယမြောက်ပိုင်း တိုင်းသားတို့ မြင်းကုန်များ ယူဆောင်ကာ ဗာရာဏသီစသော အလယ်ပိုင်း တိုင်းနယ်များသို့ လာရောက်တတ်ကြောင်း- တိကနိပါတ်၊ သက်ပွဝဂ်၊ ကုဏ္ဍကကုစ္ဆိသိန္ဓဝ စသော-

- ဇာတ်တို့၌ ဖော်ပြသည့်အပြင် ထို့အတူ ဗာရာဏသီ မြို့သူ, မြို့သားကုန်သည်များသည်လည်း အခြားမြို့နယ်များသို့ ကာသိတိုင်းဖြစ် အဝတ်အထည်တို့ကို သွားရောက်ကုန် သွယ်ကြကြောင်း---
- အချို့တို့လည်း ၎င်းဗာရာဏသီမှ ပင်လယ်သမုဒ္ဒရာခရီး သင်္ဘောကြီးများဖြင့် သွားရောက် ကုန်သွယ်ကြကြောင်း---
- သင်္ခြာဟ္မဏဇာတ်စသည်၌ ဖွင့်ပြသဖြင့် ရှေးခေတ်မှစ၍ ယခုအခါ တိုင်အောင်

ကုန်သည်ကြီးများ ကြီးပွါးဖြစ်ထွန်းရာဖြစ်သော တိုင်းနယ်မြို့တော်ဖြစ်ကြောင်း ဇာတ်နိပါတ်တို့ဖြင့် ထင်ရှား၏။

## မြတ်စွာဘုရား လက်ထက်တော်နှင့် ဗာရာဏသီမြို့တော်ကြီး

ဤကဲ့သို့ ဇာတ်တော်, နိပါတ်တော်များ၏ ရှေးစဉ်အခါက စဉ်လာမပျက် ဆင်းသက်ဖြစ်ပွါး အဆက်ဆက်ပင် စည်ပင်ထွန်းကား၍ ရာဇဓာနီ မင်းနေပြည်တော်ကြီး ဖြစ်လာခဲ့သော်လည်း လောက ၃-ပါး၌ မြတ်စွာဘုရား ထင်ရှားဖြစ်ပေါ်၍ ပွင့်တော်မူလာစဉ် မင်းသီးမင်းခြားနှင့် တိုင်းသီးတိုင်းခြားမဟုတ်ဘဲ မြို့စား, နယ်စား, မင်းများသာရှိ၍ ကောသလ, မဂဓတိုင်းတို့၏ လက်အောက်သို့ ကျရောက်နေခဲ့၏။ သို့သော်လည်း အမည်နာမ ထင်ရှားကျော်စောခြင်း၊ အရောင်းအဝယ် ကြီးကျယ်ခမ်းနားခြင်း၊ ကြွယ်ဝချမ်းသာသော သူဌေးကြီးများ နေထိုင်ရာ ဌာနဖြစ်ခြင်း၊ တိုင်းနယ်များလည်း ဝပြောသာယာ ချမ်းသာကြွယ်ဝခြင်းတို့မှာ အခြေမပျက် ရှေးအထက်ကကဲ့သို့ ရှိနေကြောင်းမှာ မင်းတစ်ပါးကဲ့သို့ ခမ်းနားကြီးကျယ်သော စည်းစိမ်ချမ်းသာနှင့်နေသော ယသသူဌေးသား၊ သူနှင့်အတူ ကြွယ်ဝချမ်းသာသော မိတ်ဆွေ သူဌေးသား ၄-ယောက်တို့ အတုလိုက်၍ ရဟန်းဖြစ်ခြင်း

များ၊ ထိုမှတပါး နယ်၌ ရှိကြကုန်သော ၅၀-ကုန်သော သူဌေးသားတို့လည်း ၎င်းယသ သူဌေးသားကို အကြောင်းပြု အတုလိုက်လျက် ရဟန်းပြုကြကြောင်းများ ထောက်ထား သဖြင့် မြို့တော်နှင့် တိုင်းနယ်ပါ ကြွယ်ဝချမ်းသာသူ ပေါ၍ ဝပြောစည်ပင်ကြောင်း သိရ၏။

## ဗာရာဏသီမြို့စား ကာသိရာဇာ

ဤဗာရာဏသီ မြို့တော်ကြီး၌ မြတ်စွာဘုရားလက်ထက်တော်က မြို့စားဖြစ်သော မင်းတစ်ပါးအုပ်ချုပ်၍ ၎င်းကိုလည်း **ကာသိရာဇာ**-ဟု ခေါ်ဆိုကြောင်းမှာ---

မြတ်စွာဘုရား လက်ထက်တော် **သမားတော် ဇီဝကဆရာကြီး**သည် ဗာရာဏသီ သူဌေးသားတစ်ယောက် ဝွမ်းကစား၍ အူထုံးသွားသဖြင့် မစားနိုင်, မသောက်နိုင် တပိန်ပိန် တချုံးချုံးနေသည်ကို ရင်ခွဲကုသရာ ချမ်းသာရာရသဖြင့် ဆရာခ တစ်သောင်းခြောက်ထောင် ရသည့်အပြင် ကြီးကျယ်သော ဂုဏ်သတင်းပြန့်နှံ့သည်အလျောက် တစ်နေ့သ၌ ကာသိနယ် စား မင်းကြီးက သမားတော်ဇီဝကအား ၅၀၀-တန် သက္ကလတ်တစ်ထည် လက်ဆောင် ပေးလိုက်ကြောင်း- ဝိနယပိဋက၊ မဟာဝဂ္ဂ၊ **စီဝရက္ခန္ဓက**(*နှာ၊ ၃၉၃*)၌---

တေန ခေါ ပန သမယေန ကာသိရာဇာ ဇီဝကဿ ကောမာရဘစ္စဿ အဍ္ဎကာ- သိယံ ကမ္ဗလံ ပါဟေသိ ဥပဍ္ဎကာသိနံ ခမမာနံ။

ထိုအခါ ကာသိမင်းသည် "ဇီဝက ကောမာရဘစ္စအား တစ်ထောင်၏ ထက်ဝက် ၅၀၀-ထိုက်တန်သော သက္ကလတ်တစ်ထည် လက်ဆောင်ပေးတော်မူ၏"ဟု မိန့်၏။ ၎င်း အဋ္ဌကထာ(*ဝိ၊ ၄။ ၄၀၁*)၌လည်း---

ကာသိရာဇာတိ ကာသီနံ ရာဇာ ပသေနဒိဿ ဧကပီတိကဘာတာ ဧသ။

"ကာသိမင်းမှာ ပသေနဒီမင်းနှင့် တစ်ဖသားချင်း"ဟု ဖွင့်ပြတော်မူ၏။

ဤပါဠိတော် အဋ္ဌကထာတို့၌ ကာသိရာဇာ-ဟုပင် မိန့်ဆိုသော်လည်း ထီးနန်းစိုက် ထူ အုပ်ချုပ်စိုးစံသော မင်းသီး မင်းခြားမဟုတ်၊ ကောသလတိုင်းကြီးရှင် ဘုရင်ပသေနဒီနှင့် တစ်ဖသားချင်း မြို့စား မင်းတစ်ပါးဖြစ်ကြောင်း မှတ်ယူရမည့်အပြင် ၎င်းကောသလတိုင်းကြီး ၌ ထိုမှတပါး အခြား ပါယာသိရာဇညကဲ့သို့ မြို့စားများထားရှိသည်ကို ထောက်ဆသဖြင့် လည်း ကာသိရာဇာ-ဟု ရာဇာဘွဲ့တပ်လျက် ပညတ်ခေါ်ဝေါ်ကြောင်း မှတ်ယူအပ်၏။

ထိုကာသိတိုင်းကြီးကား ပသေနဒီကောသလမင်းကြီးက မိမိ၏နှစ်မတော် ဗိမ္ဗိ- သာရမင်းတရား၏ တောင်ညာစံဒေဝီ မဟေသီဖြစ်သော မိဖုရားကြီးအား ၎င်း၏လက်

အောက်ခံနယ်ဖြစ်သော **ကာသိတိုင်းကို လက်ဖွဲ့လိုက်သဖြင့်** မဂဓတိုင်းကြီးအရှင် ဘုရင် ဗိမ္ဗိသာရမင်းတရား၏လက်အောက် ကျရောက်နေပြီးနောက် ၎င်းဗိမ္ဗိသာရမင်းတရားအား သားတော် အဇာတသတ်လုပ်ကြံ၍ နတ်ရွာစံ ကံတော်ကုန်သောအခါ တူတော် အဇာ-တသတ်အား မနှစ်သက်သောကြောင့် နှမတော်အား လက်ဖွဲ့အပ်နှင်းထားသော ကာသိတိုင်းကို တဖန် ပြန်လည်သိမ်းယူသည်တွင် **တူတော်အဇာတသတ်နှင့်** ၄-ကြိမ်တိုင်တိုင် စစ်ဖြစ်ပြီးလျှင် ကောသလမင်းကြီးက နောက်ဆုံးအကြိမ် အောင်မြင်၍ စစ်အင်္ဂါများ သိမ်းပိုက်ပြီးကာ **သမီးတော်ဝဇီရာနှင့်** လက်ဆက်တော်မူပြီး တဖန် ကာသိတိုင်းကြီးကိုလည်း ထပ်မံလက်ဖွဲ့တော်မူလိုက်သဖြင့် ကျေအေးပြေငြိမ်းကာ ၂-တိုင်း, ၂-ပြည်တို့မှာ ချမ်းမြေ့စွာရှိကြကြောင်း ပိဋကကျမ်းဂန်တို့၌ ထင်ရှားစွာ ဖော်ပြကုန်၏။

## အဝိဇဟိတဌာန, ဗာရာဏသီ

နောက်က ဆိုခဲ့ပြီးသော မဂဓတိုင်းကြီးသည် ရာဇဂြိုဟ်မြို့တော်ကြီးနှင့်တကွ သာသနာတော်ဝယ် ထင်ပေါ်ကျော်ကြားသကဲ့သို့ ဤကာသိတိုင်း၊ ဗာရာဏသီမြို့တော်ကြီးလည်း သာသနာဝင်အပေါင်းတို့ လေးစား၍ မစွန့်အပ်သောအရပ် ဖြစ်သည်မှာ မဂဓတိုင်း၌ သစ္စာ ၄-အင် ရှေးဦးစွာ သိမြင်တော်မူသော်လည်း ဘုရားဖြစ်တော်မူသည်မှ အစဦးဆုံး ဒေသနာတော်ဖြစ်သော ဓမ္မစကြာတရားတော်ကို ဤဗာရာဏသီမြို့တော်အနီး မြောက်ဘက် ၂-ကောသအကွာ **ဣသိပတန မိဂဒါယတော**၌ ပဉ္စဝဂ္ဂီအရှင် ၅-ဦးတို့အား လက်ဦးစွာ ဟောကြားရာဌာနဖြစ်၍ ၎င်း၏အမည်နာမ ဣသိပတန မိဂဒါဝုန်တောကိုင်း ရှေးဦးစွာ ဟောကြားတော်မူသော ဓမ္မစကြာဒေသနာတော်ကိုင်း ဗုဒ္ဓဘာသာတိုင်း သိရှိကျော်ကြား ထင်ရှားသည့်အပြင် သာသနာတော်ကြီး၏ ပွါးစီးထွန်းကားရာ အရင်းမူလ အစဖြစ်၍ အဋ္ဌကထာအရှင်မြတ်တို့ ဖွင့်ပြအပ်သည့်နှင့်အညီ ဗုဒ္ဓဘာသာမှန်သမျှ ဖူးမျှော်အပ်သော အဝိဇဟိတဌာနကြီး ၄-ပါးတို့တွင် တစ်ပါးအပါအဝင် ဖြစ်သောကြောင့်ပင် ဖြစ်၏။

၎င်းပြင်လည်း မြတ်စွာဘုရားသည် ပဌမဝါတော်၌ ပဉ္စဝဂ္ဂီအရှင် ၅-ပါးအပြင် အရှင်ယသအမျိုးရှိသော ရဟန္တာမထေရ်များ ခြောက်ကျိပ် တစ်ပါးတို့နှင့် သီတင်းသုံးဝါကပ်တော်မူပြီးလျှင် သာသနာတော် ကြီးပွါးစီးထွန်းကားရာ ထွန်းကားကြောင်း ကောင်းမြတ်သော တရားဓမ္မ ဟောပြတော်မူလျက် မြို့သူ, မြို့သား, နယ်သူ, နယ်သား, ဥပါသကာ, ဥပါသိကာ အပေါင်းတို့အား တရားနိုင်ငံတော်အောက်သို့ ရောက်စေတော်မူသဖြင့် ဗုဒ္ဓနိုင်ငံတော်-ဟု ဆိုအပ်သော သာသနာ့နိုင်ငံတော်ကြီး အမွန်အစ တည်ထောင်ထွန်းကားရာဌာနကြီး ဖြစ်သဖြင့်လည်း သာသနာဝင်အပေါင်း၌ ကောင်းစွာထင်ရှား၏။ ထို့မှတပါး, သာသနာ

တော်၌ ကျေးဇူးများသော မိဂဒါဝုန်ကျောင်းဒကာ **နန္ဒိယသူဌေး** စသောသူများ, ဂိလာနုပဋ္ဌာ-က အရာ၌ ဧတဒဂ်ရသော သဒ္ဓါတရားထက်လှ၍ မိမိအသားကိုပင် ဖြတ်လှီးလှူဒါန်းသော သုပ္ပိယာဥပါသိကာမ-စသော သာသနာဝင်၌ ထင်ရှားသောသူများ၏နေရာ အကြောင်းအားလျော်စွာ ဝိနည်းသိက္ခာပုဒ် ပညတ်ရာဌာနတို့တွင်လည်း ပါဝင်သောကြောင့် သာသနာ၏ အခြေမူလဖြစ်သောဌာန နယ်ပယ် ဖြစ်ကြောင်းလည်း ထင်ရှား၏။

ဤ၌ မြတ်စွာဘုရားသည် ပဌမဝါကပ်တော်မူစဉ် အာရာမ်ကိုဒင်း ကျောင်းကိုဒင်း ခွင့်ပြုပညတ်တော်မူချက် မရှိသေး၍ ဣသိပတန မိဂဒါဝုန်တော၌ပင် သင့်တင့်သော ဌာန၌ ဝါကပ်တော်မူကြကုန်၏ဟု မှန်းဆသိရသဖြင့် **နန္ဒိယသူဌေး** ဆောက်လုပ်လှူဒါန်းသော မိဂဒါဝုန်ကျောင်းတော်ကား မြတ်စွာဘုရားသည် ပဌမဝါကပ်တော်မူပြီးနောက် မကြာမကြာ ကြွရောက်တော်မူကြောင်း၊ များစွာသော သုတ္တန်ဝိနည်း ဒေသနာတော်အရ သိရသည် အားလျော်စွာ **နောက်အခါ ကြွရောက်သီတင်းသုံးတော်မူစဉ်၌ ဆောက်လုပ်လှူဒါန်းကြောင်း** မှတ်သားအပ်၏။ ဗာရာဏသီ၌ ထင်ရှားသော ဤနန္ဒိယသူဌေးသားသည် သဒ္ဓါတရား ထက်သန်သည်အားလျော်စွာ မြတ်စွာဘုရား ဟောကြားတော်မူသော အာဝါသဒါန၌ အကျိုးတရားကြားနာရ၍ ကျောင်းတော်ဆောက်လုပ် လှူဒါန်းပြီး ရေစက်သွန်းချ ဘုရားရှင်လက်တော်သို့ ကျသည်နှင့်တပြိုင်နက် တာဝတိံသာ၌ ဘုံဗိမာန်ကြီးပေါ်လာသည်ကို အရှင်မဟာမောဂ္ဂလာန်မထေရ် တာဝတိံသာ၌ ဒေသစာရီ ကြွရောက် မျက်မှောက်တွေ့မြင်၍ ဘုရားရှင်အား လျှောက်ထားရာ ၎င်းနန္ဒိယကျောင်းဒကာ၏ မလွန်မီက ဘုံဗိမာန်ပေါက်ရသည်ကို အကြောင်းပြု၍ များစွာသော ပရိသတ်တို့အား ကောင်းမှုအကျိုး ကြီးမားကြောင်း ဟောပြတော်မူသဖြင့် များစွာသောသူတို့ အမြိုက်တရား ရကြကြောင်း ဓမ္မပဒအဋ္ဌကထာ၌ ဖွင့်ပြ၏။

ထိုမှတပါး ဤမိဂဒါဝုန်ကျောင်းတိုက်ကြီး၌ နန္ဒိယသူဌေး ဆောက်လုပ်အပ်သော ကျောင်းတော်ကြီးမှတပါး အခြားကျောင်းများ ရှိကြောင်းမှာလည်း ဝိနယပိဋက၊ မဟာဝဂ္ဂ၊ ဘေသဇ္ဇက္ခန္ဓက*(နှာ၊ ၃၁၀)*၌---

> အထ ခေါ သုပ္ပိယာ ဥပါသိကာ အာရာမံ ဂန္တွာ ဝိဟာရေန ဝိဟာရံ ပရိဝေဏေန ပရိဝေဏံ ဥပသင်္ကမိတွာ ဘိက္ခူ ပုစ္ဆတိ၊ "ကော ဘန္တေ ဂိလာနော၊ ကဿ ကိံ အာဟရိယတူ"တိ။

ထိုအခါ သုပ္ပိယာဥပါသိကာမသည် အာရာမ်သို့ သွား၍ တစ်ကျောင်းမှ တစ်ကျောင်းသို့, တစ်ရာမ်မှ တစ်ရာမ်သို့ ကပ်ပြီး ရဟန်းတို့ကို "အဘယ်အရှင် မကျန်းမာပါ

သနည်း၊ အဘယ်အရှင်အား အဘယ်အရာ ဆောင်လာရပါမည်နည်း"ဟု မေးမြန်း၏-စသည် ဖော်ပြသောကြောင့် ကျောင်းပရိဝုဏ်များစွာရှိကြောင်း ထင်ရှား၏။

ဤ၌ ဗာရာဏသီမှာ သုပ္ပိယဥပါသကာသည်၎င်း သုပ္ပိယာဥပါသိကာမသည်၎င်း ၂-ဦးစလုံး သဒ္ဓါတရားနှင့် ပြည့်စုံကြ၍ ရဟန်းများလှည့်လည် လျှောက်ထားရာ မကျန်းမာတော်မူသော ရဟန်းတစ်ပါး သမားတို့က "အသားကို ဘုဉ်းပေးမှ ရောဂါမှ ထမြောက်မည်" ဟု ပြောရာ အချိန်မဲ့အခါဖြစ်၍ ဘယ်မှာမှ အသားရှာမရသောကြောင့် မိမိပေါင်သားကိုပင် လှီးစေလျက် ချက်ပြုတ်လှူဒါန်း ဂိလာနရဟန်းအား ရောဂါမှ ထမြောက်စေသည့်အပြင် ဘုရားရှင်အမှူးရှိသော သံဃာတို့အား ဆွမ်းဖိတ်ကျွေးမွေး လှူဒါန်းလျှင် သုပ္ပိယာဥပါသိကာမ မမြင်သဖြင့် မေးတော်မူရာ "မကျန်းမာ၍ နေကြောင်း"လျှောက်ထားက "ရှေ့တော်သို့ ဆောင်ခဲ့ကြ"ဟု အမိန့်ရှိတော်မူသည်တွင် မြတ်စွာဘုရား(ကို)ဖူးမြင်ရသည်နှင့် တပြိုင်နက် ပကတိအသားတက်ကာ ကျန်းမာလာသည်ကို တွေ့ရလျှင် အတိုင်းထက်အလွန်ပင် ၂-ဦး လုံး အထူးဝမ်းမြောက် သဒ္ဓါပေါက်ကာ သာသနာတော်၌ သာလွန်ယုံကြည်ကြကြောင်း ၎င်းဝတ္ထု၌ လာ၏။

ထို့ပြင် ဤဗာရာဏသီမြို့တော်အနီး အခြားကျောင်းတိုက်များလည်း ရှိသေးကြောင်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အင်္ဂတိုင်းသား **ဃောဋမုခပုဏ္ဏားကြီး** သည် တစ်စုံတစ်ခု ပြုဖွယ်ကိစ္စနှင့် ဗာရာဏသီသို့ ရောက်သွားသောအခါ **ခေမိယမည်သော** သရက်ဥယျာဉ်ကျောင်း၌ သီတင်းသုံးတော်မူသော **အရှင်ဥဒေနမထေရ်**နှင့် တွေ့ရ၍ တရားတော်နာရလျှင် အလွန်ကြည်ညိုလှသောကြောင့် မထေရ်မြတ်အား ဆွမ်းဝတ်လှူဒါန်း သည့်အပြင် မထေရ်မြတ်ညွှန်ပြသည့်အတိုင်းလည်း ပါဋလိပုတ်မြို့၊ ကုက္ကုဋာရုံကျောင်းတိုက် ကြီး၌ **ဆွမ်းစားကျောင်း** ဆောက်လုပ်လှူဒါန်းကြောင်း---

ဧကံ သမယံ အာယသ္မာ ဥဒေနော ဗာရာဏသိယံ ဝိဟရတိ ခေမိယမ္ဗဝနေ-

စသည်ဖြင့် နောက်ပြခဲ့ပြီး မဇ္ဈိမနိကာယ်၊ ဃောဋမုခသုတ်၊ ပါဠိ(*နှာ၊ ၃၆၄*)အဋ္ဌကထာတို့၌ လာသည်ကို ထောက်ဆသောအားဖြင့် ထင်ရှား၏။

ဤသို့အားဖြင့် ဤကာသိတိုင်း၊ ဗာရာဏသီမြို့တော်ကြီးသည် မြတ်စွာဘုရား ပဌမဝါတော် တစ်ဝါမျှ ကပ်ဆိုတော်မူသော်လည်း ရှေးဦးစွာ ဓမ္မစကြာဒေသနာတော် ဟော ကြားတော်မူပြီးလျှင် များစွာသော ဥပါသကာ, ဥပါသိကာ အပေါင်းတို့အားလည်း ရှေးဦးစွာ တရားဟောပြ အမြိုက်သုခ မဂ်ဖိုလ်သို့ ရောက်ကြရာဌာန ဗုဒ္ဓနိုင်ငံတော် ပဌမတည်ထောင် ရာဖြစ်သည့်အပြင် များစွာသော သုတ္တန်, ဝိနည်း, ဒေသနာတော်များ ဟောကြားပညတ်

တော်မူရန် အဖန်ဖန် ကြွရောက်တော်မူရာ တိုင်းနယ်နှင့် မြို့တော်ကြီး ဖြစ်ကြောင်း ယိုထိုသုတ္တန် ဝိနည်းတို့၌ ထင်ရှား၍ သာသနာတော်၌ ကျော်ကြားသော နိုင်ငံ မြို့တော်ကြီး ဖြစ်၏။

## ကာသိတိုင်းနယ် မြို့, ရွာများ

ဤကာသိတိုင်းကြီးလည်း မဂဓတိုင်းကြီးထက် မသေးငယ်သော တိုင်းကြီးတစ်တိုင်း ဖြစ်ကြောင်းကား ရှေးနိမိတ် ဇာတ်တော်များ ထောက်ဆ၍ သိရသော်လည်း မြတ်စွာဘုရား လက်ထက်တော်၌ ဟောကြားတော်မူသော ဒေသနာတော်များကား မဂဓတိုင်း၌ အကြောင်း အတ္ထုပ္ပတ်အားလျော်စွာ များစွာမြို့, ရွာ, နိဂုံးတို့၌ ဟောကြားတော်မူသည် များ၍ ၎င်းတိုင်း, နယ်, မြို့, ရွာတို့မှာ ပိဋကဒေသနာအရ မဂဓတိုင်းကဲ့သို့ မများကုန်။

အသီတိဂါမသဟဿပဋိမဏ္ဍိတာနံ တိယောဇနသတိကာနံ ဒွိန္နံ ကာသိ-ကောသလရဋ္ဌာနံ။*(ဝိ၊ ၂။ ၁၉၉)*

ဟု ရွာပေါင်း ရှစ်သောင်း၊ ယူဇနာ-၃၀၀ ရှိသော ကာသိတိုင်း, ကောသလတိုင်း ၂-တိုင်းတို့၏ အခွန်အတုတ် ကောက်ခံရာဋ္ဌာနဖြစ်သော **ကီဋာဂိရိဇနပုဒ်**အရ အဋ္ဌကထာ ဖွင့်ပြသည် နှင့်အညီ မဂဓတိုင်းကဲ့သို့ပင် ရွာပေါင်း ရှစ်သောင်းတို့ဖြင့် တန်ဆာဆင်အပ်သော ဤတိုင်း၌ လက်ထက်တော် ပစ္စုပ္ပန်အကြောင်းဝတ္ထုများ ရှေးဇာတ်တော်များကဲ့သို့ မများသောကြောင့် ဒေသနာတော်အရ ဤတိုင်း, နယ်, မြို့, ရွာ, နိဂုံးများ အနည်းငယ်သာ ထင်ရှားကုန်၏။ ၎င်းဒေသနာတော်အရ ထောက်ဆသိရသော မြို့, ရွာ, နိဂုံးအချို့တို့မှာ-

၁။ **မစ္ဆိကာသဏ္ဍ** နဂရ ၂။ **ကီဋာဂိရိ** နိဂမ

စသောအားဖြင့် မြို့နှင့် နိဂုံး ၂-ခုအပြင်---

၁။ ဝသဘဂါမ ၂။ စုန္ဒတ္ထိဂါမ

၃။ ပေသကာရဂါမ ၄။ ကေဝဋ္ဋဂါမ-

စသောအားဖြင့် ဤမျှလောက်သာ ဒေသနာတော်အရ ထောက်ဆ၍ မြို့, ရွာ, နိဂုံးများကို သိရ၏။

✪ ✪ ✪ ✪ ✪



ဝေသာလီ အသောက ကျောက်စာတိုင်



ကျောက်စာတိုင် ခေါင်းပိုင်း
ရှေ့ဘက်မှမြင်ရပုံ



မဟာဗောဓိလိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်




ဆန်ချီစေတီတော်နှင့် ကျောက်မုခ်ဦး

## ၁။ မစ္ဆိကာသဏ္ဍာနဂရ၊ မစ္ဆိကာသဏ္ဍာမြို့

၎င်းမြို့သည်ကား လူဒါယကာတို့တွင် ဓမ္မကထိကအရာ၌ ဧတဒဂ် ထားတော်မူခြင်း ခံရသော သဒ္ဓါတရားနှင့်ပြည့်စုံ၍ ရအပ်သော မဂ် ဖိုလ် ရှိသော အရိယာ **စိတ္တသူကြွယ်၏** နေထိုင်ရာ မြို့ဖြစ်၍ သာသနာ့ဝင်၌ ထင်ရှားသော မြို့တစ်မြို့ဖြစ်၏။ ဤမစ္ဆိကာသဏ္ဍာမြို့၌ ဖြစ်ပျက်သော အတ္ထုပ္ပတ်တို့တွင်- ဝိနယပိဋက၊ စူဠဝဂ္ဂ၊ **ကမ္မက္ခန္ဓက**(*နှာ၊ ၃၇*)၌---

၎င်းစိတ္တသူကြွယ် ဆောက်လုပ်လှူဒါန်းသော **အမ္ဗာဋကဝန** မည်သောဥယျာဉ် ကျောင်း၌ **သုဓမ္မမထေရ်** သီတင်းသုံးနေထိုင်စဉ်-

အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်, အရှင်မဟာကစ္စာန, အရှင်မဟာ ကောဋ္ဌိက, အရှင်မဟာကပ္ပိန, အရှင်မဟာစုန္ဒ, အရှင်အနုရုဒ္ဓါ, အရှင်ရေဝတ, အရှင်ဥပါလိ, အရှင်အာနန္ဒာ, အရှင်ရာဟုလာ၊

ဤသာသနာတော်တွင် ထင်ရှားသော မထေရ်များသည် ကာသိတိုင်းသို့ ဒေသစာရီ လှည့် လည်တော်မူကြရာ ထိုမစ္ဆိကာသဏ္ဍာမြို့သို့ ရောက်ကြ၍ **စိတ္တသူကြွယ်**သည် မထေရ် မြတ်တို့ထံ ဆည်းကပ်တရားနာကြပြီး ဆွမ်းစားပင့်လျှောက်ပြီးနောက် **အရှင်သုဓမ္မအား** လျှောက်ထားရာ နောက်မှ လျှောက်ထား၍ "ဆွမ်းစားမလိုက်လို"ဟု အကြိမ်ကြိမ် မြစ်ပယ် လျက် နက်ဖန်ကာလ အိမ်သို့ ကြွလာကာ "ဒကာ့ဆွမ်းကျွေးမှာ ဟင်းလျာတွေ စုံလှပါ၏။ နှမ်းမုန့်သာ မပါ"ဟု ငယ်ကျိုးငယ်နာ ဖော်၍ပြောရာတွင် "အရှင်ဘုရား ဤကဲ့သို့ အမိန့်ရှိ သည်မှာ ရှေးအခါက ကြီးနှင့်စပ်ပေါက်သည့်ကြက်က ကုက္ကုဋ္ဋကာကာ-ဟု ကြီးသံမပေါက် ကြက်သံမရောက် တွန်သကဲ့သို့ အရှင်ဘုရားလည်း ဘုရားအမွေတော်နှင့် မတော်သော စကားကို မိန့်ကြားပါသည်"ဟု လျှောက်ကြားသောအခါ သူကြွယ်ကျောင်းမှာ မနေဘဲ မြတ်စွာဘုရားအထံ သွား၍ လျှောက်ထားလျှင် "အရှင်သုဓမ္မ သာသနာ၌ ကျေးဇူးများ သော ဒကာအား မဖွယ်မရာ ပြောဆိုသည့်အတွက် ပဋိသာရဏီယကံ အသုံးခံရကြောင်း" ဖွင့်ပြ၏။ ထို့ကြောင့် ၎င်းပါဠိတော်(*နှာ၊ ၃၆*)၌---

"တေန ခေါ ပန သမယေန သမ္ဗဟုလာ ထေရာ။ပ။ ကာသီသု စာရိကံ စရမာနာ ယေန မစ္ဆိကာသဏ္ဍော၊ တဒဝသရုံ။

ထိုအခါ များစွာသောမထေရ်တို့သည် ကာသိတိုင်း၌ ဒေသစာရီ ကြွချီကြရာ မစ္ဆိကာ သဏ္ဍာသို့ ရောက်ကြကုန်၏" မိန့်ဆိုတော်မူ၏။

၎င်းပါဠိတော်များအရ မစ္ဆိကာသဏ္ဍာမှာ နဂရဟူ၍ မလာသော်လည်း ဓမ္မပဒ အဋ္ဌကထာ၊ ဗာလဝဂ်၊ စိတ္တဂဟပတိဝတ္ထု၌ **မစ္ဆိကာသဏ္ဍာနဂရ**-ဟု ဖွင့်ပြ၏။

## ဧတဒဂ်ရ စိတ္တသူကြွယ်

ပဥ္စဝဂ္ဂီ ၅-ပါးတို့တွင် အဝင်အပါ အရှင်မဟာနာမမထေရ်မြတ်သည် မစ္ဆိကာသဏ္ဍ သို့ ရောက်၍ မွန်မြတ်သောဣန္ဒြေဖြင့် ဆွမ်းခံကြွလာသည်ကို ကြည်ညိုသဖြင့် ဆွမ်းလုပ် ကျွေးပြီးလျှင် တရားတော်ကို နာရသောအခါ သောတာပန်အဖြစ်သို့ ရောက်၍ မိမိ၏ **အမ္ဗာဋကဝန**မည်သော ဥယျာဉ်ကို မထေရ်အား သံဃအာရာမ် ပြုလုပ်လှူဒါန်းကြောင်း၊ ထိုအခါမှ စ၍ အရပ်မျက်နှာမှ ကြွလာတော်မူကြသော သံဃာတို့အား ဖွင့်ထားကြောင်း၊ တံခါးရှိကြောင်း၊ ၎င်းနောက် သုဓမ္မမထေရ် အာသိကအဖြစ် သီတင်းသုံးစဉ် အရှင် သာရိပုတ္တရာအမှူးရှိသော မထေရ်တို့ ရောက်လာကြ၍ တရားတော်နာရသောအခါ အနာဂါမ်သို့ ရောက်သော်လည်း ဘုရားရှင်ကို ဖူးမြင်ရခြင်း မရှိသေးသဖြင့် နောက်အခါ လှည်းတစ်ထောင် လှူဖွယ်တန်းရုံအခြံအရံ အမြောက်အများနှင့် ယူဇနာ-၃၀ ခရီး သွား ရောက် ဖူးမြော်ကြောင်း ၎င်းအဌကထာ*(ဓမ္မပဒ၊ ၄။ ၁။ ၃၂၇)*၌ ဖွင့်ပြ၏။

**ထိုစိတ္တသူကြွယ်**၏ သာသနာ၌ ကျေးဇူးများခြင်းနှင့်စပ်၍ မြတ်စွာဘုရားကိုယ်တော် တိုင် စိတ္တသူကြွယ်သည် မတုန်လှုပ်သော သဒ္ဓါတရားနှင့်ပြည့်စုံ၍ သာသနာတော်အား ကျေးဇူးများကြောင်း ရဟန်းသံဃာတို့အား ကျေးဇူးများကြောင်း မိန့်ကြားတော်မူသည့်အပြင် ဓမ္မကထိကအရာ၌လည်း---

'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ဓမ္မကထိကာနံ၊ ယဒိဒံ စိတ္တော ဂဟပတိ မစ္ဆိကာသဏ္ဍိကော။*(အံ၊ ၁။ ၂၇)*

ရဟန်းတို့၊ ငါဘုရားတပည့် ဥပါသကာ ဓမ္မကထိကတို့တွင် မစ္ဆိကာသဏ္ဍမြို့သား စိတ္တသူကြွယ်ကား အမြတ်ဆုံးတည်း"ဟု ဧတဒဂ် ထားတော်မူ၏။

ထိုစိတ္တသူကြွယ်သည် ဓမ္မကထိကအရာ၌ ဧတဒဂ်ရသည်အားလျော်စွာ တစ်ခါ တစ်ရံ ရဟန်းများ မဆုံးဖြတ်နိုင်သော အရာများကိုပင် တရားဓမ္မဟောပြရသေးကြောင်း၊ ၎င်းသူကြွယ်နှင့် စပ်လျဉ်း၍ သဠာယတနသံယုတ်ပါဠိတော်၌ စိတ္တသံယုတ်*(နှာ၊ ၄၇၄)*ဟု အသီးအခြား ပင် သံဂါယနာတင် မထေရ်အရှင်တို့ ထားတော်မူကြောင်း၊ များစွာသော ဒိဋ္ဌိအယူဝါဒ များကိုလည်း ဖြေရှင်းဟောကြားသဖြင့် အစေလကကဿပ-စသော မှားယွင်းသော အယူ ဝါဒရှိသူများပင် သာသနာတော်သို့ ဝင်၍ ရဟန်းပြုကာ ရဟန္တာအဖြစ်သို့ ရောက်ကြ ကြောင်း-စသည် ၎င်းသံယုတ်၌ ထင်ရှားစွာလာ၏။

ထိုမှတပါး ထိုစိတ္တသံယုတ် အဆုံးဖြစ်သောသုတ်၌ စိတ္တသူကြွယ်*(သည်)* ပြင်းပြ သော ဝေဒနာဖြင့် မကျန်းမာသောအခါ များစွာသော အာရာမ်စောင့်နတ်, တောစောင့်နတ်,

သစ်ပင်စောင့်နတ်-စသော နတ်အများတို့သည် လာကြ၍ စိတ္တသူကြွယ်အား အနာဂတ် အခါ စကြာမင်းအဖြစ် တောင့်တရန် တိုက်တွန်းကြသည်ကို ၎င်းနတ်တို့အား---

"တမ္ပိ အနိစ္စံ တမ္ပိ အဒ္ဓုဝံ တမ္ပိ ပဟာယ ဂမနီယံ။*(သံ၊ ၂။ ၄၉၁)*

ထိုအဖြစ်လည်း မမြဲ, မတည်, ၎င်းကို စွန့်ခွါသွားရမည်တည်း"ဟု ဖြေကြားပြော ဆိုလျှင် ဆွေမျိုးသားချင်းအနီးရှိသူများက သူကြွယ်အား သတိထားရန် ပြောဆိုကြ၍ "ငါသည် ရောင်ရမ်းပြောဆိုသည်မဟုတ်၊ နတ်အများတို့ ငါ့အား စကြာမင်းအဖြစ် တောင့်တ ရန် ပြောလာကြသဖြင့် ၎င်းတို့အား ဖြေကြားကြောင်း" ပြောဆိုပြီးနောက် ၎င်းဆွေမျိုး သားချင်းတို့အား ဘုရား, တရား, သံဃာ ရတနာ ၃-ပါးတို့၌ စွဲမြဲ၍ စွန့်ကြဲခြင်း စာဂတရား ပွါးများကြရမည်အကြောင်း ဆုံးမသွန်သင် ဆောက်တည်စေပြီးနောက် ဘဝလွန်သွား ကြောင်း လာ၏။

ထိုကြောင့် မစ္ဆိကာသဏ္ဍမြို့သည် စိတ္တသူကြွယ်အားဖြင့် သာသနာဝင် ထင်ရှား သော ကာသိတိုင်းနယ် မြို့တစ်မြို့ဖြစ်ကြောင်း၊ အထက်ကဆိုခဲ့ပြီးသော ဝိနည်းအားဖြင့်၎င်း စိတ္တသံယုတ်အားဖြင့်၎င်း ထင်ရှားသည့်အပြင် အခြားသုတ္တန်များ၌လည်း ထင်ရှားစွာ လာသဖြင့် သာသနာဝင်၌ ဗုဒ္ဓနိုင်ငံတော်အောက် ရောက်ရှိသော မြို့အဖြစ်ဖြင့် မှတ်သား အပ်၏။

✪ ✪ ✪ ✪ ✪

## ကီဋာဂိရိနိဂမ၊ ကီဋာဂိရိမြို့ငယ်

ကီဋာဂိရိမြို့သည်လည်း ကာသိတိုင်းနယ်၌ မစ္ဆိကာသဏ္ဍမြို့၏ သာသနာတော်၌ ကျေးဇူးများသောအားဖြင့် ကျော်ကြားသကဲ့သို့ သာသနာ၏ အညစ်အကြေးဖြစ်သော အမှုတို့ကို ပြုကျင့်နေထိုင်ခြင်းအားဖြင့် မသင့်မလျော်သော အမှုကိစ္စတို့ကို အကြောင်းပြု၍ မကောင်းဘက်၌ ထင်ရှားကျော်ကြားသော မြို့, နိဂုံးတစ်ခုဖြစ်ကြောင်း သုတ္တန်အားဖြင့်၎င်း ဝိနည်းအားဖြင့်၎င်း အထူးထင်ရှား၏၊ ထိုကီဋာဂိရိသည်ကား ဝိနည်းပါဠိတော်*(ဝိ၊ ၄။ ၂၂)*အားဖြင့်---

"တေန ခေါ ပန သမယေန အဿဇိပုနဗ္ဗသုကာ နာမ ကီဋာဂိရိသ္မိံ အာဝါသိကာ ဟောန္တိ အလဇ္ဇိနော ပါပဘိက္ခူ။

ထိုအခါ၌ကား အဿဇိနှင့် ပုနဗ္ဗသုကတို့သည် ကီဋာဂိရိ၌ အမြဲနေကြကုန်၏၊ အရှက်မရှိ ယုတ်မာသော ရဟန်းတို့တည်း"ဟု သာမညလာ၏။



ဓမ္မစကြာတရားဟောတော်မူပုံ



ဣသိပတန မိဂဒါယဓမ္မစက္ကစေတီ



ဣသိပတန မိဂဒါယဓမ္မစက္ကစေတီ

ၒင်းအဋ္ဌကထာ*(ဝိ၊ ဋ္ဌ။ ၂။ ၁၉၈)*၌ကား ကီဋာဂိရိဇနပုဒ်ကို- ကီဋာဂိရိသို့ဝွိ ဇဝံ နာမကေ ဇနပဒေ-ဟု ဇနပုဒ်နယ်ပယ်ဖြစ်ကြောင်း သာမညဖွင့်ပြသော်လည်း များစွာသော သုတ္တန်တို့၌ကား **ကီဋာဂိရိမှာ နိဂမမြို့ငယ်ဖြစ်ကြောင်း** မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဘိက္ခုဝဂ်၊ **ဒသမသုတ်***(နှာ၊ ၁၃၈)*၌---

အထ ခေါ ဘဂဝါ ကာသီသု အနုပုဗ္ဗေန စာရိကံ စရမာနော ယေန ကီဋာဂိရိ နာမ ကာသီနံ နိဂမော၊ တဒဝသရိ။

ထိုအခါ မြတ်စွာဘုရားသည် ကာသိတိုင်းတို့၌ အစဉ်အတိုင်း ဒေသစာရီကြွတော်မူရာ ကီဋာဂိရိမည်သော ကာသိနိဂုံးသို့ သက်ရောက်တော်မူ၏- စသည်ဖြင့် ထင်ရှားစွာပြသောကြောင့် ၎င်းကီဋာဂိရိသည် နိဂမမြို့ငယ်ဖြစ်ကြောင်း၊ ၎င်းနယ်ကို ကီဋာဂိရိဇနပဒ ခေါ်ကြောင်း မှတ်ယူအပ်၏။

ထိုကီဋာဂိရိ၌ အာဝါသိကဖြစ်ကြသော အဿဇိနှင့် ပုနဗ္ဗသုက အမည်ရှိသော ရဟန်းတို့သည် မကောင်းသတင်းကျော်စောခြင်းအားဖြင့် ထင်ရှား၍ ဆဗ္ဗဂ္ဂီရဟန်းဆိုး ၆-ပါးသင်းဖွဲ့တွင် အဝင်အပါဖြစ်သော အလဇ္ဇီပါပဘိက္ခု-ယုတ်မာသောရဟန်းများ ဖြစ်ကြ၍ ၎င်းတို့ ၆-ပါးသည် အဂ္ဂသာဝက အရှင် ၂-ပါးတို့ထံ ရဟန်းပြုပြီးလျှင် ၅-ဝါရ၍ မာတိကာ လေ့လာကြပြီးနောက် တိုင်ပင်ညီညွတ်ကြပြီးလျှင်-

**ပဏ္ဍုကနှင့်လောဟိတက** ရဟန်း ၂-ပါးတို့ကို ကာသိ, ကောသလ ၂-တိုင်းတို့၏ အခွန်အတုတ်စားရာဖြစ်သော **သာဝတ္ထိမြို့တော်**၌ အဦးဖြစ်သော နေရာဝယ် ပန်း, သစ်သီး စသည်ဖြင့် ဒကာတို့အား ပေးကမ်းချီးမြှောက် ထောက်ပင့်ကာ လာဘ်လာဘကို ရှာမှီးစေလျက် နေကြစေကုန်၏။ ၎င်းပြင်-

**မေတ္တိယနှင့် ဘူမဇက** ရဟန်း ၂-ပါးတို့ကို အင်္ဂတိုင်း, မဂဓတိုင်း တိုင်းကြီး ၂-တိုင်းတို့၏ အခွန်အတုတ် ဆက်သရာဌာန ရာဇဂြိုဟ်နေပြည်တော်ကြီး၌ သင်တင့်လျောက်ပတ်သော နေရာဝယ် ဒကာတို့ကို ဉယျာဉ်ပန်းမာလ် စိုက်ပျိုးခြင်း ပေးကမ်းချီးမြှောက် ထောက်ပန့်ခြင်းပြုကာ ပရိသတ်တိုးပွါးစေလျက် နေစေကုန်၏။ ထိုမှတပါး-

**အဿဇိနှင့်ပုနဗ္ဗသုက** ရဟန်း ၂-ပါးတို့ကိုကား **ကီဋာဂိရိမြို့**သည် မိုးရေ ၂-မျိုးရ၍ ကောက် ၃-မျိုး ထွန်းကားဖြစ်ပွါးရာ ဌာနဖြစ်၍ သင့်တင့်သောအရပ်၌ ပရိသတ်တိုးပွါးစေကာ မာလာဝစ္ဆ ပန်းပင်ငယ် စိုက်ပျိုးခြင်းစသော ယုတ်မာသောအမှုပြုလုပ်ကာ ပရိသတ် တိုးပွါးစေလျက် နေစေကုန်၏။

ဤသို့ ဆဗ္ဗဂ္ဂီ ၆-ပါးတို့သည် အသီးအသီး ဝေပုံချလျက် နေထိုင်ကြကြောင်း ပါရာဇိကဏ်အဋ္ဌကထာ၊ ကုလဒူသနသိက္ခာပုဒ် အဖွင့်၌ ထုတ်ဖော်ပြဆို၏။

ထိုသို့ ပြဆိုသည့်အတိုင်းလည်း အဿဇိနှင့် ပုနဗ္ဗသုက ၂-ပါးတို့ကား ပရိသတ် တိုးပွါးစေလျက် ပန်းပင်ငယ်စိုက်ပျိုးခြင်း, ပန်းကုံးခြင်း, ကစားခြင်းစသော အမျိုးမျိုးသော အကပ္ပိယဝတ္ထု ရဟန်းတို့မအပ်သော အမှုတို့ကို ပြုလုပ်ကာ မိစ္ဆာဇီဝဖြင့် လူဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးနေကြသောကြောင့် ၎င်းတို့ကို ကီဋာဂိရိမှ နှင်ထုတ်ခြင်းတည်း ဟူသော ပဗ္ဗာဇနိယကံပြုပြီးလျှင် ကုလဒူလန သိက္ခာပုဒ်ဖြင့် ပညတ်တော်မူရ၏။

ထိုကီဋာဂိရိမြို့၌ ၎င်းရဟန်းဆိုးတို့ ဖျက်ဆီးထားသောကြောင့် ရဟန်းကောင်း သူတော်မြတ်တို့ မနေနိုင်အောင် လူဒကာတို့မှာ သဒ္ဓါပျက်လျက်ရှိနေကြောင်း ဝိနည်း အားဖြင့် ထင်ရှားသည့်အပြင်- မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ **ကီဋာဂိရိသုတ်**(*နှာ၊ ၁၄၀*) ၌လည်း---

ညဥ့်စာစားခြင်းမှ ရှောင်ကြဉ်ရန် အဿဇိနှင့် ပုနဗ္ဗသုက ကီဋာဂိရိ အာဝါသိကတို့ အား ဆုံးမလျှင်---

မယံ ခေါ ပနာဝုသော သာယဉ္စေဝ ဘုဉ္ဇာမ ပါတော စ ဒိဝါ စ ဝိကာလေ- စသည်ဖြင့် ငါ့ရှင်တို့ ငါတို့ကား ညနေလည်း စားကုန်၏၊ နံနက်လည်းစားကုန်၏။ နေ့မွန်းလွဲ လည်းစားကုန်၏၊ ထိုသို့ ညနေ, နံနက်, နေ့လည် စားသဖြင့် အနာရောဂါမရှိ၊ ကျင်နာခြင်း မရှိ၊ လျင်မြန်ပေါ့ပါး ခွန်အားရှိ၍ ချမ်းသာစွာနေရ၏။ ငါတို့ကား မျက်မှောက်အကျိုးတရား စွန့်ကာ ကာလလွန်လျက် အဘယ်မှာသွားနိုင်အံ့နည်းဟု မတရားဖြေကြား၍ မြတ်စွာဘုရား အား လျှောက်ထားသောအခါ ၎င်းတို့ကိုခေါ်စေ၍ ဆုံးမတော်မူပြီး ရဟန်းတို့အား---

ဥဘတောဘာဂဝိမုတ္တ ပညာဝိမုတ္တ ကာယသက္ခိ ဒိဋ္ဌိပ္ပတ္တ
သဒ္ဓါဝိမုတ္တ ဓမ္မာနုသာရီ သဒ္ဓါနုသာရီ-

ပုဂ္ဂိုလ် ၇-မျိုး ဟောကြားကြောင်း လာ၏။

ဤသို့လျှင် ကီဋာဂိရိ နိဂုံးသည် ဆဗ္ဗဂ္ဂီရဟန်းများ ဖောက်ပြားကျင့်ကြံ နေထိုင်ရာ ဖြစ်၍ ဝိနည်းသုတ္တန်အားဖြင့် မကောင်းသည့်အရာ၌ ထင်ရှား၏။ သို့ရာတွင် နောင်အခါ ၎င်းရဟန်းဆိုးတို့ကို နှင်ထုတ် ပဗ္ဗာဇနိယကံ ပြုပြီးလျှင် အရှင်သာရိပုတ္တရာ၊ အရှင် မောဂ္ဂလာန်မထေရ်တို့သည် သာသနာပြုကာ သာသနာရောင်ဝါထွန်းလင်းသော သာသနာ့ နိုင်ငံဖြစ်ကြောင်း မှတ်သားအပ်၏။ ဤသို့လျှင် ကာသိတိုင်းကြီးကား အဋ္ဌကထာ(*ဝိ၊ ၄။ ၄။ ၁၉၉*)ဆရာတို့ ဖွင့်ပြသည်အားလျော်စွာ---

အသီတိဂါမသဟဿပဋိမဏ္ဍိတာနံ တိယောဇနသတိကာနံ ဋ္ဌိန္နံ ကာသိကောသလရဋ္ဌာနံ-

ဟူသည်နှင့်အညီ ရွာပေါင်း ရှစ်သောင်းတို့ဖြင့် တန်ဆာဆင်အပ်သော မြို့ နိဂုံးတို့ဖြင့် စည်ကားသော တိုင်းကြီးဖြစ်သည့်အပြင် သံသရာစက် ဖြိုဖျက်ရာ ဖြိုဖျက်ကြောင်း တရားစကြာဒေသနာ-ဟု ဆိုအပ်သော ဓမ္မစကြာတရားတော်၊ ထိုမှတပါး များစွာသော ဝိနည်းသုတ္တန် ဒေသနာတော်တို့ဖြင့် သာသနာတော်တွင် အလွန်ထင်ရှားသော မြို့တော်နှင့်တိုင်းနယ်ကြီးဖြစ်ကြောင်း မှတ်ယူအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## ကာသိတိုင်း နယ်နိမိတ်များ

ဤဗာရာဏသီမြို့တော်ကြီးနှင့် ကာသိတိုင်းကြီးမှာ ပိဋကကျမ်းဂန် ဇာတ်နိပါတ်တော်များ၌ ထင်ရှားသော တိုင်းနယ်မြို့တော်ကြီးဖြစ်သည့်အပြင်, ရာဇဝင်အစဉ်အဆက် မှတ်တမ်းများ၌လည်း ထင်ရှားရုံမက ယခုကာလတိုင်အောင်ပင် ဗုဒ္ဓဘာသာ နိုင်ငံအသီးသီး၌လည်း မသိဘူး မကြားဘူးသူ မရှိလောက်အောင် ကျော်ကြားလျက် ယုံမှားဖွယ် မရှိကုန်။ သို့ရာတွင် ၎င်းတိုင်းနယ်မြို့တော် အကျယ်အဝန်း အပိုင်းအခြားတို့နှင့် စပ်လျဉ်း၍မူ ဤဗာရာဏသီမြို့တော်ကြီးမှာ ၅-ယူဇနာကျယ်ဝန်းကြောင်း ဇာတ်တော်၌ လာသည့်အပြင် အထက် ကဖော်ပြပြီးသော ကာသိတိုင်းကြီးကား ယူဇနာ ၃၀၀-ကျယ်ဝန်း၍ ရွာပေါင်း ရှစ်သောင်းတို့ဖြင့် တန်ဆာဆင်ကြောင်း စသည်ဖြင့် ဝိနည်းအဋ္ဌကထာများ၌ ဖော်ပြခြင်း မှတပါး အကျယ်အားဖြင့် ထုတ်ဖော်ရေးသားခြင်း မရှိကုန်။

သို့သော်လည်း ၎င်းတိုင်းနိုင်ငံ၏ ဗဟိုချက်ချာ မဟာဗောဓိမဏ္ဍလနှင့် အဝေးအကွာ ပမာဏနှိုင်းဆ မှတ်သားဖွယ်ရာကို အင်္ဂုတ္တရအဋ္ဌကထာနှင့် စတုက္ကနိပါတ်၊ အဋ္ဌကထာ၊ ပဋ္ဌမပဏ္ဏာသက၊ စတုက္ကဝဂ်*(အံ၊ ၄။ ၂။ ၂၉၄)* အဖွင့်တို့၌---

သီဟဿ ဂေါစရတ္ထာယ တိယောဇနံ ဂမနကာလော ဝိယ အတ္တနော ပတ္တစီဝရံ အာဒါယ ပဉ္စဝဂ္ဂိယာနံ ဓမ္မစက္ကံ ပဝတ္တေဿာမိတိ ပဏ္ဍာဘတ္တေ အဇပါလနိဂြောဓတော ဝုဋ္ဌိတဿ အဋ္ဌာရသယောဇနမဂ္ဂံ ဂမနကာလော။

ခြင်္သေ့မင်း၏အိပ်ရာမှထ၍ ၃-ကြိမ်ဟောက်ပြီးလျှင် ၃-ယူဇနာ အစာရှာဖွေသွားသကဲ့သို့ ပဉ္စဝဂ္ဂီတို့အား တရားစကြာ လည်ပေအံ့-ဟု မိမိသပိတ်သင်္ကန်းကို ယူ၍ ဆွမ်းစားပြီးနောက် အဇပါလညောင်ပင်မှ ထတော်မူသော မြတ်စွာဘုရား၏ ၁၈-ယူဇနာခရီးကို ကြွသွားတော်မူသောအခါ စသည်ဖြင့် ၁၈-ယူဇနာ ကွာကြောင်း ဖွင့်ပြ၏။

ဤသို့ မြတ်စွာဘုရား ကြွသွားတော်မူသော ၁၈-ယူဇနာခရီးမှာ လမ်းစဉ် တလျှောက်သာ ကြွသွားတော်မူသဖြင့် အဖြောင့်တာကို မဆိုလိုဘဲ လမ်းခရီးအားဖြင့်သာ ဝေးကွာကြောင်း မှတ်သားအပ်ကုန်၏။ သို့ရာတွင် အရပ်ဒေသမျက်နှာနှင့် စပ်လျဉ်း၍ ဖော်ပြခြင်းမရှိသော်လည်း ၎င်းမြို့တော်ကြီးကား ဂင်္ဂါကမ်းနား၌ တည်ရှိကြောင်း ဇာတ်နိပါတ်၊ ပစ္စုပ္ပန်ဝတ္ထုများဖြင့် ထင်ရှားသည့်အပြင် ၎င်းမြစ်လည်း ပါစိနနိန္နာ, ပါစိနပေါဏာ စသည် ဖြင့် အရှေ့သို့ စီးဆင်းကြောင်း မှတ်သားအပ်ကုန်၏။

ထို့ကြောင့် ဤကာသိတိုင်း၏ အရှေ့မျက်နှာ အပိုင်းအခြားမှာ လက်ထက်တော်က အင်္ဂတိုင်းနှင့် မဂဓတိုင်းလျှင် ဆက်စပ်တည်ရှိသောကြောင့် ၎င်းတိုင်းတို့ဖြင့် ပိုင်းခြားအပ် ကုန်၏။

၎င်းတိုင်း၏ မြောက်မျက်နှာ အပိုင်းအခြား တိံသနိပါတ်၊ ဆဒ္ဒန္တဇာတ်*(ဇာ၊ ၁။ ၃၇၁)* စူဠသုဘဒ္ဒါမိဖုရား သောနုတ္တရမုဆိုးကြီးအား လမ်းညွှန်ရာ၌---

က္ကတော ဥဇုံ ဥတ္တရိယံ ဒိသာယံ၊ အတိက္ကမ္မ သော သတ္တဂိရီ ဗြဟန္တေ။
သုဝဏ္ဏပဿော နာမ ဂိရီဥဠာရော၊ သုပုပ္ဖိတော ကိမ္ပုရိသာနုစိဏ္ဏော။

ဤမှ ဖြောင့်ဖြောင့်၊ မြောက်တည့်တည့်မှာ။ ကြီးကျယ်သော တောင်၊ ၇-လုံးကျော်ကာ။ မြင့်မြတ်သော ရွှေတောင်ကြီးရောက်၍၊ ပွင့်သောပန်း ဆန်းကြယ်စွာ ကိန္နရာတို့ တွေ့ရလိမ့်မည်- စသည်ဖြင့် အလောင်းတော် ဆဒ္ဒန်ဆင်မင်း စံတော်မူရာ မြောက်တည့်တည့် ဟိမဝန္တာကို ညွှန်ပြသည်အားလျော်စွာ ၎င်းမြောက်မျက်နှာ ဟိမဝန္တာနှင့်စပ် လျက်ရှိသော သက္ကတိုင်း အဝင်အပါ ကောသလတိုင်းသာလျှင် အပိုင်းအခြားရှိ၏-ဟု မှတ်သားအပ်၏။

၎င်းအပိုင်းအခြား မည်သည့် မြို့, ရွာဖြင့် မှတ်သားအပ်၏-ဟု မသေချာသော်လည်း ဗာရာဏသီမှ သာဝတ္ထိအကွာအဝေးကား တိုက်ရိုက်ပင် မလာစေကာမူ ၎င်းကာသိတိုင်းနယ် မစ္ဆိကာသဏ္ဍမြို့မှ ဇေတဝန်ကျောင်းတော်သို့ စိတ္တသူကြွယ် ခရီးထွက်သောအခါ၌---

"တိဏ္ဏံ ဇနသဟဿာနံ ယထာ တိံသယောဇနေမဂ္ဂေ ယာဂုဘတ္တာဒီဟိ ကိဉ္စိ ဝေကလ္လံ န ဟောတိ။

၃၀၀၀-သော သူတို့အတွက် ယူဇနာ-၃၀ ခရီးမျှ ယာဂုထမင်း တစ်စုံတစ်ခု မချို့ ယွင်းရ"ဟု ဖော်ပြသည့်အပြင်---

"ဧဝံ ဒေဝတာဟိ ဥပဋ္ဌိယမာနေ ဒေဝသိကံ ယောဇနံ ဂစ္ဆန္တော မာသေန သာဝတ္ထိံ ပါပုဏိ။*(ဓမ္မပဒ၊ ၄။ ၁။ ၃၃၀)*

ဤနတ်များစောင်မလျက် တစ်နေ့ ၁-ယူဇနာကျ သွားသော် ၁-လဖြင့် သာဝတ္ထိသို့ ရောက်၏”ဟု ထပ်၍ ဖော်ပြသောကြောင့် ယူဇနာ ၃၀-ကျော် ၃၀-အတွင်း ခန့်မှန်း ပိုင်းခြားနိုင်၏။

ထိုမှတပါး ကာသိတိုင်း **အနောက်ဘက်** အပိုင်းအခြားမှာ ဝံသတိုင်းနှင့် စပ်လျက်နေသဖြင့် ၎င်းတိုင်းနှင့် ကာသိတိုင်းအကြား အခြားတိုင်းနယ် မရှိသောကြောင့် မြတ်စွာဘုရားလက်ထက် ၎င်းတိုင်းပင် အပိုင်းအခြားရှိကြောင်း-၎င်းပြင် မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ **ဗာကုလသုတ်အဖွင့်** အဋ္ဌကထာ၌---

၎င်းဝံသတိုင်းမြို့တော် **ကောသမ္ဗီ၌ အရှင်ဗာကုလအလောင်း** ဖွားမြင်ပြီး မြစ်ဆိပ်ရေချိုးရာ ငါးကြီးတစ်ကောင်မျိုသွား၍ ၎င်းသူငယ်၏တန်ခိုးအားဖြင့် ပူလောင်ပြီးလျှင် လျှင်သောအဟုန်ဖြင့် ပြေးသွားသောအခါ ၃-ယူဇနာမျှ ရောက်သွား၍ ဤဗာရာဏသီမြို့သား တံငါသည်ပိုက်ကွန်မှာမိလျှင် အဆောတလျှင် သူဌေးတစ်ဦးအထံ ရောင်းကာ ဝမ်းခွဲသောအခါ သူငယ်မှာ ချမ်းသာစွာရှိသည်ကို တွေ့ရ၊ အလွန်အံ့ဩကြပြီး မင်းထံ တိုင်တန်းမွေးမြူထားသည်ကို ကောသမ္ဗီသူဌေး-ကြားက တရားစွဲတောင်းဆိုသော် ၂-ဦးပိုင် ဖြန်တရားချ၍ အရှင်ဗာကုလတွင်ကြောင်း-ဖွင့်ပြသည်ကို ထောက်ဆလျှင် ကောသမ္ဗီမြို့တော်မှ ၃-ယူဇနာ အဝေးအကွာတွင် ကာသိတိုင်းနယ်နိမိတ်သို့ ရောက်ကြောင်း မှတ်သားအပ်၏။

ထိုကောသမ္ဗီမြို့တော်၏တည်ရာ **ဝံသတိုင်းကား** အထက်က ဖော်ပြခဲ့ပြီးသော အရှေ့အနောက် အားဖြင့် စီးဆင်းသော ဂင်္ဂါဝှမ်း၌ တည်ရှိသောကြောင့် ဗာရာဏသီ၏ အထက် မြစ်ညာကျ၍ **ကာသိတိုင်း၏ အနောက်မျက်နှာ** နယ်နိမိတ် အပိုင်းအခြားများမှာ မြတ်စွာဘုရားလက်ထက်တော်က **ဝံသတိုင်းနယ်စပ်ဖြစ်ကြောင်း** ယုံမှားမဲ့မှတ်ယူအပ်ကုန်၏။ သို့ရာတွင် တောင်မျက်နှာ အပိုင်းအခြားမှာကား မြတ်စွာဘုရားလက်ထက်တော်က ထင်ပေါ်ကျော်ကြားသော ဒေသနာတော်အားဖြင့် ထင်ရှားသော တိုင်းနယ်မရှိသည်မှာ မြတ်စွာဘုရားသည် မဇ္ဈိမဒေသတိုက်နယ် အဝှမ်းလောက်သာ များသောအားဖြင့် ဒေသစာရီ ကြွချီတော်မူကာ တရားဒေသနာတော်တို့ကို ဟောပြောတော်မူသည့်သုတ္တန်နှင့် ဝိနည်းတို့သာ ထင်ရှားစွာ ရှိခြင်းကြောင့် ၎င်းတိုက်နယ်မှ အပဖြစ်သော ပစ္စန္တရာဇ်နယ်ပယ်များသာလျှင် ၎င်းအပိုင်းအခြားမှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## ကာသိတိုင်း၏ အကျယ်အဝန်း

ထိုကာသိတိုင်း၏ အကျယ်အဝန်း ပမာဏကား မြတ်စွာဘုရားလက်ထက်တော်က-

အသီတိဂါမသဟဿပဋိမဏ္ဍိတာနံ တိယောဇနသတိကာနံ ဒွိန္နံ ကာသိကောသ-

လရဋ္ဌာနံ-(ဇါ၊ ၄။ ၂။ ၁၉၉)

စသည်ဖြင့် ဖွင့်ပြတော်မူသော ဝိနည်းအဋ္ဌကထာ အလိုအားဖြင့် ကာသိနှင့် ကောသလတိုင်းကား ယူဇနာ ၃၀၀-စီကျယ်ဝန်းကြောင်း မှတ်အပ်သော်လည်း တိုင်းနိုင်ငံတို့ကား ပမာဏအားဖြင့် အမြဲတမ်းမတည်၊ ရံခါကျဉ်း၍ စိုးစံသောမင်း၏ ဘုန်းတန်ခိုးကြီးမားချဲ့ထွင်သည်အားလျော်စွာ ရံခါကျယ်ဝန်းခြင်း ဖြစ်နိုင်သောကြောင့် အတည်ဖြစ်သော အပိုင်းအခြားကား ခဲယဉ်းကုန်၏။ သို့ဖြစ်၍ ဆိုခဲ့ပြီးသော ကာသိတိုင်း၏ ယူဇနာ-၃၀၀ အကျယ်အဝန်း အပိုင်းအခြားကား မြတ်စွာဘုရားလက်ထက်တော်က မှတ်သားအပ်သော အပိုင်းအခြားဟု မှတ်ယူထိုက်ကုန်၏။

ထိုမှနောက်၌ကား ခေတ်အားလျော်စွာ သာသနာတော်အနှစ် ၁၀၀၀-ကျော်က မဇ္ဈိမတိုက်သို့ သာသနာအခြေအမြစ် ဗဟုသုတ ဆည်းပူးရန် လာရောက်လှည့်လည်လျက် သာသနာတော်အကြောင်းအရာများနှင့်တကွ နယ်ပယ်ဒေသ အကြောင်းအရာများကို ကောင်းစွာ စုံစမ်းခဲ့သော တရုတ်ရဟန်းတော်ဝှင်သျှင်၏ မှတ်တမ်းများအရ ဤကာသိတိုင်းနယ်၏ အကျယ်အဝန်းကား လီပေါင်း-၄၀၀၀ သို့မဟုတ် ၈၃-ယူဇနာမျှသာ ကျယ်ဝန်းကြောင်း၊ ဗာရာဏသီမြို့တော်မှာ-

- **ဂင်္ဂါမြစ်၏အနောက်ဘက်**
- **တောင်, မြောက် အလျားအားဖြင့် ၁၈ သို့မဟုတ် ၁၉-လီခန့် တစ်ကောသခွဲခန့်**
- **အရှေ့, အနောက် အနံမှာ-၅-၆-လီခန့် သို့မဟုတ် ကောသဝက်ခန့်-**

တည်ရှိကြောင်း၊ ၎င်းပြင် နယ်ပယ်အပိုင်းအခြား အမှတ်အသားမှာ-

- မြောက်ဘက်၌ ဂုမ္ဘတီမြစ်၊ ၎င်းမှ
- အနောက် ဣလဟာဘာဒ်နှင့် တာမသ၊ သို့မဟုတ် ထုန်မြစ်ဗီလ်တာရီ- အထိ ၎င်းမှ
- တောင်ဘက် ဆွန်ဟတ်, ၎င်းမှ
- အရှေ့ဘက် ရေဟင်နှင့် ကာရ်မနာသ်မြစ်တို့ -

ဖြစ်ကြောင်း ရေးသားခဲ့လေ၏။

ထိုသို့ပင် တိုင်းနယ်အကျယ်အဝန်း ပမာဏ အတည်ကျမှတ်ရန် ခဲယဉ်းသော်လည်း ဤဗာရာဏသီမြို့တော်ကြီး၏ တည်ရာဌာနသည်ကား မပြောင်းလဲဘဲ ဟိန္ဒီ အယူဝါဒအား

ဖြင့် အဆင့်ရ အမြဲမပျက်မစီး တည်မည်ဟု ယူဆလောက်အောင် ရှည်ကြာ၍ နေရာမပြောင်း အမည်မပြောင်း စည်ပင်စွာတည်ရှိလျက် မည်သူမဆို ၎င်း၏တည်ရာဌာန အမည်နာမ ဗဟုသုတလိုက်စားသူတိုင်း သိနိုင်သော မြို့တော်ဖြစ်သည်မှာ တွေးတောစရာ မရှိကုန်။

၎င်းပြင် မြို့တော်အပိုင်းအခြားကား---

- တောင်ဘက်၌ **အသိမြစ်**ဖြင့် ပိုင်းခြား၍
- မြောက်ဘက်မှာ **ဝါရဏမြစ်**ဖြင့် ပိုင်းခြားကြောင်း၊
- ၎င်းမြစ် ၂-ခု **အကြား** တည်ရှိ၍-

၎င်းမြစ် ၂-ခုအမည် ပေါင်းစပ်သောအားဖြင့်-ဝါရဏ+အသိ=ဗါရာဏသီ-ခေါ်တွင်ကြောင်း၊ ၎င်းပြင်---

အရှေ့ဘက်အပိုင်းအခြားမှာ ဂင်္ဂါမြစ်ဖြစ်ကြောင်း၊ ထိုမြို့တော်၏ အပိုင်းအခြားဖြစ်သော မြောက်ဘက် ဝါရဏမြစ်ကို ဖြတ်ကျော်၍ လီ-၂၀ ကျော်လောက်မှာ ဣသိပတနမိဂဒါယကျောင်းတော်ကြီးနှင့် ဓမ္မေကစေတီ သို့မဟုတ် ဓမ္မစက္ကစေတီတော်ကြီးတစ်ဆူရှိကြောင်းဖြင့် ရှေးအိန္ဒိယ ပထဝီကျမ်းဂန်ကြီးကို ရေးသားသော အလ်က္ကဇန္ဒာကာနင်ဂဟန်ဆရာကြီးသည် တရုတ်ရဟန်းတော်ဝှင်သျှင်၏ မှတ်တမ်းအရ အကျယ်ရေးသား ဖော်ပြလေ၏။

ဤတရုတ်ရဟန်းတော်ဝှင်သျှင်၏ မှတ်တမ်းအရ တိုင်းနယ် အကျယ်အဝန်းနှင့် မြို့တော်အပိုင်းအခြားများကား ၎င်းကာလအားလျော်စွာ ဟုတ်မှန်စေကာမူ မြတ်စွာဘုရားလက်ထက်တော်ကာလနှင့် အနှစ် ၁၀၀၀-ကျော်ကွာခြားသဖြင့် မြို့တော်ဌာနမှာမူ အလွန်ထင်ရှား၍ မမှားနိုင်သော မိဂဒါဝုန်တောနှင့် ဓမ္မစကြာတရားတော်မြတ်ကို ဟောကြားတော်မူရာ ဌာနများ ထောက်ထားသဖြင့် အမှန်ဖြစ်ကြောင်း သိရသော်လည်း တိုင်းနယ်အပိုင်းအခြားများမှာ ကွဲပြားပြောင်းလဲကြမည်မှာ အမှန်ဖြစ်၍ ခေတ်အားလျော်စွာ မှတ်ယူအပ်ကုန်၏။

ထိုမှတပါး အထက်ကဆိုခဲ့ပြီးသော ဗာရာဏသီမည်ကြောင်း မြစ်ချောင်းငယ် ၂-ခုတို့တွင် ဗာရဏမြစ်မှာ မြို့တော်အနောက်မြောက်ဘက် ရှေးက ဝံသတိုင်းခေါ်သော အလာ ဘတ်နယ်မှ စီးဆင်းလာ၍ ၎င်းမြစ်မှာ မိုင် ၁၀၀-ခန့် ရှည်လျားကြောင်း၊ အဆိခေါ် **အသိမြစ်** ကလေးမှာမူ မြို့တော်အထက် တောင်ဘက်မျက်နှာမှာ တည်ရှိ၍ အလျားမှာ မြေပုံ၌ ထည့်သွင်းရေးသားရန် ပြောပလောက်အောင် မရှည်လျားသော ချောင်းငယ်ကလေး သို့မဟုတ် မြစ်လက်တက်ကလေး တစ်ခုမျှသာ ဖြစ်ကြောင်း ရေးသားကြ၏။

၎င်းပြင် ဗာရာဏသီဟူသော အမည်နှင့် စပ်လျဉ်း၍ သကတဘာသာအားဖြင့် ဗဏာရသီဟု ရေးသားခေါ်ဆို၍ ၎င်းသို့လိုက်သည်အားလျော်စွာ ယခုအခါ ဗာဏရဆ်ဟု ခေါ်တွင်လျက်ရှိသော်လည်း ပါဠိကျမ်းဂန်များအလိုမှာမူ မူလတည်ထောင်ရင်း မဟာဂေါဝိန္ဒ ပညာရှိကြီးလက်ထက်ကပင် ဗာရာဏသီ အမည်တွင်လျက် ရှိပြီးဖြစ်၍ ၇-တိုင်းခွဲဝေသော အခါ နယ်ပယ်မျှသာ သတ်မှတ်ရကြောင်း မြတ်စွာဘုရားဟောကြားတော်မူသော မဟာ ဂေါဝိန္ဒသုတ်ကို ယုံကြည်သောအားဖြင့် ဗာရာဏသီမှာ အမည်ရင်းဖြစ်ကြောင်း မှတ်သား အပ်သည့်အတိုင်း ၎င်းစာအရနှင့် မျက်မြင်ကိုက်ညီအောင်---

**ဗာရဏနဒိယာ စ အသိနဒိယာ စ အန္တရေ တိဋ္ဌတီတိ ဗာရဏသီ-**

ဗာရဏသီ-ဟု ဝိဂြိုဟ်ပြုအပ်၏။ သို့မဟုတ် ဗာရ်ဏ+အသီ=ဗာဏာရာသီ-ဟု ပုဒ်ပြီးနိုင် သောကြောင့် သကတအားလျော်စွာ ဗဏာရသီ ဟူ၍လည်း ကာလရှည်လျားသဖြင့် ပြောင်းလဲနိုင်ကြောင်း ယခုအခေါ်နှင့် လျော်ညီအောင် မှတ်ယူနိုင်သေး၏။

သို့ရာတွင် ဇာတ်, အဋ္ဌကထာဆရာများ ဖွင့်ပြသည့်အတိုင်းမှာမူ ဘုရားအလောင်း တော် မျောက်မင်းဖြစ်စဉ်က ၎င်း၏ **ဗန္ဒရသရက်ပင်**ကို တိုင်းပြည် အရှင်ဘုရင်မင်းများ လာရောက် နှောင့်ယှက်၍ ၎င်းသရက်ပင်ပါ နုတ်ယူပြီးလျှင် ၎င်းသရက်ပင်နှင့်တကွ မျောက်အပေါင်းပါ မြစ်တစ်ဖက်ကမ်းသို့ ခုန်ကူးပြီးနောက် မျောက်အပေါင်းတို့ သရက်ပင် အပေါ်က ဘုရားလောင်းကျောပေါ်မှတဆင့် ဆင်းကြရာတွင် ယုတ်မာဆိုးဝါး ညစ်ညမ်းလှ သော ဒေဝဒတ်အလောင်း မျောက်မိုက်တစ်ကောင်သည် ဘုရားလောင်း မျောက်မင်းအပေါ် သို့ အမြင့်မှတက်၍ ခုန်ချသဖြင့် ဘုရားလောင်းမှာ သေလုမတတ် ဒဏ်ရာအနာတရ ရရှိ သော အဖြစ်အပျက်ကို မင်းနှင့်တကွ ပရိသတ်အပေါင်းတို့ မြင်ကြရသောကြောင့် အလောင်းတော် မျောက်မင်းအား သနားယုယစွာ ဖေးမတွဲယူပြီးလျှင် ဘုရင်မင်းမြတ် နန်းတော်သို့ ယူဆောင်ကုသရာ နောက်အခါ၌ သေဆုံး၍ "၎င်းမျောက်မင်း၏ဦးခေါင်းကို နန်းတော်၌ မြုပ်နှံပြီးလျှင် ၎င်း၏အထိမ်းအမှတ် အမည်အားဖြင့် ဗာနရသီသ-ဟု ခေါ်ဆို ကြကြောင်း၊ တဖြည်းဖြည်း ကာလရှည်ကြာ ပြောင်းလဲလာ၍ ဗာရာဏသီ ဖြစ်လာကြောင်း" ဖော်ပြရေးသားသဖြင့် တနည်းမှတ်သားအပ်၏။

၎င်းနောက် တရုတ်ရဟန်းတော်ဝှင်သျှင်သည် ဗာရာဏသီမြို့တော်မှ ထွက်ခွါ၍ အရှေ့သို့ လီပေါင်း ၃၀၀-ခန့် သို့မဟုတ် ယူဇနာအားဖြင့် ၆-ယူဇနာခွဲခန့် သွားရောက်သော အခါ ဂါဇျရပတိ သို့မဟုတ် ဂါဂျီပူရ်-ဂါဇီပူရခေါ် မြို့ကြီးတစ်မြို့သို့ရောက်၍ ၎င်းမြို့၏ နယ်ပယ်များမှာလည်း အသီးအခြားဖြစ်သဖြင့်-

- **မြောက်ဘက်မှာ ဃာဂရာမြစ်အထိ၊**
- **တောင်ဘက်မှာ ဂုမ္ဗတီမြစ်အထိ၊**
- **အနောက်ဘက်မှာ ဃာဂရာနှင့် ဂင်္ဂါမြစ်ဆုံရာဌာန-**

ဖြစ်ကြောင်း၊ အကျယ်မှာ လီပေါင်း ၂၀၀၀-ခန့် သို့မဟုတ် ယူဇနာအားဖြင့် ၂၅၀-ခန့် ကျယ်ဝန်း ကြောင်း ၎င်းတရုတ် ရဟန်းတော်၏ မှတ်တမ်း၌ ရေးသားထား၏။ သို့ရာတွင် ထိုဂါဇီပုရ်မှာ မြတ်စွာဘုရားလက်ထက်တော်က ရှိကောင်းရှိခဲ့လိမ့်မည်ဖြစ်သော်လည်း ၎င်းနှင့်စပ်လျဉ်း၍ အကြောင်းအတ္ထုပ္ပတ် မရှိသဖြင့်ကား မထင်ရှားကုန်။

ထို့နောက် ၎င်းမှ အရှေ့သို့ လီ-၂၀၀ သို့မဟုတ် ၄-ယူဇနာကျော်ကျော် သွားသော အခါ **အဝိန္ဒကာရ်ဏ** ခေါ် ကျောင်းတိုက်ကြီးကို တွေ့ရသည့်အပြင် အရှေ့တောင် လီပေါင်း ၁၀၀-သို့မဟုတ် ၂-ယူဇနာခန့် သွားသောအခါ မဟာဆာရ မဟာသာရခေါ် မြို့ကြီးတစ်မြို့ကို တွေ့ရ၍ ၎င်းမြို့၌ ဗုဒ္ဓဘာသာအယူဝါဒမရှိကြသော ဗြာဟ္မဏများ နေထိုင်ကြကြောင်း စသည်ဖြင့် ၎င်းကာသိတိုင်းနယ်ပယ်နှင့်စပ်သော အတ္ထုပ္ပတ်များ ရေးသားမှတ်ထားကြသည်ကို အိန္ဒိယရှေးဟောင်းပထဝီဝင်ဆရာကြီး အလ်က္ကဇန္ဒာကာနင်ဂဟန်သည် သူ၏မြေပုံကျမ်းကြီး၌ ကိုယ်တိုင်ရှာဖွေ စုံစမ်းမှတ်သား ရေးသွင်းထည့်ထားကုန်၏။

၎င်းတို့ မှတ်တမ်းများ၌ မြတ်စွာဘုရား လက်ထက်တော်က ထင်ရှားရှိကြသော မြို့ပြ၊ ပြည်ရွာ၊ အမည်နာမ၊ အရပ်ဒေသ မဖော်ပြသော်လည်း နှစ်ပေါင်း ၂၀၀၀-ကျော် အခါကာလ လွန်ခဲ့ပြီဖြစ်၍ အမည်နာမသော်၎င်း အရပ်ဒေသသော်၎င်း ပြောင်းလဲနိုင်သည့်အပြင် လုံးလုံးသော်လည်း ပျက်ပြားနိုင်သဖြင့် မဖော်ပြဘဲ သို့မဟုတ် ထိုစဉ်က မထင်ရှား၍ မရေးသားဘဲ ရှိနိုင်သောကြောင့် ထိုစဉ်က ထင်ရှားသည်လောက်သာ ရေးသားသည်အားလျော်စွာ **ရှေးဟောင်းအမည်များကို** မထည့်သွင်းစေကာမူ **ရှေးဟောင်းမြို့၊ ရွာများ** ထင်ရှားရှိသည်ဟု ဒေသနာတော်ကို ယုံကြည်သောအားဖြင့် မှတ်ယူရာ၏။

ဤသို့လျှင် ကာသိတိုင်းကြီးမှာ မြတ်စွာဘုရားလက်ထက်တော်က မင်းသီးခြားပင် မရှိစေကာမူ ထင်ရှားကျော်ကြား၍ မြတ်စွာဘုရား ဓမ္မစက်အာဏာတော် ရှေးဦးစွာ ထွန်းပေါ်လာရာ တိုင်းနိုင်ငံကြီးဖြစ်သောကြောင့် ဤတိုင်းကြီးကား ပဌမဗုဒ္ဓနိုင်ငံတော်ကြီးဖြစ်ကြောင်း မယုံမှားအပ်သည့်အပြင် ဤဗာရာဏသီမြို့တော်ကြီးမှာလည်း ယခုတိုင်ပင် ထင်ရှားကျော်ကြား၍ စည်ကားဝပြောစွာ တည်ရှိသဖြင့် အကျယ်တဝင့် ရေးသားရန်မလိုတော့ဘဲ ဤမျှဖြင့်ပင် ၎င်းတိုင်းနိုင်ငံမြို့တော်၏ ရှေးဦးဗုဒ္ဓနိုင်ငံတော်ဖြစ်သည်ကား ထင်ရှားကုန်၏။

✪ ✪ ✪ ✪ ✪

## ၄။ ကောသလတိုင်း

ဤကောသလတိုင်းကြီးကား မြတ်စွာဘုရားသည် အစုံအစုံအားဖြင့် ဟောကြားတော်မူအပ်သော တိုင်းကြီး ၁၆-တိုင်းတို့တွင် ဒုတိယအစုံ ၄-ခုမြောက်ဖြစ်သော တိုင်းကြီးဖြစ်၍ ကပ်ဦးအစ စေတိယမင်းလက်ထက် တိုင်းနိုင်ငံ ပျက်ဆီးသဖြင့် ၎င်းနောက် သားတော်များ ပြည်တိုင်းကားကို ခွဲခြားဝေဖန် အုပ်စိုးကြသော အလွန်ရှေးကျလှသော ခေတ်ကြီးကို ထား၍ မြတ်စွာဘုရားဟောကြားတော်မူသော မဟာဂေါဝိန္ဒပညာရှိကြီး၏ ၇-တိုင်း ဝေဖန်ခြင်း၌ပင် မပါဝင်သော်လည်း ဇာတ်တော်, နိပါတ်တော်များ၌ ထင်ရှားရှိသော တိုင်းကြီးဖြစ်ကြောင်း မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော ဒီဃိတိကောသလဇာတ်ကို ထောက်ထား၍ ရှေးနိပါတ်တော် ခေတ်များ၌ပင် ထင်ရှားသည့် အပြင် လက်ထက်တော်မှာကား သာသနာ့ဝင်အပေါင်းမှန်လျှင် သိရှိကျော်ကြား သာသနာ့ပင်မကြီးသဖွယ် ထင်ရှားသော တိုင်းကြီးဖြစ်သဖြင့် အထူးရေးသားဖွယ် မရှိကုန်။

၎င်းတိုင်းနိုင်ငံကြီးမှာ မည်သည့်အခါကဟု ရှည်လျားသော ခေတ်ကြီးကို မညွှန်ပြနိုင်သော်လည်း ရှေးအခါသမယ မဟာပနာဒမင်းသားကို အထူးထူးသော က, ဆို, တီး, မှုတ်ခြင်းတို့ဖြင့် နိုင်ငံအလုံးရှိ လူများအပေါင်းသည် ဖျော်ဖြေကြသော်လည်း ၎င်းမင်းသားသည် နတ်၌ဖြစ်သော အာရုံ၌ မွေ့လျော်သည်အားလျော်စွာ ပျော်ရွှင်နှစ်သိမ့်ခြင်းကို မဖြစ်စေဘဲ ၇-နှစ်ပတ်လုံး လူအများသည် မင်းသားအတွက် အလုပ်မလုပ်ကြရသောအခါ သိကြားမင်းစေအပ်သော နတ်ကချေသည်များ လာရောက်ဖျော်ဖြေမှ ရွှင်ပြရယ်မောလျက် တိုင်းသူ, ပြည်သားများ မိမိတို့ ရပ်ဌာနပြန်ကြရသည်တွင် ခရီးလမ်း၌----

ကစ္စိ ဘော ကုသလံ၊ ကစ္စိ ဘော ကုသလံ-
"အချင်းတို့၊ လိမ္မာတတ်ကျွမ်းကြရဲ့လား"ဟု

မိတ်ဆွေအချင်းအချင်း ပြောဆိုကြရာ ကုသလ-ဟူသော စကားကို စွဲ၍ ၎င်းတိုင်းကို ကောသလတိုင်းဟု ခေါ်တွင်လာကြောင်း သီလက္ခန်အဋ္ဌကထာ၊ အမ္ဗဋ္ဌသုတ်*(နှာ၊ ၂၁၃)* ၌ ဖွင့်ပြသည့်အတိုင်း ရှေးနိပါတ်တော်ခေတ်၌ပင် ဖြစ်ထွန်းလာကြောင်း မှတ်သားအပ်၏။

သို့ရာတွင် သုရုစိမင်းကြီးသားတော် မဟာပနာဒမင်းသားမှာကား ဝိဒေဟတိုင်း၊ မိထိလာမြို့တော်၌ ဖြစ်၍ ကောသလတိုင်း ထိုအခါက မဖြစ်ထွန်းသေးသောကြောင့် အသီးအခြားမဟုတ်ဘဲ မဟာဂေါဝိန္ဒပညာရှိကြီး ဖန်ဆင်းတည်ထောင်ခဲ့သော ၇-တိုင်းတွင် အဝင်အပါ ဝိဒေဟတိုင်းအတွင်း၌သာ ဆိုခဲ့ပြီးသော ကစ္စိ ဘော ကုသလံ-ဟူသော စကားပြောဆို မေးမြန်းကြသည်ကို အကြောင်းအတ္ထုပ္ပတ်ထား၍ ကောသလအမည်တွင်သော

အရပ်ဌာနတစ်ခု ဖြစ်ပွါးလာသည်မှ အစပြု၍ နောက်အခါ၌ တိုင်းနိုင်ငံတစ်ခု ဖြစ်လာကြောင်း မှတ်သားအပ်၏။ ထိုစဉ်အခါက မိထိလာမြို့တော်မှာ ၇-ယူဇနာကျယ်၍ တိုင်းနိုင်ငံကား ယူဇနာ ၃၀၀-ကျယ်ဝန်းကြောင်း ၎င်းနိပါတ်တော်၌လာသဖြင့် ယခု ကောသလတိုင်းကြီးလောက်ပင် မကျယ်ဝန်းသော်လည်း ကောသလတိုင်းနယ်မှာ ထိုအခါက ဝိဒေဟတိုင်း၌ပင် အတွင်းဝင်ကြောင်း မှတ်သားအပ်၏။

ထိုမှတပါး ကောသလတိုင်းကြီးမှာ ရှေးကျ၍ ကာသိတိုင်းနှင့်စပ်လျက် တည်ရှိကြောင်း ဧကနိပါတ်၊ **မဟာသီလဝဇာတ်**၌---

နန်းတော်အတွင်း၌ ဖျက်ဆီးလွန်ကြူးသော အမတ်တစ်ယောက်အား မဟာသီလဝမင်းကြီးကိုယ်တိုင် သိရှိသောအခါ တိုင်းနိုင်ငံမှ နှင်ထုတ်လိုက်လျှင် ကာသိတိုင်းမှ လွန်မြောက်၍ ကောသလတိုင်းသို့ ရောက်သောအခါ မင်းထံခစား၍ မင်းနှင့်အကျွမ်းဝင်ဖြစ်ကြောင်း---

> သော နိက္ခမိတွာ ကာသိရဋ္ဌ အတိက္ကမ္မ ကောသလဇနပဒံ ဂန္တွာ ကောသလရာဇာနံ ဥပဋ္ဌဟန္တော အနုက္ကမေန ရညော အဗ္ဘန္တရိကော ဝိဿာသိကော ဇာတော။

*(ဇာ၊ ၄။ ၁။ ၂၈၀)*

စသည်ဖြင့် ဖွင့်ပြ၍ ကာသိတိုင်းမှ လွန်လျှင် ကောသလတိုင်းနယ်သို့ ရောက်ကြောင်း၊ စပ်လျက်တည်ရှိကြောင်း ၎င်းဇာတ်တော်အရ သိရသည့်အပြင် ဒုကနိပါတ်၊ ရာဇောဝါဒဇာတ်နှင့် အလိနစိတ္တဇာတ်တို့၌လည်း ကာသိတိုင်းနှင့် ကောသလတိုင်းတို့ကား စပ်လျက်တည်ရှိကြောင်း၊ စစ်သည်အင်္ဂါ ဗိုလ်ပါဆင်,မြင်း စသော တိုင်းပြည်အင်အားလည်း တူညီသည့်အပြင် လူနေအိမ်ခြေ တိုင်းပြည်နိုင်ငံ အကျယ်အဝန်းလည်း တူမျှကြကြောင်း၊ အခြားမဲ့အနီးအနားဖြစ်သော နိုင်ငံအချင်းချင်းလည်း ဖြစ်ကြောင်း-စသည်ဖော်ပြသဖြင့် နိပါတ်တော်၌ ထင်ရှားသော နိုင်ငံကြီး ၂-ခုဖြစ်ကြောင်း မှတ်အပ်ကုန်၏။ ၎င်းအလိနစိတ္တဇာတ် *(နှ၊ ၁၉ )*၌ သာမန္တအနီးအနားဖြစ်ကြောင်း သာ၍ထင်ရှားသည်မှာ---

> "ရညော ပန ကာလင်္ကတဘာဝံ သုတွာ တုဋ္ဌ ကိရ ရဋ္ဌ'တိ အနန္တရသာမန္တ-ကောသလရာဇာ မဟတိယာ သေနာယ အာဂန္တွာ နဂရံ ပရိဝါရေသိ။

ပြဟ္မဒတ်မင်း ကွယ်လွန်ကြောင်း ကြား၍ မင်းမဲ့တိုင်းပြည်ဟု အခြားမဲ့ အနီးအနားဖြစ်သော ကောသလမင်းသည် စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် လာ၍ မြို့တော်ကြီးကို ဝိုင်းဝန်းလေ၏" စသည်ဖြင့် အလိနစိတ္တမင်းသားကလေး မဖွားမြင်မီ ခမည်းတော် ပြဟ္မဒတ်မင်းကြီး လွန်တော်မူ၍ မင်းမဲ့ဖြစ်နေကြောင်း ကြားသိရသော အခြားမဲ့နိုင်ငံဖြစ်သည့်

ကောသလမင်းကြီးသည် နိုင်ငံသိမ်းယူမည်ဟု စစ်သည်ဗိုလ်ပါမြောက်မြားစွာနှင့် ချီတက်လာရောက် ဝိုင်းဝန်းနေစဉ် ဘုရားအလောင်းတော် ဖွားမြင်လာသောအခါ စိတ်အားထက်သန်စွာနှင့် အလွန်ရဲရင့်သော စိတ်ရှိကြ၍ ၎င်းမင်းသားကလေး အကြောင်းပြုကာ ဝိုင်းဝန်းလာသော ကောသလမင်းကြီး၏ စစ်တပ်ကြီးကို အာဇာနည်ဆင်ပြောင်ကြီးဖြင့် ဖောက်ခွဲထွင်းဖောက် မင်းကြီးကို လက်ရောက်သိမ်းယူ ဖမ်းဆီးသည်ဟု ဖွင့်ပြလေ၏။

ဤသို့လျှင် မြတ်စွာဘုရား ဟောကြားတော်မူသော **ဒီဃိတိကောသလမင်း၏** အတ္ထုပ္ပတ္တိနှင့် ဤဇာတ်တော်များ ထောက်ထား၍ ရှေးကပင် ထင်ရှားသော နိုင်ငံကြီးဖြစ်ကြောင်း ထင်ရှားသိသာသည့်အပြင် မြတ်စွာဘုရားလက်ထက်တော်က ကောသလတစ်တိုင်းလုံး မိုးခေါင်းပါး၍ အင်းအိုင်, ချောင်းမြောင်းများ ခန်းခြောက်ကုန်သောအခါ မြတ်စွာဘုရားကိုယ်တော်တိုင်ပင် ဇေတဝန်ရေကန်စောင်းတန်းဦးသို့ ရေသပ္ပါယ်တော်မူရန် ဆင်းတော်မူပြီးလျှင် ဓိဋ္ဌာန်တော်မူသောအခါ ကောသလတစ်တိုင်းလုံး မိုးကြီးသည်းထန်စွာ ရွာသွန်းသည်ကို အကြောင်းပြု၍ ရှေးအခါက ဤကောသလတိုင်း ဤဇေတဝန်ကန်တော် နေရာမှာပင် မိုးခေါင်းပါး၍ အင်းအိုင်ချောင်းကန်များ ခြောက်သွေ့သဖြင့် အားလုံးသော သတ္တဝါများ ဒုက္ခနှင့် တွေ့ကြရသောအခါ အလောင်းတော် ငါးရံ့မင်း သစ္စာပြုတော်မူသည့်အတွက် တစ်တိုင်းလုံး မိုးကြီးစွာ ရွာသွန်းဖူးကြောင်း မစ္ဆရာဇဇာတ်တော်၌လည်း ထင်ရှားစွာလာ၏။

✪ ✪ ✪ ✪ ✪

## ကောသလတိုင်း မြို့ရွာများ

ဤကောသလတိုင်းကြီးကား မြတ်စွာဘုရားလက်ထက်တော်၌ အလွန်ထင်ရှားသော တိုင်းပြည်ကြီး ဖြစ်သည်အားလျော်စွာ များစွာသော သုတ္တန်ဝိနည်းဒေသနာတော်တို့သည် ဤသာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်၌သာ ဟောကြားပညတ်တော်မူသော ဒေသနာတော်များဖြစ်၍ မြတ်စွာဘုရားလည်း အမြဲသီတင်းသုံးတော်မူရာ, နိဗဒ္ဓဝါတော်အားဖြင့် ကပ်တော်မူပြီး ဝေနေယျတို့အား အမြိုက်နိဗ္ဗာနသို့ ပို့ဆောင်ကယ်တင်တော်မူရာ, ခပ်သိမ်းသောဘုရားရှင်တို့၏ စွန့်တော်မမူသော အဝိဇဟနေရာတော်မြတ်ဖြစ်၏။ ဤမြို့တော်ကြီး၌ ကြာမြင့်စွာ သီတင်းသုံးတော်မူလျက် များစွာသော သုတ်, ဝိနည်းဒေသနာတော်ထုတ်ဖော်ဟောကြားတော်မူသည့်အပြင် ဤတိုင်းနိုင်ငံအတွင်းရှိ များစွာသော မြို့, ရွာ, နိဂုံးတို့၌လည်း မြတ်စွာဘုရား သီတင်းသုံးနေတော်မူပြီးလျှင် များစွာသော သုတ္တန်ဝိနည်းဒေသနာတော်များ ဟောကြားပညတ်တော်မူခဲ့လေသည်။

သို့ဖြစ်၍ ဤကောသလတိုင်းကြီးအတွင်း၌ လက်ထက်တော်က ထင်ရှားသော များစွာသော မြို့ကြီးများအပြင် စည်ကားသော ရွာကြီးများ ဝပြောသော သမ္ဗတ္တိခေတ်ကြီး ဖြစ်သည့်အလျောက် နောက်နောင်သာသနာတစ်ခေတ်လုံး မှတ်သားအပ်သော ဌာနများ ရှိကြ၍ အထက်က ပြဆိုခဲ့ပြီးသော---

အသီတိယာ ဂါမသဟဿပဋိမဏ္ဍိတာနံ တိယောဇနသတိကာနံ ဒွိန္နံ ကာသိ-ကောသလရဋ္ဌာနံ။*(ဝိ၊ ၄။ ၂။ ၁၉၉)*

ဟူသည်နှင့်အညီ ယူဇနာ ၃၀၀-ကျယ်၍ ရွာပေါင်း ရှစ်သောင်းကျော်ရှိကြောင်း အဋ္ဌကထာဆရာတို့ ဖွင့်ပြအပ်သည့်အတိုင်း များစွာသော မြို့, ရွာ, နိဂုံးများ ရှိကြသော်လည်း မြတ်စွာဘုရား လက်ထက်တော်က အတ္ထုပ္ပတ်ဖြစ်သည်အားလျော်စွာ ဟောကြားတော်မူသော ဒေသနာတော်ကို ထောက်ထား၍ ထင်ရှားသော မြို့, ရွာများကိုသာ ရေးသားအပ်သဖြင့် အောက်၌ ဖော်ပြမည်ဖြစ်သော မြို့, ရွာ, နိဂုံးများသည် ဒေသနာတော်တွင် ထင်ရှားသော မြို့, ရွာ, နိဂုံးများ ဖြစ်ကြကုန်၏။

ထိုကောသလတိုင်း၌ ထင်ရှားသော သာဝတ္ထိမြို့တော်အပြင် နိပါတ်တော်များ၌လည်း အခြားမြို့ကြီးများမှာ---

၁။ **အယုဇ္ဈယ** ၂။ **သာကေတ-**

ဤ ၂-မြို့တို့သည် မြို့ကြီးများဖြစ်ကြ၍---

၃။ **သေတဗျမြို့** ၄။ **ဥက္ကဋ္ဌမြို့** ၅။ **သာလဝတီမြို့-**

ဤ ၃-မြို့တို့ကား မြို့စားများ အုပ်ချုပ်သော မြို့တို့ဖြစ်ကုန်၏။ ၎င်းပြင် အခြားနိဂမခေါ် မြို့ငယ်များကား---

၆။ **ဒဏ္ဍကပ္ပနိဂမ** ၇။ **ကေသမုတ္တနိဂမ** ၈။ **သက်ဝါနိဂမ**
၉။ **နဠကပါနနိဂမ** ၁၀။ **ဥဂ္ဂနိဂမ** ၁၁။ **ဥရုညနိဂမ-**

စသည်တို့ ဖြစ်ကြကုန်၏။

ထိုမှတပါး ဤကောသလတိုင်းကြီး၌ အသီတိယာ ဂါမသဟဿေသု ဟူသည်နှင့်အညီ ရွာပေါင်းရှစ်သောင်းကျော်တို့တွင် မြတ်စွာဘုရား သီတင်းသုံးတော်မူဖူး၍ ဒေသနာတော်အားဖြင့် ထင်ရှားသော ရွာများမှာ---

၁။ ဏ္ဍလာနင်္ဂလဗြာဟ္မဏဂါမ ၂။ သြပါသာဒဗြာဟ္မဏဂါမ
၃။ မနသာကတဗြာဟ္မဏဂါမ ၄။ ဝေနာဟပုရဗြာဟ္မဏဂါမ

၅။ ကောသလပြာဟွဏာဂါမ ၆။ ဝေဠုဝဒွါရပြာဟွဏာဂါမ
၇။ သာလပြာဟွဏာဂါမ ၈။ နဂရဝိန္ဒပြာဟွဏာဂါမ
၉။ စဝ္ဂလီကပွဂါမ-

စသည်တို့ဖြစ်ကြ၍ ၎င်းမြို့, ရွာ, နိဂုံးများတို့သည် မြတ်စွာဘုရား ဒေသနာတော် အာဏာ စက်အောက်သို့ ရောက်ကြသဖြင့် သာသနာ့နိုင်ငံ ဗုဒ္ဓနိုင်ငံတော်အဖြစ်သို့ ရောက်ကြောင်း များစွာသော သုတ္တန်, ဝိနည်းဒေသနာတို့ဖြင့် ထင်ရှားသိသာစေနိုင်ကုန်၏။ ထိုမှတပါးလည်း ၎င်းကောသလတိုင်း၌ အခြားမထင်ရှားသော ရဟန်းများသီတင်းသုံးရာ ရွာကလေးများ၌ လည်း ကျောင်းကန်အာဝါသများ ရှိကြောင်းမှာလည်း ဝိနည်းပါဠိတော်များ၌၎င်း များစွာ သော သုတ္တန်များ၌၎င်း---

အညသ္မိံ ဂါမကေ အညသ္မိံ အာဝါသေ-

အစရှိသည်ဖြင့် ထိုထို ဝိနည်း, သုတ္တန်၌ လာသည်ကို ထောက်ဆ၍ သိရသော်လည်း ၎င်းတို့၌ အတ္ထုပ္ပတ်အကြောင်းအရာ မရှိသဖြင့် ဟောကြားပညတ်သော သုတ်ဝိနည်းများ မထင်ရှားသဖြင့် အမည်နာမ မပါကြကုန်။

✪ ✪ ✪ ✪ ✪

## သာဝတ္ထိမြို့တော်၊ ၎င်းလူနေအိမ်ခြေ

ဤကောသလတိုင်းကြီး၏ မြို့တော်ကား ဗုဒ္ဓဘာသာဝင်တိုင်း သိရှိကျော်ကြား လူနေအိမ်ခြေ ထူထပ်စည်ကားလျက် သူဋ္ဌေးသူကြွယ် ပေါများပြည့်စုံသော သာဝတ္ထိမြို့ တော်ကြီးဖြစ်၍ မြတ်ဂွာဘုရား နိဗ္ဗဝါတော်မြတ် သီတင်းသုံးတော်မူရာ ဖြစ်သဖြင့်လည်း သာသနာဝင်တွင် ထင်ရှား၏။ ဤသာဝတ္ထိမြို့တော်ကြီးမှာ လူနေအိမ်ခြေ အရေအတွက် ကား အဋ္ဌကထာများ၌---

လူဦးရေမှာ- ၇-ကုဋေ(ခုနစ်ကုဋေ)ရှိ၍-
၅-ကုဋေ အရိယာဖြစ်ပြီး
၂-ကုဋေမျှ ပုထုဇဉ်ရှိကြောင်း ဖွင့်ပြတော်၏။

သို့ရာတွင် ပါဠိတော်အားဖြင့် နှိုင်းစာရန်မှာ ဥဒါန်းပါဠိတော်၌ လူနေအိမ်ခြေ များကြောင်း---

ဝိသာခါဒါယိကာမကြီးသည် ချစ်ခင်လှစွာသော မြေးတစ်ယောက်ဆုံး၍ ယူကြုံးမရ ပူပင်လှသဖြင့် ပုဗ္ဗါရုံကျောင်းတော် မြတ်စွာဘုရား အထံတော်သို့ သက်သာရာ သက်သာ ကြောင်း တရားဓမ္မ နာယူလို၍ ရောက်လာသည့်အခါ မြတ်စွာဘုရားသည်---

"ဣစ္ဆေယျာသိ တွံ ဝိသာခေ ယာဝတိကာ သာဝတ္ထိယာ မနုဿာ၊ တာဝတိကေ ပုတ္တေ စ နတ္တာရောစာတိ။(ဥဒါန၊ ၁၉၀)

ဝိသာခါ၊ သာဝတ္ထိ လူဦးရေမျှ သားမြေးများ အလိုရှိပါသလော"မေးတော်မူလျှင် ဝိသာခါသည်-

"ဣစ္ဆေယျာ'ဟံ ဘဂဝါ ယာဝတိကာ သာဝတ္ထိယာ မနုဿာ၊ တာဝတိကေ ပုတ္တေ စ နတ္တာရောစာတိ။(ဥဒါန၊ ၁၉၀)

မြတ်စွာဘုရား သာဝတ္ထိ လူဦးရေမျှ တပည့်တော် သားမြေးများ အလိုရှိပါသည် ဘုရား"ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည်-

"ကီဝ ဗဟုကာ ပန ဝိသာခေ သာဝတ္ထိယာ မနုဿာ ဒေဝသိကံ ကာလံ ကရောန္တီတိ။(ဥဒါန၊ ၁၉၀)

ဝိသာခါ၊ သာဝတ္ထိ၌ နေ့တိုင်းသေကြသော လူများ မည်မျှများသနည်း"ဟု ထပ်မံ မေးတော်မူလျှင်-

"ဒသပိ ဘန္တေ သာဝတ္ထိယာ မနုဿာ ဒေဝသိကံ ကာလံ ကရောန္တိ နဝပိ အဋ္ဌပိ- သတ္တပိ ဆပိ ပဉ္စပိ စတ္တာရောပိ တီဏိပိ ဒွေပိ ဧကောပိ ကာလံ ကရောန္တိ။ အဝိဝိတ္တာ ဘန္တေ သာဝတ္ထိမနုဿေဟိ ကာလံ ကရောန္တေဟီတိ။(ဥဒါန၊ ၁၉၀)

အရှင်ဘုရား၊ သာဝတ္ထိမြို့တော်၌ လူ ၁၀-ယောက်သော်၄င်း နေ့စဉ် သေဆုံးကြပါ သည်။ ၉-ယောက်, ၈-ယောက်, ၇-ယောက်, ၆-ယောက်, ၅-ယောက်, ၄-ယောက်, ၃-ယောက်, ၂-ယောက်, ၁-ယောက်သော်၄င်း သေဆုံးကြပါသည်ဘုရား။

အရှင်ဘုရား၊ သာဝတ္ထိမြို့တော်၌ သေဆုံးကြသော သူတို့မှာ မဆိတ်ပါဘုရား"ဟု လျှောက်ထားသည်ကို ထောက်ဆ၍ သာဝတ္ထိ၌ လူဦးရေ မည်မျှများပြားကြောင်း ခန့်မှန်း သိနိုင်ကုန်၏။

ယခုကာလ မြို့ကြီးများ၌ ဖွားသေစာရင်း မဆိတ်သကဲ့သို့ သေဆုံးသူ မဆိတ်သော် လည်း မြတ်စွာဘုရားလက်ထက်တော်မှာကား သမ္ပတ္တိခေတ်ဖြစ်၍ စည်ပင်ဝပြောသဖြင့်



သာဝတ္ထိ-ဇေတဝန၊ ကောသမ္ဗကုဋိ

ယခုကာလကဲ့သို့ ရောဂါဘယ ထူပြောမည် မဟုတ်သည်ကို တွက်ဆပြီး ယခုကာလ လူနေ အိမ်ခြေများပြားသော မြို့ကြီးများနှင့် နိုင်းစာ၍ မဖြစ်နိုင်စေကာမူ အချိုးကျ ဝေဖန်ပိုင်းခြား နိုင်ကုန်၏။

✪ ✪ ✪ ✪ ✪

## မြတ်စွာဘုရား ဇေတဝန် ဝိဟာရကျောင်းတော် အလှူခံခြင်း

"ထိုသာဝတ္ထိမြို့တော်သို့ မြတ်စွာဘုရားသည် မည်သည့်အခါက ရောက်တော်မူ၍ မည်သည့်အခါက သီတင်းသုံးတော်မူပြီးလျှင် ဤဇေတဝန်ကျောင်းတော်ကြီးကို အလှူခံ တော်မူသနည်း" အမေးပြဿနာအရ အကျဉ်းအားဖြင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ ဝါတော်စဉ် ဖွင့်ပြသည့်---

"စုဒ္ဒသမံ ဇေတဝနေ မဟာဝိဟာရေ။

၁၄-ဝါမြောက် ဇေတဝန်ကျောင်းတော်၌"ဟူသော ဝါတော်စဉ်အားဖြင့် လာသော် လည်း မြတ်စွာဘုရားသည် ၇-ဝါမြောက်သော တာဝတိံသာ ဝါတော်မြတ် မကပ်မီကပင် ကောသလတိုင်းနယ်၊ သာဝတ္ထိမြို့တော်သို့ ရောက်တော်မူကြောင်းမှာ---

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တော်၌ **အရှင်ပိဏ္ဍောလမထေရ်** စန္ဒကူးသပိတ် အတွက် တန်ခိုးပြာဋိဟာ ပြသည်ကို အကြောင်းပြု၍ တိတ္ထိတို့အား နှိမ်နင်းခြင်းအကျိုးငှာ တန်ခိုးပြာဋိဟာ ပြတော်မူမည်ဟု မိန့်တော်မူပြီးလျှင် ၎င်းရာဇဂြိုဟ်မြို့တော်မှ သာဝတ္ထိ မြို့တော်သို့ ကြွတော်မူ၍ ဝါဆိုလပြည့်နေ့၌ မြို့တွင်းသို့ ဆွမ်းခံပြီးနောက် ကဏ္ဍမည်သော ဥယျာဉ်တော်မှူးလှူအပ်သော သရက်သီးကို အလှူခံယူ ဘုဉ်းပေးပြီးသောအခါ မြတ်စွာ ဘုရား ညွှန်တော်မူရာအရပ်၌ စိုက်ပျိုးလျှင် တမုဟုတ်ချင်းပင် အကိုင်းအခက် ပင်စည်တိုး တက်ကြီးပွါးလာကာ ၎င်းသရက်ပင်ရင်းမှာပင် မြတ်စွာဘုရားသည် အစုံအစုံသော တန်ခိုးပြာ ဋိဟာ ပြတော်မူပြီး ၂-လှမ်း, ၃-ဖဝါးအားဖြင့် တာဝတိံသာသို့ ဝါကပ်တော်မူရန် ကြွသွား တော်မူကြောင်း ဓမ္မပဒအဋ္ဌကထာ၊ ဒေဝေါရောဟနဝတ္ထု*(ဓမ္မပဒ၊ ဋ။ ၂။ ၁၃၀-၁၄၀)*၌ လာ၏။

ဤဝတ္ထု၌ ဖော်ပြသည်ကို ထောက်ဆ၍ ၇-ဝါမတိုင်မီကပင်လျှင် သာဝတ္ထိသို့ ရောက်တော်မူ၍ သီတင်းသုံးတော်မူဖူးကြောင်း၊ ဝါကပ်တော်မမူသော်လည်း ဇေတဝန် ကျောင်းတော်မြတ်ကို ၎င်းဝါသို့ မရောက်မီကပင် အလှူခံတော်မူကြောင်းကား ထင်ရှား၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ပဌမဝါတော် မိဂဒါဝုန်၌ ဝါကပ်တော်မူပြီးလျှင် ဒုတိယ, တတိယ, စတုတ္ထဝါတော်တို့မှာ ရာဇဂြိုဟ်၌ ဝါကပ်တော်မူကြောင်း---

"ဒုတိယဝဿံ ရာဇဂဟံ ဥပနိဿာယ ဝေဠုဝနေ မဟာဝိဟာရေ။ တတိယ စတုတ္ထာနိပိ တတ္ထေဝ။ *(ဗုဒ္ဓဝံသ၊ ၄။ ၄)*

ဒုတိယဝါတော် ရာဇဂြိုဟ်မှီ၍ ဝေဠုဝန်ကျောင်းတော်ကြီး၌ တတိယ, စတုတ္ထ ဝါတော်တို့လည်း ၎င်း၌ပင်"ဟု ဝါတော်စဉ် အကျဉ်းစကား အဋ္ဌကထာဆရာများ မိန့်ဆိုတော်မူကြ၏။ ထိုသို့ ရာဇဂြိုဟ်မြို့တော်၌ ကပ်တော်မူသော ဝါတော် ၃-ဝါအတွင်းမှာ မြတ်စွာဘုရား ၎င်းမြို့တော် **သီတာဝုန်ကျောင်း၌** သီတင်းသုံးတော်မူစဉ် **အနာထပိဏ်သူဌေး** သည် တစ်စုံတစ်ခု ပြုဖွယ်ကိစ္စဖြင့် ရာဇဂြိုဟ်မြို့တော်သို့ ရောက်လာ၍ လောက၌ မြတ်စွာဘုရား ပွင့်ထွန်းပေါ်တော်မူကြောင်း ကြားသိရသည်နှင့် ထိုခဏပင် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်လိုကြောင်း---

"ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ သီတဝနေ၊ တေန ခေါ ပန သမယေန အနာထပိဏ္ဍိကော ဂဟပတိ ရာဇဂဟံ အနုပ္ပတ္တော ဟောတိ ကေနစိဒေဝ ကရဏီယေန။*(သံ၊ ၁။ ၂၁၃)*

တရံရောအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ် သီတာဝုန်ကျောင်း၌ နေတော်မူ၏။ ထိုအခါ အနာထပိဏ်သူဌေးသည် တစ်စုံတစ်ခု ပြုဖွယ်ကိစ္စဖြင့် ရာဇဂြိုဟ်သို့ ရောက်ခဲ့လေပြီ" စသည်ဖြင့် သဂါထာဝဂ်၊ ယက္ခသံယုတ်၊ **ဣန္ဒကဝဂ်၌** လာ၏။

အနာထပိဏ်သူဌေးကြီးသည် ရှေးဦးစွာ သီတာဝုန်ကျောင်းတိုက်၌ ဖူးမျှော်ရ၍ သောတာပန်ဖြစ်ပြီးလျှင် မြတ်စွာဘုရားအား ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြီး သာဝတ္ထိ မြို့တော်သို့ ကြွလာတော်မူရန် ပင့်ဖိတ်လျှောက်ထားသည်ကို ဘုရားရှင်သည်းခံတော်မူကြောင်းသိသဖြင့် သာဝတ္ထိသို့ပြန်လည်၍ ၎င်းမြို့တော်ကြီး ၂-ခုအကြား များစွာသော မြို့, ရွာ, နိဂုံးများ၌လည်း မိတ်ဆွေများ ရှိသည်အားလျော်စွာ ၎င်းတို့အားလည်း ကျောင်းအာရာမ် ဆောက်လုပ်ကြရန် တိုက်တွန်းကြောင်း---

"တေန ခေါ ပန သမယေန အနာထပိဏ္ဍိကော ဗဟုမိတ္တော ဟောတိ၊ ဗဟုသဟာယော အာဒေယျဝါစော။*(ဝိ၊ ၄။ ၃၀၆)*

ထိုအခါ အနာထပိဏ်သူဌေးသည် မိတ်ဆွေများ၏၊ ယုံကြည်အပ်သော စကားရှိသော အပေါင်းအသင်းများ၏" စသည်ဖြင့် အနာထပိဏ်သူဌေးသည် ယုံကြည်အပ်သော မိတ်ဆွေပေါများသည်အားလျော်စွာ များစွာသော မိတ်ဆွေတို့အား မြတ်စွာဘုရားကို ဤခရီးမှ ကြွလာတော်မူရန် ပင့်ခဲ့ပါပြီ၊ ကျောင်းအာရာမ် အလှူဒါန ပြုလုပ်ကြစေရန် တိုက်တွန်းပြီးလာကြောင်း ဝိနည်း၊ စူဠဝဂ်၊ **သေနာသနက္ခန္ဓက၌** လာ၏။

၎င်းအဋ္ဌကထာ၌ကား မြတ်စွာဘုရား ကြွလာတော်မူမည်ဖြစ်သော လမ်းခရီး ဟလျှောက်လုံး၌ ယူဇနာတိုင်း ယူဇနာတိုင်း ကျောင်းအာရာမ် ဆောက်လုပ်စေ၍ အလှူဒါန ပြုလုပ်စေကြောင်း ဖွင့်ပြသဖြင့် အနာထပိဏ်သူဌေးကြီးသည် ဤကောသလတိုင်းကြီးသို့ သာသနာတော်စက်, ဓမ္မစက် ထွန်းတက်ပြန့်နှံ့ စည်ပင်ကြီးပွါးအောင် ယူဆောင်လာသော မြတ်စွာဘုရားသာသနာတော်ကို လူဒါယကာဘက်က အကြီးအကျယ် ပြုစုတည်ထောင် သော သူဌေးကြီးဖြစ်ကြောင်း ဖွင့်ပြထုတ်ဖော်ရေးသား၏။

၎င်းပြင် ထိုအနာထပိဏ်သူဌေးကြီးသည် အဋ္ဌကထာဆရာတို့ အလိုအားဖြင့် ၅၄-ကုဋေ အကုန်အကျခံ၍ ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ်ကြောင်း လာသော် လည်း **သေနာသနက္ခန္ဓက** ပါဠိတော်*(ဝိ၊ ၄။ ၃၀၇)*၌ကား---

"အထခေါ အနာထပိဏ္ဍိကော ဂဟပတိ သကဋေဟိ ဟိရည် နိဗ္ဗာဟာပေတွာ ဇေတဝနံ ကောဋိသန္ထရံ သန္ထရာပေသိ။

ထိုအခါ အနာထပိဏ်သူဌေးသည် လှည်းတို့ဖြင့် ငွေကို တိုက်ထုတ်ပြီးလျှင် ဇေတဝန်ဥယျာဉ်ကို စပ်အောင် ခင်းစေ၏" စသည်ဖြင့် ၁၈-ပယ်ခန့် အာရာမ်မြေကို ငွေအသပြာစိအောင် ခင်း၍ ဝယ်ယူပြီးလျှင် ကျောင်းတော်ဆောက်လုပ်ကြောင်း ဤမျှသာ လာ၏။

အနာထပိဏ်သူဌေးကြီးသည် ၎င်းအာရာမ်၌ ကျောင်းတော်ကြီးနှင့်တကွ များစွာ သော အဆောက်အဦးများ ဆောက်လုပ်ကြောင်း ၎င်းပါဠိတော်*(ဝိ၊ ၄။ ၃၀၇)*၌---

အထခေါ အနာထပိဏ္ဍိကော ဂဟပတိ ဇေတဝနေ ဝိဟာရေ ကာရာပေသိ။ ပရိဝေဏာနိ ကာရာပေသိ-

စသည်ဖြင့် ဇေတဝန်ကျောင်းတော်၌ ဂန္ဓကုဋိတော်နှင့်ကျောင်းများ, ကျောင်းအာရာမ် ပရိဝုဏ်, တံခါးမုခ်ဦး, အစည်းအဝေးဥပဋ္ဌာနသာလာ, ဓမ္မာရုံ, မီးတင်းကုပ်, ကပ္ပိယကုဋိ ကျောင်း, ဝစ္စကုဋိ, စင်္ကြံ, စင်္ကြံတန်ဆောင်း, ရေတွင်း, ရေတွင်းတန်ဆောင်း, ချွေးဇရုံးအိမ်, ဇရုံးတန်ဆောင်း, ရေကန် စသော ၁၅-ခုသော အဆောက်အဦးတို့ကို ဆောက်လုပ်စေပြီး ကျောင်းတိုက်ကြီး တည်ထောင်ကာ များစွာသော ဥစ္စာကြေးငွေ အကုန်အကျခံလျက် သာသနာတော် ပန္နက်ချလေ၏။

ထိုမှတပါး ဤသာဝတ္ထိမြို့တော်ကြီး၌ သာသနာတော်ဝယ် ကြီးကျယ်စွာ ပြုစုအား ထုတ်သော ၎င်းအနာထပိဏ်သူဌေးကြီးအပြင် ထင်ရှားသော အဋ္ဌကထာဆရာတို့ အလို အားဖြင့် မြတ်စွာဘုရားသော်မှ သာသနာတော်ကျေးဇူးများ၍ ၎င်းဒါယကာ ၂-ဦးတို့၏

မျက်နှာကို ထောက်ထားလျက် နိဗ္ဗဒ္ဓဝါတော်မြတ် သီတင်းသုံးတော်မူရကြောင်း ဖွင့်ပြသော ဒါယကာ ၂-ဦးတွင် အပါအဝင်ဖြစ်သော ဝိသာခါဒါယိကာမကြီးလည်း ရှိသေး၍ ၎င်း ဒါယိကာမကြီးသည် မြို့တော်အရှေ့မျက်နှာတွင် ၉-ကုဋေထိုက်တန်သော မိမိ၏ မဟာလတာတန်ဆာကြီးကို အဖိုးထားပြီး ကျောင်းအာရာမ်ဝယ်ယူပြီးလျှင် ၉-ကုဋေကုန်ကျသော အောက်ထပ် အခန်း-၅၀၀, အထပ်ထပ် အခန်း-၅၀၀, ပေါင်း အခန်း-၁၀၀၀ တို့ဖြင့် တန်ဆာဆင်လျက် ဆောက်လုပ်ပြီးနောက် ၉-ကုဋေအကုန်အကျခံလျက် ကျောင်းတော်ကြီး ပူဇော်ပွဲကို ၄-လပတ်လုံး ကျင်းပ၍ ၂၇-ကုဋေ ဥစ္စာကြေးငွေ အကုန်အကျခံကာ သာသနာတော်၌ လှူဒါန်းပြီး ရဟန်းတို့ အလိုဆန္ဒ သိသည်အားလျော်စွာ ဆု ၈-ပါးကို ရသဖြင့် ဧတဒဂ်ထားရသော ဒါယိကာမကြီး ဖြစ်ခဲ့၏။

၎င်းပြင် ဝိသာခါသည် မိမိယောက္ခမ မိဂါရသူဌေးကြီးအား သာသနာ၌ မကြည်ညိုသည်ကို ညွှန်ပြတိုက်တွန်းကာ ဘုရားရှင်အထံတော်မှာ တရားတော် နာစေသဖြင့် သောတာပန်တည်ရာ သာသနာအားဖြင့် အမိအရာတည်ပါပေသည်ဟု မြွက်ကြား၍ ၎င်းအား ဝိသာခါ မိဂါရမာတာ-တွင်လျက် ရှိခဲ့လေသည်။ ၎င်းမိဂါရသူဌေးကြီးလည်း သာသနာသက်ဝင်သူ သူဌေးတို့တွင် အပါအဝင်ဖြစ်၍ ၎င်း၏ကြွယ်ဝချမ်းသာခြင်းကို ဓမ္မပဒအဋ္ဌကထာ စသည်တို့၌---

ဝိသာခါ အဘသူဌေးကြီး ဓနဉ္စယအထံ မိဂါရသူဌေးလွှတ်လိုက်သော ပုဏ္ဏားတမန်တို့ရောက်ကြ၍ အကြောင်းမေးသည်တွင်---

"သေဋ္ဌိကော နာမ-သူဌေးက မည်သူပါသနည်း"ဟု မေးရာ---

"မိဂါရသေဋ္ဌိ နာမာတိ-မိဂါရသူဌေးကြီးပါ"ဟု ဖြေပြီး

"ဓနံ ကိတ္တကန္တိ-ဘယ်လောက် ကြွယ်ဝပါသနည်း"ဟု ထပ်မေးရာ---

"စတ္တာလီသကောဋိယော- ကုဋေ-၄၀ ပါ"ဟု ဖြေကြားသည်ကို မနှစ်သက်သံဖြင့်-

"ဓနံ တာဝ အမှာကံ ဓနံ ဥပါဒါယ ကာကဏိကမတ္တံ*(ဓမ္မပဒ၊ ၃။၁။ ၂၄၇)*

ဥစ္စာကား ငါတို့နှင့် စာက ချင်ရွှေးမျှသာ၊ သို့သော် သမီးအတွက် သည်းခံသဘောမျှ ရကြောင်း" ဖွင့်ပြ၏။

သို့ရာတွင် သုတ္တန်ပါဠိတော် အချို့တို့၌ကား ၎င်းသူဌေးများ၏ ချမ်းသာကြွယ်ဝကြောင်း အတ္ထုပ္ပတ်ဖြစ်သည်အားလျော်စွာ လာသည်မှာ သတ္တကအင်္ဂုတ္တိုရ်၊ ဓနဝဂ်*(နှာ၊ ၄၀၀)*၌ ဥဂ္ဂအမတ်ကြီး မြတ်စွာဘုရားထံ ချဉ်းကပ်လျှောက်ထားသည်ကား---

"အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ၊ ယာဝ အဗှော စာယံ ဘန္တေ မိဂါရော ရောဟ-ဏေယျော ယာဝ မဟဒ္ဓနော ယာဝ မဟာဘောဂေါတိ။(အံ၊ ၂။ ၄၀၀)

အရှင်ဘုရား၊ အံ့ဖွယ်ပါဘုရား၊ မိဂါရရောဟဏေယျသည် အကြင်မျှ ကြွယ်ဝပေါ မျှား ချမ်းသာသည်မှာ အရှင်ဘုရား မဖြစ်ဖူးလောက်အောင်ပါဘုရား"ဟု လျှောက်သည် တွင် မြတ်စွာဘုရားသည်---

"ကီဝ အဗှော ပနုဂ္ဂ မိဂါရော ရောဟဏေယျော။

ဥဂ္ဂအမတ်ကြီး၊ မိဂါရသူဌေးကား အဘယ်မျှ ကြွယ်ဝသနည်း"ဟု ထပ်မံ မေးတော် မူသောအခါ---

"သတံ ဘန္တေ သတသဟဿာနံ ဟိရညဿ။ ကော ပန ဝါဒေါ ရူပိယဿာတိ။ (အံ၊ ၂။ ၄၀၀)

အရှင်ဘုရား၊ ရွှေသက်သက် သိန်း-၁၀၀ ရှိပါသည်။ ငွေမှာ ပြောဖွယ်ရာ မရှိပါ ဘုရား"ဟု လျှောက်ထားသည်ကို ထောက်ဆ၍ ရှေးက သူဌေးကြီးများ ကြွယ်ဝချမ်းသာ သည်ကို ချင့်ချိန် မှတ်သားနိုင်၏။

ဤသို့ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ၎င်းအမတ်အား ရန်သူတို့ မဖျက်ဆီးနိုင် သော သူတော်ကောင်းဥစ္စာဖြစ်သော---

၁။ သဒ္ဓါ ၂။ သီလ ၃။ ဟိရီ ၄။ ဩတ္တပ္ပ

၅။ သုတ ၆။ စာဂ ၇။ ပညာ-

၇-ဖြာတို့ကို ဝေဖန်ဟောကြားတော်မူ၏။

ဤအတူ ကောသလသံယုတ်၊ သဂါထာဝဂ်(နှာ၊ ၉၂)၌လည်း ကောသလမင်းကြီး မြတ်စွာ ဘုရားထံ ဆည်းကပ်လာသောအခါ မြတ်စွာဘုရားသည်-

"ဟန္ဒ ကုတော နု တွံ မဟာရာဇ အာဂစ္ဆသိ ဒိဝါ ဒိဝဿာတိ။

ဩော်---မင်းကြီး၊ နေ့သုံးယာမ် ဘယ်က လာသနည်း"ဟု မေးတော်မူလျှင်---

"ဣဓ ဘန္တေ သာဝတ္ထိယံ သေဋ္ဌိ ဂဟပတိ ကာလင်္ကတော တမဟံ အပုတ္တကံ သာပတေယျံ ရာဇန္တေပုရံ အတိဟရိတွာ အာဂစ္ဆာမိ။ အသီတိ စ ဘန္တေ သတသဟဿာနိ ဟိရညဿေဝ။ ကော ပန ဝါဒေါ ရူပိယဿ။(နှာ၊ ၉၂)

အရှင်ဘုရား၊ ဤသာဝတ္ထိ၌ သားမရှိ၊ သေဆုံးသော သူဌေးတစ်ဦး၏ ဥစ္စာများကို ဘဏ္ဍာတော်သိမ်းခဲ့၍ လာခဲ့ပါသည်ဘုရား၊ ရွှေသက်သက် သိန်း-၈၀ ရှိပါသည်ဘုရား၊ ငွေကား ပြောစရာမရှိပါ" ကောသလမင်းကြီး လျှောက်ထား၏။

ဤအတူပင် ၎င်းသံယုတ်၌ အမွေခံမဲ့ ရွှေသိန်း-၁၀၀ ချမ်းသာသော သူဌေးတစ်ဦး၏ ဥစ္စာနှစ်တို့ကို ဘဏ္ဍာတော်သိမ်းလာကြောင်း လျှောက်ထားရာ လူမသုံးရဘဲ အလိုလိုခန်းခြောက်ရသော တော၌ရှိသော ရေကန်ကြီးနှင့် လူများသောက်သုံးရသော လူနေနီးသော ရေကန်ကြီး ၂-ခု ဥပမာထား၍ သူတော်ကောင်း ဥစ္စာမှာ မိမိနှင့်တကွ မိဘဆွေမျိုး မိတ်ဆွေများ သုံးစွဲရ၍ မသူတော်တို့ထံ ပစ္စည်းဥစ္စာတို့ မည်သူမှ မသုံးစွဲရကြောင်း ဟောကြားတော်မူခဲ့လေသည်။

ဤဝတ္ထုတို့ကို ထောက်ထား၍ သာဝတ္ထိ၌ သူဌေးများစွာရှိကြောင်း ဤကောသလသံယုတ်ကို ထောက်သဖြင့်လည်း ကောသလမင်းကြီးကား ဗိမ္ဗိသာရမင်းတရားလိုသောတာပန် မဟုတ်စေကာမူ သာသနာ၌ ကြည်ညိုလေးစား မြတ်စွာဘုရားနှင့် အကျွမ်းဝင်သော သာသနာ့ဒါယကာ မင်းတစ်ပါးဖြစ်ကြောင်း မှတ်သားအပ်၏။ သို့ရာတွင် ဤသံယုတ်အစ ပထမသုတ်၌ ကောသလမင်းကြီး ရှိမခိုး, အရိုအသေမပြုဘဲ မြတ်စွာဘုရားထံချဉ်းကပ်၍---

ကိံ ပန ဘဝံ ဂေါတမော ဒဟရော စေဝ ဇာတိယာ၊ နဝေါ စ ပဗ္ဗဇ္ဇာယာတိ။

*(သံ၊ ၁။ ၆၈)*

ဘယ်သို့လျှင် အရှင်ဂေါတမ အရွယ်တော်ကငယ် ရဟန်းအဖြစ်က နုနယ်ပါလျက် ဘုရားဟု ဝန်ခံပါသနည်း။ အရွယ်လွန်ပြီး တိတ္ထိဆရာကြီး ၆-ယောက်မှ "ဝန်မခံကြပါ"ဟု လျှောက်လျှင်---

"စတ္တာရော ခေါ မဟာရာဇ ဒဟရာတိ န ဥညာတဗ္ဗာ ဒဟရာတိ န ပရိဘောတ္တဗ္ဗာ။

*(သံ၊ ၁။ ၆၈)*

မင်းကြီး၊ ၄-ပါးတို့ကား- ငယ်၏ဟု အထင်မသေးရာ၊ ငယ်၏ဟု မထီမဲ့(မြင်) မဖြစ်ရာ" စသည်ဖြင့်-

မင်း, မြွေ, မီး, ရဟန်း ဤ ၄-ပါးတို့၌ မထီမဲ့ မပြုအပ်ကြောင်း အကျယ်ဟောကြားတော်မူမှ တစ်သက်ပန် ဒကာအဖြစ် လျှောက်ကြား၍ အရိုအသေ ပြုသွား၏။

ထိုမှတပါး ကောသလမင်းကြီးကား နောက်အခါ၌ သာသနာတော် လေးစားကြည်ညို၍ ကျောင်းဒကာပင် ခံယူကြောင်း မဟာဝဂ္ဂသံယုတ်၊ ရာဇကာရာမဝဂ်၊ အဋ္ဌကထာ၌ ဖွင့်ပြ၏။

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ရာဇိကာရာမေ။ *(သံ၊ ၃။ ၃၀၄)*

စသည်ဖြင့် မြတ်စွာဘုရား သာဝတ္ထိ**ရာဇိကာ**ရုံ၌ နေတော်မူစဉ် ဘိက္ခုနီမတစ်ထောင်တို့အား ၄-ပါးသော အင်္ဂါရှိသော သောတာပန္န နိယတ သမ္ဗောဓိ ပရာယန-ဟောကြားကြောင်း၊ ၎င်းရာဇိကာရာမမှာ မင်းကြီးထံ တိတ္ထိတို့ တံစိုးပေး၍ ဇေတဝန်ကျောင်းတော်အနီး ကျောင်းတော်နေရာ ပေးထားရာ မြတ်စွာဘုရားကိုယ်တော်တိုင် ကြွသွားတော်မူ၍ ရဟန်းများနှင့် တိတ္ထိတို့ ခိုက်ရန်ဖြစ်ရန် မလုပ်သင့်ကြောင်း၊ ရှေးက ရသေ့သူတော်ကောင်းများ တံစိုးစား၍ ခိုက်ရန်ပွါးအောင် ပြုလုပ်သောကြောင့် ကုရုတိုင်းကြီးအလုံး ပျက်စီးဖူးကြောင်း ဟောကြားတော်မူမှ မင်းကြီးသည် မိမိမစူးစမ်းမှုကို နောင်တရ၍ တိတ္ထိတို့အား နှင်ထုတ်ပြီးလျှင် အဆောက်အဦးနှင့်တကွ မြေရာပါအားလုံး သိမ်းပြီးနောက် မင်းကြီးကိုယ်တိုင် ကျောင်းတော်ကြီး ဆောက်စေပြီး ရာဇိကာရာမမင်းကျောင်းတိုက်-ဟု အမည်တွင်စေကြောင်း ဖွင့်ပြ၍ ၎င်းကျောင်းတိုက်ကား ဇေတဝန်ကျောင်းတော်ကြီးအနားမှာ တည်ရှိသည်-ဟု အဋ္ဌကထာ အရ မှတ်သားအပ်၏။

ထိုမှတပါး သာဝတ္ထိမြို့တော်အနီး ကျောင်းတိုက်ကြီးများ ထင်ရှားစွာ မလာ၊ သို့ရာတွင် မဟာဝဂ္ဂသံယုတ်၊ **အနုရုဒ္ဓဝဂ်***(သုတနုသုတ်၊ ၂၆၀)*၌---

ဧကံ သမယံ အာယသ္မာ အနုရုဒ္ဓေါ သာဝတ္ထိယံ ဝိဟရတိ သုတနုတီရေ။

သလဠာဂါရေ*(သံ၊ ၃။ ၂၆၂)*၊ အန္ဓဝနသ္မိံ။*(သံ၊ ၃။ ၂၆၄)*၊

စသည်ဖြင့် အခါတစ်ပါး **အရှင်အနုရုဒ္ဓါမထေရ်** သာဝတ္ထိ သုတနုမြစ်ကမ်းနား **သလဠာဂါရထင်းရှူးတောကျောင်း**, **အန္ဓဝနတောနက်ကျောင်း** စသည်တို့ကား နေ့သန့်ရာဌာနများ ဖြစ်ကြောင်း မြတ်စွာဘုရားသည်လည်း တစ်ခါတစ်ရံ နေ့သန့်တော်မူရန် ၎င်းတောတို့သို့ ကြွရောက်တော်မူကြောင်း လာသဖြင့် ထင်ရှားသော ကျောင်းတိုက်တို့ကား မဟုတ်ကုန်။

ဤမျှဖြင့် ကောသလတိုင်း၊ သာဝတ္ထိနေပြည်တော်ကြီးနှင့် စပ်လျဉ်း၍ သာသနာတော်၌ ထင်ရှား၍ မစွန့်အပ်သော ဌာနများတည်ရှိကြောင်း သာသနာတော်စက် ပန္နက်ချရာ မြို့တော်ကြီးဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## ကောသလတိုင်းမြို့များ

### အယုဇ္ဈ-အယုဇ္ဈ - မြို့

အယုဇ္ဈ-အယုဇ္ဈ - မြို့သည် ကောသလတိုင်းကြီး၌ ရှေးဇာတ်နိပါတ်ခေတ်တွင် ထင်ရှားရှိသော မြို့ဖြစ်သည့်အပြင် မြတ်စွာဘုရားလက်ထက်တော်၌လည်း ထင်ရှားသော မြို့ကြီးတစ်မြို့ဖြစ်ကြောင်း၊ မြတ်စွာဘုရားလည်း တစ်ခါတစ်ရံ ဒေသစာရီကြွတော်မူ၍ ၎င်းမြို့ကြီး၌ သီတင်းသုံးတော်မူဖူးကြောင်း ခန္ဓသံယုတ်*(သံ၊ ၂။ ၁၁၄)* မဇ္ဈိမပဏ္ဏာသက၊ ပုပ္ဖဝဂ်၌---

"ဧကံ သမယံ ဘဂဝါ အယုဇ္ဈာယံ ဝိဟရတိ ဂင်္ဂါယ နဒိယာ တီရေ။

အခါတစ်ပါး ဘုရားရှင်သည် အယုဇ္ဈယမြို့ ဂင်္ဂါမြစ်ကမ်း၌ နေတော်မူ၏"ဟူသော ပါဠိတော်အရ အဋ္ဌကထာ*(သံ၊ ဋ္ဌ။ ၂။ ၂၉၃)*အဖွင့်မှာ---

"တတိယေ ဂင်္ဂါယ နဒိယာ တီရေတိ အယုဇ္ဈပုရဝါသိနော အပရိမာဏ ဘိက္ခုပရိဝါရံ စာရိကံ စရမာနံ တထာဂတံ အတ္တနော နဂရံ သမ္ပတ္တံ ဒိသွာ ဧကသ္မိံ ဂင်္ဂါယနိဝတ္တနဋ္ဌာနေ မဟာဝနသဏ္ဍမဏ္ဍိတပ္ပဒေသေ သတ္ထု ဝိဟာရံ အဒံသု။ ဘဂဝါ တတ္ထ ဝိဟရတိ။

အယုဇ္ဈယမြို့သားတို့သည် မြတ်စွာဘုရား အတိုင်းမသိသော ရဟန်းအခြံအရံဖြင့် မိမိတို့မြို့သို့ ရောက်လာသည်ကို ဖူးမျှော်ကြရ၍ ဂင်္ဂါမြစ်ကွေ့ တောအုပ်ကြီးဖြင့် တန်ဆာဆင်အပ်သော အရပ်၌ ဘုရားကျောင်းတော် ဆောက်လုပ်ကြ၏။ ထိုကျောင်းတော်၌ မြတ်စွာဘုရား နေတော်မူ၏"ဟု ဖွင့်ပြလေသည်။

ဤသုတ်၌ မြတ်စွာဘုရား အယုဇ္ဈယဂင်္ဂါမြစ်ကမ်းအနီး နေတော်မူသောအခါ ဂင်္ဂါမှ မျောလာသော ရေမြှုပ်တို့ကို ပမာထား၍ အနှစ်သာရ မရှိကြောင်း အစပြုပြီးလျှင်---

- ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်တူ၏၊ အနှစ်မရှိ၊ အမြဲမတည်၊
- ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့်တူ၏၊ အနှစ်မရှိ၊ အမြဲမတည်၊
- သညာက္ခန္ဓာသည် တံလျှပ်နှင့်တူ၏၊ အနှစ်မရှိ၊ အမြဲမတည်၊
- သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့်တူ၏၊ အနှစ်မရှိ၊ အမြဲမတည်၊
- ဝိညာဏက္ခန္ဓာသည် မျက်လှည့်နှင့်တူ၏၊ အနှစ်မရှိ၊ အမြဲမတည်၊

ခန္ဓာ ၅-ပါး၌ နှစ်သက်ဖွယ်ရာ အနှစ်သာရမရှိ အဖန်ဖန်ရှုက ၎င်း၌ တွယ်တာခြင်းကင်း၍ ငြိမ်းအေးပြီးလျှင် ကိလေသာမှ လွတ်မြောက် နိဗ္ဗာန်သို့ရောက်ကြောင်း ဟောကြားတော်မူ၏။*(ဖေဏပိဏ္ဍူပမသုတ်၊ ၄။ ၂။ ၂၉၃)*

ဤသို့ဖွင့်ပြသော အဋ္ဌကထာဆရာ၏စကားကို လေးစားသဖြင့် ၎င်းမြို့၌ နဒီဝတ္တနမြစ်ကွေ့၌ ကျောင်းတော်ဆောက်လုပ်ထား၍ ၎င်းကျောင်းတိုက်၌ ရဟန်းတို့နှင့်တကွ မြတ်စွာဘုရားသီတင်းသုံးတော်မူကြောင်း ထင်ရှားသည့်အပြင် ဟောကြားတော်မူသော သုတ္တန်လည်း ထင်ရှားရှိသောကြောင့် သာသနာတော်၌ မြတ်စွာဘုရား အာဏာတော်စက် ထွန်းလင်းရာဌာနဖြစ်သည်မှာ သိသာနိုင်၏။ သို့ရာတွင် တည်ရာဌာနမူကား ဂင်္ဂါ-ဟု သာံမညလာ၍ မြစ်သာမန်ကိုလည်း ဂင်္ဂါ-ဟုဆိုနိုင်သဖြင့် မြစ်ကမ်း၌တည်ရှိသော မြို့ဖြစ်သည်ကို မှတ်သားအပ်ကြောင်း၊ ၎င်း၏ တည်ရာဌာနအပိုင်းအခြား အမှတ်အသားကို ပထဝီဝင် ဆရာတို့ကမူ မြစ်ကြီး ၅-ခုတို့တွင် အပါအဝင်ဖြစ်သော သရဘူမြစ် သို့မဟုတ် ဆရာယု, ဆရာဂျူမြစ်ကမ်းမှာ တည်ရှိကြောင်း၊ ယခု ၎င်းမြစ်ကို ဃာဃရာမြစ်ဟု ခေါ်ဆိုကြောင်း- စသည်ဖြင့် အကျယ်ရေးသားကြကုန်၏။

## ၂။ သာကေတမြို့

သာကေတမြို့သည်ကား မြတ်စွာဘုရား လက်ထက်တော်၌ ကောသလတိုင်းနယ်တွင် ထင်ရှားသော မြို့ကြီးဖြစ်ကြောင်း၊ သို့ရာတွင် ဓမ္မပဒအဋ္ဌကထာ၊ ဝိသာခါဝတ္ထု-အရ ဓနဉ္စယသူဌေးသည် ဘဒ္ဒိယမြို့မှ ဝိသာခါနှင့်တကွ ကောသလမင်းကြီး တောင်းဆိုချက်အရ ပြောင်းရွှေ့လာရာ သာဝတ္ထိ၌ ပရိသတ်နှင့် ကျဉ်းကြပ်မည်ဖြစ်၍ ဤ ၇-ယူဇနာ အရပ်၌ မြို့တည်ထောင်ပြီး ကိုယ်တိုင်ပြုလုပ်ဖန်ဆင်းသောကြောင့် သယံ+ကတ-သာကေတဖြစ်ကြောင်း လာသော်လည်း **နန္ဒိယမိဂဇာတ်***(၃။ ၂၅၅)*၌---

"အတီတေ ကောသလရဋ္ဌေ သာကေတေ ကောသလရာဇေ ရဇ္ဇံ ကာရေန္တေ။

ရှေးအခါက ကောသလတိုင်း သာကေတ၌ ကောသလမင်း မင်းပြုစဉ်" စသည်ဖြင့် ကောသလတိုင်းမြို့တော် သာကေတဖြစ်ကြောင်းလာသဖြင့် ရှေးနိပါတ်တော်ခေတ်ကပင် ထင်ရှားရှိသော မြို့ဖြစ်၍ လက်ထက်တော်၌ တိုးချဲ့တည်ထောင်ကြောင်း ဤသို့ မှတ်သားအပ်၏။

ဤမှတပါး ကြွယ်ဝချမ်းသာသော သူဌေးများနေထိုင်ရာ မြို့ကြီးဖြစ်ကြောင်း ဝိနည်းမဟာဝါ၊ စီဝရက္ခန္ဓက*(ဝိ၊ ၃။ ၃၈၀)*၌ ကောမာရဘစ္စ ဆရာဇီဝကသည် တက္ကသိုလ်မှ

ဆေးအတတ်ကို သင်ယူပြီးနောက် ဆရာကြီးက အနည်းငယ်သော ရိက္ခာပေး၍ ဆေးအတတ် ထင်ရှားစေလိုသဖြင့် ရာဇဂြိုဟ်သို့ လွှတ်လိုက်ရာ လမ်းခရီးခုလတ် သာကေတတွင် ရိက္ခာပြတ်၍ မြို့တွင်း၌ ဆေးကုလှည့်လည်ရာ ၇-နှစ်ကြာက စွဲကပ်နေသော သူဌေးကတော်ကြီးတစ်ယောက်၏ ခေါင်းခဲနာကို တစ်ခါတည်း ကင်းပျောက်သဖြင့် ဝမ်းမြောက်ကြ၍--

| | | | |
|---|---|---|---|
| သူဌေးကတော်ကြီးက | ငွေ- | ၄၀၀၀ | (လေးထောင်) |
| သားဖြစ်သူက | ။ | ၄၀၀၀ | ။ |
| ချွေးမက | ။ | ၄၀၀၀ | ။ |
| သူဌေးကြီးက | ။ | ၄၀၀၀ | ။ |
| | အားလုံး- | ၁၆၀၀၀ | (တစ်သောင်းခြောက်ထောင်) |

အပြင်ကျွန်ယောကျ်ား, ကျွန်မိန်းမ, မြင်းရထားများကိုလည်း ပေးလိုက်ကြောင်း၊ ၎င်းပဌမဆေးကုရသော ငွေအသပြာနှင့် ကျွန်မိန်းမ, ကျွန်ယောကျ်ား, ရထားတို့ကို **အဘယမင်းသား** အား ကျေးဇူးဆပ်သည်ကို မယူဘဲ ၎င်းနှင့် သင့်တော်သောအိမ်ကို ဆောက်လုပ်စေ၍ သမားတော်အရာ၌ ထားကြောင်း၊ ဇီဝကအတ္ထုပ္ပတ်၌ လာသည်ကိုထောက်ဆ၍ သာကေတမြို့ကား ရာဇဂြိုဟ်မှ တက္ကသိုလ်သွားရာလမ်းခရီးမှာ တည်ရှိကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## သာကေတကျောင်းတိုက်များ

မြတ်စွာဘုရား ဟောကြားတော်မူသော သုတ္တန်များကို ထောက်ဆ၍ ၎င်းသာကေတမြို့၌--

၁။ ကာဠကာရာမ-ကောဠိကာရာမ — ကောလိကကျောင်းတိုက်
၂။ ကဏ္ဋကီဝန ဝိဟာရ — **ကဏ္ဋကီဝန** တောကျောင်း
၃။ အဥ္စနဝန မိဂဒါယ — **အဥ္စနဝန** ဘေးမဲ့ကျောင်းတိုက်

ဤသို့ ကျောင်းတိုက်ကြီး ၃-တိုက်ရှိကြောင်း၊ ၎င်းတို့တွင် ကဏ္ဋကီဝနတောကျောင်းနှင့် အဥ္စနဝန ဘေးမဲ့ကျောင်းတိုက်တို့ အကြောင်းအတ္ထုပ္ပတ် အထူးမလာ၊ ကောဠိကာရာမကျောင်းတိုက် အကြောင်းမှာကား စတုက္ကအင်္ဂုတ္တိုရ်၊ ဥရုဝေဠဝဂ်၊ စတုတ္ထသုတ်*(အံ၊ ၁။ ၃၃၃)*၌---

ဧကံ သမယံ ဘဂဝါ သာကေတေ ဝိဟရတိ ကောဠိကာရာမေ။

အခါတပါး ဘုရားရှင်သည် သာကေတ ကောလိကာရာမ၌ နေတော်မူစဉ်-ဟူသော ပါဠိတော်၏အဖွင့်အဋ္ဌကထာ(အံ၊ ဋ၊ ၂၊ ၂၇၀)၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အနာထပိဏ်သူဌေး၏သမီး စူဠသုဘဒ္ဒါ၊ သာကေတ ကောဠိကသူဌေးသားနှင့် ထိမ်းမြန်းလိုက်သွားရာ မိစ္ဆာအယူရှိသူဖြစ်၍ အစေ-လကတို့နှင့် မင်္ဂလာပြုသည်ကို ရှက်သဖြင့် အပြင်မထွက်သည်တွင် "သင်တို့ဆရာ ရဟန်းများ မည်သို့နည်း"ဟု မေးမြန်းက ငြိမ်သက်တည်ကြည် စောင့်စည်းကာ ဣန္ဒြေရှိကြောင်း ပြောပြ၍ အပင့်ခိုင်းရာ ပန်း ၈-ဆုပ် အဓိဋ္ဌာန်ဖြင့် ဖိတ်ပံကာ ဝိသုကြံ့နတ်သား ဖန်ဆင်းသော ယာဉ်-၅၀၀ နှင့်ကြွလာပြီး မင်္ဂလာပြုလျှင် ၎င်းကောဠိကသူဌေးကြီး အတိုင်းထက် အလွန်ပင် ကြည်ညိုဝမ်းမြောက် တစ်သက်ပန်ဒကာအဖြစ် လျှောက်ထားပြီးနောက် ကျောင်းတိုက်ကြီး တည်ဆောက်ကိုးကွယ်ရာ ၎င်းသူဌေး၏ အမည်အားဖြင့် ကောဠိကာရာမ ကျောင်းတိုက် ကာဠကာရာမ-ဟု တွင်ကြောင်း အကျယ်ဖွင့်ပြ၏။

ဤအဋ္ဌကထာဖွင့်ပြသည်အားလျော်စွာ ဤမြို့၌ ရှေးအခါက အစေလကတို့အား ကိုးကွယ်သူများသော်လည်း ၎င်းသူဌေးသမီး စူဠသုဘဒ္ဒါ ရောက်လာသည်မှစ၍ သာသနာတော်၌ သက်ဝင်ယုံကြည်ကြသူ တိုးပွါးလျက် ကျောင်းကန်အာဝါသပေါ်များ သာသနာထွန်းကားလာကြောင်း မှတ်သားအပ်၏။ ၎င်းသာကေတသည် သာဝတ္ထိမှ ၇-ယူဇနာ ကွာဝေးကြောင်း ဓမ္မပဒအဋ္ဌကထာ၊ ဝိသာခါဝတ္ထု၌ လာသော်လည်း ဝိနည်းမဟာဝါ၊ ကထိနက္ခန္ဓက(ဝိ၊ ၃၊ ၃၅၁)၌---

ပါဝါတိုင်းသား ရဟန်းများ ဘုရားရှင်အထံသို့ လာရာ သာဝတ္ထိသို့ ဝါမမှီဘဲ လမ်းခရီး သာကေတတွင် ကပ်ရ၍ ဖျင်းရိလှစွာ သီတင်းသုံးရကြောင်း---

"အန္တရာမဂ္ဂေ သာကေတေ ဝဿံ ဥပဂစ္ဆိံသု။ တေ ဥက္ကဏ္ဍိတရူပါ ဝဿံ ဝသိံသု အာသန္နေဝ နော ဝိဟရတိ ဘဂဝါ ဣတော ဆသု ယောဇနေသု န စ မယံ လဘာမ ဘဂဝန္တံ ဒဿနာယာတိ။

လမ်းခရီးအကြား သာကေတတွင် ဝါကပ်ကြကုန်ပြီ၊ ၎င်းတို့ကား ဖျင်းရိစွာဖြင့် ငါတို့သည် ဤမှ ၆-ယူဇနာ အနီးသာလျှင် နေရ ဘုရားရှင်ကိုကား ဖူးခွင့်မရ-ဟု ဝါသုံးကြကုန်ပြီ" လာသည်ကို ထောက်ဆ၍ အပြောင်အားဖြင့် ၆-ယူဇနာမျှ ကွာဝေးကြောင်း လမ်းခရီးအကွေ့တာဖြင့် ၇-ယူဇနာ ကွာနိုင်ကြောင်း အမှန်ယူဆနိုင်ကုန်၏၊

အချို့မှတ်တမ်းများ၌ သာကေတနှင့် ဆိုခဲ့ပြီးသော အယုဇ္ဈမြို့တို့ကား အတူဖြစ်ကြောင်း မှတ်သားကြသော်လည်း အယုဇ္ဈ၌ အသီးအခြား ပေါ်ထားသော သုတ္တန်တို့နှင့်

ဤသာကေတ၌ ဟောကြားတော်မူသော သုတ္တန်တို့ကို ထောက်ဆကာ အသီးအခြားဖြစ်ကြောင်း၊ ၎င်းပြင် သာကေတမြို့သည် ဝိသာခါနေထိုင်သောမြို့ဖြစ်၍ နောက်အခါ ၎င်းအမည်ဖြင့် ဝိသာခါနဂရတွင်ကြောင်း အယုဇ္ဈမြို့ကား မြို့ဟောင်းဖြစ်၍ ဝိသာခါ သာကေတကား မြို့သစ်ဖြစ်ကြောင်း မှတ်သားအပ်၏။ ဤသာကေတနှင့် စပ်လျဉ်း၍ ဟောကြားအပ်သော သုတ္တန်များစွာရှိသော်လည်း ကျယ်ဝန်းမည်ဖြစ်၍ မရေးသားတော့ဘဲ ဤမျှဖြင့် အဆုံးသတ်လိုက်ရပေသည်။

✪ ✪ ✪ ✪ ✪

## ကောသလတိုင်းနယ် မြို့စားအုပ်ချုပ်သောမြို့များ

၎င်းကောသလတိုင်းနယ်အတွင်း မြို့စားကြီးများ အုပ်ချုပ်လျက်ရှိသော မြို့များမှာ ပါဠိတော်အရ ဟောကြာတော်မူသော သုတ်တို့ကို ထောက်ထားသောအားဖြင့်-

၃။ **သေတဗျမြို့** ၄။ **ဥက္ကဋ္ဌမြို့** ၅။ **သီလဝတီမြို့**-

၃-မြို့သာ ထင်ရှားစွာလာ၏။

## ၃။ သေတဗျမြို့

၎င်းတို့တွင် သေတဗျမြို့၌ ပါယာသိရာဇညမည်သော မင်းသားကြီး အုပ်ချုပ်စိုးစံကြောင်း သုတ်မဟာဝါပါဠိတော်၊ **ပါယာသိသုတ်**(*နှာ၊ ၂၅၃*)၌---

"တေ ခေါ ပန သမယေန ပါယာသိရာဇညော သေတဗျံ အဇ္ဈာဝသတိ သတ္တုဿဒံ သတိဏကဋ္ဌောဒကံ သဓညရာဇဘောဂ္ဂံ ရညာ ပသေနဒိနာ ကောသလေန ဒိန္နံ ရာဇဒါယံ ြဗဟ္မဒေယျံ။

ထိုအခါ ပါယာသိရာဇညသည် သေတဗျမြို့ကိုမြက်, ထင်း, ရေ, ဆန်စပါး နှင့်တကွ ပသေနဒိကောသလမင်းကြီးသည် မင်းအမွေအမွန်အမြတ် ပေးအပ်သည်ဖြစ်၍ မင်းအဖြစ် အုပ်ချုပ်စိုးစံနေ၏" စသည်ဖြင့် လာသည်ကို ထောက်ဆ၍ ၎င်းသေတဗျမြို့ကား မြို့စားအုပ်ချုပ်သော မြို့ဖြစ်ကြောင်း ထင်ရှား၏။

၎င်းမြို့စား ပါယာသိရာဇညကား တမလွန်လောက မရှိဟု အယူမှားနေရာ အရှင်ကုမာရကဿပ, နောက်ပါ ရဟန်း-၅၀၀ နှင့် သေတဗျမြို့သို့ ရောက်လာ၍ ယင်းတိုက်တောကျောင်းမှာ သီတင်းသုံးစဉ် ကျော်ကြားခြင်းဖြင့် အရှင့်ထံ ခစား တရားနာရာ အဦးအစ

နေ, လတို့ကို ပမာပြ၍ **ဣမလောက, ပရလောက** ၂-ပါးတွင် ၎င်းတို့ မည်သည့်လောက ဆိုရမည်ကို မေးမြန်းဟောပြ သဘောကျပြီးလျှင် အရှင်မြတ်၏ ဆန်းကျယ်သော တရားကို နာလိုသောအားဖြင့် ထပ်မံလျှောက်ထားသည့်အတိုင်း ဆန်းကျယ်သော ဥပမာများဖြင့် ဟောကြားရာ အယူဝါဒစွန့်လျက် တစ်သက်ပန် ဒကာအဖြစ် လျှောက်ထားပြီး ထိုအခါမှစ၍ ပရလောက တမလွန်ဘဝကို ယုံကြည်ကာ အလှူဒါနများ ပြုလုပ်ကြောင်း ၎င်းပါယာသိ **သုတ်၌** ထင်ရှားစွာလာ၏။ သို့ရာတွင် ပါယာသိရာဇညမင်းသည် အယူဝါဒစွန့်ကာ အလှူဒါန ပေးလှူပါသော်လည်း ကိုယ်တိုင်လေးစားသဖြင့် မပေးလှူသည့်အတွက် **သေရိသကဗိမာန်၌** ဘုမ္မဒေဝတာအဝင် စတုမဟာရာဇ်နတ်မျိုးသာလျှင် နောက်ဘဝ၌ ရောက်ရ၍ ၎င်း၏ ဒါနမှူး **ဥတ္တရလုလင်မှာ** ရှိသေစွာ ဝေယျာဝစ္စ ဆောင်ရွက်ပြုလုပ်ပေးလှူသောကြောင့် **တာဝတိံသာသို့** ရောက်ကြောင်း ၎င်းသုတ်၌ လာ၏။

ထိုအခါမှစ၍ ၎င်းမြို့၌ အုပ်ချုပ်သော ပါယာသိမင်းမှစ၍ သာသနာ၌ သက်ဝင်ယုံကြည်ကြလျက် တိုးတက်ထွန်းကားလာကြောင်း၊ ၎င်းမြို့မြောက်မျက်နှာ၌ အရှင်ကုမာရကဿပ သီတင်းသုံးတော်မူသော **သိံသပါဝန** ယင်းတိုက်တောကျောင်းရှိ၍ ရဟန်းများ သီတင်းသုံးရာ သာသနာဝင် ဌာနဖြစ်ကြောင်း မှတ်ယူအပ်၏။

မြတ်စွာဘုရား ကိုယ်တိုင်သော်လည်း ၎င်းမြို့များတို့ကို တခါတရံ ခရီးဒေသစာရီ ကြွချီတော်မူလေ့ရှိကြောင်း အင်္ဂုတ္တရနိကာယ်၊ **စတုက္ကနိပါတ်ဝဂ်**(*နှာ၊ ၃၄၆*)၌---

"ဧကံ သမယံ ဘဂဝါ အန္တရာ စ ဥက္ကဋ္ဌံ အန္တရာ စ သေတဗျံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ၊ ဒေါဏောပိ သုဒံ ဗြာဟ္မဏော အန္တရာ စ ဥက္ကဋ္ဌံ အန္တရာ စ သေတဗျံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ။

အခါတစ်ပါး မြတ်စွာဘုရားသည် ဥက္ကဋ္ဌနှင့် သေတဗျမြို့ကြား ခရီးရှည်ကြွသွားတော်မူ၏။ **ဒေါဏပုဏ္ဏားလည်း** ၎င်း ၂-မြို့အကြား ခရီးရှည်သွားလေသည်"စသည်ဖြင့် ဒေါဏပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ အကန့် ၁၀၀၀-ပါသော **စက်တော်ရာကို** ဖူးမြင်ရ၍ အံ့သြစွာဖြင့် ခြေရာအစဉ်ကို လိုက်သွားရာ လမ်းခရီးမှဖဲ့ကာ ကြည်ညိုဖွယ်ရာ သစ်တစ်ပင် ရင်း၌ သီတင်းသုံးသည်ကို ဖူးတွေ့ရ၍ အရိုအသေပြုပြီး အရှင်၊ ဒေဝလော, ဂန္ဓဗ္ဗလော, ယက္ခလော, မနုဿလော"ဟု မေးလျှောက်သည်ကို---

"ငါကား ဒေဝ, ဂန္ဓဗ္ဗ, ယက္ခ, မနုဿ-မဟုတ်၊ ၎င်းတို့သို့ ဖြစ်ကြောင်းတရား အမြစ်အရင်းအားဖြင့် ဖြတ်၍ အာသဝေါကင်းပြတ် ၎င်းတို့ဖြင့် မလိမ်းကပ်သော မြတ်သော ဘုရားဖြစ်ကြောင်း" ဟောကြားတော်မူလေသည်။

ဎင်းအဋ္ဌကထာ၌ကား **သေတဗျမြို့**သည် ကဿပမြတ်စွာဘုရားလက်ထက်တော်က ကဿပမြတ်စွာဘုရား ဖွားမြင်တော်မူရာဖြစ်ကြောင်း---

သေတဗျန္တိ အတီတေ ကဿပသမ္မာသမ္ဗုဒ္ဓဿ ဇာတနဂရံ။*(အံ၊ ဋ္ဌ။ ၂။ ၂၉၇)*

ဟု ဖွင့်ပြသဖြင့် ဎင်းကောသလတိုင်းနယ်တွင် ရှေးအကျဆုံးမြို့ဖြစ်ကြောင်းလည်း မှတ်သားအပ်၏။

ဎင်းပြင် ဆတ္တမာဏဝကဝိမာနဝတ္ထု*(ဝိမာန၊ ဋ္ဌ။ ၂၁၂)*၌လည်း သေတဗျမြို့သား **ဆန္န**မည်သော ပုဏ္ဏား လုလင်တစ်ယောက်သည် ဥက္ကဋ္ဌမြို့စား **ပေါက္ခရသာတိပုဏ္ဏားကြီး**ထံ အတတ်ပညာ သင်ကြား ဆရာအား ပူဇော်ရန် မိဘထံမှ ငွေအသပြာ ၁၀၀၀-ယူလျက် ဎင်း ၂-မြို့အကြား ခရီးသွားရာ လမ်းခားပြတို့ ဎင်းအား လမ်းမှစောင့်နေကြောင်း ဇေတဝန်ကျောင်းတော်မှ ဘုရားရှင် မြင်တော်မူလျှင် ကြွသွား၍ ဎင်းလုလင်အား---

- ဘုရားနှင့် စပ်သော ဂါထာ
- တရားနှင့် စပ်သော ဂါထာ
- သံဃာနှင့် စပ်သော ဂါထာ-

ဤသရဏဂုံ ၃-ဂါထာဖြင့် သရဏဂုံသီလ တည်စေပြီး ခရီးမှ ဖဲခွါနေတော်မူလျှင် ခရီးစဉ်ဖြင့် လုလင်သွား၍ ခိုးသားတို့နှင့်တွေ့ပြီး ဎင်းကို သတ်ပုတ် ထောင်ထုတ်ယူဆောင်လျက်သွားကြရာ လုလင်မှာကား ဘုရားရှင်၏ သရဏဂုံသီလအောက်မေ့ကာ တာဝတိံသာ နတ်ပြည်၌ ဖြစ်လေ၏။

ဎင်းအတ္တုပ္ပတ် ထင်ရှားစေရန် တန်ခိုးတော်အားဖြင့် ဎင်း၏ဆွေမျိုး မိဘများ ဆရာပေါက္ခရသာတိပုဏ္ဏားကြီးနှင့် အနီးရှိ ဣစ္ဆာနင်္ဂလရွာမှ အားလုံးသိရှိလာရောက် စုဝေးကြစဉ် ဎင်းနတ်သား ဗိမာန်နှင့်တကွ ဘုရားထံ ဆင်းသက်လျက် ဆည်းကပ်လာရာ အားလုံးသောပရိသတ်တို့မှာလည်း မြတ်စွာဘုရားအထံ ဆည်းကပ်ကာ ကြီးကျယ်သော အစည်းအဝေးကြီးဖြစ်ပြီးလျှင် ဎင်းကိုပင် အတ္တုပ္ပတ်ပြုကာ ရောက်လာသော ပရိသတ်တို့အား တရားဟောပြများစွာသောသူတို့ အမြိုက်တရားရကြကြောင်း လာ၏။

ဤသုတ္တန်တို့ကို ထောက်ဆ၍ သေတဗျ ဥက္ကဋ္ဌ ဣစ္ဆာနင်္ဂလ စသည်တို့သို့ မြတ်စွာဘုရား ဒေသစာရီ ကြွချီသီတင်းသုံးလျက် ဒေသနာတော်ဓမ္မစက် သက်ဝင်ကြည်ညိုကြရာ မြို့, ရွာများဖြစ်ကြောင်း ကောင်းစွာ မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## (၄) ဥက္ကဋ္ဌမြို့အကြောင်း

၎င်းမြို့လည်း ကောသလတိုင်းနယ်တွင် ထင်ရှား၍ ပေါက္ခရသာတိပုဏ္ဏားကြီး မြို့စားအဖြစ်ဖြင့် အုပ်စိုးလျက် ၎င်းပုဏ္ဏားကြီးထံ အရပ်ရပ်မှ လာရောက်ခစား ပုဏ္ဏားတို့၏ အတတ်ဗေဒပညာရပ်များ သင်ကြား အားထုတ်ကြရသဖြင့် ဒိသာပါမောက္ခဆရာကြီးလည်း ဖြစ်သည်မှာ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ **အမ္ဗဋ္ဌသုတ်**(*နှာ၊ ၈၂*)၌---

"တေန ခေါ ပန သမယေန ဗြာဟ္မဏော ပေါက္ခရသာတိ ဥက္ကဋ္ဌံ အဇ္ဈာဝသတိ။

ထိုအခါ ပေါက္ခရသာတိပုဏ္ဏားကြီးသည် ဥက္ကဋ္ဌမြို့ကို စိုးစံအုပ်ချုပ်နေထိုင်၏" စသည်ဖြင့် လာသည့်အပြင် ၎င်းအဋ္ဌကထာ၌လည်း အမ္ဗဋ္ဌအမျိုးရှိသော များစွာသော လုလင်များ လာရောက် ဗေဒပညာရပ်တို့ကို သင်ကြားအားထုတ်နေထိုင်ကြကြောင်း၊ ကောသလမင်းကြီးလည်း အလွန်အရေးကြီးသော ဆွေးနွေးဖွယ်ရာများ ၎င်းနှင့်ဆွေးနွေး ဆုံးဖြတ်ရကြောင်း-စသည် အကျယ်ရေးသား ဖွင့်ပြ၏။

ပေါက္ခရသာတိပုဏ္ဏားကြီးသည် မြတ်စွာဘုရား ဣစ္ဆာနင်္ဂလရွာသို့ ကြွလာ တောအုပ်မှာ သီတင်းသုံးကြောင်း၊ ကျော်ကြားတော်မူသော ဂုဏ်တော်, ကျေးဇူးတော်ရှိကြောင်း ကြားသိရသဖြင့် **အမ္ဗဋ္ဌလုလင်**အား ၃၂-ပါးသော လက္ခဏာတော်များနှင့်တကွ ထင်ရှားရှိသော ဂုဏ်ကျေးဇူးတော်တို့ကို စုံစမ်းစေရာ, ဟုတ်တိုင်းမှန်စွာသိရ၍ မြတ်စွာဘုရားထံ ချဉ်းကပ် တရားတော်မြတ်နာယူပြီး ဆွမ်းဖြင့် ဖိတ်မံလုပ်ကျွေးပြီးနောက် ပေါက္ခရသာတိ ပုဏ္ဏားကြီးအား အစဉ်အတိုင်းဖြစ်သော တရားတော်နှင့် သစ္စာ ၄-ပါး ဟောကြားတော်မူရာ ထိုနေရာတွင် သောတာပတ္တိဉာဏ်မျက်စိ အလင်းရကြောင်း ၎င်းသုတ်၌ ထင်ရှားစွာလာ၏။

၎င်းဥက္ကဋ္ဌမြို့သို့လည်း မြတ်စွာဘုရား ကြွရောက်သီတင်းသုံးတော်မူဖူးကြောင်း မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ ပဌမဝဂ်၊ **မူလပရိယာယသုတ်**(*နှာ၊ ၁*)၌---

ဧကံ သမယံ ဘဂဝါ ဥက္ကဋ္ဌာယံ ဝိဟရတိ သုဘဂဝနေ သာလရာဇမူလေ။

အခါတစ်ပါး မြတ်စွာဘုရားသည် ဥက္ကဋ္ဌမြို့ သုဘဂတောအုပ် အင်ကြင်းပင်မင်း၏ အရင်း၌ သီတင်းသုံးတော်မူစဉ် များစွာသောရဟန်းတို့အား မူလပရိယာယဒေသနာတော်ကို ဟောကြားတော်မူကြောင်း၊ ပထဝီ, အာပေါ-စသောတရားတို့၏ မူလပရိယာယ် အကြောင်းရင်း သိခြင်းကား---

| | | |
|---|---|---|
| - ပဌမ-ပုထုဇနဘူမိ ပုထုဇန်သိ | အပိုင်းအခြား | ၁-ပါး |
| - ဒုတိယ-သေက္ခဘူမိ သေက္ခသိ | ။ | ၁-ပါး |

- တတိယ, စတုတ္ထ, ပဉ္စမ, ဆဋ္ဌ-ခီဏာသဝဘူမိ ။ ၄-ပါး
- သတ္တမ, အဋ္ဌမ-သတ္တုဘူမိ ဘုရားရှင်သိ ။ ၂-ပါး

ဤသို့ ၈-ပါးသော ဘူမိအသိတရား အကြောင်းရင်းတို့ကို ပိုင်းခြားလျက် ဟောကြားတော်မူသော သုတ်ဒေသနာတော်ဖြစ်၍ အဋ္ဌကထာဆရာ၏ ဖွင့်ပြချက်အရ ၅၀၀-သော ရဟန်းတို့ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ကြကြောင်း လာ၏။

ၛင်းပြင် အဋ္ဌကထာဖွင့်ပြသည်မှာ ၎င်းမြို့ တည်ထောင်ဖန်ဆင်းသည့်အခါ နက္ခတ် အချိန်အခါအရ မီးရှူးတို့ဖြင့် ညီထွန်းတည်ထောင်ရ၍ ဥက္ကဋ္ဌမည်တွင်ကြောင်း၊ မြို့သားတို့ ပျော်ပါးရာ, ကောင်းမြတ်သော ဆုများတောင်းဆိုရာ ဖြစ်၍ သုဘဂမည်သော တောအုပ် ကြီးတွင် ကြီးကျယ်သော အင်ကြင်းပင်ကြီးဖြစ်၍ သာလရာဇမည်တွင်ကြောင်း-အကြောင်း အတ္ထုပ္ပတ် အကျယ်ဖွင့်ပြ၏။

ထိုမှတပါး ဥက္ကဋ္ဌမြို့ သုဘဂဝန၌နေစဉ် ဖြစ်ပွါးသော အကြောင်းအရာကို မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ ဟောကြားတော်မူကြောင်း ၎င်းမဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ ဗြဟ္မနိမန္တနိကသုတ်(နှာ၊ ၄၀၁)၌---

"ဧကမိဒါဟံ ဘိက္ခဝေ သမယံ ဥက္ကဋ္ဌာယံ ဝိဟရာမိ သုဘဂဝနေ သာလရာဇ-မူလေ။ တေန ခေါ ပန ဘိက္ခဝေ သမယေန ဗကဿ ဗြဟ္မုနော ဧဝရူပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ။

ရဟန်းတို့၊ အခါတစ်ပါး ငါဘုရားသည် ဥက္ကဋ္ဌ သုဘဂတောအုပ် အင်ကြင်းပင်မင်း အရင်း၌ နေ၏။ ထိုအခါကား ရဟန်းတို့ ဗကဗြဟ္မာအား ဤသို့ ယုတ်မာသော အယူများ ဖြစ်ပွါးနေ၏" စသည်ဖြင့် " ဤသဘောကား မြဲ၏, တည်၏, မရွေ့လျော, မအို မသေ, ဤမှ ထွက်မြောက်ရာ တစ်ပါးမရှိ" ဟူသော အယူများရှိနေသော ဗကဗြဟ္မာအား ဗြဟ္မာဘုံသို့ ကြွသွား၍ အယူဝါဒအညစ်အကြေး သုတ်သင်တော်မူရကြောင်း ရဟန်းတို့အား ဟောကြား တော်မူ၏။

၎င်းဥက္ကဋ္ဌမြို့သည် ကောသလတိုင်းမြောက်ပိုင်းကျ၍ ဟိမဝန္တာနှင့်နီးစပ်ကြောင်း "ဟိမဝန္တပဿေ ဥက္ကဋ္ဌနဂရေ" စသည်ဖြင့် အင်္ဂုတ္တိုရ်ဒွါဒသနိပါတ်ဋီကာ၌ လာသည်ကို ထောက်ဆ၍ သိသာသည့်အပြင် ဆိုခဲ့ပြီးသော အတ္ထုပ္ပတ်တို့ကို ထောက်ထား၍လည်း သေတဗျမြို့နှင့် နယ်စပ်ဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ကောသလတိုင်း၊ နိဂမမြို့ငယ်များအကြောင်း

ဤကောသလတိုင်းနယ်တွင် များစွာသော နိဂမမြို့ငယ်များရှိကြ၍ ၎င်းတို့၌ အချို့မှာ အုပ်ချုပ်စိုးစံသူ မြို့စားများရှိကြပြီး အချို့မရှိကြသော်လည်း ဆိုင်ကနားဖြင့် ရောင်းဝယ်ဖောက်ကား ဈေးများနှင့် ပြည့်စုံလျက် လူနေအိမ်ခြေ ပေါများထူထပ်သော အင်္ဂါရပ်နှင့် ပြည့်စုံသည်ကို နိဂမမြို့ငယ်ခေါ်သည်မှာ ထင်ရှား၍ မြတ်စွာဘုရားသည် ၎င်းတိုင်းကြီးအတွင်း ဒေသစာရီကြွတော်မူလျက် အကြောင်းအားလျော်စွာ ဒေသနာတော် ဟောကြားသာသနာတော်ပြန့်ပွါးရန် သာသနာ့နိုင်ငံပြုလုပ်တော်မူသော ၎င်းမြို့ငယ်များလောက်သာ ဒေသနာတော်အရ ဖော်ပြရေးသားနိုင်ကုန်၏။

## ဒဏ္ဍကပ္ပနိဂမ၊ ဒဏ္ဍကပ္ပမြို့

ဤကောသလတိုင်းနယ်တွင် များစွာသော နိဂုံး, မြို့ငယ်များရှိသည့်အနက် မြတ်စွာဘုရား ဓမ္မစက် အာဏာဒေသနာတော် ပြန့်နှံ့ရာဌာန နိဂမမြို့လောက်သာ ရေးသားရန်ရှိသည့်အတိုင်း ၎င်းဒဏ္ဍကပ္ပနိဂမသည် ဒေသနာတော်အားဖြင့် ထင်ရှားသော နိဂမဖြစ်ကြောင်း ဆက္ကအင်္ဂုတ္တရ၊ ဆဋ္ဌမဟာဝဂ်၊ **အဋ္ဌမသုတ်**(*နှာ၊ ၃၅၂*)၌---

"ဧကံ သမယံ ဘဂဝါ ကောသလေသု စာရိကံ စရမာနော မဟတာ ဘိက္ခု သံဃေန သဒ္ဓိံ ယေန ဒဏ္ဍကပ္ပကံ နာမ ကောသလာနံ နိဂမော, တဒဝသရိ။

အခါတစ်ပါး ဘုရားရှင်သည် ကောသလတိုင်း ဒေသစာရီ လှည့်လည်တော်မူသော် ရဟန်းသံဃာများစွာနှင့်တကွ ဒဏ္ဍကပ္ပနိဂုံးသို့ သက်ရောက်တော်မူ၏"ဟု နိဒါန်းဖော်ပြသည်ကို ထောက်ဆ၍ သိသာ၏။ ၎င်းပြင် ဤမြို့၌ ကျောင်းအာဝါသနှင့်စပ်၍ အထူးမလာ၊ အဋ္ဌကထာလည်း မဖွင့်ပြသည့်အပြင် မြတ်စွာဘုရား ကြွတော်မူသောအခါက သစ်ပင်ရင်းမှာ သီတင်းသုံးတော်မူရ၍ ရဟန်းများကား မြို့တွင်းသို့ ဝင်၍ နေရာထိုင်ခင်း အာဝသထ တည်းခိုရာဌာန ရှာကြရကြောင်း---

"အထ ခေါ ဘဂဝါ မဂ္ဂါ ဩက္ကမ္မ အညတရသ္မိံ ရုက္ခမူလေ ပညတ္တေ အာသနေ နိသီဒိ။ တေ စ ဘိက္ခူ ဒဏ္ဍကပ္ပကံ ပဝိသိံသု အာဝသထံ ပရိယေသိတုံ။(*အံ၊ ၂။ ၃၅၂*)

ထိုအခါ မြတ်စွာဘုရားသည် ခရီးမှ ဖဲကာ သစ်တစ်ပင်ရင်း၌ ခင်းထားသောနေရာ၌ နေတော်မူ၏။ ထိုရဟန်းတို့ကား တည်းခိုရာဌာနရှာရန် ဒဏ္ဍကပ္ပသို့ ဝင်သွားကြ၏"။

၎င်းသုတ်နိဒါန်း၌ ဆက်၍ မိန့်ဆိုသဖြင့် ဤမြို့မှာ ရှေးဦးစွာ တည်ထားသော ကျောင်းကား မရှိကုန်။ ၎င်းမြို့သည် **အစိရဝတီမြစ်နှင့် မနီးမဝေးမှာ တည်ရှိကြောင်း** ၎င်းနိဒါန်း၌ပင်---

အရှင်အာနန္ဒာသည် ရဟန်းအများနှင့် အစိရဝတီမြစ်သို့ ရေချိုးရန် ကြွသွား၍ ရေသုံးသပ်ပြီးနောက် ကိုယ်သွေ့ခြောက်နေစဉ် ရဟန်းတစ်ပါးသည် အရှင်အာနန္ဒာအား လာ၍ မေးသည်ကား "မြတ်စွာဘုရားသည် သူတစ်ပါးတို့၏ စိတ်ကို သိတော်မူသဖြင့် ဒေဝဒတ် ကပ်လုံးတည် မကုစားကောင်းသော ငရဲကျသူဖြစ်ကြောင်း ဟောတော်မူသလော၊ သို့မဟုတ် တစ်စုံတစ်ခု ပရိယာယ်အားဖြင့် မိန့်ကြားတော်မူသလော"ဟု မေးသည်ကို မြတ်စွာဘုရားထံ လျှောက်ထားသောအခါ ၎င်းအတ္ထုပ္ပတ်အကြောင်းပြု၍ ဟောကြားကြောင်း လာ၏။

ဤနိဒါန်းအရ ဤမြို့ကား အစိရဝတီမြစ်ကမ်းအနီး တည်ရှိကြောင်း သိသာသည့်အပြင် ဤအတ္ထုပ္ပတ် အကြောင်းပြုကာ **ဤပုရိသိန္ဒြိယဉာဏဝိဘင်္ဂသုတ်**---

ယောကျ်ားတို့ ဣန္ဒြေနုရင့် ဝေဖန်သော ဤသုတ္တန်ကို ဟောတော်မူရကြောင်း၊ ဤမှတပါး အခြားမှတ်ဖွယ် မရှိကြောင်း၊ သို့ဖြစ်၍ ဤမျှဖြင့် ဤမြို့အကြောင်း အဆုံးသတ် အပ်ကြောင်း ရေးသားရပေသတည်း။

✪ ✪ ✪ ✪ ✪

## ကေသမုတ္တ နိဂမ၊ ကေသမုတ္တမြို့

ကေသမုတ္တ သို့မဟုတ် ကေသပုတ္တမည်သော ကာလာမမင်းသားတို့ နေထိုင်ရာ နိဂုံးမြို့ငယ်၌ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူသောအားဖြင့် ရောက်တော်မူ၍ ၎င်းမင်းသားတို့အား "လျှောက်ထားသော ပြဿနာအရ ဓမ္မဒေသနာ အကြောင်းအား လျော်စွာ" ဟောကြားတော်မူကြောင်း အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ မဟာဝဂ်၊ **ကာလာမ သုတ်**(*အံ၊ ၁။ ၁၈၉*)နိဒါန်း၌---

"ဧကံ သမယံ ဘဂဝါ ကောသလေသု စာရိကံ စရမာနော မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ယေန ကေသမုတ္တံ နာမ ကာလာမာနံ နိဂမော, တဒဝသရိ။

အခါတစ်ပါး ဘုရားရှင်သည် ကောသလတိုင်း ဒေသစာရီ ရဟန်းသံဃာများစွာနှင့် ကြွချီတော်မူသော် ကာလာမမင်းသားတို့၏ ကေသမုတ္တ နိဂုံးသို့ သက်ရောက်တော်မူ၏" စသည်ဖြင့် လာ၍ ၎င်းအဋ္ဌကထာ(*အံ၊ ၂။ ၁၈၁*)၌လည်း---

"ကာလာမာနံ နိဂမောတိ ကာလာမာ နာမ ခတ္တိယာ၊ တေသံ နိဂမော။

ကာလာမနိဂမဟူသည် ကာလာမမင်းမျိုးတို့၏ နိဂုံး-ဟု ဖွင့်ပြသဖြင့် ၎င်းမြို့ငယ်သည် ကောသလတိုင်းကြီးအတွင်း ကာလာမမင်းမျိုးတို့ နေထိုင်ရာ သို့မဟုတ် အသီးအခြား အုပ်ချုပ်ရာ တိုင်းငယ်, မြို့ငယ်"ဟု မှတ်သားအပ်၏။

၎င်းမြို့သို့ မြတ်စွာဘုရား ရောက်တော်မူသောအခါ ကာလာမမင်းသားတို့သည် ဘုရားရှင်အထံ ချဉ်းကပ် အရိုအသေပြုပြီးနောက် ရောက်လာကြသော အယူဝါဒကွဲပြားကြသည့် ရသေ့ရဟန်းတို့အကြောင်း---

"မြတ်စွာဘုရား၊ ကေသမုတ္တနိဂုံးမှ ရောက်လာကြသော အချို့ရသေ့ရဟန်းတို့ကား မိမိတို့ အယူဝါဒပြ၍ သူတပါးတို့အယူ ရှုတ်ချကြပါသည်ဘုရား၊ တစ်ပါးလာပြန်ပါလည်း ၎င်းတို့အယူကို ပြ၍ တစ်ပါးကို ရှုတ်ချကြပါသည်ဘုရား၊ မည်သည့်ဝါဒ အမှန် မှတ်သားရပါမည်နည်း-ဟု မဝေဖန်နိုင်ကြောင်း" လျှောက်ထားလျှင်---

"အို-- ကာလာမမင်းသားတို့၊ တဆင့်ကြားရုံမျှနှင့်, မိမိတို့သင်ကြားသည်နှင့် ညီမျှရုံနှင့်, အခြင်းအရာကြံစည်မှုနှင့်, နှစ်သက်သော အယူမျှနှင့်, တို့ဆရာဟု ထိုက်ရုံမျှနှင့် မယူကြကုန်လင့်၊ ကိုယ်တိုင် ကုသိုလ်, အကုသိုလ်ဟု ပိုင်းခြားဝေဖန်သိကြကုန်"ဟု မိန့်တော်မူပြီး--

"လောဘ, ဒေါသ, မောဟ-တရားတို့၏ အကျိုးမများ ပယ်အပ်သော တရားဖြစ်ကြောင်း---

အလောဘ, အဒေါသ, အမောဟ-တရားတို့၏ စီးပွါးချမ်းသာ ဆောင်တတ်၍ ပွါးများအပ်ကြောင်း" ဟောကြားတော်မူသည်ကို ကြည်ညိုနှစ်သက် တစ်သက်ပန်ဒကာအဖြစ် လျှောက်ထားကြကုန်၏။

၎င်းပြင် အဋ္ဌကထာ၌ ဤမြို့ကား တောအုပ်အနီး တည်ရှိ၍ ၎င်းတောအုပ်သို့ သွား၍ နေလိုကြသူတို့သည် ၎င်းမြို့၌ တည်းခိုနေထိုင်သွားကြ, အယူဝါဒ ပြောဟောသွားကြကြောင်း ဖွင့်ပြသဖြင့် ၎င်းတိုင်းနယ် မြောက်ပိုင်းတောအုပ်နှင့် စပ်သော နယ်ပယ်ဖြစ်ကြောင်း မှတ်သားအပ်သည်မှတပါး အခြား မှတ်ဖွယ်မရှိသဖြင့် ဤတွင် အဆုံးသတ်မှတ်အပ်၏။

✪ ✪ ✪ ✪ ✪

## သင်္ကဿနိဂမ

သင်္ကဿမြို့ကား ကောသလတိုင်းနယ်တွင် ပါဝင်၍ ဘုရားရှင်လည်း ဒေသစာရီ ကြွရောက်ရာဌာန ဖြစ်သဖြင့် တရံရောအခါ မြတ်စွာဘုရား ဒေသစာရီ လှည့်လည်တော်မူလျှင် အစဉ်အတိုင်း **သင်္ကဿနိဂုံးသို့** နောက်ပါ ရဟန်းများစွာနှင့် ရောက်တော်မူကြောင်း၊ ဘုရားရှင် ကြွတော်မူသောအခါ ၎င်းနိဂုံးမှာ အာဝါသိက ရဟန်းအဖြစ်ဖြင့် ကဿပဂေါတ္တ မည်သောရဟန်း နေထိုင်ကြောင်း---

"တတြ သုဒံ ဘဂဝါ သင်္ကဿယံ ဝိရဟတိ။ တေန ခေါ ပန သမယေန ကဿပ-ဂေါတ္တော နာမ ဘိက္ခု သင်္ကဿယံ အာဝါသိကော ဟောတိ။

ထိုသင်္ကဿမြို့၌ပင် မြတ်စွာဘုရားနေတော်မူ၏။ ထိုအခါ၌ကား **ကဿပဂေါတ္တ** မည်သော ရဟန်းသည် သင်္ကဿ၌ အာဝါသိက ရဟန်း ဖြစ်လေ၏"ဟု အင်္ဂုတ္တိုရ်၊ တိကနိ-ပါတ်၊ ဒုတိယပဏ္ဏာသက၊ **သမဏဝဂ်**(*အံ၊ ၁။ ၂၃၈*)၌ လာ၏။

ဤပါဠိတော်ကို ထောက်ထားသဖြင့် သင်္ကဿမြို့၌ မြတ်စွာဘုရား ကြွရောက်သီတင်းသုံးတော်မူဖူးကြောင်း၊ ၎င်းပြင် ၎င်း၌ အာဝါသိက ရဟန်းရှိသောကြောင့် ကျောင်းတိုက်အာဝါသလည်း ရှိကြောင်း၊ သို့ဖြစ်၍ ဤမြို့ကား သာသနာတော်စက် သက်ရောက်ထွန်းကားရာ မြို့ဖြစ်ကြောင်း မှတ်သားအပ်၏။

ဤမြို့၌ မြတ်စွာဘုရား ရောက်တော်မူစဉ် သိက္ခာပုဒ် ပညတ်တော်မူရခြင်းအကြောင်းနှင့်စပ်သော တရားဓမ္မ ဟောပြတော်မူသောအခါ ၎င်းအာဝါသိက ကဿပ-ဂေါတ္တရဟန်းသည် သည်းခံနှစ်သက်ခြင်း မရှိဘဲ အလွန်ခေါင်းပါးလွန်းစွတကား-ဟု အောက်မေ့ပြီးလျှင် မြတ်စွာဘုရား ကြွသွားတော်မူမှ နောင်တရ၍ ၎င်းမှ ကြွသွားကာ ရာဇဂြိုဟ်သို့ ရောက်တော်မူလျှင် ၎င်းမြတ်စွာဘုရားရှိရာသို့ လိုက်သွားပြီး ဘုရားရှင်ထံ ဟောကြားတော်မူသည်ကို သည်းခံနှစ်သက်ခြင်း မရှိ၊ ခေါင်းပါးလွန်းစွတကား အောက်မေ့မိပါကြောင်း၊ လွန်ကြူးသောအပြစ်ကို သည်းခံတော်မူပါမည့်အကြောင်း ကန်တော့တောင်းပန် လျှောက်ထားခြင်းကို အကြောင်းပြု၍ ထေရနဝမဇ္ဈိမဖြစ်သော ရဟန်းတို့ လိုက်နာကျင့်သုံးအပ်သော ဤကဿပဂေါတ္တသုတ်ကို ဟောတော်မူရလေ၏။ ၎င်းနိဂုံး၏အမည်ကို မြန်မာမူတို့၌ သင်္ကဿ-ဟု ရှိသော်လည်း သီဟိုဠ်မူများ၌ကား ပင်္ကဓာ-ဟု ရှိသဖြင့် အမည်ပညတ် ကွဲပြားစေကာမူ အတ္ထုပ္ပတ်ကို အမှန်ထား၍ မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## နင္ဂကပါနနိဂမ၊ နင္ဂကပါနမြို့

ဤနင္ဂကပါနမြို့ကား ရှေးနိပါတ်ဇာတ်တော်၌ပင် ထင်ရှား၍ မြတ်စွာဘုရားလက်ထက်တော်၌ ၎င်းသို့ ခရီးဒေသစာရီ ကြွချီတော်မူသောအခါ ၎င်းနိဂုံးသို့ ရောက်တော်မူ၍ ရဟန်းအများတို့ ကျူပင်များတွေ့ကြလျှင် အပ်ကျည် ပြုလုပ်ရန် စေခိုင်းသောအခါ အထူးတဆန်း အဆစ်မတွေ့ရ၊ အဖျားမှ အရင်းသို့ ကျအောင် အခေါင်းပေါက် ဖြစ်နေသည်ကို တွေ့ကြသဖြင့် စကားဖြစ်ပွါးသည်ကိုအကြောင်းပြု၍ **နင္ဂကပါနဇာတ်**ကို ဟောတော်မူကြောင်း---

၎င်းမှာ ဘုရားအလောင်းမျောက်မင်းသည် ရက္ခိုက်စောင့်သော ရေကန်တစ်ခု၌ ၎င်းဘေးမှ လွတ်မြောက်လျှင် ၎င်းပရိသတ် ရေသောက်စေရန် အဓိဋ္ဌာန်ပြုလျှင် ကျူပင်အားလုံး အခေါင်းပေါက်ဖြစ်စေ၍ ရေသောက်စေကြောင်း၊ ထိုအခါမှစ၍ ဤတော၌ ကျူပင်များ အဆစ်မပါကြောင်း ဧကကနိပါတ်၊ ဒုတိယသီလဝဂ်၊ **ဒသမဇာတ်**၌ လာ၍ ထိုအခါမှစ၍ ဤအရပ်ကို နင္ဂကပါနတွင်ကြောင်း၊ ထို့အတူ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌လည်း ဖော်ပြလေ၏။

၎င်းနိဂုံး၌ ကြွရောက်သီတင်းသုံးတော်မူဖူးကြောင်း ဒသကင်္ဂုတ္တရ၊ ဒုတိယပဏ္ဏာသက၊ ယမကဝဂ်၊ **နင္ဂကပါနသုတ်**_(အံ၊ ၃။ ၄၅၃)_၌---

"ဧကံ သမယံ ဘဂဝါ။ပ။ ဒုတိယ နင္ဂကပါနေ ဝိဟရတိ ပလာသဝနေ။ တေန ခေါ ပန သမယေန ဘဂဝါ တဒဟုပေါသထေ ဘိက္ခုသံဃပရိဝုတော နိသိန္နော ဟောတိ။

အခါတစ်ပါး ဘုရားရှင်သည် နင္ဂကပါနနိဂုံး၊ **ပေါက်တော**၌ နေတော်မူ၏။ ထိုအခါကား ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ဥပုသ်နေ့၌ ထိုင်နေတော်မူ၏"စသည်ဖြင့်

မြတ်စွာဘုရား နင္ဂကပါနသို့ ကြွတော်မူ၍ ပလာသဝန ပေါက်တော၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့အား ဥပုသ်နေ့ညဥ့်အခါ များစွာသောတရားဓမ္မဟောပြတော်မူပြီး ရဟန်းတို့ ငိုက်မျဉ်းခြင်းကင်းသည်ကို ကြည့်ရှုတော်မူ၍ အရှင်သာရိပုတ္တရာအား---

"ဝိဂတထိနမိဒ္ဓေါ ခေါ သာရိပုတ္တ ဘိက္ခုသံဃော၊ ပဋိဘာတု တံ သာရိပုတ္တ ဘိက္ခူနံ ဓမ္မီကထာ၊ ပိဋ္ဌိ မေ အာဂိလာယတိ၊ တမဟံ အာယမိဿာမိ။ _(အံ၊ ၃။ ၄၅၃)_

သာရိပုတ္တရာ၊ ရဟန်းသံဃာကား ငိုက်မျဉ်းခြင်း ကင်းသေး၏၊ ရဟန်းတို့အား တရားဟောဦးလော၊ ငါ၏ကျော ကျင်နေသေး၏၊ ၎င်းကို ဆန့်ဦးမည်"ဟု မိန့်တော်မူ၏။ အရှင်သာရိပုတ္တရာသည် ဧဝံ ဘန္တေ-ဟု ဝန်ခံပြီးလျှင် ရဟန်းတို့အား---

သဒ္ဓါ ဟိရီ သြတ္တပ္ပ ဝီရိယ ပညာ သောတာဝဓန ဓမ္မာဓရဏ အတ္ထူပပရိက္ခာ ဓမ္မာနုဓမ္မပဋိပတ္တိ အပ္ပမာဒ။*(အံ၊ ၁။ ၃၅၄)*

ဤ ၁၀-ပါး မရှိလျှင် လကွယ်ပက္ခ လကဲ့သို့ ဆုတ်ယုတ်၍ ဤ ၁၀-ပါးပြည့်စုံလျှင် လဆန်းပက္ခ လကဲ့သို့ တိုးတက်ကြီးပွါး ကုသိုလ်များကြောင်း တရား ၁၀-ပါး ဟောကြားတော်မူ၏။ မြတ်စွာဘုရားလည်း ဟောကြားသည့်အဆုံး၌ အနုမောဒနာ ဝမ်းမြောက်စွာ ပြုလေ၏။ ထိုမှတပါး မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဒုတိယဘိက္ခုဝဂ်၊ **နဠကပါနသုတ်၌လည်း-**

မြတ်စွာဘုရားသည် ထင်ရှားသော အမျိုးမှ ရဟန်းပြုကြသော အရှင်အနုရုဒ္ဓါ, အရှင်ဘဒ္ဒိယ, အရှင်ကိမိလ, အရှင်ဘဂု, အရှင်ကောဏ္ဍည, အရှင်ရေဝတ, အရှင်အာနန္ဒာ အစရှိသော မထေရ်များနှင့် သီတင်းသုံးတော်မူကြောင်း၊ "ရဟန်းအပေါင်းတို့အား သာသန ပြဟ္မစရိယ သာသနာတော် မြတ်သောအကျင့်၌ မွေ့လျော်ကြ၏လော"ဟု မေးတော်မူပြီးလျှင် အရှင်အနုရုဒ္ဓါမထေရ် ဖြေကြားသည်ကို အကြောင်းပြု၍ "ဤသို့ ကာမချမ်းသာ ခံစားသောအရွယ် နုနုနယ်နယ် ပဌမအရွယ်က ရဟန်းပြုကြသည်ကား မင်းနှိပ်စက်၍, ခိုးသူ နှိပ်စက်၍, ကြွေး နှိပ်စက်၍, ဘေးရန်ကြောင့် ရဟန်းပြုကြသည် မဟုတ်ကြဘဲ စင်စစ်အားဖြင့် ဇာတိ, ဇရာ, မရဏ-စသည်မှ လွတ်မြောက် ဒုက္ခအဆုံးသို့ ရောက်အောင် ကျင့်ဆောင်ခြင်းငှာ သဒ္ဓါသဖြင့် ရဟန်းပြုကြ၏"ဟု သာသနာတော်၌ မွေ့လျော်ကြောင်းများ ဟောကြားတော်မူကြောင်း ထင်ရှားစွာ ဟောကြားတော်မူသော ဒေသနာတော်ရှိ၏။

ဤသုတ္တန်ကို ထောက်သဖြင့်လည်း မြတ်စွာဘုရားသည် ထင်ရှားကုန်သော အရှင်အနုရုဒ္ဓါ, အရှင်ဘဒ္ဒိယ, အရှင်ကိမိလ, အရှင်ဘဂု, အရှင်အာနန္ဒာ စသော မထေရ်တို့ သာသနာတော်၌ ရဟန်းပြုကြပြီး၍ မကြာမီအခါမှာ ဤ(နဠက)နိဂုံးသို့ ရောက်တော်မူကြောင်း ထင်ရှားသဖြင့် ပဌမဗောဓိဝါတော်-၂၀ အတွင်း၌ ဤမြို့မှာ သာသနာ့နိုင်ငံတော် ဖြစ်ကြောင်း မှတ်သားအပ်သည့်ပြင် ၎င်းနှင့်စပ်လျဉ်းသော အကြောင်းထူး ရေးသားရန် မရှိသဖြင့် ဤမျှတွင် နိဂုံးသတ်အပ်သတည်း။

✪ ✪ ✪ ✪ ✪

## ဥဂ္ဂနိဂမ၊ ဥဂ္ဂမြို့ငယ်

ဥဂ္ဂမြို့ကား ဓမ္မပဒအဋ္ဌကထာ၌ ယူဇနာ ၁၂၀-ကွာဝေးသော ကောသလတိုင်းမှ အခြားနယ်အဖြစ်ဖြင့်၎င်း စူဠသုဘဒ္ဒါ၏ ကြီးကျယ်သော မင်္ဂလာအဖြစ်ဖြင့်၎င်း ခမ်းနားစွာ ဖွင့်ဆိုသော်လည်း ၎င်းစူဠသုဘဒ္ဒါမှာ သာကေတ ကောဠိကသူဌေးသားနှင့် မင်္ဂလာပြု

ကြောင်း အင်္ဂုတ္တိုရ်၊ တိကနိပါတ်၊ ဥရုဝေဠုဝဂ်အဋ္ဌကထာ မိန့်ဆိုသည့်အတိုင်း ရေးသားခဲ့ပြီးသော အကြောင်းအားလျော်စွာ နိကာယ်ကြီးကို ပမာဏထား၍ မှတ်သားအပ်သည့်အပြင် ခုဒ္ဒကနိကာယ်အဝင်အပါ ထေရဂါထာအဋ္ဌကထာ၌လည်း ၎င်းဥဂ္ဂမြို့သည် ကောသလတိုင်းတွင် ပါဝင်သော မြို့တစ်မြို့ဖြစ်ကြောင်း၊ ၎င်းမြို့ကို အစွဲပြု၍ ဥဂ္ဂမထေရ်တွင်ကြောင်း စသည်ဖော်ပြသဖြင့် ကောသလတိုင်း၌ ပါဝင်သော နိဂုံးတစ်ခု အဖြစ်ဖြင့် မှတ်သားအပ်၏။ ၎င်းပြင် အချို့မှတ်တမ်းများ၌ကား ၎င်းနိဂုံးသည် အင်္ဂတိုင်းတွင် ပါဝင်ကြောင်း မှတ်သားကြသော်လည်း ယူဇနာအကွာအဝေးအားဖြင့် မကိုက်ညီကြောင်း မှတ်သားအပ်သည့်အပြင် ၎င်းနှင့်စပ်လျဉ်း၍ အခြားနိကာယ်ကြီးများ၌ ဟောကြားသော သုတ္တန်များ မရှိသဖြင့် ဤမျှသာ ၎င်းနှင့်စပ်၍ မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဥရုညနိဂမ၊ ဥရုညမြို့

ဥရုညနိဂမခေါ် ဥရုညမြို့ငယ်ကား ကောသလတိုင်းနယ် အဝင်အပါ မြို့ငယ်တစ်ခုဖြစ်ကြောင်း၊ မြတ်စွာဘုရားသည် ၎င်းမြို့၌ သီတင်းသုံးတော်မူသောအခါ ကောသလမင်းကြီးအား တရားဓမ္မဟောပြတော်မူကြောင်း မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ စတုတ္ထဝဂ်*(မ၊ ၂။ ၃၂၇)*၌---

"ဧကံ သမယံ ဘဂဝါ ဥရုညာယံ ဝိဟရတိ ကဏ္ဏကတ္ထလေ မိဂဒါယေ၊ တေန ခေါ ပန သမယေန ရာဇာ ပသေနဒိကောသလော ဥရုညံ အနုပ္ပတ္တော ဟောတိ၊ ကေနစိ ဒေဝ ကရဏီယေန။

အခါတစ်ပါး ဘုရားရှင်သည် ဥရုညမြို့ ဘေးမဲ့တော၌ နေတော်မူ၏။ ထိုအခါ၌ကား ပသေနဒိကောသလမင်းကြီးသည် တစ်စုံတစ်ခုကိစ္စဖြင့် ဥရုညသို့ ရောက်နေ၏" စသည်ဖြင့် လာသည်ကို ထောက်ဆ၍ သိရသည့်ပြင် ၎င်းအဋ္ဌကထာ*(မ၊ ၄။ ၃။ ၂၄၅)*၌လည်း-

ဥရုညာယန္တိ ဥရုညာတိ တဿ ရဋ္ဌဿပိ နဂရဿပိ ဧတဒေဝ နာမံ။

စသည်ဖြင့် ဥရုညဆိုသည်မှာ ၎င်းတိုင်းနယ်နှင့် မြို့၏အမည်ဖြစ်ကြောင်း ဖွင့်ပြ၍ ကောသလတိုင်းကြီးအတွင်း အဝင်အပါ တိုင်းနယ်ကလေး ဖြစ်ကြောင်းလည်း မှတ်သားအပ်၏။

၎င်းမြို့သို့ ကောသလမင်းကြီး လာရောက်သောအခါ ဝိဋူဍဘစစ်သူကြီးလည်းပါ၍ မြတ်စွာဘုရားထံ ဆည်းကပ်ကြပြီးလျှင် "အလုံးစုံသိ, အလုံးစုံမြင်, အကြွင်းမဲ့ ဉာဏ်အမြင်ကို

ဝန်ခံလတ္တံ့သော ရဟန်းပုဏ္ဏား တစ်စုံတစ်ယောက်မရှိဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည်မှာ မှန်ပါသလော”ဟု မင်းကြီးမေးလျှင်---

“မင်းကြီး၊ တစ်ကြိမ်တည်း အလုံးစုံသိ, အလုံးစုံမြင်လတ္တံ့သော တစ်စုံတစ်ယောက်သော ရဟန်းပုဏ္ဏား မရှိ-ဟူသော စကားကိုသာ ငါဘုရားဝန်ခံ၏”ဟု မိန့်တော်မူက “အကြောင်းသဘောညီစွာ မိန့်တော်မူပါသည်”ဟု လျှောက်ထား၏။

“အမျိုး ၄-ပါး တရားအားထုတ်မှု၌ ထူးခြားပါသလော” လျှောက်ထားလျှင် “မင်းကြီး၊ သဒ္ဓါ, အပ္ပါဗာဓ, အသဌ, ဝီရိယ, ပညာ ဤပဓာနိယင် ၅-ပါး, အမျိုး ၄-ပါးတို့ အားထုတ်လျှင် ဆုံးမပြီးသော နွား, မြင်းပမာ လိုရာသို့ ရောက်လတ္တံ့၊ ဤ ၅-ပါး မပြည့်စုံက မဆုံးမအပ်သော နွား, မြင်းပမာ လိုရာသို့ မရောက်လတ္တံ့”ဟု မိန့်တော်မူက “အကြောင်းသဘောညီစွာ မိန့်တော်မူပါသည်”ဟု လျှောက်ထားပြန်၏။

“အရှင်ဘုရား၊ နတ်များ ရှိပါသလော၊ ဤလူ့ပြည်သို့ လာရောက်ကြပါသလော”ဟု မေးလျှောက်ပြန်လျှင်---

“မင်းကြီး၊ ကြောင့်ကြရှိကြသော နတ်များ လာရောက်ကြရ၍ မကြောင့်ကြသော နတ်များ မလာရောက်ကြကုန်”ဟု မိန့်တော်မူက ဝိဋူဗ္ဘသည် “မလာရောက်သော နတ်တို့ကို ထိုနေရာမှ ရွေ့ရှားစေနိုင်၊ နှင်ထုတ်နိုင်ပါသလော”ဟု ကြားဖြတ်လျှောက်ထားလျှင်-

အရှင်အာနန္ဒာသည် “ကောသလမင်းကြီးနိုင်ငံမှ အပရှိသော ရဟန်းပုဏ္ဏားတို့ကို မင်းကြီး နှင်ထုတ်နိုင်သလော”ဟု ကောသလတိုင်း၊ မင်းကြီးကို ဥပမာထား၍ “မြင်ရုံမျှ မစွမ်းနိုင်သော တာဝတိံသာနတ်များ(ကို) အဘယ်သို့ နှင်ထုတ်နိုင်ငြားအံ့နည်း”ဟု ကြားဖြတ် ဥပမာအားဖြင့် ဖြေ၏။

မင်းကြီးသည် အလွန်နှစ်သက်၍ ”ဤရဟန်းကား အဘယ်မည်ပါသနည်း” မေးလျှောက်လျှင် “အာနန္ဒာ မည်၏”ဟု မိန့်တော်မူက---

“အရှင်အာနန္ဒာ၊ နှစ်သက်ဖွယ် သဘောရှိပေစွ၊ အကြောင်းသဘောညီစွာ ဖြေကြားပေစွ” လျှောက်ကြားပြီး---

“အရှင်ဘုရား၊ ဗြဟ္မာရှိပါသလော၊ ဤသို့ လာနိုင်ပါသလော”ဟု ထပ်၍ မေးလျှောက်လျှင်---

“မင်းကြီး၊ ဗြဟ္မာကား ရှိ၏၊ ကြောင့်ကြရှိလျှင် လာနိုင်ပါသည်၊ မကြောင့်ကြက မလာရောက်နိုင်ကြ”ဟု မိန့်တော်မူက---

"အရှင်ဘုရား၊ သဗ္ဗညုတဉာဏ်တော်- မေးလျှောက်က 'နှစ်သက်ခန့်ညားသော အဖြေ' ကြားနာရပါသည် ဘုရား၊

စတုဝဏ္ဏသုဒ္ဓိ အမျိုး ၄-ပါး၏ စင်ကြယ်ခြင်း- မေးလျှောက်က 'နှစ်သက်ခန့်ညား သော အဖြေ' ကြားနာရပါသည် ဘုရား၊

အဓိဒေဝ-နတ်များနှင့် စပ်လျဉ်းသည်ကို မေးလျှောက်က 'နှစ်သက်ခန့်ညားသော အဖြေ' ကြားနာရပါသည် ဘုရား၊

အဓိဗြဟ္မ-ဗြဟ္မာနှင့် စပ်လျဉ်းသည်ကို မေးလျှောက်က 'နှစ်သက်ခန့်ငြားသော အဖြေ' ကြားနာရပါသည် ဘုရား"ဟု အလွန်ဝမ်းမြောက်စွာ လျှောက်ကြားကြောင်း လာ၏။

ဤသုတ္တန်အရ **ဤအခါက ကောသလမင်းကြီးသည် အရှင်အာနန္ဒာကို မသိသေး၊** မြတ်စွာဘုရားကိုကား ရှေးဦးစွာဖူးတွေ့ ဒကာအဖြစ် လျှောက်ကြားပြီးကြောင်း ကောသလ တိုင်းနိုင်ငံ အတွင်းဖြစ်၍ မိမိတိုင်းခန်း လှည့်လည်ရောက်ရှိကြောင်း မှတ်သားအပ်၏။

ဤသို့ ကောသလတိုင်း, နယ်, မြို့များနှင့် စပ်လျဉ်း၍ ရေးသားအပ်သော မြို့, နယ်များ ရှိသော်လည်း ရှေးဟောင်းဖြစ်ကြသော မြို့များ၏ အကြောင်းများကို နောက်၌ တစ်သီးတစ်ခြား ရေးလတ္တံ့ဖြစ်၍ ယခု ဤမျှဖြင့်သာ မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ကောသလတိုင်းနယ် ထင်ရှားသောရွာများ

ဤကောသလတိုင်းကြီးအတွင်း၌ အသီတိယာဂါမသဟဿေသု-ဟူသည်နှင့် အညီ ရွာပေါင်း ရှစ်သောင်းမျှ ရှိသော်လည်း မြတ်စွာဘုရား ဒေသနာတော်စက် ပြန့်နှံ့ရာ ဌာန မြို့, ရွာ, နယ်ပယ်များသာ ဖော်ပြရေးသားအပ်သည့်အတိုင်း ၎င်းရွာများ၏ အကြောင်း များကို နောက်ကဖော်ပြခဲ့ပြီး အစဉ်အတိုင်း ပြအပ်ပေသည်။ သို့ရာတွင် နောက်က မြို့, နိဂုံးများ၏ အကြောင်းများ၌ အသင့်အားဖြင့် အနည်းငယ် ဟောကြားတော်မူသော သုတ္တန်အားလျော်စွာ ဝေဖန်ရေးသားသကဲ့သို့ မရေးသားတော့ဘဲ အကျဉ်းမျှ ဟောကြား တော်မူသော သုတ္တန် ထုတ်ပြရေးသားရပေမည်။

## ကုဏ္ဍာနဂ်လဂါမ

ဤကုဏ္ဍာနဂ်လရွာကြီးသည် ကောသလတိုင်း၌ ထင်ရှား၍ နိဂုံးမြို့ငယ်ပင်မဟုတ်ငြားသော်လည်း နိဂုံးလောက်ကျော်ကြားသော, ၎င်းတိုင်းနယ်တွင် ကောသလဘုရင်မင်းကြီး၏ လေးစားအပ်သော ပြာဟ္မဏပုရောဟိတ်ကြီးများ၏ စည်းစေးတိုင်ပင်ရာ ရွာကြီးဖြစ်သဖြင့် မြတ်စွာဘုရား ကောသလတိုင်း ဒေသစာရီ ကြွချီတော်မူသောအခါ ဤရွာကြီးသို့ ရောက်သည်များ၍ ၎င်း၌ ဟောကြားတော်မူအပ်သော သုတ္တန်များစွာရှိကြောင်း ဒီဃနိကာယ်၊ အမ္ဗဋ္ဌသုတ်၌ ဥက္ကဋ္ဌမြို့စား ပေါက္ခရသာတိ ပုရောဟိတ်ပုဏ္ဏားကြီး ဤရွာသို့ ကြွလာတော်မူစဉ် သွားရောက်ဖူးမျှော် တရားတော်နာရသဖြင့် သောတာပန်ဖြစ်သည်ကိုင်း---

မဇ္ဈိမနိကာယ်၊ ပြာဟ္မဏဝဂ်၊ **ဝါသေဋ္ဌသုတ်**၌ မြတ်စွာဘုရား ဤရွာကြီးအနီး ကုဏ္ဍာနဂ်လတောအုပ်ကြီး၌ သီတင်းသုံးတော်မူစဉ် ကောသလတိုင်း၌ ထင်ရှားကုန်သော ပုရောဟိတ်ကြီးများ ဖြစ်ကြကုန်သော **စင်္ကီပုဏ္ဏားကြီး, တာရုက္ခပုဏ္ဏားကြီး, ပေါက္ခရသာတိပုဏ္ဏားကြီး, ဇာဏုသောဏိပုဏ္ဏားကြီး, တောဒေယျပုဏ္ဏားကြီး** စသော ပြာဟ္မဏမဟာသာလကြီးများ အစည်းအဝေးတွင် ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့လည်း တက်ရောက်ကြ၍ ပြာဟ္မဏဝါဒနှင့် စပ်လျဉ်း၍ အငြင်းဖြစ်ပွါးရာ မြတ်စွာဘုရားထံ လာရောက်လျှောက်ထားသည်ကို အကြောင်းပြုသဖြင့် ဤဝါသေဋ္ဌသုတ်ကို ဟောတော်မူသည်ကိုင်း ထောက်ဆ၍ ၎င်းရွာကြီးကား မြတ်စွာဘုရား လက်ထက်တော်က သာသနာတော်နှင့်စပ်သည့် မှတ်အပ် မှတ်ထိုက်သော မြို့နယ်ရှိ ရွာကြီးတစ်ရွာဖြစ်ကြောင်း ကောင်းစွာ မှတ်သားအပ်ပေသည်။

✪ ✪ ✪ ✪ ✪

## သြပါသာဒ ပြာဟ္မဏဂါမ

သြပါသာဒပုဏ္ဏားရွာကြီးသည်လည်း ကုဏ္ဍာနဂ်လရွာကြီးကဲ့သို့ ကောသလတိုင်းနယ်တွင် ထင်ရှား၍ ရွာစားခန့်ထားအုပ်ချုပ်စေသော ရွာကြီးဖြစ်သဖြင့် ကောသလမင်းကြီးသည် ပုရောဟိတ်စင်္ကီပုဏ္ဏားကြီးအား ရွာစားခန့်အပ်ကြောင်း မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ပြာဟ္မဏဝဂ်၊ **စင်္ကီသုတ်**၌ ဟောတော်မူသည်ကို ထောက်ဆလျက် ထင်ရှားသည့်အပြင် ၎င်းသုတ်(*မ၊ ၂။ ၃၇၆*)၌---

"တတြ သုဒံ ဘဂဝါ သြပါသာဒေ ဝိဟရတိ ဥတ္တရေန သြပါသာဒံ ဒေဝဝနေ သာလဝနေ။

ရှင်း၌ကား မြတ်စွာဘုရားသည် ဩပါသာဒ မြောက်မျက်နှာ နတ်ကွန်းအင်ကြင်း တောအုပ်၌ နေတော်မူ၏”ဟု နိဒါန်း၌ လာ၍ မြတ်စွာဘုရား သီတင်းသုံးရာ ဌာနလည်း ထင်ရှား သိသာ၏။

ထိုသို့ သီတင်းသုံးတော်မူစဉ် ရှင်းရွာကြီးသို့ အထူးထူးသော တိုင်းနယ်, မြို့နယ် များမှ လာကြကုန်သော ၅၀၀-မျှသော ပုဏ္ဏားတို့နှင့်တကွ စင်္ကီပုဏ္ဏားကြီးသည် မြတ်စွာ ဘုရားထံ ချဉ်းကပ်ကြ၍ မြတ်စွာဘုရားသည် ကြီးကုန်, ကြီးကုန်သော ပုဏ္ဏားကြီးများနှင့် သာရဏီယကထာ ပြောဟောတော်မူလျှင် ဗေဒ ၃-ပုံဆောင် ကာပဋိကမည်သော ၁၆-နှစ်ရွယ် ပုဏ္ဏားငယ်သည် ကြားဖြတ်စကား ကျရောက်သည်ကို မြတ်စွာဘုရား တားမြစ် တော်မူသောအခါ “စင်္ကီပုဏ္ဏားကြီးက တားမြစ်တော်မမူပါနှင့်၊ ဤပုဏ္ဏားငယ်ကား ဗေဒ အယူတည်းဟူသော မိမိတို့မန္တန်၌ ဆွေးနွေးခြင်းငှာ ခန့်ပါသည်”ဟု လျှောက်ကြားသဖြင့် ရှင်းနှင့် ဗေဒအကြောင်း ပြောဟောပြီး---

သစ္စာနုရက္ခန, သစ္စမနုဗောဓ, သစ္စာနုပ္ပတ္တိ, ဗဟုကာရဓမ္မ-ဤ ၄-ပါး မေးမြန်း လျှောက်ထားသည်ကို ဝမ်းမြောက် တစ်သက်ပန်ဒကာအဖြစ် အလွန်နှစ်သက်စွာ လျှောက်ထားကြကုန်၏။

✪ ✪ ✪ ✪ ✪

## မနသာကဋ ဗြာဟ္မဏဂါမ

ဤမနသာကဋပုဏ္ဏားရွာကြီးသည်လည်း ကောသလတိုင်းတွင် ဩပါသာဒရွာကြီး ကဲ့သို့ ထင်ရှားသော ရွာကြီးဖြစ်၍ ကျော်စောထင်ရှားသော စင်္ကီ, တာရုက္ခ, ပေါက္ခရသာတိ စသော ပုရောဟိတ်ပုဏ္ဏားကြီးများ မန္တန်နှင့် စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်ရာ နှီးနှော ရွတ်ဖတ်ရာ အယူဝါဒသုတ်သင်ရာ ဌာနအဖြစ်ဖြင့် စည်းဝေးရာ ရွာကြီးဖြစ်၍ ဤတိုင်း၌ ကျော်ကြားကုန်သော ပညာရှိ ပုရောဟိတ်ပုဏ္ဏားကြီးများ ရောက်လာနေထိုင်ကြရာ ဝါသေဋ္ဌ နှင့်ဘာရဒွါဇတို့လည်း ပါဝင်ကြ၍ လမ်းလျှောက်ရင်း ဗြဟ္မာ့ပြည်သို့ရောက်ကြောင်း လမ်းဖြောင့်တပျား အငြင်းအခုံဖြစ်ပွါးကြသောအခါ မြတ်စွာဘုရားသည် ရှင်းမနသာကဋသို့ ရောက်တော်မူ၍ အစိရဝတီမြစ်ကမ်း သရက်ဉယျာဉ်၌ သီတင်းသုံးတော်မူခိုက်ဖြစ်သဖြင့် မြတ်စွာဘုရားထံ လာရောက်လျှောက်ထားကြသည်တွင် ရှင်းဗေဒတ္တယနှင့် စပ်၍ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ဤတေဝိဇ္ဇသုတ္တန်*(ဒီ ၁။ ၂၂၂)*ကို ဟောတော်မူလေသည်။ ရှင်းရွာကြီး၏ မြောက်မျက်နှာမှာ အစိရဝတီမြစ်ရှိကြောင်း---

"တတြ သုဒံ ဘဂဝါ မနသာကဋေ ဝိဟရတိ ဥတ္တရေန မနသာကဋဿ အစိရ-ဝတိယာ နဒိယာ တီရေ အမ္ဗဝနေ။

ထိုအခါ မြတ်စွာဘုရားသည် မနသာကဋမြောက်ဘက် အစိရဝတီမြစ်ကမ်း သရက်ဥယျာဉ်၌ နေတော်မူ၏" ဟု ၎င်းနိဒါန်း၌ လာသဖြင့် သိရသည့်အပြင် ပေါက္ခရသာတိ ပုရောဟိတ်ပုဏ္ဏားကြီး၏ တပည့်ဝါသေဋ္ဌနှင့် တာရုက္ခပုရောဟိတ် ပုဏ္ဏားကြီး၏တပည့် ဘာရဒွါဇတို့လည်း ၎င်းသုတ္တန်ကို ထောက်ဆ၍ သာသနာ့ဝင် တစ်သက်ပန် ဥပါသကာဖြစ်ကြကြောင်း၊ သို့ဖြစ်၍ သာသနာ့နိုင်ငံ အဝင်အပါ ရွာကြီးတစ်ရွာဖြစ်ကြောင်း မှတ်အပ်၏။

✪ ✪ ✪ ✪ ✪

## ဝေနာဂပုရ ဗြာဟ္မဏဂါမ

ဤဝေနာဂပုရရွာကြီးလည်း ဆိုခဲ့ပြီး ရွာကြီးများကဲ့သို့ ထင်ရှားသော ပုဏ္ဏားရွာကြီး ဖြစ်၍ မြတ်စွာဘုရား ဒေသစာရီအားဖြင့် ရောက်တော်မူသောအခါ များစွာသော ဝေနာဂ-ပုရရွာသား ဗြာဟ္မဏဂဟပတိပုဏ္ဏားသူဌေးများ လာရောက်ဆည်းကပ်ကြသည်တွင် ဝစ္ဆဂေါတ္တဝစ္ဆအမျိုးအနွယ် ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ကြည်လင်စင်ကြယ်သော ဣန္ဒြေ ထန်းသီးမှည့် ဇမ္ဗူရစ် ရွှေစင်အလား နူးညံ့သိမ်မွေ့တောက်ပသော အရေအသား တို့ကို အံ့ဩချီးမွမ်း လျှောက်ထား၍ အာသန္ဒိ ဂေါဏကပလ္လက် စသော မြတ်သော အခင်း နေရာနှင့် ထိုက်တန်ပါကြောင်း လျှောက်လျှင်---

"အို---ပုဏ္ဏားကြီး၊ ဤအခင်းနေရာ ဥစ္စာသယန မဟာသယနတို့ကား ရဟန်းများ ရခဲကုန်၏၊ ရလျှင်လည်း မအပ်ကုန်၊ ငါဘုရားကား အရိယာတို့၏ ဥစ္စာသယန မဟာသယန သာ မငြီးမငြင် မခဲမယဉ်း ရနိုင်ကုန်၏" မိန့်တော်မူလျှင်---

အရိယာတို့၏ မြတ်သောနေရာ ဥစ္စာသယန မဟာသယနတို့ကို ဟောတော်မူရန် လျှောက်ထားသဖြင့်---

- စျာန် ၄-ပါးဖြင့် နေခြင်းတည်းဟူသော ဒိဗ္ဗဝိဟာရ
- ဗြဟ္မဝိဟာရ ၄-ပါးဖြင့် နေခြင်းတည်းဟူသော ဗြဟ္မဝိဟာရ
- အာသဝေါကင်းလျက် ဆင်ခြင်နေခြင်းတည်းဟူသော အရိယဝိဟာရ-

ဤဝိဟာရ ၃-ပါး ဟောကြားသဖြင့် ရတနာ ၃-ရပ် ဆည်းကပ်သူ တစ်သက်ပန် ဥပါသကာအဖြစ် လျှောက်ထားကြကြောင်း အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ မဟာဝဂ်၊

တယောဝိဟာရသုတ်၌ လာသည်ကို ထောက်ဆ၍ ဗုဒ္ဓနိုင်ငံသာသနာဝင် ရွာကြီးဖြစ်ကြောင်း မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## ဧကသာလဗြာဟ္မဏဂါမ

ဤဧကသာလဗြာဟ္မဏဂါမပုဏ္ဏားရွာကြီး၌ အခါတစ်ပါး သီတင်းသုံးတော်မူ၍ များစွာသော ပရိသတ်တို့အား တရားဓမ္မ ဟောပြနေတော်မူစဉ် မာရ်နတ်သည် ပရိသတ် ဉာဏ်မျက်စိ ဖောက်ပြန်ရန် လာ၍---

"နေတံ တဝ ပဋိရူပံ၊ ယဒည မနုသာသတိ။
အနုရောဓဝိရောဓေသု၊ မာ သဇ္ဇိတ္ထော တဒါစရံ။ ။(သံ၊ ၁။ ၁၁၇)

အရှင်အား ဤ မသင့်တော်သည်မှာ၊ မနာယူသူ အကြွင်သူကို ဆုံးမဘိ၏။
လိုက်လျောဆန့်ကျင် ရာဂဒေါသဝင်သူတို့၌၊ ထိုဟောကြားခြင်း၌ မငြိတွယ်ပါနှင့်"

ဟုဂါထာဖြင့် လျှောက်ထား နှောင့်ယှက်သည်ကို---

"ဟိတာနုကမ္ပီ သမ္ဗုဒ္ဓေါ၊ ယဒည မနုသာမတိ။
အနုရောဓဝိရောဓေဟိ၊ ဝိပ္ပမုတ္တော တထာဂတော။ ။(သံ၊ ၁။ ၁၁၇)

ဘုရားရှင်ကား စီးပွါးလိုသည်၊ မနာသူအား ဆုံးမငြား၏။
လိုက်လျောဆန့်ကျင်ခြင်းမှ၊ ဘုရားရှင်တို့ ကင်းလွတ်ကြ၏-ဟု

ဂါထာဖြင့် ဖြေကြားလျှင် ထိုနေရာတွင် မာရ်နတ်ပျောက်ကွယ်သွားကြောင်း သဂါထာဝဂ်၊ မာရသံယုတ်၌ လာ၍ ထိုရွာကြီး၌ မြတ်စွာဘုရား သီတင်းသုံးတော်မူကာ များစွာသော သတ္တဝါတို့အား အမြိုက်တရားအရသာဖြင့် သာသနာ့နိုင်ငံအတွင်း သိပ်သွင်းပြုလုပ်တော်မူသော ရွာဖြစ်ကြောင်း မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## ဝေဠုဝဒွါရ ဗြာဟ္မဏဂါမ

ဤပုဏ္ဏားရွာကြီးလည်း ကောသလတိုင်းနယ်တွင် ထင်ရှားသော ရွာကြီးဖြစ်၍ မြတ်စွာဘုရားသည် ကောသလတိုင်းတွင် အစဉ်သဖြင့် ဒေသစာရီ လှည့်လည်တော်မူသော

အခါ ၎င်းရွာသို့ ရောက်တော်မူ၍ ၎င်းဝေဠုဝဒွါရ ရွာသား ပြာဟ္မဏဂဟပတိ အများတို့သည် မြတ်စွာဘုရားအထံတော်သို့ ဆည်းကပ်ကြပြီးလျှင်-

"တပည့်တော်တို့ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေထိုင်ကြပါကုန်သဖြင့် လူ့ဘောင်နှင့်စပ်၍ သင့်တင့်လျောက်ပတ် ကောင်းမြတ်သောတရား ဟော ကြားတော်မူရန်" တောင်းပန်လျှောက်ထားကြသည်အားလျော်စွာ ၎င်းတို့အား လူ့ဘောင်နေလျက် အပါယ်ဘေးမှ လွတ်ကင်းထွက်မြောက်၍ နတ်ပြည်သို့ ရောက်ကြောင်း၊ ကောင်းမြတ်သော တရားကို ဟောပြတော်မူသဖြင့် ဝမ်းမြောက်ဝမ်းသာ တစ်သက်ပန် ဥပါသကာအဖြစ် လျှောက်ကြကြောင်း- သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ်၊ သောတာပတ္တိသံယုတ်၊ **ဝေဠုဝဒွါရဝဂ်***(သံ၊ ၃။ ၃၀၆)*၌ ထင်ရှားစွာလာသဖြင့် ၎င်းရွာသည် ကောသလတိုင်းနယ်တွင် ထင်ရှားသော မြတ်စွာဘုရား ဒေသနာတော် သက်ရောက်ရာ ရွာကြီးဖြစ်ကြောင်း မှတ်အပ်၏။

✪ ✪ ✪ ✪ ✪

## သာလပြာဟ္မဏဂါမ

ဤတိုင်း၌ နောက်ကဆိုခဲ့ပြီးသော ဧကသာလပုဏ္ဏားရွာကြီးအပြင် **သာလခေါ် ပုဏ္ဏားရွာကြီး** တစ်ရွာလည်းရှိသေး၍ ၎င်းသို့ မြတ်စွာဘုရားလှည့်လည်ကြွရောက် ဓမ္မဒေသနာတော်ဖြင့် ချီးမြှောက် ဟောကြားတော်မူရာဖြစ်ကြောင်း မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ ယမကဝဂ်၊ **သာလေယျသုတ်***(မ၊ ၁။ ၃၅၄)*၌ ထင်ရှားစွာလာသည့်အပြင် ၎င်းအဋ္ဌကထာ*(မ၊ ၄။ ၂။ ၂၂၇)*၌လည်း---

ပြာဟ္မဏဂါမ ခေါ်ဆိုရခြင်းမှာ ပုဏ္ဏားတို့ **စည်းဝေးရာရွာနှင့် ပုဏ္ဏားတို့ အုပ်ချုပ်သော ရွာ**ကို ပြာဟ္မဏဂါမခေါ်ကြောင်း၊ ၎င်းရွာမှာ ပုဏ္ဏားတို့ နေထိုင်ရာရွာဖြစ်ကြောင်း

"ဣဓ သမောသရဏဂါမောတိ ပြာဟ္မဏာနံ ဝသနဂါမော အဓိပ္ပေတော"

စသည်ဖွင့်ပြသဖြင့် ဤ၌ထင်ရှားသော ပုဏ္ဏားရွာကြီးဖြစ်၏။ ၎င်းသုတ်၌ ဒုဂ္ဂတိ သုဂတိသို့ ရောက်ကြောင်း မေးလျှောက်ကြရာ **အဓမ္မစရိယ, ဝိသမစရိယ**ကြောင့် ဒုဂ္ဂတိသို့ ရောက်၍ **ဓမ္မစရိယ-သမစရိယ**ကြောင့် သုဂတိသို့ ရောက်သည်ကို အကျဉ်းဟောကြားတော်မူပြီးလျှင် အကျယ်လျှောက်ထားသဖြင့် ဒုစရိုက်, သုစရိုက် ၁၀-ပါးတို့ကို အကျယ်ဝေဖန် ဟောကြားတော်မူ၏။

ထိုမှတပါး မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဂဟပတိဝဂ်၊ **သာလေယျသုတ်**၌လည်း မြတ်စွာဘုရား ၎င်းသာလေယျသို့ ရောက်တော်မူသောအခါ လာရောက်ဆည်းကပ်ကြ၍

"သင်တို့ ယုံကြည်အားထား နှစ်သက်အပ်သော ဆရာများရှိသလော"ဟု မေးတော်မူ၍ "မရှိပါ"ဟု လျှောက်ထားကြလျှင် ခပ်သိမ်းသော အယူဝါဒတို့နှင့် ညှိနှိုင်းတော်မူကာ- အပဏ္ဏကပဋိပဒါ- မမှားနိုင်သော အကျင့်တရားဟောကြားတော်မူသည့်ပြင်---

အတ္တန္တပ, ပရန္တပ, အတ္တပရန္တပ, နေဝအတ္တနပရန္တပ-ဟူသော ပုဂ္ဂိုလ် ၄-မျိုး ခွဲခြားဟောကြားတော်မူက တစ်သက်ပန်ဥပါသကာအဖြစ် ဝမ်းမြောက်စွာ လျှောက်ကြားကြကြောင်းလာသဖြင့် ၎င်းရွာကား သာသနာတော်ဝင် ထင်ရှားသော ရွာကြီးဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## နဂရဝိန္ဒ ဗြာဟ္မဏဂါမ

နဂရဝိန္ဒရွာကြီးသည်လည်း အထက်၌ ဆိုခဲ့ပြီး ပုဏ္ဏားရွာကြီးများကဲ့သို့ ကောသလတိုင်းနယ်တွင် ထင်ရှားသော ရွာကြီးတစ်ရွာဖြစ်ကြောင်း၊ မြတ်စွာဘုရားလည်း အကြောင်းအတ္ထုပ္ပတ်အားလျော်စွာ ဒေသစာရီ လှည့်လည်တော်မူရာ အရပ်လည်းဖြစ်ကြောင်း မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ သဠာယတနဝဂ်၊ **နဂရဝိန္ဒေယျသုတ်***(မ၊ ၃။ ၃၃၉)*၌---

မြတ်စွာဘုရားသည် နဂရဝိန္ဒေယျပုဏ္ဏားရွာကြီးသို့ ရောက်တော်မူ၍ ၎င်းရွာသား ပုဏ္ဏားသူဌေးကြီးများ ဘုရားရှင်ထံ ဆည်းကပ်ခစားကြသောအခါ-

"သူကြွယ်တို့၊ အခြားအယူရှိကြသော ပရိဗိုဇ်များက အဘယ်သို့သော ရဟန်းများ *(ကို)* ရိုသေလေးစားအပ်သနည်း"ဟု မေးလျှင်-

"ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့၌ ရာဂ, ဒေါသ, မောဟ မကင်းလျှင် မလေးစားအပ်ကြောင်း---

၎င်းအာရုံ ၅-ပါး၌ ရာဂ, ဒေါသ, မောဟ ကင်းကွာသော ရဟန်းများသာလျှင် လေးစားရိုသေထိုက်ကြောင်း ဤသို့ဖြေကြားအပ်၏"ဟု---

အာရုံ ၅-ပါး အကျယ်ဝေဖန် ဟောကြားတော်မူလျှင် အလွန်ပင် ဝမ်းမြောက်စွာနှင့် ဥပါသကာအဖြစ် လျှောက်ထားကြောင်းလာသဖြင့် သာသနာတော်သက်ရောက်ရာ ရွာဖြစ်၍ ရဟန်းများစွာနှင့် ရောက်တော်မူ၍ သီတင်းသုံးတော်မူကြောင်း လာသဖြင့်လည်း သင့်တော်သော သီတင်းသုံးရာဌာနလည်း ရှိကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## သာလဝတိက ဗြာဟ္မဏဂါမ

ကောသလတိုင်းကြီးကား ကျယ်ဝန်းသည်အားလျော်စွာ များစွာသော ဗြာဟ္မဏဂါမ ပုဏ္ဏားရွာကြီးများ ရှိကြ၍ **သာလဝတီရွာကြီး**ကား ထင်ရှားသော ပုရောဟိတ်ပညာရှိ ပုဏ္ဏားကြီး အုပ်ချုပ်သော ရွာဖြစ်ကြောင်း ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ **လောဟိစ္စသုတ်**(*ဒီ၊ ၁။ ၂၁၄*)၌---

တေန ခေါ ပန သမယေန လောဟိစ္စော ဗြာဟ္မဏော သာလဝတိကံ အဇ္ဈာဝသတိ။

ထိုအခါ လောဟိစ္စပုဏ္ဏားသည် သာလဝတီရွာကြီးကို အုပ်စိုးနေ၏။ ရဟန်း-၅၀၀ နှင့်တကွ မြတ်စွာဘုရားသည် သာလဝတီရွာကြီးသို့ ရောက်တော်မူသောအခါ **လောဟိစ္စ** ပုဏ္ဏားကြီး ကြားသိ၍ ရောသိကမည်သော ဆေတ္တာသည်ကို စေလွှတ်၍ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်အား ပင့်ဖိတ်ဆွမ်းလုပ်ကျွေးပြီး ၎င်း၏ မှားယွင်းသော အယူကို ဖြေရှင်းဟောကြားတော်မူသောအခါ များစွာဝမ်းမြောက် တစ်သက်ပန်ဥပါသကာ လျှောက်ကြောင်း လာ၏။

ဤပုဏ္ဏားကြီးကား "သမဏဖြစ်စေ, ဗြာဟ္မဏဖြစ်စေ ရပြီးသော ကုသိုလ်ကို သူတစ်ပါး မပြောရာ၊ သူတစ်ပါး အဘယ်မှုအံ့နည်း၊ အဟောင်းဖြတ်၍ အသစ်ဖွဲ့သကဲ့သို့ လောဘသာလျှင်တည်း"ဟု ယုတ်နိမ့်သော အယူရှိ၍ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ၎င်းပုဏ္ဏားကြီးအား ၎င်း၏အယူနှင့်စပ်လျဉ်း၍---

" သာလဝတီရွာကြီးအားလုံး(*ကို*) သင် အုပ်စိုး၏။ ၎င်း၌ဖြစ်ပွါးသော အရာမှန်သမျှ သင်မှသာ ခံစံအပ်၏"ဟု ဆိုခဲ့ပါလျှင် "သင့်ကို မှီ၍ အသက်မွေးကြသူတို့ အန္တရာယ်ဖြစ်, မဖြစ်၊ အကျိုးစီးပွါးစောင့်, မစောင့်၊ မေတ္တာထား, မထား၊ ရန်သူဖြစ်, မဖြစ်" မေးမြန်းတော်မူက-

"အန္တရာယ်ဖြစ်ကြောင်း, အကျိုးစီးပွါးကို မစောင့်ကြောင်း, မေတ္တာမထားကြောင်း, ရန်သူဖြစ်ကြောင်း" မေးတော်မူသည်ကို အသီးသီး ဝန်ခံလျှောက်ထား၊ ထိုနည်းအားဖြင့် "ကောသလမင်းကြီး အုပ်ချုပ်စိုးမိုးခြင်းနှင့် ဥပမာထား၍ ဟောကြားတော်မူမှ အယူဖြောင့်မှန်ခြင်းသို့ ရောက်၍ နောက်ထပ် အထက်မဂ်ဖိုလ်နိဗ္ဗာန် မြင့်မြတ်သော တရားထူး ရသူများ"ဖြင့် ဟောကြားတော်မူကြောင်း---

ထိုအခါ ပုဏ္ဏားကြီးသည် အလွန်ဝမ်းမြောက်၍ "မြတ်စွာဘုရား၊ ဥပမာအားဖြင့် ချောက်ထဲကျသောသူကို ချောက်ထဲမှ ဆံပင်ဆွဲကိုင်ကာ ထုတ်နုတ်ယူသကဲ့သို့ ထို့အတူ တပည့်တော်အားလည်း အရှင်ဘုရားသည် နက်လှစွာသော အယူဝါဒ ချောက်ထဲကျနေ

သည်ကို ကြည်းကုန်းထက် တင်တော်မူပါပေသည်"ဟု ဝမ်းမြောက်စွာပြောကြား တစ်သက် ပန်ဥပါသကာ လျှောက်ထားကြောင်း ထင်ရှားစွာလာ၏။

ဤသို့လာသဖြင့် ဤသာလဝတီရွာကြီးကား ကောသလတိုင်းတွင်ထင်ရှား, ရွာစား ပုဏ္ဏားကြီးအုပ်စိုးသော ရွာဖြစ်ကြောင်း၊ မြတ်စွာဘုရားသည် ရဟန်း-၅၀၀ နှင့် ရောက်တော်မူ၍ အယူမှားသော ၎င်းပုဏ္ဏားကြီးအား အယူမှန်ဖြစ်အောင် ကယ်တင်ထုတ်ဆောင်ရ တော်မူရသောကြောင့် သာသနာ့နိုင်ငံဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## စဥ္စလီကပ္ပ ဂါမ

ဤရွာကြီးသည်လည်း သာသနာတော်*(၄)* ထင်ရှားသော သောတာပန် **ဓနဥ္စာနီ** အမည်ရှိသော ပုဏ္ဏေးမကြီး နေထိုင်ရာ ရွာဖြစ်၍ ၎င်းပုဏ္ဏေးမကြီးသည် အမြဲအားဖြင့် ဘုရားဂုဏ်တော်, ကျေးဇူးတော်တို့ကို အောက်မေ့ဆင်ခြင်သုံးသပ်သည်အားလျော်စွာ တရံရောအခါ သင်္ဂါရဝမည်သော ပုဏ္ဏားလုလင်၏ တေဝိဇ္ဇဘွဲ့ခံ, ထင်ရှားသော ဗြာဟ္မဏတို့ အား ဖိတ်မံကျွေးမွေးရာတွင် အမြဲလေ့ကျင့်ခြင်းရှိသည့်အတိုင်း ချွတ်ချော်သွားသဖြင့် မြတ်စွာဘုရားကို အမှတ်ရကာ---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-ဟု ၃-ကြိမ်ရွတ်ဆိုရာ ပုဏ္ဏားများ မနှစ်သက်ကြသောကြောင့် ပြန်သွားကြသည်ကို စိတ်မချမ်းသာ၍---

"အဝဘူတာဝ အယံ ဓနဥ္စာနီ ဗြာဟ္မဏီ၊ ပရဘူတာဝ အယံ ဓနဥ္စာနီ ဗြာဟ္မဏီ ဝိဇ္ဇမာနာနံ တေဝိဇ္ဇာနံ ဗြာဟ္မဏာနံ။ အထ စ ပန တဿ မုဏ္ဍကဿ သမဏဿ ဝဏ္ဏံ ဘာသိဿတိ။*(မ၊ ၂။ ၄၂၅)*

ဤပုဏ္ဏေးမ ဓနဥ္စာနီကား ဗေဒ ၃-ပုံဆောင် ပုဏ္ဏားကြီးများ ထင်ရှားရှိလျက် ယုတ်မာလွန်းစွတကား, နှိပ်စက်လွန်းလှစွတကား၊ တို့ရှိစဉ်ပင် ဤခေါင်းတုံးရဟန်း၏ ဂုဏ် ကျေးဇူး ဆိုဘိသေး၏"ဟု ကဲ့ရဲ့ရှုတ်ချ မထီမဲ့ပြောဆိုရာ ပုဏ္ဏေးမကြီးက မနှစ်သက်ရာ တဖန်---

"န ဟိ ပန တွံ တာတ ဘဒြမုခ တဿ ဘဂဝတော သီလပညာဏံ ဇာနာသိ။ သစေ တွံ တာတ ဘဒြမုခ တဿ ဘဂဝတော သီလပညာဏံ ဇာနေယျာသိ။ န တွံ တာတ ဘဒြမုခ တံ ဘဂဝန္တံ အက္ကောသိတဗ္ဗံ ပရိဘာသိတဗ္ဗံ မညေယျာသိ။*(မ၊ ၂။ ၄၂၅)*

အမောင်သူမွန် သင်မူကား ထိုဘုရားရှင်၏ သီလပညာတော်ကို မသိသေး။အမောင်သူမွန်၊ အကယ်၍ ဘုရားရှင်၏ သီလပညာတော်တို့ကို သင်သိပါမူ ဘုရားရှင်ကို ရှုတ်ချကဲ့ရဲ့ ထိုက်သည်ဟု မအောက်မေ့ရာ” ယဥ်ကျေးစွာ ပြန်ပြောလေ၏။ ထို့နောက် **သဂါရဝပုဏ္ဏား** ကြီးက---

“သို့ဖြစ်ပါက မြတ်စွာဘုရား ကောသလတိုင်း ဒေသစာရီကြွ၍ **စဥ္စလိကပ္ပသို့** ရောက်လျှင် ပြောကြားပါ”ဟု ပြောဆိုပြီးနောက် မြတ်စွာဘုရား ဒေသစာရီဖြင့် စဥ္စလိကပ္ပသို့ ရောက်၍ တောဒေယျပုဏ္ဏား၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူသောအခါ ဓနဥ္စာနီ ပုဏ္ဏေးမကြီးက “ဘုရားရှင်ရောက်တော်မူကြောင်း” ကြားသိစေ၏။

ထိုအခါ သဂါရဝပုဏ္ဏားသည် ဘုရားရှင်ထံ ဆည်းကပ်ပြီးလျှင် “အရှင်ဂေါတမ၊ မျက်မှောက်ဘဝ မြတ်သော အကျင့်၌ အဆုံးအထွတ်အထိပ် ရောက်သော ရဟန်းပုဏ္ဏား ရှိပါသလော---

ထိုသူတို့တွင် အရှင်ကား အဘယ်သူ ဖြစ်တော်မူပါသနည်း၊ အဘယ်သို့လျှင် အရှင် ဝန်ခံပါသနည်း” မေးလျှောက်ထားလျှင်---

ဘုရားရှင်သည် “ဘာရဒွါဇ၊ ငါဘုရားကား ထူးခြားရုံမျှ ဟောတော်မမူ---

- အချို့ကား တေဝိဇ္ဇဗြာဟ္မဏတို့ကဲ့သို့ အနုဿဝ **တဆင့်ကြားဖြင့်** ဝန်ခံကြ၏။
- အချို့ကား တက္ကီဝီမံသီ အကြံအဆကဲ့သို့ သဒ္ဓါမတ္တ **ယုံကြည်ခြင်းမျှဖြင့်** ဝန်ခံကြ၏။
- အချို့ကား သယံအဘိညာ ကိုယ်တိုင် **သိသောအားဖြင့်** ဝန်ခံကြ၏။

ထိုလူတို့တွင် ငါဘုရားကား ကိုယ်တိုင်သိတော်မူသောအားဖြင့် ဝန်ခံတော်မူကြောင်း၊ ဘုရားအလောင်းတော် ယခုဘဝကျင့်တော်မူစဉ် အရိယာဓမ္မ ခဲယဉ်းစွာ ရှာတော်မူ ရကြောင်း” အကျယ်ဝေဖန်၍ သဗ္ဗညုတဉာဏ်တော်ရောက်အောင် ဟောကြားတော်မူသောအခါ---

“ရှိသေသော အကျင့်တရား ရှိတော်မူပါပေသည်။ သူတော်ကောင်း အကျင့်တရား ရှိပါပေသည်”ဟု ချီးမွမ်းမြွက်ကြား တစ်သက်ပန်ဒကာဥပါသကာအဖြစ် လျှောက်ထား ကြောင်း မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဗြာဟ္မဏဝဂ်၌ လာ၍---

ဤစဥ္စလိကပ္ပရွာကြီးကား ဤသဂါရဝသုတ် ထောက်ထားသဖြင့် သာသနာ၌ ထင်ရှားသော ကောသလတိုင်းနယ် ရွာကြီးဖြစ်ကြောင်း မှတ်သားအပ်၏။

ထိုမှတပါး ဤကောသလတိုင်းကြီးအတွင်း၌ များစွာသော မြို့, ရွာ, နိဂုံးများ ရှိမည်မှာ အမှန်ဖြစ်သော်လည်း ၎င်းတို့၌ အကြောင်းအားလျော်စွာ သုတ်, ဝိနည်း, ဒေသနာ တော်တို့ဖြင့် ဟောကြားပညတ်အပ်သော အကြောင်းအတ္ထုပ္ပတ် ဖြစ်ပွါးခြင်းမရှိသဖြင့် ဟော *(ကြား)*ပညတ်ရခြင်း မရှိသောကြောင့် ပိဋကတ်တော်၌ ထင်ရှားခြင်းမရှိကုန်။ ၎င်းပြင် ဤတိုင်းကြီးအတွင်း ရှေးမြို့ဟောင်းကြီးများနှင့် စပ်လျဉ်း၍ ဟောကြားတော်မူသော အချို့သုတ္တန်တို့မှာ---

ဘူတပုဗ္ဗံ အာနန္ဒ ဣမသ္မိံ ပဒေသေ ဝေဂဠိင်္ဂံ နာမ ဂါမနိဂမော အဟောသိ ဣဒ္ဓေါ စေဝ ဖီတော စ။*(မဇ္ဈိမ၊ ၂။ ၂၇၇)*

"အာနန္ဒာ၊ ဤအရပ်၌ ရှေးက ဝေဂဠိင်္ဂနိဂုံး ရှိဖူးကြောင်း၊ ကြွယ်ဝဖွံ့ဖြိုးကြောင်း" စသည်ဖြင့် မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ စတုတ္ထ ဃဋိကာရသုတ်၌ ကောသလတိုင်းမှာ ရှေးကဿပဘုရားရှင် လက်ထက်တော်က ဝေဂဠိင်္ဂနိဂုံးအကြောင်း ထင်ရှားစွာလာ၏။ ထိုမှတပါး ဝိမာနဝတ္ထုပါဠိတော်၌---

"ဘဒ္ဒိတ္ထိကာတိ မံ အညံသု၊ ကိမ္ဗိလာနံ ဥပါသိကာ။

သဒ္ဓါသီလေန သမ္ပန္နာ၊ သံဝိဘာဂရတာ သဒါ။ ။*(ဝိမာန၊ ၂၇)*

တပည့်တော်ကို ဘဒ္ဒါဟု သိကြ၍၊ ကိမ္ဗိလတွင် ဥပါသိကာဖြစ်ပါသည်။

သဒ္ဓါသီလ ပြည့်စုံ၍၊ အမြဲပေးကမ်းစွန့်ကြဲခြင်း ပျော်မွေ့ပါသည်"

စသည်ဖြင့် ဘုရားရှင်အား လျှောက်ထားကြောင်း လာသဖြင့် ကိမ္ဗိလမြို့နှင့် ထို့အတူ ပေတ- ဝတ္ထုပါဠိတော်၌---

"ကုဏ္ဍိနာဂရိယော ထေရော၊ သာကာဝါသိ နိဝါသိကော။

ပေါဋ္ဌပါဒေါတိနာမေန၊ သမဏော ဘာဝိတိန္ဒြိယော။ ။*(ပေတ၊ ၁၆၈)*

ကုဏ္ဍိမြို့သား မထေရ်ကား၊ တောင်ဝှမ်း၌ပင် အစဉ်နေပါသည်။

ပေါဋ္ဌပါဒဟူသော အမည်ဖြင့်၊ ရဟန်းကား ပွါးပြီးသော ဣန္ဒြေရှိပါသည်"

စသည်ဖြင့် လာ၍ ကိမ္ဗိလမြို့တို့သည် ကောသလတိုင်း၌ ဖြစ်ကြောင်း ၎င်းတို့အတ္ထုပ္ပတ်တို့ကို ထောက်ထား၍ ထင်ရှား၏။

ဤသုတ္တန်တို့အရ ဆိုခဲ့ပြီးသော ဝေဂဠိင်္ဂနိဂုံး, ကိမိလမြို့, ကုဏ္ဍိမြို့ စသည်တို့ကား မြတ်စွာ ဘုရားလက်ထက်တော်၌ ထင်ရှားမရှိကုန်၊ နေရာမျှရှိကြသော်လည်း လူနေအိမ်ခြေ မထင်ရှား, ဟောကြားတော်မူသော သုတ္တန်တို့မှာလည်း ရှေးသဘောအားဖြင့် ဖော်ပြကုန်၏။ ၎င်းပြင် ဝိမာနဝတ္ထု၌ ထုဏမည်သော ပုဏ္ဏားရွာလည်း ၎င်းအဋ္ဌကထာ၌ ကောသလတိုင်း

တွင် ဖြစ်ကြောင်း ဖော်ပြသော်လည်း ဥဒါန်းပါဠိတော်မှာကား မလ္လတိုင်း၌ ဖြစ်ကြောင်း လာသည့်ပြင် ၎င်းရွာသည် မဇ္ဈိမဒေသအနောက်အပိုင်းအခြားဖြစ်ကြောင်းလည်း အခြား ပါဠိတော်များ လာရှိသောကြောင့် အမည်တူမျှ ဖြစ်နိုင်ကြောင်းသာ မှတ်သားအပ်၏။

ဤတွင် ကောသလတိုင်းကြီးအတွင်း၌ ထင်ရှားသော မြို့, ရွာ, နိဂုံးများ ဒေသနာ တော်အားဖြင့် ထင်ရှားစွာဖော်ပြ၍ ၎င်းအရ ဤမျှသာ ရှိကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ကောသလတိုင်းကြီးအတွင်း သီးခြားတိုင်းနယ်များ

ဤကောသလတိုင်းကြီးကား ကျယ်ဝန်းလှ၍ ၎င်းအတွင်း တိုင်းနယ်ကလေးများ ပါဝင်သဖြင့် မြတ်စွာဘုရား၏ ဇာတိတော်ဖြစ်သော သက္ကတိုင်းလည်း ဤတိုင်း၌ ပါဝင်သည့် အပြင် ဤသက္ကတိုင်းကို ထောက်ဆ၍ ကောလိယတိုင်းလည်း ပါဝင်ကြောင်း အင်္ဂုတ္တရ နိကာယ်၊ တိကနိပါတ်၊ ကုသိနာရဝဂ်၊ **စတုတ္ထသုတ်***(အံ၊ ၁။ ၂၈၀)*၌---

"ဧကံ သမယံ ဘဂဝါ ကောသလေသု စာရိကံ စရမာနော ယေန ကပိလဝတ္ထု၊ တဒဝသရိ။

အခါတပါး မြတ်စွာဘုရားသည် ကောသလတိုင်း ဒေသစာရီ ကြွတော်မူစဉ် ကပိလ ဝတ္ထုသို့ ရောက်တော်မူ၏" စသည်ဖြင့် ၎င်းသုတ်နိဒါန်းတွင် ထင်ရှားစွာလာ၏။

ထိုမှတပါး ထိုထက်ပင် ထင်ရှားစွာ မဇ္ဈိမပဏ္ဏာသ၊ **ဓမ္မစေတိယသုတ်***(မဇ္ဈိမ၊ ၂။ ၃၂၆)*၌ ကောသလမင်းကြီးသည် မြတ်စွာဘုရားအား အလေးပြုကြောင်း လျှောက်ထားရာ၌-

"ပုန စ ပရံ ဘန္တေ ဘဂဝါပိ ခတ္တိယော အဟမ္ပိ ခတ္တိယော၊ ဘဂဝါပိ ကောသလော အဟမ္ပိ ကောသလော၊ ဘဂဝါပိ အာသီတိကော၊ အဟမ္ပိ အာသီတိကော။

၎င်းပြင် အရှင်ဘုရား၊ မြတ်စွာဘုရားလည်း မင်းမျိုးပါ၊ တပည့်တော်လည်း မင်းမျိုးပါ၊ မြတ်စွာဘုရားလည်း ကောသလတိုင်းသားပါ၊ တပည့်တော်လည်း ကောသလတိုင်းသားပါ၊ မြတ်စွာဘုရားလည်း သက်တော်-၈၀ တွင်းမှာပါ၊ တပည့်တော်လည်း ၈၀-တွင်းမှာပါဘုရား" စသည်ဖြင့် မြတ်စွာဘုရား၌ ဤမျှ အလေးပြုရပါသည်ဘုရား-ဟု လျှောက်ထားသည်ကို ထောက်ဆသဖြင့်လည်း ကပိလတိုင်းကား ကောသလတိုင်းတွင် ပါဝင်ကြောင်း ထင်ရှား၏။

ရှေးက သာကီယတိုင်းနိုင်ငံများ ဖြစ်ကြသော-

၁။ ကပိလ ၂။ ဒေဝဒဟ ၃။ ကောလိယ-

တိုင်း ၃-တိုင်းတို့လည်း ကောသလတိုင်းနယ်ကြီးအတွင်းဖြစ်သော တိုင်းငယ်များဖြစ်ကြ၍ ရှေးတည်ထောင်ရင်းအားဖြင့် ဒေဝဒဟတိုင်းသည် အသီးအခြားဖြစ်သော်လည်း မြတ်စွာဘုရားလက်ထက်တော်၌မူကား ၎င်းဒေဝဒဟတိုင်း၊ ၎င်းမြို့ကား သက္ကတိုင်းအတွင်း၌ ပါဝင်သော မြို့ဖြစ်ကြောင်း **ခန္ဓဝဂ္ဂသံယုတ်**(*သံ၊ ၂။ ၅*) စသည်တို့၌---

"ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ဒေဝဒဟံ နာမ သကျာနံ နိဂမော။

အခါတပါး ဘုရားရှင်သည် သက္ကတိုင်း သာကီဝင်တို့၏ ဒေဝဒဟမည်သောမြို့၌ နေတော်မူ၏" စသည်ဖြင့် လာသည်ကို ထောက်ဆ၍ သက္ကတိုင်းတွင် ပါဝင်သော သာကီယမြို့ဖြစ်ကြောင်း ထင်ရှား၏။

✪ ✪ ✪ ✪ ✪

## သက္ကတိုင်း၊ နိဂုံးများ

ကောသလတိုင်းကြီးအတွင်း သက္ကတိုင်းနယ် အသီးအခြားဖြစ်၍ ၎င်းတိုင်းအတွင်း၌လည်း မြို့နယ်များရှိကြသည်အားလျော်စွာ ၎င်းမြို့တို့မှာ ဟောကြားတော်မူသော ဒေသနာတော်အရ အောက်ပါအတိုင်း မှတ်အပ်ကုန်၏။ ၎င်းတို့မှာ---

၁။ ဒေဝဒဟနိဂမ --- ဒေဝဒဟမြို့

၂။ သက္ကရနိဂမ --- သက္ကရမြို့

၃။ သီလာဝတီနဂရ --- သီလာဝတီမြို့

၄။ စာတုမနဂရ --- စာတုမာမြို့

၅။ မေဒါဠုပနဂရ --- မေဒါဠုပမြို့

၆။ နဂရကနိဂမ --- နဂရကမြို့

၇။ သာမဂါမနိဂမ --- သာမဂါမမြို့

၈။ ဝေဓညနဂရ --- ဝေမညမြို့

၉။ ခေါမဒုဿနဂရ --- ခေါမဒုဿမြို့-

စသည်တို့ ဖြစ်ကြ၏။

✪ ✪ ✪ ✪ ✪

## သက္ကတိုင်းမြို့တော်

ၑင်းသက္ကတိုင်း၏ နေပြည်တော်မြို့ကြီးကား သာသနာတော်ဝယ် အထင်ရှားဆုံး ဖြစ်သော ကပိလဝတ္ထုမြို့တော်ကြီး ဖြစ်၏။

ၑင်းမြို့တော်ကား မြတ်စွာဘုရား၏ ဖွားမြင်တော်မူရာ ဇာတိမြို့တော်ဖြစ်၍ ကမ္ဘာကြီးအတွင်း၌ ဗုဒ္ဓမြတ်စွာဘုရား ကျော်ကြားသလောက် ထင်ရှားကျော်ကြားသော ဌာနကြီးဖြစ်သည်မှာ အထူးရေးသားရန် မလို။ သို့ရာတွင် ၑင်းတိုင်းနယ်နှင့် မြို့နယ်ဌာနများ, ၑင်းတို့၌ အုပ်ချုပ်ခြင်း အကြောင်းအရာများ, ၑင်းတို့၏ ထုံးစံနည်းဥပဒေသများအကြောင်း ရေးသားရန် လိုအပ်သဖြင့် ၑင်းတို့ကို ဟောကြားတော်မူသော ဒေသနာနိဒါန်းစသည်တို့ကို ထောက်ထား၍ ရေးသားရပေမည်။

ၑင်းသက္ကတိုင်း၊ ကပိလနေပြည်တော်သည် သာဝတ္ထိပြည်နယ်နှင့် ဆက်စပ်တည်ရှိ၍ မြတ်စွာဘုရားသည် တစ်ခါတစ်ရံ ၑင်းတိုင်းနယ်တို့သို့ ဒေသစာရီ ကြွချီတော်မူသောအခါ မေဒါဠုပမြို့, နဂရကမြို့များသို့ ရောက်တော်မူ၍ ကောသလမင်းလည်း တစ်ခါတစ်ရံ မင်းရေး မင်းကိစ္စနှင့် ၑင်းမြို့များတို့သို့ ရောက်တတ်ကြောင်း မဇ္ဈိမနိကာယ်၊ ဓမ္မစေတိယ-သုတ် စသည်တို့၌ လာသည်ကို ထောက်ဆ၍ သိရှိနိုင်သည့်အပြင် ၑင်းသက္ကတိုင်း နယ်ခြားတစ်ဖက်၌ကား မဂဓတိုင်းနှင့်လည်း စပ်နေကြောင်း ၑင်းမဇ္ဈိမနိကာယ်၊ အရိယပရိယေသနသုတ်, ဗောဓိရာဇကုမာရသုတ် စသည်တို့၌ မြတ်စွာဘုရား အလောင်းတော်မြတ် တောထွက်တော်မူရာ ဤသက္ကတိုင်းလွန်မြောက်, မဂဓတိုင်းနယ်သို့ ရောက်ကြောင်း စသည်တို့ဖြင့် လာသည်ကို ထောက်ဆလျှင် ကောင်းစွာထင်ရှား၏။

✪ ✪ ✪ ✪ ✪

## သက္ကတိုင်း အုပ်ချုပ်ခြင်း

ၑင်းသက္ကတိုင်းကား ကောသလတိုင်း, မဂဓတိုင်းများကဲ့သို့ မင်းများ၏ တစ်ဦးတည်းသော အာဏာပိုင်သဘောမျိုးဖြင့် အုပ်စိုးခြင်းမဟုတ်ဘဲ အများဆန္ဒနှင့် တိုင်ပင်ဆွေးနွေးစည်းဝေးအုပ်ချုပ်သော တိုင်းနယ်များဖြစ်သည်မှာ မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ သေခ-ပဋိပဒါသုတ်(၂။ ၁၆)၌---

"တေန ခေါ ပန သမယေန ကာပိလဝတ္ထုဝါသီနံ သကျာနံ နဝံ သန္ထာဂါရံ အစိရကာရိတံ ဟောတိ။

ထိုဘုရားရှင် ရောက်တော်မူသောအခါ ကပိလဝတ္ထုသာကီဝင်များ၏ အစည်းအဝေး လွှတ်ရုံးတော် မကြာမီက ဆောက်ပြီးစ ဖြစ်၏”ဟူသော ပါဠိတော်လာသည်ကို ၎င်းအဋ္ဌကထာ(*နှာ၊ ၁၁*)၌ သန္ထာဂါရပုဒ် ဖွင့်ဆိုသည်ကား---

“တေသံ ရာဇူနံ သဟ အတ္ထာနုသာသနံ အာဂါရန္တိပိ သန္ထာဂါရံ။ ဂဏရာဇာနောတိ တေ။ တသ္မာ ဥပ္ပန္နေ ကိစ္စေ ဧကေဿ ဝသေန န ဆိဇ္ဇတိ၊ သဗ္ဗေသံ ဆန္ဒော လဒ္ဓုံ ဝဋ္ဋတိ။ တသ္မာ သဗ္ဗေ တတ္ထ သန္နိပတိတွာ အနုသာသန္တိ။

ထိုမင်းများ၏ တကွဆုံးမရာအိမ်(ကို)လည်း သန္ထာဂါရမည်၏၊ ၎င်း(မင်း)တို့သည် ဂိုဏ်း အဖွဲ့မင်းတို့သာတည်း၊ ထို့ကြောင့် ဖြစ်ပွါးသော ကိစ္စတို့ကို တစ်ဦးသဘောဖြင့် မဆုံးဖြတ်နိုင်၊ အားလုံးဆန္ဒ ယူကြရ၏၊ ထို့ကြောင့် ထိုသန္ထာဂါရလွှတ်တော်၌ အားလုံး စုဝေးဆုံးဖြတ် ကြရကုန်၏”စသည် လာသဖြင့် အများသဘောကျ အုပ်ချုပ်သော တိုင်းနယ်များ ဖြစ်ကုန်၏။ ၎င်းပြင် ၎င်းတိုင်းနယ်များ၌ အချုပ်အခြာသဘောအားဖြင့်လည်း အများသဘောတူ တင်မြှောက်ကြသော မင်းများသာလျှင် အုပ်စိုးကြကုန်၏။

✪ ✪ ✪ ✪ ✪

## သက္ကတိုင်း နိဂုံးမြို့များ

ဤသက္ကတိုင်း၌ ကပိလနေပြည်တော်မှတပါး အခြားသော မြို့, နိဂုံးများ ရှိကြသော်လည်း, ကောသလတိုင်း, မဂဓတိုင်းတို့၌ အချို့မြို့တို့ကဲ့သို့ မြို့စားများ အုပ်ချုပ်သော မြို့များ အာဏာပိုင်နိုင်ငံ မဟုတ်သောကြောင့် မရှိကြဘဲ ထိုမြို့များ၌လည်း အစည်းအရုံး သဘော အားဖြင့် ခွဲခန့်စိုးမိုးကြကုန်၏။

## ဒေဝဒဟနိဂမ

ဤဒေဝဒဟမြို့ကား ရှေးသာကီဝင်များ ပြည်ထောင်စဉ်က အသီးအခြား တိုင်းနယ် တစ်ခုအားဖြင့် ခွဲဝေစီရင်အုပ်ချုပ်ခဲ့၍ သာကိယ ၃-တိုင်းတွင် အပါအဝင်ဖြစ်သော်လည်း မြတ်စွာဘုရား လက်ထက်တော်မှာ သက္ကတိုင်းနယ်တွင် ပါဝင်လျက် လက်အောက်မြို့နယ် သာလျှင် ဖြစ်ကြောင်း---

“ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ဒေဝဒဟံ နာမ သကျာနံ နိဂမော။

(*သံ၊ ၂။ ၅*)

တရံရောအခါ ဘုရားရှင်သည် သက္ကတိုင်း၊ ဒေဝဒဟမြို့မှာ နေတော်မူ၏”ဟု စသည်ဖြင့် မြတ်စွာဘုရား ဒေဝဒဟမြို့၌ သီတင်းသုံးတော်မူစဉ် ပစ္ဆာဘူမိက အနောက်တိုင်း ဇနပုဒ်၌ နေကြကုန်သော ရဟန်းတို့, မိမိတို့နေရာသို့ နေထိုင်ဖို့သွားရန် ပန်ကြားလျှောက် ထားရာ “အရှင်သာရိပုတ္တရာထံ ပန်ကြားပြီး သွားကြဖို့” အမိန့်ရှိသဖြင့် အရှင်သာရိပုတ္တရာ အထံ ပန်ကြားရာ အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းတို့အား---

“ငါ့ရှင်တို့၊ ဘုရားရှင်၏ဝါဒကို အခြားသူတို့ မေးမြန်းလျှင် ခန္ဓာ ၅-ပါး၌ ဆန္ဒ ရာဂ ဝိနယ တွယ်တာနှစ်သက်ခြင်းကို ဆုံးမရန် ဟောပြောသော ဝါဒရှိကြောင်း” ပြောကြား ရန် အကျယ်ဝေဖန် ဟောကြားကြောင်း သံယုတ္တနိကာယ်၊ ခန္ဓသံယုတ်၊ နကုလပိတာဝဂ်၊ **ဒေဝဒဟသုတ်**၌ လာသည့်အပြင် မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ ဒေဝဒဟဝဂ်၊ **ဒေဝဒဟ သုတ်**၌လည်း---

နိဂဏ္ဌတို့၏ အယူဝါဒကို ခွဲခြားဝေဖန်ပြီးလျှင် ၎င်းတို့ဝါဒအရ သုခ, ဒုက္ခ၊ အဒုက္ခ, မသုခ ချမ်းသာဆင်းရဲ လျစ်လျူသဘောတရားတို့ ရှေးကံကြောင့် ဖြစ်၍ ရှေးကံဟောင်း အကျင့်ဖြင့် ကုန်ခန်းစေပြီး ကံသစ်မပြုက အနာဂတ်မရှိ၍ ကံကုန်, ဒုက္ခကုန်, ဝေဒနာကုန် သဖြင့် ဒုက္ခဆွေးမြေ့ ပျက်စီးလတ္တံ့-ဟု အယူရှိကြ၍ နိဂဏ္ဌတို့ ကံကုန်အောင် အဆင်းရဲဆုံး အကျင့်ဖြင့် ကျင့်ကြခြင်းမှာ အကျိုးမရှိကြောင်း၊

ဒုက္ခ၏အကြောင်းဖြစ်သော ရာဂစသည်ကို ပယ်ခွါရန် အားထုတ်ကျင့်ကြံခြင်း သီလ၊ ၎င်းမှဘာဝနာသို့ ရောက်ကာ ကိလေသာကင်းကြောင်း ပြုကျင့်ပါမှ ဒုက္ခငြိမ်းနိုင် ကြောင်း ဒေဝဒဟ၌ ဘုရားရှင် သီတင်းသုံးစဉ် ဟောကြားတော်မူကြောင်း-လာ၍ ဤမြို့ ကား သက္ကတိုင်းတွင် ပါဝင်၍ မြတ်စွာဘုရားသီတင်းသုံးတော်မူပြီး များစွာသော သုတ္တန်များ ဟောကြားရာဖြစ်ကြောင်း ထင်ရှားသဖြင့် သာသနာ့နိုင်ငံဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## သက္ကရနိဂမ၊ သက္ကရမြို့

ဤသက္ကရမြို့သည် သက္ကတိုင်းတွင် ပါဝင်သော မြို့ငယ်ဖြစ်၍ မြတ်စွာဘုရား သက္က တိုင်း ဒေသစာရီ လှည့်လည်တော်မူသောအခါ ဤမြို့သို့ ရောက်တော်မူ၍ သီတင်းသုံးတော် မူဖူးကြောင်း, ဤမြို့၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာ လျှောက်ထားသည်ကို အကြောင်းပြု၍ ဥပမ္မုသုတ်ကို ဟောတော်မူရကြောင်း သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ်၊ အဝိဇ္ဇာဝဂ်*(သံ၊ ၃။ ၂)*၌---

**"ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ သက္ကရံ နာမ နဂရကံ နာမ သကျာနံ နိဂမော။ အထခေါ အာယသ္မာ အာနန္ဒော ယေန ဘဂဝါ၊ တေနုပသင်္ကမိ။**

**အခါတပါး ဘုရားရှင်သည် သက္ကတိုင်း သာကီဝင်တို့၏ သက္ကရမည်သော နိဂုံး၌ နေတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် ဘုရားရှင်သို့ ဆည်းကပ်ခစား၏" စသည်ဖြင့် မိတ်ဆွေမွန်, မိတ်ဆွေကောင်းနှင့် ပေါင်းသင်းမိခြင်းသည် ဗြဟ္မစရိယ မြတ်သောအကျင့်၏ ထက်ဝက်မျှ ရောက်ကြောင်း လျှောက်ထားရာ---**

မာဟေဝံ အာနန္ဒ မာဟေဝံ အာနန္ဒ-*(သံ၊ ၃။ ၂)*

ဤသို့ မဆိုနှင့် အာနန္ဒာ၊ ဤသို့ မဆိုနှင့် အာနန္ဒာ၊ သူတော်ကောင်းနှင့် ပေါင်းသင်းရခြင်းသည် မြတ်သောအကျင့်၌ အလုံးစုံရောက်ကြောင်း၊ သစ္စာ ၄-ပါး သိရခြင်းသည် သူမြတ်နှင့် ပေါင်းခြင်းကြောင့်ဖြစ်ကြောင်း၊ ငါဘုရားနှင့် ပေါင်းမိခြင်းကြောင့် သတ္တဝါတို့ ဇာတိမှ, ဇရာမှ, မရဏမှ, သောကစသည်တို့မှ လွတ်ရကြောင်းကို အကျယ်ဝေဖန် ဟောကြားတော်မူ၏။ သို့ဖြစ်၍ ဤသက္ကရမြို့သည် ဒေသနာတော် သက်ရောက်ရာ သာသနာ့နိုင်ငံဖြစ်ကြောင်း မှတ်အပ်၏။

✪ ✪ ✪ ✪ ✪

## သီလဝတီနဂရ၊ သီလဝတီမြို့

ဤမြို့ကား မြတ်စွာဘုရားသည် သီတင်းသုံးတော်မူဖူး၍ များစွာသော ရဟန်းတို့လည်း ကမ္မဋ္ဌာန်းတရား အားထုတ်လျက် နေကြကြောင်း၊ တစ်ခါတစ်ရံ မာရ်နတ်သည် လာရောက် နှောင့်ယှက်တတ်ကြောင်း၊ ၎င်းမြို့မှာ သက္ကတိုင်း၊ သောမ္ဘနယ်တွင် တည်ရှိကြောင်း- သံယုတ္တနိကာယ်၊ သဂါထာဝဂ်၊ မာရသံယုတ်*(သံ၊ ၁။ ၁၁၈)*၌---

"ဧကံ သမယံ ဘဂဝါ သောမ္ဘေသု ဝိဟရတိ သီလာဝတိယံ။

တရံရောအခါ ဘုရားရှင်သည် သောမ္ဘနယ်၊ သီလာဝတီ၌ နေတော်မူ၍" ဟူ၍၎င်း ၎င်းဝဂ်၌ပင်---

"ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ သီလာဝတိယံ။ *(သံ၊ ၁။ ၁၁၈)*

တရံသောအခါ ဘုရားရှင်သည် သက္ကတိုင်း၊ သီလာဝတီ၌ နေတော်မူ၏ဟူ၍၎င်း နိဒါန်းမိန့်ဆို၍ ၎င်းမြို့သည် သက္ကတိုင်းတွင် သီးခြားဖြစ်သော သောမ္ဘနယ်၌ ရှိ၍ မြတ်စွာဘုရား ဒေသစာရီ လှည့်လည်တော်မူသောအားဖြင့်၎င်း သီတင်းသုံးတော်မူသောအားဖြင့်၎င်း ထင်ရှားသော မြို့ဖြစ်ကြောင်း မှတ်သားအပ်၏။

တရံရောအခါ **အရှင်သမိဒ္ဓိမထေရ်သည်** ကမ္မဋ္ဌာန်းတရား ဆင်ခြင်သုံးသပ်ပြီး၍ "ဤသို့ မြတ်စွာဘုရားသာသနာတော်၌ မြတ်သောအကျင့်ကို အားထုတ်ရသည်မှာ အရတော်လေစွ"ဟု ဆင်ခြင်အောင်းမေ့သော စိတ်အကြံကို မာရ်နတ်သိ၍ ဉာဏ်မြင် ပျက်ပြားရန် မြေတုန်ခမန်း ခြောက်လှန့်သော အသံကြီးကို ပြုသဖြင့် ဘုရားရှင်အား လျှောက်ထားရာ မာရ်နတ်လာနှောင့်ယှက်ကြောင်း မိန့်ကြား၍ ထို့အတူ ၂-ကြိမ်, ၃-ကြိမ် ပြုပြုလျှင် သမိဒ္ဓိမထေရ်သည် မာရ်နတ်အား---

"သဒ္ဓါယာ'ဟံ ပဗ္ဗဇိတော၊ အဂါရသ္မာ အနဂါရိယံ။
သတိ ပညာ စ မေ ဗုဒ္ဓါ၊ စိတ္တဉ္စ သုသမာဟိတံ။
ကာမံ ကရဿု ရူပါနိ၊ နေဝ မံ ဗျာဓယိဿသိ။ ။*(သံ၊ ၁။ ၁၂၁)*

**ငါကား- သဒ္ဓါအားဖြင့် လူ့ဘောင်မှ အိမ်ထောင်မဲ့သို့ ရဟန်းပြု၏။**
**ငါသည် သတိ, ပညာဉာဏ်နှင့် စိတ်တရား ကောင်းစွာထား၏။**
**ကြောက်မက်ဖွယ် ဘယ်သို့ ပြုသော်လည်း ငါ့ကို မလှုပ်ရှားနိုင်"**

ပြောဆိုလိုက်၍ မချမ်းမြေ့သဖြင့် ကွယ်သွားလေ၏။

ဤသုတ္တန်ကို ထောက်ထားသ၍ မြတ်စွာဘုရားသည် ဤမြို့၌ အသင့်ကြာအောင် သီတင်းသုံးတော်မူကြောင်း, ဒေသနာတော်ဓမ္မစက် ကျရောက်ရာဖြစ်၍ အာဏာနိုင်ငံတော် ဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## စာတုမာမြို့

စာတုမာမြို့သည် ဒေဝဒဟမြို့ကဲ့သို့ သက္ကတိုင်းတွင် ထင်ရှားသော မြို့ကြီးတစ်မြို့ ဖြစ်၍ မြို့ရွာအရေး စည်းဝေးတိုင်ပင်ရာ လွှတ်ရုံးတော်လည်း တည်ရှိကြောင်း---

မြတ်စွာဘုရား တရံရောအခါ ကြွလာတော်မူစဉ် လွှတ်ရုံး၌ တစ်စုံတစ်ခု ပြုဖွယ်ကိစ္စဖြင့် စည်းဝေးနေကြကြောင်း---

တေန ခေါ ပန သမယေန စာတုမေယျကာ သကျာ သန္ဓာဂါရေ သန္နိပတိတာ ဟောန္တိ ကေနစိဒေဝ ကရဏီယေန။*(မဇ္ဈိမ၊ ၂။ ၁၁၉)*

စသည် စာတုမသုတ်၌ လာသဖြင့် ထင်ရှား၏။ ၎င်းပြင် မဇ္ဈိမပဏ္ဏာသ၊ စာတုမ သုတ်*(၂။ ၁၁၉)*၌---

"ဧကံ သမယံ ဘဂဝါ စာတုမာယံ ဝိဟရတိ အာမလကီဝနေ-

အခါတပါး ဘုရားရှင်သည် **စာတုမာ၌** အာမလက တောကျောင်းမှာ နေတော်မူ၏" စသည်ဖြင့်---

အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်အမှူးရှိသော ၅၀၀-သော ရဟန်းတို့ ရောက်လာလျှင် အာဝါသိက ရဟန်းရှင်တို့နှင့် နှုတ်ခွန်းဆက်ကျ နေရာပြင်ဆင်ကြ၍ ဆူညံခြင်းကြောင့် နှင်ထုတ်တော်မူသောအခါ **စာတုမေယျ** သာကီဝင်များနှင့်တကွ သဟမ္ပတိ ပြဟ္မာမင်း ဆင်း၍---

"မြတ်စွာဘုရား၊ ရေမတွေ့သော မျိုးစေ့သည် ပျက်စီးရာသကဲ့သို့ အမိကင်းသော နွားငယ်မှာ ပျက်စီးရာသကဲ့သို့-

မကြာမီက သာသနာတော်ရောက်စ ဓမ္မဝိနယတရား ဝိနည်းဝယ် နုနယ်လှသော ရဟန်းသစ်တို့ ဘုရားရှင်ဖူးခွင့်မရက ပျက်စီးကြပါမည်" စသည်ဖြင့် မျိုးစေ့၊ နွားငယ်ပမာအားဖြင့် လျှောက်ထားလျှင် ဖူးခွင့်ရ၍ ခေါ်တော်မူပြီးလျှင် သာသနာတော်၌-

| | | | |
|---|---|---|---|
| ဦမိ | ကုမ္ဘီလ | အာဝဋ္ဋ | သုသုကာ |
| လှိုင်း | မိကျောင်း | ဝဲ | ငါးမန်း-ဘေး ၄-မျိုးရှိ၍- |

၁။ ကောဓ ဥပါယာသ- အမျက်ဒေါသဟူသော လှိုင်းနှင့်ဘေး

၂။ ဩဒရိကတ္တ- ဝမ်းရေးဟူသော မိကျောင်းဘေး

၃။ ကာမဂုဏ- ကာမဂုဏ်ဟူသော ဝဲဘေး

၄။ မာတုဂါမ- မိန်းမဟူသော ငါးမန်းဘေး-တို့ဖြစ်သဖြင့် ၎င်းတို့ကြောင့် သာသနာမှ ပျက်စီးတတ်ကြောင်း ဟောကြားတော်မူ၏။

ဤသို့ ဟောကြားတော်မူသော သုတ္တန်များအပြင် များစွာသောသုတ္တန်များ ထောက်ထား၍ ဤမြို့ကား သက္ကတိုင်း၌ ထင်ရှား၍ မြတ်စွာဘုရားသာသနာတော် သက်ရောက်ရာ ဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## မေဒါဠုပမြို့နှင့် နဂရကမြို့

ဤမေဒါဠုပနှင့် နဂရကမြို့ငယ်တို့သည် သက္ကတိုင်း အဝင်အပါ အလွန်မကွာမဝေးလှသော မြို့ငယ်များဖြစ်ကြ၍ မြတ်စွာဘုရားသည် တရံရောအခါ မေဒါဠုပ၌ သီတင်းသုံးတော်မူပြီး ရဟန်းတို့အား တရားဓမ္မဟောပြနေတော်မူသောအခါ ကောသလမင်းကြီးသည် တစ်စုံတစ်ခု ပြုဖွယ်ကိစ္စ မင်းမှုရေးရာနှင့် နဂရကသို့ ရောက်လာခိုက် ကြုံကြိုက်သဖြင့် မင်းကြီးသည် ဥယျာဉ်တော်သို့ ကြည့်ရှုရန် ထွက်ခွါသွားရာ သာယာကြည်နူး အထူးနှစ်သက်ဖွယ်ရာ အေးမြစိုပြေသော ဥယျာဉ်မြေကို တွေ့မြင်ရလျှင် ဘုရားရှင်ကို သတိရသဖြင့် ဒီဃကာရာယန အမတ်အား "ယခု မြတ်စွာဘုရား အဘယ်မှာ သီတင်းသုံးတော်မူပါသနည်း" ဟု မေးလျှင်---

"အတ္ထိ မဟာရာဇ မေဒါဠုပံ နာမ သကျာနံ နိဂမော။ တတ္ထ သော ဘဂဝါ ဧတရဟိ ဝိဟရတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါတိ"*(မဇ္ဈိမ၊ ၂။ ၃၂၁)*

"အရှင်မင်းမြတ်၊ သာကိယတို့၏ မေဒါဠုပနိဂုံး ရှိပါသည်၊ ထို၌ ပူဇော်ထိုက်သော သစ္စာသိမြင် ထိုဘုရားရှင်သည် ယခု နေတော်မူပါသည်"ဟု လျှောက်တင်လျှင်---

"ကီ ဝ ဒူရေ ပန သမ္မ ကာရာယန နဂရကမှာ မေဒါဠုပံ နာမ သကျာနံ နိဂမော ဟောတိ"

"အချင်း-ကာရာယန၊ နဂရကမှ မေဒါဠုပ သာကိယနိဂုံးသည် မည်မျှဝေးသနည်း" ဟု မေးမြန်းလျှင်---

"န ဒူရေ မဟာရာဇ တီဏိ ယောဇနာနိ သက္ကာ ဒိဝသာဝသေသေန ဂန္တုံ"

*(မဇ္ဈိမ၊ ၂။ ၃၂၁)*

"မဝေးလှပါ အရှင်မင်းမြတ်၊ ၃-ယူဇနာမျှပါ, နေ့ချင်းပင် သွားနိုင်ပါကြောင်း" လျှောက်တင်လေ၏။

မင်းကြီးသည် သင့်တင့်သောယာဉ်များ ပြင်ဆင်ပြီးလျှင် အစဉ်သဖြင့် သွားကြ၍ မေဒါဠုပသို့ ရောက်သောအခါ မြတ်စွာဘုရားထံ ဆည်းကပ်၊ ခြေတော်ဦးတိုက်ပြီး နှုတ်ခမ်းဖြင့် စုပ်ပြီးလျှင်---

"တပည့်တော် ကောသလပါဘုရား၊ တပည့်တော် ကောသလပါဘုရား" နာမည်ကြား လျှောက်ကြောင်း မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဓမ္မစေတိယသုတ်နိဒါန်း၌ လာ၏။

ထိုအခါ ဘုရားရှင်သည် "မင်းကြီး အဘယ်ကြောင့် ဤသို့ လေးမြတ်ခြင်းကို ပြုဘိသနည်း"ဟု မေးတော်မူလျှင်---

"အတ္ထိ ခေါ မေ ဘန္တေ ဘဂဝတိ ဓမ္မန္ဝယော ဟောတိ။ သမ္မာသမ္ဗုဒ္ဓေါ ဘဂဝါ။ သွာက္ခာတော ဘဂဝတာ ဓမ္မော။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃောတိ"*(မဇ္ဈိမ၊ ၂။ ၃၂၂)*

"အရှင်ဘုရား၊ တပည့်တော်မှာ အရှင်ဘုရား၌ တရားတော်ထောက်ဆသိရခြင်း ရှိပါသည်။ မြတ်စွာဘုရားသည် သစ္စာထိုးထွင်း သိတော်မူပါပေသည်။ တရားတော်ကို ကောင်းစွာ ဟောကြားတော်မူပါပေသည်။ ဘုရားရှင်၏ တပည့်သံဃာများ ကောင်းစွာ ကျင့်ကြံပါပေသည်။

အရှင်ဘုရား အချို့တို့သည် မြတ်သောအကျင့်ကို အပိုင်းအခြားဖြင့် ကျင့်ကြံပါသည်၊ ရဟန်းတို့ကား အသက်ထက်ဆုံး ကျင့်သုံးကြပါသည်၊ စင်ကြယ်ပေစွ။ အခြား၌ ဤသို့ စင်ကြယ်သည်ကို မမြင်ပါ၊ ဤသို့လျှင် ဘုရားရှင်၌ တရားတော် ထောက်ဆသိရပါသည်" စသည်ဖြင့် မြတ်စွာဘုရား၌ လေးစားကြောင်း, တရားတော်၌ လေးစားကြောင်း, သံဃာတော်၌ လေးစားကြောင်း လျှောက်ထား၏။

ဤသို့ တရားတော်၌ အလေးပြုသောကြောင့် ဤသုတ်ကို ဓမ္မစေတိယသုတ်ဟု မှတ်ကြကုန်-ဟု မိန့်တော်မူသည့်အတိုင်း အမည်မှတ်သားကုန်၏။

ဤသုတ် နိဒါန်း အတ္ထုပ္ပတ်ကို ထောက်ထား၍ ဤမေဒဠုပနှင့် နဂရကမြို့တို့ကား မနီးမဝေးမှာ တည်ရှိသော သက္ကတိုင်းနယ်၊ မြို့ငယ်များ ဖြစ်ကြောင်း မြတ်စွာဘုရား သီတင်းသုံးတော်မူလျက် တရားဓမ္မစက် ဟောမြွက်တော်မူကာ သာသနာ့နိုင်ငံတော် ပြုလုပ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ခေါမဒုဿနိဂမ

ဤခေါမဒုဿ နိဂုံးမြို့ငယ်ကလေးသည်လည်း သက္ကတိုင်းတွင် ထင်ရှားသော မြို့ငယ်ဖြစ်သည့်အပြင် ၎င်းမြို့လည်း လွတ်ရုံးသဘင်ဖြင့် စီရင်အုပ်ချုပ်ကြကြောင်း၊ မြတ်စွာဘုရားသည် ဤမြို့၌ သီတင်းသုံးတော်မူဖူးကြောင်း သံယုတ္တနိကာယ်၊ သဂါထာဝဂ်၊ ဗြာဟ္မဏသံယုတ်၊ ဂဟပတိဝဂ်*(နှာ၊ ၁၈၆)*၌---

မြတ်စွာဘုရားရှင်သည် ခေါမဒုဿမြို့ထဲသို့ ဆွမ်းအလို့ငှာ ကြွတော်မူရာ ဗြာဟ္မဏ-ဂဟပတိတို့ စည်းဝေးရာသဘင်သို့ ရောက်ရာတွင်---

**"ကေ စ မုဏ္ဍကာ သမဏကာ ကေ စ သဘာဝမ္ဘံ ဇာနိဿန္တိ"**

**"အဘယ်သို့လျှင် ရဟန်းဦးပြည်း အစည်းအဝေးသဘော သိမည်နည်း"** ဟု မထိမဲ့ ပြောဆိုရာ မြတ်စွာဘုရားသည်---

"အကြြင်သဘင်၌ သူတော်စင်မပါ၊ ရာဂ, ဒေါသ, မောဟပယ်ခွါကြောင်း တရားကောင်း မပြလျှင် သဘင်မမည်၊ သူတော်ကောင်းများ တရားကိုသာလျှင် ဆိုကြကုန်၏"ဟု ဂါထာဖြင့် သဘင့်အကြောင်း ဟောတော်မူလျှင် အလွန်ကြည်ညိုကြ၍ တစ်သက်ပန်ဒကာ အဖြစ် လျှောက်ထားကြကြောင်း- လာသည်ကို ထောက်ဆ၍ သိရသဖြင့် ဤမြို့သည် သာသနာဝင် သက္ကတိုင်းတွင် ထင်ရှားသော မြို့ဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## သာမဂါမနှင့် ဝေဓည

ဤသာမဂါမသည် သက္ကတိုင်းအဝင်အပါ ထင်ရှားသော ရွာကြီးဖြစ်၍ ၎င်းရွာကြီး၌လည်း မြတ်စွာဘုရား သီတင်းသုံးတော်မူဖူးသည့်အပြင် အပရိဟာနိယဒေသနာတော်ကိုလည်း ဟောကြားတော်မူဖူးကြောင်း အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်၊ **အနုတ္တရိယဝဂ်**(*နှာ၊ ၂၇၂*)၌---

**"ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ သာမဂါမကေ ပေါက္ခရဏိယံ။**

**အခါတပါး ဘုရားရှင်သည် သက္ကတိုင်း၊** သာမဂါမရွာ၊ ပေါက္ခရဏီ**ကျောင်းတိုက်၌** နေတော်မူ၏"ဟု **သုတ်နိဒါန်း၌ လာသည့်အပြင် အဋ္ဌကထာ၌လည်း-**

ပေါက္ခရဏိယာယန္တိ **ပေါက္ခရဏီယာ နာမကေ** ဝိဟာရေ၊ ပေါက္ခရဏီ**- မည်သော** ကျောင်းတိုက်-ဟု ဖွင့်ပြသဖြင့် **၎င်းရွာ၌ မြတ်စွာဘုရား သီတင်းသုံးတော်မူဖူးသော** ကျောင်းတိုက်လည်းရှိကြောင်း မှတ်**သားအပ်၏။**

၎င်းကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် နတ်သားတစ်ယောက် လာရောက်၍-

- ကမ္မာရာမ　　အလုပ်များခြင်း
- ဘဿာရာမ　　စကားများခြင်း
- နိဒ္ဒါရာမ　　အအိပ်များခြင်း-

ဤ ၃-ပါး၌ ပျော်မွေ့သော ရဟန်းတို့ ပရိဟာနိယ ပျက်စီးကြောင်း လျှောက်ထားပြီး သွားရာ ရဟန်းတို့အား ဟောကြားပြီး တဖန်မြတ်စွာဘုရားသည်-

- သင်္ဂဏိကာရာမတာ **အပေါင်းအသင်းများခြင်း**
- ဒေါဝစဿတာ **ဆုံးမခက်ခြင်း**
- ပါပမိတ္တတာ **မကောင်းသော မိတ်ဆွေရှိခြင်း-**

ဤ ၃-ပါးလည်း ရဟန်းတို့ပျက်စီးကြောင်း တရားဖြစ်ကြောင်း ထပ်မံဟောကြားတော်မူ၍ အပရိဟာနိယ တိုးပွားကြောင်း တရား ၆-ပါးကိုလည်း ဟောကြားတော်မူကြောင်း- လာသဖြင့် ဤရွာ, ဤကျောင်းတိုက်ကား သာသနာဝင် ပိဋကတွင် ထင်ရှားသော ဌာနဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဝေဓည

ဤဝေဓညကား အဋ္ဌကထာဖွင့်ပြအပ်သည်နှင့်အညီ သာကီဝင်မင်းတို့၏ အမည်ဖြစ်၍ ၎င်းတို့၏ သရက်ဥယျာဉ်တော် မင်းကွန်းပြာသာဒ်ဝယ် သီတင်းသုံးတော်မူစဉ် စုန္ဒသာမဏေသည် "ပါဝါမြို့မှ နိဂဏ္ဌနာဋပုတ္တ တိတ္ထိဆရာကြီး ကွယ်လွန်သဖြင့် တပည့်အားလုံး ကွဲပြားကာ အယူဝါဒအတွက် ကိုးကွယ်ရာမဲ့နေကြရကြောင်း"၊ သာမဂါမ၌ သီတင်းသုံးသော အရှင်အာနန္ဒာထံ လာရောက်လျှောက်ထားရာ ၎င်းစကားလက်ဆောင်ရ၍ စုန္ဒသာမဏေကို ခေါ်ပြီး မြတ်စွာဘုရားရှိတော်မူရာ ဤဝေဓည သရက်ဥယျာဉ်တော်သို့ သွားရောက်လျှောက်ထားခြင်းကို အကြောင်းပြု၍ ဒီဃနိကာယ်၊ ပါထေယျဝဂ်၊ ပါသာဒိကသုတ်*(နှာ၊ ၉၇)*ကို ဟောကြား တော်မူရကြောင်း ၎င်းနိဒါန်း၌---

"ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ဝေဓညာ နာမ သကျာ။ တေသံ အမ္ဗဝနေ ပါသာဒေ။

အခါတပါး ဘုရားရှင်သည် သက္ကတိုင်း၊ ဝေဓည သာကီဝင်တို့၏ သရက်ဥယျာဉ်တော် မင်းကွန်းစံနန်း၌ နေတော်မူ၏" စသည်ဖြင့် လာသည်ကို ထောက်ဆ၍ ဤဝေဓည သရက်ဥယျာဉ်တော်သည် သာမဂါမနှင့် မနီးမဝေးမှာ တည်ရှိကြောင်း၊ ဤပါသာဒိကသုတ် ဒေသနာတော်ကို ဟောကြားတော်မူရာဖြစ်၍လည်း သာသနာတော်၌ ထင်ရှားကြောင်း၊ မြတ်စွာဘုရားလည်း သီတင်းသုံးတော်မူရာဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## သက္ကတိုင်း၊ အခြား မြို့ရွာများ

ဤသက္ကတိုင်း၌ ဆိုခဲ့ပြီးသော မြို့ရွာတို့မှတပါး အခြားသော ခုဒ္ဒကနိကာယ်တို့၌ လာသော ဥလုမ္ပစသော မြို့များရှိသော်လည်း နိကာယ်ကြီးများ၌ ထုတ်ဖော်ပြအပ်သော မြို့ရွာတို့ကဲ့သို့ ထင်ရှားစွာ ဟောကြားသော ဒေသနာတော်မရှိ၍ အထူးမဖော်ပြဘဲ ဒေသနာတော်ထင်ရှားသော မြို့, ရွာ, နိဂုံးများသာလျှင် သာသနာဝင်ဖြစ်ကြောင်း မှတ်သားအပ်၏။

## ဇာတိဘူမိ

ဇာတိဘူမိသည် သုတ်, အဋ္ဌကထာများ၌ ဖွင့်ပြသည့်အတိုင်း သက္ကတိုင်းကြီးတွင် ထင်ရှားသော သာကီယတို့၏နေထိုင်ဖြစ်ထွန်းခဲ့ရာ **ရှေးရွာဟောင်းကြီး** ဖြစ်ကြောင်း၊ မြတ်စွာဘုရား လက်ထက်တော်၌လည်း ထင်ရှား၍ ကျောင်းအာဝါသ ၇-ကျောင်းမျှပင် ရှိကြောင်း၊ သို့ရာတွင် အာဝါသိက **အရှင်ဓမ္မိက**ကြောင့် ကျောင်းများတွင် သံဃာအများ မနေနိုင်ကြကြောင်း ဆက္ကအင်္ဂုတ္တိုရ်၊ ဓမ္မိကဝဂ်၊ **ဓမ္မိကသုတ်**(*နှာ၊ ၃၂၂*)၌---

"တေန ခေါ ပန သမယေန အာယသ္မာ ဓမ္မိကော ဇာတိဘူမိယံ အာဝါသိကော ဟောတိ။ သဗ္ဗသော ဇာတိဘူမိယံ သတ္တသု အာဝါသေသု။ တတြ သုဒံ အာယသ္မာ ဓမ္မိကော အာဂန္တုကေ ဘိက္ခူ အက္ကောသတိ ပရိဘာသတိ ဝိဟိံသတိ ဝိတုဒတိ ရောသေတိ ဝါစာယ။

ထိုအခါ၌ကား အရှင်ဓမ္မိကသည် ဇာတိဘူမိ၌ အာဝါသိကဖြစ်၏။ အလုံးစုံဇာတိဘူမိ ၇-ကျောင်းတို့၌ နေထိုင်၏။ ၎င်းတို့၌ကား အရှင်ဓမ္မိကသည် လာရောက်ကြသော အာဂန္တုရဟန်းတို့အား စကားဖြင့် ဆဲရေး၏၊ ရေရွတ်၏၊ ညှဉ်းဆဲ၏၊ ထိုးဆွ၏၊ ချုပ်ချယ်၏" စသည်ဖြင့်လာသည်ကို ထောက်ဆ၍ သိနိုင်၏။

သို့ရာတွင် ဒါယကာတို့သည် ၎င်းအာဝါသိက အရှင်ဓမ္မိက၏ ချုပ်ချယ်မှုကြောင့် အာရာမ် ၇-ခုလုံး သံဃာကင်းခြင်းဖြင့် ကောင်းမှုကုသိုလ်မှ ဆုတ်ယုတ်ကြ၍ မခံမရပ်နိုင်ကြသဖြင့် ဒါယကာအပေါင်းတို့ တိုင်ပင်ညီညွတ်ပြီး နှင်ထုတ်ရကြောင်း၊ အရှင်ဓမ္မိကသည် နေရာမရှိ၍ မြတ်စွာဘုရားထံ ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်ကျောင်းတော်သို့ ရောက်လာ၍ မြတ်စွာဘုရားသည် သမုဒ္ဒြာပင်လယ် ခရီးသွားတို့၏ ကမ်းလမ်းမမြင်သောအခါ ငှက်လွှတ်လျှင် ကမ်းလမ်းမမြင်က သင်္ဘောသို့ ပြန်လာရသကဲ့သို့ စသည်ဖြင့်၎င်း အများမှီခိုရာ ပညောင်ပင်ကြီး ဥပမာဖြင့်၎င်း ဟောကြားဆုံးမတော်မူရကြောင်း၊ မိမိကို စောင့်ရှောက်က အခြားသူများကိုလည်း စောင့်ရာရောက်ကြောင်း၊ ထိုကြောင့် မိမိကို စောင့်ရာ၏၊ ပညာရှိ

သည် အမျက်မထွက်ရာ စသည်ဖြင့် ဟောကြားတော်မူကြောင်း ၎င်းသုတ်၌လာသည်ကို ထောက်ဆ၍ ၎င်းဇာတိဘူမိက ရှာကြီးသည် သာသနာ၀ယ် ထင်ရှားကြောင်း မှတ်သား အပ်၏။

- - - - - x - - - - -

## သုမ္ဘနယ်၊ သေဒကမြို့

အချို့သုတ္တန်များ၌ သုမ္ဘနယ်၊ သေဒကနိဂုံးမြို့ဟု လာသည်မှာ ထင်စွာရှိ၍ ၎င်းသုမ္ဘနယ်သည် သီလ၀တီမြို့ အကြောင်းအရာ၌ ရေးသားအပ်ပြီးသည့်အတိုင်း သက္ကတိုင်းတွင် လက်အောက်နယ်ပယ်အဖြစ်ဖြင့် ခရိုင်တစ်ခုမှတ်သားအပ်သည့်အပြင် မြတ်စွာဘုရားသည် ၎င်းတိုင်းနယ်များသို့ ဒေသစာရီလှည့်လည်တော်မူ၍ များစွာသော သုတ္တန်များ ဟောကြားတော်မူဖူးကြောင်း---

- သံယုတ္တနိကာယ်၊ သဂါထာ၀ဂ်၌၎င်း
- မဟာ၀ဂ်၊ ဗောဇ္ဈင်္ဂသံယုတ်၊ ဥဒါယိ၀ဂ်၌၎င်း
- မဟာ၀ဂ်၊ သတိပဋ္ဌာနသံယုတ်၊ နာလန္ဒ၀ဂ်*(နှာ၊ ၁၄၆)*၌၎င်း

“ဧကံ သမယံ ဘဂဝါ သုမ္ဘေသု ဝိဟရတိ သေဒကံ နာမ သုမ္ဘာနံ နိဂမော။

အခါတပါး ဘုရားရှင်သည် သုမ္ဘတိုင်း၊ သေဒကမြို့၌ နေတော်မူ၏”ဟု လာသော ကြောင့် ဤသေဒကလည်း သက္ကတိုင်း၊ သုမ္ဘနယ်၊ သီလ၀တီမြို့ကဲ့သို့ မြို့ငယ်တစ်ခုဖြစ်၍ မြတ်စွာဘုရားဒေသနာတော်ဓမ္မစက် သက်ရောက်ရာ ဌာနဖြစ်သဖြင့် သာသနာ့နိုင်ငံတော် ဖြစ်ကြောင်း မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## ကောလိယတိုင်းနှင့် မြို့နယ်များ

ကောလိယတိုင်းသည်လည်း သက္ကတိုင်းနှင့် ဆက်စပ်လျက် ရှေးအစဉ်အဆက်အား ဖြင့် ကမ္ဘာဦးမှစ၍ အသမ္ဘိန္နဇာတ် အခြားသောအမျိုးဇာတ်တို့နှင့် ရောစပ်ခြင်းမရှိ၊ စင်ကြယ် သော သာကီ၀င်များ၏ နေထိုင်ရာ ၎င်းသက္ကတိုင်းနှင့် မရှေးမနှောင်းကဲ့သို့ တည်ထောင်ခဲ့ သော နိုင်ငံဖြစ်သည့်အပြင်, မြတ်စွာဘုရား လက်ထက်တော်၌လည်း ၎င်းသက္ကတိုင်းနှင့် ကောလိယတိုင်း ဆွေမျိုးနိုင်ငံအချင်းချင်း နီးကပ်လျက် တည်ရှိကြ၍, ၎င်းဆွေတော်မျိုးတော် တို့နှင့်စပ်လျဉ်း၍ များစွာသော ဇာတ်နိပါတ်, သုတ္တန်ဒေသနာတော်များ ဟောကြားတော်မူရ

ကြောင်း၊ ၎င်းတိုင်းနယ် မြို့ရွာနိဂုံးများသို့လည်း မြတ်စွာဘုရား ဒေသစာရီအားဖြင့် လှည့်လည်တော်မူ၍ များစွာသောသုတ် ဒေသနာတော်များ ဟောကြားတော်မူကြောင်း ထိုထိုသုတ္တန်များ ထောက်ထားသောအားဖြင့် ထင်ရှား၏။ ၎င်းတိုင်းနယ်၏ မြို့တော်ကား သက္ကတိုင်းနယ်၊ ကပိလမြို့တော်ကဲ့သို့ မထင်ရှားလှသော်လည်း မဟာပရိနိဗ္ဗာနသုတ်၌ လာသည်ကို ထောက်ဆ၍ ရာမဂါမဖြစ်ကြောင်း၊ သို့ရာတွင် ၎င်းရာမဂါမ၌ကား မြတ်စွာဘုရား ဟောကြားတော်မူသော သုတ္တန်များမူ ထင်ရှားမရှိကြောင်း ပရိနိဗ္ဗာနသုတ်နိဂုံး(နှာ၊ ၁၃၆)၌သာ---

"အထခေါ ရာမဂါမကာ ကောဠိယာ ကောသိနာရကာနံ မလ္လာနံ ဒူတံ ပါဟေသုံ"

ထိုအခါ ရာမဂါမမြို့သား ကောဠိယမင်းများသည် ကုသိနာရ မလ္လာမင်းတို့အား တမန်စေလွှတ်ကြကုန်၏" စသည်ဖြင့် "မြတ်စွာဘုရားလည်း မင်းမျိုး၊ ငါတို့လည်း မင်းမျိုး၊ ငါတို့လည်း ဓာတ်မွေ သရီတော် ပူဇော်ထိုက်ကြောင်း" ဓာတ်တော်တောင်းဆိုရာတွင် လာ၏။

သို့ဖြစ်၍ ၎င်းရာမဂါမသည် ၎င်းကောဠိယ မင်းမျိုးတို့၏ နေရာမြို့တော်အဖြစ် မှတ်သားအပ်၏။

၎င်းကောဠိယတိုင်းတွင် လက်အောက်မြို့နယ်အများရှိကြ၍ ထိုမြို့နယ်များ၌ မြတ်စွာဘုရား ဒေသစာရီအားဖြင့် ကြွရောက်တော်မူကာ များစွာသော ဒေသနာတို့ဟောကြားတော်မူကြောင်း သုတ္တန်တို့၌ လာရှိသော မြို့နယ်တို့မှာ---

### ကောလိယမြို့နယ်များ

၁။ ကုဏ္ဍိကာနဂရ ကုဏ္ဍိကာမြို့
၂။ ဟလိဒ္ဒဝသနနိဂမ ဟလိဒ္ဒဝသနမြို့ငယ်
၃။ ဥတ္တရနိဂမ ဥတ္တရမြို့ငယ်
၄။ ပဇ္ဇနိကနိဂမ ပဇ္ဇနိကမြို့ငယ်
၅။ သာပုဂိယနိဂမ သာပုဂိယမြို့ငယ်
၆။ သက္ကရသတ္တနိဂမ သက္ကရသတ္တမြို့ငယ်-

စသောမြို့များဖြစ်ကြ၍ ထိုမြို့များ၌ ဒေသနာတော်အရ မြတ်စွာဘုရားသီတင်းသုံးတော်မူ၍ တရားဓမ္မဟောပြသွန်သင် အမြိုက်နိဗ္ဗာန်သို့ ကယ်တင်ရာ သာသနာဝင်မြို့နယ်များဖြစ်ကြောင်း မှတ်သားအပ်ကုန်၏။

## ကုဏ္ဍိကာနဂရ

ဤမြို့သည် ကောလိယတိုင်း၌ ထင်ရှားသောမြို့ဖြစ်သည့်အပြင် သာသနာတော်၌ ထင်ရှားသော **အရှင်သီဝလိမထေရ်မြတ်၏မယ်တော် သုပ္ပဝါသာမည်သော ကောလိယ မင်းသမီး၏** နေထိုင်ရာမြို့ဖြစ်၍လည်း ကျော်ကြား၍, မြတ်စွာဘုရားလည်း သီတင်းသုံးတော် မူဖူးသော မြို့ဖြစ်ကြောင်း ဥဒါန်းပါဠိတော်၊ **မူဠလိန္ဒဝဂ်**(*နှာ၊ ၉၃*)၌---

"ဧကံ သမယံ ဘဂဝါ တုဏ္ဍိကာယံ ဝိဟရတိ **ကုဏ္ဍဓာနဝနေ**။ တေန ခေါ ပန သမယေန သုပ္ပဝါသာ ကောလိယဓီတာ **သတ္တဝဿာနိ ဂဗ္ဘံ ဓာရေတိ**။ သတ္တာဟံ မူဠ္ဟဂဗ္ဘာ။

အခါတပါး ရှင်တော်မြတ်ဘုရားသည် **ကုဏ္ဍိကမြို့** ကုဏ္ဍဓာနတောကျောင်း၌ နေတော်မူ၏။ ထိုအခါ **ကောလိယမင်းသမီး သုပ္ပဝါသာ**သည် ၇-နှစ် ကိုယ်ဝန်ဆောင်၏။ ၇-ရက် တွေဝေသော ကိုယ်ဝန်ရှိ၏" စသည်ဖြင့် လာသည်ကို ထောက်ဆ၍ သိသာ၏။

ဤကုဏ္ဍိကမြို့၏ မနီးမဝေး၌ အဋ္ဌကထာဖွင့်ပြချက်အရ ကုဏ္ဍဓာန တောအုပ်မှာ ဘုရားရှင်တို့အား သင့်တင့်လျောက်ပတ်စွာ ဆောက်လုပ်အပ်သော ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် ၎င်း၌ထင်ရှားသော သုပ္ပဝါသာကောလိယမင်းသမီးသည် ၇-နှစ်ပတ်လုံး ကိုယ်ဝန်ဖြင့် နေရပြီးလျှင် ၇-ရက်ပတ်လုံး တွေဝေမိန်းမောနေရ၍ ဘုရားရှင်ထံတော်သို့ ဤဆင်းရဲမှ လွတ်စေကြောင်း လျှောက်ထားစေရာ-

"သုခိနီ ဟောတု သုပ္ပဝါသာ ကောလိယဓီတာ အရောဂါ အရောဂံ ပုတ္တံ (ဝိဇာယတု)။(*ဥဒါန်း၊ ၉၄*)

သုပ္ပဝါသာကောလိယမင်းသမီး ချမ်းသာပါစေ, ရောဂါကင်းလျက် မကျင်မနာ သားရတနာ (ဖွားမြင်ပါစေ)"ဟု ဘုရားရှင်မိန့်တော်မူသည်နှင့် တပြိုင်နက် ချမ်းသာစွာ သီဝလိ အမည်ရှိမည့် သားမြတ်ရတနာ ဖွားမြင်သဖြင့် အလွန်လျှင် ဝမ်းမြောက်၍ ဘုရားရှင် အမှူးရှိသော သံဃာတော်တို့အား ၇-ရက်ပတ်လုံး ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးကြောင်း၊ ၎င်းပါဠိတော်၌ အကျယ်လာသည်ကို မှတ်သား၍ ဤမြို့ကား ဘုရားရှင် သီတင်းသုံးတော် မူရာ ကျောင်းအာဝါသနှင့် ပြည့်စုံသော သာသနာတော်ဝင် ထင်ရှားသောမြို့ဖြစ်ကြောင်း မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## ဟာလိဒ္ဒဝသနမြို့

ဤမြို့သည်လည်း ကောလိယတိုင်း၌ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူသော အခါ ဤမြို့သို့ရောက်၍ ၎င်းကို ဂေါစရဂါမ်ပြုပြီး သီတင်းသုံးတော်မူကာ များစွာသော ဒေသနာတော် ဟောပြတော်မူရာဖြစ်၍ သာသနာ့နိုင်ငံတော်ဖြစ်ကြောင်း မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဂဟပတိဝဂ်၊ ကုက္ကုရဝတိကသုတ် နိဒါန်း*(နှာ၊ ၅၀)*၌---

"ဧကံ သမယံ ဘဂဝါ ကောဠိယေသု ဝိဟရတိ ဟလိဒ္ဒဝသနံ နာမ ကောလိယာနံ နိဂမော။ အထခေါ ပုဏ္ဏော စ ကောလိယပုတ္တော ဂေါဝတိကော အစေလော စ သေနိယော ကုက္ကုရဝတိကော ယေန ဘဂဝါ၊ တေနုပသင်္ကမိံသု။

အခါတပါး ဘုရားရှင်သည် ကောလိယတိုင်း၊ ဟလိဒ္ဒမြို့၌ နေတော်မူ၏။ ထိုအခါ ကောလိယသား နွားအကျင့်ရှိသော ပုဏ္ဏနှင့် အဝတ်မစည်း ခွေးအကျင့်ရှိသော သေနိယတို့ သည် ဘုရားရှင်ထံ ဆည်းကပ်ကြကုန်၏" စသည်ဖြင့် လာ၏။

ထိုပုဏ္ဏနှင့် သေနိယတို့သည် မိမိတို့ကျင့်ကြံသော နွားအကျင့်နှင့် ခွေးအကျင့်တို့၏ အကျိုးတရား လျှောက်ထားကြရာ မြတ်စွာဘုရားသည် အကျိုးစီးပွါးမရှိကြောင်း၊ အချည်းနှီး သာဖြစ်ကြောင်း ဟောပြပြီးလျှင် ၎င်းတို့အယူစွန့်ရန် ကောင်းမြတ်သော အကျင့်တရား ဟောပြတော်မူရန် တောင်းပန်သဖြင့်-

- ကဏှ ကဏှဝိပါက --- မည်းညစ်၍ မည်းညစ်ကျိုးရှိသော ကံ
- သုက္က သုက္ကဝိပါက --- ဖြူစင်၍ ဖြူစင်ကျိုးရှိသော ကံ
- ကဏှ သုက္ကဝိပါက --- မည်း၊ ဖြူ၍ မည်း၊ ဖြူကျိုးရှိသော ကံ
- အကဏှ အသုက္ကဝိပါက --- မမည်းညစ်၊ ဖြူစင်ကျိုးရှိကုန်သော ကံ ဟူ၍-

- မည်းညစ်သော အကုသိုလ် ကံ
- ဖြူစင်သော ကုသိုလ် ကံ
- မည်းညစ်၊ ဖြူစင်သော အကုသိုလ်၊ ကုသိုလ် ရောနှောသော ကံ
- မည်း၊ ဖြူဖြစ်သော အကုသိုလ်၊ ကုသိုလ်ကုန်၍ ကဏှ သုက္က အမည်း၊အဖြူ မဆိုအပ် သော လောကုတ္တရာ ကံ-

ဤကံ ၄-ပါးခွဲခြားဝေဖန် ဟောကြားတော်မူရာ အယူဝါဒကို စွန့်ကာ သာသနာ တော်ဝင်လျက် ရဟန်းပြုကြ၍ နောက်၌ ရဟန္တာဖြစ်ကြကြောင်း လာ၏။

ငင်းဟလိဒ္ဒဝသနနှ့် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ကျောင်းအာဝါသ မဖော်ပြသော်လည်း **ဘုရားရှင်တို့အားလျော်သော ကျောင်းအာဝါသရှိကြောင်း** မှတ်ယူအပ်၏-ဟု အဋ္ဌကထာတို့၌ ဖွင့်ပြသည်နှင့်အညီ သံဃာများသီတင်းသုံးရာ ကျောင်းအာဝါသရှိကြောင်း သံယုတ္တနိကာယ်၊ မဟာဝဂ်၊ **ဗောဇ္ဈင်္ဂသံယုတ်**(နှာ၊ ၁၀၁)၌လည်း---

"အထခေါ သမ္ဗဟုလာ ဘိက္ခူ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ ဟလိဒ္ဒဝသနံ ပိဏ္ဍာယ ပဝိသိံသု။

ထို (မြတ်စွာဘုရား သီတင်းသုံးတော်မူသော)အခါ များစွာသော ရဟန်းတို့သည် နံနက်၌ သင်္ကန်းဝတ်ရုံ၍ သပိတ်သင်္ကန်းယူပြီးလျှင် ဟလိဒ္ဒဝသနသို့ ဆွမ်းအတွက် ဝင်ကြကုန်၏"စသည်ဖြင့် လာ၍ ရဟန်းသံဃာများလည်း နေထိုင်ကြောင်းမှာ ထင်ရှား၏။

ငင်းသုတ်၌ ရဟန်းအပေါင်းတို့သည် ဆွမ်းခံစောသေး၍ ပရိဗိုဇ်များ အာရာမ်သို့ ဝင်ကြရာ ပရိဗိုဇ်များက "သင်တို့ဆရာဘုရား ဗြဟ္မဝိဟာရ ၄-ပါး ပွါးများဖို့ ဟောကြား၏။ ကျွန်ုပ်တို့လည်း ထိုဗြဟ္မဝိဟာရတရားကိုပင် ပွါးများဖို့ ဟော၏။ အသို့ ထူးသနည်း"ဟု မေးရာတွင် ပြောဆိုသည်ကိုလည်း မနှစ်သက်၊ ပယ်လည်းမပယ်ဖျက်ဘဲ ဆွမ်းခံလှည့်လည် ပြန်လာမှ ဘုရားရှင်ကို လျှောက်ထားရာ ဘုရားရှင်သည် ရဟန်းတို့အား---

"မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဗြဟ္မဝိဟာရ ၄-ပါး၏-

| | | | |
|---|---|---|---|
| **ဂတိ,** | **ပရမ,** | **ဖလ,** | **ပရိယောသာန**---ဟူသော |
| **ရောက်ရာ,** | **အမွန်အမြတ်,** | **အကျိုး,** | **အဆုံး**- - - -တရားတို့ကို မေးပြောက |

အခြား ပရိဗိုဇ်များ ဖြေကြားပြီးမြောက်စေနိုင်မည် မဟုတ်"ဟု အမိန့်ရှိပြီးလျှင် ဤဗြဟ္မဝိဟာရ ၄-ပါးကို ဗောဇ္ဈင် ၇-ပါးနှင့် ယှဉ်တွဲပွါးများမှသာ စေတောဝိမုတ္တိ ပညာဝိမုတ္တိ ရောက်နိုင်ကြောင်း အကျယ်ဝေဖန် ဟောကြားတော်မူ၏။

✪ ✪ ✪ ✪ ✪

## ဥတ္တရနိဂမ

ဤဥတ္တရမည်သော နိဂုံးမြို့ငယ်သည်လည်း ကောလိယတိုင်း၌ ပါဝင်၍ ငင်းတိုင်းအတွင်း လှည့်လည်တော်မူပြီး သီတင်းသုံးကာ တရားဓမ္မဒေသနာကို ဟောကြားတော်မူရာ မြို့နယ်ဖြစ်ကြောင်း သံယုတ္တနိကာယ်၊ သဠာယတနဝဂ်၊ **ဂါမဏိသံယုတ်**(နှာ၊ ၂၅၀)၌---

**“ဧကံ သမယံ ဘဂဝါ ကောလိယေသု ဝိဟရတိ ဥတ္တရံ နာမ ကောလိယာနံ နိဂမော။ အထခေါ ပါဋလိယော ဂါမဏိ ယေန ဘဂဝါ၊ တေနုပသင်္ကမိ။**

အခါတပါး ဘုရားရှင်သည် ကောလိယတိုင်း၊ ဥတ္တရမြို့၌ နေတော်မူ၏။ ထိုအခါ ပါဋလိယ ဂါမဏိသည် ဘုရားရှင်ထံ ဆည်းကပ်လေ၏”စသည်ဖြင့် လာ၍ ဤသုတ် နိဒါန်းအရ ၎င်းနိဂမ၌ နေတော်မူစဉ် များစွာသောသူတို့ ပြောဆိုကြသည်ကို အကြောင်းပြု၍ ပါဋလိယ ဂါမဏိသည် မြတ်စွာဘုရားအား “မာယာများကို သိသည်ဟု ပြောဆိုကြသည်မှာ စွပ်စွဲရာရောက်ပါသလော”ဟု မေးလျှောက်ထားရာ “ကောလိယတို့၏ အစေအပါး လမ္ဗစူဠကတို့၏ သီလရှိ, မရှိ သင်သိသလော”ဟု မေးတော်မူလျှင် “သီလမရှိကြောင်းကို သိပါသည်ဘုရား”ဟု လျှောက်ကာ “ထိုသီလမရှိဟု သိခြင်းဖြင့် သင် သီလမရှိဟု ဆိုနိုင်သလော”ဟု ထပ်၍ မေးတော်မူက “လမ္ဗစူဠကသည် တခြား၊ တပည့်တော်သည် တခြားပါ”ဟု လျှောက်လျှင် “ဂါမဏိ၊ ထို့အတူပင် ငါဘုရားကား မာယာတရားကို သိ၏၊ မာယာ တရား၏ မကောင်းသော ဒုဂ္ဂတိအကျိုးကို သိ၏။ ဘုရားရှင်တို့သည် မာယာဝီ မာယာရှိသည် ဟုကား မဆိုနိုင်၊ ဘုရားရှင်တို့သည် ဒုစရိုက်တရားကို သိ၏၊ ၎င်း၏ မကောင်းကျိုးကို သိ၏” စသည်ဖြင့် ဒုစရိုက်တို့၏ အကျိုး, အပြစ်တို့ကို အကျယ်ဝေဖန် ဟောကြားတော်မူ၏။

ထို့အတူ ထိုဝဂ် ရာသိယ ဂါမဏိသုတ်၌လည်း ရာသိယဂါမဏိသည် တပဿီတရား လျှောက်ထား၍ ၎င်းအား တပဿီ လူခဗီဝိ ၃-ပါးခွဲခြား ဟောတော်မူ၍ ကြည်ညိုနှစ်သက် တစ်သက်ပန်ဥပါသကာ လျှောက်ထား၏။ ဤသုတ်များကို ထောက်ထား၍ ဤမြို့ကား သာသနာဝင် ထင်ရှားသောမြို့ဟု မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## ပဇ္ဇနိကနိဂမ

ဤနိဂုံးသည်လည်း ကောလိယတိုင်း၌ ထင်ရှားသော မြို့ဖြစ်၍ ကောလိယမင်းသမီး သုပ္ပဝါသာသည် ထိုမြို့မှာ နေကြောင်း၊ မြတ်စွာဘုရားလည်း ထိုမြို့၌ သီတင်းသုံးတော်မူ၍ တရားဒေသနာဟောကြားတော်မူရာ မြို့ဖြစ်ကြောင်း စတုက္ကအင်္ဂုတ္တိုရ်၊ ပုညာဘိသန္ဒဝဂ်(နှာ၊ ၃၇၃)၌---

“ဧကံ သမယံ ဘဂဝါ ကောလိယေသု ဝိဟရတိ ပဇ္ဇနိကံ နာမ ကောလိယာနံ နိဂမော။

အခါတပါး ဘုရားရှင်သည် ကောလိယတိုင်း၊ ပဇ္ဇနိကနိဂုံး၌ နေတော်မူ၏" စသည်ဖြင့် ထိုနိဂုံး၌နေတော်မူသောအခါ ကောလိယမင်းသမီး သုပ္ပဝါသာသည် မြတ်စွာဘုရားအမှူးရှိသော သံဃာအား ဆွမ်းလုပ်ကျွေး၍အဆုံး၌ မြတ်စွာဘုရားသည် "ဆွမ်းလုပ်ကျွေးသဖြင့် **အာယု, ဝဏ္ဏ, သုခ, ဗလ** အကျိုးတရား ၄-ပါး ဟောကြားကြောင်း" လာ၏။

၎င်းပဇ္ဇနိက အမည်နှင့် စပ်လျဉ်း၍ အဋ္ဌကထာ၌ ကောလိယနိဂုံးဖြစ်ကြောင်းမှတပါး အထူးမဖွင့်ပြသဖြင့် ကောလိယတိုင်း မြို့တစ်ခုအမည်မျှသာ မှတ်သားအပ်သော်လည်း သုပ္ပဝါသာ ကောလိယဓီတာ ဟူသော အမည်ကား နောက်ကပြဆိုခဲ့ပြီးသော ကုဏ္ဍိကာနဂရမြို့အကြောင်း၌ သုပ္ပဝါသာကား ဤမြို့၌ ထင်ရှားသော ကောလိယမင်းသမီးဖြစ်ကြောင်း၊ ၎င်းသည် အရှင်သီဝလိ၏မယ်တော်ဖြစ်ကြောင်း ဥဒါန်းပါဠိတော်၌ လာသည်ကိုထောက်ထားရေးသားခဲ့ပြီးဖြစ်၍ ၎င်းအမည်ရှိ ကောလိယအမျိုးသမီးဟု မှတ်သားအပ်၏။

၎င်းပြင် အမည်ပညတ်အားဖြင့် သီဟဠက္ခရာ ပါဠိများ၌ကား-**သဇ္ဇနေလ**ဟုရှိ၍ မြန်မာက္ခရာ ပါဠိများ၌ကား **ပဇ္ဇနိက**-ဟု ရှိသဖြင့် အက္ခရာအကူးအပြောင်း မှားကောင်းမှားလိမ့်မည်ဟုသာ မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## သာပုဂိယနိဂမ

ဤနိဂုံးသည်လည်း ကောဠိယတိုင်း၌ပင် ဖြစ်၍ ၎င်းနိဂုံး၌ တရံရောအခါ အရှင်အာနန္ဒာ သီတင်းသုံးတော်မူစဉ် များစွာသော သာပုဂိယ ကောလိယမင်းသားတို့သည် အရှင်အာနန္ဒာသို့ ချဉ်းကပ်ကြ၍ အရှင်အာနန္ဒာမထေရ်သည် ၎င်းတို့အား ၄-ပါးသော **ပဓာနိယင်္ဂတရား** ဟောကြားကြောင်း အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ်၊ မဟာဝဂ်*(နှာ၊ ၁၁၅)*၌---

"စတ္တာရိမာနိ ဗျဂ္ဃပဇ္ဇာ ပါရိသုဒ္ဓိပဓာနိယင်္ဂါနိ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန သမ္မဒက္ခာတာနိ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ။

အို---ဗျဂ္ဃပဇ္ဇ ကောလိယမင်းသားတို့ သိတော်၊ မြင်တော်မူသော ပူဇော်ထိုက်သော သစ္စာ ၄-အင် ကိုယ်တိုင်သိမြင်တော်မူသော ဘုန်းတော်သခင် မြတ်ဘုရားသည် သတ္တဝါတို့ စင်ကြယ်ရန်, စိုးရိမ်ငိုကြွေးခြင်း လွန်မြောက်ရန်, ဆင်းရဲနှလုံးမသာခြင်း ချုပ်ငြိမ်းရန်, အသိဉာဏ်ရရန် နိဗ္ဗာန်မျက်မှောက်ပြုရန် ဤစင်ကြယ်သော ပဓာနိယင် တရား ၄-ပါး

ဟောကြားတော်မူသည်” စသည်ဖြင့် စတုက္က၊ အင်္ဂုတ္တိုရ်၊ မဟာဝဂ်၌ လာရှိသည့်ပြင် ၎င်း အဋ္ဌကထာ(*နှာ၊ ၃၆၆*)၌လည်း---

“ဗျဂ္ဃပဇ္ဇာတိ တေ အာလပန္တော ဧဝမာဟ။ ကောလနဂရဿ ဟိ ကောလရုက္ခေ ဟာရေတွာ ကတတ္တာ ကောလနဂရန္တိ စ ဗျဂ္ဃပထေ မာပိတတ္တာ ဗျဂ္ဃပဇ္ဇန္တိ စ ဒွေ နာမာနိ။

ဗျဂ္ဃပဇ္ဇ-ဟူသည် ကောလိယတိုင်းသားတို့ကို ဤသို့ခေါ်၏။ ကောလမြို့ကား ကလောပင်ကို ပယ်၍ တည်ထောင်သောကြောင့် ကောလနဂရ-ဟူ၍၎င်း ကျားလမ်း၌ ဖန်ဆင်းအပ်သောကြောင့် ဗျဂ္ဃပဇ္ဇ-ဟူ၍၎င်း အမည် ၂-ပါး ရှိကုန်၏” ဟု ဖွင့်ပြသော ကြောင့် ဤဗျဂ္ဃပဇ္ဇ ကောလိယတိုင်း အဝင်အပါ သာပုဂိယ အချို့(*အခေါ်*) သာမုဂိယမြို့ သည်ကား မြတ်စွာဘုရား ဒေသနာတော်ပြန့်နှံ့ရာ သာသနာဝင်မြို့ဖြစ်ကြောင်း ဤသုတ် အဋ္ဌကထာတို့ကို ထောက်ထား၍ မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ကက္ကရသတ္တနိဂမ

၎င်းကက္ကရသတ္တမြို့သည်လည်း ကောလိယတိုင်း၌ ထင်ရှားသော ကောလိယ မင်းသားတို့ နေထိုင်ရာဖြစ်သော မြို့ဖြစ်သည့်အပြင် တစ်ခါတစ်ရံလည်း မြတ်စွာဘုရား သီတင်းသုံးတော်မူ၍ ၎င်းတိုင်းသား ကောလိယတို့အား တရားဓမ္မ ဟောပြတော်မူကြောင်း အဋ္ဌင်္ဂုတ္တရ၊ ဂေါတမီဝဂ်(*နှာ၊ ၁၀၇*)၌---

ဧကံ သမယံ ကောလိယေသု ဝိဟရတိ ကက္ကရပတ္တံ နာမ ကောလိယာနံ နိဂမော။ အထခေါ ဒီဃဇာဏု ကောလိယပုတ္တော ယေန ဘဂဝါ၊ တေနုပသင်္ကမိ။

အခါတပါး ဘုရားရှင်သည် ကောလိယတိုင်း ကက္ကရသတ္တမည်သော ကောလိယ နိဂုံး၌ နေတော်မူ၏။ ထိုအခါ ဒီဃဇာဏု ကောလိယမင်းသားသည် ဘုရားရှင်ထံသို့ ချဉ်းကပ် လေ၏” စသည်ဖြင့်လာ၏။ ၎င်းမင်းသားလျှောက်ထားသည်ကို အကြောင်းပြု၍ မျက်မှောက် ၌ ကြီးပွါးချမ်းသာကြောင်း---

ဥဋ္ဌာနသမ္ပဒါ၊ အာရက္ခသမ္ပဒါ၊ ကလျာဏမိတ္တတာ၊ သမဇီဝိတာ-

ထကြွမှုပြည့်စုံခြင်း၊ စောင့်ရှောက်မှု ပြည့်စုံခြင်း၊ မိတ်ကောင်းရှိခြင်း၊ မျှတစွာ အသက်မွေးခြင်း ဟူသော ဒိဋ္ဌဓမ္မ-ပစ္စက္ခသမ္ပဒါ ၄-ပါးကို၎င်း------ တမလွန်ကြီးပွါးချမ်းသာကြောင်း---

**သဒ္ဓါသမ္ပဒါ၊ သီလသမ္ပဒါ၊ စာဂသမ္ပဒါ၊ ပညာသမ္ပဒါ-**

**သဒ္ဓါပြည့်စုံခြင်း၊ သီလပြည့်စုံခြင်း၊ စာဂပြည့်စုံခြင်း၊ ပညာပြည့်စုံခြင်း-** ဟူသော **သမ္ပရာယိကသမ္ပဒါ** ၄-ပါးကိုဎင်း-

ဤ ၈-ပါးသော သမ္ပဒါတို့ကို ၎င်းအား လူနှင့်ထိုက်တန်သော တရားဟောကြားတော်မူ၏။

သို့ဖြစ်၍ ဤနိဂုံးသည် မြတ်စွာဘုရား သီတင်းသုံးတော်မူ၍ တရားဒေသနာဟောကြားတော်မူရာ ဖြစ်သဖြင့် သာသနာ့နိုင်ငံတွင် ထင်ရှားသောမြို့ဟု မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ကောလိယနှင့် သာကိယ

ဤကောလိယမျိုးနှင့် သာကိယမျိုးတို့ကား တိုင်းနိုင်ငံနှင့် လူမျိုးချင်း ဆက်စပ်လျက်ရှိကြောင်း၊ ဓမ္မပဒစသည်တို့၌ ကပိလတိုင်းသားများနှင့် ကောလိယတိုင်းသားတို့ ရောဟဏီမြစ်ရေ မှီ၍ ကောက်များ ကြီးပွါးရကြောင်း၊ ၎င်းကို အကြောင်းပြု၍ စစ်ဖြစ်မည်ပြုကြရာ မြတ်စွာဘုရား ကြွသွားတော်မူပြီးလျှင် ငြိမ်းအေးကြောင်း တရားဟောကြားကြောင်း- လာသည့်အပြင် အသီတိနိပါတ်၊ **ကုဏာလဇာတ်**၌လည်း---

ထို့အတူ ကပိလနှင့် ကောလိယတိုင်းသားများ ခိုက်ရန်ပွါး၍ ငြိမ်းအေးရန် တရားဟောပြီးနောက် ဆွေတော်မျိုးတော် အပေါင်းတို့၏ ကျက်သရေဆောင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ အခြံအရံအတွက် ကပိလမှ-၂၅၀, ကောလိယမှ-၂၅၀၊ (ပေါင်း)၅၀၀-သော ဆွေးမျိုးတော်တို့ ရဟန်းပြုကြ၍ ၎င်းတို့ ပျင်းရိကြသည်ကို အကြောင်းပြုသဖြင့် ဟိမဝန္တာ ကုဏာလအိုင်သို့ တန်ခိုးတော်အားဖြင့် ခေါ်တော်မူ၍ ဤကုဏာလဇာတ်ကို ဟောကြား ရကြောင်း လာ၏။

သို့ဖြစ်၍ သက္ကတိုင်းသည် ကောသလတိုင်းကြီးအတွင်း ပါဝင်သည့်အတူ ဤကောလိယတိုင်းလည်း သက္ကတိုင်းနှင့် စပ်လျက် တည်ရှိသောကြောင့် ကောသလတိုင်းကြီးတွင် ပါဝင်သင့်ကြောင်း ကောင်းစွာ မှတ်သားအပ်၏။

ထိုမှတပါး ကောသလတိုင်းကြီးအတွင်း၌ မင်းသားများ အပိုင်စားပေးထားသော **မဏ္ဍလိက တိုင်းငယ်ကလေးများ** ရှိကြ၍ ၎င်း၌ အုပ်စိုးသော မင်းငယ်ကိုလည်း **မဏ္ဍလိက ရာဇာ**ဟု ခေါ်ကြကြောင်း ခုဒ္ဒကနိကာယ်၊ ထေရာဂါထာစသည်တို့၌---

ဒေဝသဘ ထေရဂါထာ, သေတုစ္ဆ ထေရဂါထာ-အဖွင့်များတွင် ၎င်းတို့သည် မဏ္ဍလိကမင်းသားများဖြစ်ကြောင်း၊ ၎င်းအရိုက်အရာ ထီးနန်းကို စွန့်ခွါလျက် မြတ်စွာဘုရားထံ ရဟန်းပြု၍ ပါရမီအားလျော်စွာ ရဟန္တာများဖြစ်ကြကြောင်း ဖွင့်ပြရေးသား၏။ ၎င်းတိုင်းနိုင်ငံများသို့လည်း မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူရာ တစ်ခါတစ်ရံ၌ ရောက်ကြောင်း ဖွင့်ပြသဖြင့် ၎င်းမဏ္ဍလိကတိုင်းငယ်ကလေးများလည်း သာသနာ့နိုင်ငံဖြစ်ကြောင်း မှတ်အပ်၏။

✪ ✪ ✪ ✪ ✪

## ကောသလတိုင်းဝါတော်စဉ်

အချုပ်အားဖြင့် မြတ်စွာဘုရားသည် ပဌမဗောဓိဟု ဆိုအပ်သော ဝါတော် ၂၀-အတွင်း၌ ဌာနအမြဲအားဖြင့် ဝါကပ်တော်မမူဘဲ သတ္တဝါတို့၏ အဇ္ဈာသယနှင့် သပ္ပါယမျှတတော်မူရာ ထိုထိုမြို့ရွာ နိဂုံးတို့၌ သီတင်းသုံးတော်မူလျက် တရားတော် ဓမ္မစက်ဟောမြွက်တော်မူကာ သင့်တော်သော မြို့ရွာတို့၌ ဝါကပ်တော်မူပြီးလျှင် ဝါတော် ၂၀-ကျော်လွန်သောအခါ သာဝတ္ထိမြို့တော်၌ အမြဲသီတင်းသုံးတော်မူကာ နိဗဒ္ဓဝါတော်မြတ် ကပ်ဆိုတော်မူကြောင်း အင်္ဂုတ္တရအဋ္ဌကထာ(၂။ ၃၀)၌---

"ဘဂဝါ ဟိ ပဌမဗောဓိယံ ဝီသတိ ဝဿာနိ အနိဗဒ္ဓ နိဝါသော ဟုတွာ ယတ္ထ ယတ္ထ ဖာသုကံ ဟောတိ၊ တတ္ထ တတ္ထေဝ ဂန္တွာ ဝသိ။ တတော ပဋ္ဌာယ ပန သာဝတ္ထိံယေဝ ဥပနိဿာယ ဇေတဝနမဟာဝိဟာရေ စ ပုဗ္ဗာရာမေ စ ဓုဝပရိဘောဂဝသေန ဝသိ။

မြတ်စွာဘုရားကား ပဌမဗောဓိ ဝါတော်-၂၀ တို့ကို အမြဲ သုံးတော်မမူဘဲ အကြင်အကြင်အရပ်၌ ချမ်းသာ၏၊ ထိုထိုအရပ်၌ ဝါကပ်တော်မူ၏။ ထိုဝါတော်-၂၀ ကျော်မှ စ၍ကား သာဝတ္ထိကို မှီ၍ ဇေတဝန်ကျောင်းတော်နှင့် ပုဗ္ဗာရုံကျောင်း၌သာ အမြဲ သီတင်းသုံးတော်မူ၏" ဟု ဝါတော်စဉ် ဖွင့်ပြတော်မူ၏။

ထိုသို့ဖွင့်ပြတော်မူသည့်အတိုင်း ဤကောသလတိုင်းကြီးသည် သာသနာတော်၌ ထင်ရှား၍ များစွာသော သုတ္တန်ဝိနည်း ဒေသနာတော်မြတ် ပညတ်ဟောကြားတော်မူရာ တိုင်းနိုင်ငံကြီးဖြစ်၍ ဗုဒ္ဓသာသနာ့ နိုင်ငံတော်ဖြစ်ကြောင်းကား အထူးရေးသားဖွယ် မရှိ။ တိုင်းနယ်ကလေး အသီးသီးနှင့်တကွ တိုင်းကြီးတစ်ဝှမ်းလုံး မင်းငယ်အသီးသီးနှင့် တကွ ကောသလမင်းကြီးပါ သာသနာ၌ ယုံကြည်သက်ဝင် သာသနာ့ဝန်ထမ်း ဘုရင်များ ဖြစ်ကြောင်း ယုံကြည်မှတ်သားအပ်ကုန်၏။

## ကောသလဘုရင် သာသနာဝင်

ကောသလတိုင်းကြီး၌ အနာထပိဏ်သူဌေးကြီး ဆောင်ယူလာ၍ သာသနာတော် သက်ရောက်သော်လည်း ကောသလမင်းကြီးကား သာသနာဝင် မဟုတ်သေး၊ ရှေးဦးစွာ ဘုရားရှင်နှင့် တွေ့စဉ် အရှိအသေမပြုဘဲ ဘုရားရှင်ထံ ချဉ်းကပ်၍---

"ဘဝံ ပိ နော ဂေါတမော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပဋိဇာနာတိ။
(သံ၊ ၁။ ၆၈)

အရှင်ဂေါတမသည် ကျွန်ုပ်တို့အား ကောင်းမြတ်မှန်ကန် ဗောဓိဉာဏ်ကို ထိုးထွင်း သိသည်ဟု ဝန်ခံပါသလော"ဟု စုံစမ်းသောသဘောဖြင့်သာ မေးမြန်းလျှင်---

ဘုရားရှင်သည် "**ကောင်းမြတ်မှန်ကန် ဗောဓိဉာဏ်ကို သိ**တော်မူသည်-ဟု ဆိုက ငါဘုရားအား ကောင်းမြတ်မှန်ကန်သော **ဆိုခြင်းတည်း"**ဟု ဖြေတော်မူ၍ မကျေနပ်သဖြင့်-

"အရှင်ဂေါတမ၊ အရွယ်ရင့်**ကြီး** ပူရဏကဿပ စသော ဆရာကြီးတို့သော်မှ ဝန်မခံ ဘဲလျက်---

"ကိံ ပန ဘဝံ ဂေါတမော ဒဟရော စေဝ ဇာတိယာ နဝေါ စ ပဗ္ဗဇ္ဇာယာတိ။
(သံ၊ ၁။ ၆၈)

အဘယ်သို့ပါနည်း၊ အရှင်ဂေါတမသည် အရွယ်တော်ကလည်းငယ်, ရဟန်းအဖြစ် ကလည်း နုနယ်ပါသေးတကား"ဟုလျှောက်ထားရာ---

"စတ္တာရော ခေါ မဟာရာဇ ဒဟရာတိ န ဥညာတဗ္ဗာ၊ ဒဟရာတိ န ပရိဘောတဗ္ဗာ။
(သံ၊ ၁။ ၆၈)

မင်းကြီး၊ **၄-ပါးတို့ကား ငယ်၏ဟု မထိမဲ့ မမှတ်ထိုက်**၊ ငယ်၏ဟု မလွှမ်းမိုးထိုက် ကုန်" စသည်ဖြင့်-

"ခတ္တိယ, ဥရဂ, **အဂ္ဂိ, ဘိက္ခု**-
**မင်းမျိုး, မြွေ, မီး, ရဟန်း**-

ဤ ၄-ပါးတို့ကား ငယ်၏၊ မထီမဲ့ မအောင်းမေ့အပ် မလွှမ်းမိုးအပ်ကြောင်း" အကျယ်ဟောပြ တော်မူရာ ထိုအခါမှ အလွန်ကြည်ညိုလှသဖြင့် တစ်သက်ပန် ဥပါသကာအဖြစ် လျှောက် ထားကြောင်း, ထိုနောက်၌ မြတ်စွာဘုရား အရှိအသေပြုလျက် ဆည်းကပ်ကြောင်း သဂါ- ထာဝဂ်၊ ကောသလသံယုတ်၌ ထင်ရှားစွာလာ၏။

## ပသေနဒီ ကောသလမင်း၏ အုပ်ချုပ်ခြင်းနယ်ပယ်

၎င်းကောသလတိုင်းကြီးကို အုပ်ချုပ်သော ဘုရင်ကောသလမင်းကြီးကား မြတ်စွာဘုရား လက်ထက်တော်၌ ကာသိ, ကောသလ-ဟု ဆိုအပ်သော ၂-တိုင်းကို အုပ်ချုပ်စိုးစံရကြောင်း ဒသကအင်္ဂုတ္တိုရ်၊ မဟာဝဂ်(နှာ၊ ၃၀၃)၌---

"ယာဝတာ ဘိက္ခဝေ ကာသိကောသလော။ ယာဝတာ ရညော ပသေနဒိဿ ကောသလဿ ဝိဇိတေ ရာဇာ၊ တတ္ထ ပသေနဒိကောသလော အဂ္ဂမက္ခာယတိ။

ရဟန်းတို့၊ အကြင်မျှ ကာသိ, ကောသလတိုင်း ရှိ၏။ အကြင်မျှ ပသေနဒိကောသလမင်းကြီး၏ တိုင်းနိုင်ငံအတွင်း၌ မင်းအများ ရှိကြ၏။ ၎င်းတို့တွင် ပသေနဒိကောသလမင်းကား အမြတ်ဆုံး ဆိုအပ်၏" စသည်ဖြင့် ကာသိကောသလ တိုင်းကြီးဘုရင် ပသေနဒိကောသလမင်းကြီးကား ၎င်းနိုင်ငံအတွင်းရှိ မင်းအများတို့ထက် အမြတ်ဆုံး ဆိုအပ်၏။ ၎င်းအမြတ်ဆုံးမင်းတရားကား ဖောက်ပြန်ပျက်စီးခြင်းအားဖြင့် တစ်ပါးဖြစ်နိုင်ကုန်သေး၏-ဟု သင်္ခါရတရားတို့၏ ပျက်ခြင်းသဘောရှုရာ၌ ဥပမာထား၍ ဟောကြားတော်မူ၏။

သို့ဟောကြားရာတွင် ကာသိ, ကောသလတိုင်းအတွင်းရှိ မင်းအများ-ဟု ဆိုသဖြင့် ၎င်းတိုင်းကြီးအတွင်း၌ ကောသလမင်းကြီး၏လက်အောက် မိမိတို့နယ်ပယ်တွင် ခွဲခန့်အုပ်ချုပ် စိုးစံကြသော မင်းအများရှိကြောင်း၊ ၎င်းအချို့သုတ္တန်များ၌ ၎င်းတိုင်းကြီးအတွင်းရှိ မင်းအများစုဝေးကြရာ အာရုံ ၅-ဖြာ၌ အငြင်းအခုံဖြစ်ပွါးကြ၍ ဘုရားရှင်ထံ လာရောက်လျှောက်ထားရကြောင်း စသည်လာသဖြင့်လည်း မင်းအများရှိကြောင်း-အခိုင်အမာ မှတ်သားအပ်၏။ သို့သော်လည်း ၎င်းတိုင်းကြီးအတွင်းပါသော သက္ကတိုင်းနှင့် ကောလိယတိုင်းတို့မှာကား အသီးအခြားဖြစ်၍ ၎င်း၏အာဏာနှင့် အဆက်အစပ် မရှိကုန်။

✪ ✪ ✪ ✪ ✪

## ကောသလမင်းကြီး၏ ဘွဲ့မည်တော်

ဤကောသလတိုင်းရှင် ဘုရင်မင်းကြီး၏ ဘွဲ့အမည်နှင့် စပ်လျဉ်း၍ အချို့ ဒိဗျာဝဒါန-စသော သကတကျမ်းဂန်များ၌ ရေးသားကြသည်မှာ ၎င်းမင်းကြီး၏ အမည်ရင်းမှာ အဂ္ဂိဒတ္တ-အဂ္ဂိဒတ္တဖြစ်၍ ပသေနဒိဟူသော အမည်မှာ ဘုန်းတန်ခိုးစွမ်းရည် သတ္တိအားလျော်စွာ ရရှိအပ်သော အမည်ဖြစ်ကြောင်း- ပသေနဒိ-မှာ ပြသေနဒိ သို့မဟုတ် ပရသေနဇိ ဟု ဆိုလို၍ ၎င်း၏အဓိပ္ပါယ်မှာ တစ်ပါးသော ရန်သူများကို အောင်နိုင်သောမင်း-ဟု ဆိုလိုကြောင်း မှတ်သားကြသဖြင့်---

ပသေ နဒီ ဝိယ တိဋ္ဌတီတိ ပသေနဒီ-

ကိုယ်ခန္ဓာကြီးမား၍ နံဘေး၌ မြစ်များသဖွယ် ပတ်လယ်တည်ရှိ၍ ပသေနဒီ ခေါ်ကြောင်း ဖော်ပြသည်ထက် ယုတ္တိနှင့် သင့်တော်လှသည်ဟု အကြောင်းအားလျော်စွာ မှတ်သားအပ်၏။ အထက်ပါ ဝိဂြိုဟ်အရကား ကောသလဗိုက်ခွဲ-ဟု ပြောင်လှောင်သော အမည်မျှသာ သတ္တိတန်ခိုးနှင့် မတန်မရာဖြစ်၏။

✪ ✪ ✪ ✪ ✪

## ကောသလတိုင်းနှင့် မင်းကြီးအကျဉ်းချုပ် အဖြစ်အပျက်

၎င်းငါးပိုင်းနှင့် မင်းကြီးအကြောင်းအရာ အတိုချုပ်မှာ ကောသလတိုင်းကြီးအရှင် မဟာကောသလဘုရင်မင်းတရားကြီးသည် သားတော် ပသေနဒိကုမာရဘွဲ့ရ မင်းသားအား မဟာလိစ္ဆဝီမင်းသား, ဗန္ဓုလ မလ္လမင်းသားတို့နှင့်အတူ ပညာသင်ကြားစေ၍ တိုင်းနိုင်ငံသို့ ရောက်သောအခါ အတတ်ပညာပြသ၊ အဖခမည်းတော်ကို နှစ်သိမ့်စေပြီးနောက် မင်းဘိသိက်မြှောက်လျက် ၎င်းတိုင်းကြီး အုပ်ချုပ်စိုးစံစဉ် မြတ်စွာဘုရား လောက ၃-ပါး၌ ထင်ရှားပွင့်တော်မူသောအခါ ဆည်းကပ်ကိုးကွယ်ကာ ဥပါသကာဖြစ်ပြီးလျှင် သာကီဝင် မင်းမျိုးထဲမှ သမီးကညာတစ်ပါး တောင်းဆိုရာ သာကီဝင်မင်းမျိုးတို့သည် အမျိုးပျက်စီးမည်ကို စိုးသဖြင့် ကျွန်မတစ်ယောက်နှင့်ရသော ဝသဘခတ္တိယာကို သမီးကညာ အဖြစ်ဖြင့် အပ်နှင်းလိုက်ပြီး ၎င်းမင်းသမီးမှ ဝိဋ္ဋူဘ သို့မဟုတ် ဝိဍူဍူဘကို ဖွားမြင်၍ ၎င်းမင်းသားပင် အရွယ်ရောက်သောအခါ သာကီယမင်းတို့ ရှုတ်ချကဲ့ရဲ့ခြင်းကို အညှိုးထားလျက် ၎င်းတို့အား တိုက်ခိုက်ဖျက်ဆီးပြီးနောက် ခမည်းတော် ပသေနဒီ ကောသလမင်းကြီးအားလည်း ပုန်ကန်ကာ မင်းကြီးမှာ ခိုကိုးရာမဲ့ဖြစ်၍ ရာဇဂြိုဟ်သို့ သွားပြန်ပါလည်း မြို့တွင်းသို့ မရောက်ဘဲ မြို့ပြင်မှာပင် အရွယ်တော်ကြီး၍ ပင်ပန်းညိုးငယ်စွာ နတ်ရွာစံ ကံတော်ကုန် ရသည့်အပြင် ဝိဋူဍူဘလည်း စစ်ပွဲမှအပြန် မှန်းထားတိုင်းမရောက်ဘဲ အစိရဝတီမြစ်ကမ်း၌ တပ်စခန်းချစဉ် ရေဘေးအားဖြင့် ပျက်စီးကာ ၎င်းကောသလတိုင်းနိုင်ငံကြီးမှာ မြတ်စွာဘုရား လက်ထက်တော်တွင်ပင် ဖရိုဖရဲ ပျက်စီးလေ၏။

၎င်းနောက် ကောသလတိုင်းနှင့် စပ်လျဉ်း၍ သာသနာဝင်များနှင့် အခြားမှတ်တမ်းများ၌ အထူးအားဖြင့် ရေးသားဖော်ပြခြင်းမရှိဘဲ ၎င်းနောက် တစ်ထီးတနန်း ထူထောင်သည်ဟု မလာ၊ မဂဓတန်ခိုးသာလျှင် လွှမ်းမိုးအုပ်ချုပ်လာကြောင်း မှတ်သား၍ ဤကောသလတိုင်း အကြောင်းအရာ သာသနာတော်နှင့် စပ်သော အတ္ထုပ္ပတ်ကို ဤမျှဖြင့် ဆုံးဖြတ်လျက် နိဂုံးသတ်အပ်ပါပေသည်။

## ကောသလတိုင်း နယ်နိမိတ် အမှတ်အသားများ

ဤကောသလတိုင်းကြီး၏ အကျယ်အဝန်ကား မြတ်စွာဘုရားလက်ထက်တော် အခါက ကာသိတိုင်းနှင့် တွဲစပ်နေ၍ မင်းတစ်ပါးတည်းအုပ်ချုပ်သော်လည်း တိုင်းနယ်အပိုင်း အခြား အမှတ်အသားတို့ကား တစ်တိုင်းစီဖြစ်၍ မြတ်စွာဘုရားလည်း အသီးအခြားတွဲစပ် လျက် ဟောကြားသောကြောင့် တိုင်းနယ်နိမိတ်အမှတ်အသားမှာ အသီးအခြား ဝေဖန်ပိုင်း ခြားအပ်သဖြင့် လက်ထက်တော်က ကောသလတိုင်း သက်သက်မှာ---

မြောက်ဘက်အပိုင်းအခြားကား---များစွာသော သုတ္တန်တို့ကို ထောက်ထား၍ **ဟိမဝန္တာတောနယ်၊ သာကီယနယ်စပ်တို့ဖြင့်** ပိုင်းခြားသင့်ကြောင်း ၎င်းကောသလတိုင်းသည် ဟိမဝန္တာနှင့် စပ်လျက် တည်ရှိကြောင်း သုတ္တနိပါတ်၊ **ပဗ္ဗဇ္ဇသုတ်**(*နှာ၊ ၃၂၀*)၌---

ဥဇုံ ဇနပဒေါ ရာဇ၊ ဟိမဝန္တဿ ပဿတော။
ဓနဝီရိယေန သမ္ပန္နော၊ ကောသလေသု နိကေတိနော။ ။

အာဒိစ္စော နာမ ဂေါတ္တေန၊ သာကိယာ နာမ ဇာတိယာ။
တမှာ ကုလာ ပဗ္ဗဇိတောမှိ၊ န ကာမေ အဘိပတ္ထယံ။ ။

**မင်းကြီး၊ ဖြောင့်ဖြောင့်အားဖြင့် ဟိမဝါနံပါး ပြည်တိုင်းကားဖြစ်သော ကြီးကျယ်စွာ ဓိုလ်ပါအားအင်ပြည့်စွာ ကောသလတိုင်းတွင် ပါဝင်သော**

**အာဒိစ္စခေါ် အနွယ်တော်ဖြင့် သာကီယဇာတ် အမျိုးမြတ်မှ**
**ရဟန်းပြုငြား ကာမတရားကို လိုလားတောင့်တ မရှိတော့ပြီ။ ။**

စသည်ဖြင့် ကောသလတိုင်းကား ဟိမဝန္တာ အနီးအနားဖြစ်၍ ဟိမဝန္တာနံပါး-ဟု ဟောကြား သည့်ပြင်---

၎င်းကောသလတိုင်းတွင် ထင်ရှားသော ဥက္ကဋ္ဌ စသောမြို့များလည်း ဟိမဝန္တာအနီး တည်ရှိကြောင်း---

ဟိမဝန္တသမီပေ ဥက္ကဋ္ဌနဂရေ-စသည်ဖြင့် လာသည်ကို ထောက်ဆ၍ ၎င်းမြို့တို့ သည် မြောက်ဘက်ဌာန တိုင်းနယ်ခြား မြို့ပြများဟု မှတ်အပ်၏။ထို့ပြင် ၎င်းဥက္ကဋ္ဌမြို့နှင့်စပ် လျက်တည်ရှိသော သေတဗျမြို့တို့လည်း ဟိမဝန္တာတော်နှင့်စပ်လျက် မြောက်ဘက်အပိုင်း အခြားမှာ တည်ရှိ၏ဟု မှတ်အပ်၏။

## အရှေ့ဘက်အပိုင်းအခြား

၎င်းအပိုင်းအခြားကား သက္ကတိုင်းနှင့် ကောလိယတိုင်းများ ဖြစ်သင့်သော်လည်း စင်စစ်အားဖြင့် ၎င်းနှစ်တိုင်းတို့သည် ကောသလတိုင်းတွင် ပါဝင်ပြီးဖြစ်၍ ၎င်းဘက်နယ်စပ်ကား မလ္လတိုင်းဟု မှတ်သားအပ်၏။ ထိုသို့ဆက်စပ်တည်ရှိကြောင်း မဟာဝဂ္ဂသံယုတ်၊ ဝေဠုဝဒွါရဝဂ်၊ **ဆဋ္ဌသုတ်**(*နှာ၊ ၃၀၄*)၌---

"ယဒါ ပန မယံ ဘန္တေ ဘဂဝန္တံ သုဏာမ ကောသလေဟိ မလ္လေသု စာရိကံ ပက္ကမိဿတီတိ။ ဟောတိ နော တသ္မိံ သမယေ အနတ္တမနတာ ဟောတိ ဒေါမနဿံ ဒူရေ နော ဘဂဝါ ဘဝိဿတီတိ။

အရှင်ဘုရား၊ တပည့်တော်တို့သည် မြတ်စွာဘုရားထံမှ, ကောသလတိုင်းမှ မလ္လတိုင်းသို့ ဒေသစာရီ ကြွတော်မူမည်-ဟု ကြားသောအခါ မြတ်စွာဘုရားသည် တပည့်တော်တို့နှင့် ဝေးကွာတော့မည်ဟု နှလုံးမသာဖြစ်မိပါသည်ဘုရား"စသည်ဖြင့် ဣသိဒတ္တနှင့် ပုရာဏ တပည့် ဥပါသကာအရိယာတို့သည် မြတ်စွာဘုရား ဒေသစာရီကြွချီတော်မူမည်ဟု ကြားရ၍ ၎င်းတို့၏ အဝေစ္စပသန္န အလွန်ကြည်ညိုလှသည်အားလျော်စွာ လျှောက်ထားသော ဒေသ-စာရီ ခရီးစဉ်အရ ကောသလမှ မလ္လတိုင်းသို့-ဟု လာသည်ကို ထောက်ဆ၍ သိသာ၏။

၎င်းဣသိဒတ္တနှင့် ပုရာဏတို့ လျှောက်ထားသည့် ခရီးအစဉ်မှာ "မြတ်စွာဘုရား-

| | | |
|---|---|---|
| သာဝတ္ထိမြို့တော်မှ | --- | ကောသလတိုင်းတွင်းသို့ |
| ကောသလတိုင်းမှ | --- | မလ္လတိုင်းသို့ |
| မလ္လတိုင်းမှ | --- | ဝဇ္ဇီတိုင်းသို့ |
| ဝဇ္ဇီတိုင်းမှ | --- | ကာသိတိုင်သို့ |
| ကာသိတိုင်းမှ | --- | မဂဓတိုင်းသို့- |

ဒေသစာရီ ကြွတော်မူမည်-ဟု ကြားသိပါလျှင် တပည့်တော်တို့ နှလုံးမသာဖြစ်ရပါသည်ဘုရား၊ မြတ်စွာဘုရားသည် မိမိတို့နှင့် အလွန်ပင် ဝေးကွာနေသည်ဟု အောက်မေ့ပါသည်ဘုရား၊ ထို့ပြင် မြတ်စွာဘုရားသည် ဒေသစာရီမှ ပြန်လည်တော်မူ၍---

| | | |
|---|---|---|
| မဂဓတိုင်းမှ | --- | ကာသိတိုင်းသို့ |
| ကာသိတိုင်းမှ | --- | ဝဇ္ဇီတိုင်းသို့ |
| ဝဇ္ဇီတိုင်းမှ | --- | မလ္လတိုင်းသို့ |
| မလ္လတိုင်းမှ | --- | ကောသလတိုင်းသို့ |
| ကောသလတိုင်းမှ | --- | သာဝတ္ထိသို့- |

ကြွလာတော်မူသည်ဟု ကြားရလျှင် အလွန်ပင်ဝမ်းမြောက် ဘုရားရှင် အနီးသို့ရောက်လာပြီဟု အောက်မေ့ပါသည်ဘုရား"ဟု အဝေး အနီး တိုင်းခရီးစဉ်ကို လျှောက်ကြကုန်၏။

၎င်းဣသိဒတ္တနှင့် ပုရာဏတို့ကား သောတာပန်နှင့် သကဒါဂါမ်တို့ဖြစ်ကြ၍ ကောသလမင်းကြီးသည် ၎င်းတို့အား သာစုကစွာစားအဖြစ်ဖြင့် ချီးမြှောက်ထားကြသော်လည်း တိုင်းရေးပြည်ရာကြောင့် တရံရောအခါ မင်းကြီးနှင့် ၎င်းတို့ ၂-ဦးမှာ ကျဉ်းကြပ်သောနေရာသို့ ရောက်ကြ၍ ၎င်းတို့အစောင့်ထားပြီး အိပ်ကြလျှင် အသက်ကိုပင် ပမာဏမထားဘဲ မြတ်စွာဘုရားရှိရာသို့ ဦးခေါင်းပြုကာ အသက်သခင်မင်းကြီးကိုကား ခြေရင်းထားလျက် အိပ်သည်ကို မင်းကြီး အံ့ဩ၍---

"အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော၊ ဣမေ ဣသိဒတ္တပုရာဏာ ထပတယော မမဘတ္တာ မမယာနာ။ အဟံ နေသံ ဇီဝိကာယ ဒါတာ။ ယသဿ အာဟတ္တာ။ အထ စ ပန နော တထာ မယိ နိပစ္စကာရံ ကရောန္တိ ယထာ ဘဂဝတိ။ *(မဇ္ဈိမ၊ ၃၂၆)*

အချင်းတို့၊ အံ့ဩဖွယ်ပါတကား၊ မဖြစ်ဘူးပါတကား- ဤဣသိဒတ္တ, ပုရာဏ ကိုယ်ရံတော်များ ငါ့အစာစား၍ ငါ့ယာဉ်နှင့်သွားကြ၏၊ ငါ သူတို့အသက်ပေးထား၏၊ အခြံအရံ ဆောင်နှင်းထား၏။ သို့စဉ်လျက် မြတ်စွာဘုရားကဲ့သို့ လေးစားခြင်း မပြုကြကုန်" စသည်ဖြင့် မြတ်စွာဘုရား တရားတော်၌ အံ့ဩခြင်းဖြစ်သည်များကို ကောသလမင်းကြီးသည် မဇ္ဈိမပဏ္ဏာသ၊ ဓမ္မစေတိယသုတ်၌ လျှောက်ထားသည့်အပြင် ဤမဟာဝဂ္ဂသံယုတ်၌လည်း ၎င်းတို့ အံ့ဩဖွယ်များ ဖော်ပြထား၏။

ဤသို့လာသော သုတ္တန်တို့နှင့်အညီ မြတ်စွာဘုရားကြွသွားတော်မူသော ဒေသစာရီခရီးစဉ်တို့ကို ထောက်ထား၍ ၎င်းအရှေ့ဘက်အပိုင်းအခြားမှာ မလ္လတိုင်းဟု မှတ်သားအပ်၏။

## တောင်ဘက် အပိုင်းအခြား

ကောသလတိုင်း၏ တောင်ဘက် အပိုင်းအခြားကား မြတ်စွာဘုရား အစုံအားဖြင့် ဟောကြားတော်မူအပ်သော---

ကာသိကောသလာနံ-ဟူသည်နှင့်အညီ ကာသိတိုင်းနှင့် စပ်လျက်တည်ရှိကြောင်း ကာသိတိုင်းနယ် အပိုင်းအခြား၌ နောက်ရေးသားခဲ့သည်အားလျော်စွာ-

- ဧကကနိပါတ်၊ မဟာသီလဝ ဇာတ်ကိုရင်း
- ဒုကနိပါတ်၊ ရာဇောဝါဒ ဇာတ်ကိုရင်း
- ၎င်းအလိနစိတ္တဇာတ်ကိုရင်း-

**ထောက်ထား၍ ကာသိတိုင်းနှင့်စပ်လျက် တည်ရှိ၍ အနောက်တောင်ဘက် ယွန်းလျက် ရှိသောနိုင်ငံမှာ ဝံသတိုင်းဖြစ်ကြောင်း---**

ကောသမ္ဗိံ စာပိ သာကေတံ၊ သာဝတ္ထိဉ္စ ပုရုတ္တမံ။(*သုတ္တနိ၊ ၄၃၂*) စသည်ဖြင့်---

ကောသမ္ဗီမှ သာကေတသို့၊ သာကေတမှ သာဝတ္ထိသို့- ဒက္ခိဏာပထခေါ် ဇမ္ဗူဒီပ တောင်ပိုင်းမှ မြောက်တိုင်းသို့ ခရီးထွက်လာကြသော ဗာဝရီ ဆရာကြီး၏ တပည့်များဖြစ်ကြသော အဇိတစသော ရသေ့များ လာကြသော ခရီးစဉ် အားဖြင့် သိသာထင်ရှား၏။

## အနောက်ဘက် အပိုင်းအခြား

ကောသလတိုင်း၏ အနောက်ဘက် အပိုင်းအခြားမှာကား ထင်ရှား မှတ်သား လောက်အောင် တစ်စုံတစ်ခုအကြောင်း အတ္ထုပ္ပတ်ပြု၍ ဟောကြားအပ်သော သုတ္တန် ဝိနည်း အသီးအခြားမထင်ရှားသောကြောင့် မဖော်ပြနိုင်သော်လည်း ၎င်းမဇ္ဈိမ တိုက်နယ် အပိုင်းအခြားဖြစ်သော **အနောက်မျက်နှာ တိုင်းနိုင်ငံများနှင့် နှိုင်းစာ၍ ၎င်းမျက်နှာ အပိုင်း အခြား တိုင်းများဖြစ်ကြသော ကုရုနှင့် ပဉ္စာလတိုင်းများ ဖြစ်သင့်ကြောင်း,** မြတ်စွာဘုရားသည် တိုင်းနီးချင်း တွဲစပ်လျက်---

ကုရူနံ ပဉ္စာလာနံ-

ဟု တွဲစပ်လျက် ဟောတော်မူသဖြင့် ၎င်း ၂-တိုင်း ဆက်စပ်လျက် တည်ရှိကြောင်း မှတ်သား အပ်၏။

ဤဆိုခဲ့ပြီးသော မြတ်စွာဘုရားလက်ထက်တော်က ကောသလတိုင်းကြီး၏ အပိုင်း အခြားများကား ဟောကြားတော်မူအပ်သော သုတ္တန်၊ ပညတ်တော်မူအပ်သောဝိနည်း ဒေသနာတော်အားဖြင့်၎င်း ထိုမှတပါး ဇာတ်တော်နိပါတ်တော်အားဖြင့်၎င်း အထောက် အထားပြုကာ ပိုင်းခြားဝေဖန်အပ်သော အပိုင်းအခြားဖြစ်၍ နောက်အခါ၌ အုပ်ချုပ်စိုးစံ သော မင်းအားလျော်စွာ နယ်ပယ်ဒေသများ အကျဉ်း အကျယ်ပမာဏ ပြောင်းလဲနိုင်သဖြင့် နောက်ခေတ်အားလျော်စွာ ရေးသားမှတ်ထားကြသော အပိုင်းအခြားတို့နှင့်ကား ခြားနား ကြခြင်းမှာ ပမာဏ မဟုတ်ကုန်။ ဤမျှဖြင့် ကောသလတိုင်းကြီး၏ အကျယ်အဝန်းနှင့် အခြင်းအရာများ၊ မြတ်စွာဘုရားလက်ထက်တော်က အလွန်ထင်ပေါ် ကျော်ကြားခဲ့သည့် အတိုင်း ကြီးကျယ်ခမ်းနားစွာ ရေးသားခဲ့အပ်ပြီ။

## ကောသလတိုင်းကြီးနှင့် နောက်ခေတ်

ထိုသို့ ကြီးကျယ်ခမ်းနားလှစွာသော ကောသလတိုင်းကြီးသည်ကား မြတ်စွာဘုရား လက်ထက်တော်မျှသာ တည်ရှိ၍ နောက်ခေတ်အခါကာလများ၌ကား ဝိဋူဍ္ဘ ဖျက်ဆီးသည်မှ အစပြုလျက် နောက်အဆက်တို့၌ ကြီးပွါးထွန်းကားခြင်း မရှိဘဲ မဂဓအာဏာ တန်ခိုးသည်သာ ဤဇမ္ဗူဒီပါကျွန်းကြီး၌ ထင်ရှား ထွန်းကားလာသည့်အတိုင်း လွှမ်းမိုးလာသောကြောင့် တန်ခိုးအာဏာ မှေးမှိန်လာလျက် မင်းဆက်လည်း ထင်ရှားမရှိသည့်အပြင် မောရိယဘုရင်များ ထွန်းကားလာသောအခါ သာ၍ပင် ခေတ်ပျက်ပြား၍ တိုင်းတစ်ပါးနိုင်ငံ အောက် ရောက်ခဲ့ရလေ၏။

သို့သော်လည်း သာသနာတော်နှစ် ၂၁၈-ခု၌ ထီးနန်းစိုက်ထူ မင်းလုပ်တော်မူသော ဒေဝါနံ ပိယဒဿီအသောက ဓမ္မရာဇာမင်းတရားကြီးသည် မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်သို့ သွားရောက်ဖူးမြော်ပြီးနောက် မြတ်စွာဘုရား အမြဲသီတင်းသုံးတော်မူရာ ဤသာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်ကြီးသို့ အဖူးအမြော် ရောက်တော်မူသောအခါ ၎င်းကျောင်းတိုက်အနီး တည်ထားကိုးကွယ်သော ဗက္ကုလသို့မဟုတ် ဗာကုလစေတီတော်, အာနန္ဒာစေတီတော် စသောစေတီတော်များ ဖူးမျှော်ခဲ့ကြောင်း ဤသာဝတ္ထိမြို့တော်သည် သာယာဝပြောလျက်ပင် ရှိကြောင်း စသည်ဖြင့် အသောကမှတ်တမ်းများ၌ ရေးသားဖော်ပြသဖြင့် မင်းပင် စိုးစံအုပ်ချုပ်လျက် မရှိသော်လည်း မြို့တော်ကြီးမှာ တည်တံ့စည်ကားစွာ ရှိသေးကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဖာဟိုင်တရုတ်ရဟန်းတော်ရောက်သောခေတ်

ထို့နောက် ရဟန်းတော်ဖာဟိုင်း ဖာဟီအန် တရုတ်ရဟန်းတော် မှတ်တမ်း၌ကား ၎င်းသည် ကန္နောဇမှ ဂင်္ဂါကိုဖြတ်ကျော်လျက် တောင်ဘက်သို့ ၃-ယူဇနာသွားသောအခါ အရိဇကဝနခေါ် တောအုပ်ကြီးသို့ရောက်၍ အထိမ်းအမှတ်စေတီတော်များကို ဖူးမျှော်ပြီးလျှင် ၎င်းမှတဖန် ဝိသာခါမြို့ သို့မဟုတ် သာကေတမြို့သို့ အရှေ့တောင် ၁၀-ယူဇနာ ဆက်လက်သွားရ၍ ၎င်းမြို့၌ မြတ်စွာဘုရား ၄-ဆူတို့၏ စင်္ကြံကြွတော်မူရာ ဌာနတို့၌ တည်ထားကိုးကွယ်ကြသော စေတီတော်များကို ဖူးမျှော်ပြီးလျှင် တောင်ဘက် ၈-ယူဇနာ သွားသောအခါ သာဝတ္ထိမြို့တော်ကြီးသို့ ရောက်ကြောင်း၊ ၎င်းမြို့တော်အတွင်း၌ အိမ်ခြေ ၂၀၀-လောက် ကျဲပြန့်စွာ ရှိနေသေး၍ ထိုထိုအထိမ်းအမှတ် စေတီတော်များလည်း ရှိသေး

သည့်အပြင် ဇေတဝန်ကျောင်းတော်ကြီးလည်း တင့်တယ်ခမ်းနားစွာနှင့် ရဟန်းတော်များ စည်ကားစွာ ရှိနေသေးကြောင်း၊ ထို့မှတပါး ဝိသာခါ၏ ကောင်းမှု ပုဗ္ဗာရုံကျောင်းတော်ရာ များလည်း ထင်ရှားစွာပင် ရှိနေသေးကြောင်း ရေးသားမှတ်ထားလေ၏။ ၎င်းရဟန်းတော် ရောက်စဉ်က သာဝတ္ထိမြို့တော်ကြီးမှာ ရှေးခေတ် ဝပြောစည်ပင်စဉ်ကနှင့် နှိုင်းစာလျှင် မပြောပလောက်တော့ဘဲ မင်းနေပြည်တော်မဟုတ်သည်မှ တစတစ ပျက်စီးယိုယွင်းလျက် လာခဲ့လေ၏။

✪ ✪ ✪ ✪ ✪

## တရုတ်ရဟန်းတော် ဝှင်သျှင်ရောက်သောခေတ်

သာသနာတော်အနှစ် ၁၀၀၀-ကျော်က လာရောက်စုံစမ်းရှာဖွေသော တရုတ် ရဟန်းတော်ဝှင်သျှင်၏ မှတ်တမ်း၌မူ အိမ်ခြေ လူနေမရှိတော့ဘဲ မြို့ရိုး, မြို့တာ, ပစ္စင်ရင်း တား, ကျုံး, မြောင်း, ခံတပ်များသာလျှင် ရှိနေကြောင်း ရေးသားဖော်ပြသည့်အပြင် ၎င်းသာဝတ္ထိ မြို့တော်မှာ ဥတ္တရကောသလခေါ် မြောက်ကောသလ ဥတ္တရခရိုင်မှာ တည်ရှိ ၍ ၎င်းဥတ္တရကောသလတိုင်း၏ အကျယ်အဝန်းမှာ **လီပေါင်း-၄၀၀၀** မျှ ရှိသည့်ပြင် ၎င်း၏ နယ်ခြားအမှတ်အသားများမှာ **ဃာဂရာမြစ်ကမ်းခြေနှင့် ဟိမဝန္တာတောင်ခြေ** အပိုင်း အခြား အတွင်း တည်ရှိ၍ **အရှေ့ဘက် ဓေါလာဂီရိ** ဓေါက်လာဂီရိတောင်နှင့် ဖိုက်ဇာဘတ်မြို့မှ **အနောက် ကရဏာလိမြစ်တိုင်အောင်** အရှေ့အနောက် တည်ရှိကြောင်း ရေးသားမှတ် ထား၏။

၎င်းပြင် သာကေတ သို့မဟုတ် ဝိသာခါမြို့မှာ သရာယု-ဆရာယု-သရဘူ သို့မဟုတ် ယခု ဃာဂရာမြစ်ကမ်းမှာ တည်ရှိကြောင်း၊ **သာဝတ္ထိမှ တောင်ဘက် လီပေါင်း ၅၀၀-** လောက်မှာ တည်ရှိ၍ ၎င်းနယ်အကျယ်အဝန်းမှာလည်း လီပေါင်း-၄၀၀၀ မျှရှိကြောင်း၊ ၎င်းမြို့၌လည်း ပုဗ္ဗါရုံကျောင်းတော်ရှိကြောင်း၊ ထို့မှတပါး ထူးခြားသောအရာမှာ မြတ်စွာ ဘုရား သုံးဆောင်တော်မူသော ဒန်ပူတော်ကို မိဌောန်၍ မြေပေါ်၌ စိုက်ထောင်လျှင် ခဏ ခြင်းပင် ၅-တောင်ခန့် ကြီးမားလာ၍ အရွက်, အလက်, အကိုင်း, အခက်တို့ဖြင့် စည်ကား လာသော်လည်း ၎င်းထက် မကြီး၊ ၎င်းထက် မလျော့ဘဲ အမြဲတည်နေသော ဒန်ပူပင်လည်း ရှိကြောင်းများ ရေးသားလေ၏။

ဤတရုတ်ရဟန်းတော် မှတ်တမ်း၌ သာကေတမြို့မှာ ပုဗ္ဗာရုံကျောင်းတော်ရှိ ကြောင်း ရေးသားသော်လည်း မြတ်စွာဘုရားလက်ထက်တော်က ၎င်းသာကေတမြို့၌--

၁။ ကောဋိကာရာမ ၂။ အဋ္ဌနဝနာရာမ ၃။ ကဏ္ဏကီဝနာရာမ-

ဟူ၍ ကျောင်းတိုက်ကြီး ၃-တိုက်ရှိကြောင်း ရေးသားခဲ့သည့်အတိုင်း မူလကျောင်းတိုက်တို့ ကား ဤ ၃-တိုက်မျှသာ ဒေသနာအားဖြင့် ထင်ရှားကြောင်း၊ သို့ရာတွင် သာသနာတော် ရှည်လျား၍ ၎င်းအမည်နာမအားဖြင့် နောက်ခေတ်များတွင် တည်ဆောက်ခဲ့လိမ့်မည်ဟု မှတ်ဖွယ် ရှိလေ၏။ ၎င်းသာကေတမြို့နှင့် သာဝတ္ထိမြို့၏ အကွာအဝေးသည် ဓမ္မပဒ၌ ၇-ယူဇနာ၊ ဝိနည်းပါဠိတော်၌ ၈-ယူဇနာ ကွာကြောင်း ဖော်ပြသဖြင့် ၎င်းတရုတ်ရဟန်းတော်များ အမှတ်အသားနှင့် ကိုက်ညီသည့်အပြင် ယခုမျက်မြင်နှင့်လည်း ညီညွတ်ကြောင်း ရှေးဟောင်း အိန္ဒိယမှတ်တမ်းဆရာများ ရေးသားကြကုန်၏။

၎င်းပြင် ဥတ္တရကောသလကို ယခု ရပတိခေါ်သော အစီရဝတီမြစ်၏ မြောက်ဘက် ဌာနများနှင့် ၎င်း၏ တောင်ဘက် ယခု ဃာဂရာ ရှေးက ဆရာယု ဆရာဇု သရဘူမြစ်ဖြင့် ပိုင်းခြား၍ တောင်ဘက်ကို ဒက္ခိဏဌာနသို့မဟုတ် ဒက္ခိဏကောသလတိုင်းဟု ခေါ်သည့်ပြင် ၎င်းဒက္ခိဏကောသလ၌လည်း ပုဗ္ဗရဋ္ဌ-အရှေ့တိုင်း၊ ပစ္ဆိမရဋ္ဌ-အနောက်ပိုင်းဟူ၍ ၂-တိုင်း ခွဲထားသေးကြောင်း ၎င်းဒက္ခိဏကောသလကို ဗနောက်ဓာနယ်၊ ဥတ္တရကောသလကို ဂေါက်ဒါ ဝွန်ဒါနယ်-ဟု ခေါ်၍ ၎င်း ၂-တိုင်းလုံးကိုပင် ယခုအခါ ဩဒ္ဓ ဥဒ္ဓ အယုဒ္ဓတိုင်းဟု ခေါ် ကြောင်း မှတ်သားကြ၏။

၎င်းပြင် သာဝတ္ထိမှာ ယခု ရပတိခေါ် အစီရဝတီမြစ်ကမ်း၌ ဗာလရာမ်ပူမြို့မြောက် ၁-ယူဇနာခွဲခန့်မှာ ယခု ဆဟတ်မဟတ်ဟု ခေါ်၍ ၎င်းမှာ ဆဟက် ဆာဝက် ဆာဝတ် စသည်ဖြင့် တစတစ သာဝတ္ထိမှ ပြောင်းလာ၍ မဟက်မှာ နောက်ဖြစ်ပေါ်လာသော အမည် ဖြစ်ခဲ့လိမ့်မည်ဖြစ်၍ ၎င်းဇဟက်မဟက်သည် သာဝတ်မှ ပြောင်းလာသော အမည်ဖြစ် ကြောင်း ပထဝီဝင်ဆရာကြီး ကာနင်ဂဟန် ရေးသားဖော်ပြလေ၏။

၎င်းပြင် သာသနာခေတ်အတွင်း မဂဓတန်ခိုး လွှမ်းမိုးလာပြီး မောရိယမင်းဆက် တိုင်အောင် ကောသလတိုင်းကြီး၌ မင်းအသီးအခြားရှိသည်ဟု သာသနာဝင် မှတ်တမ်းများ၌ မလာရှိသော်လည်း အိန္ဒိယရာဇဝင်ဆရာအချို့တို့ကမူ နှစ်ပေါင်း ၇၀၀-တိုင်အောင် မင်း ဆက်မပြတ် တည်ရှိ၍ ၈၀၀-အတွင်းမှာ မင်းဆက်နှင့်တကွ လူနေအိမ်ခြေတုန်းလောက် အောင် ပျက်ပြားကြောင်း မှတ်သားကြသည်ကား မောရိယတန်ခိုး ညှိုးမှိန်လာပြီးနောက် ၎င်း၌ မင်းဆက် တစ်ဖန်ပြန်လည်တည်ထောင်လျက် ၎င်းကို ရေတွက်ပေလိမ့်မည်ဟု မှတ်ယူ တွေးထင်နိုင်၏။

မြို့တော်၏ တည်ရာဌာနသည်သာ ပဓာနဖြစ်၍ ၎င်း၏တည်နေရာဌာနသာ အမှန် အားဖြင့် မှတ်ယူနိုင်သဖြင့် နယ်ပယ်အကျယ်အဝန်း တိုင်းနိုင်ငံပမာဏတို့မှာကား အုပ်ချုပ်

သော မင်းများ၏ တန်ခိုးအာဏာအားလျော်စွာ ပြောင်းလဲနိုင်သောကြောင့် နောက်ရေးသားခဲ့ပြီး သုတ္တန်ဝိနည်းဒေသနာအရ ပမာနဖြစ်ကြောင်း မှတ်ယူအပ်၏။

ဎင်းပြင် ကောသလတိုင်းနှင့်စပ်လျက်တည်ရှိသော တိုင်းနယ်ကလေးများ ရှိကြသေး၍ ၎င်းတို့ကို နောက်ဆက်လက်ရေးသားမည်ဖြစ်သော ဝဇ္ဇီတိုင်း, မလ္လတိုင်းတို့၏ အကြောင်းများတွင် ထည့်သွင်းရေးသားမည် ဖြစ်၍ ဤကောသလတိုင်းကြီး အကြောင်းကား အတော်ပင်ရှည်လျားစွာ ရေးသားခဲ့ပြီးဖြစ်သဖြင့် ဤမျှလောက်သော ပမာဏကို အဆုံးသတ်ထား၍ နိဂုံးရေးသားအပ်ပေသတည်း။

✪ ✪ ✪ ✪ ✪

## ဝဇ္ဇီတိုင်းအကြောင်း

မြတ်စွာဘုရားသည် အစဉ်အတိုင်း ဟောကြားတော်မူအပ်သော- ဝဇ္ဇီနံ မလ္လာနံ ဟူသော အစုံအရ ကောသလတိုင်း၏ အခြားမဲ့၌ ဟောကြားသော ဝဇ္ဇီတိုင်းကား ဒေသနာတော်အစဉ်မျှသာ ပထဝီအနေအထားအားဖြင့် ကောသလ, မလ္လ, ဝဇ္ဇီ အစဉ်အတိုင်း တည်ရှိကုန်၏။ ၎င်းဝဇ္ဇီတိုင်းသည် မြတ်စွာဘုရားလက်ထက်တော်က သာသနာတော်တွင် ထင်ရှားသော နိုင်ငံတို့တွင် အပါအဝင်ဖြစ်၍ ဘုရားရှင်လည်း မကြာမကြာ ဒေသစာရီကြွချီတော်မူကာ ဒေသနာတော်အမြိုက် တိုက်ကျွေးဆုံးမတော်မူရာ တိုင်းနိုင်ငံကြီးဖြစ်သည့်အပြင် ဖောက်ပြန်မှားယွင်း နှလုံးသွင်းရှိကြသော ရသေ့ပရိဗိုဇ် နိဂဏ္ဌတက္ကဒွန်းတို့နှင့် အယူဝါဒ ဆိုင်ပြိုင်နှိမ်နင်းကာ သစ္စာဓမ္မ ဖြောင့်မတ်မှန်ကန်သော အယူဝါဒဟူသော စစ်သည် ဗိုလ်ပါအပေါင်းတို့သည် ကျိုးကြောင်းမမှန် မိစ္ဆာဉာဏ်တည်းဟူသောရန် သူပုန်သူခက်တို့ကို တိုက်ဖျက်နှိမ်နင်း အောင်မြင်ခြင်းသို့ရောက်ရာ အောင်မြေဌာနဖြစ်သော တိုင်းပြည်ကြီးလည်း ဖြစ်၏။

## ဝဇ္ဇီနိုင်ငံအုပ်ချုပ်ခြင်း

ဝဇ္ဇီနိုင်ငံကြီးသည်ကား အခြားသော တိုင်းနိုင်ငံများကဲ့သို့ မင်းတစ်ပါးတည်း အာဏာဖြင့် အုပ်ချုပ်စိုးစံသော တိုင်းနိုင်ငံမဟုတ်၊ လိစ္ဆဝီမောင်နှမ ၂-ယောက်မှ ဆင်းသက်လာကြသော ၇၇၀၇-ပါးသောမင်းများ အလှည့်ကျ သမ္မတသဘော တင်မြှောက်ကာ အုပ်စိုးရ၍ အခြားနိုင်ငံများကဲ့သို့ သက်ဦးဆံပိုင် ဘုရင်မင်းများ၏ တစ်ဦးတည်းအာဏာသဘောဖြင့် စီရင်ခွဲခန့်ခြင်းမဟုတ်ဘဲ အများသဘော အညီအညွတ် ဆန္ဒကိုယူလျက် ဝဇ္ဇီဓမ္မ

ရှေးအစဉ်အဆက်က ဆင်းသက်လာသော ဝဇ္ဇီတရားဓမ္မသတ်အရ ညီညွတ်စွာ အုပ်ချုပ်ရသဖြင့် သမ္မတနိုင်ငံသဘော အုပ်ချုပ်သော နိုင်ငံကြီးတစ်ခုဖြစ်ကြောင်း များစွာသော သုတ္တန်တို့၌ ဝဇ္ဇီမင်းများ အကြောင်းပြုလျက် ပျက်ပြားဆုတ်ယုတ်ကြောင်း၊ တရားနှင့် တိုးတက်ကြီးပွါး ထွန်းကားကြောင်းတရား ဟောကြားတော်မူရသည့်အပြင် ၎င်းအဋ္ဌကထာတို့၌လည်း အထင်အရှား ရေးသားဖွင့်ပြကြကုန်၏။

✪ ✪ ✪ ✪ ✪

## လိစ္ဆဝီနှင့် ဝဇ္ဇီခေါ်ဆိုကြောင်း

၎င်းဝဇ္ဇီတိုင်းနှင့် ဝေသာလီမြို့တော်အကြောင်း ရှေးဟောင်းနိပါတ်, ဇာတ်တော်ခေတ်များမမှီ၊ မဟာဂေါဝိန္ဒတည်ထောင်သော ၇-တိုင်းတွင် မပါဝင်စေကာမူ ခုဒ္ဒကပါဠိအဋ္ဌကထာ စသည်တို့၌ ဖွင့်ပြသည်ကား---

ရှေးအခါ ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်၏ မိဖုရားခေါင်ကြီးမှာ သားတစ် ၁-ယောက်ဖွားမြင်ရာ ရှက်နိုးဖွယ်ဖြစ်သဖြင့် ရေအိုးတွင် ထည့်ပြီး မင်းတံဆိပ်ခပ်လျက် မြစ်တွင်မျှောရာ ထိုအခါက ဂင်္ဂါမြစ်ကမ်းနား၌ သီတင်းသုံးတော်မူသော ရသေ့တစ်ပါး တွေ့ရှိသိမ်းဆည်း စောင့်ရှောက်ထားရာမှ ၎င်းသားတစ်မှာ တစတစ ၂-ဖြာကွဲလျက် ခြေ, လက်အင်္ဂါ ပေါ်လာပြီးနောက် ယောကျ်ားကလေးတစ်ယောက်, မိန်းမကလေးတစ်ယောက် ဖြစ်လာ၍ ၎င်းရသေ့ကြီး ကျွေးမွေးပြုစုကြီးပွါးလာရာ မနီးမဝေးရှိ နွားကျောင်းရွာမှ ရွာသားတို့ တောင်းဆိုသဖြင့် ကောင်းစွာစောင့်ရှောက် အချိန်အရွယ်ရောက်လျှင် ၎င်းတို့ မောင်နှမအချင်းချင်း ထိမ်းမြားကြရမည်ဟု အမိန့်ပေးကာ အပ်နှင်းလိုက်လေ၏။ ၎င်းနောက် ၎င်းတို့အချိန် အရွယ်ကျရောက်သောအခါ ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်ထံမှ မြို့ရာတောင်းယူပြီး လျှင် ၎င်းတို့ မောင်နှမချင်း ထိမ်းမြားကာ မင်္ဂလာဘိသိက်သွန်းလျက် မင်းမြှောက်ကြကုန်၏။

၎င်းတို့မှ ယောကျ်ား, မိန်းမ အစုံအစုံအားဖြင့် ၁၆-ကြိမ် ဖွားမြင်ကာ ၃-ကျိပ် ၂-ယောက်သော မင်းသား, မင်းသမီးများ ဖြစ်ထွန်းလာပြီးလျှင် ၎င်းတို့ကိုလည်း အချင်းချင်း အစုံအစုံအားဖြင့် စုံဖက်ကြ၍ နောက်ကာလ၌ ၎င်းတို့အမျိုးများ တိုးပွါးကြီးကျယ်လာ၍ မြို့တော်ရာကို ၃-ကြိမ်တိုင်အောင် ၁-ဂါဝုတ် အတိုင်းအရှည်ဖြင့် တိုးတက်ချဲ့ထွင်ရသောကြောင့် ၎င်းမြို့တော်မှာ ဝိသာလ ချဲ့ထွင်ခြင်းရှိ၍ ဝေသာလီ-ဟု ခေါ်တွင်ရကြောင်း၊ ၎င်းပြင် သားတစ်မှ ဖြစ်ပွါးလာသော မောင်နှမ ၂-ယောက်တို့မှာ---

လိနဆဝိ-အရေတွန့်ခြင်းရှိ၍ လိစ္ဆဝီ-ဟု ခေါ်ဆိုကြကြောင်း၊ ၎င်းမင်းသားကလေး

မှာ ငယ်စဉ်အခါက အားခွန်ဗလနှင့် ပြည့်စုံ၍ အခြားကစားဖော်သူငယ်များကို နှိပ်စက်ညှဉ်းပန်း ကြမ်းတမ်းလှသဖြင့် အများက ရှောင်ကြဉ်ပယ်ရှားကြသောကြောင့် ၎င်းကို ဝဇ္ဇိတဗ္ဗော ရှောင်ကြဉ်အပ်သောကြောင့် ဝဇ္ဇီ-ဟုခေါ်ဆိုကြောင်း၊ ၎င်းတို့ကို အစွဲပြု၍ တိုင်းကိုလည်း ဝဇ္ဇီတိုင်း-ဟု ခေါ်တွင်ကြကြောင်း ဖွင့်ပြလေ၏။

✪ ✪ ✪ ✪ ✪

## ဝေသာလီမြို့တော် ကြီးကျယ်ခမ်းနားခြင်း

၎င်းမင်းသားများ အဆက်အနွယ်တို့ ဆက်လက်စိုးအုပ် တည်ထောင်လာခဲ့သည်မှစ၍ တိုးတက်စည်ကားလာခဲ့ရာ လက်ထက်တော်အခါ၌လည်း ကြီးကျယ်ခမ်းနားသော မြို့တော်ဖြစ်ကြောင်း ဝိနယပိဋကာ၊ မဟာဝါ၊ **စီဝရက္ခန္ဓက**(*ဝိ၊ ၃။ ၃၇၇*)၌---

"တေန ခေါ ပန သမယေန ဝေသာလီ ဣဒ္ဓါ စေဝ ဟောတိ ဖီတာ စ ဗဟုဇနာ အာကိဏ္ဏမနုဿာ စ သုဘိက္ခာ စ။
သတ္တ စ ပါသာဒသဟဿာနိ သတ္တ စ ပါသာဒသတာနိ သတ္တ စ ပါသာဒါ။
သတ္တ စ ကူဋာဂါရသဟဿာနိ သတ္တ စ ကူဋာဂါရသတာနိ သတ္တ စ ကူဋာဂါရာနိ။
သတ္တ စ အာရာမသဟဿာနိ သတ္တ စ အာရာမသတာနိ သတ္တ စ အာရာမာနိ။
သတ္တ စ ပေါက္ခရဏီသဟဿာနိ သတ္တ စ ပေါက္ခရဏီသတာနိ သတ္တ စ ပေါက္ခရဏိယော။

ထိုအခါ ဝေသာလီ မြို့တော်ကြီးကား စည်ကား၏---

- ဝပြော၏၊ လူပေါများ၏၊ လူအမျိုးမျိုး ပြိုးပြွမ်း၏၊ အစာပေါ၏၊
- တိုက်ပြာသာဒ်ပေါင်း -၇၇၀၇(ခုနစ်ထောင့်ခုနစ်ရာခုနစ်) ဆောင်ရှိ၏။
- အထွတ်တင်အိမ်ပေါင်း-၇၇၀၇(ခုနစ်ထောင့်ခုနစ်ရာခုနစ်) ဆောင်ရှိ၏။
- အိမ်ဝင်းရာမ်ပေါင်း -၇၇၀၇(ခုနစ်ထောင့်ခုနစ်ရာခုနစ်) ရာမ်ရှိ၏။
- ရေကန်ပေါင်းလည်း -၇၇၀၇(ခုနစ်ထောင့်ခုနစ်ရာခုနစ်) ဆောင်ရှိ၏-

စသည်ဖြင့် စည်ပင် ဝပြော အစားအသောက်ပေါကြောင်း၊ ၎င်းပြင် လိစ္ဆဝီမင်းများလည်း အလွန်တင့်တယ်ကြကြောင်း၊ မြတ်စွာဘုရားသည် ဝေသာလီပြည်သို့ ကြွရောက်တော်မူသောအခါ ၎င်းမင်းသားတို့ ဘုရားရှင်ကို ဖူးမြော်အံ့သောငှာ အမျိုးမျိုးသော ယာဉ်ရထား၊ အမျိုးမျိုးသော အလံများ၊ အမျိုးမျိုးသော အဝတ်အစားတို့ဖြင့် ဝေသာလီမြို့တော်မှ ထွက်လာကြသည်ကို မြတ်စွာဘုရားမြင်တော်မူ၍ ရဟန်းတို့အား မိန့်ကြားတော်မူကြောင်း မဟာ

ပရိနိဗ္ဗာနသုတ်*(ဒီ၊ ၂။ ၈၃)*၌---

"ယေသံ ဘိက္ခဝေ ဘိက္ခုနံ ဒေဝါ တာဝတိံသာ အဒိဋ္ဌာ ပုဗ္ဗာ ဩလောကေထ ဘိက္ခဝေ လိစ္ဆဝိပရိသံ။ အပလောကေထ ဘိက္ခဝေ လိစ္ဆဝိပရိသံ။ ဥပသံဟရထ ဘိက္ခဝေ လိစ္ဆဝိပရိသံ။ တာဝတိံသာသဒိသံ။

ရဟန်းတို့၊ တာဝတိံသာနတ်သားများ မမြင်ဘူးကြသော ရဟန်းများ ဤလိစ္ဆဝီမင်းသားတို့ကို ကြည့်ကြကုန်။ ရဟန်းတို့၊ လိစ္ဆဝီပရိသတ်ကို အထပ်ထပ်ကြည့်ကြကုန်။ ရဟန်းတို့၊ လိစ္ဆဝီတို့ကို တာဝတိံသာနတ်များနှင့် အတူထား၍ မှတ်သားကြကုန်" စသည်ဖြင့် လာ၍ ၎င်းနိုင်ငံနှင့် မင်းမျိုးများလက်ထက်တော်၌ တိုးတက်ကြီးပွါးကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဘုရားရှင် ဝေသာလီသို့ ကြွရောက်သောကာလ

မည်သည့်အခါ မည်သည့်ဝါ၌ မြတ်စွာဘုရား ဝေသာလီသို့ ကြွရောက်တော်မူသနည်း-ဟူမူ သာသနာတော် ပဌမတည်ထောင်ရာ တိုင်းဌာနကား အမှန်အားဖြင့် ကာသိတိုင်း၊ ဗာရာဏသီမြို့တော်အနီး ဓမ္မစကြာရွှေဦးလည်ရာ မိဂဒါဝုန်တောဖြစ်၍ ဒုတိယဌာနကား ၎င်းမှ မဂဓသို့ ကြွတော်မူကာ ၎င်းတိုင်း၌ ဘုရားဖြစ်ကြောင်း တရားကောင်း ရှာဖွေတော်မူခဲ့သည်အားလျော်စွာ ဒုတိယဝါတော်ကပ်၍ သာသနာတော်မြတ်ပြုစုတော်မူကာ ၎င်းမြို့တော်အနီး သီတာဝုန်ကျောင်းတွင် သီတင်းသုံးတော်မူစဉ် အနာထပိဏ်သူဌေးကြီးအား အမြိုက်တရား သောက်သုံးစေကာ အစလသဒ္ဓါသက်ဝင်စေလျက် ၎င်းသူဌေး၏ ဖိတ်မံချက်ကို သည်းခံတော်မူသော်လည်း ကြွတော်မမူသေးဘဲ ၎င်းရာဇဂြိုဟ်မြို့တော်မှာပင် ကျောင်းနှင့်စပ်သော သိက္ခာပုဒ်များ ခွင့်ပြုပညတ်တော်မူပြီးနောက် ၎င်းမှ တတိယဌာန ဝေသာလီမြို့တော်သို့ ကြွတော်မူပြီး မဟာဝနကူဋာဂါရသာလာကျောင်းကြီး၌ သီတင်းသုံးတော်မူခိုက် ၎င်း၌လည်း များစွာသော ကျောင်း, အိပ်ရာ, နေရာနှင့် စပ်သော သိက္ခာပုဒ်များ ခွင့်ပြု ပညတ်တော်မူပြီးမှ သာဝတ္ထိသို့ ကြွတော်မူကာ အနာထပိဏ်သူဌေးကြီး၏ ကျောင်းတော်ကြီးကို အလှူခံတော်မူကြောင်း ဝိနယပိဋက၊ စူဠဝါ၊ သေနာသနခန္ဓက၌ ထင်ရှားစွာ လာသဖြင့်---

၁။ ပဌမ ကာသိတိုင်း၊ ဗာရာဏသီမြို့တော်

၂။ ဒုတိယ မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့တော်

၃။ တတိယ ဝဇ္ဇီတိုင်း၊ ဝေသာလီမြို့တော်-
တို့၌ အစဉ်အတိုင်း သာသနာပြုစုတော်မူကြောင်း မှတ်သားအပ်၏။

## ဝေသာလီ၌ ကျောင်းတိုက်များ

ဝေသာလီမြို့တော်၌ ကျောင်းတိုက်တော်များမှာ-

၁။ မဟာဝုန် **ကူဋာဂါရသာလာ**ကျောင်းတော်

၂။ **အမ္ဗပါလိဝနဝိဟာရ**သရက်ဥယျာဉ်ကျောင်းတော်-
အားဖြင့် မြို့တော်ဝေါစရဂါမ်ပြုသော ကျောင်းတော် ၂-တိုက်သာ ထင်ရှား၍ ၎င်းတို့တွင် **မဟာဝုန်ကူဋာဂါရသာလာကျောင်းတော်**ကား မည်သူလှူဒါန်းသည်ဟု ထင်ရှားစွာ မလာသော်လည်း ရာဇဂြိုဟ်မှ ကြွလာတော်မူသောအခါ ရှေးဦးစွာ ၎င်းကျောင်းတော်၌ သီတင်းသုံးတော်မူ၍ သာသနာပြုတော်မူကာ များစွာသော သိက္ခာပုဒ်များ ခွင့်ပြုပညတ်တော်မူသည့်အပြင် ထိုထိုသုတ္တန်အရ များစွာသော သုတ်ဒေသနာတော်များ ဟောကြားရာဖြစ်ကြောင်း မှတ်အပ်၏။

**အမ္ဗပါလိဝနဝိဟာရ သရက်ဥယျာဉ်ကျောင်းတော်**ကား ဝိနည်းမဟာဝါ၊ ဘေသဇ္ဇ-ခန္ဓက၊ လိစ္ဆဝီဘာဏဝါရ*(ဝိ၊ ၃။ ၃၂၆)*၌ မြတ်စွာဘုရားသည် ဒေသစာရီအားဖြင့် ပါဋလိဂါမမှ ဝဇ္ဇီတိုင်း၊ ကောဋိဂါမသို့ ကြွရောက်သီတင်းသုံးတော်မူသောအခါ ဝေသာလီတွင် ထင်ရှားသော ပြည့်တန်ဆာမ **အမ္ဗပါလီ**သည် ဘုရားရှင်ထံ ဖူးမျှော်ရန် ကောင်းမြတ်သော ယာဉ် ရထားဖြင့် သွား၍ တရားတော်နာရသဖြင့် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းဖြင့် ဖိတ်မံပြန်အလာ လိစ္ဆဝီမင်းများ တွေ့၍ ၎င်းဆွမ်းကို များစွာပေးလျက် တောင်းဆိုရာ မပေးဘဲ မထိမဲ့မြင်သွားလျှင် လိစ္ဆဝီမင်းများ လက်ဖျစ်တီးကာ မိန်းမသည် ငါတို့အား အောင်နိုင်သွားပြီဟု ပြောဆိုထွက်သွားကြကြောင်း၊ အမ္ဗပါလီသည် မြတ်စွာဘုရားအား ဆွမ်းလုပ်ကျွေးပြီးသောအခါ မိမိ၏သရက်ဥယျာဉ်အာရာမ်ကို လှူဒါန်းကြောင်း၊ ၎င်း ကောဋိဂါမမှ ဉာတိကရွာ၊ ဂိဉ္ဇကာဝသထအုတ်ကျောင်းသို့ ကြွတော်မူကြောင်း၊ ၎င်းမှ မဟာဝုန်ကူဋာဂါရသာလာကျောင်းတော်သို့ ကြွတော်မူကြောင်း ထင်ရှားစွာလာ၏။ ၎င်းပြင် များစွာသော သုတ္တန်တို့၌လည်း---

" ဧကံ သမယံ ဘဂဝါ ဝေသာလိယံ ဝိဟရတိ အမ္ဗပါလိဝနေ။*(သံ၊ ၃။ ၁၂၃)*

အခါတပါး ဘုရားရှင်သည် ဝေသာလီ အမ္ဗပါလီဥယျာဉ်၌ နေတော်မူ၏" စသည်ဖြင့် မဟာဝဂ္ဂ၊ သတိပဋ္ဌာနသံယုတ်၌ သတိပဋ္ဌာန်နှင့် စပ်သော ဒေသနာတော်ကို ဟောကြားတော်မူသည့်ပြင် **သတ္တကအင်္ဂုတ္တိုရ်**၊ မဟာဝဂ်*(သံ၊ ၃။ ၁၂၃)*၌လည်း---

သင်္ခါရတရားတို့၏ အခိုင်အမာ မတည်ကြောင်း, သက်သာရာ မရကြောင်း, ငြီးငွေ့စရာ ကောင်းကြောင်း, ရှစ်သောင်းလေးထောင် ထုထည်ကြီးမားလှသော မြင်းမိုရ်တောင်မင်းကြီးသော်မှပင် ကမ္ဘာကြီးပျက်စီးသောအခါ၌ ကြေမွပြိုကွဲ ပျက်စီးရမည်ဖြစ်ကြောင်း စသည်ဖြင့် ကမ္ဘာပျက်ပုံ ဟောကြားတော်မူ၏။

ဤသို့ ဟောကြားတော်မူသော သုတ္တန်နှင့်ဝိနည်းတို့ကို ထောက်ထား၍ များသောအားဖြင့် ဤကျောင်းတိုက် ၂-တိုက်၌ ဟောကြားပညတ်တော်မူသော ဒေသနာတော်များသောကြောင့် ဤ ၂-တိုက်တို့ကား ထင်ရှားကုန်၏။

ထိုမှတပါး ဝေသာလီမြို့တော်၏ အနီးအနား၌ များစွာသောကျောင်းတိုက်များ ရှိသေးကြောင်း မဟာပရိနိဗ္ဗာနသုတ်*(ဒီ၊ ၂။ ၈၄)*၌---

"ဧထ တုမှေ ဘိက္ခဝေ သာမန္တာ ဝေသာလိံ ယထာမိတ္တံ ယထာသန္ဒိဋ္ဌံ ယထာသမ္ဘတ္တံ ဝဿံ ဥပေထ။ အဟံ ပန ဣဓေဝ ဝေဠုဝဂါမကေ ဝဿံ ဥပဂစ္ဆာမိ"

ရဟန်းတို့ လာကြကုန်၊ သင်တို့ မိတ်ဆွေ ခင်ပွန်း အကျွမ်းဝင်ရာ ဝေသာလီအနီးအနား ဝါကပ်ကြကုန်။

ငါဘုရားကား ဤဝေဠုဝရွာငယ်တွင် ဝါကပ်တော်မူမည်"ဟု ဤသို့ မိန့်ကြားတော်မူရာ၌ အဋ္ဌကထာ*(ဒီ၊ ဋ။ ၂။ ၃၆၂)*ဆရာသည်-

"သာမန္တာ ဝေသာလိယာ ပန ဗဟူနိ သေနာသနာနိ။ ဘိက္ခာပိ သုလဘာ။ တသ္မာ ဧဝမာဟ။

ဝေသာလီအနီး၌ကား ကျောင်းလည်း များ၏၊ ဆွမ်းလည်း ရလွယ်၏၊ ထိုကြောင့် ဤသို့ မိန့်တော်မူ၏" စသည်ဖြင့် ဖွင့်ပြတော်မူ၏။

ဤသို့ ပါဠိ, အဋ္ဌကထာတို့ကို ထောက်ထား၍ မြတ်စွာဘုရားလက်ထက်တော်က ဝေသာလီမြို့တော် ပတ်လည်မှာ များစွာသော ကျောင်းများလည်း ရှိသေးကြောင်း မှတ်ယူအပ်၏။

ထိုမှတပါးလည်း အနီးအနားကျောင်းတိုက်များမှတပါး ထင်ရှားသော မနီးမဝေးရှိ ပယေရိုကြီးများ သီတင်းသုံးတော်မူရာ ဂေါသိင်္ဂသာလဝနအင်ကြင်းတောရကျောင်းလည်း ရှိကြောင်း မဇ္ဈိမစူဠဂေါသိင်္ဂသုတ်၊ မဟာဂေါသိင်္ဂသုတ်တို့၌ ထင်ရှားစွာ လာသည့်ပြင် ၎င်းတောရကျောင်းတိုက်ကြီးမှာ ဝေသာလီမြို့တော်မှ မနီးမဝေး၌ရှိကြောင်း အင်္ဂုတ္တိုရ်၊ ဒသကနိပါတ်၊ တတိယအာကင်္ခေယျဝဂ်၌---

မြတ်စွာဘုရား မဟာဝုန်ကျောင်းတိုက်ကြီး၌ အရှင်စာလ, အရှင်ဥပစာလ စသော ထင်ရှားသော မထေရ်များနှင့်အတူ သီတင်းသုံးတော်မူစဉ် လိစ္ဆဝီမင်းများ, ပရိသတ်အများ, ယာဉ်ရထားများနှင့် ဆူညံစွာ ဘုရားရှင်ဖူးမြင်ရန် လာကြသောအခါ ၎င်းမထေရ်များသည် ၎င်းတို့ချာန်သမာပတ် အနှောင့်အယှက် ဆူးငြောင့်ဖြစ်သည်ဟု အနီးအနား ဂေါသိင်္ဂသာ-လဝနသို့ ကြွသွားတော်မူကြကြောင်း လာသည်ကို ထောက်ဆသိနိုင်၏။

၎င်းပြင် ဂေါသိင်္ဂသာလဝန အင်ကြင်းတောရကဲ့သို့ မလှမ်းမကမ်းတောရကျောင်း များလည်း ရှိသေးကြောင်း **သဂါထာဝဂ္ဂဝနသံယုတ်**(*သံ၊ ၁။ ၂၀၃*)၌---

"အညတရသ္မိံ ဝနသဏ္ဍေ-စသည်ဖြင့် ရဟန်းတစ်ပါး ဝေသာလီမှ မနီးမဝေးသော တောကျောင်း၌ နေစဉ် ပွဲလမ်းသဘင်အခါ မြို့တွင်းမှ တူရိယာသံ, ကြွေးကြော်သံ, ပျော်မြူး သံများ ကြားရလျှင် ဝမ်းနည်း၍---

ဧကကာ မယံ အရညေ ဝိဟရာမ၊ အပဝိဒ္ဓံဝ ဝနသ္မိံ ဒါရုကံ။
ဧတာဒိသိကာယ ရတ္တိယာ၊ ကောသု နာမ’ မှေဟိ ပါပိယောတိ။ ။

**တစ်ယောက်ထီးတည်း၊ တောကြီး၌နေရာ။**
**လူသူဝင်ခက်၊ တောနက်ထဲမှာ။**
**ဤသို့ ပျော်မြူး၊ ညဥ့်ထူးအခါ။**
**ငါထက်မူ၊ ယုတ်သူမရှိပါ-** ဟု ငြီးငြူ မြည်တမ်းကြောင်း လာ၏။

ထိုမှတပါးလည်း မြတ်စွာဘုရားသီတင်းသုံးတော်မူ၍ မဟာသီဟနာဒသုတ် ဟော ကြားတော်မူရာ အပရပုရဝနသဏ္ဍ အပရပုရတောအုပ်ကျောင်းရှိကြောင်း၊ ၎င်း၌ နေတော်မူ စဉ် သုနက္ခတ္တသည် သာသနာတော်မှ ဖဲခွါ၍ မကြာမီ အရှင်ဂေါတမအား ဥတ္တရိမနုဿဓမ္မ ထူးမြတ်သော တရားမရှိကြောင်း ဟောပြောနေသည်ကို အရှင်သာရိပုတ္တရာ ကြား၍ ဘုရား ရှင်အား လျှောက်ထားသည်ကို အကြောင်းပြု၍---

"ဧကံ သမယံ ဘဂဝါ ဝေသာလိယံ ဝိဟရတိ ဗဟိနဂရေ အပရပုရေ ဝနသဏ္ဍေ။
(*မဇ္ဈိမ၊ ၁။ ၉၇*)

အခါတပါး ဘုရားရှင်သည် ဝေသာလီမြို့ပ အပရပုရတောအုပ်၌ နေတော်မူ၏" စသည်ဖြင့် မူလပဏ္ဏာသ၊ ဒုတိယဝဂ်၊ မဟာသီဟနာဒသုတ်နိဒါန်း၌ လာရာ ၎င်းအဋ္ဌကထာ (*မ၊ ဋ္ဌ။ ၁။ ၃၂၇*) ၌လည်း---

"အပရပုရေ ဝနသဏ္ဍေတိ သော ကိရ ဝနသဏ္ဍော နဂရဿ ပစ္ဆိမဒိသာယံ ဂါဝုတမတ္တေ ဌာနေ"-

စသည်ဖြင့် ၎င်းကျောင်းမှာ မြို့အနောက် ဂါဝုတ်လောက်အဝေးမှာ တည်ရှိကြောင်း ဖွင့်ပြ၏။

ထိုမှတပါးလည်း ဝေသာလီမြို့တော်ကြီးကား အထူးထူး အပြားပြား ဆောင်နန်း, ပြာသာဒ်များဖြင့် တင့်တယ်ပျော်မွေ့ဖွယ် ရှိသည့်အပြင် မြို့တော်၏ ပတ်ဝန်းကျင်၌လည်း ကြီးကျယ်တင့်ဆန်းသော နတ်ကွန်း, နတ်နန်းကြီးများဖြင့် နှစ်လိုမွေ့လျော်ဖွယ်ရှိကြောင်း အင်္ဂုတ္တိုရ် အဋ္ဌကနိပါတ်၊ ဘူမိစာလဝဂ်၌၎င်း, ဒီဃနိကာယ်၊ မဟာဝဂ်၊ မဟာပရိနိဗ္ဗာနသုတ် *(ဒီ၊ ၂။ ၈၆)*၌၎င်း---

မြတ်စွာဘုရား စာပါလနတ်ကွန်း၌ သီတင်းသုံးတော်မူစဉ်-

"ရမဏီယာ အာနန္ဒ ဝေသာလီ။
ရမဏီယံ ဥဒေနံ စေတိယံ။
ရမဏီယံ ဂေါတမကံ စေတိယံ။
ရမဏီယံ သတ္တမ္ဗံ စေတိယံ။

ရမဏီယံ ဗဟုပုတ္တံ စေတိယံ။
ရမဏီယံ သာရန္ဒဒံ စေတိယံ။
ရမဏီယံ စာပါလံ စေတိယံ။

အာနန္ဒာ၊ ဝေသာလီကား ပျော်မွေ့ဖွယ် ရှိ၏။
၁။ ဥဒေနနတ်ကွန်းမှာ ပျော်မွေ့ဖွယ် ကောင်း၏၊
၂။ ဂေါတမကနတ်ကွန်းမှာ ပျော်မွေ့ဖွယ် ကောင်း၏၊
၃။ သတ္တမ္ဗနတ်ကွန်းမှာ ပျော်မွေ့ဖွယ် ကောင်း၏၊
၄။ ဗဟုပုတ္တနတ်ကွန်းမှာ ပျော်မွေ့ဖွယ် ကောင်း၏၊
၅။ သာရန္ဒဒနတ်ကွန်းမှာ ပျော်မွေ့ဖွယ် ကောင်း၏၊
၆။ စာပါလနတ်ကွန်းမှာ ပျော်မွေ့ဖွယ် ကောင်း၏"-

စသည်ဖြင့် အရှင်အာနန္ဒာအား ဘုရားရှင်ကိုယ်တိုင်တော်ပင် ဝေသာလီမြို့တော်ကြီးနှင့် တကွ နတ်ကွန်းကြီးများ နှစ်သက်ပျော်မွေ့ဖွယ်ရှိကြောင်း မိန့်ကြားတော်မူ၏။ အထူးအားဖြင့် ထိုစာပါလနတ်ကွန်းကြီး၌ မြတ်စွာဘုရား နေ့သန့်တော်မူစဉ်---

"ဧတရဟိ ခေါ ပန ဘန္တေ ဘဂဝတော ပြဟ္မစရိယံ ဣဒ္ဓဉ္စေဝ ဖီတဉ္စ ဝိတ္ထာရိကံ ဗဟုဇညံ ပုထုဘူတံ ယာဝ ဒေဝ မနုဿေဟိ သုပ္ပကာသိတံ။ ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ။ ပရိနိဗ္ဗာတု သုဂတော။ ပရိနိဗ္ဗာနကာလော ဒါနိ ဘန္တေ ဘဂဝတောတိ။

*(ဒီ၊ ၂။ ၈၉)*

အရှင်ဘုရား၊ ယခုအခါကား ဘုန်းတော်ရှင်၏ သာသနာမြတ် ပြည့်လည်းပြည့်စုံ စည်လည်းစည်ပင် ကျယ်ပြန့်များပြား အကြင်မျှလောက် လူများလည်း သိအပ်ပါပြီ။ ဘုန်းတော်သခင် အရှင်ဘုရား၊ ယခု ပရိနိဗ္ဗာန်စံတော်မူပါ။ အရှင်ဘုရား၊ ယခုကား ဘုန်းတော်ရှင်၏ ပရိနိဗ္ဗာန် စံဝင်တော်မူချိန်ပါတည်း"ဟု မာရ်နတ်သား လာရောက် လျှောက်ထားသည်ကို ၃-ကြိမ် ပယ်တော်မူပြီးနောက်---

"အပ္ပေါသုက္ကော တွံ ပါပိမ ဟောဟိ န စိရံ တထာဂတဿ ပရိနိဗ္ဗာနံ ဘဝိဿတိ၊ ဣတော တိဏ္ဏံ မာသာနံ အစ္စယေန တထာဂတော ပရိနိဗ္ဗာယိဿတီတိ။ *(ဒီ၊ ၂။ ၈၉)*

မာရ်နတ်ယုတ်၊ သင် ကြောင့်ကြမဲ့နေလော့။ မကြာမီ ငါဘုရား ပရိနိဗ္ဗာန် ပြုတော်မူမည်၊ ဤအခါမှ ၃-လလွန်လျှင် ဘုရားရှင်၏ ပရိနိဗ္ဗာန်ပြုခြင်း ဖြစ်လတ္တံ့"ဟု မဟာပရိနိဗ္ဗာန သုတ်၌ မိန့်ကြားတော်မူ၏။

ဤသို့ မြတ်စွာဘုရားသည် အာယုသင်္ခါရကို ဤစာပါလနတ်ကွန်း၌ လွှတ်တော်မူသဖြင့် မဖြစ်စဘူး အထူးအံ့သြဖွယ် မြေငလျင်ကြီးစွာ တုန်လှုပ်ခြင်းကြောင့် အရှင်အာနန္ဒာသည် ဘုရားရှင်ထံ အကြောင်းလျှောက်ထား တောင်းပန်သောအခါ အရှင်အာနန္ဒာအား မြေငလျင်တုန်လှုပ်ခြင်း အကြောင်း ၈-ပါး ဟောကြားတော်မူပြီးလျှင် ယခုကား ဤစာပါလနတ်ကွန်း၌ ငါဘုရား အာယုသင်္ခါရ လွှတ်တော်မူခြင်းကြောင့် တုန်လှုပ်ကြောင်း မိန့်ကြားတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည်---

"မြတ်စွာဘုရား၊ တပည့်တော် မျက်မှောက် ကြားဖူးသည်မှာ ဣဒ္ဓိပါဒ် ၄-ပါး ပွါးများပြီးသောသူသည် အလိုရှိသော တစ်ကမ္ဘာပတ်လုံး တည်နေနိုင်ရာ၏ဟု မိန့်တော်မူဖူးပါသည်။

မြတ်စွာဘုရား တစ်ကမ္ဘာပတ်လုံး တည်နေတော်မူပါဘုရား"ဟု လျှောက်ထားလျှင် "အာနန္ဒာ၊ ယခုကား အခါမဟုတ်တော့ပြီ---

တရံရောအခါ ငါဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်၌ သီတင်းသုံးတော်မူစဉ် အာယုကပ်ပတ်လုံး တည်နေနိုင်ကြောင်း မိန့်မြွက်တော်မူဖူးပြီ၊ ထိုသို့ အမြွက်မျှ မိန့်ကြားသော်လည်း အာနန္ဒာ၊ သင်သည် အာယုကပ်ပတ်လုံး တည်နေတော်မူပါဟု မလျှောက်ထားခဲ့၊ ထို့အတူ-

- ရာဇဂြိုဟ်ပြည်၊ ဂေါတမပညောင်ပင်၌
- ရာဇဂြိုဟ်ပြည်၊ စောရပပါတခိုးသူကျချောက်၌

- ရာဇဂြိုဟ်ပြည်၊ **ဝေဘာရလိုဏ်ဂူကျောင်း၌**
- ရာဇဂြိုဟ်ပြည်၊ **ဣသိဂိလိကာဠသိလာကျောက်မဲကျောင်း၌**
- ရာဇဂြိုဟ်ပြည်၊ **သီတာဝုန် သပ္ပသောဏ္ဍိကလိုဏ်ဂူ၌**
- ရာဇဂြိုဟ်ပြည်၊ **တပေါဒါရာမရေပူချောင်း၌**
- ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန ကလန္ဒနိဝါပဝေဠုဝန်ကျောင်း၌
- ရာဇဂြိုဟ်ပြည်၊ ဇီဝကမ္ဗဝန ဇီဝကသရက်ဥယျာဉ်ကျောင်း၌
- ရာဇဂြိုဟ်ပြည်၊ မဒ္ဒကုစ္ဆိမိဂဒါယမဒ္ဒကုစ္ဆိဘေးမဲ့ကျောင်း၌-

သီတင်းသုံးတော်မူသောအခါ အမြွက်မျှ မိန့်ကြားတော်မူဖူးပြီ။

ထို့အတူ ဤဝေသာလီမြို့တော်-

- ဥဒေနစေတီ --- ဥဒေနနတ်ကွန်း၌
- ဂေါတမကစေတီ --- ဂေါတမနတ်ကွန်း၌
- သတ္တမ္ဗစေတီ --- သတ္တမ္ဗနတ်ကွန်း၌
- ဗဟုပုတ္တစေတီ --- ဗဟုပုတ္တနတ်ကွန်း၌
- သာရန္ဒဒစေတီ --- သာရန္ဒဒနတ်ကွန်း၌
- စာပါလစေတီ --- ဤ- စာပါလနတ်ကွန်း၌-

အမြွက်မျှ မိန့်ကြားတော်မူပြီ။

အာနန္ဒာ၊ သင်ကား ငါဘုရားအား အာယုကပ်ပတ်လုံး တည်နေတော်မူပါဟု မလျှောက်ထားခဲ့၊ ငါဘုရားကား တစ်ခွန်းတည်းအားဖြင့် မာရ်နတ်လျှောက်ထား၍ အာယုသင်္ခါရ လွှတ်တော်မူအပ်ပြီ၊ ဤမှ ၃-လမြောက်၌ ငါဘုရားသည် ပရိနိဗ္ဗာန် စံတော်မူမည်” စသည်ဖြင့် မဟာပရိနိဗ္ဗာနသုတ်၌ အရှင်အာနန္ဒာအား မိန့်ကြားတော်မူ၏။

ဤသို့ မိန့်ကြားတော်မူသည်ကို ထောက်ဆ၍ ဤဝေသာလီမြို့တော်၏ ပတ်ဝန်းကျင် ပျော်ရွှင်မွေ့လျော်ဖွယ် ကောင်းလှသော နတ်ကွန်း, နတ်နန်းကြီးများ ရှိကြ၍ ၎င်းတို့၌ တစ်ခါတစ်ရံ နေ့သန့်တော်မူပြီးလျှင် တရားဓမ္မဆုံးမတော်မူဖူးသော ဌာနများ ဖြစ်ကြောင်း မှတ်သားအပ်၏။

၎င်းပြင် မြတ်စွာဘုရားသည် ဤစာပါလနတ်ကွန်းမှ မဟာဝုန်ကူဋာဂါရကျောင်းတော်သို့ ကြွတော်မူပြီးလျှင် အရှင်အာနန္ဒာအား ဤဝေသာလီအမှီပြုကြသော ရဟန်းသံဃာ

အားလုံးတို့အား စည်းဝေးစေရန် မိန့်ကြားတော်မူ၍ ရဟန်းအားလုံး ညီမူရာ၌ စည်းဝေး ရောက်လာကြသောအခါ မြတ်စွာဘုရား ခင်းထားအပ်သော နေရာတော်၌ သီတင်းသုံးတော် မူလျက်---

ဤမှနောက် ၃-လမြောက်၌ ငါဘုရားပရိနိဗ္ဗာန် ပြုတော်မူမည်-ဟု နောက်ဆုံး **ပစ္ဆိမဝစန** ဆုံးမတော်မူခြင်းအားဖြင့်---

"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

*(ဒီ၊ ၂။ ၁၀၀-၁၂၈)*

ရဟန်းတို့ အိုင်း--- ယခု သင်တို့အား မိန့်ကြားတော်မူမည်၊ ပြုပြင်ခြင်းတရားတို့ သည် ပျက်ခြင်းသဘော ရှိကုန်၏၊ မမေ့လျော့ခြင်းနှင့် ပြည့်စုံကြစေကုန်"ဟု မိန့်တော်မူ၏။

ထိုမှတပါး မြတ်စွာဘုရားသည် ဝေသာလီမြို့တော်၌ သီတင်းသုံးတော်မူစဉ် ဝေသာလီထက်ဝန်းကျင်ရှိ နတ်ကွန်းများတွင် နေ့သန့်စင်တော်မူကာ များစွာဒေသနာတို့ကို ဟောကြားတော်မူကြောင်း သတ္တကအင်္ဂုတ္တိုရ်၊ တတိယဝဂ္ဂ၊ သတ္တကဝဂ်*(နှာ၊ ၄၀၇)*၌---

"ဧကံ သမယံ ဘဂဝါ ဝေသာလိယံ ဝိဟရတိ သာနန္ဒရေ စေတိယေ၊ အထခေါ သမ္ဗဟုလာ လိစ္ဆဝိ ယေန ဘဂဝါ၊ တေနုပသင်္ကမိ။

အခါတပါး ဘုရားရှင်သည် ဝေသာလီ သာနန္ဒရနတ်ကွန်း၌ နေတော်မူ၏။ ထိုအခါ လိစ္ဆဝီမင်းများတို့ ဘုရားရှင်ထံ ဆည်းကပ်ကြကုန်၏"စသည်ဖြင့် ဆည်းကပ်ရောက်လာကြ သော လိစ္ဆဝီမင်းတို့အား မဆုတ်ယုတ်ကြောင်း၊ တိုးပွါးကြောင်း၊ အပရိယာနိယတရား ၇-ပါး ဟောကြားတော်မူ၏။

မဟာပရိနိဗ္ဗာနသုတ်၌လည်း မြတ်စွာဘုရားသည် ဝဇ္ဇီတိုင်းသို့ ချီတက်တိုက်ခိုက် လိုသော အဇာတသတ်မင်း၏ အမတ်ကြီး- သုနိဓ, ဝဿကာရ(တို့) တောင်းပန်လျှောက်ထား သဖြင့် အရှင်အာနန္ဒာအား---

၁။ ဝဇ္ဇီမင်းများသည် မကြာမကြာ စည်းဝေးကြခြင်း၊

၂။ အညီအညွတ် ပြုလုပ်ဆောင်ရွက်ကြခြင်း၊

၃။ ရှေးဝဇ္ဇီ ဓမ္မသတ်ဟောင်းကို မဖျက်ဆီးဘဲ ကောင်းစွာနာယူခြင်း၊

၄။ သက်ကြီး ဝါရင့် အဆင့်ဆင့် ရိုသေလေးစားကြခြင်း၊

၅။ အမျိုးကောင်းသမီးများ မဖျက်ဆီးဘဲ စောင့်စည်းခြင်း၊

၆။ အတွင်းအပ ရှေးက ကိုးကွယ်မြဲ နတ်များ ကိုးစားခြင်း၊

၇။ ရဟန္တာသူမြတ်တို့အား တရားသဖြင့် စောင့်ရှောက်ကိုးကွယ်ခြင်း-
စသည်ဖြင့် ဝဇ္ဇီမင်းများ၏ အပရိဟာနိယတရား ဥပမာထား၍ သာသနာတော်၌ ရဟန်းများ၏ အပရိဟာနိယတရား ၇-ပါး ဟောတော်မူပြီးနောက် မဂဓေအမတ်ကြီးအားလည်း "ငါဘုရားသည် ဝေသာလီ သာနန္ဒရစေတီ နတ်ကွန်း၌ သီတင်းသုံးတော်မူစဉ်က လိစ္ဆဝီမင်းများအား ဤမဆုတ်ယုတ်ကြောင်း တရား ၇-ပါး ဟောကြားတော်မူခဲ့ဖူးကြောင်း" မိန့်တော်မူ၏။ ဤသို့အားဖြင့် ဝဇ္ဇီတိုင်းနိုင်ငံကြီးနှင့်တကွ-

- ဝေသာလီမြို့တော် ၎င်းထက်ဝန်းကျင်တို့၌ မြတ်စွာဘုရား **သီတင်းသုံးတော်မူရာ ဌာနများနှင့်**
- သုတ္တန်, ဝိနည်းဒေသနာတော်များ ဟောကြား ပညတ်တော်မူရာ ဌာနများ, ၎င်းပြင်
- သာသနာတော်တွင် ထင်ရှားသော မထေရ်ကြီးများ၊
- (အနုာထပိဏ်), ဇောဘိကတို့ကဲ့သို့ ထင်ရှားသော **သူဌေးကြီးများ,**
- **သီဟစစ်သူကြီး** စသည်ထင်ရှားသော အရိယာဥပါသကာကြီးများ-

ရှိကြကြောင်း၊ ထို့ပြင်-

ဝါဒဆန့်ကျင်လျက် ပြောဟောကြကာ ဆရာတစ်ဆူ ပြုလုပ်နေကြသော နိဂဏ္ဌာအယူရှိသူများ, သစ္စကပရိဗိုဇ် စသော အယူကွဲပြား ထင်ရှားသော ပရိဗိုဇ်ဆရာကြီးများ၏ အယူဝါဒကို ချိုးဖဲ့နှိမ်နင်းလျက် လေးနက်ဆန်းကြယ်သော ဓမ္မဒေသနာတော်ဖြင့် သတ္တဝါအပေါင်းတို့အား ကယ်ဆယ်ရာ ဌာနလည်းဖြစ်ကြောင်း၊ ထိုထိုသုတ္တန်တို့ကို ထောက်ဆကာ ကောင်းစွာသိရ၏။

ထိုမှတပါး ပညာရှိသောအားဖြင့် ကျော်ကြား၍ လိစ္ဆဝီမင်းများတို့ ဆရာအဖြစ် ညွှတ်ကိုင်းကြသော မဟာလိ လိစ္ဆဝီမင်းစသော ထင်ရှားသော လိစ္ဆဝီများ, မနာပဒါယကာ ဧတဒဂ်ရ ဂုဏ်အံ့ဖွယ် ၈-ဖြာနှင့် ပြည့်စုံသော ဥဂ္ဂသူကြွယ်များ စသည် သာသနာဘက်တွင် ၎င်း လောကဘက်တွင်၎င်း ထင်ရှားသောသူများနှင့် ပြည့်စုံကြွယ်ဝသော တိုင်းနိုင်ငံမြို့တော်ကြီးဖြစ်ကြောင်း ပိဋကတ်တော်၌ များစွာသော အတ္ထုပ္ပတ်တို့ကို ထောက်ထား၍ ထင်ရှား၏။

ဤမျှဖြင့် ဝေသာလီမြို့တော်နှင့် စပ်သော သာသနာတော် အတ္ထုပ္ပတ်များ ရေးသားအပ်ပြီးဖြစ်၍ ဤတွင် အဆုံးသတ်အပ်သတည်း။

✪ ✪ ✪ ✪ ✪

## ဝဇ္ဇီတိုင်းမြို့နယ်များ

ဤတိုင်းကြီးသည် မြတ်စွာဘုရားလက်ထက်တော်၌ ထင်ရှားကျော်ကြားသည်အား လျော်စွာ များစွာသော မြို့, ရွာ, နိဂုံးများ ရှိမည်ကား ၎င်းဝဇ္ဇီတန်ခိုး လွှမ်းမိုးသဖြင့် တိမ်မြုပ်နေသော ဝိဒေဟတိုင်းနယ် ရှေးနိပါတ်ခေတ်၌ ဖော်ပြသည်ကို ထောက်ထား၍ ထင်ရှားကြောင်း သတ္တနိပါတ်၊ **ဂန္ဓာရဇာတ်**(*ဇာ၊ ၁။ ၁၆၅*)၌---

"ဟိတွာ ဂါမသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။

ပြည့်စုံကြွယ်ဝသော ရွာ တစ်သောင်းခြောက်ထောင်တို့ကို စွန့်လျက်"ဟု ဝိဒေဟတိုင်း နယ်ရွာပေါင်းများ ဖော်ပြထား၏။

ဤရှေးခေတ် ဝိဒေဟတိုင်းနယ်ကို ထောက်ဆ, ဝဇ္ဇီတိုင်းမကြီးမှာ များစွာသော မြို့, ရွာ, နိဂုံးများ ရှိကြမည်ဖြစ်သော်လည်း ဒေသနာတော်အရ ထင်ရှားသော မြို့, ရွာများကိုသာ ပြဆိုရေးသားအပ်သဖြင့် ၎င်းအရ ဝဇ္ဇီတိုင်းနယ်တွင် ထင်ရှားသော မြို့နယ်များမှာ-

၁။ **မိထိလာမြို့** --- ဝိဒေဟတိုင်းနယ်

၂။ **ဓမ္မကောရဏ္ဍမြို့** --- ဝဇ္ဇီတိုင်းနယ်

၃။ **အဋ္ဌကမြို့** --- အဋ္ဌကနဂရ

၄။ **ဘောဂမြို့** --- ဘောဂနဂရ

၅။ **ဥက္ကာစေလမြို့** --- ဥက္ကာစေလနဂရ -

စသည်တို့ဖြစ်ကြ၍ ၎င်းတိုင်းနယ်များတွင် မြတ်စွာဘုရား သီတင်းသုံးတော်မူဖူး, ဒေသနာ ဟောကြားတော်မူဖူးသော ရွာများမှာ-

၁။ ဘဏ္ဍဂါမ --- ဘဏ္ဍရွာ

၂။ ကောဋိဂါမ --- ကောဋိရွာ

၃။ ဟတ္ထိဂါမ --- ဟတ္ထိရွာ

၄။ နာဋိကဂါမ --- နာဋိကရွာ

၅။ ဝေဠုဝဂါမ --- ဝေဠုဝရွာ စသည်တို့ ဖြစ်ကြကုန်၏။

✪ ✪ ✪ ✪ ✪

## မိထိလာမြို့တော်

ဤမြို့တော်သည် ရှေးဇာတ်နိပါတ်တော်ခေတ်က အလွန်ထင်ရှား၍-

- မဟာဇနကဇာတ်တော်၌ ဇနကမင်းကြီးများ
- မဟောသဓဇာတ်တော်၌ မဟောသဓပညာရှိများ
- မဟာနေမိဇာတ်တော်၌ နေမိမင်းကြီးများ-

စသော အလောင်းတော်များ ပါရမီဆည်းပူးရာ မြို့တော်ကြီးဖြစ်သည့်အပြင် မြတ်စွာဘုရား လက်ထက်တော်တွင်လည်း ထင်ရှား၍ ဘုရားရှင်လည်း ဒေသစာရီ ကြွချီတော်မူကာ များစွာ သော ဒေသနာတော်တို့ဖြင့် ဟောဖော်ထုတ်ပြလျက် ဓမ္မစက်နိုင်ငံတော် ပြုလုပ်တော်မူ ကြောင်း မဇ္ဈိမပဏ္ဏာသ၊ ဗြဟ္မာယုသုတ်၌---

မြတ်စွာဘုရား ဝိဒေဟတိုင်းနယ် ဒေသစာရီလှည့်လည် ဟောပြောတော်မူစဉ် အသက်-၁၂၀ ရှိ၍ သီလပညာဂုဏ်ဖြင့် ထင်ရှားသော ဗြာဟ္မာယုပုဏ္ဏားကြီးသည် ဘုရားရှင် ၏ ဂုဏ်တော်, ကျေးဇူးတော်တို့ကို ကြားရ၍ ဥတ္တရလုလင်အား စုံစမ်းစေရာ ၆-လကြာမျှ မြတ်စွာဘုရားနောက်တော်က လိုက်ပါစုံစမ်းရာ ၃၂-ဖြာသော လက္ခဏာတော်, ၈၀-ကျော်မျှ အနုဗျဉ္စန လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံကြောင်း သိရ၍ ပုဏ္ဏားကြီးအား ပြောကြားရာ အလွန်ကြည်ညိုလှသဖြင့် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီပြီးလျှင်---

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"။

ဟု မဟာပဏာမဖြင့် ၃-ကြိမ် ရှိခိုးပြီးနောက်---

"အပ္ပေဝ နာမ မယံ ကဒါစိ ကရဟစိ တေန ဘောတာ ဂေါတမေန သမာဂစ္ဆေ-ယျာမ။ အပ္ပေဝ နာမ သိယာ ကောစိဒေဝ ကထာသလ္လာပေါတိ။ *(မဇ္ဈိမ၊ ၂။ ၃၄၁)*

ဘယ်ခါ ဘယ်ချိန်မှာ အရှင်ဂေါတမနှင့် ပေါင်းဆုံဖူးတွေ့ရပါအံ့နည်း၊ ဘယ်အခါ စကားနှီးနှော ပြောဆိုလျှောက်ထားရပါအံ့နည်း"ဟု ၃-ကြိမ်ဥဒါန်းကျူးရင့်ကြောင်း လာ သည့်ပြင် ၎င်းမဇ္ဈိမပဏ္ဏာသ၌ပင် မိထိလာ၊ မဃဒေဝသရက်ဥယျာဉ်၌ သီတင်းသုံးတော် မူစဉ်-

"အထခေါ ဘဂဝါ အညတရသ္မိံ ပဒေသေ သိတံ ပါတွာကာသိ။ *(မဇ္ဈိမ၊ ၂။ ၂၆၂)*

ထိုအခါ ဘုရားရှင်သည် အရပ်တစ်ခု၌ ပြုံးတော်မူခဲ့ပြီ" စသည်ဖြင့် မဃဒေဝမင်းကြီး ဖြစ်၍ ဤဥယျာဉ်၌ပင် တောထွက်ကာ မြတ်သောအကျင့် ကျင့်ခဲ့ဖူးကြောင်း၊ ၎င်း၏ အဆက်အနွယ် ရှစ်သောင်းလေးထောင်တိုင်အောင် တည်ရှိ၍ နောက်ဆုံး နေမိမင်းကြီး

လက်ထက် သာလွန်ပြန့်နှံ့ကျော်ကြား သိကြားမင်းကိုယ်တိုင် နတ်ပြည်မှ ဆင်းသက်ကာ နတ်ရထားဖြင့် ပင့်လာ၍ တရားနာကြောင်း၊ ယခုအခါ ဤနေရာ၌ စင်စစ် ငြိမ်းချမ်းခြင်းဌါ ဖြစ်သော မဂ္ဂင် ၈-ပါး မြတ်တရားကို ဟောကြားတော်မူကြောင်း- မဃဒေဝသုတ်၌ လာ၍-

ဤဥယျာဉ်ကား ၎င်းသုတ်ဟောကြားတော်မူရာဖြစ်၍ သာသနာ၌ ထင်ရှားသော ဌာနတို့တွင် ပါဝင်၏။ ထိုဥယျာဉ်တော်သည် မြတ်စွာဘုရားလက်ထက်တော်တိုင်အောင် ထင်ရှားသော်လည်း မိထိလာမြို့တော်မှာကား ရှေးဇာတ်တော်, နိပါတ်တော်ခေတ်က မြို့တော်ဖြစ်သကဲ့သို့ စည်ပင်ဝပြောသာယာစေကာမူ မြို့တော်မဟုတ်ဘဲ သာမညလက် အောက်ခံ ဝဇ္ဇီတိုင်းနယ်တွင် အပါအဝင်ဖြစ်သော မြို့သာဖြစ်၍ မြို့စားမဟုတ် ထင်ရှားသော ဗြာဟ္မာယုတို့ကဲ့သို့ ပုဏ္ဏားကြီးများ နေထိုင်ရာ မြို့ဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဓမ္မကောရဋ္ဌမြို့

ဤမြို့သည် မြတ်စွာဘုရား ဝိဒေဟတိုင်းနယ်တွင် လှည့်လည်တော်မူရာ သီတင်းသုံး တော်မူဖူးသော မြို့ဖြစ်ကြောင်း သုတ္တနိပါတ်၊ ဒုတိယဓနိယသုတ် ၎င်းအဋ္ဌကထာ၌ ၎င်းမြို့ တွင် ထင်ရှားသော နွားများပိုင်ရှင် **ဓနိယသူဌေးကြီး** နေထိုင်သော မြို့ဖြစ်သဖြင့် ၎င်းပိုင် နွားသုံးသောင်းခန့်တို့၏ ချမ်းသာစွာ နေနိုင်ရာ မဟီမြစ်ကမ်းမှာ တည်ရှိကြောင်း---

တရံရောညဉ့်၌ ၎င်းသူဌေးကြီးမှာ နေရာအာဝါသနှင့်ပြည့်စုံ, အစာအာဟာရ လုံလောက်စွာ အခြံအရံမှာလည်း ပေါများ၍ ထစ်ချုန်းတက်လာသော မိုးကြီးအား ပြောကြား သောအားဖြင့်---

ပက္ကောဒနော ဒုဒ္ဓခီရော'ဟ'မသ္မိ၊ (ဣတိ ဓနိယော ဂေါပေါ။)
အနုတီရေ မဟိယာ သမာနဝါသော။
ဆန္နာ ကုဋိ အာဟိတော'ဂ္ဂိ။
အထ စေ ပတ္ထယသီ, ပဝဿ ဒေဝ။ *(သုတ္တနိပါတ၊ ၂၈၂)*

အစာချက်ပြီး၊ နို့ညှစ်ပြီးပြီ။
ဤသို့ ဓနိယ၊ ဂေါပ တွင်မည်။
မဟီနားမှာ၊ တူစွာနေသည်။
အိမ်ကိုမိုးပြီး၊ မီးလည်းဆောင်ပြီ။
ရှာလိုက၊ ရွာချ မိုးနတ်သည်-

ဟု အကြိမ်ကြိမ် ဥဒါန်းကျူးရင့်သည်ကို မြတ်စွာဘုရား သာဝတ္ထိဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒိဗ္ဗသောတဖြင့်ကြားတော်မူ၍ ၎င်းနှင့် သူဌေးကတော်တို့၏ ပြည့်စုံသော ပါရမီရှိကြသည်ကို အကြောင်းပြုကာ ကြွလာတော်မူပြီးလျှင်---

အင္ကောဓနော ဝိဂတခီလော’ဟမ’သ္မိ။ (ဣတိ ဘဂဝါ)
အနုတီရေ မဟိယော’ကရတ္တိဝါသော။
ဝိဝဋ္ဋာ ကုဋိ နိဗ္ဗုတော’ဂ္ဂိ။
အထ စေ ပတ္ထယသိ, ပဝဿ ဒေဝ။*(သုတ္တနိပါတ်၊ ၂၈၂)*

အမျက်ကင်း၍၊ ငြောင့်ကင်းလေပြီ။
ဤသို့ ဘုရားရှင်၊ ညဥ့်လျှင် သုံးငြား၊ မြစ်နားမဟီ။
အိမ်မိုးဖွင့်ပြီး၊ မီးလည်းငြိမ်းပြီ။
ရွာလိုက၊ ရွာချ မိုးနတ်သည်။

စသည်ဖြင့် ဂါထာတု ရွတ်ဆိုတော်မူကာ ဓနိယသူဌေးအား တရားရောင်အလင်းပြတော်မူသောအခါ ဘုရားရှင်ကို ဖူးမျှော်ရ၍ အတိုင်းမသိ ပီတိသောမနဿဖြင့် အဆုံးအမတော်နာယူလျက် တရားတော်သက်ဝင် ဘုရားရှင်ထံ ရဟန်းအဖြစ် တောင်းပန်ကြပြီး သူဌေးကတော်ကြီးပါ ဘိက္ခုနီမဖြစ်၍ ၎င်းမဟီမြစ်နား နွားတို့၏ကျက်စားရာ ဂေါပါလတွင် သီတင်းသုံးနေရစ်ခဲ့ကြကြောင်း ထင်ရှားစွာ လာသဖြင့် ဤမြို့သည် မဟီမြစ်နား၌ တည်ရှိ၍ ဝိဒေဟတိုင်းနယ်တွင် ပါဝင်ပြီး ဘုရားရှင်၏ အာဏာတော်မမွစက် သက်ရောက်ရာ နိုင်ငံတော်ဖြစ်ကြောင်း မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## အဋ္ဌကနဂရမြို့

အဋ္ဌကနဂရမြို့ကား နောက်က ရေးသားခဲ့သည့်အတိုင်း ဒသမမည်သော သူကြွယ်နေထိုင်ရာ မြို့ဖြစ်၍ သာသနာဝင်မြို့တို့တွင် ပါဝင်ကြောင်း---

တရံရောအခါ အရှင်အာနန္ဒာ ဝေဠုဝရွာငယ်၌ သီတင်းသုံးစဉ် ၎င်းသူကြွယ်သည် အရှင်အာနန္ဒာထံ ချဉ်းကပ်လျက်---

“အရှင်ဘုရား၊ မြတ်စွာဘုရားသည် ကိလေသာမှလွတ်ကြောင်း ကောင်းမြတ်သော တရားတော်မြတ်တစ်ပါး ဟောကြားတော်မူခဲ့ပါသလော”ဟု မေးလျှောက်သည်တွင်---

"သူကြွယ်၊ မြတ်စွာဘုရား ဟောကြားတော်မူသော ကိလေသာမှ လွတ်ကြောင်း တရားကား တစ်ပါးမက များစွာရှိကြောင်း---

သူကြွယ်၊ အကုသိုလ်ကာမမှ ကင်းဆိတ်သည့် ပဌမစျာန်ရကာ ၎င်း၌ မမြဲသော အနိစ္စသညာ စသည် ဆင်ခြင်လျှင် အစဉ်သဖြင့် ကိလေသာမှ လွတ်မြောက်နိုင်ကြောင်း-

ထို့အတူ ဒုတိယ, တတိယ, စတုတ္ထစျာန်မှ၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဟူသော ဗြဟ္မဝိဟာရမှ၊ အာကာသနဉ္စ, ဝိညာဏဉ္စ, အာကိဉ္စည-ဟူသော အရူပစျာန်မှ-တက်၍ မဂ်ဉာဏ်ရကာ ကိလေသာမှ လွတ်မြောက်နိုင်ကြောင်း" ဟောကြားလျှင် အလွန် ပင် ဝမ်းမြောက်သဖြင့်---

"သေယျထာပိ ဘန္တေ အာနန္ဒ ပုရိသော ဧကံဝ နိဓိမုခံ ဂဝေသန္တော သကိဒေဝ ဧကာဒသ နိဓိမုခါနိ အဓိဂစ္ဆေယျ။(*မဇ္ဈိမ၊ ၂။ ၁၄*)

အရှင်ဘုရား အာနန္ဒာ၊ ဥပမာကား တစ်ခုသောရွှေအိုး လမ်းစရှာဖွေရာ တခါတည်း ၁၁-ခု ရဘိသကဲ့သို့ တပည့်တော် ၁၁-ပါး အမြိုက်တံခါးပေါက်များ တွေ့ရှိရပါပြီ။ အကယ်၍ ထွက်ရာ တံခါး ၁၁-ခုရှိ အိမ် မီးလောင်ရာ ချမ်းသာရာသို့ တစ်ခုသော တံခါးက သွားနိုင် ဘိသကဲ့သို့ တပည့်တော်မှာလည်း အမြိုက်တံခါး ၁၁-ပေါက်က ချမ်းသာရာသို့ ရောက်နိုင်ပါ သည်"စသည်ဖြင့် လျှောက်ထား၍ တရားတော်ပူဇော်သောအားဖြင့် ပါဋ္ဌလိပုတ် ဝေသာလီ မှ သံဃာများအား ဆွမ်းလုပ်ကျွေးပြီးကာ အစုံသော သက်နုံးလှူဒါန်းပြီး အရှင်အာနန္ဒာအား တိစီဝရိတ် လှူဒါန်းကာ ၅၀၀-တန်ကျောင်း ဆောက်လုပ်ပူဇော်၏-ဟု မဇ္ဈိမနိကာယ်၊ မဇ္ဈိမ ပဏ္ဏာသ၊ အဋ္ဌကနဂရကသုတ်၌ လာသည်ကို ထောက်ဆ၍ မှတ်သားအပ်သည့်အပြင် ဝဇ္ဇီတိုင်းတွင်လည်း ပါဝင်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဘောဂနဂရ၊ ဘောဂမြို့

ဤဘောဂမြို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး၌ နောက်ဆုံး မဟာ မဏ္ဍလ ဒေသစာရီဖြင့် ကြွချီတော်မူရာ ရောက်တော်မူ၍ သာနန္ဒရနတ်ကွန်း၌ သီတင်းသုံး တော်မူစဉ်---

"စတ္တာရော မေ ဘိက္ခဝေ မဟာပဒေသေ ဒေသေဿာမိ။(*ဒီ၊ ၂။ ၁၀၇*)

ရဟန်းတို့၊ ၄-ပါးသော မဟာပဒေသ ဟောပြတော်မူမည်”ဟု ရဟန်းတို့အား မဟာပဒေသ ၄-ပါး သုတ်ဝိနည်းအားလျော်စွာ ပုဂ္ဂိုလ်သံဃာ မထေရ်များ တစ်ပါးပါးပြော ကြားသည်ကို ညှိနှိုင်း၍ ကိုက်ညီလျှင် ယူကာ မညီပါက ပယ်ချစွန့်ပစ်ရန် ဟောကြားတော် မူရာ မြို့ဖြစ်၏။ ၎င်းမဟာပဒေသ ၄-ပါးကို ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်၌၎င်း စတုက္က အင်္ဂုတ္တိုရ်၊ သဉ္စေတနိကဝဂ်၌၎င်း ထင်ရှားစွာလာ၍ ၎င်းအဋ္ဌကထာ*(အံ၊ ၃။ ၂။ ၃၅၆)*၌ကား-

အာနန္ဒ စေတိယေတိ အာနန္ဒ ယက္ခဿ ဘဝနဋ္ဌာနေ ပတိဋ္ဌိတဝိဟာရေ။

ဟု ဖွင့်ပြသဖြင့် သာရန္ဒဒနတ်ကွန်း၌ တည်ဆောက်အပ်သောကျောင်း ဟုဆိုလို၍ ၎င်း၌ သီတင်းသုံးတော်မူစဉ် ဟောကြားတော်မူကြောင်း မှတ်သားအပ်၏။

ဤမြို့သည် မြတ်စွာဘုရား နောက်ဆုံး မဟာမဏ္ဍလ ပစ္ဆိမဒေသစာရီ ကြွချီတော် မူရာ အစဉ်အားဖြင့်---

- မဂဓ ပါဋလိမှ --- ဝေသာလီ
- ဝေသာလီမှ --- ဘောဂနဂရ
- ဘောဂနဂရမှ --- ပါဝါနဂရ
- ပါဝါနဂရမှ --- ကုသိနာရသို့-

ကြွတော်မူကြောင်း မဟာပရိနိဗ္ဗာနသုတ်၌ လာသည့်အပြင်-

ဇာဝရိဆရာကြီး တပည့် ၁၆-*(ယောက်)*တို့ ခရီးစဉ်၌လည်း---

ပါဝဉ္စ ဘောဂနဂရံ၊ ဝေသာလိံ မာဂဓံ ပုရံ။
ပါသာဏကံ စေတိယဉ္စ၊ ရမဏီယံ မနောရမံ။ ။

စသည်ဖြင့်---

- ပါဝါမှ --- ဘောဂနဂရ
- ဘောဂနဂရမှ --- ဝေသာလီ
- ဝေသာလီမှ --- မဂဓမြို့တော်သို့-

လာရောက်ကြကြောင်း လာရှိ၍ ပါဝါမြို့နှင့် ဝေသာလီမြို့တော်အကြားတွင် တည်ရှိ၍ ဝဇ္ဇီတိုင်းနယ်တွင် ပါဝင်ကြောင်း၊ မြတ်စွာဘုရား သီတင်းသုံးတော်မူဖူး၍ တရားဓမ္မဟောပြ တော်မူရာ ဖြစ်သောကြောင့် သာသနာတည်ထွန်းသော မြို့ဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဥက္ကာစေလနဂရ

ဤဥက္ကာစေလမြို့သည် ဂင်္ဂါမြစ်ကမ်းတွင် တည်ရှိ၍ မြတ်စွာဘုရား ဒေသစာရီအားဖြင့် ရောက်တော်မူကာ များစွာသော ရဟန်းသံဃာတော်တို့နှင့် သီတင်းသုံးရာမြို့ဖြစ်ကြောင်း မဟာဝဂ္ဂ၊ သတိပဋ္ဌာနသံယုတ်၊ နာလန္ဒဝဂ်(သံ၊ ၃။ ၁၄၁)၌---

"ဧကံ သမယံ ဘဂဝါ ဝဇ္ဇီသု ဝိဟရတိ ဥက္ကာစေလာယံ ဂင်္ဂါယ နဒိယာ တီရေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ အစိရပရိနိဗ္ဗုတေသု သာရိပုတ္တမောဂ္ဂလာနေသု။

အခါတပါး ဘုရားရှင်သည် ဥက္ကာစေလမြို့ ဂင်္ဂါမြစ်ကမ်း၌ များစွာသော ရဟန်းသံဃာနှင့်တကွ အရှင်သာရိပုတ္တရာ, မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန်ပြုပြီး မကြာမီတွင် နေတော်မူ၏" စသည်ဖြင့် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့နှင့် စပ်လျဉ်း၍ ရဟန်းတို့အား အတ္တဒီပတရား မိမိသာလျှင် ကိုးကွယ်ရာထား၍ အားထုတ်ကြိုးစားရန် ဟောကြားတော်မူကြောင်း၊ မြတ်စွာဘုရားသည် ပရိသတ်ကို ကြည့်ရှုတော်မူပြီးလျှင် ဓမ္မသံဝေဂဖြင့်---

"အပိမျာယံ ဘိက္ခဝေ ပရိသာ သုညာ ဝိယ ဒိဿတိ။

စင်စစ်သဖြင့် ငါဘုရား၏ ပရိသတ် ဆိတ်သကဲ့သို့ ထင်ရ၏"စသည်ဖြင့် ရဟန်းတို့၊ သာရိပုတ္တရာ, မောဂ္ဂလာန်တို့ ထင်ရှားရှိစဉ် ငါဘုရား၏ ပရိသတ်သည် မဆိတ်ကုန်။ သာရိပုတ္တရာ, မောဂ္ဂလာန်တို့နေသော အရပ်မျက်နှာမှာ ငဲ့ကွက်ခြင်း မပြုအပ်ကုန်-ဟု မိန့်တော်မူသည်ကို ထောက်ဆ၍ မြတ်စွာဘုရား ဝါတော်နောက်ပိုင်း ဒေသစာရီ လှည့်လည်တော်မူရာ ရောက်တော်မူကြောင်း မှတ်အပ်၏။

၎င်းပြင် ပရိနိဗ္ဗာနသုတ် ခရီးအစဉ်၌ မပါဝင်သော်လည်း ၎င်းသုတ်အဖွင့် အဋ္ဌကထာ(နာ၊ ၁၃၉)၌ကား---

"ဝေသာလိယံ ပိဏ္ဍာယ ပါဝိသီတိ ကဒါ ပါဝိသိ။ ဥက္ကစေလတော နိက္ခမိတွာ ဝေသာလိံ ဂတကာလေ။

ဝေသာလီ၌ ဆွမ်းခံဝင်တော်မူသည်ကား ဘယ်ခါနည်း၊ ဥက္ကာစေလမှ ထွက်တော်မူ၍ ဝေသာလီသို့ ကြွတော်မူသောအခါ" စသည်ဖြင့် မြတ်စွာဘုရားသည် ဝေဠုဝရွာ၌ နောက်ဆုံး ဝါတော်ကပ်ဆိုပြီးလျှင် ဒေသစာရီ ကြွတော်မူရာတွင် ဤမြို့သို့ ရောက်တော်မူကြောင်း၊ အဂ္ဂသာဝက ၂-ပါး မရှိသဖြင့် ပရိသတ်ကို ကြည့်တော်မူကာ ဓမ္မသံဝေဂ ဖြစ်တော်မူသဖြင့်-

- ရဟန်းတို့အား အတ္တဒီပ မိမိကိုယ်ကို အားထားရမည့်တရား ဟောကြားတော်မူကြောင်း၊
- အကျယ်ဖွင့်ပြသဖြင့် ဤမြို့သို့ **ပစ္ဆိမမဟာမဏ္ဍလ ဒေသစာရီအားဖြင့်** ကြွချီတော်မူရာတွင် သီတင်းသုံးတော်မူဖူးကြောင်း၊
- မြတ်စွာဘုရား တရားဓမ္မစက် ဟောမြွက်တော်မူရာဖြစ်၍ သာသနာ့နိုင်ငံတော်မြို့ဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဝဇ္ဇီတိုင်းနယ်ရွာများ

ဝဇ္ဇီတိုင်းကြီးအတွင်း၌ ထင်ရှားသော ရွာကြီးများစွာရှိကြောင်း၊ ၎င်းတွင် ပါဝင်သော ဝိဒေဟတိုင်းနယ်မှာပင် တစ်သောင်းခြောက်ထောင်မျှ ရှိကြောင်း၊ ဆိုခဲ့ပြီးသည့်အတိုင်း ထင်ရှားသော်လည်း ဒေသနာတော်အရသာ ဖော်ပြနိုင်သဖြင့် ၎င်းအရ အောက်ပါ ရေးလတ္တံ့ရွာများကို မှတ်သားအပ်၏။

## ကောဋိဂါမ

၎င်းရွာ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး မဟာမဏ္ဍလ ဒေသစာရီတွင် မဂဓအမတ်ကြီးအား ဆွမ်းအနုမောဒနာပြုတော်မူပြီး ဂင်္ဂါတဖက်ကမ်းသို့ တန်ခိုးတော်အားဖြင့် ရဟန်းသံဃာတော်တို့နှင့်တကွ ကူးတော်မူပြီးနောက် ရောက်တော်မူကာ များစွာသော ရဟန်းသံဃာတော်နှင့် သီတင်းသုံးတော်မူရာ ရွာဖြစ်ကြောင်း ၎င်းမဟာပရိနိဗ္ဗာနသုတ်*(နှာ၊ ၇၆)*၌---

"အထ ခေါ ဘဂဝါ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ယေန ကောဋိဂါမော၊ တဒဝသရိ။

စသည်ဖြင့် များစွာသော ရဟန်းသံဃာနှင့် ကောဋိဂါမသို့ ရောက်တော်မူကြောင်း" လာ၏။ ဤကောဋိဂါမရွာ၌ ရဟန်းတို့အား သစ္စာ ၄-ပါး တရားမြတ်ကို ဟုတ်တိုင်းမှန်စွာ မသိခဲ့ကြခြင်းကြောင့် သံသရာအစွန်းကြီး ရှည်လျားလာခဲ့ကြကြောင်း ဟောကြားတော်မူသည့်အပြင် သီလ, သမာဓိ, ပညာတို့နှင့်စပ်သော တရားတော်, အာသဝမှ ကင်းလွတ်ကြောင်း တရားတော်များ ဟောကြားတော်မူ၏။ ၎င်းကောဋိဂါမ၏ အတ္ထုပ္ပတ္တိအကျယ်ကို အဋ္ဌကထာ၌---

မဟာပနာဒမင်းကြီး၏ ပြာသာဒ်ဖျား၌ တည်သော ရွာဖြစ်ကြောင်း၊ ၎င်းပြာသာဒ် စွန်းတည်ရာ ဂင်္ဂါမြစ်နားမှာဖြစ်ကြောင်း ဖွင့်ပြသည်အားလျော်စွာ မြစ်ကမ်းနားမှာ တည်သော ရွာဖြစ်၍ အကြောင်းအားလျော်စွာ တရားတော်ဒေသနာ ဟောကြားတော်မူရာ သာသနာ့ဝင်ရွာဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဘဏ္ဍဂါမ, ဟတ္ထိဂါမ, အမ္ဗဂါမ, ဇမ္ဗုဂါမ

ဤရွာများသို့ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး မဟာမင်္ဂလ ဒေသစာရီကြွချီတော်မူကာ ဝေသာလီမြို့တော်ကြီးကို နောက်ဆုံး ကြည့်ရှုတော်မူခြင်းအားဖြင့် ကြည့်ရှုတော်မူပြီး အစဉ်အတိုင်း ဘဏ္ဍရွာသို့ ကြွတော်မူပြီးလျှင်---

"တတြာပိ သုဒံ ဘဂဝါ ဘဏ္ဍဂါမေ ဝိဟရန္တော ဧတဒေဝ ဗဟုလာနံ ဘိက္ခူနံ ဓမ္မိံ ကထံ ကရောတိ ဣတိ သီလံ ဣတိ သမာဓိ ဣတိ ပညာ။*(ဒီ၊ ၂။ ၁၀၂)*

ထို၌လည်း ဘဏ္ဍရွာ၌ နေတော်မူစဉ် ဤတရားစကားကိုသာ ဘုရားရှင်ဟောကြား တော်မူ၏။ ဤသည်ကား သီလ၊ ဤကား သမာဓိ၊ ဤကား ပညာတို့တည်း" စသည်ဖြင့် ရဟန်းတို့အား ဟောကြားဆုံးမတော်မူ၏။

၎င်း ဘဏ္ဍဂါမမှ ဟတ္ထိဂါမရွာသို့
ဟတ္ထိဂါမမှ အမ္ဗဂါမရွာသို့
အမ္ဗဂါမမှ ဇမ္ဗုဂါမရွာသို့
ဇမ္ဗုဂါမမှ ဘောဂနဂရသို့-

အစဉ်သဖြင့် ကြွတော်မူပြီးလျှင် သီလ, သမာဓိ, ပညာတို့နှင့်စပ်သော အမြိုက်အရသာနှင့် ပြည့်စုံသော တရားတော်မြတ်တို့ကို ဟောကြားတော်မူလျက် သာသနာတော်မြတ် ထွန်းကား စည်ပင် အစဉ်သဖြင့် တည်ရစ်စေကြောင်း အဆုံးသတ်ပြုတော်မူခဲ့သော ရွာများဖြစ် ကြောင်း မှတ်သားအပ်၏။

၎င်းပြင် အထူးအားဖြင့် ဟတ္ထိဂါမ ဥဂ္ဂသူကြွယ်အား ဝေသာလီဥဂ္ဂသူကြွယ်ကဲ့သို့ ဧတဒဂ်ရ အံ့ဖွယ် ၈-ပါးရှိသော သူကြွယ်ဖြစ်ကြောင်း ဧကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ဧတဒဂ္ဂဝဂ်(အံ ၁။ ၂၇)၌---

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ သံယုပဋ္ဌာကာနံ၊ ယဒိဒံ ဟတ္ထိဂါမကော ဥဂ္ဂေါ ဂဟပတိ။

ရဟန်းတို့၊ ငါ၏သာဝက သံဃာ့အလုပ်အကျွေး ဥပါသကာတို့တွင် ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်ကား အမြတ်ဆုံးတည်း"ဟု ဧတဒဂ် ထားတော်မူသည့်အပြင် အဋ္ဌကနိပါတ်၊ အင်္ဂုတ္တိုရ်(အံ၊ ၃။ ၅၀)၌လည်း---

"အဋ္ဌဟိ ဘိက္ခဝေ အစ္ဆရိယေဟိ အဗ္ဘုတေဓမ္မေဟိ သမန္နာဂတံ ဥဂ္ဂဂဟပတိံ ဟတ္ထိဂါမကံ ဓာရေထာတိ။

ရဟန်းတို့၊ ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်ကို မဖြစ်စဘူး အထူးအံ့ဖွယ် ၈-ပါးရှိ၏ဟု မှတ်သားကြကုန်" ဟု တရားအားလျော်သော အံ့ဖွယ် ၈-ပါးရှိကြောင်း ဟောကြားတော်မူ၏။

✪ ✪ ✪ ✪ ✪

## ဝေဠုဝဂါမက

၎င်းရွာသည် ဝေသာလီမြို့တော်ကြီး၏ အနီး၌ရှိသော ရွာငယ်ကလေးပင် ဖြစ်သော်လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခါနီး နောက်ဆုံးဖြစ်သော ဝါတော်မြတ် ဆိုကပ်ရာဌာနဖြစ်သောကြောင့် သာသနာတော်ဝင် အပေါင်းတို့၌ ထင်ရှားသော ရွာငယ်ကလေးဖြစ်ကြောင်း၊ ၎င်းပြင် ဤရွာ၌ ဝါကပ်တော်မူသောအခါ ခန့်ကျန်းတော်မူခြင်းမရှိသော်လည်း သတိသမ္ပဇဉ်အားဖြင့် သည်းခံမျှတတော်မူရကြောင်း၊ ရွာငယ်သဖြင့် မမျှတ ဆင်းရဲကြမည်ဖြစ်၍ ရဟန်းများအား ဝေသာလီဝန်းကျင်တွင် သင့်တင့်ရာ၌ ဝါကပ်ကြရန် တိုက်တွန်းကြောင်း- ပရိနိဗ္ဗာနသုတ်(နှာ၊ ၈၄)၌---

"တတြ သုဒံ ဘဂဝါ ဝေဠုဝဂါမကေ ဝိဟရတိ။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဧထ တုမှေ ဘိက္ခဝေ သမန္တာ ဝေသာလိံ ယထာမိတ္တံ ယထာသန္ဒိဋ္ဌံ ယထာသမ္ဘတ္တာ ဝဿံ ဥပေထ။ အဟံ ပန ဣဓေဝ ဝေဠုဝဂါမကေ ဝဿံ ဥပဂစ္ဆာမိ"။

ထို၌ပင် ဘုရားရှင် ဝေဠုဝရွာငယ်၌ နေတော်မူ၏၊ ထို၌လည်း ဘုရားရှင်သည် ရဟန်းတို့ကို မိန့်ကြားတော်မူ၏၊ "ရဟန်းတို့၊ သင်တို့သည် ဝေသာလီထက်ဝန်းကျင် ခင်မင်ရင်းနှီးရာ၌ ဝါကပ်ကြကုန်၊ ငါဘုရားကား ဤဝေဠုဝရွာငယ်မှာပင် ဝါကပ်တော်မူမည်" စသည်ဖြင့် လာသည့်အပြင် အဋ္ဌကထာ၌လည်း မကြာမီ ပရိနိဗ္ဗာန် ပြုတော်မူမည်ဖြစ်၍ ရဟန်းသံဃာတို့အားလည်း မပင်ပန်းစေခြင်းငှာ---

ယထာ ဂစ္ဆထ တုမှေ-ဟု အဝေးသို့ လွှတ်တော်မမူဘဲ ၎င်းအနီးအနားတွင် ဝါကပ်စေကြောင်း ဖွင့်ပြ၏။

သို့ဖြစ်၍ ဤရွာကလေးကား ငယ်ငြားသော်လည်း နောက်ဆုံး ပစ္ဆိမဝါတော်အဖြစ်ဖြင့် သီတင်းသုံး ဝါကပ်တော်မူရာဖြစ်၍ သာသနာတွင် ထင်ရှားကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## နာတိက ညာတိကရွာကြီး

ဤရွာကြီးသည်ကား များစွာသော သုတ်တို့၌၎င်း ဝိနည်း၌၎င်း ထင်ရှားသော မြတ်စွာဘုရားသည် ကြာရှည်လေးမြင့် သီတင်းသုံးတော်မူရာဌာနဖြစ်၍---

**ဂိဉ္စကာဝသထ အုတ်ကျောင်းတော်ကြီး**- ဟူ၍ ကျော်ကြားသော ကျောင်းကြီးမှာလည်း သာသနာတွင် ထင်ရှားသဖြင့် ဒီဃနိကာယ်၌၎င်း, ပဏ္ဏာသ၊ သံယုတ်၊ အင်္ဂုတ္တိုရ်တို့၌၎င်း, ဝိနည်း၌၎င်း, ၎င်း၌ ဟောကြားတော်မူအပ်သော သုတ်ဝိနည်းများစွာရှိကြောင်း၊ ထိုထိုသုတ် ဝိနည်းအရ သိအပ်သည့်အပြင် အထူးအားဖြင့် ၎င်းနာတိကရွာသားများ ရတနာ ၃-ပါး ကိုင်းရှိုင်းသက်ဝင်ကာ အရိယာများစွာ ရှိကြောင်း ဒီဃနိကာယ်၊ **ဇနဝသဘသုတ်**၌-

ထက်ဝန်းကျင်နိုင်ငံများမှ သာသနာတော်ဝင် ကွယ်လွန်ကြသူ ဥပါသကာတို့ကို ဟောကြားရာတွင် ဤရွာသားများကို အထူးထုတ်ဖော် ဟောကြားတော်မူသည်မှာ---

**ပရောပညာသနာတိကာ ပရိစာရကာ-စသည်ဖြင့်**---

- နာတိကရွာသား ၅၀-ကျော်တို့မှာ အနာဂါမ်များဖြစ်ကြကြောင်း
- နာတိကရွာသား ၉၀-ကျော်တို့မှာ သကဒါဂါမ်ဖြစ်ကြကြောင်း
- နာတိကရွာသား ၅၀၀-ကျော်တို့မှာ သောတာပန်ဖြစ်ကြကြောင်း-

ဟောကြားတော်မူ၍ ၎င်းနာတိကရွာသားများ အလွန်ဝမ်းမြောက်စွာ သာသနာ၌ အားထုတ်ကြကြောင်းလာ၏။

၎င်းပြင် များစွာသော နိကာယ်တို့၌ ထင်ရှားသော ဂေါသိင်္ဂသာလဝနအင်ကြင်းတောရကျောင်းကြီးသည်လည်း ၎င်းရွာကြီးနှင့် မနီးမဝေးမှာ တည်ရှိ၍ မြတ်စွာဘုရားသည် ဤ၌သီတင်းသုံးတော်မူစဉ် တစ်ခါတစ်ရံ ကြွတော်မူလေ့ရှိကြောင်း မူလပဏ္ဏာသ၊ မဟာယမကဝဂ်*(နှာ၊ ၂၆၆)*၌---

"အထခေါ ဘဂဝါ သာယန္ဟသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေန ဂေါသိင်္ဂသာလဝနဒါယော၊ တေနုပသင်္ကမိ။

ထိုအခါ မြတ်စွာဘုရားသည် ကိန်းဝပ်တော်မူရာမှ ထပြီးလျှင် အင်ကြင်းတောရသို့ ကြွတော်မူ၏"ဟု လာသည့်အပြင် **ရထဝိနီတသုတ်အဋ္ဌကထာ**(*မ၊ ၄။ ၂။ ၄၂*)၌ကား---

"တိဂါဝုတံ မဂ္ဂံ ဂန္တွာ တိဏ္ဏံ ကုလပုတ္တာနံ ဝသနဋ္ဌာနေ ဂေါသိင်္ဂသာလဝနေ သာမဂ္ဂိရသာနိသံသံ ကထေသိ။

၃-ဂါဝုတ် ခရီးကြွတော်မူပြီး၍(အရှင်အနုရုဒ္ဓါ, အရှင်နန္ဒိယ, အရှင်ကိမိလ) အမျိုးသား ၃-ဦးတို့နေရာ အင်ကြင်းတောရ၌ **ညီညွတ်စွာ နေခြင်း၏ အကျိုးတရား** ဟောကြားတော်မူ၏"ဟု ဖွင့်ပြ၍ ၎င်းတောရနှင့် နာတိကရွာ ၃-ဂါဝုတ်ကွာကြောင်း မှတ်သားလာသည့်အပြင် **မဟာဂေါသိင်္ဂသုတ်**၌လည်း---

ဤတောရကျောင်းကြီး၌ အရှင်သာရိပုတ္တရာ စသော မထေရ်ကြီးတို့ ရဟန်းများစွာနှင့် သီတင်းသုံးစဉ် အရှင်အာနန္ဒာ တရားဆွေးနွေးရန် ကြွလာသောအခါ "ဧတု အာနန္ဒော၊ အာနန္ဒာ ကြွတော်မူပါ"ဟု နှုတ်ခွန်းဆက်ပြီး---

"ရမဏီယံ အာဝုသော အာနန္ဒ ဂေါသိင်္ဂသာလဝနံ ဒေါသိနာ ရတ္တိ သဗ္ဗဖာလိဖုလ္လာ သာလာ ဒိဗ္ဗာ မညေ ဂန္ဓာ သံပဝန္တိ။ ကထံ ရူပေန အာဝုသော အာနန္ဒ ဘိက္ခုနာ ဂေါသိင်္ဂသာလဝနံ သောဘေယျာတိ။ (*မဇ္ဈိမ၊ ၁။ ၂၇၃*)

ငါ့ရှင်အာနန္ဒာ၊ ဤအင်ကြင်းတောရကား မွေ့လျော်ဖွယ်ရှိလှ၏၊ အပြစ်ကင်းစွာ ဤညဉ့်အခါမှာ ပင်လုံးပွင့်ခြင်း၊ အင်ကြင်းပင်တို့သည် နတ်ပန်းတမျှ မွှေးကြိုင်လှကုန်၏၊ အဘယ်တရားဖြင့် ဤအင်ကြင်းတောရကို ရဟန်းတို့ တင့်တယ်စေရပါမည်နည်း"ဟု မိန့်တော်မူသည့်အပြင် ဘုရားရှင်လည်း---

"ဤတောရကား သဘာဝအားဖြင့် တင့်တယ်ရာ သီလ, သမာဓိ, ပညာဂုဏ် ပြည့်စုံသော မထေရ်များ သီတင်းသုံးခြင်းအားဖြင့် သာလွန်တင့်တယ်ကြောင်း ချီးမွမ်းတော်မူ၏" ဟု လာသဖြင့် ဤတောရမှာ နာတိကရွာကြီးနှင့်လည်း မနီးမဝေး၊ နောက်က ရေးသားခဲ့သည့်အတိုင်း ဝေသာလီမှလည်း မလှမ်းမကမ်း တည်ရှိကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဝဇ္ဇီတိုင်းနယ် အကျယ်အဝန်းနှင့် မြို့များ၏တည်ရာဌာန

ဤဝဇ္ဇီတိုင်းကြီး၏ အကျယ်အဝန်းပမာဏ ကျမ်းဂန်တို့၌ အထူးမဖော်ပြသော်လည်း အကြောင်းအားလျော်စွာ ဟောကြားတော်မူသော သုတ္တန်တို့ကို ထောက်ဆ၍ တည်ရာဌာန, အရပ်ဒေသတို့ကို ပိုင်းခြားနိုင်သည်မှာ မူလပဏ္ဏာသ၊ မဟာယမကဝဂ်၊ စူဠဂေါပါလသုတ်*(မဇ္ဈိမ၊ ၁။ ၂၈၇)*၌---

ဥက္ကာစေလမြို့ ဂင်္ဂါမြစ်ကမ်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့အား နွားကျောင်းသား ဥပမာဖြင့်---

"ဘူတပုဗ္ဗံ ဘိက္ခဝေ မာဂဓကော ဂေါပါလကော သပ္ပညဇာတိကော ဝဿာနံ ပစ္ဆိမေ မာသေ သရဒသမယေ သမဝေက္ခိတွာ ဂင်္ဂါယ နဒိယာ သြရိမံ တီရံ သမဝေက္ခိတွာ ပါရိမံ တီရံ တိတ္ထေနေဝ ဂါဝေါ ပတာရေသိ ဥတ္တရံ တီရံ သုဝိဒေဟာနံ။

ရဟန်းတို့၊ ရှေးကဖြစ်ဖူးသည်မှာ ပညာမရှိသော မဂဓနွားကျောင်းသားသည် မိုးလအဆုံး တန်ဆောင်မုန်းအခါ၌ ဂင်္ဂါ၏ ဤဖက် ဟိုဖက်ကမ်းကို မဆင်ခြင်ဘဲ ဆိပ်ကမ်း မဟုတ်သည်က ဝိဒေဟတိုင်း မြောက်ဖက်ကမ်းသို့ နွားတို့ကို ရေချ၏"ဟု မလိမ္မာသော နွားကျောင်းသားသည် မဂဓဖက်ကမ်းမှ ဂင်္ဂါမြောက်ဖက် ဝိဒေဟကမ်းသို့ ဆိပ်ကမ်းမဟုတ်သည်မှ ရေချ၍ မြစ်လယ်မှာ ဝဲထဲ၌ နွားများ ပျက်စီးရကြောင်း၊ လိမ္မာသော နွားကျောင်းသားသည် ဆိပ်ကမ်းသင့်ရာမှ ဆင်ခြင်၍ နွားများရေချသောကြောင့် ယနေ့ဖွားစ နွားငယ်ပင် ချမ်းသာရာရကြောင်း---

ဤအတူ နွားကြီး, နွားလတ်, နွားငယ်ပမာ ရဟန္တာ သေက္ခ ကလျာဏပုထုဇန်တို့ ဖီလာအကူးတတ်လျှင် မာရ်နတ်၏ အရင်းကို ဖြတ်၍ ဘေးကင်းရာ တစ်ဖက်ကမ်းသို့ ရောက်နိုင်ကြောင်း ဟောကြားတော်မူ၏။

ဤသို့ မိန့်ကြားသည်ကို ထောက်ဆ၍ ဂင်္ဂါမြစ်ကား မဂဓ, ဝဇ္ဇီ ၂-တိုင်းတို့၏ အကြား နယ်ခြားသတ်မှတ်အပ်သည့်ပြင် ဝိဒေဟတိုင်းကို ထောက်ဆ၍ ဝဇ္ဇီတိုင်းကား မြောက်ဖက်၌ တည်ရှိကြောင်း၊ ထို့မှတပါး ခုဒ္ဒကပါဌအဋ္ဌကထာ၊ ရတနသုတ်အဖွင့်*(နှာ၊ ၁၇၇)*၌---

"ဝေသာလိယာ စ ဂင်္ဂါယ စ အန္တရာ တိယောဇနဘူမိ သမံ ကတွာ။

ဝေသာလီနှင့် ဂင်္ဂါအကြား ၃-ယူဇနာရှိ မြေကို အညီအညွတ်ပြု၍ စသည်ဖြင့် မဂဓတိုင်းထက် ၂-ဆ ပူဇော်ဖွယ် စီရင်ကာ ဆိပ်ကမ်းမှ ဝေသာလီမင်းများ ကြိုဆိုကြ

ကြောင်း”လာသဖြင့် ဝေသာလီမှ ဂင်္ဂါဆိပ်ကမ်းသို့ ၃-ယူဇနာမျှ ကွာကြောင်း မှတ်သားအပ်၏။ ၎င်းအပြင် ဂင်္ဂါမြစ်၏ အရှေ့အနောက် စီးဆင်းကြောင်းမှာ မဟာဝဂ္ဂသံယုတ်၌ အနောက်မှ အရှေ့သို့ စီးဆင်းသော မြစ်ကြီး ၅-စင်းကို ပမာထား၍ နိဗ္ဗာန်သို့ ညွတ်ကိုင်းသော အရိယာမဂ္ဂင် ၈-ပါးဟောကြားသည် ထောက်ဆသိနိုင်၏၊ မြောက်ဖက်မျက်နှာ အပိုင်းအခြားမှာ သုတ္တနိပါတ် *(နှာ၊ ၄၃၂)* ဗာဝရီဆရာကြီး၏တပည့်များ ခရီးစဉ်၌---

“ပါဝဉ္စ ဘောဂနဂရံ ဝေသာလိံ မာဂဓံ ပုရံ။

ဟု လာသည်ကို ထောက်ဆ၍-

- ပါဝါမှ --- **ဘောဂနဂရ**
- ဘောဂနဂရမှ --- **ဝေသာလီ**
- ဝေသာလီမှ --- **မဂဓမြို့တော်သို့-**

အစဉ်အတိုင်း လာကြသဖြင့် ပါဝါမြို့ကား မလ္လတိုင်းဖြစ်သောကြောင့် ၎င်းသည်ပင် အပိုင်းအခြားဟု မှတ်သားအပ်၏။

ထိုမှတပါး အရှေ့မျက်နှာနှင့် အနောက်မျက်နှာတို့မှာ ဂင်္ဂါမြစ်၏ စီးဆင်းသော အရပ်ကို ထောက်ဆသဖြင့် ၎င်းရေးသားခဲ့ပြီး ဣသိဒတ္တ, ပုရာဏတို့ လျှောက်ရာ၌---

“ယဒါ ပန မယံ ဘန္တေ ဘဂဝန္တံ သုဏာမ ကာသီဟိ ဝဇ္ဇီသု စာရိကံ ပက္ကမိဿာမီတိ၊ ဟောတိ နော တသ္မိံ သမယေ အတ္တမနတာ ဟောတိ သောမနဿံ အာသန္နေ နော ဘဂဝါတိ။*(သံ၊ ၃။ ၃၀၄-၃၀၅)*

အရှင်ဘုရား၊ တပည့်တော်တို့ မြတ်စွာဘုရား ကာသိမှဝဇ္ဇီသို့ ကြွတော်မူမည်ဟု ကြားရပါလျှင် ဘုရားရှင်ကား ငါတို့အား နီးလာပြီဟု နှစ်လိုဝမ်းမြောက်ရပါသည်”ဟု မဟာဝဂ္ဂသံယုတ်၌ လာသည်ကို ထောက်ဆသဖြင့် ၎င်းအနောက်ဘက်မှာ ကာသိတိုင်းဖြစ်ကြောင်း မှတ်သားအပ်၏။

အနောက်မြောက်နှင့် မြောက်မျက်နှာမှာ-

၎င်းအပိုင်းအခြားမှာ ပရိနိဗ္ဗာနမဟာမဏ္ဍလ ဒေသစာရီကို ထောက်ဆ၍ ဘောဂနဂရမှ ပါဝါမြို့သို့ ကြွတော်မူသဖြင့် ၎င်းမလ္လတိုင်းနှင့် မဇ္ဈိမတိုက်၏ မြောက်မျက်နှာကား ဟိမဝန္တာဖြင့် ပိုင်းခြားမှတ်သား၍ ဤတိုင်းလည်း မဇ္ဈိမတိုက်နယ်တွင် ပါဝင်သဖြင့် ၎င်းဟိမဝန္တာလျှင် မြောက်မျက်နှာ အပိုင်းအခြားရှိကြောင်း မှတ်သားအပ်၏။

**အရှေ့ဘက်အပိုင်းအခြားကား-**

ၾငင်းဝဇ္ဇီတိုင်းနှင့် မဂဓတိုင်းတို့မှာ နောက်က ရေးသားခဲ့ပြီးသည့်အတိုင်း စူဠဂေါပါလကသုတ္တန်တို့ကို ထောက်ဆ၍ ၎င်းမဂဓတိုင်းမှ အရှေ့ဘက်၌ တည်ရှိသော အင်္ဂတိုင်း, ဝင်္ဂတိုင်းတို့ကား အရှေ့မျက်နှာအပိုင်းအခြားဟု မှတ်သားအပ်ကုန်၏။

ဤဆိုခဲ့ပြီးသော တိုင်းနိုင်ငံတို့၏ အပိုင်းအခြားကား မြတ်စွာဘုရားလက်ထက်တော်၌ ဟောဖော်ထုတ်ပြသော သုတ္တန်များနှင့် ဝိနည်းတို့ကို ထောက်ဆသောအားဖြင့် တည်ရှိနိုင်သော နယ်ပယ် အမှတ်အသားများဖြစ်၍ အခိုင်အမာ မှတ်သားအပ်သည့်ပြင် နောက်ခေတ်များ၌ ၎င်းတို့မှတပါး ပြောင်းလဲနိုင်ကြောင်းများကိုလည်း မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## ဝဇ္ဇီတိုင်းနှင့် မှတ်တမ်းများ

ဤဆိုခဲ့ပြီးသော ဝဇ္ဇီတိုင်းနိုင်ငံ အပိုင်းအခြား, နယ်ပယ်, အကျယ်အဝန်းများသည် မြတ်စွာဘုရားလက်ထက်တော်၌ ထင်ရှားသိရှိနိုင်သော အပိုင်းအခြား အမှတ်အသားများသာ ဖြစ်၍ နောက်ခေတ်များ၌ ဝဇ္ဇီနိုင်ငံမှာ သမ္မတနည်းစနစ်လည်း ပျက်ပြား တိုင်းနိုင်ငံလည်း အစိတ်စိတ်ကွဲပြားပြီး ၎င်းတို့အသီးသီး မိမိတို့နယ်ပယ်ဒေသအားလျော်စွာ အုပ်ချုပ်ကြလျက် လူမျိုးအသီးသီး ဖြစ်ထွန်းလာကြကြောင်း အိန္ဒိယရှေးဟောင်းပထဝီဝင် ဆရာကြီး **ကာနင်ဂဟန်** ရေးသားဖော်ပြသည့်အတိုင်း ဝဇ္ဇီမျိုးများမှာ---

၁။ ဝိုက်ဆာလီ သို့မဟုတ် ဝေသာလီ

၂။ ကေဆရိယ သို့မဟုတ် ကေသရိယ

၃။ ဇနကပူရ သို့မဟုတ် ဇနကပူရ

၄။ နဝန္ဒဂရဟ် သို့မဟုတ် နဝန္ဒဂရ

၅။ ဆီမရုန် သို့မဟုတ် သိမရုန

၆။ ဒါရဗန်ဂ် သို့မဟုတ် ဒါရဗင်္ဂ

၇။ ပူရဏိယ

၈။ မောဟီတာရီ-

အားဖြင့် ၈-မျိုး ရှိကြကြောင်း ၎င်းမှတ်တမ်း၌ ရေးသားဖော်ပြထား၏။

ရင်းပြင် ထိုနယ်များအကြောင်း ၎င်းဆရာကြီး၏ မှတ်တမ်းအရ ပိုင်းခြားပြသည်မှာ---

၁။ ဝေသာလီမှာ ယခုအခါ ဝိုက်ဆာခေါ်သော အရပ်ဖြစ်၍ ၎င်းသည် **ဂင်္ဂါမှ မိုင် ၂၀-ကွာဝေးသော တီရဟုတ်နယ်** ဖြစ်ကြောင်း မှတ်သားအပ်၏။

၂။ **ကေသရိယမှာ**(*ဝေသာလီ*) ၎င်းဝေသာလီမှ မြောက် မိုင်-၃၀ မှာတည်ရှိ၍ ၎င်းနယ်၌ များစွာသော စေတီများနှင့် ဟောင်းမြင်းပျက်စီးနေသော အဆောက်အဦးများစွာရှိကြောင်း မှတ်သား၏။

၃။ **ဇနကပူရမှာ** ဝေသာလီမှ မိုင်ပေါင်း-၈၀၊ **မိထရီစီရင်စုနယ်ပယ်များ၌** တည်ရှိ၏။

၄။ **နဝန္ဒဂရမှာ** လောရိယရွာကြီးအနီးမှာ တည်ရှိ၍ **အနောက်မြောက်ဖက် ကတီယာမှ** ၁၅-မိုင်၊ **ဂန္ဒကဝတီမြစ်မှ** ၁၆-မိုင်ကွာ၍ များစွာသော ခံတပ်များရှိသည့်ပြင် **အသောကကျောက်တိုင်လည်း** တည်ရှိကြောင်း မှတ်သား၏။

၅။ **သိမရုနမှာ** ယခုအခါ ပျက်စီးယိုယွင်းနေ၍ အစစ်အမှန်နေရာများကို ပိုင်းခြားရန် ခဲယဉ်းလှသဖြင့် အသေအချာ မဖော်ပြနိုင်။ သို့ရာတွင် မောရိယနှင့် အလွန်မကွာလှမ်းသော ဒေသ၌ ရှိမည်ဟု ခန့်မှန်းနိုင်၏။

၆။ **ဒါရုဗင်္ဂမှာ** ယခုတိုင်ထင်ရှားရှိ၍ **ဇနကပူရမှ** မြောက်၊ **ဝေသာလီမှ** **အရှေ့မြောက်မှာ** တည်ရှိ၏။

၇။ **ပူရဏိယမှာ** ယခုတိုင် စည်ကားဝပြောခြင်း မရှိစေကာမူ လူနေအိမ်ခြေမပျက် ရှိသေး၏။

၈။ **မောဟိတာရီမှာ** **နဝန္ဒဂရမှ** **အရှေ့တောင်မှာ**တည်ရှိ၍ ၎င်းမှာလည်း ယခုတိုင် လူနေအိမ်ခြေမပျက် ရှိနေ၏။

ဤသို့အထက်၌ ဖော်ပြသည့်အတိုင်း ရှေးဟောင်းပထဝီဝင်ဆရာကြီး မှတ်တမ်းအရမှာ ရှေးအခါသမယက ထင်ရှားမရှိဘဲ နောက်ခေတ်၌ ဝဇ္ဇီတိုင်းကြီး ကွဲပြား၍ လူအမျိုးမျိုး ဖြစ်ပွါးလာသောအခါ နယ်ပယ်ဒေသများလည်း အသီးအခြား ဖြစ်လာကြကြောင်း ရေးသားဖော်ပြသည့်အပြင် **ကေသရိယမြို့ဟောင်းနေရာမှာလည်း** များစွာသော စေတီများရှိကြ၍ ၎င်းတို့မှာ မြတ်စွာဘုရားလက်ထက်တော်က ထင်ရှားရှိသော, ဘုရားရှင်လည်း မကြာမကြာ ကြွတော်မူ၍ နေ့သန့်ရာ ချီးမွမ်းရာ နတ်ကွန်းများနှင့် တူကြောင်းကိုလည်း ရေးသား ဖော်ပြ၏။ ၎င်းစေတီများလည်း ရှေးက ဝေသာလီနယ်၌သာ များသောအားဖြင့်

တည်ရှိ၍ ၎င်းကောသရိယမြို့မှာ ရှေးကဝေသာလီနယ်တွင် ပါဝင်သော နယ်ပယ်မြို့ ဖြစ်ပေလိမ့်မည်ဟု ရေးသား၏။

✪ ✪ ✪ ✪ ✪

## ရဟန်းတော်ဖာဟိုင်၏ ဝဋ္ဋိမှတ်တမ်း

၎င်းပြင် တရုတ်ရဟန်းတော်ဖာဟိုင်၏ မှတ်တမ်းအရ ကုသိနာရုံမြို့တော်မှ အရှေ့တောင်ဘက် ၁၂-ယူဇနာ ဆက်လက်သွားသောအခါ မြတ်စွာဘုရားသည် လိစ္ဆဝီမင်းများအား မိမိနောက်သို့ မလိုက်စေရန် သပိတ်တော်ပေးသနားပြီးလျှင် လွှတ်လိုက်သော နေရာသို့ ရောက်၍-

- ၎င်းနေရာ၌ ကျောက်စာတိုင်ကြီးတစ်ခု တွေ့မြင်ရပြီးနောက်-
- အရှေ့ဘက် ၅-ယူဇနာ ဆက်လက်သွားသောအခါ ဝေသာလီမြို့တော်သို့ ရောက်ကြောင်း၊
- ၎င်းမြို့တော် မြောက်ဘက်၌ အမ္ဗပါလိဝနဥယျာဉ်ကြီးနှင့် ကျောင်းတိုက်ကြီးများ တွေ့မြင်ခဲ့ရကြောင်း၊
- မြတ်စွာဘုရား ဝေသာလီမှ ကြွတော်မူရာ နောက်ဆုံးကြည့်ရှုခြင်းအားဖြင့် ၎င်းဝေသာလီမြို့ကြီးကို ကြည့်ရှုတော်မူသော နေရာ၌ စေတီတည်ရှိကြောင်း၊
- ၎င်းပြင် မြို့တော်၏ အနောက်မြောက် ၃-လီလောက် အကွာတွင် လက်နက်ချစေတီတော်တစ်ဆူ ရှိကြောင်း၊
- အာယုသင်္ခါရ လွှတ်တော်မူသော နေရာ၌လည်း စေတီတော်တစ်ဆူရှိ၍ ၎င်းလက်နက်ချ စေတီတော်နှင့် မနီးမဝေးမှာ တည်ရှိကြောင်း၊
- ဤနေရာမှ အရှေ့ ၄-ယူဇနာ ဆက်လက်သွားသောအခါ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်ပြုတော်မူရာ ဂင်္ဂါမြစ်ကမ်းသို့ ရောက်ကြောင်း---များ ရေးသားဖော်ပြ၏။

၎င်းတရုတ်ရဟန်းတော်ဖာဟိုင် သို့မဟုတ် ဖာဟီယန်၏ ခရီးစဉ်၌ တိုင်းပြည်၊ နိုင်ငံ၊ လူနေအိမ်ခြေများ အကြောင်းအရာကိုမူ အထူးမှတ်ထားရေးသားခြင်းမရှိ၊ ပူဇော်ဖွယ်ရာ စေတီပုထိုးများနှင့် ဗုဒ္ဓဘာသာ အထိမ်းအမှတ်အားလျော်စွာ ထူးခြားသော နေရာများကိုသာ ရေးသားဖော်ပြလေ၏။

## တရုတ်ရဟန်းတော်ဝှင်သျှင်၏ ခရီးစဉ်မှတ်တမ်း

ထိုတရုတ်ရဟန်းတော်ဖာဟိုင်နောက် မဇ္ဈိမဗုဒ္ဓနိုင်ငံတော်အရပ်ရပ်သို့ လှည့်လည်သော တရုတ်ရဟန်းတော်ဝှင်သျှင်သည် ဗာရာဏသီအခဏ်း၌ ဖော်ပြခဲ့ပြီးသော **ကုမ္ဘစေတီ**တော်သို့မဟုတ် ဒေါဏစေတီတော်တည်ရှိရာ **ဒေဂါရအရပ်**မှ လီပေါင်း ၁၅၀-ခန့် အရှေ့မြောက်သို့ သွားသောအခါ ဝေသာလီမြို့တော်သို့ ရောက်ကြောင်း၊ ၎င်း**ဝေသာလီနန်းတော်ကြီး**မှာ လီအားဖြင့် ၄-လီ၊ ၅-လီခန့် ကြီးကျယ်ခမ်းနားစွာ တည်ရှိကြောင်း ရေးသားဖော်ပြသည့်အပြင် ထိုစဉ်အခါက ၎င်းဝေသာလီနယ်ပယ် အကျယ်အဝန်းမှာ လီပေါင်း ၅၀၀၀-ခန့် ရှိကြောင်း၊

၎င်းဝေသာလီမှ အနောက်မြောက်သို့ လီပေါင်း ၂၀၀၀-ခန့် သွားသောအခါ များစွာသော အဆောက်အဦး အဟောင်းအမြင်းများ ပျက်စီးယိုယွင်းနေသည်ကို တွေ့ရှိရသည့်အပြင် လွန်လေပြီးသောအခါ ပါရမီဖြည့်တော်မူစဉ်က **မဃဒေဝ**ဟူသော အမည်ဖြင့် အုပ်ချုပ်စိုးစံခဲ့၍ ၎င်းမြို့တော်ကြီး၌ စကြာမင်း၏ စေတီတစ်ဆူရှိကြောင်း၊

၎င်းမှ လီပေါင်း ၅၀၀-ခန့် သွားသောအခါ **ဝဇ္ဇီမြို့တော်ဟောင်း ဇနကပူရ**သို့ ရောက်ကြောင်း၊ ၎င်းမှ လီပေါင်း ၄၀၀၀-ခန့် ကျယ်ဝန်းကြောင်း ရေးသားဖော်ပြထား၏။

ဤတရုတ်ရဟန်းတော်များ သွားစဉ်က ရေးသားကြသော နယ်ပယ် အကျယ်အဝန်း၊ နေရာဌာနများ ရှေးဟောင်းအဆောက်အဦး အကြောင်းအရာများနှင့် ရှေးဟောင်းပထဝီဝင်ဆရာကြီး ကာနင်ဂဟန် ရေးမှတ်သော နယ်ပယ်များမှာ---

- ရှေးခါသမယ မြတ်စွာဘုရား လက်ထက်တော်က ထင်ရှားမရှိဘဲ ဝဇ္ဇီနိုင်ငံကြီး ကွဲပြားပျက်စီးပြီးနောက် ဖြစ်ပေါ်လာသော နယ်ပယ်များသာ ဖြစ်ကြောင်း၊
- လူမျိုးနှင့် နယ်နိမိတ်များမှာ အစဉ်ထာဝရတည်ရှိနိုင်သည် မဟုတ်သဖြင့် ခေတ်၏ ပြောင်းလဲခြင်း အားလျော်စွာ ပြောင်းလဲလာကြကြောင်း-

မှတ်သား ပိုင်းခြားအပ်၏။

သို့ဖြစ်၍ ရှေးအခါသမယက ဝိဒေဟတိုင်း၊ မိထိလာမြို့တော်သည် ထင်ရှားခဲ့သော်လည်း မြတ်စွာဘုရားလက်ထက်တော်မှာကား ဝဇ္ဇီတိုင်းနှင့် ဝေသာလီမြို့တော်သာ ထင်ရှားသောကြောင့် စည်ကားဝပြောသော နိုင်ငံအဖြစ်ဖြင့် ဥပမာထား၍ ဟောကြားတော်မူသည့်အပြင် မြတ်စွာဘုရား၏ ဖြောင့်မတ်မှန်ကန်သော တရားတော်ဓမ္မစက် အာဏာတော်မြတ်ကို လိုက်နာရိုသေကြသော နိုင်ငံဖြစ်ကြောင်း နောက်က ရေးသားခဲ့သည့်အတိုင်း ဗုဒ္ဓနိုင်ငံတော်

ကြီးတစ်ခု ဖြစ်သည်မှာ ထင်ရှား၍ ၎င်းထက် အကျယ်ရေးသားဖွယ်မလိုဘဲ ဤမျှဖြင့် ဤတိုင်းနိုင်ငံကြီးအကြောင်း အဆုံးသတ် ရေးသား နိဂုံးထားအပ်ပေသတည်း။

✪ ✪ ✪ ✪ ✪

## မလ္လတိုင်းနယ်အကြောင်း

မြတ်စွာဘုရားသည် ဥပမာထား၍ ဟောကြားတော်မူအပ်သော တိုင်းကြီး ၁၆-တိုင်းတို့တွင် အစုံအစုံအားဖြင့် ဝဇ္ဇီတိုင်း, မလ္လတိုင်း-ဟူ၍ ဟောတော်မူသည်အားလျော်စွာ အစဉ်ရောက်လာသော ဤမလ္လတိုင်းကား ရှေးဇာတ်တော်, နိပါတ်တော်ခေတ်၌ အလွန်လျှင်စည်ပင်၍ ထင်ရှားကျော်ကြားခဲ့သော တိုင်းကြီးတစ်ခုဖြစ်ခဲ့သည့်အပြင် မြတ်စွာဘုရားလက်ထက်ပော်၌လည်း သာသနာတော်တွင် ထင်ရှားသော နောက်ဆုံး ပစ္ဆိမဗုဒ္ဓဝနအားဖြင့် တပည့်သာဝကတို့အား ဟောကြားဩွန်ပြပြီးလျှင် ဗုဒ္ဓမြတ်စွာသာသနာ၌ သက်ဝင်ယုံကြည်ကြသူအပေါင်းတို့၏ အလေးအမြတ်ပြုအပ်သော အထိမ်းအမှတ်တော် ၄-ပါးတွင် တစ်ပါးအပါအဝင်အဖြစ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူရာဌာနဖြစ်သော တိုင်းပြည်နိုင်ငံဖြစ်၍ စည်ပင်ဝပြော ထင်ရှားသော နိုင်ငံတစ်ခုဖြစ်ကြောင်းကား အထူးရေးသားဖော်ပြဖွယ် မရှိ။

၎င်းမလ္လတိုင်းမှာ ရှေးဇာတ်တော်, နိပါတ်တော်ခေတ်တွင် အလွန်ထင်ရှားသော အလောင်းတော် **ကုသမင်းကြီး**, ၎င်း၏ခမည်းတော် **ဩက္ကာကမင်းကြီး**တို့၏ စိုးစံအုပ်ချုပ်ရာ တိုင်းနိုင်ငံကြီးဖြစ်၍ မြို့တော်ကြီးမှာလည်း **ကုသဝတီရာဇဌာနီ**ဟု ကျော်ကြားခဲ့သော မြို့တော်ကြီးဖြစ်သည့်အပြင် ကမ္ဘာဦးကဆင်းသက် အဆက်ဆက်သော အသမ္ဘိန္နခတ္တိယမင်းမျိုးတို့၏ စိုးစံတော်မူရာ မြို့တော်ကြီးလည်း ဖြစ်၏။ ၎င်းတိုင်းနိုင်ငံနှင့် နေပြည်တော်မှာ ကြီးကျယ်သော တိုင်းပြည်အဖြစ်ဖြင့် ထည့်သွင်းဟောကြားတော်မူ၍ မြတ်စွာဘုရားလက်ထက်တော်က ဥစ္စာခနပေါများကြွယ်ဝ စည်ပင်ဝပြောသော နိုင်ငံတစ်ခုပင်ဖြစ်သော်လည်း ကောသလ, မဂဓ-စသော တိုင်းကြီးများနှင့် နှိုင်းစာလျှင် တိုင်းငယ်, ပြည်ငယ်အဖြစ်ဖြင့် မှတ်သားအပ်၏။

ထို့ကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရန် အစဉ်သဖြင့် မဟာမဏ္ဍလ ဒေသစာရီ ကြွချီရောက်တော်မူသောအခါ အရှင်အာနန္ဒာမထေရ်သည် ဤမြို့ငယ်ကလေး၌ ပရိနိဗ္ဗာန်ပြုမည်ကို မနှစ်သက်သဖြင့်---

"မာ ဘန္တေ ဘဂဝါ ဣမသ္မိံ ခုဒ္ဒကနဂရကေ ဥဇ္ဇင်္ဂလနဂရကေ သာခါနဂရကေ ပရိနိဗ္ဗာယိ။ သန္တိ ဘန္တေ အညာနိ မဟာနဂရာနိ။ သေယျထိဒံ၊ စမ္ပာ ရာဇဂဟံ သာဝတ္ထိ သာကေတံ ကောသမ္ဗီ ဗာရာဏသီ။ ဧတ္ထ ဘဂဝါ ပရိနိဗ္ဗာယတု။(*ဒီ၊ ၂။ ၁၂၁*)

အရှင်ဘုရား၊ မြတ်စွာဘုရားသည် ဤမြို့ငယ်ကလေး တောမြို့ကလေး မြို့လက်တက်ကလေးမှာ ပရိနိဗ္ဗာန် ပြုတော်မမူပါနှင့်။ အခြားမြို့ကြီးများရှိပါသည်၊ ၎င်းတို့ကား စမ္ပာ, ရာဇဂြိုဟ်, သာဝတ္ထိ, သာကေတ, ကောသမ္ဗီ, ဗာရာဏသီတို့ ဖြစ်ပါသည်။ မြတ်စွာဘုရားသည် ၎င်းတို့၌ ပရိနိဗ္ဗာန်ပြုတော်မူပါ-စသည်ဖြင့် ဤမြို့ကြီးတို့၌ မင်းကြီး သူဋ္ဌေး သူကြွယ်ပေါများ၍ မြတ်စွာဘုရား၏ ကိုယ်တော်မြတ်ကို ပူဇော်ကြ၍ အကျိုးများပါလိမ့်မည်"ဟု အရှင်အာနန္ဒာ လျှောက်ထားသည်(ကို) ဘုရားရှင် ပယ်တော်မူသောအားဖြင့်--

"မာ ဟေဝံ အာနန္ဒ အဝစ။ မာဟေဝံ အာနန္ဒ အဝစ ခုဒ္ဒကနဂရကံ ဥဇ္ဇင်္ဂလနဂရကံ သာခါနဂရကံ။ *(ဒီ၊ ၂။ ၁၂၁)*

အာနန္ဒာ၊ ဤသို့ မဆိုလင့်၊ မြို့ငယ်ကလေး တောမြို့ကလေး လက်တက်မြို့ကလေးဟု မပြောလင့်"ဟု တားမြစ်မိန့်တော်မူသည့်ပြင်---

"အာနန္ဒာ၊ ရှေးအခါက စကြာရတနာအရှင် တရားနှင့်ညီညွတ်၍ တရားသဖြင့် မင်းပြုလုပ်သော ၄-ကျွန်းအဆုံး တိုင်းနိုင်ငံအားလုံးကို အောင်မြင် အစဉ်တည်တံ့ ခိုင်မြဲခြင်းသို့ ရောက်တော်မူသော ရတနာ ၇-ပါးနှင့် ပြည့်စုံသော မဟာသုဒဿနစကြာမင်းကြီး ဖြစ်ခဲ့ဘူး၏။ ဤကုသိနာရမြို့သည် မဟာသုဒဿနစကြာမင်းကြီးလက်ထက်က ကုသဝတီ မင်းနေပြည်တော်ကြီး ဖြစ်ခဲ့ဖူးပြီ" စသည်ဖြင့် ကုသိနာရုံမြို့သည် ကြီးကျယ်ခမ်းနား စည်ကားဝပြောသော ရာဇဌာနီမင်းနေပြည်တော်ကြီး ဖြစ်ခဲ့ဘူးကြောင်း မဟာသုဒဿနသုတ်ကို ဟောကြားတော်မူရ၏။

၎င်းပြင် မဟာသုဒဿနစကြာမင်းကြီး အုပ်ချုပ်စဉ်က ဤကုသဝတီမြို့တော်ကြီးမှာ အရှေ့ အနောက် အလျား ၁၂-ယူဇနာ, တောင် မြောက် အနံ ၇-ယူဇနာ ကျယ်ဝန်းကြောင်း အာဠကမန္ဒာနတ်မြို့ကြီးတမျှ ပေါများကြွယ်ဝသော လူအမျိုးမျိုးတို့၏ နေထိုင်ရာဖြစ်၍ အသံ ၁၀-ပါးတို့ဖြင့် မဆိတ်ကြောင်း-စသည် မြို့တော်ကြီး၏ တင့်တယ်ခမ်းနားကြောင်း ဟောကြားတော်မူသော်လည်း ဘုရားရှင်လက်ထက်တော်အခါမှာကား သာဝတ္ထိ, ရာဇဂြိုဟ် မြို့တော်ကြီးများကဲ့သို့ ဘုန်းတန်ခိုးအာဏာရှင် ဘုရင်ဧကရာဇ်ကြီးများ အုပ်ချုပ်စိုးစံသော နေပြည်တော်ကြီးမဟုတ်ဘဲ တိုင်းနိုင်ငံမှာလည်း ကောသလ, မဂဓတိုင်းကြီးများလောက် ကျယ်ဝန်းခမ်းနားသော နိုင်ငံတော်မဟုတ်ကြောင်း ဆိုခဲ့ပြီးသော သုတ္တန်တို့ကို ထောက်ထားသဖြင့် သိသာထင်ရှား၏။

သို့ အရှင်အာနန္ဒာသည် ခုဒ္ဒကနဂရက, ဥဇ္ဇင်္ဂလနဂရက, သာခါနဂရကဟု ရှုတ်ချပြောဆိုသော မြို့ငယ်ကလေးပင် ဖြစ်သော်လည်း ဝဇ္ဇီတိုင်းကြီးကို အုပ်ချုပ်စိုးစံသော

လိစ္ဆဝီမင်းများကဲ့သို့ အများသဘောကျ ဥပဒေပြုလွှတ်တော်ထား၍ ညှိနှိုင်းတိုင်ပင် ဆွေးနွေးခြင်းအားဖြင့် မလ္လမင်းမျိုးများ အုပ်ချုပ်သော တိုင်းနိုင်ငံဖြစ်၍ သမ္မတစနစ်မျိုးနှင့် တူမျှသဖြင့် ကောသလတိုင်း, မဂဓတိုင်းကြီးများကဲ့သို့ အာဏာပိုင် ဧကရာဇ်တစ်ဦးတည်းသော စနစ်အားဖြင့် အုပ်ချုပ်သော တိုင်းနိုင်ငံ မဟုတ်ပေ။

ဎင်းပြင် မလ္လတိုင်းမှာ ကောသလမင်းကြီး, မဂဓတိုင်းအရှင် ဘုရင်အဇာတသတ်စသည်တို့ကဲ့သို့ တစ်ဦးတည်းသော ဘုရင်မင်းမြတ်မဟုတ်ဘဲ မလ္လရာဇပုတ္တာ-ဟု သာမည မလ္လမင်းသားများသာ လာသောကြောင့် ၎င်းမင်းအပေါင်းတို့သည် သန္ထာဂါရခေါ် ဥပဒေပြုလွှတ်တော်ထား၍ အကြောင်းအားလျော်စွာ အရေးကိစ္စတို့ကို လွှတ်တော်၌ စည်းဝေးကာ သာကီဝင်မင်းများကဲ့သို့ အညီအညွတ် တိုင်ပင်အုပ်ချုပ်ကြကြောင်းများ ထင်ရှား၏။

ထို့ကြောင့် မြတ်စွာဘုရား စေလွှတ်တော်မူသဖြင့် အရှင်အာနန္ဒာမထေရ်မြတ်သည် ကုသိနာရုံမြို့တော်တွင်းသို့ မလ္လမင်းတို့အား မြတ်စွာဘုရားအထံတော်သို့ နောက်ဆုံးဖူးမျှော်ခြင်းအားဖြင့် ဖူးမျှော်ကြရန် မဖူးမျှော်လိုက်ရသဖြင့် နောင်တ မရကြဖို့ရန် တိုက်တွန်းပြောကြားဖို့ ကြွတော်မူသောအခါ မလ္လမင်းများ တစ်စုံတစ်ခု ပြုဖွယ်အရေးကိစ္စဖြင့် သန္ထာဂါရ ဥပဒေလွှတ်တော်၌ အစည်းအဝေးခေါ်ထား၍ အားလုံးအစုံအညီ ရောက်ခိုက်နှင့် ကြုံကြိုက်သဖြင့် အသင့်ပြောကြားရကြောင်း မဟာပရိနိဗ္ဗာနသုတ်*(နှာ၊ ၁၂၂)*၌---

"တေန ခေါ ပန သမယေန ကောသိနာရကာ မလ္လာ သန္ထာဂါရေ သန္နိပတိတာ ဟောန္တိ ကေနစိဒေဝ ကရဏီယေန။

ထို (အရှင်အာနန္ဒာကြွလာသော) အခါကား မလ္လမင်းများ တစ်စုံတစ်ခု ပြုဖွယ်ကိစ္စနှင့် ဥပဒေပြုလွှတ်တော်မှာ စည်းဝေးနေကြကုန်၏" စသည်ဖြင့် လာ၏။

၎င်းမလ္လတိုင်းနိုင်ငံသားများမှာ ဘုရားသာသနာတော် လေးမြတ်ယုံကြည်ကြကြောင်း မြတ်စွာဘုရား မဟာမဏ္ဍလ ဒေသစာရီတော် အစဉ်ဖြင့်---

- သာဝတ္ထိ, ကောသလ, သက္က, မလ္လ, ဝဇ္ဇီ, မဂဓ-သို့၎င်း
- ကာသိ, မဂဓ, ဝဇ္ဇီ, မလ္လ, သက္က-စသည်တို့သို့၎င်း

ကြွချီတော်မူလေ့ရှိရာ ဝိနည်းမဟာဝါ၊ ဘေသဇ္ဇခန္ဓက*(နှာ၊ ၃၄၅)*၌---

မြတ်စွာဘုရား ဒေသစာရီ ကြွချီလာစဉ် အင်္ဂတိုင်း၊ အာပဏမြို့မှ ကုသိနာရသို့ ကြွလာတော်မူသောအခါ ကုသိနာရ မလ္လမင်းသားများသည် ၁၃၀၀-သော ရဟန်းအပေါင်းခြံရံလျက် ကြွလာတော်မူသည်ကို ကြားလျှင်---

"တေ သက်ရံ အကံသု ယော ဘဂဝတော ပစ္စုဂ္ဂမနံ န ကရိဿတိ။ ပဉ္စသတာနိဿ ဒဏ္ဍောတိ။

အကြင်သူသည် မြတ်စွာဘုရားအား မကြိုဆိုလျှင် ထိုသူအား ဒဏ်ငွေ ၅၀၀- ထားမည်ဟု ကတိချိန်းချက်ထားကြ၏"။

ဤသို့ လာသည်ကို ထောက်ဆ၍ သာသနာတော်မြတ်၌ သက်ဝင်ကြည်ညိုကြသည်ကို သိရသည့်အပြင် ရောဇမည်သော မလ္လမင်းသားသည် ရှေးဦးစွာ ဒဏ်ဆောင်ရမည်ကို ကြောက်ခြင်းကြောင့်သာ မြတ်စွာဘုရားအမှူးရှိသော ရဟန်းအပေါင်းတို့အား ကြိုဆိုခြင်းမျှဖြစ်သော်လည်း ဘုရားရှင်မေတ္တာတော် စူးစိုက်၍ တရားဓမ္မဟောပြသောအခါ သောတာပန် ဖြစ်ပြီးလျှင် အလွန်ကြည်ညိုလှသဖြင့် ဆွမ်းလုပ်ကျွေးလိုသော်လည်း အခွင့်မရ၍ မြတ်စွာဘုရား ခွင့်ပြုပညတ်တော်မူသည်အားလျော်စွာ ဟင်းရွက်, ဟင်းလျာနှင့် မုန့်ခဲဖွယ်များ သံဃာတော်တို့အား ဆက်ကပ်ရကြောင်း ဝိနည်းမဟာဝါ၊ ဘေသဇ္ဇခန္ဓက၌ လာသည်ကို ထောက်ဆသဖြင့်လည်း ၎င်းတိုင်းသားတို့ သာသနာတော်သက်ဝင်ကြခြင်းကို ကောင်းစွာ မှတ်သားနိုင်၏။

✪ ✪ ✪ ✪ ✪

## မလ္လတိုင်းခရိုင်နယ်

ဤမလ္လမင်းမျိုးများ စိုးစံသော မလ္လတိုင်းကြီးမှာ ခရိုင်ကြီး ၂-ခု ခွဲခြားထား၍ ၎င်းမှာ-

- ကောသိနာရခရိုင်နယ်နှင့်
- ပါဝေယျခရိုင်နယ်ဖြစ်ကြောင်း-

၎င်းတို့ စီရင်အုပ်ချုပ်ခြင်းမှာ အသီးအခြား သန္ထာဂါရ ဥပဒေပြုလွှတ်တော်များဖြင့် အုပ်ချုပ်စိုးစံကြသော်လည်း မင်းမျိုးအားဖြင့် မလ္လမင်းမျိုးတို့သာ ဖြစ်ကြောင်း မဟာပရိနိဗ္ဗာနသုတ်(*နှာ၊ ၁၃၆*)၌ ထင်ရှားစွာ လာ၏။

၎င်းသုတ်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကြွင်းကျန်သော သာရီရိကဓာတ်တော်များကို ပူဇော်ကြရန် ၈-ပြည်ထောင်မင်းအပေါင်းတို့ တောင်းဆိုကြ၍ တမန်စေလွှတ်ကြရာ ပါဝါမြို့တော်ရှိ မလ္လမင်းများအဖွဲ့ကလည်း ကောသိနာရမလ္လမင်းများထံ တမန်စေလွှတ်ကြောင်း---

"အသောသုံ ခေါ ပါဝေယျကာ မလ္လာ 'ဘဂဝါ ကိရ ကုသိနာရာယံ ပရိနိဗ္ဗုတော' တိ၊ အထ ခေါ ပါဝေယျကာ မလ္လာ ကောသိနာရကာနံ မလ္လာနံ ဒူတံ ပါဟေသုံ။ 'ဘဂဝါပိ ခတ္တိယော မယမ္ပိ ခတ္တိယာ။ မယမ္ပိ အရဟာမ ဘဂဝတော သရီရာနံ ဘာဂံ၊ မယမ္ပိ ဘဂဝတော သရီရာနံ ထူပဉ္စ မဟဉ္စ ကရိဿာမာ'တိ။

ပါဝါမြို့သား မလ္လမင်းများသည် မြတ်စွာဘုရား ကုသိနာရမြို့၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်း ကြားကြကုန်၏။ ထိုအခါ ပါဝေယျက မလ္လမင်းများသည် ကောသိနာရက မလ္လမင်းတို့ထံ 'ဘုရားရှင်လည်း မင်းမျိုးပါ။ အကျွန်ုပ်တို့လည်း မင်းမျိုးပါ။ ကျွန်ုပ်တို့လည်း ဘုရားရှင်၏ ဓာတ်တော်ဝေစု ရထိုက်ကုန်၏။ ကျွန်ုပ်တို့လည်း ဘုရားရှင်၏ သရီရဓာတ်တော်များကို စေတီတည်၍ ပူဇော်ကြပါမည်'ဟု တမန်စေလွှတ်လေ၏" စသည်ဖြင့် အသီးအခြား မင်းမျိုးများဖြစ်ကြောင်း လာသောကြောင့် ထင်ရှား၏။

၎င်းပါဝါမြို့ကား မြတ်စွာဘုရား မဟာမဏ္ဍလ ဒေသစာရီ ခရီးစဉ်အားဖြင့် ကြွလာတော်မူသောအခါ ဝေသာလီ-ဘောဂနဂရ၊ ၎င်းမှ ပါဝါမြို့သို့ ကြွလာတော်မူကြောင်း လာသဖြင့် ၎င်းနယ်မှာ ဝဇ္ဇီတိုင်းနယ်နှင့်စပ်လျက် တည်ရှိကြောင်း သိရ၍ ၎င်းပါဝါမြို့မှ ကုသိနာရမြို့သို့ ကြွသွားသဖြင့် တစ်ဖက်မှာ ကုသိနာရနယ်နှင့် စပ်လျက် တည်ရှိကြောင်း သိရသော်လည်း ခရီးအကွာအဝေး ပမာဏတို့ကား ၎င်း၌ ၎င်းအရှင်မဟာကဿပ, ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ပါဝါမှ ကြွလာရာ၌ ထင်စွာမဖော်ပြကုန်။ သို့ရာတွင် **ကုသိနာရမြို့တော်နှင့် ရာဇဂြိုဟ်မြို့တော်** အကွာအဝေးကိုကား အဇာတသတ်မင်း ဓာတ်တော်ပင့်သော အခမ်းအနား၌ ၂၅-ယူဇနာ ကွာဝေးသော လမ်းစခန်းတလျှောက်လုံး ၈-ဥသဘကျယ်သော မင်းလမ်းမကြီး ဖော်လုပ်ပြီးလျှင် အမျိုးမျိုးပူဇော်ကာ ယူဆောင်လာကြောင်း အဋ္ဌကထာဖွင့်ပြသဖြင့် ပမာဏကို သိရသည့်ပြင် ဝေသာလီမြို့တော်နှင့် အကွာအဝေးကိုလည်း ရေးသားပြီးသည့်အတိုင်း သိရှိနိုင်ကုန်၏။

✪ ✪ ✪ ✪ ✪

## အမ္ဗဝနဝိဟာရ သရက်ဥယျာဉ်ကျောင်း

ဤသုတ်၌၎င်း အခြားပါဝေယျကသုတ်များ၌၎င်း အမ္ဗဝနေ-ဟု မြတ်စွာဘုရား သီတင်းသုံးတော်မူရာ အမ္ဗဝနသရက်ဥယျာဉ်ကျောင်း၌ သာမညပါဠိတော်လာ၏။ အဋ္ဌကထာ*(ဒီ၊ ၄။ ၁၅၈)*၌ကား---

"ကမ္မာရပုတ္တဿာတိ သုဝဏ္ဏကာရပုတ္တဿ။ သော ကိရ အဍ္ဍော မဟာကုဋုမ္ဗိကော ဘဂဝတော ပဌမဒဿနေနေဝ သောတာပန္နော ဟုတွာ အတ္တနော အမ္ဗဝနေ ဝိဟာရံ ကာရာပေတွာ နိယျာတေသိ။ တံ သန္ဓာယ ဝုတ္တံ အမ္ဗဝနေတိ။

ကမ္မာရပုတ္တ-ဆိုသည်ကား ရွှေပန်းထိမ်သည်ကို ဆိုလို၏။ ၎င်းသည် ကြွယ်ဝချမ်းသာ၍ မြတ်စွာဘုရား ပဌမဖူးတွေ့စဉ်ကပင် သောတာပန်ဖြစ်သဖြင့် မိမိသရက်ဥယျာဉ်၌ ကျောင်းဆောက်လှူဒါန်း၏။ ၎င်းကိုရည်၍ အမ္ဗဝနေ-ဟု မိန့်တော်မူ၏" စသည်ဖြင့် လာသောကြောင့် မြတ်စွာဘုရားသည် ပါဝါမြို့သို့ ရောက်တော်မူသောအခါ **စုန္ဒရွှေပန်းထိမ်သည် ဆောက်လုပ်လှူဒါန်းအပ်သော သရက်ဥယျာဉ်ကျောင်း၌ သီတင်းသုံး** တော်မူကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ပစ္ဆိမဘတ္တ အဆုံးစွန် ဆွမ်းဘုဉ်းပေးခြင်း

မြတ်စွာဘုရားသည် ပါဝါမြို့၏ *(၌)* ရွှေပန်းထိမ်သည် စုန္ဒ၏ ကောင်းစွာစီရင်, အလွန်လျှင် နူးညံ့လှသော ဝက်သားဆွမ်းကို ဘုဉ်းပေးပြီးကာ အနုမောဒနာပြုပြီးနောက် ၎င်းမှ ကုသိနာရုမြို့သို့ ကြွတော်မူစဉ် လမ်းခရီးတွင် အလှည့်ကျအုပ်ချုပ်သော မလ္လမင်းတို့၏ ဥပဒေအရ အလှည့်မကျသဖြင့် ကုန်သည်ဘဝနှင့်နေသော ပုက္ကုသမလ္လမင်းသားသည် လှည်း-၅၀၀ နှင့် ထွက်လာ၍, ကကုဓာမြစ်နား ပန်းတော်မူသောအားဖြင့် သစ်ပင်ရင်း၌ သီတင်းသုံး ထိုင်နေတော်မူခိုက် ဖူးတွေ့ကာ တရားတော်နာပြီး သဒ္ဓါကြည်နူးခြင်းဖြင့် ရွှေအဆင်းရှိသော သက်န်းလှူဒါန်းသည်ကို ခံယူဝတ်ရုံတော်မူကာ ကြည်လင်လှစွာသော ဝတ်ရုံတော်နှင့် အဆင်းတော်မြတ်ကို ဖူးတွေ့ရသည်မှာ အံ့သြဖွယ်ရာဖြစ်ကြောင်း လျှောက်ထားရာတွင်---

"ဧဝမေတံ အာနန္ဒ ဒွီသု ကာလေသု အတိဝိယ တထာဂတဿ ကာယော ပရိသုဒ္ဓေါ ဟောတိ။ ဆဝိဝဏ္ဏော ပရိယောဒါတော။ ကတမေသု ဒွီသု၊ ယဉ္စ အာနန္ဒ ရတ္တိံ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈတိ၊ ယဉ္စ ရတ္တိံ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတိ။*(ဒီ၊ ၂။ ၁၁၁)*

အာနန္ဒာ၊ ဤသို့ပင်တည်း၊ ဘုရားရှင်၏ ကိုယ်တော်မြတ်သည် အခါ ၂-ပါး၌ အထူးအားဖြင့် ကြည်လင်တော်မူ၏။ အရေအဆင်း အထူးသန့်ရှင်း၏။ ၎င်းတို့ အဘယ်နည်း။

- အကြင်ညဉ့်၌ ဘုရားရှင်သည် ထူးမြတ်သိမြင် သဗ္ဗညုတဉာဏ်တော်ကို ရလတ္တံ့။
- အကြင်ညဉ့်၌ အနုပါဒိသေသ နိဗ္ဗာန်စံဝင်တော်မူလတ္တံ့။

ထိုအခါတို့မှာ အထူးကြည်လင် သန့်ရှင်း ကိုယ်အရေအဆင်းရှိကြောင်း" အရှင်အာနန္ဒာအား မိန့်ကြားတော်မူ၏။

ၚင်းပြင် မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား "ငါဘုရားသည် ယနေ့ ညဉ့်၌ပင် ပစ္ဆိမယာမ်၌ ပရိနိဗ္ဗာန်စံတော်မူမည်"ဟု မိန့်တော်မူပြီးလျှင် ကကုဓာမြစ်၌ ရေသုံးသပ်တော်မူပြီးနောက် သရက်ဥယျာဉ်၌ အနည်းငယ် နားနေတော်မူပြီးမှ ဟိရညဝတီမြစ်တစ်ဖက်ကမ်း **ကုသိနာရမြို့တော်အကွေ့တွင်** မလ္လမင်းတို့၏ အင်းကြင်းဥယျာဉ်သို့ ပရိနိဗ္ဗာန်ပြုတော်မူရန် ကြွတော်မူကြောင်း မဟာပရိနိဗ္ဗာနသုတ် ခရီးဒေသစာရီ အစဉ်အတိုင်း ပါဝါမြို့နှင့် **ကုသိနာရုံမြို့အကြား ကကုဓာမြစ်သည် နယ်ခြားကဲ့သို့ တည်ရှိ၍** ၎င်း ၂-မြို့တို့မှာ အလွန်မဝေးကွာလှကြောင်း ၎င်းခရီးအစဉ်ကို ထောက်ဆသိနိုင်၏။

ဤသို့ မြတ်စွာဘုရားသည် ပါဝါမြို့တော်၌ ဒီဃနိကာယ်၊ သင်္ဂီတိပရိယာယသုတ်-စသည် များစွာသော သုတ္တန်တို့ကို ဟောတော်မူရာဖြစ်သည့်အပြင် ကုသိနာရမြို့တော်၌လည်း ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်, မဟာသုဒဿနသုတ်-စသော များစွာသော သုတ်တို့အပြင် ဝိနည်းမဟာဝါ၊ ဘေသဇ္ဇခန္ဓက စသည်၌ များစွာသော အနုဇာနနသိက္ခာပုဒ်များ ပညတ်တော်မူရာ ဌာနဖြစ်၍ သာသနာဝင် ထင်ရှားသော မြို့များဖြစ်ကြောင်း မှတ်သားအပ်၏။

ထိုမှတပါး ထိုမြို့တော်များ၌ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ကျောင်းအာဝါသများ ထင်ရှားမလာသော်လည်း ကျောင်းတော်ကား ထင်ရှားရှိမည် ဖြစ်၍ တစ်ခါတစ်ရံ **ဗလိဟရဏတောအုပ်၌** သီတင်းသုံးတော်မူကြောင်း **ဒသကင်္ဂုတ္တရပါဠိတော်***(နှာ၊ ၃၁၈)*၌---

"ဧကံ သမယံ ဘဂဝါ ကုသိနာရာယံ ဝိဟရတိ ဗလိဟရဏေ ဝနသဏ္ဍေ။

အခါတပါး ဘုရားရှင်သည် ကုသိနာရုံ ဗလိဟရဏတောအုပ်၌ နေတော်မူ၏" စသည်ဖြင့် လာသည်ကိုၚင်း, ဥဒါန်းပါဠိတော်*(နှာ၊ ၈၂)*၌---

"ဧကံ သမယံ ဘဂဝါ ပါဝါယံ ဝိဟရတိ အဇကလာပကေ စေတိယေ။ အဇကလာပကဿ ယက္ခဿ ဘဝနေ။

အခါတပါး ဘုရားရှင်သည် အဇကလာပက နတ်ကွန်းဗိမာန်၌ နေတော်မူ၏" စသည်ဖြင့် လာသည်ကိုၚင်း ထောက်ဆသိနိုင်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ဤမြို့များသို့ ဒေသစာရီ ကြွတော်မူပြီးလျှင် တရားမမွှေဟောပြတော်မူသည်အားလျော်စွာ များစွာသော မလ္လမင်းသားများ သာသနာ၀င်ကြကြောင်း စတုထေရဂါထာဝတ္ထု၌---

ဂေါဓိကမထေရ်၊ သုဗာဟုမထေရ်၊ ဥတ္တိယမထေရ်၊ ၀လ္လိယမထေရ်တို့သည် မလ္လမင်းသားများ ဖြစ်ကြကြောင်း၊ တစ်စုံတစ်ခု ပြုဖွယ်ကိစ္စဖြင့် ကပိလမြို့တော်သို့ သွားကြသောအခါ ယမကပါဋိဟာကို ဖူးတွေ့ရသဖြင့် သာသနာတော်ကို ကြည်ညိုကြ၍ ရဟန်းပြုကြကြောင်း၊ ရှေးဆုတောင်းအားလျော်စွာ ရဟန္တာမထေရ်များဖြစ်ကြကြောင်း- လာသည်ကိုထောက်ဆ၍ မလ္လတိုင်းသား ရဟန်းများရှိကြ၍ ဘုရားရှင် သာသနာတော်စမ္မစက် ပြန်နှံ့ထွန်းကားသော တိုင်းပြည်များဖြစ်ကြောင်း မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## မလ္လတိုင်း မြို့ရွာများ

ဤမလ္လတိုင်းမှာ အထက်၌ ဆိုခဲ့ပြီးတိုင်းကြီးများကဲ့သို့ မြို့၊ ရွာ၊ နိဂုံးများတို့ဖြင့် တိုင်းကြီး၊ ပြည်ကြီးတို့၏ အင်္ဂါအားလျော်စွာ တန်ဆာဆင်လျက် စည်ပင်ဝပြောသော တိုင်းနိုင်ငံဖြစ်သည်ကား မယုံမှားအပ်သဖြင့် များစွာရှိမည်ဖြစ်သော်လည်း မြတ်စွာဘုရား ဒေသစာရီ ဖြန့်ချီသည်အားလျော်စွာ ဒေသနာအတ္ထုပ္ပတ်ဖြစ်ပွါးသော မြို့၊ ရွာများ၌သာ ပိဋကတ်တော်မှာ ထင်ရှားသဖြင့် ၎င်းနိဂုံး၊ မြို့၊ ရွာများကိုသာ ပိုင်းခြားဝေဖန်အပ်ကုန်၏။

၎င်းတို့မှာ---

| | | |
|---|---|---|
| ၁။ | ဥရုဝေလကပ္ပနိဂမ | ဥရုဝေလကပ္ပမြို့ |
| ၂။ | အနုပိယနဂရ | အနုပိယမြို့ |
| ၃။ | အာတုမာနဂရ | အာတုမာမြို့ |
| ၄။ | ကိမိလနဂရ | ကိမိလမြို့- |

များဖြစ်ကြ၍ ၎င်းရွာတို့မှာ-

| | | |
|---|---|---|
| ၁။ | ဇာလိကဂါမ | ဇာလိကရွာ |
| ၂။ | ထုဏာဗြာဟ္မဏဂါမ | ထုဏာပုဏ္ဏားရွာ- |

များ ဖြစ်ကြကြောင်း ဒေသနာတို့တွင် ထင်ရှားကြ၏။

ဇင်းမြို့, ရွာများမှာ မလ္လနိဂမ-ဟု သာမညလာသဖြင့် မည်သည့်မြို့သည် ကောသိနာရ သို့မဟုတ် ပါဝေယျက-ဟု မပိုင်းခြားနိုင်သော်လည်း တရားတော်ဓမ္မစက် သာသနာပြန့်နှံ့ရာ ဖြစ်ကြောင်းကား သုတ္တန်များ ထောက်ထား၍ ထင်ရှား၏။

✪ ✪ ✪ ✪ ✪

## ဥရုဝေလကပ္ပနိဂမ၊ ဥရုဝေလကပ္ပမြို့

ဥရုဝေဠကပ္ပနိဂမကား မလ္လတိုင်းတွင် ထင်ရှားသော နိဂုံးမြို့ကလေးဖြစ်၍ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူရာ ဇင်းသို့ရောက်၍ တရားဓမ္မ ဟောပြတော်မူဖူးကြောင်း အင်္ဂုတ္တိုရ်၊ နဝကနိပါတ်၊ မဟာဝဂ်၌ဇင်း, မဟာဝဂ္ဂသံယုတ်၌ဇင်း နိဒါန်း*(နှာ၊ ၂၀၀)*တို့တွင်-

"ဧကံ သမယံ ဘဂဝါ မလ္လေသု ဝိဟရတိ ဥရုဝေလကပ္ပံ နာမ မလ္လာနံ နိဂမော။

တရံသောအခါ ဘုရားရှင်သည် မလ္လတိုင်း၊ ဥရုဝေလကပ္ပ-မည်သော နိဂုံး၌ နေတော်မူ၏"စသည်ဖြင့် လာသည့်အပြင် ဇင်း၏အနီး တောအုပ်ကြီးရှိ၍ မြတ်စွာဘုရား သည် ဇင်းတောအုပ်၌ နေ့သန့်တော်မူလေ့ရှိကြောင်း ဇင်းသုတ်၌ပင်---

"ဣဓေဝ တာဝ တွံ အာနန္ဒ ဟောဟိ။ ယာဝါဟံ မဟာဝနံ အဇ္ဈောဂါဟာမိ ဒိဝါ ဝိဟာရာယ။

အာနန္ဒာ၊ ဤမှာပင် ငါဘုရား မဟာဝုန်တော၌ နေ့သန့်တော်မူသည့်တိုင်အောင် နေရစ်လော့"ဟု လာသည်ကို ထောက်၍ သိအပ်၏။

အရှင်အာနန္ဒာသည် ဘုရားရှင်အား စောင့်ဆိုင်းနေစဉ် တပုဿသူကြွယ်နှင့်တွေ့၍ နေက္ခမ္မနှင့်စပ်သော စကားကို လျှောက်ထားလျှင် ဇင်းစကားကို လက်ဆောင်ထားလျက် မြတ်စွာဘုရားထံသို့ကပ်၍ လျှောက်ထားရာ ဇင်းနေက္ခမ္မာနိသံသ တရားဟောကြားတော်မူ ကြောင်း ဇင်းသုတ်၌လာသည့်အပြင် မဟာဝဂ္ဂသံယုတ်၌လည်း ဇင်းနိဂုံး၌ သီတင်းသုံးတော် မူစဉ် အရိယာဉာဏ်နှင့်စပ်သော တရားတော်မြတ် ဟောကြားတော်မူကြောင်း လာသဖြင့် များစွာသော သုတ္တန်ဓမ္မ ဟောပြတော်မူရာ သာသနာ့နိုင်ငံ နိဂုံးမြို့ဖြစ်ကြောင်း မှတ်ယူ အပ်၏။

✪ ✪ ✪ ✪ ✪

## အနုပိယမြို့

ငင်းမြို့ကား မလ္လတိုင်းတွင် ထင်ရှားသောမြို့ဖြစ်သည့်အပြင် ထင်ရှားသော သာကီ-ဝင်မင်းသားများ ရဟန်းပြုကြရာ ဌာနဖြစ်၍ သာသနာတွင် အထူးထင်ရှားကြောင်း ဝိနည်းစူဠဝါပါဠိတော်*(နှာ၊ ၃၃၆)*၌---

"တေန သမယေန ဗုဒ္ဓေါ ဘဂဝါ အနုပိယာယံ ဝိဟရတိ အနုပိယံ နာမ မလ္လာနံ နိဂမော။ တေန ခေါ ပန သမယေန အဘိညာတာ အဘိညာတာ သကျကုမာရာ ဘဂဝန္တံ ပဗ္ဗဇိတံ အနုပဗ္ဗဇန္တိ။

ထိုအခါ ဘုရားရှင်သည် အနုပိယ မလ္လနိဂုံး၌ နေတော်မူ၏။ ထိုအခါကား ထင်ရှား ထင်ရှားကုန်သော သာကီယမင်းသားများ ဘုရားရှင်ရဟန်းပြုခြင်းသို့ အတုလိုက် ရဟန်းပြုကြကုန်၏" စသည်ဖြင့် **အနုရုဒ္ဓါမင်းသား, ဘဂုမင်းသား, ကိမိလမင်းသား, ဒေဝဒတ္တမင်းသား, ဘဒ္ဒိယမင်းသား**- ဤသာကီဝင်မင်းသား ၅-ယောက်တို့နှင့်တကွ ဥပါလိဆေတ္တာသည်၊ ဤ ၆-ပါးသော ရဟန်းတို့ကား အသီးအသီး အချို့ဇာတဒဂ်ထား၍ ထင်ရှားကြမည်ဖြစ်ရာ ၎င်းတို့တွင် ဒေဝဒတ်ကား သာသနာတော်ပုန်ကန်သဖြင့် ထင်ရှားကြောင်း ၎င်းဝတ္ထု၌ လာ၏။ ၎င်းပြင် ဥဒါန်း မုစ္စလိန္ဒဝဂ်*(နှာ၊ ၉၈)*၌လည်း---

"ဧကံ သမယံ ဘဂဝါ အနုပိယာယံ ဝိဟရတိ အမ္ဗဝနေ။

တရံရောအခါ ဘုရားရှင်သည် အနုပိယသရက်တော၌ နေတော်မူ၏" ဟူသော ဘဒ္ဒိယဥဒါန်း၏ နိဒါန်းအဖွင့် အဋ္ဌကထာမှာ---

အမ္ဗဝနဟူသည် ၎င်းအနုပိယမြို့ မနီးမဝေး၌ မလ္လမင်းတို့၏ သရက်ဥယျာဉ်ကို မြတ်စွာဘုရား ကြွလာတော်မူသောအခါ ကျောင်းဆောက်လုပ် လှူဒါန်းထားသောကြောင့် အမ္ဗဝနသရက်တောကျောင်း ခေါ်ဆိုရကြောင်း ဖွင့်ပြသဖြင့် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ကျောင်းတော်လည်းရှိကြောင်း မှတ်သားအပ်၏။

ဤသို့အားဖြင့် အနုပိယမြို့မှာ သာသနာတော်၌ ဝိနည်းအားဖြင့်၎င်း သုတ္တန်အားဖြင့်၎င်း ထင်ရှားသော သာသနာ့နိုင်ငံတော်မြို့ဖြစ်ကြောင်း မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## အာဠဝီမြို့

ဤမြို့သည် မလ္လတိုင်းတွင် ပါဝင်၍ မြတ်စွာဘုရား ဒေသစာရီအားဖြင့် ရောက်တော်မူရာမြို့ဖြစ်ကြောင်း၊ မဟာမဏ္ဍလ ဒေသစာရီတွင် အာပဏမှ ကုသိနာရုံ, ကုသိနာရမှ အာဠဝီသို့ ကြွတော်မူကြောင်း၊ သို့ကြွလာတော်မူရာ ၎င်း၌ ကြီးမှူးရဟန်းပြုသော ဝုမ္မပဗ္ဗဇိတရဟန်းကြီးသည် ရှေးက ဆေတ္တာသည် ဖြစ်ဖူးသည်အားလျော်စွာ သား ၂-ယောက်တို့အား ဆေတ္တာသည်အတတ်အားဖြင့် လှည့်လည်လျက် ဆန်, ဆီ စသည် စုဆောင်းစေကာ ယာဂုဆွမ်းစီရင်ပြီး မြတ်စွာဘုရား ကပ်တော်မူရာ အခွဲနှင့်တကွ ၃၀၀-သော ရဟန်းတို့နှင့်အတူ မအပ်သဖြင့် မြစ်ပယ်တော်မူပြီးလျှင် သိက္ခာပုဒ် ပညတ်တော်မူကြောင်း ဝိနည်းမဟာဝါ၊ ဘေသဇ္ဇခန္ဓက(နှာ၊ ၃၄၈)၌---

"အထ ခေါ ဘဂဝါ အနုပုဗ္ဗေန စာရိကံ စရမာနော ယေန အာဠဝီ၊ တဒဝသရိ။

ထိုအခါ မြတ်စွာဘုရားသည် အစဉ်သဖြင့် ဒေသစာရီလှည့်တော်မူရာ အာဠဝီသို့ သက်တော်မူ၏" စသည်ဖြင့် **အာဠဝီဝတ္ထု**၌ လာ၏။

ဤအာဠဝီမြို့သား တောထွက်ရဟန်းကြီးကား ဘုရားရှင် ပယ်မြစ်တော်မူသည်ကို မနှစ်သက်ဘဲလျက် နေခဲ့ရာ ကုသိနာရုံမြို့၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူကြောင်း ကြားရ၍ ပုထုဇန်ရဟန်းများ မတည်မတံ့နိုင်, ငိုကြွေးကြလျှင် "ငါ့ရှင်တို့ မငိုကြွေးကြလင့်၊ အရှင်ဂေါတမမှ ယခုလွတ်တော့မည်၊ အလိုရှိသည်ကို မိမိဆန္ဒအတိုင်း ယခုမှ ပြုရတော့မည်"ဟု အရှင်မဟာကဿပ ပါဝါမှ ကုသိနာရသို့အလာ ရဟန်းတို့တွင် ပါလာ၍ ပြောကြားသည်ကို မထေရ်မြတ်သည် ဓမ္မသံဝေဂဖြစ်တော်မူကြောင်း ဝိနည်းမဟာဝါ၊ ပဥ္စသတိကက္ခန္ဓက၌၎င်း, သုတ်မဟာဝါ၊ ပရိနိဗ္ဗာနသုတ်၌၎င်း ထင်ရှားစွာလာ၏။

ဤရဟန်းကြီး၏ သာသနာတော်နှင့် မအပ်စပ်သော အကျင့်အာစာရအားဖြင့် လည်းကောင်း သာသနာတော်ကြီး၏ ဘေးရန်ဆူးငြောင့်သဖွယ် သူတော်ကောင်းတို့ ထိတ်လန့်ဖွယ် စကားပြောကြားသောအားဖြင့်လည်းကောင်း အရှင်မဟာကဿပမထေရ်မြတ်အား သင်္ဂါယနာတင်ခြင်း၌ တိုက်တွန်းနှိုးဆော်သည့်အလားဖြစ်သောကြောင့် ၎င်း၏ အတ္တုပ္ပတ္တိသည် မကောင်းသည့် ဘက်မှ သာသနာဝင်တွင် ထင်ရှား၍ ၎င်း၏နေထိုင်ရာမြို့သည်လည်း အတ္တုပ္ပတ်အားဖြင့် ထင်ရှား၏။

ဤမျှဖြင့် ဤအာဠဝီမြို့၌ မြတ်စွာဘုရား သီတင်းသုံးတော်မူဖူး၍ ကြွလာတော်မူသောအခါ ရဟန်းသံဃာ ၁၅၀၀-ခန့် ဘုသာဂါရကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူကြောင်း၊ ၎င်းမြို့နေ ဥပါသကာများအားလည်း တရားဓမ္မဟောပြတော်မူသည့်အပြင် ရဟန်း

တို့အားလည်း ဝိနည်းသိက္ခာပုဒ်ဖြင့် ပညတ်တော်မူရာ မြို့ဖြစ်၍ သာသနာ့စက်ရိပ်တွင် ထင်ရှားသောမြို့ဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ကိမိလနဂရ၊ ကိမိလမြို့

ဤမြို့လည်း မလ္လတိုင်းတွင် ထင်ရှား၍ မြတ်စွာဘုရားသည် ဒေသစာရီအားဖြင့် ကြွတော်မူလေ့ရှိသည့်အပြင် ၎င်းမြို့၌လည်း မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတော်ရှိကြောင်း မဟာဝဂ္ဂသံယုတ်(*နှာ၊ ၂၈၀*)၌၎င်း, ဆက္ကသတ္တက၊ အင်္ဂုတ္တိုရ်၌၎င်း-

**“ဧကံ သမယံ ဘဂဝါ ကိမိလာယံ ဝိဟရတိ ဝေဠုဝနေ။**

တရံရောအခါ မြတ်စွာဘုရားသည် ကိမိလမြို့၊ ဝေဠုဝန်ကျောင်း၌ နေတော်မူ၏” စသည်ဖြင့် နိဒါန်း၌ လာရှိသည့်အပြင် သဠာယနဝဂ္ဂသံယုတ်(*နှာ၊ ၃၈၆*)၌ကား---

**“ဧကံ။ပေ။ ဂင်္ဂါယ နဒိယာ တီရေ။ အဒ္ဒသာ ခေါ ဘဂဝါ မဟန္တံ ဒါရုက္ခန္ဓံ ဂင်္ဂါယ နဒိယာ သောတေန ဝုယှမာနံ။**

တရံရောအခါ ဘုရားရှင် ဂင်္ဂါမြစ်ကမ်းနေတော်မူစဉ် အလျဉ်ဖြင့် မျောလာသော သစ်တုံးကြီးကို မြင်တော်မူ၏” စသည်လာ၍ ဂင်္ဂါသဒ္ဒါ မြစ်သာမညကိုလည်း **ဟောနိုင်သောကြောင့် သာမညမြစ်ကမ်း၌** တည်ရှိကြောင်း မှတ်သားအပ်၏။

၎င်းကိမိလသုတ်၌ “ရေအလျဉ်တွင် မျောလာသော သစ်တုံးကို ဥပမာထား၍ ၎င်းသစ်တုံးသည် ကမ်းမတင်, လူမဆယ် တစ်စုံတစ်ခုမငြိတွယ်မူကား သမုဒ္ဒရာသို့ ရောက်ရမည် အမှန်ဖြစ်သည့်အတူ သင်တို့သည်လည်း သမ္မာဒိဋ္ဌိအယူအားဖြင့် လမ်းမှန်စွာ ကျင့်ကြံအားထုတ်က သံသရာကမ်းမတင် နိဗ္ဗာန်သို့ အမှန်ပင် ရောက်ရလတ္တံ့” ရဟန်းတို့အား မိန့်ကြားတော်မူ၏။ ၎င်းအမည်နှင့် စပ်လျဉ်း၍ သီဟိုဠ်အရေးအသား၌ ကိမ္ဗိလဟု ရေးသားသည့်အပြင် ကိမိလမထေရ်ကိုလည်း ကိမ္ဗိလမထေရ်ဟု ရေးသားကြ၍ အမည်ပညတ်ကား အမှန်ဆုံးဖြတ်ရန် ခဲယဉ်းလှသော်လည်း အကြောင်းအတ္ထုပ္ပတ်ကိုသာ အမှန်ဖြစ်ကြောင်း မှတ်သားအပ်၏။

ဤမြို့နှင့်စပ်၍ ဟောကြားအပ်သော သုတ်တို့ကို ထောက်ထားသဖြင့်၎င်း ပေတဝတ္ထု၌လာသော အတ္ထုပ္ပတ်တို့ကို ထောက်ထားသဖြင့်၎င်း သာဝတ္ထိမှ ဒေသစာရီ မလ္လတိုင်းသို့ ကြွချီတော်မူသောအခါ ဤမြို့သို့ ရောက်ကြောင်း များစွာသော သုတ္တန်များ ဟောကြားရာဖြစ်၍ သာသနာတွင် ထင်ရှားကြောင်း မှတ်သားအပ်၏။

## မလ္လတိုင်းနယ်ရွာများ

ကြွယ်ဝချမ်းသာသော တိုင်းကြီးအဖြစ်ဖြင့် ဥပမာထား၍ ဟောကြားတော်မူသော ဤမလ္လတိုင်းမှာလည်း အခြား ကာသိ, ကောသလ, မဂဓစသော တိုင်းကြီးများကဲ့သို့ ကျေးရွာ နိဂုံးအများ ရှိကြမည်မှာ မယုံမှားအပ်သော်လည်း ဒေသနာအတ္တုပ္ပတ် မထင်ရှားသဖြင့် ၎င်းတိုင်းနယ်ရွာများအကြောင်း ပါဠိတော်တို့၌ များစွာမလာကုန်။ ၎င်းတိုင်းနယ်ရွာ အကြောင်းနှင့်စပ်၍ ဟောကြားအပ်သော ဒေသနာကား ဥဒါန်းပါဠိတော်(*နှာ၊ ၁၇၄*)၌---

**"ဧကံ သမယံ ဘဂဝါ မလ္လေသု စာရိကံ စရမာနော မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ယေန ထူဏံ နာမ မလ္လာနံ ဗြာဟ္မဏဂါမော၊ တဒဝသရိ။**

အခါတစ်ပါး ဘုရားရှင်သည် မလ္လတိုင်း ဒေသစာရီ လှည့်တော်မူသောအခါ ထူဏ မည်သော ပုဏ္ဏားရွာသို့ သက်တော်မူ၏" စသည်ဖြင့် လာ၍ ၎င်းရွာမှာ မဇ္ဈိမတိုက် အနောက်အပိုင်းအခြားဖြစ်သော ထူဏရွာ မဟုတ်ကြောင်း၊ ၎င်းတိုက်နယ် အပိုင်းအခြား ရေးသား ခဲ့ပြီးဖြစ်သည့်အတိုင်း ၎င်းနယ်တွင်ရှိသော ပုဏ္ဏားရွာဖြစ်ကြောင်း၊ ၎င်းရွာသို့ မြတ်စွာဘုရား ကြွရောက်တော်မူသော် ရွာသူ, ရွာသား ပုဏ္ဏားတို့သည် ဘုရားရှင်အမှူးရှိ သော သံဃာတို့ အား ရေပိတ်ပင်ထားရန် အားလုံးသော ရေတွင်းရေကန်များကို မြက်, အမှိုက်တို့ဖြင့် ပိတ်ဆို့ ထားရာ မြတ်စွာဘုရား ကြွတော်မူ၍, ရေခပ်ရန် အမိန့်ရှိသဖြင့် ခပ်ယူသောအခါ အားလုံးအမှိုက်များ သန့်စင်လျက် ကြည်လင်သောရေကို တွေ့ရလျှင် အလွန်ပင် အံ့ဩကာ မြတ်စွာဘုရား(*အား*)လျှောက်ထားရာ ဥဒါန်းစကား မြွက်ကြားတော်မူ ကြောင်း ၎င်းဥဒါန်းအတ္တုပ္ပတ်၌ ထင်ရှားစွာလာ၏။

## မလ္လတိုင်းနယ်အပိုင်းအခြား

မြတ်စွာဘုရားလက်ထက်တော်က မလ္လတိုင်းသည် မဇ္ဈိမတိုက်နယ်တွင် တိုင်းကြီး တစ်ခုအဖြစ်ပါဝင်၍ ၎င်းတိုင်း၏ အပိုင်းအခြားများကို ၎င်းတိုင်းနှင့်စပ်လျက် ဟောကြား သော သုတ်ဝိနည်းတို့ကို နှိုင်းချိန်သောအားဖြင့် အရပ်မျက်နှာ မဖော်ပြသော်လည်း အခြား တိုင်းနယ်တို့ကို ထောက်ထားလျှင် သိမြင်မှတ်သားနိုင်ကုန်၏။ ၎င်းအပိုင်းအခြားတို့မှာ--

**မြောက်မျက်နှာ** ဟိမဝန္တာတောင်တန်းကြီးသည် မဇ္ဈိမတိုက် မြောက်မျက်နှာ၌ တည်ရှိသည်အားလျော်စွာ ၎င်းမြောက်ပိုင်း တိုင်းနယ်များ ဖြစ်ကြသော ဤမလ္လတိုင်းသည်လည်း မြောက်ဘက်မျက်နှာမှာ ဟိမဝန္တာလျှင် အပိုင်းအခြားရှိ ကြောင်း မှတ်သားအပ်၏။

**အရှေ့မျက်နှာ** ၎င်းမျက်နှာကား မြတ်စွာဘုရား ဒေသစာရီကြွတော်မူသည်ကို ထောက်ဆ၍ ဝဇ္ဇီတိုင်းမှ မလ္လတိုင်းသို့ ကြွတော်မူလေ့ရှိသည်အားလျော်စွာ ဝဇ္ဇီနံ မလ္လာနံ-ဟု အစုံအားဖြင့် ဟောကြားတော်မူသည့်အတိုင်း ၎င်းတိုင်းနယ်လျှင် အပိုင်းအခြား မှတ်သားအပ်၏။

**တောင်မျက်နှာ** ၎င်းမျက်နှာ၌ ထောက်ဆနိုင်းချိန်ရန် ပါဠိအဋ္ဌကထာထင်စွာ မရှိသော်လည်း မဟာပရိနိဗ္ဗာနသုတ်၊ ဓာတုဝိဘာဂအခန်း၌ လာသည်ကို ထောက်ထားသောအားဖြင့် သရာဇူမြစ်ကမ်းနားဖြစ်ကြသော **မောရိယတိုင်းနယ်များ** ဖြစ်သင့်ကြောင်း၊ သာမန္တနီးစပ်သော တိုင်းနိုင်ငံများတွင် ပါဝင်သည့်အတွက် ဓာတ်တော် တောင်းဆိုကြသည့်အတိုင်း တောင်အပိုင်းအခြားဟု မှတ်သားအပ်၏။

**အနောက်မျက်နှာ** ၎င်းမျက်နှာတိုင်းနယ် အပိုင်းအခြားကား ကောလိယတိုင်းဖြစ်သင့်ကြောင်း၊ ၎င်းတိုင်းနှင့်စပ်လျက်ရှိသော ကောသလတိုင်းသို့ မလ္လတိုင်းမှ ကြွချီသော ခရီးစဉ်ကို ထောက်ထား၍၎င်း **ဣသိဒတ္တနှင့် ပုရဏတို့** လျှောက်ထားသော အပြန်ခရီးစဉ်ကို ထောက်ထားသောအားဖြင့် ပါဠိ, အဋ္ဌကထာတို့၌ လာသည်ကို ထောက်ဆ မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## မလ္လတိုင်းနှင့် စပ်လျဉ်းသော မှတ်တမ်းကောက်နုတ်ချက်

မလ္လတိုင်းမှာ ရှေးမြတ်စွာဘုရား လက်ထက်တော်က စည်ပင်ဝပြောသော်လည်း သာသနာတော် နှစ်ပေါင်း ၉၀၀-ကျော်သို့ ရောက်သောအခါ မဇ္ဈိမဒေသ၌ သာသနာတော်လည်း အားသေး၊ တိုင်းနိုင်ငံကြီးများလည်း ဟန်ခိုးမှေးသောအခါဖြစ်၍---

တရုတ်ရဟန်းတော်ဖာဟိုင် ရောက်စဉ်က မှတ်သားလာခဲ့သော မှတ်တမ်းများအရ ထိုရဟန်းတော်သည် ပိပ္ပလိဝနမှ အရှေ့ဘက် ၁၂-ယူဇနာ သွားသောအခါ **ကုသိနာရုံမြို့သို့** ရောက်၍-

- ၎င်းမြို့တော်၏ မြောက်ဘက် ဟိရညမြစ်တောင်ဘက်ကမ်းပေါ်၌ တည်ရှိသော အင်ကြင်းပင် ၂-ပင်တို့၏ အကြားတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ၊
- သုဘဒ္ဒါရဟန်းအား နောက်ဆုံး ဟောချွတ်တော်မူရာ၊
- မြတ်စွာဘုရား၏ အလောင်းတော်မြတ်ကို သိကြားမင်းသည် သူ၏ဝရဇိန်လက်နက်ကို ပယ်စွန့်လျှုဒါန်းသော နေရာ၊

- မြတ်စွာဘုရား၏ သရီရဓာတ်တော်မြတ်ကို ၈-ပြည်ထောင်သောမင်းများ ခွဲဝေပေးသော နေရာ-

များ၌ စေတီတော်အသီးသီး တည်ထားကိုးကွယ်ကြသည်ကို တွေ့ရှိဖူးမျှော်ရသည့်အပြင် ၎င်းတို့အနီး၌ ကျောင်းတော်ကြီးတစ်ဆောင်လည်း ခမ်းနားစွာ တည်ရှိ၍ ကုသိနာရမြို့တော်မှာလည်း လူနေအိမ်ခြေ အနည်းငယ်မျှရှိသည်ကို တွေ့မြင်ခဲ့ရကြောင်းများ ရေးသားဖော်ပြ၏။

✪ ✪ ✪ ✪ ✪

## တရုတ်ရဟန်းတော်ဝှင်သျှင်၏ မှတ်တမ်းကောက်နုတ်ချက်

၎င်းပြင် ထိုတရုတ်ရဟန်းတော်ဖာဟိုင်ထက် နောက်ကျ၍ သာသနာတော်အနှစ် ၁၀၀၀-ကျော်မှ မဇ္ဈိမသို့ ဒေသန္တရနှင့် သာသနာတော်အခြေအမြစ် စိစစ်ဖွေရှာရန် ရောက်လာသော တရုတ်ရဟန်းတော် ဝှင်သျှင်၏ မှတ်တမ်းများအရမှာမူ ပိပ္ပလိဝနခေါ် မောရိယမြို့တော်၌ တည်ထားကိုးကွယ်သော မီးသွေးစေတီတော်မြတ်ကို ဖူးမျှော်ပြီးမှ ကုသိနာရသို့ (အရှေ့မြောက် ၅-ယူဇနာ ကွာဝေးသောခရီးသို့) သွားရကြောင်း၊ ၎င်း၌ ပျက်စီးနေသော မြို့ရိုး, မြို့တာ, အုတ်မြစ်အောက်ခြေများမှာ ၁၂-လီခန့် ကျယ်ဝန်းသည့်အပြင် မြို့တော်၏ အပြင်မှာလည်း နေရာအနှံ့အပြား အဆောက်အဦးပျက်များသာ ရှိ၍ လူနေအိမ်ခြေကား ထင်ရှား မရှိတော့ကြောင်း၊ ၎င်းပြင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာဌာန အုတ်ကျောင်းတော်ကြီးနှင့် မြောက်သို့ ဦးခေါင်းပြုတော်မူကာ ပရိနိဗ္ဗာန်စံတော်မူဟန် ရုပ်ပွါးတော်ကြီး တစ်ဆူရှိကြောင်း ရေးသားဖော်ပြလေ၏။

ထိုတရုတ်ရဟန်းတော်များ၏ ခရီးစဉ်ကို ရေးသားဖော်ပြသော ရှေးဟောင်းပထဝီဝင် မှတ်တမ်းများအရ ကုသိနာရမြို့တော်မှာ ဗာရာဏသီမြို့တော်မှ လီပေါင်း-၇၀၀ (ခုနစ်ရာ)ကျော် ကွာဝေးကြောင်း၊ ၎င်းဗာရာဏသီမှ ဝေသာလီမြို့တော်သို့ လီပေါင်း-၈၀၀(ရှစ်ရာကျော်)ကွာဝေးကြောင်း၊ ၎င်းပြင် ရဟန်းတော်ဖာဟိုင်၏ ပုတ်တမ်းအရ ကုသိနာရမြို့တော်မှ ဝေသာလီမြို့တော်သို့ ၁၅-ယူဇနာမျှ ကွာဝေးကြောင်း- စသည် ဖော်ပြကြသည့်ပြင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာဌာန၌ တည်ထားသော စေတီတော်မှာ ယခု မာထကုဝ ခေါ်၍ မြတ်စွာဘုရား သရီရကိုယ်တော်မြတ် တေဇောဓာတ်လောင်ကျွမ်းရာဌာန၌ တည်ထားသော စေတီတော်ကို ဒေဝိသဌာန်ခေါ်ကြောင်း ရေးမှတ်ကြ၏။

✪ ✪ ✪ ✪ ✪

## ယခုခေတ် မှတ်ချက်

ၑင်းဆိုခဲ့ပြီးစေတီများကား ယခုအခါ ထင်ရှားသော **ကာသျှယမြို့အနီး အန်ရုဓဝ** ရွာ၏ အနောက်မြောက်ဘက်မှာ မာထကုဝခေါ် **ပရိနိဗ္ဗာန်ပြုတော်မူရာ စေတီတော်တစ်ဆူ** တည်ရှိ၍ ၎င်း၏အနောက်ဘက်မှာ **ဟိရညဝတီ** သို့မဟုတ် ယခု အချို့ကား ဂန္ဓတ်, ဂန္ဒကီ မြစ်ငယ်တစ်ခု ရှိသည့်အပြင် တေဇောဓာတ်လောင်ရာ ဒေဝိဋ္ဌာန စေတီတော်မှာလည်း ၎င်းအန်ရုဓဝရွာ၏ အရှေ့မြောက်ဘက်မှာ တည်ရှိကြောင်း မှတ်သားကြ၏။ ၎င်းပြင် ပါဝါ မြို့မှာ ကာသျှယမှ ၁-ယူဇနာခွဲခန့် ကွာဝေး၍ ၎င်းမှာ အရှေ့မြောက်ဘက်မှာ တည်ရှိသော ယခုအခါ ပဒရိုနာခေါ်သော မြို့ဖြစ်ကြောင်း၊ ၎င်းပါဝါမြို့မှလာသော လမ်းစခန်း၌ ကုက္ကုဋ္ဌ မြစ်မှာလည်း ယခု ဗန္ဒီမြစ်ဖြစ်သင့်၍ ၎င်းသည် ကာသျှယ၏အောက်ဘက် ၁-ယူဇနာ လောက်မှာ ဟိရညဝတီမြစ်နှင့် ပေါင်းဆုံကြောင်း မှတ်သားကြ၏။

ဤသို့အားဖြင့် ဤမလ္လတိုင်းသည် မြတ်စွာဘုရားလက်ထက်တော်က ထင်ရှားကျော် ကြား စည်ကားဝပြောသော မြို့တော်, တိုင်းနိုင်ငံတော်ဖြစ်၍ ဘုရားရှင်သည် တိုင်းကြီးတစ် ဆူ အပါအဝင်ဖြင့် ဟောကြားတော်မူသည့်ပြင် ၎င်းတိုင်းနိုင်ငံအားလုံးသည် မဇ္ဈိမဒေသ တိုက်ကြီးအတွင်း တည်ရှိပြီး မြတ်စွာဘုရား အာဏာတော်စက်အောက် ရောက်ရှိကာ သာသနာဝင်နိုင်ငံဖြစ်ကြောင်း ထင်ရှားသဖြင့် ဤတိုင်း၏ အခမ်းကား ဤမျှဖြင့် အဆုံးထား ၍ မှတ်သားအပ်ပေသတည်း။

✪ ✪ ✪ ✪ ✪

## စေတီတိုင်း အကြောင်း

စေတီတိုင်းမှာ မဇ္ဈိမဒေသ အိန္ဒိယအလယ်ပိုင်းတွင် ထင်ရှားတည်နေသော တိုင်း နိုင်ငံတစ်ခုဖြစ်၍ မြတ်စွာဘုရားလက်ထက်တော်၌ စည်ကားဝပြောသော တိုင်းကြီးတစ်ခု အဖြစ်ဖြင့် ဟောကြားတော်မူရာ၌ ထည့်သွင်းတော်မူသည့်ပြင် ၎င်းတိုင်းနယ်သည် ရှေးဇာတ် တော်, နိပါတ်တော်ခေတ်၌လည်း ဝပြောစည်ကား ထင်ရှားခဲ့၍ ဘုန်း, လက်ရုံး, တန်ခိုး, အာဏာ ကြီးကျယ်မြင့်မြတ်ကြသော မင်းများ စိုးမိုးအုပ်ချုပ်ရာ တိုင်းပြည်နိုင်ငံကြီး တစ်ခု လည်းဖြစ်ကြောင်း စေတိယဇာတ်တော်ကို ထောက်ထားလျှင် ပေါ်လွင်ထင်ရှား၏။ ထို့ကြောင့် စေတိယဇာတ်*(ဇာ၊ ဌ။ ၃။ ၄၃၁)*၌---

"**အတီတေ ပဌမကပ္ပေ မဟာသမ္မတော နာမ ရာဇာ အသင်္ချေယျာ'ယု အဟောသိ။ တဿ ပုတ္တော ရောဇော နာမ၊ တဿ ပုတ္တော ဝရရောဇော နာမ။**

ရှေးလွန်ခဲ့ပြီး ကပ်ဦး၌ မဟာသမ္မတမင်းကြီးကား သက်တော်အသင်္ချေ ရှည်တော်မူ၏။ ၎င်း၏သားတော်ကား ရောဇမည်၏။ ၎င်း၏သားတော်ကား ဝရရောဇမည်၏" စသည်ဖြင့် ပထမကပ်ဦး မဟာသမ္မတမင်းကြီးသည် အသက်အသင်္ချေ တည်နေတော်မူကာ ကမ္ဘာကြီးအားလုံးကို အုပ်ချုပ်စိုးစံပြီးနောက် ၎င်းမင်းကြီး၏ သားတော်အစဉ် မြေးတော်အဆက်ဖြစ်ကြသော---

- ရောဇ ဝရရောဇ
- ကလျာဏ ဝရကလျာဏ
- ဥပေါသထ ဝရဥပေါသထ
- မန္ဓာတု ဝရမန္ဓာတု
- ဝရ ဥပဝရ-

ဟူသောအမည်အားဖြင့် အစုံအစုံ တစ်ကျိပ်သော မင်းဆက်တို့သည် ကမ္ဘာကြီးကို ကြီးကျယ်မြင့်မြတ်သော ဘုန်းလက်ရုံး အာဏာတန်ခိုးတို့ဖြင့် စိုးမိုးအုပ်ချုပ်တော်မူကြကြောင်း၊ ၎င်းတို့၏ဘုန်းတန်ခိုးနှင့် စောင့်ရှောက်ထိန်းသိမ်းအပ်သော တရားအားလျော်စွာ နတ်မင်းကြီး ၄-ပါးတို့သည် အမြဲမပြတ် စောင့်ရှောက်ရကြောင်း ဖွင့်ပြရေးသား၏။

ထိုမဟာသမ္မတမှ ဆက်လာခဲ့သော မင်းတို့၏ နောက်ဆုံးဖြစ်သောမင်းကား စေတိယတိုင်း၊ သောတ္ထိယမြို့တော်မှာ ထီးနန်းစိုက်ထူ မင်းလုပ်တော်မူကြောင်း ၎င်းစေတိယဇာတ်*(ဇာ၊ ၄။ ၃။ ၄၃၁)*၌--- "**သော စေတိယရဋ္ဌေ သောတ္ထိယနဂရေ ရဇ္ဇံ ကာရေသိ။**

ထိုမင်းကား စေတိယတိုင်း၊ သောတ္ထိယမြို့တော်၌ မင်းလုပ်တော်မူ၏" စသည်ဖြင့်လာသောကြောင့် တိုင်း၏ အမည်အားဖြင့် နောက်ဆုံး ဥပဝရမင်းသည် စေတိယမင်း-ဟုတွင်ကြောင်း၊ ၎င်းမင်းကြီးမှာ လိမ်လည်လှည့်ဖြား မုသားကို ဆိုသဖြင့် နတ်မင်းကြီး ၄-ယောက် အစောင့်အရှောက်တို့သည်လည်း ကွယ်၍ သူတော်ကောင်းစကား မနာယူဘဲ မြေမျိုခြင်းအဆုံးရှိသော အကျိုးတရားခံစားရကြောင်း ၎င်းဇာတ်တော်၌ လာသဖြင့် ဤတိုင်းကား အလွန်ရှေးကျ၍ ကပ်ဦးကပင်ဖြစ်ကြောင်း ကောင်းစွာ မှတ်သားအပ်၏။

ဤစေတိယတိုင်းမှာ မဇ္ဈိမဒေသ အလယ်ပိုင်းဌာန၌ တည်ရှိသော နိုင်ငံဖြစ်သည်မှာ တိုင်းနိုင်ငံတို့၏ ကွဲပြားခြင်းအစ နောက်ကရေးသားခဲ့သည်အားလျော်စွာ စေတိယမင်းကြီး မြေမျိုပြီးသည့်နောက် သားတော် ၅-ယောက်တို့ အရပ်ဌာန မှတ်သား၍ တိုင်းနိုင်ငံများ တည်ထောင်ကြကြောင်း လာသည်ကို ထောက်ဆ၍ သိရသည့်အပြင် မြောက်မျက်နှာ၌ တည်ထောင်ဖန်ဆင်းသော ပဉ္စာလတိုင်းကို ထောက်ဆသဖြင့် ဂင်္ဂါမြစ်ဝှမ်း အရပ်ဒေသများဖြစ်ကြောင်း ကောင်းစွာသိနိုင်၏။ ၎င်းမြို့သည် အလွန်ရှေးကျသော ကပ်ဦးအခါက

ဖြစ်၍ စေတိယတိုင်းနှင့် ပဥ္စာလတိုင်းတို့မှတပါး အမည်နာမအားဖြင့် တူကြသော မြို့ ပြည်များရှိသော်လည်း ညွှန်းပြသော အရပ်ဌာနများနှင့် မကိုက်ညီသဖြင့် အခြားတိုင်းများ မထင်ရှားကုန်။

ဤစေတိယတိုင်းသည် မြတ်စွာဘုရားလက်ထက်တော်၌ ထင်ရှားရှိသော်လည်း နေပြည်တော်ကား အသီးအခြား မင်းတစ်ပါးမရှိသောကြောင့် ၎င်းတိုင်းသည် ဝံသတိုင်း၏ လက်အောက်ခံ နိုင်ငံအဖြစ် ကျရောက်၍ ၎င်းတိုင်းတွင် ပါဝင်လေ၏။ ၎င်းသည် ဧကရာဇ် နိုင်ငံမဟုတ်သော်လည်း ဥစ္စာပစ္စည်း ရောင်းဝယ်ဖောက်ကား ပေါများကြွယ်ဝသော တိုင်း နိုင်ငံဖြစ်၍သာ မြတ်စွာဘုရားသည် ကြွယ်ဝသော နိုင်ငံကြီးတစ်ခုအဖြစ်ဖြင့် ဥပမာထား လျက် ဟောကြားထည့်သွင်းတော်မူ၏။

၎င်းပြင် ဤတိုင်းနိုင်ငံကား မြတ်စွာဘုရား၏ အာဏာဒေသနာခမ္မစက် ပြန့်နှံ့ရာ ဌာန ဒေသစာရီ ကြွရောက်တော်မူရာဌာန တိုင်းနိုင်ငံဖြစ်ကြောင်း ဝိနည်းပါစိတ်၊ ပါဠိတော် သုရာပါနဝဂ်(*နှာ၊ ၁၄၄*)၌---

"တေန သမယေန ဗုဒ္ဓေါ ဘဂဝါ စေတိယေသု စာရိကံ စရမာနော ယေန ဘဒ္ဒ-ဝတိကာ၊ တေန ပါယာသိ။

ထိုအခါ ဘုရားရှင်သည် စေတီတိုင်း ဒေသစာရီ လှည့်လည်တော်မူသော် ဘဒ္ဒ-ဝတိကမြို့သို့ ရောက်တော်မူ၏" စသည်ဖြင့်လာသော အရှင်သာဂတမထေရ်၏ ဝတ္ထု၌ ထင်ရှားစွာလာ၏။

✪ ✪ ✪ ✪ ✪

## အရှင်သာဂတ ဝတ္ထုအကျဉ်း

မြတ်စွာဘုရားသည် စေတိယတိုင်းသို့ ဒေသစာရီ လှည့်လည်တော်မူသောအခါ ဘဒ္ဒဝတိကာမြို့သို့ ရောက်တော်မူ၍ နွားကျောင်းသားများက "မြတ်စွာဘုရား အမ္ဗတိတ္ထသို့ ကြွတော်မမူပါနှင့်၊ ရသေ့ကျောင်းမှာ ဆိုးဝါးကြမ်းကြုတ်သော နဂါးကြီးရှိပါသည်"ဟု ၃-ကြိမ် လျှောက်ထားသော်လည်း နာယူတော်မမူဘဲ ကြွမြဲကြွတော်မူပြီးလျှင် အရှင်သာဂတ မထေရ် နဂါးကို ဆုံးမခြင်းအားဖြင့် သတင်းကျော်ကြား ပြန်နှံ့သွား၍ မြတ်စွာဘုရား ကောသမ္ဗီသို့ ဆက်လက်ကြွသွားသောအခါ မြို့သူမြို့သားတို့သည် ဘုရားရှင်အား ခရီးဦးကြို ပြီးလျှင် အရှင်သာဂတမထေရ်သို့ ကပ်၍ "အရှင်မြတ်၊ အလိုရှိသောအရာ မိန့်တော်မူပါ"ဟု လျှောက်ထားကြလျှင် ဆဗ္ဗဂ္ဂီရဟန်းများက "အရက်နုသည် ရဟန်းတို့အားရခဲ၍ နှစ်သက်

သောအရာလည်းဖြစ်သည်”ဟု ပြောဆိုသည်အရ အိမ်တိုင်း အိမ်တိုင်းက အရက်များ စီမံထားကြ၍ ဆွမ်းခံကြွလာသော အရှင်သာဂတအား အရက်များကပ်ကြ သဖြင့် ဆွမ်းခံရာမှအပြန် တံခါးဝတွင် လဲနေသောအခါ ရဟန်းများ တွဲခေါ်လာပြီး မြတ်စွာ ဘုရား ရှေ့တော်မှာပင် ခြေဆင်းလျက် မူးမေ့နေလျှင် ဘုရားရှင်သည် တရားဟောပြ၍ “ဤသာဂတသည်ကား စေတီတိုင်း အမ္ဗတိတ္ထ၌ နဂါးကိုဆုံးမနိုင်အောင် တန်ခိုးရှိသော်လည်း ယခုအခါ ရေမြွေမျှ နိုင်နင်းအောင် ဆုံးမနိုင်မည်မဟုတ်”ဟု မိန့်တော်မူပြီး သုရာမေရယ သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

ဤသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌ စေတီတိုင်းအကြောင်း အထူးမဖွင့်ဘဲ ဘဒ္ဒဝတိကာကား ဇကော ဂါမော-ဟု ရွာဖြစ်ကြောင်း သာမညဖွင့်ပြသော်လည်း ပါဠိတော်၌ မြတ်စွာ ဘုရား ကြွသွားတော်မူသော ဒေသစာရီအစဉ်မှာ စေတီတိုင်းမှ ကောသမ္ဗီသို့ ကြွတော်မူ၍ တိုင်းချင်းစပ်လျက် နီးကပ်သောကြောင့်သာ အရှင်သာဂတမထေရ်၏ နဂါးမင်း ဆုံးမသော သတင်း ပြန့်နှံ့ခြင်း ဖြစ်ပွါးကြောင်း ထင်ရှား၍ ဤစေတီတိုင်းကား ဝံသတိုင်းနှင့် ဆက်စပ်တည်ရှိသော တိုင်းပြည်ဖြစ်ကြောင်း အထူးရေးသားဖွယ် မရှိကုန်။

✪ ✪ ✪ ✪ ✪

## စေတီတိုင်း၊ နိဂုံးများ

ဤစေတီတိုင်း၌ မြတ်စွာဘုရားလက်ထက်တော်က များစွာသော မြို့နိဂုံးများရှိမည်ဖြစ်သော်လည်း ဒေသနာတော်အတ္တုပ္ပတ် အထူးမရှိခြင်းကြောင့်သာ ထင်ရှားစွာ မလာရှိကြောင်း၊ ၎င်းတိုင်း၌ လက်ထက်တော်က သာသနာတော်စက်ရောက်ရာ မြို့ငယ်နိဂုံး တစ်ခုရှိ၍ ၎င်း၌ ရဟန်းများ သီတင်းသုံးနေထိုင်ကြကြောင်း ဆက္ကဂုံတ္တရ၊ ဓမ္မိကဝဂ်၊ စတုတ္ထသုတ်*(နှာ၊ ၃၀၂)*၌---

“ဧကံ သမယံ အာယသ္မာ မဟာစုန္ဒော စေတီသု ဝိဟရတိ သဟဇာတိယံ။ တတြ ခေါ အာယသ္မာ မဟာစုန္ဒော ဘိက္ခူ အာမန္တေသိ။

တရံရောအခါ အရှင်မဟာစုန္ဒသည် စေတီတိုင်း သဟဇာတိ၌ နေတော်မူ၏။ ထိုအခါ အရှင်စုန္ဒသည် ရဟန်းတို့အား မိန့်ကြား၏”စသည်ဖြင့် ဤစေတီတိုင်း၊ သဟဇာတိ နိဂုံး၌ များစွာသော ရဟန်းသံဃာတို့ သီတင်းသုံးတော်မူကြကြောင်း သိရသည့်ပြင် ၎င်း အဋ္ဌကထာ*(၄။ ၃။ ၁၁၇)*၌---

**“စေတီသူတိ စေတိယရဋ္ဌေ။ သဟဇာတိယန္တိ ဧဝံ နာမကေ နိဂမေ။ မဟာ-စုန္ဒောတိ ဓမ္မသေနာပတိဿ ကနိဋ္ဌဘာတိကော။**

စေတီမှာ တိုင်းဖြစ်၏။ သဟဇာတိကား ဤမည်သော နိဂုံးတည်း။ မဟာစုန္ဒကား အရှင်သာရိပုတ္တရာ၏ ညီတော်တည်း”ဟု ဖွင့်ပြသဖြင့် ဤမြို့ကလေးမှာ စေတီယတိုင်း၌ ထင်ရှားသော မြို့ငယ်ဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ပါစီနဝံသဒါယ

ထိုမှတပါး ဤစေတီတိုင်း၌ အရှင်အနုရုဒ္ဓါ စသော မထေရ်ကြီးများ သီတင်းသုံးရာ ထင်ရှားသော **ပါစီနဝံသဘေးမဲ့တောကျောင်းကြီး**ရှိကြောင်း အင်္ဂုတ္တရနိကာယ၊ အဋ္ဌက နိပါတ်*(နှာ၊ ၆၂)*၌---

“ဧကံ သမယံ ဘဂဝါ ဘဂ္ဂေသု ဝိဟရတိ သုသုမာရဂိရေ ဘေသကဠာဝနေ မိဂဒါယေ။ တေန ခေါ ပန သမယေန အာယသ္မာ အနုရုဒ္ဓေါ စေတီသု ဝိဟရတိ ပါစီနဝံသဒါယေ။

တရံရောအခါ ဘုရားရှင်သည် ဘဂ္ဂတိုင်း၊ သုသုမာရဂီရိမြို့၊ ဘေသကဠဘေးမဲ့ ကျောင်း၌ နေတော်မူစဉ် **အရှင်အနုရုဒ္ဓါ**သည် စေတီတိုင်း၊ **ပါစီနဝံသဒါယ အရှေ့ဝံသ ဘေးမဲ့ကျောင်း**၌ နေတော်မူ၏” စသည်ဖြင့် မြတ်စွာဘုရားသည် ဘဂ္ဂတိုင်းမှ စေတီတိုင်း၊ ပါစီနဝံသဒါယတောအုပ်သို့ တန်ခိုးတော်ဖြင့် အရှင်အနုရုဒ္ဓါအထံ ကြွလာတော်မူပြီးလျှင် အဋ္ဌမဟာပုရိသ ဝိတက္ကကို မေးမြန်းဆုံးမ ဟောကြားညွှန်ပြပြီးလျှင်-

“တေနဟိ တွံ အနုရုဒ္ဓ အာယတိကမ္ပိ ဝဿာဝါသံ က္ကမေ စေတီသု ပါစီန-ဝံသဒါယေ ဝိဟရေယျာသိ။ *(အံ၊ ၃။ ၆၅)*

သို့ဖြစ်လျှင် အနုရုဒ္ဓါ၊ သင်သည် နောက်ဝါလည်း ဤပါစီနဝံသတောအုပ်၌ နေရမည်”ဟု မြတ်စွာဘုရား ထပ်မံမိန့်တော်မူသည်ကို ထောက်ဆ၍ ဤပါစီနဝံသတောအုပ်ကား စေတီတိုင်းတွင် ထင်ရှားသော တောအုပ်ကြီးတစ်ခုဖြစ်ကြောင်း၊ ထင်ရှားသော မထေရ်များ သီတင်းသုံးတော်မူကြ၍ မြတ်စွာဘုရား ကြွတော်မူကာ ဓမ္မဒေသနာများ ဟောကြားတော်မူရာဖြစ်ကြောင်း ၎င်းသုတ်အားဖြင့် ထင်ရှားသည့်အပြင် ဝိနည်းမဟာဝါ၊ **ကောသမ္ဗကခန္ဓက**၌လည်း---

မြတ်စွာဘုရားသည် ကိုယ်တော်တည်း ဆိတ်ဆိတ်နေလိုသဖြင့် ကောသမ္ဗီမှ လောဏကာဂါမ၊ ၎င်းမှ ပါစီနဝံသဒါယသို့ ကြွတော်မူပြီး အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ,

အရှင်ကိမိလတို့အား သမဂ္ဂတရား ဟောကြားတော်မူကြောင်း လာသဖြင့် ဤတောအုပ်ကား ဝံသတိုင်းနှင့် စပ်လျက် တည်ရှိကြောင်း သာလွန်ထင်ရှား၏။

ထိုမှတပါး ဤတောအုပ်ကား အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ ဖွင့်ပြချက်အရ ဘဂ္ဂတိုင်းမှလည်း အရှေ့ဘက်ကျ၍-

**" ဝံသဒါယေ နီလောဘာသေဟိ ဝေဠုဟိ သဉ္ဆန္နေ အရညေ"-**

ဟု ဖွင့်ပြချက်အရ ဝံသဒါယကား ညိုမှောင်သော ဝါးရုံတို့ဖြင့် ဖုံးအုပ်သော တောအုပ်ဖြစ်ကြောင်း၊ ၎င်းမှာ ဝံသတိုင်း, စေတီတိုင်းနှင့် စပ်လျက် တည်ရှိကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## စေတိယတိုင်း မှတ်တမ်း

၎င်းစေတိယတိုင်းနှင့် စပ်လျဉ်း၍ အသောကဘုရင်မင်းတရား၏ မဇ္ဈိမမှတ်တမ်းများ၌၎င်း, မဇ္ဈိမဒေသ ဗုဒ္ဓနိုင်ငံတော်သို့ လှည့်လည်ကြသော တရုတ်ရဟန်းတော်ဖာဟိုင်၏ ဗုဒ္ဓနိုင်ငံမှတ်တမ်းများ၌၎င်း, ထိုနောက် တိုင်းပြည် နိုင်ငံသာသနာတော် အခြေအနေ သေချာစွာ ရှာဖွေစိစစ် အဖြစ်အပျက်များ ကြိုးစားအားထုတ် ရေးသားသော တရုတ်ရဟန်းတော် ဝုင်သျှင်၏ မှတ်တမ်း၌၎င်း အထူးရေးသားခြင်း မရှိသော်လည်း မဇ္ဈိမတိုက်သာသနာတော်သည် မှေးမှိန်ခြင်း မရှိသေးသဖြင့် အကြောင်းအားလျော်စွာ ထိုခေတ်အခါ၌လည်း သာသနာဆက်မပျက် တည်ရှိခဲ့မည်ဖြစ်ကြောင်း အမှန်ယုံကြည်အပ်၏။ ၎င်းပြင် အိန္ဒိယ ရှေးဟောင်း ပထဝီဝင်ကျမ်းကြီးကို ရေးသားသော-

ကာနင်ဂဟန် မှတ်တမ်းအရ ယမုနာမြစ်ကမ်း တောင်ဘက်ကျ၍

အနောက်မြောက် ချမ္ဗာလ် စမ္ဗာမြစ်မှ အရှေ့တောင် ကာရဝီသို့တိုင်အောင် နယ်ပယ်များဖြစ်၍ ယခု မလဗာနယ် ဗန်ကွလ် ခန္ဒ အနီးမှာ ရှိကြောင်း၊ ၎င်း၏မြို့တော်မှာ သကတအမည်အားဖြင့် ဆုကတိမတိ-သုကတိမတိဖြစ်ကြောင်း၊ ၎င်းမှာ ယခုအခါ ကင်မြစ်၏ အရှေ့ဘက်ကမ်း ဗန္ဒာခေါ် အရပ်အနီးမှာ တည်ရှိကြောင်း ရေးသားသဖြင့် ဤမှတ်တမ်းများအရ ဆုကတိမတိ-သုကတိမတိမှာ ပါဠိဘာသာအားဖြင့် စေတိယဇာတ်၌ လာရှိသော သောတ္ထိယမြို့တော်နှင့် အမိပ္ပါယ် တူညီသည့်အပြင် သဒ္ဒါလည်း အနည်းငယ် ကွဲပြားကြ သဖြင့် ၎င်းပင်ဖြစ်သင့်ကြောင်း မှတ်ယူအပ်၏။

၎င်းပြင် ထိုစေတီတိုင်းနှင့် စပ်လျဉ်း၍ များစွာသော မှတ်သားချက်များ ကွဲပြားကြသည်မှာ အချို့က နမ္မဒါမြစ်ကမ်းရှိ ဂျဗလပူရ, နာဂပူရ အတွင်းမှာတည်ရှိကြောင်း၊ အချို့ဆရာများကလည်း ဆိုခဲ့ပြီးသော စေတီတိုင်းမှတပါး အခြားစေတီတိုင်းရှိသေး၍ ၎င်း၏မြို့တော်မှာ တြိပူရီ သို့မဟုတ် စေတီနဂရခေါ်သည့်အပြင် ၎င်းမှာ ဂျဗလ်ပူရအောက်မှ ၆-မိုင်လောက်အကွာတွင် နမ္မဒါမြစ်ကမ်း၌ တည်ရှိကြောင်း မှတ်သားကြကုန်၏။ မြို့အမည်နှင့် အရပ်ဌာနမှာ အမြဲတည်နိုင်သော အရာများ မဟုတ်သဖြင့် နောက်အခါ၌ ခေတ်အားလျော်စွာ ပြောင်းလဲနိုင်ကြောင်း၊ ၎င်းတို့မှတ်သားချက်များ ကိုးကားနိုင်သော အချက်များဖြစ်၍ အမည်နာမ အရပ်ဌာန ကွာခြားကြောင်းများ မှတ်သားအပ်ကုန်၏။

သို့သော် ပါဠိတော်လာစကားများ ယုံကြည်အားထားခြင်းအားဖြင့် ၎င်းစေတီတိုင်းမှာ ဝံသတိုင်းနှင့်စပ်လျက် တည်ရှိကြောင်း၊ ပါစီနဝံသ-ဟု ဟောကြားတော်မူသည်ကို ထောက်ထားသောအားဖြင့် ဤတိုင်းသည် ဝံသတိုင်း၏ အရှေ့သို့ ရောက်အောင် တည်ရှိ၍ ယမုနာမြစ်ကမ်း တောင်ဘက်ရှိသော နယ်ပယ်များဖြစ်ကြောင်း၊ မြတ်စွာဘုရားလက်ထက်တော်က စည်ကားဝပြော၍ တိုင်းကြီးတစ်တိုင်းအားဖြင့် ဟောကြားကြောင်းများ-မှတ်သားယုံကြည်ထိုက်၏။ ၎င်းပါစိနအရ မြတ်စွာဘုရားသီတင်းသုံးရာ ဘဂ္ဂတိုင်းမှ ထောက်ဆ၍လည်း အရှေ့ဘက်ကျသောကြောင့် ပါစီနခေါ်ကြောင်း-အဋ္ဌကထာ၌ ဖွင့်ပြသည်အားလျော်စွာ ဘဂ္ဂတိုင်းမှာလည်း ၎င်းတိုင်းနှင့်နီးစပ်လျက် တည်ရှိကြောင်းများ မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## စေတီတိုင်း၊ နယ်နိမိတ်များ

၎င်းတိုင်း၏ နယ်နိမိတ်အပိုင်းအခြားများမှာ ထင်ရှားသိသာအောင် မရှိသော်လည်း စပ်လျက်ဟောကြားသော သုတ်ဝိနည်းတို့ကို ထောက်ဆခြင်းအားဖြင့် မြောက်ဘက်၌ ကာသိတိုင်း, ဝံသတိုင်းတို့နှင့် စပ်၍ အရှေ့ဘက် မဂဓတိုင်းနယ်ခြားသို့တိုင် ရောက်သည့်အပြင် အနောက်မြောက်မှာ မစ္ဆတိုင်းနှင့်စပ်လျက် တည်ရှိ၏။ တောင်ဘက်အပိုင်းအခြားကား မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ်ဝိနည်းဒေသနာတော် မလာရှိသော်လည်း မဇ္ဈိမတိုက်နယ် အပိုင်းအခြားကို မှတ်သားခြင်းအားဖြင့် ၎င်းတိုက်တောင်ဘက်နယ်ဆုံးဟု မှတ်သားအပ်၏။

ဤမျှဖြင့် ဤတိုင်းနယ်အကြောင်းကား ဒေသနာတော်တို့ကို ထောက်ထားခြင်းအားဖြင့် ရေးသားရန်ရှိသည်ဖြစ်၍ ဤတွင် နိဂုံးထားလျက် ရေးသားအပ်၏။

## ဝံသတိုင်း အကြောင်း

ဝံသတိုင်းသည် မဇ္ဈိမတိုက်နယ်အတွင်းတည်ရှိသော မြတ်စွာဘုရားလက်ထက်တော်က ဧကရာဇ်ဘုရင်ကြီးတစ်ပါး စိုးစံအုပ်ချုပ်၍ ကျော်ကြားထင်ရှားသော တိုင်းကြီးတို့တွင် ပါဝင်သော တိုင်းနိုင်ငံကြီးတစ်ခု ဖြစ်သည့်အပြင် ရှေးဇာတ်နိပါတ်တော်ခေတ်မှာလည်း ထင်ရှားခဲ့သော တိုင်းနိုင်ငံဖြစ်ကြောင်း၊ ၎င်း၏မြို့တော်သည်လည်း ရှေးဇာတ်နိပါတ်တော်ခေတ်မှ လက်ထက်တော်ကျအောင် စည်ပင်သာယာဝပြောသော ကောသမ္ဗီမြို့တော်ဖြစ်ကြောင်း၊ များစွာကြွယ်ဝချမ်းသာသော သူဌေးကြီးများ၏ နေထိုင်ရာဖြစ်ကြောင်း မှတ်သားအပ်၏။ ထိုကြောင့် ဒသကနိပါတ်၊ **ကဏှဒီပါယနဇာတ်**(*၄။ ၄။ ၂၈*)၌---

**"အတီတေ ဝံသရဋ္ဌေ ကောသမ္ဗိယံ နာမ နဂရေ ကောသမ္ဗကော နာမ ရာဇာ ရဇ္ဇံ ကရေသိ။**

လွန်ပြီးသောအခါ ဝံသတိုင်း၊ ကောသမ္ဗီမြို့တော်၌ ကောသမ္ဗကမင်း မင်းပြုခဲ့လေပြီ" စသည်ဖြင့် ၎င်းမင်းကြီး အုပ်ချုပ်စိုးစံစဉ် မြို့ငယ်တစ်ခု၌ ကုဋေ-၈၀ ကြွယ်ဝသော ပြာဟ္မဏမဟာသာလဖြစ်ကြသည့် **ကဏှဒီပါယနနှင့် မဏ္ဍဗျ**တို့သည် ကာမဂုဏ်တို့ကို အပြစ်မြင်ကာ အလုံးစုံသောစည်းစိမ်ဥစ္စာတို့ကို စွန့်ခွါလျက် ငဲ့ကွက်ခြင်းမရှိ တောထွက်ကြကြောင်းလာ၏။

၎င်းထက်ပင် သာ၍ထင်ရှားသော အတ္တုပ္ပတ်မှာ နာရဒဇာတ်တော်၌ အယူဖောက်ပြားနေသော မိမိခမည်းတော် အင်္ဂတိမင်းကြီးအား တမလွန်ဘဝရှိကြောင်း၊ ဇာတိဿရဉာဏ်ကိုရသော သမီးတော် **ရုစာဒေဝီမင်းသမီးကလေး**က ဖြေကြား လျှောက်ထားသော ဂါထာတို့တွင်---

အထ အဋ္ဌေဟိ ကမ္မေဟိ၊
အဇာယိံ ဝံသဘူမိယံ။
ကောသမ္ဗိယံ သေဋ္ဌိကုလေ၊
ဣဒ္ဓေ ဖီတေ မဟဒ္ဓနေ။ ။(*ဇာ၊ ၂။ ၂၆၆*)

ထို့ပြင် အခြား၊ ကံများကြောင့်သည်။
ဝံသတိုင်းမှာ၊ ဖြစ်ခဲ့ပါသည်။
ဥစ္စာ ဓနေ၊ ကြွယ်ဝ စုံညီ။
ဖြစ်ခဲ့ဘိ၊ သေဋ္ဌိ ကောသမ္ဗီ။ ။

စသည်ဖြင့် ဖော်ပြလေ၏။

ငင်းရုစာဒေဝီမင်းသမီးကလေးမှာ အယူမှားနေသော ခမည်းတော် **အင်္ဂတိမင်းကြီး** အား သမီးတော်ကိုယ်တိုင်ပင် လွန်ခဲ့သော ၇-ဘဝမှ စ၍ ဖြစ်ခဲ့သမျှသော ဘဝတို့ကို အမှတ်ရသည့်အပြင် ယခုဘဝမှ ၇-ဘဝတိုင်အောင်လည်း အောင်းမေ့နိုင်ပါကြောင်း၊ သမီးတော်မှာ လွန်ခဲ့သော ၇-ခုမြောက်သောဘဝက မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့တော်မှာ ပန်းဘဲဆရာ၏ သားဖြစ်၍ အဖော်မကောင်း ပေါင်းဖော်မိသဖြင့် ဒုစရိုက်များ ပြုကျင့်ခဲ့သည့်ပြင် သူ့သားမယားများကို မှားယွင်းကျင့်ကြံ အကုသိုလ်ကံများ ပြုလုပ် မြှုပ်နှံခဲ့ပါကြောင်း၊ သို့သော် အခြားကုသိုလ်ကံများ ထောက်ပံ့သဖြင့် ဝံသတိုင်း၊ ကောသမ္ဗီမြို့တော်မှာ ပစ္စည်းဥစ္စာ များစွာကြွယ်ဝချမ်းသာသော သူဌေးကြီးမျိုး၌ တစ်ယောက်တည်းသော သားဖြစ်၍ ပညာရှိသူတော်ကောင်းများနှင့် ပေါင်းသင်းရ၍ အလှူဒါန, သီလသီတင်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ရကြောင်းများ လျှောက်ထားခဲ့၏။

အဋ္ဌကထာ၌လည်း "ဝံသဘူမိယန္တိ ဝံသရဋ္ဌေ-**ဝံသနယ်မြေ ဝံသတိုင်း**"ဟု ဖွင့်ပြသောကြောင့် ငင်းဝံသတိုင်း၊ ကောသမ္ဗီမြို့တော်ကား ရှေးဇာတ်နိပါတ်တော်ခေတ်ကပင် ထင်ရှားလျက် မြတ်စွာဘုရား လက်ထက်တော်အခါ၌လည်း ဘုရင်ဧကရာဇ် မင်းကြီးတစ်ပါး အုပ်ချုပ်စိုးစံသော တိုင်းနိုင်ငံကြီးဖြစ်သည့်အပြင် သာသနာတော်အားဖြင့်လည်း လေးစားအပ်သော တိုင်းကြီးဖြစ်ကြောင်း၊ မြတ်စွာဘုရားသည် ငင်းတိုင်း၌ာနသို့ သာသနာတော်၌ ကျေးဇူး ဥပကာရများလှသည် အားလျော်စွာ မကြာမကြာ ဒေသစာရီ ကြွချီတော်မူပြီးလျှင် များစွာသော သုတ္တန်, ဝိနည်းဒေသနာတော်များကို ဟောကြားပညတ်တော်မူရာ သာသနာ့နိုင်ငံတော်ဖြစ်ကြောင်း များစွာသော သုတ္တန်ဝိနည်းတို့၌ ထင်ရှား၏။ ထို့ကြောင့် ဝိနည်း မဟာဝါ၊ ကောသမ္ဗကခန္ဓက၌ အကျဉ်းချုပ်အားဖြင့်---

မြတ်စွာဘုရား ဃောသိတာရုံကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသောအခါ အနည်းငယ်သော အပြစ်သင့်ရာမှ တစ်စတစ်စ အမိကရုဏ်းကြီးပွါး၍ ဘုရားရှင်၏ စကားတော်ကိုပင် အလေးမမူ ဂရုမထား ပိပြားသေဝပ်ခြင်း မရှိသဖြင့် ညီညွတ်ရာ ညီညွတ်ကြောင်း များစွာသော အတ္ထုပ္ပတ်တို့ဖြင့် ဟောပြတော်မူသည့်ပြင် ဒီဃာဝုကုမာရဇာတ်ကို ရပ်လျက် သံဃာတော်တို့အား ဟောကြားဆုံးမပြီး ပန်ကြားခြင်း ပြုတော်မမူဘဲ ကိုယ်တော်တိုင် တစ်ပါးတည်း ဗာလကလောဏရွာသို့ ကြွသွားကာ အရှင်ဘဂုအား သင့်တင့်သော တရားဓမ္မဟောပြပြီးနောက် ပါစီနဝံသဒါယ၊ ဝံသတိုင်း၏ အရှေ့ဘက်ကျသော တောအုပ်ကြီး၌ အရှင်အနုရုဒ္ဓါ, အရှင်နန္ဒိယ, အရှင်ကိမိလတို့အား ညီညွတ်ကြောင်း သာမဂ္ဂီတရား ဟောကြားဆုံးမပြီး ကိုယ်တော်တစ်ပါးတည်း ပါလိလေယျကတောအုပ်သို့ ရောက်တော်မူသောအခါ ပရိသတ်ခွဲရှာ၍ ဆင်များအပေါင်းမှ ထွက်ခွါလာခဲ့သော ဆင်မင်း၏ အလုပ်

အကျွေးဖြင့် ၎င်းတောအုပ်မှာ သီတင်းသုံး ဝါကပ်တော်မူကြောင်း လာ၏။ ၎င်းပြင် ဝိနည်း၊ စူဠဝါခန္ဓကၥ၌လည်း---

မြတ်စွာဘုရား ဃောသိတာရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် အရှင်ဆန္နမထေရ်အား---

- အပြစ်မကုစားခြင်းကြောင့် အာပတ္တိအပ္ပဋိကမ္မဥက္ခေပနိယကံ
- အပြစ်မရှုခြင်းကြောင့် အာပတ္တိအဒဿနဥက္ခေပနိယကံ--------ပြုရန် ပညတ်တော်မူကြောင်း၊ ၎င်းနောက်---

**အရှင်ဆန္နမထေရ်**သည် သံဃာများ အပေါင်းအသင်း မရှိခြင်းကြောင့် ၎င်းအာရာမ်မှ အာရာမ်တစ်ပါးသို့ ပြောင်းရွှေ့သွားသော်လည်း မည်သည့်အာရာမ်မှ ဝတ်ကြီး ဝတ်ငယ် ပြုခြင်း စသည် မဆက်ဆံကြသောကြောင့် ကောသမ္ဗီမြို့သို့ ပြန်လည်လာရောက် သံဃာတော် တို့ထံမှောက်၌ ဝန်ချခြင်းကိုပြုမှ ၎င်းမထေရ်အား ထိုကံမှ ငြိမ်းအေးခြင်းဟူသော **ပဋိပဿမ္ဘနကံ**ကို ပြုကြောင်း လာ၏။

ဤမဟာဝါခန္ဓက, စူဠဝါခန္ဓကတို့၌ လာသည်ကို ထောက်ဆခြင်းအားဖြင့် ကောသမ္ဗီဃောသိတာရုံကျောင်းတော်ကြီးမှာ သံဃာ့ပရိသတ် စည်ကား၍ အဓိကရုဏ်း ဖြစ်ပွါးရာဌာန, မြတ်စွာဘုရားသော်မှ လက်လျှော့တော်မူကာ တစ်ပါးတည်း ထွက်ခွါတော်မူလောက်အောင် အတ္ထုပ္ပတ်ဖြစ်ပွါးရာဌာန-ဖြစ်ကြောင်း ဝိနည်း၌ထင်ရှား အထူးရေးသားဖွယ် မရှိကုန်။

ထိုမှတပါး ကောသမ္ဗီမြို့တော် **ဃောသိတာရုံကျောင်းတိုက်ကြီး**၌ သီတင်းသုံးတော်မူစဉ် များစွာသော သုတ္တန်တို့ကိုလည်း ဟောကြားတော်မူကြောင်း ၎င်းတို့မှာ---

- မူလပဏ္ဏာသ၊ ကောသမ္ဗကသုတ်
- မဇ္ဈိမပဏ္ဏာသ၊ သန္ဒကသုတ်-စသည်တို့ပြင်-
- ခန္ဓဝဂ္ဂသံယုတ်၊ ခေမကသုတ်နှင့်
- ဥဒါန်း၊ ဥတေနသုတ်-စသည်တို့၌-

ထင်ရှားစွာ လာကုန်၏။ ၎င်းတို့မှတစ်ပါး သာလွန်ထင်ရှားသော သုတ်မှာ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ဇာလိယသုတ် ဖြစ်၍ ၎င်းသုတ် အဋ္ဌကထာ၌ကား ဤကောသမ္ဗီမြို့တော်မှာ ဃောသိတာရုံကျောင်းတိုက်ကြီးမှတပါး အခြားကျောင်းတိုက်ကြီးများလည်း ရှိသေးကြောင်း ၎င်းတို့မှာ-

- **ကုက္ကုဋ္ဋာရာမကျောင်းတိုက်**
- **ပါဝါရိကာရာမကျောင်းတိုက်-**

တို့ဖြစ်ကြကြောင်း---

ကောသမ္ဗီမြို့တော်၌ ထင်ရှားသော သူဌေးကြီး ၃-ဦးရှိသည့် အနက် ဃောသက သူဌေးကြီးသည် သာသနာ၌ သက်ဝင်ယုံကြည်သည်အားလျော်စွာ မိမိအမည်ဖြင့် **ဃောသိတာရုံကျောင်းတိုက်ကြီး** ဆောက်လုပ်လှူဒါန်းကြောင်း---

ထို့အတူ ကုက္ကုဋ္ဋသူဌေးကြီးကလည်း မိမိအမည်ဖြင့် **ကုက္ကုဋ္ဋာရုံကျောင်းတိုက်ကြီး** တည်ဆောက် လှူဒါန်းကြောင်း---

ပါဝါရိကသူဌေးကြီးသည်လည်း မိမိပိုင် သရက်ဥယျာဉ်ကြီး၌ **ပါဝါရိကာရာမကျောင်းတိုက်ကြီး** ဆောက်လုပ်တည်ထောင်ကြောင်း---

ဤသို့အသီးအသီး တည်ထောင်ဆောက်လုပ်ပြီးလျှင် မြတ်စွာဘုရားအားပင့်၍ ဘုရားရှင်သည်လည်း ၎င်းတို့ သဒ္ဓါတရား စောင့်ရှောက်သောအားဖြင့် တစ်လှည့်စီ သီတင်းသုံးတော်မူကြောင်း ဖွင့်ပြ၏။

ဤကောသမ္ဗီ မြို့တော်ကြီး၌ ဆိုခဲ့ပြီးကျောင်းတိုက်ကြီးတို့ပြင် အခြားကျောင်းတိုက်များလည်း ရှိသေးကြောင်း ခန္ဓဝဂ္ဂသံယုတ်၊ ထေရဝဂ်၊ သတ္တမသုတ်*(သံ၊ ၂။ ၁၀၃)*၌---

"အာယသ္မာ ခေမကော ဗဒရိကာရာမေ ဝိဟရတိ အာဗာဓိကော ဒုက္ခိတော ဗာဠှော ဂိလာနော။

**အရှင်ခေမက**သည် ဗဒရိကာရာမ၌ ဖျားနာ ဆင်းရဲစွာ မကျန်းမာသဖြင့် နေ၏" စသည်ဖြင့် လာသည်ကို ထောက်ဆသောအားဖြင့် ထင်ရှား၏။ ဤခေမကမထေရ် သီတင်းသုံးရာ ဗဒရိကာရာမကျောင်းတိုက်သည်ကား အဋ္ဌကထာဆရာဖွင့်ပြသည်နှင့်အညီ ဃောသိတာရုံကျောင်းတိုက်ကြီးမှ ၁-ဂါဝုတ်ခန့် ကွာဝေးကြောင်း၊ မထေရ်ကြီးတို့သည် အရှင်ခေမကထံ အရှင်ဒါသကမထေရ် စေလွှတ်မေးမြန်းပြီးလျှင် ၆၀-မျှသော မထေရ်ကြီးတို့သည် အရှင်ခေမကထံ သွားကြ၍ ဥပါဒါနက္ခန္ဓာနှင့်စပ်သော တရားကို နာယူကြရသဖြင့် ထို ၆၀-မျှသော မထေရ်တို့ အာသဝေါမှ ကင်းကွာကြသည့်အပြင် အရှင်ခေမကလည်း အာသဝေါမှ လွတ်မြောက်ကြောင်း---

သဋ္ဌိမတ္တာနံ ထေရာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု အာယသ္မတော ခေမကဿ စာတိ။*(သံ၊ ၂။ ၁၀၈)*

ဟု ၎င်းသုတ်အဆုံး နိဂုံးထားသဖြင့် ၎င်းကျောင်းတိုက်ကား တောရကျောင်းတိုက်ကြီး ဖြစ်ကြောင်း၊ များစွာသောမထေရ်များ၏ အာသဝေါကင်းကွာရာဌာနဖြစ်၍ သာသနာ့ မှတ်တမ်းတွင် ထင်ရှားကြောင်း ယုံကြည်အပ်၏။

✪ ✪ ✪ ✪ ✪

## ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေန

ကောသမ္ဗီမြို့တော်ကြီးကို အုပ်ချုပ်သော ဘုရင်မင်းတရားမှာ ဥတေနမင်းကြီးဖြစ်၍ ၎င်းမှာ---

**မာဂဏ္ဍီ, သာမာဝတီ, ဝါသုလဒတ္တာဒေဝီ-**

တို့ဖြင့် မိဖုရားခေါင်ကြီး ၃-ယောက်ရှိသည့်အနက် သာမာဝတီမိဖုရားကြီးကို အမှီပြုကာ ထိုမင်းကြီးမှာ သာသနာတော်၌ သက်ဝင်ယုံကြည်ရကြောင်းမှာ---

**မာဂဏ္ဍီ**သည် သူ့မိဘတို့အား တရားဟောစဉ် ၎င်းတို့၏ မဂ်ဖိုလ် အဆောက်အဦ အတွက် မနှစ်သက်ဖွယ် အပြစ်စကား ဟောကြားသည်ကို ရန်ငြိုးဖွဲ့ကာ ဘုရားရှင်အား ကြည်ညိုလေးစားသော သာမာဝတီကို မျက်တော်မူရန် ကြံစည်ပြောဆိုမှုကို ဘုရင်မင်း လည်း မစဉ်းစားဘဲ ယုံကြည်သည့်အတိုင်း အထိန်းအယ မောင်းမ-၅၀၀ အစုံအညီနှင့် သာမာဝတီအား မြားနှင့်ပစ်ရာ မြားပြန်လာမှ သတိတော်ရ၍ ဝန်ချလျက် အပြစ်ကို တောင်း ပန်ပြီး ဘုရင်မင်းလည်း ထိုအခါမှ သာသနာ၌ သက်ဝင်ယုံကြည်ကာ သာသနာ့ဒါယကာ ဘုရင်တစ်ပါးဖြစ်လာကြောင်း ဓမ္မပဒ၊ ဥတေနဝတ္ထု၌ ကျယ်ဝန်းစွာ ဖွင့်ပြ၏။

**ဝါသုလဒတ္တာဒေဝီ** အကြောင်းလည်း ၎င်းအဋ္ဌကထာ၌ပင် ဖော်ပြသည်မှာ ဥတေန မင်းကြီးသည် ရသေ့ကြီးအထံမှ သင်ယူခဲ့သော ဆင်ဖမ်းတတ်၌ အထူးတတ်မြောက်၍ ကျော် ကြားသည့်အတိုင်း အဝန္တိတိုင်းရှင် ဘုရင်ပဇ္ဇောတမင်းကြီးနှင့် စစ်ဖြစ်ကြရာ အရေးတော် မသာဘဲ သူ့လက်ထဲသို့ ကျရောက်သောအခါ၊ "ဆင်အတတ်ပညာ သင်ရန်" ပြောဆိုလျှင် "သူ့အား ရှိခိုးမှပင် သင်နိုင်မည်"ပြော၍ စစ်ရှုံးသော ဘုရင်အား ရှိမခိုးနိုင်သောကြောင့် လျှို့ဝှက်လျက် သမီးတော်အား ဆင်မန္တန် သင်ယူစေရာ၊ လျှို့ဝှက်သည်များ ပေါ်ပေါက်ပြီး သမီးတော် ဝါသုလဒတ္တာဖြစ်ကြောင်း- သိရ၍ ထိနန်းနှင့် ထိုက်တန်ကြောင်း- သိရသဖြင့် ဆန္ဒတော်မျှကြကာ ခမည်းတော်နိုင်ငံမှ ထွက်မြောက်ကြောင်း၊ ၎င်းသမီးတော်က အကြံပေး သည့်အတိုင်း ရတနာအပြည့်ထည့်ထားသော ဘဏ္ဍာတော်အိတ်များကို တင်လျက် ဆင်မ ယဉ်သာဖြင့် ထွက်ခွါကြစဉ် လိုက်လာကြသော စစ်သည်ဗိုလ်ပါတို့အား ရွှေငွေရတနာ

ကြဲဖြန့်ခြင်းအားဖြင့် ရပ်တန့်စေလျက် ဝံသတိုင်းနယ်ဘက်သို့ နှင်းမိလျှင် အသင့်ပြင်စောင့်ဆိုင်းနေကြသော စစ်သည်တော်များနှင့် မြို့တော်သို့ ဝင်ရောက်ကာ သာမာဝတီ၊ မာဂဏ္ဍီမိဖုရားတို့နှင့်အတူ အဆောင်အယောင် အထိန်းအယ-၅၀၀ နှင့် မိဖုရားခေါင်ကြီး တစ်ပါး မြှောက်စားတော်မူ၏။

ဤသို့အားဖြင့် ဆိုခဲ့ပြီး ဝံသတိုင်း၊ ကောသမ္ဗီမြို့တော်နှင့်စပ်၍ အထူးမှတ်သားအပ်သော အကြောင်းအရာများဖြင့် ဤမြို့တော်ကြီးနှင့်တကွ ဘုရင်မင်းတရားပါ သာသနာတော်၌ ထင်ရှားများပြားသော ကျောင်းတိုက်ကြီးများအပြင် ဘုရားရှင်လည်း အကြိမ်ကြိမ်ကြွရောက်တော်မူကာ သုတ်, ဝိနည်းဒေသနာ ဓမ္မစက် ဟောမြွက်တော်မူလျက် သာသနာတော် သက်ရောက်စေပြီး ဗုဒ္ဓနိုင်ငံတော်ကြီး ပြုလုပ်တော်မူကြောင်း ထင်ရှားသဖြင့် ဤမြို့တော်အကြောင်း ဤမျှနှင့်သာ နိဂုံးထားအပ်ပေသတည်း။

✪ ✪ ✪ ✪ ✪

## ဝံသတိုင်း နိဂုံးမြို့ရွာများ

၎င်းဝံသတိုင်းလည်း မြတ်စွာဘုရားလက်ထက်တော်က စည်ကားဝပြောသော နိုင်ငံကြီးဖြစ်၍ တိုင်းကြီးပြည်ကြီးတို့၏ အဆင်တန်ဆာ မြို့ရွာနိဂုံးများရှိသည်မှာ အမှန်ဖြစ်သော်လည်း ဒေသနာဓမ္မစက် ဟောမြွက်တော်မူရန် အကြောင်းအတ္ထုပ္ပတ်မရှိသည်အားလျော်စွာ ဟောကြားသော သုတ်, ဝိနည်းတို့၌ မထင်ရှားကုန်။ ကောသမ္ဗကခန္ဓက၌ မြတ်စွာဘုရား ကောသမ္ဗီမြို့တော်မှ ကြွသွားတော်မူသောအခါ ရှေးဦးစွာ အရှင်ဘဂုမထေရ် သီတင်းသုံးရာ **ဗာလကလောဏကရွာ**သို့ ရောက်တော်မူကြောင်း---

"တေန ခေါ ပန သမယေန အာယသ္မာ ဘဂု ဗာလကလောဏကဂါမေ ဝိဟရတိ။

*(ဝိ၊ ၃။ ၄၉၇)*

ထိုအခါ **အရှင်ဘဂုသည်** ဗာလကလောဏကရွာ၌ နေတော်မူ၏" စသည်ဖြင့်လာသော ဝိနည်းမဟာဝါ၊ ကောသမ္ဗကခန္ဓကကို ထောက်ထားသဖြင့် ၎င်းရွာသည် ကောသမ္ဗီမြို့တော်နှင့် မနီးမဝေးတည်ရှိသော ရွာဖြစ်ကြောင်း မှတ်သားအပ်၏။

၎င်းပြင် ဓမ္မပဒ အဋ္ဌကထာစသည်တို့၌ အရှင်ဘဂု သီတင်းသုံးရာ ပါလိလေယျကဂါမ-ဟု လာသော်လည်း ၎င်းမှာ မြတ်စွာဘုရား, အရှင်အနုရုဒ္ဓါ စသော မထေရ်တို့ သီတင်းသုံးရာ **ပါစီနဝံသမိဂဒါယမှ** ကြွသွားတော်မူရကြောင်း၊ ၎င်းမှာ တော၏ အမည်ဖြစ်ကြောင်း ၎င်းအဋ္ဌကထာ၌လည်း ထို့အတူ ဖွင့်ပြကြောင်း---

**"တတြ သုဒံ ဘဂဝါ ပါလိလေယျကေ ဝိဟရတိ ရက္ခိတဝနသဏ္ဍေ ဘဒ္ဒသာလမူလေ။**(ဝိ၊ ၃။ ၄၉၉)

ထိုဌာနကား ဘုရားရှင်သည် ပါလိလေယျက-မည်သော အင်ကြင်းပင်ရင်း၌ နေတော်မူ၏" စသည်ဖြင့် လာ၏။

ဤသို့အားဖြင့် ဤဝံသတိုင်း မြို့ရွာနိဂုံးများမှာ ဒေသနာထောက်ဆ၍ ဤမျှသာ ထင်ရှားကြောင်း၊ စည်ကားဝပြောသော တိုင်းနယ်အဖြစ် ဟောကြားတော်မူသဖြင့် ဒေသနာတွင် မထင်ရှားစေကာမူ တိုင်းပြည်ကြီးတို့၏ဖွယ်ရာ မြို့ရွာနိဂုံးတို့ဖြင့် တန်ဆာဆင်လျက်ရှိမည်ဖြစ်ကြောင်း- မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## မြို့တော်နှင့် တိုင်းနယ် တည်ရာဌာန

ဤဝံသတိုင်းမြို့တော် ကောသမ္ဗီမှာ သွားရာလာရာ လမ်းစခန်းအားဖြင့် မဂဓတိုင်းမှ **အဝန္တိတိုင်းသို့ သွားရာ လမ်းစခန်းအကြားတွင်** တည်ရှိကြောင်း ဝိနယပိဋက၊ မဟာဝါ၊ စိဝရခန္ဓက၊ ကောမာရဘစ္စဇီဝကဝတ္ထု၌ ထင်ရှားသည်မှာ---

တရံရောအခါ အဝန္တိတိုင်း ဘုရင်ပဇ္ဇောတမင်းကြီးမှာ မစားနိုင်, မသောက်နိုင်၊ ပိန်လှီ, ဝါဖျော့သော ပဏ္ဍုရောဂါ စွဲကပ်၍ **ဆရာဇီဝကသမားတော်** ပင့်ခေါ်ရာ ၎င်းရောဂါမှ မင်းတရားစက်ဆုပ်ရွံရှာဆုံးဖြစ်သော ထောပတ်မှတပါး အခြားသင့်တော်သော ဆေးမရှိကြောင်းသိရ၍ ဒေါသခက်ထန်လှသော မင်းကြီးဘေးမှ လွတ်မြောက်ရန် ဆင်မယာဉ်သာ အစဉ်သင့်ပြင်ကာ အနံ့မထင်ရှားသော ထောပါတ်နှင့် ဆေးဖော်စပ်ပြီးလျှင် ဆင်မယာဉ်သာ စီးနင်းပြီး ထွက်သွားနှင့်သည်ကို မင်းကြီးအထက်သို့ ပျို့သဖြင့် ထောပတ်အနံ့ ထွက်လာ၍ ဆရာဇီဝကခေါ်ရန် ခြေမြန်တော် ကာကကို လွှတ်သည်တွင် လမ်းခုလပ် ကောသမ္ဗီတွင်မှီကြောင်း၊ သို့သော်လည်း သမားတို့၏ ပရိယာယ်ဖြင့် ဆေးထည့်သွင်းသော ရှစ်ရှားသီး စားမိကာ ဝမ်းသွားလျက် ဆရာဇီဝကကို မခေါ်နိုင်သည့်ပြင် ဘဒ္ဒဝတီ ဆင်မ ယာဉ်ကိုသာ ယူငင်ပြန်သွားရကြောင်း လာသည်ကို ထောက်ဆ၍---

- အဝန္တိတိုင်းမှ ကောသမ္ဗီ
- ကောသမ္ဗီမှ ရာဇဂြိုဟ်သို့-

သွားသဖြင့် ၂-တိုင်းတို့၏ လမ်းခုလပ်တွင် တည်ရှိကြောင်း သိအပ်၏။

ၵင်းပြင်လည်း **အရှင်ဗာကုလမထေရ်၏** အတ္ထုပ္ပတ္တိ၌ ဤမထေရ်မှာ ကောသမ္ဗီ မြို့တော် သူဌေးတစ်ဦး၏ သားဖြစ်၍ ပက်လက်အရွယ် သူငယ်ကလေးအဖြစ်က မိဘတို့နှင့် အတူခေါ် သွားလျက် ယမုနာမြစ်ကမ်းနားတွင် ရေချိုးကြရာ ငါးကြီးတစ်ကောင်မျိုသွားပြီး သူငယ်၏ တန်ခိုးအာနိသင်အားဖြင့် မတည်တံ့နိုင်ဘဲ အောက်ဂင်္ဂါသို့ ဗာရာဏသီတိုင် အောင် ပြေးသွားလျှင် တံငါသည်တစ်ဦး၏ ပိုက်ကွန်တွင် မိသဖြင့် သူဌေးတစ်ဦး၏လက်သို့ ရောက်၍ ဝမ်းကိုဖောက်ခွဲရာ အသက်ရှင်လျက်ရှိသော သူငယ်ကို တွေ့ရသောအခါ အလွန် အံ့ဩစွာနှင့် မွေးမြူစောင့်ရှောက်ထားလေ၏။

ၵင်းအကြောင်းအရာများ တစ်စတစ်စ ပြန့်နှံ့ကျော်ကြား၍ ကောသမ္ဗီမြို့တော်ရှိ အမိ, အဘရင်း သူဌေးများ ကြားသိကာ တောင်းဆိုကြလျှင် မွေးမြူကြသည့် မိခင်တို့ ကလည်း မပေးနိုင်ကြသဖြင့် ဘုရင်မင်းမြတ်တို့ ဆုံးဖြတ်သည့်အတိုင်း ၵင်းသူငယ်အား ၂-ဦးသားတို့ တစ်လှည့်စီသာ ပိုင်ကြသောကြောင့် ဗာကုလဟု ခေါ်ကြ၍ အသက်-၉၀ သို့ရောက်သောခါ သာသနာတော်ဝင်လျက် ရဟန်းပြုကာ ရဟန္တာဖြစ်ပြီး အနာရောဂါ ကင်းခြင်း၌ ဧတဒဂ် ထားတော်မူကြောင်း ဓမ္မပဒအဋ္ဌကထာ၌ မိန့်ဆိုတော်မူ၏။

ဤမထေရ်၏ဝတ္ထုကို ထောက်ထား၍-

- **ကောသမ္ဗီမြို့သည်ကား ဗာရာဏသီအထက် ဂင်္ဂါမြစ်ကို ဆန်တက်ကာ ယမုနာ မြစ်ဆုံဖြစ်သော ဆိပ်ကမ်းထက် အထက်ကျကြောင်း၊**
- ၵင်းပြင် ထိုမြို့သည် ဗာရာဏသီနှင့် အထက်အောက်ကျ၍
- အရပ်မျက်နှာအားဖြင့် ဂင်္ဂါ၊ ယမုနာတို့၏ အရှေ့, အနောက် စီဆင်းကြောင်း-

နောက်ကရေးသားခဲ့ပြီး သံယုတ်၌ ဥပမာထား ဟောကြားသည်အားလျော်စွာ ၵင်းမြစ်ကမ်း၌ တည်ရှိကြသော မြို့များဖြစ်၍ အရှေ့, အနောက် တည်နေကြောင်းသိရ၏။

ထိုမှတပါးလည်း မြတ်စွာဘုရားလက်ထက်တော်က ဇမ္ဗူဒီပ အိန္ဒိယတောင်ပိုင်း၌ နေထိုင်ကြသော **ဗာဝရီဆရာကြီး၏**တပည့်ရသေ့ ၁၆-ဦးတို့သည် မြတ်စွာဘုရားအား ဖူးမျှော် ရန် အသီးသီးယုံမှားသော ပြဿနာများ စိတ်အားဖြင့် မေးလျှောက်ကြ၍ ယုံမှားသံသယ ပယ်ဖျောက်ကြရန် မြတ်စွာဘုရားထံတော်သို့ သွားကြသော လမ်းခရီးတွင်---

"ကောသမ္ဗိံ စာပိ သာကေတံ၊ သာဝတ္ထိံ စ ပုရုတ္တမံ" *(သုတ္တနိ၊ ၄၃၂)*

စသည်ဖြင့်- - ကောသမ္ဗီ မှ သာကေတသို့

- သာကေတ မှ သာဝတ္ထိမြို့တော်သို့-

သွားကြကြောင်း သိရသဖြင့် ၎င်းဆရာကြီး၏ တပည့်ကြီးများသည် တောင်ပိုင်းမှ မြောက်ပိုင်း မဇ္ဈိမဒေသတိုက်နယ်သို့ သွားကြသဖြင့်လည်း ကောသမ္ဗီ, သာကေတ, သာဝတ္ထိတို့မှာ တောင်နှင့်မြောက် တည်နေကြသော တိုင်းပြည်နိုင်ငံများဖြစ်ကြောင်း ယုံမှားမဲ့ မှတ်သား အပ်၏။

✪ ✪ ✪ ✪ ✪

## အရပ်မျက်နှာ အပိုင်းအခြား

- **အရှေ့မျက်နှာမှာ စေတီတိုင်းနှင့် စပ်လျက်တည်ရှိကြောင်း၊**

- ပါစီနဝံသ ဒါယဝံသတိုင်း အရှေ့တောအုပ်အကြောင်း ရေးသားခဲ့ပြီးဖြစ်သည့် အပြင်---

- **အရှေ့မြောက်အားဖြင့်** ကာသိတိုင်းနယ်များနှင့် စပ်လျက်တည်ရှိကြောင်း၊

- ပါရာဇိကဏ်၊ ဝေရဉ္ဇကဏ္ဍအဆုံး၌ မြတ်စွာဘုရားသည် ဝေရဉ္ဇာမြို့မှ သောရေယျ, သင်္ကဿ, ကန္နကုဇ္ဇမြို့များသို့ မဝင်ဘဲ ပယာဂဆိပ်ကမ်းသို့ ကြွတော်မူပြီးလျှင် ၎င်းဆိပ်ကမ်းမှ ဂင်္ဂါတဖက်ကမ်းသို့ ကူးပြီးနောက် ဗာရာဏသီမြို့တော်သို့ ကြွတော်မူကြောင်း လာသဖြင့် ပယာဂဆိပ်သည် ဤဝံသတိုင်း၏ အရှေ့ဘက်အပိုင်းအခြားဟု မှတ်သားအပ်သည့်အပြင် ၎င်းမှ တဖက်ကမ်းမှာ ကာသိတိုင်းဖြစ်ကြောင်း မှတ်သားအပ်၏။

၎င်းဆိပ်ကမ်းသည် ဂင်္ဂါနှင့်ယမုနာ မြစ် ၂-ခုအဆုံတွင် ထင်ရှားသော ဆိပ်ကမ်းဖြစ်ကြောင်း၊ ၎င်းပြင် မြတ်စွာဘုရား လက်ထက်တော်က ၎င်းမှာ မြို့ရွာ နိဂုံးဟု အဋ္ဌကထာတို့၌ ဖွင့်ပြခြင်းမရှိသဖြင့် မရေးသားနိုင်သော်လည်း နောက်အခါ၌ကား များစွာသော မှတ်တမ်းတို့၌ ဤမြို့ကား စည်ကားသော ဆိပ်ကမ်းမြို့ကြီးဖြစ်ကြောင်း မှတ်သားကြကုန်၏။

- **အနောက်မျက်နှာမှာ** မြတ်စွာဘုရားလက်ထက်တော်က သမားတော်ဇီဝကသည် ဥဇ္ဇေနီမြို့တော် စဏ္ဍပဇ္ဇောတမင်းကြီးအထံမှ ထွက်ခွါလာခဲ့ရာ လမ်းခုလပ်မှာ ကောသမ္ဗီမြို့ တော်သို့ ရောက်ကြောင်း၊ ၎င်းမှ မဂဓသို့သွားကြောင်း လာသဖြင့် အနောက်မျက်နှာ အပိုင်း အခြားကား ၎င်းခရီးထောက်ထားသောအားဖြင့် အဝန္တိတိုင်းလျှင် အပိုင်းအခြားရှိကြောင်း၊ ၎င်းပြင် ဗာဝရီဆရာကြီး၏တပည့်များ လာကြသော လမ်းစခန်းမှာလည်း ၎င်းအဝန္တိတိုင်း ဂေါနဒ္ဒ, ဝေဒိသကမြို့များ ဖြတ်ကျော်ပြီးလျှင် ကောသမ္ဗီမြို့တော်သို့ ရောက်ကြောင်း လာသဖြင့်လည်း **အဝန္တိတိုင်းသည် အနောက်ဘက် အပိုင်းအခြားဟု** မှတ်သားအပ်၏။

- **တောင်မျက်နှာ** အပိုင်းအခြားမှာ နောက်ရေးသားခဲ့သည်အတိုင်း ဗာဝရီ ဆရာကြီး၏ တပည့်များသည်-

ကောသမ္ဗီမှ-သာကေတ၊ ၎င်းမှ သာဝတ္ထိသို့ သွားကြသည်ကို ထောက်ဆ၍ ကောသလတိုင်းသည် မြောက်မျက်နှာဖြစ်ကြောင်း၊ ယုံမှားမဲ့ မှတ်အပ်သည့်အပြင် တောင်ပိုင်းမှလည်း ၎င်းတို့၏ မြောက်ဘက်ကျသော-

မုဠက, ပတိဋ္ဌာန, မဟိဿတိ-တိုင်းများကို ဖြတ်ကျော်လျက်လာရာ အနောက်မျက်နှာ အပိုင်းအခြားဖြစ်သော ဥဇ္ဇေနီမြို့တော်သို့ ရောက်မှ မြောက်သို့ လှည့်ကြကြောင်း မှတ်ယူအပ်သဖြင့် မဟိဿတိတိုင်း-ဟု ခန့်မှန်းယူဆနိုင်၏။ ၎င်းပြင် ပိဋကတ်ကျမ်းဂန်တို့၌ များသောအားဖြင့် မဇ္ဈိမဒေသတိုင်းနိုင်ငံများ၌သာ ဒေသစာရီကြွချီတော်မူလေ့ရှိ၍ ဟောကြားတော်မူသော သုတ္တန်ဝိနည်းများလည်း ၎င်းဒေသရှိတိုင်းနိုင်ငံများသာ ထင်ရှားသဖြင့် တောင်ဘက်အပိုင်းအခြားကား မဇ္ဈိမဒေသတောင်မျက်နှာ ဖြစ်သော တိုင်းပြည်များဖြင့် ပိုင်းခြားကြောင်း မှတ်သားအပ်၏။

- **မြောက်မျက်နှာ** အပိုင်းအခြား သာကေတ, အယုဇ္ဈ တိုင်းနယ်များဖြစ် ကြောင်း ဆိုခဲ့ပြီးဖြစ်၍ အထူးရေးသားဖွယ် မရှိသော်လည်း အနောက်မြောက် အပိုင်းအခြားမှာ မြတ်စွာဘုရားသည် ဝေရဉ္ဇာမှ ကြွလာတော်မူသောအခါ----

သောရေယျ, သံကဿ, ကန္နကုဇ္ဇမြို့များသို့ မဝင်ဘဲ ပယာဂဆိပ်ကမ်းသို့ ကြွတော်မူကြောင်း လာသဖြင့် ၎င်းသံကဿ, ကန္နကုဇ္ဇမြို့နယ်အပိုင်းအခြားတို့သည် ဝံသတိုင်း၏ အနောက်မြောက် အပိုင်းအခြားနယ်ပယ်များဖြစ်ကြောင်း မှတ်သားအပ်၏။

ဤသို့အားဖြင့် မြတ်စွာဘုရား လက်ထက်တော်၌ ထင်ရှားသော ဝံသတိုင်းနှင့် စပ်လျဉ်း၍ အရပ်မျက်နှာ အပိုင်းအခြား နယ်ပယ်အမှတ်အသားများသည် ပါဠိတော်နှင့် အဋ္ဌကထာတို့၌လာသည်ကို အကိုးအကား အထောက်အထားပြု၍ ပိုင်းခြားပြဆိုခဲ့သော်လည်း တိုင်းနယ်များ အမြဲမတည်နိုင်သဖြင့် မြို့တော်တည်နေရာကိုသာ ပဓာနထား၍ ပိုင်းခြားမှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဝံသတိုင်းနှင့် ဆက်စပ်သော တိုင်းငယ်ကလေးများ

ဤဝံသတိုင်းသည်လည်း ကောသလတိုင်း မဂဓတိုင်းကြီးများကဲ့သို့ တိုင်းကြီးတစ်ခု ဖြစ်သည်အားလျော်စွာ ကောသလတိုင်း စသည်တို့၏ လက်အောက်ခံ မြို့စား နယ်စား မင်းသားများအုပ်ချုပ်သော **ကာလာမပုတ္တ** စသော တိုင်းကလေးများလို တိုင်းငယ်ကလေး များရှိကြ၍ ၎င်းတိုင်းငယ်ကလေးများမှာ-

**ဘဂ္ဂတိုင်းနှင့် အာဠဝီတိုင်းတို့ဖြစ်ကြောင်း** ဟောကြားတော်မူသော သုတ္တန်ဒေသနာ တော်နှင့် တိုင်းနိုင်ငံနှင့်စပ်သော မှတ်တမ်းများကို ထောက်ဆလျက် ခန့်မှန်းသိရှိနိုင်၏။

## ဘဂ္ဂတိုင်း

ဘဂ္ဂတိုင်းသည် ပါစီနဝံသဒါယ ဝံသတိုင်း အရှေ့တောအုပ်နှင့် အရှေ့အနောက် တည်နေကြောင်း၊ မြတ်စွာဘုရားသည် **ဘဂ္ဂတိုင်း, သံသုမာရဂိရိမြို့တော်အနီး ဘေသကဠ တောရကျောင်းတိုက်ကြီး၌** သီတင်းသုံးတော်မူသောအခါ, ပါစီနဝံသဒါယ၌ သီတင်းသုံးသော အရှင်အနုရုဒ္ဓါမထေရ် ၁၀-ပါးသော မဟာဝိတက်ဖြင့် ကိလေသာ ပယ်ခွါကြောင်း ကြံစည်လျက်နေသည်ကို သိတော်မူ၍ တန်ခိုးတော်ဖြင့် ကြွတော်မူပြီး မထေရ်အား ၁၀-ပါးသော မဟာဝိတက်ကို မေးမြန်းဟောကြားတော်မူကြောင်း ဆက္က၊ အင်္ဂုတ္တိုရ်၊ ဂဟပတိဝဂ် ၌ လာသည့်ပြင်---

၎င်းအဋ္ဌကထာ၌လည်း ပါစီနဝံသဒါယဆိုသည်မှာ ဘုရားရှင်သီတင်းသုံးတော်မူရာ ဌာနမှ အရှေ့ဘက်ကျသော ဝါးတောဖြစ်ကြောင်း ဖွင့်ပြသဖြင့် ဤတိုင်းမှာ ပါစီနဝံသဒါယ မှ အနောက်ဘက်ကျသော တိုင်းငယ်တစ်ခုဖြစ်ကြောင်း မှတ်သားပိုင်းခြားအပ်၏။

ဤဘဂ္ဂတိုင်းမှာ များစွာသော ဝိနည်းသိက္ခာပုဒ်များ ပညတ်တော်မူရာဌာနဖြစ် ကြောင်း၊ ပရိဝါသိက္ခာပုဒ်များ ပညတ်တော်မူရာ ၇-ဌာနတို့၌ ပါဝင်၍ ဝိနည်းသာသနာ တော်တွင် ထင်ရှားသော တိုင်းနယ်ဖြစ်သည့်အပြင် သံသုမာရဂိရိမြို့တော်သည်လည်း သုတ္တန်ဒေသနာတော်၌ နကုလပိတာ-နကုလမာတာ စသော ဘုရားရှင်နှင့် သာသနာတော် တွင် အကျွမ်းဝင်ခြင်း၌ ဧတဒဂ်ရ ဥပါသကာများကြောင့် ထင်ရှားကြောင်း ဧကက၊ အင်္ဂုတ္တိုရ်၊ ဧတဒဂ္ဂဝဂ်*(နှာ၊ ၂၇)*၌---

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ဝိဿာသကာနံ ယဒိဒံ နကုလ-ပိတာ ဂဟပတိ။

ရဟန်းတို့၊ ငါဘုရား၏ တပည့် ဥပါသကာတို့တွင် အကျွမ်းဝင်ခြင်း၌ နကုလပိတာ သူကြွယ်သည် အမြတ်ဆုံးတည်း”ဟူ၍ရင်း---

**“ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဝိဿာသိကာနံ ယဒိဒံ နကုလ- မာတာ ဂဟပတာနီ။** *(နှာ၊ ၂၈)*

ရဟန်းတို့၊ ငါဘုရား၏ တပည့်မ ဥပါသိကာတို့တွင် အကျွမ်းဝင်ခြင်း၌ နကုလ- မာတာ သူကြွယ်မသည် အမြတ်ဆုံးတည်း” ဟူ၍ရင်း ဧတဒဂ်ထားသည်ကို ထောက်ဆ၍ သိအပ်သည့်အပြင် ၎င်းတို့ကို အကြောင်းပြု၍လည်း များစွာသော သုတ္တန်များ ဟောကြား တော်မူကြောင်း သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ် စသည်တို့၌ ထင်ရှားစွာလာ၏။ ၎င်းပြင် သာ၍ထင်ရှားသော အတ္ထုပ္ပတ္တိမှာ---

၎င်းတိုင်းကို စိုးစံအုပ်ချုပ်သော မင်းသားမှာ ဥတေနဘုရင်မင်းတရား၏ သားတော် ဝါသုလဒတ္တာဒေဝီမိဖုရားခေါင်ကြီးမှ ဖွားမြင်တော်မူသော **ဗောဓိမင်းသားဖြစ်၍** ၎င်းသည် သူ၏မြို့တော်၌ ပဒုမ္မာကြာချပ်အသွင် အလွန်လျှင် ဆန်းကြယ်သော **ကောကနဒပါသာဒ ကြာနန်းပြာသာဒ်တော်ကြီး** အထူးတဆန်း တည်ဆောက်ပြီးသောအခါ ဘုရားသခင် အမှူး ရှိသော သံဃာတော်အပေါင်းအား ပင့်ဖိတ်ပြီးလျှင် နန်းတော်သစ် မင်္ဂလာသဘင်ကြီး ဆင်ယင်ကျင်းပတော်မူကြောင်း မဇ္ဈိမပဏ္ဏာသ၊ ရာဇဝဂ်၊ ဗောဓိရာဇကုမာရသုတ်*(နှာ၊ ၂၇၇)*၌---

“တေန ခေါ ပန သမယေန ဗောဓိဿ ရာဇကုမာရဿ ကောကနဒေါ နာမ ပါသာဒေါ အစိရကာရိတော ဟောတိ။ အနဇ္ဈာဝုဋ္ဌော သမဏေန ဝါ ဗြာဟ္မဏေန ဝါ ကေနစိ ဝါ မနုဿဘူတေန။

ထိုအခါ ဗောဓိမင်းသားအား ကောကနဒနန်းပြာသာဒ်ကို မကြာမီက ဆောက်လုပ် ပြီးစီး၏။ ရဟန်း, ပုဏ္ဏား တစ်စုံတစ်ယောက်သော လူများ မနေဘူးသေး” စသည်ဖြင့် လာသည်ကို ထောက်ဆ၍ ထင်ရှားသည့်ပြင် ၎င်းမင်းသားသည် ဥတေနမင်းကြီး၏ သားတော်ဖြစ်၍ ၎င်းအား ပဓာနိယ အင်္ဂါ ၅-ပါး ဟောကြားရာ၌---

“တံ ကိံ မညသိ ရာဇကုမာရကုသလော တွံ ဟတ္ထာရူဠေ့ အင်္ကုသဂယှေ သိပ္ပေတိ။ *(နှာ၊ ၂၈၇)*

မင်းသားအသို့နည်း၊ သင် ဆင်စီး ချွန်းကိုင်အတတ်၌ လိမ္မာသည် မဟုတ်လော” ဟု မေးတော်မူရာ---

"ဇဝံ ဘန္တေ ကုသလော အဟံ ဟတ္ထာရူဠှေ အင်္ကုသဂယှေ သိပ္ပေတိ။ *(နှာ၊ ၂၉၇)*

မှန်ပါ မြတ်စွာဘုရား၊ တပည့်တော် ဆင်စီး ချွန်းကိုင် အတတ်၌ လိမ္မာပါသည် ဘုရား" ဟု လျှောက်ထားရာ---

အဋ္ဌကထာဆရာသည် ဤဗောဓိမင်းသားကား မိမိခမည်းတော် ဥတေနမင်းတရား အထံမှ ဆင်အတတ် သင်ယူကြောင်း ဖွင့်ပြသဖြင့် သာလွန် ထင်ရှား၏။

ၑင်းပြင် ဤသုတ်၌ ပဓာနိယင်္ဂတရား ၅-ပါး ဟောကြားရာတွင် ဆင်းရဲဖြင့် ချမ်းသာကို **အရင်းတည်ရကြောင်း** အဘိနိက္ခမန အခြင်းအရာ ဟောကြားတော်မူရာ---

"အဟော ဗုဒ္ဓေါ အဟော ဓမ္မော အဟော ဓမ္မဿ သွာက္ခာတတာ။ ယတြ ဟိ နာမ သာယမနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတိ။ ပါတမနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတီတိ။ *(နှာ၊ ၃၀၀)*

ဩော် မြတ်စွာဘုရား, ဩော်တရားတော်, ဩော် တရားတော်၏ ကောင်းစွာဟော ခြင်းပါတကား---

- ညချမ်းက ဆုံးမလျှင် နံနက်ပင် တရားထူးရနိုင်ဘိ၏။
- နံနက်က ဆုံးမလျှင် ညချမ်းပင် တရားထူးရနိုင်ဘိ၏"-

ဟု အံ့ဩဖွယ်ရာ ဂုဏ်ပုဒ်မျှသာ မြွက်ကြားလျှင် မင်းသား၏မိတ်ဆွေ သဉ္စိကာ ပုတ္တလုလင်က "သင် ဗောဓိမင်းသားကား ဘုရားတရားသံဃာတော်တို့၏ ဂုဏ်ကိုသာ ချီးမွမ်းစကား ပြောကြား၏၊ ရတနာ ၃-ပါးကို မဆည်းကပ်ကြောင်း" ပြောဆိုသောအခါ မင်းသားက သူသည် ပဋိသန္ဓေကပင် ဆည်းကပ်သူဖြစ်ကြောင်း---

"သမ္မုခါ မေတံ သမ္မ သဉ္စိကာပုတ္တ အယျာယ သုတံ။ သမ္မုခါ ပဋိဂ္ဂဟိတံ၊ ဧကမိဒံ သမ္မ သဉ္စိကာပုတ္တ သမယံ ဘဂဝါ ကောသမ္ဗိယံ ဝိဟရတိ ဃောသိတာရာမေ။ အထခေါ အယျာ ကုစ္ဆိမတီ ယေန ဘဂဝါ။ တေနုပသင်္ကမိ။ *(နှာ၊ ၃၀၀)*

မိတ်ဆွေ သဉ္စိက၊ အမိထံမှ ကိုယ်တိုင်ကြားရ မှတ်သားရပါသည်။ တစ်ရံရောခါ ဘုရားရှင်သည် ကောသမ္ဗီ ဃောသိတာရုံကျောင်းတော်၌ နေတော်မူ၏။ ထိုအခါ ပဋိသန္ဓေ ရှိနေသောအမိသည် ဘုရားရှင်ထံ ချဉ်းကပ်၏" စသည်ဖြင့် သူ့အမိသည် ပဋိသန္ဓေနှင့် ဘုရားရှင်ထံ ချဉ်းကပ် တင့်အပ်သော နေရာ၌ နေပြီးလျှင်---

"အရှင်ဘုရား၊ တပည့်တော်၏ ဝမ်း၌ ကိန်းသူမှာ သတို့သားဖြစ်စေ၊ သတို့သမီးဖြစ်စေ၊ သရဏဂုံ ၃-ပါး အားထားကိုးကွယ်သူဟု မှတ်တော်မူပါမည့်အကြောင်း လျှောက်ထား

ဖူးသည်”ဟု အမိထံက ကြားဖူး၍ သူသည် ပဋိသန္ဓေကပင် သရဏဂုံ တည်သူဖြစ်သည့်အပြင် ဤဘဂ္ဂတိုင်း၌လည်း အထိန်းအယတို့သည် သူ့အား ရင်ခွင်ချီပိုက်လျက် ဘုရားရှင်ထံသို့ ချဉ်းကပ်ရှိခိုးပြီးလျှင် အထိန်းအယများက---

“အယံ ဘန္တေ ဗောဓိရာဇကုမာရော ဘဂဝန္တံ သရဏံ ဂစ္ဆတိ။ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ။ ဥပါသကံ တံ ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ။ *(နှာ၊ ၃၀၀)*

အရှင်မြတ်ဘုရား၊ ဤဗောဓိမင်းသားကလေးသည် ဘုရားရှင်နှင့် တရားသံဃာ... အား ဆည်းကပ်ပါသည်။ သူ့အား ယနေ့ကစ၍ တစ်သက်ပတ်လုံး ဆည်းကပ်သူဟု မှတ်တော်မူပါ”ဟု လျှောက်ထားဖူး၍ သူငယ်စဉ်ကလည်း ၂-ကြိမ်မြောက် သရဏဂုံတည်သူဖြစ်ကြောင်း၊ ၎င်းပြင် ယခုလည်း ၃-ကြိမ်မြောက် ရတနာ ၃-ပါးအား ဆည်းကပ်ကိုးကွယ်သူဖြစ်ကြောင်း သဉ္ဇိကာပုတ္တအား ပြောကြားလေ၏။

ဤသို့ ဗောဓိမင်းသားလေး၏ ပြောကြားသည်ကို ထောက်ဆ၍ သူသည် ငယ်စဉ်ကပင် သရဏဂုံတည်လျက် သာသနာတော်၌ သက်ဝင်ယုံကြည်သော မင်းသားဖြစ်ကြောင်း၊ သူသည် ကောသမ္ဗီမြို့တော်၌ ဖွားမြင်၍ ငယ်စဉ်ကပင် ဤဘဂ္ဂတိုင်းသို့ သွားရောက်ကာ အထိန်းအယတို့နှင့် ဘုရားရှင်ထံရောက်ဖူးကြောင်း ထင်ရှား၍ ဤတိုင်းနှင့် ဗောဓိမင်းသားကား ဝံသတိုင်း၊ ကောသမ္ဗီမြို့တော်နှင့် ထီးနန်းအုပ်ချုပ်စိုးစံသော ဥတေနဘုရင်မင်းမြတ်ကြီးနှင့် ခမည်းတော် တော်စပ်ကြောင်း၊ ၎င်းတိုင်း၏တည်ရာဌာနကို အိန္ဒိယမှတ်တမ်းများ၌ အထူးမဖော်ပြသော်လည်း ဤတိုင်းလည်း ဝံသတိုင်းနှင့် ဆက်စပ်၍ ၎င်း၏လက်အောက်ခံတိုင်းငယ်ဖြစ်ကြောင်း ဆိုခဲ့ပြီး အထောက်အထားများဖြင့် ယုံမှားမဲ့ မှတ်အပ်၏။

၎င်းပြင် ဘဂ္ဂတိုင်း၌ ဟောကြားတော်မူသော များစွာသော သုတ္တန်များအပြင် ဝိနည်းအားဖြင့်လည်း များစွာသော သိက္ခာပုဒ်များ ပညတ်တော်မူဖူးသော တိုင်းနိုင်ငံဖြစ်ကြောင်း၊ အထူးအားဖြင့် ဤကောကနုဒနန်းပြာသာဒ်နှင့်စပ်၍ ပညတ်သောသိက္ခာပုဒ်များ ရှိကြောင်း---

မြတ်စွာဘုရား ဝေသာလီမှ ဤဘဂ္ဂတိုင်းသို့ ကြွလာတော်မူကာ မင်းသား၏ ဖိတ်မံခြင်းဖြင့် နန်းတော်သို့ ကြွရောက်လျှင် လှေခါးတိုင်အောင်ပင် ခင်းထားအပ်သော အဝတ်အထည်များ ရုပ်သိမ်းစေပြီး ဆွမ်းဘုဉ်းပေး အနုမောဒနာပြုပြီး ပြန်ကြွလာသောခါ---

“န ဘိက္ခဝေ စေလပဋိကာ အက္ကမိတဗ္ဗာ ယော အက္ကမေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ရဟန်းတို့၊ ပုဆိုးအခင်းကို မနင်းအပ်။ နင်းသော အကြင်ရဟန်းအား ဒုက္ကဋ်သင့်ရောက်၏”ဟု သိက္ခာပုဒ်ပညတ်တော်မူကြောင်း---

ဎင်းပြင် ဤပြာသာဒ်နန်းတော်၌ ဆွမ်းအာမိသနှင့်တကွ သောက်ရေခွက်ကိုင်ခြင်းကြောင့်---

"သာမိသက ပါနီယထာလက သေခိယ သိက္ခာပုဒ်"

ဤနန်းတော်၌ သပိတ်ဆေးရေကို စွန့်ခြင်းကြောင့်---

"သသိတ္ထက ပတ္တဓောဝနသိက္ခာပုဒ်"တို့ကို ပညတ်ရကြောင်း ဝိနည်းစူဠဝါ၊ ခုဒ္ဒကဝတ္ထုနှင့် ပါစိတ်၊ သေခိယသိက္ခာပုဒ်တို့၌ ထင်ရှားစွာလာ၏။

ဤသို့အားဖြင့် ဤဘဂ္ဂတိုင်းငယ်ကား ဝံသတိုင်းနှင့် ဆက်စပ်၍ ဗောဓိမင်းသားသည်လည်း ခမည်းတော်မှ ဆင်းသက်လာသော သာသနာတော်ဝင် ဆွေတော်စဉ်ဆက်ဖြစ်သည့်ပြင် သာသနာတော်လေးစားသော မင်းကလေးတစ်ပါးဖြစ်သဖြင့် သာသနာစက်အောက် ရောက်သော နိုင်ငံတို့တွင် ပါဝင်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## အာဠဝီတိုင်း

အာဠဝီတိုင်းသည်လည်း သာသနာတော်ဝယ် ထင်ရှားသော တိုင်းငယ်ကလေးတစ်ခုဖြစ်သည်မှာ မြတ်စွာဘုရားသည် ဤတိုင်း၌ သီတင်းသုံးတော်မူစဉ် များစွာသော သုတ္တန်ဒေသနာတို့ပြင် ဝိနည်းသိက္ခာပုဒ်တို့ ပညတ်တော်မူရာ ၇-၄ နတို့တွင် အဝင်အပါ ဝိနည်းသာသနာတွင်လည်း ထင်ရှား၍-

ပထဝီခဏန သိက္ခာပုဒ်၊ ဘူတဂါမ သိက္ခာပုဒ်- စသော များစွာသော သိက္ခာပုဒ်များ ပညတ်တော်မူရာဖြစ်သည်တွင် အထူးကား **သဟသေယျသိက္ခာပုဒ်** ပညတ်တော်မူခြင်းအားဖြင့် ကောသမ္ဗီမြို့တော်နှင့် ဆက်စပ်လျက် တည်ရှိသော တိုင်းနိုင်ငံငယ်တစ်ခုဖြစ်ကြောင်း ဎင်းအတ္ထုပ္ပတ္တိအားဖြင့် သိသာထင်ရှား၏။ထိုကြောင့် ပါစိတ်၊ မုသာဝါဒဝဂ်၊ သဟသေယျ သိက္ခာပုဒ်*(နှာ၊ ၂၆)*၌---

"တေန သမယေန ဗုဒ္ဓေါ ဘဂဝါ အာဠဝိယံ ဝိဟရတိ အဂ္ဂါဠဝေ စေတိယေ။

ထိုအခါ မြတ်စွာဘုရားသည် အာဠဝီတိုင်း၊ **အဂ္ဂါဠဝနတ်ကွန်း**၌ သီတင်းသုံးတော်မူ၏" စသည်ဖြင့် ဎင်းတိုင်း၌ ရဟန်းငယ်များ တရားနာပြီးလျှင် လူဒါယကာ အရောရော အိပ်မောကျလျက် နေကြရာ မတင့်တယ်သော အမူအရာတို့ကြောင့် ဤသဟသေယျ သိက္ခာပုဒ်ပညတ်ပြီးလျှင် ဎင်းမှ ကောသမ္ဗီမြို့တော်သို့ ကြွတော်မူကြောင်း၊ ဎင်းသိက္ခာပုဒ် အနုပညတ်*(ဝိ၊ ၂။ ၂၇)*၌---

"အထခေါ ဘဂဝါ အာဠဝိယံ ယထာဘိရန္တံ ဝိဟရိတွာ ယေန ကောသမ္ဗီ။ တေန စာရိကံ ပက္ကမိ။

ထိုအခါ ဘုရားရှင်သည် အာဠဝီတိုင်းမှာ သင့်တင့်စွာ သီတင်းသုံးပြီး ကောသမ္ဗီသို့ ကြွသွားတော်မူ၏" စသည်ဖြင့် မြတ်စွာဘုရားသည် အာဠဝီမှ ကောသမ္ဗီသို့ ကြွတော်မူ၍ ဗဒရိကာရာမ၌ သီတင်းသုံးတော်မူသောအခါ **ရာဟုလာသည် သဟသေယျ သိက္ခာပုဒ် ပညတ်၍ အိပ်စက်ရာ မရသဖြင့် ဝစ္စကုဋိ၌ အိပ်စက်ရသည်ကို အကြောင်းပြုသဖြင့်---**

ၚင်းသိက္ခာပုဒ်၌ ဥတ္တရိ ဒိရတ္တတိရတ္တံ ၂-ညဉ့်, ၃-ညဉ့် အလွန်-ဟူသော အနုပညတ် တစ်ဖန် ပညတ်တော်မူရကြောင်း ၎င်းသိက္ခာပုဒ်၌ ထင်ရှားစွာ လာ၏။

၎င်းပြင် မြတ်စွာဘုရားသည် သေနာသနက္ခန္ဓက ဒေသစာရီအစဉ်၌ သာဝတ္ထိမှ ကာသိတိုင်း၊ ကိဋ္ဌာဂီရိနိဂုံးသို့ကြွတော်မူ၍ ဆဗ္ဗဂ္ဂီရဟန်းတို့အား ကျောင်းနှင့်စပ်သော သိက္ခာပုဒ်များကို ပညတ်တော်မူပြီးလျှင် ၎င်းကိဋ္ဌာဂီရိမှ အာဠဝီသို့ ကြွတော်မူကာ ၎င်းမှာလည်း ကျောင်း, နဝကမ္မနှင့်စပ်သော သိက္ခာပုဒ်များ ခွင့်ပြုပညတ်တော်မူပြီး ၎င်းအာဠဝီမှ ရာဇဂြိုဟ်သို့ ကြွတော်မူကြောင်း လာသဖြင့်လည်း ၎င်းအာဠဝီတိုင်းသည် ကာသိ, ကောသလ, မဂဓတိုင်းကြီး ၃-တိုင်းတို့၏ ကူးသန်းသွားလာရာ ဗဟိဋ္ဌာနဖြစ်သော ကိဋ္ဌာဂိရ နိဂုံးနှင့်လည်း လမ်းခရီးအားဖြင့် ဆက်စပ်လျက်ရှိကြောင်း မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## အာဠဝီတိုင်း၊ ဟတ္ထာဠဝက

ထိုမှတပါး ဤအာဠဝီတိုင်းသည် နိကာယ်တို့တွင် များစွာသော သုတ်ဒေသနာတော် မြတ် ဟောကြားတော်မူရာ အရပ်ဖြစ်ကြောင်း လာရှိ၍ ၎င်းတို့တွင် ထင်ရှားသော သုတ်မှာ ဟတ္ထာဠဝကသုတ်ဖြစ်၍ ၎င်းမင်းသားသည် သာသနာတွင် ဧတဒဂ်ရ ထင်ရှားလှသော ဥပါသကာသာဝကဖြစ်ကြောင်း ၎င်းအတ္ထုပ္ပတ်ဖြင့် ထင်ရှားသည်မှာ---

ဤအာဠဝီတိုင်း၌ ၎င်းအမည်ဖြင့် ထင်ရှားသော ဘုရင်သည် မျုးမတ်များနှင့် တောထွက်တော်မူရာ ဂတိသစ္စာရှိသည့်အတိုင်း မင်းကြီးတာက သားသမင်ထွက်သဖြင့် မနေသာသောကြောင့် ၎င်းသားကို လိုက်လံသတ်ဖြတ် ပြန်လာရာ **အာဠာဝကဘီလူးမင်း၏** ညောင်ပင်အောက်၌ အပန်းဖြေနားနေသည်တွင် အဖမ်းခံရ၍ "စားမြိန်စာနှင့် တကွ တစ်နေ့လူတစ်ယောက်ကျ ဆက်သပါမည်"ဟု ဝန်ခံဂတိ ရှိသည့်အတိုင်း အလှည့်ကျ

တစ်ယောက်, တစ်ယောက် လွှတ်ရာ ဘုရင်၏သားတော် မင်းသားကလေး အလှည့် ရောက်ရာ မြတ်စွာဘုရားသည် ၎င်း၏မဂ်ဖိုလ် အဆောက်အဦကို မြင်တော်မူပြီး တစ်ပါး တည်းကြွလာတော်မူပြီးလျှင် အာဠာဝကဘီလူးကို ဆုံးမတော်မူပြီးနောက် နံနက်သို့ ရောက်သောအခါ ပို့လာသော မင်းသားကလေးကို ဘီလူးမင်း၏လက်သို့ အပ်၍ မြတ်စွာ ဘုရားလက်တော်သို့ အပ်ပြီး အာဠာဝကလက်မှတဖန် လူတို့လက်သို့ အပ်ပြန်သဖြင့် ၎င်းအား **ဟတ္ထကာဠာဝက**အမည်တွင်ကြောင်း၊ ၎င်းမင်းသားကလေးသည် အရွယ်ရောက် သောအခါ တရားတော်ကို နာရ၍ မဂ်ဖိုလ်သုံးတန်ရကြောင်း ၎င်းသုတ်၌ ထင်ရှားစွာလာ ၏။ ဤမင်းသားကလေးမှာ ရှေးကဆုတောင်း ပါရမီဖြည့်ခဲ့သည့် အားလျော်စွာ--

"**ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ စတူဟိ သင်္ဂဟဝတ္ထူဟိ ပရိသံ သင်္ဂဏှန္တာနံ၊ ယဒိဒံ ဟတ္ထကော အာဠာဝကော။** *(အံ၊ ၁။ ၂၇)*

ရဟန်းတို့ ငါ့တပည့်သားတို့တွင် ပရိသတ်တို့အား သင်္ဂဟလေးပါးဖြင့် ချီးမြှောက်ရာ ဟတ္ထကာဠာဝက အမြတ်ဆုံးတည်း"ဟု ဧတဒဂ်ရ တပည့်သာဝကဖြစ်သည့်ပြင် သာသနာ တော်၌ ကျေးဇူးများ၍ ၎င်းကို အကြောင်းပြုသောအားဖြင့် များစွာသော သုတ်ဒေသနာ တို့ကို ဟောကြားရသဖြင့် သာသနာတွင် ထင်ရှားသော မင်းသားဖြစ်၏။ ၎င်းပြင် အာဠာဝက ဘီလူးကြီး၏ သာသနာတွင် သက်ဝင်ကြည်ညိုခြင်းအားဖြင့် ၎င်း၏ဗိမာန်အနီး ဆောက်လုပ် အပ်သော အဂ္ဂါဠာဝကစေတိယခေါ် အာဠာဝက **နတ်ကွန်းကျောင်းတိုက်ကြီး**သည်လည်း များစွာသော သုတ်ဝိနည်း ဒေသနာတော်မြတ် ပညတ်ဟောကြားရာဌာန ဖြစ်သောကြောင့် သာသနာဝင်၌ ထင်ရှားသော တိုင်းနယ်မြို့ပြ သာသနာ့နိုင်ငံဖြစ်ကြောင်း အထူးရေးသား ဖွယ်မရှိ ထင်ရှား၏။

✪ ✪ ✪ ✪ ✪

## အာဠဝီတိုင်း အပိုင်းအခြား

ဤအာဠဝီတိုင်းသည် အရပ်မျက်နှာအားဖြင့် ညွှန်းပြခြင်း မရှိသော်လည်း ခရီး ပမာဏ အတိုင်းအရှည် ကျမ်းဂန်၌လာသည်မှာ သုတ္တနိပါတ်၊ အဋ္ဌကထာ၊ အာဠာဝကသုတ် အဖွင့်(နှာ၊ ၂၁၅)၌---

"ဧကကော၀ အဒုတိယော ပတ္တစီဝရမာဒါယ ပါဒဂမနေနေဝ သာဝတ္ထိတော တိံသယောဇနာနိ ဂန္တွာ တဿ ယက္ခဿ ဘဝနံ ပါဝိသိ၊ တေန ဝုတ္တံ အာဠာဝကဿ ယက္ခဿ ဘဝနေတိ။

တစ်ပါးတည်းသာ အဖော်ပါတော်မမူဘဲ သပိတ် သင်္ကန်းယူတော်မူကာ ခြေလျင် ခရီးဖြင့် သာဝတ္ထိမှ ယူဇနာသုံးဆယ်ကြွတော်မူပြီး ဘီလူးကြီး၏ ဗိမာန်သို့ ဝင်တော်မူ၏။ ထို့ကြောင့် အာဠဝကဿ ယက္ခဿ ဘဝနေ ဟု မိန့်တော်မူပြီ" စသည်ဖြင့် ဖွင့်ပြသည့်ပြင် ဓမ္မပဒ အစရှိသော အခြားအဋ္ဌကထာ စသည်တို့၌လည်း ထို့အတူ ယူဇနာ ၃၀-ကွာဝေး ကြောင်း ဖွင့်ပြမိန့်ဆိုကြကုန်၏။

ထိုကြောင့် ၎င်းအာဠဝီတိုင်းကား **သာဝတ္ထိမှ ယူဇနာ သုံးဆယ်ကွာဝေးသည့်ပြင် ကောသမ္ဗီမှလည်း ၎င်းမှ အရှေ့ ၈-ယူဇနာမှာ အာဠဝီတိုင်းနယ်ဖြစ်ကြောင်း၊** အခြားမှတ် တမ်းများအရ သိရကြောင်း၊ ကောသမ္ဗီနှင့်သာဝတ္ထိကား ဗာဝရီဆရာကြီး တပည့်တို့၏ ခရီးစဉ်အရ ကောသမ္ဗီ, သာကေတ, သာဝတ္ထိ အစဉ်အားဖြင့် တောင်မှမြောက်သို့ လာရောက် ကြောင်း ထင်ရှား၍ သာဝတ္ထိမှ တောင်ဘက်ကျသော နိုင်ငံဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဝံသတိုင်း အပိုင်းအခြား တည်ရာဌာနများ

### အရှေ့မျက်နှာ

ဤဝံသတိုင်းသည် အစဉ်အားဖြင့် ဟောကြားတော်မူသော စေတီတိုင်းနှင့် အရှေ့ တောင်ဘက် မျက်နှာမှာ စပ်၍ အရှေ့ဘက်မျက်နှာကား ကာသိတိုင်းနှင့်စပ်လျက် တည်ရှိ ကြောင်း အရှင်ဗာကုလဝတ္ထုကို ထောက်ဆလျှင် ထင်ရှားသည့်ပြင် ၎င်းတိုင်းနှင့်စပ်လျဉ်း၍ မှတ်တမ်းများ၌လည်း အရှေ့တောင်ဘက် မျက်နှာမှာ ကာသိတိုင်းတည်ရှိကြောင်း ရေးသား ကြ၏။

တရုတ်ရဟန်းတော် ဖာဟိုင်၏ မှတ်တမ်း၌ ဗာရာဏသီ မိဂဒါဝုန် ကျောင်းတော် ကြီးသို့ အနောက်မြောက်ယွန်းကာ ၁၃-ယူဇနာသွားကြသောခါ ကောသမ္ဗီမြို့တော်သို့ ရောက်၍ ၎င်း၌ မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သော ဃောသိတာရုံကျောင်းတော်ကြီး ထင်ရှားရှိ သေးသည့်ပြင် ရဟန်းသံဃာများလည်း သီတင်းသုံးလျက် ရှိကြသေးကြောင်း၊ ၎င်းမှတစ်ဖန် အရှေ့ဘက်သို့ ရှစ်ယူဇနာ ပြန်လာရာတွင် အလွန်ကြမ်းတမ်းခက်ထန် လှစွာသော အာဠဝက ဘီလူးအား တရားဓမ္မဖြင့် နူးညံ့ယဉ်ကျေးစေတော်မူရာဌာနနှင့် မြတ်စွာဘုရား စင်္ကြံကြွတော်မူရာဌာန သီတင်းသုံးနေထိုင်တော်မူရာဌာနများ၌ စေတီ တည်ထား ကိုးကွယ်ကြကြောင်း၊ ၎င်း၌လည်း ရဟန်းသံဃာတော် ၁၀၀-ကျော်မျှ သီတင်းသုံး နေထိုင်တော်မူကြသော ကျောင်းတိုက်ကြီး ထင်ရှားရှိသေးကြောင်း ဖော်ပြ၏။

ထိုမှတပါး ထိုရဟန်းတော်နောက် ဗုဒ္ဓဘာသာမှတ်တမ်း ရေးသားသော ရဟန်းတော် ဝှင်သျှင်သည်ကား ဂင်္ဂါနှင့် ယမုနာမြစ် နှစ်ခုဆုံရာ ပယာဂ ဆိပ်ကမ်းမှ ကောသမ္ဗီမြို့တော်သို့ကူး၍ ၎င်းမြို့တော်ကြီးအတွင်း၌ ဘုရင်မင်းမြတ်၏ နန်းတော်ဟောင်းနှင့် ကျောက်ဂူကြီးတစ်ခု၌ ဥတေနမင်းကြီး ကိုးကွယ်ပူဇော်တော်မူသော စန္ဒကူးနီ ရုပ်ထုတော်မှာ ယခုတိုင် ထင်ရှားရှိသေး၍ ကျောက်တိုင်ကြီးများ တည်ရှိကြောင်း၊ ၎င်းမှ လီပေါင်း အနည်းငယ်ကွာဝေးသော မြို့တော်၏တောင်ဘက်၌ စေတီ ၂-ဆူနှင့် ဂူ ၁-ခုရှိကြောင်းမျှသာ ရေးသား၍ နယ်နိမိတ်အပိုင်းအခြားမှာကား ထင်ရှားအောင် ရေးသားဖော်ပြခြင်း မရှိပေ။

ဤသို့အားဖြင့် အရှေ့မျက်နှာ အပိုင်းအခြားမှာ အထက်က ရေးသားဖော်ပြခဲ့သည့် အတိုင်း ကာသိတိုင်းနှင့် စေတီတိုင်းတို့မှာ ၎င်းမျက်နှာ၌ တည်ရှိ၍ ၎င်းတိုင်းတို့ဖြင့် ပိုင်းခြားသတ်မှတ်ကြောင်း ကောင်းစွာမှတ်သားအပ်၏။

## အနောက်မျက်နှာ

၎င်းဝံသတိုင်း၏ အနောက်မျက်နှာ၌ အဝန္တိတိုင်းနှင့်စပ်လျက် တည်ရှိ၍ တိုင်းနီးချင်းဖြစ်သည်အားလျော်စွာ ၎င်းနှင့် စစ်ဖြစ်တတ်ကြောင်း၊ ဥတေနဝတ္ထုကို ထောက်ဆသဖြင့် ၎င်း, ဝိနည်းမဟာဝါ၊ စီဝရက္ခန္ဓက၌လာသော ဇီဝကသမားတော်ဝတ္ထုကို ထောက်ထားသဖြင့်၎င်း ထင်ရှားသည်မှာ ဇီဝကသမားတော်သည် မင်းကြီးရွံမုန်းသော ထောပတ်ဆေးကို တိုက်ကျွေးပြီး ဆင်ယာဉ်ဖြင့် ထွက်ပြေးရာ ခြေမြန်တော်ကာကကို လွှတ်လိုက်၍ လမ်းခုလပ် ကောသမ္ဗီတွင် မှီကြောင်း၊ ၎င်းပြင် ဆင်မန္တန်အတွက် ပဇ္ဇောတမင်းနှင့် စစ်ခင်းရာ ယန္တရားဆင်ရုပ်ဖြင့် လှည့်ဖျား၍ ဥတေနမင်းအား လက်ရဖမ်းပြီး မန္တန်သင်စေရာ မင်းမာနဖြင့် မပေးသည်တွင် သမီးတော် အသင်ခိုင်းရာ ၎င်းဝါသုဒတ္တာနှင့် သဘောတော်မျှ၍ ဘဒ္ဒဝတီ ဆင်မယာဉ်ဖြင့် နှင်တော်မူလျှင် အစဉ်လိုက်ကြသော စစ်သည်တော်တို့အား ရတနာအိပ်ကြဲဖြန့်ခြင်းဖြင့် တန့်ရပ်စေပြီးနောက် ဝံသတိုင်းနယ် မိမိခံတပ်သို့ရောက်ကြောင်း လာသဖြင့် ၎င်းတိုင်းတို့မှာ စပ်လျက်တည်ရှိကြောင်း ထင်ရှား၏။

## တောင်မျက်နှာ

၎င်းဝံသတိုင်း၏ တောင်ဘက် အပိုင်းအခြားကား ကိုးကားပြဆိုနိုင်ရန် မြတ်စွာ-ဘုရား လက်ထက်တော်က ပစ္စန္တရာဇ်တိုင်းနယ်နိုင်ငံများသို့ ဒေသစာရီ ဖြန့်ချီတော်မူသော အကြောင်းအရာ မလာမရှိသဖြင့် အမည်နာမ ထုတ်ဖော်၍ မပြနိုင်သော်လည်း မြေနေ

ဒေသအားလျော်စွာ အစွန်အဖျား တိုင်းနယ်များ ရှိမည်ဖြစ်၍ တောင်ဘက်အပိုင်းအခြားကား ၎င်းပစ္စန္တရာဇ် တိုင်းနယ်များဟု မှတ်သားအပ်သည့်အပြင် ၎င်းတောင်ပိုင်း တိုင်းနယ်များကို မြတ်စွာဘုရား လက်ထက်တော်က ဒက္ခိဏာပထတောင်ဘက်တိုင်းများဟု နယ်သတ်မှတ် ခေါ်ဆိုကြကုန်၏။

## မြောက်မျက်နှာ

၎င်းတိုင်း၏ မြောက်မျက်နှာကား မဇ္ဈိမဒေသတိုက်နယ်အတွင်း ဖြစ်၍ ဒက္ခိဏာပတောင်ပိုင်းဒေသမှ အလယ်ပိုင်းမဇ္ဈိမတိုက်သို့ လာကြသော ဗာဝရီဆရာကြီး၏ တပည့်များ ခရီးစဉ်၌---

"ကောသမ္ဗိဉ္စာပိ သာကေတံ၊
သာဝတ္ထိံ စ ပုရုတ္တမံ။
သေတဗျံ ကပိလဝတ္ထုံ၊
ကုသိနာရဉ္စ မန္ဒိရံ။ *(သုတ္တနိ၊ ၄၃၂)*

**ကောသမ္ဗီမှ၊ သာကေတပြည်။ သာဝတ္ထိမှတ်၊ ပြည်မြတ်တလီ။**
**သေတဗျမှ၊ ကပိလသည်။ ကုသိနာ၊ မလ္လာမင်းတို့ပြည်။**

စသည်လာရှိ၍ ကောသမ္ဗီ, သာကေတ, သာဝတ္ထိ ဤ ၃-မြို့ကား အနည်းငယ် ယွန်းငြားသော်လည်း တောင်နှင့်မြောက် တည်ရှိသော တိုင်းပြည်များ ဖြစ်ကြသဖြင့် ၎င်းမျက်နှာမှာ သာကေတနယ်များ ပိုင်းခြားမှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## မှတ်တမ်းများ

၎င်းတိုင်းနယ်နှင့်စပ်လျဉ်း၍ သာသနာဝင်မှတ်တမ်းများမှာ ပါဠိအဋ္ဌကထာတို့၌ ထင်ရှားသော ဒုတိယသင်္ဂါယနာတင်တော်မူသော အကြောင်းများဖြစ်၍ ၎င်းတို့ကို နောက်ပိုင်းကဏ္ဍ၌ အကျယ်ထင်ရှားစေရန် ရေးသားရမည်ဖြစ်သဖြင့် အကျဉ်းအမြွက်မျှသာ ရေးသားအပ်သည့်အတိုင်း ဤတိုင်းနယ်အတွင်း လဇ္ဇီပေသလ သိက္ခာကာမ သီလတော်၌ မြတ်နိုးတော်မူကြသော ရဟန္တာမထေရ်ကြီးများ သီတင်းသုံးနေထိုင်တော်မူကြ၍ သင်္ဂါယနာတင်တော်မူကြရန် လဇ္ဇီအပင်းအသင်းများ ဤဝံသတိုင်း ကောသမ္ဗီနယ်၌ စုဆောင်းရကြောင်း ထင်ရှားစွာလာ၏။

၎င်းပြင် **အသောကမှတ်တမ်း၌လည်း** ဒေဝါနံ ပိယဒဿီ ဓမ္မရာဇာဘွဲ့ခံ တတိယ သင်္ဂါယနာတင် ဘုရင်မင်းတရားကြီးသည် ဝံသတိုင်း၊ ကောသမ္ဗီမြို့တော်ကြီး၌ သာသနာတော် တည်တံ့ခိုင်မြဲစွာ တည်ရှိစေရန် အားထုတ်ပြုစုတော်မူသည့်ပြင် စေတီပုထိုးများ တည်ထား၍ **အမိန့်တော်ကျောက်တိုင်ကြီးများ** စိုက်ထူထားခဲ့၏။ ထို့မှတပါး **အိန္ဒိယမှတ်တမ်းများအရ** နောက်ဖြစ်သော ဘုရင်မင်းများသည်လည်း အဆက်ဆက် ပြုပြင်လာကြ၍ သာသနာစက် ရည်ပင်ထွန်းကားလျက်ရှိကြောင်း ၎င်းဝံသတိုင်း၌ ထင်ရှားသော **ဘာရက်စေတီတော်** ကျောက်စာအားဖြင့် သိသာထင်ရှားစွာ မှတ်သားအပ်ကုန်၏။

✪ ✪ ✪ ✪ ✪

## တရုတ်ရဟန်းတော် ဖာဟိုင်မှတ်တမ်း

၎င်းနောက်လည်း ဤတိုင်းနယ် အကြောင်းနှင့်စပ်၍ မှတ်သားကြသော တရုတ်ရဟန်းတော်ဖာဟိုင်နှင့် ဝှင်သျှင်တို့၏ အကြောင်းအရာများ အမြွက်မျှပြဆိုခဲ့ပြီး ဖြစ်သဖြင့် အထူးရေးသားဖွယ် မရှိသောကြောင့် ဤတိုင်းနယ် အကြောင်းအရာ ရေးသားသော ရဟန်းတော်တို့မှတ်တမ်းများ ချန်ထားအပ်ကုန်၏။ ထို့မှတပါး **အိန္ဒိယကျောက်စာဌာန** တူးဖော်ရရှိခြင်းအားဖြင့် ၎င်းကောသမ္ဗီမြို့တော်ကြီးမှာ မြတ်စွာဘုရားလက်ထက်တော်က ကြီးကျယ်စည်ကားခမ်းနားသော မြို့ကြီးဖြစ်သော်လည်း ယခုအခါ ဣလဟာဘာတ်ခေါ် ပယာဂဆိပ်ကမ်းမြို့ကြီးမှ အနောက်တောင်ဘက် ၄-ယူဇနာခွဲခန့် ကွာဝေးသော ယခု **ကောဆန်-ကောသန်ရွာကလေးဖြစ်နေကြောင်း၊** ၎င်း၌-

- မြေကတုတ်ခံတပ်ကြီးများ ပေပေါင်း ၂၃၁၀၀'- မျှ ရှည်လျားကြောင်း၊
- အမြင့်မှာ ပေ-၃၀' မှ ၃၅'-ပေ ရှိကြောင်း၊ ၎င်းပြင်
- မြောက်ဘက်ခံတပ်မှာ ပေ-၅၀' လောက်မြင့်၍
- တောင်ဘက်ခံတပ်ကြီးမှာ ပေ-၆၀' လောက် မြင့်ကြောင်း၊
- မြောက်ဘက်မျက်နှာမှာ ပေပေါင်း-၄၅၀၀' ရှည်လျား၍
- တောင်ဘက်မှာ ၆၀၀၀'-ခန့်ရှိသည့်အပြင်
- အရှေ့ဘက်မှာ ၇၅၀၀'-ရာမျှ
- အနောက်ဘက်မှာ ၅၁၀၀'-မျှ ရှိကြောင်း-

အားလုံးပေါင်း ဖော်ပြခဲ့ပြီး ၂၃၁၀၀'-ခန့်ရှိကြောင်း ဖော်ပြရေးသား၏။

ပယာဂမြို့မှာ မြတ်စွာဘုရားလက်ထက်တော်က အမည်ရင်းဖြစ်၍ ၎င်းမှာ မဟာမေဒင် တန်ခိုးလွှမ်းမိုးလာသောအခါ ဣလာဟာဘတ်အမည်ဖြင့် ၎င်းဆိပ်ကမ်းမြို့ကြီး ကြီးကျယ်ထွန်းကားလာ၍ ကောသမ္ဗီကား မှေးမှိန်သော ရွာကလေးတမျှ နိမ့်ကျသွားကြောင်း၊ ၎င်းပယာဂမြို့ကား ဂင်္ဂါ, ယမုနာအဆုံတွင် **မဂိုလ်ဘုရင်ကြီး အက္ကဘာ**ရ်သည် ခံတပ်ဆောက်ပြီးလျှင် ၎င်းကို နောက်အခါ **မဂိုလ်ဘုရင် ယုဟာဂျေဟာန်**သည် ၎င်းတို့ ကိုးကွယ်သော အလာ၏အမည်ဖြင့် **အလာဗာတ်**ဟု **ခေါ်တွင်စေ၍ အဓိပ္ပါယ်မှာ အလာ၏** ဌာနတော်ဟု ဆိုလိုကြောင်း၊ ၎င်းအမည်အားဖြင့် ယခုတိုင် ထင်ရှားကြောင်း ၎င်းမှတ်တမ်းများ၌ ရေးသားဖော်ပြကြ၏။

များသောအားဖြင့် မဇ္ဈိမဒေသရှိ အမည်များမှာ သာသနာခေတ်မှ ဟိန္ဒူဗေဒခေတ်, ပူရာဏခေတ်များသို့ ပြောင်းရွေ့လာကြသောအခါ ရှေးအမည်ဟောင်းများ အချို့ပြောင်းလဲလာကြပြီးနောက် **ပသီဘုရင်များ** တန်ခိုးအာဏာ လွှမ်းမိုးလာသောအခါ ၎င်းတို့ဘာသာဝါဒအားလျော်စွာ အမည်နာမ ပြောင်းလဲသောကြောင့် ရှေးအမည်များ တိမ်ကောပပျောက်လျက် ခေတ်နာမည်များသာ ဆက်လက်ကြွင်းကျန်ကြကုန်၏။

ဤမျှဖြင့် ဝံသတိုင်း၊ ကောသမ္ဗီမြို့တော်နှင့် စပ်သော အကြောင်းအရာများ ထင်ရှားပြီဖြစ်၍ ဤတွင် အဆုံးသတ်အပ်ပေသည်။

✪ ✪ ✪ ✪ ✪

## ကုရုတိုင်းအကြောင်း

ကုရုတိုင်းကြီးသည် ဘုရားလောင်း မဟာဂေါဝိန္ဒပညာရှိကြီး တည်ထောင်သော ၇-တိုင်းတို့တွင် ပါဝင်လောက်အောင် ရှေးမကျသော်လည်း များစွာသော ဇာတ်တော်, နိပါတ်တော်တို့တွင် ထင်ရှားသော တိုင်းကြီးတစ်တိုင်းဖြစ်၍ ၎င်းတိုင်း၌ မြတ်စွာဘုရားအလောင်းတော်သည် များစွာသော ပါရမီတော်များဆည်းပူးတော်မူရာ တိုင်းပြည်ဖြစ်ကြောင်း ဇာတ်နိပါတ်တို့ကို ထောက်ထားထင်ရှား၏။ သို့ဖြစ်၍ ဤတိုင်းကြီးသည် ရှေးဇာတ်, နိပါတ်တော်ခေတ်မှ မြတ်စွာဘုရား လက်ထက်တော်သို့ ကျအောင် စည်ပင်ဝပြောသော တိုင်းနိုင်ငံတစ်ခုဖြစ်သောကြောင့် **မဇ္ဈိမအလယ်ပိုင်း တိုင်းကြီး** ၁၆-ရပ်တွင် ပါဝင်ထည့်သွင်းလျက် ဟောကြားတော်မူသည်ကား ထင်ရှားခိုင်မာ ယုံမှားစရာမရှိသော သာဓကတစ်ရပ်ဖြစ်ကြောင်း ကောင်းစွာ ယုံကြည် မှတ်သားအပ်၏။

## ၎င်းတိုင်း၏မြို့တော်

ဤတိုင်း၏ မြို့တော်ကား ရှေးဇာတ်တော်များ၌ ထင်ရှားသော ဣန္ဒပတ္ထနဂရ၊ **ဣန္ဒပတ္ထမြို့တော်ဖြစ်ကြောင်း**- တိကနိပါတ်၊ ကုရုဓမ္မဇာတ်*(၄၊ ၂။ ၃၃၁)*၌---

"အတီတေ ကုရုရဋ္ဌေ ဣန္ဒပတ္ထနဂရေ ဓနဉ္စယေ ကောရဗျေ ရဇ္ဇံ ကာရေန္တေ ဗောဓိသတ္တော တဿ အဂ္ဂမဟေသိယာ ကုစ္ဆိမှိ ပဋိသန္ဓိံ ဂဏှိ။

လွန်ပြီးသော အခါက ကုရုတိုင်း ဣန္ဒပတ္ထမြို့တော်၌ ဓနဉ္စယမင်းကြီး မင်းပြုသော် ဘုရားလောင်းသည် သူ၏ မိဖုရားကြီး၌ ပဋိသန္ဓေတည်နေတော်မူ၏" စသည်ဖြင့် ၎င်း၏ သားတော်သည် အရွယ်ရောက် ပညာတတ်မြောက်ပြီး မင်းကြီးကွယ်လွန်သောခါ မင်းကျင့်တရား ၁၀-ပါးနှင့်ညီစွာ မင်းလုပ်ပြီး တိုင်းသူပြည်သားတို့အားလည်း ဂရုဓမ္မ ပဉ္စသီလတို့ကို မြဲစေ၍ အထူးအားဖြင့်---

"ရာဇာ မာတာ မဟေသီ စ၊ ဥပရာဇာ ပုရောဟိတော။
ရဇ္ဇုကော သာရထိ သေဋ္ဌိ၊ ဒေါဏော ဒေါဝါရိကော တထာ။
ဂဏိကေကာ ဒသ ဇနာ၊ ကုရုဓမ္မေ ပတိဋ္ဌိတာ။ ။*(နှာ၊ ၃၃၁)*

၁။ **မင်းကြီး** ၂။ **မယ်တော်** ၃။ **မိဖုရားကြီး** ၄။ **အိမ်ရှေ့မင်း**
၅။ **ပုရောဟိတ်** ၆။ **မြေတိုင်းမှူး** ၇။ **ရထားထိန်း** ၈။ **သူဌေး**
၉။ **ချိန်ဖြတ်မှူး** ၁၀။ **တံခါးစောင့်** ၁၁။ **ပြည့်တန်ဆာမ**-

ဤ ၁၁-ဦးသို့ စင်ကြယ်စွာ ဆောက်တည်ကြ၍ ကုရုတိုင်းပြည်ကြီးမှာ အထူးသာယာဝပြောကြောင်း---

ကလိင်္ဂတိုင်းမှာ ထိုအခါက ငတ်မွတ်ခေါင်းပါးသဖြင့် ကုရုတိုင်းသို့ အမတ်ပညာရှိများ လာရောက်စုံစမ်းရာ ငါးပါးသီလ ဂရုဓမ္မမြဲကြ၍ စည်ပင်သာယာကြောင်း သိကြသဖြင့် ၎င်းဂရုဓမ္မကို ရေးယူမှတ်သား ကလိင်္ဂမင်းတရား ဆက်ကြသည်တွင် ဘုရင်မင်းတရားမှစ၍ ဆောက်တည်ကြသဖြင့် ဝပြောစည်ပင်လာကြကြောင်း လာသည်ကို ထောက်ဆ၍ ထင်ရှားစွာသိရ၏။ ထို့အတူ ၎င်းတိုင်းနှင့်စပ်၍ သမ္ဘဝဇာတ် စသော များစွာသော နိပါတ်တော်များ ထင်ရှား၏။

ထိုမှတပါး ဝီသတိနိပါတ်၊ **သောမနဿဇာတ်**၌ကား-ကုရုတိုင်း ဥတ္တရပဉ္စာလမြို့တော်၌ ရေဏုမင်းကြီးစိုးစံအုပ်ချုပ်ကြောင်း လာသော်လည်း ပဉ္စာလသည် တိုင်းနယ်တစ်ခု ဖြစ်ကြောင်း၊ မြတ်စွာဘုရား ဟောကြားတော်မူသော အစဉ်အားဖြင့်ပင် ထင်ရှား၍ အမှန်

အားဖြင့် ကုရုနှင့် ပဉ္စာလမှာ တိုင်းနီးချင်း တောင်မြောက်တည်၍ ခေတ်အားလျော်စွာ ကုရုအာဏာလည်း ပဉ္စာလတိုင်အောင် လွှမ်းမိုးနိုင်သဖြင့်---

ကုရုရဋ္ဌေ ဥတ္တရပဉ္စာလေ- ဟူသော ပါဠိကို **ကုရုတိုင်းမြောက်ပိုင်း ပဉ္စာလနယ်**ဟု ပြန်လျှင် သာ၍ သင့်တော်ကြောင်း၊ ၎င်းတိုင်းအကြောင်းများ ရေးသားလတ္တံ့ဖြစ်၍ ဤ၌ အထူးရေးဖွယ် မရှိသေးကြောင်း မှတ်သားအပ်၏။

၎င်းပြင် ဒုကနိပါတ်၊ ကုရုဇာတ်၌ မြို့တော်မပါ၊ သာမည ကုရုမင်းဟုလာ၍ ၎င်းမင်းသည် သူတော်ကောင်း ရသေ့တို့အား တံစိုးလက်ဆောင်စားလျက် မတရားဆုံးဖြတ်သဖြင့် သူတော်သူမြတ်များ ခိုက်ရန်ပွါးကြသည်ကို နတ်များ သည်းမခံနိုင်ကြဘဲ ၎င်းတိုင်းကြီးအလုံး ရေလွှမ်းမိုးဖျက်ဆီးကြောင်းသာ ပဓာနဖွင့်ပြကြောင်း မှတ်သားအပ်၏။ ၎င်းတိုင်းသည် သမုဒ္ဒရာနှင့် ဝေးကွာသော်လည်း **အိန္ဒုခေါ် သိန္ဓုမြစ်**ဝမှ ရေလျှံတက်လျက် ၎င်းတိုင်း အတွင်း ဖြတ်ကျော်စီးဆင်းသော **ဆွရဿတီမြစ်**ဆုံသို့ ရောက်ကာ ၎င်းမြစ်စဉ်တစ်လျှောက် ဖြင့် ၎င်းတိုင်းအတွင်း ရေလွှမ်းမိုးခြင်းဘေးကြီး ဆိုက်ရောက်နိုင်ကြောင်း မှတ်အပ်၏။ ၎င်းပြင်လည်း ကောဒသကနိပါတ်၊ သုပ္ပါရကဇာတ်၌---

ကုရုတိုင်း ကုန်သည်များတို့ သမုဒ္ဒရာလမ်းခရီးဖြင့် သွားလာကြ၍ **ဘာရုကစ္ဆ ဆိပ်ကမ်း**မှ ထွက်ခွါကြကြောင်း၊ ၎င်းဆိပ်ကမ်းရွာ **သုပ္ပါရကသဘော်သူကြီး**သည် မျက်စိ အလင်းမရသောခါ ကုရုမင်းထံ ရာပြတ်အဖြစ် အမှုထမ်းသော်လည်း အကျိုးမများ၍ တစ်ဖန် ၎င်းရွာသို့ ပြန်သွား၊ သမုဒ္ဒရာခရီးအားဖြင့် ထွက်ပြန်ရာ **ဗလဝါမုခ** ဝဲသြဃသို့ရောက်၊ သဘော်မထွက်မြောက်နိုင်လျှင် သစ္စာပြုကာ သဘော်သား ၇၀၀-တို့ကို ကယ်ရကြောင်း လာ၏။ ၎င်းဘာရုကစ္ဆဆိပ်ကမ်းမှာ ကုရုတိုင်းရှိ ဆိပ်ကမ်းကဲ့သို့ ဖွင့်ပြသော်လည်း ၎င်းမှာ သမုဒ္ဒရာဆိပ်ကမ်းဖြစ်ကြောင်းသာ မှတ်သားအပ်၏။ ၎င်းပြင်လည်း ဒုကနိပါတ်၊ ကာမနီတ ဇာတ်*(၄၊ ၂။ ၁၉၆)*၌---

ဗာရာဏသီမင်းကြီးသည် အလွန်လောဘကြီးသဖြင့် မိမိတိုင်းနိုင်ငံနှင့် မရောင့်ရဲ နိုင်ဘဲ အခြားတိုင်းကြီး ၃-တိုင်းကို တောင့်တလျက် နှလုံးဆူပွက် ရှူးသွပ်နေရာ ဘုရား လောင်းသိကြားမင်းသည် ပုဏ္ဏားအသွင်သဏ္ဌာန်ဖြင့် မင်းထံဝင်၍ ရောဂါကို မေးစစ်သော အခါ---

"တယော ဂိရိံ အန္တရံ ကာမယာမိ၊
ပဉ္စာလာ ကုရုယော ကေကကေ စ။
တတုတ္တရိံ ဗြာဟ္မဏ ကာမယာမိ၊
တိကိစ္ဆ မံ ဗြာဟ္မဏ ကာမနီတံ။ ။

**တိုင်း ၃-တိုင်းမည်၊ ပြည် ၃-ပြည်သည်။**
**ကုရု, ပဥ္စာလ၊ ကေကကမည်။**
**ထို့ထက် အို ပုဏ္ဏား၊ လိုပြား ပေသည်။**
**အို ပုဏ္ဏား--- ကုစား ငါ့လိုမှုမည်"။**

ဟု ဖြေကြားသော ဂါထာ၌---

"ပဥ္စာလာတိ ဥတ္တရပဥ္စာလာ။ တတ္ထ ကပိလံ နာမ နဂရံ။ ကုရုယောတိ ကုရုရဋ္ဌံ။ တတ္ထ ဣန္ဒပတ္ထံ နာမ နဂရံ။*(ဇာ၊ ၂။ ၁၉၆)*

ပဥ္စာလကား ဥတ္တရ ပဥ္စာလတည်း။ ၎င်း၌ ကမ္ပိလမြို့တော်တည်း။ ကုရုကား ကုရုတိုင်းတည်း။ ၎င်း၌ ဣန္ဒပတ္ထမြို့တော်တည်း- စသည်ဖြင့် အဋ္ဌကထာ ဖွင့်ပြ၍---

ပဥ္စာလတိုင်း, **ကမ္ပိလမြို့တော်၊**		ကုရုတိုင်း, **ဣန္ဒပတ္ထမြို့တော်၊**

**ကေကကတိုင်း**, ၎င်းမြို့တော်

ဤ ၃-တိုင်းကား အစဉ်အတိုင်း တည်ရှိသော တိုင်းများဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ကုရုတိုင်း၊ လက်ထက်တော်

မြတ်စွာဘုရားလက်ထက်တော်မှာကား ၎င်းဣန္ဒပတ္ထမြို့တော် အထူးမထင်ရှားဘဲ အကြောင်းအခွင့် သင့်တင့်သည်အားလျော်စွာ ၎င်း၌ ဟောကြားသော သုတ္တန်များမရှိသော်လည်း ၎င်းတိုင်းနယ်တွင် ထင်ရှားသော **ကမ္မာသဒမ္မမြို့**, ထုလ္လကောဋ္ဌိကမြို့များ၌ကား ဟောကြားသောသုတ္တန်များ များစွာသော နိကာယ်တို့၌ ထင်ရှား၏။ ထိုကမ္မာသဒမ္မဟူသော အမည်သည်လည်း---

ဒီဃနိကာယ် အဋ္ဌကထာ၊ မဟာနိဒါနသုတ် အဖွင့်အရ ရှေးနိပါတ်တော်ခေတ်က ခေါ်တွင်လာခဲ့သော အမည်ဖြစ်ကြောင်း၊ ပေါရိသာဒသည် ခြေမှာ ငြောင့်စူး၍ မသွားနိုင်ဘဲ ညောင်ပင် အောက်မှာ ၇-ရက်ကြာလျှင် ပျောက်ကင်းသော်လည်း **အမာရွတ်ပြောက်ကြား ကျန်လျက်နေသောကြောင့်** ၎င်းကို ကမ္မသပါဒဟု ခေါ်ဆိုကြ၍ ၎င်းအား **အလောင်းတော် မဟာသုတသောမမင်း ဆုံးမခြင်းကြောင့်** တရားရ၍ ၎င်းဆုံးမရာ အရပ်ကို ကမ္မာသဒမ္မခေါ်ကြောင်း၊ အချို့ကား ဇယဒိသဇာတ်၌ ဆုံးမကြောင်း---

"ပုတ္တော ယဒါ ဟောမိ ဇယဒ္ဒိသဿ၊
ပဉ္စာလရဋ္ဌာဓိပတိဿ အတြဇော။
စဇိတွာန ပါဏံ ပိတရံ ပမောစယိံ၊
ကမ္မာသပါဒမ္ပိ စာဟံ ပသာဒယိံ။

တိုင်းပဉ္စာလ၊ ပိုင်သအရှင်။
သားတော်ဇယ- ဒိသ ခေါ်တွင်။
သက်စွန့် ဘ-အား၊ လွတ်ငြား ကယ်တင်။
ကမ္မာသ-ပါဒ စိတ်ကြည်ရွှင်"။

စသည်ဖြင့် များစွာသော အကြောင်းယုတ္တိထုတ်ဖော်ကြ၏။

✪ ✪ ✪ ✪ ✪

## ကုရုတိုင်းခေါ်ရခြင်း

ထိုမှတပါး ကုရုတိုင်းခေါ်တွင်ရခြင်း အကြောင်းမှာ **မန္ဓာတုစကြာမင်းကြီးသည်** စကြာရတနာဖြင့် လေးကျွန်းသို့လှည့်ပတ်တော်မူသောအခါ ဥတ္တရကုရုကျွန်း, ပုဗ္ဗဝိဒေဟကျွန်း, အပရဂေါယာနကျွန်းတို့မှ လူပေါင်းများစွာ လိုက်ပါလာကြပြီး ၎င်းမင်းကြီးသည် တာဝတိံသာသို့ တက်သွားသဖြင့် ၃-ကျွန်းသားအပေါင်းတို့သည် မိမိတို့ကျွန်းသို့ မပြန်နိုင်ကြဘဲ ဤဇမ္ဗူဒီပါကျွန်းတွင် နေရာဌာနများ တောင်းဆိုကြသည့်အတိုင်း-

- အရှေ့ဝိဒေဟကျွန်းသားတို့အား ဤကျွန်း၏ အရှေ့ပိုင်းတိုင်းနယ်များကိုပေး၍ ၎င်းတို့ဒေသ ကို ဝိဒေဟတိုင်း၊
- အနောက်ကျွန်းသားများကို ဤကျွန်း၏ အနောက်ပိုင်းကိုပေး၍ ၎င်းကို အပရန္တတိုင်း၊ ၎င်းပြင်
- ဥတ္တရကုရုကျွန်းသားများကို ဤကျွန်းမြောက်ပိုင်း ဟိမဝန္တာနှင့်နီးစပ်သော နယ်ပယ်များပေး၍ ၎င်းကို ကုရုတိုင်း

ဟုခေါ်ဆိုကြကြောင်း ၎င်းမဟာနိဒါနသုတ်အဋ္ဌကထာ၌ ဖွင့်ပြ၍ ဤတိုင်းကား ကျွန်းသားတို့၏ နာမည်အားလျော်စွာ ခေါ်ဆိုကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ကုရုတိုင်းဘုရင်

မြတ်စွာဘုရား လက်ထက်တော်က ၎င်းကုရုတိုင်းမှာ ဥစ္စာပစ္စည်း ပေါများကြွယ်ဝသော်လည်း ကောသလ, မဂဓတိုင်းကြီးများကဲ့သို့ ဧကရာဇ်ဘုရင်ကြီးများ အုပ်ချုပ်သောတိုင်းမဟုတ်၊ ဘုရင်ငယ်အုပ်ချုပ်သော နိုင်ငံဖြစ်ကြောင်း မဇ္ဈိမနိကာယ်၊ ရဋ္ဌပါလသုတ်(နှာ၊ ၂၄၄)၌ ထင်ရှားသည်မှာ---

ဘုရားရှင်သည် ကုရုတိုင်းသို့ ဒေသစာရီကြွချီတော်မူသောအခါ ထုလ္လကောဋ္ဌိကမြို့သို့ ရောက်တော်မူ၍ များစွာသော ပရိသတ် ဘုရားရှင်ထံသို့ ဆည်းကပ် လျောက်ပတ်သော နေရာနေပြီး အစ, အလယ်, အဆုံး ၃-ပါးသော ကောင်းခြင်းနှင့်ပြည့်စုံ သော တရားတော် ဟောဖော်ထုတ်ပြနေစဉ် ၎င်းပရိသတ်တွင် **ရဋ္ဌပါလ** သတို့သားလည်း ပါဝင်၍ အစဉ်အတိုင်းသော တရားတော်ကို နာရလျှင် အလွန်ပင် သက်ဝင်ကြည်ညိုကာ တရားတော်နာပြီးသည့်အဆုံး၌ အားလုံးသော ပရိသတ်အပြန်တွင် ဘုရားရှင်ထံ ချဉ်းကပ်လျက် "ရဟန်းအဖြစ်ရလိုပါကြောင်း"လျှောက်ထားပါသော်လည်း အခွင့်မရဘဲ မိဘတို့ထံ ခွင့်ပန်ရန် စေလွှတ်တော်မူလေ၏။

၎င်းရဋ္ဌပါလသတို့သားမှာ မိဘတို့ထံ အခွင့်ပန်ရာ ၎င်းတို့မှာ တစ်ယောက်တည်းသော သားဖြစ်သည့်အပြင် ပစ္စည်း ဥစ္စာ အလွန်ချမ်းသာကြွယ်ဝသော သူဌေးသားဖြစ်သဖြင့် အခွင့်မပေးဘဲ နေသည်တွင် ၇-ရက်တိုင်အောင်ပင် အစာအာဟာရဖြတ်လျက်နေမှ အမိ အဖတို့ထံမှ မလွဲသာသော အခွင့်ကို ရကြသဖြင့် အစာအာဟာရ အားခွန်ဗလဖြစ်စေပြီးလျှင် ဘုရားရှင်အထံတော်မှာ ရဟန်းအဖြစ်ကိုရ၍ ဘုရားရှင်နှင့်အတူတကွ သာဝတ္ထိသို့ ကြွတော်မူကာ မကြာမီ တရားအားထုတ်လျက် အပြီးဆုံးမြောက် ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

ထို့နောက် အရှင်ရဋ္ဌပါလမထေရ်သည် မိဘတို့ ကျေးဇူးဆပ်ရန် ပြန်လည်ရောက်လာရာ ဥစ္စာပစ္စည်းတို့ကို အကုန်ထုတ်ပြလျက် လူ့ဘဝသို့ တဖန်ရောက်ရန် ကြိုးစားသော်လည်း အချည်းနှီးဖြစ်၍ ၎င်းတို့အား တရားသဖြင့် ချီးမြှောက်ရန် ကုရုတိုင်းရှင် ဘုရင်ကောရဗျ၏ ဥယျာဉ်တော်အတွင်း သီတင်းသုံးတော်မူသောအခါ ကောရဗျမင်းသည် အရှင်ရဋ္ဌပါလထံ ချဉ်းကပ်ကာ တရားတော်နာယူကြောင်း၊ ထိုမင်းလည်း မင်းခမ်းမင်းနားဖြင့် ခမ်းနားစွာ ထွက်တော်မူကြောင်း ၎င်းရဋ္ဌပါလသုတ်(နှာ၊ ၂၅၃)၌---

"ဘဒြေဟိ ဘဒြေဟိ ယာနေဟိ ထုလ္လကောဋ္ဌိကမှာ နိယျာသိ မဟစ္စရာဇာနုဘာဝေန အာယသ္မန္တံ ရဋ္ဌပါလံ ဒဿနာယ။

ကောင်းကုန် ကောင်းကုန်သောယာဉ်တို့ဖြင့် အရှင်ရဋ္ဌပါလ ဖူးမြင်ခြင်းငှါ အကြီးအကျယ် မင်းအခမ်းအနားဖြင့် ထုလ္လကောဋ္ဌိကမှ ထွက်တော်မူ၏"လာသည်ကို ထောက်ဆ၍ ဘုရင်မင်းတစ်ပါး အုပ်ချုပ်ကြောင်း ထင်ရှား၏။ ၎င်းပြင် အရှင်ရဋ္ဌပါလ, ကောရဗျမင်းတို့၏ အချင်းချင်း မေးမြန်းလျှောက်ထားရာ၌---

"တံ ကိံ မညသိ မဟာရာဇ ဖိတံ ကုရုံ အဇ္ဈာဝသတိ။(နှာ၊ ၂၅၉)

မင်းကြီး၊ အသို့နည်း၊ ဝပြောစည်ပင်သော ကုရုတိုင်းကို အုပ်ချုပ်သလော"---မေးတော်မူရာ--

"ဧဝံ ဘော ရဋ္ဌပါလ ဖိတံ ကုရုံ အဇ္ဈာဝသာမိ။

မှန်ပါသည်၊ အရှင်ရဋ္ဌပါလ၊ စည်ပင်ဝပြောသော ကုရုတိုင်းကိုအုပ်ချုပ်ပါ၏"ဟု ဖြေကြားသည်ကို ထောက်ဆ၍---

- ကောရဗျမင်းကား ကုရုတိုင်း၌ အုပ်ချုပ်စိုးစံကြောင်း၊
- ထုလ္လကောဋ္ဌိကကား မြို့တော်ဖြစ်ကြောင်း၊
- ဆိုခဲ့ပြီးသော ကမ္မာသဒမ္မကား မြို့ငယ်နိဂုံးဖြစ်ကြောင်း-

ဒေသနာအားဖြင့် ဤ ၂-မြို့သာလျှင် ထင်ရှားကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ကုရုတိုင်း အခြားဘာသာ

၎င်းတိုင်းနှင့် စပ်လျဉ်း၍ မဟာဘာရတခေါ် ရှေးဟောင်းရာဇဝင် ပုံပြင်ကျမ်းကြီး၌ ဟတ္ထိပူရ, ဟတ္ထိနာပူရ, ဣန္ဒပတ္ထပူရ စသော မြို့ငယ်များရှိကြောင်း လာသော်လည်း ဒေသနာတော် မရှိသဖြင့် မထင်ရှား သည့်ပြင် အဋ္ဌကနိပါတ်၊ စေတိယဇာတ်၌ တည်ထောင်သော ဟတ္ထိပူရမှာလည်း စေတိယတိုင်းမှ အရှေ့ဘက်ကျ၍ ၎င်းဟတ္ထိပူရ မဖြစ်နိုင်သည်ကား ထင်ရှား၏။ ၎င်းမဟာဘာရတ၌ ဤတိုင်းကား ဟိန္ဒီတို့ ဘုရားတစ်ဆူအဖြစ်ဖြင့် ကိုးကွယ်ကြသော ကရိဿျဏ(ကဏှ)မင်း၏ စစ်ခင်းကျင်းရာဖြစ်၍ ကုရုခေတ္တ, ဓမ္မခေတ္တ မည်ကြောင်း၊ ပဏ္ဍုမင်းသား ၅-ယောက်တို့ စစ်ဖြစ်ပွဲရာ ၎င်း၌ စစ်သူကြီးအရှုနအား တရားပြ၍ "ဘာသာရေးအတွက် အသက်စွန့်အပ်ကြောင်း"ဟောပြောသော ဘဂဝါဂီတာကျမ်းကိုလည်း တစ်ခမ်းတစ်နား ရေးသားဖော်ပြ၏။

ထိုမှတပါး ရာမာယနခေါ် ရာမမင်း၏ အတ္တုပ္ပတ္တိ အကျယ်တဝင့် ရေးသားကြသော ကျမ်းများနှင့် ဒသရထဇာတ်လာ အကြောင်းအရာများ အလွန်ခြားနားသကဲ့သို့ ၎င်းမဟာဘာရတကျမ်းနှင့် ယဋ္ဌပဏ္ဍိတဇာတ်လာ ဝါသုဒေဝမင်း စသော ညီနောင်တို့၏ အတ္တုပ္ပတ္တိ အကြောင်းအရာများလည်း များစွာကွဲပြား ခြားနားခြင်းကို ဤနေရာ၌ အကျယ်ရေးသားရန် မလိုသဖြင့် ချန်ထားအပ်၏။

ဤကုရုတိုင်းသည် မြတ်စွာဘုရားလက်ထက်တော်၌ စည်ပင်ဝပြောလျက် ဥတုသပ္ပါယ ညီညွတ်မျှတခြင်းကြောင့် ပကတိသဘာဝအားဖြင့် ပညာဉာဏ်ထက်သန်သူပေါ်များသော တိုင်းနိုင်ငံတစ်ခုဖြစ်၍ သဘောအားဖြင့် လေးနက်ဆန်းကြယ်သော---

| | |
|---|---|
| မဟာသတိပဋ္ဌာနသုတ် | မဇ္ဈိမသတိပဋ္ဌာနသုတ် |
| သာရောပမသုတ် | ရုက္ခောပမသုတ် |
| ရဋ္ဌပါလသုတ် | မာဂဏ္ဍိယသုတ် |
| အာနေဉ္ဇသပ္ပါယသုတ်- | |

စသော သုတ္တန်များ မြတ်စွာဘုရားသည် စရိုက်အားလျော်စွာ ဟောကြားတော်မူကြောင်း သုတ်မဟာဝါ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ၌ ဖွင့်ပြသည်ကို ထောက်ဆသဖြင့် သိသာ၏။

## ကုရုတိုင်း နယ်အပိုင်းအခြား

ဤကုရုတိုင်း၏ စည်ကားဝပြောခြင်းကို ဒေသနာတော်အားလျော်စွာ သိအပ်သည့်အတိုင်း ၎င်းတိုင်း၏ နယ်ပယ်အပိုင်းအခြားများကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်အရ မှန်းဆ သိရှိနိုင်ကုန်၏။

## အရှေ့မျက်နှာ အပိုင်းအခြား

၎င်းတိုင်း၏ အရှေ့မျက်နှာ အပိုင်းအခြားမှာ မြတ်စွာဘုရား အစုံအားဖြင့် ဟောကြားတော်မူသော ကုရုနှံ ပဉ္စာလာနံ-အရ ဤ ၂-တိုင်းမှာ အစဉ်အားဖြင့် အရှေ့အနောက် တည်ရှိ၍ ယမုနာမြစ် အရှေ့ဘက်ကမ်းဖြင့် ပိုင်းခြားသိအပ်သော ပဉ္စာလတိုင်းနယ်လျှင် အပိုင်းအခြားရှိကြောင်း မှတ်သားအပ်၏။

## တောင်ဘက်အပိုင်းအခြား

ကုရုတိုင်း၏ တောင်မျက်နှာ အပိုင်းအခြားမှာ နောက်၌ ရေးသားလတ္တံ့ဖြစ်သော ယမုနာမြစ်၏ အနောက်တောင်ဘက်၌ တည်ရှိသော မစ္ဆတိုင်းဖြင့် ပိုင်းခြားအပ်ကြောင်း မာတင်ဇာတ် စသည်ကို ထောက်ဆ၍ သိနိုင်ကုန်၏။

## အနောက်မျက်နှာ အပိုင်းအခြား

ကုရုတိုင်း၏ အနောက်မျက်နှာ၌ ပါဠိတော်အားဖြင့်ရင်း အဋ္ဌကထာအားဖြင့်ရင်း ထင်ရှားစွာ ပြဆိုအပ်သော အပိုင်းအခြား နယ်ပယ် အမှတ်အသားများ မရှိသော်လည်း အိန္ဒိယအနောက်မြောက်ပိုင်း ခရီးထွက်ကြသော ဥတ္တရပထ ခရီးသွားများကို ထောက်ထားသောအားဖြင့် ဝါဠုကန္တာရ သဲကန္တာရ စသည်တို့နှင့် ဆက်စပ်တည်ရှိသော နယ်ပယ်များဖြစ်သည့်ပြင် မဇ္ဈိမနယ်နိမိတ် အနောက်ဘက်အပိုင်းအခြားများဖြစ်ကြောင်း မှတ်သားအပ်၏။

## မြောက်မျက်နှာ အပိုင်းအခြား

၎င်းတိုင်း မြောက်မျက်နှာအပိုင်းအခြားမှာလည်း ၎င်းမဇ္ဈိမတိုက်နယ်၊ မြောက်ဘက် အပိုင်းအခြား ဟိမဝန္တာနယ်စပ် တိုင်းနယ်များမှတပါး အထူး ရေးသားဖွယ် မရှိကြောင်း မှတ်အပ်၏။

## ၎င်းတိုင်း မှတ်တမ်းများ

၎င်းတိုင်းနှင့်စပ်လျဉ်း၍ ရှေးဟောင်း မှတ်တမ်းများ ရှိကြသည်တွင် ဘုရင်အသောကဝမ္မနမင်းတရားကြီးလည်း ထိုကုရုတိုင်းများ၌ သာသနာတော်မြတ်ကို ပြုစုတော်မူလျက် ၎င်းမြို့တော် ဣန္ဒပတ္ထမှ ကောသ ၉ဝ-ကွာဝေးသော တိုပရာတောပရအရပ်၌ အမိန့်တော် ကျောက်စာတိုင်ကြီးတစ်ခုကို ထူထောင်ခဲ့သည့်အပြင် မီရထ မိရဌအရပ်၌လည်း ကျောက်စာတိုင်ကြီးတစ်ခု စိုက်ထူထားရှိခဲ့ကြောင်း၊ သို့သော် ၎င်းကျောက်စာတိုင်ကြီးများမှာ မဟာမက်ဘာသာဝင် မဂိုလ်ဘုရင်များ အာဏာလွှမ်းမိုးစဉ် ဘုရင်ဆူလတန်ဖိုရိုးဇ်သည် စစ်သည်ဗိုလ်ပါ မြောက်များစွာဖြင့် ၎င်းတောပရနှင့် မီရဌမှ ၎င်းကျောက်တိုင်ကြီးများကို ဒေလီမြို့သို့ ရွှေ့ပြောင်းစိုက်ထူထားကြောင်း၊ ၎င်းကျောက်တိုင်များ၌ အမိန့်တော်နှင့် တရား ဥပဒေသများ တိုင်းသူပြည်သားတို့လိုက်နာရန် ထုလုပ်ထားကြောင်း- စသည် အသောကမှတ်တမ်း၌

ရေးသားသည်ကို ထောက်ဆ၍ ၎င်းတိုင်းမှာ သာသနာတော်ဆက် မပျက်ဆီးဘဲ နောက်ခေတ်များသို့တိုင် ရောက်အောင် ထွန်းပြောင်လာခဲ့ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ဖာဟိုင်မှတ်တမ်း

ထိုနောက် ဗုဒ္ဓနိုင်ငံတော်သို့ လှည့်လည်တော်မူကြ၍ မှတ်တမ်းများ ရေးသားခဲ့သော တရုတ်ရဟန်းတော်ဖာဟိုင်သည်လည်း အိန္ဒိယအနောက်မြောက်ပိုင်းမှ **သူရသေနတိုင်း၊ မဓုရမြို့တော်**သို့ ဖြတ်ကျော်လာခဲ့ကြပြီးလျှင် ပဉ္စာလတိုင်း, ကုရုတိုင်းများသို့ ရောက်ကြောင်း၊ သို့ရာတွင် ဤတိုင်း၌ ဗုဒ္ဓဘာသာနှင့် စပ်လျဉ်း၍ မှတ်သားဖွယ်များ ရေးသားဖော်ပြလောက်အောင် မတွေ့ရသဖြင့် အထူးရေးသားဖော်ပြခြင်း မရှိကြောင်း မှတ်သားထား၏။

## ဝှင်သျှင် မှတ်တမ်း

၎င်းနောက် အိန္ဒိယတိုင်း ဗုဒ္ဓနိုင်ငံသို့ လှည့်လည်တော်မူသော တရုတ်ရဟန်းတော် ဝှင်သျှင်သည်လည်း ကုရုတိုင်း၊ ကုရုခေတ္တသို့ ရောက်၍ ဗုဒ္ဓဘာသာ အထိမ်းအမှတ်များ မှတ်သားလောက်အောင် မတွေ့ရဘဲ ၎င်းတိုင်း၌ ဆဋ္ဌာနေသျှရ **ဋ္ဌာနေသရ**-ဟု နောက်အခါ၌ ထင်ရှား၍ ရှေးအမည်အားဖြင့် နောက်က မဇ္ဈိမအပိုင်းအခြား၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း ဆထုဏ **ထုဏနိဂုံးမြို့**ငယ်သို့ ရောက်၍ ၎င်းအကြောင်းအရာများသာ အကျယ်ဖော်ပြ ရေးသားထားကြောင်း ၎င်းရဟန်းတော် မှတ်တမ်း၌ မှတ်သားထား၏။

✪ ✪ ✪ ✪ ✪

## ကုရုမြို့တော်သစ်

ကုရုတိုင်း မြို့တော်မှာ ရှေးနိပါတ်တော် အစဉ်အလာအရ ဣန္ဒပတ္ထဖြစ်၍ ၎င်း၌ ဟောကြားသော လက်ထက်တော်က သုတ္တန်များ ထင်ရှားမရှိသော်လည်း အိန္ဒိယမှတ်တမ်းများ၌ ၎င်းမြို့တော်မှာ ယမုနာမြစ်ကမ်း လက်ဝဲဘက်၌တည်ရှိ၍ အရှေ့ဘက် ပဉ္စာလတိုင်းနယ်နှင့် စပ်လျဉ်းတည်ရှိကြောင်း၊ နောက်ခေတ်၌ ၎င်းမြို့တော်ဟောင်းမှ ပြောင်းရွှေ့လျက် ယမုနာမြစ်ကမ်း လက်ယာဘက်၌ မြို့တော်သစ်ကို တည်ထောင်ကြကြောင်း၊ ၎င်းမှာ ဣန္ဒပတ္ထမြို့တော်သစ်ဟု မတွင်ဘဲ သာသနာတော် ၅၀၀-ကျော်က ထီးနန်းစိုက်ထူသော

ဒိလာမည်သော ဟိန္ဒီဘုရင်မင်းမြတ်၏ အမည်အားဖြင့် ဒိလ္လီပူရဟု တွင်လာခဲ့ကြောင်း အိန္ဒိယ ရာဇဝင်ကြီးတစ်စောင်၌ အခိုင်အမာ ရေးသားဖော်ပြ၏။

သို့ဖြစ်၍ ဒိလ္လီသို့မဟုတ် ဒေလီမြို့မှာ ဣန္ဒပတ္ထ-ဟူသော အမည်ဟောင်းမှ ဒေလီဟု ပြောင်းလာသည် မဟုတ်၊ နောက်တည်သော မြို့သစ်အမည်ဖြစ်ကြောင်း၊ မြို့ဟောင်းမှာ မထင်ရှားဘဲ ၎င်းအမည်ဖြင့် အနီးအနားမှာ အသီးအခြားရှိကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ကုရုတိုင်း နောက်ခေတ်

၎င်းပြင် နောက်ခေတ်များ၌ အိန္ဒိယနိုင်ငံကြီးသို့ အနောက်မြောက်နယ်များမှ မဟာမက် အယူဝါဒရှိကြသော ပါသီယန်ပထန်လူမျိုးများ ဝင်ရောက်၍ ဒေလီမြို့တော်၌ အခိုင်အမာ ခံတပ်ကြီးများ ဆောက်လုပ်ရပ်တန့်လျက် မဟာမက်နိုင်ငံ တည်ထောင်ပြုလုပ်ကာ ပသီဘုရင်အဆက်ဆက် အုပ်ချုပ်စိုးစံ၍ သာသနာ-၁၈၆၂(တစ်ထောင့်ရှစ်ရာခြောက်ဆယ့်နှစ်ခု)နှစ်လောက်မှာ ပထန်ဘုရင်များတန်ခိုးသည် အိန္ဒိယတစ်နိုင်လုံး လွှမ်းမိုးလာပြီးနောက် သာသနာတော်-၂၂၀၀(နှစ်ထောင့်နှစ်ရာ)ကျော်လောက်မှ ၎င်းမဟာမက် ဘာသာဝင် မဂိုလ်ဘုရင်များ၏ အာဏာအောက် တစ်ဖန်ရောက်ရှိပြန်၍ ၎င်းဒေလီကိုပင် မြို့တော်ပြုလုပ် အုပ်ချုပ်စိုးစံသောကြောင့် ၎င်းမြို့မှာ သာလွန်ထင်ရှားကြောင်း မှတ်သားအပ်၏။

ဤမျှဖြင့် ကုရုတိုင်းနှင့် မြို့တော်ဟောင်း, မြို့တော်သစ်များအပြင် မြတ်စွာဘုရား လက်ထက်တော်က ထင်ရှားသော မြို့များကို မှတ်သားနိုင်လောက်ပြီဖြစ်၍ ဤတိုင်း အကြောင်းအရာ ဤမျှသာ အဆုံးထားရပေသတည်း။

✪ ✪ ✪ ✪ ✪

## ပဉ္စာလတိုင်း

ပဉ္စာလတိုင်းသည်လည်း မြတ်စွာဘုရားလက်ထက်တော်က တိုင်းနိုင်ငံကြီးတစ်ခု အဖြစ်ဖြင့် လူနေအိမ်ခြေစည်ကား ဥစ္စာပစ္စည်းပေါများ ကြွယ်ဝပြည့်စုံ သာယာလှသော နိုင်ငံကြီးတစ်ခုအဖြစ် ထည့်သွင်းဟောကြားအပ်သော တိုင်းပြည်ကြီးဖြစ်သည့်အပြင် ရှေး ဇာတ်တော်, နိပါတ်တော် အစဉ်အလာအားဖြင့်လည်း ကြီးကျယ်ခမ်းနား စည်ပင်ထွန်းကား၍

ဘုန်းတန်ခိုးကြီးမားသော ဘုရင်မင်းကြီးများ အုပ်ချုပ်စိုးစံ၍ တစ်ထီးတစ်နန်း ထူထောင်လာခဲ့သော ကပ်ဦးနိုင်ငံကြီးဖြစ်ကြောင်း ထင်ရှားသည်မှာ--

အဌကနိပါတ်၊ စေတိယဇာတ်၌ ကပ်ဦးနိုင်ငံများအကြောင်း ရေးသားခဲ့သည့်အတိုင်း စေတိယမင်းကြီး၏ စတုတ္ထသားတော်သည် မြောက်တံခါးမှ ထွက်၍ မြောက်စူးစူးသို့ သွားကာ ရတနာ ၇-ပါး အတိပြီးသော ရထားဘီးနှင့် ပဥ္စရရထားအိမ်ကို တွေ့မြင်ရာ အရပ်၌ မင်္ဂလာယူကာ ပဥ္စရသဒ္ဒါကို အစွဲပြု၍ **ပဥ္စရမြို့တော်**-ဟု မှည့်ခေါ်သမုတ် တည်ထောင်ကြောင်း ဖွင့်ပြ၏။

၎င်းကပ်ဦးက တည်ထောင်ခဲ့သော မြို့တော်ကြီးသည် ကာလကြာမြင့်၍ သဒ္ဒါချို့ယွင်းလျက် ပဉ္စလ-ပဉ္စာလ-ဟု ခေါ်တွင်လာခဲ့သည့်အပြင် ၎င်းမြို့တော်ကို အစွဲပြုကာ တည်နေရာ တိုင်းနယ်ကိုလည်း **ပဉ္စာလတိုင်း**-ဟု တွင်လာခဲ့ကြောင်း၊ ၎င်းမှနောက် ပဉ္စာလတိုင်းကြီးများမှာ ၂-တိုင်း ကွဲပြားလာသဖြင့်-

- မြောက်ဘက်ခရိုင်ကို **ဥတ္တရပဉ္စာလ**၊ ၎င်းမှ ထောက်၍
- တောင်ဘက်ခရိုင်ကို **ဒက္ခိဏပဉ္စာလတိုင်း**-

ဟု ခေါ်ကြကြောင်း ရှေးဇာတ်တော်အလာကို ထောက်ဆ၍ ကောင်းစွာ မှတ်သားအပ်၏။ ဤပဉ္စာလ ၂-တိုင်းတို့အနက် အတ္ထုပ္ပတ်အားလျော်စွာ ဥတ္တရပဉ္စာလသာ များသောအားဖြင့် အတီတေ ဥတ္တရပဉ္စာလေ-ဟု ဇာတ်တော်များတွင် လာ၍ ဒက္ခိဏပဉ္စာလမှာ ဇာတ်တော်များ၌ မပါသလောက် နည်းပါးသော်လည်း ၎င်းမြောက်တိုင်းကို ဆိုသဖြင့် တောင်ဘက်တိုင်းကား အမှန်အားဖြင့် ရှိရမည်ဖြစ်ကြောင်း သိအပ်၏။

ဤပဉ္စာလတိုင်းမှာ ကပ်ဦးခါသမယက တည်ထောင်လာခဲ့ကြောင်း စေတိယဇာတ်၌ဆိုသော်လည်း မဟာဂေါဝိန္ဒပညာရှိ ခွဲဝေသော ၇-တိုင်း၌ကား မထင်ရှားဘဲ ၎င်းဥတ္တရပဉ္စာလနှင့် ဒက္ခိဏပဉ္စာလတို့ကား သောဝီရတိုင်း, ဝိဒေဟတိုင်း ၂-တိုင်းသို့ တစ်ပိုင်းစီ ပါဝင်သွားကြောင်း မှတ်သားအပ်၏။ သို့ရာတွင် ၎င်းပဉ္စာလဟူသော အမည်သည် ပျောက်ကွယ်တိမ်မြုပ်၍ မသွားဘဲ အစဉ်အဆက် တွင်လျက်ပင်ရှိသေး၍ မြတ်စွာဘုရားလက်ထက်တော်ကျအောင်ပင် ထင်ရှားကျော်ကြားလျက် စည်ကားဝပြောသော တိုင်းနိုင်ငံကြီးတစ်ခုအဖြစ်ဖြင့် ဆက်စပ်လျက် ကုရုနှံ ပဉ္စာလာနံ-ဟု တွဲဖက်ဟောကြားတော်မူကြောင်း မှတ်သားအပ်၏။

အထက်ပါ ဇာတ်တော်အရ ပဥ္စရသဒ္ဒါကို စွဲကာ ရွေ့လျောလာသဖြင့် ပဉ္စာလဖြစ်လာကြောင်း ရေးသားရာ ၎င်းသဒ္ဒါအတိုင်း ၎င်းတိုင်းမှာ ဂင်္ဂါနှင့် ယမုနာမြစ် ၂-ခုကြား

ချိုင့်အလားသို့ တည်ရှိ၍ ၎င်းပဥ္စရသဒ္ဒါမှာ ချိုင့်အဝှမ်း ကိုလည်း ဟောသောကြောင့် ပဥ္စရ→ပဥ္စလ→ပဥ္စာလ-ဟု ပြောင်းလဲကြောင်း ယူဆလျှင် ယခုအခြေနှင့်သာ၍ပင် ကိုက်ညီလျက် နေရာနှင့် သာ၍ပင် သင့်တော်၏။ ၎င်းပြင် ဇာတ်အဋ္ဌကထာများ၌ ကပိလ→ကပ္ပိလတိုင်း၊ ဥတ္တရပဉ္စာလမြို့တော်ဟု တိုင်းနှင့်ပြည် ပြန်လည်လျက် ရှိနေသော်လည်း ဟောကြားတော်မူသော သောဠသရဋ္ဌမှာ တိုင်းနိုင်ငံကို ဆိုလိုသဖြင့် ကုရုနှင့် ပဉ္စာလမှာ တိုင်း၏အမည်ဖြစ်ကြောင်း ၎င်းဇာတ်ပါဠိတော်တို့၌လည်း များသောအားဖြင့် "ပဉ္စာလာနံ အဓိပတိရာဇာ- ပဉ္စာလတိုင်းမျူး မင်းမြတ်"ဟု လာသည်နှင့်အညီ တိုင်းဖြစ်ကြောင်း မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## ပဉ္စာလတိုင်း ဇာတ်တော်များ

၎င်းပဉ္စာလတိုင်း၊ ကမ္ပိလမြို့တော်၌ ဟောတော်မူအပ်သော ဇာတ်နိပါတ်တော်များမှာ---

- စတုက္ကနိပါတ်၊ ဗြဟ္မဒတ္တဇာတ်
- ဝီသတိနိပါတ်၊ **သတ္တိကုမ္ဘဇာတ်**
- ဝီသတိနိပါတ်၊ **စိတ္တသမ္ဘူလဇာတ်**
- တိံသနိပါတ်၊ **ဂန္ဓတိန္ဒုကဇာတ်**-

စသည်တို့ ဖြစ်ကြ၍ အထူးအားဖြင့် မဟောသဓပဏ္ဍိတဇာတ်၌ ဥတ္တရပဉ္စာလတိုင်းရှင် ဘုရင်စူဠနီဗြဟ္မဒတ်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရသည့်အဆုံး၌ ဘုရားလောင်းပညာရှိ မဟောသဓာ၏ အစွမ်းအားဖြင့် အောင်မြင်ပြီးလျှင် ၎င်း၏သမီးတော် ပဉ္စာလစန္ဒီမင်းသမီးကလေးနှင့် ဝိဒေဟရာဇ်မင်းကြီးတို့ အဆန်းတကြယ် တင့်တယ်ခမ်းနားစွာ ပြုလုပ်စီမံထားသော ဥမင်ကြီးအတွင်း၌ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားတော်မူသဖြင့် ၎င်း ၂-တိုင်း ၂-ပြည် ညီညွတ်ပြေငြိမ်း ချမ်းသာကြကြောင်း၊ ၎င်းပြင် ဝိဒေဟတိုင်းမှ ဥတ္တရပဉ္စာလတိုင်းမှာ ယူဇနာ ၁၀၀-ကွာဝေးကြောင်း ၎င်းဇာတ်အဋ္ဌကထာ၌ ဖွင့်ပြသဖြင့် ထင်ရှား၏။

၎င်းပြင် သကတကျမ်းဂန်တို့၌လည်း များစွာထင်ရှားကျော်ကြားသော တိုင်းနိုင်ငံတစ်ခုဖြစ်၍ ၎င်းနှင့်စပ်သော အတ္ထုပ္ပတ်များစွာရှိသော်လည်း အထူးရေးသားရန် မလိုဘဲ ဗုဒ္ဓအယူဝါဒအားလျော်စွာ ဖြစ်ပျက်သော အခြင်းအရာကိုမျှသာ ရေးသားဖော်ပြဖို့ လိုအပ်သောကြောင့် ဇာတ်နိပါတ်တော်ခေတ်မှ အဖြစ်အပျက် အမြွက်မျှ ရေးသားခဲ့ရပေသည်။

ဧင်းတိုင်းမှာ ဒေသနာအားဖြင့် အကြောင်းအတ္ထုပ္ပတ်များ ထင်ရှားမရှိသောကြောင့် ဟောကြားတော်မူသော သုတ္တန်များ မထင်ရှားသည့်အပြင် ပညတ်တော်မူအပ်သော သိက္ခာပုဒ်များလည်း ထင်ရှားမရှိသောကြောင့် သိက္ခာပုဒ်ပညတ်တော်မူရာ ၇-တိုင်းမှာလည်း မပါဝင် မထင်ရှားကုန်။ သို့ရာတွင် မြတ်စွာဘုရားသည် ဧင်းတိုင်းနှင့် စပ်လျက် တည်ရှိသော ကုရုတိုင်း, သူရသေနတိုင်းတို့သို့ပင် အစဉ်သဖြင့် ခရီးဒေသစာရီ ကြွချီတော်မူသည်ဖြစ်၍ ဤပဉ္စာလတိုင်း(သို့/၌)လည်း တိုင်းနယ်မြို့များ(တို့/သို့) ရောက်တော်မူသည်ကို ထောက်ထားသဖြင့် မဟာမဏ္ဍလခရီးစဉ်တွင် ပါဝင်သည့်အကြောင်း မှတ်ယူအပ်၏။

## တိုင်းနယ် မြို့များ

ဤတိုင်းလည်း မြတ်စွာဘုရားလက်ထက်တော်နှင့် ရှေးခေတ်ဟောင်းများ၌ ထင်ရှားသော တိုင်းကြီးဖြစ်သည့်အတိုင်း များစွာသော မြို့, ရွာ, နိဂုံးများဖြင့် တန်ဆာဆင်မည်ကား ယုံမှားမဲ့ မှတ်ယူအပ်သော်လည်း အကြောင်းအားလျော်စွာ ဒေသနာတော်အရသာ ဖော်ပြနိုင်မည်ဖြစ်၍ ဧင်းနယ်တွင် ဒေသနာတော်ထောက်ထားသဖြင့် ထင်ရှားသောမြို့တို့မှာ-

၁။ **သက်ဿမြို့**

၂။ **ကန္နကုဇ္ဇမြို့**

၃။ **သောရေယျမြို့**-

စသော မြို့တို့ဖြစ်ကြောင်း မှတ်သားအပ်၏။

## သက်ဿ

ဧင်းမြို့ကား အထူးအားဖြင့် မြတ်စွာဘုရား တာဝတိံသာမှ နတ်အများတို့အား နက်နဲ ခဲခက် သိမ်မွေ့ထူးမြတ်သော အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်း ၃-လပတ်လုံး ဟောကြားတော်မူပြီး ဆင်းသက်တော်မူရာဌာန မြို့ရွာဒေသဖြစ်၍ သာသနာတော်၌ အထိမ်းအမှတ် တစ်ခုပြုလုပ်လောက်အောင် ထင်ရှားသော နေရာတော်တည်ရှိသော မြို့ဖြစ်လေသည်။ ဧင်းမြို့မှာ သာဝတ္ထိမှ ယူဇနာ ၃၀-ကွာဝေးကြောင်း၊ ဧင်းမှ သက်ဿသို့ မြတ်စွာဘုရား၏ အတုမရှိ မနှိုင်းယှဉ်အပ်သော အသရေတော်ဖြင့် တာဝတိံသာနတ်ပြည်မှ ကြွလာတော်မူခြင်းကို မြော်လင့်ဆိုင်းငံ့နေကြသော ၁၂-ယူဇနာရှိ ပရိသတ်ထုကြီးသည် တန်ခိုးတော်အားဖြင့် စားရေရိက္ခာ အကုန်အကျမရှိဘဲ ရောက်ကြကြောင်း- စသည်ဖြင့် ဓမ္မပဒ အဋ္ဌကထာ၊ ယမကပါဋိဟာရိယဝတ္ထု၌ အကျယ်လာသည်ကို ထောက်ဆ၍ ဧင်းမြို့မှာ

ကောသလတိုင်းနယ်ခြား ဂင်္ဂါမြစ်ကမ်းနှင့် အလွန်မဝေးကွာလှသော ဌာန၌ တည်ရှိကြောင်း မှတ်သားအပ်၏။

## ဇင်းတိုင်း မှတ်တမ်းများ

ဇင်းပြင် ဤမြို့နှင့်စပ်လျဉ်း၍ တရုတ်ရဟန်းတော် **ဝှင်သျှင်**၏ မှတ်တမ်းခရီးစဉ်မှာ သူသည် ပိလေသနမှ လီ ၂၀၀-ခန့် သွားသောအခါ ဆံကိဆ-သံကိသ သို့မဟုတ် **သင်္ကဿ** မြို့တော်သို့ ရောက်၍ ဇင်းမြို့၌ မြတ်စွာဘုရား တာဝတိံသာမှ ဆင်းသက်တော်မူရာ စောင်း တန်းတော် ၃-ခု နေရာများ ထင်ရှားရှိသေးသည့်အပြင် ကျောင်းတိုက်ကြီးနှင့် အထောင်မက သော သံဃာတော်များ သီတင်းသုံးလျက် ရှိသေးကြောင်း၊ မြို့အကျယ်အဝန်းမှာ လီပေါင်း ၃၂၀-လောက် ကျယ်ဝန်း၍ နယ်ပယ်အကျယ်အဝန်းမှာလည်း လီပေါင်း၂၀၀၀-ခန့် ရှိကြောင်း၊ နယ်နိမိတ် အပိုင်းအခြားမှာ တောင်မြောက်အားဖြင့် ဂင်္ဂါနှင့် ယမုနာမြစ်များဖြင့် ပိုင်းခြား၍ အရှေ့အနောက်မှာ ပိလောသနနှင့် ကန္နောဇ္ဇနယ်များဖြင့် ပိုင်းခြားသတ်မှတ် ကြောင်း အကျယ်ရေးသား၏။

ထိုမှတပါး တရုတ်ရဟန်းတော်များသည် သင်္ကဿသို့ ရောက်စဉ် မြတ်စွာဘုရား တာဝတိံမှ ဆင်းသက်တော်မူရာ စောင်းတန်းတော်၌ အသောကမင်းတရားကြီးသည် ကြွင်းကျန်နေသော လှေကား ၇-ဆင့်ကို ဖုံးအုပ်လျက် ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်ပြီးလျှင် ဇင်းကျောင်းတိုက်ကြီး၏ အနောက်ဘက်တွင် **ခြင်္သေ့ရုပ် အထွဋ် တင်သော ကျောက်တိုင်ကြီးတစ်ခု**အပြင် များစွာသော အထိမ်းအမှတ် စေတီတော်များလည်း ရှိသေးကြောင်း၊ မြို့၏အခြေအနေမှာလည်း လူနေအိမ်ခြေ စည်ကားလျက် ရှိသေးကြောင်း များလည်း ဖော်ပြရေးသား၏။

## ကန္နကုဇ္ဇ၊ ကန္နောဇ္ဇ

ဤမြို့သည် မြတ်စွာဘုရား ဝေရဉ္စာမှ ဝေသာလီသို့ ကြွတော်မူသော ခရီးစဉ်၌ လမ်းစခန်းပင် ဖြစ်သော်လည်း သောရေယျ, သင်္ကဿ, ကန္နောဇ္ဇမြို့များသို့ အကြောင်းအခွင့် မရှိသည်အားလျော်စွာ ဝင်တော်မမူဘဲ ပယာဂဆိပ်ကမ်းသို့ ကြွတော်မူကြောင်း လာရှိသဖြင့် ဂင်္ဂါမြစ်ဝှမ်း ပဉ္စာလတိုင်းနယ်အတွင်း တည်ရှိသော မြို့ဖြစ်ကြောင်း မှတ်သားအပ်၏။ သို့ရာ တွင် ဤကန္နကုဇ္ဇ၌ မည်သည့်အခါ မည်သည့်သုတ်, ဝိနည်း ဟောကြားပညတ်တော်မူ ကြောင်း အထောက်အထား အကိုးအကား ပါဠိတော်အားဖြင့် ထင်ရှားမရှိသော်လည်း

တရုတ်ရဟန်းတော်ဝှင်သျှင်၏ မှတ်တမ်း၌ကား ကန္နောဇ္ဇမြို့သည် သာသနာနှင့်စပ်သော များစွာသော ဗဟုသုတများအပြင် များစွာသော အထိမ်းအမှတ်များလည်းရှိကြောင်း မှတ်သားခဲ့လေသည်။

## ဝှင်သျှင် မှတ်တမ်း

ရဟန်းတော်ဝှင်သျှင်သည် သင်္ကဿမြို့မှ အရှေ့တောင် ၇-ယူဇနာ ဆက်လက်သွားသောအခါ ကန္နောဂျ်→ကန္နောက်ဇ→ကန္နကုဇ္ဇမြို့သို့ ရောက်၍ ၎င်းမြို့မှာလည်း ဟီနယာန ထေရဝါဒဂိုဏ်းသား ရဟန်းတော်များ သီတင်းသုံးတော်မူရာ ကျောင်းတိုက်ကြီး ၂-တိုက် ရှိ၍ ၎င်းမြို့အနောက်ဘက် ၇-လီလောက်အကွာတွင် မြတ်စွာဘုရား တပည့်သာဝကတို့အား လက္ခဏာရေး ၃-ပါးကို ဟောကြားတော်မူရာ၌ စေတီတော်ကြီးတစ်ဆူကို ဖူးမျှော်ရကြောင်း၊ ၎င်းမှ ဂင်္ဂါမြစ်ကို ကူးလျက် တောင်ဘက် ၃-ယူဇနာ ဆက်လက်သွားသောအခါ ဘုရားရှင် တရားဟောတော်မူသော နေရာ, စင်္ကြံကြွတော်မူသော နေရာ, ကမ္မဋ္ဌာန်းသုံးသပ် သမာပတ်ဝင်စားတော်မူသော နေရာအသီးသီးတို့၌ စေတီတော်များ တည်ထားကိုးကွယ်ကြသည်ကိုလည်း ဖူးမျှော်ရကြောင်း၊ ရေးမှတ်ထားသည်ကို ထောက်ဆလျှင် သာသနာတော်နှစ် ၁၀၀၀-ကျော်အောင်ပင် ဗုဒ္ဓဘာသာတရားတော်မြတ် တည်ထွန်းပြန့်ပွါး ထွန်းကားစွာရှိကြောင်း၊ ၎င်းအရ လက်ထက်တော်က တရားတော် ဟောကြားရာဌာနစသည် ထောက်ဆ၍ ဘုရားရှင်လည်း ဒေသစာရီ ကြွချီတော်မူကာ ဒေသနာတော် အမြိုက် တိုက်ကျွေးတော်မူခဲ့သော မြို့နယ်ဖြစ်ကြောင်း မှတ်သားအပ်၏။

## သောရေယျမြို့

ဤမြို့လည်း ဝေရဉ္ဇာမှ ကြွတော်မူရာ ခရီးစဉ်တွင်---

"အနုပဂ္ဂမ္မ သောရေယျံ၊ သင်္ကဿံ ကန္နကုဇ္ဇံ"။-

ဟု ဟောကြားရာ ရှေးဦးစွာ ရောက်သောမြို့ဖြစ်၍ ဤဥတ္တရပဉ္စာလတွင် ပါဝင်၍ ၎င်း၌ ဟောကြားတော်မူသော သုတ္တန်များနှင့် ပညတ်တော်မူသော သိက္ခာပုဒ်များ မထင်ရှားသော်လည်း ဓမ္မပဒလာ သောရေယျဝတ္ထုအားဖြင့် ထင်ရှားသည်မှာ---

၎င်းမြို့သည် မြစ်နှင့် မနီးမဝေးမှာ တည်ရှိ၍ သောရေယျသူဌေးသား မြစ်သို့ ရေချိုးဆင်းအလာ ဆွမ်းခံဝင်လာသော **အရှင်မဟာကစ္စည်းမထေရ်**၏ အဆင်းသဏ္ဌာန် တပ်မက်

မြစ်မှား၍ ပုရိသလိင် ကွယ်သွားလျှင် ရှက်နိုးသဖြင့် ယာဉ်ထက်မှ ဆင်းသက်ထွက်ပြေးသွားရာ တက္ကသိုလ်မြို့သို့ ရောက်သွားပြီး သူဌေးသားတစ်ဦးနှင့် ပေါင်းဖက်ကာ သား ၂-ယောက်ရခါမှ ၎င်းသောရေယျမြို့သား သူဌေးသားတစ်ယောက် တက္ကသိုလ်သို့ ရောက်ခိုက်ကြုံ၍ အကြောင်းစုံသိရသဖြင့် မထေရ်လည်း ၎င်းမြို့ထဲ၌ပင် ရှိနေကာ မထေရ်ဖိတ်မံဆွမ်းကျွေး ဝန်ချကန်တော့တောင်းပန်လျှင် ပကတိလိင်သို့ ရောက်၍ မထေရ်ထံမှောက် ရဟန်း ပြုပြီး သာဝတ္ထိသို့ လိုက်သွား တရားအားထုတ်သဖြင့် ရဟန္တာဖြစ်ကြောင်း ထင်ရှားစွာလာ၏။

## မှတ်တမ်းများ

၎င်းမြို့အကြောင်းနှင့်စပ်၍ တရုတ်ရဟန်းတော်များ ခရီးစဉ်၌ ထင်ရှားအောင် ရေးသားဖော်ပြခြင်း မရှိသော်လည်း အိန္ဒိယရှေးဟောင်း ပထဝီဝင်ကျမ်းကြီး ရေးသားသော ဆာကာနင်ဂဟန် ဆုံးဖြတ်မှတ်သားချက်အရ ၎င်းမြို့မှာ ယခုအခါ **ဆောရွန် သောရောန်** ခေါ်သော မြို့ဟောင်းတစ်ခုဖြစ်သင့်သည့်အပြင် ၎င်းမှာ ပါဠိဘာသာအားဖြင့် **သောရေဏ** ဖြစ်သင့်၍ ၎င်းမှာ **သောရေယျ**မှ ပြောင်းလဲလာသော အမည်ဖြစ်နိုင်ကြောင်း မှတ်ယူနိုင်၏။ ၎င်းမှတပါး ပိုမိုရေးသားဖွယ် မရှိသည့်ပြင် တရုတ်ရဟန်းတော်တို့၏ ခရီးစဉ်၌လည်း အထူးဖော်ပြခြင်းမရှိသဖြင့် သာသနာနှင့်စပ်သော အဖြစ်အပျက်များ ရေးသားဖွယ်မရှိ၍ ဤမျှတွင် အဆုံးသတ်အပ်ပေသည်။

## ဥတ္တရပဉ္စာလ အပိုင်းအခြားမှတ်တမ်းများ

၎င်းတိုင်းနှင့်စပ်သော ရာဇဝင်နှင့် ရှေးဟောင်းပထဝီဝင် မှတ်တမ်းများအရ ဥတ္တရပဉ္စာလမှာ ဂင်္ဂါမြစ်မှ မြောက်ဘက် တောင်ခြေအတွင်း၌ တည်ရှိသော နယ်ပယ်များဖြစ်ကြကြောင်း၊ ၎င်းမြို့တော်မှာ **အဟိဆတြ**ဖြစ်ကြောင်း၊ ၎င်း၌ ခံတပ်ဟောင်းကြီးများနှင့် မြို့ရိုးကြီးများ တွေ့ရကြောင်း၊ တွေ့ရှိရသည့်ပြင် တရုတ်ရဟန်းတော် **ဝှင်သျှင်**၏ မှတ်တမ်း၌လည်း သူသည် မြို့တော်သို့ရောက်၍ ၎င်းမြို့၏ ပြင်ဘက်၌ **နာဂ-ဟရဒ** ခေါ် နဂါးကန်ကြီးတစ်ခု တည်ရှိ၍ ၎င်းကန်ကြီးအနီး၌ နဂါးကြီးတောင်းပန်ချက်အရ မြတ်စွာဘုရားသည် ၇-ရက်တိုင်တိုင် တရားဟောကြားတော်မူ၍ ၎င်းနေရာတော်၌ **ဆတြစေတီတော်**တစ်ဆူ အသောကဘုရင်မင်းမြတ် တည်တော်မူကြောင်း၊ အဓိပ္ပါယ်မှာ မြတ်စွာဘုရား တရားဟောတော်မူသော နေရာ၌ နဂါးကြီးသည် နေမပူအောင် ပါးပျဉ်းဖြင့် ထီးကဲ့သို့ ဖြန့်မိုးလျက်နေသော နေရာဖြစ်၍ **အဟိ=မြွေနဂါး၊ ဆတြ=ထီး**ဟု အဓိပ္ပါယ်ရှိကြောင်း မှတ်သားအပ်၏။

ၚင်း၏မှတ်ချက်အရ မြို့တော်မှာ ၁၇-လီ, ၁၈-လီခန့် အဝန်းအဝိုင်းကျယ်၍ ကျောင်းတိုက်ကြီး ၁၂-တိုက် ရှိသည့်အပြင် ၚင်းကျောင်းတိုက်ကြီးများ၌ ရဟန်းတော်ပေါင်း ၁၀၀၀-ကျော်မျှ သီတင်းသုံးတော်မူကြောင်း၊ ထိုမှတပါး ဗြာဟ္မဏအယူဝါဒ ရှိသူများ ၃၀၀-လောက်ရှိ၍ ဟိန္ဒူဘုရားကျောင်းများလည်း ၉-ကျောင်းလောက် တွေ့ရကြောင်း၊ ၚင်း၏ နယ်ပယ်အကျယ်အဝန်းမှာ လီပေါင်း ၃၀၀၀-ကျော်မျှလောက် ရှိ၍ ၚင်းတိုင်း အပိုင်းအခြားမှာ မြောက်ဘက် တောင်ခြေနှင့် တောင်ဘက် ဂင်္ဂါမြစ်အတွင်းမှာ တည်ရှိကြောင်းများလည်း မှတ်သားအပ်၏။

ၚင်းပြင် အဟိဆတြမှာ ပိဋကတ်ကျမ်းဂန်တို့၌ မတွေ့ရှိ၍ မထင်ရှားသော်လည်း အမည်နာမမှာ ပြောင်းရွှေ့နိုင်သည့်ပြင် နေရာဌာနမှာလည်း အတည်အမြဲ မရှိနိုင်သော ကြောင့် ရှေးကမြို့တော် ကပိလကိုပင် နေရာသစ်တစ်ခု ရွှေ့ပြောင်းလျက် အမည်သစ် မှည့်ခေါ် သမုတ်ပြီးလျှင် ရှေးကလည်း နေရာအထိမ်းအမှတ် ရှိသည်အားလျော်စွာ အဟိ-ဆတြခေါ် အရပ်မှာ မြို့သစ်, နန်းသစ်တည်ထောင် စိုက်ထူလျက် ပဉ္စာလမြို့သစ် တည် ဆောက်နိုင်ကြောင်း မှတ်ယူနိုင်၏။

## ပဉ္စာလ တိုင်းနယ် ရွာများ

ၚင်းတိုင်းသည် မြတ်စွာဘုရားလက်ထက်တော်က ဘုရင်တစ်ပါး အုပ်ချုပ်သော တိုင်းနယ် မဟုတ်စေကာမူ ကြွယ်ဝချမ်းသာသော တိုင်းကြီးအဖြစ် မြတ်စွာဘုရား ဟော ကြားတော်မူသောကြောင့် ၚင်းတိုင်းနယ်၌ မြို့, ရွာ, နိဂုံးများရှိမည်ကား မမှားနိုင်သော်လည်း ဒေသနာအတ္ထုပ္ပတ် ဖြစ်ပွါးခြင်းမရှိ၍ ဟောကြားတော်မူသော သုတ္တန်ဓမ္မနှင့် ပညတ်တော် မူရန် ဝတ္ထုနှင့်ဇာမ္ဗူကိစ္စ မရှိသဖြင့်သာ ဝိနည်းသိက္ခာပုဒ်မရှိခြင်းကြောင့် ၚင်းတိုင်းနယ်တို့၌ ရှိသော မြို့များ, အချို့ရွာများ, နိဂုံးများ သာသနိကကျမ်းဂန်တို့၌ မထင်ရှားကုန်။

## တိုင်းနယ် အပိုင်းအခြား

ၚင်းတိုင်းကြီးမှာ မြတ်စွာဘုရားလက်ထက်တော်က ဘုရင်တစ်ပါးအုပ်ချုပ်စိုးစံ သော နိုင်ငံပင်မဟုတ်သော်လည်း အခြားတိုင်းကြီးများနည်းတူ တိုင်းနယ် အကျယ်အဝန်းရှိ ကြောင်း မှတ်ယူအပ်သည့်ပြင် နယ်နိမိတ် အမှတ်အသားတို့ဖြင့် တိုင်းနယ်ပိုင်းခြားအပ်သည် ဖြစ်၍ ၚင်းတို့မှာ------- မြောက်ဘက် ဟိမဝန္တာတောင်ခြေဖြင့် ပိုင်းခြား၍

တောင်ဘက်မှာ ယမုနာမြစ်ကမ်း **သူရသေနတိုင်းဖြင့်**
အနောက်ဘက် **ကုရုတိုင်းနှင့်စပ်သော** နယ်ပယ်ဖြင့်
အရှေ့ဘက် **ကောသလတိုင်းဖြင့်** စပ်လျက်တည်ရှိကြောင်း၊

ရှေးဇာတ်တော်ခေတ်က ဥတ္တရပဉ္စာလရှိ၍ ဒက္ခိဏပဉ္စာလရှိကြောင်း သိအပ်သော်လည်း မြတ်စွာဘုရားလက်ထက်တော်က ပဉ္စာလတိုင်းဟု သာမညလာကြောင်း မှတ်သားအပ်၏။

ဤမျှဖြင့် ပဉ္စာလတိုင်းနယ်၌ သာသနာတော်ထွန်းကားခဲ့ကြောင်း ဆိုခဲ့ပြီးသော မှတ်တမ်းများအရ ထင်ရှားသဖြင့် ဤတိုင်းနယ်အကြောင်းအရာ ဤတွင်နိဂုံးသတ်အပ်ပေသတည်း။

## မစ္ဆတိုင်းအကြောင်း

မစ္ဆတိုင်းမှာ မြတ်စွာဘုရားလက်ထက်တော်က ဝပြောစည်ကားသော တိုင်းကြီး ၁၆-ခြောက်တိုင်းတွင် ပါဝင်လျက် မဇ္ဈိမဒေသ တိုင်းနိုင်ငံများအနက် အနောက်တောင်ပိုင်း၌ တည်ရှိသော နိုင်ငံတစ်ခုဖြစ်သဖြင့် အစဉ်အတိုင်း အစုံထား၍ ဟောကြားတော်မူရာ **အရေအတွက်အားဖြင့် ၁၁-ခုမြောက်, အစုံအားဖြင့် ၆-ခုမြောက် နိုင်ငံကြီးဖြစ်**၏။ ၎င်းပြင် မြတ်စွာဘုရားလက်ထက်မတိုင်မီ ရှေးဇာတ်တော်, နိပါတ်တော်ခေတ်ကလည်း ၎င်းတိုင်းနိုင်ငံ၌ ဘုရင်သီးခြား အုပ်ချုပ်စိုးစံလျက် တစ်ထီးတစ်နန်း စိုက်ထူလာခဲ့သော နိုင်ငံကြီးတစ်ခုဖြစ်ကြောင်း ၎င်းဇာတ်တော်၌ လာသော စကားတို့ဖြင့် ထင်ရှား၏။

၎င်းမစ္ဆတိုင်း၌ ဟောကြားတော်မူအပ်သော ဇာတ်နိပါတ် သီးခြားမရှိငြားသော်လည်း ထင်ရှားခိုင်မာသော ဝီသတိနိပါတ်၊ မာတင်္ဂဇာတ်။ စတ္တာလီသနိပါတ်၊ **သရဘင်္ဂဇာတ်**များ၌ ထင်ရှားစွာ ဖွင့်ပြသည်မှာ---

ဘုရားအလောင်းတော် မာတင်္ဂသည် ကုသိုလ်မေ့ခိုက် အကုသိုလ် အခွင့်နှင့်ကြုံကြိုက်၍ ဒွန်းစဏ္ဍားဘဝ၌ ဖြစ်ရသော်လည်း အယူသည်း၍ မာနကြီးလှသော ဗာရာဏသီမြို့သူ ဒိဋ္ဌမင်္ဂလိကာသူဌေးသမီးကို မရမနေဟူသော မလျှော့တန်းအဓိဋ္ဌာန် စွဲမြဲချက်အားဖြင့် အားထုတ်ကြိုးစား ရရှိအောင်မြင်ပြီးနောက် အမျိုးဇာတ်ကို မဖျက်ဘဲ ကောင်းစွာစောင့်ရှောက်လျက် ထားပြီးလျှင် ပြဟ္မာကြီးအသွင်ဖြင့် တစ်မြို့လုံး ကြေညာလျက် ၎င်းဒိဋ္ဌမင်္ဂလိကာအား သားဆုပေးသဖြင့် ၎င်းသူဌေးသမီးမှာ **မဏ္ဍဗျ**ဟူသော သားကောင်းရတနာ ၁-ပါး ဖွားမြင်လေ၏။

ဤမဏ္ဍဗျသတို့သားကလေးမှာ အချိန်အရွယ်ရောက်၍ အရည်အဆင်း အလွန့်အလွန် လှပတင့်တယ်ခြင်းဖြင့် အလွန်မာနခက်ထန်သူ တစ်ယောက်ဖြစ်သည့်အတိုင်း ဗာရာဏသီမြို့လုံးကျွတ် ပုဏ္ဏားတို့အား အလှူကြီးပေးလှူသောအခါ အလောင်းတော် မာတင်္ဂရသေ့ကြီးလည်း လာရောက်အလှူခံသည်ကို မာနအလွန် ဖိစီးလျက် မထီမဲ့အားဖြင့်---

ကုတော နု အာဂစ္ဆသိ ဒုမ္မဝါသီ။
ဩတလ္လကော ပံသုပိသာ စ ကော၀။
သင်္ကာရစောဠံ ပဋိမုဉ္စ ကဏ္ဌေ။
ကော ရေ တုဝံ ဟောသိ အဒက္ခိဏေယျော။ ။(ဇာ၊ ၄၊ ၄။ ၃၈၀)

"ဟဲ့ လူယုတ်မာ၊ ဘယ်က လာသည်။
ညစ်ညမ်း ဆိုးယုတ်၊ မြေဖုတ် တရထည်။
အဝတ်စုတ်ကောက်၊ လည်ကို ရောက်သည်။
သင်သို့ သူ၊ အလှူ မထိုက်သည်"။

စသည်ဖြင့် ဆဲရေး ငေါက်ငန်း လွှတ်လိုက်လေ၏။

ထိုအခါ အလောင်းတော် မာတင်္ဂအတွက် နတ်အများ စိတ်ဆိုးကြ၍ ၎င်းမဏ္ဍဗျသတို့သားနှင့် အတူတကွ လာရောက်ကြသော ပုဏ္ဏားအားလုံးတို့ကို ထိုးသတ်ရိုက်ပုတ်မူးမေ့စေလျက် မလှုပ်မယှက် နေကြသောအခါ ဒိဋ္ဌမင်္ဂလိကာသည် ထိတ်လန့်တုန်လှုပ်လျက် ရုတ်တရက် လာ၍ အကြောင်းအရာ မေးမြန်းလေလျှင် အရှင်ရသေ့မာတင်္ဂလာကြောင်း သိရသဖြင့် အရှင်ရသေ့ကြီးထံသို့ သွားရောက်ဝန်ချကာ ဖြေတော်မူပါရန် တောင်းပန်သောကြောင့် ဇာတိမာန် ခက်ထန်လှသော ပုဏ္ဏားတို့အား လုပ်ဆေးရေကို ပေး၍ ရေအိုးကြီးတွင် ထည့်၍ မွှေနှောက်ပြီး ရေတစ်ပေါက်စီ မူးမေ့နေသော မဏ္ဍဗျသတို့သားနှင့် ပုဏ္ဏားတို့၏ ခံတွင်းထဲသို့ထည့်မှ အားလုံး အမူးပြေကြလေကုန်၏။

၎င်းတို့မှာ ဇာတ်အယူဝါဒ စွဲမြဲကြသည့်အတိုင်း အမူးမော်ပြေ၍ ဒွန်းစဏ္ဍားလုပ်ဆေးရေ သောက်မိကြကြောင်း သိရသောအခါ "ငါတို့မှာ မြင့်မြတ်သည့် ဗြာဟ္မဏဇာတ်မှ ပျက်ဆီးကြကုန်ပြီ"ဟု အယူရှိကြသဖြင့် ရှက်နိုးကြကာ ဗာရာဏသီမှ ဤမစ္ဆတိုင်းသို့ ထွက်ပြေးလာကြပြီး ဘုရင်မင်းမြတ်ထံ ဝင်ရောက် ခစားနေကြကုန်၏။ ထိုအခါက ဤတိုင်း၏မြို့တော်မှာ ဝေတ္တဝတီအမည်ရှိ၍ ၎င်း၏အနီး ဝေတ္တဝတီမြစ်ကမ်း၌ နေကြသော ဇာတိမန္တရသေ့တို့ကိုလည်း ဇာတ်အယူသည်းခြင်းမှ အလောင်းတော်မာတင်္ဂ သွားရောက်နှိမ်နင်း

သောအခါ ဟရာဏသီမှ ထွက်ပြေးလာကြသော ပုဏ္ဏားတို့သိကြ၍ ဘုရင့်ထံ ဝင်ရောက် ကုန်းချောပြောဆိုလျှောက်ထားသော စကားကို မစဉ်းစားဘဲ ယုံကြည်သဖြင့် ဘုရင့်အာဏာ အရ ချောင်းမြောင်းသတ်ဖြတ်ခြင်းခံရ၍ အလောင်းတော်မာတင်္ဂသည် ဤတိုင်းမှာ ခန္ဓာတော်စွန့်ရပြီး တိုင်းကြီးလည်း သူတော်ကောင်းပြစ်မှားခြင်းကြောင့် ပျက်ပြားရလေ၏။

ဆိုအပ်ခဲ့ပြီးသော ဇာတ်တော်အရ ဟရာဏသီမှ ထွက်ပြေးလာကြသော ပုဏ္ဏားတို့ သည် ဝံသတိုင်း, သူရသေနတိုင်းတို့ကို ဖြတ်ကျော်လာကြ၍ ဤမစ္ဆတိုင်းသို့ ရောက်လာကြ ကြောင်း၊ ထိုစဉ်အခါက ဤတိုင်းကြီးလည်း တစ်ထီးတစ်နန်းထူလျက် ဘုရင်တစ်ဆူ စိုးစံ သော တိုင်းနိုင်ငံကြီးဖြစ်၍ ၎င်း၏မြို့တော်မှာ ဝေတ္တဝတီအမည်ရှိကြောင်း လာသဖြင့် ဤတိုင်းနိုင်ငံကြီးမှာ ရှေးအစဉ်အလာကပင် ထင်ရှားသော တိုင်းကြီးဖြစ်သည်ကား ထင်ရှား ၏။

ထိုမှတပါးလည်း ဤတိုင်းသည် စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်၌ ထင်ရှားသည် မှာ **သရဘင်္ဂဆရာကြီး** တောထွက်တော်မူ၍ ဇမ္ဗူမဆန့် ပြန့်နှံ့ကျော်ကြားသဖြင့် လာရောက် နေထိုင်ကြသော ပရိသတ်များပြားလာ၍ **ဂေါဓာဝရီမြစ်**ကမ်း ၃-ယူဇနာ ကျယ်ဝန်းသော **သီးတောချောင်ကြီး** မဆန့် ကျယ်ပြန့်လာသောအခါ တပည့်ကြီးဖြစ်ကြသော သာလိဿရ, မေဏ္ဍိဿရ, ပဗ္ဗတ, ကာလဒေဝိလ, ကိသဝစ္ဆ, အနုသိဿ, နာရဒ-ဟူသော ၇-ယောက်တို့ အနက် သာလိဿရ ရသေ့ကို ခေါ်၍---

"သာလိဿရ အယံ အဿမော ဣသိဂဏဿ နပ္ပဟောတိ။ တွံ ဣမံ ဣသိဂဏံ ဂဟေတွာ မဇ္ဈရဋ္ဌော ဝိဇိတေ ကလပ္ပစုလ္လကနိဂမံ ဥပနိဿာယ ဝသာဟိ။

(ဇာ၊ ၄။ ၅။ ၁၄၀)

တပည့် သာလိဿရ၊ ဤငါတို့ သီးတောချောင်ကြီးမှာ ရသေ့အပေါင်း မနေ လောက်တော့ပြီ။ သင် ဤရသေ့အပေါင်းကိုခေါ်၍ မစ္ဆနိုင်ငံ၊ ကလပ္ပစုလ္လနိဂုံး အမှီပြုကာ နေလော့"ဟု လွှတ်လိုက်ကြောင်း ထင်ရှားစွာလာ၏။

ဤသို့ မာတင်္ဂဇာတ်နှင့် သရဘင်္ဂဇာတ်တို့ကို ထောက်ထား၍ ဤမစ္ဆတိုင်းကား ရှေးကျသော ဇာတ်တော်, နိပါတ်တော်ခေတ်ကပင် ထင်ရှားကြောင်း၊ တစ်ထီးတစ်နန်း ဘုရင်တစ်ဆူ အုပ်ချုပ်လျက်ရှိ၍ ကျော်ကြားသော တိုင်းနိုင်ငံကြီးတစ်ခုဖြစ်ကြောင်း မှတ်သားအပ်၏။

## မစ္ဆတိုင်း လက်ထက်တော်

မြတ်စွာဘုရားလက်ထက်တော်က မစ္ဆတိုင်း၏မြို့တော်သည် သီးခြားအုပ်ချုပ်စိုးစံသော ဘုရင်တစ်ပါး ထင်ရှားမရှိသဖြင့် ထိုထိုသုတ္တန်မှာ ထင်စွာမပြသော်လည်း ၎င်းကားရှိ၍ ရှေးဝိရာတအမည်မဟုတ်ဘဲ **ဝရဏ**-ဟု တွင်သည့်ပြင် မြို့သာမန် နဂရပင်ဖြစ်ကြောင်း၊ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူ၍ ဟောကြားပညတ်တော်မူအပ်သော သုတ်, ဝိနည်း မရှိငြားသော်လည်း အရှင်မဟာကစ္စာနမထေရ် လှည့်လည် သီတင်းသုံးတော်မူလျက် ဘုရားရှင် အလိုတော်ကျ ဟောပြတော်မူသော သုတ္တန်များ ထင်ရှားရှိကြောင်း အင်္ဂုတ္တရနိကာယ်၊ ဒုကနိပါတ်၊ သမစိတ္တဝဂ်*(နှာ၊ ၆၆)*စသည်၌---

"ဧကံ သမယံ အာယသ္မာ မဟာကစ္စာနော ဝရဏာယံ ဝိဟရတိ ဘဒ္ဒသာရီတီရေ။

အခါတစ်ပါး အရှင်မဟာကစ္စာနမထေရ်သည် ဝရဏမြို့အနီး **ဘဒ္ဒသာရီအိုင်** (ကမ်းနား)၌ နေတော်မူ၏"စသည်ဖြင့် ထင်ရှားစွာ လာ၏။

၎င်းဝရဏမြို့သည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သာဝတ္ထိမြို့တော်နှင့် အရပ်မျက်နှာအားဖြင့် အရှေ့, အနောက် တည်ရှိကြောင်း၊ ၎င်းသုတ်၌ **အာရာမဒဏ္ဍ ပုဏ္ဏားကြီး***(သည်/တို့)* မြတ်စွာဘုရားရှိရာသို့ အရှင်မဟာကစ္စည်းမထေရ် ညွှန်ပြသည်မှာ-

"အတ္ထိ ဗြာဟ္မဏ ပုရတ္ထိမေသု ဇနပဒေသု သာဝတ္ထီ နာမ နဂရံ။ တတ္ထ သော ဘဂဝါ ဧတရဟိ ဝိဟရတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။ *(အံ၊ ၁။ ၆၇)*

အို---ပုဏ္ဏား၊ အရှေ့ဘက်တိုင်းနိုင်ငံမှာ သာဝတ္ထိမြို့ ရှိပါသည်။ ၎င်း၌ ယခု ဘုရားရှင် နေတော်မူပါသည်" စသည်ဖြင့် လာ၏။ ၎င်းပုဏ္ဏားကြီးသည် အရှင်မဟာကစ္စည်းမထေရ် ဟောကြားတော်မူသော ဘုရားရှင် တရားတော်နာရ၍ အလွန်ကြည်ညိုလှသဖြင့် ဘုရားရှင်ရှိတော်မူရာ အရှေ့သို့ လက်အုပ်ချီကာ---

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"*(အံ၊ ၁။ ၆၈)*

ဟု မဟာပဏာမဖြင့် ၃-ကြိမ်ရှိခိုးပြီးလျှင် ဘုရားရှင်နှင့်တကွ တရား, သံဃာ ရတနာ ၃-ပါးတို့အား တစ်သက်ပန်ဒကာအဖြစ် လျှောက်ထား၏။ ဤသို့ လာသည်တို့ကို ထောက်ဆ၍ ဤမစ္ဆတိုင်းကား မဇ္ဈိမတိုက်၊ အနောက်ပိုင်း တိုင်းနိုင်ငံဖြစ်ကြောင်း ထင်ရှား၏။

## မစ္စတိုင်း ဝှင်သျှင်မှတ်တမ်း

ဤမစ္စတိုင်းသို့ ရဟန်းတော်ဝှင်သျှင် ရောက်သည့်အခါ ဤဝရဏမြို့မှာ ထင်ရှား ရှိသေး၍ ၎င်း၏အမည်ကား ဝိုက်ရာတ-ဟု **သကတအမည်တွင်၍** ဇာတ်နိပါတ်တော်လာ ပါဠိဘာသာအမည်အားဖြင့် **ဝေတ္တဟူသော အမည်နှင့် အတူဖြစ်ကြောင်း** မှတ်ယူအပ်၏။ ၎င်း၏မှတ်တမ်း၌ မစ္စတိုင်း၊ ဝိရာတမြို့တော်မှာ မစုရမြို့မှ လီပေါင်း ၅၀၀-မျှ ကွာဝေး ကြောင်း၊ အရပ်မျက်နှာအားဖြင့် အနောက်ဘက်မျက်နှာမှာ တည်ရှိ၍ **ဆတဒြူ သတဒြုခေါ်** အိန္ဒိယအနောက်မြောက်ပိုင်းနိုင်ငံမှ အနောက်တောင်သို့ လီပေါင်း ၈၀၀-မျှ ကွာဝေး ကြောင်း၊ အိမ်ခြေမှာ ၁၄၀၀-ခန့်ရှိ၍ အကျယ်အဝန်းမှာ ၁၄-လီ, ၁၅-လီမျှ ရှိကြောင်း၊ ထိုအခါက ၎င်းမြို့တော်မှာ သာသနာတော်ထွန်းကား၍ ကျောင်းတိုက်ကြီးများ ၈-တိုက်မျှ ရှိသည့်ပြင် သံဃာတော် ၄၀၀-ကျော် သီတင်းသုံးတော်မူလျက် ရှိသေးကြောင်း ရေးသား ဖော်ပြသည်ကို ထောက်ဆ၍ ထိုခါသမယတိုင်အောင် သာသနာတော်ထွန်းကားသော နိုင်ငံဖြစ်ကြောင်း မှတ်ယူအပ်၏။

## မစ္စတိုင်း မြို့, ရွာ, နိဂုံးများ

ဤမစ္စတိုင်းနိုင်ငံ၌ စည်ပင်ဝပြောသော နိုင်ငံများအတူ မြို့, ရွာ, နိဂုံးတို့ဖြင့် တန်ဆာဆင်မည်ကား အမှန်အားဖြင့် ဆိုနိုင်သော်လည်း အကြောင်းအခွင့်အားလျော်စွာ ဘုရားရှင် ဟောမြွက်တော်မူသော သုတ်, ဝိနည်း ဓမ္မစက်တွင် မထင်ရှားသောကြောင့် ၎င်းတို့၏ အမည်နာမကား ရေးသားဖော်ပြခြင်း မပြုနိုင်ကုန်။ ဤမစ္စတိုင်းသည် မဇ္ဈိမတိုက် အလယ်ပိုင်း၌ ပါဝင်၍ စည်ပင်သော တိုင်းနိုင်ငံတစ်ခုအဖြစ်ဖြင့် ဥပမာထားကာ ဟောကြား သော်လည်း ဘုရင်မင်းတစ်ပါးအုပ်ချုပ်သော တိုင်းကြီးများလောက် လက်ထက်တော်က ကျော်ကြားခြင်း မရှိစေကာမူ ဝပြောသော နိုင်ငံတွင် ပါဝင်၍ ရှေးနိပါတ်တော်ခေတ်က ကလပ္ပစုလ္လကရွာကြီးများကဲ့သို့ ရွာကြီးများ, ၎င်းပြင် မြို့ပြနိဂုံးများလည်း ရှိကြမည်ကို ယုံမှားမဲ့ မှတ်ယူအပ်၏။

## မစ္စတိုင်း နယ်နိမိတ်

ဤမစ္စတိုင်းမှာ မဇ္ဈိမတိုက်အတွင်းတွင် ပါဝင်၍ အပိုင်းအခြားမှာ ကျမ်းဂန်တွင် မထင်ရှားသော်လည်း အနီးအနား တိုင်းနိုင်ငံများ ထောက်ဆသောအားဖြင့်၎င်း ဟောတော် မူသော နိုင်ငံအစဉ်ကို မှတ်သားခြင်းအားဖြင့်၎င်း အပိုင်းအခြားမှတ်သား ဝေဖန်နိုင်၏။

**အရှေ့ဘက်မျက်နှာ** ၎င်းမျက်နှာအပိုင်းအခြားမှာ ယမုနာနှင့် ဂင်္ဂါမြစ်အတွင်း တည်ရှိသော ပဉ္စာလတိုင်းနှင့် အစဉ်ကို ထောက်ထားပိုင်းခြား မှတ်ယူနိုင်၏။

**အနောက်မျက်နှာ** ဤမျက်နှာ အပိုင်းအခြားမှာ မဇ္ဈိမတိုက် အစွန်ကျ၍ ၎င်းဒေသရှိ တိုင်းနယ်များဖြင့် ပိုင်းခြားသင့်သော်လည်း လက်ထက်တော်၌ ဟောကြားပညတ်ခြင်း မရှိ၍ အမည်နာမကား မထင်ရှားကုန်။

**တောင်မျက်နှာ** ဤမျက်နှာမှာမူ အရှင်မဟာကစ္စည်းမထေရ် များသောအားဖြင့် သီတင်းသုံးရာ ဖြစ်သော အဝန္တိတိုင်းနှင့်အစဉ် ဟောကြားတော်မူရာ "မစ္ဆာနံ သူရသေနာနံ"ဟု လာသည် နှင့်အညီ အနောက်တောင်ဘက် တိုင်းချင်းစပ်လျက် တည်ရှိသော သူရသေနတိုင်းနယ် ဖြစ်သင့်ကြောင်း မှတ်ယူအပ်၏။

**မြောက်မျက်နှာ** ၎င်းမျက်နှာ၌ ဤမစ္ဆ, သူရသေနတိုင်းတို့၏ ရှေးဦးစွာ ဟောတော်မူသော ကုရုတိုင်းနှင့် ပဉ္စာလတိုင်းတို့ ဖြစ်သင့်ကြောင်း၊ ၎င်းတို့မှာ ဆက်စပ်တည်ရှိ၍ အစဉ်အားဖြင့် ဟော ကြားတော်မူကြောင်း မှတ်ယူအပ်၏။

## မစ္ဆတိုင်း မှတ်တမ်းများ

၎င်းတိုင်းနယ်နှင့်စပ်၍ တရုတ်ရဟန်းတော်တို့၏ မှတ်ချက်အရ ရှေးဟောင်းပထဝီဝင်ဆရာကြီး ကာနင်ဂဟန် ဖော်ပြသည်မှာ ၎င်း၏မြို့တော် ဝိရာတဝေတ္တမှာ အလွန်မြင့်လှသော တောင်ငယ်များဖြင့် ခြံရံလျက် ရှိသည့်ပြင် ယခုအခါ ကုရုတိုင်းမြို့တော် ဒေလီမှ ၁၀၅-မိုင်ကွာ အနောက်တောင်မှာ တည်ရှိ၍ မြောက်ဘက်ဂျယပူရ်၊ ဇယပူရသို့ ၄၁-မိုင် ကွာဝေးကြောင်း၊ ၎င်းတောင်ခြားမှာ အချင်း ၂-မိုင်လောက်ရှိသည့်ပြင် အဝန်း ၈-မိုင်ခန့် ကျယ်ဝန်းကြောင်း၊ အရေအတွက် များပြားလှစွာ အဆောက်အဦးဟောင်းများနှင့် ယိုယွင်းပျက်စီးနေသော ကျောင်းတိုက်ကြီးများလည်း ထင်ရှားရှိနေသေးကြောင်း အကျယ်ရေးသား၏။

၎င်းပြင် နယ်နိမိတ် အကျယ်အဝန်းပမာဏ ၎င်းဆရာကြီး ဖော်ပြသည်မှာ တရုတ်ရဟန်းတော်ဝှင်သျှင် မှတ်တမ်းအရ လီပေါင်း ၃၀၀၀-မျှ ဖော်ပြသော်လည်း အမှတ်အသား မသေချာလှ၍ အမှန်နီးပါး မှတ်သားသင့်သည်မှာ-

- မြောက်ဘက် ဂျံဂျနု-ဇံဇနုမှ ကော့ကာဝင်အထိ မိုင်-၇၀
- အနောက်ဘက် ဇံဇနုမှ အဂျမာန-အဇမရအထိ မိုင်-၁၂၀

- တောင်ဘက် အဇမာရမှ ဗန်နတ်စ်နှင့် ချမ်ဗာလမြစ်ဆုံအထိ မိုင်-၁၅၀ အားလုံးပေါင်း မိုင်-၄၉၀ ဖြစ်သင့်ကြောင်း၊ ၎င်းပြင် ၎င်းဝိရာတမြို့တော်ဟောင်း တောင် ကုန်းမှ **အသောကကျောက်တိုင်ကြီးများ** တူးဖော်ရရှိ၍ **အေရှဆိုင်ရာ ကလကတ္တားပြတိုက်၌** ထားရှိကြောင်း ရေးသား၏။

ဤသို့လျှင် သာသနာတော်ဝင် ထင်ရှားသော ဇာတ်နိပါတ်နှင့် များစွာသော သုတ္တန်တို့တွင် ထင်ရှားသော တိုင်းနိုင်ငံဖြစ်သည့်အပြင် ဘုရားရှင် ဒေသစာရီနှင့် ဟောပြတော်မူသော သုတ္တန်မမှ မထင်ရှားလှသော်လည်း ဘုရားရှင်အလိုတော်ကျ အကျဉ်းအကျယ် ဝေဖန်ဟောပြရာ၌ ဧတဒဂ်ရတော်မူသော အရှင်မဟာကစ္စည်းမထေရ်မြတ် သီတင်းသုံးတော်မူကာ များစွာသော သုတ္တန်များ ဟောကြားတော်မူရာ တိုင်းနယ်ဖြစ်၍ သာသနာအစဉ်အဆက်မပျက် ထွန်းကားလာခဲ့သော တိုင်းဖြစ်၍ နောက်မှတ်တမ်းတို့တွင် ပါဝင်လျက် ခရီးသည်ရဟန်းတော်များ မှတ်သားလာခဲ့ကြောင်း ဤမျှဖြင့် ဤတိုင်း အတ္ထုပ္ပတ္တိ အဆုံးသတ်အပ်သတည်း။

✪ ✪ ✪ ✪ ✪

## သူရသေနတိုင်း

ဤသူရသေနတိုင်းသည် မစ္ဆတိုင်းနှင့်စပ်၍ အစဉ်အတိုင်း ဟောကြာတော်မူအပ်သော မဇ္ဈိမဒေသတွင် အနောက်တောင်ဘက်စွန်း နိုင်ငံတစ်ခုအဖြစ် ပါဝင်၍ သာယာဝပြော စည်ကားသော တိုင်းကြီးအဖြစ် ထည့်သွင်းဟောကြားတော်မူသည့်အပြင် ရှေးဇာတ်တော်, နိပါတ်တော်ခေတ်၌လည်း ထင်ရှား၍ များစွာသော သုတ္တန်များ၌လည်း ထင်ရှားကြောင်း မှတ်သား အပ်၏။ ဤတိုင်း၏ မြို့တော်မှာ ဇာတ်တော်, နိပါတ်တော်ခေတ်ကပင် ထင်ရှားခဲ့၍ လက်ထက်တော်၌လည်း ထင်ပေါ်ကျော်ကြားသော မဓုရဖြစ်ကြောင်း ဇာတ်နိပါတ်နှင့် သုတ္တန်များ ထောက်ထား သိရှိနိုင်၏။

## ဃဋပဏ္ဍိတဇာတ်၊ မဓုရမြို့တော်

ရှေးအခါက ဥတ္တရပထဇမ္ဗူဒိပ မြောက်ဘက်တိုင်းနိုင်ငံတို့တွင် **ကံသဘောဂတိုင်း၊ အသိတဉ္စနမြို့တော်၌** မဟာကံသမင်းတရားမှာ အမျိုးအနွယ်အားဖြင့် ကံသ, ဥပကံသ ဟူသော သားတော် ၂-ပါး ထွန်းကားခဲ့ပြီးနောက် အဂ္ဂမဟေသီမိဖုရားခေါင်ကြီး၏ ဝမ်းတိုက်မှာ မဟာကံသမင်းတရား၏ လက်ရုံးတော်သွေး သောက်သုံးလိုသော ဆန္ဒပြင်းစွာတပ်လျက်

သန္ဓေတော်တည်လာ၍ ပုရောဟိတ်ပုဏ္ဏားတော်များက "၎င်းမှဖြစ်ပွါးသော *(သားတော်/သူငယ်)*သည် ကံသအမျိုးအနွယ်ကို ဖျက်ဆီးလတ္တံ့"ဟု ဖတ်ကြားကာ ဒေဝဂဗ္ဘာ မည်သော သမီးတော် ၁-ပါး ၎င်းမိဖုရားမှ ဖွားမြင်ခဲ့လေ၏။ သို့မြင်တော်မူသော သမီးတော် ကလေးကိုပင် ခမည်းတော်ဘုရင်မင်းမြတ်နှင့် သားတော် ၂-ပါးတို့ များစွာထိတ်လန့်စိုးရိမ် လျက် လှပတင့်တယ် အရွယ်သို့ ရောက်လာသောအခါ များစွာသော အစောင့်အရှောက် ထား၍ ယောကျာ်း တစ်ပါးနှင့် မတွေ့နိုင်ရန် တစ်ပင်တိုင်နန်း၌ ထားကြကုန်၏။

ဤအခါသမယက သူရသေနတိုင်း၊ မဓုရမြို့တော်မှာ မဟာသာဂရဘုရင်မင်းမြတ် ထီးနန်းစိုက်ထူ မင်းလုပ်တော်မူ၍ ၎င်းမှာလည်း သာဂရ, ဥပသာဂရ-ဟူသော ၂-ပါး ဖြစ်ထွန်းလာပြီးနောက် အချိန်အရွယ်သို့ရောက်ကြလျှင် အကြောင်းအားလျော်စွာ ကံသဘုရင်မင်းမြတ် စိုးစံသော အသိတဉ္စနမြို့တော်သို့ ရောက်ကြ ကာ ဒေဝဂဗ္ဘာမင်းသမီး ကလေး၏ ဆန်းကြယ်သော အံကြောင်းကံများသည် ဥပသာဂရ မင်းသားကလေးနှင့် ဆက်သွယ်သဖြင့် ခမည်းတော်, မယ်တော်များနှင့် မောင်တော်များ ယုယကြပ်တည်း အနည်းနည်းဖြင့် စောင့်ရှောက်ခြင်းများသည် အကျိုးမပြီး အချည်းနှီးသာ ဖြစ်ခဲ့လေ၏။

၎င်းသမီးတော် ဒေဝဂဗ္ဘာမင်းသမီးကလေးမှာ ဥပသာဂရမင်းသားနှင့် စုံဖက် တော်မူရာ---

| | | | |
|---|---|---|---|
| ၁။ | **အဉ္စနဒေဝီမင်းသမီး** | ၆။ | **အင်္ဂဒေဝမင်းသား** |
| ၂။ | **ဝါသုဒေဝမင်းသား** | ၇။ | **ဝရုဏဒေဝမင်းသား** |
| ၃။ | **ဗလဒေဝမင်းသား** | ၈။ | **အဇ္ဇုနမင်းသား** |
| ၄။ | **စန္ဒဒေဝမင်းသား** | ၉။ | **ပဇ္ဇုနမင်းသား** |
| ၅။ | **သူရိယဒေဝမင်းသား** | ၁၀။ | **ယဋ္ဌပဏ္ဍိတမင်းသား** |

၁၁။ **အင်္ကုရမင်းသား**-

ဟူသော သမီးတော်တစ်ပါး, သားတော်တစ်ကျိပ်တို့ ဖြစ်ထွန်းလာခဲ့၍ ဥပါယ်တံမျဉ်ဖြင့် ကြီးပွါးကာ အချိန်အရွယ်သို့ ရောက်ကြသောခါ ကံသအနွယ်အားလုံးကို ဖျက်ဆီးသည့် အပြင် ဇမ္ဗူဒီပါကျွန်းအလုံးကိုပင် သိမ်းရုံးတိုက်ခိုက် အောင်မြင်ကြလေ၏။

ဤသူရသေနတိုင်းသား ညီနောင်တစ်ကျိပ်တို့မှာ ဇမ္ဗူဒီပါ ကျွန်းကြီးအလုံး၌ ကျော်ကြားသော သူရဲကောင်းများ ဖြစ်ကြသည်နှင့်အညီ ဆိုင်ပြိုင်တိုက်ခိုက်ဝံ့သူ မရှိ၊ အောင် မြင်ပြီးနောက် ဤကျွန်းကြီးအလုံးကို ၁၀-တိုင်း, ၁၀-နိုင်ငံ ဝေဖန်ခွဲခြားကာ အသီးသီး စိုးစံအုပ်ချုပ်ကြပြီးသော် ညီတော်အငယ်ဆုံး အင်္ကုရမင်းသားမှာကား နောင်တော်များ၏ တိုင်းနိုင်ငံများအတွင်း အခွန်အတုတ်ကောက်စားခြင်းမရှိဘဲ အကြီးအကျယ် ကူးသန်းရောင်း

ဝယ်၍သာ နေပြီးလျှင် ကြီးကျယ်သော အလှူအတန်းကြီး ပေးကမ်းစွန့်ကြဲလျက် နေခဲ့လေ၏။

ဤသို့ ဒသကနိပါတ်၊ ယင္ဒပဏ္ဍိတဇာတ်နှင့် အင်္ဂုရပေတဝတ္ထုတို့ကို ထောက်ဆခြင်းအားဖြင့် ဤသူရသေနတိုင်းမှာ များစွာရဲရင့်ကြသော သူရဲကောင်း လူစွမ်းကောင်းကြီးများဖြစ်ထွန်းရာ ဖြစ်ခြင်းကြောင့် သူရသေနအမည်ကို ရကြောင်း၊ ၎င်းပြင် နိဒါန်းအဖွင့်၌ ဥတ္တရမဓုရာယ မြောက်မဓုရ-ဟု ဖွင့်ပြသောကြောင့် ဒက္ခိဏတိုင်းမှာ မဓုရမြို့တော်ရှိသော်လည်း ဤသူရသေနတိုင်းမှာ ဤဥတ္တရမဓုရမြို့တော်ဖြစ်ကြောင်း ထင်ရှား၏။

## မဓုရမြို့ သုတ္တန်များ

ဤသူရသေနတိုင်း၊ မဓုရမြို့တော်မှာ ကာသိ, ကောသလတို့ကဲ့သို့ ဘုရင်ကြီးများမဟုတ်သော်လည်း အသီးအခြား ဘုရင်တစ်ပါး အုပ်ချုပ်စိုးစံသော တိုင်းနိုင်ငံဖြစ်ကြောင်း မဇ္ဈိမပဏ္ဏာသ၊ မဓုရသုတ်(*နှာ၊ ၂၇၀*)၌---

"ဧကံ သမယံ အာယသ္မာ မဟာကစ္စာနော မဓုရာယံ ဝိဟရာတိ ဂုန္ဒာဝနေ၊ အထခေါ ရာဇာ မာထုရော အဝန္တိပုတ္တော သမဏော ခလု ဘော ကစ္စာနော မထုရာယံ ဝိဟရတိ ဂုန္ဒာဝနေ။

အခါတစ်ပါး **အရှင်ကစ္စာန**သည် မဓုရမြို့၊ ဂုန္ဒာတောရ၌ နေတော်မူ၏။ အဝန္တိမင်းသား မထုရာဘုရင်ကား ရဟန်းအရှင်ကစ္စာန ဂုန္ဒာတောရ၌ နေကြောင်း ကြားသိရလေ၏" စသည်ဖြင့် လာသည်ကို ထောက်ဆ၍ ထင်ရှားသည့်ပြင် ၎င်းမဓုရဘုရင်သည် အဝန္တိမင်းသားဖြစ်ကြောင်း---

၎င်းအဋ္ဌကထာ၌ **အဝန္တိပုတ္တောတိ အဝန္တိရဋ္ဌေ ရညော ဓီတာယ ပုတ္တော**-ဟု ဖွင့်ပြသည်ကို ထောက်ဆ၍ ထင်ရှား၏။

ဤမဓုရသုတ်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် မဟာကစ္စာနမထေရ် မထုရဂုန္ဒာဝန၌ သီတင်းသုံးတော်မူစဉ် မထုရာဘုရင် အဝန္တိမင်းသား မထေရ်အား ဆည်းကပ်ပြီးလျှင် အမျိုး ၄-ပါး၏ ထူးခြားခြင်းကို မေးလျှောက်ရာ အချုပ်အားဖြင့်---

- " 'ဗြာဟ္မဏ, ခတ္တိယ, ဝေဿ, သုဒ္ဒ မည်သည့်အမျိုးဖြစ်စေ ခိုးခြင်းစသည်ပြုက မူလအမျိုးအမည် ပျောက်၍ **စောရ**- အမည်သို့ ရောက်ကြောင်း၊
- အမျိုး ၄-ပါးတို့ တရားရ၍ ရသေ့ရဟန်းပြုလျှင် မူလအမျိုးအမည် ပျောက်၍ **သမဏ**-အမည် ရောက်ကြောင်း၊

- ၎င်းတို့မှာ ကောင်းမှု, မကောင်းမှုသာလျှင် ထူးခြားကြောင်း'-
ဟောကြားတော်မူက 'အလွန်သဘောကျ၍ အရှင်အား ဆည်းကပ်ကြောင်း' လျှောက်လျှင် 'ဘုရားရှင်ကို ဆည်းကပ်ရမည်' "ဟု မိန့်တော်မူ၏။

"ကဟံ ပန ဘော ကစ္စာန ဧတရဟိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။
(မဇ္ဈိမ၊ ၂။ ၂၇၆)

အရှင်ကစ္စာန၊ ယခုကား ပူဇော်ထိုက်သော သစ္စာသိမြင် ဘုရားရှင် အဘယ်မှာနည်း" ဟု မေးလျှောက်လျှင်---

"ပရိနိဗ္ဗုတော ခေါ မဟာရာဇ ဧတရဟိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။
(မဇ္ဈိမ၊ ၂။ ၂၇၆)

ဘုရင်မင်းမြတ်၊ ယခုကား ပူဇော်ထိုက်သော ဘုန်းတော်သခင် ဘုရားရှင်ကား ပရိနိဗ္ဗာန် စံဝင်တော်မူပြီ" ဟု ဖြေကြားတော်မူကြောင်း၊ သို့ပင်ဖြစ်သော်လည်း မထေရ်မြတ်မှာ ဧတဒဂ်ရဖြစ်၍ ဘုရားရှင်အလိုတော်ကျ ဟောပြတော်မူသော သုတ်ဖြစ်ခြင်းကြောင့် ဗုဒ္ဓဝစနအဖြစ်ဖြင့် သံဂါယနာတင်ကြကြောင်း မှတ်ယူအပ်၏။

ထိုမှတပါး ဘိက္ခုဒါယိက ဝိမာနဝတ္ထုအဋ္ဌကထာ၌လည်း မြတ်စွာဘုရား သာဝတ္ထိ၌ သီတင်းသုံးစဉ် မိုးသောက်အခါ မဟာကရုဏာသမာပတ်မှ ထတော်မူ၍ လောကကို ကြည့်ရှုဆင်ခြင်တော်မူလျှင် ဥတ္တရမထုရ၌ ငရဲသို့ ကျရောက်ရမည့် ဒကာမတစ်ယောက်အား သနားသဖြင့် ကြွရောက်ဆွမ်းခံဝင်တော်မူရာ ၎င်းဒကာမ ရေခပ်အလာတွင် ဖူးမြင်ကြည်ညိုသော အားဖြင့် ဆွမ်းဘောဇဉ် လှူဒါန်းပြီးနောက် ၃-ရက်လောက်မှာ စုတိ၍ ၎င်းကုသိုလ်ကြောင့် နတ်ပြည်ရောက်ကြောင်း လာ၏။ ဤသုတ္တန်ဝတ္ထုတို့ကို ထောက်ထား၍ ဥတ္တရမဓုရကား ဘုရားရှင်လက်ထက်တိုင်အောင် သူရသေနတိုင်းမြို့တော်ဖြစ်ကြောင်း ကောင်းစွာ မှတ်သား အပ်၏။

## ၎င်းတိုင်း မြို့, ရွာ, နိဂုံးများ

ဤတိုင်း၌ ဆိုခဲ့ပြီးသော မဓုရမြို့တော်မှတပါး တိုင်းပြည်တို့၌ရှိရာ မြို့, ရွာ, နိဂုံးများဖြင့် တန်ဆာဆင်မည်ကား အမှန်ဖြစ်ငြားသော်လည်း အကြောင်းအတ္ထုပ္ပတ်အား လျော်စွာ ဟောကြားပညတ်တော်မူအပ်သော သုတ်, ဝိနည်း၌ ထင်ရှားသည်တို့သာ မှတ်သားနိုင်၍ ၎င်း၌ ထင်ရှားသောမြို့မှာ---

ဝေရဉ္စသုတ်၊ ဝေရဉ္စကဏ္ဍ-လာ **ဝေရဉ္စာမြို့ဖြစ်၍** ဤမြို့၌ မြတ်စွာဘုရား ၁၂-ဝါ မြောက် ဝါကပ်တော်မူကာ ဝါတွင်း ၃-လပတ်လုံး မုယော, ဂျုံဆွမ်း ဘုဉ်းပေးတော်မူရ ခြင်းနှင့် အရှင်သာရိပုတ္တရာ သိက္ခာပုဒ်ပညတ်တော်မူရန် တောင်းပန်ခြင်းအားဖြင့် ထင်ရှား သော မြို့ဖြစ်ကြောင်း မှတ်သားအပ်၏။ ၎င်းအတ္ထုပ္ပတ္တိ အကျဉ်းမှာ---

မြတ်စွာဘုရားသည် ၁၂-ဝါမြောက် ဝေရဉ္စာပြည်၊ နဠေရုတမာပင်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဝေရဉ္စာပုဏ္ဏားကြီးသည် **၈-ပါးသော ဥပဝါဒ စွပ်စွဲသောစကားတို့** ဖြင့် လျှောက်ထားသည်ကို တရားအားလျော်စွာ ဖြေကြားတော်မူလျှင် အလွန်ပင်ကြည်ညို နှစ်သက် တစ်သက်ပန်သရဏဂုံတည်သူအဖြစ် လျှောက်ထားကာ ဝါကပ်တော်မူရန် ဖိတ်မန် ပါသော်လည်း သတိမရဘဲ ငတ်မွတ်ခေါင်းပါးခြင်းနှင့် တွေ့ကြုံလာ၍ ရဟန်း-၅၀၀နှင့်တကွ တစ်ဝါတွင်းလုံး ဥတ္တရပထတိုင်းသား မြင်းကုန်သည်များကပ်သော မုယော, ဂျုံဆွမ်းဖြင့်သာ မျှတတော်မူရကြောင်း၊ ၎င်းဝါ၌ပင် အရှင်သာရိပုတ္တရာသည် သာသနာတော်အရှည် တည်တံ့ကြောင်း လျှောက်ထားရာ သိက္ခာပုဒ် ပညတ်ခြင်းသည်သာလျှင် သာသနာလေးမြင့် စွာ တည်တံ့နိုင်ကြောင်း မိန့်တော်မူက သိက္ခာပုဒ် ပညတ်တော်မူရန် တောင်းပန်သည်ကို-

"အာဂမေဟိ တွံ သာရိပုတ္တ အာဂမေဟိ တွံ သာရိပုတ္တ နိရဗ္ဗုဒေါ ဟိ သာရိပုတ္တ ဘိက္ခုသံဃော နိရာဒီနဝေါ အပဂတကာဠကော သုဒ္ဓေါ သာရေ ပတိဋ္ဌိတော။

သင် ဆိုင်းငံ့ဦး သာရိပုတ္တရာ၊ ဆိုင်းငံ့ဦး သာရိပုတ္တရာ၊ ရဟန်းသံဃာကား ဘေးရန် မရှိသေး၊ အပြစ်ကင်းသေး၏၊ မဲ့မစွန်းသေး၊ စင်ကြယ်စွာ အနှစ်၌ တည်ရှိသေး၏" စသည် ဖြင့် မိန့်တော်မူကြောင်း ဝေရဉ္စကဏ္ဍ၌ လာ၏။

၁၂-ဝါမြောက် ဝေရဉ္စာဝါမှ ထမြောက်သည်တိုင်အောင် ရဟန်းသံဃာတို့ ကိလေ သာမထူပြော၊ လွန်ကြူးသော အပြစ်မရှိသဖြင့် သိက္ခာပုဒ်ပညတ်တော်မူသော အခါကာလ မတိုင်သေးသော်လည်း ရဟန်းတို့နှင့် သင့်တင့်လျှောက်ပတ်သည်ကို ခွင့်ပြုတော်မူသော **ပါတိမောက်ပြခြင်း စသော အနုဇာနနသိက္ခာပုဒ်များကား များစွာရှိကြောင်း** ခန္ဓက၌လာသော ဝတ္ထုတို့ကို ထောက်ထားသဖြင့် ထင်ရှား၏။

၎င်းပြင် ဝိနည်း၌ အလွန်ထင်ရှားသော ဤမြို့သည်ကား သူရသေနတိုင်းတွင် ထင်ရှား၍ ၎င်းမြို့တော် မဓုရနှင့်လည်း မဝေးကွာလှကြောင်း အင်္ဂုတ္တရနိကာယ်၊ စတုက္က နိပါတ်၊ ပုညာဘိသန္ဒဝဂ်(နှာ၊ ၃၆၈)၌---

"ဧကံ သမယံ ဘဂဝါ အန္တရာ စ မဓုရံ အန္တရာ စ ဝေရဉ္စံ အဒ္ဓါနမဂ္ဂပဋိပ္ပန္နော ဟောတိ။

အခါတစ်ပါး ဘုရားရှင်သည် မဓုရမြို့နှင့် ဝေရဉ္စာမြို့ကြား ခရီးရှည် ကြွသွားတော်မူ၏”စသည်ဖြင့် လာသည်ကို ထောက်ဆ သိရသည့်ပြင် ဗြဟ္မဇာလသုတ်အဖွင့် အဋ္ဌကထာ **အရ တစ်ယူဇနာမျှကိုပင် အဒ္ဓါနမည်ကြောင်း** မှတ်သားအပ်၏။

## ၎င်းမြို့တည်ရာဌာန

ထိုမှတပါး ဤမြို့ကား မြတ်စွာဘုရား ပြန်ကြွတော်မူသော ခရီးစဉ်အားဖြင့် ဤမြို့မှ **သောရေယျ, သံကဿ, ကန္နောဇ္ဇ, ပယာဂဆိပ်** စသည် အစဉ်အတိုင်း ကြွသွားတော်မူသည်ကို ထောက်ဆ၍ မဓုရမြို့တော်နှင့် သောရေယျမြို့အတွင်းမှာ တည်ရှိသင့်ကြောင်း မှတ်အပ်သည့်ပြင် ရှေးဟောင်းမှတ်တမ်းများ၌လည်း ဤဝေရဉ္စမြို့သည် ယခု မဓုရအနီး **လောကုလန္ဓာကလေးဖြစ်သင့်ကြောင်း၊** ၎င်းမှာ **ရှေးက ဝရဇ**-ဟု ခေါ်တွင်ကြောင်း ဖော်ပြသဖြင့် ၎င်းမှာလည်း ဝေရဉ္စာမှ ပြောင်းလဲပျက်ပြားလာသည်ဟု မှတ်ထင်ဖွယ်ရှိကြောင်း၊ ၎င်းပြင် အချို့မှတ်တမ်း၌ကား မဓုရမှ ၆-မိုင်လောက်အကွာတွင် တည်ရှိသော **ဝရိန္ဒာဗန်မြို့** ဖြစ်သင့်ကြောင်း၊ ကာလရှည်ကြာ၍ ဝေရဉ္စမှ **ဝရိန္ဒ**သို့ ပြောင်းလဲလာကြောင်း ဖော်ပြသဖြင့် သာ၍ပင် မှတ်ယူသင့်ကြောင်း ဆုံးဖြတ်အပ်ကုန်၏။

## တိုင်းနယ် အပိုင်းအခြား

၎င်းတိုင်း၏ နယ်ပယ်ဒေသ, အကျယ်အဝန်း, နယ်နိမိတ် အပိုင်းအခြားမှာ ဟောကြားဖွင့်ပြသော သာသနိကကျမ်းဂန် မရှိသော်လည်း အနီးအနား ထက်ဝန်းကျင်တည်ရှိသော နိုင်ငံများကို ထောက်ထားခြင်းအားဖြင့်---

**အရှေ့မျက်နှာ** ၎င်းမှာ အစဉ်အတိုင်း ဟောကြားတော်မူသော ပဉ္စာလတိုင်းနှင့် စပ်လျက်ရှိကြောင်း၊

**အနောက်မျက်နှာ** ၎င်းတိုင်းနှင့် တွဲဖက်ဟောကြားတော်မူသည်အားလျော်စွာ အခြားမဲ့ဖြစ်သော မစ္ဆတိုင်းနှင့် စပ်လျက်ရှိကြောင်း၊

**မြောက်မျက်နှာ** ၎င်း၌ ယမုနာမြစ်ကမ်းတလျောက်ဖြစ်ကြသော နိုင်ငံများတွင် ပါဝင်သည်အားလျော်စွာ ကုရုတိုင်းနှင့် စပ်လျက်ရှိကြောင်း၊

**တောင်ဘက်မျက်နှာ** ၎င်းမှာ မဇ္ဈိမအစွန်ဖြစ်သော တောင်ဘက်နိုင်ငံများဖြင့် ပိုင်းခြားသင့်ကြောင်း၊ နယ်ခြားများမှာကား ဆိုခဲ့ပြီး ဝံသတိုင်းနှင့် ဆိုလတ္တံ့ **အဝန္တိတိုင်း**တို့နှင့် စပ်လျက်တည်ရှိကြောင်း ဟောတော်မူသော ဒေသနာအစဉ် နိဒါန်းများဖြင့် ထင်ရှား၏။

## ဂျင်းတိုင်း မှတ်တမ်းများ

ဂျင်းတိုင်းနှင့်စပ်လျဉ်း၍ မဟာယာန ဗုဒ္ဓဘာသာမှတ်တမ်းအရ "အသောကဘုရင်မင်းတရားလက်ထက်က ဂျင်းမဓုရအနီး **နတဘာတိကမည်သော တောအုပ်ကြီးအတွင်း** ဥရုမုန္ဒတောင်ပေါ်၌ သီတင်းသုံးတော်မူသော ဥပဂုတ္တမထေရ်မှာ တပည့်တပန်း ရဟန်းသံဃာ-၁၈၀၀၀ (တစ်သောင်းရှစ်ထောင်)မျှ ရှိ၍ ဂျင်းကျောင်းတိုက်သည်လည်း ဥပဂုတ္တကျောင်းတိုက်ကြီးဟု တွင်ကြောင်း၊ ဂျင်းမဓူရနယ်၌ အခြားသံဃာတော်များစွာရှိရာ အရှင်**ဥပဂုတ္တမထေရ် မှာ တန်ခိုးဣဒ္ဓိပါဒ်အရာ၌ အထူးကျော်ကြားသဖြင့် အသောကဘုရင်မင်းတရားသည် သံဃာတော်ပေါင်း-၁၈၀၀၀ (တစ်သောင်းရှစ်ထောင်)ကျော်နှင့်တကွ မထေရ်မြတ်ကို ပါဋလိပုတ်နေပြည်တော်သို့ ပင့်ဆောင်တော်မူကြောင်း**" ရေးသား၏။

ဂျင်းမှတ်တမ်းအရ အထူးအားဖြင့် မှတ်အပ်သည်မှာ အသောကဘုရင်မင်းမြတ်လက်ထက်သို့တိုင် ရောက်အောင် ရှေးအစဉ်အလာအတိုင်း ဤသူရသေနတိုင်းမှာ သာသနာတော်အရှိန် မမှေးမှိန်ဘဲ ထွန်းလင်းတောက်ပ စည်ကားလျက်ရှိကြောင်း၊ ဂျင်းမှာ အသောကမင်းတရား သာသနာ့ဝင် သာသနာ့ဒါယကာဘုရင် မဖြစ်မီကပင် စည်ကားလျက်ရှိကြောင်း အထူးမှတ်သားအပ်၏။

## ဖာဟိုင်မှတ်တမ်း

ဂျင်းပြင် တရုတ်ရဟန်းတော်ဖာဟိုင်သည် အိန္ဒိယအနောက်မြောက်ပိုင်း ပန်ဂျပ်နယ်မှ ကူးဖြတ်လျက် အဖော်ရဟန်းများနှင့် သွားကြသောအခါ လမ်းခရီးမှာ များစွာသော ကျောင်းတိုက်များနှင့် တွေ့ခဲ့ရပြီး ဤမဓုရသို့ ရောက်သောအခါလည်း များစွာသော မြို့သူ, မြို့သား, နယ်သူ, နယ်သားတို့မှာ ဗုဒ္ဓသာသနာတော်မြတ်ကို ဆည်းကပ်ကိုးကွယ်ကြ၍ များစွာသော ရဟန်းသံဃာတော်များ သီတင်းသုံးရာ ကျောင်းတိုက်ကြီးများ ရှိသည့်အပြင် ဘုရင်နှင့်တကွ အားလုံး သာသနာ့ဝင်ဖြစ်ကြကြောင်း၊ ထိုမှတပါး မြို့နယ်များလည်း ထို့အတူ ထွန်းကားကြောင်း ရေးသားဖော်ပြ၏။

## ဝှင်သျှင်မှတ်တမ်း

ဂျင်းမှတပါး သာသနာတော်နှစ်ပေါင်း ၁၀၀၀-ကျော်အောင် စည်ပင်သာယာ၍ ရဟန်းတော်ဝှင်သျှင် ရောက်စဉ်အခါက ဂျင်းတိုင်းမှာ ကြီးကျယ်သော နိုင်ငံတစ်ခုဖြစ်၍ အကျယ်အဝန်း လီပေါင်း ၅၀၀၀-ခန့် ရှိကြောင်း၊ မြို့တော်၏ အကျယ်အဝန်းမှာ လီပေါင်း

၂၀၀-ခန့် ရှိကြောင်း ရေးသားဖော်ပြသဖြင့် သာသနာတော် အစဉ်အဆက်သည် ၁၀၀၀-ကျော်အောင် မပျက်မစီးဘဲ ထွန်းကားလျက် ရှိသေးကြောင်း မှတ်သားအပ်၏။

## ယခုခေတ်

ရှေးဟောင်း ပထဝီဝင်ကျမ်းကြီးအရ ယခုအခါတိုင်အောင် ၎င်းမြို့မှာ စည်ပင်သာယာလျက် များစွာသော တောင်များဖြင့် လှည့်ပတ်ဝန်းရံကာ တောင်ထိပ်များစွာ၌လည်း ရှေးဟောင်းအဆောက်အဦး နေရာများနှင့် ရုပ်ထုတော်, ကျောက်စာတိုင်များ, ကြီးကျယ်ခမ်းနားသော ကျောင်းတိုက်ကြီးများ၏ နေရာဟောင်းများ ရှိသေးကြောင်း၊ ထိုမှတပါး သာကီမင်းမျိုးတို့ ကျောက်စာများနှင့် ဂုတ္တမင်းမျိုးတို့ ကျောက်တိုင်များအပြင် **ကနိဿက မင်းတရား**၏ ရုပ်ပုံများလည်း တွေ့ရှိကြောင်း ရေးသားဖော်ပြ၏။

သို့ဖြစ်၍ နိဂုံးကမ္ပတ် အဆုံးသတ်အားဖြင့် ဤသူရသေနတိုင်းမှာ မဇ္ဈိမဒေသ၌ ပါဝင်၍ ၎င်း၏ အနောက်တောင်ပိုင်းနိုင်ငံဖြစ်ကြောင်း၊ ရှေးနိပါတ်တော်အရ ဤမဓုရမြို့တော်မှ ဝါသုဒေဝ, ဗလဒေဝ-စသော သူရဲကောင်းများ ထွက်ပေါ်လာသည်မှစ၍ ဤတိုင်းမှာ သူရသေနတိုင်း တွင်ကြောင်း၊ မြတ်စွာဘုရားလက်ထက်တော်ကလည်း ၎င်းအမည်ဖြင့် ထင်ရှား၍ ပေါများကြွယ်ဝချမ်းသာသော နိုင်ငံကြီးတို့တွင် ပါဝင်ကြောင်း၊ ကိုယ်တိုင်တော်လည်း ၎င်းတိုင်းသို့ ကြွတော်မူကာ တရားဓမ္မဟောပြ တည်တံ့စေလျက် လက်ထက်တော်မှစ၍ သာသနာအစဉ်အဆက်မပျက် ထွန်းကားလာခဲ့ကြောင်း အဆုံးထား၍ မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## အဿကတိုင်း

ဤ အဿကတိုင်းမှာ မဟာဂေါဝိန္ဒပညာရှိကြီး တည်ထောင်ဖန်ဆင်းခဲ့စေသော တိုင်းနိုင်ငံကြီးတစ်ခုဖြစ်၍ ရှေးအခါသမယက ၎င်းတိုင်း နယ်ပယ်များသည် မဇ္ဈိမဒေသ အလယ်ပိုင်းသို့ ရေဏုမင်းကြီးနိုင်ငံတိုင်အောင် ဆိုက်ရောက်သော်လည်း နောက်အခါကာလတို့၌ တိုင်းပြည်နိုင်ငံ ပြည်ထောင်စုများ များပြားလာသဖြင့် မဇ္ဈိမဒေသ တိုင်းနယ်များ သတ်မှတ်ထားသော နယ်နိမိတ်မှ အပြင်ဘက်သို့ ကျရောက်၍ ပစ္စန္တအစွန်အဖျား နိုင်ငံတစ်ခု ဖြစ်ခဲ့လေ၏။ သို့ရာတွင် ဤတိုင်းနိုင်ငံသည် မဟာဂေါဝိန္ဒပညာရှိကြီး တည်ထောင်ဖန်ဆင်းသည်မှစ၍ အစဉ်အလာအတိုင်း ရှေးဇာတ်တော်, နိပါတ်တော်ခေတ်၌ ထင်ရှားသော နိုင်ငံတစ်ခုဖြစ်သည့်အပြင် မြတ်စွာဘုရားလက်ထက်တော်သို့တိုင် ရောက်အောင်ပင်

ကျော်စောထင်ရှား စည်ကားဝပြောသော နိုင်ငံတစ်ခုဖြစ်၍ မဇ္ဈိမတိုက်နယ် နိုင်ငံများနှင့် ဆက်သွယ်လျက်ရှိသော နိုင်ငံဖြစ်သောကြောင့် ဤသောဠသတိုင်းနယ်တွင် ထည့်သွင်း ဟောကြားတော်မူလေ၏။

ဤအဿကတိုင်းသည် မဟာဂေါဝိန္ဒခေတ်က အစဉ်ကျသည်အားလျော်စွာ ကလိင်္ဂတိုင်း, အဝန္တိတိုင်း ၂-တိုင်းတို့၏အကြားမှာ တည်ရှိ၍ ၎င်း၏မြို့တော်မှာ ပေါတန ခေါ်တွင်သော်လည်း အချို့ဇာတ်တော်များ၌ **ပေါတလိ**-ဟု ကာလရှည်ကြာသဖြင့် အမည် ပြောင်းလဲလျက် **မဇ္ဈိမ၏ အနောက်တောင်ဘက် ဂေါဓာဝရီမြစ်ကမ်းမှာ** တည်ရှိကြောင်း စတုက္ကနိပါတ်၊ စူဠကလိင်္ဂဇာတ်၌ ထင်ရှားသိသာ၏။

၎င်းအကျဉ်းချုပ်မှာ **ကလိင်္ဂတိုင်း၊ ဒန္တပူရမြို့တော်၌ ကလိင်္ဂမင်းကြီး** ထီးနန်းစိုက်ထူ အုပ်ချုပ်တော်မူစဉ် **အဿကတိုင်း၊ ပေါတလိမြို့တော်မှာလည်း အရုဏမည်သော အဿက မင်းကြီး** မင်းပြုလျက် ထီးနန်းပြိုင်ကြရာ ကလိင်္ဂမင်းကြီးမှာ သမီးတော် ၄-ပါး ထွန်းကား၍ စစ်ပြိုင်ဖက် ရှာသောအားဖြင့် ၎င်းတို့ကို ကောင်းမြတ်သော ယာဉ်ရထားထက် တင်ဆောင် ကာ တိုင်းနိုင်ငံ အသီးသီးသို့ လှည့်လည်ရာ နောက်ဆုံး အဿကတိုင်းသို့ ရောက်၍ ၎င်း သမီးတော်များကို အဿကမင်းတရား သိမ်းပိုက်တော်မူပြီးလျှင် ကလိင်္ဂဘုရင်မင်းနှင့် စစ်ခင်းကြလေ၏။ ၎င်းစစ်မြေပြင်မှာ တိုင်း ၂-တိုင်းတို့၏ နယ်စပ်ဖြစ်၍ အလောင်းတော် ရသေ့မြတ်လည်း ၎င်းမှာပင် သခ်မ်းချောင်ရိပ်သာ၌ ဈာန်သမာပတ်မွေ့လျော်ကာ နေထိုင် လေ၏။

ထိုအခါ ကလိင်္ဂမင်းကြီးသည် အလောင်းတော်မြတ်ထံ ချဉ်းကပ်၍ ၂-ပြည်ထောင် မင်းများ စစ်ဖြစ်ပွါးခြင်း၏ **အရှုံး, အနိုင်** လျှောက်ထားလျှင် သိကြားမင်း ညွှန်ပြချက်အရ "ကလိင်္ဂမင်းက အောင်မြင်လတ္တံ့"ဟု ဖြေကြားသဖြင့် အားလုံးကြေညာသွားရာ အဿကမင်း မှာ အလွန်ပူပန်လျက်နေစဉ် ၎င်းဘုရင်၏ အဂ္ဂသေနာပတိ စစ်သူကြီးနန္ဒိသေနသည် ဘုရင်မင်းမြတ်အား သက်သာစေ၍ အလောင်းတော်မြတ်သို့ပင် ချဉ်းကပ်ပြီး နောက်ထပ် ဖြစ်ပွါးမည့်အကြောင်းအရာများ လျှောက်ထားသောခါ "**ကလိင်္ဂဘက်မှ ကိုယ်လုံးဖြူသော နွားလားဥသဘ ထွက်လာ၍ အဿကဘက်မှ ကိုယ်လုံးနက်သော နွားလားဥသဘ ထွက်လာပြီး စစ်ထိုးကြလတ္တံ့**"ဟု မိန့်ကြားသည်ကို မှတ်သားလျက် ဥပါယ်တံမျဉ်အားဖြင့် ကလိင်္ဂနတ်ကို သတ်ဖြတ်ကာ နောက်ဆုံး အဿကဘုရင်ကပင် အောင်မြင်ပြီး သမီးတော် ၄-ပါး သိမ်းပိုက် တော်မူလေ၏။

ဤဇာတ်တော်အရ ကလိင်္ဂနှင့် အဿကတိုင်းကား နယ်ခြားစပ်လျက် တည်ရှိ ကြောင်း သိရသည့်အပြင် မဟာဂေါဝိန္ဒပညာရှိကြီး တည်ထောင်စဉ်ကလည်း---

"ဒန္တပုရံ ကလိင်္ဂါနံ၊ အဿကာနဉ္စ ပေါတနံ" *(ဒီ၊ ၂။ ၁၈၉)*

ဟု ကလိင်္ဂတိုင်း၊ ဒန္တပုရမြို့တော်နှင့် အဿကတိုင်း၊ ပေါတနမြို့တော်များ အစဉ်အတိုင်း စပ်လျက်တည်ရှိကြောင်း ထင်ရှားစွာလာ၏။ ၎င်းပြင် ဒုကနိပါတ်၊ အဿကဇာတ်၌လည်း-

အဿကမင်း၏ အဆင်းသဏ္ဌာန် ကြွန်အင်လက္ခဏာ ပြည့်စုံစွာသော အလွန်မြတ်နိုးအပ်သည့် မိဖုရားခေါင်ကြီး ကွယ်လွန်ရာ မင်းတရားမှာ မစားသောက်နိုင်ဘဲ ကြီးကျယ်သော သောကထဲ၌ ရောက်နေသည်ကို အလောင်းတော်ဆုံးမ၍ ချမ်းသာရာရကြောင်း လာ၏။ ဤဇာတ်တို့၌ မြို့တော် **ပေါတလိ**လာ၍ အမည်ရင်းမှာ **ပေါတန**ဖြစ်ကြောင်း သို့ရာတွင် ယခုအခါ၌ ၎င်းပေါတန-ပေါတလိ အမည်အားဖြင့် ထင်ရှားသော အရပ်ဒေသ ရှာဖွေမရနိုင်အောင် တိမ်မြုပ်နေသဖြင့် အရပ်ဒေသ ညွှန်းပြရန် ခဲယဉ်း၏။

ဤအဿက တိုင်းမှာကား ရှေးအခါက ထင်ရှားလာခဲ့သည့်အတိုင်းပင် လက်ထက်တော်တွင်လည်း ထင်ရှားရှိသေးကြောင်း သုတ္တနိပါတ်၊ ပါရာယနဝဂ်၊ ဝတ္ထုကထာ၌---

ကောသလာနံ ပုရာ ရမ္မာ၊ အဂမာ ဒက္ခိဏာပထံ။
အာကိဉ္စညံ ပတ္ထယာနော၊ ဗြာဟ္မဏော မန္တပါရဂူ။ ။

သော အဿကဿ ဝိသယေ၊ အဠကဿ သမာသနေ္န။
ဝသိ ဂေါဓာဝရီ ကူလေ၊ ဥဉ္ဆေန စ ဖလေန စ။ ။ *(သုတ္တနိပါတ်၊ ၄၂၉)*

**တိုင်းကောသလ၊ ပြည်မှ တလီ။ ဒက္ခိဏပထ၊ သွားကြလေပြီ။**
**ဆိတ်ငြိမ်အေးမြ၊ တောင့်တကြသည်။ မန္တန်ကမ်း၊ တတ်ကျွမ်းပုဏ္ဏားသည်။ ။**

**တိုင်းအဿက၊ ထိုမှ တလီ။ အဠကမှ၊ မဝေးပါသည်။**
**မြစ်ကမ်းနေရာ၊ ဂေါဓာဝရီ။ သစ်သီး, စာ၊ မျှကာ နေထိုင်သည်။ ။**

စသည်ဖြင့် လာသည့်ပြင် ၎င်းအဖွင့် အဋ္ဌကထာ*(နှာ၊ ၁၉၆)*၌လည်း---

"သော ဗြာဟ္မဏော အဿကဿ စ အဠကဿ စာတိ ဒွိန္နမ္ပိ အန္ဓကရာဇူနံ သမာသနေ္န ဝိသယေ အာသနေ္န ရဋ္ဌေ ဒွိန္နမ္ပိ ရဋ္ဌာနံ မဇ္ဈေတိ အဓိပ္ပါယော။

ထိုပုဏ္ဏားကား အဿကနှင့် အဠက-ဟူ မင်း ၂-ပါးတို့၏အနီး ၂-တိုင်းတို့အလယ် ဟု ဆိုလိုသည်" ဟု ထင်ရှားစွာ ဖွင့်ပြ၏။ ၎င်းပါဠိတော်၏ အဓိပ္ပါယ်မှာ---

ဗြာဟ္မဏတို့ အတတ်ပါရဂူရောက် တတ်မြောက်သော ဗာဝရီဆရာကြီးသည် သာယာဝပြောသော ကောသလတိုင်း၊ သာဝတ္ထိမြို့တော်မှ လူမပြွမ်းဘဲ အေးချမ်းသာယာ စိတ်ငြိမ်ရာကို တောင့်တမြော်လင့်လျက် ဒက္ခိဏပထ မဇ္ဈိမဒေသမှ တောင်ဘက်ကျသော

နိုင်ငံတို့သို့ တောထွက်လာခဲ့ရာ အသကတိုင်း, အင်္ဂကတိုင်းတို့၏အကြား ဂေါဓာဝရီမြစ် ကမ်းနား၌ ဆွမ်းခံခြင်း, သစ်သီးဝလံရှာဖွေစားသောက်ခြင်းတို့ဖြင့် မျှတနေထိုင်ခဲ့လေ၏။

ဤဗာဝရီဆရာကြီးသည် သီးတောချောင်သခ်မ်းကြီး၌ တပည့်ပရိသတ်များစွာနှင့် သီတင်းသုံးနေထိုင်သောကာလ ကြီးကျယ်စွာသော အလှူကြီးပေးလှူပြီးနောက် ပုဏ္ဏားကြီး တစ်ယောက် ရောက်လာ၍ ငွေသပြာ ၅၀၀-တောင်းခံလာသည်ကို မရှိသဖြင့် မပေးနိုင် ကြောင်း ဆရာကြီးက ဖြေကြားလျှင် တောင်းခံလာသူ ပုဏ္ဏားက "သူ၏ အလိုဆန္ဒ မဖြည့်နိုင်ပါက ၇-ရက်ကြာလျှင် ဦးခေါင်း ၇-ဖြာ ကွဲပါစေ"ဟု ကျိန်ဆဲသွားသည့်အတွက် ဆရာကြီးမှာ စိတ်မချမ်းမသာဘဲ ယုံမှားလျက်ရှိရာ အကျိုးလိုလားသော နတ်သားတစ် ယောက် လာ၍ "ထိုပုဏ္ဏားသည် ဥစ္စာလောဘနှင့်သာ ပြောကြားကြောင်း၊ အမှန်အားဖြင့် သူ့မှာ ၎င်းကိုသိနိုင်ရန် အသိဉာဏ်ထူး မရှိကြောင်း"ဆရာကြီးအား သက်သာဖွယ်ရာ ပြောကြားလာ၏။

ထိုအခါ ဆရာကြီးက "သင်နတ်သား အမှန်သိနိုင်ပါသလား"ဟု ထပ်မံ မေးမြန်း သည်တွင်---

"သူလည်း အမှန်မဖြေနိုင်ကြောင်း၊ စင်စစ်မှာ ကပိလနေပြည်တော်နှင့် ထီးနန်း စည်းစိမ် အသရေတော်မြတ်ကို စွန့်ခွါ တောထွက်တော်မူ၍ သြက္ကာကမင်းမှ ဆက်သွယ် ကာ သာကီယနွယ်ဖွား လောကဦးခိုင်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည်သာ ဖြေကြားနိုင်ကြောင်း" ၎င်းနတ်သားက ပြောကြားလျှင်---

ဆရာကြီးမှာ အမြိုက်ရေစင် တွေ့သကဲ့သို့ ပီတိသုခ တက်ကြွလျက် ဗုဒ္ဓဟူသော စကားကို ကြားရသည်ကား အလွန်ဝမ်းမြောက်သောအားဖြင့် "ယခုအခါ မြတ်စွာဘုရား သည် အဘယ်အရပ်မှာ သီတင်းသုံးတော်မူပါသနည်း"ဟု ထပ်မံမေးမြန်းလျှင်---

"ဘုရားရှင်သည် သာဝတ္ထိမြို့တော်ကြီးအနီး ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်း သုံးတော်မူကြောင်း" နတ်သားက ဖြေကြား ကွယ်ပျောက်သွား၏။

ဗာဝရီဆရာကြီးမှာ ထင်ရှားကျော်ကြား၍ မန္တကျမ်းဂန်တို့၌ တဘက်ကမ်းရောက် တတ်မြောက်ကြသော---

| | |
|---|---|
| ၁။ အဇိတ | ၉။ တောဒေယျ |
| ၂။ တိဿမေတ္တေယျ | ၁၀။ ကပ္ပ |
| ၃။ ပုဏ္ဏက | ၁၁။ ဇတုက |

| | |
|---|---|
| ၄။ မေတ္တဂူ | ၁၂။ ဘဒြာဝုဓ |
| ၅။ ဓောတက | ၁၃။ ဥဒယ |
| ၆။ ဥပသိဝ | ၁၄။ ပါသာလ (ပေါသလ) |
| ၇။ နန္ဒ | ၁၅။ မောဃရာဇ |
| ၈။ ဃမက | ၁၆။ ပိင်္ဂိယ- |

ဟူသော တပည့်ကြီး ၁၆-ယောက်ရှိ၍ ၎င်းတို့နှင့် တိုင်ပင်ပြီးလျှင် အသီးသီး စိတ်အားဖြင့် မြတ်စွာဘုရားအား ပြဿနာများ လျှောက်ထားဖို့ရန် ပြောကြားပြီးနောက် ဘုရားရှင် သီတင်းသုံးတော်မူရာ မြောက်ပိုင်း တိုင်းနိုင်ငံတို့သို့ စေလွှတ်လိုက်လေ၏။

၎င်းတပည့်ကြီးများသည် ဗာဝရီဆရာကြီးအား ရိုသေစွာ ရှိခိုးပြီးလျှင် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ မြောက်ဘက်တိုင်းနိုင်ငံသို့ ရှေးရှုကာ အစဉ်အတိုင်း---

- အဠကတိုင်း ပတိဋ္ဌာနမြို့တော်
- ၎င်းမှ အရှေ့ပိုင်း မဟိဿတိမြို့
- မဟိဿတိမှ ဥဇ္ဇေနီမြို့တော်
- ၎င်းမှ ဂေါနဒ္ဓမြို့
- ၎င်းမှ ဝေဒိဿမြို့
- ၎င်းမှ ဝနသာဝတ္ထိမြို့
- ၎င်းမှ ကောသမ္ဗီမြို့တော်
- ၎င်းမှ သာကေတမြို့
- ၎င်းမှ သာဝတ္ထိမြို့တော်
- ၎င်းမှ သေတဗျမြို့
- ၎င်းမှ ကပိလမြို့တော်
- ၎င်းမှ ကုသိနာရမြို့တော်
- ၎င်းမှ ပါဝါမြို့တော်
- ၎င်းမှ ဘောဂနဂရမြို့
- ၎င်းမှ ဝေသာလီမြို့တော်
- ၎င်းမှ မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့တော်
- ၎င်းမှ ပါသာဏစေတျနတ်ကွန်းကျောင်းတော်သို့-

လာခဲ့ကြရာ မြို့ပြ ပြည်ရွာ ၁၆-ခုတို့ကို ဖြတ်ကျော်လျက် ဤပါသာဏစေတီ နတ်ကွန်းကျောင်းတော်မှာ ဘုရားရှင်ကို ဖူးမြင်ရကြောင်း လာ၏။ ထိုဆိုခဲ့ပြီးသော ခရီးစဉ်ကို သုတ္တနိပါတ်၊ ပါရာယနဝတ္ထုကထာ*(နှာ၊ ၄၃၂)*၌---

ဗာဝရိ အဘိဝါဒေတွာ၊ ကတွာ နံ ပဒက္ခိဏံ။
ဇဋ္ဌာ ဇိနဓရာ သဗ္ဗေ၊ ပက္ကာမုံ ဥတ္တရာမုခါ။ ။

**"ဗာဝရီ ဆရာကြီး၊ ရှိခိုးပြီးကာ။ ရိုသေသမှု၊ ပြုပြီးသော်သာ။**
**ဆံကျစ် ဆောင်လျက်၊ သစ်နက်ရေပါ။ အားလုံးစုံ၊ ထွက်ကုန်မြောက်မျက်နှာ"။ ။**

စသည်ဖြင့် အကျယ်လာ၏။

၎င်းဆရာကြီး၏ တပည့်များသည် အထက်ပါ လမ်းစဉ်အတိုင်း မဂဓတိုင်း ပါသာဏနတ်ကွန်းကျောင်းတော်ရောက် ဘုရားရှင်ဖူးမျှော်ရပြီးနောက် ဆရာကြီးစကားအရ လျှောက်ထားကြပြီး မိမိတို့ကြံစည်ထားသော ပြဿနာများ စိတ်အားဖြင့် လျှောက်ထားကြရာ ဝေနေယျဇ္ဈာသယအားလျော်စွာ ဖြေကြား၍ အဇိတစသော တပည့်တို့မှာ သစ္စာဉာဏ်အလင်းဖောက်ထွင်း သိမြင်ကြကုန်၏။

၎င်းပြင် အဋ္ဌကထာ၌လည်း ၎င်းတပည့်ကြီးတို့မှာ အသီးအသီး ဂိုဏ်းဆရာကြီးများဖြစ်ကြသည်အားလျော်စွာ တစ်ထောင်မျှစီသော တပည့်အသီးအသီးရှိကြ၍ မြတ်စွာဘုရားသည် ၎င်းတို့ပြဿနာများ ဖြေကြားပြီးသောအခါ တပည့်အပေါင်းနှင့်တကွ အားလုံးသစ္စာဉာဏ် အလင်းရကြ၍ ဧဟိဘိက္ခု ဖြစ်ကြကြောင်း ဖွင့်ပြတော်မူ၏။

ဤသို့သုတ္တနိပါတ်၊ ဝတ္ထုနိဒါန်း၌လာသော အတ္ထုပ္ပတ္တိကို ထောက်ထားသောအားဖြင့် ဤအဿကတိုင်းမှာ မြတ်စွာဘုရားလက်ထက်တိုင်အောင် ကျော်ကြားထင်ရှားသော တိုင်းနိုင်ငံဖြစ်ကြောင်း၊ မြို့တော်အထူးမပြသော်လည်း ဇာတ်နိပါတ်တော်နှင့် ဝိမာနဝတ္ထုကထာတို့ကို ထောက်ထား၍ ပေါတန, ပေါတလိဖြစ်ကြောင်း၊ ၎င်းပြင် ဗာဝရီဆရာကြီးနှင့်တကွ တပည့်အပေါင်းတို့ သာသနာတော်ဝင် ဖြစ်ကြကြောင်း ထင်ရှားသဖြင့်လည်း ဘုရားရှင်လက်ထက်တော်က စည်ပင်သာယာသည့် ဗုဒ္ဓနိုင်ငံဖြစ်ကြောင်း ကောင်းစွာ မှတ်သားအပ်၏။ ထိုမှတပါး ဝိမာနဝတ္ထု၊ စူဠရထဝိမာန ပါဠိတော်၌---

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက်လည်း အဿကတိုင်း၊ ပေါတလိမြို့တော်၌ အဿကမင်းကြီး ထီးနန်းအုပ်ချုပ်မင်းလုပ်စဉ် ၎င်းသည် မိဖုရားငယ် သားကို မင်းဆုပေးရာ သားတော်ကြီး သုဇာတာသည် ပြည်ထောင်မှ ထွက်ခွါပြီး တောသို့ဝင်လျက် မုဆိုးများနှင့် ပေါင်းသင်းဆက်ဆံကာ နေထိုင်ခဲ့ရာ တစ်နေ့သ၌ တောသမင်နောက်သို့

တစ်ယောက်တည်း လိုက်သွား၍ အခွင့်အားလျော်စွာ အရှင်ကစ္စာနမထေရ်၏ တောကျောင်းသို့ ရောက်သွားသဖြင့် တရားဓမ္မ ဟောပြနာယူကြောင်း လာသည်ကို အဋ္ဌကထာ၌လည်း အကျယ်ဖွင့်ပြ၏။

**အရှင်ကစ္စာနမထေရ်**သည် ၎င်းသုဇာတာမင်းသား လေးထောက်ကာရပ်နေသည်ကို တွေ့ရသောအခါ "သင်သည် ဘုရင်ဖြစ်သလော၊ သို့မဟုတ် တောမုဆိုးလော"ဟု မေးမြန်းလျှင်---

အသဃကာဓိပတိဿာ'ဟံ၊
ဘန္တေ ပုတ္တော ဝနေ စရော။
နာမံ မေ ဘိက္ခု တေ ဗြူမိ။
သုဇာတော ဣတိ မံ ဝိဒူ။ ။

မိဂေ ဂဝေသမာနော'ဟံ၊
ဩဂါဟန္တော ဗြဟာဝနံ။
မိဂံ တဠေဝ နာ'ဒက္ခိံ။
တွဉ္စ ဒိသွာ ဌိတော အဟံ။ ။*(ဝိမာန၊ ဌ။ ၂၄၃)*

"**အသဃကတိုင်းရှင်၊ ဘုရင့်သားမည်။**
**တပည့်တော်ကား၊ တောနေငြားသည်။**
**ရှင်ရဟန်းအား၊ အမည် ကြားမည်။**
**သုဇာတာ၊ မှတ်ပါ သိကြသည်။** ။

**တပည့်တော်ကား၊ သားလိုက်ငြားသည်။**
**တောနက်တွင်းသို့၊ သက်ဆင်းခဲ့သည်။**
**သမင်ကိုပင်၊ မမြင်တော့ပြီ။**
**အရှင်အား၊ မြင်ငြား ရပ်၍ တည်"။** ။

စသည်ဖြင့် ၎င်းမင်းသား လျှောက်ထားရာ အရှင်ကစ္စာနမထေရ်မြတ်သည် ထိုက်သည်အားလျော်စွာ တရားဓမ္မဟောပြတော်မူ၍ သရဏဂုံသီလတည်ပြီးလျှင် အရှင်ကစ္စည်းကိုလည်း ပစ္စည်း ၄-ပါးဖြင့် ဖိတ်မန်ကာ နောက်အခါ၌လည်း မထေရ်အား အသဃကတိုင်းသို့ ဖိတ်ကြားပင့်ယူပြီး ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းကြောင်း၊ ၎င်းမင်းသားမှာ ထိုကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီး၍ ၄-လမျှ ကြာသောအခါ ကွယ်လွန်သဖြင့် ၎င်းကုသိုလ်အဟုန်ကြောင့် တာဝတိံသာနတ်ဘုံ ရောက်သောအခါ အရှင်ကစ္စည်းမထေရ်ကို

သတိရ၍ မထေရ်ထံ နတ်ရထားဖြင့် ရောက်လာကြောင်း၊ ကောင်းမှုကုသိုလ် မေးမြန်းသော အခါ ၎င်း၏ကုသိုလ်များ လျှောက်ထားလျှင် အားလုံးပရိသတ်တို့အား ဟောကြား၍ များစွာ သောသူတို့ ကောင်းမှု၌ တည်စေကြောင်း- အကျယ်လာ၏။

ဤဝိမာနဝတ္ထုအားဖြင့်လည်း အဿကတိုင်းသည် ဘုရားရှင် ပရိနိဗ္ဗာန်စံလွန် တော်မူပြီးနောက်မှာ အရှင်မဟာကစ္စည်းမထေရ် သီတင်းသုံးတော်မူကာ သာသနာပြုစု လျက် သာသနာ့နိုင်ငံတော် အဖြစ်တည်စေကြောင်း ထင်ရှား၏။

## မြို့ရွာ နိဂုံးများ

၎င်းတိုင်းမှာလည်း အခြားထင်ရှားသော တိုင်းများကဲ့သို့ မြို့ပြ နိဂုံးများရှိမည်မှာ ယုံမှားစရာ မရှိသော်လည်း အရှင်မဟာကစ္စည်းမထေရ် သာသနာနောက်ပိုင်းမှာ သီတင်း သုံးရာဖြစ်၍ ဟောကြားတော်မူသော သုတ်အနည်းငယ်မှတပါး အခြားသုတ္တန်များ၌ မထင် ရှားသောကြောင့် မြို့ရွာ နိဂုံးတို့၏ အမည်တို့ကား မထင်ရှားကုန်။ ၎င်းပြင် ၎င်းတိုင်း၏ မြို့တော်ကား ဝိမာနဝတ္ထုကို ထောက်ထားသောအားဖြင့် နောက်ခေတ်တိုင်အောင်ပင် ပေါတလိတွင်၍ ၎င်း၌ ဘုရင်တစ်ပါး အုပ်စိုးသောအားဖြင့်လည်း တိုင်းကြီးအထဲတွင် ပါဝင် ကြောင်း မှတ်သားအပ်၏။

နယ်နိမိတ် အပိုင်းအခြား အကြောင်းအရာများလည်း အထက်က ရေးသားခဲ့ပြီး ဖြစ်သော ပါရာယနဝတ္ထု၊ နိဒါန်း၊ ဂါထာတို့ကို ထောက်ထားခြင်းအားဖြင့် **ဤအဿကတိုင်း သည် မဇ္ဈိမတိုက်နယ်တွင် မပါဝင်ဘဲ** အနောက်ပိုင်းတိုင်းနိုင်ငံများဖြစ်သော အာဠကတိုင်း နယ်များနှင့် စပ်လျက် တည်ရှိသောကြောင့် ပစ္စန္တအစွန်အပြင်ပ နိုင်ငံများတွင် ပါဝင်သော် လည်း ၎င်းမဇ္ဈိမနိုင်ငံများနှင့်လည်း ဆက်စပ်တည်ရှိသဖြင့် ၎င်းတွင် ထင်ရှားသောတိုင်းနိုင်ငံ များအတွင်း ထည့်သွင်းဟောကြားတော်မူသည်အားလျော်စွာ ၎င်းတိုင်းများဖြင့် ပိုင်းခြား ကြောင်း မှတ်သားအပ်၏။ သို့ဖြစ်၍ ဤတိုင်း၏ နယ်နိမိတ် အပိုင်းအခြားတို့မှာ-

### အရှေ့မျက်နှာ

၎င်းမျက်နှာ အပိုင်းအခြားမှာ ရှေးဇာတ်နိပါတ်တို့ကို ထောက်ထား၍ ဒက္ခိဏာပထ အနောက်မြောက်မှ အရှေ့တောင်သို့ စီးဆင်းသည့် ဂေါဓာဝရီမြစ်ကမ်းကို အမှီပြုသော ကလိင်္ဂတိုင်းလျှင် ပိုင်းခြားကြောင်း၊ ၎င်းမှာ မဟာဂေါဝိန္ဒ တည်ထောင်သော ၇-တိုင်းတွင် ပါဝင်ကြောင်း မှတ်သားအပ်၏။

## ကလိင်္ဂတိုင်း

ဤတိုင်းကား ဘုရားရှင်လက်ထက် ထင်ရှားပင်ရှိသော်လည်း ဟောကြားတော်မူရန် အတ္တုပ္ပတ် မဖြစ်ပွါး၍ ဟောကြားအပ်သော သုတ်မရှိသည့်ပြင် တိုင်း ၁၆-တိုင်းတွင် မပါဝင်စေကာမူ---

ဒန္တပူရ် ကလိင်္ဂါနံ-ဒန္တပူရမြို့တော်၊ ကလိင်္ဂတိုင်း-ဟု ကပ်ဦး ၇-တိုင်းတွင် ပါဝင်၍ ဇာတ်နိပါတ်တွင်လည်း ထင်ရှားဟောကြားတော်မူသော သုတ္တန်တို့၌လည်း အကြောင်းအရာပါ၍ သာသနာတွင် ထင်ရှားသော တိုင်းဟု မှတ်သားအပ်၏။

## ဇာတ်နိပါတ်တော်များ

ဤတိုင်း၏ ဇာတ်တော်များမှာ စူဠကလိင်္ဂဇာတ်, ကလိင်္ဂဗောဓိဇာတ် စသည်တို့၌ ထင်ရှားသည့်အပြင် အထူးအားဖြင့် သရဘင်္ဂဇာတ်၌ သာ၍ ထင်ရှားသည်မှာ----

ငင်းသရဘင်္ဂဆရာကြီး၏ ပရိသတ်တိုးပွါး နေရာအားဖြင့်မဆန့်၍ ရသေ့အသီးအသီး ထိုထိုတိုင်းတို့သို့ လွှတ်ရာ ကိသဝစ္ဆရသေ့မှာ ဤတိုင်း ကုမ္ဘဝတီမြို့တော် ဒဏ္ဍကီမင်း၏ ဥယျာဉ်တော်၌နေစဉ် ငင်းမြို့၌ ထင်ရှားသော ပြည့်တန်ဆာမ ပြစ်မှားခြင်းမှ စ၍ ပုရောဟိတ်, ဘုရင်ပါ တစ်နိုင်ငံလုံး ပြစ်မှား မတရားပြုကြသောကြောင့် နတ်များ သည်းမခံနိုင်ဘဲ လက်နက်မိုး ရွာသွန်းလျက် ပျက်စီးစေကြောင်း လာ၏။

ငင်းပြင်လည်း ဤတိုင်း ဒန္တပူရမြို့တော်၌ **နာဠိကေရမင်း** အုပ်ချုပ်စဉ် ရသေ့သူတော်စင်-၅၀၀ ဟိမဝန္တာမှ လာ၍ ငင်းမြို့တော်သို့ ရောက်သည့်အခါ ဆွမ်းဖြင့်ဖိတ်မန်ကာ မထိုက်တန်သော အပြုအမူအပြင် မစင်တိုက်ကျွေး ခွေးနှင့်တိုက်လျက် ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်နှိပ်စက်သောကြောင့် တိုင်းပြည်အလုံး ဆုံးရှုံးပျက်စီးဖူးကြောင်းများလည်း လာရှိ၏။

ထိုမှတပါး ဘုရားရှင် ဟောကြား၍ ခိုင်မာသော အကြောင်းအရာများမှာ မဇ္ဈိမပဏ္ဏာသ၊ ဥပါလိသုတ်၌---

ဥပါလိသူကြွယ်အား မနောကံ ကြီးကျယ်ကြောင်း၊ တန်ခိုး ဣဒ္ဓိပါဒ်နှင့်ပြည့်စုံသော ရသေ့သူတော်ကောင်းများ ပြစ်မှားမိကြသည့် ဒဏ္ဍကီမင်း, ကလိင်္ဂမင်းတို့ နိုင်ငံအလုံး ပျက်စီးသည်မှာ မနောကံအမှုသာ ဖြစ်ကြောင်း---

“တံ ကිං မညသိ ဂဟပတိ။ ကින්ති တෙ සුතං။ කෙන සුතං။ ဒဏ္ဍကီရညံ ကလိင်္ဂရညံ မဇ္ဈရညံ မာတင်္ဂရညံ အရညံ အရညဘူတန္တိ။

သူကြွယ်၊ အသို့ မှတ်ထင်သနည်း။ ဘယ်သို့ ကြားသနည်း။ ဒဏ္ဍကီတိုင်း, ကလိင်္ဂတိုင်း, မဇ္ဈတိုင်း, မာတင်္ဂတိုင်းတို့၏ တောဖြစ်သည်ကား မည်သို့နည်း”ဟု ဥပါလိသူကြွယ်အား မေးတော်မူလျှင်---

“သုတမေတံ ဘန္တေ ဣသိနံ မနောပဒေါသေန။ တေန တံ ဒဏ္ဍကီရညံ ကလိင်္ဂရညံ မဇ္ဈရညံ မာတင်္ဂရညံ အရညံ အရညဘူတန္တိ။

အရှင်ဘုရား၊ ရသေ့တို့အား ပြစ်မှားခြင်းကြောင့် ဤသို့ ကြားဖူးပါသည်။ ထို့ကြောင့် ထိုဒဏ္ဍကီတိုင်း, ကလိင်္ဂတိုင်း, မဇ္ဈတိုင်း, မာတင်္ဂတိုင်းများ တောအတိ ဖြစ်သွားသည်ဟု ကြားဖူးပါသည်”ဟု ဥပါလိ လျှောက်ထားသည်ကို ထောက်ဆသောအားဖြင့် ဤတိုင်းနှင့် ဤတိုင်း၏ အဖြစ်အပျက်များ လက်ထက်တော်တိုင်အောင်ပင် အစဉ်အလာ ဥဒါန်းစကား ပျောက်ကွယ်မသွားဘဲ ထင်ရှားရှိသေးကြောင်း ထင်ရှား၏။

## အနောက်မျက်နှာ

ဤတိုင်း၏ အနောက်မျက်နှာ အပိုင်းအခြားမှာလည်း နောက်ကဆိုခဲ့ပြီးသော ဗာဝရီဆရာကြီးနှင့် တပည့်များ၏ သီတင်းသုံးရာ သီးတောချောင်ကြီး၏ ဂေါဓာဝရီမြစ် သော အဠကတိုင်းဖြစ်၍ ၎င်း၏မြို့တော်မှာ ပတိဋ္ဌာနဖြစ်ကြောင်း၊ ၎င်းလည်း ဂေါဓာဝရီမြစ် ၏ အခြားတစ်ဖက်မှာ တည်ရှိသော တိုင်းနယ်ဖြစ်ကြောင်း မှတ်သားအပ်၏။

၎င်းတိုင်းလည်း ထိုဗာဝရီဆရာကြီးနှင့် တပည့်များ နေထိုင်ရာဖြစ်၍ သာသနာဝင် တိုင်းနယ်ဖြစ်ကြောင်း၊ အခြားရှေးဟောင်းမှတ်တမ်းများ၌လည်း ၎င်းတိုင်းသည် ဂေါဓာဝရီ မြစ်နှင့် နမ္မဒါမြစ်တို့၏ အတွင်း၌တည်ရှိသော တိုင်းနယ်များ ဖြစ်သည်အားလျော်စွာ ပူရဏီ သို့မဟုတ် တပတီမြစ်နှင့် နမ္မဒါမြစ်အတွင်းတည်ရှိသော အဠကတိုင်း မြောက်ပိုင်းမှာ ဤတိုင်း နယ်တွင်ပါဝင်၍ နမ္မဒါမြစ်ကမ်း၌တည်ရှိသော မဟိဿတိမြို့သည် ဤတိုင်း၏ လက် အောက်ခံ မြို့ဖြစ်ကြောင်း၊ ၎င်းတို့မှာ ယခုအခါ ဗိရာနယ်များဖြစ်၍ အဇန္တာဂူ အစရှိသော ရှေးဟောင်းဗုဒ္ဓဘာသာ အဆောက်အဦးအကြီးအကျယ်များ ယခုထက်တိုင်အောင် ထင်ရှား ရှိနေကြောင်း မှတ်သားကြကုန်၏။

## တောင်မျက်နှာ

တောင်ဘက်မျက်နှာ၌ သာသနာနှင့်စပ်သော ကျမ်းဂန်တို့တွင် ထင်ရှားအောင် မပြသော်လည်း အဝန္တိ ဒက္ခိဏာပထေသု-ဟူသည်နှင့်အညီ အဝန္တိတိုင်းမှ စ၍ ဒက္ခိဏာပထ မဇ္ဈိမတောင်စွန်းနိုင်ငံများဟု ခေါ်တွင်သည့် နိုင်ငံတို့တွင် ပါဝင်သဖြင့် ယခုအခါ မှတ်သားကြသော မြေပုံများနှင့် ထောက်ထားလျှင် ဂေါဓာဝရီမြစ်၏ တောင်ဘက်ကျသော **ကရိသျှဏာ ကဏ္ဍာနဒီ** မြစ်တလျှောက်ရှိ နယ်များ ဖြစ်သင့်ကြောင်း မှတ်ယူအပ်၏။

## မြောက်မျက်နှာ

ဤတိုင်း၏ မြောက်မျက်နှာ အပိုင်းအခြားမှာ ဗာဝရီဆရာကြီး၏ တပည့်များ မြောက်မျက်နှာသို့ ရှေးရှုသွားကြရာ---

**အဠကဿ ပတိဋ္ဌာနံ၊ ပုရိမံ မာဟိဿတိံ တဒါ။**
**ဥဇ္ဇေနိဉ္စာပိ ဂေါနဒ္ဓံ၊ ဝေဒိသံ ဝနသဝှယံ။** ။ *(သုတ္တနိ၊ ၄၇၂)*

စသည်ဖြင့် အဠကတိုင်း၊ ပတိဋ္ဌာနမြို့မှ အရှေ့ မာဟိဿတိမြို့၊ ၎င်းမှ ဥဇ္ဇေနီ, ဂေါနဒ္ဓ, ဝေဒိသ, ဝနသာဝတ္ထိမြို့တို့သို့ သွားကြောင်း အစဉ်လာသည်အားလျော်စွာ အဝန္တိတိုင်းနှင့် စပ်လျက်တည်ရှိသော မဇ္ဈိမဒေသ အပိုင်းအခြား တိုင်းနယ်များဖြစ်ကြောင်း မှတ်သားအပ်၏။

## မှတ်တမ်းများ

၎င်းတိုင်းနယ်နှင့်စပ်သော မှတ်တမ်းများ များစွာရှိရာ အချို့မှတ်တမ်းများ၌ ဤဂေါ- ဓာဝရီ မြစ်ကမ်းတလျှောက် နယ်တို့၌ ပေါတန ပေါတလီ အမည်နာမ ရှာဖွေ၍ မရသဖြင့် **ရာဇပုတန**နယ်ကို ပုတန-ပေါတန-ဟု အမည်နာမ တူနိုင်သည်ကို အကြောင်းပြု၍ ၎င်းနယ်ကို အဿကတိုင်း-ဟု ညွှန်ပြသော်လည်း ကလိင်္ဂတိုင်းနှင့် စပ်လျက်ဟောကြားတော်မူအပ်သော သုတ္တန်, ဇာတ်နိပါတ်များအပြင် ဗာဝရီဆရာကြီး၏ တပည့်များ ခရီးစဉ်အားဖြင့်လည်း အဿကတိုင်းနှင့် အဝန္တိတိုင်း စပ်လျက် တည်ရှိကြောင်း ထင်ရှား၍ မဟာဂေါဝိန္ဒ တည်ထောင်သော မူလတိုင်းကြီး ၇-တိုင်းတွင် ၎င်းရာဇပုတ္တနယ်မှာ သောဝီရတိုင်းဖြစ်ကြောင်း နောက်ဆိုခဲ့ပြီး ၇-တိုင်း ဌာနခွဲဝေရာ ရေးသားခဲ့သည့်အတိုင်း မှတ်သားအပ်၏။

## တရုတ်ရဟန်းတော်တို့ မှတ်တမ်းများ

၎င်းပြင် ဤဒက္ခိဏာပထ အိန္ဒိယတောင်ပိုင်း အဿကတိုင်းသို့ တရုတ်ရဟန်းတော် ဖာဟိုင်တို့ မရောက်သော်လည်း တိုင်းရင်းသားများ ပြောကြားခြင်းအရ တောများ တောင်များတို့ဖြင့် ထူထပ်သည့်ပြင် ကြီးကျယ်ခမ်းနားသော ကျောင်းတိုက်ကြီးများ တည်ရှိ၍ သာသနာထွန်းကားကြောင်း ရေးမှတ်ထား၏။

၎င်းနောက် သာသနာတော် အနှစ် ၁၀၀၀-ကျော်လောက်က တရုတ်ရဟန်းတော် ဝှင်သျှင်တို့ ရောက်စဉ်အခါ ဤအဿကတိုင်း၊ အာဠကတိုင်းများ၌ သာသနာတော်လည်း ထွန်းကား၊ တိုင်းပြည်နိုင်ငံလည်း စည်ကားကြောင်း၊ ၎င်းခရီးသည်များ မှတ်သားချက် အရ ဤတိုင်းနယ်ကို **မဟာကောသလ** သို့မဟုတ် **ဒက္ခိဏကောသလ** ဟု ခေါ်တွင်၍ ၎င်းတိုင်း နယ်၏ အကျယ်အဝန်းမှာ လီပေါင်း ၆၀၀၀-ခန့် ရှိကြောင်း ရေးသားဖော်ပြထား၏၊ ထိုမှ တပါး ဤတိုင်းနယ်မှ အနောက်တောင်ဘက် လီပေါင်း ၃၀၀-ကျော်မှာ **ပရမလဂီရိ** ယခု အခါ **ဝရမူလဂီရိ** ခေါ် မြင့်မားသော တောင်တစ်ခုရှိ၍ ၎င်းတောင်၌ ကျောက်သားပကတိ ထွင်းဖောက် ပြုလုပ်ထားသော **၅-ထပ်ကျောင်းတော်ကြီး**ကို သာကဝါဟနမင်း ဆောက်လုပ် ထားသည်ကိုလည်း တွေ့ရကြောင်း ရေးသားဖော်ပြလေ၏။

ဤမျှဖြင့် ဤအဿကတိုင်း၌ ဖြစ်ပွါးသော အတ္တုပ္ပတ်များနှင့် ၎င်းတိုင်းနယ်တွင် သာသနာတော် အနှစ် ၁၀၀၀-ကျော်အောင်ပင် သာသနာတော် ထွန်းကားလျက် ရှိသဖြင့် သာသနာ့နိုင်ငံတော်ဖြစ်ကြောင်း မှတ်သား၍ အဆုံးထားအပ်သတည်း။

✪ ✪ ✪ ✪ ✪

## အဝန္တိတိုင်း

အဝန္တိတိုင်းသည် မြတ်စွာဘုရားလက်ထက်တော်က အစွန်အဖျားပင်ကျသော် လည်း တိုင်းကြီး ၄-တိုင်းတွင် ပါဝင်၍ ကာသိ၊ ကောသလ၊ မဂဓတို့ကဲ့သို့ ထင်ရှားသည့် အပြင် ကောသလမင်းကြီး၊ ဗိမ္ဗိသာရမင်းကြီးတို့ကဲ့သို့ တန်ခိုးကြီးသော ဘုရင်ကြီးအုပ်ချုပ် သော တိုင်းနယ်ကြီးဖြစ်၍ ၎င်း၏မြို့တော် ဥဇ္ဇေနီတွင် ဘုရင် **စဏ္ဍပဇ္ဇောတမင်းကြီး** စိုးစံ ကြောင်း မှတ်သားအပ်၏။ သို့ရာတွင် ၎င်းတိုင်းနယ်မှာ ရှေးမဟာဂေါဝိန္ဒ ဖန်ဆင်းတည် ထောင်စဉ်က မြို့တော်မှာ---

မဟေသယံ အဝန္တိနံ- မဟေသယမြို့တော်၊ အဝန္တိတိုင်းဟု လာသည့်အတိုင်း မဟေသယဖြစ်သော်လည်း ရှေးဇာတ်နိပါတ်တော်များနှင့် ယခုခေတ်တိုင်အောင် ဥဇ္ဇေနီ ထင်ရှား၍ ၎င်းမှာ မြို့တော်ဟောင်း ပြောင်း၍ ၎င်းအမည်မယူဘဲ အပည်သစ်မှည့်ခေါ် ပညတ်ကြောင်း မှတ်သားအပ်၏။

၎င်းအဝန္တိတိုင်း၊ ဥဇ္ဇေနီမြို့တော်ကား ရှေးဇာတ်တော်, နိပါတ်တော်များ၌ ထင်ရှား သည်မှာ ဝီသတိနိပါတ်၊ **စိတ္တသမ္ဘူလဇာတ်**၌---

"အတီတေ အဝန္တိရဋ္ဌေ ဥဇ္ဇေနီယံ အဝန္တိမဟာရာဇာ နာမ ရဇ္ဇံ ကာရေသိ။

ရှေးအခါ အဝန္တိတိုင်း၊ ဥဇ္ဇေနီမြို့၌ အဝန္တိမင်း မင်းပြု၏"စသည်ဖြင့် ဘုရား အလောင်းတော်သည် မြို့ပြင်ပ၌ စဏ္ဍာလ ရွာငယ်တစ်ခုမှာ ဖြစ်ရ၍ စိတ္တ-ဟုမှည့်ခေါ်၍ မိထွေး၏သား ညီငယ်မှာ **သမ္ဘူလ**-ဟုတွင်ကြောင်း၊ ၎င်းတို့မှာ စဏ္ဍာလဇာတ်ကို စက်ဆုပ် သဖြင့် ဗြာဟ္မဏအတတ်သင်၍ ပုဏ္ဏားဇာတ်ဝင်သော်လည်း ဗြာဟ္မဏဘတ် ထမင်းကျွေးရာ ၌ ၎င်းတို့ဇာတ်ပေါ်၍ တိုင်းပြည်မှ နှင်ထုတ်ခြင်းခံရသဖြင့် ရှက်နိုးကာ တောထွက် ရသေ့ ရဟန်း ပြုလုပ်ကြောင်းလာ၏။ ၎င်းပြင် **ဂုတ္တိလဇာတ်**၌လည်း---

ဗာရာဏသီမှ ကုန်သည်များ အရောင်းအဝယ်ကိစ္စနှင့် ဥဇ္ဇေနီပြည်သို့ရောက်ကြ သော် ပွဲတော်နှင့် ကြုံကြိုက်ရာ ပန်းမာန်, အဖျော်ယမကာ, စားသောက်ဖွယ်များ စီရင်၍ ၎င်းမြို့၌ ကျော်ကြားသော **မုသိလ စောင်းဆရာ***(ကို)*ခေါ်၍ ဖျော်ဖြေကြရာ **ဂုတ္တိလ ဆရာကြီး***(ကို)* စောင်းသံနှင့် ကွာလှ၍ မချီးမွမ်းဘဲနေကြရာ အကြောင်းအရာ မေးမြန်းပြီး လျှင် ၎င်းကုန်သည်များနှင့်အတူ ဗာရာဏသီသို့လိုက်ကာ ၎င်းဆရာကြီးထံ အကြွင်းအကျန် မရှိ သင်ကြားတတ်မြောက်လျှင် ဆရာကြီးဂုတ္တိလကိုပင် ကာပြန်သဖြင့် ဘေးဒဏ်ရရှိ ကြောင်းလာသည်ကို ထောက်ဆ၍ ရှေးက ကာသိတိုင်း၊ ဗာရာဏသီမြို့တော်နှင့် ရောင်း ဝယ်ဖောက်ကား သွားလာသော မြို့ဖြစ်သည်မှာ ထင်ရှား၏။ ထိုမှတပါး စတ္တာလီသနိပါတ်၊ **သရဘင်္ဂဇာတ်**၌-

၎င်းဆရာကြီး၏ အဆုံးအမခံယူကြ၍ ဈာန်သမာပတ်နှင့်ပြည့်စုံသော သာလိဿရ စသော တပည့်ကြီး ၇-ယောက်တို့အနက် ကာလဒေဝီရသေ့အား ဤအဝန္တိတိုင်းသို့ စေလွှတ် ၍ ၎င်းတိုင်း ဃနသေလတောင်၌ သခ်မ်းချောင်ဖွဲ့လျက် များစွာသော တပည့် ပရိသတ် တို့နှင့် သီတင်းသုံးကြကြောင်း လာရှိသဖြင့်လည်း ၎င်းတိုင်းမှာ ရှေးနိပါတ်တော်ခေတ်ကပင် ထင်ရှား၍ ၎င်းမြို့တော်ကား ဥဇ္ဇေနီဖြစ်ကြောင်း မှတ်သားအပ်၏။

## အဝန္တိတိုင်း လက်ထက်တော်
## အရှင်မဟာကစ္စည်းမထေရ် အတ္ထုပ္ပတ်

အဝန္တိတိုင်းကား ဒက္ခိဏာပထ ပစ္စန္တတိုင်းနိုင်ငံဖြစ်သော်လည်း မြတ်စွာဘုရားလက်ထက်တော်က ဝိနည်း ပိဋကတွင်၎င်း, ထိုထိုသုတ္တန်တို့၌၎င်း ထင်ရှားသော တိုင်းနယ်ဖြစ်၍ ၎င်းတိုင်း အတ္ထုပ္ပတ်အားဖြင့် ပဒေသပညတ် ခွင့်ပြုပညတ်တော်မူရကြောင်း၊ ၎င်းပြင် ၎င်းတိုင်းနယ် အတ္ထုပ္ပတ်အားဖြင့်ပင် ဆရာဇီဝက အကြောင်းပြုကာ စီဝရက္ခန္ဓက ပညတ်ရကြောင်း၊ အထူးအားဖြင့် ဤတိုင်းနယ်မှာ အရှင်မဟာကစ္စည်းမထေရ် များသောအားဖြင့် သီတင်းသုံးရာ တိုင်းနယ်ဖြစ်ကြောင်း ဝိနယပိဋက၊ မဟာဝဂ္ဂ၊ **စမ္မက္ခန္ဓက**(*နှာ၊ ၂၈၃*)၌---

"တေန ခေါ ပန သမယေန အာယသ္မာ မဟာကစ္စာနော အဝန္တီသု ဝိဟရတိ ကုရရဃရေ ပပတကေ ပဗ္ဗတေ။ တေန ခေါ ပန သမယေန သောဏော ဥပါသကော ကုဋိကဏ္ဏော အာယသ္မတော မဟာကစ္စာနဿ ဥပဋ္ဌာကော ဟောတိ။

ထိုအခါကား အရှင်မဟာကစ္စည်းသည် အဝန္တိတိုင်း၊ ကုရုရဃရတောင်၌ နေတော်မူ၏။ ထိုအခါ၌ပင် သောဏ ကုဋိကဏ္ဏသည် အရှင်မဟာကစ္စည်း၏ အလုပ်အကျွေး ဥပါသကာဖြစ်၏"စသည်ဖြင့် အရှင်မဟာကစ္စည်းသည် ကုရုရဃရတောင်ငယ်၌ သီတင်းသုံးတော်မူသောအခါ သောဏ ကုဋိကဏ္ဏသည် အရှင်၏တရားကို နာရ၍ အာဂါရိကလူ့ဘောင်၌ နေထိုင်ရခြင်းကို စက်ဆုပ်, ရဟန်းပြုလုပ်လိုသော ဆန္ဒဖြင့် အရှင်အားရဟန်းပြုရန် ၃-ကြိမ်တိုင်တောင်းပန်သော်လည်း ၎င်းတိုင်းမှာ ရဟန်းသံဃာနည်းပါးသဖြင့် ၁၀-ပါးပြည့်အောင် ၃-နှစ်ကြာ ငံ့ဆိုင်းမှ ငြိုငြင်စွာ ရဟန်းအဖြစ်ကို ရလေ၏။

ဤသို့ ရဟန်းအဖြစ်ကို ရ၍ ဝါမှ ထမြောက်လျှင် ဘုရားရှင်ကို မဖူးမြင်ရသဖြင့် မထေရ်ထံ ခွင့်ပန်ရာ သူ၏စကားဖြင့်---

- ဘုရားရှင်၏ ခြေတော်အစုံကို ရှိခိုးပူဇော်ပါကြောင်း
- အဝန္တိ ဒက္ခိဏာပထ-မှာ သံဃာနည်းပါး၍ ၃-နှစ်ကြာမှ ရဟန်းအဖြစ်ကို ရပါသည်၊ ထို့ကြောင့် အဝန္တိ ဒက္ခိဏာပထ-မှာ သံဃာ အနည်းငယ်နှင့် ရဟန်းပြုနိုင်ရန် ခွင့်ပြုတော်မူပါမည့် အကြောင်း၊
- အဝန္တိ ဒက္ခိဏာပထ-မှာ မြေခဲယောင်းကြမ်းတမ်း၍ အထပ်အလွှာ ဖိနပ်ခွင့်ပြုတော်မူပါမည့်အကြောင်း၊

- အဝန္တိ ဒက္ခိဏာပထ-မှာ ရေချိုးခြင်းကို အလေးပြုသောကြောင့် နေ့စဉ်ရေချိုးခြင်းကို ခွင့်ပြုတော်မူပါမည့်အကြောင်း၊
- အဝန္တိ ဒက္ခိဏာပထ-မှာ သားရေများကို အသုံးပြုကြ၍ သားရေအခင်းများ ခွင့်ပြုတော်မူပါမည့်အကြောင်း၊
- သင်္ကန်းဥ္စအပ်သော ပရိယာယ်ကထာများ မြွက်ကြားတော်မူပါမည့်အကြောင်း လျှောက်ထားရန် မိန့်ကြား၍ သွားရန် ခွင့်ပြုလေ၏။

**အရှင်သောဏ ကုဋိကဏ္ဏ**သည် မထေရ်အား အရိုအသေပြုပြီး ကျောင်းသခ်မ်း သိမ်းဆည်း သပိတ်သင်္ကန်းယူပြီးလျှင် ဘုရားရှင်သီတင်းသုံးတော်မူရာ သာဝတ္ထိပြည်သို့ သွား၍ ဘုရားရှင်အား ဝမ်းမြောက်ဝမ်းသာ လျှောက်ထား၊ ကျောင်းနေရာချထားပြီး မထေရ်၏ လျှောက်ထားသော အကြောင်းများ လျှောက်ထားသောအခါ---

မြတ်စွာဘုရားသည် ပရိသတ်တို့အား တရားသဖြင့် ဟောပြတော်မူ၍---

၁။ ပစ္စန္တဒေသ၌ သံဃာ ၅-ပါးနှင့် ရဟန်းပြုရန်

၂။ အထပ်ထပ်သော ဖိနပ်များ စီးရန်

၃။ နေ့စဉ် ရေချိုးရန်

၄။ သားရေနယ်များ သုံးဆောင်ရန်

**ပဒေသပညတ်** ၄-ပါး ခွင့်ပြု ပညတ်တော်မူပြီးလျှင်---

သိမ်အာရာမ် ပြင်ပနေထိုင်ကြသော ရဟန်းတို့အား ရည်မှန်း၍ လှူဒါန်းသော သင်္ကန်းများ သာယာရန် ခွင့်ပြုပညတ်တော်မူလေ၏။

၎င်းပြင် ဤအဝန္တိတိုင်းသို့ မြတ်စွာဘုရား ကြွသွားတော်မူကြောင်း မလာသော်လည်း ဘုရားရှင်၏ ကိုယ်စားကဲ့သို့ အရှင်ကစ္စည်းမထေရ်မြတ်သည် ၎င်းတိုင်းနယ်၌ လှည့်လည် တရားဓမ္မ ဟောပြတော်မူကြောင်း ၎င်းမထေရ်၏ အတ္ထုပ္ပတ္တိ၌ ထင်ရှားသည်မှာ-

အရှင်ကစ္စည်းမထေရ်သည် ဥဇ္ဇေနီမြို့တော် ဥဒိစ္စဗြာဟ္မဏမျိုးဖြစ်၍ အဆင်း သဏ္ဍာန် ကြန်အင်လက္ခဏာ ဝင်းဝါထိန်လင်း ရွှေအဆင်း ရှိခြင်းကြောင့် ကဥ္စနမှည့်ကာ အနွယ်အစဉ်အလာအားဖြင့် ကစ္စာနတွင်ကြောင်း၊ အရွယ်အားဖြင့်၎င်း ပညာအားဖြင့်၎င်း တိုးပွါးကြီးမြင့်၍ ဘုရင်စဏ္ဍပဇ္ဇောတမင်းတရား၏ ပုရောဟိတ်ဖြစ်သည်အားလျော်စွာ အားလုံး ပုရောဟိတ်အမတ်တို့နှင့်တိုင်ပင် ဘုရားရှင်ပင့်ဆောင်တော်မူရန် ၎င်းကို အမှူးထားလျက် ၈-ဦးသော ပုဏ္ဏားတို့ကို စေလွှတ်ရာ မြတ်စွာဘုရား အထံတော်ရောက်ကာ တရား

တော်နာရ၍ ဧဟိဘိက္ခု ရဟန္တာချည်းဖြစ်ကြပြီး ဘုရားရှင်အား ပင့်လျှောက်လျှင် အရှင်ကစ္စည်းမထေရ်ကိုပင် ကိုယ်စားပြုလျက် စေလွှတ်တော်မူလေ၏။

အရှင်ကစ္စာနအမှူးရှိသော မထေရ် ၈-ပါးတို့ ကြွသွားတော်မူ၍ ကဥ္စနဝနမည်သော မင်းဥယျာဉ်၌ သီတင်းသုံးတော်မူပြီးလျှင် ပဇ္ဇောတဘုရင်မင်းတရားအား ကြားသိစေသောအခါ မင်းကြီးဥယျာဉ်တော်သို့ ထွက်တော်မူပြီး အရှင်ကစ္စည်း၏ တရားတော်ကိုနာရ၊ သရဏဂုံသီလ တည်ပြီးနောက် ကျောင်းဆောက်လုပ်ပြီးကာ ဥယျာဉ်တော်ကို အာရာမ်ပြုလုပ်လှူဒါန်းလျက် ဤတိုင်းနယ်တွင် မထေရ်မြတ်သည် သာသနာတော် ပြုစုတည်ထောင်တော်မူလေ၏။

ဤသို့အားဖြင့် အရှင်မဟာကစ္စည်းမထေရ် သာသနာပြုကာ ဤတိုင်းနယ်မှာ သာသနာထွန်းကားကြောင်း ဝိနည်းမဟာဝါ၊ စီဝရက္ခန္ဓကလာ ဆရာဇီဝကဝတ္ထုကို ထောက်ထားသဖြင့် မဇ္ဈိမနိုင်ငံများနှင့် ဆက်သွယ်၍ သာသနာတော်ဝယ် ထင်ရှားသော သာသနာ့နိုင်ငံတော်ဖြစ်ကြောင်း မှတ်သားအပ်၏။

## မြို့ရွာ နိဂုံးများ

ဤအဝန္တီတိုင်းသည် မဇ္ဈိမနိုင်ငံကြီးများကဲ့သို့ ထင်ရှားကျော်ကြားသော နိုင်ငံကြီးဖြစ်သည်အားလျော်စွာ မြို့ရွာနိဂုံးတို့ဖြင့် တန်ဆာဆင်မည်မှာ ယုံမှားမဲ့ မှတ်သား၍ ၎င်းတိုင်းနယ်မြို့ရွာများသို့ မြတ်စွာဘုရား ကိုယ်တော်တိုင်ပင် ကြွတော်မူကာ ဒေသနာတော် ဓမ္မဟောပြတော်မူသော သုတ္တန်များ မရှိသော်လည်း အရှင်ကစ္စည်းမထေရ် ၎င်းတိုင်း၌ လှည့်လည်ကာ များစွာသော သုတ္တန်ဓမ္မ ဟောပြတော်မူသော မြို့ရွာနိဂုံးများမှာ ထိုထို သုတ္တန်ဒေသနာတို့ဖြင့် ထင်ရှား၏။ ၎င်းတို့မှာ---

၁။ ဝရဏမြို့

၂။ ဂေါနဒ္ဒမြို့

၃။ ဝေဒိသမြို့

၄။ ကုရုရဃရ-ကုလဃရမြို့

၅။ မက္ကရကတမြို့-

စသည် ပါဠိတော်အားဖြင့်၎င်း အဋ္ဌကထာအားဖြင့်၎င်း ထင်ရှားလာ၍ ရွာနိဂုံးကားတေလပနာဠိနိဂုံးမှတပါး မထင်ရှားကုန်။

# ဝရဏမြို့

ဤမြို့သည်ကား များသောအားဖြင့် အရှင်ကစ္စည်းမထေရ် သီတင်းသုံးတော်မူ၍ တရားဓမ္မဟောပြတော်မူသော ဌာနဖြစ်သည်အားလျော်စွာ အဝန္တိတိုင်းဟုပင် ပါဠိအဋ္ဌကထာတို့၌ မဖော်ပြသော်လည်း ၎င်း၌ ဟောကြားတော်မူသော သုတ်ကို ထောက်ထားသောအားဖြင့် အဝန္တိတိုင်းဖြစ်ကြောင်း မှတ်သားအပ်သည်မှာ ဒုကအင်္ဂုတ္တိုရ်၊ **သမစိတ္တဝဂ်**၌-

အရှင်ကစ္စည်းမထေရ် ဝရဏမြို့၊ ဘဒ္ဒသာရီမြစ်ကမ်းနားကျောင်း၌ သီတင်းသုံးတော်မူသောအခါ **အာရာမဒဏ္ဍပုဏ္ဏားကြီး**သည် အရှင်ကစ္စည်းမထေရ်ထံ ချဉ်းကပ်လျှောက်ပတ်သော နေရာ၌ နေပြီးလျှင် မထေရ်အား---

"အဘယ်ကြောင့် မင်းမျိုးသည် မင်းမျိုးနှင့်၊ ပုဏ္ဏားသည် ပုဏ္ဏားနှင့်၊ သူကြွယ်သည် သူကြွယ်နှင့် ငြင်းခုံကြပါသနည်း"ဟု မေးမြန်း လျှောက်ထားသည်ကို ဖြေကြားသောအားဖြင့်---

"ကာမ ရာဂတရား ရစ်ပတ်နှောင်ဖွဲ့ခြင်းအားဖြင့် အမျိုး ၄-ပါးတို့ ငြင်းခုံမှုဖြစ်ပွါးရကြောင်း"စသည် ဟောပြ၊ ဘုရားရှင်သည် ကာမရာဂမှ လွန်မြောက်တော်မူကြောင်း ညွှန်ပြတော်မူရာ အလွန်ကြည်ညိုစွာဖြင့် ဘုရားရှင်ရှိရာသို့ လက်အုပ်ချီလျက်---

"**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**" *(အံ၊ ၁။ ၆၈)*ဟု ၃-ကြိမ်တိုင် ရှိခိုးပြီးလျှင် တစ်သက်ပန် ရတနာ ၃-ရပ် ဆည်းကပ်သူဖြစ်ကြောင်း လျှောက်ထားလေ၏။

၎င်းပြင် ဝရဏမြို့မှ ဘုရားရှင်ရှိရာသို့ ညွှန်ပြရာ၌ အရှေ့အနောက် တည်ရှိကြောင်း---

"**အတ္ထိ ဗြာဟ္မဏ ပုရတ္ထိမေသု ဇနပဒေသု သာဝတ္ထီ နာမ နဂရံ။ တတ္ထ သော ဘဂဝါ ဧတရဟိ ဝိဟရတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ**။ *(အံ၊ ၁။ ၆၇)*

ပုဏ္ဏားကြီး၊ အရှေ့တိုင်းမှာ သာဝတ္ထိမြို့ရှိ၏။ ထို၌ ယခု ဘုန်းတော်ရှင် ပူဇော်ထိုက်သော ဘုရားရှင် နေတော်မူ၏"စသည် ညွှန်ပြသဖြင့် ဒက္ခိဏာပထ အဝန္တိတိုင်းတွင်ရှိသော မြို့ဖြစ်ကြောင်း အရပ်မျက်နှာ ထောက်ထား၍ မှတ်သားအပ်သည့်အပြင် ဤပုဏ္ဏားကြီးဝတ္ထုအားဖြင့် သာသနာ့နိုင်ငံတွင် ပါဝင်သော မြို့ဖြစ်ကြောင်းကိုလည်း မှတ်သားအပ်၏။

## ဂေါနဒ္ဓမြို့နှင့် ဝေဒိသမြို့

ဤ ၂-မြို့ကား မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူ၍ ဟောကြားတော်မူသော သုတ္တန်သည်ငှင်း ခွင့်ပြုပညတ်တော်မူသော ဝိနည်းသည်ငှင်း မရှိသည့်အပြင် အရှင်မဟာ ကစ္စည်းမထေရ် အကြောင်းပြုဖြစ်ပွါးသော သုတ္တန်များ အထူးမရှိသော်လည်း ငှင်းတိုင်းတွင် ပါဝင်သော မြို့ဖြစ်ကြောင်း---

ဥဇ္ဇေနိ စာပိ ဂေါနဒ္ဓံ၊ ဝေဒိသံ ဝနသဝှယံ။

စသည်ဖြင့် ဗာဝရီဆရာကြီး၏ တပည့်များ ခရီးစဉ်မှာ ဂေါနဒ္ဓနှင့် ဝေဒိသမြို့များ ဥဇ္ဇေနီ အခြားမဲ့၌ ဖော်ပြသဖြင့် ငှင်းနယ်တွင်ပါဝင်ကြောင်း မှတ်သားအပ်၏။ ထိုမှတပါး ဝေဒိသမြို့ ကား အဝန္တိတိုင်း၌ သာသနာဝင် ဘုရင်မင်းတရားကြီး အသောကတိုင်အောင် ထင်ရှား၍ ဂေါနဒ္ဓမြို့မှာ အစဉ်အားဖြင့် ဥဇ္ဇေနီနှင့် ဝေဒိသမြို့အကြား၌ တည်ရှိသောကြောင့် အနာဂတ် သာသနာထောက်ထားကာ ငှင်းမြို့တို့မှာ သာသနာဝင်မြို့များဖြစ်ကြောင်း မှတ်သားအပ်၏။

## ကုရရဃရ၊ ကုလဃရမြို့

ငှင်းမြို့ကား မြတ်စွာဘုရားပင် ဒေသစာရီ အစဉ်ထည့်သွင်းခြင်း မရှိသော်လည်း နောက်က ရေးသားခဲ့ပြီးဖြစ်သော ဝိနည်းဒေသနာတော်တွင် ထင်ရှားသော ပဒေသပညတ် တော် ၄-ပါး ခွင့်တောင်းလျှောက်ထားသော အရှင်သောဏ ကုဋိကဏ္ဏမထေရ် သီတင်းသုံး ရာ မြို့ဖြစ်သည့်အပြင် ထိုအရှင်၏ ဆရာမထေရ် အရှင်ကစ္စည်းသည်လည်း ဤမြို့၌ များသောအားဖြင့် သီတင်းသုံးတော်မူကြောင်း ဥဒါန်းပါဠိတော်၊ ခန္ဓဝဂ္ဂ, သံယုတ်ပါဠိတော် စသည်တို့တွင် ထင်ရှားစွာလာ၏။

ငှင်းပြင် ဤမြို့သည် ဝိနည်း, သုတ္တန်အားဖြင့် ထင်ရှား၍ အထူးရေးသားဖွယ် မရှိသော်လည်း အမည်အားဖြင့် ဝိနည်းပါဠိတော်များ၌ **ကုရုရဃရ→ကုရရဃရ** ဟုလာရှိ၍ ခန္ဓဝဂ္ဂသံယုတ်၌ကား **ကုရဃရ→ကုလဃရ** လာရှိသည့်ပြင် ဥဒါန်းပါဠိတော်၌မူ ကုသဃရ ဟု လာရှိသောကြောင့် အထွေထွေ အမှတ်အသား ကွဲပြားနေရာ **ကုရုရ→ကုရရ→ကလ→ ဃရ** တို့မှာ ကာလကြာ၍ ဥသရ ရှိ, မရှိအားဖြင့်ငှင်း ရနှင့်လ ကာရိကာရိယအားဖြင့်ငှင်း ပြောင်းလဲရွေ့လာနိုင်သည့်အပြင် ကုသဃရကား သင်္ကေတချွတ်ယွင်းခြင်းမှတပါး အမည် နာမ ယုတ္တိ အတိအကျ ဆုံးဖြတ်ရန် ခဲယင်း၏။

ဤမျှဖြင့် ဤမြို့နယ်မှာ ဝိနည်း, သုတ္တန်တို့၌ လာသည်တို့ကို ထောက်ထား၍ တရားတော် သက်ရောက်ရာ မြို့နယ်ဖြစ်ကြောင်း မှတ်သားအပ်၏။

## မက္ကရကတမြို့

ဤမြို့သည်လည်း အဝန္တိတိုင်း၌ အရှင်မဟာကစ္စည်းမထေရ် လှည့်လည်သီတင်းသုံးတော်မူရာ မြို့နယ်တစ်ခုဖြစ်၍ ၎င်းမြို့၏အနီး တောကျောင်းနေပြီးလျှင် တရားဓမ္မဟောပြတော်မူကာ သာသနာပြုလျက် နေတော်မူသည်။ ထိုကြောင့် သဠာယတနဝဂ္ဂသံယုတ်၊ ဂဟပတိဝဂ်၌---

"ဧကံ သမယံ အာယသ္မာ မဟာကစ္စာနော အဝန္တီသု ဝိဟရတိ မက္ကရကတေ အရညကုဋိကာယံ။

အခါတပါး **အရှင်မဟာကစ္စည်းသည်** အဝန္တိတိုင်း၊ **မက္ကရကတမြို့ တောကျောင်း** ၌ နေတော်မူ၏" စသည်လာ၍ ထိုအရှင် တောကျောင်း၌ နေစဉ် အတ္ထုပ္ပတ် အကြောင်းအရာ ဖြစ်ပွါးသည်မှာ---

ထိုမြို့၌ ထင်ရှားသော **လောဟိစ္စပုဏ္ဏားကြီး**၏ တပည့်များ ထင်းခွေရင်း ၎င်းတောကျောင်းနားသို့ ရောက်ကြ၍ ပြောင်ကြ လှောင်ကြ ဆူဆူညံညံ ပြုလုပ်ကြသဖြင့် မထေရ်မြတ်သည် ၎င်းတို့အား တားမြစ်၍---

သီလုတ္တမာ ပုဗ္ဗတရာ အဟေသုံ။
တေ ဗြာဟ္မဏာ ယေ ပုရာဏံ ဘရန္တိ။

ဂုတ္တာနိ ဒွါရာနိ သုရက္ခိတာနိ။
အဟေသုံ တေသံ အဘိဘုယျ ကောဓံ။ ။

**"သီလလေးစား၊ ရှေးသူများသည်။**
**ရှေး၌ လေ့ကာ၊ ဗြာဟ္မဏမည်။**

**လုံခြုံတံခါး၊ စောင့်ရှောက်ငြားသည်။**
**ကောဓမျိုး၊ လွှမ်းမိုး ပယ်ဖျက်သည်"။ ။**

စသည်ဖြင့် ရှေးဗြာဟ္မဏတို့ သီလလေးစား တရားလေ့လာ၍ ဒွါရတံခါးစောင့်ရှောက်လျက် အမျက်ပယ်ချိုး ရှေးရိုးလိုက်နာကြကြောင်း၊ ယခုအခါကား မန္တန်ရွတ်လျက် တရားဖျက်ကာဟန်အမူအရာဖြင့် ဥစ္စာပစ္စည်း ရှာဖွေကြကြောင်း၊ စိတ်ထားကြည်လင် ဖြူစင်ဖြောင့်မတ်စွာ ဗြဟ္မာသို့ ရောက်ကြောင်း တရားပွါးများအပ်ကြောင်း- တရားဟောကြားရာ---

၎င်းတို့သည် တရားသဘော မသက်ဘဲ သူတို့ မန္တန်ကို ဖျက်ဆီးရှုတ်ချသည် ထင်မှတ်သဖြင့် အမျက်ထွက်ကာ ဆရာကြီး လောဟိစ္စပုဏ္ဏားအား တိုင်တန်းပြောကြားကြကုန်၏။

ထိုဆရာကြီးလည်း မစဉ်းစားဘဲ ၎င်းတို့စကားဖြင့် အမျက်ထွက်ကာ အရှင်မဟာကစ္စည်းထံ ကိုယ်တိုင်လာရောက် လျှောက်ထားလျှင် အလျှင်က ဂါထာကိုပင် ဟောကြားက "၎င်း၌ ဂုတ္တဒွါရတံခါး စောင့်စည်းခြင်းအကြောင်း" မေးမြန်းသောအခါ ၎င်းကို အကျယ်ဝေဖန် ဖြေဆိုဟောကြားလျှင် အလွန်ပင် ကြည်ညိုလေးမြတ်သော ရတနာ ၃-ပါး ကိုးကွယ်ဆည်းကပ်သူအဖြစ် လျှောက်ထားသည့်အပြင် အမျိုးနှင့်တကွ ဒါယကာအဖြစ် မထေရ်အား ဖိတ်မံလျှောက်ထားကြောင်း လာ၏။

ဤသို့အားဖြင့် ဤမြို့၌ အရှင်ကစ္စည်းမထေရ် သီတင်းသုံးတော်မူလျက် ဤလောဟိစ္စပုဏ္ဏားကြီးအား တပည့် ဆွေမျိုးများနှင့်တကွ ဆည်းကပ်သူ ဥပါသကာဖြစ်စေပြီး သာသနာတော်မြတ်ကြီး၌ ထွန်းလင်းစေလျက် ဗုဒ္ဓနိုင်ငံသို့ သက်ဝင်သော မြို့ဖြစ်ကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## ၎င်းတိုင်းရွာများ

၎င်းအဝန္တိတိုင်းမှာ အခြား တိုင်းကြီးများကဲ့သို့ မြို့ပြ ပြည်ရွာ စည်ကားစွာ ရှိမည်ကား ယုံမှားမဲ့ မှတ်အပ်သော်လည်း ထိုထို ပစ္စန္တ မြို့ရွာ နိဂုံးများသို့ မြတ်စွာဘုရားသည် ကြွသွားတော်မူကာ တရားတော် ဓမ္မစက် ဟောမြွက်တော်မူသည်ကား အလွန်နည်းပါးလှသောကြောင့် ထိုထိုသုတ်, ဝိနည်းများ၌ ထင်ရှားမရှိကြောင်း မှတ်သားအပ်၏။ သို့ရာတွင် အင်္ဂုတ္တရ အဋ္ဌကထာ၊ ဧတဒဂ်ဝဂ်၌---

တေဠပနာလိ နိဂမော- တေဠပနာလိမြို့ငယ်ရှိကြောင်း အရှင်မဟာကစ္စည်းမထေရ် မြတ်စွာဘုရား အထံတော်မှ ဥဇ္ဇေနီသို့ အလာတွင် ၎င်းနိဂုံးသို့ ရောက်၍ သူဌေးသမီးတစ်ဦးသည် အလွန်ကြည်နူးသော သဒ္ဓါဖြင့် ဆံပင်ကို ဖြတ်ရောင်းပြီးလျှင် အရှင်အားဆွမ်းလုပ်ကျွေးရာ သဒ္ဓါအဟုံအားဖြင့် အရှင်မဟာကစ္စည်းမထေရ်ကို ဖူးမြင်ရသည်နှင့် ဆံပင်ပကတိ ရှည်လာကြောင်း၊ ၎င်းနောက် မြို့တော်သို့ ရောက်၍ ဆွမ်းကိစ္စလျှောက်ထားရာ ထို(စိတ်)ဆင်းရဲနေသော သူဌေးသမီးအကြောင်းနှင့် ဆွမ်းကိစ္စပြီးစီးကြောင်း မိန့်တော်မူသဖြင့် မင်းကြီးသည် အလွန်ကြည်ဖြူ၍ ၎င်းသူဌေးသမီးဟောင်းအား မိဖုရားအရာ မြှောက်စားတော်မူကြောင်း မထေရ်၏ အတ္ထုပ္ပတ်၌ ဖွင့်ပြသဖြင့် ဤမျှသာ ထင်ရှားကြောင်း မှတ်သားအပ်၏။

## မှတ်တမ်းများ

ဇင်းတိုင်းနယ်နှင့်စပ်သော မှတ်တမ်းများမှာ တရုတ်ရဟန်းတော် ဖာဟိုင်သည် ဇင်းမြို့နယ် ဒေသအကြောင်းအရာများ ရေးသားဖော်ပြခြင်း ရှိသဖြင့် ရောက်ဟန်မရှိသော်လည်း ဇင်းနောက် ရဟန်းတော်ဝှင်သျှင်သည်ကား ဥဇ္ဇေနီမြို့တော်သို့ ရောက်ကြောင်း ဖော်ပြရေးသားသည်မှာ---

ဇင်းမြို့တော်သည် လီပေါင်း ၃၀-ခန့်ကျယ်ဝန်း၍ တိုင်းနယ်ကား လီ ၆၀၀၀-ခန့် ကျယ်ဝန်းကြောင်း ထိုစဉ်အခါက ဇင်းမြို့တော်မှာ ဗြာဟ္မဏအယူဝါဒရှိသော ဘုရင်တစ်ပါး အုပ်ချုပ်သောအားဖြင့် ဗုဒ္ဓဘာသာ ပြုစုအားထုတ်ခြင်း မရှိဘဲ နိုင်ငံသားတို့မှာမူ အချို့ ဗုဒ္ဓဘာသာများဖြစ်ကြသည်အားလျော်စွာ ရတနာ ၃-ပါး ဆည်းကပ်ကြ၍ ကျောင်းတိုက်ကြီး ၃-၄တိုက်မှာ ရဟန်းတော်ပေါင်း ၃၀၀-ကျော်မျှ သီတင်းသုံးနေထိုင်ကြကြောင်း ရေးသားဖော်ပြ၏။

ဇင်းပြင် ဥဇ္ဇေနီမြို့တော်မှတပါး တိုင်းနီးချင်းများဖြစ်သော မလဝါနယ်၊ ဂုဂျဟိုတီနယ်များမှာ ဗုဒ္ဓဘာသာဘုရင်များ အုပ်ချုပ်စိုးစံလျက်ရှိ၍ မဟေသျှရနယ်များ၌ကား ဗြာဟ္မဏဘာသာဝင်ဘုရင် အုပ်ချုပ်လျက်ရှိကြောင်း၊ အထူးအားဖြင့် ထိုအခါက အရှေ့မြောက်ပိုင်း မဂဓတိုင်းနယ်များ၌ ဗုဒ္ဓသာသနာတော်ပြုစုကြ၍ သစ်လွင်တောက်ပသကဲ့သို့ အနောက်မြောက်ပိုင်း မလဝါတိုင်းနယ်များမှာလည်း သာသနာတော် အလွန်စည်ပင်ပြန့်ပွါးထွန်းကားလျက် ဇင်းနယ်ပယ်များဝယ် ရာပေါင်းများစွာသော ကျောင်းတိုက်ကြီးများရှိသည့်ပြင် သမိတိယဂိုဏ်းသား ရဟန်းပေါင်း နှစ်သောင်းထက်မနည်း ရှိကြောင်း၊ ထိုရဟန်းတော် မရောက်မီ နှစ်ပေါင်း-၆၀ လောက်က ဗုဒ္ဓဘာသာ၌ ထက်မြတ်စွာ ကြည်ညိုလေးစားသော သာသနာပြု သီလာဒိတျ သီလာဒိစ္စမင်းတရားသည် ဇင်းတိုင်းနယ် ဓါရာနဂရမြို့တော်မှာ နှစ်ပေါင်း ၅၀-မလောက် အုပ်ချုပ်စိုးစံလျက် သာသနာတော် ပြုစုအားယုတ်ကြောင်းများလည်း ရေးသားဖော်ပြ၏။

သို့ဖြစ်၍ ဤအဝန္တိတိုင်းမှာ မြတ်စွာဘုရား လက်ထက်တော် အခါမှစ၍ သာသနာတော် ထွန်းကားစည်ပင်လျက် အစဉ်အဆက် ဆင်းသက်လာခဲ့ကြောင်း မဇ္ဈိမဒေသ အပြင်ကျ၍ ပစ္စန္တပင်ဖြစ်စေကာမူ အလယ်ပိုင်း နိုင်ငံများနှင့် နိုင်ငံရေး ကူးသန်းရောင်းဝယ်ရေးအားဖြင့် ဆက်သွယ်လျက် ရှိသည့်အပြင် ဈေးဇာတ်နိပါတ်တော် ခေတ်များကလည်း ကုန်သည်များသွားရာ တိုင်းနယ်ဖြစ်ကြောင်း မှတ်သားအပ်၏။

## တိုင်းနယ် အကျယ်အဝန်း

များသောအားဖြင့် နယ်နိမိတ် အကျယ်အဝန်း အမှတ်အသားတို့သည် တစ်ခေတ်နှင့် တစ်ခေတ် မတူနိုင်သည်မှာ တိုင်းနိုင်ငံအုပ်ချုပ်စိုးစံသော ဘုရင်တို့၏ ဘုန်းလက်ရုံး တန်ခိုးအာဏာအားလျော်စွာ ကျယ်ဝန်းနိုင်သည်ဖြစ်၍ မြတ်စွာဘုရားလက်ထက်တော်က အဝန္တိတိုင်းရှင် ဘုရင်စဏ္ဍပဇ္ဇောတမင်းကြီးသည်ကား ထင်ရှားသော ဘုရင်ကြီးတစ်ပါး ဖြစ်သဖြင့် ၎င်း၏နယ်ပယ် ကျယ်ဝန်းသည်ကား အထူးရေးသားဖွယ် မရှိပေ။ သို့ဖြစ်၍ မြတ်စွာဘုရား လက်ထက်တော်က ၎င်းတိုင်းနယ် အကျယ်အဝန်းမှာ ဆက်စပ်ဟောကြားတော်မူသော တိုင်းနယ်များကို ထောက်ထားသောအားဖြင့်---

| | |
|---|---|
| အရှေ့မျက်နှာ | မဇ္ဈိမဒေသ အနောက်ဘက်စွန်း နယ်ပယ်များဖြစ်သော ဝံသတိုင်း, စေတိယတိုင်း တို့ဖြင့် ပိုင်းခြားအပ်၏။ |
| တောင်ဘက်မျက်နှာ | ၎င်းနှင့်စပ်လျက် တည်ရှိသော နောက်က ရေးသားဖော်ပြပြီးဖြစ်သည့် အဿကတိုင်း, အင္ဂကတိုင်းတို့ဖြင့် ပိုင်းခြားအပ်၏။ |
| အနောက်မျက်နှာ | ၎င်းတိုင်းနယ်သည် အနောက်ဘက် အစွန်းကျသော တိုင်းဖြစ်သည်အားလျော်စွာ သမုဒ္ဒရာ ကမ်းခြေအစွန်ဖြစ်သော အပရန္တတိုင်းနှင့် ဆက်စပ်တည်ရှိ၍--- |
| မြောက်မျက်နှာ | ၎င်းမှာ မဇ္ဈိမဒေသနှင့် စပ်လျက်ရှိ၍ ၎င်း၏ မြောက်ဘက် သူရသေနတိုင်း, မစ္ဆတိုင်းတို့ဖြင့် ပိုင်းခြားအပ်၏။ |

## အထူးမှတ်ဖွယ်

အထူးအားဖြင့် ၎င်းနယ်နှင့်စပ်၍ မှတ်သားချက်မရှိသော်လည်း ၎င်းတိုင်းနယ်တွင် ပါဝင်၍ သာသနာ့ မှတ်တမ်းအများတွင် ထင်ရှားသော ဝေဒိဿကမြို့သည် ယခုတိုင် ရှေးအစဉ်အဆက် လက်ထက်ကာလများက တည်ထောင်ထားခဲ့သော စေတီပုထိုးများအပြင် အသောကဘုရင်မင်းတရားကြီး စိုက်ထူထားခဲ့သော ကျောက်တိုင်များလည်း ထင်ရှားရှိသေးကြောင်း ၎င်းတို့မှာ ယခုအခါ အမှတ်အသားအားဖြင့် ဝေလဆာ-ဟု ခေါ်ကြောင်း ရေးသားဖော်ပြကြ၏။

၎င်းပြင် တရုတ်ရဟန်းတော် ဖာဟိုင်တို့ရောက်စဉ်က ဗုဒ္ဓသာသနာတော်စည်ပင် ထွန်းကားလျှက်ရှိသော **ဆံချေ-ဆံချည်မြို့**သည်လည်း အဝန္တိတိုင်းနယ်တွင်ပါဝင်၍ ယခုတိုင်အောင်ပင် ၎င်းမြို့၌ ရှေးဟောင်း ဗုဒ္ဓဘာသာ အဆောက်အဦးများနှင့် စေတီပုထိုးများ ထင်ရှားရှိကြောင်း ဖော်ပြသည့်အပြင် ရဟန်းတော်ဝှင်သျှင်လည်း ၎င်းမြို့အကြောင်း အသီးအခြား ရေးသားဖော်ပြကြောင်း ၎င်းသည် ယခုအခါ **ဘိုပါလ်နယ်**၌ ပါဝင်၍ ထင်ရှားသော ဌာနတစ်ခုဖြစ်ကြောင်း မှတ်သားအပ်၏။

ဤသို့အားဖြင့် ဤတိုင်းသည် ကျယ်ဝန်းသော တိုင်းနယ်အဖြစ်ဖြင့် ဘုရားရှင်လက်ထက်တော်က စဏ္ဍပဇ္ဇောတမင်းကြီး စိုးစံခဲ့သော်လည်း နောက်ခေတ်များ၌ တိုင်းနယ်အသီးသီး ကွဲပြား၍ တရုတ်ရဟန်းတော်တို့ ရောက်စဉ်က နယ်ကလေးများ ဝိုင်းရံလျက်ရှိကြောင်း၊ ၎င်းပြင် လက်ထက်တော်မှစ၍ နောက်ဆိုခဲ့ပြီး ခေတ်တိုင်အောင် ဗုဒ္ဓဘာသာ အစဉ်အဆက် မပျက်စီးဘဲ သာသနာ့နိုင်ငံတော်အဖြစ် တည်ရှိကြောင်း ပိုင်းခြားလျက် ဤမျှဖြင့် အဆုံးထားအပ်ပေသည်။

## ဂန္ဓာရတိုင်း

ဂန္ဓာရတိုင်းသည် ဇမ္ဗူဒိပ အိန္ဒိယကျွန်းဆွယ်၏ အနောက်မြောက်အရပ်ဒေသ၌ တည်ရှိသော မဇ္ဈိမ၌ ရှေးအစဉ်အဆက်ကပင် အထူးကျော်ကြား၍ အလယ်ပိုင်းနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်ခြင်းဖြင့်၎င်း အတတ်ပညာအားဖြင့်၎င်း ဆက်သွယ်ကြလျက် ရှေးဇာတ်နိပါတ်တော်ခေတ်မှ ယခုလက်ထက်ကျအောင် အထူးထင်ရှား ပညာအားဖြင့် ကမ်းတဘက်ရောက်တတ်မြောက် လိမ္မာကြသော ဒိသာပါမောက္ခပညာ့ပါရဂူ ဆရာကြီးများ နေထိုင်ရာ တိုင်းကြီးဖြစ်သည်အားလျော်စွာ အားလုံးသော မဇ္ဈိမနိုင်ငံများမှ သွားရောက်သင်ကြား အားထုတ်ရာဖြစ်သဖြင့် ဘုရားရှင်လက်ထက်တော်က ဆရာဇီဝကသည်ပင် ၎င်းတိုင်း **တက္ကသီလမြို့**တော်သို့ သွားရောက် ပညာသင်ကြားရကြောင်း ဝိနည်းမဟာဝါ၊ စီဝရက္ခန္ဓက၊ ဇီဝကဝတ္ထု၌ ထင်ရှားစွာ လာ၏။

ဤတိုင်းကြီးကို မဇ္ဈိမတိုင်းနိုင်ငံများမှ အနည်းငယ် ဝေးကွာ၍ ထက်ဝန်းကျင်နိုင်ငံပင် မဟုတ်သော်လည်း မဇ္ဈိမတွင် ထင်ရှား၍ စည်ကားဝပြောသော နိုင်ငံကြီးတစ်ခု အဖြစ်ဖြင့် မြတ်စွာဘုရား ဥပမာထား၍ ဟောကြားတော်မူ၏။

အထူးအားဖြင့် ရှေးဇာတ်နိပါတ်တော်များ၌ အတိုင်းတိုင်းအပြည်ပြည်မှ ပညာလိုလားကြသော မင်းမျိုး, ပုဏ္ဏားမျိုးစသော အမျိုး ၄-ပါးတို့ လာရောက်ကြပြီးလျှင် အမျိုးအားလျော်စွာ အထူးထူးသော ပညာများ အားထုတ်သင်ကြားကြ၍-

- ဣရုသု, ယဇု, သာမ-ဟူသော **ဝေဒကျမ်းဂန်များ၊**
- ၎င်းဝေဒ၏ အစိတ်အပိုင်းဖြစ်သော **ဝေဒင်္ဂပညာရပ်များ၊**
- အထဗ္ဗဏဝေဒ -ဟု ဆိုအပ်သော မှော်အတတ်, မန္တန်အတတ်, မန္တရားအတတ်, နက္ခတ်ကိန်းခန်း, ယာယီ ယတြာ စသော **ဇောတိတတ္တနက္ခတ်အတတ်ပညာ၊**
- ဆင်စီး, မြင်းစီး, ရထားစီးနှင့်တကွ ဆင်ကြန်အင်လက္ခဏာ, မြင်းကြန်အင် လက္ခဏာ, ရထားကြန်**အင်လက္ခဏာအတတ်၊**
- လေး, မြား, ဒါး, လှံ စသော **လက်နက်အတတ်**
- စောင်းငြင်း, ပတ်သာ စသော **တူရိယာ အတီး အမှုတ် အတတ်**

စသော များစွာသော အတတ်ပညာအရပ်ရပ် ထွန်းကားရာ ဌာနကြီးဖြစ်ကြောင်း ထင်ရှား၏။

ထိုဂန္ဓာရတိုင်း၏ မြို့တော်သည် ရှေးဇာတ်နိပါတ်ခေတ်ကလည်း ထင်ရှား ယခု လည်း ကျော်ကြားသော ဗာရာဏသီမြို့တော်ကြီးကဲ့သို့ ရှေးဇာတ်နိပါတ် ရာဇဝင်များ၌ လည်း အထူးထင်ရှား ယခုခေတ်လည်း သိကြသူများသော တက္ကသီလ **တက္ကသိုလ်မြို့တော်** ကြီးဖြစ်၍ ယခုတိုင်လည်း ထင်ရှားရှိသေးသော မြို့တော်ဖြစ်၏။

၎င်းဂန္ဓာရတိုင်းနှင့် ဆက်စပ်လျက်ရှိ၍ ရှေးခေတ် ဇာတ်နိပါတ်တို့၌လည်း ထင်ရှား သောတိုင်းမှာ ကသ္မီရတိုင်းဖြစ်၍ ၎င်း ၂-တိုင်းတို့ကို ယခုခေတ်လည်း တွဲစပ်လျက် **ကသ္မီရ-ဂန္ဓာရ**-ဟု ခေါ်ဆိုကြသေးကြောင်း သတ္တနိပါတ်၊ **ဂန္ဓာရဇာတ်**၌---

"ဒွိသုပိ ကသ္မီရဂန္ဓာရရဋ္ဌေသု သော ရဇ္ဇံ ဆဍ္ဍေတွာ ဣသိပဗ္ဗဇ္ဇံ ပဗ္ဗဇိတွာ ဈာနာဘိညာယော နိဗ္ဗတ္တေတွာ ဈာနရတိသမပ္ပိတော ဟိမဝန္တပဒေသေ ဝါသံ ကပ္ပေသိ။

သူ(ဂန္ဓာရမင်း)သည် ကသ္မီရ, ဂန္ဓာရ ၂-တိုင်း၌ မင်းအဖြစ် စွန့်ခွါ၍ ရသေ့ရဟန်း ပြုလျက် ဈာန်အဘိညာဉ်ဖြစ်ပွါး, ဈာန်ချမ်းသာအားဖြင့် မွေ့ကာ ဟိမဝါ၌ နေ၏" စသည် ဖြင့် ဂန္ဓာရမင်းကြီးသည် ညစ်ကြေးကင်းစင်, ကြည်လင်တောက်ပသော လမင်းမှာ ရုတ်တ ရက် ရာဟုနင်း၍ မှေးမှိန်ခြင်းသို့ ရောက်သွားသည်ကို ဆင်ခြင်အောက်မေ့ သတိသံဝေဂရ သဖြင့် ကသ္မီရ, ဂန္ဓာရတိုင်းကြီး ၂-တိုင်းကို စွန့်ပစ်လျက် တောထွက်တော်မူကြောင်းလာ၏။

၎င်းပြင် ဤတိုင်းသည် မဇ္ဈိမတိုက်အတွင်းရှိ တိုင်းနယ်များနှင့် ဆက်သွယ်လျက် ရှိကြောင်း ၎င်းဇာတ်၌ပင် ဂန္ဓာရမင်းကြီးသည် ဝိဒေဟတိုင်းရှင် ဘုရင်မင်းမြတ်နှင့် မဟာမိတ် ဖြစ်သဖြင့် ဂန္ဓာရမင်းကြီး ထီးနန်းစွန့်ခွါလျက် တောထွက်ကြောင်း ကြားလျှင် ဝိဒေဟမင်းကြီး

လည်း ထီးနန်းစည်းစိမ်စွန့်ခွါ တောထွက်လာ၍ ဂန္ဓာရရသေ့ကြီးနှင့် အတူတကွ သီတင်းသုံး ကြောင်း လာ၏။

ထိုမှတပါး ဤတိုင်းကား မဇ္ဈိမနိုင်ငံများနှင့် ဝေးကွာ ယူဇနာအားဖြင့် ၁၂၀-ကွာဝေး ကြောင်း ဒုကနိပါတ်၊ **သုသိမဇာတ်၌**---

ဗာရာဏသီမှ ခရီးပမာဏ(မ)လာသော်လည်း ဘုရားရှင်လက်ထက် ဂန္ဓာရတိုင်းမှ **ပုက္ကုသာတိမင်းသည် ၁၉၂-ယူဇနာ မဂဓသို့ လာရကြောင်း** မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ ဓာတုဝိဘင်္ဂသုတ် ၎င်းအဋ္ဌကထာ၌ အတ္ထုပ္ပတ္တိနှင့် တကွ အကျယ်ဝေဖန် ရေးသားဖော်ပြ၏။

၎င်းပုက္ကုသာတိမင်းသည် ဂန္ဓာရတိုင်း၊ တက္ကသိုလ်မြို့တော်၌ မင်းလုပ်နေစဉ် မဂဓ တိုင်းရှင်ဘုရင် ဗိမ္ဗိသာရမင်းကြီးနှင့် အဒိဋ္ဌသဟာယဖြစ်သည်အားလျော်စွာ အဆင်း ၅- ဖြာနှင့် ပြည့်စုံသော အထူးအဆန်း ကမ္ဗလာ ၈-ထည် လက်ဆောင်ပဏ္ဏာတော်အဖြစ် ပေးလိုက်လျှင် အလွန်ဆန်းကြယ် အံ့ဩဖွယ်အဝတ်အထည်များ ရ၍ ဝမ်းမြောက်လှသည့် အတိုင်း ၎င်းကို လက်ဆောင်ပဏ္ဏာတော် တုံ့ပြန်သောအားဖြင့်---

ဘုရားဂုဏ်တော်

တရားဂုဏ်တော်

သံဃာဂုဏ်တော်-

တည်းဟူသော ရတနာ ၃-ပါး ဂုဏ်တော်များကို ရွှေပြားတွင် ရေးသား၍ ရတနာကြုတ် ပြုလုပ်ကာ ပေးပို့လိုက်သောအခါ ရှေးဘဝများက အားထုတ်ခဲ့ဖူးသည့်အရ သဝဏ်လွှာ ဖတ်၍အဆုံး ကမ္မဋ္ဌာန်းသုံးသပ်သဖြင့် စျာန်ရကြောင်း၊ ၎င်းစျာန်ချမ်းသာ ခံစားလျက် တိုင်းပြည်နိုင်ငံ ကိစ္စအားလုံး စွန့်လွှတ်ပြီးလျှင် နန်းတော်ထက်၌သာ နေတော်မူရာ တိုင်းသူ ပြည်သားများ လှုပ်လှုပ်ရှားရှား ဖြစ်ပွါး၍ ၎င်းတို့အား တိုင်းပြည်အပ်ပြီးလျှင် ဘုရားရှင် ရည်မှန်းလျက် ရဟန်းပြုပြီးနောက် ယူဇနာ ၁၉၂-ယူဇနာခရီး တစ်ပါးတည်း ကြွတော်မူရာ ဘုရားရှင် သီတင်းသုံးတော်မူရာ သာဝတ္ထိကို လွန်မြောက်၊ မဂဓသို့ရောက်ကာ အိုးထိန်း သည်အိမ်တွင် နေရာ ဘုရားရှင်လည်း မြင်တော်မူ၍ ၄၅-ယူဇနာ ကွာသောခရီးမှ ကြွသွား တော်မူပြီး မထင်ရှားသောအသွင်ဖြင့် ၎င်းအိုးထိန်းသည်အိမ်တွင် ဝင်တော်မူကာ ဓာတုဝိဘင်္ဂ သုတ် ဟောကြားတော်မူ၍ မဂ် ၃-ပါး၌ တည်မှ ဘုရားရှင်ဖြစ်ကြောင်း သိလျှင် ရဟန်းအဖြစ် ကို တောင်းပန်ကာ သပိတ်, သင်္ကန်း ရှာဖွေရာတွင် နွားမဌေ့၍ ကွယ်လွန်ပြီး ဗြဟ္မာ့ဘုံသို့ ရောက်ကြောင်း အကျယ်ဖွင့်ပြ၏။

ဤမဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ ဓာတုဝိဘင်္ဂသုတ်အဖွင့် အဋ္ဌကထာကို ထောက်ထား၍ တက္ကသိုလ်မြို့တော်မှာ ရာဇဂြိုဟ်မှ ယူဇနာ ၁၉၂-ကွာဝေးကြောင်း၊ သာဝတ္ထိမှ ၁၄၇-ယူဇနာ ကွာကြောင်း၊ ဤတိုင်းနိုင်ငံနှင့် မဇ္ဈိမနိုင်ငံတို့မှာ ကူးသန်းသွားလာရာ ဖြစ်သည့် ပြင် ရတနာ ၃-ပါး အကြောင်းအရာများလည်း ပြန့်နှံ့ကျော်ကြား လက်ထက်တော်ကပင် သာသနာထွန်းကားလာကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## မဒ္ဒတိုင်း၊ သာဂလမြို့တော်

ထိုဂန္ဓာရတိုင်းမှတပါး ၎င်းတိုင်းနှင့် နီးစပ်လျက် တည်ရှိ၍ ၎င်းကဲ့သို့ ရှေးနိပါတ်တော် အစဉ်အလာနှင့် လက်ထက်တော်အခါတိုင်အောင် ထင်ရှားသော တိုင်းပြည်တော်မှာ မဒ္ဒတိုင်း၊ သာဂလမြို့တော်ဖြစ်၍ ဇာတ်နိပါတ်တို့တွင် အထူးသဖြင့် ထင်ရှားသောဇာတ်တော်မှာ သတ္တတိနိပါတ်၊ မဟာကုသဇာတ် ဖြစ်ကြောင်း---

၎င်း၌ ပဘာဝတီမင်းသမီးသည် မဒ္ဒတိုင်း၊ သာဂလမြို့သူဖြစ်၍ နေပြည်တော်သို့ ပြန်သွားသောအခါ အလောင်းတော်ကုသမင်းကြီးသည် မလ္လတိုင်း၊ ကုသဝတီနေပြည်တော်မှ ယူဇနာ ၁၀၀-ဝေးကွာသော သာဂလမြို့တော်သို့ နေ့ချင်းပင် သွားရောက်ကြောင်းလာ၍ မဇ္ဈိမတိုင်းနယ်များနှင့် မကွာဝေးလှကြောင်း မှတ်သားအပ်၏။ ၎င်းပြင် နိပါတ်တော်တွင် ထင်ရှားသော မဒ္ဒီမိဖုရားစသော မိန်းမမြတ်များ များသောအားဖြင့် ဤတိုင်းသူတို့ ဖြစ်ကြကြောင်း ထိုထိုဇာတ်တို့၌ လာ၏။

ထိုမှတပါး မြတ်စွာဘုရား လက်ထက်တော်၌ အလွန်ထင်ရှားသော အနွယ်အားဖြင့် ကဿပမထေရ်တွင်၍ လုလင်အမည်အားဖြင့် ပိပ္ပလိတွင်သော ဗြာဟ္မဏ မဟာသာလ၏ ကြင်ယာတော် ဘဒ္ဒါကာပိလာနီ မိန်းမမြတ်သည်လည်း မဒ္ဒတိုင်း၊ သာဂလမြို့တော်၌ ထင်ရှားကြွယ်ဝသော ကောသိယအနွယ်ပုဏ္ဏားကြီး၏ သမီးဖြစ်၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိကြောင်း တိုင်း၌ာနဝေးကွာသော်လည်း ရှေးပါရမီ ဆုတောင်းအားလျော်စွာ ပိပ္ပလိလုလင်နှင့် ဘဒ္ဒါကာပိလာနီတို့ သဘောမတူဘဲလျက် မိဘများစုံဘက်ကြ၍ တစ်နေ့သ၌ ၎င်းတို့နှစ်ဦး သဘောတူညီကာ မရေတွက်နိုင်သော စည်းစိမ်ဥစ္စာတို့ကို စွန့်ခွါ ဘုရားရှင်ရည်မှန်းလျက် တောထွက်ရဟန်းပြုကြကြောင်း အင်္ဂုတ္တိုရ်၊ ဧကကနိပါတ်၊ မဟာကဿပဝတ္ထု၌ အကျယ်ဝေဖန်ကာ အဋ္ဌကထာဖွင့်ပြသဖြင့် ဘုရားရှင်လက်ထက် တော်တိုင်အောင် ၎င်းမဒ္ဒတိုင်း၊ သာဂလမြို့တော်မှာ ထင်ရှားကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## သိန္ဓုတိုင်း၊ ကုက္ကုဋဝတီမြို့

ထိုမှတပါးလည်း အထက်က ဆိုခဲ့ပြီးသော ဂန္ဓာရတိုင်းနှင့် နီးစပ်သည့် ကသ္မီရတိုင်း, မဒ္ဒတိုင်းတို့အပြင် ၎င်းတိုင်းနှင့် ထီးနန်းပြိုင်လျက် ဆက်စပ်သော သိန္ဓုတိုင်း၊ ပစ္စန္တဒေသ၊ ကုက္ကုဋဝတီမြို့တော်လည်း ရှိသေး၍ ၎င်းတို့လည်း မဇ္ဈိမနိုင်ငံများမှ ကုန်သည်များ သွားရောက်ရောင်းဝယ် ကုန်သွယ်ကြကြောင်း မဟာကပ္ပိနမထေရ်၏ အတ္ထုပ္ပတ်အားဖြင့် ထင်ရှားသည်မှာ---

ကုက္ကုဋဝတီမြို့တော်၌ **မဟာကပ္ပိနမင်းကြီး** အုပ်ချုပ်စဉ် သာဝတ္ထိမှ ကုန်သည်များတို့သည် ၎င်းမြို့တော်သို့ ရောက်၍ လက်ဆောင်ပဏ္ဏာတော်ဖြင့် မင်းနန်းတော်သို့ ဝင်ရောက်ကြရာ မဇ္ဈိမတိုင်းနယ်၏ အကြောင်းအရာများ မေးမြန်းလျှင် အထူးအားဖြင့် မဇ္ဈိမတိုင်းနယ်တို့တွင်---

ဘုရားရတနာ

တရားရတနာ

သံဃာရတနာ-

တည်းဟူသော ရတနာ ၃-ပါး အထူးထွန်းကားကြောင်း လျှောက်တင်ကြသောအခါ မင်းကြီးမှာ ဘဝပါရမီ စုံညီသည်အလျှောက် အတိုင်းထက်အလွန် ဝမ်းမြောက်ခြင်းပီတိဖြစ်ပွါးလျက် ရတနာ ၃-ပါး၊ ၁-သိန်းကျစီ ၃-သိန်းပူဇော် ပေးကမ်းပြီးလျှင် မင်းကြီးလည်း ဥယျာဉ်တော်သို့ ထွက်တော်မူခိုက် ဖြစ်သည်အားလျော်စွာ နန်းတော်သို့ ပြန်လည်တော်မမူဘဲ ထွက်လာခဲ့သော မြင်းတို့ကို စီးလျက် ရဟန်းပြုရန် တောထွက်လာခဲ့ရာ **အရဝစ္ဆာမြစ်, နိလဝါဟိနီမြစ်, စန္ဒဘာဂါမြစ်**-ဟု ဆိုအပ်သော မြစ် ၃-တန်ကို ရတနာ ၃-ပါးဂုဏ်ကို အာရုံပြုကာ အဓိဋ္ဌာန်၍ ကူးလာကြသောအခါ မြတ်စွာဘုရားလည်း ဉာဏ်တော်ကွန်ရက်ကွင် ထင်မြင်တော်မူသည့်အတိုင်း သာဝတ္ထိမှ ကိုယ်တော်တိုင် တစ်ပါးတည်း ကြွတော်မူကာ စန္ဒဘာဂါမြစ်ကမ်း မနီးမဝေး ညောင်ပင်ကြီးအောက်၌ သီတင်းသုံးနေတော်မူသည်ကို ဘုရားရှင်-ဟု သိကြသဖြင့် ဆည်းကပ်တရားနာ၍ ဧဟိဘိက္ခုရဟန္တာချည်း အမတ်-၁၀၀၀ နှင့်တကွ မဟာကပ္ပိနမင်းတို့ ဖြစ်ကြကြောင်း၊ ထို့နောက် **အနောဇာဒေဝီ** မိဖုရားကြီးထံသို့ ကုန်သည်များရောက်ကြ၊ ရတနာ ၃-ပါးအကြောင်း ပြောပြသောအခါ မင်းကြီးနှင့်အတူ ၃-သိန်းစီပူဇော်ပြီး မင်းကြီးများနောက် ရထား-၁၀၀၀ နှင့် လိုက်ကြရာတွင် စန္ဒဘာဂါမြစ် ကမ်းမှာပင် ဘုရားရှင် ဖူးတွေ့တရားတော်နာ၍ အားလုံးသောတာပန် ဘိက္ခုနီမများဖြစ်ကြ ကြောင်း စသည်ဖြင့် အင်္ဂုတ္တိုရ်၊ အဋ္ဌကထာနှင့် ဓမ္မပဒအဋ္ဌကထာတို့၌ အကျယ်ဖွင့်ပြကြ၏။

ဤအတ္ထုပ္ပတ်၌ ကုက္ကုဋဝတီမြို့တော်ကား မည်သည့်တိုင်းနိုင်ငံဟု ဖော်ပြခြင်း မရှိသော်လည်း စန္ဒဘာဂါမြစ်ကမ်းသို့ မြတ်စွာဘုရား ကြွသွားတော်မူသည်ကို ထောက်ဆသောအားဖြင့် ၎င်းစန္ဒဘာဂါမြစ်သည် ပန်ဂျာပ်-ဟုခေါ်သော နယ်ရှိ မြစ် ၅-စင်းတွင် အလယ်၌ တည်ရှိသော မြစ်ဖြစ်၍ ၎င်းမှာ ဂန္ဓာရတိုင်းနှင့်စပ်လျက် တည်ရှိသော မဒ္ဒတိုင်းနယ်များ ဖြစ်သဖြင့် မဟာကပ္ပိနမင်းကြီးသည် ၎င်းမြစ်တို့ကို ဖြတ်ကျော်လာရကြောင်း ထင်ရှားသောကြောင့် ၎င်းတိုင်းများနှင့် စပ်လျက်တည်ရှိသော သိန္ဓုတိုင်းဖြစ်ကြောင်း ၎င်းပြင် ဘုရားရှင်လက်ထက်တော်က ၎င်းတိုင်းနယ်သို့ သာသနာတော် သက်ရောက်ကြောင်း ၎င်းဝတ္ထုများဖြင့် ထင်ရှား၏။

ဤဆိုခဲ့ပြီးသော မဟာကပ္ပိနအတ္ထုပ္ပတ်၌ မြစ် ၃-စင်း ဖြတ်ကျော်ကာ စန္ဒဘာဂါ မြစ်ကမ်းနားဝယ် ဘုရားရှင်ကို ဖူးမျှော်ရကြောင်း ၎င်းမြစ်များ၏ အမည်များမှာ---

အရဝစ္ဆာ, နိလဝါဟိနီ, စန္ဒဘာဂါ ခေါ်တွင်ကြောင်း အဋ္ဌကထာ၌ ထင်ရှားစွာ ဖွင့်ဆိုသဖြင့် ယခုအခါ ထင်ရှားသော အမည်များနှင့်ကွဲလွဲသော်လည်း အမည်နာမမှာ အခါသမယအားလျော်စွာ ပြောင်းလဲနိုင်ကြောင်း---

၎င်းမြစ် ၅-စင်း၏ ရှေးအကျဆုံး ဝေဒက္ကခေတ်၌-

၁။ ဝိတဿ ၂။ အသိကနီ ၃။ ပါရုဿနီ- သို့မဟုတ် **ဧရာဝတီ**

၄။ ဝိပသ ၅။ သုတဒြိနီ-

ဟု တွင်၍ **အလက္ကဇန္ဒာယောနက** ဘုရင်ဝင်ရောက်စဉ်က---

၁။ ဗိဒဆပကၠ ၂။ ကဆန္ဒြာဘတ်ဂ် ၃။ ရုအာဒတ်စ်

၄။ ဗိအာဆ် ၅။ ဇာရာဒရု-

ဟု ခေါ်တွင်သည့်အပြင် တရုတ်ရဟန်းတော်ဝှင်သျှင် ရောက်စဉ်က---

၁။ ဝိတဿ ၂။ စန္ဒြဘာဂါ ၃။ အိုက်ရာဝတီ-

၄။ ဝိပါဆ ၅။ ဆတဒြု-

ဟု ခေါ်တွင်ကြောင်း၊ ယခုအခါ၌ကား---

၁။ ဂျေလမ် ၂။ ချေနာဘ် ၃။ ရဝီ

၄။ ဗိအာဆ် ၅။ ဆတေလျယ်(ယ်)-

ဟု ရေးသားကြကြောင်း စသည်ဖြင့် ကွဲပြားကြ၍ လက်ထက်တော်က အမည်များ ယခု တိုင်အောင် မတည်နိုင်သော်လည်း ၎င်းမြစ်များကို ပမာနထား၍ မှတ်သားအပ်၏။

သို့ဖြစ်၍ ဤ**ကုက္ကုဋဝတီမြို့**တော်ကား ဂန္ဓာရတိုင်းနှင့်စပ်လျက်ရှိသော တိုင်းနယ် တွင်တည်ရှိ၍ ၎င်းသည် ဂန္ဓာရတိုင်း၏ အရှေ့တောင်ဘက်၌ ရှိသော မဒ္ဒတိုင်းနယ်ကို ဖြတ်ကျော်လျက် လာရသောကြောင့် သိန္ဓုတိုင်း ဖြစ်သည်ဟု ပိုင်းခြားအပ်သည့်အပြင် စန္ဒဘာဂါမြစ်ကို ထောက်ဆခြင်းအားဖြင့်လည်း-

- **အရဝစ္ဆာနဒီမှာ သိန္ဓုမြစ်လက်တက် တစ်ခု** ဖြစ်သင့်ကြောင်း ယူဆနိုင်၍
- **ဒုတိယ နိလဝါဟိနီမှာ ယခု ဂျေလမ်မြစ်ဖြစ်ကြောင်း**
- စန္ဒဘာဂါ မြစ်ကား **ခေနာဘ်(ချေနာဘ်)မြစ်**ဖြစ်ကြောင်း-

၎င်းမြစ်သို့ မြတ်စွာဘုရား ကြွသွားတော်မူသဖြင့် မဒ္ဒတိုင်း, ဂန္ဓာရတိုင်းသို့ ရောက်တော် မူကြောင်း ထင်ရှားစွာ မှတ်သားအပ်၏။

## မြို့, ရွာ, နိဂုံးများ

ဤတိုင်းမှာလည်း နိုင်ငံကြီးတို့တန်ဆာ မြို့, ရွာ, နိဂုံးများ ရှိခဲ့မည်မှာ အမှန်ဟု ဆုံးဖြတ်အပ်သော်လည်း ဘုရားရှင်၏ ဒေသစာရီ အစဉ်တွင်မပါ၊ ဒေသနာတော်လည်း မရှိသဖြင့် မဖော်ပြနိုင်ကုန်။ သို့ရာတွင် ဓမ္မပဒအဋ္ဌကထာ၌လာသော---

အရှင်သောရေယျနှင့် ဇဋိလဝတ္ထုတို့ကို ထောက်ထား၍ ဤဂန္ဓာရတိုင်း၌ အရှင် မဟာကစ္စည်းမထေရ်မြတ် လှည့်လည်သီတင်းသုံးကာ သာသနာတော် ပြုစုသဖြင့် သာသနာ့ နိုင်ငံတော်အောက် ရောက်ရှိသော တိုင်းနိုင်ငံဖြစ်ကြောင်း မှတ်သားအပ်၏။

## အရှင်သောရေယျ

သောရေယျမြို့သား သူဌေးသားသည် အရှင်မဟာကစ္စည်းမထေရ်မြတ် ပြစ်မှား ခြင်းကြောင့် မိန်းမဖြစ်ကာ တက္ကသိုလ်သို့ ထွက်သွားရာ ၎င်းမြို့သားနှင့် စုံဖက်ပြီးနောက် သား ၂-ယောက်ရမှ ရှေးကအတူနေခဲ့သော မိတ်ဆွေများတွေ့၍ မထေရ်မြတ်တက္ကသိုလ် မှာ သီတင်းသုံးတော်မူခိုက်ဖြစ်၍ အထံတော်သို့ ခေါ်ဆောင် ကန်တော့စေသဖြင့် ယောကျ်ားအဖြစ် တဖန်ရပြီး မထေရ်ထံ ရဟန်းပြုလျက် တရားအားထုတ်ကာ ရဟန္တာ

ဖြစ်ကြောင်း လာ၏။ သို့ရာတွင် မထေရ်မြတ် ဟောကြားသော သုတ္တန်တို့ကား ထင်စွာဖော်ပြခြင်း မရှိသဖြင့် မြို့ရွာများ မထင်ရှားကုန်။

## ဇင်္ဂိုလသူဌေး

ဗာရာဏသီ သူဌေးသမီးတစ်ယောက်မှာ ဝိဇ္ဇမိုရ်နှင့် ရင်းနှီးဆက်ဆံရာ သားတစ်ယောက်ဖွားလျက် ရှက်နိုးသဖြင့် အိုးခွက်ဖြင့်မျှောရာ အရှင်ကစ္စည်း၏ ဥပါသိကာမ ရ၍ ကျွေးမွေးသုတ်သင် အစဉ်ကြီးပွါး မထေရ်အား ရဟန်းပြုရန် အပ်နှံရာ ဉာဏ်မရင့်သေးသည့်အပြင် ရှေးကုသိုလ်ကံရှိသူ ဖြစ်သည်အားလျော်စွာ တက္ကသိုလ်ပြည် ဒကာအလုပ်အကျွေး သူဌေးတစ်ဦးထံ အပ်သည်တွင် သူ၏ကံကို စမ်းသပ်သဖြင့် ၁၂-နှစ်က မရောင်းရသော ကုန်စည်တို့ကို ရောင်းစေရာ တစ်နေ့တည်းနှင့် အားလုံးကုန်သွားသည်ကို မြင်ရသဖြင့် အံ့ဩဝမ်းမြောက်ခြင်းဖြစ်ကာ အရွယ်ရောက်ပြီး သမီးတစ်ယောက်ဖြင့် စုံဖက်ကာ အိမ်သစ်မင်္ဂလာ ဆောက်လုပ်စေရာ အိမ်ဝင်းနောက်ပိုင်း၌ ရွှေတောင်ပေါက်လာ၍ သူဌေးကြီးအရာ ရကြောင်း သား ၃-ယောက်ရမှ သံဝေဂရ၍ ရဟန်းပြုလုပ် တရားအားထုတ်ကာ ရဟန္တာ ဖြစ်ကြောင်း လာသဖြင့် အရှင်ကစ္စည်းမထေရ်မြတ် သီတင်းသုံးလျက် သာသနာ ထွန်းတက်တောက်ပအောင် ရွက်ဆောင်တော်မူသော တိုင်းဖြစ်ကြောင်း မှတ်သားအပ်၏။

## ၎င်းနယ် မှတ်တမ်းများ

ဤဂန္ဓာရတိုင်းနှင့်စပ်လျဉ်း၍ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သာသနာတော် အဆက်မပျက်ကွက်ဘဲ ရှိသေးကြောင်း သို့ရာတွင် သာသနာတော်ကား မဇ္ဈိမဒေသ အလယ်ပိုင်း နိုင်ငံများလောက် ထွန်းကားစည်ပင်ခြင်း မရှိသဖြင့် နောက်အခါ သာသနာပြုစေလွှတ်ရကြောင်း အသောကဘုရင်မင်းတရား၏ ရာဇဝင်အတ္ထုပ္ပတ်အားဖြင့် ထင်ရှားသည့်အပြင် ၎င်းနောက် သာသနာတော် အစဉ်အဆက်လည်း မပျက်မစီး တည်ရှိကြောင်း တရုတ်ရဟန်းတော်တို့၏ ခရီးစဉ်မှတ်တမ်းများဖြင့် ထင်ရှားသိသာ၏။

## ရဟန်းတော်ဖာဟိုင်

သာသနာ အနှစ်-၉၀၀ လောက် တရုတ်ရဟန်းတော်ဖာဟိုင်သည် အဖော်များနှင့် အနောက်မြောက်တိုင်းနယ်တို့မှ ဤတိုင်းနယ်သို့ ရောက်စဉ် ဤနယ်များ၌ သာသနာတော်နှင့်စပ်သော အဆောက်အဦများစွာနှင့် စေတီပုထိုး ရုပ်ပွါးဆင်းတုတော်များ ဖူးမျှော်တွေ့မြင်ရကြောင်း မှတ်သားရေးသားထားသည့်အပြင် များစွာသော ရဟန်းသံဃာတော်များ သီတင်း

သုံးတော်မူကြသော ကျောင်းတိုက်ကြီးများလည်း များစွာရှိသေးကြောင်း ၎င်း၏မှတ်တမ်း၌ ဖော်ပြရေးသား၏။

## ရဟန်းတော်ဝင်သျှင်

၎င်းနောက် တရုတ်ရဟန်းတော်ဝင်သျှင် ရောက်စဉ်အခါကလည်း ထို့အတူ သာသနာတော် စည်ကားလျက်ရှိကြောင်း ဖော်ပြ၍ ၎င်းဂန္ဓာရတိုင်းမှာ မဟာယာနဂိုဏ်း သံဃာများသာ ထင်ရှားရှိကြောင်း၊ ၎င်းတိုင်းမှာ လီပေါင်း ၂၀၀၀-ကျော် ကျယ်ဝန်းကြောင်း စသည် ၎င်းမှတ်တမ်း၌ ဖော်ပြ၏။ ဤမှတ်တမ်း တိုင်းနယ်အကျယ်အဝန်း မှတ်သားခြင်းသည် ဤဂန္ဓာရတိုင်း အသီးအခြားသာ ဖော်ပြခြင်းဖြစ်၍ ၎င်းတိုင်းနှင့် တွဲစပ်လျက်ရှိသော ကသ္မီရတိုင်း, မဒ္ဒတိုင်းတို့ကို အသီးအခြားဖော်ပြ ရေးသားသည်ဟု မှတ်ယူအပ်၏။

၎င်းပြင် ဤတက္ကသိုလ်မြို့တော်၌ ဒေဝါနံ ပိယဒဿီအသောကမင်းတရားကြီး ထီးနန်းမသိမ်းပိုက်မီ မင်းသားဖြစ်စဉ်က တိုင်းပြည် မငြိမ်သက်ခြင်းတို့ကို နှိမ်နင်းရန် စေလွှတ်ရာ ပြည်ရွာမြို့ပြ ငြိမ်ဝပ်ပိပြား ဆူးငြောင့်များ မရှိအောင် ဆောင်ရွက်သောကြောင့် ခမည်းတော် **ဗိန္ဒုသာရမင်းတရားက** အားရနှစ်သက်တော်မူသဖြင့် ၎င်းတက္ကသိုလ် မြို့စားခန့်အပ်တော်မူကြောင်း၊ ၎င်းနောက်မှ အဝန္တိတိုင်းနယ် အုပ်ချုပ်ရန် နယ်စားခန့်အပ်တော်မူ၍ ဥဇ္ဇေနီမြို့တော်မှာ နေတော်မူကြောင်း **အသောကာဝဒါန အသောကအတ္ထုပ္ပတ္တိ၌** ရေးသား၏။ ထိုမှတပါး မင်းတရားသည် ဤနယ်၌ အုပ်ချုပ်ဖူးသည့်အပြင် ဇမ္ဗူဒီပါကျွန်းအလုံး သိမ်းကြုံးစိုးစံသည့်အခါ၌လည်း သင်္ဂါယနာတင်ပြီးနောက် ၎င်းတိုင်းနှင့် ကသ္မီရတိုင်းသို့ သာသနာပြုစေလွှတ်တော်မူ၍ သာသနာပြုစုတော်မူကြောင်း မှတ်သားအပ်၏။

ထိုနောက်လည်း သာသနာတော်-၅၀၀ ကျော်မှာ ဤဂန္ဓာရတိုင်းနယ်တွင် ထင်ရှားသော ဘုရင်မင်းကြီးများ အနက် **မိလိန္ဒမင်းကြီးကား** ဘုန်းတန်ခိုးအာဏာ ကြီးကျယ်ခမ်းနားသည်ထက် ပညာဗဟုသုတ ကြွယ်ဝပြည့်စုံ သာသနာတော်လည်း အထူးယုံကြည်သော မင်းကြီးဖြစ်သည်အားလျော်စွာ အထူးထင်ရှား၍ ၎င်းမင်းတရား မေးမြန်းသော ပြဿနာများကို ဖြေကြားပြောဆိုနိုင်သော ရဟန်းတော်များ ထင်ရှားမရှိသလောက် ရှိနေရာ ရှေးက ဆုတောင်းဖက်ဖြစ်သည့်အတိုင်း **အရှင်နာဂသေနမထေရ်မြတ်** ကြွလာတော်မူသောအခါ မင်းကြီး၏ ယုံမှားသံသယအားလုံး ကင်းရှင်း ယုံမှားခြင်းပျောက်ကာ အထူးသဖြင့် ဝမ်းမြောက်တော်မူလှသဖြင့် ကြီးကျယ်ခမ်းနားသော ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းပြီးလျှင် သာသနာတော် အပ်နှင်းကာ သာသနာတော်ပြုစု အားထုတ်တော်မူကြောင်း မိလိန္ဒပဉှာ၌ လာသည်ကို ထောက်ဆ၍သိအပ်၏။

အသောကမင်းတရားကြီး အကြောင်းနှင့် မိလိန္ဒမင်းကြီးများအကြောင်း နောက်၌ သာသနာခေတ်အားလျော်စွာ ရေးသားလတ္တံ့ဖြစ်၍ အထူးမရေးသားဘဲ ဤမျှဖြင့်သာ မှတ်သားအပ်၏။

## တိုင်းနယ်အကျယ်အဝန်း၊ မြို့, ရွာ, နိဂုံးများ

ဤတိုင်းကြီးမှာ ရှေးအဆက်ဆက်မှစ၍ ယခုထက်တိုင်အောင် အတတ်အမျိုးမျိုးနှင့် ပညာအမျိုးမျိုးတို့၏ ဖြစ်ထွန်းရာ ဌာနကြီးဖြစ်၍ ကျော်ကြားထင်ရှားသော တိုင်းနယ်ဖြစ်သည်အားလျော်စွာ မြတ်စွာဘုရားလက်ထက်တော်က ပုက္ကုသာတိမင်းကြီး စေလိုက်သော လက်ဆောင်ပဏ္ဏာတော်များ မရှိမတိုက်၌ မတွေ့ဘူး မမြင်ဘူးလောက်အောင် ဆန်းပြားကြောင်း၊ ၎င်းပြင် ဆရာဇီဝက၏ သင်ကြားတတ်မြောက်သည့် ဆေးပညာများ ၎င်းမရှိမတိုင်းတွင် မသင်ကြားနိုင်လောက်အောင် ဆန်းကျယ်ကြောင်း ရေးသားအပ်ပြီးသော အကြောင်းအရာများ ထောက်ထား၍ ထင်ရှားသဖြင့် အထူးရေးသားဖွယ် မရှိကုန်။

၎င်းတိုင်းနယ်ကြီး၏ အကျယ်အဝန်းမှာလည်း နိုင်ငံကြီးတစ်ခုဖြစ်သည့်အတိုင်း ရှေးနိပါတ် ဇာတ်တော်များနှင့် နောက်ခေတ် ရာဇဝင်အဆက်ဆက် တိုးတက်ထွန်းကားလာခဲ့သော နိုင်ငံကြီးဖြစ်သည်အားလျော်စွာ အထက်ပါ တိုင်းနီးချင်းများကို သိမ်းသွင်းပါလျှင် ကျယ်ဝန်းမည်ပင်၊ အမှန်မှာ ယုံမှားမဲ့ မှတ်အပ်သော်လည်း လက်ထက်တော်က ဒေသစာရီ ကြွတော်မူကာ ဒေသနာတော်ဓမ္မ ထင်ရှားမရှိခြင်းကြောင့် ၎င်းတိုင်းနယ်၏ အကျယ်အဝန်း အပိုင်းအခြားကိုၝင်း တိုင်းနယ်အတွင်းရှိ မြို့ရွာ နိဂုံးများကိုၝင်း ရေးသားဖော်ပြရန် ခဲယဉ်းကုန်၏။

သို့ဖြစ်၍ ၎င်းတိုင်းနယ်၏ အနီးအနားဖြစ်သော ကသ္မီရတိုင်း, မဒ္ဒတိုင်းများနှင့် မဟာကပ္ပိန ထီးနန်းစိုက်ထူရာ သိန္ဓုတိုင်းနယ်များ၌ သာသနာတော် ရောက်ရှိထွန်းကားအစဉ် အဆက်အားဖြင့်လည်း တည်လျက်ရှိကြောင်း၊ အထက်ကရေးသားပြီး အမြွက်မျှဖြင့် သိသာနိုင်ပြီဖြစ်၍ နောက်အပိုင်းများ၌ သာသနာတော် ပြန့်နှံ့ကြောင်း၊ ထွန်းကားကြောင်းများ ရေးလတ္တံ့ဖြစ်သောကြောင့် ၎င်းအကြောင်းများ အထူးမရေးသားတော့ဘဲ ဤမျှဖြင့် ဂန္ဓာရတိုင်းအကြောင်း အဆုံးသတ် ရေးသားအပ်သတည်း။

ဂန္ဓာရတိုင်း အကြောင်းပြီးပြီ။

✪ ✪ ✪ ✪ ✪

## ကမ္ဗောဇတိုင်း

ကမ္ဗောဇတိုင်းနိုင်ငံသည် မဇ္ဈိမဒေသမှ အနောက်မြောက် ဝေးကွာသော ပစ္စန္တ ဒေသတိုင်းနယ်ပင် ဖြစ်သော်လည်း ရှေးဇာတ်နိပါတ်ရာဇဝင် အစဉ်အားဖြင့်၎င်း လက်ထက် တော်၌၎င်း ကုန်သန်းရောင်းဝယ်ရေး ဆက်သွယ်၍ များစွာသောကုန်သည်တို့ သွားလာရာ ဒေသ ကြွယ်ဝချမ်းသာ၍ မဇ္ဈိမတိုက်နယ်တွင်လည်း ထင်ရှားသော နိုင်ငံတစ်ခုဖြစ်သော ကြောင့် ဤတိုင်းကြီး သောဋသအတွင်း ထည့်သွင်း ဟောကြားတော်မူ၏။ ထိုကြောင့် ဒသနိပါတ်၊ ယဋ္ဌပဏ္ဍိတဇာတ်၌---

**ကံသမင်းကြီး၏** သမီးတော် **ဒေဝဂဗ္ဘာနှင့် ဥပသာဂရ** မင်းသားတို့စုံဖက်တော် မူရာ ဝါသုဒေဝ, ဗလဒေဝစသော သားတော်တစ်ကျိပ် ဖွားမြင်သည့်အနက် အငယ်ဆုံးသား တော် **အင်္ကုရမင်းသားသည်** ဇမ္ဗူဒီပါတစ်ကျွန်းလုံး သိမ်းကျုံးအောင်မြင်ပြီး ၁၀-တိုင်း, ၁၀- ၅ာန ဝေဖန်ကြသော်လည်း သူ့အတွက် နိုင်ငံကို မယူဘဲ နှစ်မတော်အား ပေးပြီးလျှင် နောင်တော်တို့၏ နိုင်ငံများတွင် အကောက်အစားမရှိ လွတ်လပ်စွာ ကုန်သန်းရောင်းဝယ် နိုင်ရန် အခွင့်တောင်း၍ ရောင်းဝယ်ဖောက်ကားသည့်အပြင် တစ်ခါတစ်ရံ ပစ္စန္တဖြစ်သော ကမ္ဗောဇတိုင်းသို့လည်း ကုန်သန်းရောင်းဝယ်ရေးအားဖြင့် သွားရောက်ကြောင်း ထင်ရှားစွာ လာ၏။

တစ်ရံသောအခါ အင်္ကုရမင်းသားသည် ဒွါရကမြို့တော်မှ ကမ္ဗောဇသို့ ကုန်သန်း ရောင်းဝယ်ရန် လှည်း-၅၀၀ ပြင်လျက် ခရီးထွက်ရာ အခြားပုဏ္ဏားကုန်သည်ကြီး တစ်ဦး လည်း လှည်း-၅၀၀နှင့်အတူ လိုက်ပါလာကြ၍ မဇ္ဈိမဒေသမှ အနောက်မြောက်သဲကန္တာရ တွင် မျက်စိလယ် လမ်းမှား၊ အစားဆန်, ရေပြတ်စဲ၊ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံနေကြရသည်ကို ဝိသယှသူဌေး အလှူဒါန လက်ညှိုးညွှန်ပြ၍ ဖြစ်ရသော **ရုက္ခစိုးနတ်မင်းကြီးမြင်၍** အင်္ကုရ မင်းသား ကျေးဇူးကို ထောက်ထားသဖြင့် မိမိဗိမာန်ညောင်ပင်ကြီးကို ထင်ရှားပြလေ၏။ မင်းသားသည် ဝမ်းမြောက်ဝမ်းသာ ညောင်ပင်ကြီးသို့ ချဉ်းကပ်လျက် အပန်းဖြေနားနေ ကြသောခါ ရုက္ခစိုးနတ်မင်းကြီးသည် လှည်းကုန်သည်များနှင့်တကွ နွားများပါ အစာ ရေစာနှင့် လိုရာအားလုံး လက်ယာလက်ညှိုးဖြင့် အမျိုးမျိုးပေးကမ်းကာ ရှင်လန်းနှစ်သိမ့် စေ၏။

ထိုအခါ အတူပါလာသော ပုဏ္ဏားကြီးသည် မသင့်တင့် ကြံစည်စိတ်ကူးသည်အား လျော်စွာ မင်းသားအား--

ယဿ အတ္ထာယ ဂစ္ဆာမ၊
ကမ္ဗောဇံ ဓနဟာရကာ။
အယံ ကာမဒဒေါ ယက္ခော၊
ဣမံ ယက္ခံ နိယျာမသေ။ ။

ဣမံ ယက္ခံ ဂဟေတွာန၊
သာဓုကေန ပသယှ ဝါ။
ယာနံ အာရောပယိတွာန၊
ခိပ္ပံ ဂစ္ဆာမ ဒွါရကံ။ ။

"ဥစ္စာများကို၊ မြတ်စွန်းလိုသည်။
တိုင်းကမ္ဗောဇ၊ သွားကြရမည်။
လိုတိုင်းပေးသွင်း၊ ဤနတ်မင်းသည်။
နတ်ကိုမူ၊ ခေါ်ယူ သွားကြမည်။ ။

အနူးအညွတ်၊ တင်းကြပ်တလီ။
နတ်မင်းကိုလျှင်၊ ယာဉ်ထက် တင်မည်။
ဆောင်ယူပင့်ခေါ်၊ မြို့တော်သို့ရည်။
ဒွါရက၊ သွားရပါလိမ့်မည်"။ ။

ဟု ကျေးဇူး မထောက်ထားဘဲ ပြောကြားလျှင် အကုံရမင်းသားက သူတော်ကောင်းသဘော ဖြင့် လက်မခံဘဲ---

ယဿ ရုက္ခဿ ဆာယာယ၊
နိသီဒေယျ သယေယျ ဝါ။
န တဿ သာခံ ဘဉ္ဇေယျ၊
မိတ္တဒုဗ္ဘော ဟိ ပါပကော။ ။

" ကြင်သစ်ပင်ရိပ်၊ နားအိပ်ဖူးသည်။
၎င်းအခက်ကို၊ မဖျက်ရာသည်။
အကိုင်းချိုးဖျက်၊ မိတ်ဖျက်သူမည်။
လူယုတ်မာ၊ မှန်စွာ ဖြစ်တော့သည်"။ ။

ဟု-တရားသဖြင့် ပြောပြလေ၏။

ဤသို့ ဖြေကြားသည်ကို နာမခံဘဲ ထပ်မံ၍ ယုတ်မာစကား ပြောကြားသည်မှာ-

ယဿ ရက္ခဿ ဆာယာယ၊
နိသီဒေယျ သယေယျ ဝါ။
ခန္ဓမ္ပိ တဿ ဆိန္ဒေယျ၊
အတ္ထော စေ တာဒိတော သိယာ။ ။

“ ကြင်သစ်ပင်အောက်၊ အကြင်သူသည်။
နေခဲ့, နားခဲ့၊ အိပ်ခဲ့ဖူးသည်။
အကျိုးရှိက၊ ပင်မပင်စည်။
လှဲ၍ပင်၊ သုတ်သင် နိုင်လေသည်”။ ။

စသည် ချေပ ပြောဆိုလေ၏။

ထိုနောက် အင်္ကုရမင်းသားသည် ၎င်း၏ နောက်ထပ် မိတ်ဖျက်စကား နားမထောင်ဘဲ ရက္ခစိုးနတ်မင်းကြီးကလည်း မိမိအား လူ, နတ် တန်ခိုး အမျိုးမျိုးဖြင့် မဖျက်ဆီးနိုင်ကြောင်း ပြောပြပြီးနောက်---

“ဤကဲ့သို့ အလိုရှိတိုင်း ပေးစွမ်းနိုင်သော လက်ညှိုး၏ တန်ခိုးနှင့် ပြည့်စုံသည်မှာ အဘယ်ကုသိုလ်ကြောင့် ဖြစ်ပါသနည်း” အင်္ကုရမင်းသားက မေးမြန်းလျှင်---

“ကျွန်ုပ်မှာ နတ်, သိကြား, ဂန္ဓဗ္ဗမဟုတ်၊ ရောရုဝမြို့ ဝိသယှသူဌေး အလှူပေးစဉ် ရောက်လာသော အလှူခံတို့အား ဝမ်းမြောက်စွာ လက်ညှိုးညွှန်ပြခြင်းကြောင့် ရောရုဝမှ ဤဌာနသို့ ဤတန်ခိုးဣဒ္ဓိပါဒ် ပြည့်စုံလျက် ရက္ခစိုးနတ်ဖြစ်လာကြောင်း” ဖြေကြားပြောဆိုလေ၏။

**အင်္ကုရမင်းသားလည်း** အလွန်ဝမ်းမြောက်၍ ဒွါရကမြို့တော်သို့ ရောက်လျှင် “ကြီးကျယ်ခန်းနားစွာ အလှူဒါန ပြုအံ့”ဟု ဝန်ခံပြီး နတ်မင်းကြီး ချီးမြှောက်ထောက်ပံ့သော ပစ္စည်းဥစ္စာများဖြင့် ကမ္ဘောဇတိုင်းသို့ မသွားရောက်တော့ဘဲ ဤသဲကန္တာရကြီးမှာပင် လှည့်လည်ပြန်လာ၍ ဒွါရကမြို့တော်သို့ ပြန်ရောက်သောအခါ ကြီးစွာသော အလှူဒါနကြီး ပြုလုပ်ကြောင်း အင်္ကုရပေတဝတ္ထု၌ အကျယ်လာ၏။

ဤဝတ္ထုနှင့် ဒသနိပါတ်၊ ယဋ္ဌပဏ္ဍိတဇာတ်တို့၌ ကမ္ဘောဇသို့သွားရာ လမ်းစခန်းကား သဲကန္တာရကို ဖြတ်ကျော်သွားရကြောင်း သာမညလာသော်လည်း ဒွါရကမြို့တော်နှင့် သဲကန္တာရကြီးကို ထောက်ဆသောအားဖြင့် မဇ္ဈိမဒေသမှ အနောက်မြောက်ဒေသ၌ တည်ရှိ

သည်ကား အထူးထင်ရှား၏။ ၎င်းအကိုးရစသော ညီနောင်တစ်ကျိပ်တို့မှာ ကံသဘောဂ တိုင်း၊ အသိတဉ္စနမြို့တော်၌ ဖြစ်ပွါးသော်လည်း ဇမ္ဗူဒီပါကျွန်းကြီးအလုံး သိမ်းကြုံး အောင်မြင်သောအခါ ဤသူရဋ္ဌတိုင်းသို့ ရွှေ့ပြောင်း၍ မြို့နန်းတည်ထောင်ကာ ဒွါရက မြို့တော်ဟု သမုတ်ပြီးလျှင် နိုင်ငံကြီးတစ်ခုပြုလုပ် ဖန်ဆင်းကြကုန်၏။

ထိုမှတပါး ဤတိုင်းနိုင်ငံကား မဇ္ဈိမနှင့်ဝေးကွာငြားလည်း ဆက်သွယ်ရင်းနှီးသော ကုန်သွယ်လမ်းဖြစ်ခြင်းကြောင့် ထည့်သွင်းဟောကြားတော်မူသည့်အပြင် အကြောင်းအား လျော်စွာ ၎င်းတိုင်းနှင့် ပစ္စန္တတိုင်းများ အကြောင်းအချို့သုတ္တန်တို့၌ ဟောကြားကုန်၏။ ထိုကြောင့် မဇ္ဈိမပဏ္ဏာသ၊ အဿလာယနသုတ်၌---

"တံ ကိမညသိ အဿလာယန သုတံ တေ ယောနကကမ္ဗောဇေသု အညေသု စ ပစ္စန္တိမေသု ဇနပဒေသု ဒွေ ဝဏ္ဏာ အယျော စေဝ ဒါသော စ။"

"အယျော ဟုတွာ ဒါသော ဟောတိ ဒါသော ဟုတွာ အယျော ဟောတိ"။

"**အဿလာယန**-မည်သို့နည်း၊ ယောနကတိုင်း, ကမ္ဗောဇတိုင်းနှင့် အခြားပစ္စန္တရ တိုင်းတို့မှာ အရှင်နှင့်ကျွန် ၂-မျိုးသာရှိကြောင်း သင်ကြားဖူးသလော၊ အရှင်ဖြစ်၍ ကျွန်ဖြစ် နိုင်သည်၊ ကျွန်ဖြစ်၍ အရှင်ဖြစ်နိုင်သည်" စသည်ဖြင့် အမျိုး ၄-ပါးနှင့် စပ်သော ပြဿနာကို မေးမြန်းလျှောက်ထားရာ၌ အဿလာယနပုဏ္ဏားကြီးအား ဘုရားရှင် ပြန်လည်မေးမြန်း တော်မူရာ-- "ဧဝံ ဘော သုတံ တံ မေ။

အရှင်ဘုရား၊ ဤအတိုင်းပါ ထိုစကား ကြားဖူးပါသည်"ဟု ဖြေကြား လျှောက်ထား သည်ကို ထောက်ထား၍ ဤယောနက ကမ္ဗောဇတိုင်းတို့ကား တိုင်းနယ်ချင်း စပ်လျက် တည်ရှိ၍ မဇ္ဈိမတိုက်နယ်တွင် ထင်ရှားသော ပစ္စန္တဒေသများဖြစ်ကြောင်း မှတ်သားအပ်၏။

ဤသို့ မြတ်စွာဘုရားသည် အကြောင်းအားလျော်စွာ ဤယောနက, ကမ္ဗောဇတိုင်း များ အကြောင်းဟောပြ ညွှန်ကြားသော်လည်း ၎င်းတိုင်းတို့၌ကား တစ်စုံတစ်ခု အတ္ထုပ္ပတ် ဖြင့် ဟောကြားအပ်သော သုတ္တန်များ ထင်ရှားမရှိသဖြင့် လက်ထက်တော်ကမူ သာသနာ တော် ပြန့်နှံ့ထွန်းကားရာ အရပ်ဒေသ မဟုတ်ဟု မှတ်ယူအပ်၏။ သို့ရာတွင် နောက်အခါ၌ မူကား ၎င်းတိုင်းများသို့ သာသနာပြုများ, သာသနာတော် ထွန်းကားစည်ပင်လျက် သာသနာ တွင် အလွန်ကြည်ညိုလေးစား သာသနာပြုမင်းကြီးများ ပေါ်ထွန်းကာ သာသနာတော် ပြုစုကြကြောင်း ကနိသျှကမည်သော သာကမင်းတရားကြီးများကို ထောက်ထား၍ ထင်ရှား သည့်ပြင် ထို့နောက် တရုတ်ရဟန်းတော်တို့၏ ခရီးစဉ်၌လည်း ၎င်းတို့ရောက်စဉ်က ဤ

အနောက်မြောက်ပိုင်း တိုင်းနိုင်ငံများဖြစ်ကြသော ဂန္ဓာရ, ကမ္ဗောဇတိုင်းနိုင်ငံများ သာသနာထွန်းကား၍ ကျောင်းတိုက်ကြီးများနှင့် သံဃာများစွာတို့ကိုလည်း တွေ့ခဲ့ရကြောင်းများ ၎င်းတို့မှတ်တမ်းတွင် ဖော်ပြ ရေးသားကြကုန်၏။

✪ ✪ ✪ ✪ ✪

## မြို့, ရွာ, နိဂုံးများ

ဤတိုင်းနိုင်ငံများ၌လည်း မြို့, ရွာ, နိဂုံးတို့ဖြင့် တန်ဆာဆင်မည်ဟု ယုံမှားမဲ့မှတ်အပ်ကြောင်း သို့ရာတွင် ၎င်းတိုင်းနယ်များသို့ မြတ်စွာဘုရား ကြွသွားတော်မူကာ ဟောကြားတော်မူအပ်သော ဒေသနာတော် မရှိသဖြင့်သာ ထင်စွာ မဖော်ပြနိုင်ကြောင်း၊ သို့ဖြစ်၍လည်း ၎င်းတိုင်း၌ ဘုရားရှင်လက်ထက်တော်က သာသနာတော် ထွန်းကားခြင်းမရှိသော နိုင်ငံဖြစ်ကြောင်း၊ ၎င်းတိုင်းနယ်၏ အကျယ်အဝန်းကိုလည်း ထောက်ထားရန် ဒေသနာတော် မရှိသဖြင့် မဇ္ဈိမမှ ထောက်စာလျှင် အနောက်မြောက်ဘက်ကျသော ဉတ္တရပထတိုင်းဖြစ်ကြောင်း၊ တပါးအခြားဖော်ပြရန် မရှိကြောင်း၊ ဤမျှသာ ရေးသားအပ်၍ ဤတိုင်း၏ အကြောင်းအရာများ ဤတွင် နိဂုံးထားအပ်သတည်း။

ဤတွင် ဘုရားရှင်လက်ထက်တော်က ထင်ရှားသော တိုင်ကြီး ၁၆-တိုင်းနှင့် ၎င်း၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ်, ဝိနည်းတို့တွင် ထင်ရှားသော မြို့နယ် နိဂုံးများ, ၎င်းတို့၌ သာသနာတော်သက်ရောက် သူတော်ကောင်းတရား ထွန်းတောက်သဖြင့် ဗုဒ္ဓမြတ်စွာ၏ သာသနာ့နိုင်ငံဖြစ်ကြောင်းများ, ထိုထိုဝိနည်းနှင့်သုတ်, နိကာယ်များကို ထောက်ထားလျက် ၎င်းအကိုးအကားနှင့်တကွ ၎င်းတို့၌ ဟောကြားတော်မူအပ်သော ဒေသနာတော် အကျဉ်းများ, မှတ်သားဖွယ်ရာ အဖြာဖြာတို့အပြင် နောက်ခေတ်များတွင် သာသနာအစဉ်အဆက် တိုးတက်ထွန်းကားလျက် သာသနာ့နိုင်ငံတော်ကြီး ပွါးစီးကာ တည်တံ့နေကြောင်းများ, နောက်ခေတ်များ၌ ၎င်းတိုင်း ခရိုင်နယ်ပယ် အမည်နာမများ ရွေ့ရှား၍ ခေတ်အားလျော်စွာ ပြောင်းလဲခြင်းများ ဤသို့မှတ်သားဖွယ် မြောက်များစွာဖြင့် တန်ဆာဆင်ပြီးလျှင် သောဠသခရိုင် မဇ္ဈိမနိုင်ငံကြီးများနှင့် စပ်လျဉ်းသည့် အတ္ထုပ္ပတ်များကို အဆုံးသတ်လျက် နိဂုံးမှတ်အပ်ပေသတည်း။

တိုင်းကြီး သောဠသပြီး၏။

✪ ✪ ✪ ✪ ✪

## သောဠသ ခရိုင်မှတပါး အခြားတိုင်းများ

ဆိုခဲ့ပြီးသော တိုင်းကြီး ၁၆-တိုင်းတို့မှာ အိန္ဒိယ၏အလယ်ပိုင်း **မဇ္ဈိမဒေသနှင့် အနီးဝန်းကျင်ရှိ** နိုင်ငံများသာဖြစ်၍ များသောအားဖြင့် ဘုရားရှင်လည်း မဇ္ဈိမတိုက် အတွင်း၌သာ မဏ္ဍလ ၃-ပါး အခွင့်အားလျော်စွာ ဒေသစာရီ ကြွချီတော်မူကာ များစွာ သော သုတ်, ဝိနည်းများ ဟောကြားပညတ်တော်မူသဖြင့် ပစ္စန္တဒေသ၌ ဟောကြားတော်မူ သော သုတ်များ ထင်ရှားမရှိသောကြောင့် ထို ၁၆-တိုင်းမှတပါး ပစ္စန္တတိုင်းနယ် မြို့, ရွာ, နိဂုံးများ ပါဠိတော်တို့၌ မထင်ရှားကုန်၊ သို့ရာတွင် အကြောင်းဆက်စပ်သည် အားလျော်စွာ အချို့သုတ္တန်တို့၌ ပစ္စန္တဒေသအကြောင်းများ ထည့်သွင်းဟောကြား၍ အချို့သုတ်တို့၌ ဆက်စပ်အကြောင်း အတ္ထုပ္ပတ် ဖြစ်ပွါးကြောင်း ဥပရိပဏ္ဏာသ၊ ပုဏ္ဏောဝါဒသုတ်၌ ပစ္စန္တ ဖြစ်သော **အပရန္တတိုင်းနှင့်** အကြောင်းဆက်စပ်၍ ၎င်းအဋ္ဌကထာ*(၂၃၈)*၌ကား---

"သတ္ထာ မဟာဇနဿ သင်္ဂဟတ္ထံ ကတိပါဟံ တတ္ထေဝ ဝသိ။ အရုဏံ ပန မဟာဂန္ဓကုဋိယံယေဝ ဥဋ္ဌပေသိ။

ဘုရားရှင်ကား လူများ ချီးမြှောက်ရန် ရက်အနည်းငယ်မျှ နေတော်မူ၍ အရုဏ် ကား မဟာဂန္ဓကုဋိ၌သာ တက်စေ၏" စသည်ဖြင့် အပရန္တတိုင်း အရှင်ပုဏ္ဏ အကြောင်း ပြုကာ သရက္ခံနံ့သာကျောင်းတော်နေတော်မူပြီး, အရုဏ်မှာ သာဝတ္ထိ မဟာဂန္ဓကုဋိ၌သာ သန့်တော်မူကြောင်း အကျယ်ဖွင့်ပြ၏။

ထိုမှတပါး အပရန္တတိုင်းများနှင့် စပ်လျက်ရှိသော သုရဋ္ဌတိုင်း, သောဝိရတိုင်း, သိန္ဓုတိုင်းများသို့လည်း မဇ္ဈိမမှ ကူးသန်းရောင်းဝယ်ရန် သွားရောက် စီးပွါးရှာကြကြောင်း သေရိသက၊ ဝိမာနဝတ္ထု၌---

မဂဓတိုင်းမှ လှည်းကုန်သည်များ သိန္ဓုသောဝိရတိုင်းသို့ ကူးသန်းရောင်းဝယ်ရန် သွားကြသောအခါ ဤသဲကန္တာရတွင် မျက်စိလယ်လမ်းမှား အစားအစာပြတ်၍ မသွားတတ် မလာတတ် ရှိကြလျှင် သေရသက ရုက္ခစိုးနတ်မင်းကြီး ထင်ရှားပြ၍ ၎င်းနတ်မင်းတန်ခိုးအား ဖြင့် သိန္ဓုသောဝိရတိုင်းသို့ရောက်ကာ စီးပွါးဥစ္စာ အတိုးအပွါးဖြင့် ရောင်းဝယ်ကြပြီး နတ်မင်း ကြီးညွှန်ပြချက်အရ မဂဓသို့ ရောက်ကြသောခါ အလှူဒါန ကောင်းမှုကုသိုလ်များ ပြုလုပ်ကြ ကြောင်း လာ၏။

ထို့ပြင်လည်း ဘုရားရှင်လက်ထက် မဇ္ဈိမတိုင်းမှ သာသနာယုံကြည်ကြသော ကုန် သည်များ သွားရောက်ကာ ရတနာ ၃-ပါး ဂုဏ်ကျေးဇူးကြားနာ၍ သာသနာသက်ဝင်ကြ ကြောင်း ဓေကနိပါတ်၊ ဒသမဝဂ်၊ **တိဿထေရဂါထာအဖွင့်** အဋ္ဌကထာ*(နှာ၊ ၂၅၂)*၌---

"သော---- ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ ရောရုဝနဂရေ ရာဇကုလေ နိဗ္ဗတ္တိ။

ထိုအရှင်(တိဿ)သည် ဘုရားရှင်လက်ထက် ရောရုဝမြို့ မင်းမျိုးဖြစ်၏" စသည်ဖြင့် အရှင်တိဿသည် ရောရုဝမင်းမျိုး၌ မင်းအဖြစ်ကိုရကာ ဗိမ္ဗိသာရမင်းတရား၏ အဒိဋ္ဌသဟာယဖြစ်၍ လက်ဆောင်ပဏ္ဏာတော် ဆက်သရာ ပုက္ကုသာတိမင်းကြီးကဲ့သို့ လက်ဆောင်တုန့်ပြန်သောအားဖြင့် ဗုဒ္ဓစရိတနှင့် ပဋိစ္စသမုပ္ပါဒ် ရေးပေးသည်တွင် ရှေးပါရမီ အလျောက် ဆင်ခြင်၍ ဘုရားရှင်ရည်မှန်း ရဟန်းပြုလာလျှင် သပ္ပသောဏ္ဍိကလိုဏ်ဂူတွင် ဘုရားရှင်တရားတော် နာရ၍ ရဟန္တာဖြစ်သဖြင့် ဝမ်းမြောက်ကျူးရင့်သည်မှာ---

ဟိတွာ သတပလံ ကံသံ၊
သောဝဏ္ဏံ သတရာဇိကံ။
အဂ္ဂဟိံ မတ္တိကာပတ္တံ၊
ဣဒံ ဒုတိယာ'ဘိသေစနံ။ ။*(နှာ၊ ၂၅၄)*

"ပိုတရာရှိ၊ ခွက်စွန့်ဘိသည်။
ရေး-တစ်ရာနှင့်၊ ရွှေဖြင့်ပြီးသည်။
သပိတ်မြေခွက်၊ လက်ဖြင့်ယူပြီ။
၂-ကြိမ်မြောက်၊ ရောက်သည့် ဘိသိက်မည်"။ ။

ဟု ထီးနန်းစည်းစိမ် စွန့်ခွါ သာသနာဘိသိက်သွန်းရကြောင်း ကျူးရင့် မြွက်ဆို၏။

ဤဝတ္ထုများနှင့် ရေးသားခဲ့ပြီး အင်္ဂုရပေတဝတ္ထုစသည်တို့ကို ထောက်ထား၍ ထိုတိုင်းနိုင်ငံများ၌လည်း အလွန်ထွန်းလင်းတောက်ပခြင်း မရှိစေကာမူ သာသနာတော်နှင့်ဆက်သွယ်သော နိုင်ငံများဟု မှတ်သားအပ်ပေသည်။

ထို့ပြင် သုရဋ္ဌတိုင်းနှင့်စပ်သော အကြောင်းအတ္ထုပ္ပတ်များ ပေတဝတ္ထုမဟာဝဂ်၊ နန္ဒကပေတ၌---

"ရာဇာ ပိင်္ဂလကော နာမ၊ သုရဋ္ဌာနံ အဓိပတိ အဟု"-

စသည်ဖြင့် "သုရဋ္ဌတိုင်းအမှူးဖြစ်သော ပိင်္ဂလမင်းသည် မောရိယနိုင်ငံမှ ပြန်လာရာ တောနက်ကြီးထဲ၌ ရောက်၍ ၎င်း၏အမတ်နန္ဒက မိစ္ဆာအယူ မစွန့်သဖြင့် ပြိတ္တာဖြစ်ရကြောင်း" လာ၏။ ၎င်းပြင် မလိတဝမ္ဘ ထေရဂါထာအဖွင့် အဋ္ဌကထာ(နှာ ၂၆၇)၌---

"ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ ကုရုကစ္ဆနဂရေ အညတရဿ ဗြာဟ္မဏဿ ပုတ္တော ဟုတွာ နိဗ္ဗတ္တိ၊ မလိတဝမ္ဘောတိ'ဿ နာမံ အဟောသိ။

ဤဘုရားရှင် လက်ထက်တော်၌ **ဘာရုကစ္ဆမြို့** ပုဏ္ဏားတစ်ယောက်၏ သားဖြစ်၍ မလိတဝမ္ဘ အမည်ရှိ၏" စသည်ဖြင့် မလိတဝမ္ဘမထေရ်သည် ရှေးနိပါတ်တော်ခေတ်များက ပင် ကျော်ကြားခဲ့သည့် ဆိပ်ကမ်းမြို့ဖြစ်သော မဟာရဋ္ဌတိုင်း၊ ဘာရုကစ္ဆမြို့သားဖြစ်ကြောင်း ဖွင့်ပြ၏။ ထို့မှတပါး **ကုသိဒိန္နထေရဂါထာအဖွင့်** အဋ္ဌကထာ(*နှာ၊ ၃၉၉*)၌---

"သော----ကမသ္မိံ ဗုဒ္ဓုပ္ပါဒေ သုနာပရန္တဇနပဒေ သေဋ္ဌိကုလေ နိဗ္ဗတ္တိတွာ ကုသိဒိန္နောတိ လဒ္ဓနာမော။

အရှင်(ကုသိဒိန္န) သည် ဤဘုရားရှင်လက်ထက် သုနာပရန္တတိုင်း သူဌေးမျိုး၌ ဖြစ်၍ ကုသိဒိန္န ဟု အမည်ရသည်" စသည်ဖြင့် ၎င်းမထေရ်သည် အရွယ်ရောက်၍ မြတ်စွာဘုရား စန္ဒကူးပန်း ခံယူတော်မူစဉ် တန်ခိုးတော်ကို ကြည်ညိုသဖြင့် ဘုရားရှင်ထံ ချဉ်းကပ်တရားတော်နာ၍ သောတာပန်ဖြစ်ကြောင်း ၎င်းနောက် အကျိုးလိုလားသော နတ်သားတစ်ယောက်သည် သူ့အား သံဝေဂဖြစ်ပွါးရန် ဂါထာ ၂-ခုနှင့် တိုက်တွန်းသောအခါ ရဟန်းပြုပြီး မကြာမီ ရဟန္တာဖြစ်ကြောင်း လာ၏။

ဤသို့ ထေရဂါထာ ၎င်းအဖွင့် အဋ္ဌကထာတို့ကို ထောက်ထားသောအားဖြင့် သုရဋ္ဌတိုင်း၊ မဟာရဋ္ဌတိုင်း၊ ဘာရုကစ္ဆမြို့၊ အပရန္တတိုင်းများသို့ မြတ်စွာဘုရား လက်ထက် တော်က သာသနာတော်ရောက်၍ ထိုမထေရ် အသီးသီး ဂါထာတော်များ ဝမ်းမြောက်စွာ ရွတ်ဆိုကြကြောင်း ၎င်းအတ္ထုပ္ပတ်တို့ဖြင့် ထင်ရှား၏။

✪ ✪ ✪ ✪ ✪

## မဟိသဝတ္ထု၊ မဟိံသတိ

ထို့မှတပါး ထင်ရှားသော နိကာယ်ကြီးများတွင် အဋ္ဌကအင်္ဂုတ္တိုရ်၊ မေတ္တာဝဂ်၌---

"ဧကံ သမယံ အာယသ္မာ ဥတ္တရော မဟိသဝတ္ထုသ္မိံ ဝိဟရတိ သင်္ချေယျကေ ပဗ္ဗတေ ဝဋ္ဋဇာလိကာယံ။ (*အံ၊ ၃။ ၁၁။*)

အခါတပါး အရှင်ဥတ္တရသည် မဟိသဝတ္ထု၊ သင်္ချေယျတောင်၊ ဝဋ္ဋဇာလိက တောကျောင်း၌ သီတင်းသုံးတော်မူ၏" စသည်ဖြင့် ဥတ္တရမထေရ်သည် ရဟန်းတို့အား-

| | |
|---|---|
| အတ္တဝိပ္ပတ္တိ | ပရဝိပ္ပတ္တိနှင့် |
| အတ္တသမ္ပတ္တိ | ပရသမ္ပတ္တိ |

မိမိပျက်ခြင်း		သူတပါးပျက်ခြင်းနှင့်

မိမိပြည့်စုံခြင်း		သူတပါးပြည့်စုံခြင်း---

ဤသဘောတရား ၄-ပါးတို့ကို ရှုဆင်ခြင်အပ်ကြောင်း ဟောကြားသည်ကို ဝေဿဝဏ္ဏ နတ်မင်း ကောင်းကင်ခရီး၌ မြောက်မှ တောင်အရပ်သို့ သွားစဉ် နာရ၍ တာဝတိံသာ အမြန်သွားပြီး သိကြားမင်းအား လျှောက်တင်ရာ သိကြားမင်း ခဏခြင်း အရှင်ဥတ္တရထံ လာ၍ "အရှင်ဘုရား၊ ၎င်းတရား ကိုယ်တိုင်သိ၍ သို့မဟုတ် ဘုရားရှင်ဟောကြားသည်ကို ထောက်ထား၍ ဟောကြားပါသလော"ဟု မေးလျှောက်ရာ မြတ်စွာဘုရားကို စပါးပုံကြီး ဥပမာထား၍ "ခပ်သိမ်းသောတရား ဘုရားရှင်လျှင် အမွန်ရှိကြောင်း" ပြောကြားလျှင် "အရှင်ဘုရား မိန့်ကြားသည်မှာ အံ့ဩဖွယ်ရှိပါသည်။ ဘုရားရှင်ဟောကြားတော်မူသည်ကို တရံသောခါက နာခဲ့ရပါသည်"ဟု လျှောက်ကြောင်း စသည်လာ၏။

ဤမဟိသဝတ္ထု အဋ္ဌကထာ၌ အထူးမဖွင့်ပြသော်လည်း အခြားသုတ္တနိပါတ်၌ လာသည်ကို ထောက်ထား အနောက်မြောက်တိုင်းနယ်ဖြစ်ကြောင်း ထင်ရှားသည့်ပြင် ၎င်း၌ **မဟိံသတိဆိုသည်မှာ မဟိသဝတ္ထုဖြစ်ကြောင်း** မှတ်ယူအပ်၏။

✪ ✪ ✪ ✪ ✪

## သုပ္ပါဒက၊ သုပ္ပါရက ဆိပ်ကမ်းမြို့

ထို့ပြင်လည်း ရှေးဇာတ်နိပါတ်တော်များတွင် ထင်ရှားသော သုပ္ပါဒက၊ သုပ္ပါရက ဆိပ်ကမ်းမြို့သည်လည်း ဘုရားရှင်လက်ထက်တော်တွင် ထင်ရှားရှိ၍ ၎င်းဆိပ်ကမ်းမြို့ အကြောင်း ဥဒါန်းပါဠိတော်၊ ဗောဓိဝဂ်*(နှာ၊ ၈၄)*၌---

ဗာဟိယတိုင်းသား ဗာဟိယ ဒါရုစီရိယသည် သင်္ဘောပျက်၍ ၎င်းဆိပ်ကမ်းသို့ မျောလာရာ အဝတ်မပါ၍ လျှော်များကို သီကုံးဝတ်သည်တွင် လူများမြင်ကာ ကြည်ညို လေးစားသဖြင့် ပူဇော်မြတ်နိုးကြရာ မိမိကိုယ်ကို ရဟန္တာ-ဟု အောက်မေ့မိလျှင် ယခင် ရှေးဘဝက အဆွေဖြစ်ခဲ့ဖူးသော နတ်တစ်ပါးလာ၍ "သင့်မှာ ရဟန္တာမဟုတ်၊ ရဟန္တာဖြစ် ကြောင်း အကျင့်လည်းမရှိကြောင်း" သတိပေးစကားပြောကြားရာ "ယခု ရဟန္တာအဘယ်မှာ ရှိပါသနည်း" မေးလျှင်---

"အတ္ထိ ဗာဟိယ ဥတ္တရေသု ဇနပဒေသု သာဝတ္ထိနာမ နဂရံ၊ တတ္ထ သော ဘဂဝါ ဧတရဟိ ဝိဟရတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။

"ဤမှ မြောက်ဘက်နိုင်ငံများ၌ သာဝတ္ထိမြို့တော်မှာ ယခု ဘုရားရှင် နေတော်မူ၏" ဟု နတ်သားက ဖြေကြားသောအခါ "ထိုနေ့ပင်လျှင် သာဝတ္ထိမြို့တော်သို့ နေ့ချင်း ရောက်သွား၍ မြတ်စွာဘုရား ဆွမ်းခံကြွတော်မူစဉ် ဖူးမြင်ရသဖြင့် အနည်းငယ်မျှ တရားတော်နာယူကာ ရဟန္တာဖြစ်ကြောင်း၊ ခိပ္ပါဘိညအရာ၌ ထိုဗာဟိယဒါရုစီရိယမထေရ်အား ဧတဒဂ်ထားတော်မူကြောင်း" ထင်ရှားစွာ လာ၏။

ဤသုပ္ပါရကကား မဟာရဋ္ဌတိုင်းတွင် ဆိပ်ကမ်းမြို့ အဋ္ဌကထာဖွင့်ပြချက်အရ ၎င်းမှ **သာဝတ္ထိသို့ ယူဇနာ ၁၂၀-ကွာဝေးကြောင်း** ယခုလည်း သောပရဆိပ်ကမ်း ရှိသေးကြောင်း မှတ်သားအပ်၏။

✪ ✪ ✪ ✪ ✪

## အစွန်အဖျား တိုင်းငယ်မြို့ငယ်များ

ဤဇမ္ဗူဒီပါကျွန်းကြီးအတွင်း မဇ္ဈိမတိုက် ယူဇနာအဝန်း ၃၀၀-အပြင်ကျသော တိုင်းနိုင်ငံများရှိသော်လည်း ဘုရားရှင်သည် များသောအားဖြင့် အလယ်ပိုင်း တိုင်းနိုင်ငံများ၌သာ ဒေသစာရီ လှည့်လည်တော်မူကာ ဒေသနာအမြိုက် တိုက်ကျွေးတော်မူသဖြင့် သုတ်, ဝိနည်းတို့မှာ ၎င်းအလယ်ပိုင်း တိုင်းနိုင်ငံတို့လျှင် နိဒါန်းရှိကြကုန်၏။ ထိုမှတပါး ခုဒ္ဒကနိကာယ်များ၌လာသော အချို့တိုင်းနယ်မြို့များမှာ မဇ္ဈိမဒေသ၌ မထင်ရှားသော တိုင်းနယ်များဖြစ်၍ ၎င်းတို့မှာလည်း ပါဠိတော်အားဖြင့် မထင်ရှားဘဲ အဋ္ဌကထာများ၌သာ ဖွင့်ပြရေးသားကြကုန်၏။ ၎င်းတို့မှာ **ဓနပါလ၊ ပေတဝတ္ထု၌**---

### ဒသန္နတိုင်း ဧရကစ္ဆမြို့

၎င်း၌ ဓနပါလသူဌေးသားသည် ကုဋေများစွာ ချမ်းသာလျက် မပေးရက်သောကြောင့် ပြိတ္တာဖြစ်ရသည်။ **ကဏ္ဏမုဏ္ဍပေတဝတ္ထု၌**---

### ကိမ္ဗိလ နဂရ ကိမ္ဗိလမြို့

တိုင်းတစ်ခု၌ ကဿပဘုရားရှင် လက်ထက်တော်က ကိမ္ဗိလမြို့၌ သောတာပန် ဥပါသကာ၏ မယားကား သဒ္ဓါတရားမရှိ၊ ပေးလှူသည်ကို ဝန်တို၍ ပြိတ္တာမဖြစ်ရသည်။ တိကနိပါတ်၊ ပဋ္ဌမဝဂ်၊ **ပစ္စယထေရဂါထာ၌**---

တိုင်းတစ်ခု၌ **ရောဟိသမြို့**၌ မင်းမျိုးမင်းသားသည် **ပစ္စယမည်**၍ ခမည်းတော် လွန်တော်မူသောအခါ မင်းဖြစ်ပြီး ဗလိနတ် ပူဇော်ရာ ဝေဿဝဏ်ဖန်ဆင်းသော ယဇ်နန်း၌ ဘုရားရှင်ကြွမြန်း၍ တရားဟောသောခါ သံဝေဂရပြီး ရဟန်းပြုလျှင် ရဟန္တာဖြစ်ကြောင်း ပစ္စယထေရဝတ္ထု အဋ္ဌကထာ ဖွင့်ပြ၏။ တိကနိပါတ်၊ ပဌမဝဂ်၊ အဘိဘူ ထေရဂါထာ၌-

ထို့အတူ **ဝေဋ္ဌပုရမြို့**၌ မထေရ်သည် မင်းမျိုး၌ဖြစ်၍ ခမည်းတော် ကွယ်လွန်တော်မူလျှင် မင်းအဖြစ်ကို ရပြီးနောက် ဘုရားရှင်ဒေသစာရီဖြင့် ဤမြို့သို့ ရောက်တော်မူကာ တရားတော်နာရသဖြင့် ထီးနန်းစွန့်ခွါ သာသနာတော်၌ ရဟန်းပြုကာ ရဟန္တာဖြစ်ကြောင်း **အဘိဘူထေရဂါထာဝတ္ထု** ၎င်းအဋ္ဌကထာ ဖွင့်ပြ၏။ ဧက ဧကာဒသမဝဂ်၊ **ဗန္ဓုနထေရဂါထာ**၌---

၎င်းမထေရ်သည် **သီလဝတီမြို့** သူဌေးသားဖြစ်၍ သာဝတ္ထိ၌ဘုရားရှင် တရားတော် နာရသောအခါ ရဟန်းပြုကာ ရဟန္တာဖြစ်၍ ကျေးဇူးဆပ်သောအားဖြင့် သီလဝတီ မြို့တော်သို့ ပြန်လည်ကာ မင်းကြီးအား သစ္စာ ၄-ပါး တရားတော်ပြတော်မူ၍ သုဒဿနကျောင်း တော်ကြီး ဆောက်လုပ်လှူဒါန်းကြောင်း ၎င်းအဋ္ဌကထာ၌ ဖွင့်ပြ၏။

ဤသို့ စသည် တိုင်းနယ်မထင်ရှားသော ပစ္စန္တတိုင်းများဖြစ်မည်ဟု ပိုင်းခြားရသော တိုင်းနယ်များ၌ ဖြစ်ပွားသော သာသနာတော်နှင့် စပ်သည့်အကြောင်း အတ္ထုပ္ပတ်များရှိ သဖြင့် ၎င်းတိုင်းတို့သို့လည်း မြတ်စွာဘုရား ဒေသစာရီကြွချီကာ တရားဒေသနာတော် ဟောကြားတော်မူကြောင်း လာရှိသဖြင့်လည်း ၎င်းတို့သည် မဇ္ဈိမဒေသ ပတ်ဝန်းကျင် နိုင်ငံများဖြစ်မည် အဋ္ဌကထာဖွင့်ပြချက်အရ ပစ္စန္တသို့ ကြွတော်မူသော်လည်း အရဟတ် သန့်တော်မမူဘဲ ဝေနေယျအားလျော်စွာ ကြွတော်မူခဲ့မည်-ဟု ဆုံးဖြတ်မှတ်သားအပ် ကုန်၏။

✪ ✪ ✪ ✪ ✪

## ဒက္ခိဏာပထ တောင်ဘက်နိုင်ငံများ

မြတ်စွာဘုရားသည် ဒက္ခိဏာပထ တောင်ပိုင်း တိုင်းနယ်များနှင့် စပ်လျဉ်း၍ ဟော ကြားတော်မူသည်ကား---

"အဝန္တိ ဒက္ခိဏာပထော ဘိက္ခဝေ အပ္ပဘိက္ခုကော၊ အနုဇာနာမိ ဘိက္ခဝေ သဗ္ဗပစ္စန္တိမေသု ဇနပဒေသု ဝိနယဓရပဉ္စမေန ဂဏေန ဥပသမ္ပဒံ။

ရဟန်းတို့၊ တောင်ပိုင်းနိုင်ငံ အဝန္တိတိုင်းကား ရဟန်းနည်းပါး၏။ အားလုံး အစွန်တိုင်းတို့၌ ဝိနည်းဓိုရ်လျှင် ၅-ပါးဂိုဏ်းဖြင့် ရဟန်းပြုရန် ခွင့်ပြု၏” စသည်ဖြင့် ဝိနည်းမဟာဝါ၊ စမ္မက္ခန္ဓက(နှာ၊ ၂၈၇)၌ ပဒေသပညတ် ခွင့်ပြုတော်မူသည်မှတပါး သီးခြားဟောကြားတော်မူသော သုတ်, ဝိနည်းမှာ နည်းပါးကုန်၏။

ထိုမှတပါး အကြောင်းအားလျော်စွာ သုတ္တန်များ၌ ဥပမာထား၍ ဟောကြားတော်မူသည်မှာ ဒသကင်္ဂုတ္တရ၊ သမဏသညာဝဂ်(နှာ၊ ၃၄၁)၌---

“အတ္ထိ ဘိက္ခဝေ ဒက္ခိဏေသု ဇနပဒေသု ဓောဝနံ နာမ။ တတ္ထ အန္နမ္ပိ ပါနမ္ပိ ခဇ္ဇမ္ပိ ဘောဇ္ဇမ္ပိ သေယျမ္ပိ နစ္စမ္ပိ ဂီတမ္ပိ ဝါဒိတမ္ပိ။

ရဟန်းတို့၊ တောင်ဘက် တိုင်းနိုင်ငံများ၌ **အရိုးဆေးပွဲ** ရှိ၏။ ၎င်း၌ ထမင်း, သောက်ဖွယ်, ခဲဖွယ်, စားဖွယ်, အိပ်ရာ, နေခင်း, ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း တို့သည်လည်း ရှိကုန်၏” စသည်ဖြင့် တောင်ပိုင်းနိုင်ငံများ၌ အရိုးဆေးပွဲရှိကြောင်း ၎င်းသည် ယုတ်ညံ့၍ ပုထုဇဉ်တို့၏ အလေ့အကျင့်သာဖြစ်ကြောင်း၊ အရိယာတို့၏ ဆေးပွဲ၊ အရိယဓောဝနသည်သာ ဇာတိ, ဇရာ, မရဏတို့မှ လွတ်မြောက်နိုင်ကြောင်း ဥပမာထား၍ ဟောကြားတော်မူ၏။

## နောက်ခေတ် တောင်ပိုင်း

ထိုဒက္ခိဏာပထ တောင်ပိုင်း တိုင်းနိုင်ငံများ၌ အဋ္ဌကထာတို့တွင် သာမညပင်ဖွင့်ဆိုသော်လည်း သာသနာနောက်ခေတ်တွင်ကား စည်ပင်ထွန်းကား၍ များစွာသော သာသနာပြုဘုရင်များနှင့် ကျမ်းဂန်တတ်မြောက် သာသနာဝင်တွင် ကိုးကားလောက်သော မထေရ်ကြီးများ, ၎င်းတို့ ရေးသားသော ကျမ်းဂန်များ, ၎င်းတို့ကိုထောက်ထား၍ ထင်ရှားသော တိုင်းနယ်များရှိကြောင်း၊ ၎င်းတို့မှာ နောက်ကဏ္ဍများတွင် ရေးလတ္တံ့ဖြစ်၍ ဤကဏ္ဍ၌ ဤမျှ မှတ်သားအပ်ကြောင်း ဤမျှပင် ရေးသားအပ်ပေသတည်း။

## မဇ္ဈိမ အရှေ့တောင်ဘက် တိုင်းနိုင်ငံများ

မဇ္ဈိမဒေသမှ အရှေ့တောင်ဘက် တိုင်းနိုင်ငံများဖြစ်သော ကလိင်္ဂတိုင်းစသည်တို့သည် ဇာတ်တော်, နိပါတ်တော်များ၌ ထင်ရှားရှိကြသည့်ပြင် သာသနာတော် တောင်ပိုင်းခေတ်များ၌လည်း ၎င်းတိုင်းနိုင်ငံများ ကျော်ကြားသော်လည်း မြတ်စွာဘုရား လက်ထက်အကြောင်း ဖြစ်ပွါးခြင်းမရှိသဖြင့် ဟောကြားတော်မူသော သုတ်နှင့်ပညတ်တော်မူသော ဝိနည်းများ ထင်ရှားမရှိသောကြောင့် ဤကလိင်္ဂတိုင်းကြီးနှင့် ဒန္တပူရမြို့တော်မှာ ပါဠိတော်၌ မထင်ရှားစေကာမူ နောက်ကရေးသားခဲ့ပြီးဖြစ်သော ၇-တိုင်းတွင် ပါဝင်၍ ဇာတ်တော်များ၌လည်း ထင်ရှားသော တိုင်းပြည်ဟု မှတ်သားရာ၏။

ထိုမှတပါး အရှေ့ဘက် ဂင်္ဂါမြစ်ဝှမ်း တိုင်းနိုင်ငံများ အကြောင်းအရာများ ခုဒ္ဒကနိကာယ်၊ အဋ္ဌကထာတို့တွင် ဖော်ပြသည်မှာ **စာပါထေရီဝတ္ထုအဋ္ဌကထာ***(နှာ၊ ၂၈၈)*၌---

"ဝင်္ဂဟာရ ဇနပဒေ မိဂလုဒ္ဒကဂါမေ"-

စသည်ဖြင့် ဝင်္ဂဟာရတိုင်း မုဆိုးရွာငယ်၌ မုဆိုးကြီးသမီးငယ် **စာပါ**သည် ဥပကလူထွက်အား မထီမဲ့စကား ပြောဖန်များ၍ ဥပကအမျက်ထွက်ကာ ဘုရားရှင်ရှိရာ သာဝတ္ထိသို့ မှန်း၍ ပစ္ဆိမဒိသာဘိမုခေါ် ပက္ကမိ၊ အနောက်သို့ ရှေးရှုသွားကြောင်း လာသဖြင့် ၎င်းတိုင်းများ ထင်ရှားရှိကြောင်း၊ မြတ်စွာဘုရား လက်ထက်တော်၌ကား အရှေ့ဘက်တိုင်းမှာ အင်္ဂတိုင်းသာလျှင် နိကာယ်ကြီးများတွင် ထင်ရှားကြောင်း မှတ်သားအပ်၏။ ထိုမှတပါးလည်း **သုမေဓာထေရီဝတ္ထု***(နှာ၊ ၂၈၀)*၌---

မန္တာဝတိယာ နဂရေ၊ ရညော ကောဉ္စဿ အဂ္ဂမဟေသိယာ။
ဓီတာ အာသိံ သုမေဓာ၊ ပါသာဒိကာ သာသနကရေဟိ။ ။

**မန္တာဝတီ၊ တိုင်းမြို့နေပြည်။ ကောဉ္စမင်း၏၊ မိဖုရားသည်။**
**သမီးတော်မှာ၊ သုမေဓာမည်။ သာသနာ၊ လွန်စွာ ကြည်ညိုသည်။ ။**

စသည်ဖြင့် **မန္တာဝတီ**ပြည် ကောဉ္စမင်းကြီး၏မိဖုရားခေါင်မှ ဖွားမြင်တော်မူသော သုမေဓာ သမီးတော်မှာ သာသနာကြည်ညို၍ ဘိက္ခုနီအဖြစ် အခွင့်တောင်းရာ **ဝရဏဝတီ**မင်းမြတ်သို့ ပေးအပ်ပြီးကြောင်း ခမည်းတော်တို့ ပြောကြားလျှင် အစာကိုပင် ဖြတ်လျက်နေမှ အခွင့်ရကြောင်း လာ၏။

ဤသို့အားဖြင့် နိကာယ်ကြီးများ၌ မထင်ရှားဘဲ ပေတဝတ္ထု စသည်တို့၌ လာသော တိုင်းငယ်, ပြည်ငယ်, ပစ္စန္တနယ်ပယ်များ များစွာရှိသည့်အတိုင်း ၎င်းတို့၌လည်း သာသနာ ဆက်သွယ် ရောက်ရှိသည်အားလျော်စွာ သာသနာ့နိုင်ငံဖြစ်ကြောင်း အကျဉ်းမှတ်သား အပ်၏။

ဤမျှဖြင့် မဇ္ဈိမတိုက်နယ်အတွင်း တိုင်းနိုင်ငံများနှင့် အပြင် အစွန်းကျသော တိုင်းနယ်များ, တိုင်းကြီး သော်ငှသမှတပါး အခြားတိုင်းငယ်များ, ၎င်းတို့သည် သာသနာတော် အောက်ရောက်ရှိသဖြင့် ဗုဒ္ဓနိုင်ငံ သာသနာ့နိုင်ငံဖြစ်ကြောင်းများ မှတ်သားနိုင်သည်ဖြစ်၍ ဤတွင် အဆုံးသတ်အပ်ပေသတည်း။

✪ ✪ ✪ ✪ ✪

## အဘိဓာန် စသည်လာ တိုင်းနှင့် ပြည်များ

ထိုမှတပါး သာသနိက ကျမ်းဂန်များ အမှီပြု ရေးသားအပ်သော **မဂဓအဘိဓာန်** *(အဘိဓာန်၊ ဋ္ဌ၊ ၁၈၄)*လာ တိုင်းကြီးတို့မှာ---

ပုံ ဗဟုတ္တေ ကုရူ သက္ကာ၊ ကောသလာ မဂဓာ သိဝီ။
ကလိင်္ဂါ'ဝန္တိ ပဉ္စာလာ၊ ဝဇ္ဇီ ဂန္ဓာရ စေတယော။ ။

ဝင်္ဂါ ဝိဒေဟာ ကမ္ဗောဇာ၊ မဒ္ဒါ ဘဂ္ဂ'င်္ဂ သီဟဠာ။
ကသ္မီရာ ကာသိ ပဏ္ဍာဝါဒီ၊ သိယုံ ဇနပဒန္တရာ။ ။

| | | | | | |
|---|---|---|---|---|---|
| ကုရု | သက္က | ကောသလ | မဂဓ | သိဝိ | |
| ကလိင်္ဂ | အဝန္တိ | ပဉ္စာလ | ဝဇ္ဇီ | ဂန္ဓာရ | |
| စေတိ | ဝင်္ဂ | ဝိဒေဟ | ကမ္ဗောဇ | မဒ္ဒ | |
| ဘဂ္ဂ | အင်္ဂ | သီဟဠ | ကသ္မီရ | **ကာသိ** | **ပဏ္ဍု**- |

စသော တိုင်းကြီး ၂၀-တိုင်းတို့ကို ပြ၏။ ၎င်းတို့တွင် သီဟဠ**ကား ဇမ္ဗူဒီပ** *(ထဲ)*မှ မဟုတ်ချေ။

၎င်းပြင် ဆိုခဲ့ပြီးသော တိုင်းတို့တွင် ထင်ရှား**သော မြို့ကြီး**များ၏ အမည်များကို ၎င်းအဘိဓာန်၊ ပူရဝဂ်*( ဋ္ဌ၊ ၁၉၉)* အစ၌-

ဗာရာဏသီ စ သာဝတ္ထိ၊ ဝေသာလီ မိထိလာ'ဠဝီ။
ကောသမ္ဗု'ဇ္ဇေနိယော တက္က-သိလာ စမ္ပာ စ သာဂလံ။ ။

သုသုမာရဂိရံ ရာဇ-ဂဟံ ကပိလဝတ္ထု စ။
သာကေတ မိန္ဒပတ္ထဉ္စော-က္ကဋ္ဌာ ပါဋလိပုတ္တကံ။
ဇေတုတ္တရဉ္စ သံကဿံ၊ ကုသိနာရာဒယော ပုရီ။ ။

| | | | | |
|---|---|---|---|---|
| ဗာရာဏသီ | သာဝတ္ထိ | ဝေသာလီ | မိထိလာ | အာဠဝီ |
| ကောသမ္ဗီ | ဉဇ္ဇေနီ | တက္ကသီလ | စမ္ပာ | သာဂလ |
| သံသုမာရဂိရိ | ရာဇဂဟ | ကပိလဝတ္ထု | သာကေတ | ဣန္ဒပတ္ထ |
| ဉက္ကဋ္ဌ | ပါဋလိပုတ္တ(က) | ဇေတုတ္တရ | သံကဿ | ကုသိနာရ- |

စသည် ပြည်ကြီး သို့မဟုတ် မြို့တော်များ ၂၀-မျှသာ လာကုန်၏။

ဤသို့ ပြဆိုအပ်ပြီးသော တိုင်းများနှင့် မြို့တော်တို့မှာ အစဉ်အတိုင်း မဟုတ်ဘဲ ဂါထာ သီကုံးလွယ်ကူသော တိုင်းပြည်တို့ကို တွဲစပ်သီကုံးဖွဲ့ဆိုခြင်းသာဖြစ်၍ ၎င်းမှာ တိုင်းကြီး သောဠသတွင် မပါဝင်သော တိုင်းအချို့ပါဝင်ပြီး တိုင်းငယ်အချို့လည်း တိုင်းကြီး ထဲတွင် ပါဝင်လျက် နေကြကုန်၏။ ၎င်းတို့မှာ---

သိဝိတိုင်း, သီဟဠတိုင်း, ပဏ္ဍုဝတိုင်းများ တိုင်းကြီးသောဠသတွင် မပါမူ၍ ၎င်း သောဠသတွင် ပါဝင်သော---

မစ္ဆတိုင်း, သူရသေနတိုင်း, ဝံသတိုင်း, မလ္လတိုင်း, အဿကတိုင်း ဤ ၅-တိုင်း တို့သည် ၎င်း ၂၀-တိုင်း၌ မပါကုန်။

ထို့ကြောင့် ဤတိုင်းကြီး ၁၆-တိုင်းတို့၏ မြို့တော်နှင့် မြို့ကြီး, မြို့ငယ်များ၏ အမည်များမှာ အောက်ပါ အစဉ်အတိုင်း ဖြစ်ကြကုန်၏။

### (၁) အင်္ဂတိုင်း

၁။ စမ္ပာမြို့တော် ၂။ ဘဒ္ဒိယနဂရ
၃။ အဿပုရနိဂမ ၄။ အာပဏနိဂမ

### (၂) မဂဓတိုင်း

၁။ ရာဇဂဟမြို့တော် ၂။ နာလန္ဒနဂရ ၃။ ပါဋလိပုတ္တနဂရ
၄။ ဂယာနဂရ ၅။ မာတုလနဂရ ၆။ ဝေဠုကဏ္ဍကီနဂရ
၇။ သေနနိဂမ

### (၃) ကာသိတိုင်း

၁။ ဗာရာဏသီမြို့တော်
၂။ မစ္ဆိကာသဏ္ဍနဂရ
၃။ ကိဋ္ဌာဂိရိနိဂမ

## (၄) ကောသလတိုင်း

၁။ သာဝတ္ထိမြို့တော် ၂။ အယုဇ္ဈနဂရ ၃။ သာကေတနဂရ
၄။ သေတဗျနဂရ ၅။ ဥက္ကဋ္ဌနဂရ ၆။ ကာမဏ္ဍနဂရ
၇။ ဒဏ္ဍကပ္ပကနိဂမ ၈။ ကေသမုတ္တနိဂမ ၉။ သက်ဝါနိဂမ
၁၀။ နင္ဂကပါနနိဂမ ၁၁။ ဥဂ္ဂနိဂမ ၁၂။ ဥရုညနိဂမ

## ကောသလတိုင်းနယ်

### (က) သက္ကတိုင်း

၁။ ကပိလဝတ္ထုမြို့တော် ၂။ စာတုမာနဂရ ၃။ သက္ကရနိဂမ(သက္ကာရ)
၄။ ဒေဝဒဟနိဂမ ၅။ သီလဝတီနိဂမ ၆။ မေဒါဠုပနိဂမ
၇။ နဂရကနိဂမ ၈။ သာမဂါမနိဂမ ၉။ ဝေဓညနိဂမ
၁၀။ ခေါမဒုဿနိဂမ

## ကောသလတိုင်း၊ ကောလိယနယ်

၁။ ရာမဂါမ(ကောလိယ-ဗျဂ္ဃပဇ္ဇ)မြို့တော် ၂။ ကုဏ္ဍိယနဂရ
၃။ ဟလိဒ္ဒဝသနနိဂမ ၄။ ဥတ္တရနိဂမ ၅။ ပဇ္ဇနိကနိဂမ
၆။ သာပူဂနိဂမ(သာပုဂိယ) ၇။ ကက္ကရသတ္တနိဂမ(ကက္ကရပတ္တ)

## (၅) ဝဇ္ဇီတိုင်း

၁။ ဝေသာလီမြို့တော် ၂။ မိထိလာနဂရ ၃။ ဓမ္မကောရဏ္ဍနဂရ
၄။ အဌကနဂရ ၅။ ဘောဂနဂရ ၆။ ဥက္ကာစေလနဂရ

(၆) မလ္လတိုင်း

၁။ ကောသိနာရာနယ်၊ ကုသိနာရမြို့တော် ၂။ ပါဝါနယ်၊ ပါဝါမြို့တော်
၃။ အနုပိယနဂရ ၄။ ဥရုဝေလကပ္ပနိဂမ ၅။ အာတုမာနိဂမ
၆။ ကိမိလနိဂမ

(၇) စေတိတိုင်း

၁။ သောတ္ထိယမြို့တော် ၂။ သဟဇာတိနိဂမ (သယံဇာတိ)

(၈) ဝံသတိုင်း

၁။ ကောသမ္ဗီမြို့တော် ၂။ စာလိယနိဂမ

(၉) ကုရုတိုင်း

၁။ ဣန္ဒပတ္ထမြို့တော် ၂။ ထုလ္လကောဋ္ဌိကနဂရ(လက်ထက်တော်၌ မြို့တော်)
၃။ ကမ္မာသဒမ္မနိဂမ (ဓမ္မ)

(၁၀) ပဉ္စာလတိုင်း

၁။ ကမ္ပိလမြို့တော် ၃။ ကန္နကုဇ္ဇနဂရ (ကဏ္ဏကုဇ္ဇ)
၂။ သံကဿနဂရ ၄။ သောရေယျနဂရ

(၁၁) မစ္ဆတိုင်း

၁။ ဝေတ္တဝတီ(ဝတ္တဝတီ)မြို့တော် ၂။ ကလပ္ပစုလ္လကနိဂမ

(၁၂) သူရသေနတိုင်း

၁။ မဓုရမြို့တော် ၂။ ဝရဏာနဂရ ၃။ ဝေရဉ္ဇနဂရ

## (၁၃) အဿကတိုင်း

၁။ ပေါတလီမြို့တော်၊ အင္ဂကတိုင်းနယ်  ၂။ ပတိဋ္ဌာမြို့တော်
၃။ မဟိသတိနဂရ (မာဟိသတိ)

## (၁၄) အဝန္တိတိုင်း

၁။ ဥဇ္ဇေနီမြို့တော်  ၂။ ဂေါနဒ္ဓနဂရ  ၃။ ဝေဒိဿနဂရ
၄။ ကုရရ(ကုရရ)ဃရနဂရ  ၅။ မက္ကရကတနဂရ  ၆။ တေဋ္ဌပနာဋ္ဌိနိဂမ

## (၁၅) ဂန္ဓာရတိုင်း

၁။ တက္ကသီလမြို့တော်

## (၁၆) ကမ္ဘောဇတိုင်း

မြို့တော်ကား မထင်ရှား၊ ဤသို့အားဖြင့်---

| | |
|---|---|
| မြို့တော်များ- (သက္က, ကောလိယ, မလ္လ, ပါဝါ )တို့ပါ- | ၁၈-ရှိ၍ |
| နဂရ လက်အောက်ခံ မြို့ကြီးများ(တိုင်းနယ် အတိုင်း)- | ၃၂-ရှိသည့်ပြင် |
| နိဂမ လက်အောက် မြို့ငယ်ကလေးများ(တိုင်းအလိုက်)- | ၃၁-ရှိသဖြင့် |
| မြို့တော်, နဂရမြို့ကြီး, နိဂမမြို့ငယ် အားလုံးပေါင်း--- | ၈၁- ရှိကုန်၏။ |

ထိုမှတပါး ဤတိုင်းကြီးတို့တွင် မပါဝင်သော်လည်း မြတ်စွာဘုရားလက်ထက်တော်၌ မဟာမဏ္ဍလ ဒေသစာရီတွင် ပါဝင်၍ ဒေသနာတွင် ထင်ရှားသော နိကာယ်ကြီးများ ဟောကြားရာဖြစ်သည့်-

- ဘဂ္ဂတိုင်း၊ သံသုမာရဂိရိ (သုသုမာရဂိရိ)မြို့တော်
- အာဠဝီတိုင်း၊ အာဠဝီမြို့တော်
- သုမ္ဘတိုင်း၊ သေတကနိဂုံး-

စသည့် တိုင်းပြည်များ ဖြစ်ကြ၍ ၎င်းတို့သည် သာသနာတွင် ထင်ရှားသော တိုင်းမြို့များ ဖြစ်ကြောင်း မှတ်သားအပ်၏။

၎င်းပြင် မဂဓအဘိဓာန်၌ ဖော်ပြ၍ တိုင်းကြီး သောဠသတွင် မပါဝင်သော တိုင်းတို့မှာ---

**သိဝိတိုင်း**နှင့် **ပဏ္ဍဝတိုင်း**တို့သာ ဖြစ်၍ ၎င်းတို့တွင် ပဏ္ဍဝတိုင်းမှာ သာသနိက ကျမ်းဂန်တို့တွင် ထင်ရှားမရှိဘဲ သိဝိတိုင်းကား သာသနာဝင် ကျမ်းဂန်များ၌ အလွန်ထင်ရှားသော မဟာနိပါတ်၊ **ဝေဿန္တရာဇာတ်**တော်အားဖြင့် ကျော်ကြား၍ ၎င်း၏မြို့တော် ဇေတုတ္တရာမှာလည်း ထင်ရှားသော ရာဇဌာနီ မင်းနေပြည်တော်ကြီးဖြစ်ကြောင်း ၎င်းဇာတ်တော်ကို ထောက်ထား ထင်ရှား၏။ ထိုကြောင့် ဝေဿန္တရာဇာတ်တော်*(ဇာ၊ ၂၊ ၂၄၂)*၌---

"အတီတေ သိဝိရဋ္ဌေ ဇေတုတ္တရနဂရေ။

ရဟန်းတို့ လွန်ပြီးသောအခါက သိဝိတိုင်း ဇေတုတ္တရမြို့၌" စသည်ဖြင့် ၎င်းတိုင်း၌ သိဝိမင်းကြီး အုပ်ချုပ်စဉ် ၎င်းမှာ **သိဉ္စယ**မည်သော သားတော်တစ်ပါး ဖြစ်ထွန်း၍ မဒ္ဒတိုင်း၊ **ဖုဿတီ**မင်းသမီးနှင့် စုံဖက်တော်မူပြီး ထီးနန်း လွှဲအပ်တော်မူရာ ရှေးဆုတောင်းအတိုင်း ဖုဿတီ မိဖုရားခေါင်မှ သားတော် **ဝေဿန္တရာ**ဖွားမြင်၊ အချိန်အရွယ်ရောက်လျှင် ခမည်းတော်, မယ်တော်များ ထင်ရှားရှိစဉ်ပင် အဘိသိက်သွန်းဖျန်း ထီးနန်းလွှဲအပ်တော်မူသည်တွင် ၎င်းမှာ အလှူဒါန၌သာ မွေ့လျော် တိုင်းပြည်မင်္ဂလာမကွက် ဆင်ဖြူတော်ကိုပင် ရက်ရောစွာ လှူဒါန်းလျှင် တိုင်းသူ, ပြည်သားများ မခံရပ်နိုင်၍ ခမည်းတော်**သိဉ္စည်း**မင်းကြီးအား လျှောက်ထားကြရာ သားတော် ဝေဿန္တရာ, မဒ္ဒီမိဖုရား, သားငယ် ဇာလီ, သမီးငယ် ကဏှာဇိန်တို့ပါ တောထွက်တော်မူရကြောင်း ၎င်းဇာတ်တော်၌ ခမ်းနားစွာလာ၏။

၎င်းဝေဿန္တရာမင်းကြီး တောထွက်တော်မူရာ ဇေတုတ္တရမြို့တော်မှ ယူဇနာ-၆ဝ ကွာဝေးသော စေတတိုင်း၊ မာတုလမြို့တော်သို့ နတ်များတန်ခိုးဖြင့် နေ့ချင်းပင် ရောက်ကြကြောင်း၊ ၎င်းဇာတ်တော်၌---

သဋ္ဌိပိသု ပထံ ယန္တွာ၊ အနုကမ္ပာယ ဒါရကေ။
နိက္ခန္တဒိဝသေနေဝ၊ စေတရဋ္ဌံ ဥပါဂမုံ။ *(ဇာ၊ ၂၊ နှာ၊ ၂၈၄)*

"သူငယ်တို့အား၊ သနားကြသည်။
ခရီး နတ်များ၊ ချုံ့ငြားလေသည်။
ထွက်သည့် နေ့ပင်၊ စေတ တွင်မည်။
ပြည်တော်မြတ်၊ ကပ်ရောက်ကြလေသည်"။

စသည်ဖြင့် ဝေဿန္တရာမင်းကြီး သားတော်, သမီးတော်တို့နှင့်အတူ စေတတိုင်းသို့ ရောက်ကြ၍ ၎င်းမှ ဆွေတော်မျိုးတော်များသည် တိုင်းနိုင်ငံဖြင့် ဖိတ်မန်သည်ကို လက်ခံတော်မမူဘဲ ခေတ္တမျှ မြို့ပြင်မှာပင် ဧည့်ခံပြီးနောက် ဆွေတော်မျိုးတော်တို့သည် ယူဇနာ-၁၅ တိုင်အောင် လိုက်ပို့ကြပြီး ၁၅-ယူဇနာခရီးကို ညွှန်ကြားကြောင်း ၎င်းဇာတ်အဋ္ဌကထာ၌---

"သင္ဒိသဟာသာ ခတ္တိယာ တေန သဒ္ဓိံ ပန္နရသယောဇနမဂ္ဂံ ဂန္တွာ ဝနဒွါရေ ဌတွာ ပုရတော ပန္နရသယောဇနမဂ္ဂံ အာစိက္ခိတွာ အာဟံသု။ *(ဇာ၊ ၂။ နှာ၊ ၂၈၈)*

ခြောက်သောင်းသော မင်းမျိုးတို့သည် သူ(ဝေဿံ)နှင့်အတူ ၁၅-ယူဇနာ ခရီးသွား ကြ၍ တောဝမှာရပ်ပြီး ရှေ့ ၁၅-ယူဇနာ ခရီးကို ညွှန်ပြကြကုန်၏" စသည်ဖြင့် မိန့်ဆို၏။ သို့ဖြစ်၍ ၎င်းစေတတိုင်းမှ ဟိမဝန္တာသို့ ရောက်အောင် ယူဇနာ ၃၀-ကွာဝေးကြောင်း၊ ၎င်းပြင် ဇေတုတ္တရာမြို့တော်မှ စေတတိုင်းသို့ ယူဇနာ ၆၀-အားဖြင့် ဟိမဝန္တာ ဝင်္ကပါတောင်သို့ ယူဇနာ ၉၀-ကွာဝေးကြောင်း မှတ်သားအပ်၏။

ထိုမှတပါး ဇူဇကာပုဏ္ဏားကြီးသည်လည်း သားတော်, သမီးတော်တို့ကို အလှူခံ ပြီးလျှင် ကလိင်္ဂတိုင်းသို့ ပြန်လာရာ နတ်များ လှည့်ပတ်ခြင်းဖြင့် ဇေတုတ္တရမြို့တော်သို့ ၁၅-ရက် ခရီးဖြင့် ရောက်လာကြောင်း---

"ဇူဇကောပိ ဒေဝတာ'ဓိဂ္ဂဟိတော ဟုတွာ "ကလိင်္ဂရဋ္ဌံ ဂစ္ဆာမီတိ ဂစ္ဆန္တော အဍ္ဍမာသေန ဇေတုတ္တရနဂရံ ပတ္တော"။ *(ဇာ၊ ၂။ နှာ၊ ၃၆၁)*

စသည်ဖြင့် အဋ္ဌကထာ၌ ဖွင့်ပြသည့်ပြင် ၎င်းပါဠိတော်၌ သိဉ္စည်းမင်းကြီးက---

ကုတော နု ဘဝံ ဘာရဒွါဇ၊ ဣမေ အာနေသိ ဒါရကေ။
အဇ္ဇ ရဋ္ဌံ အနုပ္ပတ္တော၊ ကုဟိံ ဂစ္ဆသိ ဗြာဟ္မဏ။ ။ *(ဇာ၊ ၂။ နှာ၊ ၃၆၁)*

"အို---ဘာရဒွါဇ၊ ဘယ်မှ ဘယ်ပြည်။ ဤသူငယ်များ၊ ဆောင်ငြားခဲ့သည်။
ယခု တိုင်းပြည်၊ ရောက်ခဲ့လေပြီ။ အို ပုဏ္ဏား၊ သွားအံ့ ဘယ်သို့ဆီ"။

ဟု မေးသည်တွင်---

"မယှံ တေ ဒါရကာ ဒေဝ၊ ဒိန္နာ ဝိတ္တေန သဉ္စယ။
အဇ္ဇ ပန္နရသာ ရတ္တိ၊ ယတော လဒ္ဓါ မေ ဒါရကာ။ ။*(ဇာ၊ ၂။ နှာ၊ ၃၆၂)*

"အရှင်မင်းများ၊ ကလေးများသည်။
ကျွန်ုပ်ကိုသာ၊ ကြည်စွာ ပေးသည်။
ယနေ့သည်ကား၊ ၁၅-ရက် မည်။
သူငယ်များ၊ ရငြားနေ့မှ သည်"။

ဟု ပုဏ္ဏားကြီးက လျှောက်တင်ကြောင်း လာသဖြင့် တစ်နေ့လျှင် ၆-ယူဇနာ နတ်တို့ တန်ခိုး အားဖြင့် လာကြောင်း မှတ်အပ်၏။

ဤသို့အားဖြင့် တိုင်းနိုင်ငံတည်ရာဌာန ဖော်ပြခြင်း မရှိသော်လည်း ဆိုခဲ့ပြီးသော ခရီးယူဇနာ အကွာအဝေး ထောက်ထားခြင်းအားဖြင့်၎င်း ဆက်သွယ်သောနိုင်ငံများကို ထောက်ထားခြင်းအားဖြင့်၎င်း ၎င်းတိုင်းမှာ မဒ္ဒတိုင်းနှင့်ဆက်စပ်၍ သိန္ဒု, သောဝီရတိုင်းများ နှင့်လည်း နီးစပ်သော သိန္ဒုမြစ်ဝှမ်းအနောက်မြောက် တိုင်းနိုင်ငံအစွန်းများဖြစ်ကြောင်း မှတ်သားအပ်၏။

## သိန္ဒုတိုင်းနှင့် သောဝီရတိုင်း

သိန္ဒုတိုင်းကား မဟာဂေါဝိန္ဒ ဖန်ဆင်းတည်ထောင်သော တိုင်းကြီး ၇-တိုင်းတွင် ပါဝင်သော သောဝီရတိုင်းနှင့် ဆက်စပ်တည်ရှိ၍ ၎င်းမှာ ဘုရားလက်ထက်တော်က ထင်ရှားသော မဂဓတိုင်းသား, မဇ္ဈိမတိုက်သားတို့ သွားရောက်ကုန်သွယ်ရာ တိုင်းနိုင်ငံဖြစ်ကြောင်း တိဿထေရဂါထာဝတ္ထု၌၎င်း, အင်္ကုရပေတဝတ္ထု၌၎င်း---

“တေ ယာမသေ သိန္ဒု သောဝီရ ဘူမိံ”-

စသည်ဖြင့် ရေးသားခဲ့ပြီးသည့်အတိုင်း အနောက်မြောက်တိုင်းဖြစ်ကြောင်း ထင်ရှားသည့်အပြင် သောဝီရတိုင်းလည်း ၎င်းတိုင်းနှင့် ဆက်စပ်ဟောကြားသဖြင့် ၎င်းတိုင်းအနီးအနားဖြစ်ကြောင်း မှတ်သားအပ်၏။

ထိုမှတပါး ဆိုခဲ့ပြီးသော သာသနာတော်နှင့် စပ်ဆိုင်သော တိုင်းပြည်နိုင်ငံတို့မှ အခြားတိုင်းငယ်, ပြည်ငယ်များအပြင် အစွန်ပင်ကျသော်လည်း သာသနာတော် နောက်ပိုင်း၌ ထင်ပေါ်ကျော်ကြားသော တိုင်းနိုင်ငံကြီးများလည်း ရှိသေး၍ ၎င်းတို့မှာ လက်ထက်တော်မှ နောက်သာသနာအတ္ထုပ္ပတ်များ ရေးသားလတ္တံ့ ဖြစ်၍ ယခုအခါ အကြောင်းစုံလင်စွာ ရေးသားရန် အကြောင်းအခွင့်မရှိသောကြောင့် ၎င်းတို့နှင့်စပ်သော အခြင်းအရာများ နောက်ခေတ်ဆိုင်ရာ အပိုင်းကဏ္ဍတို့တွင် ထင်ရှားလတ္တံ့။

ဤသို့လျှင် မြတ်စွာဘုရားသည် ၄၅-ဝါ ကာလပတ်လုံး သာသနာတော် အာဏာတော်ဓမ္မစက် ထွန်းတက်စည်ကား ပြန့်ပွါးစေရန် အတိုင်းမသိသော ကရုဏာတော်၊ အတိုင်းမသိသော ဉာဏ်တော်၊ အတိုင်းမသိသော တန်ခိုးတော်၊ အတိုင်းမသိသော လုံ့လတော်တို့ဖြင့် ကောင်းမြတ်စင်ကြယ် မှန်ကန်ဖြောင့်မတ်သော ချမ်းသာအစစ်အမှန်သို့ ရောက်ကြောင်းဖြစ်သော တရားတော်မြတ် အပေါင်းကို လောကကြီးအတွင်း ခင်းကျင်းပြသ ထွန်းလင်းတောက်ပစေလျက် ဓမ္မနိုင်ငံတော်ကြီး, ဗုဒ္ဓနိုင်ငံတော်ကြီး ထူထောင်တော်မူပြီးလျှင် ကုဋေကုဋာ များစွာသော တရားအမြိုက် နှစ်ခြိုက်အေးမြစွာ သောက်သုံးကြရသော

သတ္တဝါအပေါင်းတို့ကို နိဗ္ဗာန်ရွှေမြို့တော်သို့ ပို့ဆောင်တော်မူကာ အစဉ်အလာမပျက် ဆက်လက်ဖြစ်ထွန်းစေသော ဓမ္မစက်အာဏာ အမြိုက်ရေချမ်းတို့ ယခုခေတ်တိုင်အောင် စိမ်းလန်းစည်ပင် ကြည်လင်တောက်ပစေခဲ့လေပြီ။

အထူးအားဖြင့် ဤဇမ္ဗူဒိပ်မဟာကျွန်းကြီး၏ အလယ်ချက်ဗွေ မြေမျက်နှာဟုဆိုအပ်သော **မဇ္ဈိမတိုက်နယ်ရှိ-**

**-အလ္လကပ္ပတိုင်း, မောရိယတိုင်း, ဘဂ္ဂတိုင်း, သက္ကတိုင်း** စသော တိုင်းနယ်ကလေးများ ခြံရံလျက် တိုင်းနယ်ကြီး ၁၈-နယ်တို့နှင့်တကွ ၂၀-ကျော်သော

-တိုင်းနိုင်ငံများပြင် ၎င်းမဇ္ဈိမအလယ်ပိုင်း

တိုင်းနိုင်ငံများမှအပ အပြင်ကျသော တိုင်းနိုင်ငံ ၂၀၊

-နေပြည်တော် မြို့တော်ကြီးများ၊ ၎င်းတိုင်းနိုင်ငံတို့တွင်

ထင်ရှားသော မြို့ကြီးများ ၃၀-ကျော်၊

-၎င်းပြင် နိဂမခေါ် မြို့ငယ်ပေါင်း- ၄၀ မျှနှင့်

များပြားလှစွာသော ရွာကြီးတို့၌ တရားဓမ္မ အမြိုက်ရေစင် တသွင်သွင်စီးဆင်းစေလျက် အမြိုက်အရသာ တောင့်တမျှော်လင့်နေကြသော ဝေနေယျအပေါင်းတို့အား သောက်ချိုးစေတော်မူခြင်းအားဖြင့်--

## ဤဗုဒ္ဓနိုင်ငံတော်သစ်ကြီး

တည်ထောင်တော်မူခဲ့ကြောင်း ပြဆိုရာဖြစ်သော အပိုင်းကဏ္ဍကား ဤတွင်အပြီးအဆုံး နိဂုံးဝါကျစကားရပ် သတ်မှတ်ပိုင်းခြားအပ်သတည်း။

ဗုဒ္ဓနိုင်ငံတော် ဒုတိယကဏ္ဍ ဓမ္မဝိတ္ထာရိတပိုင်း

ဤတွင် ပြီး-ပြည့်စုံပြီ။

✪ ✪ ✪ ✪ ✪





ဗုဒ္ဓဂယာ မဟာစေတီတော် တဘက်



မဇ္ဈိမနှင့်သောဠသ ခရိုင်တိုင်းများ
ဗုဒ္ဓခေတ်မြေပုံ

[ က ]

ကပိလဝတ္ထုမြို့တော် ၆၀၆, ၆၀၈
ကလပ္ပစုလ္လကနိဂမ ၆၀၉
ကလိင်္ဂ ၆၀၆
ကာမဏ္ဍနဂရ ၆၀၈
ကာသိတိုင်း ၆၀၆, ၆၀၇
ကိဋ္ဌာဂိရိနိဂမ ၆၀၇
ကိမိလနိဂမ ၆၀၉
ကုရုတိုင်း ၆၀၆, ၆၀၉
ကုရရ(ကုရုရ)ဃရနဂရ ၆၁၀
ကုသိနာရ ၆၀၆
ကေသမုတ္တနိဂမ ၆၀၈
ကောလိယနယ် ၆၀၈
ကောသလ ၆၀၆
ကောသလတိုင်း ၆၀၈
ကောသလတိုင်းနယ် ၆၀၈
ကောသိနာရနယ်၊
  ကုသိနာရမြို့တော် ၆၀၉
ကောသမ္ဗီမြို့တော် ၆၀၆, ၆၀၉
ကက္ကရသတ္တနိဂမ(ကက္ကရပတ္တ) ၆၀၈
ကန္နကုဇ္ဇနဂရ (ကဏ္ဏကုဇ္ဇ) ၆၀၉
ကမ္ပိလမြို့တော် ၆၀၉
ကမ္ဗောဇတိုင်း ၆၀၆, ၆၁၀
ကမ္မာသဒမ္မနိဂမ (ဓမ္မ) ၆၀၉
ကသ္မိရ ၆၀၆
ကုဏ္ဍိယနဂရ ၆၀၈

[ ခ ]

ခေါမဒုဿနိဂမ ၆၀၈

[ ဂ ]

ဂယာနဂရ ၆၀၇
ဂေါနဒ္ဒနဂရ ၆၁၀
ဂန္ဓာရတိုင်း ၆၀၆, ၆၁၀

[ စ ]

စာတုမာနဂရ ၆၀၈
စာလိယနိဂမ ၆၀၉
စေတိတိုင်း ၆၀၆, ၆၀၉
စမ္ပာမြို့တော် ၆၀၆, ၆၀၇

[ ဇ ]

ဇေတုတ္တရ ၆၀၆

[ တ ]

တေဠုပနာဠိနိဂမ ၆၁၀
တက္ကသီလ ၆၀၆
တက္ကသီလမြို့တော် ၆၁၀

[ ထ ]

ထုလ္လကောဋ္ဌိကနဂရ
(လက်ထက်တော်၌ မြို့တော်) ၆၀၉

[ ဒ ]

ဒေဝဒဟနိဂမ ၆၀၈
ဒဏ္ဍကပ္ပကနိဂမ ၆၀၈

[ ခ ]

ခမ္ဘကောရဏ္ဏနဂရ ၆၀၈

[ န ]

နဂရကနိဂမ ၆၀၈
နဋကပါနနိဂမ ၆၀၈
နာလန္ဒနဂရ ၆၀၇

[ ပ ]

ပတိဋ္ဌာမြို့တော် ၆၁၀
ပါဋလိပုတ္တ(က) ၆၀၆, ၆၀၆
ပါဋလိပုတ္တနဂရ ၆၀၇
ပါဝါမြို့တော် ၆၀၉
ပေါတလီမြို့တော် ၆၁၀
ပဏ္ဏု ၆၀၆
ပဥ္စာလတိုင်း ၆၀၆, ၆၀၉
ပဋ္ဋနိကနိဂမ ၆၀၈

[ ဗ ]

ဗာရာဏသီမြို့တော် ၆၀၆, ၆၀၇

[ ဘ ]

ဘောဂနဂရ ၆၀၈
ဘဂ္ဂတိုင်း ၆၀၆, ၆၁၀
ဘဒ္ဒိယနဂရ ၆၀၇

[ မ ]

မဂဓတိုင်း ၆၀၆ ၆၀၇
မဓုရမြို့တော် ၆၀၉
မဟိဿတိနဂရ (မာဟိဿတိ) ၆၁၀
မာတုလနဂရ ၆၀၇
မိထိလာနဂရ ၆၀၆, ၆၀၈
မေဒါဠုပနိဂမ ၆၀၈
မက္ကရကတနဂရ ၆၁၀
မစ္ဆတိုင်း ၆၀၉
မစ္ဆိကာသဏ္ဍနဂရ ၆၀၇
မဒ္ဒ ၆၀၆
မလ္လတိုင်း ၆၀၉

[ ရ ]

ရာဇဂဟမြို့တော် ၆၀၆, ၆၀၇
ရာမဂါမ (ကောလိယ-
ဗျဂ္ဃပဇ္ဇ)မြို့တော် ၆၀၈

[ ဝ ]

ဝရဏနဂရ ၆၀၉
ဝိဒေဟ ၆၀၆
ဝေဒိသနဂရ ၆၁၀
ဝေဓညနိဂမ ၆၀၈
ဝေရဉ္ဇနဂရ ၆၀၉
ဝေသာလီမြို့တော် ၆၀၆, ၆၀၈
ဝေဠုကဏ္ဍကီနဂရ ၆၀၇
ဝံသတိုင်း ၆၀၉
ဝဇ္ဇီ ၆၀၆

ဝဋ္ဋိတိုင်း ၆၀၆, ၆၀၈
ဝေတ္တာဝတီ(ဝတ္တာဝတီ)မြို့တော် ၆၀၉

[ သ ]

သဟဇာတိနိဂမ (သဟံဇာတိ) ၆၀၉
သာကေတနဂရ ၆၀၆, ၆၀၈
သာဂလ ၆၀၆
သာပူဂနိဂမ(သာပုဂိယ) ၆၀၈
သာမဂါမနိဂမ ၆၀၈
သာဝတ္ထိမြို့တော် ၆၀၆, ၆၀၈
သိဝိ ၆၀၆
သီလဝတီနိဂမ ၆၀၈
သီဟဠ ၆၀၆
သူရသေနတိုင်း ၆၀၉
သေတဗျနဂရ ၆၀၈
သေဒကနိဂုံး ၆၁၀
သေနနိဂမ ၆၀၇
သောရေယျနဂရ ၆၀၉
သံကဿနဂရ ၆၀၆, ၆၀၉
သံသုမာရဂိရိမြို့တော် ၆၀၆, ၆၁၀
သက္ကတိုင်း ၆၀၆, ၆၀၈
သက္ကရနိဂမ(သက္ကာရ) ၆၀၈
သက်ဝါနိဂမ ၆၀၈
သုမ္ဘတိုင်း ၆၁၀
သောတ္ထိယမြို့တော် ၆၀၉

[ ဟ ]

ဟလိဒ္ဒဝသနနိဂမ ၆၀၈

[ အ ]

အဋ္ဌကနဂရ ၆၀၈
အနုပိယနဂရ ၆၀၉
အယုဇ္ဈနဂရ ၆၀၈
အဝန္တိတိုင်း ၆၀၆, ၆၁၀
အဿကတိုင်း ၆၁၀
အဿပုရနိဂမ ၆၀၇
အာတုမာနိဂမ ၆၀၉
အာပဏနိဂမ ၆၀၇
အာဠဝိတိုင်း ၆၀၆, ၆၁၀
အာဠဝီမြို့တော် ၆၁၀
အင်္ဂတိုင်း ၆၀၆, ၆၀၇

[ ဣ ]

ဣန္ဒပတ္ထမြို့တော် ၆၀၆, ၆၀၉

[ ဥ ]

ဥက္ကဋ္ဌနဂရ ၆၀၆, ၆၀၈
ဥက္ကာစေလနဂရ ၆၀၈
ဥဂ္ဂနိဂမ ၆၀၈
ဥဇ္ဇေနီမြို့တော် ၆၀၆, ၆၁၀
ဥတ္တရနိဂမ ၆၀၈
ဥရုညနိဂမ ၆၀၈
ဥရုဝေလကပ္ပနိဂမ ၆၀၉

### မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းအတိုင်း အက္ခရာစဉ်သည်။

[ က ]


ကကုဓာမြစ်နား ၄၉၂
ကနိသျှက သာကမင်း ၅၉၆
ကပိလ ၄၂၄
ကပိလနေပြည်တော် ၁၅၁, ၁၆၅
ကပိလရသေ့ ၂၄၅, ၂၄၆
ကပိလဝတ္ထုမြို့ ၂၅၈
ကရိသျှဏ ၆၇
ကရိသျှဏ(ကဏှ) ၅၃၆
ကရိသျှဏ ကဏှနဒီ ၅၇၁
ကလပ္ပစုလ္လနိဂုံး ၅၅၀
ကလိင်္ဂတိုင်း ၅၃၁
ကလိင်္ဂမင်းကြီး ၅၆၂
ကလိင်္ဂရည ၅၇၀
ကသိဘာရဒွါဇပုဏ္ဏား ၃၃၀
ကသိဘာရဒွါဇ ပုဏ္ဏားကြီး ၃၄၄
ကအဘာကျောင်း ၄၈
ကာနယ်အော်လကောက်၊
အမေရိကန် ၈၀
ကာပဋိက ပုဏ္ဏားငယ် ၄၁၅
ကာဗျခေတ် ၂၄၄
ကာဗျမိမံသာ၌ အိန္ဒိယနိုင်ငံ ၂၅၁
ကာမနုတ် ဖူးစာနုတ် ၅၄
ကာယဒဏ်သာ ကြမ်းတမ်း ၃၃၂
ကာရင်ဂျပတန် ၂၃၄
ကာလစမ္ပာမြို့ ၂၇၉
ကာလဒေဝီရသေ့ ၅၇၃
ကာလပိနာက နာလကရွာ ၃၅၅
ကာလာမတိုင်း ၂၆၀
ကာလာမပုတ္တ ၅၁၉
ကာသိတိုင်းကြီး ၂၄၀
ကာသိရာဇာ ၃၆၀
ကာသျှယမြို့ ၅၀၂
ကာဠသိလာကျောင်း ၃၁၃
ကာဠုဒါယီမထေရ် ၁၅၁
ကိကီမင်းကြီး ၃၅၈
ကိမိလမင်းသား ၄၉၆
ကိမိလမြို့ ၄၂၃, ၄၉၄, ၄၉၈
ကိရနသုဝဏ္ဏ သိင်္ဂဘူ-ပ် ၃၅၅
ကိသဝစ္ဆရသေ့ ၅၆၉
ကီဋ္ဌာဂိရိဇနပုဒ် ၃၆၅
ကီဋ္ဌာဂိရိ နိဂမ ၃၆၅
ကီဋ္ဌာဂိရိမြို့ ၃၇၀
ကုဋဒန္တပုဏ္ဏားကြီး ၃၄၄
ကုဋ္ဌာဂါရသာလာကျောင်းကြီး ၄၆၀
ကုမာရီ-ကိုမိုရင် ၂၅၄
ကုရုယရ→ကုလယရ ၅၇၈
ကုရုခေတ္တ ၅၃၆
ကုရုတိုင်း ၂၈၀, ၅၃၀
ကုရုရယရ→ကုရရယရ ၅၇၈
ကုရုရယရတောင် ၅၇၄
ကုရုရ→ကုရရ→ကလ→ယရ ၅၇၈
ကုသမင်းကြီး ၄၈၇, ၅၈၆
ကုသဝတီ ၄၈၇

# မှတ်သားဖွယ်ရာ အက္ခရာစဉ်


ကုသာဂရ ၃၄၅
ကုသိနာရမြို့တော်အကြွေ ၄၉၃
ကုသိနာရုံပြည် ၁၆၆
ကူဋဒန္တသုတ် ၃၄၄
ကေဏိယရသေ့ ၂၉၄
ကေဝဋ္ဋဂါမ ၃၆၅
ကေသရိယ ၄၈၃
ကေသရိယမြို့ဟောင်း ၄၈၄
ကေသမုတ္တနိဂုံး ၄၀၇
ကေသမုတ္တမြို့ ၂၆၁
ကောကနုဒပါသာဒ ၅၂၀
ကောကာလိကရဟန်း ၃၄၀
ကောဆန်-ကောသန်ရွာကလေး ၅၂၉
ကောဋ္ဋိဂါမ ၄၇၆
ကောဋ္ဋိရွာ ၄၆၉
ကောရဗျမင်း ၂၅, ၂၆၂, ၂၈၀, ၅၃၅
ကောရင်ဂျပတန် ၂၃၄
ကောလမြို့ ၄၄၄
ကောလိယတိုင်း ၂၅၉, ၄၃၇
ကောသလတိုင်း ၂၅၆
ကောသမ္ဗကမင်း ၅၀၉
ကောသမ္ဗီမြို့ ၁၆၁, ၂၅၆, ၅၀၉
ကောသိနာရခရိုင်နယ် ၄၉၀
ကောဋ္ဌိကသူဌေးသား ၃၉၉
ကောဋ္ဌိကာရာမ ကျောင်းတိုက် ၃၉၉
ကောဋ္ဌိဝိသ သူဌေး ၂၈၃
ကံသဘောဂတိုင်း ၅၅၄
ကံသမင်း ၆၇
ကိုမိုရင်အငူ ၂၃၃
ကိုရအန်ကျမ်းစာ ၃၉
ကိုရိရှ် ၄၆
ကက္ကရပတ္တမြို့ ၄၄၄
ကစ္ဆဂူဂျရာတ် ၂၅၃
ကဥ္စန ၅၇၅
ကဏ္ဍာ ၃၈၉
ကဏ္ဍဝဏ္ဍာမြစ်ကွေ့ ၃၀၂
ကဏှဒီပါယန ၅၀၉
ကန်ကဂျူလ် ၃၀၀
ကန္နကုဇ္ဇမြို့ (ကဏ္ဏကုဇ္ဇမြို့) ၅၄၃
ကန္နောဂျ်→ကန္နောက်ဇ→ကန္နကုဇ္ဇ ၅၄၅
ကန္နောဇ္ဇမြို့ ၅၄၄
ကပ်ဦးအကြောင်း ၂၄၈
ကမ္ပိလမြို့တော် ၅၃၃, ၅၄၂
ကမ္ဗောဇတိုင်း ၅၉၃, ၅၉၆
ကမ္ဘာဦးကျမ်း ၂၅
ကမ္မာသဒမ္မမြို့(ကမ္မာသဓမ္မ) ၅၃၃, ၅၃၃
ကလ္လဝါဋ ပုတ္တဂါမ ၃၄၄
ကသ္မီရတိုင်း၊ ပေါက္ခရဝတီမြို့ ၂၆၃
ကဿပကာရုံကျောင်းတိုက် ၃၂၀
ကာရ်မနာသ်မြစ် ၃၇၈
ကုက္ကုဋ္ဋဝတီမြို့တော် ၅၈၇
ကုက္ကုဋာရာမကျောင်းတိုက် ၅၁၂
ကုက္ကုဋာရုံကျောင်းတိုက် ၃၃၅
ကောင်းကင်တမန်များ ၃၀
ကောဥ္စမင်း ၆၀၅
ကုဏ္ဍိကမြို့ ၄၃၉
ကုဏ္ဍိမြို့သား ၄၂၃
ကိန်း ၂၂

ကိန်းနန်း ၂၃
ကိမ္ဗိလမြို့ ၄၂၃, ၆၀၂
ကုမ္ဘဝတီမြို့တော် ၅၆၉
ကျောင်းတိုက်ကြီး ၁၈-တိုက် ၃၁၀
ကျောက်မဲကျောင်း ၃၁၃, ၄၆၆
ကြာနန်းပြာသာဒ်တော် ၅၂၀

[ ခ ]

ခရစ်တော် ၃၃
ခရစ်ယာန်ကျမ်း စာသစ် ၂၈
ခရစ်ယာန်ကျမ်းဟောင်း ၂၈
ခဒီဂျာ ၄၇
ခါဏုမတပြာဟ္မဏဂါမ ၃၄၄
ခေနာဘ်မြစ် ၅၈၉
ခေမကာ၊ အရှင် ၅၁၂
ခေါမဒုဿ နိဂုံးမြို့ငယ် ၄၃၃
ခို့ဒါ ၃၈
ခိုးသူကျကျောင်းတိုက် ၃၂၂
ခတ္တိယ ၂၄၉
ခတ္တိယော ၂၂၄
ချမ်ဗာလ် စမ္မာမြစ် ၂၃၆
ချမ်ဗာလမြစ်ဆုံ ၅၅၄
ခြေမြန်တော်ကာက ၅၂၇

[ ဂ ]

ဂဇင်္ဂလနိဂုံး ၂၇၀
ဂယာမြို့ ၃၃၉
ဂရုဓမ္မမြဲ ၅၃၁
ဂဝမ္ပတိ ၁၄၂
ဂင်္ဂျုန်မင်း ၂၈၀
ဂင်္ဂျုန်ရွာ [က]
ဂါဂျီပူရ်-ဂါဇီပူရ ၃၈၀
ဂါမဏိ ၄၄၂
ဂါလိလဲ ပင်လယ်ကမ်းခြေ ၃၃
ဂိရယက်ရွာ ၃၅၂
ဂိရိဗ္ဗဇ ၃၄၅
ဂေဗရီယဲလ် ၄၀
ဂေါတမကနတ်ကွန်း ၄၆၄
ဂေါတမဆိပ်ကမ်း ၃၃၄
ဂေါတမတံခါး ၃၃၄
ဂေါတမပညောင်ပင် ၄၆၅
ဂေါတမရသေ့ ၂၄၅
ဂေါဓာဝရီမြစ် ၂၃၃, ၅၅၀
ဂေါမိကမထေရ် ၃၁၃
ဂေါနဒ္ဓမြို့ ၂၆၂, ၅၇၁, ၅၇၈, ၅၇၈
ဂေါသိင်္ဂသာလဝန ၄၆၂, ၄၇၉
ဂိုမိုရာမြို့ ၂၅
ဂဂ္ဂရာရေကန် ၂၈၂
ဂန်ဂျမ်နယ် ၂၅၄
ဂန္ဒက ၅၀၂
ဂန္ဓာရမင်းကြီး ၅၈၄
ဂန္ဓတ် ၅၀၂
ဂိဇ္ဈကုဋ်ကျောင်းတိုက်။
၁၁-ကျောင်း ၃၀၉
ဂိဥ္စကာဝသထ အုတ်ကျောင်း ၄၇၉
ဂုတ္တမင်းမျိုးတို့ ကျောက်တိုင် ၅၆၁

ဂုတ္တိလ ဆရာကြီး ၅၇၃
ဂုန္ဒာတော ၅၅၆
ဂုန္ဒာဝန ဥယျာဉ် ၂၆၂
ဂုမ္ဘတီမြစ် ၃၇၈
ဂေါ့ဒ် ၂၀
ဂျယပူရ် ၅၅၃
ဂျာရက် ၂၃
ဂျီဆက်ဆ်အကြောင်း ၂၉
ဂျူဒတ်စ် ၃၄
ဂျူး ၂၄, ၃၀
ဂျေကော့ ၂၉
ဂျေဖတ် ၂၃
ဂျေရုဆလင်မြို့သစ် ၃၇
ဂျေရှုဆလင် ၃၀
ဂျေလမ်မြစ် ၅၈၉
ဂျုံဂျန ၅၅၃
ဂျိုဇက် ၂၉
ဂျင်ခေါ်တစ္ဆေမျိုး ၃၉
ဂျင်နက်ဆစ်စ် ၂၅

[ ဃ ]

ဃဋပဏ္ဍိတဇာတ် ၅၉၅
ဃဋိကာရသုတ် ၄၂၃
ဃဋိကာရအိုးထိန်းသည် ၃၅၈
ဃနသေလတောင် ၅၇၃
ဃောဋမုခပုဏ္ဏားကြီး ၂၈၇, ၃၆၄
ဃောသိတာရုံကျောင်း ၅၁၀, ၅၁၁

[ င ]

ငလျင်လှုပ်ကြောင်း ၈-ပါး ၄၆၅
ငါးတိုင်းငါးဌာန ၂၂၆
ငါးရုံ့မင်း ၃၈၄
ငယ်၏ဟု မထိမဲ့(မြင်) မဖြစ်ရာ ၃၉၄

[ စ ]

စကြာရန်အောင်ကျောင်းတိုက် [ ခ ]
စာတုမာမြို့ ၄၃၀
စာတုမေယျ သာကီဝင်များ ၄၃၁
စာပါလနတ်ကွန်း ၄၆၄, ၄၆၄
စာလိယတောင် ၁၆၄
စူဠဏီဗြဟ္မဒတ် ၅၄၂
စူဠသုဘဒ္ဒါ ၃၉၉
စူဠသုဘဒ္ဒါမိဖုရား ၃၇၆
စူဠသုဘဒ္ဒါ၏ မင်္ဂလာ ၄၁၀
စူဠာမဏိစေတီတော်မြတ် ၁၂၀
စေတတိုင်း ၆၁၂
စေတီနဂရ ၅၀၈
စောရပပါတခိုးသူကျချောက် ၄၆၅
စက္ကဝတ္တိသုတ် ၃၄၁
စိုက်ထားခဲ့သော ကျောက်တိုင် ၅၈၂
စင်္ကီသုတ် ၄၁၄
စစ်သူကြီးနန္ဒိသေန ၅၆၂
စစ်သူကြီးအဇ္ဈုန ၆၈, ၅၃၆
စဉ္စလိကပ္ပ ၄၂၂
စန္ဒကတောင် ၃၀၂

စန္ဒကူးနီ ရုပ်ထုတော် ၅၂၇
စန္ဒဘာဂါမြစ် ၅၈၇
စိတ္တ ၅၇၃
စိတ္တသူကြွယ် ၃၆၈
စုန္ဒတ္ထိဂါမ ၃၆၅
စမ္ပာမြို့ ၂၉၉၊ ၃၀၀
စမ္ပာမြို့ ဘာဂလပူရမြို့ ၂၇၁
စမ္ပာမြစ် ၂၇၈
စမ္ပေယျနဂါးမင်း ၂၇၈
စမ္ပေယျက္ခန္ဓက ၂၈၂

[ ဆ ]

ဆဋ္ဌာနေသျှရ ၂၇၂၊ ၅၇၉
ဆဋ္ဌြဏ ၂၇၂
ဆတဒြု ၅၅၂
ဆရာဂျုမြစ် ၃၉၇၊ ၃၉၇
ဆရာဇီဝက ၅၁၅
ဆရာယု ၃၉၇၊ ၄၅၅
ဆလာ ၂၄
ဆဟက် ဆာဝက် ဆာဝတ် ၄၅၆
ဆဟတ်မဟတ် ၄၅၆
ဆာရပ် ၂၄
ဆားတိုင်ကြီး ၂၅
ဆီယူကီးအရှင် ၁၁
ဆီလာဘဒြ ၃၅၄
ဆုကတိမတိ ၅၀၇
ဆုဗရ်ဏ ၂၇၁
ဆုဝရ်ဏ သုဝဏ္ဏ ၃၅၃
ဆူရ ၄၁
ဆူရိမ်ကျွမ်အရှင် ၁၁
ဆူလတန်ဖိုရိုးဇ် ၅၃၈
ဆောရွန် သောရောန် ၅၄၆
ဆံချေ-ဆံချည်မြို့ ၅၈၃
ဆိုဒမ် ၂၅
ဆက်သ် ၂၃
ဆင်ဖြူတော် ၆၁၁
ဆန္ဒ ပုဏ္ဏား ၄၀၂
ဆိန့်တ်ဂျွန် ၃၂
ဆိန့်တ် မဿျူး ၂၉
ဆိန့်မတ်က် ၃၂
ဆိန့်တ် လျူက် ၂၉
ဆွမ်ဂယွန်၊ အရှင် ၁၁
ဆိုးလ် ၇၆
ဆွရသတိမြစ်ဆုံ ၅၃၂

[ ဇ ]

ဇဋိလသူဌေး ၅၉၀
ဇနကပုရ ၂၃၉
ဇနကပူရ ၄၈၃၊ ၄၈၄
ဇနပဒကလျာဏီမင်းသမီး ၁၅၅
ဇနဝသဘ ၂၆၇
ဇနဝသဘနတ်သား ၃၀၅
ဇယပူရ ၅၅၃
ဇရာသံဓမင်းကြီး ၆၇
ဇာတိယာဝနတောကျောင်း ၂၉၁
ဇာလိကဗွာ ၄၉၄

ဇီဝကသရက်ဥယျာဉ်ကျောင်း ၄၆၆
ဇူဇကာပုဏ္ဏား ၆၀၂
ဇေတမင်းသား ၁၅၈
ဇေတဝန်ကျောင်း ၁၆၄
ဇေတုတ္တရာမြို့ ၆၀၂
ဇေမိနီရသေ့ ၂၄၅
ဇောတိက ၄၆၈
ဇံဇနဒ ၅၅၃
ဇိုအာနယ်တောင် ၂၅
ဇမ္ဗုဂါမရွာ ၄၇၇
ဇမ္ဗူဒီပကျွန်း ၂၂၃
ဇမ္ဗူဒီပ ၇-တိုင်း ၇-ဌာန ၂၂၈
ဇာတ်တော်၌ စေတိယ ၅-တိုင်း ၂၅၁
ဇေန္တဂါမ ၃၄၃

[ ည ]

ညဏာဒိစ္စ၊ ဆရာတော်အရှင် [င]

[ ဌ ]

ဌကာ(ထူဏာ) ၂၇၂
ဌာနေသရ ၂၇၂၊ ၅၇၉

[ တ ]

တပတီမြစ် ၅၇၀
တပုဿသူကြွယ် ၄၉၅
တပေါဒကန္ဒရ-ရေပူကျချောက် ၃၁၃
တပေါဒါမြစ် ၃၁၂
တပေါဒါရာမရေပူချောင်း ၄၆၆
တပေါဒါ ရေပူမြစ်ဝ ၃၄၇
တပေါဒါရုံကျောင်း ၃၁၂၊၃၁၃
တယောဝိဟာရသုတ် ၄၁၇
တရုတ်ရဟန်းတော် ဖာ-ဟိ-အန် ၂၉၉
တာမလိတ္တိနယ်အနီး ၂၉၉
တာရား ၂၄
တာရက္ခ ပုဏ္ဏားကြီး ၄၁၆
တိလောကသျှိယကျောင်းတော် ၃၅၄
တီရဟုတ်နယ် ၄၈၄
တီရာ ၄၇
တေလပနာဠိနိဂုံး ၅၇၆
တေဝိဇ္ဇသုတ္တန် ၄၁၅
တောဒေယျပုဏ္ဏား ၄၂၂
တိုပရာတောပရအရပ် ၅၇၈
တက္ကသိုလ်မြို့ ၂၆၂
တက္ကသိုလ်မြို့တော် ၅၈၄
တိုက်အုပ်ဆရာတော်ဘုရားကြီး [က]
တိုင်းကြီး ၁၆-တိုင်း ၂၆၄
တစ်ယူဇနာမျှကိုပင် အဒ္ဓါန ၅၅၉
တန္တြမန္တြကျမ်း ၅၆
တမ္ဗဒီပ ၂၄၆
တြိပူရီ ၅၀၈
တွာယစ်ဖ် ၄၈

[ ထ ]

ထူဏာ(ထူဏ) ၂၇၂၊ ၄၉၉
ထူဏာနိဂုံး(ထူဏ) ၅၇၉

ထူဏပုဏ္ဏားရွာ(ထူဏ) ၂၇၀၊ ၂၇၂၊ ၂၇၂၊ ၄၉၄၊ ၄၉၉
ထင်းရှူးတောကျောင်း ၃၉၅
ထုန်မြစ်ဗီလ်တာရ ၃၇၈
ထုလ္လကောဋ္ဌိကမြို့ ၅၃၃
ထုလ္လနန္ဒာ ဘိက္ခုနီမ ၃၂၈
ထွက်မြောက်ရာကျမ်း ၂၆

[ ဒ ]

ဒသမသူကြွယ် ၄၇၂
ဒသန္နတိုင်း ဧရကစ္ဆမြို့ ၆၀၂
ဒါမုဒါမြစ် ၃၀၀
ဒါယဝံသတိုင်း ၅၁၇
ဒါရဗဂ် ၄၈၃၊ ၄၈၄
ဒါရာနုဂရမြို့ ၅၈၁
ဒါသကမထေရ်၊ အရှင် ၅၁၂
ဒိဋ္ဌဓမ္မ-ပစ္စက္ခသမ္ပဒါ ၄-ပါး ၄၄၄
ဒိဋ္ဌိဇာလ ၁၈၂
ဒိလာ ၅၄၀
ဒီဃကာရာယန အမတ် ၄၃၂
ဒီဃဇာဏု ၄၄၄
ဒီဃတပဿီနိဂဏ္ဌတပည့်ကြီး ၃၃၂
ဒီဃရာဇီ ၃၄၅
ဒီဃိတိကောသလဇာတ် ၃၈၂
ဒုတိယခရစ်တော်
ပေါ်လာရဦးမည် ၃၇
ဒုတိယ ခလီဖတ်ဘုရင် ၄၁
ဒုတိယ သံဂါယနာတင်ရာ နိုင်ငံ ၂၅၉
ဒုတိယသင်္ဂါယနာတင် ၅၂၈
ဒုဿျယန္တမင်း ၂၃၁
ဒေလီမြို့ ၅၃၈၊ ၅၄၀
ဒေဝဒဟနိဂမ ၄၂၇
ဒေဝဒတ္တမင်းသား ၄၉၆
ဒေဝေါရောဟနဝတ္ထု ၃၈၉
ဒေါဏပုဏ္ဏား ၄၀၁
ဒေါက်တာခင်မောင် [ဓ]
ဒက္ခိဏကောသလ ၄၅၆၊ ၅၇၂
ဒက္ခိဏဂီရိတောင်ကုန်း ၃၂၇
ဒက္ခိဏဂီရိတိုင်းနယ် ၃၂၉၊ ၃၄၁
ဒက္ခိဏပထ ၂၅၂
ဒက္ခိဏပဉ္စာလ ၅၄၁
ဒဏ္ဍကပ္ပနိဂုံး ၄၀၅
ဒဏ္ဍကီမင်း ၅၆၉
ဒဏ္ဍကီရညံ ၅၇၀
ဒန္တဂုရ ဒန္တဂူဋ ၂၃၄
ဒပ္ပ၊ အရှင် ၃၀၈
ဒိလ္လီပူရ ၅၄၀
ဒွါရကမြို့ ၅၉၃

[ ဓ ]

ဓနပါလသူဌေးသား ၆၀၂
ဓနိယသူဌေးကြီး ၄၇၁
ဓနဥ္စယကောရဗျမင်း ၂၈၀
ဓနဥ္စာနိ ပုဏ္ဏားမကြီး ၄၂၁
ဓမ္မကောရဏ္ဍမြို့ ၄၆၉
ဓမ္မခေတ္တ ၅၃၆
ဓမ္မစေတိယသုတ် ၄၃၃

ခမ္ဘဇာလ ၁၈၂
ခမ္ဘသတ်ကျမ်း ၅၆
ခမ္ဘိက၊ အရှင် ၄၃၆

[ န ]

နဂရကမြို့ ၄၂၆ , ၄၃၂
နဂရဝိန္ဒရွာကြီး ၄၁၉
နဂါးမင်း ၂၈၀
နတဘာတိက တောအုပ်ကြီး ၅၆၀
နဠကပါနမြို့ ၄၀၉
နဝန္ဒဂရ ၄၈၃, ၄၈၄
နာဂသေနမထေရ်၊ အရှင် ၅၉၁
နာဋိကရွာ ၃၀၄, ၄၆၉
နာတိကမြို့ ၂၆၆
နာတိကရွာ ၄၇၉
နာလကဂါမ ၃၄၃
နာလန္ဒမြို့(နာဠန္ဒမြို့) ၃၃၁
နာဟော် ၂၄
နာဠ ပုဏ္ဏားရွာ ၁၆၂
နာဋိကေရမင်း ၅၆၉
နိဂဏ္ဌ ၇၈
နိဂဏ္ဌ နာဋပုတ္တ ၁၈၇
နိလဝါဟိနီ မြစ် ၅၈၇
နိဂြောဓပရိဝုဏ် ၃၂၃
နိဂြောဓာရုံကျောင်း ၁၆၅
နေရဉ္ဇရာမြစ်ကမ်း ၁၂၈
နိုအာ ၂၃
နတ်ကွန်းကျောင်း ၃၂၁
နန္ဒမာတာ ၃၄၁
နန္ဒမာတာ ဥပါသိကာမကြီး ၃၂၈
နန္ဒမင်းသား ညီတော် ၁၅၅
နန္ဒိယသူဌေး ၃၆၃
နန်းပြာသာဒ် ၃-ဆောင် ၁၁၀
နမ္မဒါမြစ် ၂၃၇
နျာယကျမ်း ၂၄၅
နျာယခေတ် ၂၄၆
နှာတက ၂၉၃

[ ပ ]

ပကုဓ ကစ္စာယန ၁၈၆
ပဋိပဿမ္ဘာနကံ ၅၁၁
ပဋိကျွေပသိက္ခာပုဒ် ၁၆၃
ပဌမဗုဒ္ဓနိုင်ငံတော်ကြီး ၃၈၁
ပတိဋ္ဌာနမြို့ ၂၆၂
ပတဉ္ဇလိရသေ့ ၂၅၆
ပထမဗောဓိ ဝါတော် ၂၀ ၄၄၆
ပထမ သံဂါယနာတင်ရာ ၃၀၂
ပထဝီကုမ္ဘာ စက္က ၉-ဌာန ၂၅၃
ပထန်ဘုရင် ၅၄၀
ပဒရိုနာ ၅၀၂
ပဒါလတာ ၂၄၉
ပဒေသပညတ် ၄-ပါး ၅၇၅
ပဘာဝတီမင်းသမီး ၅၈၆
ပယာဂ ဂင်္ဂါဆိပ်ကမ်း ၂၇၄
ပယာဂဆိပ်ကမ်း ၁၆၄, ၅၁၇
ပရမလဂီရိ ၅၇၂
ပရသေနဇိ ၄၄၈

ပရာသရတန္တြကျမ်း ၂၅၂
ပရောဖက်တမန်တော် ၃၉
ပလာသဝန ပေါက်တော ၄၀၉
ပသေနဒိ ၄၄၈, ၄၄၈
ပသေနဒိမင်း ၂၅၆
ပသေနဒီကောသလမင်းကြီး ၃၆၁
ပါစိနဒေသ ၂၅၂
ပါစီနဝံသ ၅၁၇
ပါစီနဝံသဘေးမဲ့တောကျောင်း ၅၀၆
ပါဋ္ဌလိပုတ်မြို့သစ် ၃၃၄
ပါယာသိရာဇည ၃၆၁
ပါရဗတီ ၅၃
ပါရာသိဝိယ ၃၀၁
ပါလိလေယျက ၅၁၅
ပါဝါမြို့ ၄၉၁
ပါဝါရိကသူဌေးကြီး ၃၃၁
ပါဝါရိကာရာမကျောင်း ၅၁၂
ပါဝေယျခရိုင်နယ် ၄၉၀
ပါသာဏစေတီ နတ်ကွန်းကျောင်း ၅၆၆
ပီတာ နှင့်အန်ဒြူး ၃၃
ပုရိသျှသုတ္တ ၂၄၈
ပုရိသသုတ္တကျမ်း ၂၄၈
ပုရာဏ ၄၅၁, ၄၈၂
ပူရဏိယ ၄၈၃, ၄၈၄
ပူရဏကဿပ ၁၈၄
ပူရဏိ ၅၇၀
ပေသကာရဂါမ ၃၆၅
ပေါတန ၅၆၂
ပေါတလိ ၅၆၂
ပေါထလိယသူကြွယ် ၂၉၆
ပေါရိသာဒ ၅၃၃
ပက္ကုသာတိမင်းကြီး ၂၆၂
ပုက္ကုသမလ္လမင်းသား ၄၉၂
ပေါက္ခရသာတိ ပုဏ္ဏား ၄၁၆
ပိုက်လိတ်မင်းကြီး ၃၄
ပင်္ခာ ၄၀၈
ပိင်္ဂလမင်း ၅၉၉
ပစ္စယ ၆၀၃
ပဋ္ဌိကနိဂုံး ၄၄၃
ပဇ္ဇောတမင်း ၂၅၇
ပဇ္ဇောတမင်းကြီး ၅၁၃
ပဥ္စရ→ပဥ္စလ→ပဥ္စာလ ၅၄၂
ပဥ္စရ ချိုင့်အဝှမ်း ၅၄၂
ပဥ္စရမြို့တော် ၅၄၁
ပဥ္စလ-ပဥ္စာလ ၅၄၁
ပဥ္စဝဂ္ဂီ ၅-ဦး ၁၂၃
ပဥ္စသာလာ ဗြာဟ္မဏဂါမ ၃၄၄
ပဥ္စာလစန္ဒိ ၅၄၂
ပဥ္စာလတိုင်း ၅၀၃
ပဏ္ဏဝတိုင်း ၆၁၁
ပဏ္ဏုကနှင့်လောဟိတက ၃၇၃
ပိဏ္ဍောလမထေရ်၊ အရှင် ၃၈၉
ပုဏ္ဏဇိ ၁၄၂
ပုဏ္ဏားတော် ၈-ယောက် ၁၀၇
ပတ္တနား ၃၅၃
ပန်းဘဲဆရာ ၃၀၃
ပိတ်ချင်းလိုဏ်ဂူကျောင်း ၃၁၇
ပိန်လို့, ဝါဖျော့၊ ပဏ္ဍုရောဂါ ၅၁၅

ပိပ္ပလိ ၅၈၆
ပိပ္ပလိလိုဏ်ဂူကျောင်း ၃၁၇
ပိပ္ပလိဝန ၅၀၀
ပိပ္ပလိဝနမြို့ ၂၆၀
ပုပ္ဖဝတီနဂရ ၂၄၀
ပုဗ္ဗမိမံသာကျမ်း ၂၄၅
ပုဗ္ဗာရုံကျောင်း ၁၆၆
ပြသေနဒိ ၄၄၈

[ ဖ ]

ဖာတမာ ၄၇
ဖာဟိယန် ၂၉၉
ဖာဟိုင်၊ အရှင် ၁၁
ဖာဟိုင်း ၂၉၉
ဖုသတီမင်းသမီး ၆၁၁
ဖွားဘက်တော် ၁၀၅

[ ဗ ]

ဗဒရိကာရာမ ၅၁၂
ဗနောက်ဓာနယ် ၄၅၆
ဗရိဟတ် သံဟိတာကျမ်း ၂၅၂
ဗလဝါမုခ ဝဲဩဃ ၅၇၂
ဗဟုပုတ္တနတ်ကွန်း ၄၆၄
ဗာကုလစေတီတော် ၄၅၄
ဗာကုလအလောင်း၊ အရှင် ၃၇၇
ဗာဏရ+အသီ=ဗာရာဏသီ ၂၄၁
ဗာနရသီသ ၃၈၀
ဗာရာဏသီအမည်နှင့် ၇-မည်ရမြို့ ၃၅၈
ဗာလကလောဏရွာ ၅၁၀
ဗာလကလောဏကရွာ ၅၁၄
ဗာလရာမ်ပူမြို့ ၄၅၆
ဗာဝရီဆရာကြီး ၂၆၁
ဗာဟိယ ဒါရုစီရိယ ၆၀၁
ဗိသျှဏု ၅၂
ဗူလိယတိုင်း ၂၆၀
ဗောဓိမင်းသား ၃၀၆, ၅၂၀
ဗင်္ဂါလီမြေပုံ ၂၇၁
ဗန်ကွလ် ခန္ဒ ၅၀၇
ဗန္ဒီမြစ် ၅၀၂
ဗန္ဓုလ ၄၄၉
ဗန်နတ်စ် ၅၅၄
ဗိန္ဓုသာရမင်းတရား ၅၉၁
ဗိမ္ဗိသာရမင်းကြီး ၂၅၆, ၃၄၆
ဗေရာတေလင်္ဂန ၂၅၄
ဗုဒ္ဓဂယာမဟာဗောဓိ ၃၇၉
ဗုဒ္ဓပ္ပါဒနဝမခေတ် ၂၁၆
ဗျာသရသေ့ ၂၄၅
ဗြဟ္မဇာလ ၁၈၂
ဗြဟ္မဒတ္တလုလင် ၁၇၁
ဗြာဟ္မဏ ၂၄၉၊ ၂၉၃
ဗြဟ္မဝမနဂရ ၂၄၀
ဗြာဟ္မဏဝတ္တ ၂၄၄
ဗြဟ္မလ္လာ [ ဗြဟ္မာဥကြီး ] ၅၆
ဗြဟ္မာကြီး ၅၂
ဗြဟ္မာယုပုဏ္ဏားကြီး ၂၇၉၊ ၄၇၀
ဗြဟ္မာရန္ဒ ဗြဟ္မာပေါက် ၅၉

[ ဘ ]

ဘဂဝါဂီတ ၂၄၅
ဘဂဝါဂီတိ ၆၈
ဘဂဝါဂီတာကျမ်း ၅၃၆
ဘဂဝတ်ဂီတာ ၂၄၅
ဘဂုမင်းသား ၄၉၆
ဘာဂီရထိ ၃၀၀
ဘာဂလ်ပူရ် မြို့ ၃၀၀
ဘာရတဝဿ ၂၄၄
ဘာရဂွန်း နာလကန္ဒာ ၃၅၂
ဘာရုကစ္ဆ ၂၆၃
ဘာရုကစ္ဆ ဆိပ်ကမ်း ၅၃၂
ဘာရုကစ္ဆမြို့ ၆၀၀
ဘာရက် စေတီတော် ကျောက်စာ ၅၂၉
ဘုရင်ဆူလေမန် ၃၉
ဘုရင်အိုမာရ် ၄၁
ဘုသာဂါရကျောင်း ၄၉၇
ဘေသကလ တောကျောင်း ၂၅၈
ဘေသကဠ တောရကျောင်းတိုက် ၅၁၉
ဘေသကဠဘေးမဲ့ကျောင်း ၅၀၆
ဘောဂနဂရ ၄၇၄, ၄၇၇
ဘောဂမြို့ ၄၆၉, ၄၇၃
ဘိုပါလ်နယ် ၅၈၃
ဘင်နတ်မီ ၂၅
ဘဂ္ဂတိုင်း ၂၅၈, ၅၁၉
ဘဂ္ဂုအရှင်၊ ရသေ့ ၅၂
ဘင်္ဂလားပင်လယ်အော် ၂၄၆
ဘဏ္ဍာရွာ ၄၆၉, ၄၇၇
ဘဒ္ဒါကာပိလာနီ ၅၈၆
ဘဒ္ဒဝတိကာမြို့ ၅၀၄
ဘဒ္ဒိယမင်းသား ၄၉၆
ဘဒ္ဒိယမြို့ ၂၈၉
ဘဒ္ဒဝဂ္ဂီ ညီနောင် ၁၄၄

[ မ ]

မဂဓခေတ္တနယ် ၃၄၀
မဂဓတိုင်းကြီး ၂၅၆, ၃၀[illegible]
မဂိုလ်ဘုရင် ၅၄၀
မဂိုလ်ဘုရင်ကြီး အက္ကဘာရ် ၅၃၀
မဂိုလ်ဘုရင် ယှဟာဂျေဟန် ၅၃၀
မထုရာ (မဓုရာ) ၆၇
မဒီနာမြို့ ၄၀
မဓုရမြို့ (မဓူရမြို့) ၂၆၂, ၅၅၄, ၅၅၉
မနသာကန္ဒပုဏ္ဏားရွာကြီး ၄၁၅
မနုဓမ္မသတ်ကျမ်း ၅၂, ၂၇၃
မနောကံကြီးမား ၃၃၂
မလဗာနယ် ၅၀၇
မလိတဝမ္ဗာ ၆၀၀
မသူဆိုလာ ၂၃
မဟာလာလဲလ် ၂၃
မဟာကဿပမထေရ်၊ အရှင် ၃၄၃
မဟာကောသလ ၅၇၂
မဟာကောသလဘုရင် ၄၄၉
မဟာကံသမင်းတရား ၅၅၄
မဟာကစ္စာနမထေရ်၊ အရှင် ၂၆၁
မဟာကစ္စည်း၊ အရှင် ၅၇၄
မဟာကပ္ပိနမင်း ၂၆၂
မဟာဂေါဝိန္ဒ ၂၂၉
မဟာဂေါသိင်္ဂသုတ် ၄၈၀

မဟာဇနကမင်းကြီး ၂၇၈, ၂၃၉
မဟာတိတ္ထဂါမ ၃၄၃
မဟာဒုဂ် ၃၅၉
မဟာနဒီမြစ် ၂၃၃
မဟာနဒီမြစ်ဖျား ၂၄၁
မဟာပဒေသ ၄-ပါး ၄၇၄
မဟာပနာဒမင်းသား ၃၈၂
မဟာဗောဓိမြတ် ၃၅၃
မဟာဗြဟ္မာကြီး ၆၂
မဟာဘာရတ ၂၃၁, ၂၄၅
မဟာဘာရတမင်းကြီး ၂၄၅
မဟာမက် ၃၉
မဟာမောဂ္ဂလာန်၊ အရှင် ၃၀၇
မဟာလိစ္ဆဝီမင်းသား ၄၄၉
မဟာဝိသုဒ္ဓါရာမတိုက် [က]
မဟာဝီရ ၇၈
မဟာသီဝ ၅၂
မဟာသန္ဓိပါတ ၃၀၁
မဟာသမ္မတ ၂၂၄
မဟာသမ္မတမင်းကြီး ၅၀၃
မဟိသျှမတိ ၂၃၇
မဟေသယ မြို့တော် ၂၃၇
မဟောသဓာ ၅၄၂
မာဂဏ္ဍီ ၅၁၃
မာတုလမြို့တော် ၃၄၀, ၆၁၁
မာတင်္ဂ ၅၄၉
မိဂဒါဝုန်တော ၃၆၂
မိဂါရသူဌေးကြီး ၃၉၂
မိထရီစီရင်စုနယ် ၄၈၄
မိထိလာမြို့ ၂၃၉, ၂၅၉, ၂၇၉, ၄၆၉, ၄၇၁
မိဖုရားကြီးဘဒ္ဒါဒေဝီ ၃၃၆
မိလိန္ဒမင်းကြီး ၅၉၁
မိရထ် မိရဋ္ဌ ၅၃၈
မီးသွေးစေတီတော် ၅၀၁
မုနဂီရိ ၂၉၉
မုသိလ စောင်းဆရာ ၅၇၃
မုဋ္ဌကတိုင်း ၂၆၂
မုဋ္ဌကမင်း ၂၆၁
မေဒါဋ္ဌုပမြို့ ၄၂၆, ၄၃၂
မောရိယတိုင်း ၂၆၀
မောရိယနိုင်ငံ ၅၉၉
မောရိယမင်းမျိုး ၂၆၀
မောဟိတာရီ ၄၈၃, ၄၈၄
မိုဆလင် ၃၉
မိုအပ် ၂၅
မုံဂီရိတောင် ၃၅၅
မက္ကရကတမြို့ ၅၇၉
မက္ကာမြို့ ၄၀, ၄၆
မက္ခလိဂေါသာလ ၁၈၄
မဃဒေဝမင်းကြီး ၄၇၀
မစ္ဆတိုင်း ၅၃၈, ၅၄၈
မဇ္ဈိကာသဏ္ဍ နဂရ ၃၆၅
မဇ္ဈိမဒေသ ၂၆၉
မဏ္ဍဗျ ၅၀၉
မဏ္ဍဗျသတို့သား ၅၄၉
မဏ္ဍလိက တိုင်းငယ်များ ၄၄၅
မဏ္ဍလိက မင်းသားများ ၃၄၃

မဒ္ဒကုစ္ဆိဘေးမဲ့ကျောင်း ၃၁၆, ၄၆၆
မဒ္ဒတိုင်း ၅၈၆
မန္တာဝတီပြည် ၆၀၅
မန္တန်, ခလဲ့, လက်ဖွဲ့ ၂၄၆
မန္တာတုစကြာမင်းကြီး ၅၃၄
မန္တန္တရကပ် ၆၂
မန္တြခေတ် ၂၄၆
မယ်တော်မာယာ ၉၉
မယ်ဒမ်ဘလက်ဘဆ ရုရှားနိုင်ငံသူ ၈၀
မလ္လတိုင်း ၂၅၈, ၄၉၀, ၄၉၄
မလ္လတိုင်း ကုသိနာရမြို့ ၂၅၈
မလ္လမင်းများ ၂၅၈
မလ္လမင်းသား ၄၄၉, ၄၉၀
မဟိံသမြို့ ၂၆၂
မုဏ္ဍမင်း ၃၃၆
မေတ္တိယနှင့် ဘူမဇက ၃၇၃
မေဏ္ဍကသူဌေး ၂၉၀
မေရီ ၂၉
မောဂ္ဂလာန်၊ အရှင် ၁၄၉
မုန်ဂီရ်နယ် ၃၀၀
မိုရ်ပဟာရ် ပရာဂဗောဓိတောင် ၃၅၄
မြစ် ၅-စင်း ဝေဒန္တခေတ် ၅၈၈
မြို့တော်မှာ ပတိဋ္ဌာန ၅၇၀

[ ယ ]

ယဇုဗေဒ ၂၄၄
ယဇုဗေဒကျမ်း ၇၂
ယောနက, ကမ္ဗောဇတိုင်း ၅၉၆
ယင်းတိုက်တောကျောင်း ၄၀၀

[ ရ ]

ရဋ္ဌပါလ ၅၃၅
ရဋ္ဌပါလ၊ အရှင် ၂၆၂
ရသေ့ ၁၀၀၀ ၁၄၄
ရသေ့ကြီးဒယာနန္ဒ ၆၂
ရဟူဒီ ၃၀
ရာဇဂဟ ၃၄၅
ရာဇဂြိုဟ်ပြည် ၁၆၅
ရာဇဂြိုဟ်မြို့ တောင် ၅-လုံး ၃၄၇
ရာဇပုတန ပုတန-ပေါတန ၅၇၀
ရာဇမဟာလနယ် ၂၇၀
ရာဇာ ၂၂၄
ရာဇိကာရုံ ၃၉၅
ရာမဂါမ ၂၅၉
ရာမာယန ၅၆
ရာမာယနကျမ်း ၂၄၅
ရာသိယဂါမဏိ ၄၄၂
ရုကမနိဒေဝီ ၆၇
ရုစာဒေဝီ ၃၀၃
ရုစာဒေဝီမင်းသမီး ၅၀၉
ရေဏုမင်းကြီး ၂၃၂, ၅၇၀
ရေနှစ်မဂ်လာ ၃၃
ရေပူချောက် ကျောင်းတိုက် ၃၁၉
ရောဇ ၄၉၀
ရောရုက ရောရုဝ ၂၃၈
ရောရုဝမင်းမျိုး ၅၉၉
ရောရုဝမြို့ တိဿမင်း ၂၆၃
ရောသိက ဆေတ္တာသည် ၄၂၀

ရောဟဏဝတ္ထု ၃၄၅
ရောဟဏီမြစ်ရေ ၄၄၅
ရောဟိသမြို့ ၆၀၃
ရမ္မနဂရ ၂၄၀
ရိဂ်, ဣသုဗေဒ ၂၄၄
ရှင်းမ် ၂၄
ရှစ်စတစ်စ် ၂၃
ရှေးက ဝရဇ ၅၅၉
ရှေးဝိရာတ ၅၅၁
ရှေးဦးဗုဒ္ဓနိုင်ငံတော် ၃၈၁
ရှောင်ကြဉ်အပ်သောကြောင့် ဝဇ္ဇီ ၄၅၉
ရုပ် ၇၇


[ လ ]


လဋ္ဌကိကောပမသုတ် ၂၉၇
လောကုလရှာကလေး ၅၅၉
လောဟိစ္စပုဏ္ဏားကြီး ၅၇၉
လက္ခုမိဒေဝိ ၅၃
လင်မက် ၂၃
လုမ္ဗိနီ ၁၀၃
လိစ္ဆဝိ မင်းမျိုး ၂၅၉
လော့တ် ၂၅
လယ်ကျင်းသင်္ဂြာန် အခန်း ၃၂၉
လယ်ထွန်မင်္ဂလာ ၁၀၉


[ ဝ ]


ဝနသာဝတ္ထိမြို့ ၅၇၁
ဝရဏ ၅၅၁
ဝရဏမြို့၊ ဘဒ္ဒသာရီမြစ်ကမ်း ၅၇၇
ဝရဏဝတီမင်း ၆၀၅
ဝရာဟမိဟိရဆရာ အလို ၉-တိုင်း ၂၅၂
ဝရိန္ဒာဗန်မြို့ ၅၅၉
ဝရုဏမည်သော
　တောကျောင်းရသေ့ ၃၅၉
ဝသဘဂါမ ၃၆၅
ဝသဘခတ္တိယာ ၄၄၉
ဝဿ ၂၄၉
ဝါဏရမြစ်နှင့် အသီမြစ်
　လက်တက်တို့ အကြား ၂၄၁
ဝါရဏမြစ် ၃၇၉
ဝါသုလဒတ္တာဒေဝီ ၅၁၃
ဝါဠုကန္တာရ ၅၃၈
ဝိဇိတာဝီ စကြာမင်း ၃၄၄
ဝိဋ္ဋဋူဘ ၄၄၉
ဝိဋ္ဋဋူဘစစ်သူကြီး ၄၁၁
ဝိဋူဋ္ဋဘ ၄၄၉
ဝိဒေဟတိုင်း ၂၃၈, ၂၅၉
ဝိနသနဆိပ်ကမ်း ၂၇၄
ဝိမလ ၁၄၂
ဝိရာတဝေတ္တ ၅၅၃
ဝိသာခါဒါယိကာမ ၃၈၇
ဝိသာခါနဂရ ၄၀၀
ဝိသာလ=ချဲ့ထွင်ခြင်း၊ ဝေသာလီ ၄၅၈
ဝိသေသိကကျမ်း ၂၄၅, ၂၄၆
ဝိသေသိကဒဿနဆရာ
　ကဏာဒရသေ့ ၆၀
ဝိဟာရ ၃-ပါး ၄၁၆

ဝိဟာရ-ဗိဟာရ-ဗိဟာရ်-နယ် ၃၅၅
ဝိလက် ၂၄
ဝေဂင်္ဂနိဂုံး ၃၅၈, ၄၂၃
ဝေဠုပူရမြို့ ၆၀၃
ဝေဠိပူရ ၂၆၃
ဝေဒဂူ ၂၉၃
ဝေတ္တဝတီ ၅၄၉
ဝေဒိယကတောင် ၃၄၂
ဝေဒိသ ၅၇၁
ဝေဒိသကမြို့ ၂၆၂
ဝေဒိသမြို့ ၅၇၈
ဝေဒေဟီ မိဖုရား ၃၁၆
ဝေဒန္တခေတ် ၂၄၂, ၂၄၄
ဝေဒန္တခေတ် မြေပုံ ၂၃၅
ဝေဓည သရက်ဥယျာဉ်တော် ၄၃၅
ဝေနာဟပုရရွာကြီး ၄၁၆
ဝေပုလ္လတောင် ပါစိနဝံသ ၃၄၈
ဝေပုလ္လတောင် ဝင်္ကက ၃၄၈
ဝေပုလ္လတောင် သုပဿ ၃၄၈
ဝေဘာရလိုဏ်ဂူကျောင်း ၄၆၆
ဝေရဉ္စာပုဏ္ဏား ၁၆၃
ဝေရဉ္စာပြည် ၁၆၂
ဝေရဉ္စာမြို့ ၅၅၈, ၅၅၉
ဝေသာလီ ၄၇၄,၄၈၃
ဝေသာလီမြို့ ၂၅၉, ၄၆၂
ဝေသာလီဥဂ္ဂသူကြွယ် ၄၇၇
ဝေဿဝဏ္ဏနတ်မင်း ၂၆၈
ဝေဠုကဏ္ဍကီမြို့ ၃၂၈, ၃၄၁
ဝေဠုဝဒ္ဒါရ ဗြာဟ္မဏဂါမ ၄၁၇
ဝေဠုဝရွာ ၁၆၆, ၄၆၉, ၄၇၂, ၄၇၈
ဝေဠုဝန်ကျောင်း ၁၄၆, ၃၀၇, ၄၆၆, ၄၉၈
ဝံသတိုင်း ၂၅၆
ဝက်သားဆွမ်း ၄၉၂
ဝင်္ကပါ ၆၁၂
ဝင်္ဂတိုင်း ၂၉၉
ဝင်္ဂသမုဒြာ ၂၄၆
ဝင်္ဂဟာရတိုင်း ၆၀၅
ဝဇ္ဇီတိုင်း ၂၅၉, ၄၇၆, ၄၈၁
ဝဍ္ဎဇာလိက တောကျောင်း ၆၀၀
ဝဏ္ဏကျော်ထင် ဗိုလ်မှူးသိန်းဖေ [ဈ]
ဝိဋ္ဌူ ၂၇၁
ဝှို-အင်-သျှင် ၂၉၉
ဝှင်သျှင်၊ အရှင် ၁၁
ဝှင်သျှင်၏ အိန္ဒိယ ၅-တိုင်း ၂၅၃
ဝှိုင်-စင် ၂၉၉
ဝှိုင်သျှင် ၂၉၉

[ သ ]

သကုန္တလာဒေဝီ ၂၃၁
သကျသီဟပရိယတ္တိသာသန
ဓမ္မာစရိယ [ က ]
သတဒြု ၅၅၂
သနင်္ကုမာရ ၃၃၂
သယံ+ကတ=သာကေတ ၃၉၇
သရဘူ ၄၅၅
သရဘူမြစ် ၃၉၇

သရဘင်ဆရာကြီး ၅၅၀
သရာယု ၄၅၅
သရာဝတီ ၂၇၁
သရက်ဥယျာဉ်ကျောင်း ၄၉၂
သမဏ ၂၉၃
သမိတိယဂိုဏ်းသား ၅၈၁
သမီးငယ် စာပါ ၆၀၅
သမီးတော်ဝဇီရာ ၃၆၂
သမိဒ္ဓိမထေရ် ၃၁၂, ၄၃၀
သမုစ္ဆေဒတရား ၈-ပါး ၂၉၆
သလဠဝတီ ၂၇၁
သဟဇာတိ(သယံဇာတိ) ၅၀၅
သဟမ္ပတိဗြဟ္မာ ၁၄၀, ၄၃၁
သာကဒီပ ၂၄၆
သာကဝါဟနမင်း ၅၇၂
သာကီတို့ ကျောက်စာများ ၅၆၁
သာကေတမြို့ ၃၉၇
သာဂတမထေရ်၊ အရှင် ၂၈၃, ၅၀၄
သာဂလမြို့တော် ၅၈၆
သာစုကရွာစား ၄၅၂
သာရန္ဒဒနတ်ကွန်း ၄၆၄
သာပုဂိယ ၄၄၄
သာမဂါမ ၄၃၄
သာမဗေဒ ၇၂, ၂၄၄
သာမာဝတီ ၅၁၃
သာမုဂိယမြို့ ၄၄၄
သာရတိပုရ ၃၄၅
သာရိပုတ္တရာ၊ အရှင် ၁၄၈, ၃၀၇, ၃၄၃
သာလရာဇ ၄၀၄
သာလ၊ ပုဏ္ဏားရွာ ၄၁၈
သာလဝတီရွာကြီး ၄၂၀
သာလိဿရ ၅၅၀
သာလေယျ ၄၁၈
သာဝတ္ထိမြို့ ၂၅၆, ၄၄၆
သားတော်ကြီး သုဇာတာ ၅၆၆
သားတော် ဝေဿန္တရာ ၆၁၁
သိကြားမင်း ၂၈၀
သိကြားမင်းနှင့် သူဇာ ၃၁၈
သိမရုန ၄၈၃, ၄၈၄
သိဝိတိုင်း ၆၁၁
သီတာဝုံကျောင်း ၃၁၁
သီတာဝုန်၊ သပ္ပသောဏ္ဍိကလိုဏ် ၄၆၆
သီလဝတီမြို့ ၄၀၀, ၄၂၉, ၄၃၇, ၆၀၃
သီလာဒိစ္စမင်း ၅၈၁
သီလာဘဒ္ဒ ၃၅၄
သီဝလိမထေရ်၊ အရှင် ၄၃၉
သီဟစစ်သူကြီး ၄၆၈
သုကတိမတိ ၅၀၇
သုဒဿန ၂၄၀
သုဒိန္န သူဌေးသား ၁၆၄
သုဓမ္မမထေရ် ၃၆၈
သုနိဓ, ဝဿကာရ ၄၆၇
သုနက္ခတ္တ ၄၆၃
သုဗာဟု ၁၄၂
သုဘဂတောအုပ် ၄၀၃
သုမနဒေဝီ ချွေးမ ၂၉၁
သုမေဓာ သမီးတော် ၆၀၅
သုရုစိမင်းကြီးသား-
မဟာပနာဒမင်းသား ၃၈၂

| | |
|---|---|
| သုရုန္ဒနနဂရ | ၂၄၀ |
| သုဝဏ္ဏဒီပ | ၂၄၆ |
| သုဝဏ္ဏမြစ် | ၂၇၁ |
| သုဝေဠုဝန | ၃၀၁ |
| သုသုမာရဂီရိမြို့ | ၅၀၆ |
| သူဌေးကတော် စန္ဒပဒုမာ | ၂၉၁ |
| သူဌေးကြီး ဓနဥ္စယ | ၃၉၂ |
| သူဌေးသမီး သုဇာတာ | ၁၂၆, ၃၂၇ |
| သူဌေးသား ယသ | ၁၄၂ |
| သူရဿတီ | ၅၃ |
| သူရဿတီ မြစ်ငယ်ကလေး | ၃၄၈ |
| သူရသေနတိုင်းသား ညီနောင် | ၅၅၅ |
| သူရခေါ် မုဆိုးတစ်ယောက် | ၃၅၉ |
| သေတကနိဂုံး | ၆၁၀ |
| သေတကဏ္ဏိကနိဂုံး | ၂၇၀, ၂၇၁ |
| သေတဗျမြို့ | ၂၆၁, ၄၀၀, ၄၅၀ |
| သေဒကနိဂုံးမြို့(သေတက) | ၄၃၇ |
| သေနနိဂုံး | ၃၃၈ |
| သေနာနီမြို့ | ၃၃၈ |
| သေရသက ရုက္ခစိုးနတ် | ၅၉၈ |
| သေရိသကဗိမာန် | ၄၀၁ |
| သေရိသက ရုက္ခစိုးနတ် | ၂၉၈ |
| သေလပုဏ္ဏား | ၂၉၅ |
| သောဏ | ၃၀၃ |
| သောဏမထေရ် | ၂၈၂ |
| သောဏ ကုဋိကဏ္ဏ | ၅၇၄ |
| သောဏဇာတ် | ၃၀၃ |
| သောဏဒဏ္ဍမြို့စား | ၂၈၄ |
| သောဏဒဏ္ဍပုဏ္ဏားကြီး | ၂၇၉, ၂၈၄ |
| သောနုတ္တရမုဆိုးကြီး | ၃၇၆ |
| သောရေယျသူဌေးသား | ၅၄၅ |
| သောရေယျမြို့ | ၅၄၃, ၅၄၆, ၅၈၉ |
| သောရေယျ၊ အရှင် | ၅၈၉ |
| သံသုမာရဂိရိမြို့(သုသုမာရဂိရိ) | ၅၁၉ |
| သံသုမာရဂိရိ | ၂[illegible] |
| သက္ကရမြို့ | ၄၂၈ |
| သက္ကပဥ္စသုတ် | ၃၄၂ |
| သက်ဝါမြို့ | ၄၀၈ |
| သက်ဝါနိဂုံး | ၄၀၈ |
| သက်ဿမြို့ | ၅၄၃ |
| သင်္ခပါလနဂါးမင်း | ၃၀၂ |
| သင်္ခပါလရေအိုင် | ၃၀၂ |
| သင်္ဂါရဝပုဏ္ဏား | ၄၂၂ |
| သင်္ဂါရဝ ပုဏ္ဏားလုလင် | ၄၂၁ |
| သင်ဘရားသားထရေဒင် လီမိတက် ဦးဘသင် | [ည] |
| သင်္ချာဒဿနကျမ်း | ၂၄၅, ၂၄၆ |
| သင်္ချာဒဿနကျမ်းဆရာ ကပိလရသေ့ | ၅၉ |
| သင်္ချေယျတောင် | ၆၀၀ |
| သစ္စာ ၄-ပါး | ၁၉၂ |
| သဇ္ဇနေလ | ၄၄၃ |
| သတ္တဋ္ဌာန | ၁၃၆ |
| သတ္တဘူ | ၂၄၁ |
| သတ္တမ္ဗနတ်ကွန်း | ၄၆၄ |
| သန္ဓာန သူကြွယ် | ၃၂၃ |
| သဉ္စယဗေလဋ္ဌပုတ | ၁၈၇ |
| သဉ္ဇိကာ ပုတ္တလုလင် | ၅၂၁ |

သပ္ပိနီကျောင်းတိုက် ၃၂၂
သပ္ပိနီမြစ်ငယ် ၃၂၂
သမ္ဗရာယိကသမ္ဗဒါ ၄-ပါး ၄၄၅
သပ္ပသောဏ္ဍိကလိုဏ်ဂူ ၅၉၉
သမ္ဘလ်ပူရ် ၂၅၄
သမ္ဘဝဇာတ် ၅၃၁
သမ္ဘူလ ၅၇၃
သမ္ဗုတိဂိုဏ်းအုပ်
  ဆရာတော် [က]
သလ္လာဝတီမြစ် ၂၇၀
သိဠယ ၆၁၁
သိဠည်းဆရာကြီး ၃၀၇
သိဠည်းမင်းကြီး ၆၁၂
သိန္ဒုတိုင်း ၆၁၃
သိန္ဒုဒေသ ၂၄၃
သိန္ဒုမြစ် ၅၃၂
သိန္ဒု-ဣန္ဒု ဟိန္ဒုမြစ် ၂၄၃
သိဒ္ဓတ္ထကုမာရ ၁၀၈
သုတ္တခေတ် ၂၄၅, ၂၄၆
သုဒ္ဒ ၂၄၉
သုပ္ပဝါသာ ၄၃၉
သုပ္ပါဒက၊ သုပ္ပါရက ၆၀၁
သုပ္ပါရကသင်္ဘောသူကြီး ၅၃၂
သုပ္ပိယ ပရိဗိုဇ် ၁၇၀
သုပ္ပိယာဥပါသိကာမ ၃၆၃
သုမ္ဘတိုင်း ၆၁၀
သုမ္ဘနယ် ၄၃၇
သောတ္ထိယမြို့ ၁၂၈, ၂၉၃, ၅၀၃, ၅၀၇
သောမ္ဘနယ် ၄၂၉
သွာဟနှင့် ဟုံ ၅၅

[ ဟ ]

ဟရိဒွါရမြို့ ၂၇၃
ဟလိဒ္ဒမြို့ ၄၄၀
ဟိရညပဗ္ဗတ ၃၀၀
ဟိရညဝတီမြစ် ၃၅၃, ၄၉၃
ဟိရညဝါဟ ၃၅၃
ဟိရညမြစ် ၅၀၀
ဟောဂျက်ဇ်နယ် ၄၆
ဟောဇ်ဇီဖာ ၄၁
ဟက်ဂျီရာသက္ကရာဇ် ၄၈
ဟတ္ထကာဠဝက ၅၂၅
ဟတ္ထိဂါမ ဥဂ္ဂသူကြွယ် ၄၇၇
ဟတ္ထိဂါမရွာ ၄၇၇
ဟတ္ထိနာပုရ ၅၃၆
ဟတ္ထိပုရ ၅၃၆
ဟတ္ထိရွာ ၄၆၉
ဟိန္ဒူကုသျှ ၂၄၂
ဟိန္ဒူစတန် ၂၄၃
ဟိန္ဒူဆင္ဒာန် ၂၄၃
ဟိန္ဒူအာရယန် ၂၄၂

[ အ ]

အကန့် ၁၀၀၀-ပါသော
  စက်တော်ရာ ၄၀၁
အချင်းယူဇနာ-၃၀၀ ၂၇၀
အဂျမာန ၅၅၃
အဂျန္တာဂူ ၅၇၀

အစီရဝတီမြစ် ၄၅၆
အဇကလာပက နတ်ကွန်း ၄၉၃
အဇမရ ၅၅၃
အဇာတသတ္တုမင်း ၂၅၆
အဇိတ ၂၆၁
အဇိတကေသကမ္ဗလ ၁၈၅
အဋ္ဌကနဂရမြို့ ၄၇၂
အဋ္ဌကမြို့ ၄၆၉
အဋ္ဌကမြို့သား၊ ဒသမသူကြွယ် ၃၃၅
အနာထပိဏ်သူဌေး ၁၅၇, ၃၁၁
အနာလယ ၃၄၅
အနောဇာဒေဝီ မိဖုရားကြီး ၅၈၇
အနောမာ ၁၂၀
အနုဇာနနသိက္ခာပုဒ် ၁၆၃
အနုပိယမြို့ ၄၉၄, ၄၉၆
အနုပိယသရက်တော ၄၉၆
အနုရုဒ္ဓါမင်းသား ၄၉၆
အနတ္တ သဘောတရား ၂၀၉
အပရပုရတောအုပ်ကျောင်း ၄၆၃
အပရန္တက ၂၆၃
အပရန္တတိုင်း ၅၉၈
အဘယမင်းသား ၃၉၈
အဘူကွာလစ် ၄၆
အဘူဘေကရ် ၄၀
အမိန့်တော်ကျောက်တိုင် ၅၂၉
အမြိုက်တံခါး ၁၁-ပေါက် ၄၇၃
အယုဇ္ဈယဂင်္ဂါမြစ်ကမ်း ၃၉၆
အယုဒ္ဓတိုင်း ၄၅၆
အရဝစ္ဆာမြစ် ၅၈၇
အရဟာ ၂၉၃
အရိဋ္ဌဇနကမင်း ၂၇၈
အရိယ ၂၉၃
အရိယာဝတ္တ ၂၄၄
အရိယာဝတ္တနိုင်ငံ ၂၃၁
အရိယာသမဇ္ဇ ၆၁
အရုဏ အဿကမင်း ၅၆၂
အရေတွန့်ခြင်းရှိ= လိစ္ဆဝိ ၄၅၈
အရေပြားဖြတ်ခြင်း မင်္ဂလာ ၂၄
အရိုးဆေးပွဲ ၆၀၄
အရိန္ဒမ ၃၀၃
အလာ ၃၈
အလာဗာတ် ၅၃၀
အလာ၏ ဌာနတော် ၅၃၀
အလိနစိတ္တမင်းသား ၃၈၃
အဝတာရ ၆၃
အဝတာရ ၁၀ ၆၃
အဝလောကိတေသွရ ကျောင်း ၃၅၅
အဝိဇဟိတဌာန ၃၆၂
အဝန္တိတိုင်း ၂၅၇
အဝန္တိတိုင်း၊ ဥဇ္ဇေနီမြို့ ၅၇၃
အဝန်း ယူဇနာ-၉၀၀ ၂၇၀
အဝိန္ဒကာရဏ ၃၈၁
အသိတဉ္စနမြို့ ၅၅၄
အသိမြစ် ၃၇၉
အသောကကျောက်တိုင် ၄၈၄, ၅၅၄
အသောကာဝဒါန ၅၉၁
အဿကတိုင်း ၅၆၂
အဿကမင်း ၂၆၁

အဿဇိနှင့်ပုနဗ္ဗသုက ၃၇၃
အဿဇိမထေရ်၊ အရှင် ၃၂၀
အဿရပုရမြို့ ၂၈၉, ၂၉၂
အဿလာယန ၅၉၆
အဟိဆတြ ၅၄၆
အင်စပိတ်တော် ပင်စင်ရ ဦးသာယ [ဧ]
အာဒံ ၂၁
အီနော့ ၂၃
အာတုမာမြို့ ၄၉၄, ၄၉၇
အာဒေသနာပါဋိဟာရိယ ၃၄၀
အာဒိတ္တပရိယာယ ဒေသနာ ၁၄၄
အာနန္ဒာစေတီတော် ၄၅၄
အာနန္ဒာ၊ အရှင် ၄၇၂
အာပဏမြို့ ၂၈၉
အာဖက်ဆက် ၂၄
အာမေနာ ၄၆
အာယုသင်္ခါရ ၄၆၅
အာရဗီယသမုဒြာ ၂၄၆
အာရယာဝတ္တ ၂၃၁
အာရာမဒက္ခပုဏ္ဏားကြီး ၅၅၁, ၅၇၇
အာသျှ အလယ်ပိုင်း တိုင်းနိုင်ငံ ၂၄၂
အာဠကတိုင်း ၅၇၀
အာဠကမန္ဒာနတ်မြို့ ၄၈၈
အာဠဝီတိုင်း ၁၆၅, ၅၂၃
အာဠာဝကဘီလူး ၁၆၅
အီနော့စ် ၂၃
အီဘာ ၂၄
အိုမာရ် ၄၁
အက်ဗလစ် ၄၃
အက္ခရာခန့်မှန်းခြေ ၉၄,၆၄,၀၀၀ ၁၆၉
အဂ္ဂညသုတ် ၂၄၈
အဂ္ဂါဠဝနတ်ကွန်း ၅၂၃
အင်္ဂိဒတ္တ ၄၄၈
အင်္ကုရမင်းသား ၅၉၃
အင်္ဂဏိကဘာရဒွါဇထေရဂါထာ ၄၀၄
အင်္ဂတိမင်းကြီး ၃၀၃, ၅၁၀
အင်္ဂတိုင်း ၂၈၄, ၂၈၉, ၂၉၉
အင်္ဂုတ္တရာပနယ် ၂၈၉, ၂၉၅
အစ်ဆလမ်ဘာသာ ၃၉
အတ္တမ ၇၇
အတ္တ, ဇီဝ ၂၁၁
အတ္ထဇာလ ၁၈၂
အတ္ထဗ္ဗဏဝေဒကျမ်း ၇၂
အဒ္ဒါနမဂ္ဂ ၃၃၃
အင်္ဂိဒတ္တ ၄၄၈
အန္ဓကဝိန္ဒ ၃၄၃
အန္ဓဝနတောနက်ကျောင်း ၃၉၅
အနုရုဓဝ ၅၀၂
အဗ္ဗဒူလာမင်းသား ၄၆
အဗ္ဗဒူလာမှတ်တလစ် ၄၆
အမ္ဗဂါမရွာ ၄၇၇
အမ္ဗဋ္ဌလုလင် ၄၀၃
အမ္ဗပါလိဝနဝိဟာရ ၄၆၁
အမ္ဗပါလီ ၄၆၁
အမ္ဗလဋ္ဌိက ၁၇၁
အမ္ဗလဋ္ဌိကကျောင်း ၃၂၄
အမ္ဗသဏ္ဍာဂါမ ၃၄၂
အလ်ကဇန္ဒာကာနင်ဂဟာန် ၃၀၀

အလ္လကပ္ပ ၂၆၀
အာရ်ယာ ဝရ်တ ၂၄၄
အိမ်မက်ကြီး ၅-ပါး ၁၂၄
အိန္ဒိယအလယ်ပိုင်း မဇ္ဈိမ ၂၆၉
အိန္ဒြ ၅၃၂
အိုက်ဇိုဒပ်စ် ၂၆
အိုင်းရစ်သူ မစ္စစ်အင်နီဘဲဆင့် ၈၀

[ ဣ ]

ဣဋ္ဌကာဝတီ ၃၄၅
ဣလဟာဘတ် ၅၂၉
ဣလဟာဘဒ် ၃၃၈
ဣဿရနိမ္မာန ၅၆
ဣသိဒတ္တ ၄၅၁, ၄၈၂
ဣသိဒိန္န ၆၀၀
ဣသုဗေဒကျမ်း ၇၂
ဣသုဘာရပုရ ၅၃၆
ဣစ္ဆာနင်္ဂလရွာကြီး ၄၁၄
ဣန္ဒပတ္ထ(ပတ္တ)မြို့တော် ၂၈၀, ၅၃၈
ဣန္ဒသာလာဂူ ၃၄၂, ၃၅၀
ဣဒ္ဓိပါဋိဟာရိယ ၃၄၀
ဣန္ဒြိယဘာဝနာသုတ် ၃၀၁

[ ဥ ]

ဥတေနမင်း ၂၅၆
ဥဒေနနတ်ကွန်း ၄၆၄
ဥဒေနမထေရ်၊ အရှင် ၂၈၇, ၄၆၄
ဥပကလူထွက် ၆၀၅
ဥပဂုတ္တမထေရ် ၅၆၀
ဥပနိသာဒခေတ် ၂၄၄
ဥပဝရမင်း၊ စေတိယမင်း ၅၀၃
ဥပါလိဆေတ္တာသည် ၄၉၆
ဥပါလိသူကြွယ် ၅၆၉
ဥပါလိသူဌေးကြီး ၃၃၁
ဥယျောခနေ ၃၀၂
ဥရုညမြို့ ၄၁၁
ဥရုမုန္ဒတောင် ၅၆၀
ဥရုဝေလ ကဿပ ၁၄၄
ဥရုဝေဠကပ္ပ ၃၄၅
ဥရုဝေလကပ္ပမြို့ ၄၉၄
ဥရုဝေဠတော ၃၅၃
ဥရုဝေဠတိုင်း ၃၂၆
ဥလုမ္ပ ၄၃၆
ဥသိရဒ္ဓဇတောင် ၂၇၀, ၂၇၃
ဥသီရဂီရိ ၂၇၃
ဥက္ကဋ္ဌမြို့ ၂၆၁, ၄၀၀, ၄၅၀
ဥက္ကာစေလမြို့ ၄၆၉, ၄၇၅, ၄၈၁
ဥဂ္ဂမထေရ် ၄၁၁
ဥဂ္ဂမြို့ ၄၁၀
ဥဂ္ဂသူကြွယ် ၄၆၈
ဥဂ္ဂအမတ်ကြီး ၃၉၂
ဥဇ္ဇေနီမြို့ ၂၇၇, ၂၅၇, ၂၆၂, ၅၁၈
ဥတ္တရကောသလ၊
ဂေါက်ဒါ၊ ဂွန်ဒါနယ် ၄၅၆
ဥတ္တရပထ ၂၅၂
ဥတ္တရပဉ္စာလ ၅၄၁
ဥတ္တရမထေရ် ၆၀၀

ဥတ္တရမိမံသာကျမ်း ၂၄၅
ဥတ္တရမြို့ ၄၄၂
ဥတ္တရလုလင် ၃၀၁, ၄၀၁
ဥဒ္ဒ ၄၅၆

[ ဧ ]

ဧကနာလ ပြာဟ္မဏဂါမ ၃၄၄
ဧကနာဠပုဏ္ဏားရွာ ၃၃၀
ဧကသာလပြာဟ္မဏ ဂါမရွာ ၄၁၇
ဧဗလ် ၂၂
ဧဘရာဟင် ၂၄
ဧဘရစ်နာဟော်တာရမ် ၂၄
ဧဝ ၂၁

[ ဩ ]

ဩပါသာဒပုဏ္ဏားရွာကြီး ၄၁၄
ဩက္ကာကမင်းကြီး ၄၈၇
ဩဒ္ဒ ၄၅၆

၅-ပါးသော ကြည့်ခြင်းကြီး ၉၉
၅-ပါးအင်္ဂါ ပြည့်စုံသူ ပြာဟ္မဏ ၂၈၅
၉-တိုင်း ၉-ဌာန ၂၅၃
၁၀-ပါးသောပညတ်တော် ၂၆
၁၂-ယောက်သော တပည့်ကြီးများ ၃၄
၃၂-ပါးသော နိမိတ်ကြီးများ ၁၀၃
၆၂-မိစ္ဆာဒိဋ္ဌိ ၁၇၃

--- × ---

အမှတ်
ရက်စွဲ
သုတေသနစာကြည့်တိုက်

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဗုဒ္ဓနိုင်ငံတော်ကျမ်းကြီးကို အဆက်မပြတ်

လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ

ပညာသံဝေဂနိုကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

**အသင်းဥက္ကဋ္ဌ ဦးစိုးအောင်– ၅၀၀,၀၀၀**

**အသင်းဝင် ကိုနေမျိုးဝင်း– ၃၀၀,၀၀၀**

ပေါင်း ရှစ်သိန်း မ-တည်၍

# ဝမ်းတွင်းမြို့နယ်အသင်း

(ရန်ကုန်ရောက် မြို့နယ်သူ, မြို့နယ်သားများ)

## ကောင်းမှု

နတ်လူသာဓုခေါ်စေသော်

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဗုဒ္ဓနိုင်ငံတော်ကျမ်းကြီးကို အဆက်မပြတ်
လည်ပတ်ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝေဂနိုကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

**အသင်းဥက္ကဋ္ဌ ဦးစိုးအောင်– ၅၀၀,၀၀၀**

**အသင်းဝင် ကိုနေမျိုးဝင်း– ၃၀၀,၀၀၀**

ပေါင်း ရှစ်သိန်း မ-တည်၍

# ဝမ်းတွင်းမြို့နယ်အသင်း

(ရန်ကုန်ရောက် မြို့နယ်သူ, မြို့နယ်သားများ)

## ကောင်းမှု

နတ်လူသာဓုခေါ်စေသော်

ထင်